
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်၊ မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-အာဒရံ-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။


**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

[illegible]

[illegible] တည်းဖြတ်သည့်

# မဂ္ဂဇင်း



**အကြံပေး**

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**

မောင်မောင်လတ်

အမှတ်(၂၅၈)၊ ၂၀၁၇ ဇန်နဝါရီလ


၆။ သစ္စာမင်းခေါင်
ညီအစ်မလေးဖော် စောင့်ရှောက်သည့်
ပြင်ဦးလွင်မြို့က ပတ္တမြားတောင်တော်

၁၂။ ဗိုလ်တထောင် ကိုဦး
မင်္ဂလာဒုံမြို့နယ် သက်န်းကျွန်းကြီးကျေးရွာက
ရှေးဟောင်းသမိုင်းဝင် အောင်စည်းခုံစေတီ

၂၂။ ဓေယျာထက်
အဘရာကျော်ဆရာတော်ဘုရားကြီး
အောင်ဓာတ်ညွှန်ရာ ရွှေပြည်သာမြို့ဦးစေတီမဟာ

၂၈။ နန္ဒာမိုးကြယ်
ဟဲ့ရည်ရွှန်းမြ လဝန်းသီတဂူ

၃၄။ ကိုရွှေမြသန်း(သမိုင်း)
ဝင့်အမြဲ ငရဲအပနှင့်
ဝင့်ကြွေးဆပ် ဝင့်လည်ခဲ့သူများ

၄၀။ နန္ဒာစိုး(ဆင်ဖြူကျွန်း)
သုမိတ္တာနိဒါန်းအစ အန္တိမ ယသော်ဓရာ(၆)

၅၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)
ခုရေတွင်းတူး ခုရေကြည်သောက်လိုလျှင်

၆၀။ ကိုမောင်သန်းဝင်း
အံ့ချီးဖွယ်ရာ သီဟိုဠ်သာသနာ

၆၅။ မုံရွာ နေဇာ
နှုတ်ထွက်ကြမ်းသော်လည်း
ဆန်းပြားတဲ့ တန်ခိုးရှင်


၆၈။ နေသျှင်စိုး
ရမ္မက်မီးကို ငြိမ်းနိုင်သူ

၇၂။ မွှာစရိယ သန်းထွန်း
ထင်ရှားကျော်ကြား သာမဏေများ(၁၀)




www.burmeseclassic.com

www.burmeseclassic.com




၇၇။ မောင်ဉာဏ်စိန်
မြတ်ဗုဒ္ဓ၏ မေတ္တာဒေသနာ

၈၂။ ဘဏ်အရာရှိဟောင်းတစ်ဦး
အဓာတသတ်မင်း ရှာပုံတော်

[illegible] ဖျာပုံ တင်နိုင်ဝင်း
ပရိတ်တရားတော်နှင့်
အစွမ်းထက်အကြောင်းရင်း

[illegible] မောင်ထည်ဝါ(ပျော်ဘွယ်)
မီခင်ကြီးအတွက် အသက်ပေးပြုစုကြသည့်
မဟာနန္ဒိယညီနောင်

[illegible] ဟောထွန်း
ဓရုမတ်မေတ္တာ

[illegible] အရှင်ဝါယမ
အာဋ္ဌဝီပြည်က အာဋ္ဌဝက

[illegible] ဓမ္မဆောသက အရှင်ဩဘာသ
ဝန်းကျင်နှင့် ခေါင်းဆောင်ကောင်း





၁၁၈။ အာကာသ(သာစည်)
ပါတော်မူ ပတ္တမြားငမောက်
ဘယ်ဆီရောက်ပါလိမ့်

၁၂၄။ ရန်နိုင်
သူတော်ချင်းချင်း သတင်းလွှေ့လွှေ့
ပေါင်းဖက်တွေ့

၁၃၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
ပညာရေး၊ စီးပွားလာဘ်လာဘကို
တိုးတက်စေသော သုရဿတီအင်းတော်ကြီး





၁၃၃။ ပုရောဟိတ် ဆရာဦးမြတ်စံ
သရဏဂုံကူ္ကဋ္ဌာသယကျင့်စဉ်

၁၃၆။ ဆရာကံထူး(ဝေဒသုတေသီ)
စနေပါပ စီးနင်းကလျှင်

၁၄၁။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၄၈။ ဆရာရန်အောင်ဟိန်း(B.Sc)
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၅၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်

၁၅၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ကမ္ဘာ့ထိပ်တန်း သန်းကြွယ်သူဌေးကြီးများနှင့်
ကေ-ပီ စနစ်၊ ဘုတ္တိနက္ခတ် အယူအဆ

၁၆၀။ မင်းမဟော်ညွှန့်
နက္ခတ်ကောဇာ ရက်မြတ်ကောင်း အချိန်ခါ


www.burmeseclassic.com

www.burmeseclassic.com



**၁၆၆။ သုခရှစ်(ကျိုက်လတ်)**
လေးသံထွက် လေးမည်ရ
**၁၆၈။ ကြည်ဝင်း(ဟသ်ာတ)**
ကြာသပတေးဂြိုဟ်ခုံ၏ အထက်မှ
အစပျိုးသော နှလုံးလမ်းကြောင်း
**၁၇၄။ မင်းနေထွန်း(ကန့်ဘလူ)**
နာမည်ရွေးအတတ် လွယ်မှတ်လို့
**၁၈၀။ ဟိန်း(ဘူမိ)**
ငှက်ပျောသီးနှင့် ဘာလီတို့၏
ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ
**၁၈၄။ သာထက်ဇော်(မကွေး)**
တွဲဖက်မစားသင့်သော အစားအစာများ
**၁၈၉။ နိုင်ငြိမ်း(အညာတက္ကသိုလ်)**
ဂမ္ဘီရဆန်သော အင်္ဂါဂြိုဟ်နီကြီး
**၁၉၂။ ကောင်းစံ**
မှန်ပြောင်း
**၁၉၆။ တင့်ထူး(ဇေယျဝတီ)**
အတိတ်ကောင်း နိမိတ်ကောင်း
**၂၀၂။ ရှစ်ခွင်ကျော်(ဖောင်တော်သီ)**
ကျွန်တော်နှင့် အဘိုးအောင်စိန်
**၂၀၈။ မောင်လှယဉ်(မော်လမြိုင်)**
ဘအောင်စိန်ရဲ့
အတိတ်နိမိတ်ပြောင်းပြန်
**၂၂၂။ ဆန်းဝင်း(အောင်မြေ)**
နွားမသားဝှက်ဂါထာနှင့် ဖြစ်ရပ်ဆန်း
**၂၃၀။ ရဲမြတ်တင်**
ငယ်ပေမယ့် ထည်နိုင်ပါတယ်
**၂၃၈။ အေးချမ်းအောင်(ရမည်းသင်း)**
ပုံပြင်ဆန်သော ဇာတ်လမ်းတစ်ပုဒ်
**၂၄၄။ မောင်သွေးရင့်**
မြွေနှင့် သစ္စာ
**၂၅၄။ မင်းသန့်ကျော်(စီးကုန်း)**
ကျတ်ညီအစ်မ
**၂၆၂။ အင်ကြင်းမွေး(နေပြည်တော်)**
ဝိညာဉ်တောင်တန်း
**၂၆၈။ တေဇအောင်**
ရေကင်းသူ မရွှေပွင့်
**၂၇၈။ အောင်ချစ်သူ(နဘဲပင်)**
ဆိုင်ကယ်အနီနဲ့ ကောင်မလေး
**၂၈၄။ ဒါရိုက်တာမျိုးဇော်အောင်**
မြွေမုဆိုး
**၂၉၁။ စိုးယဉ်ထွန်း**
ဂမ္ဘီရစည်းပေါက်သူ
**၂၉၇။ ချစ်ဆိုင်**
ရုက္ခစိုးနတ်ကို လိုက်ပို့ခိုင်းကြသူများ
**၃၀၃။ မောင်မြင့်မား(ဗိုလ်ကလေး)**
ဆာဒူးကျိန်စာ

BURMESE CLASSIC

**ထုတ်ဝေသူ** – ဦးသန်းဦး(မြ–၀၀၅၃၆) ၊ **ဂမ္ဘီရ Logo** – မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်** – မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မိုးကျော်၊ ညွန့်နိုင်လှ၊ ဇော်ညွန့်ဖေ။
**အတွင်းသားဖလင်**–STARS ။ **စာအုပ်ချုပ်**–အငြေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀

www.burmeseclassic.com

www.burmeseclassic.com

# ညီအစ်မလေးဖော်စောင့်ရှောက်သည့် ပြင်ဦးလွင်မြို့က

# ပတ္တမြားတောင်တော်

သစ္စာမင်းခေါင်

ပြင်ဦးလွင်မြို့၏မြောက်ဘက် (၃)မိုင်ခန့်အကွာတွင် ထင်ရှားသော တောင်(၃)တောင်ရှိ၏။ ၎င်းတို့မှာ နောင်ခမ်းကြီးတောင်၊ ပတ္တမြားတောင်၊ စမတောင်တို့ ဖြစ်၏။ တောင်အားလုံးတွင် ထူးခြားထင်ရှားသော စေတီတစ်ဆူစီ ရှိ၏။ နောင်ခမ်းကြီးတောင်တွင် ထွက်ရပ်ပေါက် ရာဇကျော် ဆရာတော် တည်ထားခဲ့သော နောင်ခမ်းကြီးစေတီတော်၊ စမတောင်တွင် သာဝတ္ထိမှ မူလစမတောင် ဆရာတော်ကြီး တည်ထားခဲ့သော စမတောင်စေတီတော်နှင့် ပတ္တမြား တောင်တွင် သိုက်နန်းရှင် ညီအစ်မလေးဖော် စောင့်ရှောက် သည်ဟု ကျော်ကြားသော ပတ္တမြားစေတီတော်တို့ ဖြစ်ကြ ၏။

ထိုတောင်(၃)တောင်၏ အကြီးအမှူး ဆရာတော်မှာ နောင်တော်ကြီးတောင်ပေါ်တွင် သီတင်းသုံးနေထိုင်သော ဆရာတော်ကြီး ဦးစန္ဒိမာဖြစ်၏။ (၃)တောင်ပိုင်ဆရာတော် ကြီးဟုလည်း ထင်ရှား၏။ ဖော်ပြပါ တောင်သုံးတောင် အနက် ပတ္တမြားတောင်မှာ နောင်ခမ်းကြီးတောင်နှင့် စမ တောင်တို့၏ အလယ်တွင် တည်ရှိ၏။ လွှန်စွာတိတ်ဆိတ် သော၊ အေးချမ်းငြိမ်သက်သော ထိုပတ္တမြားတောင်မှာ

တောင်ကြမ်းသည်။ ဥစ္စာစောင့်များရှိသည်ဟု ကျော်ကြား သဖြင့် တော်ရုံတန်ရုံလူများ မလာရဲကြဘဲ လူသူအရောက် အပေါက် နည်း၏။

<u>ဝေဘူတောင်မှသည် ပတ္တမြားတောင်အဖြစ်သို့</u>

ယခုအခါ ပတ္တမြားတောင်ဟု ထင်ရှားနေသော ထို တောင်သည် ဒုတိယကမ္ဘာစစ်အတွင်းက ဝေဘူဆရာ တော်ကြီး စစ်သားရှောင်ရင်း နေထိုင်သီတင်းသုံးခဲ့သော တောင်ဖြစ်သဖြင့် မူလက ဝေဘူတောင်ဟု ခေါ်တွင်ခဲ့၏။ ဝေဘူဆရာတော်ကြီး ပြန်ကြွသွားပြီးသည့်နောက်ပိုင်းတွင် ဝေဘူဆရာတော်ကြီး သီတင်းသုံးခဲ့သော ကျောင်းအောက် ၌ အုံဖွဲ့နေသော ပျားများကို ပျားဖွပ်သမားတို့က မီးမြှိုက် ရင်း ကျောင်းကြီးတစ်ခုလုံးကို မီးစွဲလောင်ကာ ပြာကျ သွားခဲ့၏။

တစ်နေ့ ညတွင် မီးလောင်ပြာကျသွားသော ထို ကျောင်းကြီးနေရာမှ ရောင်စုံဖြာသော ရောင်ခြည်တန်းများ ထွက်ပေါ်နေသည်ကို တောင်အောက်ခြေရှိ ပြင်ဦးလွင် ဆေးတပ် လူပျိုဆောင်မှ စစ်သည်များက မြင်တွေ့ကြ ရသဖြင့် တောင်ပေါ်သို့ တက်ကြည့်ကြ၏။ ထိုအခါ



မီးလောင်သွားသော ကျောင်းနေ ရာမှ ရောင်ခြည်တော်များ ထွက် ပေါ်နေပြီး ပတ္တမြားလုံးကြီးနှင့် အလားသဏ္ဌာန်တူသော အလုံး ကြီးတစ်လုံးသည်လည်း ထိုရောင် ခြည်တန်းများပေါ်တွင် ဝေ့ကာ ဝိုက်ကာ ပျံဝဲနေသည်ကို တွေ့ မြင်ကြရ၏။

ယင်းနောက် ထိုရောင်ခြည် တန်းများနှင့်အတူ ပတ္တမြားလုံး ကြီးသည်လည်း ပျောက်ကွယ်

www.burmeseclassic.com


ပတ္တမြားတောင်ပေါ်က ပတ္တမြားစေတီတော်

သွားခဲ့၏။ ထိုမှ အစပြု၍ တေဘု တောင်ကို ပတ္တမြားတောင်ဟု ခေါ်ဆိုသမုတ်ခဲ့ကြလေ၏။

**ပတ္တမြားစေတီနှင့် ပတ္တမြားတောင်ကျောင်း ဖြစ်ပေါ်လာခြင်း**

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် နှစ်အတန်ကြာတွင် ပြင်ဦးလွင်မြို့မှ ဗိုလ်မှူးတစ်ဦးက ကမကထလုပ်ပြီး ပြင်ဦးလွင် G.E တပ်မှ ပန်းရန်ဆရာ ဦးဘသောင်းက ဦးဆောင်ကာ အထက်ပါ ပတ္တမြားတောင်ပေါ်ရှိ မီးလောင်ပျက်စီးသွားသော ကျောင်းနေရာတွင် စေတီတော်တစ်ဆူ တည်ထားခဲ့လေ၏။ စေတီတော်၏ ဘွဲ့တော်ကိုလည်း ပတ္တမြားတောင်ကို အစွဲပြုပြီး ပတ္တမြားစေတီတော်ဟု ဘွဲ့အမည် ခေါ်တွင်ခဲ့လေ၏။

ပတ္တမြားစေတီတော်၏ အရံစေတီ(၈)ဆူကိုလည်း ပန်းရန်ဆရာ ဦးဘသောင်း၏ သားသမီးများက တည်ထားလှူဒါန်းခဲ့ကြလေ၏။ ယင်းနောက်ပိုင်းတွင် ပန်းရန်ဆရာ ဦးဘသောင်းသည် လူဝတ်ကြောင်ကိုစွန့်ပြီး ရဟန်းအဖြစ်သို့ ကူးပြောင်းကာ ထိုပတ္တမြားတောင်ပေါ်တွင် ကျောင်းဆောက်၍ သီတင်းသုံးခဲ့လေ၏။ ထိုကျောင်းကိုလည်း ပတ္တမြားတောင်ကို အမှီပြုပြီး ဖြစ်ပေါ်လာသော ကျောင်းဖြစ်သဖြင့် ပတ္တမြားတောင်ဘုန်းတော်ကြီးကျောင်းဟု ခေါ်တွင်ခဲ့ကြ၏။

**သံဃာမမြဲသည့် ပတ္တမြားတောင်**

အထက်ပါ ဘုန်းကြီးဦးဘသောင်း ပျံလွန်တော်မူသွားပြီးနောက် ဖော်ပြပါ ပတ္တမြားတောင်ပေါ်တွင် သံဃာ(၅)ဆက် သီတင်းသုံးခဲ့၏။ သို့သော် သံဃာတစ်ပါးမှ ထိုတောင်ပေါ်တွင် စွဲစွဲမြဲမြဲ သီတင်းမသုံးနိုင်ကြဘဲ စွန့်ခွာသွားကြသည်သာ ဖြစ်နေ၏။ လွန်ခဲ့သော(၈)နှစ်က ထိုပတ္တမြားတောင်ပေါ်တွင် နောက်ဆုံးနေထိုင် သီတင်းသုံးသွားခဲ့သော သက်တော်ငယ်ရွယ်သည့် သံဃာတစ်ပါးမှာမူ ညနေ နေဝင်ရီတရောအချိန်တွင် ပတ္တမြားတောင်သို့ အတက် အုတ်လှေကားပေါ်၌ ဆံပင်ဖားလျားချကာ ထိုင်နေသော အမျိုးသမီးတစ်ဦးကို ရုတ်တရက် မြင်လိုက်သည်မှ အစပြုပြီး တောင်ပေါ်တွင် မနေရဲတော့ဘဲ ညတွင်းချင်းပင် တောင်ပေါ်မှဆင်းကာ မိမိမူလနေထိုင် သီတင်းသုံးရာ မန္တလေးမြို့သို့ ပြန်ကြွသွားခဲ့သည်ဟု ဆို၏။ ဤသို့အားဖြင့် ထိုပတ္တမြားတောင်ပေါ်တွင် သီတင်းသုံးမည့် သံဃာမရှိဘဲ ကာလအတန်ကြာ ကြာမြင့်နေခဲ့လေ၏။

**ပတ္တမြားတောင်ပေါ်သို့ သတ္တမမြောက် ရောက်လာသည့် သံဃာတော်**

လွန်ခဲ့သော(၁၀)နှစ်ကျော် ကာလကမူ အဆိုပါပတ္တမြားတောင်ပေါ်၌ သီတင်းသုံးနေထိုင်ရန် သံဃာတစ်ပါး ရောက်ရှိလာ၏။ ဘွဲ့တော်မှာ ဦးနန္ဒသာရဖြစ်ပြီး ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် ဇာတိဖြစ်၏။ (၁၉၈၁)ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ B.Sc (Botany) ဘွဲ့ကို ရရှိခဲ့၏။ (၁၉၈၅)ခုနှစ်တွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိနေထိုင်ခဲ့ပြီး ဝန်ထမ်းဘဝဖြင့် ကျင်လည်ခဲ့၏။ ယင်းနောက် အသက်(၄၀)အရွယ်တွင် ဦးသန်းမောင်(ပြည်)၏ သစ္စာဉာဏ်မြင်နိဗ္ဗာန်ဝင်(၇)ရက်စခန်းကျင့်စဉ်ကျမ်း စာအုပ်ကို ဖတ်ရှုမိပြီး ရုပ်နာမ်ခန္ဓာကိုယ်ကြီး၏ မမြဲသောသဘော၊ ဆင်းရဲခြင်းသဘော၊ မပိုင်စိုးသော သဘောတို့ကို သိမြင်သဘောပေါက်ကာ ဝိပဿနာတရားကို ကြိုးပမ်းအားထုတ်ခဲ့၏။

ယင်းနောက် မြန်မာသက္ကရာဇ်(၁၃၆၆)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်နေ့ အသက်(၄၇)နှစ်အရွယ်တွင် ပြင်ဦးလွင်မြို့ ဆက်သွယ်ရေးတပ်ရှေ့ရှိ တပ်ဦးကျောင်း ဆရာ

www.burmeseclassic.com



တော်ကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းအဝတ်သို့ ရောက်ရှိခဲ့၏။ ရဟန်းဘွဲ့တော်မှာ ဦးနန္ဒသာရဖြစ်၏။

ရဟန်းတော် ဦးနန္ဒသာရသည် ဖော်ပြပါ တပ်ဦး ကျောင်းတိုက်တွင် (၁)နှစ်တိတိ နေထိုင်သီတင်းသုံးပြီး မြန်မာသက္ကရာဇ်(၁၃၆၇)ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်နေ့တွင် အထက်ဖော်ပြပါ ပတ္တမြားတောင်သို့ နေထိုင် သီတင်းသုံးရန် ရောက်ရှိလာခဲ့လေ၏။ ရဟန်းဖြစ်သော နေ့နှင့် အဆိုပါ ပတ္တမြားတောင်ပေါ်သို့ ရောက်ရှိသည့်နေ့မှာ ထူးခြားစွာ တူညီတိုက်ဆိုင်နေသည်ဟုလည်း ဦးနန္ဒသာရက မိန့်ကြား၏။


## သုံးတောင်ပိုင် ဆရာတော်ကြီးနှင့် တွေ့ဆုံခြင်း

ဦးနန္ဒသာရသည် ပတ္တမြားတောင်ပေါ်၌ သီတင်း မသုံးမီ နောင်ခမ်းကြီးတောင်ပေါ်၌ သီတင်းသုံးလျက်ရှိ သော သုံးတောင်ပိုင် ဆရာတော်ကြီး ဦးစန္ဒိမာနှင့် သွား ရောက်တွေ့ဆုံခဲ့ရာ (၃)တောင်ပိုင် ဆရာတော်ကြီးက "ဦးပဉ္ဇင်း..ဒီ တောင်ပေါ်မှာ စွဲစွဲမြဲမြဲ သီတင်း သုံးနိုင်ပါ့မလား" ဟု မေးမြန်းပြီး မိန့်မိန့်ကြီးပြုံးကာ လွန်စွာအဓိပ္ပာယ် ပါရှိသော မျက်လုံးများဖြင့် ဦးနန္ဒ သာရအား စူးစိုက်ကြည့်ရှုခဲ့လေ၏။

## ဦးနန္ဒသာရအား ဗရလောကသားတို့က အနှောင့်အယှက်ပြုကြခြင်း

ဦးနန္ဒသာရသည် ပတ္တမြား တောင်ပေါ်သို့ ရောက်ရှိပြီးနောက် မူလကတည်းက ရှိနေ သော ကျောင်းတွင် နေထိုင်သီတင်းသုံးခဲ့လေ၏။ သို့သော် ရောက်စ ညမှာပင် ဗရလောကသားတို့၏ ပြင်းပြင်းထန် ထန် နှောင့်ယှက်ခြောက်လှန့်မှုနှင့် ရင်ဆိုင်ရ၏။ ကျောင်း နှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသော ပတ္တမြားစေတီလိုဏ် အတွင်းမှ ကလေးအသံ၊ မိန်းအသံများကို ဆူညံစွာ ကြား ရ၏။ ကလေးများ၏ ရှိုက်ကြီးတငင် ငိုသံတို့ကလည်း အတိုင်းသား ကြားရ၏။ လက်နှိပ်ဓာတ်မီးနှင့်ထိုးပြီး သွား ကြည့်တော့ ဘာမျှမတွေ့ရ ဖြစ်နေ၏။

ညပိုင်း ကျောင်းအတွင်း၌ တရားထိုင်နေစဉ်တွင် လည်း ကျောင်းအပြင်ဘက်မှ တရှပ်ရှပ်နှင့် ခြေသံများ၊ တဒုန်းဒုန်းနှင့် ပြေးလွှားသံများကို အတိုင်းသား ကြားနေ ရ၏။ ထွက်ကြည့်ပြန်တော့လည်း ဘာဆိုဘာမျှ မရှိ၊ နတ္ထိဖြစ်ချေ၏။ ဘုရားဝတ်တက်နေစဉ်မှာလည်း ကြက် သီးမွေးညင်း တဖြန်းဖြန်းထပြီး ခေါင်းနားပန်းတွေ ပုတ်လောက် ကြီးလာသလို ခံစားရ၏။ ပတ္တ မြားစေတီလိုဏ်အတွင်းမှာ ပုတီး စိပ်ပြန်သော်လည်း ပုတီးကို ဆွဲ လုသည်နှင့် ကြုံရပြန်၏။



ပတ္တမြားတောင်ပေါ်တွင် ရဟန်းတော် ဦးနန္ဒသာရ သီတင်းသုံးရန်အတွက်
အလှူရှင်တစ်ဦးက ဆောက်လုပ်လှူဒါန်းခဲ့သော

ဦးနန္ဒသာရသည် မေတ္တာ ဘာဝနာ စီးဖြန်းပြီး ခြောက်လှ နေသော ဗရလောကသားတို့ကို ရူးရူးရှရှ လိုက်လိုက်လဲလဲ အ ဝေ၏။ သို့သော်လည်း အချည်းနှီး

www.burmeseclassic.com


ပဏ္ဏမြားတောင်ပေါ်က ပဏ္ဏမြားစေတီလိုက်ဘ...

ဝင်ဖြစ်၏။ အဆိုပါ ပရလောက သားတမှ ဦးနန္ဒသာရကို နှောင့် ယှက်ခြ နှောင့်ယှက်လျက်ပင် ရှိ နေ၏။

**ပရလောကသားတို့အား မိတ်ဖွဲ့ပြီး ငြိမ်းချမ်းရေးအတွက် မေတ္တာရပ်ခံခြင်း**

ရဟန်းတော် ဦးနန္ဒသာရ သည် ထိုကဲ့သို့ ပရလောကသား တို့၏ နှောင့်ယှက်မှုကို မပြတ် တရစပ် ကြုံလာရသောအခါ ငါ ဟာ တရားအလုပ်ကို လုပ်နေတဲ့ ရဟန်းတစ်ပါး ဖြစ်နေ ပါလျက်နှင့်၊ သူတို့ကိုလည်း မေတ္တာပို့ အမျှဝေနေပါလျက် နှင့် ငါ့ကို အာဖြစ်လို့ ဒီလောက်ထိ နှောင့်ယှက်နေကြ တာလဲ။ ငါ ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစား၏။

ထိုအခါ လယ်တီဆရာတော်ဘုရားကြီး မှုံရွာ၊ ငါးရဲ တောသို့ တောထွက်သီတင်းသုံးစဉ်က ကျင့်သုံးခဲ့သော နည်းလမ်းကို သွားပြီးသတိရ၏။ လယ်တီဆရာတော်ကြီး ၏ နည်းလမ်းမှာကား တခြားမဟုတ်။ နှောင့်ယှက်နေ သော ပရလောကသားများကို အေးအေးဆွာ စကားဆိုပြီး ငြိမ်းချမ်းရေးလုပ်ခြင်းပင် ဖြစ်၏။

သို့ဖြင့် တစ်နေ့ည တရားထိုင်အပြီးတွင် ဦးနန္ဒသာရ သည် မိမိသီတင်းသုံးနေထိုင်ရာ ကျောင်းတံခါးကို ဖွင့် လိုက်၏။ ယင်းနောက် အသံကိုမြှင့်၍-


"ဒီပဏ္ဏမြားတောင်ပေါ်မှာ ရှိနေကြတဲ့ ပရပုဂ္ဂိုလ် အပေါင်းတို့..ကျွန်ုပ်သည် တရား အလုပ်ကိုလုပ်ဖို့ ဒီတောင်ပေါ်ကို ရောက်လာတဲ့ ရဟန်းတစ်ပါး ဖြစ်တယ်။ အသင်တို့ကို ကျွန်ုပ် နှောင့်ယှက်ဘူး။ အမြဲတမ်း မေတ္တာပို့တယ်။ အဲဒီမေတ္တာကို အသင်တို့ မရကြဘူးလား။ တရား အလုပ်ကို လုပ်နေတဲ့ ဘုရားသား တော် ရဟန်းတစ်ပါးကို နှောင့် ယှက်တာဟာ အင်မတန် အပြစ် ကြီးတယ်။ အသင်တို့အနေနဲ့ ကု


ပဏ္ဏမြားတောင်ရှိ မူလဘုန်းတော်ကြီးကျောင်း...

သိုလ်ကောင်းမှု မပြုလုပ်နိုင်ကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ ကျွန်ုပ်ပြုသမျှ ကုသိုလ်အဖို့ဘာဂကို သင်တို့ သာဓုခေါ် နိုင်ရင် သင်တို့လည်း ကုသိုလ်ရကြမယ်။ ကျွန်ုပ်အတွက် လည်း အထောက်အပံ့ကောင်းဖြစ်တယ်။ ဒါကြောင့် သင် တို့က ကျွန်ုပ်ကို စောင့်ရှောက်ကြရမှာ၊ မနှောင့်ယှက်ကြ ပါနဲ့။ သင်တို့ကိုလည်း ကမ္မဝါစာဖတ်ပြီး နှင်ထုတ်တာမျိုး၊ စည်းချပြီး အသွားအလာ ခက်ခဲအောင် လုပ်တာမျိုးတွေကို ကျွန်ုပ် မလုပ်လိုဘူး။ ဒီတောင်ပေါ်မှာ လွတ်လွတ်လပ် လပ် နေထိုင်သွားလာကြပါ။ ကဲ..သင်တို့အားလုံး ပြန် နိုင်ကြပါပြီ"ဟု ပြောကြားကာ တံခါးကို ပိတ်လိုက်၏။

ထိုအခါ ဝရန်းသုန်းကားနှင့် ပြေးလွှားထွက်ခွာသွား ကြသံများကို ရဟန်းတော် ဦးနန္ဒသာရက အတိုင်းသား ကြားလိုက်ရ၏။ ထိုနေ့မှစ၍ တရားထိုင်၊ ပုတီးစိပ်စဉ်၌ လည်းကောင်း၊ မေတ္တာပို့ အမျှဝေစဉ်၌လည်းကောင်း ထို

www.burmeseclassic.com



ပတ္တမြားတောင်ပေါ်ရှိ ပရလောကသားတို့၏ နှောင့်ယှက်မှုများမှ ဦးနန္ဒသာရအဖို့ ကင်းဝေးသွားခဲ့ရလေ၏။

<u>ပတ္တမြားတောင်ပေါ်မှ ညီအစ်မလေးဖော်</u>

ထိုကဲ့သို့ ပတ္တမြားတောင်ပေါ်ရှိ ပရလောကပုဂ္ဂိုလ်များနှင့် ရဟန်းတော် ဦးနန္ဒသာရတို့ ငြိမ်းချမ်းမှုဖြစ်သွားကြပြီးနောက် များမကြာမီ တစ်နေ့တွင်ဖြစ်၏။ တိတိကျကျဆိုရလျှင် ညနေခင်း(၄)နာရီ အချိန်ခန့်ဖြစ်၏။

ဝေသီမြင့်မားသော ပတ္တမြားတောင်ပေါ်တွင် မြူနှင်းမြူမှုန်များက အုံ့ဆိုင်းလျက်ရှိ၏။ ဖော်ပြပါ ရဟန်းတော် ဦးနန္ဒသာရသည် မိမိသီတင်းသုံးနေထိုင်ရာ ကျောင်းပရိဝုဏ်အတွင်းတွင် မြက်ရိုင်းများကို ခုတ်ထွင်ရှင်းလင်းလျက်ရှိ၏။ ထိုအခိုက်တွင် လွန်စွာချောမောလှပသော မိန်းမပျို(၃)ဦးသည် တောက်ပြောင်သော အဝတ်အစားများ ဝတ်ဆင်ကာ ဦးနန္ဒသာရအနီးသို့ ရုတ်တရက်ရောက်ရှိလာ၏။ ဦးနန္ဒသာရကို ရှိခိုးကန်တော့ပြီးနောက် တစ်ဦးသော မိန်းမပျိုက ဦးနန္ဒသာရအား လက်အုပ်ချီကာ လျှောက်တင်၏။

သူမက 'တပည့်တော်မတို့ဟာ ဒီပတ္တမြားတောင်မှာ စောင့်ရှောက်နေကြတဲ့ ညီအစ်လေးဖော် ဖြစ်ပါတယ် အရှင်ဘုရား။ တပည့်တော်မတို့ရဲ့ သိုက်နန်းက ဒီပတ္တမြားစေတီတော်ရဲ့အောက်မှာ ရှိပါတယ်။ သိုက်ရဲ့ အဝင်ပေါက်တံခါးကတော့ ပတ္တမြားတောင်ပေါ် အထက်က အုတ်လှေကား အောက်မှာပါဘုရား။ တပည့်တော်မတို့အနေနဲ့ အရှင်ဘုရားကို နှောင့်ယှက်မိတာကို ခွင့်လွှတ်ကျေအေးဖို့ တောင်းပန်ပါတယ်။ ဒီနေ့ကစပြီး အရှင်ဘုရားအနေနဲ့ ဒီတောင်ပေါ်မှာ စိတ်အေးချမ်းသာစွာ သီတင်းသုံးပါ။ ဒီတောင်ပေါ်မှာ သာသနာတော် ထွန်းကားလာအောင် ဆောင်ရွက်တော်မူပါ။ တပည့်မတို့ တစ်စုံတစ်ရာ အနှောင့်အယှက် မပြုတော့ပါဘုရား။ အရှင်ဘုရားကို အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်သွားပါ့မယ်ဘုရား' ဟု ဆို၏။

ယင်းနောက် ဦးနန္ဒသာရက 'ဒကာမကြီးတို့က ညီအစ်မလေးဖော်လို့ ပြောတယ်။ အခုလာတာက (၃)ယောက်တည်းပါလား' ဟု မေးမြန်းလိုက်ရာ သူမက 'ညီမအငယ်ဆုံး တစ်ယောက်က ခရီးလွန်နေလို့ပါဘုရား' ဟု ပြန်လည်လျှောက်တင်ကာ ဦးနန္ဒသာရကို ရှိခိုးကန်တော့ပြီး မနီးမဝေးရှိ ပတ္တမြားစေတီဘက်ဆီသို့ ပြန်လည်ထွက်ခွာသွားခဲ့ကြလေ၏။

<u>အငယ်ဆုံးညီမဖြစ်သူအား တွေ့မြင်ရခြင်း</u>

နောက်တစ်ပတ်ခန့်အကြာ ရဟန်းတော် ဦးနန္ဒသာရသည် ဆွမ်းခံကြွပြီး တောင်ပေါ်တက်အလာတွင် ပတ္တမြားတောင်၏ မြောက်ဘက်စွန်းစွန်းရှိ ခုံတန်းလေးပေါ်၌ တစ်ပတ်လျှို ဆံထုံး,ထုံးထားသော လွန်စွာချောမောလှပသည့် မိန်းမပျိုတစ်ဦး ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

ဦးနန္ဒသာရကမူ 'ညီအစ်မလေးဖော်ရဲ့ ခရီးလွန်နေတဲ့ ညီမအငယ်ဆုံးဆိုတာ ဒီဒကာမပဲ ဖြစ်မှာပဲ။ ငါ့ကို သိအောင်လို့ လာပြတာပဲဖြစ်မယ်' ဟု မှတ်ယူကာ မေတ္တာပို့ အမျှဝေလိုက်၏။

ထိုမိန်းမပျိုမှာကား ပတ္တမြားတောင်ပေါ်မှ လှမ်းမြင်နေရသော ပြင်ဦးလွင်မြို့ဆီသို့ ငေးမောကြည့်ရှုလျက် ပင်ရှိ၏။

<u>ပတ္တမြားတောင်ပေါ်မှာ</u>
<u>အေးချမ်းစွာ သီတင်းသုံးနေထိုင်ရခြင်း</u>

ဤသို့အားဖြင့် သံဃာမမြဲသည့် ပတ္တမြားတောင်ပေါ်မှာ ဖော်ပြပါ ရဟန်းတော် ဦးနန္ဒသာရသည် အေးချမ်းစွာ နေထိုင်သီတင်းသုံးလာခဲ့သည်မှာ ယခုအခါ (၁၀)နှစ်



www.burmeseclassic.com

www.burmeseclassic.com

ကျော် ရှိလာခဲ့ပြီဖြစ်၏။

ယင်းနှင့်ပတ်သက်၍ ဦးနန္ဒသာရက "ပရလောက သားဆိုတာ မေတ္တာငတ်မွတ်နေကြသူတွေပဲ။ သူတို့ကို မေတ္တာထားပြီး ငြိမ်းချမ်းရေးလုပ်လိုက်ရင် သူတို့ကလည်း ကိုယ့်အပေါ်မှာ ပြန်လည်မေတ္တာထားပြီး ကူညီစောင့် ရှောက်လာကြတယ်ဆိုတာကို ဘုန်းဘုန်းရဲ့အဖြစ်က သက် သေပြနေပါတယ်" ဟု မိန့်တော်မူ၏။

◆◆◆

အဆိုပါ ပတ္တမြားတောင်၌ သီတင်းသုံးနေထိုင်သော ရဟန်းတော် ဦးနန္ဒသာရနှင့် ပတ္တမြားတောင်၏ အစောင့် အရှောက်ဖြစ်သော ညီအစ်မလေးဖော် အပါအဝင် ပရ လောကပုဂ္ဂိုလ်တို့ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်သွားကြပြီးနောက် ပိုင်းတွင် ပတ္တမြားတောင်ပေါ်၌ ရဟန်းတော် ဦးနန္ဒသာရ သီတင်းသုံး နေထိုင်ရန်အတွက် တင့်တယ်သပ္ပာယ်သည့် တစ်ပါးကျောင်းဆောင် ရေ၊ မီး၊ ရေစင် စသည်ဖြင့် ပြည့်ပြည့်စုံစုံ ဖြစ်လာခဲ့ပြီး ရဟန်းတော် ဦးနန္ဒသာရသည် လည်း ငြိမ်းချမ်းစွာဖြင့် တရားဘာဝနာများကို ရှုမှတ် ပွားများ အားထုတ်လျက်ရှိ၏။

ချစ်စွာသော စာရှုသူတို့သည် ပြင်ဦးလွင်သို့ ရောက် ရှိခဲ့ကြပါက ပတ္တမြားတောင်သို့ ရောက်အောင်သွားပြီး ပတ္တမြားစေတီတော်ကို ဖူးမြော်ကြည်ညိုကြပါ။ ပတ္တမြား တောင်ပေါ်၌ သီတင်းသုံးလျက်ရှိသော ဖော်ပြပါ ရဟန်း တော် ဦးနန္ဒသာရကိုလည်း တွေ့ဆုံကန်တော့ကြပါဟု တိုက်တွန်းလိုက်ပါ၏။ အကယ်၍ ဖော်ပြပါ ပတ္တမြား တောင်ပေါ်၌ တစ်ရက်ဖြစ်စေ၊ တစ်ပတ်ဖြစ်စေ အဓိဋ္ဌာန် စခန်း ဝင်ရောက်ခဲ့လျှင်ကား အထက်၌ ရေးသားဖော်ပြခဲ့ သည့်အတိုင်း ပရပုဂ္ဂိုလ်တို့နှင့် ထိတွေ့ရမည်မှာ မလွဲကေန် ဖြစ်သောကြောင့် မေတ္တာစိတ် ကြီးမားရန်၊ သမာဓိ ခိုင်ကျည်ရန် အထူးလိုအပ်သည်ကိုလည်း ကြိုတင်အသိ ပေးလိုက်ရပါသည်။

ခုနစ်နေ့သားသမီးများအားလုံး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

မေတ္တာရည်၍
သစ္စာခင်းခေါင်


မှတ်ပုံတင်ပြီး
ဆီးချို၊ သွေးချို
သောက်ဆေး
အမှတ် (၃၀)၊ (၀၂၂)လမ်း။
နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား
ဖုန်း - ၀၁ - ၃၇၆၇၀၀၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

www.burmeseclassic.com


အငြိမ်းစားလစာထုတ်သောရက်တွင် မိတ်ဆွေတစ်ဦးနှင့်တွေ့ကာ ၎င်းတို့အိမ်အနီး၌ ရှေးဟောင်းစေတီတော်တစ်ဆူရှိကြောင်း ပြောပြ၏။ စာရေးသူက စိတ်ဝင်စားမိ၍ မေးမြန်းရာ စေတီတော်မှာ ရှေးဟောင်းသမိုင်းဝင်စေတီတော်ဖြစ်ကြောင်း၊ အောင်စည်းခုံစေတီဟု ခေါ်ကြောင်း ပြောပြသဖြင့် လိပ်စာကို မေးမြန်းမှတ်သားကာ ပြန်ခဲ့လေ၏။

အောင်စည်းခုံစေတီတော်မှာ မင်္ဂလာဒုံမြို့နယ်၊ သက်နင်းကျွန်းကြီးကျေးရွာအုပ်စု၊ သက်နင်းကျွန်းကြီးစံပြကျေးရွာတွင်ရှိပြီး ရန်ကုန်မြို့ထဲမှ လိုင်းကား(၁၀၂)နှင့် (၄၃)တပ်ရင်း(၉)ကားစီးကာ သက်နင်းကျွန်းကြီးမှတ်တိုင်၌ ဆင်းပြီးနောက် ရွာအရှေ့ဘက်သို့ ဆိုင်ကယ်ကယ်ရီစီးကာ သွားရောက်နိုင်လေသည်။ စေတီတော်အထိ ကားလမ်းပေါက်၍ ခရီးမိုင် တစ်မိုင်ခန့်မျှရှိ၏။ လှပ်စွာစည်

# မင်္ဂလာဒုံမြို့နယ် သက်နင်းကျွန်းကြီးကျေးရွာက ရှေးဟောင်းသမိုင်းဝင်

# အောင်စည်းခုံစေတီ

ဗိုလ်တထောင် ကိုဦး



ကားသော စံပြကျေးရွာ ဖြစ်၏။

တစ်ရက်တွင် စာရေးသူသည် စေတီတော်သို့ မေးမြန်းစုံစမ်းကာ ရောက်ရှိသွားခဲ့ပြီး ဂေါပကရုံးခန်းရှိရာ စုံစမ်းနေစဉ် ဦးဇော်ဝင်းသန်းဆိုသူ မိတ်ဆွေမိသားစုနှင့် ဆုံခွင့်ရခဲ့၏။ ဦးဇော်ဝင်းသန်းမှာ သက်နင်းကျွန်းကြီးရွာ ဇာတိဖြစ်ပြီး ဘိုးစဉ်ဘောင်ဆက် သက်နင်းကျွန်းကြီး ရွာသူကြီးများ ဖြစ်သကဲ့သို့ ၎င်းကိုယ်တိုင်မှာလည်း ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦး ဖြစ်ခဲ့သည်။ လက်ရှိ၌လည်း အစ်ကိုဖြစ်သူမှာ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦး ဖြစ်လေသည်။

ဖခင်က ပြောဖူးကြောင်း၊ သက်နင်းကျွန်းသားမှန်ရင် သက်နင်းကျွန်းရွာရာဇဝင် သိသင့်ကြောင်း၊ ဘိုးစဉ်ဘောင်ဆက် အဆက်ဆက်က လက်ဆင့်ကမ်း ပြောပြခဲ့သဖြင့် စေတီတော်သမိုင်းကြောင်းကို သိရှိကြောင်း ပြော၍ စာရေးသူ ဝမ်းသာရ၏။ ထိုစဉ် စေတီတော်ဂေါပက အတွင်းရေးမှူး ဦးမျိုးမြင့် ရောက်ရှိလာပြီးနောက် နှောင်းပိုင်းကာလ စေတီတော်အကြောင်း ရှင်းလင်းပြောပြကာ ကိုယ်တိုင် ဦးဆောင်၍ စေတီတော်ရင်ပြင်ပေါ်မှ သာသနိကအဆောက်အအုံနှင့် ရုပ်ပွားတော်များ၊ ရှေး-



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းခေါင်းလောင်းတို့ကို လိုက်လံပြသ ရှင်းပြခဲ့ပါသည်။

စေတီတော်သမိုင်းကြောင်း ရှင်းလင်းပြောကြားပေးခဲ့သော ဦးဇော်ဝင်းသန်းနှင့် ကိုယ်တိုင် လိုက်လံပြသ ရှင်းပြခဲ့သည့် ဂေါပက အတွင်းရေးမှူး ဦးမျိုးမြင့်တို့အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။


တနင်္လာဆောင့်တွင်ရှိသော ရင်ပြင်တော်ပေါ်က မျောရုံ

## ဘုရင်မကြီးရှင်စောပုနှင့် မွန်ရဟန်းတော်နှစ်ပါး

ရာဇာဓိရာဇ်၏ သမီးတော် ရှင်စောပုသည် မြန်မာသက္ကရာဇ်(၇၈၄)ခုနှစ်တွင် ဆင်ဖြူရှင်သီဟသူ လက်ထက်၌ အင်းဝသို့ ရောက်ရှိကာ မိဖုရားဖြစ်ခဲ့၏။


မွန်ရဟန်းတော် နှစ်ပါးဖြစ်သော ဓမ္မပါလနှင့် ဓမ္မဓရ မထေရ်နှစ်ပါးတို့မှာလည်း သာသနာပြုရန် အင်းဝသို့ ရောက်ရှိနေချိန်ဖြစ်သည်။ သက္ကရာဇ်(၇၉၁)ခုနှစ်တွင် မိုးညှင်းမင်းတရား လက်ထက်၌ မိဖုရားကြီးမှာ အင်းဝနေပြည်တော်၌ နေထိုင်ရသည်ကို မပျော်ပိုက်၍ ဟံသာဝတီနေပြည်တော်သို့ ထွက်ပြေးရန် ကြံစည်လျက်ရှိသည်။

တစ်နေ့တွင် မွန်ရဟန်းနှစ်ပါးဖြစ်သော ဓမ္မပါလမထေရ်နှင့် ဓမ္မဓရမထေရ်တို့နှင့် တွေ့ဆုံ၍ ဟံသာဝတီနေပြည်တော်သို့ ထွက်ပြေးရန် တိုင်ပင်ကြ၏။ အခါအခွင့်သင့်သည့် တစ်နေ့တွင် မိဖုရားရှင်စောပုသည် မွန်ရဟန်း နှစ်ပါး၏ အကူအညီဖြင့် ပဲခူးဟံသာဝတီသို့ ထွက်ပြေးရောက်ရှိခဲ့သည်။

ဟံသာဝတီပြည်၌ ညီမဝမ်းကွဲ တော်သူ ရှင်စောနှစ်မှာ နန်းမသင်းမပေးဘဲ ခုခံသဖြင့် ပါဒနေပြည်တော် ကျောက်တန်းမြို့မှ ...တ်အက် သုံးမိုင်ခန့် အကွာရှိ အရပ်ရွာတွင် ခိုလှုံနေထိုင်ရင်း ... ချပ်ရွာသူကြီး လောက်ကပိုက် ... ငယ်မည် မင်းညီတုံး

(ခေါ်) သမိန်ဗရမ်း ဘွဲ့ရ မွန်သူရဲကောင်း အကူအညီဖြင့် ဟံသာဝတီကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

သက္ကရာဇ်(၈၀၄)ခုနှစ်တွင် ဘုရင်မ ဖြစ်လာခဲ့သော ရှင်စောပုသည် ကျေးဇူးရှင် မွန်ရဟန်းတော် နှစ်ပါးအား ကျေးဇူးဆပ်လိုသောကြောင့် တစ်နေ့တွင် ရဟန်းတော်များ ရှိရာကျောင်းသို့ သွားရောက်၍ နံနက်မိုးသောက် အလင်းရောက်သောအခါ နန်းတော်သို့ကြွ၍ ဆွမ်းအလှူခံပါရန် ပင့်လျှောက်လေ၏။ ဘုရင်မကြီးသည် နန်းတော် ပြန်ရောက်သည်နှင့် သပိတ်နှစ်လုံးတွင် တစ်လုံးသော သပိတ်၌ ဆွမ်း၊ ကွမ်းအပြည့်အလျှံထည့်ထားပြီး အခြားသပိတ်တစ်လုံးတွင် မင်းမြောက်တန်ဆာငါးပါးအား ထည့်ထားလေ၏။


[illegible] စေတီတော် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အနောက်အက်ဓာန်ဆောင်အတွင်းရှိ
ရှေးဟောင်းကျောက်ဆင်းတုရုပ်ပွားတော်

နံနက်မိုးသောက်ရောက်သည့်အခါ ဦးစွာကြွရောက်လာသောရဟန်းမှာ ဓမ္မပါလဖြစ်၏။ ဘုရင်မကြီးသည် ဦးစွာကြွရောက်လာသည့် ရဟန်းတော်အား သပိတ်နှစ်လုံးကို ညွှန်ပြကာ အရှင်လိုသော သပိတ်ကို ယူတော်မူပါရန် တင်လျှောက်လေ၏။ ဓမ္မပါလရဟန်းသည် သပိတ်နှစ်လုံးအနက် မည်သည့်သပိတ်ကို ယူရမှန်းမသိ၍ ထိုသပိတ်နှစ်လုံးအား မသိမသာ မ,ကြည့်လေ၏။ တစ်လုံးသော သပိတ်မှာ လေး၍ ကျန်တစ်လုံးမှာ လုံးဝပေါ့နေသောကြောင့် ဆွမ်းအပြည့်ပါရှိသည့် လေးသော သပိတ်အား ယူငင်ကာ ကျောင်းသို့ ပြန်ကြွသွားလေ၏။ အချိန်အနည်းငယ်ကြာပြီးနောက် ရဟန်းတော်တစ်ပါးဖြစ်သည့် ဓမ္မစေရ ရောက်ရှိလာကာ ကျန်သောသပိတ်ကို ယူဆောင်၍ ပြန်ကြွသွားလေ၏။


နောက်တစ်နေ့တွင် ဘုရင်မရှင်စောပုသည် ရဟန်းတော် နှစ်ပါးအား နန်းတော်သို့ပင့်ကာ ဦးစွာသပိတ်ကို ယူဆောင်သွားသည့် ဓမ္မပါလရဟန်းအား သပိတ်အတွင်း၌ မည်သည့်အရာကို တွေ့ပါ၏ဟု လျှောက်ရာ ရဟန်းတော်က ကျွန်ုပ်သပိတ်အတွင်း၌ ဆွမ်းကွမ်းပြည့်စုံစွာတွေ့ပါ၏ဟု ပြောလေ၏။ ထိုအခါ ဘုရင်မကြီးသည် ဓမ္မပါလ ရဟန်းတော်အား နန်းတော်တွင် နန်းဦးဆရာတော်အဖြစ် သီတင်းသုံးပါရန် လျှောက်တင်လေသည်။

ထို့နောက် ဓမ္မစေရ ရဟန်းတော်အား အရှင်ဘုရား၏ သပိတ်အတွင်း မည်သည့်အရာ တွေ့ပါ၏ဟု လျှောက်ရာ ရဟန်းက ဒကာမကြီး ကျွန်ုပ်သပိတ်အတွင်း ဆွမ်းကွမ်းမပါ။ မင်းမြှောက်တန်ဆာသာပါ၏ဟု ပြော၏။ ဘုရင်မကြီးသည် ရဟန်းတော်အား လူဝတ်လဲစေကာ သမီးတော်နှင့် လက်ဆက်ထိမ်းမြားစေပြီး ဓမ္မစေဘီ ဘွဲ့မည်ဖြင့် အိမ်ရှေ့အရာ အပ်နှင်းလေ၏။

**အင်းကစားသော နန်းဦးဆရာတော်**

နန်းဦးဆရာတော်ဖြစ်သော ဓမ္မပါလမထေရ်သည် အင်းကစားရာ၌ ဝါသနာထုံ၏။ နေ့စဉ် အင်းကစားခြင်းဖြင့် အချိန်ကုန်လွန်စေ၏။ အချိန်ကြာလာသည်နှင့်အမျှ အင်းကစားရာ၌ အောင်မြင်လာလေ၏။ အင်းလက်ချ၍ ညို့ယူနိုင်စွမ်းရှိသော၏။

ဓမ္မပါလမထေရ်သည် နန်းဦးကျောင်းမှနေ၍ နန်း



ထီးတော်ဟောင်းအားတွေ့ရစဉ်

www.burmeseclassic.com



မြောက်ဘက်တန်ဆောင်းအတွင်းရှိ
ဓလ္လေဟောင်းကျောက်ဆင်းတုရုပ်ပွားတော်

တွင်း အပျိုတော်များအား တစ်ညလျှင် တစ်ယောက်ကျ အင်းကွက်ချ ညှို့ယူခေါ်ဆောင်ကာ ပျော်ပါးလေသည်။ အချိန်ကြာလာသည့်အခါ နန်းတွင်းအပျိုတော်များမှာ ကာမပိုင် မရှိကြဘဲ ကိုယ်ဝန်များ ရှိလာကြ၏။ ထို့ကြောင့် နန်းတော်တွင်း၌ ပြဿနာရှိလာကာ နောက်ဆုံးတွင် ဘုရင်မကြီးထံ နားတော်ပေါက်လေ၏။

မည်သို့ပင် စုံစမ်းစစ်ဆေးစေကာမူ ပြဿနာမှာ ဖြေရှင်းနိုင်ခြင်းမရှိဘဲ လက်သည်တရားခံမှာ ရှာမတွေ့ ဖြစ်နေလေသည်။

<u>တရားခံ ရှာတွေ့ခြင်း</u>

ဘုရင်မကြီးရှင်စောပု လက်ထက်မှ ဖြစ်ပွားလာခဲ့သည့် နန်းတွင်းအပျိုတော်များ၏ အရေးသည် ဓမ္မစေတီမင်း လက်ထက်တိုင် ရောက်ရှိလာ၏။ ဓမ္မစေတီမင်းသည် ... ကျမ်းဂန်တတ်ပုဂ္ဂိုလ် ဖြစ်ရုံမက မင်းကျင့်တရားနှင့်ညီ အုပ်ချုပ်သော မင်းတစ်ပါး ဖြစ်၏။

တိုင်းပြည်ငြိမ်ဝပ်ပိပြားကာ စီးပွားရေး တိုးတက်ကောင်းမွန်လာ၏။ နန်းတွင်း၌ ဖြစ်ပေါ်နေသော ပြဿနာအား ဖြေရှင်းနိုင်ရန် ထောင့်မျိုးစုံမှ တွေးတောကြံဆ၍ အဖြေရှာ၏။ တဖြည်းဖြည်း လက်သည်တရားခံအား ခြေရာခံမိလာသည်။ သို့သော်လည်း လက်ဆုပ်လက်ကိုင် မပြနိုင်သေးသဖြင့် ကြိုးရှည်ရှည်လှန်ကာ သည်းခံလျက် စောင့်စားနေလေ၏။

နန်းတော်တွင်း၌ နန်းတွင်းအပျိုတော်များအား သီးခြားလျှို့ဝှက်အမိန့် ထုတ်ပြန်လေ၏။ ထိုအမိန့်မှာ နန်းတွင်း အပျိုတော်များသည် ညအိပ်သည့်အခါ၌ ကြက်မောက်ပန်း ပန်၍ အိပ်စက်ရန် ဖြစ်သည်။

နန်းဦးဆရာတော်သည် အင်းကစားမြဲ ဖြစ်သည်။ ညဉ့်နက်ချိန် ရောက်သည့်အခါတိုင်း နန်းတွင်းအပျိုတော်များကို အင်းကွက်ချ ညှို့ယူလျက် ခေါ်ဆောင်မြဲဖြစ်သည်။ နန်းတွင်းအပျိုတော်များသည် အိပ်မှုန်စုံမွှားဖြင့် နန်းတော်တွင်းမှ နန်းဦးကျောင်းသို့ သွားရောက်ကြသည့်အခါ ဦးခေါင်းတွင် ပန်ဆင်ထားသော ကြက်မောက်ပန်းဝတ်ဆံမှ ဝတ်မှုန်စေ့ကလေးများသည် တစ်လမ်းလုံးကျရောက်လျက် မိုးတွင်းရောက်သည့်အခါ၌ ထိုဝတ်မှုန်စေ့ကလေးများမှ



ကောင်းမှုကုသိုလ်ရှင် ဆရာတော် ဦးသာဂရ
အထိမ်းအမှတ် အရိုးဂူစေတီတော်

www.burmeseclassic.com



ဓမ္မစေတီမင်း ဆိပ်ကမ်းဆောက်လုပ်ရန် ကျောက်ငုတ်စိုက်ခဲ့သော နေရာ၌ အသာတော်လုပ်ထားသည့် ဆိပ်ခံတော်

အပင်ပေါက်လာကာ နန်းတွင်းမှ နန်းဦးကျောင်းဆီအထိ ညီညာစွာ ပေါက်ရောက်နေလေ၏။

လက်ဆုပ်လက်ကိုင် ရှာ၍တွေ့နေပြီဖြစ်သောကြောင့် ဓမ္မစေတီမင်းသည် နန်းဦးဆရာတော်အား ဖမ်းဆီးရန် အမိန့်ထုတ်ပြန်သောအခါ ဓမ္မပါလမထေရ်သည် နန်းဦးကျောင်းမှ ဦးစွာ ထွက်ပြေးလွတ်မြောက်သွားလေ၏။



[illegible] သွန်းလုပ်တော်မူသော ရှေးဟောင်းခေါင်းလောင်းတော်

ဓမ္မစေတီမင်းသည် စစ်သည်ရဲမက်တို့အား ,စေလွှတ်၍ ဓမ္မပါလ မထေရ်အား ဖမ်းဆီးကာ တွေ့ရာအရပ်၌ သတ်စေဟု အမိန့်ထုတ်လျက် လိုက်လံဖမ်းဆီးကြရာ ဓမ္မပါလသည် ထွက်ပြေးတိမ်းရှောင်ရင်း ဟံသာဝတီနယ်မှ ဒဂုံနယ်အစပ်သို့ရောက်ရှိ၍ သက်န်းပင်ကြီးများ ထူထပ်စွာ ပေါက်ရောက်နေသော အရပ်၌ စစ်သည်ရဲမက်များ၏ ဖမ်းဆီးခြင်း ခံရလေတော့သည်။

ဖမ်းမိသည့်အရပ်၌ သတ်စေဟု အမိန့်ရထားသော်လည်း မထေရ်မှာ နန်းဦးဆရာတော် ဖြစ်နေသဖြင့် ဦးစွာ ဓမ္မပါလမထေရ်အား သင်္ကန်းချွတ်စေ၏။ ပြီးမှ ပါးကွက်အာဏာသားများလက် အပ်၍ သတ်စေ၏။

ဓမ္မပါလသည် ပါးကွက်အာဏာသားတို့အား ဤသို့မှာ၏။ ငါ့အား သတ်သည့်အခါ လေးပိုင်း,ပိုင်း၍ ခုတ်သတ်ရန်၊ တစ်ပိုင်းကို တစ်ကျင်းစီ၌ မြှုပ်နှံလျက် ငါပေးခဲ့သော ဤပစ္စည်းလေးခုအား တစ်ခုစီခွဲ၍ ကျင်းလေးခု၌ ထည့်သွင်းမြှုပ်နှံပေးရန် မှာကြားခဲ့လေ၏။

ပါးကွက်အာဏာသားတို့လည်း ဓမ္မပါလ မှာကြားခဲ့သည့်အတိုင်း လေးပိုင်း,ပိုင်း၍ တစ်ပိုင်းစီအား စီမံထားသော အင်းတစ်ပြားစီ ထည့်သွင်းမြှုပ်နှံပေးခဲ့လေ၏။

ခြောက်ရက်မြောက်ည၌ ဓမ္မစေတီမင်းအား အိပ်မက်ပေးလေ၏။ မင်းတိုင်းပြည်ကို ငါ ဖျက်မယ်။ လူစွမ်းကောင်းလေးယောက် ရောက်ရှိလာပြီး နန်းတော်တစ်ခုလုံးအား ဖျက်ဆီးပစ်မယ်ဟု ကြုံးဝါးကာ အိပ်မက်ပေးလေ၏။

နံနက်မိုးသောက်၌ ဓမ္မစေတီမင်းသည် ဓမ္မပါလမထေရ်အကြောင်း သိရှိထားပြီးဖြစ်၍ ဓမ္မပါလအား သတ်ခဲ့သည့် အာဏာသားတို့အား နန်းတော်သို့ ခေါ်ယူကာ မထေရ်အား မည်သို့မည်ပုံသတ်၍ မည်သို့မြှုပ်နှံခဲ့ကြောင်း မေးလေ၏။ အာဏာသားတို့လည်း မကွယ်မဝှက် မှန်ရာအတိုင်း လျှောက်တင်ကြရာ ဓမ္မစေတီမင်းသည် ချက်ချင်း

www.burmeseclassic.com



ပြည်မြင့်တော်ပေါ်ရှိ သာသနိကအဆောက်အအုံအချို့

ဝင် နန်းတော်မှ မြှုပ်နှံထားရာ အရပ်ဆီသို့ နောက်ပါရဲမက်များ နှင့်အတူ ရောက်ရှိသွား၏။

ဓမ္မပါလမထေရ် အလောင်းအား တူးဖော်စေရာ အသက်မဝင်သေးသော ဒူးတစ်ဖက် ထောက်လျက် အနေအထားဖြင့် လှူစွမ်းကောင်း လေးဦးကို တွေ့ရလေ၏။

ဘုရင်မင်းမြတ်သည် အစိအခံများ ချက်ချင်း ပြုလုပ်ကာ အလောင်းကောင်းအတွင်း -ထည့်သွင်းလျက် အနက်(၇)တောင်ရှိသော တွင်းများ တူးကာ ပြန်လည်မြှုပ်နှံစေ၏။ ပြီးနောက် အမိန့်ပြန်ခဲ့သည်။ ထိုအမိန့်ပြန်ချက်မှာ ဤအရပ်ဒေသ၌ မည်သည့်အခါမျှ လှူစွမ်းကောင်း လုံးဝမပေါ်စေရဟု ဖြစ်လေသည်။

ဓမ္မစေတီမင်းသည် ဓမ္မပါလရုပ်အလောင်းအား မြှုပ်နှံခဲ့ပြီးနောက် အရှေ့မြောက်အရပ်၌ ကုန်းမို့မို့တစ်ခုပေါ်တွင် အမှတ်တရစေတီတော်တစ်ဆူကို တည်ထားခဲ့လေသည်။ စေတီတော်နှင့် ဓမ္မပါလ မြှုပ်နှံထားရာနေရာသည် မျှော်ရာမျှသာ ကွာဝေးလေ၏။ ထိုစေတီတော်ကား အောင်စည်းခုံစေတီတော်ပင် ဖြစ်ပါသည်။

စေတီတော်မြောက်ဘက်မုခ်အနီးတွင် ရဟန္တာသိမ်တော်တစ်လုံး ဆောက်လုပ်ရန် ကျောက်ငုတ်တိုင်စိုက်ထူထားခဲ့သည်။ ယခုအခါ ထိုနေရာ၌ သာသနသိဒ္ဓိအောင်တော်မူသိမ်တော်ကို ဆောက်လုပ်ပြီးစီးသည်ကို တွေ့ခဲ့ရသည်။

ဓမ္မပါလအား မြှုပ်နှံထားရာ နေရာမှာ ယခုအခါ သင်္ချိုင်းကျွန်းကြီးကျေးရွာအလယ်ပိုင်း၊ အနော်ရထာလမ်း ဗုဒ္ဓမြေဘုန်းတော်ကြီးသင် မူလတန်းကျောင်းဝင်းအတွင်း ၌ရှိ၍ ကုန်းကမူတစ်ခုအဖြစ် ယနေ့တိုင် ရှိပါ၏။

<u>ပဒတ်ထိုင်းမှသည် သင်္ချိုင်းကျွန်းဆီသို့</u>

အနော်ရထာလက်ထက် ပုဂံပြည်တွင် ပဒတ်ထိုင်းဟု ခေါ်သော အရပ်ဒေသရှိပါသည်။ ထိုအရပ်၌ နေထိုင်သူတို့မှာ မိုးသား၍ တောင်ယာအလုပ်ကို လုပ်ကိုင်ကြ၏။

တစ်နေ့တွင် အနော်ရထာ မျက်မှာန်ရှ၍ ကျွန်စစ်သားအား လုပ်ကြံရာ ကျွန်စစ်သားမှာ ထွက်ပြေးလွတ်မြောက်သွားလေ၏။ ထွက်ပြေးတိမ်းရှောင်ရင်း ကျွန်စစ်သားမှာ မောပန်းလာလျက် ရေဆာငတ်မွတ်သဖြင့် အနီးဆုံး အရပ်ဖြစ်သော ပဒတ်ထိုင်းအရပ်တွင် ရေတောင်းသောက်ရာ ဒေသခံတို့မှာ ဘုရင်အား ကြောက်ရွံ့ကြသဖြင့်



www.burmeseclassic.com



သင်္ကန်းကျွန်းဘိုးဘိုးကြီး (ဝါ) ရွှေကျွန်းဘိုးဘိုးကြီး

မည်သူမျှ ရေမတိုက်ပံ့ကြချေ။ ကျွန်စစ်သားသည် ရေဆာငတ်မွတ်ခြင်း ပြင်းစွာဖြစ်သော်လည်း မည်သူတစ်ယောက်မျှ ရေမပေးသဖြင့် ဒေါသဖြစ်ကာ သစ္စာဆိုလေ၏။ ဤဒေသသားတို့သည် မည်သည့်အရပ်ဒေသ၌ နေထိုင်ကြသည်ဖြစ်စေ ရေရှားပါးခြင်း၊ ရေငတ်မွတ်ခေါင်းပါးခြင်းနှင့် ကြုံရစေဟု သစ္စာဆိုလေ၏။

ကျွန်စစ်သား သစ္စာဆိုခဲ့သည့်အတိုင်း ရေရှားပါးခြင်းဒဏ်ကို ကြုံတွေ့ရသော ပဒတ်ထိုင်း အရပ်သားတို့မှာ တောင်ယာလုပ်ကိုင်နိုင်ခြင်း မရှိတော့၍ စားဝတ်နေရေးနှင့် စီးပွားရေးကပ်ဘေး ဆိုက်ရောက်လာပြီးနောက် တစ်မြို့တစ်ရွာပြောင်း၍ စီးပွားရှာကြရန် အောက်ပြည်အောက်ရွာသို့ ပြောင်းရွှေ့အခြေချရန် ထွက်ခွာခဲ့ကြသည်။

ယခု သင်္ကန်းကျွန်းကြီးကျေးရွာဟု ခေါ်တွင်သော ဒေသသည် ပဒတ်ထိုင်းဒေသသားများ ပြောင်းရွှေ့လာခဲ့ကြသည့် ကျေးရွာပင်ဖြစ်သည်။ ဤအရပ်၌ သင်္ကန်းပင်ကြီး များစွာသည် ပေါက်ရောက်လျက် တောတန်းကြီးသဖွယ် ဖြစ်နေ၏။ ယနေ့တိုင် သင်္ကန်းပင်ကြီးအချို့ကို တွေ့မြင်ရ၏။ သင်္ကန်းပင်များ ပေါက်ရောက်နေသည်ကို အမှီပြု၍ ပဒတ်ထိုင်းဒေသမှာ ရွှေ့ပြောင်းအခြေချ နေထိုင်ကြသူတို့က ဤဒေသကို သင်္ကန်းကျွန်းကြီးကျေးရွာဟု ခေါ်ကြ၏။ အရပ်ဒေသ ပြောင်းရွှေ့ကြသော်လည်း ကျွန်စစ်သား၏ သစ္စာစကား မပျက်ပြယ်ပေ။ သင်္ကန်းကျွန်းကြီး ကျေးရွာတွင် ရေရှားပါးမှုဒဏ်ကို နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည်။

(၁၉၈၈)ခုနှစ်နောက်ပိုင်း ရောက်ရှိလာမှသာလျှင် သင်္ကန်းကျွန်းကြီးကျေးရွာမှာ ရေရှားပါးမှု ကြုံတွေ့ခြင်းမှ တဖြည်းဖြည်း လွတ်မြောက်လာလေသည်။ ယခုအခါ ရေဘေးကြုံတွေ့မှု မရှိတော့ကြောင်း ဒေသခံတို့က ရှင်းပြ၏။

## ပထမဆုံးကောင်းမှုကုသိုလ်ရှင် ဆရာတော်

(၁၂၆၁)ခုနှစ်တွင် သင်္ကန်းကျွန်းကြီးကျေးရွာ ခုံမွပါလကျောင်းတော်သို့ ဆရာတော်ဦးသာဂရ ရောက်ရှိလာ၏။ ဆရာတော်ရောက်ရှိချိန်တွင် အောင်စည်းခံစေတီတော်မှာ ပြိုကျပျက်စီးလျက် ကုန်းကမူတစ်ခုအဖြစ်သာ တွေ့မြင်သောကြောင့် ကျေးရွာသူကြီး ဦးဘိုးကင်းနှင့် ရွာလူကြီးများကို ခေါ်ယူတွေ့ဆုံပြီး စေတီတော်အား အသစ်ပြန်လည် တည်ထားကိုးကွယ်ရန် အကြံပြုလေ၏။ သူကြီးဦးဘိုးကင်းမှ ဦးဆောင်၍ ရွာသူရွာသားများ၏ ညီညီညွတ်ညွတ်ဖြင့် ကုသိုလ်ကောင်းမှု ပါဝင်ကာ စေတီတော်အား (၁၂၈၄)ခုနှစ်တွင် အသစ်တည်ထားခဲ့ကြသည်။ (၁၂၈၆)ခုနှစ်တွင် စေတီတော်တစ်ဆူလုံး အသစ်တည်ထားပြီးဖြစ်၍ ထီးတော်တင်လှူပူဇော်ပွဲကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သည်။ စေတီတော်ကို ဉာဏ်တော်အမြင့် (၄၅) တောင်တည်ထားခဲ့၏။

(၁၂၈၆)ခုနှစ်တွင် အနောက်တန်ဆောင်း၌ ကျောက်ဆင်းတုရုပ်ပွားဆင်းတုတော်ကို ပူဇော်ထားရှိပြီး (၁၂၈၈) ခုနှစ်တွင် မြောက်ဘက်တန်ဆောင်း၌ ရုပ်ပွားတော်တစ်ဆူကို ပူဇော်ထားရှိလေသည်။ (၁၃၀၇)ခုနှစ်တွင် တနင်္ဂနွေထောင့်၌ မင်းမိဖုရားကြီးများပုံပါရှိသည့် ဗုဒ္ဓဝင်ဇာတ်တော်ပါ ကြေးခေါင်းလောင်းတစ်လုံးကို တပ်ဆင်လှူဒါန်းခဲ့ကြသည်။

ဆရာတော်ဦးသာဂရသည် အောင်စည်းခံစေတီတော်အား ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာ (၁၃၁၈)ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com



မယ်ကုဝဏ် (သို့မဟုတ်) ဘေးမယ်တော်ထံ နိပ်နယ်၍ ဆုတောင်းနေသူ တစ်ဦးအား တွေ့ရစဉ်

ဆုတ်လဆုတ် (၄)ရက်နေ့၊ သက် တော်(၈၇)နှစ်၊ ဝါတော်(၆၇)ဝါ ရှိ၍ ပျံလွန်တော်မူလေ၏။

သူကြီးဦးဘိုးကာင်းနှင့် ရွာသူ ရွာသားများက ဆရာတော်အား ဘုန်းကြီးပြ်ကာ အောင်စည်းခုံစေ တီတော်၏ တနင်္ဂနွေထောင့်တွင် အရိုးထုစေတီငယ်တစ်ဆူ တည် ထားကိုးကွယ်ကြလေ၏။

**ဒုတိယအကြိမ် ဘုရားကြီးအား ဘက်စုံပြုပြင်မွမ်းမံခြင်း**

ဆရာတော်ဦးသာဂရ ပျံလွန် တော်မူပြီးနောက် ဆရာတော် ဦးဥာဏ လက်ထက်တွင် ဒုတိယအကြိမ် စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံခဲ့ကြ သည်။ ထိုအချိန်က ရွာသူကြီးမှာ ဦးလူဖေဖြစ်၍ ကျေး ရွာရှိ ရွာသူရွာသားများထံမှ တစ်ဆုပ်ဆန် အလှူခံပြီး နောက် (၁၃၂၅)ခုနှစ်တွင် စေတီတော်ပန်းတင်ခုံ ဆောက် လုပ်ခဲ့၏။

(၁၉၇၇-၇၈)ခုနှစ်တွင် စေတီတော်အား ဒုတိယ အကြိမ် ထီးတော်အသစ် တင်လှူပူဇော်ခဲ့ကြသည်။

အောင်စည်းခုံစေတီတော်ကြီးအား ဓမ္မပါလကျောင်း ဆရာတော်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ စောင့်ရှောက်လာခဲ့သော ဆရာတော်များမှာ ဦးကုဏ္ဍစရ၊ ဦးဉာဏစက္က၊ မဟာဂန္ထာရီဆရာတော် ဦးပဏ္ဍိဝနှင့် မြ နာရာဆရာတော် ဘဒ္ဒန္တကေသ ဝါတိဝံသတို့ ဖြစ်ကြသည်။

**ကျွန်းဘိုးဘိုးကြီး အိပ်မက်ပေး၍ စေတီတော် ပြန်လည်မွမ်းမံခြင်း**

(၂၀၀၈)ခုနှစ် နာဂစ်မုန်တိုင်း ဒဏ်ကြောင့် အောင်စည်းခုံစေတီ တော် ထီးတော်မှာ ယိမ်းယိုင်သွား ခဲ့၏။ သာသနိက အဆောက် အအုံအချို့ကလည်း ပျက်စီးခဲ့ ကြသည်။

တစ်ညတွင် ဗိုလ်မှူးကြီး မင်းသွင်နှင့် ဇနီးဒေါ်မျိုးသီတာတို့၏ မြေးလေးအား ရွှေ ကျွန်းဘိုးဘိုးကြီးမှ အိပ်မက်ပေး၍ စေတီတော်အား ပြန် လည်ပြုပြင်ပေးရန်ပြော၏။ နံနက်၌ အတိုး၊ အသွား တို့အား ပြောပြသဖြင့် ဘုရားဒကာကြီး မိသားစုသည် ၄င်းတို့ကိုးကွယ်သော မြရတနာဓမ္မရိပ်သာကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသအား လျှောက် တင်ရာ ဆရာတော်မှ ဦးဆောင်၍ စေတီတော်ပြုပြင်ခြင်း လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

စေတီတော်အား ပြုပြင်မွမ်းမံခြင်း၊ ထီးတော် အဟောင်းကိုချ၍ ထီးတော်အသစ် လဲလှယ်တပ်ဆင်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ စေတီ တော်ပရိဝုဏ်အား ကာရံထားသည့် ပျက်စီးနေသော ရေး



စေတီတော်သပိုင်းကြောင်းမြစ်ဖြစ်နေသော
ဦးဝေထွန်းသန်း (ဝဲ)နှင့် ဦးမျိုးမြင့် (ယာ)

www.burmeseclassic.com

www.burmeseclassic.com

ယောင်း ဂဝံကျောက်တုံးများအား ဖယ်ရှား၍ မဟာရံအုတ်တံတိုင်း အသစ်ကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

စေတီတော်ရင်ပြင်မှာ (၁၀၈×၂၀၀)ပေကျယ်ဝန်း၍ ရင်ပြင်တော်တစ်ခုလုံးအား ကျောက်ပြားများ ခင်းခဲ့သည်။ (၁၃၇၀)ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ အင်္ဂါနေ့ (၁၀-၃-၂၀၀၉)ရက်နေ့၌ ရှေးဟောင်းသမိုင်းဝင် အောင်စည်းခုံစေတီတော်ကြီး ဘက်စုံအလှူရှင် မြရတနာမွေ့ရိပ်သာကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ ဦးစီးဆောင်ရွက်၍ အလှူ့ဒါယကာကြီး ဗိုလ်မှူးကြီး မင်းသွင်၊ အလှူ့ဒါယိကာမကြီး ဒေါ်မျိုးသီတာ၊ မြေး မောင်အောင်၊ မြေး မပြည့်ပြည့်နှင့် ခုနစ်ရက်သားသမီးတို့၏ မဟာကုသိုလ်တော်အား ရေစက်ချ အမျှပေးဝေခဲ့ကြလေသည်။

<u>သက်နီးကျွန်းဘိုးဘိုးကြီး (ရွှေကျွန်းဘိုးဘိုးကြီး)</u>

ရွှေကျွန်းဘိုးဘိုးကြီးဟုခေါ်သော သက်နီးကျွန်းဘိုးဘိုးကြီးသည် တန်ခိုးထက်၏ဟု နယ်သားတို့က ယုံကြည်ကြ၏။ ဒုတိယကမ္ဘာစစ်အတွင်း ကျွဲညီနောင်ဟုခေါ်သော မဟာမိတ်လေယာဉ်ပျံများ၏ ဗုံးဆန်၊ စက်သေနတ်ဆန်တို့သည် ပတ်ဝန်းကျင်နယ်တစ်ဝိုက် ကျရောက်ပေါက်ကွဲခဲ့သော်လည်း သက်နီးကျွန်းကြီးဒေသတစ်ဝိုက်တွင်မူ မည်သည့် ဗုံးဆန်၊ သေနတ်ဆန်မျှ မကျခဲ့ချေ။ ရွှေကျွန်းဘိုးဘိုးကြီး၏ တန်ခိုးကြောင့်ဟု အားလုံးက မှတ်ယူယုံကြည်ကြ၏။

ထို့ပြင် အခြားအရပ်ဒေသအသီးသီးမှ လူပုဂ္ဂိုလ်များစွာတို့သည် အိပ်မက်အရ မေးမြန်းစုံစမ်းကာ ရွှေကျွန်းဘိုးဘိုးကြီးထံမှောက် ရောက်ရှိလာကြကုန်၏။ ဆုတောင်းဆုယူပြုကြသည့်အခါ ဆုတောင်းပြည့်ဝကြသည်ဟု ဆို၏။

<u>မယ်ကုဝဏ် (သို့မဟုတ်) ဆေးမယ်တော်</u>

စေတီတော် တနင်္ဂနွေထောင့်တွင်ရှိသော မယ်ကုဝဏ်ကို ဒေသခံတို့က ဆေးမယ်တော်ဟုခေါ်ကြ၏။ အနာရောဂါမှန်သမျှ ဆေးမယ်တော်ထံ တိုင်တည်၍ ရောဂါဖြစ်သည့်နေရာအစား ဆေးမယ်တော်ကို နှိပ်နယ်ပေးခြင်းဖြင့် ရောဂါသက်သာပျောက်ကင်းကြသည်ဟုဆို၏။ စာရေးသူရောက်ရှိနေခိုက် လူငယ်တစ်ဦးသည် ဆေးမယ်တော်ထံ နှိပ်နယ်၍ ရောဂါသက်သာပျောက်ကင်းစေရန် ဆုတောင်းနေပုံကို မှတ်တမ်းတင်နိုင်ခဲ့လေ၏။

အရပ်ဒေသအသီးသီးမှ လူနာရှင်များစွာသည်လည်း အိပ်မက်အရ စုံစမ်းရောက်ရှိလာကြပြီး ဆေးမယ်တော်ထံ၌ ဆုတောင်းပြု၍ နှိပ်နယ်ပေးရာ ရောဂါသက်သာ ပျောက်ကင်းကြောင်း ဒေသခံတို့က ပြောပြလေ၏။

ဆုတောင်းပြည့်ဝသော ရွှေကျွန်းဘိုးဘိုးကြီးနှင့် ဆေး မယ်တော်တို့ထံ အကြောင်းတိုက်ဆိုင်လာပါက လာ ရောက်နိုင်ပါကြောင်း တာဝန်ရှိသူတို့က မှာကြားလေ၏။

<u>နှုတ်ဆက်ဖိတ်ခေါ်ခြင်း</u>

ရှေးဟောင်းသမိုင်းဝင် အောင်စည်းခုံစေတီတော် သည် မင်္ဂလာဒုံမြို့နယ်၊ သက်နီးကျွန်းကြီးကျေးရွာအုပ်စု သက်နီးကျွန်းကြီးစံပြကျေးရွာတွင်ရှိ၏။ မြောက်ဥက္ကလာ အဝေးပြေးကားကြီးဂိတ်နှင့်နီး၍ အမှတ်(၃)လမ်းမကြီး အတိုင်း တပ်ရင်း(၉)သို့သွားရာ လမ်းတစ်လျှောက်ရှိ သက်နီးကျွန်းကြီးကျေးရွာတွင်ဆင်းကာ တစ်မိုင်ခန့်အကွာ တွင် စေတီတော်တည်ရှိလေသည်။

ဆိတ်ငြိမ်တိတ်ဆိတ်၍ ရှေးကပင်ရှိခဲ့သော သက်နီး ပင်ကြီးများမှာ မြောက်ဘက်မုခ် မဟာရံတံတိုင်းနှင့်ကပ် လျက် ယခုတိုင် တွေ့မြင်ရလေ၏။

စေတီတော် မဟာရံတံတိုင်းကို ကာရံခဲ့ကြသည်မှာ ယခုအခါ အနောက်မြောက်အခြမ်းရှိ နေရာအနည်းငယ် သာ ကာရံခြင်းလုပ်ငန်း ကျန်ရှိပါတော့သည်။

ထို့ပြင် အင်္ဂါထောင့်တွင်ရှိသော မမွာရံအရှေ့ခြမ်း တွင် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ ထားရှိရန် ဂန္ဓကုဋိ တိုက်ကျောင်း ဆောက်လုပ်ရန် အစီအစဉ်ရှိကြောင်း ဂေါ ပက အတွင်းရေးမှူးက ရှင်းပြ၏။ အလှူရှင်များကိုလည်း ဖိတ်ခေါ်စောင့်မျှော်လျက်ရှိပါကြောင်း နိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓ ဘာသာဝင် သူတော်စင်များမှ နည်းများမဆို ကုသိုလ် တော်ပါဝင်ကာ ရှေးဟောင်းစေတီတော်၏ လိုအပ်ချက် ကွက်လပ်အား ကုသိုလ်တော်ရယူရင်း တစ်ခေါက်တစ်ခါ ရောက်အောင်သွားပြီး ဖူးမြော်ကြည်ညိုကြပါဟု တိုက် တွန်းနှိုးဆော်လိုက်ပါသည်။

ခုနစ်နေ့သားသမီးများ ဘေးဘယာကင်းဝေးကြပါ စေ။

မိုလ်ထောင် ကိုညီ

www.burmeseclassic.com


ရွှေပြည်သာမြို့ဦးစေတီတော်

ဧယျာထက်

# အာရာကျော်ဆရာတော်ဘုရားကြီး အောင်မြင်မှုရာ ရွှေပြည်သာမြို့ဦးစေတီမဟာ

နေခြည်သန်းစပြုနေသည့် အချိန်လေးမှာပင် အိပ်ရာမှ ကမန်းကတန်း ထမိဖြစ်သည်။ အမှောင်ထုကို ထွန်းသစ်စ နေခြည်တို့က ဖြိုခွင်းနေစဉ်မှာပင် မျက်နှာသစ်၊ သွားတိုက်၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဖြင့် အလုပ်ရှုပ်နေခဲ့ပြီး ထွက်ပြူစနေခြည် အလင်းအားကိုးဖြင့် စက်ဘီးစီးကာ ထွက်လာမိဖြစ်သည်။

ဦးတည်မိသည်က နေ့စဉ် ဝတ်မပျက် ဦးတည်နေကျ ရွှေပြည်သာမြို့ဦးစေတီတော်ထံတော်ပါးသို့ပင် ဖြစ်သည်။ နံနက်စောစောမို့ ကားများရှင်းနေသည့် လမ်းမကြီးပေါ်ဝယ် စက်ဘီးကို တစ်ပတ်ချင်း ပုံမှန်နင်းနေမိဖြစ်သည်။ စောနိုင်သမျှစောအောင် သွားမှဖြစ်မည်။ နောက်ကျနေပါက အသံပြာကြီးဖြင့် အော်ဟစ်ရွတ်ဆိုကာ ပဋ္ဌာန်းပူဇော်လေ့ရှိသည့် မိတ်ဆွေကြီးနှင့် လွဲသွားမည်ကို စိုးရိမ်နေမိသည်။ သိပ်မကြာလိုက်ပါ၊ စေတီတော်မြတ်သို့ဝင်ရာ အနောက်မုခ်ဦးသို့ ဝင်လိုက်မိသည်နှင့် မမွှမိတ်ဆွေကြီး၏ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်သံကို ကြားနေမိရပြီပင်ဖြစ်သည်။ စေတီတော်မြတ်အား လှမ်းမျှော်ကြည့်ညှိလိုက်မိဖြစ်ရာ အရှေ့ဆီမှ ထွန်းလင်းလာနေသည့် နေခြည်အောက်ဝယ် ရွှေရောင် မလင်းတလင်း မထင်းတထင်း မြင်တွေ့နေရသည်။

စေတီတော်မြတ်ရင်ပြင်တော်ပေါ်သို့ ရောက်သည်နှင့် စေတီတော်အား လက်ယာရစ် လှည့်ပတ်ပူဇော်ရင်း မေတ္တာသုတ်တော်ကို သက်စေ့ရွတ်ဖတ်ပူဇော်နေမိဖြစ်သည်။ တစ်ပတ်လည်းပြည့် မေတ္တာသုတ်တော်လည်း သက်စေ့ရွတ်ဖတ်ပြီးသည်နှင့် စိပ်ပုတီးကိုင်ကာ တနင်္ဂနွေထောင့်တွင် ဝင်ထိုင်ရင်း ဂုဏ်တော်ကိုးပါးကို စိပ်ပုတီးဖြင့် ပွားများနေမိဖြစ်သည်။ နေ့စဉ်လို တနင်္ဂနွေထောင့်နှင့် စနေထောင့်တို့တွင် ဂုဏ်တော်ပုတီးစိပ်ခြင်းဖြင့် အန္တရာယ်ကင်း မိရလေအောင် ကျင့်ကြံပွားများနေခဲ့မိသည်မှာ ကျန်းမာရေးဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ပြီးကတည်းကပင်။

ရွှေပြည်သာမြို့ဦးစေတီတော်၌ အန္တရာယ်ကင်း အမိအရ စခန်းဝင် ကျင့်ကြံနေမိဖြစ်သည်မှာ ဝိပဿနာလမ်းလျှောက်လှမ်းသည့် အကျင့်များကို ကျင့်ကြံပွားများ အား ထုတ်နေသည့် ပထမဆရာဦးလေးခိုင်ထံမှ စေတီတော် တည်ရာနေရာမှာ အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် ဝိပဿနာလမ်း လျှောက်လှမ်းနေကြသူ သူတော်စင်ပုဂ္ဂိုလ်များ

www.burmeseclassic.com

ပုဂ္ဂိုလ်မြတ်များ သိရှိကာ အသိအမှတ်ပြုရင်း လာရောက်ကျောင်းကြိုပွားများအားထုတ်နေကြကြောင်းနှင့် စေတီတော်မြတ် တည်ထားရာ အောင်မြေမှာ အဘရာကျော်ဆရာတော်ဘုရားကြီး ခေတ်ပန္နက်ညွှန်ရာနေရာတွင် တည်ရှိနေသည် ဖြစ်ကြောင်းများ သိခွင့်ရထားခဲ့သောကြောင့်ပင်ဖြစ်သည်။


ရွှေပြည်သာမြို့သစ် တည်နေရာသည် ရှေးဟောင်းသမိုင်းဝင် ရမ္မာနဂရာမြို့ဟောင်း တည်ခဲ့သည့် နေရာပင်ဖြစ်သည်။ သိင်္ဂုတ္တရကုန်းရဲ့ ဥင်္ဂနိယရောတောင်၏ အနောက်မြောက် ဝါးတစ်ရာမြို့ ဝါးတစ်ရာမြို့၏ အရှေ့ဘက်၊ မင်္ဂလာဒုံ၏ အနောက်ဘက်ဒေသတွင် မြန်မာနှစ်(၆၇၆)ခုနှစ်၊ ခရစ်နှစ်(၇၅၄)ခုနှစ်တွင် ပုဏ္ဏရိက အမည်ရှိ မွန်မင်းသည် ယခု ရွှေပြည်သာမြို့သစ် တည်နေရာတွင် ရမ္မာနဂရာမြို့ကို တည်ရှိခဲ့ကြောင်း ဟံသာဝတီမြို့သမိုင်း၊ ချိုင်ရာဇဝင်နှင့် စေတီတော်သမိုင်းချုပ် (၁၉၁၇)ခုနှစ် ကြေးတိုင်နှင့် မြေစာရင်းမင်းကြီးများဖြစ်ကြသည့် မစ္စတာ ဂျေ အက်(စ်)ဖာဦးဗာယ်နှင့် ဒဗလျူအက်(စ်)မောရစ်တင် တို့ပြုစုခဲ့သော BURMA GAZETTER SYRIAM DISTRICTREPORT တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ထိုသို့ သမိုင်းဝင်ရှေးဟောင်းမြို့ကြီး တည်ခဲ့ရာ နေရာသည် အုတ်ဖိုရွာ၊ သံဒင်းရွာ၊ မိချောင်းအိုင်ရွာ စသည့် ရွာငယ်လေးများ ဟိုနေရာ တစ်ရွာ၊ သည်နေရာ တစ်ရွာဖြင့် တည်ရှိနေခဲ့သည်။ ကျန်နေရာ အားလုံးသည် ကွင်းတီးတည်း ရှိနေခဲ့ပြီး အင်းများ၊ တောအုပ်ငယ်များ၊ ချောင်းများ၊ ချုံတောများဖြင့် ပြည့်နှက်ထွက်ရှိနေသော သွားရေးလာရေး ခက်ခဲသော ကန္တာရတစ်ခုအဖြစ် တည်ရှိနေခဲ့သည်။ ထိုထိုခက်ခဲမှုများဖြင့် လွှမ်းခြုံထားသည့်ဒေသသို့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဆရာတော်တစ်ပါး ဖြစ်တော်မူသော အဘရာကျော်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူလာခဲ့သည်။

အဘရာကျော်ဆရာတော်ဘုရားကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်းဒေသ၊ ပွေးလှမြို့နယ်၊ ပွင့်လန်းရွာသားဖြစ်ပြီး ငယ်နာမည် မောင်ညိုဟုအမည်တွင်ခဲ့သည်။ တောင်ရိုးတောင်သူ လူမျိုးဖြစ်သည့် အဘရာကျော်ဆရာတော်ဘုရားကြီးသည် ဗူတင်ခေါက်တည်သော အကျင့်ထူး အကျင့်မြတ်များကို ကျင့်ကြံပွားများ အားထုတ်တော်မူပြီးသည်နှင့် သာသနာပြုခရီးစဉ်များ မြန်မာပြည်တစ်နံတစ်လျားသို့ ထွက်တော်မူရင်း သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့သည်။

အဘရာကျော်ဆရာတော်ဘုရားကြီးသည် ပါရမီတော် ဆယ်ပါးအား ပြည့်မီအောင် ကျင့်ကြံပွားများ အားထုတ်တော်မူရင်း လူသားအားလုံး ငါးပါးသီလ လုံခြုံစွာ ထိန်းသိမ်းကျင့်ကြံနိုင်ရေးတို့ အခြေခံကြရန် အမြဲအစွဲ တိုက်တွန်းဟောပြောတော်မူခဲ့သည့် ဆရာတော်ဘုရားကြီးသည် ကျင့်စရဏများ ကျင့်ကြံပွားများ အားထုတ်တော်မူနေရာက သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းပကားများ ရရှိနေချိန်တွင် ယခု ရွှေပြည်သာရှိ သံဒင်းကျေးရွာ၏ အနောက်တောင်အရပ်တွင် တည်ရှိသည့် ကိုးနဝင်းစေတီတော်တွင် ကြွရောက်လာကာ အဓိဋ္ဌာန်ဝင်ခဲ့သည်။ ထိုကိုးနဝင်းစေတီတော်သို့ ဝိဇ္ဇာလမ်း လျှောက်လှမ်းနေကြသည့် သူတော်စင် သူတော်ကောင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ လာရောက်အဓိဋ္ဌာန်ဝင်လေ့ရှိကြသည်။

အဘရာကျော်ဆရာတော်ဘုရားကြီး လာရောက်အဓိ




အဘရာကျော်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်မြင်ကွင်း

ဌာန်ဝင်စဉ်က ကိုးနဝင်းစေတီတော်မြတ်အနီးတွင် သံဒင်းရွာနှင့် သံဒင်းချောင်းတို့သာ တည်ရှိပြီး ယခုရွှေပြည်သာမြို့သစ် နေရာသည် ကွင်းထီးတည်းအဖြစ်သာ ရှိနေသေးသည်။ ကွင်းတစ်ပြင်လုံး ရေများ အိုင်ထွန်းနေသော်လည်း သွားလာရခက်ခဲသည့် ကိုးနဝင်းစေတီတော်ထံပါး အရောက်ကြွကာ အဓိဋ္ဌာန်ဝင်တော်မူခဲ့သည်။

ထိုအဓိဋ္ဌာန်ခရီးမှ မင်းခမ္မတောင်တော်သို့ ပြန်လည်ကြွတော်မူခါနီးတွင် အာစရိယကျော်ဆရာတော်ဘုရားကြီးသည့် ယခု ရွှေပြည်သာမြို့သစ်တည်ရာ ကွင်းပြင်ကျယ်ဆီသို့ လက်ညှိုးညွှန်တော်မူရင်း-

'ဒီကွင်းကြီးမှာ ကြက်ပျံမကျ စည်ကားတဲ့ မြို့ပြအိမ်ရာတွေ ဖြစ်တည်လာလိမ့်မယ်။ သာသနာတော် ပွင့်လန်းထွန်းကားရာ ဒေသတစ်ခု ဖြစ်လာတော့မယ်' ဟု မိန့်တော်မူခဲ့သည်။

အာစရိယကျော်ဆရာတော်ဘုရားကြီး လက်ညှိုးညွှန်ပြတော်မူခဲ့သည့် နေရာမှာ ယခု ရွှေပြည်သာမြို့ဦးစေတီတော် ပေါ်ထွန်းလာမည့်နေရာ၊ သံဃာတော်များအတွက် ကျောင်းတော်များ ဖြစ်တည်လာမည့် နေရာပင် ဖြစ်ပါသည်။ အာစရိယကျော်ဆရာတော်ဘုရားကြီးသည် ကိုးနဝင်းစေတီတော်ဝယ် အဓိဋ္ဌာန်အောင်တော်မူပြီးသည်နှင့် သံဒင်းကျေးရွာရှိ နှစ်ဆယ့်လေးဆူသော စေတီတော်များ ရွှေထီးတော်အတွက်ကပ်လှူပွဲသို့ ကြွရောက်တော်မူပြီး ကွင်းပြင်များဆီ လက်ညှိုးထိုးတော်မူကာ-

'သောင်းတိုက်စကြဝဠာအနန္တ အောင်မောင်းခတ်၍ အောင်မေတ္တာပို့၍ အောင်ကြေညာချက်ထုတ်လိုက်သည်။ အားလုံး အရပ်ရပ်က ကြားသိကြစေသတည်း။ ဒီသံဒင်းရွာတစ်ဝိုက် နောင်အခါ ကြက်ပျံမကျစည်ကားတဲ့ မြို့ကြီးပြကြီး ဖြစ်လိမ့်မယ်။ ဒီနေရာလေးဟာ ရှေးအခါကတည်းက အလွန်စည်ကားတဲ့ မင်းနေပြည်တော်မြို့ကြီး တည်ခဲ့ဖူးတယ်။ သာသနာတော်လည်း ဟိုးယခင်ကအတိုင်း ပွင့်လင်းလိမ့်မယ်' ဟု (၁၃၁၅)ခုနှစ်က နိမိတ်စကားအဖြစ် မိန့်တော်မူခဲ့သည်။

ရွှေပြည်သာမြို့သစ်အဖြစ် ထင်ရှားလာမည့် မြို့သစ်တစ်မြို့ကို (၁၉၈၆)ခုနှစ်က အုတ်ဖိုမြို့



စေတီတော် အရှေ့တောင်ထောင့်မှမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



စောင်းဘက်မုခ်ရှိ ဆင်းတုတော်များ

သစ်အမည်ဖြင့် စတင်အကောင် အထည်ဖော်ကာ တည်ထားဖြစ်ခဲ့ သည်။ ယခုအခါ ရွှေပြည်သာမြို့ သစ်အဖြစ် အမည်တွင်နေပြီပင် ဖြစ်သည်။

ထူးခြားနေသည်က အဘ ရာကျော်ဆရာတော်ဘုရားကြီး၏ နိမိတ်စကားအတိုင်း ရန်ကုန်- ပြည် ရထားလမ်း၏ အနောက် ဘက်တွင် သာသနာတော် ပွင့် လင်းထွန်းကားနေခြင်းပင် ဖြစ် သည်။ ဘုန်းတော်ကြီးကျောင်းများ မှ စာအံသံ၊ စာချသံများ၊ ပဋ္ဌာန်း ရွတ်နေသံများသာမက လေတွင် လွင့်ပျံ့နေသည့် သာသနာ့အလံများတို့က သာသနာတော် ထွန်းကားနေသည့်အဖြစ်ကို ဖွင့်ဆိုညွှန်ပြလျက် ရှိနေပြီပင် ဖြစ်သည်။ သာသနာ့နယ်မြေအဖြစ် သတ်မှတ်ထားသည့် (၁)ရပ်ကွက်နှင့် (၆)ရပ်ကွက်အကြားရှိ နေရာသည် အောင် မြေမှန်ရာ နေရာတစ်နေရာပင် ဖြစ်သည်ကို သိတော် မူသဖြင့် နိမိတ်စကား မိန့်ကြားခဲ့သည် ဖြစ်တန်ရာသည်။

ရွှေပြည်သာမြို့ဦးစေတီတော်သည် အဘရာကျော် ဆရာတော်ဘုရားကြီး နိမိတ်စကား မိန့်တော်မူသည့် အတိုင်း အောင်မြေမှန်ရာတွင် ပေါ် ထွန်းတော့မည်ပင် ဖြစ်သည်။

စေတီတော်မြတ်တည်ရာ နေ ရာသည် မြို့သစ်မတည်မီက ရေ အိုင်ကြီးတစ်အိုင်သဖွယ် တည်ရှိ နေခဲ့သည့် အင်းပေါင်းကြီးတစ်ခု ပင် ဖြစ်သည်။ ထူးခြားသည်မှာ ယခု စေတီတော်မြတ် တည်ရှိနေ သည့် နေရာမှာ ရေအိုင်ကြီး၏ အလယ်ဗဟိုနေရာပင် ဖြစ်သည်။ စေတီတော်မြတ် မတည်ထားမီက ထိုဒေသထားခဲ့မိကြသူများ၊ ရှေ့မီ နောက်မီ လူကြီးသူမများ ပြန် ပြောပြသဖြင့် သိရသည်မှာ ထိုရေ အိုင်ကြီးအား မြို့ဦးစေတီတော်မြတ်တည်ထားရာမှ အရှေ့ ခြမ်းနှင့် အနောက်ခြမ်းကို ကွာခြားမှုစွမ်းအားဖြင့် ပိုင်းခြား ထားသည်။ အရှေ့ဘက်ခြမ်းတွင်ရှိနေသည့် ရေကိုခပ်ကာ သောက်သုံးကြည့်ပါက ချိုနေသည်ကိုတွေ့ရပြီး အနောက် ဘက်ခြမ်းတွင်ရှိနေသည့် ရေအိုင်ကို ခပ်၍သောက်ကြည့် ပါက ငန်နေသည်ကို တွေ့ကြရသည်။ ထူးခြားနေသည်က ရေအိုင်ရှိ ရေမျက်နှာပြင်သည် တစ်သားတည်း တစ်ဆက် တည်း ရောမွှေတည်ရှိနေခြင်းပင် ဖြစ်သည်။



[illegible]ဆောင်ရှိ ခေါင်းလောင်း

www.burmeseclassic.com

ထူးခြားဆန်းကြယ်သည့် အောင်မြေမှန်ရာ နေရာကို မြေသားအထပ်ထပ်ဖို့ကာ စေတီတော်မြတ် တည်ထားကိုးကွယ်နိုင်ရေးအတွက် ရင်ပြင်တော်ကို တည်ဆောက်ခဲ့ကြသည်။ ရန်ကုန်-ပြည် ရထားလမ်း အနောက်ဘက်ရှိ ဘုန်းတော်ကြီးကျောင်းများ သာသနာ့နယ်မြေနှင့် အနီးတပ် ဆက်စပ်လျက်ရှိသော (၂၂)ဧကကျယ်ဝန်းသည့် မြေနေရာကို ရွေးချယ်ကြပြီး သာယာရွှေပြည်စေတီတော် ဟူသော ဘွဲ့တော်အမည်ဖြင့် စေတီတော်မြတ်တစ်ဆူ တည်ထားရန် သတ်မှတ်ခဲ့ကြသည်။

ထိုစဉ်က မြို့မိမြို့ဖ ရဟန်း၊ ရှင်၊ လူများနှင့်အတူ (၁၃၅၁)ခုနှစ်၊ နှောင်းတန်ခူးလပြည့် (၉-၄-၉၀) နံနက် (၉)နာရီ (၄၅)မိနစ်တွင် စေတီတော်မြတ် ပန္နက်တင်မင်္ဂလာကို ကျင်းပခဲ့ပြီး တန်ခူးလပြည့်ကျော် (၁၃)ရက် (၂၂-၄-၉၀) နံနက်(၇)နာရီ တွင် အုတ်မြစ်ချမင်္ဂလာပွဲကို ဆင်ယင်ခဲ့ကြသည်။ သာသနာတော် ထွန်းလင်းဝေစည်ရေးအတွက် ကျင်းပခဲ့သည်။ အုတ်မြစ်ချမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃနာယက ဆရာတော်ကြီးများ၊ တိုင်းသံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် မြို့နယ်သံဃနာယကဆရာတော်ကြီးများ တက်ရောက်ခဲ့ကြသည်။



သိကြားရုပ်တု



တံခွန်တိုင်

ထိုသို့အစပျိုးကာ တည်ထားခဲ့ရာက (၁၆-၆-၉၄) ခုနှစ်တွင် မြို့နယ်ဥက္ကဋ္ဌသည် လိုအပ်သော အဖွဲ့အစည်းများကိုဖွဲ့စည်းပြီး သံဃနာယက ဆရာတော်ကြီးများထံ ဩဝါဒခံယူကာ သာယာရွှေပြည်စေတီတော်အား ရွှေပြည်သာမြို့ဦးစေတီ ဘွဲ့တော်အမည်ပြောင်းလဲကာ ဉာဏ်တော်အမြင့်(၂၇)တောင်ရှိ စေတီတော်မြတ်ကို ရွှေတိဂုံစေတီတော်ကြီးပုံစံ တည်ထားရန် ဆုံးဖြတ်ခဲ့ကြသည်။ (၁၅-၉-၉၄)တွင် သန့်လျက်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ခဲ့ပြီး (၁၃၅၆)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၁၉-၁၀-၉၄)တွင် အောက်ဌာပနာပိတ်ပွဲကိုလည်းကောင်း၊ (၁၃၅၆)ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက် (၁၀-၂-၉၅) တွင် ရွှေထီးတော်မင်္ဂလာ အခမ်းအနားကို အောင်စည်အောင်မောင်းတီး၍ တင်လှူနိုင်ခဲ့သည်။

ထိုစဉ်ကတည်းက ပွင့်ထွန်းဝေစည်လာသည့် သာသနာတော် ထွန်းလင်းတောက်ပနေမှုသည် ယခုအခါ ပိုမိုလင်းလက်တောက်ပလျက် ရှိနေသည်ကို တွေ့ရသည်။ စေတီတော်ပတ်လည်တွင် မုခ်လိုဏ်များ၊ ခမ္မာရုံများ၊ ခြင်္သေ့... ခွန်တိုင်ကြီးနှင့် မဟာဗောဓိပင်တို့ပါ ရှိနေပြီပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ခန့်ညားထည်ဝါလှသည့် တံခွန်တိုင်ကြီး၏အခြေတွင် နတ်မင်းကြီးလေးပါးတို့၏ ရုပ်တုများရှိနေသည်။ ကုဝေရ နတ်မင်းကြီးရုပ်တုကို ကိုကျော်ဝင်းမောင်၊ မတင်လေးရီ တို့ကလည်းကောင်း၊ ဝိရူပက္ခနတ်မင်းရုပ်တုကို ဦးလှသိန်း၊ ဒေါ်မြင့်မြင့်လှိုင် (ခေါ်) ပေါက်စတို့ကလည်းကောင်း၊ ဓတရဋ္ဌနတ်မင်းရုပ်တုကို အ.လ.က(၃) ရွှေပြည်သာမှ သရာဇဒေါ်မြင့်မြင့်စီတို့ကလည်းကောင်း၊ ဝိရုဠှကနတ်မင်း ရုပ်တုကို ဦးလှဦး၊ ဒေါ်ခင်ရီတို့ကလည်းကောင်း အသီး သီး လှူဒါန်းထားကြခြင်းဖြစ်သည်။

စနေထောင့်တွင် အောင်သုခမဏ္ဍာရုံ တည်ရှိလေရာ ထိုမဏ္ဍာရုံကိုမူ ဦးဘငြိမ်း၊ ဒေါ်ခင်လေးရီနှင့် သားသမီးများ မှကြသည့် ဒေါက်တာတင်တင်ကြီး၊ ဒေါက်တာစန်းစန်း ရွှေနှင့် မနီလာစန်းတို့က ဆောက်လုပ်လှူဒါန်းခဲ့ကြသည် ဟု သိရသည်။

ယခုအခါ အဘရာကျော်ဆရာတော်ဘုရားကြီး အောင်နိမိတ်ဖြင့် ညွှန်ခဲ့သည့်နေရာတွင် တည်ထားသည့် ရွှေပြည်သာမြို့ဦးစေတီတော်မြတ်ထံပါးသို့ ဝိဇ္ဇာလမ်း လျှောက် သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ မကြာခဏ ရောက်လာကာ အဓိဋ္ဌာန်ဝင်လေ့ရှိနေကြသည့် အောင်မြေ မှန်နေရာ တစ်နေရာအဖြစ် ဝိဇ္ဇာလမ်း လျှောက်လှမ်းနေ ကြသူ အတော်များများ သိနေကြပြီပင်ဖြစ်သည်။

လူအတော်များများကလည်း နတ်မင်းကြီးလေးပါးထံ သစ္စာပြုအဓိဋ္ဌာန်တင်ကာ စေတီတော်မြတ်ထံပါး အဓိဋ္ဌာန် ဝင်ခဲ့ကြရာက လောကီ,လောကုတ္တရာ နှစ်ဖြာသောအကျိုး ထူးများ ရရှိခံစားသွားကြရာက တစ်ဆင့်စကားတစ်ဆင့် နားဖြင့် ဆုတောင်းအဓိဋ္ဌာန်ပြည့်ဝစေသည့် အောင်မြေတစ် ခုအဖြစ် သိရှိလက်ခံထားကြသည်။ အဘရာကျော်ဆရာ တော်ဘုရားကြီး ဓာတ်နိမိတ်ညွှန်ပြခဲ့ရာ အောင်မြေဖြစ်ပါ သဖြင့် တစ်ခါတစ်ခေါက် အရောက်သွားကာ သစ္စာဆို အဓိဋ္ဌာန်တင်ရင်း အဓိဋ္ဌာန်ဝင်ကြည့်မိကြမည်ဆိုပါက ကိုယ်တိုင်အကျိုးထူးများ ရရှိခံစားစံစားကြရမည်ပင် ဖြစ် ပါသည်။

ကောင်းကျိုးဝေဖြာနိုင်ကြပါစေ

ဧယျာထက်


# ဆရာကြီးဦးအေးထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို သူ့ညှိစားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

တွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်၊
- ဝေဒနာတို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်၊

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၈

www.burmeseclassic.com

ဗုဒ္ဓဝင်ရာဇဝင်ကြီးမှ

လူ့ရှည်ရှိန်းကြွ လဝန်းသိကရ

# နန္ဒာမိုးကြယ်



မြဟ္မဏလူမျိုးဖြစ်သော ဝေရဥ္စပုဏ္ဏားကြီးအဖို့ ဘုရားရှင်နှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ရဖူးခြင်း မရှိသေး။

သို့ကြား သူ့နားယံအတွင်းသို့ ဝင်ရောက်လာကြကုန်သော မြဟ္မဏပုဏ္ဏား အချို့၏ စကားသံတွေကြောင့် ဘုရားရှင်အား တွေ့လို့၊ မြင်လို၊ ရှုးစမ်းလိုစိတ်များက တားမနိုင်ဆီးမရအောင် ဖြစ်နေလေတော့သည်။

'ရှင်ကြီးဂေါတမဟာ သူ့ထက် အသက်အရွယ် ဘယ်လောက်ကြီးကြီး၊ ဂုဏ်ဘယ်လောက်မြင့်မား

www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့အပြင် အရှိအသေအလေးတောင်မှ မပေးဘူး'

'ဒါတင်ဘယ်ကမှာတဲ့လဲ။ နေရာက ထမပေးတဲ့ အပြင် ဘယ်နေရာမှဖြင့် ထိုင်ပါ ဆိုပြီးတော့တောင် ပင့်ဖိတ်ခြင်း မရှိဘူး'

'ဒါဆိုရင် ရှင်ကြီးဂေါတမဟာ . ရိုးရာယဉ်ကျေးမှု ဆိတ်သုဉ်းနေသူပဲ ဖြစ်ရမယ်'

ဝေရဉ္စပုဏ္ဏားကြီးအဖို့ မိမိထက် အသက်အရွယ်ငယ်သော ဗုဒ္ဓဘုရားရှင်အပေါ် စိတ်ဝင်စားခြင်း ကြီးစွာဖြင့် တွေ့ဆုံနိုင်ခွင့်ကို စဉ်းစားကြံဆရတော့သည်။

ကံအားလျော်စွာဟု ဆိုရလေမည်လားမသိ၊ ထိုကာလမှာပင် ဝေရဉ္စာပြည်ရှိ ကျူတောအရပ်သို့ ဘုရားရှင်သည် အညွှန့်သား ရဟန်းသံဃာအချို့နှင့် ကြွလှမ်းရောက်ရှိလာခဲ့သည်။ သည့်အတွက် အချိန်မရွေးမနှောင်းမှာပင် ပုဏ္ဏားကြီးလည်း ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ရှိသွားတော့သည်။

သည်မှာတင် ကြားရလာခဲ့ရသော သတင်းစကားတွေ အထင်းသားပင် မှန်ကန်နေပါပကော။

ဘုရားရှင်သည် အသက်ကြီးသော ပုဏ္ဏားကြီးအား ရှိခိုးခဲ့။ သီတင်းသုံးနေတော်မူရာ နေရာမှ ဖယ်ပေးဖို့၊ ထပေးဖို့ ဆိုသည်မှာ ဝေလာဝေး။ ယုတ်စွအဆုံး ပုဏ္ဏားကြီး ဟောဟိုနေရာမှာ ထိုင်ပါလော့ဟူ၍ပင် ဖိတ်မန္တကပြုတော်မရလေသော် ဘုရားရှင်အား ကဲ့ရဲ့ရှုတ်ချ အပြစ်တင်လိုစိတ်များ တဖွားဖွား ပေါ်ထွက်လာရတော့သည်။

သည်တော့လည်း ချက်ချင်းဆိုသလိုပင်-

'အို..အရှင်ဂေါတမ၊ အရှင်ဂေါတမဟာ အိုမင်းကြတဲ့ အရွယ်ရင့်ကြတဲ့ အမျိုးဇာတ်အနေနဲ့လည်း ကြီးမြင့်တဲ့ ပုဏ္ဏားတွေကို ရှိခိုးဖို့ ဝေးလေစွ၊ နေရာမှပင် မထ၊ ခရီးဦးကြိုဆိုခြင်းမရှိဘဲ နေရာမပေး ဖိတ်မန္တက မပြုဘူးဆိုလို့ ကျွန်ုပ်ကြားဖူးနေခဲ့တာ ကြာပါပြီ။

ဟော..ခုတော့လည်း ကြားလာခဲ့တဲ့ စကားတွေဟာ အယွင်းမရှိဘဲ မှန်နေပါရောလား။ အကြားနဲ့ လက်တွေ့ ချက်တွေဟာ တကယ့်ကို ကွက်တိပါပဲ။ အရှင်ဂေါတမသင်ဟာ လောကကျင့်ဝတ် ပြုသင့်တာကို မပြုဘဲ ဘယ်ဆိုတာ မဖြစ်သင့်ပေဘူး'ဟူ၍ ရင်ထဲရှိသည့်အတိုင်း လျှောက်တင်လိုက်တော့သည်။

ရဟန်းသံဃာအပေါင်းတို့မှာလည်း ဘုရားရှင် တုံ့ပြန်မည့် စကားကို ငံ့လင့်နေမိကြသည်။ ဤတွင် ဘုရားရှင်က သီဟနာဒ ကေသရာဇာခြင်္သေ့မင်းအလား-

'အချွေပုဏ္ဏားကြီး..သဗ္ဗညုတဉာဏ်စက္ခု ဆိုတာဟာ အရာခပ်သိမ်းကို အကြွင်းမဲ့ထိုးဖောက်လို့ မြင်နိုင်စွမ်းရှိပါတယ်။ အဲသည်ဉာဏ်ဟာ ငါ့မှာ ရှိလေရဲ့။ သည်တော့ သဗ္ဗညုတဉာဏ်စက္ခုနဲ့ ကြည့်ရှုလိုက်တဲ့အခါ ဟောသည် လူ့လောကတင်မကဘူး၊ နတ်လောကအပြင် ဗြဟ္မာလောကမှာပါ ငါ ရှိခိုးထိုက်တဲ့သူ၊ ငါ့နေရာက ထပေးရမယ့်သူ၊ ငါ့ရဲ့ ခရီးဦးကြိုဆိုခြင်းကို ခံထိုက်တဲ့သူ၊ နေရာကို ညွှန်ပြလို့ ဖိတ်မန္တကပြုထိုက်တဲ့သူတွေဆိုတာကို တစ်ယောက်မျှ မမြင်ဘူး။ အဲသည်လို မမြင်မိတာကလည်း အံ့သြဖွယ်တော့ မဟုတ်ပါဘူး။

အချွေပုဏ္ဏားကြီး..ငါ မွေးဖွားခါစမှာ ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်တဲ့ ရဟန္တာကြီးကတောင်မှ ငါ့ကို အရှင်ဟာ လောကဓာတ်တစ်ခုလုံးရဲ့ အထွတ်လည်း အထွတ်ဆုံး၊ အကြီးလည်း အကြီးဆုံး၊ ကျေးဇူးအနေနဲ့လည်း အထူးချီးမွမ်းအပ်ဆုံးသူပါပဲ။ အရှင့်ထက် သာလွန်မြင့်မြတ်သူ မရှိလို့ဆိုပြီး ဝမ်းပန်းတသာ ပူဇော်ခဲ့ဖူးတယ်။

ပုဏ္ဏားကြီး..ငါ ဖွားမြင်စ အခါကဆိုရင်လည်း ငါ့ထက် သာလွန်တဲ့သူကို မမြင်မိတဲ့အတွက်ကြောင့် အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿရယ်လို့ မတ္တံမကြောက်ဘဲ မြတ်တဲ့ဥဒါန်းကို ငါ ကျူးရင့်ခဲ့ဖူးပါတယ်။ အဲသည်လို မွေးကင်းစအရွယ် ဖြစ်ပေမယ့်လည်း ငါ့ရဲ့ ရှိခိုးခြင်းကို ခံထိုက်သူဆိုတာ မရှိပါဘူး။

ပုဏ္ဏားကြီး..ခုဆိုရင် ငါဟာ သဗ္ဗညုတဘုရားရှင်အဖြစ်ကို ရောက်ရှိနေခဲ့ပါပြီ။ ဒါကြောင့် ဘယ်လိုမျိုးပုဂ္ဂိုလ်ကို ငါ ရှိခိုးဖို့ လိုပါတော့မလဲ၊ ဘယ်လိုမျိုးပုဂ္ဂိုလ်ကို နေရာမှထပြီး ခရီးဦးကြိုဖို့ လိုပါတော့မလဲ၊ ဘယ်လိုမျိုးပုဂ္ဂိုလ်ကို ဖိတ်မန္တကပြုဖို့ရာ လိုပါတော့မလဲ'

ဘုရားရှင်၏ မိန့်ဆိုစကားတွေက အကျိုးသင့် အကြောင်းသင့် ရှိလှပါချေ၏။

သို့ကြား ဝေရဉ္စပုဏ္ဏားကြီးအဖို့မှကား အသိဉာဏ်ခေါင်းပါးလေသူ ဖြစ်သည့်အတွက် ဘုရားရှင်၏အမြင့်မြတ်ဆုံးသော အနိုင်းမဲ့ဂုဏ်ကို မသိစွမ်းခဲ့ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com

လည်း ဘုရားရှင်၏ စကားတို့အား နားခါးလာသည်နှင့် အမျှ သည်းမခံနိုင်လောက်အောင် ဖြစ်လာရပါလေ သတည်း။

♦♦♦

ဝေရဉ္စပုဏ္ဏားကြီးကား ဆတ်ဆတ်ထိခံလိုသူ မဟုတ်။ သို့ဖြစ်၍ အဏ္ဏောသဝတ္ထု ရှစ်မျိုးဖြင့် ဘုရားရှင်အား စွပ်စွဲလျှောက်တင်လေတော့သည်။

'အို··အရှင်ဂေါတမ·· လောကမှာ ရှိခိုးခြင်း၊ ခရီး ဦးကြိုပြုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း စတဲ့ အမှုကိစ္စတွေလို သာမဂ္ဂီရသတွေ သင့်မှာ မရှိပါကလား'

'အို··ပုဏ္ဏားကြီး၊ ငါဟာ သင် စွပ်စွဲပြောဆိုတဲ့ အတိုင်း သာမဂ္ဂီရသ ကင်းမဲ့နေသူဆိုတာ အမှန်ပါပဲ။ ဒါပေမဲ့ သင်ဆိုလိုတဲ့ အဓိပ္ပာယ်မျိုးတော့ မဟုတ်ပေဘူး။

ပုဏ္ဏားကြီး··ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တွေရဲ့ သာယာခြင်းရသတွေ ရှိကြပါတယ်။ ဘယ်လိုမျိုး သာယာခြင်း ရသတွေကိုမဆို ငါဟာ ပယ်စွန့်ခဲ့ပါပြီ။ အရင်းအမြစ်မကျန် ကင်းပြတ်အောင်လည်း ငါဟာ ပယ် ဖြတ်ခဲ့ပါပြီ။ နောက်ထပ်တစ်ဖန် ရှင်သန်ခြင်း ဖြစ်မလာ နိုင်အောင်လည်း ပယ်နုတ်ခဲ့ပါပြီ။ ဒါကြောင့် ငါ့ကို သာမဂ္ဂီရသ ကင်းမဲ့သူလို့ ဆိုနိုင်ပါပေတယ်'

ပုဏ္ဏားကြီး၏ စွဲချက်ကို ဘုရားရှင်သည် ဖယ်ထုတ် ခြင်း မပြုခဲ့။ အကျိုးသင့် အကြောင်းသင့် ဖြေရှင်းမှုဖြင့် ပယ်ရှားသွားခဲ့သည်သာပင်။

'အို··အရှင်ဂေါတမ၊ အသင်ဟာ လောကအရသာ ကို ခံစားရမှန်းသိတတ်တဲ့ ပုဂ္ဂိုလ်မှ မဟုတ်ပါဘဲကလား။ လူမှုဆက်ဆံရေးရဲ့ သဘာဝကို အနှစ်ကျကျ မခံစားတတ် တဲ့ နိဗ္ဗောဂပုဂ္ဂိုလ်ပဲ'

'မှန်ပေတယ် ပုဏ္ဏားကြီး၊ ငါဟာ နိဗ္ဗောဂပုဂ္ဂိုလ် ဆိုတာ မှန်ပေတယ်။ ဒါပေမဲ့ သင်ဆိုလိုတဲ့ အဓိပ္ပာယ် မျိုးတော့ မဟုတ်ပေဘူး။ ရူပါရုံ စတာတွေမှာ သတ္တဝါ တွေဟာ တပ်မက်နှစ်သက်စိတ်မျိုး ရှိကြပေမယ့် ငါ့မှာ တော့ မရှိပေဘူး။ ဒါကြောင့် နိဗ္ဗောဂပုဂ္ဂိုလ်လို့ ဆိုနိုင် ပါတယ်'

တရားသဘင်အတွင်း ရှိနေကြကုန်သော တပည့်သား ရဟန်းသံဃာတို့အား ဘုရားရှင်၏ အတုလံ အတုမရှိသည့် ဉာဏ်တော်အပေါ် အံ့သြနေမိကြလေ၏။

ထိုစဉ်မှာ ပုဏ္ဏားကြီးထံမှ စကားသံ ထွက်လာပြ လေ၏။

'အရှင်ဂေါတမ··လောကမှာ ကြီးတဲ့သူကို ငယ် ရွယ်တဲ့သူတွေက ရှိခိုးခြင်း၊ အရိုအသေပြုခြင်း ဆိုတ လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုပါပဲ။ သည်လို ရိုးရာယဉ်ကျေ မှုကို သင့်ထံမှာ မတွေ့ရပါလား အရှင်ဂေါတမ။ တကယ် တော့ သင်ဟာ အကိရိယဝါဒသမားကြီးပဲ'

'မှန်ပေတယ် ပုဏ္ဏားကြီး။ သင်စွပ်စွဲပြောဆိုသလို ငါဟာ အကိရိယဝါဒသမားကြီးပါပဲ။ ငါဟာ ကိုယ်ဖြင့် မကောင်းမှုဒုစရိုက်မျိုးကို မပြုအပ်လို့ ဆိုပါတယ်။ နှုတ် ဖြင့် မပြုအပ်လို့ ဟောပါတယ်။ စိတ်ဖြင့် မကြံအပ်လို ပညတ်ပါတယ်။ ဒုစရိုက်ကို ဖယ်ကြဉ်လို့ သုစရိုက်ကို ခင်တွယ်ဖို့ဆိုတဲ့ ဝါဒတရားကို ငါဟာ အမြဲလက်ကိုင် ထားပါတယ်။ ဒါကြောင့် ငါဟာ သင် ယူဆထားသလို မျိုး မဟုတ်တဲ့ အကိရိယဝါဒီပါပဲ'

တစ်ဖက်သားထံမှ စွဲချက်ကို ရှောင်လွှဲကာ မှားယွင်း သော အယူအဆတို့အား ဘုရားရှင်သည် ချေချွတ်သန့်စင် ပေးလျှက် ရှိပေ၏။

'အို··အရှင်ဂေါတမ၊ ကြီးသူကို ငယ်သူတွေက အရို အသေပြုရတဲ့ ရိုးရာအစဉ်အလာကို သင်ဟာ လိုက်နာ ခြင်း မရှိရုံမက ဖျက်ပစ်တဲ့သူပါပဲ။ ဒါကြောင့် သင်ဟာ ဉစ္ဆေဒဝါဒီပုဂ္ဂိုလ်ပဲ'

'မှန်ပေတယ် ပုဏ္ဏားကြီး၊ ငါဟာ ဉစ္ဆေဒဝါဒ ရှိသူ ပဲ။ ဒါပေမဲ့ သင်ယူဆထားသလိုမျိုးတော့ မဟုတ်ပေဘူး။ ငါဟာ ရာဂနဲ့ ဒေါသကို အနာဂါမိမဂ်နဲ့ မောဟကို အရဟတ္တမဂ်နဲ့ ဖြတ်တယ်လို့ ဟောပါတယ်။ အဲသည်က နေ ကျွင်းတဲ့ အကုသိုလ်တရားတွေကို ထိုက်သင့်အား လျော်စွာ မဂ်လေးပါးနဲ့ ဖြတ်ရမယ်လို့ ဆိုပါတယ်။ ဒါ တွေဟာ ငါယူဆတဲ့ ဉစ္ဆေဒဝါဒတွေပါပဲ'

'အရှင်ဂေါတမ··တကယ်တော့ သင်ဟာ ငါ့ကိုယ် ငါ အမျိုးမြတ်တဲ့သူ၊ အဆင်းလှတဲ့သူ၊ ပညာရှိတဲ့သူ ဖြစ်တာမို့ ဘာကြောင့် သူတစ်ထူးကို အရိုအသေပြုနိုင်မလဲ ဆိုပြီး မာန်မာနတွေနဲ့ ရိုးရာယဉ်ကျေးမှုကို စက်ဆုပ်တော့ သူပဲ။ ဒါကြောင့် သင့်ကို ဇေဂုစ္ဆီဝါဒီလို့ ဆိုရမှာမယ် ဂေါတမ'

'ပုဏ္ဏားကြီး··သင့်ရဲ့ စွပ်စွဲမှုကို ငါ မငြင်းပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဟာ သင်စွပ်စွဲတဲ့ ဇေရုဇ္ဇိဝါဒရှိသူပါပဲ။ ဒါပေမဲ့ ငါ့ရဲ့ ချိုးသော၊ ငါစက်ဆုပ်တဲ့ အမူအကျင့်တွေဆိုတာ ကောင်းမှုဒုစရိုက်တွေပဲ ဖြစ်ပါတယ်။ ဒုစရိုက်သချိုးကို ငါဟာ စက်ဆုပ်ရွံမုန်း နှလုံးနာသူပါ။ ဒါကြောင့် ငါ့ကို ဇေရုဇ္ဇိဝါဒီလို့ ဆိုမယ်ဆိုရင် ဆိုနိုင်ပါတယ်'

'အရှင်ဂေါတမ··သင်ဟာ ကြီးစဉ်ငယ်လိုက် ရှိသေလေးစားလာခဲ့တဲ့ ယဉ်ကျေးမှု အစဉ်အလာကို ဖျက်ဆီးတဲ့သူမို့ ပြစ်မှုကျူးလွန်သူ ဖြစ်နေပါပြီ။ ဒါကြောင့် လောကရဲ့ ဒဏ်ခတ်ခြင်းကို ခံထိုက်တဲ့ ဝေနယိကပုဂ္ဂိုလ် ဖြစ်ပေတယ်'

စွပ်စွဲချက်တွေက တစ်မျိုးပြီးတစ်မျိုး တိုး၍,တိုး၍ လာခဲ့ချေပြီ။ သို့တိုင် ပုဏ္ဏားကြီးအဖို့ မုန်းချက်နှင့် ထွက်က အလွဲကြီး လွဲနေပြန်သေးတော့သည်။

'အမှန်ပဲပေါ့ ပုဏ္ဏားကြီးရယ်၊ ဒါပေမယ့် သင် သိထားဖို့က ငါ ဖျက်ဆီးတာဟာ ရာဂအစရှိတဲ့ ကိလေသာ အုပ်စုပဲ ဖြစ်တယ်။ ငါဟာ ကိလေသာအုပ်စုကြီးကို ဖရိုဖရဲ အပြိုပြိုအကွဲကွဲ ဖြစ်ရလေအောင် ဖျက်ဆီးပစ်တဲ့သူပါ။ လောကကို ဖျက်ဆီးတဲ့ပြစ်မှု ငါ့မှာ မရှိ။ ငါ့မှာ ရှိတာ ကိလေသာကို ဖျက်ဆီးတဲ့ ပြစ်မှုပါပဲ။ ဒါကြောင့် ငါ့ကို ဝေနယိကပုဂ္ဂိုလ်လို့ သတ်မှတ်နိုင်ပါတယ်'

'အရှင်ဂေါတမ··ရှိသေထိုက်သူကို ရှိသေခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း ဆိုတာတွေဟာ သက်ကြီးဝါကြီး ပုဂ္ဂိုလ်တွေကို နှစ်သက်စေမှုဖြစ်ပါတယ်။ သည်လိုမှ မပြုဘူးဆိုခဲ့ရင် သက်ကြီးဝါကြီး ပုဂ္ဂိုလ်တွေအဖို့ နှလုံးသော ပူပန်စရာ ဖြစ်ရပါတယ်။ သည်အပြုအမူမျိုးရဲ့ အပြစ်ဟာ သင့်မှာ ထင်ဟပ်နေတယ်။ ဒါကြောင့် သင့်ကို တပဿီပုဂ္ဂိုလ်လို့ စွပ်စွဲရင် သင့် ငြင်းနိုင်မှာတဲ့လား'

'မငြင်းပါဘူး ပုဏ္ဏားကြီး။ သင် စွပ်စွဲတဲ့အတိုင်း ပဲ ငါဟာ တပဿီပုဂ္ဂိုလ် ဖြစ်ပါတယ်။ ပုဏ္ဏားကြီး·· ဒါကို ပူလောင်အောင် လုပ်တတ်သူ၊ အပူမြိုက်တတ်တဲ့ အုပ်စုတစ်ခု ရှိပါတယ်။ အဲသည် အုပ်စုဟာ အကုသိုလ်တရားတွေပါပဲ။ ငါဟာ အပူတိုက် အပူမြိုက်တတ်တဲ့ အကုသိုလ်တွေကို မပျက်,ပျက်အောင် ဖျက်ဆီးတဲ့သူပါ။ ဒါကြောင့် တပဿီဆိုတဲ့ အမည်နာမဟာ ငါနဲ့ ဆီလျော်လိုက်ဖက်လှပါပေတယ်။

ပုဏ္ဏားကြီး··တပဿီဆိုတာဟာ အပူတိုက်၊ အပူမြိုက်တတ်တဲ့ ကိလေသာအုပ်စုကို ဖျက်ဆီးတိုက်ခိုက်သူပါ။ သင် ယူဆထားသလို သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးတွေကို ပူအောင်လုပ်နေတဲ့ အပူတိုက်၊ အပူမြိုက်နေတဲ့သူ တော့ မဟုတ်ပေဘူး'

ဝေရဉ္စပုဏ္ဏားကြီးအဖို့ သူ တင်ခဲ့လေသော စွပ်စွဲချက်များသည် အရာမရောက်မှန်း သိလာရသည်နှင့်အမျှ ဘုရားရှင် ဒေသနာတို့ကို ရိပ်စားလာမိတော့သည်။

ဤတွင် နောက်ဆုံးဖြစ်သော စွပ်စွဲချက်ကို ဖွင့်လှပ်လိုက်လေသည်။

'အရှင်ဂေါတမ··ရှိခိုးခြင်း၊ အရိုအသေပြုခြင်း စတဲ့ လူ့ကျင့်ဝတ်၊ လူ့ယဉ်ကျေးမှု ဆိုတာတွေဟာ အကျိုးကျေးဇူးအားဖြင့် အတိုင်းမသိ များပြားလှပါပေတယ်။ နတ်မှာဖြစ်တဲ့ ပဋိသန္ဓေကိုတောင် ရရှိနိုင်ပါတယ်။ ဒါပေမဲ့ သင်ဟာ လူ့ယဉ်ကျေးမှု လောကကျင့်ဝတ်တွေကို ပြုတဲ့သူ မဟုတ်တဲ့အတွက် အပဂဗ္ဘနတ်ပြည် ပဋိသန္ဓေက ကင်းတဲ့သူပါပဲ'

'ပုဏ္ဏားကြီး··သင်ဟာ ငါ့ကို အပဂဗ္ဘပုဂ္ဂိုလ်လို့ စွပ်စွဲရှုတ်ချ ပြောဆိုခဲ့တယ်။ သင်သိထားရမှာက ငါဟာ သင်စွပ်စွဲပြောဆိုသလို တစ်ခုတည်းသော နတ်ပဋိသန္ဓေကသာ ကင်းတဲ့သူ မဟုတ်ပေဘူး။ ပဋိသန္ဓေနေခြင်း အားလုံးကနေ ဆိတ်သုဉ်းကင်းကွာပြီးသူ၊ ပဋိသန္ဓေကို ပ,ထားပြီးသူ ဖြစ်တယ်။ ဒါကြောင့် အပဂဗ္ဘ ဆိုတဲ့စကားဟာ ငါနဲ့ ဆီလျော်လိုက်ဖက်လှပါရဲ့။

ပုဏ္ဏားကြီး··ငါ့အဖို့ ဘဝတစ်ဖန် အသစ်ဖြစ်ဖို့ရာ၊ ပဋိသန္ဓေနေဖို့ရာ အကြောင်းကိစ္စ မရှိတော့ပါဘူး။

ပုဏ္ဏားကြီး··သင့်အနေနဲ့ ငါ့ဆီကနေ အရိုအသေပြုခြင်းကို ဘယ်အခါမှ မတောင့်တပါနဲ့တော့။ ဘာကြောင့်လဲဆိုတော့ အကြင်ပုဂ္ဂိုလ်ကို ငါ ရှိခိုးလိုက်မယ်ဆိုရင်၊ ခရီးဦးကြိုဆိုလိုက်မယ်ဆိုရင်၊ နေရာအတွက် ဖိတ်မန္တကပြုလိုက်မယ်ဆိုရင် အဲသည်ပုဂ္ဂိုလ်ရဲ့ ဦးခေါင်းဟာ သစ်သီးကြွေသလိုမျိုး လည်တိုင်ပြတ်ပြီး မြေပေါ် ဗုန်းဗုန်းလဲသွားရပါလိမ့်မယ်။ ဒါကြောင့် ငါ့ထံကနေ အရိုအသေပြုမှုမျိုးကို ဘယ်တော့မှ မမျှော်လင့်ပါနဲ့ ပုဏ္ဏားကြီး'

သည်စကားကြောင့် ပုဏ္ဏားကြီးအဖို့ တုန်လှုပ်ချောက်ချားသွားရသည်။ စင်စစ် သူ့အဖို့ ဆံပင်တွေ ဖြူတော့မျှ၊ သွားတွေ ကျိုးကြွေကာမျှ၊ အသားအရေတွေ တွန့်လိပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

မှုဖြင့် ကြီးသောအဖြစ်ကို သိရခြင်းဖြစ်ပြီး ရောသသော၊ ဗျာမိသသော၊ မရထာသသောတို့ကို ဆင်ခြင်မိခြင်း မရှိခဲ့။

ထိုခဏမှာပင်–

'အသင်ပုဏ္ဏားကြီး…သင့်ကို ဥပမာပေးပြီး ဆိုပါဦးမယ်။ ကြက်မကြီး တစ်ကောင်ကနေ ကြက်ဥတွေ ဥပါတယ်။ အချိန်တန်တော့ ဝပ်ကျင်းထဲက အဲသည်ကြက်ဥတွေကို ကြက်မကြီးဟာ ဝပ်ပြီး အပူငွေ့ကို ပေးပါတယ်။ မိခင်ကြက်မကြီးရဲ့ ရင်ငွေ့အပူဓာတ်ကြောင့် ကြက်ဥထဲမှာရှိနေတဲ့ အရည်တွေဟာ တဖြည်းဖြည်း ခြောက်ခန်းလာပြီး အခွံတွေဟာလည်း ပါးပါးလာပါတယ်။

ပုဏ္ဏားကြီး…အဲသည်အချိန်မှာ ကြက်ဥထဲမှာရှိတဲ့ ကြက်ငယ်ကလေးတွေဟာ နှုတ်သီးထက်ထက်နဲ့၊ ခြေသည်းဖျားထက်ထက်နဲ့ ဥခွံကို ဖောက်ထွက်လာကြလေရဲ့။ အဲသည်အနေအထားမှာ ပထမဦးဆုံး ဖောက်ထွက်လာတဲ့ကြက်ကို ကြက်ကြီးလို့ ခေါ်ရမလား၊ ဒါမှမဟုတ် ကြက်ပေါက်ကလေးဖြစ်တာမို့ ကြက်ကလေးလို့ ခေါ်ရမှာလား။ ကဲ…ဖြေပါဦး ပုဏ္ဏားကြီး'

'ဒါများ အရှင်ဂေါတမရယ်၊ အရင်ဆုံးထွက်လာတဲ့ ကြက်ကိုပဲ ကြက်ကြီးလို့ ခေါ်ရမှာပေါ့'

'ကောင်းပြီ ပုဏ္ဏားကြီး၊ သည်လိုဆိုရင်ဖြင့် ငါ အခုပြောမယ့် စကားကို သေသေချာချာ နာယူပါ'

ပုဏ္ဏားကြီးနှင့်တကွ ရဟန်းသံဃာ ပရိသတ်လည်း ဘုရားမှ မည်သို့မည်ပုံ နိဂုံးကမွတ် အဆုံးသတ်မည်ကို စိတ်ပါဝင်စားစွာ ငံ့လင့်နေကြသည်မှာ တရားသဘင်တစ်ခုလုံး အပ်ကျသံပင် ကြားရမတတ်။

'ပုဏ္ဏားကြီး…သတ္တဝါတွေ မှန်သမျှဟာ အဝိဇ္ဇာဆိုတဲ့ ဥခွံက ဖုံးလွှမ်းထားတဲ့အတွက်ကြောင့် အပြင်မထွက်နိုင်ကြဘဲ အဝိဇ္ဇာလှောင်အိမ်အတွင်းမှာ ဆင်းရဲကျဉ်းကျပ်စွာနေကြရပါတယ်။ အဲသည်လို အဝိဇ္ဇာလှောင်အိမ်ထဲ ဆင်းရဲကျဉ်းကျပ်စွာ နေကြရတဲ့ သတ္တဝါတွေအနက် ငါဘုရားရှင်ဟာ တခြားတစ်ပါးသော သတ္တဝါတို့ထက် အဝိဇ္ဇာဥခွံကို အရင်အဦးဆုံး အရဟတ္တမဂ်ဉာဏ်ဖြစ်တဲ့ နှုတ်သီးများ၊ ခြေသည်းဖျားတွေနဲ့ပေါက်ပြီး ဖောက်ခွဲထွက်လာတဲ့သူပါ။ သည်တော့ လောကဓာတ်တစ်ခုလုံးမှာ ငါဘုရားရှင်သည်သာလျှင် အကြီးဆုံးဖြစ်ပေတယ်။

ပုဏ္ဏားကြီး…ငါဘုရားရှင်ဟာ သူတကာကို ရယူ

ခြင်းငှာ မထိုက်တဲ့၊ ရယူဖို့ရာလည်း မလွယ်ကူတဲ့ ရှေ

ဘဝအကြောင်းခြင်းရာတွေကို သတိနဲ့ယှဉ်ပြီးသိတဲ့ ပုဗ္ဗေ

နိဝါသဉာဏ်၊ ကံရဲ့အယုတ်အမြတ်အတိုင်း ချုပ်ကပ် ဖြစ်

ပျက်တာတွေကို နတ်မျက်စိပမာ မြင်နိုင်စွမ်းရှိတဲ့ ဒိဗ္ဗ

စက္ခုဉာဏ်၊ အာသဝေါတရားလေးပါးတို့ ကုန်ခန်းရာ

နိဗ္ဗာန်ကို အာရုံပြုနိုင်စွမ်းရှိတဲ့ အာသဝက္ခယဉာဏ် စတဲ့

ဝိဇ္ဇာသုံးပါး တရားမျိုးကို ပိုင်နိုင်စွာရခဲ့ပြီးသူ ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး၊ ဝိဇ္ဇာသုံးပါးနဲ့ ပေါင်းစပ်လို့ ထူး

ထွေဆန်းကြယ်စွာ ဖန်ဆင်းနိုင်တဲ့ ဣဒ္ဓိဝိဓဉာဏ်၊ နီးဝေး

တိုးကျယ် အသံဟူသမျှကို ကြားနိုင်စွမ်းရှိတဲ့ ဒိဗ္ဗသောတ

ဉာဏ်၊ သူတစ်ပါးရဲ့ စိတ်အကြံကို တွေးသိနိုင်တဲ့ စေ

တောပရိယဉာဏ်၊ စိတ်အလိုအတိုင်း ပြည့်စုံနိုင်စွမ်းရှိတဲ့

မနောမယိဒ္ဓိဉာဏ်၊ သင်္ခါရအပေါင်းကို အနိစ္စ၊ ဒုက္ခ

အနတ္တ စသဖြင့် ရှုမှတ်ဆင်ခြင်နိုင်စွမ်းရှိတဲ့ ဝိပဿနာ

ဉာဏ်ဆိုပြီး ဝိဇ္ဇာရှစ်ပါး တရားမျိုးကို လက်ဆုပ်လက်ကိုင်

ပိုင်နိုင်စွာ ရရှိပြီးသူပါပဲ ပုဏ္ဏားကြီး'

'သာဓု…သာဓု…သာဓုပါဘုရား'

ရဟန်းသံဃာအပေါင်း၏ ဝမ်းမြောက်ပီတိဖြစ်လှစွာ

သာဓုအနုမောဒနာ ခေါ်သံများက ပုဏ္ဏားကြီးအား အဝိဇ္ဇာ

နံ့တွင်းမှ ရုန်းထွက်ဖို့ရာ လှုပ်နှိုးစေခဲ့ပေပြီ။

ဝေရဉ္ဇပုဏ္ဏားကြီး၏ အသွင်အပြင်သည် မူလအနေ

အထားနှင့် လုံးဝကွာခြားကာ နှလုံးအိမ်ထဲ၌ စွဲထင်ရစ်

လေသော အမိုက်အမှောင်တို့ ကင်းစင်ပျောက်လျက်

တန်ခောင်မုန်းလပြည့်ညအခါ ထွက်ပေါ်လာသော လဝန်း

သီတဂူနှင့် ထပ်တူထပ်မျှ ဖြစ်သွားပါတော့၏။

ထိုတဒင်္ဂမှာပင် ဝေရဉ္ဇပုဏ္ဏားကြီး၏ နှုတ်ဖျားမှ–

'အဘိက္ကန္တံဘော ဂေါတမ…

အဘိက္ကန္တံဘော ဂေါတမ'

ဟူသော ချီးကျူးသံပေါ်ထွက်ပြီးသည့်နောက်–

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ' ဟူ၍ သရဏဂုံခံယူခဲ့ပါလေ

တော့သတည်း။

နန္ဒာမိုးကြယ်

__အကိုးအကား__ * ဗုဒ္ဓကိုယ်တိုင် ဖြေကြားခဲ့သော မေးခွန်းနှင့် ပြဿနာများ (ဒုတိယဦးစန်းငွေ)။

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




သုံးစွဲနိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ)ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူသောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street, Ward 8, Mayangone Township, Yangon, Myanmar,
Ph: 095140389/09420007085

စင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း

(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅


www.burmeseclassic.com

www.burmeseclassic.com



# ထိုရှေ့မှုသန်း (သရိုင်း)
# ဝဋ်အမြဲ ငရဲအပနှင့် ဝဋ်ကြွေးဆပ် ဝဋ်လည်ခဲ့သူများ

ထိုနေ့က မိမိထိုင်နေကျ လက်ဖက်ရည်ဆိုင်တွင် ရင်းနှီးရာ မိတ်ဆွေများ ဆုံဖြစ်ကြ၏။

မိတ်ဆွေတစ်ယောက်မှ-

'ခင်ဗျားထိုင်တဲ့ လက်ဖက်ရည်ဆိုင်က ထူးခြားတယ်ဗျ။ ခုခေတ် လက်ဖက်ရည်ဆိုင်တွေလို ဘောလုံးပွဲလည်း မပြဘူး၊ ကိုရီးယားကားလည်း မပြဘူး။ ထူးထူးခြားခြား သီချင်းသံငြိမ့်ငြိမ့်လေးတွေကိုပဲ အသံအိမ်ကနေ ဖွင့်ပေးနေတာကိုက ကျွန်တော်တို့ ဆုံရကျိုးနပ်တယ်ဗျာ'

နောက်မိတ်ဆွေတစ်ယောက်ကလည်း သူက ထူးထူးခြားခြားတွေကို ရှာတတ်သူဟု ပြောစဉ် မိမိတို့ ထိုင်နေကြသည့် လက်ဖက်ရည်ဆိုင်၏ အသံအိမ်မှ တေးရေးကိုနေဝင်း၏ မောင့်လပြည့်ဝန်း သီချင်းစာသားအချို့ စိုင်းထီးဆိုင်အသံဖြင့် လွင့်စေလာလေ၏။

ဝဋ်မှာအမြဲ ငရဲမှာအပ ဒီလူသားသစ္စာ.. စာသားလွင့် ပျံ့ပြီးနောက်တွင်တော့ မိမိနှင့် မိတ်ဆွေအချို့ ဝဋ်အမြဲ ငရဲအပနှင့် ဝဋ်ကြွေးဆပ် ဝဋ်လည်ခဲ့သူများအကြောင်း ပြောဖြစ်ခဲ့လေတော့သည်။

◆ ◆ ◆

ဝဋ်အမြဲ ဝဋ္ဋတိ-လည်တတ်၊ လည်၍ဖြစ်တတ်၊ လှည့်ပတ်တတ်၏။ ဣတိ-ထို့ကြောင့်၊ ဝဋ္ဋ-ဝဋ်မည်၏။

အလွန်လည်တတ်သော လုံးဝန်းသော အရာဝတ္ထုသည် ဝဋ္ဋမည်၏။ တစ်နည်းဆိုရချေသော် စိုလုံးဝန်းသော ဝတ္ထုကဲ့သို့ လိမ့်ချင်တိုင်းလိမ့်၊ လည်ချင်တိုင်း လည်၍ အဆုံးမသတ် ကြာမြင့်စွာ သံသရာတစ်ခွင် ပြည့်ပြည့် (ပြိုပြို)စင်အောင် လုံးလည်တတ်သော တရားသည်လည်း ဝဋ္ဋ-ဝဋ်မည်၏။

(၁) ကိလေသဝဋ် = ကိလေသာတရားများ၊

www.burmeseclassic.com

www.burmeseclassic.com

(၂) ကမ္မဝဋ် = ကံတရားများ၊
(၃) ဝိပါကဝဋ် = ကံ၏ အကျိုးတရားများ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့အား ထိုဝဋ်သုံးပါးလုံး လည်၏။ အရိယာပုဂ္ဂိုလ်တို့အား ဆိုင်ရာကိလေသဝဋ် ပြတ်၏။ ဆိုင်ရာအကုသိုလ်ကံဟု ဆိုအပ်သော ကမ္မဝဋ်လည်း ပြတ်၏။ ရဟန္တာပုဂ္ဂိုလ်အား ကုသိုလ်ကံ၊ အကုသိုလ်ကံဟု ဆိုအပ်သော ကမ္မဝဋ် ပြတ်၏။ မဂ်ဖိုလ်အားလျော်စွာ ပယ်အပ်သော ပဋိသန္ဓေဝိပါတ်ဟု ဆိုအပ်သော ဝိပါကဝဋ်လည်း ပြတ်၏။ ကုသိုလ်,အကုသိုလ် အကျိုးဖြစ်သော ပဝတ္တိဝိပါတ်ဟု ဆိုအပ်သော ဝိပါကဝဋ်ကား မပြတ်ဘဲ လည်မြဲလည်လေ၏။ ဤအမြဲလည်သော ကုသိုလ်၊ အကုသိုလ်၏ ပဝတ္တိအကျိုးဖြစ်သော ဝိပါကဝဋ်ကိုဖြစ်၍ ဝဋ်အမြဲဟု ဆိုခြင်းဖြစ်သည်။ ဘုရား၊ ရဟန္တာတို့သော်မှ ရှောင်၍ မရသော ဝဋ်အမြဲ ဖြစ်ပေ၏။

ငရဲအပ ငရဲဟု ဆိုသဖြင့် အပါယ်လေးဘုံလုံးကို ယူရမည်။ အရိယာပုဂ္ဂိုလ်အား အပါယ်တံခါး လုံးဝပိတ်သွားသောကြောင့် အပါယ်မှအပ ဖြစ်သည်။ ငရဲမှအပဟု ဆိုရသည်။ သောတာပန်ပုဂ္ဂိုလ်အား သောတာပတ္တိမဂ်ဓာန်ခိုးကြောင့် အပါယ်ကျမည့် ကိလေသာကံတရား၊ ဆင်းရဲဒုက္ခ အကျိုးတရားတွေ အကုန်အမြင် ကျွတ်ပျောက်ကင်းသွားကုန်၏။ အထက်အရိယာပုဂ္ဂိုလ်လည်း ဤနည်းအတိုင်းပင် ငရဲမှအပ အပါယ်မကျ ဖြစ်ရလေကုန်၏။

ဤကား ဝဋ်အမြဲ ငရဲအပဟူသော စကား၏ လိုရင်းအဓိပ္ပာယ်ပင် ဖြစ်သည်။ အပါယ်က ဘယ်လောက်လွတ်လွတ် ငရဲက ဘယ်လောက်ပပ(ပဝတ္တိအကျိုး) ဝိပါကဝဋ်ကတော့ မလွတ်ဘူး။ သူ့အချိန်ကျက မုချလာမည်ဟု မှတ်ယူရပါမည်။ မြတ်စွာဘုရားသော်မှ ရှောင်လွှဲ၍ မရခဲ့ချေ သို့ဖြစ်ပါ၍…။

◆◆◆

သို့ဖြစ်ပါ၍ မြတ်စွာဘုရားရှင်၏ ဝဋ်ကြွေးတော်(၁၂)ပါးနှင့် ဝဋ်ကြွေးဆပ် ဝဋ်လည်ခဲ့သူများသည်ကား-

<u>မြတ်စွာဘုရားရှင်၏ ဝဋ်ကြွေးတော်(၁၂)ပါး</u>

ဒုက္ကရစာနဲ့၊ စွပ်စွဲစိဉ္စမာ၊ နှစ်ဖြာသုန္ဒရီ၊ နှောင့်ယှက်သည်တည့်၊ ကျောက်ချီလိမ့်သတ်၊ ကျောက်ခတ်အနာ၊ ဆင်လွှတ်ကာနှင့်၊ အနာခွဲ၊ ခေါင်းတော်ခဲ၏၊ လွဲမရအဖီးမုယောဆွမ်းနှင့်၊ ကြမ်းတမ်းခါးနာ၊ ဝမ်းလျှောကာလျှင်၊ မဟာဂေါတမ၊ မြတ်ဗုဒ္ဓအား၊ ဖြစ်ရလေသော်၊ မအခင့်လျော်သည်၊ ဝဋ်တော်(၁၂)ပါး နှင်နှင်တည်း။

(၁) ပဌမဝဋ်တော်

ဒုက္ကရစရိယာ(၆)နှစ်ကြာရခြင်း ဝိပါကဝဋ်တော်ဖြစ်၏။ ဘုရားလောင်း ဇောတိပါလလုလင်သည် ကဿပဘုရား ဘုရားဖြစ်သည်ဟု ပြောဆိုကြသောအခါ -

'သည်ကတုံး ဘယ်ကဗောဓိဉာဏ်ရမှာတဲ့လဲ။ ဗောဓိဉာဏ်က လွယ်တာ မဟုတ်ဘူး။ သူက ဒုက္ကစရိယာ(၆)ရက်ကြာကျင့်လို့ ဘုရားဖြစ်တယ်ဆိုရင် တို့က (၆)နှစ်ကြာကျင့်မယ်ဟေ့'ဟု ပြစ်မှားဖူးသောကြောင့် ဤဝဋ်တော် ဖြစ်သည်။

(၂) ဒုတိယဝဋ်တော်

စိဉ္စမာဏဝိကာ(ဘုရားနှင့် ကိုယ်ဝန်ရကြောင်း) စွပ်စွဲခံရသော ဝဋ်တော်ဖြစ်၏။ သဗ္ဗာဘိဘူမြတ်စွာဘုရား၏ တပည့် နန္ဒမည်သော ရဟန္တာကို ရဟန်းမဟုတ်ဟု ဆဲရေးစွပ်စွဲဖူးသော အကုသိုလ်ကံကြောင့် ဤဝဋ်တော်ခံရသည်။

(၃) တတိယဝဋ်တော်

သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခံရသော ဝဋ်တော်ဖြစ်၏။ သုန္ဒရီပရိဗိုဇ်မသည် ဇေတဝန်ကျောင်းအနီး အချိန်မတော်သွား အချိန်မတော် ပြန်လာပြီး ဘုရားရှင်နှင့်အတူ အိပ်လာခဲ့ကြောင်း လူတို့ ယုံးမှားအောင် လုပ်ကြံစွပ်စွဲသည်။ ဘုရားလောင်း မုနာဠိမည်သော အရက်သမားသည် သုရဘိမည်သော ပစ္စေကဗုဒ္ဓါကို ဒုဿီလရဟန်းဟု စွပ်စွဲခဲ့သော အကုသိုလ်ကံကြောင့် ဤဝဋ်တော်ခံရသည်။

(၄) စတုတ္ထဝဋ်တော်

တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်ကို သတ်၍ ဇေတဝန်ကျောင်းအပြင်ဘက် အမှိုက်ပုံ၌ပစ်ချပြီး ဘုရား၏ တပည့်တို့က သတ်ကြောင်း အပြစ်တင်ခံရသော ဝဋ်တော်ဖြစ်၏။ ရှေးအခါ ဘုရားအလောင်းဖြစ်စဉ်က * ဈာန်အဘိညာဉ်ရသော ရသေ့တစ်ပါး လာသောအခါ ဘုရားရသေ့လောင်းသည် ဣဿာဖြစ်၍ ကာမဂုဏ်ခံစားနေသော ရသေ့အတုအလိမ်ကြီးဟု စွပ်စွဲခဲ့သော အကုသိုလ်ကံကြောင့် ဤဝဋ်တော် ခံရ၏။

(၅) ပဥ္စမဝဋ်တော်

ဒေဝဒတ် ကျောက်မောင်းဆင် လိမ့်သတ်ခံရသော

www.burmeseclassic.com

ဝင့်တော်ဖြစ်၏။ ရှေးသရောအခါ ဘုရားလောင်းတော်သည် ရှေးဘဝတနန်း၌ ညီအရင်းကို မိဘမရှိသောအခါ ခိုက်ရန်ဖြစ်၍ ကျောက်ဖြင့် ထုသတ်မိသော အကုသိုလ်ကံကြောင့် ဤဝင့်တော် ခံရသည်။

**(၆) ဆဋ္ဌမဝင့်တော်**

ဗုဒ္ဓအား ဒေဝဒတ် ကျောက်မောင်းဆင် လှိမ့်ချသတ်သောအခါ ကျောက်တုံးကြီးမှ ပွဲလာသော ကျောက်ခဲအပြတ်သည် ခြေတော်ကိုထိခိုက်၍ အနာတရဖြစ်ရသော ဝင့်တော်ဖြစ်၏။ ဘုရားလောင်းသည် တစ်ခုသောဘဝ ငယ်စဉ်အခါ၌ ဆွမ်းခံသော ပစ္စေကဗုဒ္ဓါဘုရားရှင်ကို ဤကတုံးရဟန်းသည် အဘယ်သို့ သွားမည်နည်းဟုဆိုကာ ကျောက်ခဲငယ်ဖြင့် ပစ္စေကဗုဒ္ဓ၏ခြေကို ထုခဲ့၏။ ထိုကံကြောင့် ဤဝင့်တော် ခံရသည်။

**(၇) သတ္တမဝင့်တော်**

နာဠာဂီရိဆင်ဖြင့် တိုက်သတ်ခံရသော ဝင့်တော်ဖြစ်၏။ ရှေးအခါက ဘုရားလောင်းသည် ဆင်ထိန်းဖြစ်စဉ်အခါ ဆင်စီးလာစဉ် ပစ္စေကဗုဒ္ဓါတစ်ပါးကို တွေ့ရလေ၏။

'ဟယ်··သည်ကတုံး၊ ဘယ်က လာတာလဲ' ဆို၍ ဖြစ်မှားသောစိတ်ဖြင့် ဆင်နှင့်တိုက် ခြောက်လှန့်၏။ ထိုအကုသိုလ်ကံကြောင့် ဤဝင့်တော် ခံရသည်။

**(၈) အဋ္ဌမဝင့်တော်**

ဗုဒ္ဓအား ဒေဝဒတ် ကျောက်မောင်းဆင် လှိမ့်ချသတ်သောအခါ ကျောက်တုံးကြီးမှ ပွဲလာသော ကျောက်ခဲအပြတ်သည် ခြေတော်ကို ထိခိုက်၍ အနာဖြစ်ရာတွင် ဆရာဇီဝကမှ ဗုဒ္ဓခြေတော်အနာအား ဓားခွဲခြင်းကို ခံရသော ဝင့်တော်ဖြစ်၏။ ဘုရားအလောင်းသည် နှစဉ်အခါက ကြမ်းတမ်းမိုက်မဲသော ပစ္စန္တရာဇ်မင်းဖြစ်၍ လမ်းလျှောက်သွားစဉ် အပြစ်မဲ့ပြည်သူများအား ဓားဖြင့် ခုတ်ဖြတ်ထိုး၍ ဓားကစားခဲ့သော အကုသိုလ်ကံကြောင့် ဤဝင့်တော် ခံရသည်။

**(၉) နဝမဝင့်တော်**

ဗုဒ္ဓမြတ်စွာ ဦးခေါင်းတော် အပြင်းအထန် ကိုက်ခဲသော ဝင့်တော်ဖြစ်၏။ ဘုရားလောင်းသည် နှစဉ်အခါက တံငါသည်သား ဖြစ်၏။ တံငါသည်က ငါးကို ခေါင်းထုသတ်သည်ကိုမြင်၍ ဝမ်းသာအားရဖြစ်မိသော အကုသိုလ်ကံကြောင့် ဤဝင့်တော် ခံရသည်။

**(၁၀)ဒသမဝင့်တော်**

ဗုဒ္ဓမြတ်စွာ ဝေရဥ္စာမြို့ ဝါဆိုစဉ် မုယောဆွမ်းဘုဉ်းပေးရသော ဝင့်တော်ဖြစ်၏။ ဘုရားလောင်းသည် နှစဉ်အခါက မိုက်မဲသော လူညံ့ဖြစ်၍ ဖုဿဘုရင်၏ တပည့်ရဟန်းတို့ ဆွမ်းဘုဉ်းပေးသည်ကို မြင်ရ၍-

'အို··ကတုံးကိုယ်တော်တို့၊ သင်တို့သည် ဤဆွမ်းကောင်းတွေနှင့် မထိုက်တန်ကြပါ။ မစားကြကုန်လင့်။ မုယောထမင်းကိုသာ စားကြပါလေ' ဟု အခြောက်တိုက်စော်ကားပြောဆိုသော အကုသိုလ်ကံကြောင့် ဤဝင့်တော် ခံရသည်။

**(၁၁)ဧကာဒသမဝင့်တော်**

ဗုဒ္ဓမြတ်စွာ ကျောတော်၊ ခါးတော် နာရသော ဝင့်တော်ဖြစ်၏။ အတိတ်ကြောင်း နှစဉ်အခါ ဘုရားလောင်းသည် လက်ဝှေ့သမား လူပုလေးဖြစ်၏။ အမြဲမြဲ၌ အောင်နိုင်လာသော ချန်ပီယံလက်ဝှေ့သမား ထွားထွားကြီးကို လက်ဝှေ့ပွဲ၌ လက်ကိုကိုင်ပြီး ကောင်းကင်မှာ လှည့်ယမ်း၍ ပစ်လိုက်သောအခါ ပခုံးရိုးကျိုး၍ ကျသွားလေ၏။ အောင်ပန်းယူပြီးမှ ဘုရားလောင်းသည် ထိုလက်ဝှေ့သမားကြီးကို ပကတိဖြစ်အောင် ပြုလုပ်၍ပေးလေ၏။ ဤအကုသိုလ်ကံကြောင့် ဤဝင့်တော်ကို ခံရ၏။

**(၁၂)ဒွါဒသမဝင့်တော်**

ဗုဒ္ဓမြတ်စွာ ဝမ်းတော်လားရသော ဝင့်တော်ဖြစ်၏။ အတိတ်အကြောင်း နှစဉ်အခါက ဘုရားလောင်းသည် ဆေးဆရာဖြစ်၏။ သူဌေးသားကို ဆေးကုသရာ ဆေးဖိုးဝါးခ မပေးသောကြောင့် ဝမ်းလျှောဆေးပေး၍ ဒုက္ခကြီးစွာ ရောက်စေ၏။ ထိုအကုသိုလ်ကံကြောင့် ဤဝင့်တော်ကို ခံရလေ၏။

◆◆◆

**ရှင်မောဂ္ဂလာန် ဝင့်ကြွေး**

ရှင်မောဂ္ဂလာန်သည် ကျောက်ဖြင့် ထုသတ်ခံ၍ ပရိနိဗ္ဗာန် စံရသည်။ အရှင်မြတ်သည် နှစဉ်ဘဝက မယားစကား နားယောင်မိ၍ မိဘကို ကျောက်တုံးဖြင့် ထုသတ်ခဲ့သော အကုသိုလ်ကံကြောင့် ကြိမ်ဖန်များစွာ ကျောက်ဖြင့် ထုသတ်ခံရ၍ နောက်ဆုံးအကြိမ်တွင်လည်း ဤသို့ အသတ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com

**ဗျာလောသကတိဿ ဝဋ်ကြွေး**

ဆွမ်းမဝ ငတ်ပြတ်ရသော ဝဋ်ကြွေးဖြစ်၏။ အတိတ်ဘဝက ထိုအရှင်သည် တောရွာဘုန်းကြီး ဖြစ်၏။ အာဂန္တုရဟန္တာကို ကျောင်းဒါယကာက ကြည်ညိုသောကြောင့် မနာလိုဖြစ်ကာ ထိုရဟန္တာ ဆွမ်းမစားရအောင် ပြုလုပ်ခဲ့သော အကုသိုလ်ကံကြောင့် မွေးလာကတည်းက တစ်ရွာလုံး၊ တစ်အိမ်လုံး ငတ်ပြတ်သဖြင့် ၎င်းကို ပစ်ထားခဲ့ရာမှ ရှင်သာရိပုတ္တရာက ရဟန်းပြုပေး၏။ ဆွမ်းခံမရ၊ မဝ၊ ငတ်ပြတ်၍ ဒုက္ခကြီးစွာ ခံရသည်။ ပရိနိဗ္ဗာန်စံမည့်နေ့၌သာ စတုမဓု အဝဘုဉ်းပေးသွားရ၏။

**ရှင်တုဿမေနှ ဝဋ်ကြွေး**

မိန်းမအရိပ်ကြောင့် ဒုက္ခရောက်ရသော ဝဋ်ကြွေးဖြစ်၏။ ထိုအရှင်၏အနီး၌ မိန်းမတစ်ယောက် အမြဲရှိနေသဖြင့် လူအပေါင်း မကြည်ညို၍ ဆွမ်းခံမရ ဒုက္ခရောက်ရသည်။ အတိတ်ဘဝက ၎င်းသည် ရက္ခစိုး ဖြစ်၏။ အလွန်သင့်မြတ်သော ရဟန်းနှစ်ပါးကို စမ်းသပ်လိုသဖြင့် ရဟန်းတစ်ပါး ကိုယ်လက်ကိစ္စအတွက် တောချုံထဲ ဝင်သွားရာ၌ နောက်မှ မိန်းမယောင် ဖန်ဆင်း၍ ထိုတောချုံထဲ ဝင်သွားဟန်ပြု၏။ မကြာမီ ကပိုကရိုနှင့် တောချုံထဲမှ ထွက်လာဟန် ပြုပြန်လေ၏။ ကျန်ရစ်သော ရဟန်းသည် တောချုံထဲမှ ထွက်လာသော သူငယ်ချင်းရဟန်းကို သီလပျက်ခဲ့လေပြီလောဟု ယုံမှား၍ စိတ်ဝမ်းကွဲသွားလေ၏။ ရက္ခစိုးသည် အကြောင်းစုံ ရှင်းပြသော်လည်း ထိုရဟန်းနှစ်ပါး မူလအတိုင်း မဖြစ်ကြတော့ပေ။ ဤအကုသိုလ်ကံကြောင့် ဤဝဋ်ဒုက္ခကို ခံရလေသည်။

(မှတ်ချက်–ထိုမိန်းမကို ကောသလမင်း ဖမ်းသောအခါ ပျောက်သွားသဖြင့် အရိပ်မှန်း သိရ၏။ ထိုမင်းသည် ရဟန်းကို ဆွမ်းပင့်ဖိတ်၍ ပြုစုသဖြင့် ထိုဒုက္ခငြိမ်း၍ ဝီရိယသည်တိုးသွားကာ ဝိပဿနာအားထုတ်ပြီး ရဟန္တာဖြစ်သွားလေသည်။)

**ပိလိန္ဒဝစ္ဆ ဝဋ်ကြွေး**

[illegible]သည်ဘဝရောက်သော ဝဋ်ကြွေးဖြစ်၏။ အရှင်[illegible]သည် အတိတ်ဘဝက အဋ္ဌသမည်သော မင်း၏[illegible]ဖြစ်၏။ ၎င်းသည် သီရိကမည်သော ဆင်စီး၍[illegible] သွားသောအခါ ဒေဝလမည်သော ပစ္စေကဗုဒ္ဓါ[illegible]၏။ မင်းသားသည် မိမိအား အရိုအသေမပေးသောကြောင့် အမျက်ထွက်ကာ ပစ္စေကဗုဒ္ဓါရှိရာသို့ ဆင်ကို နှင်သောအခါ ဆင်သည် ရပ်၍နေ၏။ မင်းသားသည် ပို၍အမျက်ထွက်ကာ ပစ္စေကဗုဒ္ဓါကို အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ပြီးမှ ဥယျာဉ်သို့ သွားလေ၏။ ဤသို့သော အကုသိုလ်ကံကြောင့် ရှင်ဥပါလိသည် ရဟန္တာဖြစ်သည့်တိုင်အောင်ပင် ယုတ်နိမ့်သောနန်းတွင်း ဆတ္တာသည်အမျိုး၌ ဖြစ်ရသော ဝဋ်ကြွေးကို ခံရလေ၏။

**အမ္ဗပါလီ၊ ပဒုမဝတီ၊ အဘကာသိ ရဟန္တာထေရီမတို့၏ ပြည့်တန်ဆာမ ဖြစ်ရသော ဝဋ်ကြွေး**

ထိုထေရီမကြီးတို့သည် ရဟန္တာဖြစ်သည့် ဘဝ၌ပင် ပြည့်တန်ဆာမ ဖြစ်ကုန်၏။ ၎င်းတို့သည် အတိတ်ဘဝက ရဟန္တာထေရီမကြီးတို့ကို ဒီပြည့်တန်ဆာမတွေဟု မိုက်မဲစွာ ဆဲရေးဖူးသောကြောင့် ဤဘဝသို့ ရောက်ကြရကုန်၏။ ရိုင်းပျသောနှုတ်ကြောင့် ဘဝအဆက်ဆက် ဒုက္ခရောက်တတ်သည်ကို အထူးသတိပြု၍ နှုတ်စောင့်စည်းသင့်လှပေ၏။

ဝဋ်လည်သည် ဝဋ်ကြွေးဆပ် အကုသိုလ်ကြီးမားလျှင် ယခုဘဝပင် အပြစ်ကြီးစွာ ဖြစ်တတ်၏။ ၎င်းအပြစ်ကို ကမ္မဝဋ်မှ ဝိပါကဝဋ် လည်သောကြောင့် ဝဋ်လည်သည်ဟု ဆို၏။ နောက်နောက်ဘဝတို့၌ ဒုက္ခကြီးစွာ တွေ့ကြုံရသည်ကို ဝဋ်ကြွေးဆပ်ရသည်ဟု ဆို၏။

**ဆက်လက်၍ ဝဋ်လည်ကြသူများကား—။**

◆◆◆

**ဝဋ်လည်ကြသူများ**

(၁) နွားအရှင်လတ်လတ်၏ လျှာကို ဖြတ်၍ ချက်စားသော နန္ဒ နွားသတ်သမားသည် ထိုဘဝ၌ပင် နွားလိုအော်ပြီး ဝဋ်လည်ကာ သေဆုံး၍ ငရဲကျလေ၏။

(၂) သားသတ်ရောင်းဝယ်ရေး အလုပ်ရှင်တစ်ဦးသည် ရောဂါကြောင့် ဗိုက်ခွဲကာ ကုသရာတွင် ဝမ်းထဲမှာ ခွဲစိတ်ကိရိယာ ကျန်ရစ်သဖြင့် တစ်ဖန်ထပ်ခွဲ၍ ထုတ်ယူရသောကြောင့် သားကောင်သတ်ခြင်းနှင့် ထပ်တူ ဝဋ်လည်ရသည်။

ယခုအခါ ပစ္စက္ခဘဝ၌ ဝဋ်လည်သူတွေ၊ ကာလဝိပါက် နောက်ဖိုးတက် ခံရသူတွေကား အလွန်များလှ၏။ အကုသိုလ်သည် ရက်စက်ယုတ်မာ ကြီးမားလျှင် အမြန်မကြာမီပင် ဝဋ်လည်တတ်၏။ ပျက်စီးတတ်လေ၏။

www.burmeseclassic.com

မြတ်စွာဘုရား လက်ထက်တော်က ချက်ချင်းအပြစ်ရ ဝဋ်လည် ကာလဝိပတ် နောက်ပိုးတက်၍ မြေမျိုခံရသူ ငါးဦးရှိခဲ့၏။ ၎င်းတို့မှာ (၁) သုပ္ပဗုဒ္ဓမင်း၊ (၂) ဒေဝဒတ်၊ (၃) ဥပလာဝဏ်ထေရီမကို ကာမပြစ်မှားသော နန္ဒလုလင်၊ (၄) ရှင်သာရိပုတ္တရာ ခေါင်းကို တူနှင့်ထုသော နန္ဒဘီလူး၊ (၅) စိဉ္စမာဏဝိကာတို့ပင် ဖြစ်၏။

ထို့အပြင် သူတော်ကောင်းကို ပြစ်မှား၍ ကိုယ်လုံးကျွတ် အနာဖြစ်ပြီး လူဖြူကောင် လူပြိတ္တာဖြစ်ရသည့် ဝဋ်လည်သူများလည်း ရှိသေး၏။

၎င်းတို့သည်ကား (၁) ချောက်ကမ်းပါးမှ ကယ်တင်ပေးအပ်သော ဘုရားလောင်း မျောက်မင်းကိုပင် ကျောက်ခဲနှင့်ထုသတ် ကျေးဇူးကန်းသော ပုဏ္ဏားယုတ်၊ (၂) ရှင်မဟာကဿပ ဆွမ်းမသည်ကို စိတ်ဆိုး၍ ကျောင်းကို မီးရှို့ပြစ်မှားသော တပည့်ရဟန်းငယ်တို့ ဖြစ်၏။

ဆက်လက်၍ ကာလဝိပါက် နောက်ပိုးတက်၍ ဝဋ်လည်စေတတ်ပုံသည်ကား-

သူတစ်ပါးသတ်၍ ယခုဘဝ သေဘေးကြုံ သေရတတ်၏။ သူတစ်ပါးအစားကို ဟန့်ခဲ့၍ အစာရေစာပြတ် သေရတတ်၏။ ကား၊ ရထား မှောက်အောင် ပြုခဲ့သော ကြောင့် အိမ်ပြို၊ သစ်ပင်လဲ၊ ပိ၍ သေရတတ်၏။ ဘုရား ရွှေ ခွာသောကြောင့် အနာကြီး ခရသင်းရောဂါ၊ အသား အရေ မည်းကြုတ်သော ကိုယ်ရေပျက်ရောဂါ ရတတ်၏။ သူတစ်ပါးအား မတရားစွပ်စွဲ အပြစ်ရှာ ပျက်စီးစေသော ကြောင့် မတရားအမှုပတ်၍ ထောင်ကျ၊ သေဒဏ်ကျ၊ ဆွေမျိုးမိတ်သင်္ဂဟတို့က အထင်လွဲခံရ၍ အပေါင်းအသင်း မရှိ တစ်ကောင်ကြွက် ဖြစ်ရတတ်၏။

ဤသို့ စသဖြင့် နောက်ပိုးတက် ဝဋ်လည်သော အကြောင်းအား ပြောမဆုံးပေါင် တောသုံးတောင်ဟု ဆို ရင်းဖြင့်သာ…။

ကိုရွှေမြသန်း(သမိုင်း)

**မှီငြမ်း**

* မဟာသုတဒီပနီကျမ်း။
* သစ်တံခါးဆရာတော်၏ ကလောင်ထိပ်မှ မှတ်ဉာဏ်များ။


မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဇာဒေပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထိထိမိမိ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၆၇




www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

(၁၉)

နန်းတော်ဆောင်၏ ပြတင်းမှရပ်၍ အပေါ်စီးမှ လှမ်းမြင်နေရသော ဥယျာဉ်တော်သို့ လှမ်းကြည့်သောအခါ တဖွဲဖွဲစွေရွာနေသော မိုးစက်တွေအောက်မှ စိမ်းလန်းနေသည့် ပန်းမန်အစုံစုံကို မြင်ရ၏။ ဖြူ၊ နီ၊ ဝါ၊ ပြာ ရောင်စုံအလှဖြာနေသော ပန်းရုံမျိုးစုံတို့ကို မြင်ရသည်က ကြည်နူးဖွယ်။ အဖြူ၊ အဝါ၊ အနီ ငွားငွားစွင့်နေသော နှင်းဆီပန်းခင်း။ ဖွေးဖွေးဆွတ်မြနေသော စံပယ်ရုံနှင့် ဇလပ်ချုံ၊ မြတ်လေးရုံတို့ကလည်း အပြိုင်းအရိုင်း။ ပန်းပေါင်းစုံ၏ ထုံသင်းရနံ့က မိုးစက်တွေကို ဖြတ်သန်းကာ နန်းတော်ဆောင် အပေါ်ထပ်ဆီအထိ လွင့်ပျံ့ဝေ့ဝဲတက်လာသလိုလို။ မိုးရေဝလင်လင် သောက်သုံးကြရသဖြင့် ဥယျာဉ်တစ်ခုလုံးသည် စိမ်းလန်းလျက်ရှိသည်။ ဤမဇ္ဈိမဒေသသည် ဝါဆိုတွင် မိုးဦးစကာ ဝါခေါင်တွင် တဖွဲဖွဲသွန်းသည့် စွေမိုးက အရှိန်ရနေပြီ။ ယခု ဝါခေါင်လဆန်းပိုင်းရက်များတွင် စွေမိုးက မပြတ်။ မိုးရေနှင့် မြေ[...] တို့ ထိတွေ့ကြသည့် ထူးခြားသောရနံ့က နန်းတော်ဆော[...] ဝန်းကျင်တစ်ခိုကို အစဉ်လွှမ်းခြုံလျက်ရှိ၏။

ယသော်ဓရာဒေဝီသည် မိုးမှုန်ဖွဲဖွဲကြားမှ လှမ်းမြင်[...] ရသော အဆောင်တော်သို့ ငေးရီသောအကြည့်တို့ကို [...] ထားသည်။ ထိုအဆောင်တော်သည် မောင်တော်သိဒ္ဓ[...] စံမြန်းရာ အဆောင်တော်ဖြစ်သည်။ မိုးမှုန်တွေကြာ[...] အုံ့အုံ့မှိုင်းမှိုင်း မြင်နေရသော မောင်တော်၏ နန်းတေ[...] ဆောင်သည် လွမ်းမောဖွယ်။ တစ်နည်းအားဖြင့် ချစ်ကြ[...] သူတို့အဖို့ တမ်းတဖွယ်။ ယသော်ဓရာအဖို့ အမှန်တကယ်[...] လည်း တမ်းတမိပါ၏။ သားတော်ကလေးကို မွေးဖွား[...] ပြီးပြီဆိုသည့်တိုင် မောင်တော်သည် ကြွမြန်းမလာခဲ့[...] သည်သတင်းကို မောင်တော် မကြားသိဘဲနေမည်မဟုတ်[...] သားဖွားပြီးစ မိခင်တစ်ဦးအနေဖြင့် အေးမြိမ်းစွာ နား[...] စံနေတော်မူပါစေဆိုသော စေတနာကြောင့်သာ အဆော[...]



www.burmeseclassic.com

www.burmeseclassic.com



# နန္ဒာစိုး (ဆေးမြို့ကျွန်း)

# သုမိတ္တာနီဒါန်းအစ အနှိုမ ယသော်ဓရာ

([illegible])

တော်သို့ ကြွချီမလာခြင်း ဖြစ်မည်ဟု ထင်သည်။ ရှိပါ နားလည်ခြင်း၊ ကြင်နာခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့်သာ သော်ဓရာက အစဉ်ဆက်ဆံခဲ့သည်ပဲ။

သို့ရာတွင် ယခု သားတော်ကလေးကို ဖွားမြင်ခဲ့ပြီး ည့် နောက်ပိုင်းကာလမှာတော့ ဝန်းကျင်တစ်ခွင်လုံး မိုးစက်တို့ဖြင့် အေးမြစိုစွတ်နေသည့်တိုင် နန်းတော် င်အတွင်းမှာတော့ ခြောက်ကပ်သွေ့မြိုက်နေသည်ဟု သော်ဓရာ ခံစားနေမိရသည်။ ဂီတ၊ အက အနုရသ ဖြင့် ဖျော်ဖြေပေးနေကြသည့် အထိန်းအယတို့၏ လှုပ် တို့ကလည်း အသက်မဝင်။ စေးစေးပိုင်ပိုင် မရှိကြ ဒ်တယ်တယ်ကြီးတွေချည်း ဖြစ်နေကြသည်ဟု ထင် ည်။

သော်တွင် စိတ်ကူးတွေရှိနေသည်ကို မောင်တော် ားမိလေရော့သလား။ အကယ်၍ မောင်တော်သာ ကြွမြန်းရောက်ရှိလာခဲ့ပါလျှင် ချစ်စွာသော သားဦးရင် သွေးကို ဝမ်းမြောက်စွာ ဆီးကြိုပြသမည်။ နှစ်သက်ရာ အမည်နာမကို ပေးပါဦး မောင်တော်ရဲ့ဟု တောင်းဆိုမည်။ ဤသားတော်ကလေးသည် နှယ်နှယ်ရရမဟုတ်။ စကြ ဝဠာမင်း၏ စည်းစိမ်ကိုပင် ခံစားရနိုင်သော ဘုန်းရှင် ကံရှင်ကလေးတစ်ဦး ဖြစ်သည်ဟူသော ပုရောဟိတ်ကြီး ၏ အဟောနိမိတ်ကို ပြောပြရဦးမည် စသည်ဖြင့် စိတ် ကူးစီမံချက်တွေ ချထားမိခဲ့၏။ သို့သော် ချစ်သောမောင် တော်က မပေါ်လာ။

ထိုခဏမှာပင် အဲ့ခနဲသော အသံကြောင့် နန်းဆောင် ပြင်ပသို့ ငေးမျှော်ရင်း ပျံ့လွင့်နေခဲ့သည့် ယသော်ဓရာ၏ စိတ်အာရုံတို့ တစ်မုဟုတ်ချင်းပင် ပြန်လည်စုစည်းပြီး ဖြစ်သွားသည်။ မိမိနောက်ဘက် သလွန်ရှေ့ဆောင်း အနီးရှိ ယောဉ်ပုခက်တော်ဆီမှ ထွက်ပေါ်လာခဲ့သော သား

www.burmeseclassic.com

တော်ကလေး၏အသံ။ ယောဉ်ပုခက်တော်ဆီသို့ ရုတ်ခြည်း ပြန်ငုံ့စောင်းကြည့်လိုက်တော့ နို့ထိန်းသည် မောင်းမမိဿံတစ်ဦးက သားတော်ကလေးအနီးတွင် ရောက်ရှိနေပေပြီ။ ယသော်ဓရာ ပြန်လှည့်လျှောက်ခဲ့သည်။

'အေးအေးလူလူ စံနေတော်မူပါ အရှင်မ။ ညီမတော်ရှိပါတယ်'

ယောဉ်ပုခက်တော်ထဲမှ လူးလွန့်လှုပ်ရှားစပြုလာသော သားတော်ကလေးကို ပြုံးပြုံးကြီးငုံ့ကြည့်လျက် အရိပ်အကဲကို စောင့်စားအကဲခတ်နေသော ရံရွေတော်မိန်းမငယ်က ရိုကျိုးစွာ လှမ်းပြောလိုက်၏။ သားတော်ကလေးအဖို့မူ အထိန်းအထ မိန်းမငယ်တွေ များပြားလှချေ၏။ သူတို့သည် မောင်တော်၏ မောင်းမမိဿံများဖြစ်ကြသည့်တိုင် အဂ္ဂမဟေသီ ဒေဝီတစ်ပါးဖြစ်သော ယသော်ဓရာကို အစ်မကြီးရင်းချာသဖွယ် လေးစားချစ်ခင်ရိုကျိုးကြ၏။ ယခု သားတော်ကလေး ဖွားမြင်လာသောအခါတွင်လည်း သူတို့ကိုယ်တိုင်က မွေးဖွားခဲ့လိုက်သောရင်သွေးရင်နှစ်သဖွယ် ဝိုင်းဝိုင်းလည်း ရှမဝအောင် ချစ်မြတ်နိုးကြတုန်၏။

'စောစောက သားတော်ကလေး အသံပြုလိုက်သလားလို့ ညီမတော်ရဲ့'

'ဟုတ်ပါတယ် အရှင်မ၊ ဒါကြောင့် ချက်ချင်းထကြည့်တာ။ အခုတော့ ငွေ့ငွေ့စက်စက်ပဲ ပြန်မှေးစက်နေပြန်တယ်'

'အေးကွယ်..နွေးနွေးထွေးထွေး ရှိအောင်သာ ခြုံတော်လွှာကို ညင်ညင်သာသာ ပြုပြင်ပေးလိုက်ပါ။ ရာသီဥတုကလည်း မိုးစောတ်နဲ့ အေးနေတာကိုး။ လေအေးတစ်ချက် သုတ်လိုက်လို့ လန့်သွားပြီး အသံပြုလိုက်တာပဲဖြစ်မယ် ထင်ပါရဲ့'

ရံရွေတော်က ကာသိတိုင်းဖြစ် အနွေးခြုံလွှာကို ယုယစွာပြုပြင်ပေးလိုက်၏။ သားတော်ကလေးကတော့ ယောဉ်တော်မြပုခက်အတွင်းမှာ ငွေ့စက်လျက် ငြိမ်သက်သွား၏။ ထိုခဏမှာပင် စက်ရာဆောင်ထဲသို့ အထိန်းတော်ကြီး ဝင်ရောက်လာ၏။ ဤအထိန်းတော်ကြီး၏ အမည်က မယ်ဘဒ္ဒါ။ ယသော်ဓရာ၏ စက်ရာခန်းဆောင်ရှိ အမှုလုပ် အထိန်းအထ မောင်းမမိဿံတို့ကို စီမံအုပ်ချုပ်သူ အကြီးအမှူးလည်း ဖြစ်သည်။ ယသော်ဓရာ၏

လက်ကသုံး တောင်ဝှေးသဖွယ် အနီးကပ် တိုးတိုးဖော်ဟု လည်း ဆိုနိုင်သူ ဖြစ်သည်။ ယသော်ဓရာ ကိုယ်တိုင်က ပင်လျှင် အဒေါ်ရင်းချာသဖွယ်၊ မိခင်ရင်းချာသဖွယ် ချစ်ခင်အားထားရသော အထိန်းတော်ကြီး မယ်ဘဒ္ဒါသည် မြပုခက်အတွင်းမှ သားတော်ကလေးထံ အလျင်သွား၏။ သားတော်ကလေးကို ငုံ့ကြည့်အကဲခတ်လိုက်သေး၏။ ပြီးမှ ပင့်သက်ငွေ့ငွေ့ကို ရှိုက်ချလိုက်သည်ကို မြင်လိုက်ရ၏။ ယသော်ဓရာက နှုတ်ဆက်လိုက်၏။

'ကျန်းမာတော်မူရဲ့လား အရီးတော်ဘဒ္ဒါ၊ နေရတာဥတုသပ္ပာယ မျှတရဲ့လား'

'မျှတပါတယ် အရှင်မ၊ ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာပါလိမ့်ကွယ်'

'ခုတလော အရီးတော်ဘဒ္ဒါကိုမြင်ရတာ မရွှင်မလန်းနဲ့ နွမ်းနယ်နေသလို ဖြစ်နေသလားလို့ပါ'

သည်တော့မှပင် အထိန်းတော်ကြီး၏ မျက်နှာသည် ပို၍ညှိုးငယ်သွားသလို ရှိသည်ကို ယသော်ဓရာ သတိပြုလိုက်မိသည်။ သားတော်ကလေးကို မွေးဖွားပြီးသည့်နောက်ပိုင်းတွင် အထိန်းတော်ကြီးမယ်ဘဒ္ဒါမှအစ နန်းဆောင်အတွင်းမှ အခြားသောအထိန်းအထများ၊ ညီမတော်များ အားလုံးလိုလို၏ မျက်နှာအသွင်အပြင်များ၊ အပြုအမူလှုပ်ရှားမှုများသည် ပြောင်းလဲနေကြသလို ရှိနေသည်ဟု ခံစားမိနေသည်။ သူတို့သည် နေထိပန်းကဲ့သို့ မရွှင်မလန်းဖြစ်နေကြသလိုပင်။

'အရှင်မက အရီးတော်တို့ကို အဲသလို မြင်နေမိလို့လား'

အထိန်းတော်ကြီး၏ လေသံက တိုးတိုးသဲ့သဲ့။ ထိုစကားသံနှင့်အတူ လှမ်းကြည့်လိုက်သော အထိန်းတော်ကြီး၏အကြည့်များကိုလည်း သာမန်ဟုမထင်။ သာမန်ထက် ပိုကဲသည့် ကရုဏာရိပ်၊ စမ်းနည်းကြေကွဲရိပ်တို့ ပျော်ဝင်နေသလို အကြည့်များ။

'ဟုတ်တယ် အရီးတော်၊ အဲဒါက အရီးတော်တစ်ဦးတည်း မဟုတ်ဘူး။ ညီမတော်အားလုံးလိုလိုပဲ ထူးထူးခြားခြား ပြောင်းလဲနေကြသလိုပဲ။ အဖျော်ဖြေတော်တို့ရဲ့ အဆိုအကတွေကလည်း အသက်မဝင်သလိုပဲ'

အထိန်းတော်ကြီးမယ်ဘဒ္ဒါ၏ မျက်နှာသည် ပို၍ပင် အိုစာသွားသလိုရှိ၏။ နဂိုကပင် ညှိုးငယ်နေသလိုရှိနေ



www.burmeseclassic.com

www.burmeseclassic.com

သော မယ်ဘဒ္ဒါ၏ မျက်လုံးအစုံမှာ အံ့ဆိုင်းမှိုင်းရီသွားကြသည်။

'လျှောက်တင်ဖို့ ခက်ခဲလိုက်တာ အရှင်မရယ်။ အဲဒီပြောင်းလဲမှုကို အရှင်မက ရိပ်စားမိနေပါ့ပကောလား။ အင်းလေ..ဒီပြောင်းလဲမှုကို မကြာခင်မှာပဲ အရှင်မ သိရှင့်ရတော့မှာပါ။ ရွှေနန်းတော်ကြီးမှာနေ ရှေ့တော်ပြေးအဆောက်တော်လည်း ရောက်လာပါပြီ။ အရှိးတော်တို့၊ အရှင်မတို့အဆောင်တော်ဆီကို အရှင်မိဖုရားကြီး မဟာပဇာပတီ ဂေါတမီကိုယ်တိုင် ကြွချီတော်မူလာနေပြီတဲ့။ ကြိုဆိုဖို့လည်း ပြင်ဆင်ပြီးခဲ့ကြပါပြီ။ ဒီအကြောင်းသတင်းကို ကြိုတင်ပြောထားနှင့်ဖို့ အရှင်မစက်ရာဆောင်ကို အရှိးတော် အလျှင်ပြေးခဲ့တာပါကွယ်'

အရှိးတော် မယ်ဘဒ္ဒါ၏ လေသံတွေက တုန်ယင်လျက် ရှိ၏။ ယသော်ဓရာသည် ထိုသတင်းပေးမှုအတွက် မှတ်ခြည်း မည်သည့်စကားမျှ ပြန်မပြောနိုင်လောက်အောင် အံ့အားသင့်သွားလေသည်။ အရှင်မိဖုရားကြီး မဟာပဇာပတိ ဂေါတမီကိုယ်တိုင် ကြွချီလာနေတော်မူပြီဆိုပါကလား။ ကပိလဝတ်ပြည့်ရှင် မောင်တော်၏ ခမည်းတော် သုဒ္ဓေါ်ဒနမင်းကြီး၏ မိဖုရားကြီး။ တစ်နည်းအားဖြင့် မောင်တော် သိဒ္ဓတ္ထကုမာရကို ငယ်စဉ်ကတည်းက နို့တိုက်ကျွေး ပြုစုတော်မူခဲ့သော မိထွေးတော်ဂေါတမီ။ မိထွေးတော် ဆိုသော်လည်း မိခင်ရင်း မာယာဒေဝီမိဖုရားကြီးနှင့်မခြား မောင်တော်ကို ယုယစောင့်ရှောက်တော်မူခဲ့သည့် မောင်တော်၏ အဒေါ်အရင်း မိဖုရားခေါင်ကြီးသည် အကြောင်းမဲ့တော့ ကြွချီတော်မူလာမည်မဟုတ်။ သားတော်ကလေးကို ရှုစားလို၍ ကြွလာတော်မူလေသလား။ သို့ဆိုလျှင်လည်း မိမိတို့နန်းဆောင်က ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြဖို့သာ ရှိသည်ပဲ။ ယခုတော့ သည်လိုမဟုတ်။ အထိန်းတော်ကြီး မယ်ဘဒ္ဒါ၏ ထူးထူးခြားခြား ပြောင်းလဲနေသော ညှိုးညှိုးငယ်ငယ် ဟန်မှန်အမူအရာတွေက တစ်စုံတစ်ရာသော ချောက်ချားတုန်လှုပ်ဖွယ် အကြောင်းအရာတစ်ခုခု၏ ရှေ့ပြေးနိမိတ်ဆိုးတစ်ရပ်နှယ် ရှိနေသလိုပင်။ ယသော်ဓရာ၏ရင်ထဲတွင် တငွေ့ငွေ့ မှုန်ဆောင်လာ၏။ အထိန်းတော်ကြီးအပါအဝင် ဤနန်းတော်မှ ညီမငယ် မောင်းမမိသံများတို့သည် မိမိကို အသိပေးရခက်ခဲလှသည့် အကြောင်းခြင်းရာတစ်ခုခုကို ညီညီညာညာ ဖုံးကွယ်သိုဝှက်ထားခဲ့ကြလေရော့သလား။ ထိုသံသယသည် ရင်ထဲမှ တငွေ့ငွေ့အပူကို တလူလူလူး လွှန့်နိုးထလာစေ၏။

သို့ရာတွင် ယသော်ဓရာသည် မဟာရာဇာ၏ သားတော်ရဲ့ မိဖုရားတစ်ပါးဆိုသောမာန်ဖြင့် ဣန္ဒြေကို ထိန်းချုပ်၏။ မိမိတို့ စံရာနန်းတော်တွင်တော့ မိမိသည် အကြီးအကဲ အခေါင်အချုပ် အဂ္ဂမဟေသီတစ်ပါး မဟုတ်လော။ ထိုဆင်ခြင်သတိဖြင့် အနိုင်နိုင်ထိန်းချုပ်၍ တည်ငြိမ်ခြင်းကို မွေးမြူနေရသော်လည်း ရင်ထဲမှာတော့ စိုးရိမ်ကြောင့်ကြခြင်း မြင်းရိုင်းတစ်ကောင်က ခုန်ပေါက်ကဆုန်စိုင်းလာနေပြီ။

'မယ်တော်မဟာပဇာပတီဂေါတမီမိဖုရားကြီး ကြွချီတော်မူလာပြီဆိုရင်လည်း အရှိးတော်တို့နဲ့ ညီမတော်တွေက ကြိုဆိုကြဖို့ ပြင်ဆင်ကြတော့လေ။ အခါမလင့်ရအောင် အခုပဲ နန်းဆောင်တော်တံခါးက စောင့်ကြိုဖို့ ထွက်ခွာကြပေတော့'

'ကောင်းပါပြီ အရှင်မ။ အရှင်မလည်း ပြင်ဆင်ထားနှင့်ပါလေတော့'

စက်ရာဆောင်မှ အထိန်းတော်ကြီး မယ်ဘဒ္ဒါ ပြန်ထွက်သွားပုံက တာကယ့်ကို ကသုတ်ကရက်။ နို့ထိန်းသည် ညီမတော်ငယ်ကလေးကတော့ မြပုခက်အနီးမှာ သားတော်ကလေးကို စောင့်ကြည့်ရင်း ငိုင်ငိုင်တွေတွေ ကျန်ရစ်ခဲ့၏။ စက်ရာဆောင်အတွင်းမှာ အမြင်တင့်တယ်အောင် ဝတ်စားတန်ဆာတို့ကို လဲလှယ်ဆင်ယင် ပြုပြင်နေခဲ့ရသော်လည်း ယသော်ဓရာရင်မှာတော့ လေးလံလျက်။ ပြင်ဆင်ပြီးသည်နှင့် နန်းတော်ဆောင်ပြတင်းဝမှ ရပ်လျက် မျှော်ငေးကြည့်နေမိရပြန်သည်။ မကြာလိုက်ပါချေ။ မိမိတို့ နန်းတော်ဆောင် အဝင်လမ်းအတိုင်း မောင်းနှင်ဝင်ရောက်လာသော ရွှေနန်းတော်ကြီးမှ မင်္ဂလာရထားကို မြင်ရ၏။ နန်းတော်ဆောင်တံခါးဝသို့ မင်္ဂလာရထားဆိုက်ရောက်လိုက်သည်နှင့် ရထား၏အနီးတွင် မိမိတို့နန်းတော်မှ ဆီးကြိုကြသော မောင်းမမိသံများစွာတို့ဖြင့် သောသောအုတ်အုတ် ပျားပန်းခပ်သွားကြသည်ကို လှမ်းမြင်နေရ၏။ မွေးကင်းစ ရက်သားကလေးမျှသာရှိသေးသော သားတော်ကလေးကို စက်ရာဆောင်ထဲမှာ ထားရစ်ခဲ့ကာ နန်းတော်ဦးအထိ ထွက်မကြိုဆိုနိုင်ခဲ့သည့်အတွက်ကိုတော့ မယ်

www.burmeseclassic.com

www.burmeseclassic.com

တော် မဟာပဇာပတိ ဂေါတမီမိဖုရားကြီး စာနာနားလည် ခွင့်လွှတ်နိုင်တန်လောက်ပါရဲ့ဟု ယသော်ဓရာ မျှော်လင့်မိပါသည်။

ခဏငယ်အတွင်းမှာပင် မယ်တော်ဂေါတမီ မိဖုရားကြီး ယသော်ဓရာ၏ စက်ရာခန်းဆောင်သို့ ကြွမြန်းရောက်ရှိလာ၏။ မယ်တော်ကြီးသည် ရွှေနန်းတော်ကြီးမှ ကြွချီလာခဲ့သည်ဆိုသည့်တိုင် နောက်ပါအခြွေအရံပင် များများစားစားမပါ။ အနီးကပ်ခစားနေကြသည့် ရံရွေတော်သုံးလေးဦးမျှကိုပဲ လိုကာမည်ရ အဖော်အဖြစ် ခေါ်ဆောင်ခဲ့ဟန်တူသည်။ မိဖုရားကြီး၏နောက်တွင် ပါလာသော ပရိသတ်အများစုမှာ မိမိတို့နန်းဆောင်မှ မောင်းမမိဿံတွေချည်း ဖြစ်ကြလေသည်။ ယသော်ဓရာသည် မယ်တော်ဂေါတမီ မိဖုရားကြီးကို လက်အုပ်ချီမိုး ဂါရဝပြုကြိုဆိုလိုက်၏။

'ကျန်းမာတော်မူပါရဲ့လား မယ်မယ်ဘုရား'

မိဖုရားကြီးဂေါတမီသည် ပြည်ပိုင်မင်းကြီး၏ မိဖုရားကြီးပီပီ ကြီးနိုင်ရင့်ကျက်သော ဣန္ဒြေဖြင့် ဦးခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြတော်မူ၏။ သို့သော် ယသော်ဓရာ၏မျက်နှာကို လှမ်းကြည့်လိုက်သော အကြည့်တွေကတော့ ဆွေးမြည့်ရီဝေနေကြ၏။ အင်အားမဲ့ မှိန်ဖျော့နေသော မိဖုရားကြီး၏ မျက်လုံးအစုံထဲမှာ လွှမ်းကဲနေသော အရိပ်အငွေ့တွေက စာနာခြင်း၊ ကြေကွဲခြင်း၊ ကြင်နာခြင်း၊ ကရုဏာသက်ခြင်း စသော အဓိပ္ပာယ်ပေါင်းစုံတို့ တစ် လှည့်စီ တစ်ကန့်စီ ပြေးလွှားဖော်ပြနေကြသလိုမြင်ရှိ၏။



'အိမ်း…ရုပ်ခန္ဓာအရတော့ ကျန်းခန့်တယ်ပဲ ပြောပါ တော့ သမီးတော်လေးရယ်။ သို့ပေမယ့် စိတ်ပိုင်းအလိုအရ တော့ အကောင်းပကတိရှိတယ် မဆိုနိုင်ဘူး။ အင်း… ထားလိုက်ကြပါစို့လေး။ ဒါနဲ့ မြေးတော်ကလေးရော သမီး တော်'

'ဧယာဉ်မြပုခက်မှာ ငွေ့စက်လျက်ရှိကြောင်းပါ မယ် မယ်ဘုရား'

မယ်တော်ဂေါတမီ မိဖုရားကြီးသည် ထိုအခါတွင်မှ သားတော်ကလေးရှိရာ မြပုခက်ဆီသို့ တရွေ့ရွေ့လျှောက် သွား၏။ ပြီးနောက် ပုခက်အတွင်းမှာ အိပ်မွေ့ကျနေသော သားတော်ကလေးကို အတန်ကြာငုံ့၍ ရှုစားတော်မူနေ သဖြင့် ယသော်ဓရာလည်း အလိုက်သိသိဖြင့်ပင် နောက် တော်ပါးမှာ လက်အုပ်ချီရပ်တန့်လျက် နှုတ်ဆိတ်နေရ၏။ သို့သော် တဒိတ်ဒိတ်သော နှလုံးခုန်သံတို့ကတော့ ယသော် ဓရာ ရင်လှောအတွင်းတွင် ခုန်လှိုက်မြန်ဆန်လွန်းလှချေပြီ။ ထိုအခိုက်မှာပင် မယ်တော်ကြီး၏ နှုတ်ဖျားဆီမှ တိုးသဲ့ ဆို့နင့်စွာသော ညည်းညူသံကို ယသော်ဓရာ ကြားလိုက် ရပြန်၏။

'ဩော်… မြေးတော်ကလေး…မြေးတော်ကလေး၊ မင်းမိခင်ကို မယ်တော်ဘုရား ဘယ်လိုပြောရပါ့မလဲ မြေး တော်လေးရယ်'

မိဖုရားကြီး၏ တိုးဖွလှစွာသော တစ်ကိုယ်တည်း ညည်းညူသံသည် ယသော်ဓရာအဖို့တော့ နားအကြားအာ ရုံတွင် တိုးဖွသလောက် ရင်ထဲတစ်နေရာတွင်မူ ဆန့်ကျင် စွာ အကျယ်လောင်ဆုံး ပေါက်ကွဲမြည်ဟိန်းသွားသည့်နှယ် ရှိ၏။ မင်းမိခင်ကို မယ်တော်ဘုရား ဘယ်လိုပြောရပါ့ မလဲ မြေးတော်လေးရယ်တဲ့။ သို့ဆိုလျှင် မယ်တော်ဘုရား တွင် ပြောရခက်သော ပြောစရာစကားအချို့ ပါလာခဲ့တာ သေချာနေပြီပေါ့ဟု အကင်းပါးလှသော ယသော်ဓရာက ရိပ်ခနဲ့သိလိုက်ပေပြီ။ မိဖုရားကြီးသည် မြပုခက်အနီး ပြန်လှည့်လိုက်သည်။

'မယ်မယ်ဘုရား…မယ်မယ်ဘုရားဟာ သမီးတော် တို့နန်းဆောင်ကို အကြောင်းမဲ့တော့ ကြွချီသာမှာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာ မိန့်တော်မူစရာ အကြောင်းပါခဲ့ရင် မိန့်တော်မူပါမယ်ဘုရား'

ယသော်ဓရာက ပါးနပ်စွာတောင်းဆိုလိုက်၏။ မယ်ဂေါတမီသည် ပြည်ပိုင်မင်း၏ မိဖုရားကြီးဟူသော ကို မနည်းတင်းတင်းချုပ်၍ သူ၏စိတ်ကို တည် အောင် ကြိုးစားဆောက်တည်နေရဟန်ရှိသည်။ သို့ အောင် မှိန်ဖျော့သော မျက်လုံးများထက်သို့ ဝဲတက် သော မျက်ရည်ပြင်ပါးပါးတို့ကို လက်ခံနဲ့မြင်လိုက်ကြ

'သမီးတော့်လေး..လောကမှာ တစ်စုံတစ်ရာသော ဖွယ်ကိုစ္စပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်လာခဲ့ရင် သတင်းဟာ အနီးစပ်ဆုံး ကာယကံရှင်ရဲ့နားကို နောက် ရောက်တာယ်ဆိုတဲ့သဘာဝကို ဆင်ခြင်နှလုံးသွင်းပြီး နားထောင်ပေတော့။ အခု မယ်ဘုရားပြောမယ့် တင်းဟာ မယ်ဘုရားတို့ ဗဟိုရွှေနန်းတော်ကြီးမှာရော တော်တို့စံရာ နန်းတော်မှာရော ဟောဒီကပိလဝတ် တော်ကြီးတစ်ခွင်လုံးမှာရော အားလုံး အုတ်အုတ်သဲသဲ ကြားခဲ့ကြပြီးသားသတင်းပဲ ဖြစ်တယ်။ သမီးတော် ကို မပေါက်ကြားအောင် ဆင်ခြင်စဉ်းသိမ်းကြရ လို့ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက တားဆီးထား မယ့် မိုးကြိုးပစ်ရာ ထန်းလက်နဲ့ကာသလိုပဲဖြစ်မယ် မယ်တော်ဘုရားကိုယ်တိုင် ခမည်းတော်မင်းကြီးကို ခွင့်တောင်းပြီး သမီးတော်ကလေးဆီ အရောက် လာပြီး ပြောကြားတာပဲဖြစ်တယ်'

မိဖုရားကြီး၏အသံက တဖြည်းဖြည်း ပြိုအက်တုန် လာသည်။ ယသော်ဓရာ၏ ရင်ခုန်သံကတော့ နန်း တစ်ခုလုံးထဲမှာ ပဲ့တင်ထပ်နေခဲ့ပြီ။ မယ်ဘုရား လာခြင်းကောင်းဖြင့် ကြွချီခဲ့ခြင်း မဖြစ်နိုင်တော့ပြီ။

'မှန်ပါ၊ မိန့်..မိန့်တော်မူပါမယ်ဘုရား'

'တခြားမဟုတ်ဘူး သမီးတော်။ သမီးတော်ရဲ့ကြင် သူ သားတော်သိဒ္ဓတ္ထကုမာရဟာ ဟောဟိုမြပုခက် ချွေးတော်ကလေး ဖွားမြင်ခဲ့တဲ့နေ့။ ဝါဆိုလပြည့်နေ့ မှာပဲ ရဟန်းပြုဖို့ တောထွက်သွားတော်မူခဲ့ပြီ'

ယသော်ဓရာသည် မယ်တော်ဂေါတမီကို လက်အုပ် ရပ်တန့်နားစွင့်နေရာမှ မိုက်ခနဲဖြစ်သွားပြီး မတ် နေခဲ့သော ခန္ဓာကိုယ်သည်လည်း ဆတ်ခနဲ နောက် ဘက်သို့ လဲပြိုကျတော့မလို ယိုင်သွားသည်။

'သတိထားတော်မူပါ အရှင်မဘုရား'

အနီးတွင်ကပ်၍ရပ်ရင်း အခြေအနေကို စောင့်ကြည့် နေခဲ့သော အထိန်းတော်ကြီးမယ်ဘဒ္ဒါက ငိုသံပါကြီးဖြင့် လွှတ်ခနဲပြောလိုက်ရင်း ယသော်ဓရာ၏ ပခုံးသားတစ်ဖက် ကို အမြန်ဆွဲထိန်းလိုက်၏။ တကယ်က ထိုအကြောင်း သည် အထိန်းတော်ကြီး မယ်ဘဒ္ဒါအပါအဝင် သည်နန်း တော်မှ ရှိရှိသမျှ မိဖုရားငယ်တွေ၊ မောင်းမမိဿံ အမှုလုပ် အခြွေအရံတွေအားလုံး အစောပိုင်းကတည်းက သိခဲ့ကြပြီး သားဖြစ်သည်ပဲ။ နန်းဆောင်အတွင်းတော်သည် အကာလ ညဥ့်ယံနှယ် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ပြင်ပမှ မိုး စက်တို့ ဖွဲဖွဲကြွေသံကလေးသာ နန်းဆောင်ပြတင်းမှတစ် ဆင့် ဝင်ရောက်မလာခဲ့ပါလျှင် အတွင်းတော်မှ ထိုခဏ တိတ်ဆိတ်မှုသည် နက်ရှိုင်းသောတော၏ ဆိတ်ညံမှုကို ပြက်ရယ်ပြုနိုင်ပေလိမ့်မည်။


'ဆက်..ဆက်ပြီး..မိန့်တော်မူပါဦး မယ်ဘုရား'

ယသော်ဓရာမှ ထပ်မံထွက်ရှိလာသော တောင်းဆို စကားသံသည် အငြိမ်ကြီး ငြိမ်ကျသွားသော နန်းဆောင် ကို တုန်တုန်ခိုက်ခိုက် ရိုက်ခတ်နှိုးဆွလိုက်သည့်နှယ်ရှိ၏။ မယ်တော်ဂေါတမီကို ဦးတည်၍ လက်အုပ်ချီထားသော ယသော်ဓရာ၏ ကြာပဒုံဖူးသဖွယ် လက်ချောင်းသွယ်များ သည် တဆတ်ဆတ်တုန်ခါလျက်။

'သားတော်ဟာ အဲဒီညက အနော်မာသောင်ကမ်း အထိ ငယ်ကျွန်ရင်း ဆန္နအမတ်နဲ့ စီးတော်မြင်းကဏ္ဍက ကိုအဖော်ပြုပြီး အရောက်နှင်တော်မူခဲ့တယ်။ ဖွားဖက် တော် ကဏ္ဍကမြင်းတော်ကတော့ အဲဒီညမှာပဲ အနော်မာ သောင်ယံမှာတင် နှလုံးကြေကွဲလို့ သေပွဲဝင်ခဲ့သတဲ့။ ငယ် ကျွန်ရင်း ဆန္နကိုလည်း သူ ရဟန်းပြုပြီးတာနဲ့ ပြည်တော် ပြန်ဖို့ အမိန့်ချခဲ့သတဲ့။ သူကတော့ ဘုရားစင်စစ် ကောန် ဖြစ်ပြီး ပွင့်ထွန်းတော်မူတဲ့အထိ သစ္စာတရားကို မနားမနေ ရှာဖွေတော့မယ်လို့ မိန့်မှာတော်မူလိုက်သတဲ့ သမီးတော်'

မယ်တော်ဂေါတမီ မိဖုရားကြီး၏ ရှိုက်နင့်သော စကားသံ ပါးပါးလျလျသည်သာ အတွင်းဆောင်ကို မွှမ္မ ကြေကြေ လွှမ်းဖြန့်နေသော်လည်း ထိုအသံသည် အတွင်း ဆောင်အတွင်း တိတ်ဆိတ်မှုဆင်သေကို ဆိတ်ရှေ့နှင့်မနိုင် တနိုင် ဆွဲဖုံးနေသကဲ့သို့သာရှိ၏။ အသက်မှူးမျှင်း ၅၂

www.burmeseclassic.com



သည်မှလွဲ၍ သက်မဲ့အရုပ်များသဖွယ် လှုပ်ရှားမှုကင်းမဲ့နေကြသော နန်းဆောင်အတွင်းရှိ အခြွေအရံ မောင်းမမိဿံတို့သည် အရှင်မယသော်ဓရာကို စိုးရိမ်တကြီး ဝိုင်းဝန်းကြည့်ငေးမိကြပြန်၏။ ယသော်ဓရာသည်ကား မယ်တော်ဂေါတမီ ရှေ့၌ လက်အုပ်ချီထားသော ရွှေစင်ရုပ်တုတစ်ခု သံဖွယ်သာ ရှိတော့၏။ ငြိမ်သက်နေသော ထိုရွှေစင်ရုပ်တု၏ ရင်လွှာအရုပ်သည်သာ ပြင်းရှသော အသက်ရှူသံနှင့်အတူ လှိုင်းထလှုပ်ရှားနေ၏။

စူးနစ်သော ဝေဒနာ၏ ဖိစီးမှုကြောင့် သူ့အလိုအလျောက် ပိကျစေ့ပိတ်သွားခဲ့သော ယသော်ဓရာ၏ မျက်ခွံရွှေသားတို့က လေးလံစွာ တအိအိပြန်ပွင့်လာခဲ့ကြသည်။ မြင်လွှာတွင် ထင်ဟပ်လာကြသော နန်းတော်ဆောင်အတွင်းမှ ညွတ်နူးဖွယ် အဆောင်အယောင် အခမ်းအနားတို့သည် ကန့်လန့်ရလွှင်တီးခေါင်နှယ် ပူလောင်ခြောက်ကပ်သွေ့မြည့်နေကြကုန်၏။ တစ်ဆယ့်သုံးနှစ်တိတိ အတူပျော်စံခဲ့သော ဤနန်းဗိမာန်ဆောင်ကြီးသည်လည်း ခုတော့မဟာတစ်စပြင် ဖုန်းဆိုးတောအဖြစ် အသွင်ပြောင်းသွားသည့်နှယ်။ စွန့်ခွာချန့်ထားရစ်ခဲ့ခြင်း၏ ပဋိလက်က ဤမျှပဲ အင်အားကြီးမားရလေသတဲ့လား။ ချစ်နှမကို စွန့်ပစ်ပြီး ထွက်တော်မူသွားခဲ့တာကိုမှ မသိခဲ့ရလေခြင်း မောင်တော်ရယ်။

'ထူးခြားတဲ့ အကြောင်းကိစ္စရယ်လို့တော့ မဟုတ်ပါဘူး နှမတော်။ ဒီနေ့ မောင်တော် ဥယျာဉ်ကစားထွက်တော်မူမယ်' ဆိုတဲ့အကြောင်း ချစ်နှမကို အသိပေးခဲ့ရုံ သက်သက်ပါပဲ။ ထုံးစံအတိုင်းပဲပေါ့။ မောင်တော်ဟာ ဒီနန်းတော်ဆောင်ကနေ အပြင်တစ်နေရာရာကို ထွက်ခွာပြီဆိုတိုင်း နှမတော်ကို အသိပေးခဲ့စမြဲပဲမဟုတ်လား။ မောင်တော်အတွက် စိုးရိမ်ကြောင့်ကြခြင်း မရှိစေချင်လို့လေ'

တတိယအကြိမ်မြောက် ဥယျာဉ်ကစားထွက်တော်မူမည်ပြုစဉ်က ယုယကြင်နာစွာ ပြောကြားခဲ့ဖူးသော ချစ်ဦးသခင် အရှင်မင်းသိဒ္ဓတ်၏ စကားသံတွေက ယသော်ဓရာနားအစုံမှာ ပဲ့တင်ရိုက်ခတ်လာကြပြန်သည်။ အဲဒီတုန်းကလည်း ဒီနန်းဆောင်ထဲမှာပဲ မိန့်တော်မူခဲ့တာမဟုတ်လား။ ဪ..ခုတစ်ကြိမ်မှာတော့ ဥယျာဉ်တော်ထက် အပုံကြီးဝေး ကမ္ဘာခြားတဲ့ အနော်မာသောင်ကမ်းခြေအထိ အပြီးတိုင်ထွက်ခွာတော့မယ့် ခရီးစဉ်မို့ ချစ်နှမကို အသိမပေးတော့ဘဲ ထွက်ခွာတော်မူသွားခဲ့တာများလား။ အခါတိုင်းကတော့ ဥယျာဉ်တော်ကစားဖို့သက်သက်။ ယခုတစ်ကြိမ်ကတော့ သစ္စာတရားရှာဖွေဖို့ နိက္ခမခရီးစဉ်ဖြစ်တာမို့ ဦးတည်ရည်ရွယ်ချက် အတိမ်အနက်အနှိုင်းအဆ ကွာခြားလွန်းလို့ နှမတော်ကို အသိမပေးခဲ့တော့တာများလား။

ယသော်ဓရာ၏ ရင်ထဲတွင် မေးခွန်းတွေ..မေးခွန်းတွေ တလျှပ်လျှပ်တောက်စားနေ၏။ သို့သော် ထိုစကားလုံးတို့သည် အပူလုံးကြီးဆို့ ပိတ်ကာဆီးထားသော လည်မျိုအထိ တက်ရောက်မလာနိုင်ဘဲ နှလုံးသားထဲ၌သာ ချာဝဲလှည့်နေ၏။ ခုတော့ သိခဲ့ပါပြီလေ။ အထိန်းတော်ကြီးမယ်ဘဒ္ဒါမှအစ ရှိရှိသမျှ မောင်းမမိဿံ ညီမတော်တွေအားလုံး၏ လှုပ်ရှားမှုတွေ ဘယ်အကြောင်းကြောင့် အပြောင်းလဲကြီးပြောင်းလဲပြီး အသက်မပါဘဲ ခြောက်သွေ့နေခဲ့ကြရတယ်ဆိုတာ။ သူတို့က ကြိုတင်သိနှင့်ခဲ့ကြပြီးသား ဖြစ်ခဲ့သည်ကိုး။ နှမတော်သာလျှင် နောက်အကျဆုံးသိခွင့်ရခဲ့ပေတော့တာကိုး။ ဒါကြောင့်လည်း မယ်တော်ဂေါတမီက လောကမှာ တစ်စုံတစ်ရာသော မနှစ်မြို့ဖွယ်ကိစ္စ ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်လာခဲ့ရင် အဲဒီသတင်းဟာ အနီးစပ်ဆုံး ကာယကံရှင်ရဲ့နားကို နောက်ဆုံးမှ ရောက်တယ်ဆိုတဲ့ သဘာဝကို ဆင်ခြင်နှလုံးသွင်းပြီးသာ နားထောင်ပေတော့လို့ ကြိုတင်သတိပေးခဲ့တာပဲပေါ့ မောင်တော်ရယ်။

www.burmeseclassic.com

'သြော်..မောင်တော်က သားတော်ကလေး ဖွားမြင်တဲ့နေ့ ညမှာပဲ တောထွက်တော်မူသွားခဲ့တာတဲ့လား။ ဒီအကြိမ် (၄)ကြိမ်မြောက်မှာတော့ သမီးတော်ကို လုံးဝအသိပေးမသွားခဲ့ပါဘူး မယ်တော်ဘုရား'

ယသော်ဓရာသည် မိမိ၏ကူနွေ့ကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားထိန်းချုပ်ရင်း လျှောက်တင်လိုက်၏။ မယ်တော်ဂေါတမီသည် လေးတွဲ့စွာ ဦးခေါင်းညိတ်၍ ကြား၏။

'ဟုတ်ပါလိမ့်မယ် သမီးတော်။ သားတော်သိဒ္ဓတ္ထ တောထွက်တော်မူသွားပြီဆိုတာကို သိလိုက်ကြရပြီးမှ ရထားထိန်းကနေတစ်ဆင့် ထပ်သိလာခဲ့ကြရတာတွေလည်း ရှိသေးတယ်။ သားတော်ဟာ ယခင် ဥယျာဉ်ကစားထွက်ခဲ့တဲ့ (၃)ကြိမ်တုန်းက (၃)ကြိမ်လုံး ဥယျာဉ်တော်ကို မရောက်ခဲ့ဘူး။ ပထမအခေါက်မှာ သူအို၊ ဒုတိယအခေါက်မှာ သူနာ၊ တတိယအခေါက်မှာ သူသေဆိုတဲ့ နိမိတ်(၃)မျိုးကို မြင်တွေ့ခဲ့ရလို့ စိတ်နှလုံးနောက်ကျိုပြီး လှည့်ပြန်ခဲ့တာချည်းပဲတဲ့။ အခုနောက်ဆုံး စတုတ္ထအကြိမ်မှာတော့ ရဟန်းနိမိတ်ကို မြင်တွေ့ခဲ့ပြီး ဥယျာဉ်တော်မှာ ကစားပျော်ပါးခဲ့သတဲ့။ အဲဒီနေ့မှာပဲ နန်းတော်မှာ သားတော်ကလေးဖွားမြင်တဲ့အကြောင်း ဥယျာဉ်တော်ကို လိုက်ပြီး သတင်းပို့တော့ သတင်းပို့လာတဲ့ မင်းချင်းရှေ့မှာပဲ သြော်..ငါ့ကို ညှို့ဆွဲဖမ်းစားတော့မယ့် ရာဟုအသူရိန်က မွေးဖွားလာခဲ့ပြီလား။ ဒါဆိုရင် သားတော်ကလေးကို ရာဟုလာလို့ပဲ အမည်ပေးရမှာပေါ့လို့ ညည်းညူတော်မူခဲ့တယ်လို့ သိရတယ် သမီးတော်'

မယ်တော်ဂေါတမီ၏ မိန့်ကြားချက်သည် ယသော်ဓရာအဖို့တော့ တစ်ပိုင်းတစ်စစီ ပြန့်ကျဲနေသော မြေပုံကားတစ်ချပ်ကို ပကတိမြေပုံပုံစံပေါ်လာအောင် ပြန်လည်ဆက်စပ်နိုင်စရာ အပိုင်းအစတွေကို တစုတဝေးတည်း ပြန်လည်စုပေါင်းပေးအပ်လိုက်သည့်နှယ် ရှိတော့၏။ ယသော်ဓရာ၏ မှတ်ဉာဏ်အတွင်းတွင် မင်းသိဒ္ဓတ္ထနှင့် ပြောဖူးဆိုဖူးခဲ့ကြသော စကားအချက်အလက်တချို့ ပြန်လည်လင်းပြက်လာ၏။

'နမတော်ကတော့ မောင်တော် ဥယျာဉ်ကစားဖို့ ထွက်တော်မူတိုင်း ချမ်းမြေ့ကြည်သာနိုင်ခဲ့ပါစေလို့ အမြဲဆုတောင်းပေးခဲ့ပါတယ် မောင်တော်။ အဲဒီနမတော်ရဲ့ ဆုတောင်းကရော ပြည့်ရဲ့လားဟု ယသော်ဓရာ မေးခဲ့စဉ်က မောင်တော်သိဒ္ဓတ္ထသည် ရုတ်ခြည်းပြန်မဖြေနိုင်ဘဲ ခေတ္တငေးငိုင်သွားခဲ့ဖူးသည်ကို ပြန်မြင်ယောင်လာ၏။

ထိုမေးခွန်းကိုပင် နောက်တစ်ကြိမ်ထပ်မေးတော့မှ-

'မောင်တော် ဥယျာဉ်ကစားထွက်တော်မူခဲ့တဲ့ နှစ်ကြိမ်စလုံးမှာ နမတော်ဆုတောင်းပေးသလို စိတ်နှလုံးကြည်သာ ချမ်းမြေ့ခြင်းကိုတော့ အပြည့်အဝ မခံစားခဲ့ရသေးဘူး။ ဒါပေမဲ့ နန်းတော်ဆောင်ထဲမှာ စံနေတော်မူတာနဲ့စာရင်တော့ အဲဒီထွက်တော်မူ နှစ်ကြိမ်စလုံးမှာ မောင်တော့်အတွက် အကျိုးကျေးဇူးရှိခဲ့တာ အမှန်ပါ။ တွေးဆမြော်မြင် ဆင်ခြင်စရာ အတွေးအကြံတွေ မောင်တော့်မှာ ရလာခဲ့တယ်။ ချုပ်ပြီးပြောရရင် အချည်းနှီးအကျိုးမဲ့တော့ မဖြစ်ခဲ့ဘူးပေါ့ကွယ်။ အဲလို အချည်းနှီး မဖြစ်ခဲ့တာကိုက ကျေနပ်စရာပေါ့။ အဲဒီကျေနပ်မှုကို ရတဲ့အတွက် နမတော်ရဲ့ ဆုတောင်းက တစ်နည်းမဟုတ်ပေမယ့် တစ်နည်းနဲ့ ပြည့်တယ်လို့ ပြောရတာပါ။ သည်မျှဖြေရင် နမတော် ဘဝင်ကျရောပေါ့'ဟု မယုတ်မလွန် နှိုင်းနှိုင်းဆဆ ဖြေကြားမိန့်မြွက်ခဲ့သံကို ပြန်ကြားယောင်လာ၏။

သည်တုန်းက အတိအကျမဟုတ်ခဲ့သော မောင်တော်၏ ဖြေကြားချက်ကို အပြည့်အဝ ဘဝင်မကျခဲ့သည့်တိုင် မောင်တော် စိတ်အနှောင့်အယှက်ဖြစ်သွားမည်စိုး၍ ဘယ်လိုအတွေးအကြံတွေ ရလာခဲ့တာများလဲ မောင့်တော်ဟူသော ထပ်ဆင့်မေးခွန်းကို မေးချင်ပါလျက်နှင့် ယသော်ဓရာ မျိုသိပ်ခဲ့လိုက်သည်ကို ပြန်သတိရလာ၏။ အကယ်၍ မေးခဲ့မြန်းခဲ့မိလျှင်ပင် မောင်တော်က ထပ်မံ၍ ဖြေချင်မှ ဖြေပေလိမ့်မည်ဟု ယခုမှ ဆက်စပ်တွေးသိလာရ၏။

သြော်..သည်တုန်းက မောင်တော်ဟာ သူမြင်ခဲ့ရတဲ့ သူအိုနဲ့ သူနာ နိမိတ်နှစ်ခုကို ရည်ရွယ်ပြောဆိုနေခဲ့ခြင်းပါကလားဟု ယခုမှ တရေးရေး ဆင်ခြင်တွေးဆ အဖြေပေါ်လာသည်။ ထို့နောက်တွင်မှ သူသေနိမိတ်နှင့် ရဟန်းနိမိတ်တို့ကို ထပ်ဆင့်မြင်တွေ့ပြီးနောက် နည်းစည်းစိမ်နှင့်တကွ မိမိအပါအဝင် သားတော်ကလေးအဆုံး အလုံးစုံကိုစွန့်ပယ်၍ တောထွက်တော်မူခဲ့ခြင်းပါတကားဟု အဆုံးသတ်ဖတ်ရည်လည်ရတော့သည်။

'ဒီလိုဆိုတော့ မောင်တော်က သားတော်ကလေး ဖွားမြင်ခဲ့တာကို သိလည်း သိသွားခဲ့တယ်။ ရာဟုလာဆို

www.burmeseclassic.com

www.burmeseclassic.com

တဲ့ အမည်နာမတော်ကိုလည်း ပေးသွားခဲ့တယ်လို့ မှတ်ယူရမယ့်သဘောလား မယ်ဘုရား'

မယ်တော်ဂေါတမီ၏ မျက်ဝန်းများ မှိုင်းရီသွားကြပြန်၏။ ယသော်ဓရာ၏ဖြစ်စဉ်သည် ယခုကြုံရပုံကပင် ကြေကွဲဖွယ်ပင်အတိ။ တစ်ဆယ့်သုံးနှစ်တိတိ ရှေ့လက်တွဲခဲ့သော ငယ်ချစ်လင်သည်သီ မည်သည့်ပြစ်ဒဏ်မျိုးမှ မကျူးလွန်ခဲ့ဘဲ အသည်းအသက်နှင်းဆက်၍ ချစ်ကြင်နာခဲ့ပါလျက်နှင့် ရင်သွေးတော်ကလေး မွေးဖွားလာပြီ ဆိုသည့်အချိန်ကျမှ ရှောင်ခွာစွန့်ပစ်ထားခဲ့ခြင်းကို ခံယူလိုက်ရသည့်အဖြစ်။ သည်အထဲ ယခုမေးခွန်းမျိုးကို ထပ်ဆင့်မေးလာသောအခါ ကြေကွဲခြင်းတွင် အထွတ်တင်၍ ဆွေးမြည့်မဆုံး ယူကျုံးမရ စာနာကြည့်ပါတော့ဟု ပြောလိုက်သည့်နှယ်သာ ရှိတော့၏။

'သမီးတော်လေးရယ်၊ မယ်တော် ကရုဏာသက်လို့ မဆုံးအောင် ရှိရပါပေါ့လား။ သို့ပေမယ့် သမီးတော် မေးခဲ့တဲ့အတိုင်း မှတ်ယူလိုက်ခြင်းကပဲ အကောင်းဆုံး ဖြေသိမ့်ရာ ဖြစ်ပါလိမ့်မယ် သမီးတော်။ သားတော် သိဒ္ဓတ္ထကုမာရဟာ ရဟန်းဘဝကို ခံယူကူးပြောင်းသွားပြီမို့ ဘဝချင်း ခြားခဲ့ပြီဆိုပေမယ့် အသက်ချင်း ခြားကြသေးတာ မဟုတ်ပါဘူး။

သားတော်ရဲ့ ရည်ရွယ်ချက်အတိုင်း ထမြောက်အောင်မြင်ခဲ့လို့ ဘုရားစင်စစ် ကေန်ဖြစ်တော်မူလာခဲ့ပြီးပြီဆိုရင်လည်း တစ်ချိန့်ချိန် တစ်ခါခါမှာ ပြန်လည်ဖူးမြော် ဆုံတွေ့နိုင်စရာ အကြောင်းရှိသေးတယ်လို့သာ အားတင်းတော်မူပေတော့။ နောက်ပြီးတော့ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးနဲ့ မယ်ဘုရားတို့ကလည်း ဆက်လက်စောင့်ရှောက်တော်မူသွားကြမှာပဲ။ သားတော်ရှိစဉ်က အတူစံပျော်ခဲ့တဲ့ သည်နန်းတော်မှာပဲ မြေးတော်ကလေးနဲ့အတူ အခြွေအရံ ညီမတော် ရံရွေတော်များနဲ့ ဆက်စံနေတော်မူပါ။ မယ်ဘုရားဟာ သားတော်ရဲ့အကြောင်း သတင်းကိုပေးသလို သမီးတော်ကို အားပေးစကားလည်း မိန့်မှာတော်မူချင်လို့ သမီးတော်တို့ နန်းတော်ဆောင်ကို ကြွမြန်းခဲ့တာပဲ။ နားလည်ဖြေသိမ့်နိုင်ရောပေါ့ သမီးတော် ယသော်ဓရာ'

မိဖုရားကြီး မဟာပဇာပတီဂေါတမီ၏ ကြင်နာသော အားပေးနှစ်သိမ့်စကားတွေကတော့ အားတက်ဖွယ်ကောင်းပါ၏။ သို့ပေမည့် စတင်မွေးဖွားလာသည်မှသည် ယခု သက်တော်(၂၉)နှစ်ထိတိုင် မည်သို့သော အဆိုးလောက တို့မျှ မြူမျှ မသန်းခဲ့ရသော။ ဘဝတစ်လျှောက်လုံ အကောင်းဆုံး၊ အညွန့်ဆုံး၊ အမြင့်မားဆုံး အခြေအနေမျ နှင့်သာ စံပျော်ရှင်သန်ဖြတ်သန်းခဲ့ရသော ယခုအချိန်အ သာမန်ပုထုဇဉ် မိန်းမရွယ်ကလေးတစ်ဦးမျှအဖြစ်သာ နေသေးသော ယသော်ဓရာအဖို့ ဤမျှပြင်းထန်သော နှလုံ ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးကို မည်သို့လျှင် အန်တုရင်ဆိုင်နို စွမ်းရှိပါမည်နည်း။ အဒိုလွယ် အရှိုက်ခက်လှ၏။ ချ ခြင်းမေတ္တာအဟုန်ကြောင့် မောင်တော့်ကို မနာကြည်းရ နိုင်သည့်တိုင် ကြုံရသည့် ခွဲခွာကျန်ရစ်ခဲ့ရခြင်းအတွက် နာကျင်ခြင်းကတော့ ရင်နှင့်မဆံ့။ လောကစံအဆိုး(၄) ပါးနှင့် တစ်သက်တာလုံးက ဝေးသားပေသားကျလာခဲ့သ ဖြစ်စေဦးတော့ (၁၅၀၀)ကီလေသာ အချစ်မီး၏ လောင် မြိုက်မှုနှင့်တွေ့လျှင် အရည်ပျော်သွားကြမြဲ မဟုတ်ပါ လော။

'သမီးတော်အတွက် စိုးနှောင့်တော်မမူပါနဲ့ မယ် ဘုရား။ ခုအချိန်ကို ရောက်လာမှတော့ မောင်တော်ဟာ သမီးတော်ကိုယ်တိုင်က သူ့ရှေ့မှောက်အရောက် လိုက်လံ ခေါ်ငင်သည့်တား၊ သူ့ယတိပြတ် ဆုံးဖြတ်ချက်ကို ပြင် မယ့်သူ မဟုတ်ဘူးလို့ သမီးတော် ရိပ်စားမိလိုက်ပါပြီ။ သူ့ရည်ရွယ်ချက် အောင်မြင်အောင် တစ်ကိုယ်တည်း ဆက် လက်ကြိုးစားပါစေတော့။ သမီးတော်ဟာ သူ့အလိုကို ဘယ်အခါကမှ မဆန့်ကျင်ခဲ့ဖူးသူဆိုတာ သူကိုယ်တိုင် သိပါတယ်။ အခုလည်း သူ့အလိုကျသာ ရှိပါစေတော့။ သမီးတော်ကတော့ သူ့ကိုလွမ်းတတဲ့စိတ်နဲ့ ခံစားလာရမယ့် သောကတရား ဟူသမျှကို သားတော်ကလေးကို အတိုးချ ပြုစုစောင့်ရှောက်ခြင်းနဲ့ အစားထိုးဖြေသိမ့်နိုင်ဖို့ တစ်ခုက လွဲပြီး ဘာမှမတတ်စွမ်းနိုင်တော့ပါဘူး မယ်ဘုရား'

ယသော်ဓရာ၏ စကားသံတို့ကလည်း တုန်ခါလျက် ရှိ၏။ မိမိကို နှစ်သိမ့်ဖို့ကြွလာတော်မူသော မယ်ဘုရားကို လည်း ဆက်လက်၍ သောကမီး မတောက်လောင်စေလို တော့ပါ။ ဗဟိုနန်းဆောင်သို့ စိတ်ဖြောင့်ဖြောင့် ပြန်လည် ကြွချီနိုင်ပါစေတော့ဟူသော ဆန္ဒဖြင့်သာ အပူရုပ်ကို ထိန် ချုပ်လျှောက်ထားလိုက်ရသော်လည်း ရင်ထဲမှာတော့ မီး တောက်နေခဲ့ပါပြီကော။

မိဖုရားကြီးဂေါတမီသည် သက်ပြင်းမွှေ့ငွေ့ကို ရှိုက်



www.burmeseclassic.com

www.burmeseclassic.com

ကိုက်ရင်း ရှေ့သို့လှမ်းလာ၏။ ပြီးနောက် ယသော်ဓရာ၏ ကိုယ်ခန္ဓာကို ခေတ္တခွဲယူဖက်ထားလိုက်၏။ ဤသည် မိဖုရားကြီး၏ အနွေးထွေးဆုံးသော နှစ်သိမ့်မှုဖြစ်ရသော်ငြား။ မယ်ဘုရား ရင်ထဲမှာလည်း အသံမဲ့ငိုကြွေးနေမှာပါပဲဟု ယသော်ဓရာ နားလည်နေသည်။

"ကဲ- မယ်ဘုရား၊ ဗဟိုနန်းဆောင်ကို ပြန်ကြွတော့မယ် သမီးတော်။ လိုအပ်ချက်ရှိလာရင် ဘာပဲဖြစ်ဖြစ် မယ်ဘုရားတို့ထံ အထောက်တော် လွှတ်လိုက်ပေါ့ကွယ်"

မောင်တော် မရှိတဲ့နောက်တော့ ဘာဆိုဘာမှ မလိုအပ်တော့ပါဘူး မယ်တော်ရယ်ဟု ရင်ထဲကသာ တုံ့ပြန်လိုက်မိ၏။ မိဖုရားကြီးဂေါတမီသည် နန်းစက်ရာဆောင်မှ တရွေ့ရွေ့ ပြန်လည်ထွက်ခွာသွား၏။ အထိန်းတော်ကြီး မယ်ဘဒ္ဒါနှင့်အတူ ဤနန်းဆောင်မှ ရံရွေတော်အများသည်း မိဖုရားကြီးကို လိုက်လံပို့ဆောင်ဖို့ ပြန်လိုက်ပါသွားကြ၏။ သည်တော့မှ ယသော်ဓရာ၏ ခြေလှမ်းတို့သည် သားတော်ကလေးရှိရာ ဇေယာဥ် မြပုခက်ဆီသို့ ရောက်သွားမိလျက်သား ဖြစ်သွားကြသည်။ မြပုခက်အနီးသို့ ရောက်သည်တွင် ဒူးအစုံက အင်အားမဲ့စွာ ညွတ်ကျသွား၏။

သားတော်ကလေးကမူ ငွေ့ငွေ့စက်စက် အိပ်ပျော်နေသော နီထွေးသော သားတော်ကလေး၏ မျက်နှာသည် ယသော်ဓရာ၏ မျက်ဝန်းမြင်လွှာတွင် ဝေဝါးသွား၏။ ထိုအခါမှာပင် ပါးပြင်နှစ်ဖက်ပေါ်သို့ ဖြိုင်ဖြိုင်စီးကျလာသော မျက်ရည်ပူတွေက တလိမ့်လိမ့်။ သူမ၏ ကျောပြင်သည်လည်း တသိမ့်သိမ့်။

♦ ♦ ♦

(၂၀)

ရာဇဂြိုဟ်ပြည် (သို့မဟုတ်) ရာဇဂြိုဟ်ရွှေမြို့တော်။

"တောင်ငါးလုံးပတ်ကာခို မြို့တော်ရာဇဂြိုဟ်ဟု ထင်ရှားသည်။ မဇ္ဈိမဒေသတွင် မာဂဓတိုင်း၊ ကောသလတိုင်း၊ ဝံသတိုင်း၊ အဝန္တိတိုင်းဟု အဓိကရတိုင်းကြီး လေးတိုင်းရှိသည့်အနက် မာဂဓတိုင်း၏ ထင်ရှားကျော်ကြားသော မြို့တော် ဖြစ်လေသည်။ အုပ်ချုပ်သူမှာ ဗိမ္ဗိသာရမင်းကြီးဖြစ်၏။

အလောင်းတော် မင်းသိဒ္ဓတ်သည် တောထွက်တော်မူ၍ ရဟန်းပြုပြီးနောက် အနုပိယသရက်တောသို့ ခုနစ်ရက်တိုင်တိုင် ရဟန်းချမ်းသာဖြင့်နေပြီးနောက် ထိုရာဇဂြိုဟ်ပြည်သို့ ခြေကျင်ကြွတော်မူကာ ဆွမ်းခံဝင်လေသည်။ အနုပိယ သရက်တောနှင့် ရာဇဂြိုဟ်ပြည်သည် ယူဇနာ သုံးဆယ်ကွာဝေး၏။ သာမန်ရဟန်းတစ်ပါး၏ ခြေလှမ်းမျိုးနှင့်သာ ကြွချီလျှင် နေ့ချင်းပေါက် ရောက်နိုင်ဖွယ်မရှိသော ခရီးအကွာအဝေးဖြစ်၏။ သို့သော် နတ်မင်းတို့သည် ခရီးတာကို ချုံ့၍ပေးကြလေသောကြောင့် အချိန်အခါ မလင့်မီပင် ရာဇဂြိုဟ်သို့ ရောက်ရှိလေသည်။

အလောင်းတော်သည် မြို့တော်၏ အရှေ့တံခါးဝသို့ ရောက်သည်နှင့်ပင် ပြန့်လည်ဆင်ခြင်တော်မူမိ၏။ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး၏နန်းတော်သို့ ဆွမ်းခံကြွတော်မူခဲ့ပါလျှင် မိမိသည် ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏သားတော် သိဒ္ဓတ္ထဖြစ်ကြောင်းသာ သိရှိသွားပါက ဂရုတစိုက် အလေးထားကာ ပစ္စည်းလေးပါးကို ပို့ဆောင်ပေလိမ့်မည်။ သို့ဆိုလျှင် ထိုပစ္စည်းလေးပါးသည် ရဟန်းတစ်ပါးအဖို့ သုံးဆောင်ထိုက်ပေမည် မဟုတ်။ ရှင်ဘုရင်တစ်ပါး၏သားတော် ဥပရာဇာတစ်ပါးတည်းဟူသော အမြင်အစွဲဖြင့် ထောက်ပံ့လှူဒါန်းလာမည် ဖြစ်၍ စင်ကြယ်သည်ဟု မဆိုသာ။ ထို့ကြောင့် သာမန်ရဟန်းတစ်ပါး အသွင်ဖြင့်သာ မြို့တွင်းဝင်၍ အိမ်စဉ်လှည့်လည်ကာ ဆွမ်းခံဝင်ခြင်းသည်သာ သင့်လျော်သည်ဟု ဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်အတိုင်းပင် မြို့တွင်းသို့သာဝင်၍ အိမ်စဉ်လှည့်ကာ ဆွမ်းခံတော်မူလေသည်။

ဤသို့လျှင် အလောင်းတော်က ဆင်ခြင်သတိဖြင့် ကြိုတင်ရှောင်ရှားသော်လည်း ရည်ရွယ်သည့်အတိုင်း ဖြစ်မလာချေ။ အခြားသောအလှူခံ ပုဂ္ဂိုလ်များနှင့် ကြွချီသွားလာပုံမှအစ မတူကွဲပြားနေသော ဣန္ဒြေတော်ကြောင့် ဆွမ်းလောင်းသူပုဂ္ဂိုလ်တိုင်းကပင် ကောင်းစွာသတိထားမိလိုက်ကြ၏။ မကြာလိုက်လှသော အချိန်ပိုင်းကလေး အတွင်းမှာပင် အလောင်းတော်၏သတင်းက ပျံ့နှံ့သွားတော့၏။ မြို့တော်အတွင်းဝယ် အသွင်အပြင်၊ ရုပ်ဆင်းအင်္ဂါ တင့်တယ်၍ ထူးခြားသောဣန္ဒြေ ရှိတော်မူသည့် ရဟန်းတစ်ပါး ဆွမ်းခံကြွရောက်နေသည်ဆိုသော သတင်းသည် မင်းကြီး၏ နန်းတော်သို့ အမြန်ရောက်ရှိသွားတော့၏။ ထိုသတင်းကို ကြားသိရသောအခါ ဗိမ္ဗိသာရမင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးသည် နန်းတော်မှ ကိုယ်တော်တိုင် ထွက်တော်မူ၍ စုံစမ်းလေတော့သည်။ မြို့တွင်း တစ်နေရာ၌ပင် မင်းကြီးနှင့် အလောင်းတော်ရဟန်းတို့ တွေ့ဆုံသွားကြ၏။ မင်းကြီးသည် ရဟန်းတော်အား အရိုအသေပြုပြီးနောက် ဇာတိ၊ ပဝတ္တိ သိလိုရာရာကို လျှောက်ထားမေးမြန်းလေသည်။

'အရှင်ရဟန်း··အရှင်သည် ပျိုမျစ်နုနယ်ပြီး တင့်တယ်သော အသွင်အလျာလည်းရှိတယ်။ စင်ကြယ်သိမ်မွေ့ခြင်းကိုဆောင်တဲ့ ဣန္ဒြေလည်းရှိတယ်။ အရှင်ရဟန်းဟာ သာမန်အမျိုးအနွယ်ထဲကတော့ ဟုတ်ဟန်မတူဘူး။ ဒါကြောင့် စုံစမ်းမေးမြန်းလိုတာနဲ့ မြို့တော်ထဲအထိ လိုက်လာခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်ုပ်ကို ပြောပြပါ။ ကျွန်ုပ်ကတော့ ဒီရာဇဂြိုဟ်ပြည်ရဲ့ စိုးပိုင်အုပ်ချုပ်သူ ဘုရင် ဗိမ္ဗိသာရ ဖြစ်ပါတယ် ရဟန်းတော်'

'မင်းကြီး··အကျွန်ုပ်ဟာ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီးရဲ့သားတော် သိဒ္ဓတ္ထကုမာရ ဖြစ်ပါတယ်။ သာကီဝင်ခတ္တိယမျိုးနွယ်ထဲကပါပဲ။ အခု မိမိတိုင်းပြည်က ထွက်ခွာလာခဲ့ပြီး ရဟန်းပြုခဲ့သူပါ'

ဗိမ္ဗိသာရမင်းကြီးကား အလောင်းတော်၏ သွင်ပြင်လက္ခဏာနှင့် တည်ငြိမ်သောဣန္ဒြေကို မြင်စကတည်းက ဘဝင်ကျနှစ်ခြိုက်မိပြီး ဖြစ်၏။ ယခု အလောင်းတော်ရဟန်း၏ ဖြေကြားချက်ကို ကြားသိရသောအခါ များစွာဝမ်းမြောက် သဒ္ဓါပေါက်လာလေသည်။ မင်းမျိုးစင်စစ်ဧကန်ဖြစ်သည်ဟု သိလိုက်သည်နှင့် မိမိနှင့် တစ်ပြေးညီသော အဆင့်အတန်းပေတည်းဟု လွန်စွာကျေနပ်မိ၏။ ထို့ကြောင့် မိမိနှင့်အတူတကွ မင်းစည်းစိမ်ကို ခံစားပါရန် တိုက်တွန်းမိလေတော့သည်။

'အရှင်ရဟန်း·· အသင်က နုပျိုလှပါသေးတယ်။ ခတ္တိယမျိုးနွယ်ဝင် ဘုရင့်သားတော် ဖြစ်ပါလျက်နဲ့ ငယ်နုစဉ်မှာ မင်းစည်းစိမ်ကို စံစားထိုက်ပါသေးတယ်။ အသက်အရွယ်ရလာတဲ့ အချိန်ကျတော့ ရဟန်းပြုချင်လည်း ပြုတာပေါ့။ ခုအချိန်မှာ အသင်အလိုရှိတယ်ဆိုရင် ကျွန်ုပ်စိုးပိုင်တဲ့ မဂဓတိုင်း၊ အင်္ဂတိုင်းမှာ မင်းစည်းစိမ်ကို ကျွန်ုပ်နဲ့ အတူတကွ ခံစားဖို့ ဖိတ်မန်ပါရစေ'

'အသင်မင်းကြီး··ကျွန်ုပ်ဟာ နေမြဲအတိုင်း တစ်ဆယ့်သုံးနှစ်တိတိ ထီးနန်းစည်းစိမ်ကို ခံစားခဲ့ပြီးသူဖြစ်တယ်။ မင်းစည်းစိမ်ကို အလိုရှိခဲ့ပါလျှင် ကပိလဝတ်က[...] နန်းဆောင်မှာ ဆက်လက်စံမြန်းနေရုံနဲ့ တစ်ချိန်မှာ မလွ[...] မသွေ ထီးဆောင်းမင်းအဖြစ်ကို ရရှိဖို့သေချာပြီးသူလည်[...] ဖြစ်တယ်။ သို့ပေမယ့် ဝတ္တုကာမနဲ့ ထီးနန်းကို တမင်စွ[...] ပစ်ခဲ့သူ ဖြစ်ပါတယ်။ ကျွန်ုပ်ရဲ့ ရည်ရွယ်ချက်က ဘုရ[...] အဖြစ်ကို ဧကန်ရရှိပြီး သံသရာထဲက မိမိကိုယ်တို[...] လွတ်မြောက်သလို အခြားသတ္တဝါဝေနေယျတို့ကိုလည်[...] လွတ်မြောက်ရာဓမ္မကို ဟောကြားပြသနိုင်ဖို့ပဲဖြစ်တယ်[...] မင်းစည်းစိမ်ကို အလိုမရှိပါဘူး အရှင်မင်းကြီး'

အလောင်းတော်ရဟန်း၏ ပြတ်သားသော အဖြေ[...] ကြောင့် ဗိမ္ဗိသာရမင်းကြီးမှာ အံ့အားသင့်ခြင်းနှင့်အတ[...] လှိုက်လှဲသော အားတက်ကြည်ညိုခြင်းတို့လည်း တသိ[...] သိမ့် ဖြစ်ပေါ်လာလေသည်။

'ဒါဟာ အရှင်ရဟန်းရဲ့ နောက်ဆုံးအဖြေပဲလာ[...] ဘုရား'

'မှန်တယ် မင်းကြီး၊ ဘုရားဖြစ်ရန် ကျင့်ကြံအား[...] ထုတ်ဖို့ ကလွဲပြီး ကျွန်ုပ် အခြားဘာမှ အလိုမရှိဘူး'

သီဟနုဒဟု ဆိုအပ်သော ခြသေ့်မင်း၏ ရဲ[...] တောက် ဟိန်းဟောက်ခြင်းသဖွယ် ပကတိပြတ်သားသော[...] အဖြေစကားကြောင့် ဗိမ္ဗိသာရမင်းကြီးမှာ အတိုင်းထ[...] အလွန် အားရနှစ်ခြိုက်မိရတော့၏။ ထို့ကြောင့် ဆ[...] လက်တိုက်တွန်းခြင်း မပြုတော့ဘဲ ပဋိညာဉ်တစ်ရပ်ကိုသ[...] တောင်းခံလိုက်ရလေသည်။

'ကောင်းပါပြီ အရှင်ရဟန်း၊ ကနဦးအနေနဲ့ ကြိုတ[...] ဖိတ်မန် ပင့်လျှောက်ထားပါရစေ။ အရှင်ရဟန်း ဦးတည[...] ချက်အတိုင်း ဘုရားဖြစ်တော်မူသည့်အချိန်တွင် ရှေးဦးစွ[...] ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူ၍ ကျွန်ုပ်နှင့်တ[...] ဝေနေယျတို့ကို တရားဓမ္မများ ဟောကြားညွှန်ပြပေးတော[...] မူပါ'

'သင့်တောင်းဆိုချက်ပဋိညာဉ်ကို ကျွန်ုပ်ပေးပါတယ[...] မင်းကြီး။ ဘုရားဖြစ်တော်မူလျှင် သင်၏ ရာဇဂြိုဟ်သ[...] ကျွန်ုပ် ကြွရောက်လာခဲ့ပါမယ်'

အလောင်းတော်ရဟန်းသည် မင်းကြီး၏ တောင်း[...] ချက်ကို လိုက်လျောမည့်အကြောင်း မိန့်ဆိုပြီးနောက် ရာ[...] ဂြိုဟ်မှ ပြန်လည်ကြွချီတော်မူခဲ့လေသည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

အလောင်းတော်သည် တရားရှာဖွေ ကျင့်ကြံအား ထုတ်ရာ၌ ညွှန်ကြားပြသမည့်ဆရာ လိုအပ်သည်ဟု ယူဆ သည်။ ထို့ကြောင့် ဆရာရှာဖွေခဲ့ရာ ရှေးဦးစွာ အာဠာရကာလာမ ဆရာကြီးနှင့်တွေ့၍ ဝင်ရောက်သင်ကြား နည်းနာခံယူ၏။ အာဠာရကာလာမဆရာကြီးကလည်း သူ၏ ကျင့်စဉ်များကို သင်ကြားပေးပါ၏။ အလောင်းတော် ထိုကျင့်စဉ်များကို ကြိုးစားကျင့်သုံးရာ၌ အလျင်အမြန်ပင် လွယ်လွယ်ကူကူစွာ သိမြင်တတ်မြောက်ခဲ့သည်ကား မှန်ပါ၏။ သို့ရာတွင် လောကီဈာန်သမာပတ် ခုနစ်ရပ်မှာပင် လမ်းဆုံးနေလေသည်။ ထို့ကြောင့် သေသေချာချာ မေးမြန်းစေ့ငုလိုက်သောအခါ အာဠာရကာလာမဆရာကြီးက ဝန်ခံ၏။

'ရှင်ရဟန်း··ငါ၏ကျင့်စဉ်သည် အာကိဉ္စညာယတနဈာန်တိုင်အောင်သာ ရောက်နိုင်သည်။ ထို့ထက်မပို။ သင်ဆိုလိုသော သံသရာမှ ထုတ်ချောက်လွတ်မြောက်သည့် နိဗ္ဗာန်ဘုံသို့ မရောက်နိုင်။ ထိုနိဗ္ဗာန်ဘုံဆိုသည်ကို ငါကိုယ်တိုင်လည်း မသိသေး။ မည်သည့်ကျင့်စဉ်နှင့်မှ ရောက်ရှိမည်ဆိုသည်ကိုလည်း မပြောပြတတ်နိုင်သေးပါ'

အာဠာရကာလာမဆရာကြီး၏ ဝန်ခံချက်ကြောင့် အလောင်းတော်သည် ဆရာကြီးအား နှုတ်ဆက်ခွဲခွာခဲ့ကာ ပိုမိုသာလွန်မြောက်ဆရာကို ရှာဖွေပြန်သည်။ ဤတွင် ဥဒက ရာမပုတ္တဆရာကြီးထံ ရောက်ရှိရပြန်ကာ နည်းနာခံပြန်၏။ ထိုဆရာကြီး၏ ကျင့်စဉ်သည်လည်း နေဝသညာ နာသညာယတနဈာန်အထိသာ ရောက်နိုင်၏။ နိဗ္ဗာန်သို့တိုင်အောင် မရောက်နိုင်ဟု သိလာရပြန်၏။ ထို့ကြောင့် ထိုဆရာကြီးထံမှ ခွဲခွာလာခဲ့ပြန်ကာ ဥရုဝေလတောအုပ်သို့ တစ်ပါးတည်း ဝင်တော်မူခဲ့၏။ မည်သူ့ကိုမျှ အားမကိုးတော့ဘဲ မိမိ၏ ပြင်းထန်သော လုံ့လ၊ ဝီရိယကိုသာ အားပြု၍ ကျွတ်လမ်းအားထုတ်တော့မည်ဟု ဆုံးဖြတ်လျက် သစ်ရွက်မိုး ကျောင်းသခမ်းဖြင့် ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူလေ၏။

တစ်နည်းအားဖြင့် အလောင်းတော် ကျင့်တော်မူသော အကျင့်မှာ အစာအာဟာရမမှီဘဲ မစားသောက်ခြင်း အနသနဝတ္တအကျင့် ဖြစ်လေသည်။ အန်-မ၊ အသန-မစား ဝတ္တ-အကျင့် ဖြစ်တော့၏။ သာမန်လူသားများ၊ ရသေ့ရဟန်းတော်များ ကျင့်နိုင်ခက်ခဲသော အစာဖြတ်၊ ရေဖြတ်ခြင်းဖြင့် မိမိခန္ဓာကိုယ်ကို အညှာတာ မပြု၊



အထောက်အပင့် မပြုဘဲ တရားအာရုံ၌သာ စူးစိုက်အား ထုတ်သော ပြင်းထန်သည့်အကျင့် ဖြစ်လေသည်။

အလောင်းတော် ထိုသို့ပြင်းထန်စွာ ကျင့်နေသဲမှာပင် ဥရုဝေလတောအုပ်သို့ တရားရှာနေကြသော ရဟန်းငါးပါး ဝင်ရောက်လာကြသည်။ ငါးပါးအစုအဖွဲ့ဖြစ်သောကြောင့် ပဉ္စဝဂ္ဂီငါးဦးဟု အမည်တွင်၏။ ထိုအဖွဲ့၏ အကြီးအမှူးမှာ အသက်အကြီးဆုံးဖြစ်သော အရှင်ကောဏ္ဍညဖြစ်သည်။ ကျန်လေးဦးကား အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ၊ အရှင်အဿဇိတို့ ဖြစ်ကြ၏။ ခေါင်းဆောင်ဖြစ်သော အရှင်ကောဏ္ဍညကား အခြားသူ မဟုတ်။ အလောင်းတော် မွေးဖွားလာစက ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်၏ အနာဂတ်ဟောကိန်းကို ထုတ်ခိုင်းခဲ့ရာတွင် အခြားပုရောဟိတ်ပုဏ္ဏားများကဲ့သို့ စကြဝတေးမင်းသော်လည်းကောင်း၊ ဘုရားရှင်သော်လည်းကောင်း ဖြစ်လိမ့်မည်ဟု နှစ်ခွမဟောဘဲ ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟု တစ်ခွန်းတည်းသာ ရဲရဲတောက်ဟောကြားခဲ့သော နန်းတွင်းပုရောဟိတ်ကြီး ဖြစ်သည်။ ထိုအပြင် သူ့ဟောကိန်းအတိုင်း အလောင်းတော်မင်းသားရဟန်းပြုရန် တောထွက်တော်မူလာမည်ကို ကြိုတင်စောင့်ရန် သန္နိဋ္ဌာန်ဖြင့် အစောကြီးကတည်းက ကပိလဝတ်မှ ထွက်ခွာရဟန်းပြုခဲ့သူ ဖြစ်သည်။ ယခုတော့ အရှင်ကောဏ္ဍည စောင့်စားခဲ့သော အချိန်အခါသည် ဆိုက်ရောက်လာခဲ့ပေပြီ။ အလောင်းတော်သည် အားအင်ကုန်ခန်း လက္ခဏာတော်များ ပျောက်ပြယ်နွမ်းနယ်သည်အထိ ပြင်းထန်သော ဒုက္ကရစရိယာအကျင့်ကို ကျင့်ဆောင်အား ထုတ်နေပြီ မဟုတ်ပါလော။

www.burmeseclassic.com

ထိုအကျင့်၏ အဆုံးသတ်တစ်နေ့တွင် အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူလိမ့်မည်ဟု ပဉ္စဝဂ္ဂီတို့က ယုံကြည်မျှော်လင့်ကြသည်။ ထိုယုံကြည်ချက်ကြောင့်လည်း အလောင်းတော်အပါး၌ စုဝေးနေထိုင်ကြကာ အထောက်အကူအလို့ငှာ လုပ်ကျွေးပြုစုကြ၏။ သို့ရာတွင် အလောင်းတော်မူကား အာဟာရကို မျှတသည်အထိ မမှီဝဲတော့။ ကျင့်ကြံအားထုတ်ရန် အင်အားရှိသေးရုံ မည်ကာမတ္တမျှ အသက်ဓိဝိန် မကြွေပြတ်ရုံတစ်မည်မျှသာ သုံးဆောင်တော့၏။ ထို့ကြောင့် အလောင်းတော်၏ခန္ဓာကိုယ်သည် အရိုးပေါ် အရေတင် ယှဲ့ယှဲ့မျှသာ ကျန်ရစ်၏။ (၃၂)ပါးသော မဟာပုရိသ လက္ခဏာတော်များလည်း ယုတ်လျော့ပျောက်ကွယ်ခဲ့လေပြီ။

'အားမပျက်ကြနဲ့ ငါ့ရှင်တို့၊ အလောင်းမင်းသားရဟန်းတော်ဟာ အတ္တကိလမထအကျင့်ကို ဤမျှ ပြင်းပြင်းထန်ထန် ကျင့်နေမှတော့ တစ်နေ့မှာ သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားစင်စစ် ဧကန်ဖြစ်တော်မူမှာပဲ။ အဲဒီအချိန်ကို စိတ်ရှည်လက်ရှည် စောင့်ကြရင်း ရေပူရေချမ်းကမ်းလှမ်း အလုပ်အကျွေးပြုကြရမှာပဲ'

အရှင်ကောဏ္ဍညက ယုံကြည်ချက်ပြင်းစွာဖြင့် ဆို၏။ ကျန်လေးဦးကလည်း ထပ်တူထပ်မျှပင် ယုံကြည်၏။ အတ္တ-ခန္ဓာကိုယ်အတ္တဘောကို၊ ကိလမထ-ပင်ပန်းခံကြောင်းအကျင့်ကို မဆုတ်မနစ် ကျင့်ကြံအားထုတ်နေသည်ကို ကိုယ်တွေ့မြင်တွေ့နေကြရသည် မဟုတ်လော။ ထို့ကြောင့် ပဉ္စဝဂ္ဂီတို့သည် အလောင်းတော်က ပင်ပန်းကြီးစွာ ကျင့်တော်မူသည်ကို မြင်ရလေလေ အားရကျေနပ်ကြလေလေ ဖြစ်နေကြတော့သည်။ ဤသို့အားဖြင့် ဥရုဝေလသုံးလီ ရာသီစက်ဝန်းက အဖန်ဖန်လည်ပတ်လျက် (၆)နှစ်တာကာလသို့ တိုင်ခဲ့၏။ အလောင်းတော်၏ ရည်မှန်းချက်ကား အလှမ်းဝေးနေဆဲ။

အလောင်းတော်သည် ဤမျှ ကာလကြာရှည်စွာ အပင်ပန်းအဆင်းရဲခံလျက် ကျင့်ကြံအားထုတ်သည့်တိုင် တရားထူးကို မရသောအခါ မိမိ၏ကျင့်စဉ်သည် မှားယွင်းနေခဲ့ပြီဟု ပြန်လည်ဆင်ခြင်မိ၏။ တစ်ဖန် ဆက်လက်စဉ်းစားပြန်သော်လည်း မိမိငယ်ရွယ်စဉ်အခါက ခမည်းတော် လယ်ထွန်မင်္ဂလာပြုချိန်ဝယ် ဇမ္ဗူသပြေပင်အောက်၌ ယောဉ်ပုခက်ပေါ်နေစဉ် အထိန်းတော်များ လယ်ထွန်မင်္ဂလာကို သွားကြည့်နေကြခိုက် အာနာပါနပထမဈာန်ကို ရ၍ ဝင်စားနေခဲ့ဖူး၏။ ထိုစဉ်က အလွန်ချမ်းသာလှသည်ကို ပြန်သတိရလာ၏။ ထိုဈာန်သည်ပင် ထူးခြားသောဉာဏ်ကို ရဖို့ရန် လမ်းမှန်ဖြစ်လေရော့သလားဟု အသိနှင့်သတိတရား ဝင်လာသောကြောင့် လမ်းကောင်းလမ်းမှန်ဖြစ်သော ထိုပထမဈာန်ကိုပင် ပြန်၍ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

သို့ရာတွင် မိမိ၏ ခန္ဓာကိုယ်မှာ ပင်ပန်းနွမ်းနယ်လွန်းလှပြီဖြစ်၍ ထိုဈာန်ကိုရဖို့ မလွယ်ကူဘဲဖြစ်နေ၏။ အာဟာရကို မျှတအောင် သုံးဆောင်မှသာလျှင် အားအင်ပြန်လည်ပြည့်ဖြိုးလာမည်။ သို့မှသာ အလိုရှိသော ပထမဈာန်ကို ပြန်ရအောင် အားထုတ်နိုင်ပေတော့မည်ဟု သိတော်မူသဖြင့် သေနာနိဂုံးသို့ ဆွမ်းခံပြန်ဝင်၍ စားရိုးစားစဉ် အာဟာရကို ပြန်လည်မှီဝဲတော့၏။ ထိုအခါကျမှ သမာဓိကို ပြန်ရ၏။ ပဉ္စဝဂ္ဂီတို့ကား အလောင်းတော်က အာဟာရကို ပြန်လည်မှီဝဲပြီဆိုကတည်းက များစွာ စိတ်ဓာတ်ကျသွားခဲ့ကြလေသည်။

'ငါ့ရှင်တို့၊ ရဟန်းဂေါတမသည် ကမ္မဋ္ဌာန်းက လျှောကျခဲ့ပြီ။ လာဘ်ပေါများစေသော ဆွမ်းခံအကျင့်ကို ပြန်ကျင့်တာဟာ အာဟာရကို မှီဝဲပြီဆိုမှတော့ သာမန်ရဟန်းတစ်ပါးမျှသာ ဖြစ်တော့၏။ ဘုရားဖြစ်ရန် အလားအလာမျှော်လင့်ချက်မရှိပြီ။ ထို့ကြောင့် တို့ဘာသာတို့ပင် ကျင့်ကြံကြတာပဲ ကောင်းလိမ့်မည်။ ရဟန်းဂေါတမကို စွန့်ခွာထားရစ်ခဲ့ကြပြီး တို့ငါးဦး သူ့ထံမှ ထွက်ခွာသွားကြပါစို့'

ပဉ္စဝဂ္ဂီငါးဦးတို့သည် အလောင်းတော်အား ဘုရားမဖြစ်နိုင်တော့ဟု ဆုံးဖြတ်ကြကာ စိတ်ပျက်စွာဖြင့် မိဂဒါဝုန်တောသို့ ပြောင်းရွှေ့သွားကြပြီး တပအကျင့်ကိုပင် ဆက်ကျင့်ကြလေသည်။ အလောင်းတော်မူကား ပဉ္စဝဂ္ဂီတို့က စွန့်ခွာသွားကြသော်လည်း စိတ်မပျက်။ ဥရုဝေလတောအုပ်၌ တစ်ပါးတည်းပင် သီတင်းသုံးနေရစ်ခဲ့ကာ ထပ်မံတွေ့ရှိသော လျှောလည်း မလျှောလွန်း၊ တင်းလည်း မတင်းလွန်းသည့် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်အတိုင်း ဆက်လက်ကြိုးစားအားထုတ်တော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

နန္ဒာစိုး(ဆင်ဖြူကျွန်း)

www.burmeseclassic.com

www.burmeseclassic.com

အလှူဒါန တစ်ခုပြုလျှင် နိဗ္ဗာန်ကို ရည်မှန်းလှူဒါန်းသင့်ကြောင်း၊ ထိုသို့လှူမှသာ ဝဋ်ကင်းရာကို မှီတဲ့ ဝိဝဋ္ဋနိဿိတဒါန ဖြစ်ကြောင်း၊ နိဗ္ဗာန်မှတစ်ပါးသော လူ့ချမ်းသာ နတ်ချမ်းသာ၊ လူ့စည်းစိမ် နတ်စည်းစိမ်များကို ရည်ရွယ်တောင့်တပြီး လှူဒါန်းလျှင် ဝဋ်ကိုမှီ၍ လှူဒါန်းတဲ့ ဝဋ္ဋနိဿိတဒါန ဖြစ်ကြောင်း၊ ယင်းဒါနမျိုးကို ဘုရား မချီးမွမ်းကြောင်း ဟောပြောကြ၏။

ထိုသို့ ဟောပြောသည့်အတိုင်းပင် အလှူပွဲများတွင် နိဗ္ဗာန်ကို ဆုတောင်းရန် 'ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု'ဟု တရားဟောပုဂ္ဂိုလ်က ရှေ့ကနေ တိုင်ပေ လေ့ရှိ၏။ အလှူ့ရှင်နှင့် ဧည့်ပရိသတ်များကလည်း တို ပေးသည့်အတိုင်းပင် 'ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု'ဟု လိုက်ဆိုကြလေ့ရှိပေသည်။

ထိုသို့ ဟောပြောပြီး နိဗ္ဗာန်ကို ရည်ရွယ်လှူဒါန်းလျှ ကျန်တဲ့ လောကီချမ်းသာ လူ့စည်းစိမ်၊ နတ်စည်းစိ ဆိုတာတွေက အလိုလိုရလာသည်ဟုလည်း ရှ လင်းပြကြပါသည်။ ထို့ကြောင့် အလှူ့ရှ တို့လည်း 'ဣဒံ မေ ပုညံ နိဗ္ဗာနဿ



www.burmeseclassic.com

ပစ္စယော ဟောတု’ဟု ဆိုကာ လှူဒါန်းကြပါသည်။

တကယ်တော့ ‘ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု’ဟု ဘုန်းကြီးက တိုင်ပေးပြီး အလှူရှင်တို့က လိုက်ဆိုနေ ‘ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု’ဟု လိုက်ဆိုရုံနှင့် တကယ့်တကယ် နိဗ္ဗာန်ကို ရည်ရွယ်သည်ဟု မဆိုနိုင်ပေ။ နိဗ္ဗာန်ကို အမှန်တကယ် သိမြင်ပြီး တကယ့် ပန်းတိုင်သဖွယ်ထားကာ လှူဒါန်းမှ နိဗ္ဗာန်ကို ရည်ညွှန်းသည်ဟု ဆိုရပေမည်။

တစ်ဦးတစ်ယောက်က ‘အကျွန်ုပ် နိဗ္ဗာန်ကို တကယ် ရည်မှန်းပြီး လှူဒါန်းပါသည်’ဟု အကယ်၍များ ဆိုလာခဲ့ပါလျှင် ‘ဒီလူ ဟုတ်ပါ့လား’ ဆိုပြီး မိမိရင်ထဲတွင် သံသယဝင်နေစရာလည်း မလို။ မင်းက တကယ်ဟုတ်လို့လားဟုလည်း သံသယမေးခွန်းတွေ ထုတ်ပြီး ဒေါသထွက်ပြနေစရာ မလိုပါ။

အဘယ့်ကြောင့်ဆိုသော် ဟုတ်နိုင်သူများ ရှိတတ်သောကြောင့် ဖြစ်ပါသည်။ ဟုတ်နိုင်သူနှင့် မဟုတ်နိုင်သူကို ခွဲခြားနိုင်စွမ်းသာ မိမိမှာ ရှိဖို့လိုပါသည်။ တကယ်ဟုတ်လျှင် ထိုသူ၏ အပြုအမူ၊ အပြောအဆိုများ အများနှင့် မတူပဲ တစ်မူထူးခြားနေမှာ သေချာပါသည်။

ဒါနအနေဖြင့် အကဲခတ်ကြည့်ပါက သူ၏ ပေးကမ်းခြင်းသည် နိဗ္ဗာန်ကို ရည်မှန်းထား၍ လှူဖွယ်ဝတ္ထုနှင့် နိဗ္ဗာန်ကို ပြိုင်ထားလျှင် လှူဖွယ်ဝတ္ထုကို မတပ်မက်နိုင်၊ တွယ်တာတော့ချေ။ နိဗ္ဗာန်ကိုသာ အာရုံပြုလေရာ၏။

ထို့ကြောင့် ဒါနဝတ္ထုနှင့် ပတ်သက်လာလျှင် မည်သည့်အကြောင်းကြောင့်မျှ မတုန်လှုပ်တော့ပေ။ မှန်၏၊ မုတ္တစာဂီ အနဒ္ဓတော-လွတ်လပ်စွာ စွန့်ကြဲပေးကမ်းလေ့ရှိသူသည် မတုန်လှုပ်ဟု မြတ်ဘုရား ဟောကြားထားပါသည်။ ဤအဆိုအရ အလှူဒါနနှင့်ပတ်သက်ပြီး အကြောင်းတစ်ခုခုကြောင့် တုန်လှုပ်လာလျှင် ထိုသူ့အလှူကို နိဗ္ဗာန်ရည်မှန်း လှူဒါန်းတဲ့အလှူဟု မသတ်မှတ်နိုင်ပေ။

အခြားမည်သည့်အရာကိုမှ လိုလားနေမည် မဟုတ်။ နောင်ဖြစ်သက်ရောက်မည့် အကျိုးကို မျှော်ကိုးနေခြင်းမရှိ၍ စိတ်နှလုံးတွင် မျှော်လင့်ချက်များ လွှမ်းမိုးနေမည် မဟုတ်ပေ။ ထို့ကြောင့် စေတနာသုံးတန် ပြတ်သားစွာ လှူဒါန်းနိုင်ပေသည်။

မှန်၏၊ စေတနာသုံးတန် တစ်တန်တန် ပျက်ခြင်းမှာ မျှော်လင့်ချက်များ ထားရှိနေ၍ ယင်းမျှော်လင့်ချက်များ ပျက်သုဉ်းရသောကြောင့် စေတနာပျက်ခြင်းသာ ဖြစ်ပါသည်။ နိဗ္ဗာန်ရည်မှန်းသူအား အခြားမည်သည့်အရာကိုမှ မျှော်လင့်မနေတော့၍ မျှော်လင့်ချက်ဆိတ်သုဉ်းစရာလည်း မရှိချေ။ ထို့ကြောင့် စေတနာပျက်စရာလည်း မရှိပေ။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် စေတနာသုံးတန် တစ်တန်တန် ပျက်ခဲ့သော် ထိုသူ၏အလှူကို နိဗ္ဗာန်ရည်မှန်း လှူဒါန်းတဲ့အလှူဟု မဆိုနိုင်ချေ။ လိုရင်းပြောပါက နိဗ္ဗာန်ကို တကယ့်တကယ် တိတိကျကျ ရည်မှန်းပြီး လှူဒါန်းသူ နည်းပါးပါသည်။

များသောအားဖြင့်က နောင်ဘဝ ကောင်းစားရေးကို အလေးပေး တွေးတော၏။ သံသရာအတွက် ရိက္ခာထုပ် သယ်ဆောင်ခြင်းသဖွယ် သဘောထားကြသည်က များ၏။ နောက်ဘဝများမှာ ချမ်းသာသုခ ခံစားရဖို့ ရည်ရွယ်တတ်ကြ၏။ နိဗ္ဗာန်ကို မသိမသာထည့်ပြီး ဆုတောင်းကြပါသည်။

တကယ့်တကယ် နိဗ္ဗာန်ရည်မှန်းပြီး လှူဒါန်းကြသူများကား ရှိသော်လည်း ရှား၏။ အနည်းအပါးမျှသာဟု ဆိုရပေမည်။ ဤကောင်းမှုကြောင့် ဤဘဝတွင် ချက်ချင်းလက်ငင်း ချမ်းသာရပါလို၏ဟု ရည်ရွယ်ဆုတောင်းပြီး လှူဒါန်းသူကား ပို၍ပင် နည်းပါးပါသည်။

ဤကောင်းမှုကြောင့် ပိုက်ဆံလေးဘာလေး အဆင်ပြေလာပါစေ၊ ကံကြီးမလို့ ထီလေးဘာလေး ထပေါက်ပါစေ၊ လှူနိုင်တန်းနိုင်ပါစေ စသည်ဖြင့် မိမိလိုအင်ဆန္ဒကို ဆုတောင်းကြသည်ကား တော်တော်များများ ရှိတတ်ကြပါသည်။ -

သို့သော် ထိုသို့ ဆုတောင်းတိုင်း ဒီကုသိုလ်က ဒီဘဝမှာ တကယ့်ကို ချက်ချင်းလက်ငင်း အကျိုးပေးလိမ့်မည်ဟုကား အခိုင်အမာ မယုံကြည်ဝံ့ကြပေ။ သံသယတစ်ဝက်နှင့် မျှော်လင့်ချက်ထားခြင်းသာ ဖြစ်ပါသည်။ ကုသိုလ်ကောင်းမှုဆိုတာ ဒိဋ္ဌဓမ္မအကျိုးပေးတာပဲလို့တော့ အရပ်စကားအားဖြင့် ပြောလေ့ပြောထ ရှိကြ၏။ သို့သော် အတွင်းစိတ်က တကယ်ယုံကြည်မှု အားနည်းပါသည်။

ဤဘဝတွင် ချက်ချင်းလက်ငင်း အကျိုးခံစားရပါလို၏။ ဘယ်လိုအကျိုးမျိုး ခံစားရပါစေဟု၍ ဆုတောင်းခြင်း အကြောင်းရင်းကတော့ ဘုန်းတော်ကြီးများ တရား

www.burmeseclassic.com

www.burmeseclassic.com

ပောတဲ့ခါ ဝဋ်ကိုမှီတဲ့ ဝဋ္ဋနိဿိတဒါန မပြုသင့်၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကိုမှီတဲ့ ဝိဝဋ္ဋနိဿိတ ဒါနမျိုးသာ ပြုသင့်သည်ဟု ဟောပြောလေ့ရှိသောကြောင့် ဖြစ်မည် ထင်ပါသည်။

အချို့ကတော့ ဒီဘဝအတွက် ရည်ရွယ်တောင့်တလည်း ရဖို့မှ မလွယ်တာ၊ ရတယ်လို့ နည်းပါတယ်။ တချို့တလေ တစ်ခါတစ်ရံလောက်မဲ ချက်ချင်းလက်ငင်း ခံစားကြရတာပါ။ များသောအားဖြင့်ကတော့ သံသရာအတွက် နောက်ဘဝ အဆက်ဆက်မှာ ကောင်းစားဖို့ပဲ လုပ်ကြတာပါပဲလို့ တွေးတောကာ ဆင်ခြေပေးတတ်ကြပါတယ်။

အမှန်က ဒါနဆိုတာ ပစ္စုပ္ပန်ကောင်းစားရေးသက်သက် မဟုတ်သလို တမလွန်ကောင်းစားရေးသက်သက်လည်း မဟုတ်ပေ။ တကယ်တော့ အလှူဒါနဆိုတာ ပစ္စုပ္ပန်အတွက်ရော သံသရာအတွက်ပါ အကျိုးထွက်စေတဲ့ အပြင် ဘဝလွန်နိဗ္ဗာန်သို့တိုင် ရောက်စေနိုင်တဲ့ ကောင်းမှုပါ။

ဘဝထဲမှာ နေနေစဉ် လုပ်လိုက်တဲ့ အလုပ်က ဘဝလွန် နိဗ္ဗာန်ကိုပင် ရောက်စေနိုင်တယ်ဆိုမှတော့ ဘဝဖန်ခါ သံသရာမှာ ကောင်းကျိုးပေးနိုင်တယ် ဆိုတာကိုတော့ ယုံမှားသံသယ ဖြစ်နေစရာ လိုမည်မထင်ပါ။

သံသရာဘဝတိုင်းမှာ အကျိုးပေးနိုင်တယ် ဆိုနေမှတော့ တကယ့်တကယ် လက်တွေ့လုပ်ဖြစ်တဲ့ ဒီဘဝမှာ ဒီဒါနရဲ့ကောင်းကျိုး သက်ရောက်နိုင်ပါ့မလားလို့ တွေးတောနေစရာ မလိုတော့ချေ။ ဒီဘဝကို ကောင်းကျိုးပေးကိုမှ ပေးနိုင်၏။ ဒီဘဝကို ဒီဒါနက အလှဆင်ကိုမှ ဆင်နိုင်ပါသည်။ ဤသို့ အခိုင်အမာ ယုံကြည်အပ်၏။ ယုံကြည်ထိုက်ပါသည်။

စာရေးသူလည်း ဤသို့ အဆင့်ဆင့် တွေးတောဆင်ခြင်ကာ တကယ်ယုံကြည်ပါသည်။ ဒါနတစ်ခု ပြုလိုက်ပြီဆိုလျှင် ဒီဒါနက ငါ့ရဲ့ ဒီဘဝကို ကောင်းကျိုးပေးမှာ သေချာပါတယ်။ ငါ့ဘဝကို ငါ့ရဲ့ဒါနက အလှဆင်ပေးမှာပါလို့ သေချာပေါက် ယုံကြည်ပါသည်။

စာရေးသူက ဤသို့ဆို၍ စာဖတ်သူများ စိတ်ထဲတွင် 'ဒီဒါနက ဒီဘဝမှာ အကျိုးပေးကိုပေးမှာလို့ ယုံကြည်စွာ လှူဒါန်းလျှင် တကယ်ပဲ ဒီဒါနက ဒီဘဝမှာ အကျိုးပေးပါသလား' လို့ တွေးနေပြီး 'စာရေးတဲ့ လူကကော တကယ်ရဲ့တာ ကြုံဖူးလို့လား' လို့ မေးချင်နေကြလိမ့်မည် ထင်ပါသည်။ တွေးပါ၊ မေးပါ။ တွေးသင့်၊ မေးသင့်သော အကြောင်းအရာ ဖြစ်ပါသည်။

ယုံကြည်စွာ လှူဒါန်းလျှင် တကယ်ပဲ ဒီဒါနက ဒီဘဝမှာ အကျိုးပေးမှာလားဆိုတဲ့ အတွေး၊ အမေးကို သာဓကနှင့်တကွ ဖြေဆိုရလျှင် ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယ တွဲ၊ ဒဏ္ဍဝဂ်၊ သုခသာမဏေရ ဝတ္ထုကြောင်းကို တစေ့ တစောင်း ပြောပြချင်ပါသည်။ သုခသာမဏေရ ဝတ္ထု ဆိုသော်လည်း စာရေးသူ ပြောလိုရင်းကား သုခသာမဏေ အဆင့်ထိ မရောက်ပါ။

အတိတ်ဝတ္ထုကြောင်းမျှသာ ဖြစ်ပါသည်။ အတိတ် အကြောင်းတွင်လည်း ဂန္ဓသူဌေးရဲ့အကြောင်းကား မဟုတ် သေးပေ။ ဂန္ဓသူဌေးရဲ့ အလုပ်သမားအကြောင်းသာ ဖြစ် ပါသည်။ အလုပ်သမားဆိုသော်လည်း လခနှင့်လုပ်နေတဲ့ အလုပ်သမားရိုးရိုးမဟုတ်။ ဂန္ဓသူဌေးရဲ့ စားတော်ပွဲကို အလွန်တရာ တပ်မက်နှစ်သက်၍ ထမင်းတစ်နပ်စာ အတွက် သုံးနှစ်တိုင်တိုင် သူခစားလုပ်ခဲ့တဲ့ ဘဒ္ဒဘတိက ရဲ့ အကြောင်းမျှသာ ဖြစ်ပါသည်။

ထမင်းတစ်နပ်စားဖို့ သုံးနှစ်တိုင်တိုင် သူခစားလုပ် ရတယ် ဆိုကတည်းက ထူးဆန်းနေ၏။ ရိုးရိုးထမင်း မဟုတ်ပေ။ အသပြာတစ်ထောင်ဆိုတာ အမြင့်ဆုံး ဆု လာဘ်ဖြစ်တဲ့ ထိုခေတ်ထိုအခါ၌ အသပြာတစ်သိန်းတန် အဆောင်အယောင်တွေနှင့် တန်ဆာဆင်ပြီး မနက်စာ၊ ညနေစာတွက် အသပြာ တစ်ထောင်စီ,တစ်ထောင်စီ အကုန်အကျခံကာ ချက်ပြုတ်ကြော်လှော်ထားတဲ့ ထမင်း ဖြစ်ပါသည်။

သူ့ရဲ့ စည်းစိမ်ဥစ္စာ ကြွယ်ဝပုံ၊ စားပုံသောက်ပုံကို လာရောက်ကြည့်ရှုကြရန် မြို့ကို စည်လည်တီးပြီးမှ စား သောက်၏။ တောသားတစ်ယောက် မြို့ကိုရောက်တော့ မြို့သားသူငယ်ချင်းက ဂန္ဓသူဌေး စားတော်ပွဲတည်တာကို တွေ့ဖူး မြင်ဖူးလားလို့ မေးပါသည်။

တောသားက တစ်ခါမှ မမြင်ဖူးကြောင်း ပြန်ပြော တော့ ဒါဖြင့် လာ၊ သွားကြည့်ကြရအောင်ဆိုပြီး နှ ယောက်သား သွားကြည့်ကြပါသည်။ အနံ့ကလေး ရှူ ရှိုက်ရတာနှင့် တောသားက မစားမရ မနေနိုင်၊ စားရရင် သေရမည့် အနေအထား ဖြစ်သွားပါသည်။ မြို့သား သူ

www.burmeseclassic.com

www.burmeseclassic.com

ယ်ချင်းလည်း တောသားသူငယ်ချင်း အသက်ရှင်နိုင်အောင် အရဲစွန့်ပြီး တောင်းပါသည်။ သို့သော် မရပေ။

အသက်ကို ကယ်ပါ၊ ထမင်းတစ်နပ်စာမျှ ပေးသနားတော်မူပါလို့ တောင်းပန်ပေမယ့် မရ။ နောက်ဆုံးတော့ သုံးနှစ်တိုင်တိုင် သူ့အိမ်မှာ သူခစားလုပ်မှ ကျွေးမည်ဟု ဆိုလာ၍ တောသားလည်း လုပ်ပါမည်ဟု ကတိပေးလိုက်ပါသည်။ သုံးနှစ်လုပ်ပြီးမှ စားရမည့် ထမင်းတစ်နပ်။ လွယ်ရေးချ မလွယ်တဲ့ ထမင်းပါ။ သို့သော် တောသားမှာ စားချင်လွန်းတော့ မတတ်နိုင်ဘူး၊ သုံးနှစ်လုပ်အားကို ထမင်းစားဝမ်းပေါင် လုပ်လိုက်ပါသည်။

သုံးနှစ်ပြည့်တော့ ဂန္ဓသူဌေးစားသကဲ့သို့ အခြံအရံနှင့်တကွ တစ်နပ်စာထမင်း စားခွင့်ရပါသည်။ ထုံးစံအတိုင်း ဂန္ဓသူဌေးရဲ့ အလုပ်သမား ဘတ္တဘတိကရဲ့ ထမင်းတစ်နပ်စားပုံကို လာရှုလည့်ကြကုန်လော့ဟု မြို့ကို ထည့်ပြီး စည်တီးထားပါသည်။ မြို့သူမြို့သားများလည်း အစုအရုံး လာရောက်ကြည့်ရှုကြပါသည်။

သုံးနှစ်ဒုက္ခခံ ရင်းနှီးပြီးမှ ရရှိလာတဲ့ ထမင်းတစ်နပ်ကို တချေသည်တွေ ပိုင်းရံခပြီး ဇိမ်ကျကျနှင့် စားတော့မယ်လို့ အားယူကာ လက်ဆေးတော့မလို့ပါပဲ။ လက်ဆေးတော့မည့် ခဏမှာပင် ရှေ့တည့်တည့်ကနေ သင်္ကန်းရုံလျက် သပိတ်ပိုက်ကာ ငြိမ်သက်သော ဣန္ဒြေရှင် ရဟန်းတစ်ပါး ကြွားခနဲ ပေါ်လာပါသည်။ ကိုယ့်ဘာသာ စားလိုက်မလား၊ သို့မဟုတ် လှူလိုက်မလားဆိုတဲ့ မေးခွန်းကို တစ်ယောက်တည်း တွေးတွေးပြီး ဖြေရမည့် အခြေအနေ ဆိုက်သွားပါသည်။

ဘတ္တဘတိက မတွေးခင်ကပင် ဤအရှင် တွေးထားခဲ့ပြီး ဖြစ်ပါသည်။ မှန်၏၊ ဤအရှင်သည် ဂန္ဓမာဒန တောင်၌ သီတင်းသုံးတော်မူတဲ့ အရှင်ပစ္စေကဗုဒ္ဓါ ဖြစ်ပါသည်။ နိရောဓသမာပတ် ခုနစ်ရက်တိတိ ဝင်စားတော်မူပြီး သမာပတ်မှ ထတော်မူတဲ့ခါ 'ယနေ့ ဘယ်အရပ်သို့သွား၊ ဘယ်နေရာဌာနကိုများ ဆွမ်းခံကြွရပါ့မလဲ' လို့ ဆင်ခြင်စဉ်းစားတော်မူပါသည်။

ထိုသို့ ဆင်ခြင်တော်မူတဲ့ခါ ဘတ္တဘတိကကို တွေ့မြင်တော်မူပါသည်။ ထို့နောက် 'ဤသူသည် သုံးနှစ်တိုင်တိုင် သူခစားလုပ်ပြီးမှ ထမင်းတစ်နပ်စာကို ရလာခဲ့၏။ ဤဘတ္တဘတိကမှာ ကြည်ညိုခြင်း၊ ယုံကြည်ခြင်းဆိုတဲ့ သဒ္ဓါတရားကော ရှိရဲ့လား၊ မရှိဘူးလား' လို့ ထပ်ဆင်ခြင်ပါသည်။ သဒ္ဓါတရားတော့ ရှိပါတယ်လို့ ဉာဏ်၌ ထင်လာ၏။

သဒ္ဓါတရားပင်ရှိသော်လည်း အချို့ကို ချီးမြှောက်ခြင်းငှါ မစွမ်းနိုင်။ ချီးမြှောက်နိုင်အံ့လောဟု တစ်ဖန်ထပ်၍ ဆင်ခြင်ပြန်၏။ ချီးမြှောက်နိုင်ရုံတင်မက ငါ၏ ချီးမြှောက်ခြင်းကို အကြောင်းပြုပြီး ကြီးကျယ်များမြတ်သော စည်းစိမ်ချမ်းသာကို ရလိမ့်မည်ဟု သိမြင်တော်မူ၍ သင်္ကန်းကိုရုံ၊ သပိတ်ကို ယူဆောင်ပြီး ကောင်းကင်ခရီးဖြင့် ပရိသတ်ကြားကနေ ကြွချီတော်မူလာကာ ဘတ္တဘတိက ရှေ့တည့်တည့်က ရပ်တည်တော်မူနေခြင်း ဖြစ်ပါသည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား မြင်လျှင်မြင်ခြင်းပင် ဘတ္တဘတိက ဤသို့စဉ်းစား၏။ ငါသည် ရှေးယခင်ဘဝများက ဒါနမပြု၊ လှူဒါန်းမှု နည်းပါးခဲ့လို့ ယခုလို ထမင်းတစ်နပ်စာအတွက် သုံးနှစ်တိုင်တိုင် သူများအိမ်မှာ သူခစားလုပ်ခဲ့ရပြီ။ ယခု ငါရထားတဲ့ ထမင်းတစ်နပ်က ငါ့ကို စောင့်ရှောက်နိုင်မည်ဆိုလျှင် တစ်ညဉ့်တစ်ရက်ပါပဲ။ အကယ်၍ ဤအရှင်အား လှူဒါန်းလိုက်မည်ဆိုပါက များစွာသော ကပ်ကမ္ဘာတို့ပတ်လုံး ဒီဒါနက ငါ့ကို စောင့်ရှောက်လိမ့်မယ်။ ကဲ ဘာပဲဖြစ်ဖြစ် ဒီထမင်းတစ်နပ်ကို ငါ စားမနေတော့ပါဘူး။ အရှင်မြတ်အား လှူဒါန်းပါအံ့။

ထိုသို့ စဉ်းစားပြီး သုံးနှစ်အငှါးခံပြီးမှ ရလာတဲ့ ထမင်းကို တစ်လုတ်မျှ ပါးစပ်ထဲ မထည့်ဘဲ ယခင်က မစားရလျှင် သေပွဲဝင်ရမည်ဟု ထင်ခဲ့သော ယင်းထမင်းတစ်လုပ်၌ တပ်မက်တဲ့တဏှာကို ပယ်ဖျောက်ပြီး အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်ပါသည်။ ဆွမ်းခွက်ကို ဘယ်ဘက်လက်နှင့်ကိုင်ပြီး ညာဘက်လက်နှင့် သပိတ်ထဲ လောင်းထည့်ပါသည်။

ဆွမ်းခွက်ထဲမှာ တစ်ဝက်လောက် ကျန်တဲ့အခါ အရှင်ပစ္စေကဗုဒ္ဓါက တော်ပြီဆိုတဲ့သဘောဖြင့် သပိတ်ကို လက်နှင့် ဖုံးအုပ်ထားလိုက်ပါသည်။

သို့သော် ဘတ္တ ဘတိက သူခစားက 'ဤဆွမ်းသည် ရဟန်းတစ်ပါးစာမျှ လောက်တဲ့ဆွမ်းသာ ဖြစ်၏။ နှစ်ယောက်စားလောက်တဲ့ဆွမ်း မဟုတ်ပါ အရှင်ဘုရား' ဟု ဆွမ်းပမာဏ ဆွမ်းအနေအထားကို လျှောက်ထား လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ 'ဒီဘဝအတွက် တစ်နပ်စာထမင်းဖြင့် မချီးမြှောက်ပါနှင့်တော့ အရှင်ဘုရား။ တမလွန်လောက နောက်ဘဝ ကောင်းစားရေးတွက်သာ ချီးမြှောက်တော်မူပါ အရှင်ဘုရား' လို့ သူ့ဆန္ဒ သူ့ဆုံးဖြတ်ချက်ကို လျှောက်ထားလိုက်ပါသည်။ အရှင်ပစ္စေကဗုဒ္ဓါလည်း လက်ခံတော်မူပါသည်။

အလှူဒါန ပေးလှူခြင်းကိစ္စ အောင်မြင်သွားတော့မှ သူလှူလိုက်တဲ့ ဆွမ်းတစ်ခွက်၊ တစ်နည်း သူစားမလို့ လုပ်နေတဲ့ ထမင်းတစ်နပ်စာရဲ့ သမိုင်းကို လျှောက်ပြပါသည်။ အင်မတန် ခက်ခဲပင်ပန်းစွာ သုံးနှစ်တိုင်တိုင် သူခစားလုပ်ပြီးမှ ရလာခဲ့ကြောင်း အသေအချာ လျှောက်ထားလိုက်ပါသည်။

ပြီးတော့ နောက်ဘဝတွေမှာ သုခချည်းသာ တွေ့ရပါလို၏ အရှင်ဘုရားလို့ တောင်းဆုဆိုလိုက်ပါသည်။ နောက်ဘဝရဲ့ လူ့ချမ်းသာ၊ နတ်ချမ်းသာကို တောင့်တတဲ့ဆု၊ တစ်နည်းပြောလျှင် ဝဋ်ကိုမှီတဲ့ဆု တောင်းလိုက်ပါသည်။ ဝဋ္ဋနိဿိတဒါန ပြုတယ်လို့ ပြောနိုင်ပါသည်။

ပြီးတော့မှ 'အရှင်ဘုရားတို့ သိမြင်တော်မူတဲ့ တရားတော်ရဲ့ အဖို့ဘာဂကို တပည့်တော် ရရပါ၏ အရှင်ဘုရား' လို့ ဝဋ်ကင်းရာ နိဗ္ဗာန်ကိုမှီတဲ့ ဆုမြတ်ကို တောင်းလိုက်ပါသည်။ ဝိဝဋ္ဋနိဿိတဒါနကို နောက်မှပြုသည်ဟု ဆိုရပေမည်။

ယနေ့ မျက်မှောက်ခေတ်၌ ဩကာသကန်တော့ ချီးတွင် ဖော်ပြထားတဲ့ ဆုတောင်းပိုင်းနှင့် တူပါသည်။ ဩကာသကန်တော့ချီးပါ ဆုတောင်းသည် ရှေးရှေးက အလှူဒါနဆုတောင်းနှင့် ညီညွတ်ပါသည်။ ကျင်လည်ရဦးမည့် ဘဝသံသရာတွက် အလျှင်ဦးစွာ ဆုတောင်း၏။ ပြီးမှ နောက်ဆုံးဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန် ရ၊ရပါလို၏ဟု ဆုတောင်းပါသည်။

ယခုအခါ တရားဟောတဲ့ ဓမ္မကထိကဆရာတော်များက အလှူဒါနပြုရာ၌ နိဗ္ဗာန်ကို ရည်မှန်းပြီး ဝိဝဋ္ဋနိဿိတဒါနဖြစ်အောင် ပြုကြရန်သာ အစဉ်အမြဲ တိုက်တွန်းခြင်း၊ ထိုသို့ပြုမှ ဘုရားအလိုကျသည်ဟု ဟောပြောခြင်းသည်ကား ကောင်းကောင်း၊ဆိုးဆိုး၊ ချမ်းသာသာ၊ ဆင်းရဲရဲ ဝဋ်ကိုမှီတဲ့ လောကီချမ်းသာဆိုလျှင် အလျှင်း မခံစားစေလိုဘဲ နိဗ္ဗာန်ချမ်းသာကိုသာ ခံစားစေလိုသော စေတနာဟု ဆိုရပေမည်။

ထားလိုက်ပါတော့၊ ဘတ္တဘတိက လှူလိုက်တဲ့ ဆွမ်းကို အလှူခံတော်မူတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်လည်း 'ဤလှူအပေါင်းသည် ဂန္ဓမာဒနတောင်သို့ ငါရောက်ရှိသည်အထိ မြင်နေပါစေသတည်း' လို့ အဓိဋ္ဌာန်ထားပြီး ကြွသွားတော်မူပါသည်။ လူတို့လည်း မျက်စိဖြင့် မြင်နေသမျှ ဖူးမြော်နေကြ၏။

ဂန္ဓမာဒနတောင်သို့ အရှင်မြတ် ရောက်တော်မူတဲ့အခါ ဘတ္တဘတိက လှူလိုက်တဲ့ဆွမ်းကို အခြားသော ပစ္စေကဗုဒ္ဓါ အပါးငါးရာတို့အား ခွဲဝေလှူဒါန်းပါသည်။ အရှင်မြတ်အားလုံးလည်း အလှူလက်ခံကြပါသည်။ ဘတ္တဘတိက လှူလိုက်တဲ့ဆွမ်းက ပစ္စေကဗုဒ္ဓါ အပါးငါးရာ အတွက် လုံလောက်ပါ့မလားဟု စဉ်းစားစရာရှိ၏။ မစဉ်းစားနှင့်၊ လုံလောက်ပါသည်။

ဘယ်လိုလုံလောက်ပါ့မလဲ မမေးပါနှင့်။ ဒါဟာ အစိန္တေယျ လေးမျိုးထဲက ပစ္စေကဗုဒ္ဓဝိသယပါပဲလို့ အဋ္ဌကထာဆရာ ဆိုထားပါသည်။ ဤသို့ ပစ္စေကဗုဒ္ဓါတို့ ဆွမ်းခွဲဝေပုံကို မြင်နေကြတဲ့ လူထုပရိသတ်ကြီးလည်း သာဓုပေါင်း အထောင်အသောင်း ခေါ်ကြပါသည်။ မိုးကြိုးကျတဲ့ အသံလိုပဲ ထိမ့်ထိမ့်ညံသွားပါသည်ဟု ဆိုပါသည်။

ဂန္ဓသူဌေးကတော့ 'အင်း…ဘတ္တဘတိကဟာ ငါပေးတဲ့ စည်းစိမ်ချမ်းသာကို လက်ခံနိုင်စွမ်းမရှိ ထင်ပါရဲ့။ ဒါကြောင့် လူတွေ ပြက်ရယ်ပြုကာ ရယ်ကြတာ ဖြစ်မယ်' လို့ တွေးလိုက်ပါသည်။ အတိအကျ သိရအောင်လို့ လူလွှတ်ကာ စုံစမ်းမေးမြန်းခိုင်းလိုက်ပါသည်။

တကယ့်တကယ် အဖြစ်မှန်ကို သိရတဲ့အခါမှာတော့ ဂန္ဓသူဌေးရဲ့ ကိုယ်ရောစိတ်ပါ နှစ်ဖြာလုံးကို ပီတိငါးမျိုး လွှမ်းမိုးသွားပါသည်။ ထို့ကြောင့် 'ဒီလူဟာ ပြုနိုင်ခဲတဲ့ အလုပ်ကို ပြုလုပ်တာပဲ။ ငါဖြင့် ချမ်းသာလာခဲ့တာ ဒီလောက်ကြာပြီ တစ်ခါမှကို ဤကဲ့သို့ ငါမလှူဖူးဘူး' လို့ စဉ်းစားပြီး ဘတ္တဘတိကကို ခေါ်မေးပါသည်။

'ဟုတ်ပါတယ် အရှင်'

လို့ ဘတ္တဘတိက သူခစားက ပြန်ပြောလိုက်ဟု-

'ငါ တောင်းပန်ပါတယ်၊ ငါ့ဆီက အသပြာတစ်ထောင် ယူပြီး ငါ့ကိုလည်း မင်းရဲ့အလှူရဲ့ အဖို့ဘာဂ



www.burmeseclassic.com

www.burmeseclassic.com

...ပြီး’ လို့ တောင်းဆိုလိုက်ပါသည်။

ဘတ္တဘတိကလည်း သူ့အလှူကို ခွဲဝေပေးပါသည်။ ဂန္ဓသူဌေးလည်း သူ့ရှိသမျှကို တစ်ဝက်ခွဲပြီး ဘတ္တဘတိကအား ပေးပါသည်။ ထို့ကြောင့် ဘတ္တဘတိကလည်း ချက်ချင်း သူဌေးဖြစ်သွား၏။

ဒီဘဝမှာလှူတဲ့ ဒါနက ဒီဘဝကို ချက်ချင်း အကျိုးပေးသည် မဟုတ်ပေလော။ ဤတွင် အချို့က ‘ပစ္စေကဗုဒ္ဓါကို လှူတာမို့လို့ပါ’ လို့ ဆင်ခြေပေးချင်ကြပေမည်။ ပစ္စေကဗုဒ္ဓါ မဟုတ်သော်လည်း အင်္ဂါလေးပါး ညီညွတ်ပါက အလှူ၏ အကျိုးကို ချက်ချင်းလက်ငင်း ဒိဋ္ဌဓမ္မ ခံစားရပေသည်။

အင်္ဂါလေးပါးကတော့-

၁။ ဝတ္ထုသမ္ပဒါ = နိရောဓသမာပတ် ဝင်စားနိုင်တဲ့ အနာဂါမ်၊ ရဟန္တာဖြစ်ခြင်း။

၂။ ပစ္စယသမ္ပဒါ = ဓမ္မိယာလဒ္ဓ တရားသဖြင့် ရတဲ့ ပစ္စည်းဥစ္စာဖြစ်ရခြင်း။

၃။ စေတနာသမ္ပဒါ = စေတနာသုံးတန် ဉာဏ်နှင့် ယှဉ်ခြင်း။

၄။ ဂုဏာတိရေကတာ = အလှူခံ ပုဂ္ဂိုလ်သည် သမာပတ်မှ ထခြင်း

တို့ ဖြစ်ပါသည်။

ယခု ဤဝတ္ထုကြောင်း၌ ဘတ္တဘတိက အလှူသည်လည်း အဆိုပါအင်္ဂါလေးရပ် ပြည့်စုံပါသည်။ ထို့ကြောင့်၊ ဂန္ဓသူဌေးဆီက စည်းစိမ်တစ်ဝက် ရပါသည်။ နောက်တော့ ဒီသတင်းကို ပြည့်ရှင်မင်း ကြားသိသွားရာ ပြည့်ရှင်မင်းလည်း ဂန္ဓသူဌေးကဲ့သို့ပင် အသပြာတစ်ထောင်ပေးပြီး ဒါနကိုအဖိုးခံပါသည်။ ဘတ္တဘတိကလည်း ခွဲဝေပေးပါသည်။

အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကြီးကျယ်များမြတ်သော စည်းစိမ်ဥစ္စာစုကို ပေးအပ်ကာ သူဌေးရာထူး ချီးမြှင့်လိုက်ပါသည်။ ထိုအခါမှစ၍ ဘတ္တဘတိက သူခစားအနေ ဘတ္တဘတိကသူဌေးကြီး ဖြစ်သွားပါသည်။ ဒီဘဝမှာလှူတဲ့ဒါနက ဒီဘဝကို အလှူဆင်ပေးလိုက်သည် မဟုတ်ပေလော။

ခုရေတွင်းတူး ခုရေကြည်သောက်လိုလျှင်, ယခုတွင်ပြတဲ့ ဘတ္တဘတိက သူခစားကဲ့သို့ပင် အင်္ဂါလေးရပ် ပြည့်စုံလတ်အောင် လှူဒါန်းသင့်ပါသည်။ အင်္ဂါလေးရပ် ပြည့်စုံလျှင် ခုရေတွင်းတူး ခုရေကြည်သောက်လို့ ရပေသည်။ အင်္ဂါလေးရပ် ပြည့်စုံဖို့ရာက မလွယ်ကူတော့ပါလား။ နိရောဓသမာပတ်မှထတဲ့ အလှူခံပုဂ္ဂိုလ်နှင့် တည့်တည့်တိုးဖို့ဆိုတာ ခုခေတ်မှာ လွယ်မှ မလွယ်တော့တာ ဆိုပြီး အားမလျှော့ပါနှင့်။

‘နိရောဓသမာပတ်မှ ထခြင်းဆိုတဲ့ အင်္ဂါရပ်ကို သတ်မှတ်တာ အရှင်ပစ္စေကဗုဒ္ဓါတို့ ဆုပေးလေ့ရှိတဲ့ ဣစ္ဆိတံ ပတ္ထိတံ တုမှံ၊ ခိပ္ပမေဝ သမိဇ္ဈတု စတဲ့ ဂါထာလာသည့်အတိုင်း တောင်းတဲ့ဆုဟူသမျှ အလုံးစုံပြည့်စုံနိုင်စေဖို့ရာ သတ်မှတ်ထားခြင်းသာ ဖြစ်သည်ဟု စာရေးသူ ယူဆပါသည်။

တောင်းတဲ့အတိုင်း မပြည့်စုံပေမယ့် စိတ်စေတနာ၊ သဒ္ဓါတရားအားလျော်စွာ ပထမဇောစေတနာ အထမြောက်လို့ ဒိဋ္ဌဓမ္မဝေဒနီယကံက ကံစွမ်းပြလို့ ယခုဘဝမှာ ချက်ချင်းလက်ငင်း အကျိုးပေးသည်လည်း ရှိပါသည်။

ထိုသို့ ဒိဋ္ဌဓမ္မ ကံစွမ်းပြရန်မှုကား-

* စေတနာသုံးတန် ဉာဏ်နှင့်ယှဉ်ခြင်း၊
* ဓမ္မိယာလဒ္ဓ တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဖြစ်ခြင်း

ဆိုတဲ့ အင်္ဂါနှစ်ရပ်ပြည့်စုံလျှင် လုံလောက်မည် ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလှူခံပုဂ္ဂိုလ်အတွက်မူ သက်မဲ့ရုပ်ပွားတော်၊ ရုပ်တုတော်များ၌ လှူအပ်သော အလှူသည်လည်း စိတ်စေတနာ တူမျှပါက သက်ရှိဘုရားရှင်အား လှူသည်နှင့် အတူတူပင်ဖြစ်ကြောင်း မြတ်ဘုရား ဟောပြထားသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နိဂုံးချုပ်အနေဖြင့် ခုရေတွင်းတူး ခုရေကြည်သောက်လိုလျှင် ပြဆိုခဲ့တဲ့ အင်္ဂါလေးရပ် မပြည့်စုံနိုင်သည့်တိုင် အင်္ဂါနှစ်ရပ် ပြည့်စုံလတ်အောင် စေတနာ ဓာတ်ခံတွင် ဉာဏ်ပညာ အသင့်ဝင်လျက် တရားသဖြင့် ကြိုးစားရှာဖွေရရှိထားတဲ့ ပစ္စည်းဝတ္ထုကို ရွေးချယ်ကာ လှူဒါန်းနိုင်ကြပါစေလို့ ရေးသားတင်ပြလိုက်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ...

မောင်ဉာဏ်လင်း(...)

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ်ကျွန်းသည်ကား လောကထွတ်ထား မြတ်ဘုရား၏ (၃)ပါးသော သာသနာ၏ တည်ရာအစစ် ဧကန်ဖြစ်သောကြောင့် စေတီကြီး၊ ဘုရားပုထိုးကြီးနှင့်တူကြောင်းကို ရှေးသူဟောင်းတို့ မိန့်ဆိုကြကုန်၏။

(သီဟိုဠ်ကျွန်းသည် လင်္ကာဒီပ၊ တမ္ဗပဏ္ဏိဒီပ၊ သီဟ ဒီပ၊ နာဂဒီပ ဟူ၍ အမည်ရ၏။ ယခု သီရိလင်္ကာတည်း။)

ဗုဒ္ဓဘုရားရှင်သည် သက်တော်ထင်ရှား ရှိတော်မူစဉ်က သီဟိုဠ်ကျွန်းသို့ (၃)ကြိမ် (၃)ခေါက် ကြွရောက်တော်မူလေ၏။

ပထမအကြိမ်တွင် ဘီလူးတို့ကို ဆုံးမခြင်းငှာ အဖော်မပါ ကိုယ်တော်တစ်ပါးတည်းသာ ကြွရောက်တော်မူ၍ ဘီလူးတို့ကို ဆုံးမပြီးလျှင် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးသောအခါ သီဟိုဠ်ကျွန်းတွင် ငါ၏ သာသနာသည် ကောင်းစွာမသွေ တည်ပေလိမ့်မည်ဟု သိမြင်တော်မူသဖြင့် နောင်သောအခါ ဘေးရန်ကင်းပျောက် အစောင့်အရှောက်ဖြစ်အောင် ပရိတ်အရံအတား ပြုတော်မူလျက် သီဟိုဠ်ကျွန်းကို ပတ်ပတ်လည်ဝိုင်းမိအောင် (၃) ကြိမ်တိုင် လှည့်လည်သွား၍ စည်းတားခြင်းအမှုကို ပြု တော်မူခဲ့လေ၏။






www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ်တွင် စူဠောဒရ၊ မဟောဒရ တူဦးရီး နဂါးမင်းတို့အား ဆုံးမခြင်းအကျိုးငှာ ကိုယ်တော်တစ်ပါး တည်းသာ ကြွတော်မူ၍ တူဦးရီးနဂါးမင်းတို့အား တရား ဟော၍ နှလုံးဟာဒယအေးအောင် အဆုံးအမပေးကာ ပြန် ကြွတော်မူ၏။

တတိယအကြိမ်တွင် ရဟန္တာ(၅၀၀)ခြံရံကာ ကြွ တော်မူ၍ မဟာစေတီ၊ ထူပါရုံစေတီ၊ သဃ်မိတ္တာ ကျောင်း၊ မဟိယင်္ဂဏစေတီ၊ မုဒိင်္ဂဏစေတီ၊ ဒီဃဝါပီ စေတီ၊ ကလျာဏီစေတီ တည်ရာဌာနများတွင် အနာဂတ် ကာလအခါတွင် သာသနာမြတ်တည်မည်ကို မျှော်လတ် နိရောဓသမာပတ်ဝင်စားလျက် ထင်ရှားစွာ နေတော် မူလေ၏။

ထိုစဉ်ကာလက သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓရှင်တော်မြတ် ၏သာသနာ မတည်သေးချေ။ နောက်ခါကာလကျမှသာ ဆရာအစဉ်အဆက် ဆင်းသက်လာခဲ့သော အရှင်မောဂ္ဂလိ ပုတ္တတိဿကိုယ်တော်ကြီးက စေလွှတ်တော်မူသဖြင့် အရှင် မဟိန္ဒထေရ်သည် သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်၊ တန် ဆောင်မုန်းလတွင် အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင် သမ္ဗလ၊ အရှင်ဘဒ္ဒသာလ ဤမထေရ်လေးပါးတို့နှင့်တကွ သာသနာပြု ကြွသွားတော်မူခဲ့လေ၏။

အရှင်သောဏ၊ အရှင်ဥတ္တရ စသော မထေရ်မြတ်တို့ သည်လည်း သာသနာနှစ်(၂၃၅)ခုနှစ်၊ တန်ဆောင်မုန်းလ တွင် သာသနာတော် တည်စေခြင်းငှာ မိမိတို့စေလွှတ်ရာ အသီးသီးတိုင်း စသော ထိုထိုတိုင်းတို့သို့ သာသနာပြု ကြွ တော်မူကြလေကုန်၏။

အရှင်မဟာမဟိန္ဒ မထေရ်မြတ်မူကား သာသနာ သက္ကရာဇ်(၂၃၆)ခုနှစ်၊ နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း ၌ သာသနာတည်စေခြင်းငှာ သာသနာပြု ကြွတော်မူ လေ၏။

## မဟိန္ဒမှ တပည့်အဆက်ဆက် ဆင်းသက်ပုံ

သီဟိုဠ်သာသနာပြု အရှင်မဟာမဟိန္ဒမှ ဆင်းသက် လာကုန်သော တပည့်အဆက်ဆက်တို့မှာ ရေတွက်၍မရ အောင် များပြားလှလေ၏။

အဘယ်ပုံ ဆင်းသက်လာသနည်းဟူမူ-

အရှင်မဟာမဟိန္ဒ၏တပည့် အရိဋ္ဌ၊ ထိုအရှင်၏ တပည့် တိဿဒတ္တ၊ ဤအတိုင်း ဆင်းသက်လာပုံမှာ အရှင် ကာဠသုမန၊ အရှင်ဒီဃ၊ အရှင်ဒီဃသုမန၊ အရှင်ကာဠ သုမန၊ အရှင်နာဂ၊ အရှင်ဗုဒ္ဓရက္ခိတ၊ အရှင်တိဿ၊ အရှင်ရေဝ၊ အရှင်သုမန၊ အရှင်စူဠနာဂ၊ အရှင်ဓမ္မပါလိ တ၊ အရှင်ခေမ၊ အရှင်ဥပတိဿ၊ အရှင်ဖုဿဒေဝ၊ အရှင် သုမန၊ အရှင်မဟာပဒုမ၊ အရှင်မဟာသိဝ၊ အရှင်ဥပါလိ၊ အရှင်မဟာနာဂ၊ အရှင်အဘယ၊ အရှင်တိဿ၊ အရှင်သုမ န၊ အရှင်စူဠာဘယ၊ အရှင်တိဿ၊ အရှင်စူဠဒေဝ၊ အရှင် သိဝတို့ပါတည်း။

ဤအစဉ်အဆက်ကား စတုတ္ထသင်္ဂါယနာတင်အထိ ဆင်းသက်လာသော ထေရပရမ္ပရ ဖြစ်လေ၏။

<u>ဝိနည်းဓိုရ်ဆရာတော်၏ လက္ခဏာ(၃)ပါး</u>

သာသနာတော်မြတ်၌ ဝိနည်းဓိုရ်ဆရာတို့သည်ကား လက္ခဏာ(၃)ဖြာနှင့် ကောင်းစွာပြည့်စေရာ၏။

လက္ခဏာ(၃)ပါးသည်ကား-

၁။ ဝိနည်းပါဠိတော်စကားများကို ပါဠိအတိုင်း နှုတ် တက်ရွရွ ကောင်းစွာရခြင်း (အဆုံးအဖြတ်အာစရိယဝါဒ နှုတ်တက်စေရမည်)၊

၂။ ဝိနည်းအကျင့်တရားတို့၌ မဖောက်မပြား ကောင်း စွာတည်ရှိခြင်း၊

၃။ ဆရာအစဉ်အဆက်ကို ကောင်းစွာမှတ်မိရခြင်း။

ဤနေရာတွင် ဆရာစဉ်ဆက်ကို မှတ်သားရမည်ဆို ရာ၌ အကျွန်ုပ်၏ ဆရာသည် အဘယ်ဆရာထံ၌ သင် ကြားခဲ့သည်၊ ထိုဆရာသည် အဘယ်ဆရာထံမှာ စသည် ဖြင့် ဆရာစဉ်ဆက် အလုံးစုံကို ထေရဝါဒပါ ယူဆောင်၍ အရှင်ဥပါလိထေရ်အရှင်သည် ဘုရားရှင်တော်မြတ်ထံမှာ သင်ကြားသည်ဟု အဆုံးတိုင် မှတ်သားနိုင်ရမည်။

တစ်ဖန် အရှင်ဥပါလိထေရ်အရှင်သည် ဘုရားရှင်ထံ မှာ သင်ကြားသည်။ ဒါသကထေရ်သည် သူ၏ဥပဇ္ဈာယ် အရှင်ဥပါလိထံ၌လည်းကောင်း၊ သောဏကထေရ်သည် သူ၏ဥပဇ္ဈာယ် ဒါသကအရှင်ထံ၌လည်းကောင်း၊ သော ဏကထေရ်သည် သူ၏ ဥပဇ္ဈာယ်သိဂ္ဂဝထံ၌လည်း ကောင်း၊ အရှင်သိဂ္ဂဝသည် သူ၏ဥပဇ္ဈာယ် သောဏက ထံ၌လည်းကောင်း၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သူ၏ဥပဇ္ဈာယ် အရှင်သိဂ္ဂဝစန္ဒဝဇ္ဇီတို့ထံ သင်ကြားသည်၊ ဤသို့ စသည်ဖြင့် အာစရိယ ပရမ္ပရဆရာ စဉ်ဆက်ကို ထေရဝါဒပါ ယူဆောင်၍ မိမိ၏ ဆရာရင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ရောက်စေရမည်။

ဤသို့အပြန်ပြန်အလှန်လှန် မှတ်သားနိုင်မှ ဆရာစဉ်ဆက်ကို ကောင်းစွာမှတ်မိသော တတိယအင်္ဂါလက္ခဏာနှင့် ပြည့်စုံနိုင်ပေ၏။ အကယ်၍ မတတ်နိုင်ပါမူ ဆရာအစဉ်အဆက်(၂)ဆက်၊ (၃)ဆက်ကိုဖြစ်စေ အောက်မေ့သောအခါ စိတ်ထဲတွင် မီးတောက်မီးလျှံ ထင်သကဲ့သို့ ထင်ထင်ကြီး မှတ်သားထားရမည်ဟု ဆိုပါသတည်း။

**ရှေးဆရာမြတ်တို့ သာသနာတော်ကို ခက်ခဲစွာဖြင့် စောင့်ရှောက်ကြပုံ**

ပြဆိုပြီးခဲ့သော ဆရာတော်ထေရ်ကြီးဝါကြီး အစဉ်အဆက်တို့သည် ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိသည်မှစ၍ စတုတ္ထသင်္ဂါယနာတင်သည့် နှစ်အထိတိုင်အောင် ပိဋကတ်တော်ကို နှုတ်တက်ရွရွ ထမ်းဆောင်ကြကုန်၏။ ပေစာတို့တွင်ကား ပြည့်စုံစွာရေး၍ မထားကြပါကုန်။

ဤသို့ပေစာတွင် မထားဘဲ နှုတ်ဖျားတွင်သာ ခဲယဉ်းစွာသော ဆောင်ရွက်မှုကိုပြု၍ သာသနာတော်ကို ချီးမြှောက်တော်မူကြကုန်သော ရှေးအဆက်ဆက် မဟာထေရ်မြတ်ကြီးတို့သည်ကား အံ့ဖွယ်မဆုံး ကြည်ညိုမဝဖြစ်ပါပေ၏။

သီဟိုဠ်ကျွန်းတွင် စဏ္ဍာလတိဿဘေးကြောင့် ထွက်ပြေးတိမ်းရှောင် တုန်လှုပ်ချောက်ချား၍နေကြစဉ် မိုးကလည်း မရွာသဖြင့် ငတ်မွတ်သော ဒုဗ္ဘိက္ခန္တရကပ်ကြီးဘေးသည် ရုတ်ခြည်းပေါ်လာလေ၏။

သို့ဖြင့် အချို့လည်း ဇမ္ဗူဒီပါကျွန်းကြီးသို့ ကြွရောက်ကြလေ၏။ (၆၀)မျှသော ထေရ်ကြီးတို့သည် သီဟိုဠ်ကျွန်းမှ်ပင် နေတော်မူပြီး ပိဋကတ်တော်ကို ဆောင်ကြကုန်အံ့ဟု အကြံပြု၍ နေတော်မူပြီး သီဟိုဠ်ကျွန်း အစိတ်အပိုင်းအသီးသီးသို့ ကြွရောက်လျက် ရသမျှသော အမြစ်၊ အသီး၊ သစ်သီးဆွမ်းတို့ကိုသာ မျှတ၍ ဘုဉ်းပေးတော်မူကြကာ ပိဋကတ်စာစေတို့ကို ပြန်အံသရဇ္ဈာယ်၍ နေကြလေ၏။

အလွန်ပင် မနေနိုင်လောက်အောင် မွတ်သိပ်ဆာလောင်လှသည့်အခါ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ရာပင် မစွမ်းနိုင်သည့်အခါများတွင် သဲအစုအပုံပေါ်၌ ရင်ဘတ်တွင်ထား၍ ဦးခေါင်းချင်းဆိုင်ပြီး နှုတ်က မရွတ်မမြွက်နိုင်ကြဘဲ စိတ်သက်သက်ဖြင့် သရဇ္ဈာယ်ခြင်းအမှု ပြုတော်မူ

ကြလေကုန်၏။ ဤနည်းအတိုင်း (၁၂)နှစ်တိုင်တိုင် ... ကထာနှင့်တကွသော ပိဋကတ်တော်ကို သရဇ္ဈာယ်... ရှောက်ကြ၍ သာသနာတော်ကို ချီးမြှောက်တော်မူကြ... ကုန်၏။

(၁၂)နှစ်လွန်မြောက်သောအခါ စဏ္ဍာလတိဿ... သည် အေးချမ်းငြိမ်သက်ခြင်းသို့ ရောက်သဖြင့် ဇမ္ဗူ... သို့ ကြွသွားကုန်သော ရဟန်း(၇၀၀)တို့သည် ပြန်လ... ကြွရောက်ခဲ့ကြပြီး သီဟိုဠ်ကျွန်း ရာမဇနပုဒ် မဏ္ဍ... ရာမကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူကြလေကုန်...

သီဟိုဠ်တွင် ကျန်ရစ်ခဲ့သော ရဟန်း(၆၀)တို့သ... လည်း ထိုမဏ္ဍလာရာမကျောင်းသို့ ကြွရောက်တော်မူ... ပြီးလျှင် အချင်းချင်း တိုင်ပင်နှီးနှော၍ ပိဋကတ်တော်... သရဇ္ဈာယ်ကြပြန်လေကုန်၏။

ထိုအခါ သီဟိုဠ်ရဟန်း ဇမ္ဗူဒိပ်ရဟန်းတို့၏ ... ကတ်စာများသည် အချင်းချင်း ညီညွတ်ကြကုန်၏။ ... ကျင်နှောင့်ယှက် သဘောမတူသောအချက်ဟူ၍ တစ်... တစ်ပါဒမျှ မတွေ့ကြပါကုန်။ ဂင်္ဂါရေနှင့် ယမုံနာ... နှစ်တွေနှစ်စား တစ်သားတည်းကျသကဲ့သို့ ဖြစ်တ... လေ၏။

ဤသို့ဤပုံ ခဲယဉ်းလှစွာသော ရွတ်ဖတ်သရဇ္ဈာ... မှုကို နှုတ်တက်ရွရွ ပြုကုန်ကြလေ၏။ ရှေးမဟာထေရ်... ၏ ခဲယဉ်းစွာ သာသနာပြုကြမှုပေတည်း။

**စွယ်တော်သီဟိုဠ်သို့ရောက်ခြင်း**

သီဟိုဠ်ကျွန်း ကိတ္တိသိရိမေဃမင်း နန်းစံ(၉)... သီဟိုဠ်မင်း (၆၂)ဆက်မြောက်၊ သာသနာနှစ်(၈၃၀) ... ရောက်သောအခါ ဇမ္ဗူဒိပ် ကလိင်္ဂရာဇ်တိုင်းပြည်မှ ကု... သီဝမင်း၏ သမီးနှင့် သမက်ဖြစ်သော ဒန္တကုမာရမင်းသ... သည် ဟေမမာလာမင်းသမီးကိုယူ၍ စွယ်တော်ကို ခိုး... ပြီး သီဟိုဠ်သို့ သင်္ဘောဖြင့် သွားကြလေ၏။

သာသနာသက္ကရာဇ်(၈၃၀)၊ မဟာနာမမင်း လ... ထက်တွင် အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်း... ကြွ၍ သီဟိုဠ်ဘာသာဖြင့် ရေးသားထားကုန်သော အ... ကထာကျမ်းတို့ကို မဂဓခေါ် ပါဠိဘာသာသို့ ပြန်ဆို... ကူးလေ၏။

**သီဟိုဠ်ကျွန်းတွင် အရိယာမရှိသော နေ့ာမရှိ**

ဤသို့လျှင် သီဟိုဠ်ဘာသာဖြင့်တည်ထားသော ...

www.burmeseclassic.com

www.burmeseclassic.com

စာများကို မဂဓာဘာသာ ပြန်ဆိုပြီးသည့်နောက် သီဟိုဠ်ကျွန်း၌ ဆရာအစဉ်အဆက် တပည့် ဆက် ဆင်းသက်လာသည်၏ အစွမ်းအားဖြင့် သနာတော်သည် ရောင်ခြည်တစ်ထောင် ထွန်း ဝင်း မွန်းတည့်နေမင်းကဲ့သို့ အလွန်လျှင် ထွန်း တက်ပနေလေတော့၏။

ငွေပေါင်းများစွာသော သောတာပန်၊ သကဒါ ဂါမ် ရဟန္တာတို့ဖြင့် သီဟိုဠ်ကျွန်းသည် အလွန် ထွန်းလင်းတင့်တယ်နေလေ၏။ တင့်တယ်ပုံမှာ တ်ပွင့်သော တာဝတိံသာ ပင်လယ်ကသစ်ပင် သို့လည်းကောင်း၊ အထပ်တစ်ရာ ရွှေကြာပဒုမ္မာ (၅)ပါး ဖုံးလွှမ်းသော ရေကန်ကြီးကဲ့သို့လည်း ခိုင်ဖြိုးပွင့်လင်းစွာ ဖြစ်တည်နေလေ၏။

ထင်ထင်ရှားရှား သွားလာပေါက်ရောက်ရာဖြစ်သော သော ဈေး၀၊ ဈေးတံခါး၊ အိမ်ရှေ့တံခါး၊ ရေဆိပ် တောတောင်အထပ်ထပ် စသည်တို့၌ တစ်ခု ရပ်မျှလည်း မဂ် ဖိုလ် မရဖူး၊ အရိယာမဖြစ်ဖူး နေရာမည်သည် မရှိ။ အတန်ငယ်ငံ့လင့်၍ ဆွမ်းရပ် နေရာ၌လည်း မဂ် ဖိုလ်ကိုရသော အရိယာပုဂ္ဂိုလ် ဖြစ်ကုန်သတည်း။

ဖိုလ်ရသော အရိယာပုဂ္ဂိုလ်တွေ များလွန်းလှ ကြောင့် တစ်ခါတစ်ရံ ပုထုဇဉ်ကို ပြလို၊ မြင်စေလို ဤသူကား ပုထုဇဉ်ပုဂ္ဂိုလ်၊ ထိုသူကား ပုထုဇဉ် ပြရ၊ မြင်ရစေလေ၏။

တစ်ရံသော်အခါက သီဟိုဠ်ကျွန်းတွင် ပုထုဇဉ် ရှင်ဟူ၍ တစ်ပါးမျှ မရှိချေ။ အရိယာချည်းဖြစ် သို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌ ဧကဝါရံပုထုဇ္ဇန နေတ္ထိဟု မိန့်ဆိုခဲ့လေ၏။

အတိညာဥ်ရ တန်ခိုးရှင်ဖြစ်ကြကုန်သော ရဟန်း မြတ်တို့ လူးလာခေါက်ပြန် ကောင်းကင်တွင် များလှသော်ကြောင့် အစဉ်တစိုက် နေရောင် စပါးထောင်း မိန်းမတို့သည် စပါးလှန်း၍ သွေ့ခဲ့ရကား စပါးထောင်းရန် အခွင့်မရကြကုန်။ သာသနာ်တော် ထွန်းကားခဲ့ပါသတည်း။

**ကျွန်းမြတ် ဘွဲ့ထူးမှတ်ပုံ**

သာမဇ္ဈောသည် ဘုရားရှင်၏ လက်ယာညှမ်

ရိုးတော်ကို တာဝတိံသာနတ်ပြည်မှ သီဟိုဠ်ကျွန်းသို့ ပင့် ဆောင်၍ ရောက်ရှိသောအခါ တန်ခိုးပြာဋိဟာပြ၍ ထွက် လာသော ရေပေါက်ယူဇနာသုံးရာရှိ သီဟိုဠ်ကျွန်းတစ် ကျွန်းလုံး နှံ့လေ၍ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ စေတီပြင်ကဲ့သို့ဖြစ်လေရကား သဘော်၊ လှေ ခရီးသည် တို့သည် သမုဒ္ဒရာရေပြင်က အုန်းသီးလုံးခန့် မြင်လျှင်ပင် တစ်ကျွန်းလုံးကို ပူဇော်ကြမြဲ ဖြစ်ကုန်၏။

အရှင်မဟာမဟိန္ဒထေရ်၏အထံ၌ အရှင်အရိဋ္ဌနှင့် တကွ စာသင်တပည့်(၅၀၀)တို့ ဝိနည်းပိဋကတ်ကို သင် ကြားရာဌာနကြီး ဖြစ်ကုန်၏။ ဤသို့သော အကြောင်းတို့ ဖြင့် သီဟိုဠ်ကျွန်းသည် ဘုရားသာသနာ၏ တည်ရာဖြစ် သောကြောင့် ဝရဒီပကျွန်းထူးမြတ်ဟု မော်ကွန်းအမည် ဘွဲ့ထူးတည်လေသတည်း။

**သီဟိုဠ်ကျွန်းတွင် ကျမ်းပြုတော်မူကြပုံ**

ထိုကျွန်းမြတ်သီဟိုဠ်တွင် အဋ္ဌကထာများကို အရှင် မဟာဗုဒ္ဓဃောသ မဂဓာဘာသာပြန်၍ ရေးသားပြုစုစီရင် ပြီးနောက်တွင် များသောအားဖြင့် ထိုကျွန်း၌ပင် အဋ္ဌ ကထာ၊ ဋီကာ၊ အနုမဓုလက်သန်း၊ ဂဏ္ဌိဂဏ္ဌိရကျမ်း များကို ရေးသားပြုစုတော်မူကြကုန်သဖြင့် သာသနာတော် သည် ကောင်းကင်နေမင်းကဲ့သို့ ထွန်းလင်းထင်ရှားပြန်လေ ၏။

ထိုကျွန်းတွင် ဗုဒ္ဓဝင်အဋ္ဌကထာကို အရှင်ဗုဒ္ဓဒတ် ပြုစုသည်။ ဣတိဝုတ်၊ ဥဒါန်း၊ စရိယာပိဋကတ်၊ ထေရာ ထေရီ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ နေတ္တိ၊ အဋ္ဌကထာများ တို့ကို ဆရာတော်အရှင် ဓမ္မပါလ ရေးသားစီရင်သည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို မဟာနာမထေရ် ပြုစုစီရင် သည်။ မဟာနိဒ္ဒေသ အဋ္ဌကထာကို အရှင်ဥပသေန ပြုစု စီရင်သည်။ အဘိဓမ္မာဋီကာကို အရှင်အာနန္ဒာထေရ် ပြုစု သည်။ ထိုဋီကာသည် အလုံးစုံသော ဋီကာကျမ်းများစွာတို့ ၏ လက်ဦးအစ ပထမအရင်းအမြစ်ဖြစ်သောကြောင့် မူလ ဋီကာဟု ထင်ရှားလေ၏။

ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒီဃနိကာယ် အဋ္ဌကထာ၏ ဋီကာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၏ဋီကာ၊ သံယုတ္တနိ ကာယ်အဋ္ဌကထာ၏ ဋီကာများကို ဆရာတော်အရှင် ဓမ္မ ပါလ ပြုစုစီရင်သည်။ ဝိနည်း(၅)ကျမ်းအဖွင့် သာရတ္ထ ဒီပနီဋီကာ အင်္ဂုတ္တရနိကာယ်ဋီကာ၊ ဤဋီကာများကို

www.burmeseclassic.com

အရှင်သာရိပုတ္တရာထေရ် ပြုစုစီရင်သည်။ ဝိမတိဝိနောဒနီမည်သော ဝိနည်းဋီကာကို ဒမိလတိုင်းနေ အရှင်ကဿပ ပြုစုစီရင်သည်။

အနုဋီကာကို ဆရာတော်အရှင် ဓမ္မပါလ ပြုစုစီရင်သည်။ ထိုကျမ်းသည် မူလဋီကာတွင် မထင်လွယ်သော ပုဒ်တို့ကို ထင်လွယ်အောင် အနုစိတ်၍ ဖွင့်သောကြောင့် အနုဋီကာဟု ခေါ်တွင်လေ၏။

ဝိသုဒ္ဓိမဂ် စူဠဋီကာနှင့် မဇ္ဈိမနိကျမ်းကို အမည်မထင်ရှားသော (အမည်မဖော်ပြခဲ့သော) ဆရာတို့ ပြုစုစီရင်ကုန်၏။ ထိုကျမ်းသည် မူလဋီကာရင်းဖြင့် အနက်အဓိပ္ပာယ် မကုန်ကြွင်းကျန်သည်ကိုလည်းကောင်း၊ မသိမသာ မထင်ရှားသည်ကိုလည်းကောင်း၊ ကုန်စင်သိသာအောင် မူလဋီကာရင်းနှင့်ပေါင်း၍ ပြသောကျမ်းဖြစ်သည်ကြောင့် သိသာလွယ်ကူ ချိုမြိန်ကောင်းမြတ်လှသည့်အတွက် မဓုဒီပနီဟု ခေါ်ဝေါ်တွင်ခဲ့ပါသတည်း။

**လက်သန်းအဋ္ဌကထာများ**

မောဟဝိစ္ဆေဒနီ လက်သန်းအဋ္ဌကထာကို သီဟိုဠ်အရှင်ကဿပ ပြုစုစီရင်သည်။ အဘိဓမ္မာဝတာရ ရူပါရူပဝိဘာဂ၊ ဝိနယဝိနိစ္ဆယကျမ်းတို့ကို အရှင်သာရိပုတ္တရာထေရ်၊ ဥဒ္ဒသိက္ခာအဋ္ဌကထာများကို အရှင်အနုရုဒ္ဓါထေရ်၊ သစ္စသင်္ခေပကို အရှင်ဓမ္မပါလထေရ်၊ ခေမအဋ္ဌကထာကို ခေမထေရ်တို့ အသီးသီး ပြုစုစီရင်ကြသည်။

ထိုကျမ်းတို့သည် လက်မ လက်သန်းကဲ့သို့ အံကျဉ်းသင်္ခေပ အမြွက်မျှဖွင့်ဆိုသဖြင့် ချမ်းသာလွယ်ကူ သင်ယူမှတ်နိုင်သောကြောင့် လဃုဏကျမ်း လက်သန်းကျမ်းဟူ၍ ခေါ်ဝေါ်ကြကုန်၏။

ထိုလက်သန်းအဖွင့်ကျမ်းတို့တွင် အဘိဓမ္မတ္ထသင်္ဂြိုဟ်၏ အဖွင့်ဋီကာဟောင်းကို နဝဝိမလဗုဒ္ဓိထေရ်၊ သစ္စသင်္ခေပ၊ နာမရူပပရိစ္ဆေဒ၊ ခေမအဘိဓမ္မာဝတာရ လက်သန်းကျမ်းတို့၏ ဋီကာဟောင်းကို မဟာဗောဓိထေရ်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဋီကာသစ်၊ အဘိဓမ္မာဝတာရဋီကာသစ်တို့ကို အရှင်သုမင်္ဂလသာမိထေရ်၊ သစ္စသင်္ခေပဋီကာသစ်ကို မဟာသာမိထေရ်၊ နာမရူပပရိစ္ဆေဒဋီကာသစ်ကို မဟာသာမိထေရ်၊ ပရမတ္ထဝိနိစ္ဆယဋီကာသစ်ကို အညတ္တရထေရ်၊ ဝိနယဝိနိစ္ဆယဋီကာသစ်ကို ရေဝတထေရ်၊ ခုဒ္ဒသိက္ခာဋီကာဟောင်းကို မဟာယသထေရ်၊ ၄င်းဋီကာသစ်ကို

သံဃရက္ခိတထေရ်အရှင်တို့ စီရင်တော်မူကြကုန်၏။

ဝဇီရဗုဒ္ဓိမည်သော ဝိနည်းဂဏ္ဌိပုဒ်ကို ဝဇီရဗုဒ္ဓိထေ[ရ်၊] စူဠဂဏ္ဌိ၊ မဇ္ဈိမဂဏ္ဌိ၊ မဟာဂဏ္ဌိ(၃)ကျမ်းကို သီ[ဟိုဠ်]ဆရာတို့ ပြုစုစီရင်ကြသည်။ ထိုကျမ်းများသည်ကာ[း]ကာကျမ်းများကဲ့သို့ ပုဒ်စဉ်ပါဠိ လျှောက်မဖွင့်ဘဲ မထ[င်]ကွယ်ဖုက် ခဲခက်သော အဆစ်အဖုကိုသာဖွင့်၍ ဉာ[ဏ်]အထူး၏ တည်ရာဖြစ်သောကြောင့် ဂဏ္ဌိဟူ၍ တွင်[လေ]၏။

**ဂန္ထန္တရကျမ်းများ**

အဘိဓာနပ္ပဒီပိကာကျမ်းကို ရှင်မောဂ္ဂလာန်ထေ[ရ်၊] အတ္တဗျာချာန်ကျမ်းကို စူဠဗုဒ္ဓဒတ်ထေရ်၊ ဝုတ္တောဒယ[...]ကျမ်း၊ သမ္ဗန္ဓစိန္တာကျမ်း၊ သုဗောဓာလင်္ကာရအလင်္[ကာ]ကျမ်းတို့ကို အရှင်သံဃရက္ခိတထေရ်၊ ဗျာကရဏ်းကျ[မ်း]ကို ရှင်မောဂ္ဂလာန်ထေရ် ပြုစုတော်မူသည်။

မဟာဝင်၊ စူဠဝင်၊ ဒီပဝင်၊ ထူပဝင်၊ ဗောဓိဝ[င်]ဓာတုဝင်ကျမ်းတို့ကို သီဟိုဠ်ထေရ်မြတ်တို့ ပြုစုစီရင်[ကြ]သည်။ ဒါဌာဓာတုဝင်ကျမ်းကို ဓမ္မကိတ္တိထေရ် ပြုစုစီရ[င်]သည်။ ဤသို့စသော ကျမ်းထူးကျမ်းပြားများသည် ပါဠ[ိ]တော်အဋ္ဌကထာ စသည်တို့မှ အလွတ်အထူးအခြားဖြစ်[၍]ဂန္ထန္တရဟူ၍ ခေါ်တွင်သည်။

ဤသို့လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋ[ီကာ၊]လက်သန်း၊ ဂဏ္ဌိ၊ ဂန္ထန္တရဟူ၍ ကျမ်းမျိုး(၇)ပါး။ ထို[...]ဒေသအားလျော်စွာ အနက်ပြန်ဆိုသော ယောဇနကျမ်းနှ[င့်]ပေါင်းသော် (၈)ပါး။ ဤအလုံးစုံသောကျမ်းတို့ကို သီဟို[ဠ်]ကျွန်း၌သာ လက်မွန်မဆွ ပထမရေးဦး ရေးကူးစီရင်တော်မူကြကုန်၏။

အရှင်ဗုဒ္ဓဃောသ စသော မဟာထေရ်မြတ် ကျမ်[း]တတ်အကျော်အမော် ဆရာတော်ဘုရားကြီးတို့သည် မိမိ[...]တို့ အစွမ်းဘတ္တိရှိသည့်အလျောက် ပရိယတ္တိသာသနာ[...]တော်ကို ပင့်ဆောက်၍ များစွာအမြစ်၊ များစွာသောအခက်[...]များစွာသောအခွတို့ဖြင့် အဆင့်ဆင့်ထောက်ပင့်ပြန့်ပြော[...]အံ့ဩမပြီး ပြည်သောင်ပင်ကြီးကဲ့သို့ တည်တံ့၍ ကြာမြင့်[...]စွာ သာသနာတော်တည်စေလေသတည်း။

ကိုမောင်သန့်[...]

**ကျမ်းကိုး**

* သာသနာ့အလင်းစာစောင်-၁၀၊ (၁၃၅၃)ခုနှစ်။

www.burmeseclassic.com

www.burmeseclassic.com

(က)

နှုတ်ဝသီအကျင့်ကား ဖျောက်ခဲ့သည်၊ ပျောက်ခဲ့သည်။ ...ပြောလေ့ရှိသူက ဆဲဆိုပြီး ပြောရမှ ကျေနပ်သည်။ ...ဆော တိုင်းထွာပြီးပြောတတ်သူက အတိုင်းအထွာလေး ...မှ ခံတွင်းတွေ့သည်။

"ဟိတ်ကောင်ကြီး··မသေသေးဘူးလားကွ"

သူငယ်ချင်းမိတ်ဆွေကို နှုတ်ဆက်လိုက်သော ယောကျ်ား ...တစ်ယောက်အသံ ဖြစ်သည်။ ရင်းနှီးစွာ ပြောဆိုလေ့ ...သော စကားဖြစ်၍ ဟိုတစ်ယောက်ကလည်း စိတ်မကောက်၊ ...တ်ဆိုးပေ။

စဉ်းစားကြည့်ပါ။ ကောင်ကြီးဆိုတာ တိရစ္ဆာန်ကိုသာ ...ပြောတဲ့၊ ခေါ်တဲ့ စကားလုံး။ သို့သော်လည်း မနာပါ။ ...ပြောနေကျ၊ နားထောင်နေကျ ဖြစ်နေတာကိုး။ မိန်းကလေး သူငယ်ချင်းအချင်းချင်း ပြောကြရာတွင်လည်း ဟေ့ကောင်မ၊ ...ချို့က ကောင်မတွင်မကဘဲ ဟိုကောင်မစုတ်ဟူ၍ပင် အစုတ်ပလုတ်စကားကို ထည့်သွင်းလိုက်သေးသည်။ ဖာတ်ကောင်မ၊ ညည်းအကောင်က ဘာလိုလိုပြောသံ ကြားပါကလား ဟူ၍လည်း ကောင်မ၏ ရည်းစားကို ညည်းအကောင်က ဟူ၍ ထည့်ပြောလိုက်သေးသည်။ ဘာပဲဖြစ်ဖြစ် ကျေနပ်ကြရင် ပြီးစတမ်းပါပဲ။ ဒီကောင်မလေးဆိုသော ရုပ်ရှင်ဇာတ်ကားပင် ရှိခဲ့ဖူးသည် မဟုတ်လော။

ပုထုဇဉ်လူသာမန်တို့သာမက ဘုန်းကြီးရဟန်းများလည်း နှုတ်ထွက်ကြမ်း အပြောကြမ်း ပုဂ္ဂိုလ်များ ရှိလေသည်။ အညာကရွာတစ်ရွာမှာ ကျောင်းထိုင်တဲ့ ဘုန်းကြီးတစ်ပါးဆိုရင် သူ့ရဲ့ ဒကာ၊ ဒကာမတွေကို ခေါ်တဲ့နေရာမှာ ဟိုကောင်မ၊ ဟို···မ၊ ဟိုအကောင်၊ ခေါင်း ဘယ်ပြောင်းသွားပြီလဲ စသည်ဖြင့် နာမ်ပုဒ်အကြမ်းစားများဖြင့် ပြောလေ့ရှိသည်။ ဤသို့ ခပ်ကြမ်းကြမ်းစကားကို မသုံးဘဲ ပြောလျှင်ပင် သူ၏ ဒကာ၊ ဒကာမတွေက တို့ဘုန်းကြီး စိတ်ဆိုးနေလား မသိဘူးဟု ပြောင်းပြန်ယူပြီး နားလည်ရသည်အထိ နှုတ်ကျိုးနေပါတော့သည်။ သူတို့အချင်းချင်းမှာလည်း ပန်းနှင့် အပေါက်ခံရသလို နာကြီခံခက် မရှိကြပါ။



မုံရွာ **နေဇာ**

# နှုတ်ထွက်ကြမ်းသော်လည်း ဆန်းပြားတဲ့ တန်ခိုးရှင်

www.burmeseclassic.com

www.burmeseclassic.com

ဤသည်တို့ကား ပြဿနာမဟုတ်။ ပြဿနာလုပ်လာသည်မှာ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါက အခေါ်အပြောကြမ်းသော ရဟန်းတစ်ပါးနှင့် ပတ်သက်၍ ဖြစ်သည်။

ရဟန်း၏ ဘွဲ့တော်မှာ အရှင်ပိလိန္ဒဝစ္ဆ။

(ခ)

သာမညရဟန်းတော့မဟုတ်၊ အရိယာရဟန်း ရဟန္တာ။ ရဟန္တာပင် ဖြစ်စေကာမူ ဝါသနာကို ရဟန္တာတိုင်း ပယ်လေ့မရှိကြ။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးပင် မျောက်ဖြစ်စဉ်က ဝါသနာအငွေ့အသက်များ မကုန်သေးသဖြင့် ရေအိုင်တွေ့သောအခါ သာမန်ကျော်လွှားရုံမဟုတ်ဘဲ ခုန်၍ ကျော်လွှား၍ သွားတတ်ကြောင်း ပြောစမှတ်ပြုကြသည် မဟုတ်လော။

ယခုလည်း အရှင်ပိလိန္ဒဝစ္ဆက အခြားရဟန်းများကို ခေါ်တဲ့အခါ ဟဲ့··ဝါပိမ၊ ဟဲ့··သူယုတ်၊ ဟေ့··ငယုတ်မာ စသည်ဖြင့် ပါဝိမဟု ခေါ်လေ့ရှိသတတ်။ ကြာသောအခါ သည်းမခံနိုင်ကြသော ရဟန်းများက မြတ်စွာဘုရားကို တိုင်ကြားလျှောက်ထားကြလေတော့သည်။

ဤတွင် ပါပက ပါပိက ဝေါဟာရအမည်နာမနှင့်ပတ်သက်သော ဇာတ်လမ်းတစ်ပုဒ်ကို ကြားညှပ်၍ ကောက်နုတ်ပြချင်ပါသေးသည်။

ဇာတ်လမ်းက ဇာတက၊ ဧကနိပါတ်၊ နာမသိဒ္ဓိဇာတ်။

ဇာတ်လမ်းအကျဉ်းချုပ်မှာ–

ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာလာ၍ သင်ယူနေသော တက္ကသိုလ်ကျောင်းသားတစ်ယောက်၏ အမည်မှာ ပါပက၊ မောင်ပါက ဖြစ်သည်။ ပါပက၏ အဓိပ္ပာယ်မှာ မောင်ယုတ်မာ(မောင်လူဆိုး) သူ၏ အမည်ကို ကြားသော အခြားတက္ကသိုလ်ကျောင်းသားများက ဝိုင်း၍ဟားကြသည်။ ပြောင်လှောင်သရော်ကြသည်။ နောက်ပြောင်ကြသည်။

'ငယုတ်မာတဲ့ဟေ့၊ သူ့အနားသို့ မကပ်ကြနဲ့။ အပေါင်းအသင်းလည်း မလုပ်ကြနဲ့။ ငယုတ်မာတဲ့ကွ၊ စုတ်ချာသွားလိမ့်မယ်နော်'

နေ့စဉ်လိုလို အနောက်အပြောင်ခံနေရသဖြင့် ကြာတော့ မောင်ပါပက ရှက်လာသည်။ အမေ၊ အဖေတွေကလည်း ဒီနာမည်ကိုမှ ပေးမှပေးတတ်ကြပလေဟုတွေးကာ မိဘနှစ်ပါးကိုပင် အပြစ်တင်လိုက်မိသေးသည်။ မဖြစ်ဘူး၊ နာမည်မြန်မြန်ပြောင်းမှ ဖြစ်မယ်။

သို့ဖြင့် မောင်ပါက(မောင်ယုတ်မာ)သည် ဆရာကြီးထံမှ ခွင့်ကောင်းကာ နာမည်ရှာပုံတော် ထွက်ခဲ့သည်။

ရွာတစ်ရွာတွင် အသုဘချလာသော အလောင်းတစ်လောင်းကို တွေ့သည်။

သေသွားသူ၏ အမည်ကို မေးကြည့်တော့ ဇီဝကတဲ့။ ဇီဝကဆိုတာ ဖိုးသက်ရှည်··ဖိုးသက်ရှည် ဆိုပြီး မေးကြည့်တော့ (၃၄)နှစ်ရှိသေးသတဲ့။ နာမည်နှင့် ဘာမျှမဆိုင်။ နာမည်၏ အကျိုးသက်ရောက်မှု မရှိ။

နောက်တစ်ရွာရောက်တော့ အမျိုးသမီးတစ်ဦး ကြိုးနှင့် တုပ်ချည်ပြီး ရိုက်နှက်ခံနေရသည်။ ဘာအပြစ်ရှိလို့ ရိုက်နှက်ခံနေရတာလဲ မေးကြည့်တဲ့အခါ ကြွေးမဆပ်နိုင်လို့ပါတဲ့။ နာမည်မေးကြည့်တော့ ဓနပါလီ(မငွေရှိ)၊ မငွေရှင်တဲ့ဗျာ။ မငွေရှိ (သို့မဟုတ်) မငွေရှင်ဆိုပြီး ကြွေးတွေ မြန်မြန်မဆပ်နိုင်တဲ့အတွက် အရိုက်အနှက်ခံနေရပြန်သတဲ့။ နာမည်နှင့် တကယ့်ဖြစ်ရပ် ဘယ်လိုမှ မသက်ဆိုင်ပါကလား။ တခြားစီပဲ။

သို့ဖြင့် မောင်ပါပက ခရီးဆက်ခဲ့ရာ လမ်းခရီးတစ်နေရာတွင် မျက်စိလည် လမ်းမှားကာ ယောင်ချာချာဖြစ်နေသော အထုပ်ထမ်းသမားကို တွေ့ရပြန်သည်။ မေးကြည့်တော့ ကိုပန္ထကတဲ့။ ပန္ထကဆိုတာ ခရီးသည်၊ ခရီးလမ်းကျွမ်းကျင်သူ ယနေ့ခေတ်လို တိုးရစ်ဂိုက် Tourist Guide ပေါ့။ ဘယ့်နှယ်ဗျာ၊ ကိုခရီးသည်၊ ခရီးကျွမ်းကျင်သူဆိုပြီး မျက်စိလည် လမ်းမှားနေရသတဲ့လား။

တကယ်ဆိုတော့ နာမည်ဟာ နာမည်ပါပဲ။ တကယ့်ဖြစ်ရပ်နှင့် အကျိုးတစ်စုံတစ်ရာ သက်ရောက်မှု မရှိတတ်ပါကလား။ နာမည်ဆိုတာ အခေါ်အဝေါ် ပညတ်သက်သက်မျှသာတည်း။

* နာမည်ကောင်းတိုင်း လူကောင်း မဟုတ်၊ နာမည်ကျော်တိုင်း လူတော် မဟုတ်နိုင်။

* နာမည် မကောင်းသော်လည်း စိတ်ကောင်းရှိလျှင် လူကောင်း ဖြစ်နိုင်သည်။ လူက တော်လျှင် လူတော် ဖြစ်နိုင်သည်။

ဟုတ်ပြီ။ မောင်ပါပကသည် သူ၏ ယုတ်မာသူဟု အဓိပ္ပာယ်ရသော နာမည်ကို မပြောင်းတော့။ နာမဒသသနခေါ် အမည်နာမနှင့်ပတ်သက်သော အတွေးအမြင်တစ်ခုကို သဘောပေါက်သိမြင်သွားသဖြင့် နာမည်မပြောင်းပြန်ပါ။ (နာမသိဒ္ဓိဇာတ်)



www.burmeseclassic.com

www.burmeseclassic.com

(ဂ)

ယခုလည်း အရှင်ပိလိန္ဒဝစ္ဆ၏ အမှုကိစ္စ မြတ်ဗုဒ္ဓထံ ရောက်သို့ ရောက်သွားလေပြီ။ ရဟန်းတွေက သူတို့ကို အရှင်ပိလိန္ဒဝစ္ဆက သူယုတ် လာလော့၊ သူယုတ် သွားလော့၊ သူယုတ် ယူခဲ့လော့၊ သူယုတ် ယူဆောင်သွားလော့ စသဖြင့် သူယုတ်ဟူသော အာလုတ်စကား ပြောကြားလေ့ရှိခြင်းကို သည်းမခံနိုင်ကြ၍ မြတ်စွာဘုရားကို တိုင်ကြားလျှောက်ထား ခြင်းဖြစ်ပါ၏။

မြတ်စွာဘုရားက-

'ရဟန်းတို့..အရှင်ပိလိန္ဒဝစ္ဆသည် ရှေးဘဝငါးရာတို့ တိုင်တိုင် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့သည်။ ပုဏ္ဏားတို့သည် သူယုတ် ဟု ခေါ်ဆို ပြောဆိုလေ့ရှိကြ၏။ နှုတ်ဝသီအကျင့်ပါလာ သဖြင့် ပြောဆိုခြင်းသာဖြစ်သည်။ ပြစ်မှားလိုသော ဒေါသ၊ သူတစ်ပါး ထိခိုက်စေလိုသော စေတနာပါ၍ ပြောခြင်းကား မဟုတ်။

ရဟန္တာတို့မည်သည် သူတစ်ပါးအား ထိခိုက်စေလို သောသဘောမရှိ။ ရှေးက အကျင့်အထုံဝါသနာပါလာ၍သာ ပြောဆိုခြင်းမျှဖြစ်သည်။ သည်းခံကြလော့ဟု မိန့်တော်မူ လိုက်လေသတည်း။

(ဃ)

ပုဏ္ဏားအိုသည် ဆဲရေးတိုင်းထွာသော ဝါသနာရှိကြ သဖြင့် အက္ကောသဘာရဒွါဇဟုပင် အခေါ်ခံရသူ ရှိခဲ့လေ၏။ အစည်ရင်းက ဘာရဒွါဇ၏ အမြဲဆဲရေးတိုင်းထွာလေ့ရှိသော ကြောင့် အက္ကောသ ဆဲရေးခြင်းနာမဝိသေသနပုဒ်ထည့်ပြီး အက္ကောသဘာရဒွါဇဟု အမည်တွင်ခြင်း ဖြစ်လေ၏။

ရဟန္တာကြီး အရှင်ပိလန္ဒဝစ္ဆမထေရ်နှင့် ပတ်သက်၍ မှတ်သားစရာ ကျန်ပါသေး၏။

တစ်နေ့သ၌-

အရှင်ပိလိန္ဒဝမစ္ဆမထေရ် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်း ခံကြွစဉ်ကဖြစ်သည်။ လှည်းသမားတစ်ယောက်ကို တွေ့ဆုံ [illegible] 'ဟဲ..သူယုတ်၊ သင့်ရဲ့လှည်းပေါ်က ခြင်းတွေထဲမှာ [illegible]' ဟု မေးလိုက်သည်။

[illegible] သူ့ကို သူယုတ်ဟု ခေါ်ရကောင်းလား [illegible] ကြွက်ချေးတွေဟု ပြန်ပြောလိုက်၏။

[illegible] ထေရ်က-

[illegible] သင်ပြောတဲ့အတိုင်း ဖြစ်လိမ့်မည်'

မထေရ်ပြောသည့်အတိုင်း သူ့လှည်းပေါ်မှ ခြင်းတွေ ထဲမှာ ကြွက်ချေးတွေ ဖြစ်သွားလေ့သည်။ လှည်းသမား စိတ်ညစ်ရပြီ။ ရောင်းဝယ်ဖောက်ကားဖို့ ယူလာတဲ့ ပိတ် ချင်းသီးတွေ ကြွက်ချေးဖြစ်ကုန်ပါရောလား။ သို့သော် လူ တစ်ယောက်၏ အကြံပြုချက်အရ အရှင်ပိလိန္ဒဝစ္ဆကို တောင်းပန်ရလေသည်။

လှည်းသမားသည် ကြွက်ချေးတွေ ဖြစ်သွားသောခြင်း ကို မ,ကာ အရှင်မြတ်နောက်သို့ လိုက်သွား၏။

အရှင်မြတ်က-

'ဟယ်..သူယုတ်၊ သင့်ရဲ့ ခြင်းထဲမှာ ဘာတွေလဲ'

ဟု မေးရာ ဒီတစ်ခါတော့ နားလည်သွားပြီဖြစ်သော လှည်းသမားသည်-

'အရှင်မြတ်ဘုရား..တပည့်တော်၏ ခြင်းထဲမှာ ပိတ် ချင်းသီးတွေပါဘုရား' ဟု ပြန်လည်လျှောက်ထားလိုက်၏။

'ဟယ်..သူယုတ်၊ ပိတ်ချင်းသီးဆိုရင်လည်း ပိတ်ချင်း သီးပဲပေါ့'

ထိုအခါ ကြွက်ချေးဖြစ်သွားသော ပိတ်ချင်းသီးတို့ သည် ပိတ်ချင်းသီးတွေ ပြန်ဖြစ်သွားသည်ကို အံ့သြစွာ တွေ့ရလေ၏။

လှည်းသမားခမျာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကာ တန်ခိုးကြီးသော နှုတ်ထွက်အတိုင်း ဖြစ်တတ်သော အရှင် မြတ်ကြီးကို ရှိသေစွာ အကြိမ်ကြိမ် ရှိခိုးနေပါလေတော့ သတည်း။

ပိတ်ချင်းသီးက ကြွက်ချေး၊ ကြွက်ချေးကတစ်ခါ ပိတ် ချင်းသီး ပြန်ဖြစ်သွားသော အကြောင်းအရာများကို ရှေ့ တန်းတင်ကာ ပြောဆိုသိမှတ်ကြသော်လည်း အရှင်ပိလိန္ဒ ဝစ္ဆ မထေရ်မြတ် ရရှိသော ဧတဒဂ်ဘွဲ့ထူးများ ဒေဝါနံ ပိယမနာပ-နတ်တွေ ချစ်မြတ်နိုးသော အရှင်မြတ်သာ ဖြစ် ပါသည်။

ဒါကလည်း ဘွဲ့အမည်တော်နှင့် တကယ့်ဖြစ်ရပ်တို့၏ ခြားနားချက်တစ်ရပ်ဟု မှတ်ယူကြည့်ညှိအပ်ပေသတည်း။

မုံရွာ-နေဇာ

*(ဓမ္မပဒ အဋ္ဌကထာ၊ ဗြဟ္မဏဝဂ်၊ ပိလိန္ဒဝစ္ဆထေရဝတ္ထု၊ တေဒဂ်ဝတ္ထု၊ မြတ်ဗုဒ္ဓ၏ တေဒဂ်ဘွဲ့ရ ပုဂ္ဂိုလ်မြတ် များ၊ ကျမ်းစာများကို ညှိနှိုင်းကာ ကိုးကားရေးသား ပူဇော် ပါသည်။)*

www.burmeseclassic.com

ကြွလုံမ်းလာသည့် ခြေအစုံ တုံ့ခနဲ ဖြစ်သွားသည်။ မြင်ကွင်းက အသက်ရှူပင် မှားလုလု။

ခန္ဓာကိုယ်တွင် ပူးကပ်နေသော စိတ်ဘဝင်ပင် လွင့်စဉ်သွားသကဲ့သို့ ခံစားလိုက်ရသည်။ ကြည့်ပါဦး။ ပြေပြစ်သောနဖူး၊ စင်ရော်တောင်မျက်ခုံး၊ ကော့ပျံနေသော သဘာဝမျက်တောင်အစုံ။ ဒါတင်ပဲလား၊ သောက်ရှူးကြယ် ညီနောင်လို ရှန်းလဲ့တောက်ပသော မျက်လုံး၊ ကြက်ဥပုံ သွယ်ဆင်းသွားသော မေးစေ့အထက်မှ နှုတ်ခမ်းဖူး နီစွေးစွေး၊ ပေါ်လွင်ဖြောင့်စင်းသော နှာတံ၊ ကြော့





## စနုသျှင်စိုး
## ရမ္မက်မီးကို ငြိမ်းနိုင်သူ

ရှင်းသော လည်တိုင်၊ ပန်းနုကျော်တစ်ယောက်၏ ထုဆစ်ထားသည့် လက်ရာအလား အချိုးအဆစ်ကျနလှသည့်ခန္ဓာကိုယ်၊ ပိတုန်းနှစ်ရောင် ပျော့စင်းရှည်လျားလှသော ဆံကေသာလေးက လေအနေ့တွင် လွင့်မြူးနေလျက်။

ထိုမိန်းကလေးတစ်ယောက်ကို သူ မြင်လိုက်ရသောကြောင့် ဖြစ်၏။ မှန်သည်၊ မိန်းမပျိုလေး၏ နုပျိုမှုနှင့် ခန္ဓာကိုယ်ပေါ်တွင် စုနေသည့် အလှတရားတို့က နတ်ကညာ တစ်ပါးအလား။ သည်လိုဆိုတော့လည်း လှမ်းနေသည့် ခြေအစုံပင် မရွေ့နိုင်လောက်အောင် တဏှာခြောင့် စူးဝင်ခဲ့လေပြီ။ တကယ်လည်း သူ့အဖို့ ဆောက်တည်ရာမရတော့။ ရုတ်ခြည်းဖြစ်ပေါ်လာသော တပ်မက်မှုတို့က သူ့အစ္ဈတ္တသန္တာန်တွင် လှိုင်းတံပိုးထနေသည်။

'ဪ..တဏှာရမ္မက်မီးက တကယ်ကြီးမား မှု လောင်လှပါလား။ ဒီမီးကို မငြိမ်းနိုင်ရင်ဖြင့် သံသရာ ဝဲဂယက်ထဲကို ကျတော့မှာပါလား'

သူ့အဖြစ်က သတိလက်လွတ် ငှက်တောင်ကျွတ်သည့်ပမာ။ သို့သော် အတွေးဆိုးကို အသိတရားဖြင့် အချိန်မီ

www.burmeseclassic.com

နိုင်ယူလိုက်လေ၏။

◆◆◆

ဘာဝက ကာမဂုဏ်တရားကို ခံစားနိုင်သည့်အခြေ ရှိ။ မှန်သည်၊ လူဇာတိက လူဆိုသော်လည်း သူက လူ မဟုတ်။ တိဿဘူတိ အမည်ရသည့် ရဟန်းပျို ပါးဝင် ဖြစ်၏။ သူသည် ကလျာဏီရှိ မဏ္ဍလာရာမ ကျောင်းတိုက်ကြီးတွင် ဝိနည်းပိဋကတော်တို့ကို သင်ယူ တင်းသုံးနေသူ ဖြစ်၏။ ယနေ့ ရွာအတွင်းဝင်၍ ဆွမ်းခံ ရာမှ စွဲငြိဖွယ်ကောင်းလှသည့် မိန်းမပျိုကလေးကို ပြီး တဏှာနုတ်ဆိုး၏ ပူးကပ်ခြင်းကို ခံလိုက်ရခြင်း သည်။ ရဟန်းပျိုလေး ရှေ့ဆက်၍ ဆွမ်းခံမကြွနိုင် သပိတ်ထဲတွင် ရှိနေသည့် ယာဂုများကို နောက် ပါလာသည့် ကျောင်းသားငယ်၏ သပိတ်အတွင်းသို့ င်းထည့်ကာ လာလမ်းအတိုင်း လှည့်ပြန်လိုက်၏။ ကျောင်းဆီသို့ ပြန်ရောက်သောအခါ စာချဆရာတော်ထံသို့ ည်ကြွလှမ်းလိုက်သည်။

'ဟဲ့··တိဿ၊ မျက်စိပျက် မျက်နှာပျက်နဲ့ ဘာဖြစ် တာတုံးကွဲ့'

တပည့်ဖြစ်သူ၏ မျက်နှာသွင်ပြင်ကို အကဲခတ်၍ မထေရ်ကြီးက မေးခွန်းထုတ်လိုက်သည်။

'ဆရာအရှင်ဘုရား··တပည့်တော် ဆွမ်းခံကြွရင်း မှာ ရောဂါတစ်ခု ဖြစ်ပေါ်ခံစားလာပါတယ်ဘုရား။ ဒနာကို အမြန်ကုစားမှ ဖြစ်မယ်ထင်ပါတယ်ဘုရား။ ရောဂါကုလို့ပျောက်လျှင် ဆရာရှင်ထံ ပြန်လာခဲ့ပါ့မယ် ရား။ မပျောက်ဘူးဆိုရင်တော့ တပည့်တော် ပြန်လာ ည် မဟုတ်ပါဘုရား။ ဒါကြောင့် နေခင်း စာဝါနဲ့ ရိုင်း စာဝါများအတွက် တပည့်တော်ကို စောင့်မနေ တော့ဘုရား။ တပည့်ခံစားနေရတဲ့ ဝေဒနာကို ကုစား သွားခွင့်ပြုပါတော့ဘုရား'

'ဟော··ဖြစ်ပုံက ထူးဆန်းလှချည်လား ငါ့ရှင် တိဿ အခု ငါ့ရှင်က ဘယ်ကိုသွားပြီး ရောဂါကို ဘယ် ကုစားမယ်ဆိုတာ ကို့များသိအောင် ပြောခဲ့ပါဦးကွယ်'

တပည့်ဖြစ်သူ၏ လျှောက်ထားခွင့်ပန်မှုကို မထေရ် အံ့သြတွေဝေစွာဖြင့် ပြန်၍ မေးခွန်းထုတ်လိုက် ည်။

'တပည့်တော် မလယကျောင်းမှာရှိတဲ့ မဟာသံဃ ရက္ခိတမထေရ်ကြီးထံကိုသွားပြီး တပည့်တော်ရဲ့ ရောဂါ ပျောက်ကင်းအောင် ကုစားမည် ဖြစ်ပါတယ်ဘုရား'

'အေးလကွယ်·· ကိုယ့်ရောဂါ အခြေအနေကိုလည်း သိ၊ ကုစားပေးနိုင်မယ့်သူလည်း ရှိတယ်ဆိုရင်တော့ ငါ့ ရှင်ကို ကို့များ ခွင့်ပြုပါတယ်။ သွားပေဦးတော့ ငါ့ရှင်'

မလယကျောင်းနှင့် မဏ္ဍလာရာမကျောင်း၏ အကွာ အဝေးက များစွာဝေးကွာလှသည် မဟုတ်။ မလယ ကျောင်းသည် တောင်ခြေတစ်ခုအနီးတွင်ရှိသော ကျောင်း သခ်မ်းလေးဖြစ်ပြီး ထိုကျောင်း၌ မဟာသံဃရက္ခိတမထေရ် ကြီးက တစ်ပါးတည်း တောရဆောက်တည်နေလေသည်။ မဟာသံဃရက္ခိတမထေရ်ကြီးသည် သီဟိုဠ်ကျွန်းတွင် သီ တင်းသုံးနေသော သံဃာတော်အရှင်သူမြတ်များ၏ အား ကိုးမှီတည်ရာ သံဃနာယကမဟာထေရ်ကြီး တစ်ပါး ဖြစ်ပြီး သီလ၊ သမာဓိနှင့် ပြည့်စုံသော အရိယာမထေရ် မြတ်ကြီးလည်း ဖြစ်လေသည်။ ထို့ကြောင့် ဆရာဖြစ်သူ မထေရ်ကြီးက တပည့်ဖြစ်သူ သွားရောက် ရောဂါကုစား လိုသည့် ဌာနကို ခွင့်ပြုတော်မူလိုက်ခြင်း ဖြစ်သည်။

◆◆◆

တိဿရဟန်းပျိုလေးသည် သံဃရက္ခိတမထေရ်ကြီး သီတင်းသုံးရာ ကျောင်းသခ်မ်းသို့ နေမညိုမီမှာပင် ရောက် ရှိသွားသည်။ မထေရ်ကြီးသည် သစ်ရွက်မိုး ကျောင်း သခ်မ်းအနီး၌ တံမြက်စည်းလှည်းနေသည်ကို အသင့်တွေ့ ရှိလိုက်သောကြောင့် တိဿရဟန်းလေးသည် မထေရ်ကြီး အနီးသို့ ရိုကျိုးစွာချဉ်းကပ်၍ ရှိခိုးဦးတင်လိုက်လေ၏။

မထေရ်ကြီးသည် သပိတ်ကိုလွယ်၊ နှစ်ထပ်သင်္ကန်း ကြီးကို ကပိုကရို ပခုံးပေါ်တင်၍ ကသောကမျော ရောက် လာသော ထိုသရဟန်းလေးကို အသာစောင်းငဲ့ကြည့် လိုက်ပြီး 'ငါ့ရှင်··သင့်ရဲ့ သပိတ်၊ သင်္ကန်းများကို နေရာ တကျ သိမ်းဆည်းချေပါဦးကွယ့်' ဟု အေးချမ်းစွာ မိန့် တော်မူလိုက်သည်။

သို့သော် မထေရ်ကြီး၏လေသံက သိမ်မွေ့ညင်သာ နေသော်လည်း ရမ္မက်မီးလောင်နေသော တိဿရဟန်းလေး အဖို့ကတော့ မအေးချမ်းနိုင်သေး။

'အရှင်ဘုရား··တပည့်တော်မှာ ရောဂါဝေဒနာတစ် ခု ပြင်းထန်စွာ စွဲကပ်နေပါတယ်ဘုရား။ ဒီရောဂါကို ကုစားပေးနိုင်တဲ့နည်းကို ပေးမှသာလျှင် သပိတ်၊ သင်္ကန်း

www.burmeseclassic.com

များကို တပည့်တော် နေရာတကျ သိမ်းဆည်းနိုင်စွမ်း ရှိပါလိမ့်မယ်ဘုရား'

တိဿရဟန်းလေးက သူ၏လာရင်းကိစ္စကို မထေရ်ကြီးအား သိုင်းဝိုင်းမနေတော့ဘဲ တဲ့တိုးလျှောက်တင်လိုက်သည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိမို့ အချိန်ဆိုင်းနေ၍ မဖြစ်တော့။

'အပူကြီးလှချည့်လား ငါ့ရှင်ရယ်။ ယခု သင့်ရောဂါကို ကုစားပေးနိုင်တဲ့ ဆရာသမားထံကို ရောက်နေပြီပဲ။ တို့များ စကားကိုသာ နားထောင်စမ်းပါကွယ်။ အကျိုးမမဲ့စေရပါဘူး'

မထေရ်ကြီး၏စကားသည် အကြောင်းမဲ့ မိန့်ဆိုခြင်း မဟုတ်ဟု တွေးမိသောကြောင့် တိဿရဟန်းလေးသည် သပိတ်၊ သင်္ကန်းတို့ကို သိမ်းဆည်းနေရာချပြီးနောက် မထေရ်ကြီး၏ ဝတ်ကြီး၊ဝတ်ငယ်များကို ပြုလုပ်ဆောင်ရွက်ပေးလေတော့၏။

မထေရ်ကြီးသည် ရဟန်းပျိုလေး၏ စရိုက်လက္ခဏာကို ဆင်ခြင်ကြည့်လေရာ ရာဂစရိုက် ရှိသူဖြစ်ကြောင်း သိရှိလိုက်သောကြောင့် အသုဘကမ္မဋ္ဌာန်း စီးဖြန်းတတ်အောင် နည်းနာနိဿယ သင်ကြားပေးလိုက်သည်။

မထေရ်ကြီးသင်ကြားမှုကို အချိန်ပိုင်းအတွင်းမှာပင် တိဿရဟန်းလေး နားလည်သဘောပေါက်သွားသည်။ ထို့ကြောင့် နေရာချထားသော သပိတ်၊ သင်္ကန်းများကို ကောက်ယူ၍ ပခုံးတစ်ဖက်၌ လွယ်ပြီးလျှင် မထေရ်ကြီးကို မတ်တတ်ရပ်လျက်ပင် အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးလိုက်လေ၏။

'ငါ့ရှင်တိဿ..တို့များကို ဘာကြောင့် အကြိမ်ကြိမ် အရိုအသေပြုနေရတာလဲကွယ့်။ ငါ့ရှင် ပြုရမယ့်ကိစ္စက တို့များသင်ပေးတဲ့ ကမ္မဋ္ဌာန်းကို ငါ့ရှင်အနေနဲ့ သဘောမပေါက်ရင် ထပ်ပြီးမေးဖို့သာ ဖြစ်ပါတယ်'

တိဿရဟန်းလေး၏ ထူးခြားသောအပြုအမူကြောင့် မထေရ်ကြီး မေးခွန်းပြန်ထုတ်လိုက်သည်။

'မှန်လှပါ ကျေးဇူးရှင်ဘုရား၊ ဆရာသမားများရဲ့တာဝန်ဟာ နည်းပေးလမ်းပြပေးရန်သာ ဖြစ်ပါတယ်ဘုရား။ တပည့်များရဲ့ တာဝန်ကတော့ ဆရာများရဲ့ လမ်းညွှန်ချက်အတိုင်း ကျင့်ကြံပွားများဖို့ပဲ ဖြစ်ပါတယ်ဘုရား။ နည်းသိပါလျက် မကျင့်သုံးနိုင်ပါလျှင် အချည်းအနှီးပါပဲဘုရား။ ဒါကြောင့် ဆရာရှင်ပေးတဲ့ ကမ္မဋ္ဌာန်းကို အချိန်မလင့်ခင် ကျင့်ကြံပွားများဖို့ သင့်လျော်တဲ့နေရာ တပည့်တော် ခုပဲ သွားပါတော့မယ်ဘုရား။ ဒါကြောင့် ဆရာရှင်ကို နောက်ဆုံးအနေနဲ့ ဂါရဝပြုနေခြင်း ဖြစ်ပါတယ်'

ရဟန်းလေး၏ သဘောဆန္ဒကို သိရှိသွားသည့်အတွက် မထေရ်အိုကြီး ကျေနပ်ပီတိ ဖြစ်သွားသည်။

'သာဓု..သာဓု..ငါ့ရှင်လို ဖွဲ၊ လုံ့လရှိသော ပုဂ္ဂိုလ်များအတွက် ဈာန်၊ မဂ်၊ဖိုလ်တရားဟာ မရနိုင်စရာ အကြောင်း မရှိပါ။ ဒါကြောင့် ကြွပေဦးတော့။ ငါ့ရှင် လိုရာခရီးကို လျှင်မြန်စွာ ရောက်ပါစေကွယ်'

နေဝင်တော့မည်။ အချိန်မလင့်ခင် ကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်ရန်အတွက် သံဃရက္ခိတမထေရ်အိုကြီး၏ ကျောင်းသခ်မ်းမှ တိဿရဟန်းလေး ပြန်လည်ထွက်ခွာလာခဲ့သည်။

◆◆◆

တိဿရဟန်းလေးသည် လမ်းခရီး၌ အရိပ်အာဝါသ အလွန်ကောင်းမွန်သည့် ချုံကြီးတစ်ချုံကို တွေ့ရှိသောကြောင့် ချုံအတွင်းသို့ဝင်၍ သီတင်းသုံးလိုက်၏။ ဆရာသမား လမ်းညွှန်ချက်များကိုလည်း ဦးထိပ်တွင် သံမှိုနှက်သကဲ့သို့ အလေးအနက် ခံယူနှလုံးသွင်း၍ ပုံသကူသင်္ကန်းကို ဖြန့်ခင်းကာ တင်ပျဉ်ခွေထိုင်လိုက်သည်။ ထို့နောက် မိမိ၏ ဆံပင်မွေးညင်းကို အစပြု၍ တစ်ကိုယ်လုံးရှိ မတင့်မတယ် စက်ဆုပ်ဖွယ် သဘောသဘာဝများကို တစ်ခုပြီး တစ်ခု ထင်ရှားအောင် နှံ့စပ်စွာ နှလုံးသွင်းလေတော့သည်။

နေဝင်အလင်းပျောက်၍ ညအမှောင်ကို တစ်စ၊ တစ်စ ရောက်လာသည်။ တိဿရဟန်းလေး၏ ကမ္မဋ္ဌာန်း ရှုပွားမှုသည်လည်း ဥပစာရသမာဓိမှ အပ္ပနာသမာဓိသို့ အဆင့်ဆင့် မြင့်တက်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံးသည်လည်း ရဟန်းလေး၏ ရှုပွားမှုကို အားပေးနေသည့် အလား ထူးခြားစွာ တိတ်ဆိတ်နေသည်။ ညဉ့်သည်လည်း နက်သည်ထက် နက်လာသည်။ အိပ်စက်ရန်ပင် အချိန်မပေးတော့ဘဲ ရုပ်၊နာမ်နှစ်ချက်၏ ဖြစ်ခြင်း၊ ပျက်ခြင်း သဘာဝကို တိဿရဟန်းလေး တရစပ် ရှုမှတ်ပွားများလိုက်သည်။

တိဿရဟန်းလေး၏ ကြိုးစွာသောလုံ့လကြောင့် ဉာဏ်အလင်းများ တစ်ဆင့်ချင်းတစ်ဆင့် ပွင့်လာသည်။

www.burmeseclassic.com

…ား မှန်လာသည်။ အမှန်များကို ထင်ရှားစွာ မြင် …သည်။ ဘဝခန္ဓာအိမ်ကို အကြိမ်ကြိမ် တည်ဆောက် …ည့် တဏှာလက်သမားကို တိဿရဟန်းလေး မိမိ … သိရှိလာသည်။

…မှန်သည်၊ မိုးသောက်အံရုဏ်ဦး အလင်းရောင်ခြည် …သော အချိန်တွင်ကား တိဿရဟန်းငယ်လေးသည် …န်းကိစ္စ ပြီးမြောက်ကာ အရဟတ္တဖိုလ်ကို ရရှိခဲ့လေ …သတည်း။

◆◆◆

အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ နေမင်း၏ အဆင်းက …ခေါင်းအမြီးသဖွယ် ရွှေရောင်ကြဲပက်၍ ထွက်ပေါ်လာ …ည်။ တိဿဘူတိ ရဟန်းလေး၏ အဆင်းသဏ္ဍာန်နှင့် …။ သမာဓိ ဂုဏ်ရှိန်သည်လည်း နေမင်းနှင့်အပြိုင် …ည်လင်သန့်စင်ခဲ့ပြီ ဖြစ်သည်။

တိဿရဟန်းလေး ချုံအတွင်းမှထွက်၍ မဏ္ဍပ်လာ …ကျောင်းတိုက်ဆီသို့ ပြန်လည်ကြွလာခဲ့သည်။ ကျောင်း …တိုက်စာချမထေရ်ကြီးသည် နံနက်ခင်းစာဝါကို ပို့ချရန် ပြင်ဆင်ကာ တပည့်ဖြစ်သူ အလာကို စောင့်ကြိုတော်မူနေသည်။ ရဟန်းကိစ္စ ပြီးမြောက်သွားသော်လည်း ,တိဿဘူတိ ရဟန်းလေးအဖို့ ဘုရားရှင်၏သာသနာ အဓွန့်ရှည်တည်တံ့နိုင်ရေးကို အထောက်အကူပြုစေနိုင်သော ပရိယတ္တိစာပေကျမ်းဂန် သင်ကြားခြင်းအမှုကို ဆက်၍ပြုရပေဦးမည်။

မှန်သည်၊ ကိလေသာအာသဝေါတရားတို့ မဖြစ်ပွားစေရန်အတွက် အရှင်တိဿဘူတိ ရဟန်းလေးကဲ့သို့ စာပေကျမ်းဂန်များ သင်ကြားခြင်း၊ ဆွေးနွေးမေးမြန်းခြင်း၊ ကမ္မဋ္ဌာန်းပေးတတ်သူတို့ထံ ချဉ်းကပ်၍ နာယူကျင့်ကြံမှုများကို ပြုလုပ်ရမည်မှာ သာသနာတော်တွင် သီတင်းသုံးစံပျော်နေသည့် သံဃာတော်များ၏ တာဝန်သည်သာ မဟုတ်ပါလား။


**ဓနုသျှင်စိုး**

**<u>စာမှီး</u>**

* မဟာစရိယ ဦးဋ္ဌေးလှိုင်၏ ဆွမ်းခံရင်း ငှက်သင့်သော တိဿဘူတိထေရ်။


နှလုံးတုန်၊ ရင်ခုန်၊ မူးမော်သူများအတွက်

# နှန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှနိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

နှလုံးအားတိုးဆေး

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆),
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ဝ၂၁၃ Y ဝ၃ဝ၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၀/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၄၀၉၉၇၊ ☎ (၀၁)၂၁၀၈၈၃
ရန်ကုန် မြည့်ခမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)၊ ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့။ ☎ (၀၂)၃၃၀၈၀

www.burmeseclassic.com



**သောပါကသာမဏေ**

နေမင်း၏ အလင်းရောင်သည် ထည်ဝါခန့်ညားသော ရာဇဂြိုဟ် မြို့တော်နှင့်တကွ ကမ္ဘာလောက တစ်ခုလုံးအား တစ်နေ့တာအတွက် နှုတ်ဆက်သွားလေပြီ ဖြစ်သည်။ ဆည်းဆာအလှဖြင့် တင့်တယ်ခဲ့သော ကောင်းကင်ယံသည် တဖြည်းဖြည်း အမှောင်ထု၏ လွှမ်းမိုးခြင်းကို ခံနေရသည်။ ရာဇဂြိုဟ်ကောင်းကင်ယံသည် ကြောက်စရာကောင်းလောက်အောင် မည်းမှောင်နေသည်။

ဓမ္မာစရိယ

# သန်းထွန်း

## ထင်ရှားကျော်ကြား သာမဏေများ(၁၀)

www.burmeseclassic.com

www.burmeseclassic.com

လူသံ၊ မြင်းသံ၊ အိုးသံခွက်သံ စသည်တို့ဖြင့် စည်ကားကား ရှိခဲ့သော ရာဇဂြိုဟ်မြို့တော်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ရာဇဂြိုဟ်မြို့၏ လမ်းမပေါ်၌ သွားလာလူလာများ ဆိတ်သုဉ်းလျက်။ အိမ်တန်းတကက်ငှက်ကလေးတို့သည် ဆူညံရာမှ ငြိမ်သက်သည်။ ငြိမ်သက်ရာမှ တိတ်ဆိတ်သွားလေပြီ ဖြစ်သည်။ တစ်ခါ ,တစ်ခါ ထိတ်တလန့် ထပျံကြသော ငှက်များ၏ တောင်ပံခတ်သံတို့သည် ချောက်ချားစရာကောင်းလောက်အောင် ကျယ်လောင်စွာ ထွက်ပေါ်လာတတ်သည်။ ပုစဉ်းရင်ကွဲသံတို့သည်လည်း ညအမှောင်ကို ရသမြောက်စေသည်။ ညသည် တဖြည်းဖြည်း သန်းခေါင်ယံအချိန်သို့ ရောက်လာသည်။

'ငါသွားရမယ့် နေရာဟာ ဘယ်နေရာ ဖြစ်ပါလိမ့်မလဲ။ အဆွေခင်ပွန်း မရှိတဲ့ငါ့မှာ ဘယ်သူဟာ ဆွေမျိုးအဖြစ် ပေါ်ပေါက်လာပါလိမ့်မလဲ။ သင်္ချိုင်းအလယ်မှာ ချည်ထားတဲ့ ငါ့ကို ကယ်တင်မယ့်သူဟာ ဘယ်သူဖြစ်ပါလိမ့်မလဲ'

တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ယံကို ထိုးဖောက်လာသည့်အသံ ဖြစ်သည်။ အသံသည် ရာဇဂြိုဟ်မြို့တော်၏ တစ်အိမ်အိမ်က ထွက်လာသောအသံ မဟုတ်။ ရာဇဂြိုဟ်မြို့၏ လမ်းတစ်နေရာရာက ထွက်လာသည့် အသံလည်း မဟုတ်ပေ။ ရာဇဂြိုဟ်မြို့၏ အပြင်ဘက်တစ်နေရာကလာသော အသံဖြစ်သည်။ အသံလာရာ အရပ်ကို တိတိကျကျ ညွှန်းဆိုရလျှင် ရာဇဂြိုဟ်သင်္ချိုင်းဖြစ်သည်။ အသံသည် ရာဇဂြိုဟ်သင်္ချိုင်းတစ်နေရာက ထွက်ပေါ်လာခြင်း ဖြစ်သည်။ ညဥ့်နက်သန်းခေါင်၌ သင်္ချိုင်းမှထွက်ပေါ်လာသော ဤအသံကို တစ်စုံတစ်ယောက်က ကြားခဲ့မည်ဆိုလျှင် ပြေးလမ်း မှားနိုင်သည်။ သရဲကြောက်တတ်သူများဆိုလျှင် ဤအသံကို ကြားရသည်နှင့် အသက်မှုလည်း ထွက်သွားနိုင်သည်။ လူသားစင်စစ်၏အသံဟု ဆုံးဖြတ်ရန်မှာ ခက်နေလိမ့်မည် ဖြစ်သည်။ မှောင်မိုက်သော ညဥ့်နက်အချိန်များသည် မကောင်းဆိုးဝါးများ၏ ပါတီပွဲပြုလုပ်ရာ အကောင်းဆုံးအချိန် ဖြစ်သောကြောင့်ဖြစ်သည်။ အသံသည် မကောင်းဆိုးဝါး တစ်ကောင်ကောင်၏ အသံမဟုတ်။ လူသားစင်စစ်၏အသံ ဖြစ်သည်။

ရာဇဂြိုဟ်သင်္ချိုင်း၌ ညအချိန်တွင် မြေခွေး စသော အသားစားသတ္တဝါတို့ သွားလာကျက်စားလျက်ရှိသည်။ ထိုသတ္တဝါတို့သည် လူသေအလောင်းများအား စားသောက်တတ်ကြသည်။ ရာဇဂြိုဟ်သင်္ချိုင်း၌ မြေမြှုပ်သော အလောင်းများ ရှိသကဲ့သို့ မြေမြှုပ်ခြင်းမပြုဘဲ သည်အတိုင်း စွန့်ပစ်ထားသော အလောင်းများလည်း ရှိသည်။ မြေခွေး စသည်တို့သည် မြေမြှုပ်ထားသော အလောင်းများကိုပင် ချန်ထားခြင်း မပြုကြပေ။ သူတို့၏ အားကောင်းသော ခြေ၊ လက်များဖြင့် တူးဖော်စားသောက်တတ်ကြသည်။ အသက်ရှင်လျက်ရှိသော လူကိုပင် သူတို့မကြောက်။ လူတစ်ယောက်၊ နှစ်ယောက်ဆိုလျှင် သူတို့အုပ်စုလိုက် ကိုက်ဖြတ်စားသောက်တတ်ကြသည်။ ရာဇဂြိုဟ်အစိုးရတို့သည် ပြစ်ဒဏ်ကြောင့် သေမိန့်အပေးခံရသည့် အပြစ်သားများအား ကြိုးတို့ဖြင့် ချည်နှောင်၍ သင်္ချိုင်း၌ မြေခွေးစာကျွေးတတ်သည့်လည်း ရှိသည်။ သာမန်လူတို့သည် အန္တရာယ်များသော သင်္ချိုင်းသို့ မလာကြပေ။

ပထွေးထွက်သည့် အမျက်ဒေါသ

တစ်ခါတစ်ရံတွင် ရာဇဂြိုဟ်သင်္ချိုင်းသို့ ဂန္ဓာရီဆရာများ ရောက်လာတတ်သည်။ တစ်ခါတစ်ရံတွင် သုသာန်ဓူတင်ဆောက်တည်သည့် ရဟန်းများ ရောက်လာတတ်သည်။ တစ်ခါတစ်ရံတွင် ရောက်လာတတ်သည့် အပြစ်သား၊ ဂန္ဓာရီဆရာ၊ ရဟန်းများမှလွဲ၍ ရာဇဂြိုဟ်သင်္ချိုင်းသို့ မည်သူမှ မလာကြ။ အသံသည် တည်ငြိမ်အေးချမ်းစွာ ထွက်လာသည့်အသံမဟုတ်။ ငိုသံများနှင့် ရောထွေးလျက် ထွက်လာခြင်း ဖြစ်သည်။ အသံထဲ၌ ထိတ်လန့်ကြောက်ရွံ့မှု အရိပ်အယောင်များ ပြေးလွှားလျက်ရှိသည်။ အသံသည် ကလေးတစ်ယောက်၏အသံ ဖြစ်သည်။ မှန်ပါသည်။

အသံပိုင်ရှင်၏ အမည်မှာ သောပါက ဖြစ်သည်။ သောပါကသည် မျိုးနွယ်စုတစ်ခု၏ အမည်ဖြစ်သည်။ စည်ကားသော ရာဇဂြိုဟ်မြို့၌ မျိုးနွယ်စုပေါင်း များစွာရှိသည်။ ကလေးသည် များစွာရှိသည့် မျိုးနွယ်စုထဲက သောပါက မျိုးနွယ်စုတွင် လူဖြစ်လာခဲ့ခြင်း ဖြစ်သည်။ လူဖြစ်လာခဲ့သော ကလေးသည် ထူးခြားသည့် နာမည်မျိုးကို ပိုင်ဆိုင်ခဲ့ခြင်းမရှိ။ မျိုးနွယ်အမည်ကိုသာ ကလေးအမည်အဖြစ် ပြောင်းပေးခဲ့ကြသည်။ ရာဇဂြိုဟ်မြို့သား

www.burmeseclassic.com

www.burmeseclassic.com

သောပါကသည် ရာဇဂြိုဟ်သင်္ချိုင်းသို့ ရောက်နေရသည်။ သောပါက၏အသက်သည် ခုနစ်နှစ်သာ ရှိသေးသည်။ လောကအကြောင်း မသိသေးသည့်အရွယ်၊ ကြောက်တတ်လန့်တတ်သည့် အရွယ်သာရှိသေးသော သောပါကသည် ကြောက်စရာ၊ လန့်စရာ အပြည့်ဝန်းရံထားသော ရာဇဂြိုဟ်သင်္ချိုင်းသို့ ရောက်နေလေသည်။

သောပါကသည် တိတ်ဆိတ်မှောင်မိုက်နေသော ညယံကို ကြောက်သည်။ ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ မှောင်မိုက်နေသည်ဖြစ်၍ မည်သည့်အရာကိုမှ မမြင်ရပေ။ ဘေးဝတ်ဝန်းကျင်က လူသံများ မကြားရ။ ကြောက်စရာကောင်းသော မြေခွေးသံများကိုသာ ကြားရသည်။ သောပါက ထွက်ပြေးချင်သည်။ သို့သော် ထွက်ပြေး၍မရ။ သောပါက လက်နှစ်ဖက်ကို နောက်ပြန်ချည်၍ ခန္ဓာတစ်ကိုယ်လုံးအား ကြိုးဖြင့် ချည်နှောင်ထားသည်။ အားရှိသမျှ သောပါက ရုန်းသည်။ ရုန်းသမျှ အချည်းနှီးသာ ဖြစ်သည်။ ချည်နှောင်ထားသော ကြိုးသည် သောပါကအား ပြက်ရယ်ပြုနေသကဲ့သို့ ဖြစ်နေသည်။

သောပါကကို ချည်နှောင်တုပ်ထားသည်မှာ ရာဇဂြိုဟ်အစိုးရတို့ အပြစ်သားကို ချည်နှောင်တုပ်ထားသကဲ့သို့ ရှိသည်။ သောပါကလည်း အပြစ်သားတစ်ယောက် မဟုတ်။ အပြစ်ပြုလုပ်ရမည်ကို သောပါက မသိသေးသည့် အရွယ်ဖြစ်သည်။ အပြစ်နှင့် အကျိုးအား စကားထဲပင် ထည့်မပြောတတ်သည့် အရွယ်ဖြစ်သည်။ ဘာကိုမှ မသိရှာသည့် သောပါကလေးသည် ရာဇဂြိုဟ်၏ ကြောက်စရာအကောင်းဆုံး အပြစ်သားတစ်ဦးအား အပြစ်ဒဏ်ပေးသကဲ့သို့ ရာဇဂြိုဟ်သင်္ချိုင်း၌ မြေခွေးစာ အကျွေးခံနေရသည်။

သောပါကအား မြေခွေးစာကျွေးသည်မှာ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရဘုရင် မဟုတ်။ သောပါကတို့၏အိမ်ရှင် စူနပိတာ ဖြစ်သည်။ စူနပိတာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ ပထွေးဖြစ်သည်။ သောပါကကို မွေးဖွားပြီး လေးလကြာသည့်အချိန်တွင် သောပါက၏ဖခင် ကုန်သည်ကြီးသည် သောပါကနှင့်တကွ လူ့လောကအား ကျောခိုင်းထွက်သွားလေသည်။ ဖခင်သေသွားခြင်းသည် သောပါက၏ ဘဝကံဆိုး မိုးမှောင်ကျခြင်း ဖြစ်သည်။ သောပါက၏ ဖခင် မရှိတော့သည့်နောက် ငယ်ရွယ်နုပျိုနေသေးသော သောပါက၏ မိခင်သည် နောက်အိမ်ထောင်ပြုလေသည်။ ထိုကတည်းက သောပါကသည် ပထွေးနှင့် နေလာခဲ့သည်။ ထိုပထွေးသည်ပင် သောပါကအား ယခုလို ရက်စက်လိုက်ခြင်း ဖြစ်သည်။

## လောင်းရိပ်မိ သစ်ပင်

အမှန်မှာ သောပါက၏ လုပ်ရပ်သည် ဤမျှလောက် ပြစ်ဒဏ်ပေးရန် မသင့်ခဲ့ပေ။ ပထွေးအနေဖြင့် အမျက်ဒေါသထွက်စရာမဟုတ်သော ကိစ္စဖြစ်သည်။ သောပါကတွင် ညီတစ်ယောက်ရှိသည်။ အဖေမတူသောညီ ဖြစ်သည်။ ပထွေး၏သား ဖြစ်သည်။ သောပါကသည် ညီအား ချစ်သည်။ ချစ်သောညီနှင့် သောပါက ကစားလေ့ရှိသည်။ ကလေးသဘာဝအရ ချစ်သည်ဆိုသော်လည်း သည်းခံမှုပိုင်းမှာ လူကြီးများလောက် သဘောထားမပြည့်ဝနိုင်သေး။ အခန့်မသင့်လျှင် ရန်ဖြစ်ကြသည်။ ရန်ဖြစ်ကြသည်ကို ပထွေး မြင်သွားသည်။

ပထွေးသည် သောပါကအား ဝါးစားတော့မည့် ဘီလူးမျက်လုံးဖြင့် ကြည့်သည်။ ပထွေး၏ မျက်နှာ၌ အမျက်ဒေါသများ ဟုန်းဟုန်းထနေသည်ကို သောပါက မြင်သည်။ မြင်သည်သာမက ဒေါသ၏ အကျိုးတရားကိုလည်း လက်တွေ့ခံလိုက်ရသည်။ သောပါကအား စိမ်ပြေနပြေရိုက်သည်။ ပြီးလျှင် ကြိုးဖြင့် ချည်နှောင်၍ အပြစ်သားတစ်ယောက်ကဲ့သို့ ရာဇဂြိုဟ် သင်္ချိုင်း၌ မြေခွေးစာကျွေးထားခဲ့ခြင်းဖြစ်သည်။ ထိုအကြောင်းအရာကို သောပါက၏မိခင် မသိခဲ့ပေ။

ကံတရား၏ ရိုက်ချိုးမှုသည် ပြင်းထန်လွန်းလှသည်။ ဘဝထဲသို့ မရောက်ခင်ကပင် ဘဝဒဏ်က ရိုက်ခတ်နေလေပြီ။ ပထွေးတည်းဟူသော လောင်းရိပ်အောက်မှာ သောပါကတည်းဟူသော သစ်ပင်သည် ရှင်သန်ရန် မဖြစ်နိုင်တော့သည့် အခြေအနေရှိနေသည်။ ပထွေးလောင်းရိပ်အောက် နေခဲ့ရသမျှ သောပါက အပျော်ကင်းမဲ့ခဲ့သည်။ သောပါက၏ မိခင်သည် သောပါကအား ပို၍ချစ်သည်။ မိမိရင်၌ လွယ်မွေးထားသောသားဖြစ်၍ ချစ်သည်။ အဖေမရှိတော့သည့်သားဖြစ်၍ ပိုချစ်သည်။ ပထွေး၏ လောင်းရိပ်မိနေသော သားဖြစ်၍ ပိုပိုချစ်သည်။ ပထွေးသည် သောပါကအား လုံးလုံးမချစ်။ ချစ်ဖို့စိတ်ပင်မကူ ဘာမှမသိတတ်သည့် ကလေးတစ်ယောက်၏ ဘာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

အပြစ်တို့ကိုသာ ရေးကြီးခွင်ကျယ်လုပ်ပြီး ရှာနေခဲ့ အပြစ်ရှာတွေ့တိုင်း သွန်သင်ဆုံးမမှု၊ နည်းပေး သည့် လုံးလုံးမရှိခဲ့။ ရိုင်းစိုင်းစွာ ဆက်ဆံမှုနှင့် စွာ ရိုက်နှက်မှုတို့ကိုသာ ပြုလုပ်ခဲ့သည်။ ပထွေး စက်မှုတို့ကို မြင်တွေ့ရတိုင်း အမေသည် ရင်ထု ခဲ့ရသည်။ အမေသည် အတတ်နိုင်ဆုံး ကာကွယ် သည်။ ကာကွယ်ပေး၍ စကားများ ရန်ဖြစ်ကြသည့် အနေတို့သည် များစွာရှိခဲ့သည်။ အများအားဖြင့် သည် ကာကွယ်တားဆီးခြင်းကို မပြုလုပ်နိုင်ခဲ့ပေ။

သောပါကလည်း သိတတ်လာသည်နှင့်အမျှ ခံစား ခဲ့ရသည်။ ညီငယ်အား ပထွေးသည် ပြောမပြနိုင် အောင်ထိ ချစ်သည်။ သောပါကသည်လည်း ချစ်ခြင်းကို ခံချင်ခဲ့သည်။ သောပါက၏ဘဝ၌ ကို အရိပ်မျှပင် မမြင်ဖူးခဲ့။ ပထွေးနှင့် နေလာခဲ့သည့် ပထွေးအား ဖခင်ရင်းအဖြစ် ချစ်သည်။ ပထွေး သောပါက၏ချစ်ခြင်းကို နည်းနည်းမှ အသိအမှတ် ညီငယ်ကို ချစ်သလောက်ချစ်ဖို့ သောပါက မမျှော် အနည်းငယ်ချစ်ခြင်းကိုသာ မျှော်လင့်ခဲ့သည်။ သို့ ပထွေးသည် ထိုမျှလောက် ချစ်ခြင်းကိုပင် မပေး သောပါကကို အမုန်းဆုံး ရန်သူတစ်ယောက်လို ဆံသည်။ ချစ်ခြင်းသည် ဤမျှလောက် သဝန်တို ပါသလား။ 'ယနေ့ သောပါကသည် ပထွေး၏ င်းရိပ်က လွတ်ပြီ ဖြစ်သည်။ မြေခွေးများ၏ ရက် မှုများနှင့် ရင်ဆိုင်ရဦးမည် ဖြစ်သည်။

**ခင်းခံတွင်းမှ ထွက်ခွာခြင်း**

"ချစ်သားသောပါက··လာခဲ့ပါ၊ မကြောက်ပါနဲ့။ ငါ ကို ကြည့်ရှုပါလော့။ ရာဟုခံတွင်းက လကို ကယ် သလို ငါဘုရားဟာ သင်ချစ်သား သောပါကကို တင်တော်မူမယ်"

ရာဇဂြိုဟ်သင်္ချိုင်း၌ အဖော်မဲ့ တစ်ယောက်တည်း လန့်ကြောက်ရွံ့မှု များစွာတို့ဖြင့် ငိုကြွေးနေသော ပါက၏အသံကို ဝေဠုဝန်ကျောင်းတော်၌ သီတင်း တော်မူသော မြတ်စွာဘုရားရှင် ကြားတော်မူသည်။ တော်မူသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် သဗ္ဗ ဉာ ရွှေဉာဏ်တော်ဖြင့် သတ္တလောကအား ကြည့်ရှု မူနေသည်။ ရှေးဘဝများစွာက ဒါန၊ သီလ၊ ဘာဝနာ



စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြသည့် ပါရမီရှင် များကို ရှာဖွေတော်မူခြင်းဖြစ်သည်။ ဒါန စသည့် ပါရမီ ထိုက် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြသည့် ပုဂ္ဂိုလ်များ ထဲတွင် ကျွတ်ထိုက်သောပုဂ္ဂိုလ်၊ ပါရမီရင့်ကျက်သော ပုဂ္ဂိုလ်တို့ကို မြတ်စွာဘုရားရှင် ရှာဖွေတော်မူသည်။ ထိုသို့ ရှာဖွေတော်မူသော မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် တော်သို့ သောပါက ရောက်လာခြင်းဖြစ်သည်။

မြတ်စွာဘုရားသည် ဉာဏ်တော်သို့ ဝင်ရောက်လာ သော သောပါကကို ကျွတ်ထိုက်သောပုဂ္ဂိုလ် ဖြစ်၊မဖြစ် စိစစ်တော်မူ၏။ သောပါကသည် ကျွတ်ထိုက်သောပုဂ္ဂိုလ် ဖြစ်သည်။ သစ္စာလေးပါး နက်နဲသောတရားများကို သိရှိ ဖို့ရာအတွက် သောပါက၏ အသိဉာဏ်တို့သည် အဆင် သင့် ဖြစ်လျက်ရှိသည်။ လမ်းညွှန်ပြသမည့် ပုဂ္ဂိုလ်မြတ် အား စောင့်မျှော်နေသကဲ့သို့ရှိသည်။ သောပါကသည် သာမန်ပုဂ္ဂိုလ်တစ်ယောက်မဟုတ်၊ ပစ္ဆိမဘဝက ပုဂ္ဂိုလ် တစ်ယောက်ဖြစ်သည်။ အတိတ်များစွာက သောပါက သည် ဘဝပေါင်းအနန္တကို သံသရာ၌ မြုပ်နှံခဲ့ပြီဖြစ်သည်။ အံရပ္ပဟတ္တမဂ်ဉာဏ်တည်းဟူသော တရားထူး တရားမြတ် ကို ရဖို့ရာအတွက် ဘဝပေါင်းအနန္တကို သံသရာ၌ ရင်း အနှီး ပြုခဲ့ပြီဖြစ်သည်။ သောပါကအတွက် ကောက်ထပ်

www.burmeseclassic.com

ရင်းနှီးမြှုပ်နှံစရာဘဝ မလိုတော့ပေ။ ဤဘဝသည် နောက်ဆုံး အရင်းနှီးပြုရသောဘဝ ဖြစ်သည်။ သံသရာ၌ အနာဂတ်ဘဝသည် သောပါကအတွက် မရှိတော့ပေ။ ဤဘဝသည် နောက်ဆုံးဘဝဖြစ်သည်။

တရားထူး တရားမြတ်ကို မရလျှင် သောပါက မသေနိုင်သည့် အခြေအနေရှိသည်။ ပါရမီအရှိန် တောက်ပြောင်နေ၍ ပထွေးသည် သောပါကအား မသတ်နိုင်ခြင်း ဖြစ်သည်။ ပထွေးသည် သောပါကအား နှိပ်စက်ရုံသည်။ ကိုယ်တိုင်ကိုယ်ကျ မသတ်ရဲ။ မသတ်ရဲ၍ သင်္ချိုင်း၌ မြေခွေးစာကျွေးခဲ့ခြင်း ဖြစ်သည်။

မြေခွေးတို့သည် သောပါကဆီသို့ ရောက်လာခဲ့ကြသည်။ သောပါကအား ကိုက်ဖြတ်စားသောက်ချင်ခဲ့ကြသည်။ သို့သော် မည်သည့်မြေခွေးမှ သောပါကအား မကိုက်ဖြတ်ရဲခဲ့ကြ။ သောပါက၏ ဘေးပတ်ပတ်လည်၌ အော်မြည်လိုက်၊ နမ်းကြည့်လိုက်နှင့်သာ ပြန်သွားကြသည်။ သောပါကသည် သေဘေးမရောက်၍ သက်မပျောက်ခြင်းဖြစ်သည်။ သေဘေးနှင့်မူ အကြိမ်ကြိမ်ကြုံခဲ့ဖူးသည်။ ဘဝတိုင်း၌ ဤသဘော ရှိနေတတ်သည်။ အတိတ်ကံက အားကောင်းမောင်းသန် သေခွင့်မပေးလျှင် ပစ္စုပ္ပန်၌ သေဘေး ရလောက်သည့် ဘေးအန္တရာယ်နှင့် အဘယ်မျှပင်ကြုံကြုံ သီသီကလေး လွတ်တတ်သည်။ အတိတ်ကံက အားကောင်းမောင်းသန် သေခွင့်ပေးနေလျှင် ပစ္စုပ္ပန်၌ သေ ရလောက်သည့် ဘေးအန္တရာယ်နှင့် အဘယ်မျှပင် မကြုံဘဲ နေနေ ကြုံဖန်သေရတတ်သည်။ ဤသည် ကမ္မနိယာမ၏ လမ်းစဉ်တစ်ခု ဖြစ်သည်။

ကမ္မနိယာမသဘောအရ အတိတ်က အားကောင်းမောင်းသန်ကံသည် သောပါကအား သေခွင့်မပေး။ သေခွင့်မပေး၍ ပစ္စုပ္ပန်သေဘေးနှင့် ကြုံရသော်လည်း သောပါက မသေခြင်းဖြစ်သည်။ သောပါက၏ ပါရမီကံသည် အဘယ်မျှ ကြီးကျယ်ခမ်းနားထည်ဝါသည်ကို သောပါက မသိသော်လည်း မြတ်စွာဘုရား သိတော်မူသည်။ မြတ်စွာဘုရားသည် သောပါကဆီသို့ အလင်းရောင်ကို လွှတ်တော်မူ၏။ အမှောင်ထုကြီး ဖုံးဖိထားသော ရာဇဂြိုဟ်သင်္ချိုင်းသည် ရုတ်တရက်လင်းထိန်သွားသည်။

အမှောင်ထုထဲ၌ တစ်ယောက်တည်း ငိုကြွေးမြည်တမ်းနေသော သောပါကသည် ရုတ်တရက် ထွက်ပေါ်လာသော အလင်းရောင်ကြောင့် မှင်တက်သွားသည်။ ကြောက်ရမည်ကိုလည်း ခဏမေ့သွားသည်။ ငိုရမည်ကိုလည်း ခဏမေ့သွားသည်။ ခံစားနေရသော ဝေဒနာနှင့် ဖြစ်ပျက်ရင်ဆိုင်နေရသော အခြေအနေတို့ကို ခဏမေ့သွားသည်။

သောပါက၏ စိတ်အာရုံတစ်ခုလုံးသည် အလင်းရောင်ဆီသို့ ရောက်နေသည်။ အလင်းရောင်ကို ငေးမောကြည့်နေသည်မှတစ်ပါး စိတ်ထဲ၌ မည်သည့်အတွေး၊ မည်သည့်အာရုံမှ ရှိမနေပေ။ ထိုအခါမှ မြတ်စွာဘုရားသည် မေတ္တာ၊ ကရုဏာနှင့် ပေါင်းစပ်ထားသည့် သာယာအေးချမ်းသော စကားကို ပြောဆိုခြင်းဖြစ်သည်။ မြတ်စွာဘုရား၏ စကားသံတို့သည် သောပါကနားထဲသို့ ချောမွေ့စွာ ဝင်ရောက်သည်။

အတွေးအာရုံကင်းမဲ့နေသော သောပါက၏စိတ်သည် သန့်ရှင်းစင်ကြယ်နေသည်။ အဖုအထစ်မရှိ၊ အတားအဆီးမရှိ၍ မြတ်စွာဘုရား၏ စကားတော်တို့သည် သောပါကစိတ်ထဲသို့ အေးမြသော ရေစင်ပမာ စိမ့်ဝင်သွားသည်။ မောပန်းနွမ်းနယ်နေသော လူတစ်ယောက်သည် အေးမြသော ရေစင်ကို သောက်လိုက်ရသည့်အခါ တက်ကြွလန်းဆန်းသော အားတစ်မျိုးကို ရရှိသကဲ့သို့ သောပါကသည်လည်း မြတ်စွာဘုရား၏ စကားတော်ကို ကြား၍ တက်ကြွလန်းဆန်းမှုအားတစ်မျိုးကို ရရှိသွားသည်။ အတိတ်က ပါရမီကုသိုလ်တို့သည် နေထိ၍ပွင့်သော ပန်းများကဲ့သို့ ပွင့်လန်းလာသည်။

မြတ်စွာဘုရားစကားတော် အဆုံးတွင် သောပါကသည် သောတာပန်ဖြစ်သွားသည်။ သောပါက၏ ခန္ဓာကိုယ်၌ ဖွဲ့ချည်ထားသောကြိုးတို့ မရှိတော့ပေ။ သောပါကသည်လည်း ရာဇဂြိုဟ်သင်္ချိုင်းတွင် မရှိတော့ပေ။

သောပါကသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်မှ မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋီကျောင်းဆောင်ရှေ့သို့ ရောက်နေသည်ကို သိလိုက်ရလေသည်။

**ဓမ္မာစရိယ သန်းထွန်း**

__ကျမ်းကိုး__

* ထေရဂါထာအဋ္ဌကထာ၊ သတ္တကနိပါတ၊ သောပါကတ္ထေရဂါထာဝဏ္ဏနာ။

www.burmeseclassic.com

www.burmeseclassic.com



# မောင်ညွတ်စိန်

## မြတ်ဗုဒ္ဓ၏ မေတ္တာဒေသနာ

**တစ်ခေတ်တစ်ခါက နာမည်ကြီးအဆိုတော် ဖြစ်ခဲ့**
**သည့်** ဒေါ်မေရှင်၏ အောင်ခြင်း(၈)ပါး သီချင်းကို ဗုဒ္ဓ
သာဝင်တိုင်း ကြားဖူးကြပေမည်။ သီချင်း၏ အဆုံးပိုဒ်
**တွင် မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ**ဟူသော စာသားကို
ကြပေမည်။ ဗုဒ္ဓသည် မာရ်နတ်မင်း၊ နာဠာဂီရိ
**နန္ဒောပနန္ဒနဂါး**မင်း၊ ဗကဗြဟ္မာ၊ စိဉ္စမာဏမိန်းမ
အင်္ဂုလိမာလ၊ သစ္စကပရိဗိုဇ် စသောသူတို့၏ ဘေး
ရာယ်ပြုမှု မှန်သမျှကို ဒေါသမပါ မေတ္တာဓာတ်ဖြင့်
အနိုင်ယူခဲ့ပေသည်။ ဗုဒ္ဓ၏လမ်းစဉ်သည် မေတ္တာ
**ဉ်** ဖြစ်ပေသည်။

မန္တလေးတောင်တစ်ဝိုက်တွင် သာသနာပြုခဲ့သော
ရသေ့ကြီးဦးခန္တီ အကြောင်းကို ဗုဒ္ဓဘာသာဝင်မှန်သမျှ
မသိသူ မရှိသလောက်ဝင်ဖြစ်သည်။ ၎င်းအား တောရောက်
၍ ဂါရဝပြုသူမှန်သမျှကို ရသေ့ကြီးသည် **သတ္တဝါအများ**

www.burmeseclassic.com

www.burmeseclassic.com

**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟူ၍** မေတ္တာပို့သလေ့ရှိသည်ဟု ဆိုသည်။ ဗုဒ္ဓသာသနာပြု ပုဂ္ဂိုလ်တို့သည် မေတ္တာတရားကိုသာ လက်ကိုင်ထားကြပေသည်။ ဒေါသထားခြင်း၊ အာဃာတထားခြင်းတို့သည် ဗုဒ္ဓဘာသာဝင်တို့၏ အပြုအမူမဟုတ်ပေ။

ဗုဒ္ဓဘာသာဝင်တစ်ဦးသည် နံနက်အိပ်ရာမှထလျှင်လည်း မေတ္တာဖြင့် နိုးထ၍ မေတ္တာပို့ အမျှဝေပြီးမှ နေ့တစ်နေ့၏ တစ်နေ့တာ လုပ်ငန်းစဉ်များကို လုပ်ကိုင်လေ့ရှိကြသည်။ ညဥ့်အခါရောက်၍ အိပ်တော့မည်ဆိုလျှင်လည်း သတ္တဝါအများကို မေတ္တာပို့ အမျှဝေပြီးမှ အိပ်ကြလေ့ရှိကြသည်။

ရဟန်းသံဃာတော်များအား ဆွမ်း စသော ဒါနများကို လှူဒါန်းကြလျှင်လည်း ရဟန်းသံဃာတော်များက မေတ္တသုတ်၊ မင်္ဂလသုတ် စသော ပရိတ်တရားတော်များကို ရွတ်ဖတ်ချီးမြှင့်ကြသည်။ ကပ်ကြီးသုံးပါးတည်းဟူသော ဘေးအန္တရာယ် ကျရောက်သောအခါတွင်ကား ရတနသုတ်ကိုပါ ရွတ်ဆိုလေ့ရှိကြသည်။

ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်အခါက တောကျောင်းနေ ရဟန်းငါးရာတို့ကို နတ်ဘီလူးတို့က ခြောက်လှန့်ကြ၏။ ထို့ကြောင့် ရဟန်းတို့သည် တရားအားထုတ်သော်လည်း တရားထူးကို မရနိုင်ကြ။ မြတ်ဗုဒ္ဓက ထိုရဟန်းတို့အား နတ်ဘီလူးတို့ ခြောက်လှန့်မှုမပြုရန် မေတ္တသုတ်ပရိတ်တော်ကို ဟောကြားသင်ပြပေးတော်မူသည်။ ထိုရဟန်းတို့သည် မေတ္တသုတ်ပရိတ်တော်ကို ရွတ်ဆို၍ မေတ္တာပို့သဖြင့် နတ်ဘီလူးတို့ ခြောက်လှန့်မှု ကင်းဝေးခဲ့သည်ဟု **ဗုဒ္ဓဘာသာကောင်းတစ်ယောက်** စာအုပ်တွင် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ဤသည်ကို အကြောင်းပြု၍ နှစ်စဉ် ဝါခေါင်လပြည့်နေ့၌ မေတ္တာအခါတော်နေ့ကို မြန်မာတစ်နိုင်ငံလုံးတွင် ကျင်းပလေ့ရှိကြလေသည်။

မေတ္တာ၏အကျိုး(၁၁)မျိုးကို ကျမ်းစာများ၌ ဖော်ပြထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

(၁) ချမ်းသာစွာ အိပ်ရခြင်း၊
(၂) ချမ်းသာစွာ နိုးထရခြင်း၊
(၃) အိပ်မက်ဆိုးကို မမြင်မက်ခြင်း၊
(၄) နတ်တို့က စောင့်ရှောက်ခြင်း၊
(၅) လူအများ ချစ်ခင်ခြင်း၊
(၆) မီးဘေး မသင့်နိုင်ခြင်း၊
(၇) အဆိပ်၊ လက်နက် မသင့်ရောက်နိုင်ခြင်း၊
(၈) စိတ်တည်ကြည်ခြင်း၊
(၉) မျက်နှာကြည်လင်ခြင်း၊
(၁၀)တွေဝေစွာ မသေရခြင်း၊
(၁၁)သေလွန်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ခြင်း။

မေတ္တသုတ်၌ အလွန်မှတ်သားဖွယ်ကောင်းသော အပိုဒ်တစ်ပိုဒ်မှာ အောက်ပါအပိုဒ် ဖြစ်သည်။

မာတာယထာ၊ နိယံပုတ္တံ၊
မာယုသာ ဧကပုတ္တမနုရက္ခေ၊
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ၊ ဘာဝယေ၊ အပရိမာဏံ။

**အမိသည် မိမိဝမ်း၌လွယ်၍မွေးရသော တစ်ဦးတည်းသောသားကို အသက်လောက်ချစ်မြတ်နိုး၍ အစဉ်မပြတ်စောင့်ရှောက်သည့်နည်းတူ သတ္တဝါအားလုံးတို့အပေါ်၌ အတိုင်းမသိ ကြီးမားသောမေတ္တာစိတ်ကို ပွားများရာ၏။**

အထက်ဖော်ပြပါ စာပိုဒ်တစ်ခုဖြင့်ပင် သတ္တဝါများအပေါ် မေတ္တာထားရာ၌ မည်မျှအတိုင်းအတာအထိ ကြီးမားစွာထားသင့်သည်ကို သိရှိနိုင်ပေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအဖို့ ကြီးမားလှသော မေတ္တာတရားရှိရမည်ကို သိရှိနိုင်လောက်သည့် အလွန်ကောင်းမွန်သော ဥပမာတစ်ရပ်ပင် ဖြစ်သည်။

မေတ္တာပို့သနည်းမှာ နည်း(၂)နည်းရှိပေသည်။ အရပ်မျက်နှာအသီးသီးကိုဖြန့်ကြက်၍ ပို့သသော (ဒိသာဖရဏ) မေတ္တာပို့နည်းနှင့် မေတ္တသုတ်ပရိတ်တော်လာ မေတ္တာပို့နည်းတို့ ဖြစ်ကြသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်က ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်နှင့်အညီ ရေးသားတော်မူသော မေတ္တာပို့နည်းမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

အထက်ဖော်ပြပါအတိုင်း (၂) အနောက်အရပ်၊ (၃) မြောက်အရပ်၊ (၄) တောင်အရပ်၊ (၅) အရှေ့တောင်



www.burmeseclassic.com

www.burmeseclassic.com



င့်အရပ်၊ (၆) အနောက်မြောက်ထောင့်အရပ်၊ (၇) မြောက်ထောင့်အရပ်၊ (၈) အနောက်တောင်ထောင့် (၉) အောက်အရပ်၊ (၁၀) အထက်အရပ်ဟူ၍ (၁၀)ချက်နှာကို ပို့ကြရန်ဖြစ်သည်။

အောက်အရပ်ကို ပို့ရာတွင် အောက်အရပ်၌ရှိသော ဝန်းကျင် အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တ ဝါတို့ ဟူ၍ အစချီရွတ်ဆိုရသည်။

အထက်အရပ်ကို ပို့ရာတွင် အထက်အရပ်၌ရှိသော ဝန်းကျင် အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့ဟူ၍ ၍ ရွတ်ဆိုရသည်။

မေတ္တာသုတ်ပရိတ်တော်လာ မေတ္တာပို့နည်းကိုလည်း ငှတရေ မဓ္ဓဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဝိစိတ္တသာရာဘိဝံ ဆရာတော်ကြီးက သံပေါက် ဖြင့် အောက်ပါအတိုင်း ရေးဖွဲ့ထားပေးသည်။

(၁) လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၂) ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၃) မြင်အပ် မမြင်အပ် နှစ်ရပ်များစွာသတ္တဝါ ချမ်းသာ ကိုယ် စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၄) ဝေးနေ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၅) ဘဝဓာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ် စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၆) ရှည်တိုအလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာကိုယ် စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၇) ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၈) ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ် စိတ် မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။
(၉) လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။
(၁၀)အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။
(၁၁)ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

ပုထုဇဉ်တို့၏သဘာဝကား လောဘ၊ ဒေါသ၊ မောဟ၊ မာန ကြီးမားလှသည်။ မာနကြီးသော နေရာ၊ အမျက်စောင်မာန်ကြီးသော နေရာတွင် အချို့သောသူတို့သည် စပါးကြီးမြွေအတွင်း သံချောင်းကြီး ထိုးသွင်းထားသကဲ့သို့ တောင့်တင်းမာကျော ခက်ထန်လှ၏။

ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လိုလျှင်၊ ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက် ဖြစ်လိုလျှင်ကား လောဘ၊ ဒေါသ၊ မောဟ၊ မာနတရားတို့ကို ဖယ်ရှားပြီး မေတ္တာတရားကိုသာ လက်ကိုင်ထားသင့်ကြကြောင်း၊ နံနက်အိပ်ရာထတိုင်း၊ ညအိပ် ရာဝင်တိုင်း မေတ္တာပို့ အမျှဝေခြင်းတို့ကို ပြုသင့်ကြကြောင်း တတ်နိုင်ပါက မေတ္တာသုတ်ကိုပါ ရွတ်ဆိုသင့်ကြကြောင်း တိုက်တွန်းရေးသားအပ်ပေသည်။

**မောင်ဉာဏ်စိန်**

**ရည်ညွှန်းစာအုပ်**

* ဗုဒ္ဓဘာသာကောင်းတစ်ယောက်
(သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်အရာရှိကျောင်းတစ်ဦး

# အဇာတသတ်မင်း ရှာပုံတော်



ဘုရင်အဇာတသတ်မင်းကို ဒါယကာ ပြုလုပ်၍ သက္ကရာဇ်(၁၄၈)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ သောကြာနေ့မှစ၍ တပေါင်းလပြည့်ကျော် (၅)ရက်အထိ (၇)လတိုင်တိုင် ပထမသင်္ဂါယနာကို ရာဇဂြိုဟ်ပြည်၏ အနီး ဝေဘာရတောင်ဝှမ်း စရည်းပင်ပေါက်ရာ လိုဏ်ဂူဝ မြတ်သောမဏ်လာမဏ္ဍပ်၌ ရှင်မဟာကဿပ အမှူးပြု သော ရဟန္တာငါးရာတို့ သင်္ဂါယနာတင်တော်မူခဲ့လေ သည်။

(၁၄၈)ခုနှစ်အကျော်တွင် ဓာတ်တော်ဌာပနာ စေတီ ကြီးတည်ပြီး ရှင်မဟာကဿပ မထေရ်ကြီးသည် သက် တော်(၁၂၀)ပြည့်သောနေ့၌ ပရိနိဗ္ဗာန်ပြုအံ့သောငှာ မြန်မာ ပြည်အထက်ပိုင်း ချင်းတွင်းမြစ်တစ်ဖက်ကမ်း မုံရွာမြို့၏ အနောက်မြောက်ထောင့် ခပ်ယွန်းယွန်း မိုင်(၆၀)ခန့်အကွာ ကနီမြို့နယ်အပါအဝင် ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးရှိရာသို့ ခရီးစဉ်အတိုင်း ကြွချီတော်မူခဲ့လေ သည်။ မဏိပူရ၊ အာသံ၊ စစ်တကောင်း၊ ပန်းဝါ၊ ပေါက် တူ၊ စာပဲ့ စသောမြို့များနှင့် ချင်းတွင်းမြစ်ကိုကျော်၍ မဟာမြိုင်တောတန်းခရီးဖြင့် ကြွမြန်းတော်မူခဲ့ရာ မင်းကင်း မြို့ အောက်ချင်းတွင်းမြစ်လိုင်း ရှစ်မိုင်ခန့်အကွာနှင့် ကြီး ရွာသို့ ရောက်တော်မူလေသည်။

ထိုရွာရှိ ဦးကောင်းစင် အမည်တွင်သော တောင်သူ ကြီးသည် ရှင်မဟာကဿပအား ဆွမ်းလုပ်ကျွေးသည်။ နောင်လာနောက်သားများ ကိုးကွယ်ရန် အရှင်၏ ခြေတော် ရာ တစ်ဆူ ချထားတော်မူပါရန် တောင်းပန်လျှောက်ထား သောအခါ ရှင်မဟာကဿပ ခြေတော်ရာတစ်ဆူကို ချ ထားပေးတော်မူခဲ့လေသည်။ ထိုခြေတော်ရာသည် အလျား (၃၂)လက်မ၊ ခြေဖျားတော်ဖြက် (၁၅)လက်မခွဲ၊ ဖနောင့် တော်ဖြက် (၁၀)လက်မခွဲ ရှိသည်။ ထိုခြေတော်ရာကို နောင်အခါ တောင်သူကြီး ဦးကောင်းစင်သည် လူစင်စစ်မှ နတ်ဖြစ်၍ ယခုတိုင် ခြေတော်ရာကို စောင့်ရှောက်နေရ သည်။

ယခုအခါ ထိုခြေတော်ရာအပေါ်မှ ခြေပေါက်စေတီ

www.burmeseclassic.com

www.burmeseclassic.com

ည်ထားကိုးကွယ်သည်။ အတွင်းသို့ဝင်၍ ဖူးမြော်ည်။ ထိုခြေတော်ရာပွဲတော်ကို နှစ်စဉ် ကျင်းပသည်။ ချက်မှာ ဘုရားဖွဲ့တော် စည်ကားမည့်နှစ်ဖြစ်လျှင် အကျင်းပမီ ကျောက်ဖျာအပြင် ခြေတော်ရာခွက်မှ ထွက်၍လာသည်။ ဤအခြင်းအရာကိုကြည့်ခြင်း ယခုနှစ် ဘုရားပွဲတော် စည်ကားမည်ဟု အထိမ်း ရှိကြသည်။

တစ်နည်း ထူးခြားပုံကား ဘုရားပွဲတော်အတွင်း၌ သော စေတနာရှင်တို့က ခြေတော်ရာအပြင်ကို ရွှေ ကပ်လှူပူဇော်ကြသည်။ ထိုရွှေများသည် လပိုင်း မှာပင် ကွယ်ပျောက်သွားလေ့ရှိသည်။ သက်ဆိုင် အဆောင့်အရှောက်တို့က အရှင်မဟာကဿပ ပရိနိဗ္ဗာန် အလောင်းတော်ကဿပ လိုဏ်ဂူအတွင်းသို့ ဆောင်သည်ဟု အယူအဆရှိကြသည်။

တန္တိမြို့နယ် ဆယ်ရွာချောင်းသို့ ရောက်ပြီး ၄င်းမှ အတိုင်း ဆက်လက်ကြွမြန်းခဲ့၍ ဘုရားဝစခန်းသို့ ရောက်သည်။ ထိုနေရာ၌ ပုထိုးလုံးချောင်းသို့ ပေါင်းဆုံ သော ချောင်းငယ်တစ်ခုရှိသည်။ ထိုချောင်းငယ်အတွင်း ၍ ခရီးဆက်ရာ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ လ၊ ဝေဘာရ၊ သုနန္ဒရ တောင်သုံးလုံးတို့ ဦးညွတ် ဆုံရာဖြစ်သော ဝေဘာရတောင်လိုဏ်ဂူအတွင်းသို့ ရောက်လေသည်။ ထိုလိုဏ်ဂူအတွင်း ခင်းကျင်းထားအပ် သော မြသလွန်ညောင်စောင်းဝယ် ပရိနိဗ္ဗာန်ပြုလေတော့ သည်။

စေတီတော်ဌာပနာ စေတီတော်ကြီး တည်ပြီးနောက် အတန်ကြာသောအခါ ရှင်မဟာကဿပ မထေရ် ည် ညွှန်သည့်အရပ်သို့ ကြွချီတော်မူကြောင်းကို အဇာ တသတ်မင်းကြီး မသိလိုက်ပေ။ မင်းကြီးသည် နှလုံးပူပန် ပြင်းထန်စွာဖြင့် မှူးမတ်ဗိုလ်ပါ၊ ဆင်တပ်၊ မြင်းတပ် တော်အစုံ ခြံရံကာ သင်္ဂတန်းအစဉ်ကိုမေးပြီး ရာဇဂြိုဟ် ၍ ရှာပုံတော်ဖွင့်ခဲ့လေရာ မြန်မာပြည်အထက်ပိုင်း ချောင်းလိုင်း မင်းကင်းမြို့နယ်၊ နှင်းကြီးကျေးရွာခေါ် ဆယ်ရွာသို့ ရောက်ရှိလေသည်။ ထိုရွာရှိ တောင်သူ ဦးကောင်းစင်သည် အဇာတသတ်မင်းကြီးအား ရှင် ကဿပ မထေရ်မြတ်ကို ဆွမ်းလုပ်ကျွေးလိုက်ရပုံ၊ တော်ရာတစ်ဆူ ချထားရစ် အသနားခံပုံ၊ ခြေတော်ရာ ချထားတော်မူခဲ့ပုံတို့ကို အကြောင်းစုံလျှောက်ထား သံ တော်ဦးတင်၍ ရှင်မဟာကဿပရှေ့သို့ ဆဲက်၍ကြွတော် မူခဲ့ပုံ ခရီးအစုံကို ညွှန်ပြလိုက်လေသည်။

ထိုညွှန်ပြချက်အရ အဇာတသတ်မင်းနှင့် ဗိုလ်ပါအစုံ တို့သည်ပင်း ရှင်မဟာကဿပနောက်သို့ ခြေရာတော် ကောက်၍ အစဉ်အတိုင်း လိုက်လေလျှင် ကူလဲချောင်း၏ လက်တက်ဖြစ်သော ချောင်းငယ်တစ်ခုသို့ ရောက်လေ သည်။ ထိုချောင်းငယ်အတွင်းသို့ အဇာတသတ်မင်း ဝင် ၍ လိုက်ရှာလေသည်။ ထိုမှတစ်ဆင့် (မြပန်းကန်)အင်း သို့ ရောက်သည်။ ရှင်မဟာကဿပ ရှာပနွဲတော်မှာ အသုံးပြုရန် မင်းကြီးသည် ဆင်တပ်နှင့်တင်၍ သယ် ဆောင်လာသော မြပန်းကန်များကိုချ၍ ထိုနေရာတွင် မြှုပ် နှံထားခဲ့လေသည်။ ၄င်းနေရာသည် ယခုအခါ အင်းဖြစ်နေ သည်။ ထိုအင်းကို မြပန်းကန်အင်းဟု ခေါ်စမှတ်ပြုကြ သည်။

ထိုမှတစ်ဖန် အင်းဒေါင်းသို့ ရောက်သည်။ မင်းပရိ သတ်တို့က တောင်းကို အသုံးပြုရန် တောင်းရာ ရပ်သူရွာ သားတို့က အင့်တောင်းဟု ပေးလိုက်သောကြောင့် ရှေး အခါ အင့်တောင်း၊ ယခုအခေါ် အင်းဒေါင်း ဖြစ်သည်။

ထိုမှတစ်ဖန် ညောင်ကိုင်းသို့ရောက်ပြီး အဇာတသတ် မင်းနှင့် ဒေါင်းပါပရိသတ်တို့သည် ခရီးပန်း၍ အညောင်း ကိုင်ကုန်းကွကာ ပေါင်စသည်မှ အဖုအကြိတ်တို့ ထွက် လာကုန်၏။ ထိုအခါ အနီးအနားရှိ ရွာတစ်ရွာမှ ထုံးမန်း ကောင်းသော သမားတော်တစ်ယောက်ကိုခေါ်၍ ကုသရ သည်။ ထိုဆရာကို အစွဲပြု၍ ၄င်းဆရာ နေသောရွာကို ထုံးမန်းဟု ခေါ်သည်။ ထိုရွာသည် မင်းကင်းမြို့တောင် ဘက် ရှစ်မိုင်ခန့်အကွာတွင် ယခုတိုင် ရှိလေသည်။ မင်း နှင့် မင်းပရိသတ်တို့ အညောင်းကိုင်၍ နေသောနေရာကို ရှေးအခေါ် ညောင်းကိုင် ယခုအခေါ် ညောင်ကိုင်းရွာဟု ခေါ်သည်။

ယင်းသို့ရှာပုံတော်ဖွင့်နေခိုက် မင်းကြီးသည် မိမိလက် တွင် ဝတ်ဆင်ထားသော လက်စွပ်မှ ပြည်တန်သည့် ကျောက် ပြုတ်ကျနေသည်ကိုမသိ။ နောင်အခါ ကျောက် မပါ၊ ကျောက်အိုးသာ ပါသည်ဟု သိသောနေရာကို ယခု အခါ ကျောက်အိုးဟုခေါ်သည်။ ပြည်တန်ကျောက် ပြုတ် ကျသော နေရာကို ပြည်တန်ဟု ခေါ်သည်။

www.burmeseclassic.com

ထိုမှတစ်ဖန် အဇာတသတ်မင်းသည် မြင်းတစ်ကောင်ဖြင့် ခရီးပြင်းနှင်ပြန်ရာ စီးတော်မြင်း ပင်ပန်းပြီး နှလုံးကွဲ၍ သေရှာလေသည်။ ထိုအခါ အဇာတသတ်မင်းသည် မြင်းဇက်တို့ကိုစုပုံ၍ အဓိဋ္ဌာန်ချက်ပြုလေသည်။ ငါသည် ရှင်မဟာကဿပ မထေရ်မြတ်အား ရှာ၍တွေ့မှာ အမှန်ဖြစ်ပါမူ ဤမြင်းဇက်သည် ကျောက်ဆောင်ကျောက်ခဲအတိ ပြီးပါစေသတည်းဟု အဓိဋ္ဌာန်ပြုသောအခါ မြင်းဇက်သည် ကျောက်အတိပြီးလေသည်။

ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာန ဝေဘာရတောင်ဝှမ်း မလှမ်းမကမ်းတောင်ကုန်းတစ်နေရာသို့ ရောက်ပြန်သောအခါ အလောင်းတော်ကို မဖူးတွေ့နိုင်သဖြင့် ဤသို့ အဓိဋ္ဌာန်မှုပြုပြန်သည်။

**အဇာတသတ်မင်းကြီးသည် လက်တွင် ဆွဲကိုင်လာသော လှံကို မြေသို့စိုက်လျက် ငါ၏ဆရာ ရှင်မဟာကဿပသည် ဤဌာန၌ ပရိနိဗ္ဗာန်ပြုရိုး အမှန်ဖြစ်ခဲ့သော်လည်းကောင်း၊ ငါကား ရှင်မဟာကဿပ၏ ရုပ်ကလာပ်ကို ဖူးတွေ့ရရိုး** အမှန်ဖြစ်သော်လည်းကောင်း၊ ယခု လှံစိုက်လျက်ရှိသော မြေအပြင်သည် ရစ်မွေ့သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ရေသည် မြေအပြင်မှ လျှံထွက်၍ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနသို့ စီးဆင်းပါစေသားဟု အဓိဋ္ဌာန်ပြုသောအခါ မြေအပြင်မှ ရေအလျှဉ်သည် လျှံထွက်၍ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာဌာနသို့ စီးဆင်းလေတော့သည်။

ထိုအခါ အဇာတသတ်မင်းကြီးသည် ရေစီးဆင်းရာသို့ လိုက်သောအခါ ကိုက်တစ်ရာခန့်အကွာတွင် တောင်သုံးလုံး ဦးညွတ်၍ ဝေဘာရတောင်ကမ်းပါးယံ၊ သိကြားနတ်မင်းတို့ ဖန်ဆင်းအပ်သော လိုဏ်ဂူဝယ် ဇမ္ဗူရာဇ်ရွှေသား ရွှေတုံးကဲ့သို့ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုနေသည်ကို ဖူးတွေ့ရလေသည်။

အဇာတသတ်မင်းကြီးသည် နောက်ပါအခြံအရံတို့နှင့်တကွ ရှင်မဟာကဿပရုပ်ကလာပ်ကို ဖူးတွေ့ရပြီးနောက် မင်းနှင့်တကွ မင်းပရိသတ်၌ပါလာသော အဖိုးတန်ရတနာတို့ကို ရှင်မဟာကဿပ၏ ရုပ်ကလာပ်တေဇောဓာတ်လောင်ကျွမ်းသောကာလ သင်္ဂြိုဟ်စရိတ်နှင့် အရိမေတ္တေယျဘုရား ပွင့်တော်မူသောအခါ ကျောင်းတော်ဆောက်လုပ်ရန် အဓိဋ္ဌာန်ဖြင့် လှူဒါန်းခဲ့သည်။

ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ ဌာနမှ အရှေ့
အနောက်၊ မြောက်၊ တောင် အရပ်(၄)မျက်နှာမှာ ရှ
ဌပေါင်း ခရီးလေးသောင်းကို အလောင်းတော်ကသ
ဝတ္ထုကမြေအဖြစ် သတ်မှတ်၍ ဈာပန(?)ပြုပြီး ပါလ
သော နောက်ပါ ပရိသတ် မှူးမတ်တို့နှင့် အမတ် မဟ
သမ္မိဝကို အကြီးအမှူးပြု၍ ဤဝတ္ထုကမြေပေါ်မှာ လ
ကိုင်စားသောက်ကြပြီး ရှင်မဟာကဿပ မထေရ်ကြီး
နိုယ်မမပြတ် ဆွမ်း၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်
ပြီးလျှင် ဘုရားလူကြီး ဥပါသကာအဖြစ်နှင့် စောင့်ရှော
ရမည်ဟု အမိန့်တော်ချမှတ်ခဲ့သည်။

**အဇာတသတ်မင်းသည် ပရိသတ်တို့အား ဥပါသက
မှတ်၍ ရှာတည်ထားခဲ့သောဌာနသည် ရှင်မဟာကဿ
ပရိနိဗ္ဗာန်ပြုရာဌာနနှင့်** တစ်မိုင်ခန့် ဝေးကွာသည်။ ထိုနေရာ
ကို အဇာတသတ်မင်း သတ်မှတ်ထားခဲ့သောကြောင့် ယ
ထက်တိုင် အဇာတသတ်ကွင်းဟု ခေါ်ကြသည်။

အလောင်းတော်ရုပ်ပွားတော်နှင့် မျက်နှာချင်းဆိုင
တောင်ကုန်းပေါ်သို့ အတန်ငယ်တက်သွားက ကိုက်တစ
ရာခန့်အကွာသို့ရောက်လျှင် အကျယ်သုံးပေပတ်လည်ခ
အနက်နှစ်တောင်ခန့်ရှိ သစ္စာရေတွင်းကို တွေ့မြင်ရသည်
၎င်း၏ ထူးခြားချက်မှာ ပရိသတ်ထောင်ပေါင်းများစွာ
သောက်ချိုးသုံးစွဲသော်လည်း ကုန်ခန်းသည်မရှိ၊ ပကတ
တည်မြဲတိုင်းသာ ၎င်းရေတွင်းလေး၏ ထူးခြားဖွယ်တ
ရပ်မှာ အကယ်၍ ဘုရားဖူးများစွာ လာရောက်မည်ဖြ
လျှင် တွင်းငယ်ရှိရေသည် တိုးတက်ပြည့်လျှံ၍ လာလေ
သည်။ ထိုအထိမ်းအမှတ်ကို ကြည့်ရှုခြင်းဖြင့် ရှေးကနှ
ယခုပါ တောင်ပေါ်ရှိ ဈေးသည်တို့မှာ ဘုရားဖူးအနည်း
အများလာမည်ကိုလည်းကောင်း၊ နောက်ထပ်ရောက်မည်
မရောက်မည်ကိုလည်းကောင်း ကြိုတင်၍သိနိုင်ရကြောင်
အထိမ်းအမှတ်ရှိကြသည်။

၎င်းပြင် ထိုတွင်းငယ်မှ ထွက်သောရေသည် ဆေ
ဖက်ဝင်၍ ရောဂါအမျိုးမျိုး ကင်းစင်လွင့်ပျောက်စေတ
ကြောင်း ယုံကြည်ကြသူ ရဟန်း၊ ရှင်၊ လူတို့က သော
သုံးခြင်း ပြုရုံမျှသာမက အချို့မှာ မိမိတို့ရပ်ထံ အရော
သယ်ဆောင်ကြလေသည်။

ဤရေတွင်းသည် အဇာတသတ်မင်းကြီး၏ သစ္
ကြောင့် ဖြစ်ပေါ်လာ၍ သစ္စာရေတွင်းဟုခေါ်သည်။ အ

www.burmeseclassic.com

www.burmeseclassic.com

ရှင်မဟာကဿပမထေရ်သည် သောက်သုံးသူတို့ အကျိုးငှာ မေတ္တာဖြင့်ထားတော်မူခဲ့သောကြောင့် ရေတွင်းဟုလည်း ခေါ်ကြပြန်သည်။

အာဇာတသတ်မင်းကြီးသည် ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုရာ လိုဏ်ဂူ၏အထက် မြေပြင်ဝယ် လိုဏ်ဂူတွင်း အလောင်းတော်၏ခြေတော်၌ ဦးခေါင်းထား၍ ညာဏ်တော်တစ်ဆယ့်နှစ်တောင်ရှိ စန္ဒကူးသရက္ခန်သားကို ကိုယ်စားတော်တစ်ဆူ ထုလုပ်၍ တည်ထားကိုးကွယ်ခဲ့သည်။ ထိုကိုယ်စားတော်ကား ယခု မရှိတော့ပေ။

ဘုရားဖူး ရဟန်း၊ ရှင်၊ လူတို့ ယခုအခါ ကြည်ညိုရသော ရုပ်ပွားတော်သည် အင်္ဂတေရုပ်ပွားတော်ဖြစ်၍ ညာဏ်တော်ဆယ်တောင်ရှိသည် အနောက်မြောက်ဆီသို့ ဦးခေါင်းထား၍ ပရိနိဗ္ဗာန်ပြုနေဟန် ရောင်လျှံတော်မပါ ရှာသွပုံသဏ္ဌာန်ဖြစ်သည်။ ထိုလျောင်းတော်မှ ပရိနိဗ္ဗာန်ပြုကိုယ်စားတော်ကိုသာ လူတို့ မြင်တွေ့ဖူးမြော်ရသည်။

အာဇာတသတ်မင်းသည် မြတ်စွာဘုရား၏ တတိယသာဝကဖြစ်သော ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုသည့် နေရာဌာနကို ကြီးကြီးစားစား ပင်ပန်းကြီးစွာ ရှာပုံတော်ဖွင့်ပေးခဲ့သောကြောင့် ယနေ့ဖူးမြော်ခွင့်၊ ကြည်ညိုခွင့် ရနေကြပါသည်။ အလွန်ပင် ကျေးဇူးတင်စရာ ကောင်းလှပါသည်။

အချို့သမိုင်း၌ ရွှေ၊ ငွေ၊ မြ၊ ပတ္တမြား ဖယောင်းတိုင်လေးတိုင်တို့ကို အာဇာတသတ်မင်းနှင့် နောက်ပါပရိသတ်တို့ စီမံလှူဒါန်းခဲ့ကြောင်း၊ ၎င်းဖယောင်းတိုင်တို့၌ ညှိထွန်းပူဇော်ထားသော မီးအလျှံသည် အရိမေတ္တေယျဘုရားပွင့်တော်မူရာကာလ အရှင်မဟာကဿပရုပ်ကလာပ် တောဓာတော် လောင်ကျွမ်းသောအခါမှ ငြိမ်းပါစေသားဟု အာဇာတသတ်မင်းကြီး အဓိဋ္ဌာန်ဖြင့် ညှိထွန်းပူဇော်သောကြောင့် ယခုတိုင် မီးမငြိမ်းသေးကြောင်း သမိုင်းအချို့က ဆိုပါသည်။

**ဘဏ်အရာရှိဟောင်းတစ်ဦး**

**ဝန်ခံချက်**

*အလောင်းတော်ကဿပ သမိုင်းသစ်၊ အရှင်ကဝိန္ဒ (ပုပ္ပား)စာအုပ်မှ ထုတ်နုတ်တင်ပြပါသည်။*


**ဆရာဦးသိန်းဝင်း**
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

**ပြည်တော်စံ**
တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်စံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

**လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ**

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုးလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဆေးခန်းအနီး)
☎ ၀၉ ၇၉၁၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄

www.burmeseclassic.com

ကမ္ဘာဦး လူသားတို့သည် တောတောင်အနှံ့ သွားလာလုပ်ကိုင်ရင်း အမျိုးမျိုးသော ဘေးအန္တရာယ်များနှင့် တွေ့ကြုံခဲ့ကြရသည်။ ၎င်းအန္တရာယ်များသည် မိမိတို့အား သေကျေပျက်စီးတတ်သည်ကို တွေ့မြင်ကြရသဖြင့် အလွန်ကြောက်ရွံ့ခဲ့ကြ၏။ ထို့ကြောင့် အဆိုပါ အန္တရာယ်များမှ ကျော်လွှားလွန်မြောက်ရန် နည်းအမျိုးမျိုးကို ရှာကြံခဲ့ကြပါသည်။

ရှေးဦးစွာ လူတို့သည် ဘေးအန္တရာယ်ဖြစ်ခြင်း၏ အကြောင်းရင်းမှာ တန်ခိုးကြီးသော ပုဂ္ဂိုလ်များက ပြုလုပ်ဖန်တီးသည်ဟု ကြံဆမိကြသဖြင့် အဆိုပါ တန်ခိုးရှင်တို့ကို စကားဖြင့် တတွတ်တွတ် တောင်းပန်ကြ၏။ ကြာလာသော် ယင်းသို့ တတွတ်တွတ်ရေရွတ်သော တောင်းပန်စကားများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာကြရာမှ နောင်အခါတွင် နတ်တိုင်စကားစုများ ဖြစ်လာတော့သည်။



ဖျာပုံ တင်နိုင်ဝင်း

# ဗုဒ္ဓဘုရားဟော [illegible]အကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com

သို့သော် ထိုအချိန်က ၄င်းနတ်တိုင်စကားစုများကို ... အန္တရာယ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ဂါထာ၊ မန္တရား၊ ... တော်များသဖွယ် ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြပါသည်။

နောင် အသိဉာဏ် ကြွယ်ဝလာသောအခါ အမှန် ... တကယ် အန္တရာယ်ကင်းသည်ဟု ယုံကြည်ရသော စကား ... များကို စနစ်တကျ ပြုစုစီရင်ကြသောအခါ မန္တန်ကျမ်း ... များ ပေါ်ပေါက်လာတော့သည်။ မန္တန်ရွတ်ခြင်းအဆင့်တွင် ... မိမိတို့အတွက် အန္တရာယ်ကင်းရန်သာမကတော့ဘဲ ... တော်များ ချစ်စေရန်၊ လာဘ်လာဘများ ပေါများစေရန် ... သည့် ရည်ရွယ်ချက်များစွာ ပါဝင်လာပါသည်။ ထို့ ... နောက် လူတို့သည် ကုသိုလ်ကောင်းမှုပြုခြင်း၊ သီလ ... ဆောက်တည်ခြင်း၊ မေတ္တာပို့သခြင်းတို့ကိုမှီ၍ အဓိဋ္ဌာန် ... ပြု တိုင်တည်ခြင်းက ပိုမိုပြီး အစွမ်းထက်သည်ကို ရိပ်မိ ... လာကြသောအခါ မိမိတို့၏ ရွတ်ဖတ်သရဇ္ဈာယ်မှု စကား ... များတွင် ကုသိုလ်၊ သီလ၊ မေတ္တာ စသည့် ကောင်းမှု ... များကို မိမိပြုလုပ်ထားကြောင်း သစ္စာပြု၍ ရွတ်ဆိုကြ ... လေ၏။ နောက်ပိုင်းတွင် မိမိတို့ အဓိဋ္ဌာန်ပြု ရွတ်ဆိုသမျှ ... အမှန်တကယ် အန္တရာယ်ကင်း၍ ကောင်းကျိုးများရရှိခဲ့ ... သည့်အတွက် မိမိတို့ရွတ်ဖတ်သော စကားစု(မန္တန်)များကို ... အလေးအမြတ်ပြုကြရာမှ နောက်ဆုံး အထွတ်အထိပ်သို့ ... ရောက်ရှိလာလေသည်။ နောင်းခေတ်များတွင် ရာသီပွဲ ... တော်များ၊ ဘာသာရေးပွဲတော်များအတွက် ရွတ်ဖတ်မှု ... (မန္တန်)များသည် မရှိမဖြစ် လုပ်ဆောင်ချက်တစ်ခု ဖြစ် ... လာပြန်လေသည်။

ဗုဒ္ဓဘုရားရှင်လက်ထက်သို့ ရောက်သောအခါ မန္တန် ... များအစား ဂါထာတော်များကို တီထွင်တော်မူခဲ့ပါသည်။ ... အချို့သော မန္တန်များတွင် အသံစနစ်မကျခြင်း၊ အကုသိုလ် ... များ ဖြစ်စေခြင်း၊ လူလတ်တန်းစားနှင့် ဆင်းရဲသားတို့ ... ရွတ်ဖတ်ခွင့် မရှိခြင်း၊ လူတိုင်းအား သင်ကြားခွင့် မပေး ... ခြင်း စသော အပြစ်အနာအဆာများရှိသဖြင့် မန္တန်များကို ... ဘုရား၊ ရဟန္တာ စသော အရိယာသူတော်ကောင်းတို့က ... မနှစ်သက်ကြပေ။ အမှန်တကယ်တွင်လည်း မန္တန်များ ... သည် လောကီဆန်လွန်းလှသဖြင့် လောကုတ္တရာ၌ ပေါက် ... ရောက်တော်မူကြသော သူတော်စင်တို့သည် အဘယ်မှာ ... နှစ်သက်စရာ အကြောင်းရှိပါမည်နည်း။

တစ်ဖန် ဗုဒ္ဓဘုရားရှင်၏ နှုတ်တော်မှ ထွက်ရှိ တီထွင်ခဲ့သော ဂါထာများသည် အလွန်အစွမ်းထက်လှကြောင်း ဗုဒ္ဓဘုရားရှင် လက်ထက်၌ပင် သက်သေခံခဲ့သည်။ ထိုခေတ် ထိုအခါက အလွန်စည်ကားလှသော ဝေသာလီပြည်ကြီး၌ ရောဂါဘေး၊ ဘီလူးဘေးတို့ ကျရောက်လျက် မြို့ပျက်လုလု ဖြစ်နေချိန်တွင် ဘုရားရှင်နှင့် သံဃာတော်တို့အား ပင့်ဖိတ်ကြွရောက်တော်မူစေလျက် ရတနသုတ်ခေါ် ရတနာသုံးပါး၏ဂုဏ်ဖြင့် ပြီးစေသော ဂါထာစုများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြ၏။ ဤတွင် ဝေသာလီပြည်ကြီးသည် အန္တရာယ်အမျိုးမျိုးမှ ချက်ချင်းကင်းဝေးပပျောက်၍ ပြန်လည်စည်ကားလာလေသည်။

အခါတစ်ပါးတွင် ဘုရားရှင်ကိုယ်တော်တိုင် နာမကျန်းဖြစ်ရာ အရှင်စုန္ဒ မထေရ်မြတ်အား ဗောဇ္ဈင်သုတ်ကို ရွတ်ဆိုစေခြင်းဖြင့် ပြန်လည်ကျန်းမာတော်မူလာခဲ့သည်။ တစ်ခါ ရဟန်းတော်ငါးရာတို့သည် ဟိမဝန္တာတောင်၌ ကမ္မဋ္ဌာန်းတရား အားထုတ်ကြရာ ရဟန်းတို့၏ ဘုန်းတော်ကြောင့် ရုက္ခစိုးနတ်များ သစ်ပင်ပေါ်မှဆင်း၍ နှစ်ရှည်လများ မြေပြင်၌သာ နေကြရလေ၏။ ကြာလာသော် ရုက္ခစိုးနတ်တို့ သည်းမခံနိုင်တော့ဘဲ ရဟန်းတို့အား ခြောက်လှန့်နှင်ထုတ်ကြလေသည်။

ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်တင်ကြသောအခါ ဘုရားရှင်က မေတ္တသုတ်ကို ရဟန်းတို့အား ပေးသနားလျက် ဟိမဝန္တာသို့ ပြန်လည်စေလွှတ်လိုက်၏။ ထိုအခါ ရဟန်းတော်တို့သည် မေတ္တသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရာ မေတ္တာသက်ဝင်သော ပရိတ်တရားတော်ကြောင့် ရုက္ခစိုးနတ်တို့ နှစ်သက်ချစ်ခင်လျက် အနှောင့်အယှက် မပြုကြတော့သဖြင့် ထိုဟိမဝန္တာတောင်၌ နှစ်ရှည်လများ ချမ်းမြေ့စွာ တရားအားထုတ်နိုင်ကြလေသည်။ ထိုအချိန် ထိုအခါမှစ၍ ဂါထာများဖြင့် စုဖွဲ့စီရင်အပ်သော ပရိတ်တော်များသည် တစ်စ,တစ်စ ခေတ်စားလာလေသည်။

ပရိတ်ဟူသည် ပရိတ္တဟူသော ပါဠိစကားမှ ဆင်းသက်လာခြင်းဖြစ်သည်။ အဆိုပါ ပရိတ္တဟူသော ပါဠိတွင် ပရိပုဒ်နှင့် အတ္တပုဒ်တို့ ပေါင်းစပ်ထားပြီး ပရိ၏အဓိပ္ပာယ်မှာ ဘေးပတ်ဝန်းကျင်အရပ်ဒေသဖြစ်ပြီး အတ္တ၏အဓိပ္ပာယ်မှာ ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ပရိတ္တ၏ အဓိပ္ပာယ်မှာ ဘေးပတ်ဝန်းကျင်မှ ဖြစ်ပေါ်လာမည့် ရောဂါဘေးရန်အန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်တတ်သော တရားဒေသနာတော်များဟု အဓိပ္ပာယ်ရ၏။

ပရိတ်တရားတော်ကို ရိုရိုသေသေ ယုံကြည်စွာ နားကြားသောသူ၊ ရွတ်ဖတ်သောသူ၊ လက်တွေ့လိုက်နာကျင့်ကြံသောသူတို့အား ဘေးပတ်ဝန်းကျင် အရပ်ဒေသတို့မှ ဖြစ်ပေါ်လာမည့် ရောဂါဘေးဒဏ်အန္တရာယ် အမျိုးမျိုးတို့ကို ကာကွယ်ရန်အတွက် ရှေးဆရာတော်၊ သံဃာတော်နှင့် သာသနာ့နွယ်ဝင် သူတော်စင်အပေါင်းတို့ ရွတ်ဆိုကြားနာခဲ့သော ပရိတ္တအမည်ရ ဘုရားဟော သုတ္တန်များ၊ ထိုဘုရားဟော သုတ္တန်ပါဠိများမှ ထုတ်နုတ်၍ ရှေးရဟန္တာ ဆရာတော်ကြီးများ စီရင်ရေးသားသော သုတ်များကို ပရိတ်ဟုခေါ်၏။

အမှန်တကယ်တွင် ဘုရားဟော သုတ္တန်မှန်သမျှ ရွတ်ဖတ်သော အကျိုးအာနိသင် ရှိသည်သာ ဖြစ်ပါသည်။ သို့သော် ဘေးပတ်ဝန်းကျင် အန္တရာယ်များမှ လွတ်မြောက်ရန် ရည်ရွယ်၍ စီရင်အပ်သော ပရိတ်တော်များကသာ အန္တရာယ်ကင်းရှင်းရေး ပြုလုပ်ရာတွင် ပို၍အစွမ်းထက်မည် ဖြစ်သည်။

သို့သော် ပရိတ်တော်တို့သည် အလွန်မြင့်မြတ်သော ရွတ်ဖတ်သရဇ္ဈာယ်မှုကြီးဖြစ်၍ အလွန်ယုတ်ညံ့သူများအတွက် အစွမ်းအာနိသင် သက်ရောက်လိမ့်မည် မဟုတ်ချေ။ ပရိတ်ကိစ္စ ပြုလုပ်ရာတွင် ရွတ်သူနှင့် နာသူဟူ၍ နှစ်မျိုးနှစ်စားရှိရာ ရွတ်သူရော နာသူပါ ယုတ်ညံ့မှုများကင်းစင်လျက် မြင့်မြတ်သော အင်္ဂါရပ်များနှင့် ကိုက်ညီရပါမည်။ ကိုက်ညီရမည့် အင်္ဂါရပ်များတွင် ရွတ်သူဘက်မှ အင်္ဂါသုံးပါးနှင့် နာသူဘက်မှ အင်္ဂါသုံးပါးဟူ၍ အင်္ဂါခြောက်ပါး ရှိသည်။

**ရွတ်သူဘက်မှ အင်္ဂါသုံးပါး**

(၁) ပရိတ်တော်များကို ပုဒ်အက္ခရာ ပီသစွာ ရွတ်ဖတ်ခြင်း၊

(၂) ပရိတ်တော် ပါဠိများ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ထားခြင်း၊

(၃) လာဘ်လာဘကိုမငဲ့ဘဲ မေတ္တာရှေ့ထား၍ ရွတ်ဖတ်ခြင်း။

ပရိတ်တော်များကို ပါဠိအက္ခရာ၊ ပါဠိသံများဖြင့် ရွတ်ဖတ်ရသည်ဖြစ်ရာ အသံပီသစွာ ရွတ်ဆိုနိုင်ရန်အတွက် စနစ်တကျ လေ့လာသင်ကြားထားရပါသည်။ ပရိတ်တော်များတွင် ပါရှိသည့် ပုဒ်၊ ဗျည်း၊ အက္ခရာတို့ကို အပိုအလိုမရှိ ပြည့်စုံအောင် တိကျစွာ ရွတ်ဖတ်ရပါမည်။ ရွတ်ဖတ်သောအခါ စာလုံးများ ကျန်ရစ်ခြင်း၊ အပိုစာလုံးများ ပါဝင်လာခြင်းမရှိအောင် သတိထား၍ ရွတ်ဖတ်ရသည်။

ထို့အပြင် ပရိတ်တော်ရှိပါဠိများ၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာနားလည်ထားရပါမည်။ ထိုသို့ တတ်သိနားလည်ရန်အတွက် အထူးသင်ကြားထားရမည် ဖြစ်သည်။ သို့မဟုတ် တတ်သိနားလည်သူများထံ ချဉ်းကပ်၍ လေ့လာဆည်းပူးရပါမည်။ ပရိတ်တော်နှင့် ပတ်သက်သော စာအုပ်စာတမ်းများကိုလည်း အထူးပြု လေ့လာထားသင့်ပါသည်။ အနက်အဓိပ္ပာယ် ကောင်းစွာနားလည်မှုလည်း ရွတ်ဖတ်သော ပရိတ်တရားတော်တို့၏ အကြောင်းအရာတို့ကို ကောင်းစွာဆင်ခြင်နိုင်မည်ဖြစ်သည်။ ဆင်ခြင်မှု ဟူသမျှ ဉာဏ်နှင့်ယှဉ်သော အစွမ်းအာနိသင်များ ဖြစ်ပေါ်လာစမြဲပင်။

**နာသူဘက်မှ အင်္ဂါသုံးပါး**

(၁) ပဉ္စာနန္တရိယကံထိုက်ထားသူ မဖြစ်ခြင်း၊

(၂) နိယတမိစ္ဆာဒိဋ္ဌိအယူ မရှိခြင်း၊

(၃) ပရိတ်တရားအပေါ် အမှန်တကယ် ယုံကြည်ခြင်း။

ပရိတ်တရားတော် နာယူမည့်သူသည် ပဉ္စာနန္တရိယခေါ် ကြီးလေးသော ကံကြီးငါးပါးမှ လွတ်ကင်းရပေသည်။ အဆိုပါ ကံကြီးငါးပါးမှာ (၁) မာတုဃာတကကံ အမိကိုသတ်သောကံ၊ (၂) ပိတုဃာတကကံ-အဖကိုသတ်သောကံ၊ (၃) အရဟန္တဃာတကကံ-ရဟန္တာအားသတ်သောကံ၊ (၄) လောဟိတုပ္ပါဒကကံ-ဘုရားအား သွေးစိမ်းတည်အောင်ပြုသောကံ၊ (၅) သံဃဘေဒကကံ-သံဃာကို သင်းခွဲသောကံတို့ ဖြစ်သည်။

ပရိတ်နာသူတွင် အဆိုပါ ကံကြီးများ ရှိနေလျှင် ပရိတ်နာယူခြင်း၏ အကျိုးအာနိသင်များ ရရှိခံစားရမည် မဟုတ်ချေ။ ထို့အပြင် နိယတမိစ္ဆာဒိဋ္ဌိအယူ ရှိနေသူနှင့် ပရိတ်တရားတော်တို့အပေါ် ယုံကြည်မှု အားနည်းနေသူတို့ အဖို့ရာလည်း ပရိတ်တော်၏ အစွမ်းအာနိသင်များ ရရှိလိမ့်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com

နိယတမိစ္ဆာဒိဋ္ဌိ ဆိုသည်မှာ-

သတ္တဝါတို့မှာ အကြောင်းအကျိုးမရှိဟု ယူဆမှား ယွင်းသော အဟေတုကဒိဋ္ဌိ၊

ကုသိုလ်၊အကုသိုလ်ကံ မရှိဟု အကြောင်းတရားကို ပယ်၍ ယူဆမှားယွင်းသော အကိရိယဒိဋ္ဌိနှင့်

ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးသည် မရှိဟု အကျိုးတရားကို ပယ်၍ ယူဆမှားယွင်းသော နတ္ထိကဒိဋ္ဌိ

ဟူသော ဒိဋ္ဌိကြီးသုံးမျိုးကို နိယတမိစ္ဆာဒိဋ္ဌိဟု ခေါ်

ငှင်းနိယတ မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးအတိုင်း ယူဆ နေပါက ထိုသူ့အတွက် ပရိတ်တရားတော်တို့၏ အာနိသင်များ ရရှိခံစားနိုင်မည် မဟုတ်ချေ။

ထို့အပြင် ယုံကြည်မှုသည် အရာရာကို စိုးမိုးနိုင်၏။ ကောင်းမြတ်သော အရာတို့၌ ယုံကြည်ခြင်းသည် ကောင်း ကျိုးများကို စိုးမိုးနိုင်မည့် ဖြစ်သည်။ ဘုရားရှင်၏ နှုတ် ပါဌ်တော်များဖြစ်သည့် ပရိတ်တရားတော်များကို ယုံကြည်ခြင်းသည် ကောင်းမြတ်သော ယုံကြည်ခြင်းဖြစ်၍ ကောင်းကျိုးများ ရရှိခံစားရမည်မှာ ဧကန်မလွဲပေ။ ထို့ကြောင့် ပရိတ်နာသူအဖို့ ပရိတ်တော်တို့အပေါ်၌ ယုံကြည်ခြင်းသည် အခြေခံပဓာနကျလှပါသည်။

ပရိတ်ရွတ်ခြင်း၊ နာခြင်း ကောင်းမှုသည် ရွတ်သူရော နာသူပါ ကောင်းကျိုးရရှိသည်ကို မြင်တော်မူသောကြောင့် ဘုရားရှင်ကိုယ်တော်တိုင် ပညတ်ညွှန်ကြားခဲ့သော ဗုဒ္ဓလမ်းစဉ်တစ်ရပ်ဖြစ်သည်။ သတ်မှတ်ထားသော အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ရွတ်ဖတ်သရဇ္ဈာယ် နာကြားပါက အန္တရာယ်ကင်းမည့်အပြင် ကျက်သရေမင်္ဂလာ၊ လာဘ်လာဘများ တိုးပွားမည်မှာ ဧကန်ပင် ဖြစ်ပါသည်။

**ဖျာပုံ တင်နိုင်ဝင်း**

<u>မှီငြမ်းကိုးကား</u>

(၁) တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ ဘီအေ)၏ ပရိတ်တန်ခိုး ပရိတ်အကျိုး။

(၂) ဆရာသောင်းလွင်(ဘီအေ)၏ ကိုယ်ကျင့်ပရိတ်ကြီးနှင့် ပဋ္ဌာန်းအဓိပ္ပာယ်ပြန်။





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

အနုမတဂ္ဂဘဝများစွာ သံသရာမှာ ကျင်လည်ခဲ့စဉ် တစ်ခုတုန်းက ဘုရားအလောင်းတော်သည် ဟိမဝန္တာ ကြီး၌ မဟာနန္ဒိယ အမည်ရသော မျောက်မင်းဖြစ်ခဲ့ ညီတော်အာနန္ဒာ လောင်းလျာသည်လည်း စူဠနန္ဒိယ ညီဖြင့် အလောင်းတော်၏ညီတော် ဖြစ်ခဲ့သည်။ နောင် ညီတော် မင်းနှစ်ဖော်တို့သည် ရှစ်သောင်းသော မျောက်အပေါင်းတို့ကို စိုးမိုးအုပ်ချုပ်ကာ သင့်မြတ်ချစ် ညီစွာဖြင့် အတူတကွ နေထိုင်ခဲ့ကြသည်။

ယင်းကဲ့သို့ နေလာခဲ့ကြ၍ နှစ်ကာလ ကြာမြင့်လာ အခါ မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့၏ မိခင် မျောက် ကြီးသည် အိုမင်းမစွမ်းဖြစ်ကာ မျက်မမြင်ဘဝသို့ ရောက်ရှိခဲ့ရသည်။ ယခင်အချိန်များတုန်းက သားနှစ်ဖော် အတူ သစ်သီးကြီးငယ်များကို ရှာဖွေရာတွင် အတူတူ လိုက်ပါရှာဖွေနိုင်သော်လည်း ယခုအခါမှာတော့ မလိုက် နိုင်တော့ပါ။ နန်းတော်အဖြစ် သတ်မှတ်ထားသော တော ချုံကြီးအတွင်း၌သာ အပြင်သို့ မထွက်ဘဲ နေရလေ၏။

ထို့ကြောင့် နောင်တော်၊ ညီတော် မင်းနှစ်ဖော်တို့ သည် မိခင်မျောက်အိုမကြီးကို တောချုံအတွင်း၌ လုံခြုံစွာ ထားခဲ့ပြီးလျှင် မျောက်အပေါင်းတို့ကို ဦးဆောင်၍ သစ် သီးကြီးငယ်များ ပေါများသည့်တောအုပ်ကြီးဆီသို့ ထွက် ခွာခဲ့လေ၏။ တောအုပ်အတွင်း ရောက်သည်နှင့် တစ် ပြိုင်တည်း နောက်လိုက်နောက်ပါ မျောက်အပေါင်းတို့ သည် သစ်ပင်များပေါ်သို့ အလုအယက်တက်၍ ချိုမြိန် သော သစ်သီးကြီးငယ်များကို အလျှဉ်စလို ခူးဆွတ်၍ စားကြလေ၏။

အလောင်းတော်မဟာနန္ဒိယမျောက်မင်းသည် အခြား မျောက်များကဲ့သို့ မပြုမူဘဲ အမြင့်ဆုံး၊ အကြီးဆုံး သစ်ပင် သို့ ဖြည်းဖြည်းသက်သာစွာ တက်ခဲ့ပြီးလျှင် သစ်ပင် ပေါ်မှာ ရှိနေသော သစ်သီးများထဲမှ အမှည့်ဝင်းဆုံး သစ်သီးများကို လက်နှစ်ဖက်ဖြင့် ဂရုတစိုက် ဆွတ်ခူးယူ၏။

အနံ့မွှေး၍ စားချင်စရာကောင်းသော သစ်သီးတို့ကို ရသောအခါ အသာဝနေပြီဖြစ်သော မျောက်တစ်သင်း ခေါ်ယူ၍-

'အချင်းတို့..ငါတို့တစ်တွေကတော့ ဒီတောအုပ်ထဲ မှာ ကောင်းနိုးရာရာ သစ်သီးတွေကို ကြိုက်တာရွေးပြီး စားခဲ့ကြပြီ။ ငါတို့ မိခင်ကြီးမှာတော့ မျက်စိမမြင်ရှာလို့ သူနေရာမှာပဲ နေခဲ့ရရှာတယ်။ ငါတို့ဆီက အပို့အလွှတ်ကို ဝမ်းဟာဟာနဲ့ မျှော်နေရှာရော့မယ်။ ဒါကြောင့် ဟောဒီ သစ်သီးတွေကို ဂရုတစိုက် သယ်ဆောင်ပြီးတော့ ငါတို့ မိခင်ကြီးလက်ထဲ အရောက်ဆက်သကြပါလော့'

ထိုကဲ့သို့ မဟာနန္ဒိယမျောက်မင်းက အသေအချာ မှာကြားပြီး ချိုမြိန်လှစွာသော သစ်သီးများကို မျောက်များ ထံ ပေးအပ်၍ စေလွှတ်လိုက်လေသည်။

ထိုတောအုပ်၌ သီးပင် စားပင်များ ပေါများလှသဖြင့် အလောင်းတော် မျောက်မင်းသည် ထိုတောအုပ်မှာပင် ဆက်လက်နေထိုင်လေ၏။ နံနက်လင်းလာ၍ နောက်လိုက် နောက်ပါ မျောက်အပေါင်းတို့ ဝဝလင်လင်စားသုံးပြီးချိန် တွင် အနံ့အရသာနှင့် ပြည့်စုံသော သစ်သီးများကို မိခင် ရှိရာသို့ ပို့ဆောင်စေ၏။ ဤသို့ဖြင့် ရက်အတန်ကြာ နေ ထိုင်ပြီး ထိုတောအုပ်မှ ပြန်လာခဲ့ကြရာ နေရင်းဌာနသို့ ရောက်သည်နှင့်တစ်ပြိုင်နက် မျောက်ညီနောင်တို့သည် မိခင်အိုကြီးထံ အလျင်အမြန် ချဉ်းကပ်ကြလေပြီးသော် မိခင်ကြီး၏ ခြေအစုံကို ဦးခိုက်ကြ၏။

ထို့နောက် နောင်တော်မဟာနန္ဒိယသည် မိခင်ကြီး၏ တစ်ကိုယ်လုံးကို သတိထား၍ လေ့လာကြည့်ရှုကာ-

'အို..မိခင်၊ တောအုပ်ထဲကနေပြီး နေ့စဉ်နေ့တိုင်း သစ်သီးအပို့ စေလွှတ်ခဲ့ပါတယ်။ အခု အမေ့ကို ကြည့်ရ တာ အရိုးပေါ် အရေတင်လို့ပါလား။ ဘယ်လိုများ ဖြစ် ရတာလဲ အမေရယ်'

ယင်းသို့ မချိတင်ကဲ ကြေကွဲသောအသံဖြင့် မေးမြန်း လေသော် မိခင်ကြီးက-

'အမေ့သားတို့ကတော့ အပို့လွှတ်မှာ အမှန်ပါပဲ ကွယ်။ ဒါပေမဲ့လို့ သားတို့ အပို့လွှတ်လေသမျှ အမေ့ဆီ တစ်လုံးတလေမှ မရောက်ခဲ့ပါဘူးကွယ်' ဟု ပြော၏။

'ကြည့်စမ်း၊ မိုက်လိုက်တဲ့ အကောင်တွေ။ အမေ့ဆီ အပို့လွှတ်လေသမျှ လမ်းမှာပဲ သူတို့ စားပစ်ခဲ့ကြတယ်။ သင်းတို့အပြစ်နဲ့ ထိုက်တန်အောင် ဒဏ်ခတ်လိုက်ရရင် တော့'

'မသိလို့ လုပ်ကြတာ ဖွဲမယူကြပါနဲ့ သားတို့ရယ်။ ပြီးခဲ့တာတွေလည်း ပြီးပါစေတော့'

www.burmeseclassic.com

www.burmeseclassic.com

မိခင်ကြီးက လူကြီးသူမတို့စိတ်ထားဖြင့် ပြေရာပြေကြောင်း ပြောပါသော်ငြားလည်း သားကြီး မဟာနန္ဒိယကတော့ ဖြီးဖြီးမျောက်မျောက် သဘောမထားနိုင်။ ဤဖြစ်စဉ်ကို အကြောင်းပြုကာ ရှေ့ရေးကို အရှည်ကြီး တွေးတောနေလေ၏။

'ဒီကောင်တွေ ရှေ့ဆက်ပြီးလည်း ဒီအတိုင်း သူတို့လုပ်နေကြဦးမှာပဲ။ ငါ့မှာဖြင့် သူတို့အားလုံး ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားရအောင် ကြိုးစားခဲ့ရတယ်။ သီးပင် စားပင် ပေါများတဲ့ တောအုပ်တွေကို နေ့ားတမ်း ရှာဖွေခဲ့ရတယ်။ သူတို့အပေါ် အန္တရာယ်ကျရောက်လာရင်လည်း ငါတို့ညီအစ်ကို နှစ်ဦးကပဲ ဦးဆောင်တိုက်ခိုက်ပြီး အကာအကွယ်ပေးခဲ့ရတယ်'

'ဟုတ်ပါရဲ့ နောင်တော်ရယ်။ သူတို့ မိုက်မဲချက်ကတော့ လွန်လွန်းပါတယ်။ ကျွန်တော်တို့ အမေအတွက် တစ်ခုခုလုပ်ဖို့ လိုအပ်နေပြီ နောင်တော်'

'အေးကွယ် ညီလေးရယ်၊ အဲဒါ နောင်တော် စဉ်းစားနေတာပဲ။ တကယ်လို့များ ညီလေးအနေနဲ့ နောင်တော့်ကိုယ်စား မျောက်အပေါင်းကို ဦးဆောင်ပြီး နေနိုင်မယ်ဆိုရင်တော့ နောင်တော်ဟာ အမေ့ကို လုပ်ကျွေးတဲ့ တာဝန်တစ်ခုတည်းကို လွတ်လွတ်ကျွတ်ကျွတ် လုပ်နိုင်မှာပေါ့'

'အမေ့ကို ပြုစုလုပ်ကျွေးဖို့ဆိုတာတော့ ဟုတ်ပါပြီ။ လွတ်လွတ်ကျွတ်ကျွတ် လုပ်ကျွေးဖို့ ဆိုတာက ဘာလဲ'

'ဒီလိုပါ ညီလေး၊ ဒီမျောက်အပေါင်းကို ဦးဆောင်နေရရင်တော့ အမေ့ကို စိတ်တိုင်းကျ လွတ်လွတ်ကျွတ်ကျွတ် လုပ်ကျွေးနိုင်မယ် မထင်ဘူး။ ဒီမျောက်ပရိသတ်ကို စွန့်လွှတ်လိုက်မှဖြစ်မယ်။ ဟောဒီ ဟိမဝန္တာတောကြီးထဲက ထွက်ပြီး လူတို့ရပ်ရွာ အစွန်အဖျားကို သွားနေမှဖြစ်မယ်'

'နောင်တော်ကိုယ်တိုင် စိတ်ပိုင်းဖြတ်ပြီးသား ဖြစ်မယ်ဆိုရင်တော့ ညီလေးကလည်း ချန်မနေချင်ပါဘူး။ နောင်တော်နဲ့ အတူလိုက်ပြီး အမေ့ကို ပြုစုလုပ်ကျွေးပါ့မယ်'

သို့ကလို တိုင်ပင်ကြပြီးလျှင် မဟာနန္ဒိယနှင့် စူဠနန္ဒိယတို့သည် ညဉ့်အချိန် မျောက်အပေါင်းတို့ အိပ်မောကြနေခိုက်တွင် မျက်မမြင် အမေအိုကိုထမ်းပိုးကာ ဟိမဝန္တာတောနက်ထဲမှ တိတ်တဆိတ် ထွက်လာခဲ့ကြလေ၏။

ဟိမဝန္တာတောကြီး၏ အစွန်အဖျား ရုံဖန်ရံခါ လူတို့အရောက်အပေါက်ရှိသော အရပ်သို့ ရောက်သောအ... ခက်လက်ဝေဆာနေပြီး အရိပ်အာဝါသ ကောင်းလှသော... ညောင်ပင်ကြီးကို တွေ့ရလေသည်။ ထိုအခါ ညီနောင်... နှစ်ဖော်တို့သည် ဤညောင်ပင်မှာ အခြေချနေထိုင်... ဆုံးဖြတ်ကြပြီးလျှင် မိခင်အိုကြီးကို ညောင်ပင်ခွဆုံထ... သို့ တင်ပေးကြ၏။ အနီးအနားရှိ သစ်ပင်များမှ ရတ... သအျှသော သစ်သီးကြီးငယ်တို့ဖြင့် မျက်မမြင် မိခင်အိုကြ... ကို ပြုစုလုပ်ကျွေးနေကြလေ၏။

◆◆◆

ဤသို့ သားအမိသုံးဦး အေးချမ်းသာယာစွာ နေထို... ကြလျက်ရှိနေစဉ် တက္ကသိုလ်မြို့တော်၌ ပညာသင်ကြ... ပြီး ပြန်လာသော ပုဏ္ဏားလုလင်တစ်ယောက်သည် ဇာတ... ဌာနေဖြစ်သော ဗာရာဏသီမြို့တော်သို့ ဦးတည်လျှ... ထွက်ခွာလာခဲ့သည်။ နေရပ်သို့ပြန်မည့်နေ့က ဆရာဖြစ်သူ... ဒိသာပါမောက္ခဆရာကြီးထံ ဝင်ရောက်ရှိခိုးကန်တော့လေ... ရာ ဒိသာပါမောက္ခဆရာကြီးက တပည့်ပုဏ္ဏားလုလင်၏... လက္ခဏာကို သေချာစစ်ဆေးကြည့်လေသော် သူတစ်ပါး... ကို အညှာအတာမဖက် ရက်ရက်စက်စက် ပြုတတ်သော... လက္ခဏာတို့ကို တွေ့လိုက်ရသဖြင့် တပည့်အား-

'အမောင်လုလင်.. မကောင်းမှု ပြုမိတဲ့သူဟာ ဖြ... တုန်းမှာ အားရသလိုလို ကျေနပ်သလိုလို ရှိပါရဲ့။ ဒါပေမဲ့... နောက်ပိုင်းမှာတော့ ကျူးလွန်မိတဲ့ မကောင်းမှုကို... အကြောင်းပြုပြီးတော့ တစ်လျှောက်လုံး ပူပန်ရတော့... တယ်။ အဲဒီသဘောကို ထင်ရှားအောင် ဘယ်လိုဥပမာ... ပေးရမလဲဆိုရင် ကောက်ပဲသီးနှံ စိုက်ပျိုးတာနဲ့တူတယ်။

ချိုမြိန်တဲ့မျိုးစေ့ကို စိုက်ပျိုးတဲ့သူဟာ ချိုမြိန်တဲ့ အသီး... အနှံကို ရရှိတယ်။ ခါးသက်တဲ့ မျိုးစေ့ကို စိုက်ပျိုးတဲ့သူ... ဟာခါးသက်တဲ့သီးနှံကို ရရှိတယ်။ ကိုယ်ပြုတဲ့ ကံအား... လျော်စွာ အကျိုးပေးတာကို ခံကြရတယ်။ ဒါကြောင့်... မကောင်းမှုကို မပြုမိအောင် ကျပ်ကျပ်သတိထားပါလေ'

ဤသို့ပင် ဂရုတစိုက် အထပ်ထပ်အခါခါ မှာကြား... လိုက်၏။ ပုဏ္ဏားလုလင်ကလည်း ဒိသာပါမောက္ခဆရာ... ကြီး၏ စကားကို လေးလေးစားစား မှတ်သား၍ ပြန်... ခဲ့၏။ သို့ရာတွင် ဆရာသမား စကားအတိုင်း လိုက်နာ... ထိုင်ရန်မှာ တစ်နေ့တခြား အခက်တွေ့လာ၏။

ပုဏ္ဏားလုလင်မှာ ဇာတိဌာနေ ဗာရာဏသီမြေသို့...

www.burmeseclassic.com

www.burmeseclassic.com

…ပြီး မကြာမီမှာပင် သက်တူရွယ်တူ မျိုးတူအမျိုး …ယောက်နှင့် အိမ်ထောင်ပြုလေ၏။ မိဘများထံ …၍ တစ်အိုးတစ်အိမ်ထူထောင်ကာ တက္ကသိုလ်မှ …လာသော ပညာရပ်များဖြင့် အသက်မွေးဝမ်း …ပြုပါ၏။ သို့ရာတွင် တစ်စထက်တစ်စ ပွားတိုး …သော မိသားစုအတွက် မလုံလောက်နိုင်အောင် ဖြစ် … အတတ်ပညာတစ်မျိုးဖြင့် အသက်မွေး၍ အဆင် …လျှင် အခြားတစ်မျိုးဖြင့် အစားထိုးကြည့်၏။ အစား …၍ အဆင်မပြေလေတိုင်း ပြောင်း၍,ပြောင်း၍ လုပ် …လာခဲ့ရာ တက္ကသိုလ်မှ သင်ကြားခဲ့သော အတတ် …အားလုံး စုံသွားခဲ့ပြီး မည်သည့်ပညာရပ်နှင့်မှ အသက် …၍ အဆင်မပြေ ဖြစ်လာရလေ၏။

ထိုအခါ ပုဏ္ဏားလုလင်မိသားစုသည် ဗာရာဏသီမြို့ …မှ ထွက်ခွာ၍ အစွန်အဖျား၌ရှိသော ရွာလေးသို့ …ပြောင်းနေထိုင်ခဲ့ကြသည်။

မြို့ကြီးသားအဖြစ်မှ ကျေးတောသားအဖြစ်သို့ …တကူ ပြောင်းလဲ၍ရသည်ကား လွယ်ပါ၏။ သို့ …ာ် ရွာသားများကဲ့သို့ လယ်ယာစိုက်ပျိုးရေးအလုပ်များ … လုပ်နိုင်။ လုပ်ကိုင်စားဖို့ရာ လယ်ပိုင်ယာပိုင်ကလည်း … သည်တော့ စရိတ်အနည်းဆုံးဖြင့် အသက်မွေးရန် …နှင့်မြားကို ကိုင်ဆောင်ကာ တောလိုက်မုဆိုးလုပ်ရန် … ရှိတော့သည်။

တက္ကသိုလ်ပညာတို့ဖြင့် အသက်မွေး၍ မရခဲ့သမျှ …လိုက်မုဆိုးအလုပ်နှင့်ကျမှ အဆင်ပြေပါလေ၏။ သူ …ါးအသက်နှင့် ရင်းနှီးရသောအလုပ်ကို လုပ်ကိုင်သူ …ါးလှသဖြင့် သူ့အတွက် သားကောင်တွေ ပေါပေါများ … ရရှိနေ၏။ ဝေးဝေးလံလံလည်း မသွားရ။ တစ်နေ့တာ …မှာပင် သားကောင်တွေ အလုံအလောက်ရရှိနေသည်။

ထိုသို့ တောလိုက်မုဆိုးအလုပ် လုပ်သက်ကာလ ကြာ …လာသောအခါ အတွေ့အကြုံကို အခြေခံ၍ လာဘ် …ကောင်းသောနေ့နှင့် လာဘ်မကောင်းသောနေ့ဟူ၍ နှစ်မျိုး …ကြောင်း သိရှိနားလည်လာရသည်။ လာဘ်ကောင်းသော …တွင် ခက်ခက်ခဲခဲ မရှာဖွေရဘဲ တောကောင်များကို …လင့်တကူ တွေ့ရှိရသည်။ မွန်းမတည့်မီမှာပင် အိမ် … အမဲတွေ တစ်ထမ်းတစ်ပိုးကြီးဖြင့် ပြန်လာရသည်။ …မကောင်းသောနေ့မှာမူ တောတကာ တောင်တကာ ခြေရာထပ်အောင် ရှာဖွေပါသော်လည်း တစ်ကောင် တစ်မြီးမှ မတွေ့ရချေ။

ယနေ့လည်း လာဘ်မကောင်းသောနေ့နှင့် ကြုံလာရပြန်ချေပြီ။ တစ်နေကုန်တစ်နေခန်း တောတောင်အနှံ့ ခြေရာချင်းထပ်အောင် လျှောက်လှမ်းရှာဖွေသော်လည်း အိမ်ပြန်လက်ဆောင် တစ်ခုမှ မရပါသေး။ သွားရင်းလာရင်း ရှာဖွေရင်းဖြင့်ပင် နေက တော်တော်စောင်းသွားခဲ့လေပြီ။ အချိန်မီ အိမ်ကိုတော့ အရောက်ပြန်ရပါဦးမည်။

စိတ်မော လူမောနှင့် လျှောက်လာခဲ့ရသော ပုဏ္ဏားမုဆိုးသည် ခေတ္တအနားယူရန် ညောင်ပင်ကြီး တစ်ပင်အောက်သို့ ရောက်လာခဲ့သည်။ ကံမကောင်း အကြောင်းမလှချင်တော့ ညောင်ပင်ကြီးက အလောင်းတော်သားအမိသုံးဦးတို့ နေထိုင်ရာဌာန ဖြစ်နေလေ၏။

ထိုစဉ်မှာပင် နောင်တော်မဟာနန္ဒိယသည် သစ်သီးများကို အခွံနွှာပြီး မိခင်အိုကြီးအား ကျွေးမွေးနေ၏။ ညီတော် စူဠနန္ဒိယကလည်း ကျွေးမွေးရန် သစ်သီးတို့ကို ကိုင်ဆောင်လျက် အသင့်ရှိနေ၏။ ညောင်ပင်ရိပ်သို့ ဝင်လိုက်မိသည်နှင့်တစ်ပြိုင်တည်း ပုဏ္ဏားမုဆိုးသည် မိခင်မျောက်အိုမကြီးကို လှမ်းမြင်လိုက်၏။ ညောင်ကိုင်းညောင်ခက်တို့ ဖုံးကွယ်ရာ၌ နန္ဒိယညီနောင်တို့ ရှိနေ၏။ မုဆိုးက မမြင်ရသော်လည်း မဟာနန္ဒိယတစ္ဆော့ မုဆိုးဝင်လာလာချင်း မြင်တွေ့ပြီးဖြစ်၏။ ကိုင်ဆောင်ထားသော လေးနှင့် မြား၊ ကြမ်းတမ်းခက်ထန် လူမဆန်သည့်ရုပ်သွင်ဒီအရာတွေကို မြင်လိုက်ရုံနှင့်ပင် သဘောပေါက်လိုက်ပါပြီ။ ယနေ့တော့ ငါတို့သားအမိ သုံးဦးအတွက် ကံဆိုးမိုးမှောင်ကျချေပြီဟု တွက်ဆထားလိုက်၏။

မဟာနန္ဒိယ တွက်ဆထားသည့်အတိုင်းပင် ပုဏ္ဏားမုဆိုးသည် မိခင်မျောက်အိုမကြီးကို စူးစူးစိုက်စိုက် ကြည့်လိုက်၏။ တကယ်ဆိုလျှင် ဤလို အရိုးပေါ်အရေတင်နေသည့် မျောက်အိုမကြီးတစ်ကောင်သည် သူ့အတွက် ဘယ်လောက်မှ ကြေးမကိုက်။ ဝယ်စားနေကြသူများကပင် နှာခေါင်းရှုံ့ကောင်း ရှုံ့နေကြပေဦးမည်။

မုဆိုးအဖို့ကတော့ တစ်နေကုန် ခြေကုန်အောင် တောနင်းလာခဲ့ပြီးမှ လက်ချည်းသက်သက် ပြန်သွားသည်ဆိုပါက မုဆိုးသိက္ခာ ကျပေဦးမည်။ ကိုင်း ..သည်တော့ ညီး မရ,ရတာပဲ ယူသွားရတော့မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားမုဆိုးသည် စိတ်ပိုင်းဖြတ်လိုက်ပြီးနောက် မျောက်အိုမကြီးထံသို့ လေးကိုချိန်ရွယ်လျက်ရှိ၏။ အဆိပ်လူးမြားသည် လေးညှို့က ရိုက်ခတ်လိုက်သည်နှင့်တစ်ပြိုင်တည်း အရှိန်နှင့်ထွက်ကာ ရင်ဝကို ဖောက်ထွင်းရန် အသင့်ရှိနေ၏။

ထိုစဉ်အချိန်မှာပင် မဟာနန္ဒိယသည် မုဆိုးမြင်သာသည့် မြင်ကွင်းသို့ ထွက်လာခဲ့ပြီးလျှင်-

'အို..မုဆိုး၊ ငါတို့အမေကို မပစ်ပါနဲ့။ အမေက အိုလည်း အိုနေပါပြီ။ ပိန်လည်း ပိန်နေပါပြီ။ မျက်စိကလည်း မမြင်ရှာပါဘူး။ အမေ့အတွက် ငါ့အသက်ကို ပေးပါ့မယ်။ အမေ့ကို မသတ်ဘဲ ငါ့ကိုသာ ပစ်ပါတော့'

ဤသို့ ရဲရဲဝံ့ဝံ့ဖိတ်ခေါ်လိုက်၏။ ဤသို့ဖိတ်ခေါ်လိုက်ခြင်းမှာ ဒါနပါရမီသုံးမျိုး ရှိသည့်အနက် အမြင့်မြတ်ဆုံးဖြစ်သည့် ဒါနပရမတ္ထပါရမီကို ဖြည့်ဆည်းလိုက်ခြင်းပင်ဖြစ်သည်။

ပုဏ္ဏားမုဆိုးကတော့ ဥပပါရမီသော၊ ဇီဝိတဒါနသော နားမလည်။ မျောက်အိုမကြီးကိုပင် အရယူရန် ဆုံးဖြတ်ထားပြီးဖြစ်လို့ သန်မာဝဖြိုးသော မျောက်ပျိုတစ်ကောင်ကို ဘယ်မှာ လက်လွှတ်ခံနိုင်ပါမည်နည်း။

ထို့ကြောင့် မိခင်ကြီး၏အသက်ကို မိမိအသက်နှင့်လဲရန် ရဲရဲဝံ့ဝံ့ရပ်ပေးလိုက်သည်။ မုဆိုးက မဟာနန္ဒိယကို ရက်ရက်စက်စက် ပစ်ချလိုက်၏။ မဟာနန္ဒိယသည် ရင်ဝမှာ မြားတန်းလန်းနှင့် သောင်ပင်ထက်မှ ပြုတ်ကျသွားလေ၏။

လျှင်မြန်လွန်းလှသော အဖြစ်အပျက်များကြောင့် စူဠနန္ဒိယမှာ မှင်တက်မိသလို ဖြစ်သွားလေ၏။ သောင်ပင်ထက်မှ ပြုတ်ကျကာ မြေကြီးပေါ်တွင် မြားတန်းလန်းနှင့် သွေးသံရဲရဲလူးလိမ့်ရင်း သေဆုံးသွားခဲ့ရသည့် နောင်တော်၏ ဖြစ်အင်က မရှုရက်စရာပင်။

ဤအဖြစ်အပျက်ကို ဘာမှမသိရှာသေးသော မိခင်ကြီးကတော့ မမြင်နိုင်သော မျက်လုံးအစုံကို ပုတ်ခတ်၊ ပုတ်ခတ် လုပ်နေရှာ၏။ နောင်တော်မြတ်က အသက်နှင့်ခန္ဓာကိုယ်ပါ ပေးလှူခဲ့ပြီမို့ မိခင်အိုကြီး အသက်ချမ်းသာရာ ရနိုင်မည်ဆိုလျှင် တော်ပါသေးသည်။ မိခင်ကြီးကို မိမိတစ်ဦးတည်း လုပ်ကျွေးရပြားသော်လည်း မိမိအတွက် တာဝန်လေးမည်မဟုတ်။ နောင်တော်ကြီးနှင့် မိခင်ကြီးတို့အပေါ် ချစ်ခင်ကြည်ညိုသောစိတ်ဖြင့် လွယ်လင့်တကူ ထမ်းဆောင်နိုင်မည်သာ ဖြစ်၏။

အခုတော့ ဤသို့ထမ်းဆောင်ခွင့် ရတော့မည်မဟုတ်ပေ။ ဝဝဖြိုးဖြိုး မျောက်ပျိုတစ်ကောင်ကို လက်ဝယ်ရရှိပြီး ဖြစ်ပါလျက် ပုဏ္ဏားမုဆိုးက လောဘဇော အတော မသတ်နိုင်သေးဘဲ နောင်တော်မြတ်၏ရင်ဝ၌ စိုက်နေသော မြားကို မညှာမတာနုတ်ယူကာ လေးညှို့ပေါ်မှာ တင်လိုက် ပြန်၏။

'ဟယ်..မုဆိုး၊ သင်ဟာ တရားလွန်လွန်းပါကလား။ အမေ့အတွက် အသက်ပေးလှူသွားခဲ့တဲ့ သားလိမ္မာကို ရရှိပြီးဖြစ်ပါလျက်နဲ့ မိခင်ကြီးကို ချိန်နေပြန်ပါပြီ။ ငါတို့ နှစ်ဦးစလုံးမရှိရင် ငါတို့အမေဟာ ကြာကြာအသက်ရှင်နေ နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တစ်ရက်ရှည်ရှည်၊ နှစ်ရက် ရှည်ရှည် အမေ့အတွက် ငါလည်း အသက်လှူမယ်။ ဟယ် မုဆိုး..အမေ့ကို ပစ်မယ့်အစား ငါ့ရင်ဝကိုသာ ပစ်လိုက်ပါတော့'

မျက်မမြင် မိခင်အိုကြီးရှေ့မှာ ရဲရဲဝံ့ဝံ့ရပ်တည်လာသည့် စူဠနန္ဒိယကိုလည်း ပစ်ချလိုက်ပြန်ရာ ရင်ဝတွင် စူးဝင်နေသော မြားတံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ဝေဒနာကို မချိမဆံ့ခံစားလျက် နောင်တော်၏ ခြေအစုံ၌ ဦးခေါင်းတင်နေပြီး သေဆုံးသွားလေတော့သည်။

'အင်း..ဒီမျောက်နဲ့ စာရင်တော့ ဟိုအပင်ပေါ်က မျောက်အိုမကြီးက ဘာမှမက်လောက်စရာ မရှိဘူး။ ဒါပေမဲ့ မျောက်ပျိုနှစ်ကောင် အသားတွေကို တခြားအိမ်တွေမှာ ရောင်းရမယ်။ အိမ်က ကလေးတွေအတွက်ကတော့ ဒီမျောက်မကြီးကို ချက်ကျွေးလိုက်ရုံပေါ့'

အတောမသတ်နိုင်သော လောဘဇောဖြင့် ပုဏ္ဏားမုဆိုးက မျက်မမြင်မျောက်အိုမကြီးကိုလည်း ချမ်းသာမပေးဘဲ ပစ်ချလိုက်လေ၏။ အပြန်ခရီးလမ်းတွင် မျောက်သေ သုံးကောင်ကို ထမ်းလာရသဖြင့် ပုဏ္ဏားမုဆိုးမှာ ဝန်လေးနေ၏။ ထို့အတူပင် မပြစ်မှားသင့်သူတို့ကို မညှာမတာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် အကုသိုလ်ကံတို့ကလည်း ကြီးလေးလွန်းလှသဖြင့် သူတင်မက သူ့ မိသားစုတစ်ခုလုံးကို ဒဏ်သင့်ကုန်တော့သည်။

ထို့ကြောင့် အမဲထမ်းကြီးနှင့် ဝမ်းပန်းတသာဖြစ်လာသည့် ပုဏ္ဏားမုဆိုးကို ရွာသားတစ်ယောက်က ရွာတံခါး



www.burmeseclassic.com

www.burmeseclassic.com

…င့်ကြို့နေရင်း–

'အို··မုဆိုးကြီး၊ အလာကောင်းပေမယ့် အခါနှောင်း … ပြီ။ အခုလေးတင်ပဲ မုဆိုးကြီးတို့အိမ်ကို မိုးကြိုး … တယ်။ မိုးကြိုးစက်ကွင်းမိပြီးတော့ မိသားစုအားလုံး … သွားကြတယ်။ အိမ်တစ်ဆောင်လုံးလည်း မီး … င်သွားချေပြီ'

'အောင်မယ်လေးဗျ၊ ဖြစ်မှဖြစ်ရလေခြင်း'

သူတစ်ပါးကို လုပ်တုန်းကတော့ အားရဝမ်းသာ၊ … မှာထိလာတော့ ဆောက်တည်ရာ မရနိုင်တော့ချေ။ … သို့ သတင်းဆိုးကြီး ကြားလိုက်ရသည့်နေရာမှာပင် … လာခဲ့သည့် ဖန်ထုပ်ဝန်မိုးကို ပစ်ချလိုက်၏။ ထို့ … င် ခါးမှကျွတ်ကျသွားသော ပုဆိုးကိုပင် ကောက်ဝတ် … သတိမရတော့ဘဲ အိမ်ရှိရာသို့ ကမန်းကတန်း ပြေး … လေ၏။ မီးခိုးတအူအူဖြင့် ပူလောင်နေဆဲ မီးလောင် … သို့ ရှုတ်အတင်းဝင်ကာ သားမယားတို့၏ အလောင်း … တို့ ဆွဲထုတ်လေ၏။

ထိုစဉ်အချိန်မှာပင် မီးလောင်လက်စနှင့် ကျန်နေသော အိမ်ခေါင်တိုင်က သူ့ခေါင်းပေါ်သို့ တည့်တည့်မတ်မတ် လဲကျလေ၏။ အကယ်၍ ခေါင်တိုင်နှင့် ရိုက်မိသောဒဏ်ရာကြောင့် အသက်မသေနိုင်ဟုဆိုလျှင်လည်း သူ့အတွက် အသက်ရှင်နေစရာ အခွင့်အလမ်းမရှိတော့ပါ။ ခေါင်တိုင် လဲကျပြီးနောက် ချက်ချင်းဆိုသလိုပင် မဟာပထဝီမြေကြီးက ဟင်းလင်းအပေါက်ကြီးပေါက်လာကာ အဝီစိငရဲကြီးမှ ငရဲမီးလျှံများ တက်လာပါတော့သည်။

ဤသို့ အကုသိုလ်ကံ၏ အကျိုးပေးမှုကို လက်ငင်းလက်တွေ့ ခံစားနေရချိန်တွင် ပုဏ္ဏားမုဆိုးသည် ဒီသာပါမောက္ခဆရာကြီး၏ ဆုံးမစကားများကို ပြန်သတိရလာ၏။ သို့သော်လည်း သူ့အဖို့ နောင်တတစ်ဖန် ပူပန်ခွင့် မရတော့ပါ။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကို မဟာအဝီစိငရဲမီးလျှံများက ဝါးမျိုဆွဲယူသွားခဲ့လေပြီတည်း။

မောင်ထည်ဝါ(ပျော်ဘွယ်)

<u>ကျမ်းကိုး</u>

* ဝဏ္ဏသီရိ၏ ညီတော်အာနန္ဒာ ဇာတ်လမ်းများ။
* ဖြူးဆရာတော်ဘုရားကြီး၏ မဟာနန္ဒိယ တရားတော်။

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

ကွမ်းရွက်ဆီလိမ်းဆေး (အစေး)

အကိုက်အခဲပျောက်လိမ်းဆေး
ရင်လှူးဆေး
အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျုံ့ပေါင်း။ အကြောတက်ခေါင်းအုံ၊ ဇက်ရောင်။ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

ကလေးချွဲကျပ်၊ ချောင်းဆိုး။ အစာမကြေ လေထိုးလေအောင့် သည်တို့ကို ရင်လှူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။

အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း။ သည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မသောဘိ ၁၅၁၀၈ နှင်းကမ်းနားလမ်းဟောင်း၊ ရန်ကုန်မြို့။ ဖုန်း-၂၂၆၃၈၂

…-စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်မြို့နယ်၊ ဖုန်း-…

www.burmeseclassic.com

www.burmeseclassic.com

သည်လအတွက် မေတ္တာစာတ်ခန်းခြောက်၍ စီးပွား ရေးလုပ်ငန်းကြီးတစ်ခုလုံး ပျက်ဆုံးသွားရသည့် လူတစ် ယောက်၏ အကြောင်းနှင့် မေတ္တာစာတ်ပြည့်ဝ၍ စီးပွား ရေး တိုးတက်ဖွံ့ဖြိုးလာသူတို့ တစ်ယောက်အကြောင်းကို တင်ဆက်လိုသည်။

# ပာရမတ်မြေတ္တာ မှပကာတွန်း



ယခုတင်ပြမည်မှာ မျက်မြင်ကိုယ်တွေ့ ဇာတ်လမ်း နှစ်ပုဒ် ဟုတ်မှန်သော်လည်း ဤဇာတ်လမ်း နှစ်ပုဒ်တွင် ပါဝင်ကြမည့် လူအားလုံးတို့အထဲက သုံးပုံ နှစ်ပုံခန့်အထိပင် သက်ရှိထင်ရှား ရှိကြပေဦးမည်။ ထို့ ကြောင့် ဇာတ်လမ်းမှာ ပါဝင်ကြမည့် လူအားလုံးတို့၏ အမည်နာမများသည် အလုံးစုံ အမှန်မဟုတ်ကြောင်း ယခု အချိန်ကပင် ထင်ရှားစေလိုက်သည်။

လုပ်ငန်းသည်ကား ရေကြောင်း၊ ကုန်းကြောင်း သွား လာရေး၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများနှင့် ပတ်သက် သည်။ ထိုအချိန်က မောင်အေးချမ်းတို့ အရပ်တွင် ကုန်း လမ်းပို့ဆောင်ရေးဆို၍ ဖောက်လုပ်စ မင်းဘူး-အမ်းလမ်း တစ်ကြောင်းသာ ရှိသည်။

ထို့ကြောင့် မင်းဘူး-အမ်းလမ်း တစ်ကြောင်းတည်း

www.burmeseclassic.com

www.burmeseclassic.com



လုံးလောက်၍ အဓိကအားဖြင့် ရေကြောင်းကိုသာ
ကြရသည်။ ထို့ကြောင့်လည်း အများအားဖြင့်
ကြောင်းနှင့်ပတ်သက်သော လုပ်ငန်းရှင်များသည်သာ
ရေးဖြစ်ထွန်းကြသည်။

တချို့မှာ မိဘစဉ်လာ ရေကြောင်းလုပ်ငန်းရှင်များ
ကြသည်။ တချို့မှာ ရေကြောင်းလုပ်ငန်းရှင်များ ဖြစ်
အောင်မြင်ကြသည်ကို အားကျ၍ ထလုပ်ကြသည့်
ဟု ဆိုရမည့် ရေကြောင်းလုပ်ငန်းရှင်များလည်း
ကြသည်။

သန်းရောင်းဝယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်
သက်လျှင် ဆိုခဲ့သည့်အတိုင်း ရေကြောင်းသည်သာ
တွင်ကျယ်သော အရပ်ဒေသဖြစ်၍ ဘကယ်လုပ်လျှင်
လည်း အဟုတ်အောင်မြင်ကြသည်ချည်းသာ ဖြစ်သည်။

မေတ္တာဓာတ် အားနည်း၍ လုပ်ငန်းအောင်မြင်မှု
အနည်းနှင့်အများဟူ၍လည်း ရှိတတ်သည်။ ဤသည်မှာ
အတွေ့အကြုံနှင့်ဆိုင်သလို ပင်ကိုမေတ္တာဓာတ် အနည်း
အများနှင့်လည်း ဆိုင်လေသည်။

သည်အကြောင်းကိုလည်း မျက်စိရှိမှ မြင်နိုင်ပြီး
နားရှိမှ ကြားနိုင်ကာ စိတ်ရှိမှလည်း သိနိုင်ကြလေသည်။
ဆိုခဲ့သည့်အတိုင်း နား၊ မျက်စိ၊ စိတ် ရှိရန်မှာလည်း
အဓိကဖြစ်သော ပင်ကိုမူလ မေတ္တာစိတ်သည်သာ အာနိ
ကျဖေသည်။

www.burmeseclassic.com

www.burmeseclassic.com

ပင်ကိုမူလ မေတ္တာဓာတ် ခန်းခြောက်လျှင် နား၊ မျက်စိ၊ စိတ် ရှိလျက်နှင့်ပင် မြင်၊ ကြား၊ သိနိုင်ရန် ခဲယဉ်းသည်။ မြင်၊ ကြား၊ သိနိုင်ရန်အတွက် သုတသညာမှုဖြင့် မလုံလောက်လျှင် ဓမ္မပညာတိုင်အောင်လည်း လိုအပ်ပေသည်။ ဆိုင်ရာပတ်ဝန်းကျင်၊ ဓာတ်ခံပါရမီ နှစ်ချက်နှင့်လည်း ပတ်သက်သည်။ မောဟသည်လည်း ဤ၌ နေရာယူတတ်သည်။

ဘဝလှရေး မလှရေးထက် စိတ်စေတနာ လှပစေရန်အတွက် မေတ္တာက ဦးဆောင်ရသည်။ ဘဝနှင့် လုပ်ငန်းစဉ်အားလုံးတွင် မေတ္တာဓာတ်သည် ဥက္ကဋ္ဌကြီးဖြစ်သည်။ မေတ္တာဓာတ် ခန်းခြောက်လျှင်ဖြစ်စေ၊ ကင်းပြတ်လျှင်ဖြစ်စေ ထိုထိုဘဝနှင့် လုပ်ငန်းစဉ်များ အားနည်းရာမှ ချည့်နဲ့လာပြီး အလုံးစုံပျက်စီးခြင်းနှင့် ရင်ဆိုင်ရတတ်သည်။

ဆိုခဲ့ဖူးသည့်အတိုင်း အအေးဓာတ်သည် မေတ္တာနှင့် ယှဉ်သည့်သဘောရှိသည်။ အပူဓာတ်သည် ဒေါသနှင့်ယှဉ်သည့်သဘောရှိသည်။ မေတ္တာ၏ အကျိုးရလဒ်သည် သုံးဆယ့်တစ်ဘုံ၌ အအေးမြဆုံးဖြစ်သော ဗြဟ္မဝိဟာရ-ဗြဟ္မာဘုံနှင့် ယှဉ်သည်။ ဒေါသ၏ အကျိုးရလဒ်သည် သုံးဆယ့်တစ်ဘုံတွင် အပူဆုံး အလောင်ဆုံးဖြစ်သော နိရယ-ငရဲကြီး ရှစ်ထပ်နှင့် ယှဉ်သည်။

ထို့ကြောင့် အအေးဓာတ်တည်းဟူသော မေတ္တာဓာတ် ခန်းခြောက်လျှင် အပူလှိုင်း၊ အပူဓာတ် ကျရောက်မြဲ ဖြစ်သည်။ အပူလှိုင်း၊ အပူဓာတ်သည် အအေးလှိုင်း၊ အအေးဓာတ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဆန့်ကျင်ဘက်ရှိလာ၊ များလာ၊ တိုးလာလျှင် လက်ရှိအခြေအနေကို အပျက်ဘက်သို့ ဦးတည်စေသည်။ သို့တည်းမဟုတ် လောင်ကျွမ်းပြုန်းတီးစေသည်။

အအေးဓာတ်ကို ကြိုက်နှစ်သက်ပြီး အအေးပိုင်းဒေသများမှသာ ပေါက်ရောက်သည့် သစ်ပင်ငယ်များကို အပူပိုင်းဒေသ၌ စိုက်ပျိုးခြင်းဖြင့် မည်သည့်နည်းနှင့်မျှ ရှင်သန်ကြီးထွားခြင်း၊ စည်ပင်၍ ဖွံ့ဖြိုးလာလိမ့်မည် မဟုတ်ပေ။ ဤသဘောအဓိပ္ပာယ်သည် လောကသား အားလုံးတို့နှင့် သက်ဆိုင်ပေသည်။ လောကလမ်းကြောင်းပေါ်တွင် မပြတ်မလပ် တရစပ်အားဖြင့် လျှောက်လှမ်းနေကြရသော ပုဂ္ဂိုလ်သတ္တဝါ အားလုံးတို့သည်ပင် သူတစ်ပါးတို့အား နားမလည်လျှင် မိမိကိုယ်ကို နားလည်ရန် လိုအပ်ပေသည်။

မေတ္တာဓာတ်သည် စီးပွားရေးကို ဖြစ်စေသ[...] အသက်ကိုလည်းဖြစ်စေ(ကယ်တင်)လေသည်။ မေတ္တာ[...] အအေးဓာတ်ဖြင့် အရာရာကို ဦးဆောင်စေသည်။ မေတ္တာ[...] ၏ အအေးဓာတ် နောက်ဆုံးပန်းတိုင်သည် သန္တိသု[...] နိဗ္ဗာန-အအေးဆုံး၊ အငြိမ်းဆုံး ဓာတ်ကြီးပင် ဖြစ်ပေ[...] သည်။

သိပ်ပြီးမကြာမီက အင်တာနက်သတင်းရပ်ကွက်တွင် တောဘုရင်ခြင်္သေ့ကြီးက တောနွားပေါက်ကလေး တစ်[...] ကောင်အား လျှာဖြင့်လျက်၍ ပြုစုပေးနေသည်ကို မြင်ရ[...] တအံ့တသြ ဖြစ်ကြရသည်။ ထို့နောက် အိန္ဒိယခွေးကြီး[...] တစ်ကောင်သည် ခွေးကလေးတစ်ကောင်အား အနိုင်[...] အထက်ပြုနေသည်ကို မျောက်ကြီးတစ်ကောင် မြင်တွေ့[...] သွား၍ သစ်ပင်ပေါ်မှ ပြေးဆင်းလာပြီး ရန်မူတိုက်ခိုက်[...] ကာ ခွေးကလေးအား ပွေ့ချီပြုစုနေသည့်အကြောင်း[...] စသည်ဖြင့်...။

ထိုသတင်း နှစ်ခုသည်လည်း အတော်လေးပင် န[...] မည်ကြီးသွားလေသည်။ ထို့ကြောင့် သတင်းဆောင်းပါး စာတိုလေးများဖြင့် ရေးသားပြီးလည်း တအံ့တသြဆိုကာ ဂုဏ်ပြုကြသည်။ ဤသည်မှာ အဟိတ်တိရစ္ဆာန်များ ဖြစ်ကြသည့်တိုင်အောင် မေတ္တာဓာတ်အရင်းကျကြောင်း လင်းရှင်းလေသည်။

နောက်တစ်ခုမှာ ကြာခဲ့ပြီဖြစ်သော ဂျာမနီမုဆိုး[...] ဂျူးမုဆိုးများ၏ အကြောင်းနှင့် ပတ်သက်သည်။ ဂျာမ[...] များက လူသတ်စခန်းကြီးဖွင့်ပြီး ဂျူးများအား သိန်းပေါင်း[...] သန်းပေါင်းများစွာ နည်းလမ်းအမျိုးမျိုးဖြင့် သတ်ဖြတ်နေ[...] ကြချိန်၌ တစ်ခုသော လူသတ်စခန်းကြီးတွင် တစ်ယောက်[...] သော ကင်းစောင့်သူက ပေါင်မုန့်ကို ထုတ်၍စားသည်။

ထိုအခါ အကျဉ်းကျပြီး ငတ်ပြတ်နေသော ဂျူးလေး[...] တစ်ယောက်သည် သွားရည်ကျလုမတတ် ငေးကြည့်နေ[...] စဉ် ကင်းစောင့်၏ လက်ထဲမှ ပေါင်မုန့်တစ်လုံး ပြုတ်၍ ကျသွားလေသည်။ ဂျူးငတ်လေးခမျာမှာ စားချင်လွန်း၍ ကင်းစောင့်၏ မျက်နှာကိုကြည့်လိုက်၊ မြေပြင်တွင် ဖုန်မှုန့်ဖြင့် အလူးလူး အပေပေ ဖြစ်နေသော ပေါင်မုန့်ကို ကြည့်လိုက်နှင့်။

ထို့ကြောင့် ကင်းစောင့်သည် ဂျူးငတ်လေးအား[...]

www.burmeseclassic.com

www.burmeseclassic.com

…တာ တစ်ချက်ပြုံးပြပြီး ပေါင်မုန့်ကို ခြေထောက် …တော်၍ ပေးလိုက်သည်။ ထိုအခါ ဂျူးငတ်လေးမှာ …ရနံ့စ်မျိုးကို တစ်ပြိုင်တည်း စားသောက်ခွင့် ရရှိ …သည်။ ပထမအာဟာရမှာ ပေါင်မုန့်ဖြစ်ပြီး …အာဟာရမှာ ကင်းစောင့်လူသတ်သမားကြီး၏ …မှ အပြုံးပန်းတစ်ပွင့် ဖြစ်သည်။

…သတ်ကွင်းထဲသို့ ရောက်နေကြရရှာသော ဂျူးများ …သူတို့အပေါ်၌ လူသတ်သမား ဂျာမနီများ၏ အပြုံး …ကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးကြပေ။ ထို့ကြောင့် …မှာ ကင်းသမား ဂျာမနီကြီး၏ ခြေထောက်ကို …ပြီး ခြေမကိုလည်း စုပ်ချင်သည်အထိပင် ဝမ်းသာ …ဖြစ်သွားရသည်။

…ထိုဝမ်းသာပီတိစိတ်(မေတ္တာစိတ်)ကိုလည်း တစ် …သာအခါတွင် ပြန်လည်၍ ဖော်ထုတ်ခွင့်ရရှိလေသည်။ …များ စစ်ရှုံး၍ ခိုကိုးရာမဲ့ ပြေးလွှားနေကြချိန်တွင် …ကလည်း မျက်ခြည်အပြတ်မခံဘဲ ဂျာမနီများအား …လိုက်စုံစမ်း ဖမ်းဆီး၍ ခုံရုံးတင်ကာ ကြိုးစင်ပို့နေကြ … ထိုဂျူးဖြစ်ခဲ့ဖူးသူလေးသည်လည်း ရှေ့ဆုံးမှ ပါဝင် …သည်။

တစ်နေ့သောအခါတွင် ထိုဂျူးလေး ကိုယ်တိုင်ပင် …သမား ဖြစ်ခဲ့ဖူးသည့် ဂျာမနီကြီးအား ဖမ်းမိသွားလေ …သည်။ ရုပ်ဖျက်ထားသောကြောင့် ဖမ်းမိစတွင် မထင်ရှား …လည်း တဖြည်းဖြည်း ထင်ရှားကာ မှတ်မိလာ၍ …လေးက ထိုဂျာမနီကြီးအား ကောင်းမွန်စွာ ပြုစုပေးပြီး …အားလုံးကို ကွင်းလုံးကျွတ် လွှတ်ပေးလိုက်လေ …သည်။

ထိုသို့သာမဟုတ်လျှင် ဂျာမနီကြီးမှာ ခုံရုံးမှတစ်ဆင့် …ခင်ဆယ်ကြိမ်မက တက်ရမည့်သဘောရှိသည်။ သို့ …လည်း အကျဉ်းစခန်း၌ လက်မှ ပြုတ်ကျသွားသော …မုန့်ကို ဂျူးငတ်လေးအား ကောက်စားစေခြင်းနှင့် …မခင် ပြုံးပြခဲ့ဖူးသော အအေးဓာတ်ကြောင့် ကြိုး …သာ မသေမချင်း အသတ်ခံရမည့် သေဘေးဆိုးကြီးမှ …တိုင် လွှတ်မြောက်ခဲ့ရလေသည်။

မေတ္တာတည်းဟူသော အအေးဓာတ်သည် အံ့ဖွယ် …၏။

◆◆◆

ဦးနီမှာ မူလက ကြခင်းလုပ်သားကြီး ဖြစ်သည်။ မိဘတို့၏ အမွေဖြစ်သော လယ်လေးက ကေအားဖြင့် မများသော်လည်း ရွာနှင့် အလှမ်းဝေးသော တောတစ်နေရာတွင်ဖြစ်၍ ပတ်ဝန်းကျင် အင်ဒိုင်းတောများကို ခုတ်ထွင်လုပ်ကိုင်ရင်း တဖြည်းဖြည်းဖြင့် တကယ့်မြေပိုင်ရှင်ကြီး ဖြစ်လာခဲ့သည်။

ထိုအချိန်က ကြံသကာသည်လည်း ဈေးကောင်းရနေသည်။ ထို့ကြောင့် လယ်နှင့်တွဲဖက်ကာ ကြံခင်းကို ပိုမိုအတိုးချဲ့ပြီး လုပ်ကိုင်၍ နှစ်များမကြာမီပင် ငွေကြေးအမြောက်အမြားကို စုဆောင်းနိုင်လေသည်။

ထိုအခါ တောလုပ်ငန်းထက် အဆင်ပြေမည့် အလုပ်တစ်ခုကို ကူးပြောင်းရန် စဉ်းစားရင်း ရေကြောင်းမော်တော် ပြေးဆွဲခြင်းကို သွားမြင်သည်။ တောလုပ်ငန်းဟူသည်မှာ ဆင်၊ ကျား၊ သားရဲများနှင့် မပြတ်ဆက်ဆံနေရသလို နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံးလည်း ချွေးသံတလုံးလုံးဖြင့် မနေမနား လုပ်ကိုင်နေရသည်။

ရေကြောင်းမော်တော်လုပ်ငန်းများမှာ အိမ်မှာ နေသကဲ့သို့ မော်တော်ပေါ် ထိုင်လိုက်ရင်းဖြင့် ငွေကြေးအမြောက်အမြားကို ရယူနိုင်သည်။ သူဟို့ မိဘမွေးချင်းများထဲတွင် ရေကြောင်းမော်တော်လုပ်ငန်းရှင် မရှိသော်လည်း ပတ်ဝန်းကျင်တွင် သုံးလေးယောက်မက ရှိနေကြ၍ မော်တော်အကြောင်းကို ဦးနီ သိသင့်သလောက် သိနေသည်။ ထို့ကြောင့် တောလုပ်ငန်းထက် များစွာသက်သာခြင်းဖြင့် ငွေကြေးအမြောက်အမြားရမည်ကိုမြင်၍ ချက်ချင်းပင် မော်တော်ကြီးတစ်စင်းကို ထထောင်လိုက်လေသည်။

သို့သော်လည်း ဦးနီမှာ လူအများနှင့်ဆက်ဆံပြီး လုပ်ကိုင်ဆောင်ရွက်ရသည့် အတွေ့အကြုံမျိုး မရှိပေ။ ထို့အပြင် ပင်ကိုမေတ္တာဓာတ် အားနည်းသည်က အဆိုးဆုံးပင် ဖြစ်လေသည်။ လူအများနှင့် ပေါင်းသင်းဆက်ဆံရာတွင် မေတ္တာဓာတ်ခံသည် အဓိကကျသည်။ မေတ္တာဓာတ်ခန်းခြောက်လေ မိမိ၏ စီးပွားရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို ထိခိုက်ပွန်းပဲ့လေသာဖြစ်သည်။ သည်အဖြစ်ကို စီးပွားရေးလုပ်ကိုင်သူတိုင်း သတိရှိသင့်ကြသည်။

ထိုအချိန်က မောင်အေးချမ်း မင်းဘူး-အမ်းလမ်းကြောင်းတွင် လမ်းလုပ်ငန်းများကို လုပ်ကိုင်နေချိန်ဖြစ်သည်။ ထို့

www.burmeseclassic.com

ကြောင့် ရွာနှင့်အလုပ် အလုပ်နှင့်ရွာကို ရေကြောင်းမှ မပြတ်သွားလာနေရသော အချိန်လည်း ဖြစ်သည်။

ထိုနေ့က မောင်အေးချမ်း ဦးနီ၏ မော်တော်နှင့်ကြုံသည်။ ထိုအချိန်က ဦးနီ၏ မော်တော်ကို တာဝန်ယူပြီး မောင်းနှင်နေသူမှာ မောင်အေးချမ်းနှင့် ညီအစ်ကိုရင်းတမျှ ရင်းနှီးကြသော ကိုစိုးညီ ဖြစ်သည်။

ကိုစိုးညီက မော်တော်မောင်း ကျွမ်းကျင်သည်။ မျိုးရိုးလည်း ရှိသည်။ သူ့ဖခင်နှင့် အဘိုးဖြစ်သူတို့သည်လည်း နာမည်ကြီးသည့် မော်တော်ဆရာများ ဖြစ်ကြသည်။

မောင်အေးချမ်း မော်တော်ပေါ် ရောက်ပြီးနောက် ဆလင်ခန်းတွင် ကိုစိုးညီနှင့် စကားပြောဖြစ်ကြသည်။

‘ကိုစိုးညီ‥အဆင်ပြေရဲ့လားဗျ’

‘အင်း‥လစာတော့ နှစ်ရာရပါတယ်ကွာ။ ဒါပေမဲ့ အဆင်မပြေပါဘူး’

ထိုအချိန်က နှစ်ရာငွေသည် တန်ဖိုးရှိသည်။ ရွှေတစ်ကျပ်သား(၁၆၀၀)ခေတ်ဖြစ်သည်။ ထို့ကြောင့် မော်တော်မောင်း တစ်ယောက်အနေဖြင့် လစာငွေနှစ်ရာ ရသည်ကိုပင် အဆင်မပြေဟု ဆိုလိုက်၍ မောင်အေးချမ်း အံ့ဩသွားမိသည်။

‘နှစ်ရာဆို နည်းလားဗျ။ အနိမ့်တန်း လခစားတစ်ယောက်ရဲ့ ငွေပဲလေ’

ကိုစိုးညီ တစ်အောင့်လေး ငိုင်တွေနေသည်။ ထို့နောက် သူတို့မော်တော်ပိုင်ရှင်၏ အကြောင်းကို ရင်ဖွင့်ပြောပြသည်။

‘လစာငွေနှစ်ရာ ရတာကို နည်းတယ်လို့ ဆိုလိုတာမဟုတ်ဘူးကွ။ နှစ်ရာဆို မိသားစုစားသုံးလောက်တယ်။ ဒါပေမဲ့ တို့မော်တော်ပိုင်ရှင်ကြီး ဆက်ဆံတာတွေက အဆင်မပြေပါဘူး’

မောင်အေးချမ်း တစ်ချက် နှစ်ချက် ခေါင်းညိတ်လိုက်၏။ မော်တော်လုပ်သားများနှင့် မော်တော်ပိုင်ရှင်၏ အကြားတွင် တစ်စုံတစ်ခု အကြောင်းရှိလိမ့်မည်ဟုလည်း နားလည်လိုက်မိသည်။

‘ကိုစိုးညီတို့ မော်တော်ပိုင်ရှင်နဲ့ အဆင်မပြေဖြစ်နေကြတဲ့ အကြောင်းလေး ပြောပြနိုင်လား’

‘ပြောပြနိုင်ပါတယ်။ အဆင်မပြေတာတွေကတော့ အတော်များများပဲကွ။ အပြောအဆို မောက်မာတာတွေက စလို့ပေါ့။ အလုပ်ကို နွားလိုခိုင်းပြီး ကျွေးတော့ ခရမ်းသီ အဲလိုမှမဟုတ်ရင် မုန်လာ၊ မှျစ် ဒါတွေနဲ့ပဲ, ကျွေးတာ

‘သြော်‥ဒီတော့ ခင်ဗျားတို့ကို ဟင်းကြမ်းနဲ့ကျွေး သူက မော်တော်ပိုင်ရှင်ရော’

‘သူကတော့ မော်တော်ပိုင်ရှင်ဆိုပြီး တို့နဲ့အတူ မစား လေ။ တို့အတွက် ခရမ်းသီး၊ မုန်လာ၊ မှျစ် တစ်ခုခုဝ ပေးထားခဲ့ပြီး သူက ထမင်းဆိုင် တက်စားတာ’

မောင်အေးချမ်း တစ်ချက်ပြုံးလိုက်မိသည်။

‘ဒါကြောင့် ငါအပါအဝင် မော်တော်လုပ်သား အားလုံးတောင်မှ ထွက်ဖို့ ပြောနေကြပြီ’

‘အဲလိုချည်း ကျွေးနေတာ ကြာပြီလား’

‘မော်တော်စထွက်တဲ့နေ့ကပင် ဒီနေ့ချိန်ထိပဲ ခု လေးလပြည့်တော့မယ်’

မောင်အေးချမ်း သက်မတစ်ချက် ချလိုက်မိသည်

‘အေးပေါ့ဗျာ။ အဲလိုချည်း ဆိုတော့လည်း ဘယ် ကောင်းပါ့မလဲ။ ဘယ်မော်တော်ပဲဖြစ်ဖြစ် မော်တော်ပိုင် ရှင်ရော မော်တော်လုပ်သားတွေပါ တစ်ဝိုင်းတည်း စ သောက်ကြတာပဲ တွေ့ဖူးပါတယ်။ ကိုစိုးညီတို့ မော်တော် ပိုင်ရှင်ကျမှ တစ်မျိုးကြီးပါလား’

ကိုစိုးညီ ဘာမျှမပြောပေ။

‘တကယ်တော့ မော်တော်လုပ်သားတွေဆိုတာ မော် တော်ပိုင်ရှင်ရဲ့ ဒေါက်တိုင်တွေပဲ။ သူ့စီးပွားအတွက် လုပ် ကိုင်ပေးနေကြတာလေ။ အဲဒါ အဲလိုကြီး ဆက်ဆံနေတော့ ဘယ်အဆင်ပြေပါ့မလဲ’

‘အဲဒါမျိုးတော့ ဒီလူကြီး သိမလားကွာ။ အဲလိုမသိ တတ်လို့သာ အခုလို ဆက်ဆံနေတာပေါ့။ သူ ကြံခင်းလုပ် တုန်းကလည်း တစ်နှစ်ကို ကြံခင်းလုပ်သားတွေ သုံးလေ ဆိုင်းလောက်အထိ ထွက်ပြေးနေကြတယ်လို့ ကြားရတာ ပဲ။ ဒါကြောင့် သူ အခုလို ဆက်ဆံနေတာဟာ သူ့ရဲ့ တစ်လက်ကိုင် စည်းကမ်းမျိုးပဲလို့ ဆိုရတော့မှာပေါ့’

မောင်အေးချမ်း သက်မတစ်ချက်ကို ချလိုက်မိပြန် သည်။ စိတ်မကောင်းလည်း ဖြစ်နေမိသည်။

‘အေးလေ၊ လူတစ်ယောက် စိတ်ထားမျိုးလို့ပဲ ပြော ရတော့မှာပေါ့။ ဒါပေမဲ့ အဲလိုမျိုး ဆက်ဆံနေတာ ကျွန်တော်လည်း မကြိုက်ပါဘူး။ ကျွန်တော်လည်း အ လမ်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး (နေ့စား၊ ဝိုက်ဖြတ်)



www.burmeseclassic.com

www.burmeseclassic.com

...ခြာက်အမြားနဲ့ဆက်ဆံပြီး လုပ်နေရတာပဲ။ ဒါပေမဲ့ ...သလို ကိုယ့်ရဲ့ ဒေါက်တိုင်တွေ ဖြစ်ကြတဲ့လူတွေ ...အတတ်နိုင်ဆုံး ကောင်းအောင် ဆက်ဆံပါတယ်။ ...ဆိုလည်း သူတို့ လုပ်အားအပြင် အပိုဆောင်သင့် ...ပေးသင့်ပေး၊ ကျွေးသင့်ကျွေး ဆိုတာမျိုးပေါ့။ ...အလုပ်သမားတွေကိုမှ ကိုယ်မချစ်ရင် ဘယ်သူက ...ပေးမှာလဲ။ ဝင်ငွေ(စီးပွားရေး)မှာ ကိုယ်နဲ့ထပ်တူ ...ပေမယ့် လုပ်ငန်းခွင်မှာတော့ အတတ်နိုင်ဆုံး ...ပြေအောင် သူတို့ကျေနပ်အောင် ဆက်ဆံပေးပါ ...

'ဒါကြောင့် မင်း စီးပွားရေးလုပ်လို့ အောင်မြင်တာ။ ...စီးပွားရေးကိုပဲလုပ်လုပ် အလုပ်သမားဆိုတာ မင်း ...သလို ကိုယ့်ရဲ့စီးပွားရေး ဒေါက်တိုင်တွေပဲကွ။ အဲဒါ ...ကြီး မသိရှာဘူး'

ကိုစိုးညီ အတော်လေးပင် ခံပြင်းနေပုံရသည်။ မျက် ...ကြီး ရဲရဲနီနေသည်။

'ဒီတော့ မင်းလုပ်ငန်းတွေမှာ အလုပ်ကလေးဘာ ...များ မလိုဘူးလားကွ'

'ရှိတယ်။ အခု သူဌေးတစ်ယောက်ကို မော်တော် ...င်း စပ်ခိုင်းထားတယ်။ အဲဒီမော်တော်ပြီးရင် ကိုစိုးညီ ...င်းလေ'

'မင်းတို့ လမ်းစီမံကိန်းနဲ့ ပတ်သက်သလား'

'ဟုတ်တယ်။ ကျွန်တော်တို့ လမ်းစီမံကိန်းမှာလည်း ...တော်အသုံးလိုတဲ့အခါတွေ ရှိတတ်ပါတယ်။ ဒါပေ ...အမြဲတမ်းမလိုတဲ့အတွက် ကိုယ်ပိုင်မွေးမထားချင်လို့ ...ဌေးတစ်ယောက်ကိုပဲ သစ်လေးသံလေး အကူအညီ ...ပြီး စပ်ခိုင်းထားတယ်။ ကျွန်တော်တို့ မင်းဘူး-အမ်း ...မှာလည်း လိုတဲ့အခါ ခေါ်သုံးမယ်ဆိုတဲ့ သဘောမျိုး ... ကျွန်တော်တို့ အသုံးမလိုတဲ့အခါ သူ့ဘာသာ ပါစင် ...ဆွဲပေါ့'

'နေစမ်းပါဦး။ မင်းပြောတဲ့ သူဌေးဆိုတာက ဘယ် ...များလဲ'

'ဦးညိုဖေ့ါ။ ဒိုင်မှူးပြုတ်လေ'

'ဟာ..ဒါဆိုရင် အဆင်ပြေပါ့မလားကွ။ တော်ကြာ ...ဦးနီလိုဆို ခက်နေပါ့မယ်'

'ဘာလဲ၊ ဒိုင်မှူးပြုတ်ဆိုလို့ လူဆိုးသူခိုးထင်ပြီး လန့်နေသလား၊ မလန့်ပါနဲ့။ ဦးညိုက ခိုးလို့ပြုတ်တာ မဟုတ်ဘူးဗျ။ ရိုးလို့ ပြုတ်တာပါ။ မြို့နယ်ဦးစီးမှူးကို လာဘ်မပေးလို့လေ'

'ဒါဆို ပြောပေးစမ်းပါကွာ။ အဆင်ပြေမယ်ဆိုရင် တို့တစ်ဖွဲ့လုံး လိုက်ကြမှာ။ အဲလိုသာမဟုတ်ရင် ကိုယ် အပါအဝင် ကိုယ့်အကောင်တွေအားလုံး လကုန်ရင် အိမ်ပြန်မယ်ဆိုပြီးတောင် ပြောနေကြပြီ'

'စိတ်ချပါ။ ဒါပေမဲ့ မော်တော်စပ် လုပ်လို့ မပြီးသေးဘူးဗျ။ နောက်လပိုင်းလောက် စောင့်ရဦးမယ် ထင်တယ်။ ကိုစိုးညီတို့ အခုလို စိတ်သဘောထား မပြည့်ဝတဲ့ လူညစ်ပတ် တစ်ယောက်ဆီမှာ ခံနေကြရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး။ ဦးညိုကတော့ လူကောင်းကြီးပါ။ ကျွန်တော်ပြောရင် ရပါတယ်'

မော်တော်ပိုင်ရှင် ဦးနီ လာနေ၍ စကားဆက် ပြတ်သွားကြသည်။ ဦးနီ၏လက်ထဲတွင် ခြင်းတစ်လုံး ကိုင်လာပါသည်။ မောင်အေးချမ်း မသိမသာ ငုံ့ကြည့်သည်။ ခြင်းထဲတွင် ခရမ်းသီး၊ ငရုတ်နှင့် မန်ကျည်းသီးတောင့်တွေချည်း။

◆◆◆

'ဦးညိုအတွက် မော်တော်လုပ်သားတွေ ကျွန်တော် ရထားခဲ့ပြီဗျ။ မော်တော် ရေချတာနဲ့ တန်းမောင်းရုံပဲ'

'ဟာ..ဟုတ်လား၊ ဘယ်သူတွေများလဲကွ'

'ဦးနီ မော်တော်မှာ လုပ်နေကြတဲ့ ကိုစိုးညီတို့လူစုပေါ့'

ဦးနီနှင့် ဦးညိုတို့မှာ ဇာတိချင်း ကြားတစ်ရွာခြားဖြစ်သော်လည်း အရင်းနှီးကြီး မဟုတ်သည့်တိုင်အောင် လူချင်း သိကျွမ်းကြသည်။ ထို့ကြောင့် ဦးနီဟု ပြောပြလိုက်သည်နှင့် ဦးညို တန်းသိသွားသည်။

'သြော်..ဒီတော့ ငနီမော်တော်က'

'ငနီကြီးက အဆင်မပြေဘူးတဲ့ဗျ။ အလုပ်သမားတွေကို အော်ဟောက်ငေါက်ငမ်း နှာလိုခိုင်းပြီး ကျွေးတော့ ဈှစ်၊ ခရမ်း၊ မုန်လာချည်းပဲတဲ့။ ဒီတော့ ကြာရင် မခံနိုင်ဘူးပေါ့ဗျာ။ ဒါကြောင့် ကျွန်တော်နဲ့စပ်မိပြီး သူတို့ ငနီကြီးရဲ့ မော်တော်က ထွက်ကြတော့မယ်ဆိုလို့ ဦးညို အတွက် ပြောထားခဲ့တာ'

'ဒါဆို ငနီကများ ငါ့ကို ရန်လုပ်မလားကွာ။ ဒီ

www.burmeseclassic.com

ကောင်လည်း အကျွင့်ခပ်ဆိုးဆိုးရယ်ဆို မဟုတ်လား'

'ဘာဆိုင်လဲဗျ။ သူနဲ့ အဆင်မပြေလို့ ထွက်လာကြတာ ခေါ်ခိုင်းမယ့်ဟာပဲ။ ကိုယ်က အတင်းသွားခေါ်တာမှ မဟုတ်တာ။ ဒါပေမဲ့ ဦးညိုကို ကျွန်တော် တစ်ခုတော့ အကြံပြုချင်တယ်'

'ဘာလဲကွ၊ ပြောလေ'

'အခု ငနီကြီးမှာ အလုပ်သမားတွေကို မထိန်းတတ်လို့ ပြိုကွဲမယ့်သဘော ဆိုက်နေပြီ။ အဲဒါဟာ ငနီကြီးဘက်က အရမ်းလိုအပ်နေလို့ပဲဗျ။ တကယ်တော့ ကိုယ့်အလုပ်သမားတွေဆိုတာ ကိုယ်နဲ့ စီးပွားဖက်တွေပါပဲ။ ကိုယ့်စီးပွားရေးက သူတို့လက်ထဲမှာသာ ရှိနေတယ်ဆိုလည်း မမှားဘူးလေ။ ဒါကြောင့် သူတို့ကို ခိုင်းဖို့ခေါ်ထားသလို ချစ်တတ်ဖို့လည်း လိုပါတယ်။ အဓိက,ကတော့ မေတ္တာပေါ့ဗျာ။ သူ့မေတ္တာ ကိုယ့်မေတ္တာ ဆိုတာမျိုးပေါ့'

'အင်းပေါ့၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားနိုင်မှပေါ့။ ငါလည်း မေတ္တာခေါင်းပါးတဲ့ လူစားမျိုးမဟုတ်ဘူးလေ။ ဒါတော့ မင်းလည်း သိပါတယ်'

'ကျွန်တော် အလုပ်သမားတွေကို ပေါင်းသင်းပုံလေး ပြောပြမယ်။ ဦးညို ကြိုက်ရင်ယူပေါ့'

'ကြိုက်မှာပါ။ မင်းလည်း အလုပ်သမား ထောင်ကျော်နဲ့ လုပ်ငန်းတွေ အောင်မြင်နေတဲ့ လူတစ်ယောက်ပဲ။ လူသာ ငယ်တာပါ'

'ဘာ··မငယ်တာတုံး။ လူသာ ငယ်တာဆိုတော့ (···)'

'လူသာ ငယ်တာ၊ ဦးနှောက်မငယ်ဘူးလို့ ပြောချင်တာပါ'

ဦးညိုအောင်က ရှက်ပြုံးဖြင့် ပြုံးနေသည်။

'ကျွန်တော့်မှာ လမ်းနဲ့ပတ်သက်လို့ အလုပ်တွေကတော့ အများကြီးပါ။ ကျောက်တူး၊ မြေတူး၊ ကျောက်ခင်း၊ မြုံးခင်း၊ ကတ္တရာလမ်း စသည်ဖြင့်ပေါ့။ ကျွန်တော် အလုပ်လုပ်တိုင်း ကိုယ်သာ အကျိုးရှိမယ်။ အလုပ်သမားတွေ အကျိုးမရှိ၊ အကျိုးရှိတာန်သလောက်ရှိပေမယ့် အကျိုးမများဘူးဆိုရင် လုံးဝမလုပ်ဘူးဗျ။ နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိမယ့် အလုပ်မျိုးကိုသာ လုပ်တာပါ။ နှစ်ဦးနှစ်ဖက်လုံး အကျိုးရှိအောင် လုပ်မယ်ဆိုရင်လည်း ကိုယ်နဲ့ပဲဆိုင်တာလေ။ နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်လည်း ကိုယ်ကပဲ ဖန်တီးရတာပါ'

'အင်းပေါ့၊ ကိုယ့်အလုပ်သမားတွေ အကျိုးရှိမှ ကိုယ့် အတွက် အမြတ်ထွက်မှာပေါ့။ အဲလိုဖြစ်လာအောင်လည်း လုပ်ငန်းရှင်ဖြစ်တဲ့ ကိုယ်ကပဲ ကြိုးစားပြီး ဖန်တီးရမှာပေါ့ ဒီတော့ မင်းလုပ်ငန်း စတင်ခဲ့ပုံလေးလည်း ပြောပြပါဦး ကောင်းတာလေးတွေ လိုက်မှတ်ရတာပေါ့'

ဦးညိုမှာ မောင်အေးချမ်း၏ ဖခင်အရွယ် ရှိသည် မောင်အေးချမ်းတို့ထက်လည်း စီးပွားရေး၊ လူမှုရေး၊ ပညာ ရေး အစစအရာရာ သာလွန်သည်။ ဤလူကြီး တ ယောက်ကပင် သူ၏ သားအရွယ်မျှသာရှိသော မောင်အေ ချမ်း၏အထံ၌ စီးပွားရေး၊ လူမှုရေး စသောအတွေ့အကြုံ ဗဟုသုတများကို ရလိုသည်ဟု တောင်းခံလာ၍ မော အေးချမ်းမှာ ဦးညိုအား အတော်လေးပင် လေးစားကြည် ညိုသွားမိသည်။

'ဘာရှိမှာလဲဗျ။ အစကပင် ပြောရရင် ကျွန်တော် ကိုရင်လူထွက်လေ။ ဒါတော့ ဦးညိုလည်း သိပါတယ် အဖေကွယ်လွန်သွားပြီးနောက် အမေ ခေါင်းမူးရောဂါစွဲ တာကို ပြုစုဖို့ဆိုပြီး လူထွက်လိုက်ရတာ။ ဒါပေမဲ့ လ မထွန်တတ်၊ ကိုင်းမထွန်တတ်၊ ကျောင်းတက်ပြီးလည် စာချည်း ချပေးနေရတော့ အမေက သဘောမကျဘူ ကျွန်တော်ကလူ၊ စာလိုက်နေကြတာက ဦးပဥ္စင်း၊ ကိုရ တွေချည်းဆိုတော့ ငရဲကြီးမှာစိုးလို့တဲ့။ အမေကိုယ်တို စီမံပြီး သူက အဒေါ်နဲ့နေခဲ့ကာ ကျွန်တော့်ကို ခပ်ဝေးဝေ ကို ပို့လိုက်တာပါ'

'အဲဒါမှာ မင်းဘူး-အမ်းလမ်းကို ရောက်သွားတာ ဆိုပါတော့'

'ဟုတ်တယ်။ သက်သက်သာသာနဲ့ ဂိတ်စောင့် ဂိုဒေါင်စောင့်လေးများ ရမလားဆိုပြီး သွားတာလေ။ ရောက်တော့ လူကြီးသားသမီးတွေ ယူထားကြလို့ သ သက်သာသာနဲ့ ပိုက်ဆံရမယ့်အလုပ်တွေ ကုန်နေပြီ။ ဒါ ကြောင့် အပြန်စရိတ်မရှိလို့ နေ့စားဝင်လုပ်ရင်း လူကြီးတေ သဘောကျပြီး တဖြည်းဖြည်းနဲ့ လုပ်ငန်းတွေ တစ်ချ တစ်ခု ရလာတာ။ မင်းဘူး-အမ်းလမ်းကလည်း ဖွင့်လှ လမ်းသစ်ကြီးဆိုတော့ အလုပ်တွေလည်း ပေါပါ ကျွန်တော်က ဘာပဲလုပ်လုပ် အောက်ခြေကပင် ပြီးပြ ချောမောသေချာအောင် လုပ်လေ့ရှိပါတယ်။ အလုပ်

www.burmeseclassic.com

ပြည့်လုပ်တယ်။ အလုပ်သိမ်းရင်လည်း ချက်ချင်း တာမျိုးမလုပ်ဘဲ ပစ္စည်းသိမ်းတာတို့၊ အမှိုက်လှည်း ရေဖြည့်တာတို့ လုပ်ပြီးမှ ပြန်တယ်။ ကိုယ်ပိုင် လုပ်လိုမျိုး ကြိုးစားပြီးလည်း လုပ်တယ်လေ။ ဒါကြောင့် ကြီးတွေက သဘောကျပြီး လုပ်ငန်းတွေကို ထိုးအပ် ဆက်လုပ်ရင်း အခုလိုမျိုး ဖြစ်လာတာပါ'

'အင်းပေါ့၊ မင်းက ကိုရင်လူထွက်ဆိုတော့ လူအေး လေးလည်းဖြစ်ပြီး စည်းကမ်းရှိတာလည်း ပါတာ

'လုပ်ငန်းတွေကို တစ်ခုပြီးတစ်ခု လုပ်ကိုင်လာရတဲ့ မှာလည်း အလုပ်သမားအားလုံးပဲ အချိန်ကို လေးစား ကြိုးစားပြီးလည်း လုပ်ကိုင်ကြဖို့၊ အကျိုးအမြတ်ကို မတွက်ဘဲ တာဝန်ကျေအောင်လုပ်ဖို့၊ မလုပ်ချင်လို့ သွားတဲ့အထိ နာမည်ကောင်း ကျန်နေခဲ့အောင် ခြေသိမ်းကစလို့ လုပ်ကိုင်ကြဖို့တွေကိုလည်း မကြာ ဆိုသလို ဩဝါဒသဘောမျိုး ပြောပြပါတယ်။ လုပ် အားလုံးမှာလည်း သူတို့အတွက် အကျိုးအမြတ် များကျန်အောင် လုပ်ကိုင်ပေးပါတယ်'

'အေး..အဲဒါလေးတွေ မှတ်သားထိုက်တာပေါ့ကွာ။ မင်း အခု ဆက်ပေးမယ်ဆိုတဲ့ လူတွေကရော လူ ကောင်းလေးတွေရော ဟုတ်ရဲ့လားကွ'

'ဟုတ်ကဲ့၊ လူကောင်းတွေလို့ ပြောနိုင်ပါတယ်။ ခေါင်းဆောင်ဖြစ်တဲ့ မော်တော်မောင်းတဲ့လူသာဆိုရင် ကျွန် သူ့မိဘတွေနဲ့တောင် ရင်းနှီးပါတယ်။ သူ့ရဲ့ အဖေ၊ တိုးတွေဟာလည်း မော်တော်မောင်းတဲ့ ဆရာကြီးတွေ အစဉ်အလာကောင်းတွေလည်း ရှိကြပါတယ်'

ဦးညိုက တစ်ချက်စဉ်းစားလိုက်ပြီး-

'ငါက ဒီမော်တော်လုပ်ငန်းကို မင်း တိုက်တွန်းလို့ သာ ကောက်လုပ်တာပါ။ ကိုယ်တိုင်တော့ မော်တော်နဲ့ တ်သက်လို့ ဘာမှနားမလည်ဘူး။ ဒီတော့ မင်းက လူ များနဲ့ ဆက်ဆံလုပ်ကိုင်တဲ့နေရာမှာ ငါ့ထက် အတွေ့ ကြုံရှိနေတဲ့ကောင်ဆိုတော့ အခု ငါ့မှာ မကြာခင် အလုပ် င်ရတော့မှာဖြစ်တဲ့ မော်တော်လုပ်သားတွေနဲ့ပတ်သက်လို့ ဦးနှစ်ဖက် ဝင်ငွေကောင်းပြီး မေတ္တာသက်ဝင် ချစ်ချစ် ခင်ခင်နဲ့ အဆင်ပြေမယ့်နည်းလမ်းလေး မင်းမြင်ရင် အကြံ ပေးကြည့်ပါဦးကွာ'

မောင်အေးချမ်းမှာ ဦးညိုအား ပို၍လေးစားလာမိ သည်။ ဆိုခဲ့သည့်အတိုင်း ကိုယ့်သားအရွယ်မျှသာရှိသော ကောင်လေးတစ်ယောက်၏အထံ၌ သူ မကျွမ်းကျင်သော လုပ်ငန်းကြီးတစ်ခုကို ထဲထဲဝင်ဝင် လုပ်ကိုင်ရန်အတွက် အကြံဉာဏ်တောင်းခံနေသည် ဆိုကတည်းက ဦးညိုသည် လူလိမ္မာတစ်ယောက်ဖြစ်ကြောင်းကို ကောင်းစွာနားလည် နိုင်လေသည်။

ဤသို့သော စူးစမ်းခြင်း၊ ပတ်သက်ရာ ပတ်သက် သည့် အကြောင်းအရာများကို မေးမြန်းစုဆောင်းခြင်း၊ အကျိုးရှိရှိ အသုံးချခြင်း အစရှိသောသူတို့သည် ထွန်း ပေါက်အောင်မြင်တတ်သည်။ တိုးတက်ခြင်း၊ သက်ဆိုင် ရာရလဒ်များ ခိုင်ခဲ့ခြင်းလည်း ရှိတတ်လေသည်။

ထို့ကြောင့် သုတဉာဏ်နှင့်ပတ်သက်၍ ပိုသည်မရှိ၊ လိုသည်သာ ရှိသည့်အကြောင်းကို ပညာရှိတို့ ဆိုကုန်ကြ သည်။

'အဓိကတော့ မေတ္တာပေါ့ဗျာ။ လူတစ်ယောက်၊ လုပ် ငန်းတစ်ခု အောင်မြင်ပေါက်မြောက်ဖို့အတွက် ရွှေတံတား၊ ငွေတံတားသဖွယ် ဆက်သွယ်ပေါင်းကူးပေးနေတာက မေတ္တာပဲလေ။ မေတ္တာဆိုတဲ့ အအေးဓာတ်ကြီးကို ဆွတ် ဖျန်းပေးထားရင် ဘယ်မချမ်းသာလို့ ရှိပါတော့မလဲ။ သူ တစ်ပါးတို့ကို ချမ်းသာအောင် ပြုလုပ်ပေးရင် ကိုယ်လည်း မလွဲမသွေ ချမ်းသာလာတော့မှာပဲ။ ကျွန်တော်ကတော့ ပြောခဲ့တဲ့အတိုင်းပဲ။ ကိုယ့်အလုပ်သမားတွေ တွက်ခြေ မကိုက်ဘူးဆိုရင် ဘယ်လုပ်ငန်းကိုမှ မလုပ်ပါဘူး။ ပထမ



www.burmeseclassic.com

တွက်ခြေကို အလုပ်သမားတွေအတွက်ထားပြီး ကိုယ့်တွက်ခြေကို ဒုတိယမှာသာ ထားတာပါ'

ဦးညို မောင်အေးချမ်းအား စိုက်ကြည့်နေရင်း တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်သည်။

'ဒါကြောင့် ကျွန်တော့်အမြင်ကို ပြောရရင်တော့ မော်တော်လုပ်သားတွေကို လစာငွေပေးထားတဲ့အပြင် ရောက်တဲ့ မြို့ရွာတွေမှာ (ပင်မဖြစ်တဲ့ မော်တော်အလုပ်တွေကို မထိခိုက်စေဘဲ) ပါစင်ဂျာ၊ ကုန်ပစ္စည်းရှာခိုင်း၊ တင်ခိုင်းတာတို့ကိုပါ ပေးလုပ်သင့်တယ်လို့ ထင်ပါတယ်။ သူတို့ရှာလို့ ပါစင်ဂျာ၊ ကုန်ပစ္စည်းတွေ ရလာကြရင်လည်း ဦးညိုရဲ့ မော်တော်ပေါ်မှာသာ တင်မှာဖြစ်လို့ ဦးညို ရတာပဲလေ။ ဒီတော့ သူများကို ရှာခိုင်းလို့ ရာခိုင်နှုန်းပေးနေမယ့်အစား ကိုယ့်အလုပ်သမားတွေကို ပေးလိုက်တာက ပိုပြီးအဆင်ပြေတာပေါ့။ ကိုယ့်အလုပ်သမားတွေက ကိုယ့်အတွက် စီးပွားရေးဒေါက်တိုင်တွေ ဖြစ်နေကြလေတော့ ကိုယ့်စီးပွားရေး ဒေါက်တိုင်တွေကို ပိုမိုခိုင်ခံ့အောင် လုပ်လိုက်တာနဲ့လည်း အတူတူပဲလေ'

ဦးညို ဘာမျှမပြောဘဲ ခေါင်းတဆတ်ဆတ်ညိတ်၍သာ နေသည်။

'ဦးညိုကို မော်တော်ထောင်ခိုင်းတာဟာ ကျွန်တော်တို့ မင်းဘူး-အမ်းလမ်းစီမံကိန်း အသုံးပြုဖို့အတွက် ဆိုပေမယ့် ကျွန်တော်တို့ မင်းဘူး-အမ်းလမ်းမှာ မော်တော်အမြဲတမ်းမှ မလိုတာ။ တစ်ခါတလေပဲ အသုံးရှိမယ်လေ။ ဒီတော့ ကျန်တဲ့အချိန်တွေမှာ ဦးညို ပါစင်ဂျာဆွဲနေရမှာပဲ။ အဲဒီခါ ကျွန်တော်ပြောခဲ့တဲ့ ပါစင်ဂျာရှာရမယ့် ကိစ္စတွေလည်း မဖြစ်မနေ လိုလာတော့မယ်လေ။ ဒီတော့ အခြားတစ်ယောက်ယောက်ကို ပါစင်ဂျာရှာခိုင်းမယ့်အစား ကိုယ့်အလုပ်သမားတွေကို ရှာခိုင်းပြီး ပေးသင့်တဲ့ ရာခိုင်နှုန်းကို ပေးလိုက်ရင် ပိုမကောင်းဘူးလား'

'ကောင်းတာပေါ့ကွ။ အခြားလူတွေကို ခိုင်းနေမယ့်အစား ကိုယ့်လူကိုခိုင်းရင် ပိုပြီးတောင် အဆင်ပြေတာပေါ့။ နှစ်ဦးနှစ်ဖက်လည်း အကျိုးရှိဦးမယ်။ အခုလို အကြံပြုပေးတဲ့အတွက် မင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ငါ မော်တော်ထွက်ဖြစ်တာနဲ့ မင်းပြုတဲ့ အကြံအတိုင်း တကယ်လုပ်မှာပါ'

'ကျွန်တော့်လုပ်ငန်းတွေမှာလည်း ခုတင်ကပြောပြခဲ့တဲ့အတိုင်းပဲ ကျင့်သုံးတယ်လေ။ ဦးညို အခုလုပ်ရမှာက မော်တော်လုပ်ငန်း၊ ကျွန်တော်လုပ်ကိုင်နေတာက လမ်းစီမံကိန်းဆိုပေမယ့် လုပ်ငန်းတိုင်းမှာ ကိုယ့်အလုပ်သမားတွေ မပြီးပြတ်ဘဲ အပြင်လူတွေကို ငှားရမ်းပြီး လုပ်ခိုင်းရတဲ့ လုပ်ငန်းမျိုးတွေလည်း ရှိတတ်တာပဲ'

'ဟုတ်တယ်။ အဲဒါမျိုးလည်း ရှိတတ်ပါတယ်'

'ကျွန်တော်တို့ လမ်းစီမံကိန်းမှာဆိုရင် ယာယီတဲတထိုးလုပ်တာတို့၊ ခွဲသစ်တွေ လိုလာတဲ့အခါ လွှသမားတွေကို လိုက်ရှာပြီး ခိုင်းရတာတို့၊ လမ်းဘေးမှာ အန္တရာယ်တိုင် စိုက်ထူရတာတို့ ဆိုတာမျိုးတွေ လိုအပ်လာတဲ့အခါမှာ ကျွန်တော်ကတော့ ဘေးလူတွေကို မရှာမခိုင်းတော့ဘဲ ကိုယ့်အလုပ်သမားတွေကိုပဲ အချိန်ပိုလုပ်ခိုင်းပြီး ရသင့်တဲ့အခကြေးကို ဝေငှပေးလိုက်တာပဲ'

'သိပ်ကိုကောင်းတဲ့ အစီအမံလေးပဲကွာ။ ဒါကြောင့်လည်း မင်း အောင်မြင်နေတာဖြစ်မှာ။ ငါလည်း မင်းပြောတဲ့ အစီအမံလေးတွေကို ကြိုက်ပါတယ်။ တကယ်လည်း မင်းပြောသလို ဖြစ်နိုင်တာ အားလုံးကို ကိုယ့်မော်တော်သမားတွေနဲ့ပဲ ပေးလုပ်မှာပါ'

ထို့နောက် မောင်အေးချမ်းနှင့် ဦးညိုတို့ မော်တော်စပ်လုပ်နေကြသည့် ဗျ(လတာ)ဘက်ကို လျှောက်သွားကြသည်။ မော်တော်က အတော်လေးကြီးသည်။ မောင်အေးချမ်းက မော်တော်နှင့်ပတ်သက်ပြီး နားမလည်၍ အတိအကျ မပြောတတ်သော်လည်း ကုန်ပစ္စည်းများနှင့် လူငါးဆယ်၊ ရှစ်ဆယ်အကြား တင်ဆောင်နိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

အတော်လေးလည်း သပ်သပ်ခန့်ခန့်ရှိသည်။ လက်သမားများ မော်တော်စပ်လုပ်ခြင်း၏ နောက်ဆုံးအဆင့်ဟု ဆိုရမည့် အချောကိုင် ဆေးသုတ်လုပ်နေကြသည်ကိုလည်း တွေ့ရသည်။ ဦးညိုက လပိုင်းအတွင်း ရေချနိုင်မည်ဟုလည်း ပြောပြသည်။

◆◆◆

ဦးနီမှာ ကိုစိုးညီတို့တစ်ဖွဲ့လုံး ထွက်လာကြပြီးနောက် တစ်လနီးပါးအထိ မော်တော်အဆွဲ ရပ်ဆိုင်းသွားသည်။ ထို့နောက် မော်တော်လုပ်သားများ ထပ်ရှာပြီး ဆက်ဆွဲရာတွင်လည်း ယခင်စာအုပ်ကြီးအတိုင်း ခရမ်းသီး၊ ငြုတ်၊ မုန်လာဟင်းများဖြင့် ကျွေးကာ ဖွတ်ခိုင်းနေသည့် နောက်



www.burmeseclassic.com

www.burmeseclassic.com

လာကြသော မော်တော်သမားများက ကိုစိုးညီတို့လို ကြပေ။

နောက်မှ ရောက်လာကြသော မော်တော်သမားများ ကိုစိုးညီတို့ ဖွဲ့လုံးကျွတ် ထွက်သွားကြသည့်သတင်းကို ကြားရ၍လည်း ဦးနီအား လေ့လာကြည့်ရာ ညှာတာ တင်းမဲ့စွာ ခိုင်းစေခြင်း၊ ဟိန်းဟောက်ပြောဆိုခြင်း၊ ခရမ်း စသော ဟင်းကြမ်းများနှင့်သာ ကျွေးပြီး ခိုင်းခြင်း စသည်များကို လက်ငင်းတွေ့ကြရသည်။

ထို့ကြောင့် အလုပ်ဝင်စမှပင် ဦးနီ၏အပေါ်တွင် စိတ် ပြီး မေတ္တာခတ်များ အလျှင်းကွယ်ပကာ အမုန်း ရန်သူသဖွယ် ရှုမြင်ကြလေသည်။ ယခုရောက် ကြသော မော်တော်သမားများမှာ ဦးနီထက် များစွာ ကြသည်။ မော်တော်ပိုင်ရှင်နှင့်ရော ခရီးသည်များ အတွေ့အကြုံ အပြည့်အဝရှိကြသည်။

ထို့ကြောင့်လည်း သူ၏ ပင်ကိုစာအုပ်ကြီးအတိုင်း လုပ်တတ်သော ဦးနီအား ပညာပေးပြီး ဆုံးမ ကြံစည်ကြလေသည်။ လုပ်သားများ၏အပေါ်တွင် စက်တတ်သောကြောင့်လည်း ဦးနီအား ပိုပိုသာသာ ဆုံးမချင်နေကြခြင်းဖြစ်သည်။ သည်အဖြစ်ကို ဦးနီ သိရှာ။

မော်တော်လုပ်သားများက ဦးနီအား တူးဖြိုကြရာ၌ ပေးရုံ၊ မှတ်လောက်သားလောက်မျှ မဟုတ်ပေ။ ကောင်း မကြံစည်အပ် ဦးနီ၏စီးပွားရေး ပျက် ပျက်စီးကြောင်းများကိုပါ အားထုတ်ကြလေသည်။

ကုန်ပစ္စည်းများကို ခိုးဝှက်ခြင်း၊ ဆီခိုးရောင်းခြင်း၊ ကို ခိုးရောင်း၍ အဆင်မပြေလျှင် မြစ်ထဲသို့ ဖောက် ခြင်း၊ စက်ပစ္စည်းများကို အဟောင်းနှင့် အစားထိုးဖြုတ် ရောင်းစားခြင်း စသည်ဖြင့် ပြုလုပ်ကြ၍ ဦးနီမှာ ကြီး နစ်ပြီး အနာကြီး နာရလေသည်။

ဆီများကို နေ့စဉ် ဖောက်ထုတ်ခံနေရသလို ကုန် များကိုလည်း နေ့စဉ်နီးပါးမျှ ပေးလျော်နေရ၍ ဦးနီ ဝင်ပေါက်ထက် ထွက်ပေါက် ပိုကျယ်လာလေသည်။ တော်သမားများ ညစ်ပတ်လျှင် မော်တော်ပိုင်ရှင်များမှာ ရမြဲသာဖြစ်သည်။ သူတို့နည်း သူတို့ဟန်ဖြင့် ညစ် ယုတ်မာနေကြသည်ကိုလည်း ဖော်ထုတ်ဖမ်းဆီးရန် လေသည်။

ဦးနီလည်း အပြောင်းအလဲလုပ်ပြီး လက်ရှိမော်တော် သမားများကို ဖြုတ်ထုတ်ကာ အသစ်ထပ်ခေါ်ရန် ကြိုးစား သေးသည်။ သို့သော်လည်း မဖြစ်နိုင်တော့ပေ။ လက်ရှိ မော်တော်သမားများက ဦးနီ၏အကြောင်းကို သတင်းဖြန့် ထားကြပြီးဖြစ်သည်။ ထို့ကြောင့် တစ်ယောက်မျှ ရှာခေါ်၍ မရတော့ပေ။

ဦးနီမှာ မော်တော်သမားများက သူ၏အပေါ်တွင် ရက်စက်ယုတ်မာနေကြသည်ကို သိသိကြီးနှင့် ဖော်ထုတ် ဖမ်းဆီးနိုင်ခြင်းမရှိ၍ ပင်ကိုစိတ်ထန်သော ဦးနီ၏ ဒေါသ ကို သခ၍ပင် ကဲစေလေသည်။ ထို့ကြောင့် ဒေါသကို မထိန်းနိုင်ဖြစ်ကာ မော်တော်သမားများအား ဟိန်းဟောက် ကန့်ကျောက် ထုထောင်းသည်အထိပင် လုပ်မိလေသည်။

ဦးနီက ထိုကဲ့သို့ တစ်ကြိမ်မက လုပ်လာသောအခါ မော်တော်လုပ်သားများမှာ ငြိမ်ကုပ်၍ မသွားကြသည့် အပြင် ပို၍ဆိုးလာကြလေသည်။ ဦးနီ၏ မော်တော်လုပ် ငန်းကြီးကို အပြီးသတ်ချေမှုန်းရန်အထိပင် ကြံစည်ကြ လေသည်။

ခရီးရှည်ပြေးဆွဲရင်း ဆိပ်ကမ်းတစ်ခု၌ ညအိပ်ရပ်နား နေကြစဉ် မော်တော်သမားများက မော်တော်ကို မီးတင်ရှို့ လိုက်ကြ၍ ဦးနီကိုယ်တိုင် မြစ်ထဲသို့ ခုန်ချပြီး ဘာပစ္စည်း ကိုမျှ မယူနိုင်ခဲ့ဘဲ လက်လွတ် ထွက်ပြေးရလေသည်။

သည်အဖြစ်ဆိုးတွင်လည်း စက်ခန်းအထက် အိပ်စင် ပေါ်တွင် ဦးနီကိုယ်တိုင် အိပ်၍ရှိနေသည့်တိုင်အောင် မီးရှို့ သူကို မတွေ့လိုက်ရဘဲ စက်ခန်းထဲကသာ မီးထတောက် သဖြင့် မော်တော်တစ်စင်းလုံး မီးလောင်ဆုံးရှုံးရသည်မှ တစ်ပါး မော်တော်သမား တစ်ဦးတစ်ယောက်ကိုမျှ အပြစ် ရှာ၍ မရပေ။

ထို့ကြောင့် ဦးနီမှာ မော်တော်လည်းဆုံး၊ တင်ဆောင် လာသော ကုန်ပစ္စည်းအားလုံးကိုလည်း လျော်ပေးလိုက် ရ၍ ပြန်လည်နာလန်ထူနိုင်ခြင်း မရှိတော့ဘဲ အိမ်ပြန်ကာ မူလလက်ငုတ်ဖြစ်သော ကြံခင်းကိုသာ ဆက်လက်ထွန် ယက်ရလေသည်။

ဦးနီ၏မော်တော် မီးလောင်ပြီး ပျက်စီးသွားရသည် နှင့် ပတ်သက်၍ နောက်မှသိသည်မှာ မော်တော်သမားများ က ဆီလှောင်ကန်ထဲသို့ ခွတ်ကြိုးနှစ်စကို (ခွတ်ပို့၊ ခွတ်မ ပူးထည့်ပြီး) တစ်နေရာက ခွတ်ခဲဖြင့် ဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

၍ မော်တော်ကြီး မီးလောင်ပေါက်ကွဲရာမှ တစ်စင်းလုံး နှစ်မြုပ်ဆုံးရှုံးသွားရသည်ဟူ၏။

သည်အဖြစ်ကို ကြည့်ခြင်းအားဖြင့်ပင် မေတ္တာစာတ်ခန်းခြောက်ခြင်း၏ ဆိုးကျိုးသည် ကြောက်ခမန်းလိလိ အံ့ဖွယ်ရှိနေကြောင်းကို လင်းလင်းကြီး မြင်နိုင်လေသည်။ နှစ်ဦးနှစ်ဖက်လုံး အကျိုးပျက်ပြားသော ရလဒ်ဆိုးကြီးပင် ဖြစ်လေသည်။

◆◆◆

ဦးညိုမှာ စည်းကမ်း၊ မေတ္တာ နှစ်မျိုးလုံး ပြည့်ဝသူဖြစ်သည်။ ထို့ကြောင့်လည်း ထင်ထားသည်ထက်ပို၍ အောင်မြင်သည်။ မေတ္တာစာတ် ဦးစီးသောကြောင့် စည်းကမ်းနှင့် လုပ်ငန်းပိုင်း နှစ်မျိုးလုံး အဆင်ပြေချောမွေ့နေသဖြင့် တစ်နှစ်အတွင်းမှာပင် အခြားမော်တော်သမားများနှင့် မယှဉ်သာလောက်အောင် တိုးတက်လာလေသည်။

မောင်အေးချမ်း အကြံပြုသည်ကို သဘောကျ၍ စမ်းလုပ်ကြည့်သောကြောင့် တည့်သွားသည်ဟုဆိုက ဆိုနိုင်သလို ဦးညို၏ကံဇာတာ အထောက်အမကြောင့်ဟုလည်း ယူဆနိုင်လေသည်။ မော်တော်နှင့်ပတ်သက်သော လုပ်ငန်းများတွင် မလိုအပ်လျှင် ဘေးလူများကို သိပ်ပြီးမသုံးဘဲ အတတ်နိုင်ဆုံး မော်တော်သမားများထဲကသာ ပါစင်ဂျာ စသည်များကို ရှာဖွေခိုင်းပြီး အဖိုးအခကိုလည်း ပေးချေလုပ်ကိုင်လာခဲ့၍လည်း ပိုပြီးအောင်မြင်သည်ဟု ဆိုနိုင်လေသည်။

ဦးနီအပါအဝင် တချို့သော မော်တော်ပိုင်ရှင်များမှာ မော်တော်လုပ်သားများကို မမွေးတတ်ကြပေ။ ကိုယ့်အလုပ်သမားများကို မြှောက်စားရမည့်နေရာတွင် ချိုးနှိမ်၍သာ ထားမိကြသည်။ ထို့ကြောင့်လည်း လုပ်ငန်းကို ထိခိုက်ပြီး လျှော့ပါးလာရာမှ ပျက်စီးခြင်းသို့ ရောက်သွားကြရသည်။

ယခု ဦးညိုမှာ မေတ္တာစာတ်ကို ဖြည့်တင်းကာ မော်တော်လုပ်သားများအား ဝအောင်ကျွေး၊ လှအောင်လည်း ဆင်ပေးထားသောကြောင့် ရောင်ပြန်ဟပ်သည့်သဘောသက်ရောက်ကာ မော်တော်လုပ်သားများ၏အထံမှ မေတ္တာစာတ်ကိုလည်း အပြည့်အဝရရှိလေသည်။

မော်တော်နှင့်ပတ်သက်ပြီး ပြန်ကြည့်စရာပင် မလိုတော့ပေ။ ရသင့်ရထိုက်သော မော်တော်ပိုင်ရှင် တစ်ယောက်၏ ရလဒ်ကို အပြည့်အဝ အပိုအမောက်ရရှိပြ လုပ်ငန်းခွင် တစ်လျှောက်လုံးတွင်လည်း စိတ်ချမ်းသာ လေသည်။

မော်တော်လုပ်သားများမှာလည်း သူ့အဆင့်နှင့်သ ထိုက်သင့်သော အကျိုးအခကို စိုစိုပိုပိုရရှိနေကြ၍ မော် တော်ပိုင်ရှင်ကြီး ဦးညိုကို ချစ်ခင်လေးစားကြသည့်အဖြ ကျေးဇူးရှင်ကြီးအဖြစ်ပင် အမြတ်တနိုး တန်ဖိုးထားကြလေ သည်။

အအေးစာတ်ကို ဆွတ်ဖျန်းထားကြ၍လည်း အလု ရှင်အလုပ်သမား နှစ်ဦးနှစ်ဖက် ညီညွတ်ကြသောကြော ဦးညိုမှာ စီးပွားဖြစ်ထွန်းလာသလို မော်တော်လုပ်သာ အားလုံးတို့မှာပင် ရွှေတွဲလွဲ ငွေတွဲလွဲဆိုဘိသို့ ထင်မှ ထားသည်ထက် ပို၍အဆင်ပြေလာကြလေသည်။

နောက်ပိုင်းတွင် ဦးညို မော်တော်မစီးတော့ပေ။ မော် တော်ကို ယုံကြည်စိတ်ချရနေပြီဖြစ်၍ အလုပ်သမားများနှ အပ်နှင်းထားခဲ့ပြီး မင်းတူး၊ အမ်း၊ တပ်တောင်၊ ကျောက် ဖြူ စသော မြို့ကြီးရွာကြီးများတစ်လျှောက်၌ ကုန်စည်ပို့ ဆောင်ရေးကို လုပ်ကိုင်ပြန်သည်။

ကုန်စည်ပို့ဆောင်ရေးတွင် ရေကြောင်းအတွက် မော် တော်ရှိနေသော်လည်း ကုန်းကြောင်းအတွက် ကားလိုလ ၍ ကားထထောင်ပြန်သည်။ ကားထောင်လျှင် မဖြစ်မနေ ဝပ်ရှော့လို လာပြန်သည်။ ထို့ကြောင့် ကား၊ မော်တော် နှစ်မျိုးလုံးအတွက် အဆင်ပြေစေရန် ဆိပ်ကမ်းမြို့ရွာများ မှာ ကားဝပ်ရှော့ရုံများကိုပါ ထူထောင်လိုက်၍ ဦးညို စီးပွားရေးမှာ အံ့မခန်းလောက်အောင်ထိ တိုးတက်သွားပြီ နှစ်တိုအတွင်းမှာပင် အောင်မြင်သော စီးပွားရေးသမားကြီ ဖြစ်လာလေ့သည်။

မေတ္တာဓာတ်ခန်းခြောက်ခြင်း၏ ဆိုးကျိုးသည် ဦး ၌ ထင်ရှား၏။

မေတ္တာဓာတ် ဆွတ်ဖျန်းခြင်း၏ ကောင်းကျိုးသည် ဦးညို၌ ထင်ရှား၏။

ထို့ကြောင့် ဆုတ်နစ်ပျက်စီးခြင်းကို ကြောက်လန့် တိုးတက်အောင်မြင်လိုကြသော ပုဂ္ဂိုလ်အားလုံးတို့သည် ဦးနီနှင့် ဦးညိုတို့အား စံနမူနာထား၍ ကျင့်သုံးကြ သူတော်ကောင်းတို့တွေ . ။

မဟာထွ

www.burmeseclassic.com




ဘုရားရှင်လက်ထက်တော်ကာလက ဖြစ်လေသည်။

အခါတစ်ပါး၌ အာဠဝီပြည်ကြီးအား စိုးစံတော်မူသော အာဠဝီမင်းကြီးသည် ရှိလေ၏။ ထိုမင်းကြီးကား အမဲပစ်ခြင်း၊ တောလိုက်ခြင်း ဝါသနာပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ မင်းကြီးသည် ၄င်း၏ မင်းချင်းလုလင်အတူ တောပစ် ထွက်တော်မူလေ၏။

တောတွင်း၌ သမင်ငယ်တစ်ကောင်ကိုတွေ့ရာ လေးချိန်လေ၏။ လေးမှလွှတ်သောမြားသည် သမင်ငယ်ကိုထိဘဲ လွဲချော်လေ၏။ သမင်ငယ်လည်း ကြောက်လန့်အားဖြင့် ဘေးမှလွတ်ရန် ပြေးလေ၏။ မင်းကြီးလည်း သမင်ငယ်နောက်သို့ ဆက်လိုက်လေ၏။

သမင်ငယ် မျက်ခြည်ပြတ်သွားသကဲ့သို့ မင်းကြီးလည်း သမင်ငယ်နောက်သို့လိုက်ရင်း မျက်စိလည် လမ်းမှားကာ အတူပါလာကြသော မင်းချင်းလုလင်တို့နှင့်ပါ လမ်းခွဲ၍သွားလေတော့၏။

မင်းကြီးသည် တောကြီးမျက်မည်းအတွင်း၌ စမ်းတဝါးဝါး ဖြစ်နေရှာလေ၏။ မိမိတောမှောက်၍ လမ်းစပျောက်နေမှန်း သိသောအခါ များစွာစိုးရိမ်ကြောင့်ကြစိတ်ဖြစ်ရလေ၏။ တောမှာ ထူလွန်း၍ နေပြောက်ပင် မထိုးနိုင်ဘဲ မှောင်မိုက်၍နေလေ၏။

မင်းကြီးသည် တောကြီးမျက်မည်းအတွင်း၌ မိမိ၏ နောက်တော် မင်းချင်းများကို လိုက်ရှာရာ တွေ့ရှိခြင်း မရှိဘဲ အနေပင်ပျောက်၍နေလေတော့၏။ လူချင်း ကွဲသွားပြီဖြစ်၍ မင်းကြီးသည် တောကြီးမျက်မည်းအတွင်း၌ ချာချာလည်လည်ဖြင့် တောမှောက် လမ်းပျောက်၍ နေလေတော့၏။ ဟိုနားရှိုနိုး သည်နားတွေ့နိုးဖြင့် မင်းချင်းတော်များကို လိုက်လံရှာဖွေရင်း မောပန်းလာသဖြင့် တစ်ခုသော ညောင်ပင်ခြေရင်းတွင် အရိပ်ခို အပန်းဖြေရင်း အသွားနားခိုလေ၏။

မင်းကြီးနားခိုသော ညောင်ပင်ကြီးကား အာဠဝကဘီလူးကြီး စံမြန်းရာနေရာဒေသ ဗိမာန်ကြီး ဖြစ်လေ၏။

အာဠဝကဘီလူးကြီးသည် အာဠဝီပြည်ရှိ ထိုညောင်ပင်ကြီး၌ ဗိမာန်အဖြစ် နေထိုင်လာခဲ့ရာ နှစ်ပေါင်းအတန်ကြာညောင်းခဲ့ပြီ ဖြစ်လေ၏။

ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ အသားစားကျူးခြင်းတို့ကြောင့် အခြားသော သတ္တဝါတို့သည် အနားကပ်ဝံ့ကြဘဲ ဝေးဝေးကရှောင်၍ ကင်းကင်းရှင်းရှင်း နေကြလေ၏။ အာဠဝက၏ ထိုညောင်ပင်ဗိမာန်ကြီးကား သွေးလွှမ်းသော ညောင်ပင်ကြီးပင် ဖြစ်တော့သတည်း။

အာဠဝကဘီလူးကြီးသည် လွန်စွာမိုက်မဲ ဆိုးသွမ်းခြင်းရှိရကား အမိ၊အဖတို့ကိုပင် ရှိသည်ဟု စိတ်၌ အမှတ်မထားပေ။ ရှိသေရကောင်းမှန်း၊ လေးစားရကောင်းမှန်း၊ ရှိခိုးရကောင်းမှန်းပင် သိသူ မဟုတ်ပေ။

သားစားကျူးသည့်နေရာတွင် လူကို မဆိုထားနှင့်၊ ရသေ့၊ ရဟန်းတို့ကိုပင် အလွတ်မပေးချေ။ တွေ့ရာနေရာ၌ ဖမ်းယူသတ်ဖြတ် စားသောက်တတ်လေ၏။ ဤမျှ ဆိုးသော၊ မိုက်သော၊ ရက်စက်ကြမ်းကြုတ်သော ဘီလူးကြီး ဝင် ဖြစ်ပေသတည်း။

၄င်းဘီလူးကြီး၏ ညောင်ပင်ဗိမာန်ကြီးကား ဝေဿဝဏ်နတ်မင်းကြီးမှ ဘီလူးကြီးအား အပိုင်စား ပေးထားသော ညောင်ပင်ကြီး ဖြစ်လေ၏။ ထိုညောင်ပင်သို့ ရောက်သူတိုင်းကို သင်အလိုရှိတိုင်း ဖမ်းဆီးသတ်ဖြတ်စားသောက်စေဟူသော ခံစားခွင့်ပေးထား၍ ဘီလူးကြီးလည်း ထင်တိုင်းကြဲ၍ ရဲရဲတင်းတင်းပင် ပြုမူဆောင်ရွက် ဖမ်းဆီးစားသောက်လျက် နေတော့၏။

ယခုကား အာဠဝီမင်းကြီး ထိုညောင်ပင်ရိပ်၌ အရိပ်ခိုမိရာမှ ကံဆိုးသူ ဖြစ်ရချေပြီ။ အဘယ်ကြောင့်ဆိုသော် အာဠဝကဘီလူးကြီး မြင်တွေ့သွားသောကြောင့် ဖြစ်လေ၏။

'အလို··အသင်လူသား၊ သင်၏ ကိုယ်ထည်ကား ဆူဖြိုးချေ၏။ အရောင်အဆင်းလည်း ဝင်းဝါစိုပြည်၏။ လှပ၏။ ဤသို့ဆိုလျှင် သင်၏ အသွေးအသားသည်လည်း ကောင်းမုချ ချိုဆိမ့်ပေလိမ့်မည်။ ငါ ယခုပင် သင့်အား စားတော့အံ့' ဟုဆို၍ ကုပ်ကိုဖမ်း၍ လည်ကိုညှစ်လေ၏။

မင်းကြီးလည်း ကြောက်အားလန့်အားဖြင့် အတင်းကန်ကျောက်ရုန်းကန်၍ တိုက်ခိုက်လေ၏။

အာဠဝကဘီလူးသည် ခွန်အားကြီးမားသူဖြစ်၍ မင်းကြီးသည် ဘီလူး၏ လက်တွင်းမှ ရုန်းမထွက်နိုင်ချေ။၏

ထိုသို့ရုန်းကန်၍ မရသောအခါ မင်းကြီးသည် ဤသို့အကြံရ၍-

'အသင်ဘီလူးမင်း··ကျွန်ုပ်အား သတ်၍ သင် စားလျှင် တစ်ရက်မျှသာ စားရအံ့။ အစဉ်သဖြင့် စားလိုလျှင် သင့်အား တစ်နေ့ လူတစ်ယောက်ကျနှုန်းဖြင့် ကျွန်ုပ် ကျွေးနိုင်၏။ ကျွန်ုပ်ကား နိုင်ငံတော်၏ အစိုးရမင်းဖြစ်သည်။ သင့်အလိုကျ ကျွန်ုပ် ကျွေးနိုင်၏။ ကျွန်ုပ်၏



www.burmeseclassic.com

www.burmeseclassic.com

အသက်ကို ချမ်းသာပေးတော့' ဟု ဆိုလျှင်

အာဠဝကဘီလူးလည်း အရှည်ကိုကြည့်၍-

'ကောင်းပြီ၊ ကျွန်ုပ် လက်ခံသည်။ ကတိသာ တည်ပါစေ' ဟု ဆို၍ မင်းကြီးအား အသက်ဘေးမှ လွှတ်ပေးလိုက်လေတော့သတည်း။

◆◆◆

မင်းကြီးသည် နန်းတော်သို့ ပြန်ရောက်သောအခါ မြို့ဝန်မင်းအား အပါးသို့ခေါ်စေ၍ နှစ်ကိုယ်ကြား တိုင်ပင်လေ၏။

ထိုသို့တိုင်ပင်သောအခါ မြို့ဝန်မင်းက-

'ဒီလိုဆိုရင် မင်းကြီးကို ကျွန်တော်မျိုး အကြံဉာဏ်ပေးတော်မူမည်ဘုရား။ အကျဉ်းထောင်အတွင်း၌ အကျဉ်းသားများကို မင်းမိန့်ဖြင့် သတ်ဖြတ်မည့်အစား ဘီလူးမင်းအား တစ်ရက် တစ်ယောက်နှုန်းဖြင့် ဆက်သစားစေလျှင် များစွာအဆင်ပြေနိုင်ဖွယ် ရှိကြောင်းပါဘုရား' ဟူ၍ လျှောက်ကြားရာ မင်းကြီးလည်း များစွာကျေနပ်သဘောကျတော်မူလေ၏။

ဤသို့ဖြင့် ဘီလူးအစားအစာအဖြစ် အကျဉ်းသားများကို တစ်နေ့ တစ်ယောက်နှုန်းဖြင့် ဆက်သစားစေရာ များမကြာမီ၌ပင် အကျဉ်းထောင်တွင်းမှ အကျဉ်းသားများ ကုန်ခန်းလေတော့၏။

အကျဉ်းသားများ မရှိကြတော့၍ ဘီလူးအတွက် အခက်အခဲရှိလာလျှင် မိမိအား ရန်ရှာမည်စိုးသောကြောင့် မြို့ဝန်မင်းကို ခေါ်ယူ၍ အကြံဉာဏ်တောင်းရပြန်လေ၏။ မြို့ဝန်မင်းကလည်း မကောင်းသော ဉာဏ်ရှည်ဉာဏ်သွေးလွန်စွာထက်မြက်ပုံရလေ၏။ အကြံဉာဏ်ပေးလေ၏။

'အရှင်မင်းကြီး..ဉစ္စာပစ္စည်းတို့ကို လမ်း၌ ချ၍ ကောက်ယူသူအား ဖမ်းဆီးကာ ဘီလူးအစာအဖြစ် ပို့ဆက်သော် များစွာအကျိုးများဖွယ် မြင်ကြောင်းပါဘုရား' ဟု လျှောက်ကြားပြန်လေလျှင် မင်းကြီးသည် များစွာသဘောကျလျက် လက်ခံတော်မူလေ၏။

ဤအကြံဉာဏ်ဖြင့် ဖန်တီးလုပ်ဆောင်ခဲ့ကြရာ ရက်အတန်ကြာလတ်သောအခါ၌ လူတို့သည် ရိပ်မိဟန်ဖြင့် လမ်း၌တွေ့သော ပစ္စည်းဉစ္စာတို့ကို ကောက်ယူခြင်း မပြုတော့ပေ။

ထိုအခါ မင်းကြီးသည် ထုံးစံအတိုင်း မြို့ဝန်မင်းကို ခေါ်၍ အကြံဉာဏ်တောင်းပြန်လေ၏။ မြို့ဝန်မင်းလည်း ပုခက်ထဲက ကလေးငယ်များကို ဖမ်း၍ ဘီလူးစာ ကျွေးလျှင် သင့်မြတ်မည်ဟု လျှောက်ကြားပြန်ရာ မင်းကြီးလည်း လက်ခံတော်မူ၍ ထိုအကြံအတိုင်း ဆောင်ရွက်ရာ ကာလကြာသောအခါ၌ ကိုယ်ဝန်ဆောင် မိခင်လောင်းတို့သည် တိုင်းတစ်ပါးသို့ ထွက်ပြေးတိမ်းရှောင်ကြလေတော့၏။ မိမိတို့၏ ကလေးငယ်တို့ကို မင်းကြီးအာဏာဖြင့် ဖမ်းဆီးမှာစိုးသောကြောင့် ဖြစ်လေ၏။ ကလေးများ အရွယ်ရောက်မှ ကိုယ့်နိုင်ငံ ကိုယ့်ဒေသသို့ ပြန်လာကြကုန်၏။

နောက်ဆုံး မင်းကြီးမှာ ပုခက်တွင်း ကလေးငယ်များကို ရှာမရသောအခါ မိမိကလေးငယ်ကို ဘီလူးစာ ကျွေးရန် ဆုံးဖြတ်လေ၏။ မိဖုရားကြီးလည်း မိမိ၏ ရင်သွေးရင်နှစ်မို့ ရှိက်ကြီးတငင်ငိုကြွေးကာ တားမြစ်သော်လည်း မရချေ။ မင်းကြီးသည် အတင်းအဓမ္မပင် ကလေးကို လုယူလေ၏။ မင်းကြီးကား အတ္တကြီးစွတကား။ မိမိသေမှာကို လွန်စွာကြောက်ရွံ့ပေသူတကား။

ထိုအချိန်၌ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် လောကကို ရှုလတ်သည်ရှိသော် အာဠဝကဘီလူးအား ဆုံးမကယ်ချွတ်ရန် မြင်တော်မူလေ၏။

ဘီလူး၏ဗိမာန်သို့ ကြွချီတော်မူလာပြီးလျှင် ယင်းဗိမာန်၌ သီတင်းတော်မူလေ၏။ ထိုအချိန်၌ ဘီလူးကြီးသည် ဗိမာန်၌ မရှိပေ။ ဟိမဝန္တာရှိ နတ်ဘီလူးတို့၏ အစည်းအဝေးသို့ တက်ရောက်နေချိန် ဖြစ်လေ၏။

ထိုအခါ အာဠဝကဘီလူးမင်း၏ တံခါးစောင့်သော ဂဒြဘဟု အမည်ရှိသည့် ဘီလူးသည် မြတ်စွာဘုရားကို ကန်တော့၍ အာဠဝကထံ သွားရောက်ကာ သတင်းပို့လေ၏။

ထို့အတူစွာပင် ဟေမဝတနှင့် သာတာဂီရိ နတ်ဘီလူးတို့သည်လည်း မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးအား တွေ့လတ်သည်ရှိသော် ပူဇော်ကန်တော့ကြပြန်လေ၏။

ထို့နောက် အစည်းအဝေးသို့သွား၍ အာဠဝကနှင့် တွေ့သောအခါ-

'အဆွေအာဠဝက..သင်၏ဗိမာန်၌ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်းသုံးနေ၏။ ကျွန်ုပ်တို့ကား ကန်တော့ပြီးခဲ့ပြီ။ အဆွေ သွားရောက်၍ မြတ်စွာဘုရားအား ဖူးမြော်ကန်တော့ချေ'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရာ အာဠဝက အမျက်ချောင်းချောင်းထွက်

'ဂေါတမရဟန်းနှင့် ငါ မည်သူက တန်ခိုးကြီး ...ည်း ကြည့်ကြလော့'ဟု ဆို၍ အစည်းအဝေးမှ ထွက် ...ပြီးလျှင် ကေလာသတောင်ကို လက်ယာခြေဖြင့် ...င့်နင်းလိုက်ရာ ကျောက်လွှာကျောက်ချပ်တို့သည် ...လွှာကွာ၍ ကျွတ်ထွက်လွင့်စဉ်ကုန်၏။

ထို့နောက် တောင်ထိပ်၌ ရပ်လျက် 'အာဠဝကတဲ့ ...'ဟု ကြွေးကြော်အော်ဟစ် ကြုံးဝါးလိုက်ရာ မြေအထု ...ည် ဟည်းဟည်းမြည်၍ တုန်လှုပ်ကုန်လေ၏။

အာဠဝကဘီလူးကြီးသည် ဒေါသအမျက်ချောင်း ...ချောင်းထွက်လျက် ဗိမာန်သို့ ရောက်လာရာ ဘုရားရှင် ...ကိုယ်တော်မြတ်အား တွေ့မြင်ရလေ၏။

ဘုရားရှင်အထံ၌ မိမိ၏ ယက္ခမယ်များ အစုလိုက် ...အပြုံလိုက် တရားနာနေကြသည်ကို မြင်တွေ့လိုက်ရသော ...အခါ၌မှ ဘီလူးကြီးမှာ ပြောဖွယ်မရှိအောင် ဒေါသူပုန်ထ ...လေတော့၏။

'ဟယ်‥ရဟန်းဂေါတမ၊ ငါ့ဗိမာန်အား သင်အလိုရှိ ...ကိုင်း ရအံ့လော။ ငါ့အကြောင်း ယခုပင် ပြအံ့'ဟု ကြုံး ...ပြီးလျှင် လွန်စွာပြင်းထန်သော မုန်တိုင်းတစ်ခုကို ဖန် ...ဆင်း၍ ဘုရားရှင်အား သေစေရန်အလို့ငှာ တိုက်ခိုက်လေ ...၏။

မေတ္တာမပျက် သည်းခံတော်မူသော မြတ်စွာဘုရား ...အား မည်သို့မျှ ပြန်လည်တုံ့ပြန်ခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ ...င် နေတော်မူလေ၏။ ပြင်းထန်သော မုန်တိုင်းတို့သည် ...ည်း ဘုရားရှင်၏ သင်္ကန်းတော်ကိုပင် မထိမခတ် မလှုပ် ...ရှားစေပေ။ ငြိမ်သက်စွာ ပြေပျောက်ကုန်လေ၏။

မုန်တိုင်းဖြင့် မရသော် မိုးသည်းထန်စွာ ရွာစေ၏။ ...သော် ဓား၊ လှံ လက်နက်မိုးတို့ဖြင့် တိုက်ခိုက်လေ၏။ ...ငြိမ်သော် ဘုရားရှင် ကြောက်ရွံ့စေရန်၊ အားငယ်စေရန် ...မှောင်ထုဖြင့် ဖုံးလွှမ်းတိုက်ခိုက်ပြန်လေ၏။ ယင်းတိုက် ...ကွက်လည်း အချည်းနှီးပင် ဖြစ်လေ၏။ ဘုရားရှင်အား ...တိုက်ခြင်းငှာ မစွမ်းချေ။

အာဠဝကသည် ကြမ်းကြုတ်ရက်စက် အမျက်ဒေါသ ...ကြီးသူပီပီ ဘုရားရှင်အား နည်းမျိုးစုံတို့ဖြင့် တိုက်ခိုက် ...သော်လည်း မစွမ်းရကား နောက်ဆုံး ၎င်း၏ လက်နက်

ဖြစ်သော ဘွဲ့ဖြူလက်နက်ကိုထုတ်၍ သုံးရလေတော့၏။

ဘွဲ့ဖြူလက်နက်ဆိုသည်မှာ အဝတ်ပုဆိုးလက်နက် ဖြစ်လေ၏။ ၎င်းလက်နက်ကား ကောင်းကင်သို့ ပစ်လွှတ်လျှင် တစ်ဆယ့်နှစ်နှစ်လုံးလုံး မိုးခေါင်၏။ မြေပြင်သို့ ပစ်ခတ်သော် တစ်ဆယ့်နှစ်နှစ်လုံး သစ်ပင်များ ခြောက်သွေ့၍ တစ်ဆယ့်နှစ်နှစ်အတွင်း တစ်ဖန်ပြန်လည်၍ သစ်ပင်တို့ မပေါက်ရောက်ချေ။ သမုဒ္ဒရာအတွင်းသို့ ပစ်ခတ်လျှင်မူ သမုဒ္ဒရာရေတို့ ခန်းခြောက်ကုန်၏။ မြင်းမိုရ်တောင် လောက်ကြီးသော တောင်မျိုးကို ပစ်ပေါက်လျှင်ကား အပိုင်းပိုင်း ပြတ်ကြွေကျသွားနိုင်သည်ဟုလို။ ဤမျှ ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော ဘွဲ့ဖြူလက်နက်ပေတကား။

အာဠဝကဘီလူးသည် ဘုရားရှင်အား ဘွဲ့ဖြူလက်နက်ဖြင့် ပစ်ခတ်တိုက်ခိုက်ပြန်လေ၏။

ဝုန်းဟူသော ကြောက်ခမန်းလိလိ အသံနက်ကြီးသည် မိုးထစ်ချုန်းသည်ထက်ပင် ကျယ်လောင်မြည်ဟည်းစွာ ပေါ်ထွက်လာလေ၏။ ထို့နောက် ထိုကျယ်လောင်သော မြည်ဟည်းသံနှင့်အတူ ဘွဲ့ဖြူလက်နက်သည် ဘုရားရှင်အထံသို့ ရောက်သောအခါ စွမ်းရည်ကင်းမဲ့သော ခြေသုတ်ပုဆိုး အဝတ်စုတ်ပမာ ပြောင်းလဲ၍သွားလေတော့၏။

နောက်ဆုံးလက်နက်ဖြစ်သော ဘွဲ့ဖြူလက်နက်လည်း အရာမရောက်သောအခါ ဘီလူးကြီး လက်မှိုင်ချ၍သွားလေတော့၏။ ဘုရားရှင်အား မည်သို့တိုက်ခိုက်ရမည်ကို အပြေးအလွှားစဉ်းစားရတော့၏။ ဘီလူးကြီး စိတ်လှုပ်ရှားနေသလောက် ဘုရားရှင်ကား မတုန်မလှုပ် ပကတိအေးဆေးငြိမ်သက်စွာဖြင့် အာဠဝကအား ရှုမြင်တော်မူလျက်ရှိလေ၏။

အာဠဝကဘီလူးသည် ကြံရာမရဖြစ်နေစဉ် ရုတ်တရက် အကြံတစ်ခုက ဘွားခနဲ ခေါင်းထဲဝင်လာ၏။ ယင်းအကြံမှာ ဘုရားရှင်အား အကြမ်းနည်းဖြင့် တိုက်ခိုက်၍ မရမှန်းသိ၍ အနုနည်းဖြင့် တိုက်ခိုက်ရန် ဖြစ်လေ၏။

'အို‥ရဟန်းဂေါတမ၊ ငါ၏ဗိမာန်မှ ကျေးဇူးပြု၍ ထွက်ခွာပေးပါလော့။ ကျွန်ုပ် မေတ္တာရပ်ခံပါတယ်'

ဟု ပြောလိုက်သောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်-

www.burmeseclassic.com

www.burmeseclassic.com

'ကောင်းပါပြီ အာဠဝကဘီလူးမင်း၊ ကျွန်ုပ်သည် ယခုပင် သင်၏ဗိမာန်မှ ထွက်ပေးပါအံ့'ဟု ဆိုပြီးလျှင် ဗိမာန်မှ ထွက်လေ၏။

ထိုအခါ အာဠဝကဘီလူးကြီးသည် 'အလို..ငါ၏ နူးညံ့သောတိုက်ပွဲကား ဘုရားရှင်အား ကောင်းစွာအနိုင်ရခဲ့ချေပြီတကား'ဟု စိတ်၌ အထင်ရောက်ကာ များစွာမှ ကျေနပ်အားရ ပီတိဖြစ်လျက်နေတော့၏။

ထို့နောက်တစ်ဖန်

'ရဟန်းဂေါတမ..ကျွန်ုပ်၏ဗိမာန်သို့ ဝင်၍ ထိုင်ဦးလော့'

ဟု ရိုသေစွာ ဆိုပြန်လျှင် ဘုရားရှင်သည်-

'ကောင်းပါပြီ အသင်ဘီလူးမင်း၊ ကျွန်ုပ် ဝင်၍ထိုင်ဦးအံ့'ဟု ဆိုကာ ဗိမာန်သို့ဝင်ပြန်လေ၏။

ထိုအခါ ဘီလူးသည် ငါ၏တိုက်ပွဲကား အနိုင်ရရန် များစွာမှအလားအလာ ကောင်းနေချေတကားဟုတွေးကာ ဘုရားရှင်အား ဗိမာန်သို့ ဝင်ချည်,ထွက်ချည်ဖြင့် သုံးကြိမ်သုံးခါ ခိုင်းလေ၏။ ဘုရားရှင်လည်း အာဠဝက ခိုင်းစေသည့်အတိုင်း သုံးကြိမ်သုံးခါစလုံး ဝင်ချည်,ထွက်ချည် ပြုတော်မူလေ၏။

လေးကြိမ်မြောက်တွင် ဘီလူးသည် ဤသို့တွေးမိလေ၏။

'ရဟန်းဂေါတမကြီး.. ဝင်လိုက်,ထွက်လိုက်ဖြင့် ကြိမ်ဖန်များစွာ လုပ်နေမိလျှင် ပင်ပန်းဆင်းရဲအံ့။ နွမ်းနယ်မောဟိုက်ပေအံ့။ ထိုသို့မောဟိုက်ပင်ပန်းချိန်ရောက်မှ ဘုရားရှင်၏ ခြေနှစ်ချောင်းကို ပူးကိုင်၍ ဂင်္ဂါမြစ်၏ဟိုမှာဘက်တစ်ဖက်ကမ်းသို့ ပစ်လွှတ်အံ့'ဟု စိတ်၌ ကြံရွယ်၍ ထားလိုက်လေ၏။

အာဠဝကဘီလူး၏ ထိုအကြံအစည်ကို ဘုရားရှင် ကောင်းစွာသိတော်မူလေ၏။

ထို့ကြောင့် စတုတ္ထအကြိမ် ခိုင်းစေသောအခါ၌ ဘုရားရှင်က-

'အို..အဆွေဘီလူးမင်း၊ သင်၏ စိတ်အကြံကို ငါ ကောင်းစွာသိပေ၏။ သင် သတ်လိုကသတ်၊ စားလိုကစားလော့။ ငါ မထွက်ချေ'ဟု မိန့်တော်မူလေ၏။

ဘီလူးမင်းလည်း ဘုရားရှင်အား အနိုင်ယူခြင်းငှာ မတတ်နိုင်ဘဲ ရှိလေတော့၏။

နောက်ဆုံး၌ အာဠဝကသည် ဘုရားရှင်အား အနိုင်
စိမ့်သောငှာ မည်သို့မည်ပုံ တိုက်ခိုက်ရကောင်းမည်နည်း
ဦးခေါင်းကွဲလုမတတ် စဉ်းစားရာ ဘုရားရှင်တို့သာ
ဆိုနိုင်စွမ်းရှိသော ပြဿနာတစ်ရပ်ကို စဉ်းစားမိလေ

ယင်းပြဿနာမှာ အာဠဝကဘီလူးကြီး၏ မိဘ
သည် ကဿပမြတ်စွာဘုရားထံမှ တရားမေးနှင့်စပ်သေ
အမေး,အဖြေများကို သင်ယူခဲ့ပြီး အာဠဝကအား တစ်
သင်ကြားပေးခဲ့ဖူးလေ၏။

ဘီလူးကြီးမှာ ကာလကြာမြင့်သောအခါ အဖြေ
မမှတ်မိတော့ဘဲ အမေးပုစ္ဆာကိုသာ မှတ်မိ၍နေလေ

ထိုစဉ်က မိမိ၏ဗိမာန်ကို စုံစမ်းကြည့်ရှုရန်
ရောက်လာကုန်သော အခြား,အခြားသော ရဟန်း၊ ရှင်၊
ပုဂ္ဂိုလ်အသီးသီးတို့အား ထိုမေးခွန်းကို မေးခဲ့ဖူးပေ
မဖြေဆိုနိုင်ကြ၍ ခြေနှစ်ချောင်းကို ပူးကိုင်ကာ ဂင်္ဂါမြစ်
ဟိုမှာဘက် တစ်ဖက်ကမ်းသို့ ပစ်ပေါက်လွှတ်ပစ်ခဲ့သေ
ရဟန်း၊ ရှင်၊ လူတို့ များစွာပင် ရှိခဲ့ဖူးကြလေ၏။

ယခုလည်း ဤမေးခွန်းဖြင့် ဘုရားရှင်အား အနိုင်
မည်ဟု စိတ်၌ အပိုင်ကိုင်၍ ထားလိုက်ပေတော့သတည်း

သို့ဖြင့် အာဠဝကဘီလူးသည် ဘုရားရှင်အား-

'ရဟန်းဂေါတမ..သင့်အား ကျွန်ုပ် ပုစ္ဆာမေးခွ
များ မေးအံ့။ သင် ဖြေဆိုမည်လော'ဟု မေးလေ၏

ဘုရားရှင်လည်း-

'အဆွေဘီလူးမင်း..ကျွန်ုပ် ဖြေဆိုအံ့။ သင်မေးလို
မေးအံ့'ဟု ခွင့်ပြုတော်မူလေ၏။

ထိုအခါ အာဠဝကဘီလူးသည် အောက်ပါမေးခွ
ပုစ္ဆာများအား မေးမြန်းလေတော့၏။

'အို့..ရဟန်းဂေါတမ၊ လောက၌ မြတ်သောဥစ္
ကား အဘယ်နည်း။

အဘယ်အရာကို ကောင်းစွာကျင့်လျှင် ချမ်းသာ
နိုင်သနည်း။

အဘယ်အရာသည် အကောင်းဆုံးဖြစ်သနည်း။

အဘယ်သို့သော အသက်မွေးခြင်းကို အမြတ်
ဆိုရသနည်း'ဟူ၍ ဖြစ်လေ၏။

ထိုအခါ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး-

'အသင်အာဠဝက..လောက၌ မြတ်သောဥစ္စာက
ရတနာသုံးပါးနှင့် ကံ,ကံ၏အကျိုးကို ယုံကြည်သေ

www.burmeseclassic.com

www.burmeseclassic.com

...ုတရားတည်း။

ချမ်းသာစေနိုင်သော တရားကား ကုသလကမ္မပထ ...ဆယ်ပါးတည်း။

မှုသားမပါ မှန်ရာကို ပြောဆိုခြင်းသည် အကောင်း ... အရသာတည်း။

ပစ္စုပ္ပန်သံသရာကို မြော်မြင်သောပညာဖြင့် အသက် ...ခြင်းသည် အမြတ်ဆုံးတည်း' ဟု ဖြေဆိုတော်မူလေ၏။

ဘီလူးကြီး ငြိမ်သွားတော့သတည်း။ ပါးစပ်ထဲ အာ ...ထည့်သွင်းလိုက်သလို စေးကပ်တိတ်ဆိတ်၍သွားတော့ ...တည်း။

ဘုရားရှင်၏ ခွင့်လွှတ်သည်းခံခြင်း အစရှိသည့် ...တ္တာတော်ဖြင့် ပြောဆိုဟောကြား ဖြေကြားလိုက်သော ...ါ၌ ဘီလူးကြီးသည် လွန်စွာထူးကဲလှစွာသော တရား ...တို နာကြားလိုက်ရသလို ခံစားရလေ၏။

ဘီလူးကြီး၏ ဒေါသအရောင်တို့သည် ဖြုတ်ခနဲ ...ခေါင်းအဖျားမှ ပြုတ်ကျ၍ သွားလေတော့၏။ မာန်စွယ် ...တို့ကား ပြုတ်ချေပြီတကား။ စိတ်နှလုံးတို့သည် သိမ်မွေ့ ပျော့ညံ့လာ၏။ နာရင်း၊ နာရင်းကပင် အသိဉာဏ်များ ရရှိသွားလေ၏။ ထို့နောက်တော့ သောတာပတ္တိမဂ်ဉာဏ်ပင် ရရှိသွားလေတော့၏။

အာဠဝကဘီလူးကြီး၏ မာန်စွယ်ပြုတ်ရခြင်း အကြောင်းကား ဤတွင် ရှေ့၍ပြီး၏တည်း။

သင်ခန်းစာယူစရာမှာ သည်းခံခွင့်လွှတ်ခြင်းသည် လည်းကောင်း၊ မေတ္တာတရားတို့သည်လည်းကောင်း အရာရာကို အောင်နိုင်ရာ၏ဟူ၍ဖြစ်၏။ လူအချင်းချင်း မေတ္တာတရားထားတတ်ကြမည်ဆိုလျှင် ယနေ့ကမ္ဘာကြီးသည် ထိုမေတ္တာလက်နက်ကြောင့် စစ်မဲ့ရန်အဖြစ် ထာဝစဉ် ငြိမ်းချမ်းသာယာလျက် ရှိနေမည်မှာ ကေန်အမှန်ပင် ဖြစ်ချေတော့သတည်း။

**အရှင်ဝါယမ**

<u>ကိုးကား</u>

* ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ
သာသနာရေးဝန်ကြီးဌာန
(ဗုဒ္ဓဘာသာတရားတော် အထက်တန်းအဆင့်)။




www.burmeseclassic.com

အနောက်သမုဒ္ဒရာအနီးတွင် ဂင်္ဂါမြစ်ရှိ၏။ ဂင်္ဂါမြစ်၏-အထက်ဘက်ကမ်းတစ်ခုတွင် စိမ်းလန်းစိုပြည်သော မြေအရပ်တစ်ခု ရှိ၏။ ထိုမြေအရပ်ကို စိမ်းလန်းစိုပြည်အောင် စွမ်းဆောင်ပေးထားသည့် သယံဇာတများသည် ထန်းပင်၊ ဥသျှစ်ပင်များ ဖြစ်၏။ ထန်းပင်ကြားတွင် ဥသျှစ်ပင်၊ ဥသျှစ်ပင်ကြားတွင် ထန်းပင်ပေါက်ရောက်နေခြင်း ဖြစ်၏။ ထိုသစ်တောကို လူများ ထိန်းသိမ်းထားခြင်းမရှိ။ လူများ စနစ်တကျ စိုက်ပျိုးပေါင်းသင်ထားသည်လည်း မဟုတ်။ သဘာဝအတိုင်း ပေါက်ရောက်နေကြသော သစ်ပင်များသာ ဖြစ်၏။ ကြီးမွားပြီးသား သစ်ပင်များရှိသလို ကလေးအရပ်သာသာ ကြီးမွားဆဲသော ထန်းပင်များလည်း ရှိ၏။ ထန်းပင်ကလေးများသည် တစ်ပင်စ၊ နှစ်ပင်စ ပေါက်ရောက်နေသည်များ ရှိသလို အပင်ပေါင်းများစွာ စုဝေးပေါက်ရောက်နေသော ထန်းချုံများလည်းရှိ၏။ ကြီးမွားပြီးသော ထန်းပင်၊ ဥသျှစ်ပင်များ၏အရိပ်၊ ကြီးမွားဆဲဖြစ်သော ထန်းချုံများ၏ အရိပ်တို့ကြောင့် မြေပြင်သို့ နေမကျလောက်အောင်ထိ အရိပ်ရ၏။ ဂင်္ဂါမြစ်ပြင်ကို ဖြတ်သန်းရောက်လာကြသော လေတို့ကြောင့်လည်း အေးမြ၏။ အေးမြသာယာမှုတို့သည် တောနေသတ္တဝါများအား ဆွဲဆောင်နေသလို ဖြစ်နေ၏။

ဆွဲဆောင်မှုကောင်းသော၊ အေးမြသာယာသော
တောအုပ်ကျယ်၌ တိရစ္ဆာန်တွေ နေထိုင်လျက်ရှိ၏။
ခြင်္သေ့၊ ကျား၊ ကြံ့၊ နွားနောက်၊ ကျွဲရိုင်း၊ ဝိုင်၊
သမင်၊ ယုန်၊ အခြားသော တိရစ္ဆာန်မျိုးစုံတို့ နေထိုင်
၏။ အေးမြသာယာသော ထိုမြေအရပ်၌ အန္တရာယ်
လည်း ဆီးကြိုလျက်ရှိ၏။ လူတွေ ထိုတောအုပ်သို့

# အရှင်မြဲအာသ
# ဝန်းကျင်နှင့်
# ပေါင်းဆောင်ကောင်





www.burmeseclassic.com

www.burmeseclassic.com

ည်ဆိုလျှင် ပြန်ထွက်နိုင်ဖို့ရာ ခက်၏။ ခြင်္သေ့ တောရိုင်းတိရစ္ဆာန်များ၏ သားကောင်ဖြစ်သွားနိုင် နေထိုင်ကြသော တိရစ္ဆာန်တို့သည်လည်း အန္တရာယ် တွေ့နေရ၏။ တိရစ္ဆာန်တို့၏ သဘာဝသည် ကြီး ငယ်ညှဉ်း လမ်းရိုးရှိ၏။ ကြီးသူက ငယ်သူကို ဟင်း လုပ်တတ်၏။ တောထဲ၌ သွေးမကျသောနေ့သည် ရှား တောထဲ၌ အသက်လုပြေးသံ၊ နာကျင်အော်ဟစ်သံ ကြားရသောနေ့သည် ရှား၏။ နေ့စဉ် တိုက်ပွဲများ နေ့စဉ် သေပွဲများရှိ၏။ နေ့စဉ် ပျော်စရာကောင်း ဖြစ်စဉ်များရှိ၏။ နေ့စဉ် သာယာစရာကောင်းသော သီချင်းသံများရှိ၏။ တိရစ္ဆာန်များဟာ ဝမ်းရေး တွက် နေ့စဉ် သွားလာလှုပ်ရှားနေကြရ၏။ အန္တရာယ် ကို နေ့စဉ် ရှောင်ကွင်းနေကြရ၏။ ကိုယ့်စားကျက် ကိုယ် နေထိုင်သွားလာနေကြ၏။

ယုန်တစ်ကောင်သည် စိမ်းလန်းစိုပြည်သော တော ရသာကို ခံစားလျက်ရှိ၏။ ယုန်သည် ထန်းချုံထဲက နေသော ထန်းလက်ထဲ ဝင်နေခြင်းဖြစ်၏။ သည် သူ့အတွက် ပူပန်စရာသည် မရှိတော့။ စားကျက်က သည်ဖြစ်၍ ဗိုက်တင်းနေပြီဖြစ်သည်။ ယုန်သည် ရန်အတွက် အားယူနေကြ၏။ အိပ်မပျော်သေး၍ များက ချာချာလည်နေ၏။ ချာချာလည်နေသော များကို ရပ်တန့်စေသည့် အတွေးတစ်ခု ယုန်ဦး ထဲသို့ ဝင်ရောက်လာခဲ့၏။

ထိုအတွေးသည် ဒီပထဝီမြေကြီးဟာ ပြိုပျက်သွား ဆိုရင် ငါတို့ ဘယ်ကိုသွားရမှာလဲဟုဖြစ်၏။

လောက၌ တောင်များ ပြိုကျသည်သာရှိ၏။ လျှောင် သည်သာရှိ၏။ မြေကြီးတစ်ခုလုံး ပြိုကျသွားတာမရှိ။ ကြီးတစ်ခုလုံး ပြိုကျလျှင် အဘယ်နေရာသို့ ပြိုကျ ည်နည်း။ ယုန်သည် ပေါက်ပေါက်ချာချာ တွေးနေခြင်း ၏။ ထိုတွေးနေချိန်တွင် ဥသျှစ်သီးတစ်လုံး ကြွေကျ ၏။ ယုန်ဝင်အိပ်နေသော ထန်းလက်ဆီ အသံပြင်းစွာ ၏။ အတွေးနှင့် အံကိုက်ဖြစ်သွားသည့်အခါ ယုန် ည် အပြင်းထန်ဆုံး ကြောက်လန့်သွား၏။

'တကယ် ကမ္ဘာမြေပြိုပြီဟေ့'

ကြောက်စိတ်တို့ လွှမ်းမိုးခံလိုက်ရသော ယုန်သည် မှန်အား စုံစမ်းမှု အလျှင်းမရှိခဲ့ပေ။ ပေါက်ပေါက် ချာချာ အတွေးများကို အမှန်အကန်အဖြစ် စွဲယူခဲ့၏။ ထိုအစွဲအတိုင်း ကမ္ဘာမြေပြိုသည်ဟု ဆုံးဖြတ်ခဲ့၏။ ဆုံးဖြတ်ခဲ့၍ အော်ပြေး၏။ အသက်လုအော်ပြေးနေသော ယုန်ကို အခြားသော ယုန်တစ်ကောင်က မြင်၏။ ထိုယုန် မြင်သောအချိန်တွင် အော်ပြေးသောယုန်သည် မအော်တော့ဘဲ ပြေးနေချိန် ဖြစ်၏။ မြင်သောယုန်က ပြေးရခြင်း အကြောင်းကို စုံစမ်း၏။

'အဆွေ..ဘာလို့ အလွန်ကြောက်လန့်ပြေးနေရတာလဲ'

'အဆွေ..မမေးနဲ့'

ယုန်သည် ပြောအားထက် ပြေးအားသန်နေ၏။ သတ္တဝါတို့၏ သဘာဝသည် မပြောချင်တာကို ပို၍သိချင်ကြ၏။ မြင်သော ယုန်သည်လည်း ပြေးသော ယုန်၏ အကြောင်းကို ပို၍သိချင်၏။ ယုန်နောက်သို့ ပြေးလိုက်၏။ ပြေးလိုက်ရင်း မေး၏။ မေးဖန်များလာသောအခါ ပြေးသောယုန်က ကမ္ဘာမြေပြိုသည့် အကြောင်းကို ပြောလိုက်၏။ ကြားလိုက်သော ယုန်သည်လည်း ကြောက်အားလန့် အားနှင့် ပြေး၏။ ပြေးသောယုန်က မြေပြိုပြီဟု အော် ပြေးသော အော်သံကြားသည့် ယုန်ပေါင်းမြောက်မြားစွာ လည်း အော်ပြေးကြ၏။ ယုန်တွေအော်သံကိုကြား၍ ဆင်တွေ ပြေးကြ၏။ တစ်ဆင့်စကား တစ်ဆင့်ကြား၍ ခြင်္သေ့တွေလည်း ပြေးကြ၏။ ကျားတွေ ပြေးကြ၏။ ကြံ့တွေ ပြေးကြ၏။ နွားနောက်တွေ ပြေးကြ၏။ တောဆွဲတွေ ပြေးကြ၏။ ဝက်တွေ၊ ဆိုင်တွေ၊ သမင်တွေ ပြေးကြ၏။ တော၌ နေထိုင်ကြသော သတ္တဝါအားလုံး ပြေးကြ၏။ တောအုပ်တစ်ခုလုံး ဆူညံနေ၏။ ပြေးသောသတ္တဝါတို့သည် ဖရိုဖရဲပြေးကြခြင်း မဟုတ်ပေ။ တန်းစီပြေးကြခြင်း ဖြစ်၏။ တိရစ္ဆာန်တန်းသည် ယူဇနာတစ်ထောင် ရှိသည် ဆို၏။ ယူဇနာတစ်ထောင်ရှိသော တိရစ္ဆာန်တန်း၏ ပြေးသံတို့သည် တောအုပ်တစ်ခုလုံးသို့ လွှမ်းမိုးထား၏။

တောအုပ်တစ်ခုလုံး ပြေးနေကြသော သတ္တဝါထဲတွင် မပြေးသော သတ္တဝါတစ်ကောင် ရှိ၏။ ထိုသတ္တဝါသည် ခြင်္သေ့တစ်ကောင် ဖြစ်၏။ ခြင်္သေ့သည် သာမန်ခြင်္သေ့ မဟုတ်။ သည်တောအုပ်တွင် ခြင်္သေ့မင်းဖြစ်၏။ ခြင်္သေ့ မင်းသည် မပြေး။ အသက်ဘေးကို မကြောက်၍မဟုတ်။ အကြောင်းအရာ မခိုင်လုံ၍ ဖြစ်၏။ တောတိရစ္ဆာန်တို့၏

www.burmeseclassic.com

အော်သံကို ခြင်္သေ့မင်း ကြားပြီးဖြစ်၏။ ခြင်္သေ့မင်း ရှင်သန်လာခဲ့သော ဘဝတစ်လျှောက်၌ ကမ္ဘာမြေပြိုသည်ကို မတွေ့ကြုံဖူး၊ မကြားဖူးပေ။ ခြင်္သေ့မင်း၏ ဘိုးဘွား၊ ဘီ၊ ဘင် အဆက်ဆက်ကလည်း မတွေ့ကြုံဖူး၊ မကြားဖူးပေ။ ခြင်္သေ့မင်းသည် မြေပြိုတာမဟုတ်ကြောင်း ဆုံးဖြတ်၏။ တစ်စုံတစ်ရာ လွဲမှားနေကြောင်း ကောက်ချက်ပြု၏။ ပြေးသွားနေသော သတ္တဝါများသည် အားအင်ကုန်ခန်း၍ သေသွားနိုင်၏။ ခြင်္သေ့မင်းသည် သတ္တဝါတို့၏ အသက်ကို ကယ်လို၏။

တိရစ္ဆာန်များ ဦးတည်ရာအရပ်သည် သမုဒ္ဒရာဖြစ်၏။ တစ်ယူဇနာလောက် သွားလိုက်လျှင် သမုဒ္ဒရာသို့ ရောက်မည် ဖြစ်၏။ ခြင်္သေ့မင်းသည် တစ်အားကုန် ပြေး၏။ တိရစ္ဆာန်တို့၏ ရှေ့ဆုံးသို့ ရောက်သွား၏။ တောင်ကုန်းငယ် တစ်ခုသို့ ပြေးတက်သွား၏။ တိရစ္ဆာန်အားလုံး ဒူးတုန်ကြောက်ရွံ့သော သီဟနာဒခြင်္သေ့မင်း အသံနှင့် ဟိန်းဟောက်ပစ်၏။ ခြင်္သေ့မင်းအသံကို ကြားသည့်အခါ တိရစ္ဆာန်တို့ ခြေလှမ်းများ တုံ့ဆိုင်းရပ်သွား၏။ တိရစ္ဆာန်တို့သည် မြေပြိုတာထက် ခြင်္သေ့မင်းအသံကို ပို၍ကြောက်ကြ၏။ အသံလာရာသို့ ကြည့်လိုက်သည့်အခါ တောင်ကုန်းမှာ တည်ကြည်စွာ ရပ်နေသော ခြင်္သေ့မင်းကို မြင်ကြ၏။ တိရစ္ဆာန်တို့သည် စီတန်းပြေးလာရင်းမှ စုဝေးကြကုန်၏။ စုဝေးသွားသည့်အခါ သုံးယူဇနာ ကျယ်သည်ဟု ဆို၏။

'မင်းတို့ ဘာဖြစ်ကြတာလဲ'

'မြေပြိုလို့ပါ'

တစ်ကောင်တည်း ဖြေဆိုသည့်စကား မဟုတ်။ တိရစ္ဆာန်အားလုံး တစ်သံတည်း ထွက်သောစကား ဖြစ်၏။

'မင်းတို့ထဲက ဘယ်သူမြေပြိုတာကို မြင်ခဲ့လဲ'

ခြင်္သေ့မင်းက ဒုတိယမေးလိုက်သော မေးခွန်းကိုမူ တစ်သံတည်း မဖြေနိုင်ပေ။ တိရစ္ဆာန်များစွာ ဝေ့ဝေသွားကြ၏။ ပြေးကြသော တိရစ္ဆာန်တို့သည် လက်တွေ့ မြင်တွေ့ခြင်းနှင့် ပြေးကြတာမဟုတ်၊ အကြားသက်သက်ဖြင့် ပြေးကြတာဖြစ်၏။ မမြင်ကြသည်ဖြစ်၍ အဖြေမပေးနိုင်ကြ။ တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုးဖို့ ဖြစ်ကြ၏။ လက်ညှိုးထိုးပြသည့် တိရစ္ဆာန်ကို ခြင်္သေ့မင်း

မေး၏။ မေးသည့် တိရစ္ဆာန်တိုင်း မသိကြ။ နောက်ဆုံး ပြဿနာကို အစဖော်ခဲ့တဲ့ ယုန်ဆီ ရောက်လာတော့၏။ ခြင်္သေ့မင်းလည်း ညွှန်ပြသည့်အတိုင်း မေး၏။

'အဆွေတော် ယုန်၊ မြေပြိုတာကို သင် အမှန် တကယ် မြင်ခဲ့လား'

'မှန်ပါတယ် ခြင်္သေ့မင်း၊ မြေပြိုတာကို ကျွန်ုပ် တကယ်မြင်ခဲ့တာပါ'

'ကောင်းပြီ။ သင် ဘယ်နေရာမှာ နေခဲ့တုန်းက မြေ ပြိုတာကို မြင်ခဲ့တာလဲ'

ယုန်သည် ခြင်္သေ့မင်းမေးသည်ကို လိမ်မ္မာစွာ၍ မ... ဆို။ သူ ထန်းလက်အောက်မှာ အိပ်ဖို့နေရာယူနေသည်... စ၍ ဇာတ်ကြောင်းစုံကို ပြောပြ၏။ ဇာတ်ရေလည်လာ တော့ ခြင်္သေ့မင်း အဖြစ်မှန်ကို ကောက်ချက်ချခဲ့၏။ ယု... သည် ဥသျှစ်သီးကြွေကျသည်ကို အတွေးအတိုင်း မြေ ပြိုသည်ဟု ထင်ခဲ့ခြင်းဖြစ်လိမ့်မည်လို့ ခြင်္သေ့မင်း ကောက် ချက်ချခြင်းဖြစ်၏။ ခြင်္သေ့မင်းသည် သူ ကောက်ချက်... သည့်အတိုင်း တိရစ္ဆာန်တို့အား မပြောပြ။ ပြဿနာကို လက်တွေ့ရှင်းရန် ဆုံးဖြတ်၏။

ခြင်္သေ့မင်းသည် မြေပြိုသည့် နေရာကို လိုက်ပြ... ယုန်ကို ခေါ်၏။ ယုန် မသွားရဲပေ။ မြေပိ၍ သေမှာ ကြောက်နေ၏။ ခြင်္သေ့မင်းသည် ယုန်ကို အသက်အာမ... ချက် ပေးရ၏။ ယုန်ကို ခြင်္သေ့မင်းကျောပေါ် တက်ခိုင်း ၏။ ယုန်သည်လည်း ခြင်္သေ့မင်း၏ အသက်အာမခံချက် ပေးမှုကို ယုံကြည်၍ ခြင်္သေ့မင်းကျောပေါ် တက်... ခြင်္သေ့မင်းသည် လျင်မြန်သောအဟုန်ဖြင့် ပြေးလာခဲ့၏ ယုန်အိပ်နေခဲ့သော နေရာနှင့် မလှမ်းမကမ်းသို့ ရောက် လာသောအခါ ယုန် မသွားရဲတော့ပေ။

'အရှင်ခြင်္သေ့မင်း . မြေပြိုတဲ့နေရာဟာ ထိုနေရာ ပဲ။ ကျွန်ုပ် ထိုနေရာမှာ နေပါတယ်။ ကျွန်ုပ် နေနေတဲ့အ... ဝုန်းခနဲဆိုတဲ့အသံကြီး ဖြစ်လာပါတယ်။ ဘာကြောင့် ... နေရာမှာ ဝုန်းခနဲအသံကြီး ဖြစ်လာတယ်ဆိုတာ ကျွန်ုပ် လည်း မသိပါ'

ယုန်သည် တိရစ္ဆာန်များအလယ်တွင် မြေပြိုသည်... သာ အဓိကထား ပြောခဲ့၏။ ယခုမှ သူ့စကား... အနည်းငယ် လွဲလာခဲ့၏။ ယုန်အနေနှင့် စကားများ ... သို့ပင် လွဲစေကာမူ ခြင်္သေ့မင်းအတွက် အရေးမပါ...

www.burmeseclassic.com

www.burmeseclassic.com

...ခြင်းသည် ယုန်ညွန်ပြသည့် နေရာသို့သာ တန်းတန်း ...တ် သွားခဲ့သည်။ ခြောက်သွေ့နေသော ထန်းလက် ...ထ်ကို တွေ့၏။ ကြွေကျနေသော ဥသျှစ်သီးတစ် ...ကို တွေ့၏။ ခြင်္သေ့မင်း ကောက်ချက်ချသည့်အတိုင်း ...ပြိုခြင်းမဟုတ်ဘဲ ဥသျှစ်သီးကြွေကျခြင်းသာဖြစ်၏ ခြင်္သေ့မင်းသည် တိရစ္ဆာန်တို့အား သေချာရှင်းပြလိုက် ...တိရစ္ဆာန်တို့သည် ရင်အေးသွားကြရ၏။

ပြဿနာတိုင်းတွင် အကြောင်းရင်းသည် ရှိ၏။ ...ကြောင်းရင်းမရှိသော ပြဿနာသည် လုံးလုံးမရှိပေ။ ...နာတစ်ခု ငြိမ်းအေးစေဖို့အတွက် ကြိုးစားရာတွင် ...ပြောသက်သက်နှင့် မပြီးမြောက်နိုင်။ အပြောသက် ...က်နှင့် ပြဿနာငြိမ်းအေးသည်ဆိုလျှင် ထိုငြိမ်းအေးခြင်း ...ည် ရေရှည်ငြိမ်းအေးခြင်းမဖြစ်။ တစ်ခဏသာ ငြိမ်း ...ခြင်းဖြစ်၏။ ဆက်ဆံရေးနှင့် စိတ်ထဲတွင် အဖုအထစ် ... ရှင်းရှင်းလင်းလင်းရှိမှ တကယ်ငြိမ်းအေးခြင်းကို ... အဖုအထစ်မရှိ ငြိမ်းအေးဖို့ရာ အပြောနှင့်လည်း ...သေပြရ၏။ အလုပ်နှင့်လည်း သက်သေပြရ၏။ ထို ...ပြော ထိုအလုပ်တို့သည် အနာနှင့်ဆေး တည့်တည့်ကျ ...သော အခြေအနေရှိရမည် ဖြစ်၏။ အနာတခြား ဆေး ...ခြား အခြေအနေတွင် ရှိမနေရပေ။ အနာတခြား ဆေး ...ခြား အခြေအနေတွင် ရှိနေလျှင် ပြောသော အပြော၊ ...ပ်သော အလုပ်တို့သည် ပြဿနာကို မီးမောင်းထိုးပေး ...ရာ ကျသွားနိုင်၏။ အမှိုက်ကစ ပြာသာဒ်မီးလောင် ဖြစ် ...သွားနိုင်၏။ ထိုကဲ့သို့မဖြစ်ရအောင် ပြောသော အပြော၊ ...ပ်သော အလုပ် တို့သည် ပြဿနာနှင့် အံဝင်ခွင်ကျ ...ဖြစ်၏။ အံဝင်ခွင်ကျရှိဖို့ ပြဿနာ၏ အကြောင်းရင်း ...ကို မသိလို့ မရပေ။

ပြဿနာ၏ အကြောင်းရင်းကို သိဖို့အတွက် စဉ်းစား ...ခေါ်ဉာဏ် ရှိရမည်ဖြစ်၏။ ပြဿနာ၏ အခြေအနေ ...ကို အနီးစပ်ဆုံး တွေးခေါ်နိုင်ဖို့ လို၏။ ယုန်သည် ...အုန်းဆိုသော အသံကို ကြားခဲ့၏။ ထိုအသံသည် ယုန် ...အတွက် ပြဿနာဖြစ်၏။ ယုန်သည် မြေပြိုသည်ဟု ...ယူခဲ့၏။ ထိုသည် ပြဿနာ၏ အခြေအနေမှန်ကို အနီး ...ဆုံး တွေးခေါ်နိုင်ခဲ့ခြင်းမဟုတ်။ ကြောက်စိတ်၏ လွှမ်း ...ခြင်းကို ခံလိုက်ရခြင်းဖြစ်၏။ ယုန်အနေဖြင့် ကြောက် ...ကို လွှမ်းမိုးခွင့်မပြုဘဲ ထန်းလက်အောက်က အပြင် ထွက်ကြည့်လိုက်လျှင်ပင် ပြဿနာ၏ အခြေအနေအမှန်ကို တိတိကျကျ သိနိုင်၏။ ခြောက်သွေ့သော ထန်းလက်၊ ကြွေကျနေသော ဥသျှစ်သီးတို့က ထင်ရှားနေသည် ဖြစ်၏။ ယုန်သည် အပြင်ထွက်ပြေးခဲ့၏။ ကြောက်စိတ်၏ လွှမ်းမိုးခြင်းကို ခံရဖို့အတွက် ယုန်၏ အတွေးအခေါ်များက ရက်ရက်ရောရော တွန်းအားများပေးခဲ့ခြင်း ဖြစ်၏။ ထိုတွန်းအားများက ကြောက်စိတ်ကို မွေးဖွားပေးခဲ့၏။ ကြောက်စိတ်က စဉ်းစားတွေးခေါ်ဉာဏ်ကို တိုက်ဖျက်ခဲ့၏။ စဉ်းစားတွေးခေါ်ဉာဏ် မရှိသည့် ဆုံးဖြတ်ချက်က ပြဿနာ၏ အကြောင်းရင်းကို မရရှိဘဲ ပြဿနာကို မီးမောင်းထိုးပြခဲ့၏။ တိုးတိုးတိတ်တိတ် ငြိမ်းသွားရမည့် ပြဿနာတစ်ခုသည် ဆူဆူညံညံ ဖြစ်သွားရ၏။ တစ်ယောက်တည်း ဖြေရှင်းနိုင်သော ပြဿနာသည် တောအုပ်တစ်ခုလုံးသို့ ရိုက်ခတ်ခဲ့၏။ တောအုပ်တစ်ခုလုံး ကြောက်လန့်ခဲ့ရ၏။

ဝန်းကျင်တစ်ခု၌ ခေါင်းဆောင်ကောင်းသည် လိုအပ်၏။ အများကို ဦးဆောင်နေသည့် လူတိုင်းသည် ခေါင်းဆောင်ကောင်း မဖြစ်။ ပညာတတ်သော လူတိုင်းသည် ခေါင်းဆောင်ကောင်း မဖြစ်။ တချို့သော ခေါင်းဆောင်တို့သည် နေရာတည်မြဲမှုကို ဦးစားပေး၏။ ကိုယ့်နေရာ တည်မြဲဖို့အတွက် ဝန်းကျင်ကို အသုံးချ၏။ စကားချိုချိုသုံးပြီး ဝန်းကျင်ကို ပိုင်းဖြတ်တတ်၏။ ဝန်းကျင်သည် ထိုလူ၏ အသုံးတော်ခံသာ ဖြစ်သွားရ၏။ ထိုလူ၏ ကျေးကျွန်ကဲ့သို့ ဖြစ်သွားရ၏။ ထိုလူသည် ခေါင်းဆောင်ကောင်း မဖြစ်။ ပြဿနာကောင်သာဖြစ်၏။ ထိုလူ၏ အတတ်ပညာ၊ အသိပညာတို့သည် ပြဿနာအစုအဝေးသာဖြစ်၏။

ခေါင်းဆောင်ကောင်းသည် ပြဿနာကို ဖြေရှင်းတတ်သူ ဖြစ်၏။ ဝန်းကျင်သို့ကျရောက်မည့် ပြဿနာကို တားဆီးပေးသူဖြစ်၏။ တာဝန်ယူလိုစိတ်နှင့် တာဝန်သိသူ ဖြစ်၏။ ခြင်္သေ့မင်းသာ မရှိခဲ့လျှင် သတ္တဝါများစွာတို့သည် သမုဒ္ဒရာထဲသို့ ကျကုန်မည်ဖြစ်၏။ အသက်ပေါင်းများစွာ စတေးရမည် ဖြစ်၏။ ခြင်္သေ့မင်းရှိ၍ အသက်ပေါင်းများစွာ ချမ်းသာရာရခဲ့၏။ ထိုသည် ခေါင်းဆောင်ကောင်း တစ်ယောက် ချစ်စဖွယ်ခေါင်းဆောင်မှုတစ်ရပ် ဖြစ်ပေ၏။

မေတ္တာဖြင့်

ဓမ္မဃောသက အရှင်ပြဘာသ



www.burmeseclassic.com

www.burmeseclassic.com

လူမျိုး၊ ဘာသာ မရွေး အမျိုးသား၊ အမျိုးသမီးတို့သည် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ ရတနာပစ္စည်းများကို နှံမင်နှစ်ခြိုက်စွာ ဝတ်ဆင်ကြသည်။ အထူးသဖြင့် မိမိတို့ နှစ်သက်ရာ မွေးဖွားသောနေ့နံနှင့် လျော်ညီစွာ ကျောက်တစ်မျိုးမျိုးကို ရွှေ၊ ငွေ အစရှိသော သတ္တုပစ္စည်းတို့နှင့် ကွင်း၍ ဝတ်ဆင်သကဲ့သို့ အဆောင်ပစ္စည်းအဖြစ်ဖြင့်လည်း လက်ဝယ်တွင် အမြတ်တနိုး သိမ်းဆည်းတန်ဖိုးထားတတ်ကြလေသည်။

ကျောက်တို့တွင် တန်ခိုးကုဒ္ဓိပါဒ်ရှိသည်ဟု ယုံကြည်၍ ပတ္တမြားဘုန်းတောက်၊ မြကျောက်အေးချမ်း၊ စိန်စွမ်းဂုဏ်ရောင်၊ ကြောင်ကားသိဒ္ဓိ၊ မဏိနီလာ၊ မေတ္တာကဲချုပ်၊ ဂေါမုတ်ခွန်အား၊ ဥဿဖရားကျန်းမာ၊ သန္တာကြီးကဲ၊ ပုလဲကျက်သရေ၊ ကိုးဂုဏ်ဝေသည်၊ ကိုးထွေနဝရတ် စွမ်းရည်တည်းဟူ၍ ရှေးပညာရှင်များ စပ်ဆိုခဲ့ကြသည်။

ကျောက်မျက်ရတနာ ဆင်မြန်းဝတ်ဆင်ထားသူ
အသီးသီးသော ကျောက်တို့၏ တန်ခိုးစွမ်းအားဖြင့် တ
တစ်ရာ အကျိုးပြုလိမ့်မည်ဟု ယုံကြည်ထားကြသည်
ထို့ကြောင့် ရတနာကိုးပါး စီခြယ်ထားသော နဝရ
ကိုးပါး, လက်စွပ်ကို စီရင်ပြုလုပ် ဝတ်ဆင်ကြသည်

မြန်မာ့မြေသည် သဘာဝတရားကြီးက ဖန်တီးပေ
သော ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေ အစရှိသော တွင်
ထွက်ပစ္စည်း အမျိုးမျိုးတို့ နေရာဒေသမြောက်မြားစွာတွင်
ထွက်ရှိသည်။ ဤတွင် ရတနာတို့၏ အမိမြေဟု တင်
ထိုက်သော မိုးကုတ်မြေကား ကမ္ဘာ့တန်းဝင် အရည်
အသွေးမီ ပတ္တမြား ထွက်ရှိမှုကြောင့် လူသိများ ထင်ရှား
လျက်ရှိသည်။ အထူးသဖြင့် ပတ္တမြားငမောက်လို ပတ္တ




www.burmeseclassic.com

www.burmeseclassic.com

ကြီး ထွက်ရှိရာ ဒေသဖြစ်ခြင်းကြောင့်လည်း ကမ္ဘာ ကျော်ကြားနေလေသည်။

ကျူပင်၊ ဝါးပင်၊ ပေပင်တို့တွင် အသီး သီးလာခြင်းသည် ထိုအသီးသီးသော အပင်ကို သေစေသကဲ့သို့ မြန်မာ့မြေတွင် အဖိုးတန်သယံဇာတပစ္စည်းများ ထွက်ပေါ်လာခြင်းသည်လည်း မြန်မာ့မြေကို အန္တရာယ်ကျရောက်စေခဲ့သည်။ နယ်ချဲ့မိစ္ဆာတို့သည် ကိုယ့်မင်းကိုယ့်ချင်းနှင့် အေးအေးချမ်းချမ်း နေထိုင်လျက်ရှိသော မြန်မာတို့ကို သယံဇာတပစ္စည်းများ ငမ်းငမ်းတက်လိုချင်သော လောဘဇောဖြင့် ပရိယာယ်အမျိုးမျိုးကိုသုံး၍ ရန်စပြီး မြန်မာ့မြေကို ကျူးကျော်သိမ်းပိုက်ခဲ့သည်။

မြန်မာ့သမိုင်း စာမျက်နှာတွင် မြန်မာနိုင်ငံကို တစ်စည်းတစ်လုံးတည်းဖြစ်အောင် ဆောင်ရွက်ခဲ့သော မင်းများအဖြစ် ပုဂံခေတ် အနော်ရထာ၊ တောင်ငူခေတ် ဘုရင့်နောင်၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားတို့ကို မှတ်တမ်းတင်ထားသည်။ ကုန်းဘောင်ခေတ်တွင် အင်္ဂလိပ်နှင့် မြန်မာ စစ်သုံးကြိမ်ဖြစ်၍ တတိယစစ်ပွဲ(၁၈၈၅ မှ ၁၈၈၆) ဗြိတိသျှတို့ မန္တလေးနေပြည်တော် ဆိပ်ကမ်းသို့ (၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်နေ့ နံနက်(၁၀)နာရီတွင် ရေကြောင်းချီ၍ ဆိုက်ရောက်လာသည်။

ထိုနေ့ (၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်၊ မွန်းလွဲ(၁)နာရီ (၃၀)မိနစ်တွင် ဗြိတိသျှတပ်ပေါင်းစု စစ်သားများ ကုန်းပေါ်သို့ ဆင်းသည်။ မွန်းလွဲ(၂)နာရီတိတိတွင် မန္တလေးမြို့သို့ စစ်ကြောင်းသုံးကြောင်းဖြန့်၍ ချီတက်သည်။ ဗြိတိသျှတို့သည် မန္တလေးမြို့ကို ဝိုင်းရံထားပြီးနောက် ကာနယ်စလေဒင်သည် သီပေါဘုရင်ရွှေတော်မှောက် ဝင်ရောက်ပြီး သီပေါဘုရင်နှင့် ညနေ(၅)နာရီအထိ ဆွေးနွေးသည်။

မန္တလေးဆိပ်ကမ်း ခူဝံသင်္ဘောပေါ်တွင်ရှိသော ဗြိတိသျှစစ်သေနာပတိချုပ် ဒီပရင်းဒါးတတ်(စ်)ထံ ကာနယ်စလေဒင်မှ သီပေါမင်းသည် ၄င်းနှင့်တကွ တိုင်းပြည်ကို အခြေအချက်မရှိ အပ်နှင်းမည်ဖြစ်ကြောင်း အစီရင်ခံလေသည်။ နန်းတော်တွင်း၌ကား အငိုက်မိခံလိုက်ရသော သီပေါဘုရင်၊ မိဖုရားနှင့် အမှုးအမတ် တစ်စုတို့သည် ကြံစည်တတ်ဘဲ ဆောက်တည်ရာမရ ဖြစ်နေကြကုန်သည်။ ဗြိတိသျှတို့သည် ဗိုလ်မှူးချုပ်ပွိုက်အား စစ်သည်လက်နက် အပြည့်အစုံနှင့် နန်းတွင်း၌ အစောင့်ထားကာ ကျွန်တပ်ဖွဲ့များအားလုံး ရုပ်သိမ်းသွားကြသည်။

(၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်၊ နံနက်(၁၀)နာရီ (၁၅)မိနစ်တွင် ဗြိတိသျှတပ်ပေါင်းစုသည် စစ်ဌာနချုပ်တည်ရှိရာ သင်္ဘောဆိပ်မှ မြို့တွင်းသို့ စတင်ထွက်ခွာသည်။ ကာနယ်စလေဒင် ဦးဆောင်သော ဗြိတိသျှတပ်ဖွဲ့သည် မွန်းလွဲ(၁)နာရီတွင် နန်းတွင်းသို့ ဝင်ရောက်ပြီး သီပေါဘုရင်နှင့်တွေ့၍ ယခုပင် လိုက်ပါရန် ပြောသည်။ ဘုရင်နှင့် မိဖုရားတို့က တစ်ရက်၊ နှစ်ရက်မျှ ဆိုင်းငံ့ရန် ပြောသော်လည်း စစ်သေနာပတိချုပ်က ရက်ရွှေ့၍ မဖြစ်ကြောင်း၊ ချင်ချင်းလိုက်ပါရန် ပြောသဖြင့် အလျင်အမြန် ပြင်ဆင်ကြရသည်။

ဤတွင် သီပေါမင်း ရွှေတော်မှောက်သို့ ကာနယ်စလေဒင် ဝင်ရောက်လာပြီး နန်းစဉ်ရတနာပစ္စည်းများမှစ၍ မင်းအသုံးအဆောင် ရတနာပစ္စည်းများကို မပျောက်ပျက်ရအောင် ထိန်းသိမ်းထားပါ့မည်ကြောင်း ပြောလာသဖြင့် စာရင်းနှင့်တကွ ပေးအပ်ခဲ့ရသည်။ တန်ဖိုးဖြတ်ခြင်းငှာ မရနိုင်သော နန်းစဉ်ရတနာပစ္စည်းများ၊ မင်းနှင့် မိဖုရားတို့၏ ကိုယ်ပိုင်ရတနာများ၊ မယ်တော် ဆင်ဖြူမရှင်ပိုင် ရတနာများအပါအဝင် ပတ္တမြားငမောက်ကျောက်ကြီးပါ ပါဝင်ခဲ့သည်။

မြန်မာသက္ကရာဇ်(၁၂၄၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်၊ (၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်တွင် သီပေါဘုရင် ပါတော်မူခြင်းဖြင့် မြန်မာတို့ တိုင်းတစ်ပါးလက်အောက် ကျွန်သဘောက် ဖြစ်ခဲ့ရသည်။ ထို့အတူ တန်ဖိုးအနန္တ ပိုင်းဖြတ်မရနိုင်သော တိုင်းပြည်၏ ရတနာပစ္စည်းမြောက်မြားစွာကို နယ်ချဲ့မိစ္ဆာများက လုယူသိမ်းပိုက်သွားခြင်းကြောင့် များစွာဆုံးရှုံးခဲ့ရလေသည်။

ဤတွင် ရတီချိန်(၈၀)ရှိသော ပတ္တမြားငမောက်ကြီးသည် ဗြိတိသျှတို့၏လက်ဝယ်သို့ ပါသွားခြင်းကား လွန်စွာဆိုးရွား၍ သမိုင်းကို ရိုင်းစေခဲ့သည်။ မြန်မာ့မြေတွင်းထွက်စစ်စစ်ဖြစ်သည့် ကမ္ဘာကျော်အောင်သိနေသော ပတ္တမြားကြီးကို လုယူသွားခြင်းကြောင့်လည်း ဗြိတိသျှတို့အဖို့ ကမ္ဘာတည်နေသရွေ့ သမိုင်းဆိုးတွင်နေမည်သာ ဖြစ်လိမ့်မည်။

မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှထွက်သော ပတ္တ

www.burmeseclassic.com

မြားငမောက်သည် ရတီချိန်(၉၀)ရှိပြီး အရည်အသွေး အလွန်ကောင်းမွန်ခြင်းကြောင့် ကမ္ဘာတိုင်အောင် ကျော်ကြားခဲ့သည်။ ဆွတ်ဆွတ်ဖြူသော ဝါဂွမ်းထဲတွင်လည်းကောင်း၊ နွားနို့ရည်ထဲသို့လည်းကောင်း ထိုပတ္တမြားကို ထည့်လိုက်လျှင် ဝါဂွမ်းနှင့် နွားနို့တို့ပင် အနီရောင်ပြောင်းလာသည်ဟု ဆိုသည်။

ပတ္တမြားကြီးကို လက်ညှိုးနှင့် လက်မ ညှပ်ကိုင်ထားလျှင် အရည်တဖိတ်ဖိတ်လည်နေပြီး ပေါက်ကွဲယိုစီးလာတော့မည်လား ထင်ရသည်။ အမှောင်ထဲတွင် အနီရောင် တလျှမ်းလျှမ်းဖြာထွက်၍ လက်ထဲ၌ မည်မျှကြာကြာ ဆုပ်ကိုင်ထားသော်လည်း အေးမြနေသည်။ ထိုပတ္တမြားကို ရေတွင် စိမ်သောက်ပါက လည်ချောင်းနာ၊ ရင်ပူနာ၊ ခေါင်းကိုက်နာနှင့် ဇက်လေး မူးမော် မောပန်းခြင်းတို့ ပျောက်ကင်းပြီး အားအင်တိုးပွားလာသည်ဟု ဆိုသည်။

အလွန်စိတ်ဝင်စားဖွယ်ဖြစ်သော ပတ္တမြားငမောက်၏ သမိုင်းကား မတူကွဲပြား မှုကွဲအမျိုးမျိုး ခြားနားလျက်ရှိသည်။ ထိုပတ္တမြားငမောက်ကို မိုးကုတ်နယ်မြေအတွင်း အင်ကြင်းတောင်မှ ရသည်ဟုလည်းကောင်း၊ အင်းခေါင်းဒေသမှ ရရှိသည်ဟူ၍လည်းကောင်း ဆိုကြသည်။

ချင်းတွင်းနယ်သား ငမောက်ဆိုသူသည် မိုးကုတ်နယ်သို့ ရောက်လာကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အခြေချနေထိုင်သည်။ တစ်ညသော အမှောင်ထဲတွင် မိမိဝိုင်းခြံအတွင်းမှ အရောင်တလက်လက်နှင့် ထူးခြားစွာ တောက်ပနေသော အရာတစ်ခုကို မြင်တွေ့ရသည်။ သွားရောက်စူးစမ်း ရှာဖွေကြည့်ရာ ကြီးမားသော အနီရောင်ကျောက်တုံးတစ်လုံး ဖြစ်နေသည်ကို တွေ့ရသဖြင့် အိမ်သို့ ယူဆောင်၍ သိမ်းဆည်းထားခဲ့သည်။

တစ်နေ့တွင် ငမောက်သည် ထိုပတ္တမြားကြီးကို ထက်ခြမ်းခွဲ၍ တစ်ခြမ်းကို ယောက်ဖဖြစ်သူ မောင်ရွှေထံအပ်ပြီး တရုတ်နိုင်ငံသို့ စေလွှတ်ရောင်းချခိုင်းလိုက်သည်။ ကျန်သော တစ်ခြမ်းကို သက္ကရာဇ်(၁၀၂၃)ခုနှစ်တွင် အင်းဝရွှေမြို့တော် ငါးထပ်ကြီးဒါယကာ ပင်းတလဲမင်းထံ ဆက်သခဲ့သည်။ ဘုရင်မင်းမြတ်လည်း များစွာနှစ်ထောင်းအားရ ရှိတော်မူသဖြင့် ဆက်သူ ငမောက်အား ဆုတော်လာဘ်တော်များ ချီးမြှင့်ပေးသနားတော်မူ၍ ပတ္တမြားကိုလည်း ငမောက်ပတ္တမြားဟု ထင်ရှားကျော်စောလေသည်။

တရုတ်နိုင်ငံသို့ ရောက်ရှိသွားသော ပတ္တမြားတ... ခြမ်းကား တရုတ်နိုင်ငံအတွင်း မင်းမင်းဆက် မတည်မငြိမ် ဖြစ်ကာ ပြည်တွင်းမငြိမ်မသက်မှုနှင့် ကြုံနေသဖြင့် ... အားလျော်စွာ မြန်မာနိုင်ငံထဲသို့ ပြန်လည်ရောက်ရှိလာ... သည်။ မြန်မာနိုင်ငံသို့ ခိုလှုံဝင်ရောက်လာသော တရု... ကုန်သည် တစ်ဦးနှင့် ပြန်ပါလာခြင်းဖြစ်ပြီး မြန်မာမင်း... ထံ ဆက်သရာ ဘုရင်မင်းမြတ်က လွန်စွာနှစ်သက်တော်... သဖြင့် ထိုတရုတ်ကုန်သည်အား ဆုတော်ငွေများ ... သနားတော်မူခဲ့သည်။

မင်းကြီး၏ စိတ်တော်တွင် ယခင် ငမောက်ဆက်... သော ပတ္တမြားနှင့်တူနေသဖြင့် တရုတ်ကုန်သည်ဆက်... သော ပတ္တမြားနှင့် ဆက်စပ်ကြည့်ရာ တစ်လုံးတည်း... သော ပတ္တမြားကြီးဖြစ်နေသည်။ မင်းကြီးလည်း ငမော... အား မူလကတည်းက ပတ္တမြားတစ်လုံးလုံးကို မဆက်... ရသလောဟု ဒေါသအမျက်ခြောင်းခြောင်း ထွက်စေတော်... မူသည်။

မင်းပရိယာယ်ဖြင့် ငမောက်၏ ဆွေခုနစ်ဆက် မျိုး... ခုနစ်ဆက်တို့ကိုဆင့်ခေါ်၍ မိုးကုတ်မြေရှေ ဝေးရာတော... ကုန်းပေါ်တွင် မီးကျုပ်စင်များပြုလုပ်ပြီး မီးရှို့ကွပ်မျက်... သည်။ ငမောက်နှင့်တကွ ဆွေမျိုးများ သေဆုံးခဲ့သော... ရာကို လောင်းစင်ရွာဟူ၍လည်းကောင်း၊ ရေနှင့်ဝေးသော... နေရာဖြစ်၍ ရေဝေးရွာ (ယခုအခါ ရေဝေရွာ)ဟူ၍လည်း... ကောင်း ခေါ်ဆိုနေကြသေးသည်။

ဆွေမျိုးတစ်စုအား မီးနှင့်တိုက်နေသည်ကို ငမော... ၏အစ်မ ဒေါ်နန်းမြင်လျှင် လွတ်ရာသို့ ပြေးစေသည်... ကြောက်လန့်တကြား ထွက်ပြေးလာသော ဒေါ်နန်းသည်... တောင်ပေါ်တစ်ခုသို့အရောက်တွင် မီးတိုက်နေသော ... ရာသို့ ပြန်လှည့်ကြည့်ရာ ပူပင်သောက စိတ်ဒုက္ခဖြစ်... စိတ်မခိုင်ဘဲ ရင်ကွဲနာကျကာ သေဆုံးသွားရှာသည်။ ဒေါ်... နန်း လှည့်ကြည့်သည့်တောင်ကို အစွဲပြု၍ ဒေါ်နန်းကြ... တောင်၊ ကာလကြာလာသည်နှင့်အမျှ ဒေါ်နန်းကြ... တောင်ဟု ခေါ်ဝေါ်လာကြသည်။

ပတ္တမြားငမောက် ဖြစ်လာရသည့် သမိုင်းနောက်... ကား မတူကွဲပြား မှုကွဲများ ရှိခဲ့သည်။ အကြောင်းခြင်း... တို့အနက် ဘောင်ရမ်းခေတ် မိုင်းလုံသွားလမ်းမပေါ်...

www.burmeseclassic.com

www.burmeseclassic.com

...ည့် ကျောက်တစ်လုံးဒေသမှ ရွာသားတစ်ဦးက ပတ္တ...ကြီးတစ်လုံးကို တူးဖော်ရရှိခဲ့သည်။ ထိုကျောက်ကို ...မှ ရွာသားသည် ကျောက်၏ အရည်အသွေးတန်ဖိုးကို ...လည်သဖြင့် ကျောက်ကို သုံးပိုင်း,ပိုင်း၍ သိမ်းထား...သည်။

ကာလကြာသောအခါ ကျောက်တစ်ပိုင်းမှာ ခိုးသား...တက်ထဲ ရောက်သွား၍ တစ်ပိုင်းက တိုင်းတစ်ပါး...ရှိသည်လက်ထဲ ရောက်သွားပြီး ကျန်တစ်ပိုင်းကမူ ...လောင်အမျိုးသမီးကြီးလက်ဝယ် ရောက်သွားခဲ့သည်။ ...လောင်အမျိုးသမီးကြီးထံ ရောက်သွားသော ပတ္တမြားမှာ ...ရည်အသွေး အလွန်ကောင်းမွန်သောကြောင့် အလင်း...ောင် တလျှံလျှံထွက်ပြီး မီးမထွန်းဘဲ ပတ္တမြား၏အလင်း...ောင် ညအခါ ဗိုင်းငင် ဝါဖန့်နိုင်သည်။

ပတ္တမြား၏ တန်ဖိုးကိုမသိသော ပလောင်အမျိုးသမီး...ကြီးသည် ပတ္တမြားကို ချင်းတွင်းနယ်မှလာသော ကုန်...သည် မောက်ထံ ဆီ၊ ငါးပိ၊ ငါးခြောက် အစရှိသည်တို့...နှင့် လဲလှယ်ခဲ့သည်။ ချင်းတွင်းသား မောက်လည်း ...အနုဋ္ဌ များစွာထိုက်တန်သော ပတ္တမြားမှန်း သိရသည်...နှင့် လက်ဝယ်မထားဝံ့သဖြင့် ဗဒုံမင်းခေါ် ဘိုးတော်မင်း...ထံ သွားရောက်ဆက်သခဲ့ရာမှ သူကောင်းပြုခြင်းကို ခံရ...ပြီး ပတ္တမြားကိုလည်း မောက်ကို အစွဲပြု၍ ပတ္တမြား...မောက်ဟူကာ ခေါ်တွင်လာလေသည်။

ပတ္တမြားကျောက်သည် စိန်တို့လောက် မမာသော်...လည်း ဒုတိယအမာဆုံး ကျောက်အမျိုးအစား ဖြစ်သည်။ ...တို့လောက် ကြီးကြီးမားမားမတွေ့ရသော်လည်း အရွယ်...များတူလျှင် ပတ္တမြားက စိန်ထက် တန်ဖိုးကြီးတတ်သည်။ ...တ္တမြားတစ်လုံးသည် အရွယ်ကြီး၍ အရည်အသွေး...ကောင်းပြီး အနာအဆာကင်းလွတ်လျှင် အဖိုးမဖြတ်နိုင်...လောင် တန်ဖိုးကြီးနိုင်ရာ မြန်မာဘုရင်များ လက်ထက်...တော်က အလွန်ထင်ရှားသော ပတ္တမြားမောက်မှာ ပြည်...နှံ့သည်ဟုပင် အဆိုရှိလေသည်။

ကျောက်မျက်များသည် လူတို့၏ နေ့ထိုင်စားသောက်...ရအတွက် မရှိလျှင်မဖြစ်သော အရာများကား မဟုတ်ကြ...သော် သို့သော်လည်း လှပခြင်းကြောင့်လည်းကောင်း၊ ရှား...ပါးခြင်းကြောင့်လည်းကောင်း တန်ဖိုးထား နှစ်သက်တပ်...မက်၍ ပိုင်ဆိုင်မှုအတွက် ဂုဏ်ယူကြလေသည်။

ကျောက်အမျိုးမျိုး ရှိသည့်အနက် လူမျိုးအလိုက် အကြိုက်အမျိုးမျိုး ရှိကြသည်။ အနောက်တိုင်းသားတို့က အမာဆုံးနှင့် အတောက်ပဆုံးဖြစ်သော စိန်ကို ကျောက်မျက်တို့၏ဘုရင်ဟု ဆိုကြသည်။ တရုတ်တို့က ကျောက်စိမ်းကို အထူးနှစ်သက်ကြ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတွင်မူ ရှေးမင်းများ လက်ထက်တော်မှစ၍ ပတ္တမြားကို သာလျှင် တော်ဝင်ရတနာအဖြစ်ဖြင့် မှတ်ယူတန်ဖိုးထားကြလေသည်။

(၁၈၈၅)ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်၊ ညနေ(၅)နာရီ (၁၅)မိနစ်တွင် သီပေါမင်းနှင့် မိဖုရား အခြွေအရံများ ဂေါဝိန်ဆိပ်ကမ်းရှိ သူရိယသင်္ဘောပေါ်သို့ ရောက်ရှိသည်။ သူရိယသင်္ဘောသည် ဘုရင်နှင့် မိဖုရား၊ အခြွေအရံများ ရောက်လျှင်ရောက်ချင်း ကမ်းမှခွာ၍ ရေလယ်တွင် ကျောက်ချရပ်နားသည်။ နောက်တစ်နေ့ နံနက်တွင် တပ်သားနှစ်ရာကျော်ပါသော အစောင့်အရှောက်သင်္ဘောဖြင့် သူရိယသင်္ဘောကို ရန်ကုန်သို့ ခုတ်မောင်းသည်။ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ ရတနာဂီရိအရပ်သို့ ပို့ဆောင်လေသည်။

မြန်မာဘုရင် သီပေါမင်း ပါတော်မူစဉ်က ကာနယ်စလေဒင်သည် ပတ္တမြားမောက်အပါအဝင် နန်းစဉ်ရတနာပစ္စည်းများကို မပျောက်မပျက်စေရန် ထိန်းသိမ်းပေးပါမည်ဟု တင်ပြလာ၍ စာရင်းနှင့်တကွ ပေးအပ်လိုက်ရသည်။ ဗြိတိသျှအစိုးရသည် အနည်းငယ်မျှသော ကျောက်မျက်ရတနာအချို့ကိုသာ ဝိတိုရိယဘုရင်မကြီးထံ ပေးပို့၍ ကျန်ပစ္စည်းများမှာ ဆောက်ကင်ဆီတန် ပြတိုက်သို့ ပေးပို့သည်။

ဝိတိုရိယဘုရင်မကြီးထံ ပေးပို့သော ပစ္စည်းများထဲတွင် သီပေါဘုရင်၏ အကောင်းဆုံး သရဖူတစ်ခု၊ ဒုတိယသရဖူမှ မြကျောက်ကြီးသုံးလုံး၊ သရဖူထဲမှ ကျွတ်ကျသည့် ကျောက်အလွတ်ရှစ်လုံး ထည့်ထားသော စက္ကူအိတ်တစ်လုံး၊ စိန်ဒေါင်းရုပ်ပါသည့် ဘယက်တစ်ကုံးနှင့် ရွှေဘီးတစ်ချောင်းတို့ ဖြစ်သည်။

ရတနာပုံရွှေတိုက်တော် စာရင်းအရ မြန်မာ့နန်းစဉ်ပတ္တမြားများမှာ အလေးချိန်ရတီ ကိုးဆယ်ကျော်ရှိသော ပတ္တမြားမောက်၊ ရတီချိန်နှစ်ဆယ်ခန့်ရှိသော လေးကားတင်ကလေး၊ ရတီချိန်လေးဆယ်ကျော် လေးကားတင်

www.burmeseclassic.com

www.burmeseclassic.com

ကြီး၊ ရတီလေးဆယ်ရှိ ဆင်ဖြူတော်၊ ဆယ်ရတီရှိ ဆင်မတော်၊ စံထားအသုံးပြုရသော ခြောက်ရတီရှိ စံကျောင်းတော်တို့ဖြစ်သည်။ အဖိုးအနဂ္ဃထိုက်တန်သော ထိုပတ္တမြားများကား စုပ်စမြုပ်စ ပျောက်ဆုံးလျက် ရှိနေသည်။

ပတ္တမြားငမောက်ကျောက် အဘယ်မျှ တန်ဖိုးရှိကြောင်း တင်ပြလိုပါသည်။

မြန်မာနှစ်(၁၂၃၆)ခုနှစ်တွင် ဦးကောင်းသည် မြန်မာသံအဖွဲ့ကို ဦးဆောင်၍ ဥရောပတိုက်သို့ လှည့်လည်ရာမှ မြန်မာနိုင်ငံ ပြန်ရောက်လာ၏။ ညီလာခံ၌ မင်းတုန်းမင်းအား လျှောက်ထားရာတွင် ဗြိတိသျှကျွန်း၏ စက်မှုလုပ်ငန်း တိုးတက်ပုံ၊ စစ်သည်တော်များ လက်နက်ခေတ်မီပုံ၊ ဘုရင်မကြီးက မိုးကုတ်ကျောက်တွင်း အရောင်းအဝယ်ပြုလုပ်လို၍ အာမခံစာချုပ် ပြုခဲ့ပုံများ ပါရှိလေသည်။ မိုးကုတ်ကျောက်တွင်းအကြောင်း ကြားလိုက်ရချိန်တွင် မင်းကြီးမျက်နှာ ညှိုးနွမ်းသွားတော်မူသည်။

မင်းကြီးလည်း 'မိုက်လှချေလား ငကောင်းရဲ့။ မောင်မင်းတို့ မိုးကုတ်ကျောက်တွင်း ရောင်းဝယ်ခွင့်အာဏာငါက အပ်နှင်းတော်မူလိုက်သလား'ဟု မိန့်တော်မူရာ ဦးကောင်းမှာ တစ်စုံတစ်ရာ ပြန်လည်သံတော်ဦးတင်ရန် မဝံ့တော့ဘဲ ခေါင်းငိုက်စိုက် ငြိမ်ကျသွားသည်။

ညီလာခံရုပ်သိမ်း၍ မင်းတုန်းမင်းတရားကြီး အတွင်းတော်သို့ ရောက်လျှင် မိဖုရားတို့ကို ခေါ်ယူစုဝေးတော်မူကာ 'မမတို့..သည်တစ်ခါဖြင့် ဈေးတောင်းခေါင်းရွက်ရက်ကန်းရက်၊ ပဲပြုတ်ရောင်း အသက်မွေးဖို့ပဲ စိတ်ကူး... ဟော့။ ငကောင်းက မိုးကုတ်ကျောက်တွင်းကို မဆင်မခြင် သူ့သဘောအတိုင်း အင်္ဂလိပ်ဘုရင်မထံ ရောင်းခဲ့ပြီ။ ... ပိုင်မင်းအချင်းချင်း လောဘ၊ ဒေါသနောက် လိုက်မိ... ရင်း စစ်ဖြစ်ဖို့ပဲ ရှိတော့တယ်'ဟု မိန့်ကြားတော်မူ...


မိဖုရားအများ မတုန်မလှုပ်ကြားနာကာ ငိုင်နေ... သော်လည်း စကြာဒေဝီမိဖုရားခေါင်ကြီးက 'ပူပန်တော်မမူပါနဲ့ မောင်တော်ရယ်၊ ရောင်းတဲ့သူက အာလွန်လျှာလွန်လုပ်ပြီး ရောင်းခဲ့တော့လည်း အရောင်းအဝယ်ပျက်အောင် နည်းပရိယာယ်နှင့် ဖျက်ကြတာပေါ့။ သားတော်ဘိုးလှိုင်ရှိသားပဲ။ ခေါ်ယူတိုင်ပင်ပါဘုရား'ဟု လျှောက်၏။

ဤတွင်မှ ခေါင်းမီးလောင်နေသော မင်းကြီးမှာ ရှူထူးကျ၍ အမရပူရတွင် အကျယ်ချုပ်နှင့်နေသော ယော... အတွင်းဝန် ဦးဘိုးလှိုင်ကို သတိရကာ အမြန်ခေါ်စေတော်မူလေ၏။

ဦးဘိုးလှိုင်က 'ဤကိစ္စအတွက် စိုးရိမ်တော်မမူပါနှင့်ဘုရား။ ကျွန်တော်မျိုး တာဝန်ယူဖြေရှင်းပါမည်။ ငမောက်ကျောက် အပါအဝင် နန်းစဉ်ရတနာကျောက် သုံးလုံးကိုသာ အဝယ်တော်များနှင့် အရေးဆိုရာ၌ အသုံးပြုပါရစေ ဘုရား'ဟု လျှောက်၏။

ဘုရင်မင်းကြီးကလည်း ဦးဘိုးလှိုင်ကို အာဏာကုန် လွှဲအပ်လိုက်လေသည်။

ဦးဘိုးလှိုင်သည် အင်္ဂလိပ် အဝယ်တော်များ ရောက်လာချိန်၌ စာချုပ်အတိုင်း ကတိမပျက် မိုးကုတ်ကျောက်တွင်းကို ရောင်းချမည်ဖြစ်ကြောင်း၊ တန်ဖိုးဆုံးဖြတ်နိုင်ရန် ထိုတွင်းထွက်ကျောက်များကို ဦးစွာ ဈေးဖြတ်ရန် လိုကြောင်း ပြောကြားကာ တရုတ်ရာပြတ်ကို သ... သော အဖြစ်ထားလျက် အငယ်ဆုံး နန်းစဉ်ကျောက်ကို စတင်ပြသည်။



www.burmeseclassic.com

ဗွမ်းတစ်ပိဿာအလယ်ရှိ ကျောက်သည် ဌမ်းကို တ်တွင်းကာ အရောင်တဝင်းဝင်းနှင့် မျက်တောင်ခတ် သောင်ရှိ၏။ ဦးဘိုးလှိုင်က ဒီပတ္တမြား ဘယ်လောက် န်သလဲဟု ရာပြတ်ကို မေး၏။ ရာပြတ်က တစ်တိုင်း ည်တန်သောကျောက် ဖြစ်ပါသည်ဟု ဖြေ၏။

ကျောက်များကို ဆက်လက်ပြသရာ၌ ဒုတိယပတ္တ မှာ သုံးပြည်ထောင်တန်ကြောင်း၊ တတိယငမောက် ကျောက်မှာ ခုနစ်ပြည်ထောင်တန်ကြောင်း ရာပြတ်က တ်မှတ်လိုက်သည်။

ပတ္တမြားမောက်ကျောက်ကား ဌမ်းခုနစ်ပိဿာ ဖိုး သော်လည်း နန်းတော်တစ်ဆောင်လုံး ထိန်ထိန်လင်း သည်။ အဝယ်တော်ကိုယ်စားလှယ် အင်္ဂလိပ်များလည်း ဆိုးကြီးလှ၍ ဘုရင်မကြီးနှင့် တိုင်ပင်ပါရစေဆို၏။ ခင် ဦးဘိုးလှိုင်က စာချုပ်ကို အင်္ဂလိပ်များလက်မှ ာင်းယူကြည့်ရှုပြီးနောက် ဒီစာချုပ်သက်တမ်းဟာ ရေ ကုန်ဆုံးသွားပါပြီ။ အဝယ်တော် မပြီးပြတ်မှုကြောင့် ည်း အင်္ဂလိပ်ဘုရင်မကြီး သိက္ခာကျစေပါတယ်ဟုဆို ပြီး အများရှေ့၌ပင် ထိုစာချုပ်ကို ဆုတ်ပစ်လိုက်သည်။

အိန္ဒိယရောက် နန်းကျဘုရင် သီပေါမင်းသည် အိန္ဒိယ ဘုရင်ခံမှတစ်ဆင့် ရတနာပစ္စည်းများအတွက် တာဝန်ရှိ သော စလေဒင်မှ ဖြေရှင်းပေးရန် တိုင်တန်းစာ ပေးပို့ခဲ့ သည်။ လက်ခံဖြေရှင်းခြင်း ရှိခဲ့သော်လည်း မသဲမကွဲနှင့် ကရော်ကမည်နိုင်လှစွာ အဆုံးသတ်သွားခဲ့၏။

မည်သို့ပင်ရှိစေ တန်ခိုးကြွဒ္ဒိပါဒ်ရှိသော ပတ္တမြားတို့ သည် မူလပိုင် ရှင်အစစ်ဖြစ်သော မြန်မာ့မြေတွင် ပြန် လည်ပြီး ဆိုက်ရောက်လာလိမ့်မည်ဟု ထင်မြင်နေမိပါ သည်။

**အာကာသ(သာစည်)**


**<u>မှီငြမ်း</u>**

* မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)။
* မောင်စနိုယ (မြန်မာ့ရေးရာ သုတပဒေသာ)။
* ညီမြ (ကုန်းဘောင်ရှာပုံတော်)။
* အင်တာနက်မှတ်စုများ။




# သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး



- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ် နှင့် ပရိမိတ္တဇာလသုတ် ပါဠိတော်

အိတ်ဆောင်လက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၃၅၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၄၉၄


www.burmeseclassic.com

www.burmeseclassic.com

အလုပ်မှ အနားယူသည့်အခါ ကျန်းမာရေးအခြေအနေအရ ဒေါင်ဒေါင်မြည်။ လုပ်နိုင်ကိုင်နိုင် ပြေးနိုင်လွှားနိုင်။ ရပ်ကွက်ထဲမှ အငြိမ်းစားကြီးဟု ခေါ်ဝေါ်နှုတ်ဆက်သံကိုမျှ မကြားလို။ တစ်နည်းအားဖြင့် အသက်ကြီးပြီ၊ အဘိုးကြီးဖြစ်ပြီဟုဆိုလျှင် မကြိုက်ချင်။

ဈေးသို့သွားရာ လမ်းပေါ်တွင် အခန်းကလေးတစ်ခန်း ငှားရမ်းလိုက်သည်။ ဆိုင်ကလေးတစ်ဆိုင် ဖွင့်သည်။ ပေါင်းတည်တွင် တာဝန်ကျစဉ်က ရွှေထည်ကုန်တိုက်ဖွင့်ခဲ့ဖူးသည်။ အရေးအခင်းပြီးခါစကာလ နေ့စဉ် ရောင်းအားရှစ်သောင်းခန့်ရှိသောလုပ်ငန်း၊ အများတကာ လာရောက်လေ့လာရသောလုပ်ငန်း၊ ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်မှုအပေါ် အားကျကြသည်။ လေ့လာသူတို့က ချီးကျူးဝုဏ်ပြုကြသည်။ အဆိုပါ အတွေ့အကြုံကြောင့် ယခုလုပ်ငန်းတွင် အောင်မြင်နိုင်သည်ဟု သွေးနားထင်ရောက်ခဲ့သည်။

ဆိုင်အမည်ကို စဉ်းစားသည့်အခါ ပညာရေးကို အ
ခံသဖြင့် ပညာရွာဟု ရွေးခဲ့သည်။ ကျောင်းသုံးစာအု
စာရေးကိရိယာများ တင်ရောင်းသည်။ ကျောင်းသား
ပစ္စည်းက တကယ်တမ်း စီစဉ်ကြည့်သည့်အခါ အ
အတွက် များပြားလှသဖြင့် ကိုယ်တိုင် အံ့သြရသည်။

**ရန်နိုင်**

# သူတော်ချင်းချင်း
# သတင်းလွှေ့လွှေ့
# ပေါင်းဖက်တွေ့





www.burmeseclassic.com

www.burmeseclassic.com

အစိုးရဝန်ထမ်းတစ်ယောက် ဈေးရောင်းနေသည့် အဖြစ်။ ငယ်သူငယ်ချင်း စိုးတင့်ကို သတိရသည်။ သူက သွင်တော်။ ဈေးသည်ကြီးဆန်နီအဖြစ် လူသိများ ထင်ရှားသည်။ သူ့အမည်ကို မိမိက ဆက်ခံနေသည့်အဖြစ်အား တွေးမိသဖြင့် ရယ်မိသည်။ ဈေးသည်ဆိုသည်က ငွေပေါ လွယ်သောအလုပ်။ ဖောက်သည်မိတ်ဆွေ ရသည့်အခါ အလွန်အားရစရာ။ အလုပ်သဘောအရ တစ်နှစ်ပတ်လုံး ရောင်းသွက်သည်။

နေ့စဉ် ရောင်းအား တစ်သိန်းတန်မို့ အမြတ်ဝင်ငွေသည် တစ်သောင်းခန့် ပုံမှန်။ ပထမခြောက်လလုံးလုံး ဝင်ငွေမှ ယူမသုံး။ ရောင်းချရသမျှ ငွေအားလုံး အရင်း ထပ်ထည့် သည်။ ယနေ့ ရောင်းရငွေသည် မနက်ဖြန် အတွက် အရင်း ဖြစ်သည်ဟူသောမူ။

◆◆◆

အလုပ်လုပ်နေရသည်မှာ ပျော်စရာ။ မှတ်မှတ်ရရ အဖြစ်အပျက်တစ်ခု ကြုံရသည်။ လူ့လောက၏ ရှုပ်ရှုပ် ထွေးထွေး ပွေပွေလီလီ ဖြစ်စဉ်တစ်ခု။ ထိုနေ့က အလုပ်သမား ကောင်မလေးတွေက မရောက်သေး။ စာအုပ်များ ခင်းကျင်းပြီးနောက် ဆိုင်မှမှာယူထားသော လက်ဖက်ရည် ချိုကို သောက်နေစဉ် မိန်းကလေးတစ်ယောက် ဝင်လာသည်။ ဂျင်းစကတ်ဖြင့် သွယ်သွယ်လျလျ။ ရုပ်ရည် လေးက သင့်သင့်တင့်တင့်။ သူက အနီးသို့ လျှောက် လာသည်။

'အဘ··သမီးကို ကူညီပါ။ လမ်းသွားရင်း ကိစ္စပေါ် လာလို့'

'ဟော··ဘာကိစ္စ ပေါ်လာလို့လဲ'

ကျွန်တော်ကလည်း သဘောမပေါက်။ အူကြောင် ကြောင် ပြန်မေးနေမိသည်။ သူက တစ်နေရာသို့ လက်ဖြင့် ညွှန်ပြလိုက်လေမှ ရိပ်မိရသည့်အဖြစ်။ အားနာစရာ။ အချင်းဆိုလျှင်လည်း မထောင်းသာ။ ယောကျ်ားကြီး တစ်ယောက်ထံမှ သူ့ခမျာ မလွှဲမရှောင်သာ အကူအညီ တောင်းနေရရှာသည်။ မိမိကလည်း မည်သို့လုပ်ဆောင် ပေးရမည် မသိ။

သူက အတွင်းခန်းသို့ ညွှန်ပြရင်း လက်တစ်ဖက်ဖြင့် အကာအကွယ်ပြုလျက် တိုးဝင်လာသည်။ အတွင်းခန်းဟု သာ ဆိုရသည်၊ လိုက်ကာကလေးတစ်ခုသာ ခြားသည်။

သူ မည်သို့ဆောင်ရွက်မည်ကို မသိနိုင်။ မိမိ သည်နေရာ တွင် ရှိမနေသင့်ဟု တွေးမိသည်နှင့် ဆိုင်ရှေ့သို့ ရှောင် ထွက်လာမိသည်။

မကြာလိုက်ပါ၊ သူ ပြန်ထွက်လာသည်။ တစ်စုံတစ် ရာ ဆောင်ရွက်ပြီးဟန်ဖြင့် အမူအရာက အားတုံ့အားနာ။ မျက်နှာပေါ်တွင် အရှက်ကြောင့် နီမြန်းမြန်း။ နှုတ်ဆက် လျက် ခပ်သွက်သွက် ထွက်ခွာသွားသည်။ တစ်စုံတစ်ခု အညစ်အကြေးများ ကျန်ခဲ့မည်လားဟူသော အတွေးဖြင့် အတွင်းခန်းသို့ ဝင်ကြည့်မိသည်။ မည်သည့်အစွန်းအစမျှ မတွေ့ရ။ စိတ်ထဲ ဇဝေဇဝါ။

သို့ရာတွင် မကြာခင် အဖြေကို တွေ့လိုက်ရသည်။

ခြေရာလက်ရာ ပျက်ယွင်းနေသော ငွေထည့်သည့် အံဆွဲ။ ဈေးဦးမပေါက်သေးသော်လည်း အကြွေအနုတ် အမ်းရန် ချန်ထားလေ့ရှိသောငွေများ လုံးဝမရှိတော့။ ပိုက် ဆံအိတ်သည်လည်း စုပ်စမြုပ်စ။ ထိုအထဲတွင် ငွေမပါ သော်လည်း မှတ်ပုံတင် ပါသွားသည်။ အလိမ်အခိုးခံလိုက် ရသည်မှာ အသေအချာ။ ဆိုင်ကို ပစ်ထားခဲ့၍ နောက်မှ လိုက်သော်လည်း မီအုံ့မထင်။

◆◆◆

အိတ်ထဲတွင် မျှော်လင့်ထားသောငွေကို ယူသည်။ စိတ်အနှောင့်အယှက်ဖြစ်စရာက ပါသွားသော အိတ်ထဲ တွင် စာရွက်စာတမ်းများချည်း။ အထင်သေးချင်သလိုလို။ ပိုက်ဆံအိတ်ကိုကိုင်လျှင် ငွေကို ပိုထည့်သင့်သည် မဟုတ် ပါ လား။ အိတ်ကလည်း စုတ်စုတ်ပြတ်ပြတ်။ ပေါက်ပြဲ နေသေးသည်။ လိုချင်မက်မောဖွယ် မရှိသောအိတ်။ သုံး စား၍မရသော အိတ်ကို ကားတစ်စီးပေါ်သို့ လူအလစ်တွင် ပစ်တင်လိုက်သည်။

အိတ်ထဲတွင် ပေါင်းတည်သင်္ကေတပါ မှတ်ပုံတင် တစ်ခု၊ လိပ်စာစာအုပ်ငယ် တစ်အုပ်။ မည်သို့ရွှေ့လျား ပြောင်းရွှေ့သွားရသည် မသိ၊ ထိုအိတ်က စတိုးဆိုင်ကြီး တစ်ဆိုင်သို့ ရောက်သွားသည်။ ထိုဆိုင်က လိပ်စာစာအုပ် ငယ်ရှိ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းသည်။

'လိပ်စာ စာအုပ်ထဲမှာ လူကြီးမင်းအမည်နဲ့ ဖုန်း နံပါတ်ပါလာလို့ ဖုန်းဆက်ပြီး စုံစမ်းရခြင်း ဖြစ်ပါတယ် ခင်ဗျာ။ လူကြီးမင်း အသိမိတ်ဆွေထဲမှာ ဦးရန်နိုင်ဆိုတာ ရှိပါသလား။ ပေါင်းတည်သင်္ကေတ မှတ်ပုံတင်ကို ကိုင်

www.burmeseclassic.com

ဆောင်ထားပါတယ်။ သူ့ရဲ့မှတ်ပုံတင်က အခု ကျွန်တော့် လက်ထဲမှာ ရှိနေပါတယ်။ သူ့ထံ ပြန်ပေးချင်လို့ပါ'

ကျေးဇူးတင်စရာ။ သူ့ခမျာ လိပ်စာစာအုပ်ပါ ဖုန်းနံပါတ်များစွာကို ဆက်သွယ်မေးမြန်းရရှာသည်။ ဖုန်းစရိတ် ကုန်ကျပေလိမ့်မည်။ နောက်ဆုံးတွင် ချိတ်ဆက်မိသွားသူက ဦးအောင်ခင်။ အခြားသူ မဟုတ်၊ ယနေ့ ဒီဇိုင်နာ နာမည်ကြီး ပြည်စိုးအောင်၏ဖခင်။ မိမိ၏ ငယ်သူငယ်ချင်း အရင်းအချာ။

သူက ဖုန်းဆက်သူအား ဦးရန်နိုင်ကို သိရှိကြောင်း ဖြေကြားသည်။ ဆက်သွယ်ရမည့်နည်းလမ်း ညွှန်ကြားသည်။ ဦးအောင်ခင်က မိမိထံ ဖုန်းဆက်အကြောင်းကြားသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ မှတ်ပုံတင်အသစ် ပြုလုပ်ရန် မလွယ်ကူ။ မှတ်ပုံတင်ပြန်ရမည့်အရေး စိတ်အေးရသည်။ ဦးအောင်ခင်ပြောသည့် စတိုးဆိုင်က နာမည်ကြီး။ အခြေပြောရုံဖြင့်သိသည်။ လိပ်စာကို အထူးမှတ်သားစရာမလို။ မှတ်ပုံတင်ပျောက်ဆုံးစဉ်က မှတ်ပုံတင်ပြန်လုပ်ရန် အလွန်မလွယ်ကူလှ။ ငွေလည်းကုန်၊ အချိန်လည်းကုန် အောက်ကျို့ ဖျက်နာငယ်ရသည့်ကာလ။ ယခုအခါတွင် ဤမျှ မဟုတ်တော့ချေ။ တစ်ကြိမ် မှတ်ပုံတင်ပျောက်ဆုံးသည်က အတွေ့အကြုံအရ ကြုံတွေ့ရသည့်ဒုက္ခ။ နောက်တစ်ကြိမ် မပျောက်ဆုံးလိုသည်တွင် ယခုထပ်မံကြုံရပြန်သည်။

♦ ♦ ♦

အချိန်က စောနေသေးသဖြင့် တွေ့လိုသူ ဆိုင်ရှင်က မရောက်သေး။ စတိုးအရောင်းဆိုင်ကြီးမို့ ကြည့်မောစရာက အများသား။ ဆိုင်က နှစ်ထပ်။ တတ်နိုင်သူများမို့ စီစီတီဗီကင်မရာများက နေရာအနှံ့။ တစ်နေရာမှ စောင့်ကြည့်နေရုံဖြင့် အလုံးစုံမြင်နေရသဖြင့် အံ့သြစရာ။ တိုးတက်လာသော ခေတ်စနစ်။ မိမိဆိုင်တွင် ဤသို့စီမံနိုင်လျှင် ကောင်းမည်ဟု စိတ်ကူးယဉ်မိသေးသည်။

ပစ္စည်းကလည်း အစုံအလင်။ လူအသုံးအဆောင်ကုန်ပစ္စည်းကလည်း လိုလေသေးမရှိ။ အောက်ခံဘောင်းဘီက အစ အမျိုးမျိုးအဖုံဖုံ။ ဖိနပ်သည်လည်း စုံစုံလင်လင်။ အရောင်အသွေးမျိုးစုံ။ ပုံသဏ္ဌာန်အဆန်းဆန်း။ အချို့ ပစ္စည်းများက သေးသေးငယ်ငယ် အရွယ်ရွယ်အစားစား၊ အိတ်ထဲ အလွယ်တကူ ထည့်ယူနိုင်သည်အထိ။ အလွန်သတိထားရမည့် အနေအထား။

'အဘိုး'

ခေါ်လိုက်ပုံက ဘဝင်မကျ။ သည်အရွယ်နှင့် သူ... အရွယ် အဘိုးဟု ခေါ်ရမည်မျှ မဟုတ်သည်။ စိတ်... မကျေနပ်သော်လည်း သည်းခံရမည့် အနေအထားမို့...

'အဘိုးဝယ်လိုတဲ့ပစ္စည်းကို စိတ်ကြိုက်ရွေးချယ်... အဘိုးလိုအပ်တဲ့ ကုန်ပစ္စည်းတန်ဖိုးကို ကောင်တာမှာ... ပါနဲ့။ သမီးကို ပေးချေပါ။ ကျသင့်ငွေ သုံးသောင်းဆိုလျှ... သမီးကို နှစ်သောင်းပဲပေးပါ။ အဘိုး တစ်သောင်းသ... သာစေပါ့မယ်'

သူ့စကားက အထူးအဆန်း။ စီစီတီဗီကို မသိမြ... လှမ်းကြည့်မိသည်။

'မစိုးရိမ်ပါနဲ့ အဘိုး၊ ဖစ်တီးရွန်း အဝတ်အစား ... လှယ်ခန်းမှာ ငွေကို ပေးချေနိုင်ပါတယ်။ အဝတ်အစား... လဲလှယ်ခန်းမှာ စီစီတီဗီမတပ်ဆင်ထားပါဘူး'

သည်အရောင်းစျေးသည်ကလေးက မိမိတို့အ... တွယ်ကပ်လိုက်ပါလာသည်။ မဖြစ်မနေ ငွေပေးချေနိုင်... တော့မည့်ပုံ။ ရွတ်အမွှဆန်လှသည်။ အကယ်၍ သူ... ပြောသည့်အတိုင်း မလိုက်နာလျှင်ပင် ရန်မူတော့မည့်... အသွင်။

သည်အခန်းကလေးထဲသို့ ဝင်လိုက်ရုံဖြင့် ငွေသာ... တစ်သောင်း သက်သာနိုင်သည့်နည်းလမ်း။ စိတ်ထဲ... ချီတုံချတုံ။

'မင်းတို့ ဒီလိုလုပ်တာကို ဆိုင်ရှင်သိသွားရင်... မကြောက်ဘူးလား'

'စိတ်ချပါ၊ မသိနိုင်ပါဘူး။ အဝတ်အစားလဲလှယ်... ခန်းမှာ စီစီတီဗီမရှိပါဘူး'

'ဘာလို့ အဝတ်အစားလဲလှယ်ခန်းမှ စီစီတီဗီ မ... တာလဲ'

'အဘိုးရယ်..စဉ်းစားကြည့်ပါဦး'

ဟုတ်ပေသား။ အဝတ်အစားလဲလှယ်ခန်းဆိုသည်... စီစီတီဗီမတပ်ဆင်သင့်သောနေရာ။

'သားတို့၊ သမီးတို့ သည်အလုပ်မျိုး မလုပ်ချင်ကြ... ဘူး။ လစာလည်း နည်းပါတယ်။ ကလေးကျူရှင်ဖိုး... အရေးတကြီးလိုနေလို့ ကြံရာမရ လုပ်ရတာပါ။ ... က သူတစ်ပါးပစ္စည်းကို မခိုးချင်ပါဘူး။ မလုပ်... ဒါကြောင့် သည်လိုလုပ်ရတာပါ'

www.burmeseclassic.com

www.burmeseclassic.com

သူတို့ပြောသမျှကလည်း ယုတ္တိတန်တန်။ သနားဖွယ်
ကောင်း။

တိုင်း - မည်သို့လုပ်ကြမည်နည်း ငါ့အရှင်။

ငွေတစ်သောင်းသက်သာမည်ကို မက်မောမည်လား။

မိမိ၏ မှတ်ပုံတင်ကို ဖုန်းစရိတ်များ အကုန်အကျခံ
ဆက်သွယ်ပေးသူ ထိုစတိုးဆိုင်ပိုင်ရှင်၏ စေတနာ
ကို အသိမှတ်ပြု လက်ခံရပါမည်။ ကျေးဇူးပြုဖူးသူ
ထိခိုက်စေလိုခြင်း အလျှင်းမရှိ။

ကျွန်တော် မည်သို့လုပ်သင့်ပါသနည်း။ ဆုံးဖြတ်ချက်
ပိုင်ပိုင်နိုင်နိုင်ချမှတ်မှ ဖြစ်တော့မည်။

ကျွန်တော် စတိုးဆိုင်မှ ဝယ်ယူရန် ပစ္စည်းတန်ဖိုးက
သောင်းခွဲတန်။ ကုန်ပစ္စည်းသည် မိမိအတွက် အရေး
အသုံးလိုသေးသည်မဟုတ်။ တစ်ချိန်ချိန် အသုံး
ခံနိုင်သည်။ ကြုံကြိုက်သဖြင့် ဝယ်ထားလိုသည့်
ရည်ရွယ်ချက်။ ထို့ပြင် စတိုးဆိုင်ရှင်အား အားပေးသည့်
အထားလည်းဖြစ်။ ဤပစ္စည်းကို မဝယ်ခဲ့လျှင် ဆိုင်
သည်း မသိနိုင်သေး။ ထိခိုက်မှုလည်းမရှိ။ ထိုပစ္စည်း
ကျသင့်ငွေအား ငွေလိုအပ်သူအား ပေးရလျှင်
ကောင်းမည်လား စိတ်ကူး။

ကျေကျေနပ်နပ် အပြုံးကြီး ပြုံးလိုက်သည်။ ငွေအိတ်
ငွေသားနှစ်သောင်းခွဲတန် ရေတွက်သည်။ မိန်း
လေးအား လှမ်းပေးသည်။ လက်ကမ်း မယူသေး။
ရှုန်း မဟုတ်၍များ မယူရဲသည်လား။ ကျွန်တော်နှင့်
လေးမ ငွေအပေးအယူ လုပ်နေသည်ကို ကြည့်နေသူ
နေသလိုရှိသည်။ သူ့မျက်နှာက အံ့ဩတကြီး။
နိုင်ဖွယ်။ သူ့မျက်နှာကို မိမိ မှတ်မိနေသည်။
ချိန်က ကိုယ်က မြင်ဖူးပြီးသား။

'ယူပါ၊ ကလေးကျူရှင်အတွက် အသုံးပြုခွင့်
ပါတယ်။ အဘိုးရဲ့ စေတနာပါ။ ရဲရဲလက်ခံပါ'

သူ့လက်ထဲသို့ ဇွတ်ပေးလိုက်မှ အလှူကြီး
ခံရ ပြီးမြောက်သွားသည်။

စတိုးဆိုင်ရှင်နှင့် တွေ့ဆုံသည်။ သူ့ထံ မှတ်ပုံ
နှင့် လိပ်စာ စာအုပ်ကလေး ရောက်လာပုံကို
ရှင်းပြသည်။ ကိုယ်က နားလည်သဘော
စွာ ခေါင်းညိတ်မိသည်။ မိမိက ကျေးဇူး
စကားကို ဆိုသည်။

ဆိုင်ရှင်ကပင် လက်ဖက်ရည်ပွဲကလေးဖြင့် ဧည့်ခံ
သည်။ ကျွန်တော်နှင့် ဆိုင်ရှင် တွေ့ဆုံနေစဉ် စောစောက
မိန်းကလေးက မလှမ်းမကမ်းမှ စိုးရိမ်တကြီး ကြည့်နေ
သည်။ တောင်းပန်သည့် မျက်နှာပေး၊ သို့မဟုတ် ကျေးဇူး
တင်နေသည့် အရိပ်။

◆◆◆

ပင်စင်မခံစားခင်က လုပ်ကိုင်ခဲ့သောအလုပ်တွင် လူ
ပေါင်းများစွာကို ပေါင်းသင်းဆက်ဆံရသည့်သဘာဝ။ ဝန်
ထမ်းနှစ်ရာခန့်ကို စီမံခန့်ခွဲရသည့်လုပ်ငန်း။ ရင်းနှီးလှစွာ
သော လူများကို အမည်နှင့်တကွ ရင်းနှီးရသည်က
အများစု။ အမည်ကို မမှတ်မိသည့်တိုင် လူချင်းခင်မင်ရ
သည်။ တန်းတူရည်တူ ဆက်ဆံရသည်။ မျက်နှာချင်းတန်း
မိနေရသည်။ သို့မှသာ လူကိုခင်ရာ အလုပ်တွင် အောင်
မြင်ရသည်မှာ ထုံးစံ။

အလုပ်စဝင်က မိမိက လူအများနှင့် စိမ်းကားခဲ့
သည်။ လူအများကို တမ်းတမ်းစွဲ မှတ်မိနေအောင် ကျင့်
ကြံရသည်။ တစ်ဦးတစ်ယောက်အား မှတ်သားထားရာ၌
အကြိမ်ကြိမ်အထပ်ထပ် မြင်သာအောင် လေ့ကျင့်ရသည်။
အမည်ကိုလည်း စဉ်ဆက်မပြတ် ရွတ်ဖတ်မှတ်သားခဲ့ရ
သည်မှာ အနှစ်နှစ်အလလ။ ကြာလျှင် ကျင့်သားရလာ
သည်။

ထို့ကြောင့် လူတစ်ယောက်ကို တစ်ခါမြင်ရုံဖြင့် မမေ့
တတ်တော့။ ထို့ကြောင့်လည်း လမ်းသွားရင်း ကိစ္စပေါ်
လာသည့် မိန်းကလေးကို မှတ်မိနေခြင်း။ သူကလေးက



www.burmeseclassic.com

စတိုးဆိုင်တွင်ပင် အလုပ်လုပ်ပုံရသည်။ သူ့ကို အမှတ်မထင် မြင်တွေ့ကတည်းက သတိထားမိသည်။ သို့သော် မမြင်ချင်ဟန်ဆောင်နေသည်။ သူနှင့် စတိုးဆိုင် အရောင်းစျေးသည်ကလေးက အတူတူ လုပ်ဖော်ကိုင်ဖက်။

သူက မိမိထံမှ ငွေအိတ်ကို ယူသည်။ ငွေသားယူပြီး အရေးပါသည့် မှတ်ပုံတင်လက်မှတ်နှင့် စာရွက်စာတမ်းကို ပြန်ပေးရန် စီစဉ်ရှာသည်။ သူ့အလုပ်ရှင် စတိုးဆိုင်ရှင် မသိ,သိအောင် ပစ်ထားသည်။ ဆိုင်ရှင်က မိမိအား အဆက်အသွယ် ရစေလိုသည်။ ဤသို့ ဖြစ်စေလိုသည့်က သူ၏ စေတနာမှန်း အသိအမှတ်ပြုရသည်။

တိုက်တိုက်ဆိုင်ဆိုင် နောက်အရောင်းစာရေးမလေးက ကလေးကျူရှင် ကိစ္စအတွက် မိမိအား စည်းရုံးပုံ၊ မိမိက ငွေကြေးကူညီပုံများကို ချောင်းကြည့်သော မျက်နှာကလေးက မှတ်မိစရာ။

ကိုယ့်စိတ်ကူးနှင့်ကိုယ် ကိုယ့်လုပ်ရပ်အတွက် ကြည်နူးနေသူက ကိုယ်တိုင်။ ဖြစ်နိုင်သော အဆက်အစပ်ကြောင့် မိမိနှင့် ကြုံတွေ့ရသည့် အဖြစ်အပျက်က စိတ်ကူးယဉ်ဆန်ဆန်။ သို့သော် ဝိဘိဖြစ်ရပ်မှန်။

မိမိက သည်ကူညီငွေမှာ ငွေကျပ်ငါးသောင်းတိတိ ကုန်ကျခဲ့သည်ကို တွေးတောတွက်ချက်ရင်း ပြုံးမိသည်။ ဤငွေပမာဏဖြင့် မိမိအတွက် မထောင်းသာသော်လည်း အကူအညီရရှိသူအတွက် ကြီးမားသော အထောက်အပံ့ ဖြစ်စေလိုသည်။

◆◆◆

ပြန်လည်ဆုံစည်းခွင့် မမျှော်လင့်။ အခွင့်အရေးရမည်ဟု မထင်ထား။ အထူးသဖြင့် သူတို့နှစ်ဦးသား လာရောက်တွေ့ဆုံခြင်း။ အချိန်ကာလအားဖြင့် ငါးနှစ်ကြာပြီ။ ဖြစ်စဉ်ကိုပင် မေ့မေ့ပျောက်ပျောက်။

သူတို့ကို မြင်ရသော်လည်း မမှတ်မိသေး။ ဧည့်ခန်းသို့ ရောက်လာပြီး မျက်နှာချင်းဆိုင်ထိုင်ကာမှ အမှတ်ရလာသည်။ ဖော်ရွေသော အပြုံးကို ဖန်တီးရသည်။

'သူက ဘယ်သူလဲ'

မသိသော တစ်ယောက်ကို မေးမြန်းစူးစမ်းရသည်။

'ကျွန်မတို့ရဲ့ မောင်လေးပါ။ ကျူရှင်တက်နေတဲ့ ကလေးပါ'ဟု ပြန်ဖြေသည်။

'အေး··နှစ်ယောက်ပဲ သိထားလို့ပါ'ဟု ပြုံးရင်း

ပြောသည်။

'ကျေးဇူးတင်လွန်းလို့ လာမလို့ စိတ်ကူးပါတယ် ဒါပေမဲ့ အချိန်တန်မှ အဘိုးဆီမှာ ကျေးဇူးဆပ်မယ် ရည်ရွယ်ပါတယ်'

သူတို့ စကားက ဝေ့လည်လည်။ ပါးပါးနပ်နပ်၊ မလည်နိုင်သေး။ အချိန်တန်ခြင်းက မည်သို့နည်း။ မ သော်လည်း သိချင်စိတ်က ကဲကဲလွန်လွန်။

'ကျွန်မတို့ နှစ်ယောက်က ညီအစ်မ တော်ပါတယ် ကျွန်မက အဘိုးထံမှ ငွေအိတ်ယူဖူးပါတယ်။ ညီမဖြစ် က ပစ္စည်းရောင်းဖို့ ငွေရဖို့ ဖန်တီးဖူးပါတယ်။ နှစ်ယော စလုံးမှာ မောင်လေးအတွက် ငွေလိုလို့ လုပ်ခဲ့ရတာ အဘိုး။ အခု မောင်လေးလည်း ကျောင်းပြီးပြီ။ အလ ကိုယ်စီနဲ့ အစစအရာရာ အဆင်ပြေပါပြီ အဘိုး။ အဘ ကူညီပေးတာကို သမီးတို့ ကျေးဇူးပြန်ဆပ်ချင်လို့ စီ ကြပါတယ်။ အခုတော့ သမီးတို့စိတ်ကူးလည်း ပြည့်ပြ အချိန်တန်လာလို့ပါ'

သူတို့သုံးဦးသား ကုလားထိုင်ပေါ်မှ အောက် ကြမ်းပြင်သို့ ပြောင်းထိုင်ကြသည်။ စာရွက်ကတ်ပြ ကလေးကို စားပွဲပေါ်တင်လျက် ကန်တော့ကြသည်။ တို့ တင်ပေးလာသော ကဒ်ပြားကို လှမ်းကြည့်ရာ ဘေးဒုက္ခသည်များသို့ စားနပ်ရိက္ခာပေးလှူခြင်း ကျေ တင်လွှာ ဖြစ်သည်။ ပေးလှူသူ အလှူရှင်တွင် မိမိ အမည်ကို ရေးသွင်းထားသည်။ မိမိ၏ ပရဟိတအလှ ဖြစ်စေသည်။

လှူဒါန်းငွေမှာ တိုက်တိုက်ဆိုင်ဆိုင် ငါးသော တိတိ။ အံ့ဖွယ်သရဲ ခံစားရချက်။

သူတို့ကန်တော့သဖြင့် မိမိ မျက်ရည်ဝဲမိသည်လာ ဆုကောင်းကောင်း မပေးလိုက်မိ။

ကျေးဇူးကြွေးကို ပရဟိတအလှူဖြင့် ပေးဆပ်သ စိတ်ကူးကို ကြည်နူးမိသည်လား။

စိတ်ရင်းကောင်းစွာ အများအကျိုး သယ်ပိုးလိုသ သဘောထားကို ကျေနပ်မိသည်လား။

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက် ကြသည်ဟု ပြောလိုက်ချင်သေး။

ရန်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဘုန်းမြတ်မင်း

နက္ခတ္တဗေဒ (ကံကြမ္မာ) အကြံပေးသုညာရှင်



ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား ဇာတာနှင့် လက္ခဏာ စစ်ဆေး၍ ဘဝတွင် မျှော်မှန်းထားသလောက်
'အထူး' အောင်မြင်မှုများ ရရှိလိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်နေသော ဆရာဘုန်းမြတ်မင်း

ထီပွင့်လိုသူတိုင်း ရွှေဘုန်းပွင့်ဘုရားကို ဖူးကြရတယ်။ အောင်မြင်လိုသူတိုင်း ဆရာဘုန်းမြတ်မင်းနှင့် ဆုံကြရမြဲပါတယ်။ ဒီတော့ ဆရာနဲ့တွေ့ရင် ဘာတွေထူးလာမလဲ။ တစ်ချိန်က လျှမ်းလျှမ်းတောက် စီးပွားအောင်မြင်ခဲ့တဲ့ သင်ဟာ ယခုကာလအတွင်း [illegible]ွားတွေ ကျလာတယ်။ မှုခင်းပြဿနာတွေ ကြုံနေခဲ့တယ် မဟုတ်လား။ အဲဒါ ဘာကြောင့်လဲ။ သင့်လက်ထဲမှာ နိုင်ငံကူးလက်မှတ် ရှိနေမယ်။ ငွေလည်း ရှိနေတယ်။ ဒါပေမဲ့ နိုင်ငံခြား ထွက်လို့ မရသေးဘူး။ အဲဒါ ဘာကြောင့်လဲ။ ငွေကြေး၊ စီးပွား အဆင်ပြေမြဲတော့ အချစ်ရေး၊ အိမ်ထောင်ရေး ကမောက်ကမ ဖြစ်ရမြဲတယ်။ ဒါဟာလည်း ဘာကြောင့်လဲ။ လုပ်တိုင်း မဖြစ်၊ ဖြစ်တိုင်း မမြဲတာက ဘာကြောင့်လဲ။ တကယ်တော့ ဒါတွေဟာ ညီမျှခြင်းတစ်ခုမျှသာ ဖြစ်တယ်။ အတိတ်အကြောင်းတရားရှိမှ ပစ္စုပ္ပန်အကျိုးတရား ရှိတယ်။ အနာသိမှ ဆေးရှိမယ်။ ဒီတော့ ဆရာက သင့်အကြောင်းတွေ သိနေပြီဆိုတော့ ဆရာ့မှာ ဆေးရှိနေပြီပေါ့။ ဂမ္ဘီရသော့ကလေး တစ်ချောင်းကို လှည့်လိုက်ရုံနဲ့ သင့်အောင်မြင်ရေးလမ်းကြောင်း ပွင့်သွားရုံသာရှိမယ်။ သင် ရောက်လာဖို့ကသာ အဓိကလိုပါတယ်။ [illegible]ပြဲဝတ်ရုံနဲ့တော့ လက်တွေ့ မသိ မမြင်နိုင်ပါ။ ကိုယ်တွေ့လာမှ ကိုယ်တွေ့ ခံစားခွင့် ရရှိလာမယ်။

ဆရာနှင့် ဆွေးနွေးလိုလျှင် ကြိုတင်၍ဖုန်းဆက်ပါ။

ဆရာဘုန်းမြတ်မင်း၊ အမှတ်(၁၅)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

၀၉ ၅၁ ၈၄၃၉၀၅

www.burmeseclassic.com

ပုရောဟိတ်ဆရာဦးမြဝတ်စံ

# ပညာရေး၊ စီးပွားလာဘ်လာဘကို တိုးတက်စေသော

# သူရဿတီအင်းတော်ကြီး

ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်ကဖြစ်ပါသည်။ အချိန်ကာလအားဖြင့် (၁၉၇၂)ခုနှစ်လောက်က ဖြစ်ပါသည်။ ပထမနှစ်ဝက် စာမေးပွဲဖြေဆိုစဉ် ကျောင်းသားများ အလွန်ကြောက်သော ဓာတုဗေဒ အော်ဂဲနစ်ဘာသာရပ်မှာ အခက်အခဲ တွေ့ရပါသည်။ စာမေးပွဲမဖြေမီကပင် ညလုံးပေါက်နီးပါး ဖော်မြူလာတွေကျက်ပြီး နံနက် (၄)နာရီခန့်တွင် အိပ်ပျော်သွားခဲ့ပါသည်။

အိပ်နေစဉ် အိပ်မက်ထဲ၌ စာမေးပွဲခန်းသို့ နောက်ကျမှ ရောက်ရှိသဖြင့် စာမေးပွဲဖြေခွင့်မရသောကြောင့် စာမေးပွဲကျသည်ဟု အိပ်မက်,မက်ခဲ့ဖူးပါသည်။ လန့်နိုးသွားသောအခါ နံနက်(၅)နာရီခွဲအချိန် ရှိနေပါပြီ။ ထပ်၍ ညက ကျက်ထားသောစာများ ပြန်နွှေးကာ ကျောင်းသို့ အပြေးအလွှား သွားခဲ့ရပါသည်။ နံနက်စာ စားချိန်ပင် မရခဲ့ပါ။ ဓာတုဗေဒဘာသာရပ် မေးခွန်းအားလုံး မဖြေနိုင်ခဲ့ပါ။ Bar ထိမှာ ကြောက်နေသဖြင့် ဆရာတော်အရှင်သံဝရထံ အပြေးအလွှားသွား၍ လျှောက်တင်လိုက်ပါသည်။

ထိုအခါ ဆရာတော်အရှင်သံဝရက-

'ဒကာမြဝတ်စံ..ကျောင်းစာမေးပွဲသာမက လူဆိုတာ အသက်ရှင်နေသမျှ ကာလပတ်လုံး အလုပ်စာမေးပွဲ၊ နိုင်ငံခြားပညာတော်သင်ကိစ္စ၊ ဘဝစာမေးပွဲ စသည်ဖြင့် ကြုံတွေ့နေရမှာပါ။ ဒါကြောင့် ဒကာမြဝတ်စံအတွက် အသုံးဝင်မည့် သူရဿတီအင်း အစီအရင်တစ်ခု စီရင်ပေးလိုက်ပါမယ်။ နယုန်လပြည့် မဟာသမယနေ့မှာ စီရင်ရပါတယ်။ အဲဒီအင်းကို ရွှေပြား၊ ငွေပြားမှာ ချပြီး မီးထွန်းအင်းအဖြစ် အသုံးပြုနိုင်သလို အဆောင်အင်းအဖြစ်လည်း စီရင်လို့ရပါတယ်'ဟု မိန့်ပါသည်။

'နောက် သူရဿတီနဲ့ပတ်သက်လို့ ဒကာ့ကို ပြောချင်တာက သူရဿတီမယ်တော် တကယ်ရှိ,မရှိ အပြင်မှာ အငြင်းပွားနေတာတွေ ကြားသိနေရပါတယ်။ မြန်မ[...]
ပြည်က နတ်သမီး မဟုတ်ဘူး၊ ဟုတ်တယ်ပေါ့။ တကာ[...]
တော့ မိမိရဲ့ အပ်စပ်တယ်၊ အကျိုးပြုတယ်ဆိုရင် ကိုးကွယ်[...]
ဆည်းကပ်သင့်ပါတယ်။ အထူးသဖြင့် ကုန်ရောင်းကု[...]
ဝယ်နဲ့ ပတ်သက်လို့ စီးပွားလာဘ်လာဘအတွက်ဖြစ်စေ[...]
ပညာဉာဏ် ထွန်းပေါက်ဖို့ဖြစ်စေ အသုံးဝင် အထော[...]
အကူဖြစ်စေတာ အမှန်ပါပဲ။ တစ်နည်းပြောရရင် ပညာ[...]
ဉာဏ်ကို အထောက်အပံ့ဖြစ်စေတာကတော့ ဘုန်းကြီးကို[...]
လက်တွေ့ပါ။ စာပြန်ပွဲတွေမှာ သူရဿတီဂါထာ ရွ[...]
ပြီး ဖြေရင် လက်တွေ့အောင်မြင်မှု ရခဲ့ပါတယ်။

နောက်ပြီး ရတနာရောင်းဝယ်တဲ့ ရတနာကုန်သည်[...]
တွေ၊ ပွဲရုံကြီးတွေ၊ စတိုးဆိုင်ကြီးတွေ (ထိုစဉ်က ပြည်[...]
ကုန်တိုက်ကလွဲ၍ ကုန်တိုက်ကြီးများ မရှိပါ)ဆိုရင် သူ[...]
ဿတီမယ်တော်ကို နေ့စဉ် ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာ[...]
တိုင် ပူဇော်ခြင်းဖြင့် စီးပွားလာဘ်လာဘတိုးကာ အရောင်[...]
အဝယ်တွေဖြစ်နေတာ ဘုန်းကြီးကိုယ်တွေ့ ဖြစ်ပါတယ်[...]
နိုင်ငံခြားပညာတော်သင် သွားမယ့်လူတွေ အရည်အချင်[...]
စစ်စာမေးပွဲ ဖြေတော့မယ်ဆိုရင် သူရဿတီမယ်တော်[...]
ရှေ့မှာ အဓိဋ္ဌာန်ဝင်ရင်း အောင်ပွဲဝင်သွားတာတွေ ရှိခဲ့[...]
တယ်။

အိန္ဒိယက ဆင်းသက်တယ်လို့ ပြောကြတဲ့ သူ[...]
ဿတီမယ်တော်ဟာ သူရဿတီမြစ်ကို စောင့်ရှော[...]
တယ်လို့ ပြောကြပါတယ်။ မြန်မာပြည်မှာတော့ ပိဋကတ[...]
သုံးပုံကို စောင့်ရှောက်တယ်လို့ အများက လက်ခံထား[...]
ကြပါတယ်။ ဗေဒင်ဟောရာမှာလည်း အမေသူရဿတီ[...]
အာရုံပြု အဓိဋ္ဌာန်ဝင်ခြင်း၊ သူရဿတီမယ်တော်ကို အာ[...]
ပြု၍ ဂါထာမန္တန်ရွတ်ဆိုပြီး ဗေဒင်ဟောပါက အ[...]
မှန်ကြောင်း ဗေဒင်ဆရာအတော်များများက ယုံကြည်ထား[...]
ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် သူရဿတီမယ်တော်နဲ့ ပတ်သက်လို့ ...မြိတ်စံ ကြုံတွေ့နေရတဲ့ စာမေးပွဲကိစ္စကို ဒီနေ့က ... အဓိဋ္ဌာန်ကျင့်စဉ်ကို စတင်ရပါလိမ့်မယ်။ အဓိက ...တော့ သူရဿတီပွဲတစ်ပွဲကို မိမိမွေးနေ့က စတင်ပြီး ...ပါ။ ငါးပါးသီလ ခံယူပါ။ ခန္ဓာကိုယ်သန့်ရှင်းအောင် ...ချိုးပြီး အဝတ်အစားအသစ်ဝတ်ပါ။ အိမ်ထောင်သည် ...တော့ အိမ်ထောင်ဖက်နဲ့ မအိပ်ရပါ။ မနက်စောစော ... အိမ်က ဘုရားမှာသော်လည်းကောင်း၊ သူရဿတီ ...တော်ရှိတဲ့ ဘုရားမှာသော်လည်းကောင်း စံပယ်ပန်း ...အဖြူဆိုရင်လည်း ရပါသည်) နှင်းဆီပန်း၊ အောင် ...ပန်းတို့ကို ပန်းအိုးတွင်ထည့်ပြီး ပူဇော်ပါ။ ဘုန်းကြီး ...ပေးလိုက်တဲ့ သူရဿတီအင်းဖယောင်းတိုင်ကို ပူဇော် ... နံ့သာတိုင်(၇)တိုင်၊ သောက်တော်ရေ(၇)ခွက်နဲ့ သူရ ...တီအား ကပ်လှူဒါန်းပါ။

အဲလိုကပ်လှူပူဇော်ပြီးသောအခါ သူရဿတီဂါထာ ...ဖြစ်တဲ့-

ဥုံ--ပိဋကတ္တယံ သမ္ဗုန္နံ သဗ္ဗသိဒ္ဓိသုခါဝဟံ

စိတ္တေမေနိသီဒိတွာ မံဓာရေတု သူရဿတီ။

ဥုံ--ပိယာဝါယေ ပိယေသွာဟုံ

ဥုံ--အညမညံ ပိယံဟောတု--ဟု

...အုပ်စီရွတ် ပါ။

(၃၇)အုပ်ရွတ်ပြီးပါက သူရဿတီ ...တော်ကို မေတ္တာပို့ပါ။ (...)နေ့သား ...၍ ကုသိုလ်အစုစုကို အမေသူရဿတီ ...တော်ကြီးအား မေတ္တာပို့သပါသည်။ ...ပေပါသည်ဟု ရွတ်ပါ။

-ထို့နောက်-

ဥုံ--သူရဿတီစ မေမာတာ

မေမာတာ စ သူရ သဿတီ အနုကမ္ပ ...ါယ မိတ္တံ မေဒေဟိ ပညာ မေဒေဟိ ...တံ. မေဒေဟိ ပိယံ မေဒေဟိ--ဟု ...ခေါက် ထပ်ရွတ်ပါ။


ယခု မိမိကြုံတွေ့နေရသော စီးပွား ... ပညာရေး၊ အရောင်းအဝယ်ကိစ္စ စတဲ့ ...တ်အခဲများ အောင်မြင်ပါစေကြောင်း ...တောင်းပါ။ သူရဿတီမယ်တော်ပုံ မရှိသော စေတီပုထိုးများတွင် သူရဿတီမယ်တော် အိတ်ဆောင်ဓာတ်ပုံကို ယူသွား၍ နေ့အလိုက် ထောင့်အရပ်များတွင် ပူဇော်၍ ဂါထာများ ရွတ်ဖတ်နိုင်ပါသည်။ မိမိမွေးနံထောင့်မှ စတင်ဆောင်ရွက်ရပါမည်။ ရာဟုထောင့်အတွက် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ဆောင်ရွက်ပါ။ ထိုသို့ အဓိဋ္ဌာန်ဆောင်ရွက်နေစဉ် ကာလအတွင်း သက်သတ်လွတ်စားရပါမည်။ ငါးပါးသီလ မြဲရပါမည်။

ငှင်းကျင့်စဉ်နှင့်အတူ ဆရာတော်က မိန့်သည်မှာ သရဏဂုံကျင့်စဉ်ကို တွဲဖက်ကျင့်ရန် မိန့်ပါသည်။ ဒကာမြတ်စံက မြက်စားချိုးသွားအိပ်ရမယ်ဟု မိန့်ပါသည်။ ပထမတော့ စာရေးသူက စိတ်ထဲမှာ တုန်လှုပ်သွားပါသည်။ မြက်ကို စား၍ကား မဖြစ်နိုင်ပါ။ ဘယ်နေရာမှာ ဘာကို သွားချိုးရမလဲဟု အတွေးတိမ်မိပါသည်။

နောက်မှ ဆရာတော်က ရှင်းပြသည်မှာ-

(၁) မြက်ဆိုသည်မှာ နံနက်အိပ်ရာထ မျက်နှာသစ်ချိန်၊

(၂) စားဆိုသည်မှာ နံနက်စာ၊ နေ့လယ်စာ၊ ညစာ သရေ



www.burmeseclassic.com

စာ စားတိုင်းကို ဆိုလိုပါသည်။

(၃) ချိုးဆိုသည်မှာ ရေချိုးသောအခါတိုင်းကို ဆိုလိုပါသည်။

(၄) ယခုကာလသည် အခါမလင့် ဘေးအန္တရာယ် ကြုံနိုင်သဖြင့် ခရီးသွား၊ လမ်းလျှောက်၊ ကားစီး၊ သင်္ဘော၊ လေယာဉ်ပျံစီးခြင်းကို သွားဟု အဓိပ္ပာယ်ရပါသည်။

(၅) အိပ်ဆိုသည်မှာကတော့ အဓိပ္ပာယ်ရှင်းပါသည်။ အိပ်ရာဝင်၊ အိပ်ရာထတွင် သရဏဂုံသုံးပါး ရွတ်ရမည်ဟု ရှင်းပြတော့မှ စာရေးသူလည်း အဓိဋ္ဌာန်ကျင့်စဉ်ကို ရှင်းလင်းစွာ သိရပါတော့သည်။

ဆရာတော်မှ အောက်ပါ သူရဿတီအင်းအစီအရင်ကို မဟာသမယနေ့တွင် စီရင်ပေးပါသည်။ အကြောင်းမှာ နတ်ဒေဝါတို့ စုရုံးစုစည်းသော မဟာသမယနေ့ဖြစ်သောကြောင့် ဖြစ်ပါသည်။ အုန်းသီးတစ်လုံး၊ ငှက်ပျောသီး (သီးမွေး) (၃)ဖီး၊ စံပယ်ပန်းနှင့် နှင်းဆီပန်း၊ အောင်သပြေတို့အပြင် သောက်တော်ရေ(၇)ခွက်၊ နံ့သာတိုင်(၇)တိုင်၊ အလင်းတိုင်(၇)တိုင်တို့ဖြင့် ပွဲပေး၍ အင်းကို စီရင်ရပါသည်။


စာရေးသူလည်း ဆရာတော်၏ မိန့်မှာချက်အတိုင်း တစ်သဝေမတိမ်း လိုက်နာ၍ အဓိဋ္ဌာန်ဝင်ခဲ့ရာ စာမေး မဖြေနိုင်သော ဇော်ဂနစ်ဓာတုဗေဒဘာသာရပ်ကို အေ မြင်ပြီး တန်းစဉ် နှစ်ချင်းပေါက်အောင်မြင်၍ မဟာ အရည်ချင်းစစ်(Qualified) ရခဲ့ပါသည်။

နောင်သောအခါ ဗေဒင်ဆရာ ဖြစ်လာသော တွင် စာရေးသူထံ စာမေးပွဲဖြေမည့် ကျောင်းသူကျော သားများ လာရောက်အကူအညီတောင်းခံပါက ပညာ အဖြစ် ဉာဏ်ပူဇော်ခ မယူဘဲ အင်းအစီအရင် ဆောင် ပေးလျက်ရှိပါသည်။ ဆောင်ရွက်ပေးခဲ့သော ကျောင်း ကျောင်းသားများ၊ အရာရှိအရာခံများလည်း ၄င်းတို့ ဆိုင်ရာ စာမေးပွဲများတွင် ထွန်းပေါက်အောင်မြင်ကြော တွေ့ရှိရပါသည်။

မေတ္တာရှင်
ပုရောဟိတ် ဆရာဦးမြတ်
ဖုန်း - ၀၉ ၅၁ ၇၆

အဘဆရာကြီး **မင်းသိင်္ခ** ၏ တပည့်ရင်း •

ဆရာ **မိုးသစ်ခိုင်**



Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P. (Kolkata) (India)

မိတ်ဆွေ
ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။
ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။
ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါ

ဟိုရာ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၇၃၀ ၈၁၂၁၉

www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံ ကဏ္ဍာသမယကျင့်စဉ်

ပုရောဟိတ် ဆရာဦးမြတ်စံ

တစ်ခုသော နယုန်လပြည့်နေ့ မဟာသမယနေ့တွင် စာရေးသူ အမိဋ္ဌာန်ဝင်နေကျ မိုးကောင်းဘုရားသို့ ပန်း၊ ...း ရေချမ်း၊ နံ့သာတိုင်တို့ကို လက်ယာရစ် ဂြိုဟ် ...များကိုပတ်၍ ပူဇော်ပြီး မွေးနံ့ထောင့်တွင်ထိုင်၍ မဟာ ...ယသုတ်ကို ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။

စာရေးသူ အလားတူ အသက်(၈၀)ခန့်ရှိသော ပုဂ္ဂိုလ် ...ဦးကလည်း လာ၍အမိဋ္ဌာန်ပုတီးစိပ်နေပါသည်။ စာ ...သူက အလိုက်သိစွာပင် မိမိအသံကိုနှိမ့်၍ ရွတ်ဆို ...ပါသည်။ ထိုအခါ ပုတီးစိပ်နေသော ပုဂ္ဂိုလ်ကြီးက ...နှိမ့်စရာ မလိုပါ။ မိမိအာရုံနှင့်မိမိ နှလုံးသွင်းနေသဖြင့် ...နှောင့်အယှက် မဖြစ်ပါဟု ပြောပါသည်။

စာရေးသူနှင့် ထိုပုဂ္ဂိုလ်ကြီး နှစ်ဦးစလုံး ရှေ့ဆင့် ...ကာဆင့်ခဲ့ဆိုသလို မိမိအမိဋ္ဌာန်ကိစ္စ ပြီးမြောက်သွားကြ ...သည်။

စာရေးသူကပင် ပဋိသန္ထာရနှုတ်ခွန်းဆက်၍ 'အဘ ... တစ်ခုခုပြုစုပါရစေ။ ဒီနေ့က နယုန်လပြည့်နေ့ဆိုတော့ ...လေးမြောက်သွားအောင် ဘုရားဝင်းအတွင်းမှာရှိတဲ့ ...ဖက်ရည်ဆိုင်ကိုပဲ သွားကြတာပေါ့' ဟု ပြောပြော ...ဆို စာရေးသူကပင် ဦးဆောင်၍ လက်ဖက်ရည်ဆိုင်သို့ ...ဦးလှည့်လိုက်ပါသည်။

ထိုအဘကလည်း စာရေးသူနောက်မှ အသာအယာ ...ခဲ့ပြီး လက်ဖက်ရည်ဆိုင်၏ လူရှင်းသော ထောင့် ...နေရာ၏ စားပွဲတွင် နှစ်ယောက်သား ထိုင်လိုက်ကြ ...သည်။

အဘကို မိမိကြိုက်တာမှာ ယူသုံးဆောင်ရန် ပြော ...အခါ အိမ်တွင်သောက်နေကျ အာရှေဘိက ကော်ဖီ ...ဖြင့် ဖျော်ထားသော နှပ်ကော်ဖီနှင့် နို့ဆီ(သကြားမပါ) ...ကော်ဖီကို သီးသန့်မှာလိုက်ပါသည်။ စာရေးသူက စားပွဲ ...အား သေချာမှာသောအခါ 'ဒီအဘက ကျွန်တော်တို့ ဆိုင်မှာသောက်တာ နှစ်နဲ့ချီနေပါပြီ' ဟု စားပွဲထိုးက ပြောပါသည်။

ထိုအဘသည် တစ်ချိန်က ပန်းချီဆရာတစ်ဦးဖြစ်ပြီး သားသမီးများကို လက်ဆင့်ကမ်း ပန်းချီပညာ အမွေပေးကာ မိုးကောင်းဘုရား အနီးတစ်ဝိုက်တွင် ခြံကျယ်ကျယ်ဖြင့် နေကြောင်း သိရပါသည်။ ဘာသာရေးဘက်တွင် ဘဝကို နှစ်မြှုပ်ထားပြီး နေ့စဉ် မိုးကောင်းဘုရားသို့လာကာ ဝေယျာဝစ္စများ ဆောင်ရွက်ခြင်း သူတော်စင်ကြီးများနှင့်တကွ ဂြိုဟ်ထိုင်ရှိ ဘုရားများကို ရေသပ္ပာယ်ခြင်း၊ ပုတီးစိပ်ခြင်း ပြုလေ့ရှိပါသည်။

'ဒါဆို အဘက မိုးကောင်းဘုရားကို နေ့တိုင်း ရောက်တာပေါ့' ဟု ကျွန်ုပ်ကမေးရာ အဘက 'နေ့တိုင်း ရောက်ပါတယ်။ ဆရာလေးကိုလည်း တစ်ပတ်(၂)ကြိမ်လောက် သတိထားမိပါတယ်။ ဆရာလေးက ဗေဒင်ဆရာလား။ တစ်ခါတလေ နောက်က ညှို့သည် တစ်ယောက်စ၊ နှစ်ယောက်စ ပါလာတာ တွေ့ရပါတယ်။ သူတို့အတွက် ယတြာအစီအရင်တွေ လုပ်ပေးနေတာလည်း တွေ့ရလို့ပါ' ဟု ပြောပါသည်။

'ဟုတ်ပါတယ် အဘ။ ကျွန်တော်က စာရေးဆရာ တစ်ပိုင်း၊ ဗေဒင်ဆရာ တစ်ပိုင်းပါ' ဟု ဝန်ခံပြောဆိုလိုက်ပါသည်။

ထိုသို့ နှစ်ယောက်သား အပြန်အလှန် မိတ်ဆက်စကား ပြောနေစဉ် စားပွဲထိုးလေးက ကျွန်ုပ်တို့မှာသော ကော်ဖီ(၂)ခွက်နှင့် ပေါင်မုန့်မီးကင်ကို လာ၍ချပါသည်။

'ကျွန်ုပ်ကပင် အဘ ကော်ဖီလည်းသောက်၊ မုန့်လည်း သုံးဆောင်ပါ' ဟု လောကဝတ်ပြုလိုက်ပါသည်။

ထိုအခါ အဘက ကော်ဖီနှင့်ပေါင်မုန့်ကို ချက်ချင်း မသုံးဆောင်သေးဘဲ နှုတ်မှ ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကို လက်နှစ်ဖက်ဖြင့်ထိကာ နှုတ်မှ တ...တွတ်

www.burmeseclassic.com

www.burmeseclassic.com

ရှုတ်နေပါသည်။ ထိုသို့ဂါထာရွတ်ပြီးမှ ကော်ဖီကိုသောက်၊ ပေါင်မုန့်မီးကင်ကို ဖွဲ့၍ စားပါသည်။

ကျွန်ုပ်ကလည်း မအောင့်အည်းနိုင်တော့ပါ။ 'အခုန အဘာကော်ဖီမသောက်ခင် ရွတ်တဲ့ဂါထာသိပါရစေ'ဟု အဘာအား မေးလိုက်ပါသည်။

ထိုအခါကျမှ အဘက ပြုံး၍ 'ဆရာမြတ်စံရေ့...ခုန အဘာရွတ်တာက ဗုဒ္ဓဘာသာဝင်တိုင်း အမြဲရွတ်သင့်တဲ့ ဂါထာပါ။ သဝေမပါ ကိုးဂါထာပေါ့ဗျာ'ဟု ပြောပါသည်။

'ဒါပေမဲ့ အဘက စားသောက်ရင်တော့ သရဏဂုံ သုံးပါးကို ဝုံမုန်ပဲ ရွတ်ပါတယ်။ အခုလို နေ့ကြီးရက်ကြီးတွေမှာ ဆိုရင် သရဏဂုံသုံးပါးကို အင်းချပြီး ဘုရားမီးပူဇော်ပါတယ်။ သရဏဂုံ(၃၀)ကို ပုတီးစိပ်ပါတယ်'ဟု ရှင်းပြပါသည်။

'ဒါဆို ကျွန်တော့်ကို အဘာ ကျင့်နေတဲ့ သရဏဂုံသုံးဆယ် ကျင့်စဉ်နဲ့ အင်းကို သင်ပေးပါလား'ဟု ပြော ပြောဆိုဆို လွယ်အိတ်အတွင်းမှ မှတ်စုစာအုပ်ကို ထုတ်လိုက်ပါသည်။

အဘက စားလက်စ ပေါင်မုန့်မီးကင်ကို ပါးစပ်ထဲသို့ သွင်း၍ ပြုံးနေပြီး စာရေးသူ၏ မှတ်စုစာအုပ်တွင် သရဏဂုံ(အင်း) အစီအရင်ကို လက်တန်းရေးဆွဲပြပါသည်။

ရေးဆွဲပြီးသောအခါ 'ဒါက ဗားမဲ့ဆရာတော် ချီးမြှင့်တဲ့ သရဏဂုံ အင်း အစီအရင်ပါ'ဟု အဘက ပြောပါသည်။

'ကျင့်စဉ်ကတော့ ထွက်ရပ်ပေါက် ဆရာတော်ကြီး တစ်ပါး ချီးမြှင့်သွားတာပါ။ အင်းနဲ့ ပုတီးစိပ်ကျင့်စဉ်ကို ပူးတွဲကျင့်ကြံအားထုတ်သူဟာ စိတ္တာမယ(စိတ်မှာ ကြံစည်တိုင်း) အကျိုးခံစားရပါတယ်။ ဣစ္ဆာသယကျင့်စဉ်ဆို လည်း မမှားပါဘူး။ ဆရာကိုမြတ်စံတို့လည်း ကျင့်ကြံ အားထုတ်သင့်ပါတယ်။ မိမိစီရင်ပေးရသော ယတြာများ အောင်မြင်ပါတယ်။ နောက်ပြီး မိမိလို ကျင့်ကြံသူတွေ လည်း အောင်မြင်တတ်လို့ တစ်ဆင့်လမ်းညွှန်ပေးသင့်ပါ တယ်။

ဣစ္ဆာသယကျင့်စဉ်ဆိုလို့ ပထမဦးစွာ မိမိကြံစည် ထားသော အကြံအစည်တွေ အောင်မြင်တတ်ပါတယ်။ အောင်မြင်သွားရင်လည်း ဆက်ပြီး မရပ်မနား ကျင့်ကြံ ချင်ပါတယ်။ ဒါမှ လောကီအကျိုး၊ လောကုတ္တရာ အကျိုး အောင်မြင်မှာပါ။

**သရဏဂုံသုံးပါးအင်း (ဣစ္ဆာသယအင်း)**

| | | | | | | |
|---|---|---|---|---|---|---|
| | | ဝိ | သံ | မ | | |
| | ဗု | ဒ္ဓံ | သ | ရ | ဏံ | |
| ထ | မိ | သံ | ဃံ | သ | ဂ | စ္ဆာ |
| မ | စ္ဆာ | မိ | နံ | ရ | စ္ဆာ | ဂုံ |
| ပ္ပံ | ဂ | စ္ဆာ | ဂ | ဏံ | မိ | ဃံ |
| | ဏံ | ရ | သ | မ္မံ | ဓ | |
| | | ဒေ | ပ | သိ | | |

မိမိအမိဋ္ဌာန်ဝင်သော ဂြိုဟ်ထောင့်များတွင် မိုင်းကိုင်စက္ကူ၌ အင်းချပြီး ဖယောင်းတိုင်တွင် ပတ်၍ မီးပူဇော်ပါ။

(မိမိအိမ်တွင် အန္တရာယ်ကင်းရန် ပူဇော်နိုင်ပါသည်။)

အင်းဆံ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဝိဇ္ဇာ သိပ္ပံ

သံဂုံ ပမ

မဃံ ဒေထ

www.burmeseclassic.com

www.burmeseclassic.com

ပထမဦးစွာ ဆရာကိုမြဝတ်စံ မှတ်သားထားရမှာက အမိဋ္ဌာန်ဝင်တော့မယ်ဆိုရင် ဝါဆိုလပြည့်နေ့၊ ဒါမှမဟုတ် ...စ်လရဲ့ လပြည့်နေ့မှာ စတင်အမိဋ္ဌာန်ဝင်ရပါတယ်။ ...သတ်လွတ်စားနိုင်ရင် ကောင်းပါတယ်။ ငါးပါးသီလ ...င့်နိုင်ရင် ကောင်းပါတယ်။ နောက် အဖြူဟွစရိယာ ...င့်စဉ်ကို ရှောင်ရှားရပါမယ်။ အိမ်ထောင်ဖက်နဲ့ အတူ ...သိပ်ရပါဘူး။ အဲဒီလိုကျင့်ဖို့က (ရွှေ သိဒ္ဓိ တထောင် ...် လေ) ဆိုတဲ့ တဘောင်နိမိတ်ကို ဆောင်ရပါမယ်။ ...သေးစိတ်ကတော့ အဘဘိုးတော်အောင်မင်းခေါင်ရဲ့ ...ဘောင်နိမိတ် ဖြစ်ပါတယ်။

(၁) ရွှေ-ရွှေတိဂုံဘုရား၊
(၂) သိဒ္ဓိ-ရွှေဂုံတိုင်မီးပွိုင့်နားက အောင်သိဒ္ဓိကုန်းက ဘုရား၊
(၃) တထောင်-မိုလ်တထောင်
(၄) ပွင့်-ရွှေဘုန်းပွင့်၊
(၅) လေ-ဆူးလေဘုရားတို့ ဖြစ်ပါတယ်။

အထက်မှာဖော်ပြတဲ့ ဘုရားငါးဆူမှာ ရွှေတိဂုံဘုရား ရဲ့ မီမီမွေးနံထောင့်က စ၍စိပ်ပါ။ ပန်း၊ ဆီမီး၊ နံ့သာ ...ိုင်၊ ရေချမ်းကတော့ ပါစမြဲပေါ့ဗျာ။ အချိန်မပေးနိုင် သူတွေက နံနက်စောစော (သို့မဟုတ်) ညနေပိုင်းတွေမှာ သရဏဂုံ(၃)ပါးကို တစ်ပါးလျှင် ပုတီးတစ်လုံးချနှုန်းဖြင့် ပုတီး(၉)ပတ်စိပ်ပါ။ မွေးနံမှစ၍ မွေးနံမှာဆုံးလျှင် (၉)ပတ် (၃)ရက် ရပါမည်။

မိမိအမိဋ္ဌာန်ဝင်သော ဂြိုဟ်ထောင့်များတွင် မိုင်းကိုင် ...ွှာ၍ အင်းချ၍ ဖယောင်းတိုင်တွင်ပတ်၍ မီးပူဇော်ပါ။ (မိမိအိမ်တွင် အန္တရာယ်ကင်းရန် ပူဇော်နိုင်ပါသည်။)

<u>သရဏဂုံသုံးဆယ် ရန်မျိုးပယ် (ကျွတ္တာသယကျင့်စဉ်)</u>

အဇ္ဈတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဇ္ဈတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဈတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ
ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

(ဇာတိ၊ ဘောဂ၊ ဇီဝိတ၊ ယာဝဇီဝံ၊ မရဏကာလံ၊ မရဏကာလ၊ အရဟတ္တမဂ္ဂကာလံ၊ အရဟတ္တမဂ္ဂကာလ နိဗ္ဗာနကာလံ၊ နိဗ္ဗာနကာလ)

(ဇာ၊ ဘော၊ ဇီ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ)

ရွှေတိဂုံဘုရားမှာ ပြီးသွားလျှင် နောက်ဆက်၍၊ ဆက်၍ အောင်သိဒ္ဓိကုန်း၊ မိုလ်တထောင်၊ ရွှေဘုန်းပွင့်၊ ဆူးလေဘုရား စတဲ့ ဘုရားငါးဆူကို အစဉ်လိုက် အမိဋ္ဌာန် ပုတီးစိပ်ရပါမည်။ ထိုသို့ ပုတီးစိပ်ပြီးတိုင်း ထွက်ရပ် ပေါက်ပုဂ္ဂိုလ် သူတော်စင်တွေကို မေတ္တာပို့ပါ။ ဒါဆိုရင် ဆရာကိုမြဝတ်စံဟာ ထူးခြားတဲ့ သမာဓိအားကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာပါလိမ့်မယ်။ ဒါ့အပြင် ကြံ တိုင်းအောင် ဆောင်တိုင်းမြောက် တ,တိုင်းပြည့်တဲ့ ကျွတ္တာ သယကျင့်စဉ်ကို အောင်ပြီလို့ မှတ်ယူနိုင်ပါတယ်။ နောက် ဆက်တွဲ ကျင့်စဉ်က ပထမ(၄၅)ရက် ပြီးသွားရင် ဒုတိယ ကျင့်စဉ်ကိုလည်း ပထမကျင့်စဉ်ကဲ့သို့ ဘုရားငါးဆူမှာ သရဏဂုံတစ်ပါး ပုတီးတစ်လုံးချစနစ်နဲ့ (၄၅)ရက် (၉) ပတ် အမိဋ္ဌာန်ဝင်ရပါမယ်။

ဒုတိယကျင့်စဉ် အောင်သွားရင် တတိယကျင့်စဉ်ကို လည်း သရဏဂုံ(၃)ပါးကို (၁)မျိုး (၁)ပတ်နှုန်းနဲ့ ဆယ် မျိုး ဆယ်ပတ်စိပ်ရပါမယ်။ အဲဒါကျတော့ ကိုယ်ခံပညာ လို့ခေါ်တဲ့ မိမိကို မနာလိုသူတွေ ရန်ဘေးမှ လွတ်ကင်း သလို စုန်းတိုက်၊ နတ်တိုက်၊ ပညာတိုက်တွေကို ဆရာ ကိုမြဝတ်စံစိတ်က အာရုံညွှတ်တာနဲ့ အဝေးကို ထွက်ပြေး သွားကြပါလိမ့်မယ်။ ကျွတ္တာသယသရဏဂုံကျင့်စဉ်ဖြစ်တဲ့ အတွက် မိမိထံလာတဲ့ ဗေဒင်မေးပရိသတ်တွေရဲ့ အလုပ် အကိုင်၊ အကြံအစည်၊ ပညာရေး၊ ကျန်းမာရေး တရား တဘောင် အမှုအခင်းတွေ၊ ရောင်းရေးဝယ်တာတွေကအစ အောင်မြင်စေပါတယ်'ဟု မမောတမ်း ပြောပြပါတယ်။

ထို့နောက် အဘက 'အခုလို ကျွန်တော့်ကို ကော်ဖီ မုန့်တွေနဲ့ ဧည့်ခံကျွေးမွေးတဲ့အတွက် ဆရာကိုမြဝတ်စံတစ် ယောက် စိတ်အကြံပေါက်ပြီး အမိဋ္ဌာန်တွေ ပြီးမြောက် ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်'ဟုပြောကာ လက် ဖက်ရည်ဆိုင်မှ နှစ်ယောက်သား လမ်းခွဲသွားကြပါတော့ သည်။

မိုးကောင်းဘုရားက အဘကို ဦးညွှတ်လျက်။

မေတ္တာရည်၍
**ပုရောဟိတ် ဆရာဦးမြဝတ်စံ**
ဖုန်း - ၀၉ ၅၁၇၆၆၆၄၆

www.burmeseclassic.com

www.burmeseclassic.com

# စနေပါပ စီးနင်းကာလျှင်

ဆရာကံထူး(ဗေဒသုတေသီ)

စနေသည် ပူလောင်ခြင်း၊ ထိတ်လန့်ခြင်း စတဲ့ မလိုလား မတောင့်တအပ်တဲ့ မကောင်းကျိုး ဆိုးပြစ်များကိုသာ အပေး များ၏။ လူအများ လိုလားတောင့်တတဲ့ ကောင်းကျိုးချမ်းသာများကို ပေးအပ်သည်က နည်းပါးသည်။ ဘာ့ကြောင့်လဲလို့ မေးခွန်းထုတ်ရင် ပါပဂြိုဟ် ဖြစ်သောကြောင့်ဟုပင် ဖြေရပေမည်။

လူသားတို့ မလိုလား မတောင့်တအပ်တဲ့ ဆိုးကျိုးဆိုးပြစ်များကို ပေးအပ်လေ့ရှိသောကြောင့် ဗေဒင်ပညာအရ အနောက်တောင်ဆိုတဲ့ ထောင့်အရပ်မှာ စနေဂြိုဟ်ကို ပြုပါသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဆိုတဲ့ အဖြောင့်ခွင်တွေမှာ လူကို အကျိုးပြုတဲ့ သောမဂြိုဟ်များကို ပြုပါသည်။


လက်လို့ခေါ်တဲ့ လူတစ်ဦးရဲ့ ဘဝကို စနေဂြိုဟ် စီးနင်းလျှင် ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ မအောင်မြင်နိုင်။ ကျန်းမာရေး ချူချာလာတတ်၏။ ထိခိုက်ဒဏ်ရာရတတ်၏။ စန်းလို့ခေါ်တဲ့ စိတ်ကိုယ်စားပြု ဂြိုဟ်ကို စနေဂြိုဟ် စီးနင်းလျှင် ထိုလူ၊ ထိုဇာတာရှင်သည် အချစ်ရေး၊ ငွေကြေး၊ မိခင်နှင့် ပတ်သက်ပြီး စိတ်ဆင်းရဲရတတ်ပါသည်။ သွေးနှင့်ပတ်သက်တဲ့ ဝေဒနာ တစ်ခုခုသော်လည်း ခံစားရတတ်၏။ ဤကား စနေဂြိုဟ်က ပေးအပ်တဲ့ ဆိုးကျိုးအချို့ပင် ဖြစ်ပါသည်။

ကောဇာစနေဂြိုဟ်သည် (၂-၁၁-၂၀၁၄)ကပင် စပြီး ဗြိစ္ဆာရာသီသို့ ရောက်လျက်ရှိ၏။ ထို့ကြောင့် ဗြိစ္ဆာလက်၊ ဗြိစ္ဆာစန်း ဇာတာရှင်တို့သည် အထက်တွင် ဖော်ပြခဲ့သော ဆိုးကျိုးများကို တစ်ခုမဟုတ်တစ်ခု ရင်ဆိုင်ရဖွယ် ရှိပါသည်။ ထိုအကြောင်းကို ဗေဒင်ပညာအရ သိနှင့်နေသော စာရေးသူသည် မိမိထံ ဗေဒင်လာမေးသူများထဲမှ စနေစက်ကွင်း မလွတ်သူများကို ဒီလိုဖြစ်လာတတ်ကြောင်း၊ ဒီကာလအတောအတွင်း ဖြစ်တတ်ကြောင်း ဟောပြောပြီး ဆန္ဒရှိသူများကို အစီအမံလုပ်ပေးလေ့ရှိပါသည်။

ဆန္ဒမရှိသူများကို မိမိဘာသာ ယတြာလုပ်ရန် သင် ညွှန်ပြပါသည်။ အချို့က ဗေဒင်ကြည့်သော်လည်း ယတြာ တို့၊ အစီအမံတို့ကို မယုံကြည်၊ စိတ်မဝင်စားပေ။ ဒါ လည်း သူ့ယုံကြည်ချက်တစ်မျိုးပင် ဖြစ်ပါ၍ စာရေးသူ တို့က အထူးပြောနေစရာ မလိုပါ။ ဟောပေးလိုက် ပြီး သွားပါသည်။ သို့သော် မိမိထံ ဗေဒင်လာမေးတဲ့ ဘယ် သူက ယနေ့ ဘယ်လိုဖြစ်သွားသတဲ့လို့ ကြားရတဲ့အခါ (သို့မဟုတ်) ထိုလူကိုယ်တိုင် ဖုန်းဆက်ပြောလာတဲ့အခါ စိတ်မကောင်းဖြစ်ရသည်ကား အမှန်ပါ။

အွန်လိုင်းကနေ မိတ်ဖွဲ့ပြီး စာရေးသူဆီ ဗေဒင်လှမ်း မေးတဲ့ သမီးလေးတစ်ယောက် နာမည်က စမိုင်းလ်ကွင်း တဲ့။ အင်္ဂလိပ်လို ရေးထားတာပါ။ မြန်မာလို အပြီးဘုရင်မ ပေါ့။ (၈-၂-၂၀၀၀)၊ မနက် (၂း၃၀)နာရီအချိန်၊ ကျုံပျော် မြို့နယ်က ရွာလေးတစ်ရွာမှာ မွေးဖွားလာသူ ဖြစ်ပါသည်။

ဇာတာဖွဲ့လိုက်တဲ့အခါ အောက်ပါအတိုင်း ပြသပါ သည်။




ဗြိစ္ဆာလက် ဇာတာရှင် ဖြစ်ပါသည်။ ထို့ကြောင့် ကော ဇာစနေအရ လက်ပေါ်တွင် စနေစီးနင်းနေတော့၏။ ထို့ ကြောင့် အထက်ပါအတိုင်း အသေအချာ ဟောပြလိုက် ပါသည်။ ဗေဒင်လာမေးချိန်နှင့် သကြန်ပွဲတော်က နီးနေ

www.burmeseclassic.com

www.burmeseclassic.com

သင်္ကြန်မှာ ထွက်မလည်ဖို့တောင် သတိပေးလိုက်ပါသည်။ 'သင်္ကြန်ဆိုတာ တစ်နှစ်တည်းကျတာ မဟုတ်ဘူး နောက်နှစ်လည်း ရှိတာပဲ' လို့ ပြောပြလိုက်သေး၏။

စာရေးသူအား အခါအားလျော်စွာ ကူညီလေ့ရှိတဲ့ ကောင်လေးတစ်ယောက်နှင့် ငယ်သူတို့သဘာဝ ချစ်သူ ဖြစ်နေကြသည်ဟု တစ်ဆင့်စကား သိရ၏။ ထို့ကြောင့် စာရေးသူက ကောင်လေးကို 'သင်္ကြန်မှာ ဟိုကောင်မလေးနဲ့ ဆိုင်ကယ်အတူစီးပြီး မသွားနဲ့နော်။ မတော်တဆ ထိခိုက်မိအောင်ဖြစ်တတ်တယ်။ ဆရာပြောတာ ယုံ' လို့ ခပ်တည်တည် ပြောထားလိုက်ပါသည်။

လူကြီးသူမစကားကို နားထောင်တတ်သူဆိုတော့ ကောင်လေးက အဲဒီကောင်မလေးနှင့် အတူတူ လျှောက်မလည်တော့ဘဲ သူငယ်ချင်းတွေနှင့်ပဲ လျှောက်လည်ပါသည်။ သို့သော်လည်း ဘေးမသီ ရန်မခ ဘာမှမဖြစ်ဘူးပေါ့။ ကောင်မလေးကတော့ သင်္ကြန်လွန်ပြီး သိပ်မကြာ စာရေးသူအား ကြုံလို့ကနေ သူ့အဖြစ်အပျက်ကို ပြောပြပါသည်။ လမ်းလျှောက်ရင်း ခြေခေါက်ပြီးလဲတာ ရင်အုံက ကျောက်တုံးနဲ့ဆောင့်ပါ တည့်တည့်ကို ကျပါသတဲ့။ ကျုံပျော့်ဆေးရုံတွင် ကုသပြီး ဟံသာဝတီဆေးရုံကို သွားလိုက်ရသည်ဟု ဆိုပါသည်။

'ဪ..အေး..အေး၊ သမီးကို ဆရာပြောသားပဲ။ ဆိုင်ကယ်ကိုစီးရင် လွတ်ခဲ့တယ်။ တစ်ခုမဟုတ်တစ်ခု ဖြစ်မှာပဲတယ်။ သမီးက ကာကွယ်တဲ့နည်းကို သိပ်စိတ်မဝင်စားတော့ ဆရာလည်း ထွေထွေထူးထူး မပြောလိုက်ရတာ' စသည်ဖြင့် သင့်တော်သော စကားလုံးများ ရွေးချယ်ပြောလိုက်ရပါသည်။

နောက် နောက်တစ်ယောက်တဲ့။

စာရေးသူ ဆောင်းပါးရေးနေတုန်း ကရင်အဘိုးအို တစ်ယောက် ခြံထဲ ဝင်လာပြီး 'အိမ်ခိုင် ရှုံးသွားပြီလား' လို့ လာမေးပါသည်။

စာရေးသူလည်း ကပျာကယာ လှမ်းကြည့်လိုက်ပြီး 'ပျောက်တဲ့..သွားပါပြီ၊ ဘာကိစ္စပါလဲ' လို့ ပြန်မေးလိုက်ရာ အသံလေးလေးဖြင့် 'မြို့ဂျာ ဆိုင်ကယ်ပျောက်တယ် အဲ့ ဘယ်လိုနေသေးလဲဆိုတာ သိချင်လို့ လာမေးတာ' ဟု ပြောပါသည်။

'ဪ..ဟုတ်လား၊ ဘယ်မှာ ပျောက်တာလဲ' လို့ စာရေးသူ ခပ်သွက်သွက် တအံ့တဩ မေးလိုက်မိပါသည်။

'ရေကြည်မှာလို့ ပြောတာပဲ။ ခွေးကို ဝင်တိုးတာလို့ ပြောနေကြတယ်' လို့ အဘိုးအိုက ရှင်းပြတော့မှ 'နေဦး ကျနော် ရုံးကို ဖုန်းဆက်ကြည့်လိုက်မယ်။ ရုံးက လူတွေ သိပြီလား၊ မသိသေးဘူးလား ကျွန်တော်လည်း မသိဘူး' ဟု ဆိုကာ ပြောရင်းဆိုရင်း ဖုန်းကောက်ဆက်လိုက်ပါသည်။

အရေးထဲ အိမ်ခိုင်က ဈေးထဲ ရောက်နေလို့တဲ့။ ရုံးကို ဖုန်းဆက်ကြည့်ဦးမယ်ဟု ဆိုပါသည်။ ဖုန်းဆက်တာခရလို့ ရုံးပြန်သွားပြီး လုပ်ဖော်ကိုင်ဖက် ရုံးသူရုံးသားတွေကို မေးပြီးမှ စာရေးသူအား လှမ်းပြော၏။

'ဟုတ်တယ်၊ မနေ့တည်းက ဖြစ်တာ' ဟု ပြောပါသည်။ မနေ့ကဆိုတော့ (၂၂-၅-၂၀၁၆) တနင်္ဂနွေနေ့ပေါ့ လို့ မှတ်ချက်ချလိုက်ပြီး 'ဒဏ်ရာ တော်တော်များလား' လို့ မေးကြည့်တော့ 'မောင်းဆုံရှိး ဟသွားတယ်'တဲ့။ ဪ..လို့ပဲ ပြောပြီး ဖုန်းချလိုက်ပါသည်။

ပြီးတော့ ကရင်အဘိုးအိုဘက် မျက်နှာမူလိုက်ကာ 'ဟုတ်တယ်တဲ့ဗျာ၊ ကျွန်တော် သူ့ကို ဗေဒင်ဟောပေးထားသေးတယ်ဗျာ။ အက်ဆီးဒင့် သတိထားပါလို့။ အေးလေ.. ဘာတတ်နိုင်မှာလဲ၊ ဖြစ်စရာရှိလို့ ဖြစ်ရတယ်လို့ပဲ ပြောရတော့မှာပေါ့' ဟု ဆိုကာ စကားကို အဆုံးသတ်ပြီး စာရေးစားပွဲဘက် လှည့်လာခဲ့ပါသည်။ ပြီးမှော့ မြို့ဂျာဇာတာကို ပြန်စစ်ကြည့်၏။

(၁၅-၁-၁၉၆၃)ခုနှစ်၊ မနက်(၄)နာရီအချိန်၊ ငသိုင်းချောင်း မွေး၊ ဗြိစ္ဆာလဂ်၊ သိဟ်စန်း ဆိုတာကတော့ သိပြီးသားပါ။ (၂၂-၅-၂၀၁၆) တနင်္ဂနွေနေ့မှာ ကောဇာ စနေရော ကောဇာ အင်္ဂါပါ လဂ်ကို စီးနင်းထား၏။ ပါပဂြိုဟ် နှစ်လုံးစလုံးက လဂ်ပေါ်မှာ အပြန်သွားနေ၏။ စနေက လဂ်ကို စီးနင်းထားသည့်အပြင် သိဟ်ရာသီမှာ ရှိတဲ့ မူလစန်းကိုလည်း ဆယ်တန့် အမြင်ဖြင့် အထူးမြင်ထားပါသည်။

လဂ်ကထောက်လျှင် (၇)တန့် ပထနီဘာဝဖြစ်တဲ့ ပြိဿရာသီကို အင်္ဂါရော စနေပါ (၇)တန့်အား ကောင်းကောင်းနှင့် မြင်ထား၏။ အိမ်ထောင်ရေးဘာဝဆိုတော့ အိမ်ထောင်ဖက်နှင့်လည်း အနည်းငယ် သတ်ပုံငနေ၏။

www.burmeseclassic.com

ထို့အပြင် မကာရရာသီ၌ ရပ်တည်သော မူလစနေကိုလည်း ကောဇာစနေက (၃)တန့်အထူးမြင်ထားသေး၏။ ကောဇာအင်္ဂါသည် ယာဉ်ရထားကို ကိုယ်စားပြုတဲ့ (၄)တန့်ဘာဝကို (၄)တန့်အထူးမြင်ထားသေး၏။

လက်ကို စနေ၊ အင်္ဂါက အပြန်သွားရင်း စီးနင်းထားလျှင် အက်ဆီးဒင့်ဆန်တဲ့ ထိခိုက်ဒဏ်ရာရတတ်၏။ ဘာနှင့် ထိခိုက်နိုင်လဲ။ ယာဉ်ရထား၊ မော်တော်ကား၊ ဆိုင်ကယ် စသည့် စက်တပ်ယာဉ်များနှင့် ထိခိုက်တတ်ပါသည်။ ဘယ်လိုအကြောင်းကြောင့် ဖြစ်လာနိုင်လဲ။ ပထမဘာဝကို (၇)တန့်အထူးမြင်ထားသောကြောင့် အိမ်ထောင်ဖက်ကို အခြေခံပြီး ဖြစ်ဖို့များ၏။

**မှန်၏၊ ကျုံပျော်မြို့ လယ်ယာစိုက်ပျိုးရေးရုံးမှာ ဦးစီးမှူးတာဝန် ထမ်းဆောင်နေတဲ့ မြို့ကျာသည် ဓနီးရှိရာ ငသိုင်းချောင်းသို့ ရုံးပိတ်တိုင်း ပြန်ပြန်သွားလေ့ရှိပါသည်။ အခုလည်း ငသိုင်းချောင်းသို့သွားပြီး ပြန် ရေကြည်နားမှာ ဆိုင်ကယ်မှောက်ခြင်း ဖြစ်ပါသည်။**

မှောက်ရခြင်း အကြောင်းအရာကို စစ်ဆေးကြည့်ပါက အမြင်ခံဂြိုဟ်တွင် တနင်္လာ၊ စနေတို့ ပါဝင်လေရာ နံသင့်အကွာရာ ကောက်ယူပါက ခွေး၊ နွားတို့ကို တိုက်မိဖို့ရာ (၈၀)ရာခိုင်နှုန်း သေချာပါသည်။

မှန်၏။ အခြားတစ်ယောက်က ခွေးကို တိုက်မိလို့ နောက်သို့ ပြန်လည်ထွက်တဲ့ ခွေးကို ရှောင်တိမ်းဖို့ အချိန်မမီလိုက်တော့တဲ့ မြို့ကျာက ဝင်တိုက်မိခြင်း ဖြစ်ပါသည်။ ဒသာကို ကြည့်လိုက်သောအခါ ကြာသပတေး ထူလ၊ အင်္ဂါ အန္တရ၊ စနေ ပြတ္တန္တရပါ။ တိကျလိုက်တဲ့ ဗေဒင်၊ လင်္ဂပေါ် စီးနင်းနေတဲ့ အင်္ဂါ၊ စနေ ပါပဂြိုဟ်နှစ်လုံး အန္တရဒသာ၊ ပြတ္တန္တရဒသာ စားစဉ် အက်ဆီးဒင့်ဖြစ်ပြီး ထိခိုက်ဒဏ်ရာရပေသည်။

အကယ်၍ ကြာသပတေး ထူလဒသာ မဟုတ်ခဲ့ပါမူကား အသက်ပင် ဆုံးရှုံးသွားနိုင်ပေသည်။ ကြာသပတေး ထူလဒသာ စားနေပြီး ကုမ်ရာသီတွင် ရပ်တည်နေတဲ့ မူလကြာသပတေးကို သိဟ်ရာသီမှာရှိနေတဲ့ ကောဇာကြာသပတေးဂြိုဟ်က (၇)တန့်လှမ်းမြင်ထားသောကြောင့် သေကံမရောက် သက်မပျောက်ခြင်း ဖြစ်ပါသည်။ ကံကောင်းသည်ဟုပင် ဆိုရပေမည်။

ကြာသပတေး ထူလဒသာလည်း မစား၊ ယခုကဲ့သို့ အင်္ဂါ၊ စနေ ပါပဂြိုဟ်တို့လည်း လက်ကို စီးနင်းထားပြ ကြာသပတေးကို ကြာသပတေးက အမြင်လည်း မရှိ မူလစနေကလည်း လက်နှင့် ပူးနေမည်ဆိုပါက အသက် အန္တရာယ်ပေးမှာ သေချာသလောက် ရှိပေသည်။ အတိ ကံကို ဝေဖန်သုံးသပ်ရာတွင် ဗေဒင်ပညာ အသုံးဝင်ပုံက အလွန်စိတ်ဝင်စားဖွယ် ကောင်းပါပေ၏။

ဂမ္ဘီရပရိသတ်ထဲတွင် ဗြိတ္တာလင်္ဂဇာတာရှင် မည် မည်မျှ ရှိသည်ကို စာရေးသူ မသိနိုင်ချေ။ ရှိနေမည်က သေချာ၏။ ဗြိတ္တာရာသီ၌ အင်္ဂါ၊ စနေ ရပ်တည်တဲ့ တာရှင်များ မည်မျှမည်မျှ ရှိနေမည်ကိုလည်း စာရေး မသိနိုင်ပါချေ။ သို့သော် ရှိနေမည်ကား သေချာ ရှိနေလျှင် စနေစီးနင်းခြင်း ခံနေရသော ထိုဇာတာရှင် သည် တစ်နေ့မဟုတ် တစ်နေ့ဆိုသလို တစ်ခါမဟုတ် တစ်ခါ ထိခိုက်ဒဏ်ရာ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ် ခံစားရတတ်ပါသည်။

မုချဖြစ်ရမည်ဟုကား မဆိုလို။ ဟောကိန်းအရ ဖြ နိုင်သည်ကို ဟောပြခြင်းသာ ဖြစ်ပါသည်။ ဖြစ်မည် မပြောနိုင်သလို မဖြစ်ပါဘူးလို့လည်း မည်သူမျှ အာမ နိုင်ချေ။ ဗေဒင်ပညာ၌ ဖြစ်တတ်ကြောင်း ပြဆို ၍ ဖြစ်တတ်ကြောင်းကို ရေးသားတင်ပြခြင်းသာ ဖြစ် သည်။ ကြောက်ရွံ့နေစေလို၍ ခြောက်လှန့်ရေးသားခြ မဟုတ်၊ သိထားစေလို၍ သတိပေးစကား ရေးသားတ ပြခြင်းသာ ဖြစ်ပါသည်။

မိမိကိုယ်တိုင် မဟုတ်သော်လည်း မိမိခင်ပွန်း၊ များ ဖြစ်တတ်ပြီး မိမိမှာ ပူပင်သောက ရောက်နေရ သည့် ဇာတာရှင်များကတော့ ပြိဿလင်္ဂ ဇာတာရှင် ဖြစ်ပါသည်။ ပြိဿစန်း၊ သိဟ်စန်း ဇာတာရှင်များလ အလားတူပင် စိတ်သောက များရတတ်ပါသည်။ ဖြစ် တဲ့ ကာလကတော့ စနေဂြိုဟ်၏ အနေအထားအရဆို (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်နေ့အထိ ဖြစ်တ ပါသည်။

ဆေးပညာတွင် အနာသိလျှင် ဆေးရှိသည်ဟု ဆေ ပဒ်ရှိသကဲ့သို့ ဗေဒင်ပညာတွင်လည်း ဖြစ်နိုင်ခြေ၊ ဖြစ် ကြောင်းကို သိလျှင် မဖြစ်အောင် ကြိုတင်ကာကွယ် ရှိပေသည်။ အကြောင်းကို သိခြင်းသည် ဂဏိတ-အဝ ပညာနှင့် ဖလိတ-အဟောပညာအရ ခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

...။ သိလာတဲ့ အကြောင်းတရားအားလျော်စွာ မဖြစ်ပေါ်ခင် ကြိုတင်ကာကွယ်ခြင်းကိုမူ သံဟိတပညာအရ သိနိုင်ပေသည်။

သံဟိတပညာ ဆိုသည်ကား အစီအရင်၊ အစီအမံ၊ ယာယီယတြာပညာပင် ဖြစ်ပါသည်။ ယာယီယတြာ၊ အစီအမံ အစီအရင်လုပ်ရန် ဖြစ်နိုင်တဲ့ အကြောင်းတရားကို ရှာဖွေရ၏။ ယခု ဤဆောင်းပါး၌ လင်္ဂကို စနေခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဆိုးကျိုးဆိုးပြစ်များ စာဖတ်သူများ သိမြင်အောင် တင်ပြပါသည်။ ထို့ကြောင့် အဆိုပါဆိုးကျိုးများ ဖြစ်လာရခြင်းသည် စနေ ... ကြောင့်ဟု သိရပေသည်။

အကျိုးတရားသည် အကြောင်းရှိမှ ဖြစ်သလို အကြောင်းရှိလာပါကလည်း ဖြစ်မြဲဓမ္မတာ ရှိပါသည်။ ဆိုးကျိုးတရားကို စိုးရိမ်သောက ပူဆွေးငိုကြွေးခြင်း ... မကာကွယ်နိုင်ချေ။ ဖြေဖျောက်လို့လည်း မရနိုင်ပေ။ အကြောင်းတရားကို ချုပ်ငြိမ်းအောင် လုပ်ဆောင်ခြင်းဖြင့် ... ကာကွယ်နိုင်ပေသည်။ အကြောင်းတရား ရုပ်သိမ်း ... လျှင် အကျိုးတရားလည်း ချုပ်ငြိမ်းသွားလေသည်။

ဤ၌ အကြောင်းတရားသည် စနေစီးနင်းခြင်းဟု ... တွင် ပြဆိုခဲ့ပြီး ဖြစ်ပါသည်။ ပါပစနေ စီးနင်းခြင်း ကြောင့် ဤသို့ ထိခိုက်ဒဏ်ရာ ဖြစ်ရတတ်သည်ဟုဆိုလျှင် အကြောင်းကို သိနှင့်နေတော့၏။ ယင်းအကြောင်းတရား ... ရုပ်သိမ်းချုပ်ငြိမ်းသွားလျှင် အကျိုးတရားဖြစ်တဲ့ ထိခိုက်ဒဏ်ရာ၊ အက်ဆီးဒင့်၊ ချစ်သူနှင့် ကွေကွင်းရခြင်း ... တဲ့ ဆိုးကျိုးများလည်း ရုပ်သိမ်းသွားပါသည်။

အကြောင်းတရား ရုပ်သိမ်းချုပ်ငြိမ်းအောင် ဘယ် ... လုပ်မလဲ။ ဗေဒင်ပညာသည် သိကြောင်းပညာ ဖြစ် ... အားလျော်စွာ အကြောင်းတရားကို ဖလိတပညာ ... သိ၏။ ယင်းအကြောင်းတရား ချုပ်ငြိမ်းရာ ချုပ်ငြိမ်း ကြောင်းကိုမူ သံဟိတပညာအရ သိပါသည်။ စနေပါပ ... ၏ ဆိုးကျိုးဆိုးပြစ်က လွတ်စေလိုလျှင် ယင်းဂြိုဟ် ဆိုင်ရာ အဟောင်းများကို စွန့်ပစ်ရပြီး အသစ်များကို ... ခြင်း၊ ဆောင်ခြင်း တစ်ခုခုပြုလုပ်ရပေမည်။ လူ နှင့် ဆက်စပ်နေတတ်တဲ့ စနေဆိုင်ရာ အဟောင်းများ ... ထီး၊ ဖိနပ်တို့ပင် ဖြစ်ပါသည်။

ထို့ကြောင့် မိမိတွင် ရှိနှင့်နေသော ထီးဟောင်း၊ ဖိနပ်ဟောင်းများကို အလျှင်ဦးစွာ စွန့်ပစ်သင့်ပါသည်။ ထိုသို့ စွန့်ပစ်ခြင်းကြောင့် မကောင်းတဲ့ ဘေးဆိုးရန်ဆိုး အနိဋ္ဌာရုံများ မိမိအပါးက ထွက်ခွာသွားပြီ၊ (သို့မဟုတ်) မိမိ မလိုလားမတောင့်တတဲ့ အရာတွေ မိမိနှင့်ဝေးရာသို့ ရောက်သွားပြီဆိုတဲ့ အသိတရား မိမိစိတ်အစဉ်မှာ ဖြစ်ပေါ်လာပေမည်။

ယင်းကို ယုံကြည်ချက်အဖြစ် ပြောင်းလဲလိုက်ပြီး "တကယ်ပဲ ငါနှင့် ငါ့ဝန်းကျင်ကနေ မကောင်းတဲ့ ကံကြမ္မာဆိုး၊ ဘေးဆိုးရန်ဆိုး၊ အန္တရာယ်ဆိုးများ ထွက်သွားပြီ။ ဟိုးအဝေးကို ရောက်သွားပြီ" လို့ နှလုံးသွင်းရပေမည်။

တစ်ဖန်ထပ်၍ ပြန်ဝင်မလာနိုင်အောင် တားဆီးကာကွယ်ထားရန်လည်း လိုအပ်၏။ ထို့ကြောင့် ထီးသစ်၊ ဖိနပ်သစ်များကို ဝတ်ဆင်သင့်၏။ ဝတ်ဆင်ရပေမည်။

ဥပမာအားဖြင့် ပေါက်ပြဲစုတ်ပြတ်နေတဲ့ ထီးသည် နေဒဏ်၊ မိုးဒဏ်ကို မကာကွယ်နိုင်၍ ယင်းထီးစုတ်၊ ဖိနပ်စုတ်ကို ဆောင်သူသည် နေဒဏ်၊ မိုးဒဏ်ကို ခံရ၏။ ထို့ကြောင့် အအေးပတ်ခြင်း၊ အပူမိခြင်း၊ ဖျားနာခြင်း စတဲ့ ဆိုးကျိုးများကို ခံစားရ၏။ ယင်းထီးစုတ်၊ ဖိနပ်စုတ်များကို စွန့်ပစ်လျှင် ယင်းဆိုးကျိုးများမှ လွတ်ကင်းသွား၏။ ထီးစုတ်၊ ဖိနပ်စုတ်နှင့် ဆက်စပ်တဲ့ ဆိုးကျိုးများမှ လွတ်ကင်းသွားခြင်းမျှသာ ဖြစ်ပါသည်။

လောက၌ ရှိရှိသမျှသော နေဒဏ်၊ မိုးဒဏ်တို့မှ လွတ်ကင်းသွားသည်ကား မဟုတ်သေးပေ။ မိမိအား မကာကွယ်နိုင်သော အစုတ်များကို စွန့်ပြီး ကာကွယ်နိုင်သော အသစ်များကို ဆောင်ထားရန် လိုအပ်ပေဦးမည်။ ထို့ကြောင့် ထီးသစ်၊ ဖိနပ်သစ်များကို ဆောင်သင့်၏။ ဆောင်လျှင် အသစ်ဖြစ်ပေါ်လာမည့် နေဒဏ်၊ မိုးဒဏ်များကို လုံခြုံစွာ ကာကွယ်ပေးနိုင်လေသည်။

ဤအတူပင် စနေဂြိုဟ်ကိုယ်စားပြု ထီးဆိုး၊ ဖိနပ်ဆိုးများကို စွန့်ပစ်ခြင်းဖြင့် စနေပါပဂြိုဟ်၏ ဆိုးကျိုးများမှ ကင်းဝေးနိုင်၏။ စနေကိုယ်စားပြု ထီးသစ်၊ ဖိနပ်သစ်များကို ဆောင်ခြင်းဖြင့် အသစ်ဝင်လာမည့် စနေဆိုးကျိုးများကို လုံခြုံစွာ ကာကွယ်နိုင်ပေသည်။

ဤကား ဂြိုဟ်၏ သဘာဝနှင့် ဂြိုဟ်၏ နိသင့်ပစ္စည်းများကို ရှောင်ခြင်း၊ ဆောင်ခြင်းဖြင့် ဘေးဆိုးရန်ဆိုး

www.burmeseclassic.com

မှ လွတ်ကင်းနိုင်ခြင်း သဘောတရား (သို့မဟုတ်) ယတြာပင် ဖြစ်ပါသည်။ ကမ္မနိယာမ ရှုထောင့်မှ ကြည့်လျှင် ထိုသို့ပြုလုပ်ခြင်းဖြင့် တကယ့်တကယ် လုံခြုံစွာ ကာကွယ်နိုင်ခြင်း ရှိ,မရှိကို အာမ,မခံနိုင်၊ စိတ်မချရသေးပေ။ ထို့ကြောင့် နက္ခတ်တာရာတို့ အပေါ်တွင် ရှိနေတဲ့ ရတနာသုံးပါးကို အားကိုးအားထား ပြုရပေဦးမည်။

ထို့ကြောင့် မွေးနေ့တွင် စနေထောင့်ဂြိုဟ်တိုင်ဘုရားတွင် ဘုရားရှင်အား ရည်မှန်းပြီး ထီးလှူဒါန်းရပေမည်။ အနီ၊ အဖြူ၊ အနက် စသည့်အရောင်များကိုမှ ဆက်စပ်ရာဂြိုဟ်၊ ဘာဝအားလျော်စွာ အဖြေထုတ်ယူရပါသည်။ ထို့ကြောင့် အတိအကျ မပြောနိုင်ပါ။ စနေကိုယ်စားပြု ထီးတစ်မျိုးမျိုး မြတ်ဘုရားအား လှူဒါန်း ပြီးလျှင် 'ငါ ဘဝမှာ အရိပ်ရပြီး အေးမြသွားပေပြီ' လို့ ယုံကြည်စွာ ရှိခိုးဦးချလိုက်ပါ။

သို့ဆိုလျှင် မြတ်ဘုရားအား စနေကိုယ်စားပြု ထီးလှူဒါန်းလိုက်တဲ့ ယတြာကုသိုလ်စွမ်းအားကြောင့် စနေပါပဂြိုဟ်၏ ဆိုးကျိုးများ ကိုယ်ဝယ်မရောက် အဝေးကပင် ကင်းစင်လွင့်ပျောက်သွားပေမည်။ ထီးသည် ပင်ကိုအ[...] ဖြင့် မိုးဒဏ်၊ နေဒဏ်ကို ကာကွယ်နိုင်စွမ်း၏။ မြတ်ဘုရ[...] ၏ ဂုဏ်တော်များကလည်း လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝ[...] တို့ရဲ့ ဘေးဥပဒ်အန္တရာယ်များကို ကာကွယ်ပေးနိုင်စွမ်း[...] ဖြေဖျောက်ပေးနိုင်စွမ်း ရှိပေသည်။

မိုးဒဏ်၊ နေဒဏ်တွေကို ကာကွယ်နိုင်စွမ်းရှိတဲ့ ထီး[...] ဖိနပ်လို ဘေးဥပဒ်အန္တရာယ်အား ပယ်ဖျောက်ပေးနိုင်စွမ်း[...] တဲ့ မြတ်ဘုရားဂုဏ်တော်အား အာရုံပြုပြီး လှူဒါန်းခြင်း[...] ကုသိုလ်၌ ထိုအလှူရှင်၊ ထိုဇာတာရှင်အား ဘေးဥပဒ်[...] အန္တရာယ်ဆိုးမှ ကာကွယ်နိုင်တဲ့ စွမ်းအင်သတ္တိ ပါဝင်[...] သည်။ ပါဝင်ကြောင်း ယုံကြည်အပ်၏။ ထိုကမ္မသတ္တိ[...] စွမ်းအင်က ကာကွယ်ပေး၍ ဂြိုဟ်ဆိုးတို့ရဲ့ ဆိုးကျိုးတို့[...] လွတ်ကင်းပပျောက်သွားခြင်း ဖြစ်ပေသည်။

**ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေ**

**ဆရာကံထူး(ဝေဒသုတေသီ)**

ဖုန်း - ၀၉ ၄၀၁ ၅၃၄ ၄[...]


ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ

အထူးအမိန့်ဖြင့် သာသနာပြုလျက်ရှိသော



**ဆရာမကြီး အေးမိုးမိုး**

**စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် [ဂု]ရက်သားသမီးများတို့မှာ ဖြစ်မေါ်တတ်သည်**

ပညာရေး စီးပွားရေး အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ မြို၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်,ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊

ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးတာ မေတ္တာ၊ စေတနာ ရှေ့ထားပြီး

အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၁၁၉၈၂၅၂၀ ၊ ၀၉ ၄၂၁၀၂၁၃၆၈


www.burmeseclassic.com

www.burmeseclassic.com

# (၂၀၁၇)ခုနှစ် နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လေးတွေကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလုဆင်လျှင် ကြည်လင်လှပ၊ နက္ခတ္တတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇာတားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဒေါ့တွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ် သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဒီဇင်ဘာလ (၁၄)ရက်မှ ဇန်နဝါရီလ (၁၂)ရက်အတွင်း — *(heading printed as:)* ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅:၄၅ - ၀၇:၄၅ | မိဿ |
| ၀၇:၄၅ - ၀၉:၄၅ | ပြိဿ |
| ၀၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ၀၁:၄၅ | မကာရ |
| ၀၁:၄၅ - ၀၃:၄၅ | ကုမ် |
| ၀၃:၄၅ - ၀၅:၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

ဇူလိုင် (၁၆)ရက်မှ
ဩဂုတ်လ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

ဩဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## [illegible]

### မိဿလဂ် (Aries)



တတိယပတ်ကုန်ထိ ကျန်းမာရေးကောင်းနေမည်။ လကုန်ပတ်တွင် ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်ပါသည်။ ယခင်က ငါတကား၊တကား မာနလွှားပြီး ပြုထား၊ ပြောထားခဲ့သည်များ ခုမှ အမှားသဖွယ်ကိုယ့်ထံ ရောက်လာနေမည်။ ငွေဝင်လျက် စုမရနိုင်ဘဲ မှိုင်တွေနေရတတ်၏။ အရေးပါတဲ့ မိသားစုဝင်များနှင့် ကတောက်ကဆ ဖြစ်ရတတ်ပါသည်။ ကိုယ့်လူ သူ့သားဖြစ်ကာ ပြဿနာကြုံရတတ်ပါသည်။ အလုပ်မ... သေးက ဂုဏ်သိက္ခာရှိတဲ့ အလုပ်အကိုင်ကောင်း ရလိမ့်မည်။ ယခုလတွင် ရန်သူက မိတ်ဆွေဖြစ်လိုက်၊ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

ရှိသူဖြစ်လိုက်နှင့် ကမောက်ကမတွေ ဖြစ်နေတတ်၍ ပညာသတိကိုသာလျှင် လက်ရုံးသဖွယ် အားကိုးပါ။ ပညာသမားများ အသင့်ဖြစ်နေပြီးမှ ကတိကဝတ် စာတမ်းများ ပယ်ဖျက်ခံရတတ်၏။ စာပေသမား၊ သန်း၊ အဖျော်ရည်၊ ရေကြောင်း စတဲ့ ရေနှင့်ပတ်သက် များ၊ မိတ္တူ၊ မိတ္တူစက် စတဲ့ မိတ္တူနှင့် ပတ်သက်သူများ လုံးပဲ လုပ်ငန်းအဆင်မပြေချင်၊ လုပ်ငန်းခွင်တွင် စိတ် ရှိနေရတတ်၏။ ပညာသင်လူငယ်များ မူးယစ်ဆေး နှင့် နီးစပ်သွားတတ်၍ မိဘများ အထူးသတိထား တဲ့ကာလ ဖြစ်ပါသည်။ တောင်အရပ်ကို မသွားသင့်

ကြာ

မွေးနေ့တွင် မိမိဝန်းကျင်ရှိ နီးစပ်ရာ လူကြီးသူမ အား ဆီးဖျော်ရည် တတ်နိုင်သလောက် လှူဒါန်းကျွေး လိုက်ပါ။

## ဥသဘလဂ် (Taurus)



အလုပ်အကိုင် ကောင်းပြီး ဝင်ငွေ ကောင်းနေမည်။ အလုပ်မရှိသေးသူ များ အလုပ်ရမည်။ အလှကုန်၊ အလှ ပြင်၊ အလှဆင်နှင့် ပတ်သက်တဲ့ လုပ် ငန်းရှင်များ၊ အလုပ်သမားများအားလုံး စိတ်ချမ်းသာရ မည်။ သစ်တောရေးရာဌာနကြီးဌာနမှ ဝန်ထမ်းများ၊ အရာ ရှိများအားလုံး ပြုံးပျော်ရမည့် ကာလပါ။ စစ်သည်တော် များ စစ်ဘက်ဆိုင်ရာ ဆေးဝန်ထမ်းများ ရာထူးဌာနနေရာ ပြောင်းလဲမည်။ စက္ကူစာတုနှင့် စာရေးကိရိယာ ရောင်းဝယ်သူများ အဆင်ပြေမည်။ အထည်အလိပ်နှင့် ပတ်သက်တဲ့ ကုန်သည်ကြီးများ ထင်မှတ်မထားတဲ့ ပြဿ နာနှင့် တိုးရတတ်၍ ဖြစ်နိုင်လျှင် အရင်းအနှီး လျှော့ထား ပါ။ ငွေကြေးနှင့် တိုက်ရိုက်လုပ်ဆောင်ရတဲ့ ငွေတိုး ချေးလုပ်ငန်းရှင်များ၊ အပေါင်ဆိုင်များ၊ ဘဏ်အစု ရှယ်ယာ ဝယ်သူများ လောဘကို ရှေ့တန်းမတင်ပါနှင့်။ သတိကို ရှေ့တန်းတင်နိုင်မှ တော်ကာကျမည်။ မည်သူ မဆို မိမိနေအိမ်တွင် ညအိပ်ရာဝင်တိုင်း ဘုရားမီးပူဇော် ခဲ့ မမေ့ပါနှင့်။ အသေးအမွှားထင်၍ မပူဇော်ဘဲ လျစ် လျူရှုကာ မသိကျိုးကျွန်ပြုပါက ကုစားမရနိုင်တဲ့ ပြဿ နာများ တိုးလာရတတ်ပါသည်။ (၉၊ ၁၀)ရက်များနှင့် လကုန်ပတ်ကို ရက်ကောင်းရက်မြတ်ဟု မှတ်ပါလေ။ ရှောင်ရမှာက (၂၀၊ ၂၁) (၂)ရက်ပါ။

ယတြာ

ရေလျှော့သောက်ပြီး သောက်တော်ရေ များများ ဆက်ကပ်ပေးပါ။ ဝက်သားကြိုက်သူများ ယခုလတွင် ရှောင်ပါလေ။

## မေထုန်လဂ် (Gemini)



ဘဝရည်မှန်းချက် ရည်မှန်းချက်များ ကသိကအောက်ဖြစ်နေမည်။ ကျန်းမာ ရေး အနည်းငယ် ချွတ်ယွင်းနေတတ် ၏။ (၉)ရက်လွန်လျှင် သက်သာပျောက် ကင်းသွားလိမ့်မည်။ အိမ်ရေးဆိုင်ရောင်းသူများ၊ အိမ်မှာ ထိုင်ပြီး အလုပ်လုပ်သူများ၊ အိမ်ရောင်းဝယ်သူများ အကျိုး အမြတ်ကောင်း ရရှိမည်။ လူငယ်လူရွယ်များ ကြင်နာ တတ်တဲ့ ချစ်သူနှင့် တွေ့ရတတ်ပါသည်။ ညီအစ်ကိုမောင် နှမ ဆွေမျိုးသားချင်းကို အရောမဝင်ပါနှင့်၊ ပုံမှန်ပဲ ဆက် ဆံပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ကျန်းမာရေးကို အထူးဂရုစိုက်ပေးပါ။ အိမ်ထောင်ရေးမှာ စိတ်မချမ်းသာ မှုတွေ များနေရတတ်၏။ အခန့်မသင့်က ကွဲသွားတတ်ပါ သည်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ပြုလိုစိတ် တား မနိုင် ဆီးမရ ဖြစ်နေတတ်ပါသည်။ သို့သော် တကယ့် တကယ် မပြုဖြစ်ပါ။ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)အက္ခရာပါဝင်တဲ့ လမ်း၊ ရပ်ကွက်၊ မြို့နယ်များသို့ ကောင်းသောပြောင်းခြင်း ဖြင့် ပြောင်းရွှေ့ရ နေထိုင်ရကိန်း ရှိပါသည်။ (၁၄)ရက် အတွင်း မလုပ်ချင်မကိုင်ချင် ဖြစ်နေတတ်ပါသည်။ ဘာ အတွက်ပဲဖြစ်ဖြစ် (၅၊ ၆)နှင့် (၂၀၊ ၂၁)ရက်များကို ဆောင်ပါ။

ယတြာ

မွေးနေ့တွင် အုန်းရည်သောက်ပြီး သူဂတောဂုဏ် တော်ကို ပုတီး(၉)ပတ် စိပ်လိုက်ပါ။ စိတ်ချမ်းသာရလိမ့် မည်။

## ကရကဋ်လဂ် (Cancer)

ယခုလ တတိယပတ်တွင် စိတ်မချမ်းသာစရာ



www.burmeseclassic.com

www.burmeseclassic.com



အနှောင့်အယှက်များ တွေ့ရတတ်ပါသည်။ အကြော၊ အရိုးနှင့် ပတ်သက်ပြီး ဝေဒနာပြင်းစွာ ခံစားရတတ်၍ တက်စာများကို ရှောင်ပါ။ စုငွေ၊ အပ်နှံငွေနှင့် ပတ်သက်ပြီးတော့ ပြဿနာဖြစ်ရတတ်၏။ အလွတ်သဘော ပြောတဲ့စကား၊ နားလည်မှုအရ ထိုးတဲ့ လက်မှတ်များကို အထူးသတိထားပါလေ။ လက်မှတ်ထိုးမိပါက ဘဝပျက်လုနီးပါး ပြဿနာနှင့် ရင်ဆိုင်ရတတ်ပါသည်။ (၁၄)ရက်အတွင်း ဖခင်ကျန်းမာရေး အထူးဂရုစိုက်ပေးပါ။ အိမ်၊ အိမ်ခန်းနှင့် ပတ်သက်ပြီး စိတ်ချမ်းသာမှု အပြည့်ရလိမ့်မည်။ အိမ်ရောင်းဝယ်၊ ငှားရမ်းလိုသူများ အဆင်ပြေနေမည်။ လက္ကနာခါနီးကျမှ ဆီးနှင့်ပတ်သက်တဲ့ ဝေဒနာတစ်ခု ကောက်ကာငင်ကာ ရလာတတ်၏။ ရေကျက်အေး များများသောက်ပေးပါ။ ရွှေကုန်သည်များ မှန်းသလောက် မပေါက်နိုင်သဖြင့် အရင်းအနှီးလျှော့ပေါ်သင့်၏။ အမြင့်တက် အမှုထမ်းရန်နီးဖြင့် ခုနှစ်တက်သူများ အမြင့်ရောက်လေလေ ဒုက္ခဝေလေလေ ဖြစ်နေမည်။ မိမိလုပ်မြဲအလုပ်ကိုသာ ကြိုးစားလုပ်ကိုင်သင့်ပါသည်။ (၁၃၊ ၁၄)နှင့် (၂၈၊ ၂၉)ရက်များကိုဆောင်၊ (၂၊ ၃)နှင့် (၃၀၊ ၃၁)ရက်များကို ရှောင်ပါ။

ယတြာ

သောက်ရေသန့်ကို နေ့စဉ် ဘုရားကပ်ပြီး ဘုရားရေမှတ်ကာ သောက်ပါလေ။ ရောဂါကင်းရှင်း ချမ်းသာခြင်း ရှိလိမ့်မည်။

## သိဟ်လဂ် (Leo)



အဆင်ပြေနေလျက်က ဘာဖြစ်မှန်းကို အဖြေရှာမရဘဲ အနှောင့်အယှက်၊ အတိုက်အခံတွေကြားမှာ ပြဿနာတစ်ပုံတစ်ခေါင်းနှင့် ရှုပ်ထွေးနေရတတ်ပါသည်။ ကျောင်းဆရာ၊ဆရာမအချို့ ရုပ်တန့်ခြင်း၊ အခွင့်အလမ်းဆုံးရှုံးခြင်းများ ကြုံရတတ်ပါသည်။ ပညာသင် လူငယ်များဆိုပါက မှတ်ဉာဏ်တွေ အလွန်အားကောင်းပြီး စာကျက်လို့ ရလွယ်နေမည်။ ဘယ်အလုပ်ပဲ လုပ်လုပ် အရနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေကြေး စုမိဆောင်းမိရှိနေမှာ သေချာ၏။ (၂၆)ရက်နောက်ပိုင်း ငွေဝင်နည်းလာပြီး ငွေကြေးအတွက် အပူဖက်လာ ရတတ်၍ ချွေတာသုံးပါ။ အချစ်ရေးမှာ ရတက်မအေးနိုင်တဲ့ ကာလပါ။ တစ်ခါတစ်ရံ မိုက်ရူးရဲဆန်ချင်စိတ် ပေါက်နေတတ်၏။ အလုပ်မက်မောသူများ အလုပ်ပြင်းရှုပ်ပျက်လေ ဖြစ်နေမည်။ သမ္မာအာဇီဝကျကျ လုပ်ကိုင်နေရာမှ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဘူးကွဟု မိမိဘာသာ အကြောင်းပြကာ ဥပဒေမကင်းတဲ့ အမှောင်လောကသို့ ကူးပြောင်းသွားတတ်ပါသည်။ တကယ်တော့ သေချင်တဲ့ကျား တောပြောင်းခြင်းသာ ဖြစ်ပါသည်။ မူလအလုပ်ကိုသာ စွဲစွဲမြဲမြဲ လုပ်ကိုင်ပါ။ ပြေလည်လာပါလိမ့်မည်။ ဒုတိယပတ်အတွင်း မြတ်နိုးစရာ လက်ဆောင်ကောင်းတစ်ခု ရရှိလိမ့်မည်။ (၁၅၊ ၁၆)နှင့် (၂၅၊ ၂၆) ရက်များကို ဆောင်ပါလေ။

ယတြာ

အင်္ဂါထောင့် ဗြိဟ်တိုင်ဘုရားတွင် ဆီးညှာနံ့(၇)ညှာလှူပြီး မိမိမွေးနံ့ထောင့်တွင် ရွှေရင်အေးဆွမ်း ဆက်ကပ်လှူဒါန်းပါ။

## ကန်လဂ် (Virgo)



ဘာကြောင့်ပဲဖြစ်ဖြစ် စိတ်မညစ်နှင့်။ ဆက်လုပ်ပါ။ ရည်ရွယ်ချက် အောင်မြင်ပါလိမ့်မည်။ နေအိမ် နေရာဒေသ ပြောင်းစရာရှိ ပြောင်းလိုက်ပါ။ ကြိုးစားမှုရလဒ်အဖြစ် အကျိုးအမြတ် ရလိမ့်မည်။ အိမ်ထောင်ပြုလိုစိတ် ရှိနေပါက သင့်ဆန္ဒ အောင်မြင်လိမ့်မည်။ သို့သော် အရာရာ သတိထားပါ။ လဆန်းစမှာ နောက်ပြန်သွားနေရသလို ကသိကအောက် နိုင်လွန်းမည်။ သို့သော် တစ်ပတ်ပါပဲ။ ပုံမှန်ကလေး ဖြစ်သွားမည်။ စကားအပြောအဆို ဆင်ခြင်ပါ။ သောကြာသားသမီးနှင့် ပူးပေါင်းလုပ်ဆောင်လျှင် ဆုံးရှုံးတတ်၏။ အင်္ဂါနံ့ပစ္စည်းများ ရောင်းဝယ်ပါက ပထမတွင် အဆင်မပြေသော်လည်း နောက်ပိုင်း အလိုလို အောင်မြင်သွားပေမည်။ သစ်တောဝန်ထမ်းများ ဥပဒေရဲ့ ငြိငြင်မှုကို ခံရတတ်၍ လက်လွတ်စပယ် မလုပ်မိအောင် သတိထားပါလေ။ မမျှော်လင့်ဘဲ အရှက်တကွဲ ဖြစ်ရကိန်းရှိနေ၍ ရွယ်တူမိန်းကလေးများကို ရှောင်ပါ။ ရင်ပြုတုန်းက ရွှေထီးဆောင်းရသည်ကို ကျေနပ်နေလျှင်



www.burmeseclassic.com


www.burmeseclassic.com

အောင်မြင်မှု သူများလက်ထဲ ရောက်သွားလိမ့်မည်။ ကြောင့် လက်ရှိကာလကိုပဲ အမိအရ ဆုပ်ကိုင်ကာ သင့်၏။ (၅၊ ၆)နှင့် (၁၇၊ ၁၈၊ ၁၉)ရက်များကို (၂၊ ၃၊ ၄)ရက်များကို ရှောင်ပါလေ။ အောင်မြင် ဝါလိမ့်မည်။

ကြာ

သူငယ်ချင်းကို ရုပ်ရှင်လိုက်ပြပြီး ရေခဲမုန့် ကျွေး ပါ။ ဘေးရန်ကင်းကွာလျက် အရာရာ အဆင်ပြေ ပေလိမ့်မည်။

## လာ် (Libra)



အိမ်ထောင်ရှင်များ တကျက်ကျက်ဖြစ် နေမည့် ကာလပါ။ သူများနှင့် ပေါင်း ဖက်လုပ်ကိုင်တဲ့အလုပ်က မမျှော်လင့် ဘဲ ရပ်တန့်သွားတတ်၏။ ခြေဖဝါး ဒဏ်ရာအနာတရ ဖြစ်ရတတ်၏။ နိုင်ငံရပ်ခြား ရောက်လုပ်ကိုင်နေသူများ အခြေအနေပြောင်းလဲကာ ဆနေတတ်ပါသည်။ အချစ်ရေးတွင် မာဒဂ်ထုံး နှလုံး ကြိုးစားသင့်၏။ ပညာရေးကတော့ အင်မတန် သီကအောက် ဖြစ်ရတတ်ပါသည်။ အိမ်ထောင်ရှင်များ ထောင်ရေးသုခ အပြည့်အဝ ခံစားရမည်။ အိမ်ဆိုင် ချင်နေသူများ ဖွင့်ဖြစ်သွားမည်။ နိုင်ငံရပ်ခြား သွား ပါသလား။ မကြာခင် သွားရလိမ့်မည်။ မပူပါနှင့်။ ငံရပ်ခြား မသွားရောက်ရလျှင် နယ်စပ်ဒေသများသို့ ခဏ ရောက်ရတတ်ပါသည်။ အဖွဲ့အစည်းများတွင် ရုံးရေးတာဝန် ယူရသူများ အထူးအောင်မြင်မည်။ ညာသင် လူငယ်များ ပညာရေးအသင့်အတင့် ကောင်း ည်။ ယခုလတွင် အင်္ဂလိပ်စာ၊ သင်္ချာ နှစ်ဘာသာ နည်းနေတတ်သည်။ (၇၊ ၈)နှင့် (၂၀၊ ၂၁)ရက်များ ကို ဆောင်ပါ။

ကြာ

မွေးနေ့လက်ဆောင် ယပ်တောင်လေးများ လက် ဆောင်ပေးပြီး သုမနမြတ်စွာဘုရားကို ရည်မှန်းကာ မုန့် တစ်ခုခု ကပ်လှူပါ။

## လာ် (Scorpio)

လာပြန်ပြီ နောက်တစ်ခုလို့ ညည်းတွားနေရလောက်




အောင် သောကပရိဒေဝ များနေမည်။ စိတ်တိုင်းမကျဖြစ်နေရ၍ အလုပ်တွင် စိတ်ဝင်စားမှု အားနည်းနေ လိမ့်မည်။ အချစ်ရေးမှာ တစ်ယောက်မှ အပြစ် မရှိသော်လည်း လောကဓံကြောင့် ဝေးကွာနေရတတ်ပါ သည်။ ပညာရေး အထူးသတိထားပါ။ ဟုတ်မလိုလိုနှင့် နောက်ဆုံးမှာ မဟုတ်တဲ့ အခြေအနေ တွေ့ရမည်။ လေ အန်တဲ့ရောဂါ ခံစားရတတ်၏။ အတွင်းပစ္စည်းများ ထုခွဲ ရောင်းချရတတ်ပါတယ်။ ရှိတော့ ဥစ္စာ၊ မရှိတော့ ဝမ်းစာ လို့ နှလုံးသွင်းပါ။ သောကဖြစ်မနေပါနှင့်။ ကိုယ်ပိုင် စည်းကမ်း ပျက်ယွင်းနေတတ်ပါသည်။ အခက်အခဲ ကြားက ပညာရေးဆန္ဒများ အားလုံးအောင်မြင်သွားမည်။ အိမ်ထောင်ရှင်များ ကြားလေသွေးလို့ ဝေးရတတ်၏။ သွေးပြောတာပဲ ယုံပါ။ ဘေးပြောတာကို မယုံပါလေ နှင့်။ အပြင်ထရံအတွင်း ကာမိလျှင် အတွင်းထရံကိုပါ ဖျက်ပစ်ရကိန်း ဆိုက်လာနိုင်၍ မည်သို့ပင်ဆိုစေ အိမ် ထောင်ဖက်အပေါ် သစ္စာရှိပေးပါ။ (၂၅)ရက်နေ့ နောက် ပိုင်းမှာ ဘဝတစ်မျိုးတစ်မည် ပြောင်းလဲသွားမည်။ ကောင်း သော ပြောင်းလဲခြင်းပါ။ အတွေးအခေါ်ကအစ ပြောင်း လဲသွားလိမ့်မည်။ (၅၊ ၆)နှင့် (၁၃၊ ၁၄)ရက်များကို နေ့ကောင်းရက်သာအဖြစ် ဆောင်ပါ။ လကုန်ခါနီးကျမှ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ ဘာပဲဖြစ်ဖြစ် အားတင်းထားလိုက်ပါ။ မကြာမီ အောင်မြင်မှု ရရှိပေ လိမ့်မည်။

ယတြာ

ပုစွန်ကြော်ပြီး ဆွမ်းလောင်းလိုက်ပါ။ အညွှံ့အဆိုး များ ကင်းစင်သွားပြီး ကောင်းကျိုးချမ်းသာများ ခံစား ရလိမ့်မည်။

## ဓနုလာ် (Sagittarius)



လောကဓံရိုင်းလာတတ်ပါတယ်။ (၂၆) ရက်ကစပြီး ကိုယ်ရောစိတ်ပါ လေးလံ ထိုင်းမှိုင်းလာတတ်ပါသည်။ အလုပ် အကိုင်၊ နေရာဒေသ ပြောင်းလဲလိုစိတ် ဖြစ်လာတတ်ပါသည်။ ပြောင်းလည်း ပြောင်းလဲရတတ် ပါသည်။ ပြောင်းလျှင် ကောင်းပါသည်။ မိမိပုဝ်မြဲ

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ကို ပုံမှန်လုပ်နိုင်ပါက ပိုကောင်းပါသည်။ ရိုးရိုးသားသား ပြောရရင် ဆွေမျိုးဆိုတဲ့သူများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း မပြုစေချင်ပါ။ ပေါင်းဖက်လုပ်ကိုင်လျှင် မပြီးခင် ပျက်စီးပြီး ဆုံးရှုံးရတတ်ပါသည်။ နိုင်ငံရေးဆိုင်ရာ စည်းရုံးရေးလုပ်သူများ ပြဿနာကို ဝယ်ယူသလိုဖြစ်တတ်၍ လက်ရှောင်ထားသင့်၏။ မုန့်လုပ်ငန်းရှင်များ၊ မုန့်မျိုးစုံ ရောင်းဝယ်သူများ၊ အိမ်ခြံမြေရောင်းဝယ်သူများ အောင်မြင်မည်။ အိမ်ထောင်ရှင်များ ကတောက်ကဆ ဖြစ်နေတတ်၏။ အိမ်ထောင်ဖက်ကျန်းမာရေး အခြေအနေ မကောင်းနိုင်ပါ။ စနေနေ့ မနက်(၉)နာရီ(၁၅)မိနစ်မှ (၁၀) နာရီ(၄၅)မိနစ်အတွင်း စနေသား ရှင်ရဟန်း တစ်ပါးပါးအား ထီးတစ်လက် လှူပေးလိုက်ပါ။ ယာယီယတြာကို မယုံချင်ဘဲ ခေါင်းမာနေလျှင် အဖတ်ဆယ်မရအောင် ဂုဏ်သိက္ခာ ကျသွားတတ်ပါသည်။ စက်ဘီး၊ ဆိုင်ကယ်၊ ကား စတဲ့ ယာဉ်ရထား ဝယ်ယူလိုသူများ အဆင်တပြေ ဝယ်ဖြစ်သွားမည်။ မိခင်အား တယုတယ ကျွေးမွေးပြုစု ယုယပေးပါက အကျိုးထူးခံစားရလိမ့်မည်။

ယတြာ

မိမိကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် ခြေသုတ်ဖုံ၊ ခြေသုတ်ပုဆိုး တစ်ခုခု လှူဒါန်းလိုက်ပါ။

## မကာရလဂ် (Capricon)



ကျန်းမာရေး အနည်းငယ် ညံ့တတ်၏။ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်ပါသည်။ သို့သော် စိုးရိမ်စရာ မရှိပါ။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားကို မရိုသေပါက ရည်မှန်းချက်များ အောင်မြင်ခါနီး ပျက်စီးသွားတတ်ပါသည်။ တစ်လလုံး တောက်လျှောက်ကောင်းနေပြီးမှ လကုန်ခါနီး ကမောက်ကမ ဖြစ်သွားရတတ်၏။ အရာရာကို သတိထားပါ။ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် အများရဲ့ ဂုဏ်ပြုထောပနာ ပြဘာပေးခြင်းကို ခံယူရတတ်၏။ ဂုဏ်ကျက်သရေရှိ လူကြီးလူကောင်းတို့ရဲ့ ဂုဏ်ပြုချီးမြှင့်ခြင်းကိုလည်း ခံရတတ်ပါသည်။ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ သိပ်ပြီး အဆင်မပြေနိုင်ပါ။ အနုပညာရှင်များအဖို့ရာ အအောင်မြင်ဆုံး ကာလဟု ဆိုနိုင်ပါသည်။ မိတ္တူလုပ်ငန်းရှင်များ၊ အမွှေးနံ့သာလုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ အထူးအောင်မြင်မည်။ သစ်လုပ်ငန်းရှင်များ၊ သစ်တောရေးရာ ဝန်ထမ်းများ ဝင်ငွေ အလွန်ကောင်းနေမည်။ မှောင်ခိုလုပ်ငန်းရှင်များ ရပ်တန့်ခြင်း၊ ဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်ရတတ်ပါသည်။ ပဲမျိုးစုံရောင်းဝယ်သူများ၊ ပွဲရုံလုပ်ငန်းရှင်များ အထူးအကျိုးရှိမည်။ ဘာပဲဖြစ်ဖြစ်၊ ဘာပဲလုပ်လုပ် (၉၊ ၁၀)နှင့် (၁၇၊ ၁၈)ရက်များကိုဆောင်၊ (၁၅၊ ၁၆)နှင့် (၂၅၊ ၂၆)ရက်များကို ရှောင်ပါ။

ယတြာ

ရှုံဆေးဘူး(၇)ဘူးဝယ်ပြီး ခုနစ်နေ့သားသမီးများကို ဝေပေးလိုက်ပါ။ အညှို့အဆိုးများ ကင်းစင်သွားပါလိမ့်မည်။

## ကုမ်လဂ် (Aquarius)



(၁၄)ရက်နောက်ပိုင်း အိမ်ထောင်ရေး ပြဿနာ ဖြစ်တတ်ပါသည်။ သူ့မှား ကိုယ်မှား ဖြစ်လာတတ်၏။ အလုပ်အကိုင်ကတော့ ယခင်ထက် ပိုမိုကောင်းမွန်လိမ့်မည်။ ရည်ရွယ်ချက် ကြီးကြီးမားမား မထားပါနှင့်။ အသေးအမွှားက စလုပ်ပါ။ ထုံးကျောက်၊ အုတ်၊ သဲ ရောင်းဝယ်သူများ အဆင်တပြေနှင့် ဝင်ငွေကောင်းနေမည်။ သို့သော် ငွေကြေး စုဆောင်းမိဖို့ မလွယ်ကူပါ။ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းများ စတင်တည်ထောင်ရန် မသင့်ပါ။ တတိယပတ်လောက်ကစပြီး ရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်လိမ့်မည်။ သို့သော် စိတ်ဆင်းရဲရမှု မကင်းတတ်ပါ။ ခေါင်းအုံ၊ ခေါင်းကိုက် စတဲ့ ဦးခေါင်းနှင့် ပတ်သက်တဲ့ ဝေဒနာတစ်ခုခု ခံစားရတတ်ပါတယ်။ ဘာအားကြီး စိုးရိမ်စရာတော့ မရှိပါ။ လျှပ်စစ်နှင့်ပတ်သက်တဲ့ သင်တန်းပို့ချသူများ၊ လျှပ်စစ်ပစ္စည်း ရောင်းဝယ်သူများ၊ အထူးအားဖြင့် အိမ်သုံးလျှပ်စစ်ပစ္စည်း ရောင်းဝယ်သူများ အထူးရောင်းကောင်းမည်။ ဝင်ငွေ၊ စုငွေ တိုးတက်ကောင်းမွန်မည်။ လုပ်ငန်းစတင်မည့်သူများ (၂၂၊ ၂၃၊ ၂၄)ရက်များကို ဆောင်ပါ။ အိမ်ပြောင်းအိမ်ရွှေ့၊ အိမ်ဆောက်မည့်သူများ (၁၄)ရက်မတိုင်မီ စတင်ပါ။ အရာရာ အဆင်ပြေပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

...ကြာ

ဆိုင်းဝိုင်းပါတဲ့ အလှူပွဲ၊ အလှူခံများ တွေ့လျှင် ...ဆောင်ရာ တစ်ခုခုလှူပြီး ကိုယ်လက် သန့်စင်ကာ ...ဆု တောင်းလိုက်ပါ။

## ...ယာဉ် (Pisces)



ရသင့်ရထိုက်တဲ့ အခွင့်အရေးများ အတိုက်အခံ ဆန့်ကျင်ဘက် ဖြစ်ပြီးမှ ရမည်။ ရိုးရိုးတန်းတန်း လွယ်လွယ်ကူကူ ရနိုင်ဖို့ မလွယ်ပါ။ ဘယ်ကိစ္စ ...ကို ယခင်ထက်ပိုကာ ဖွဲ့ကောင်းနေမည်။ ညီအစ်ကို ...င်နှမများနှင့် ယခင်ထက် ဆက်ဆံရေး ပြေလည်နေ ...ည်။ အိမ်ထောင်ပြုလိုသူများ ပြုဖြစ်သွားမည်။ အိမ် ...ထောင်ရှင်များကတော့ ပြောစရာ မလိုလောက်အောင် ...ထောင်ရေး သာယာနေမည်။ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ...ထမ်းများ အရမ်းကို အဆင်ပြေနေမည်။ နိုင်ငံရေး၊ ...သာရေး စည်းရုံးရေးဆင်းသူများ အရမ်းကို အောင်မြင်ပြီး အကျိုးထူးလည်း မုချခံစားရမည်။ နေရင်းထိုင်ရင်း အစာမှား၊ ဆေးမှားဖြစ်ခြင်း၊ အစာအဆိပ်မိခြင်းများ ကြုံရတတ်ပါသည်။ အထူးသတိထားပါလေ။ လေပူအန်ခြင်း၊ လေထိုးလေအောင့်ခြင်းများ မကြာခဏ ဖြစ်တတ်ပါသည်။ ကုန်သည်၊ ပွဲစားများ အလုပ်အကိုင် သိပ်အဆင်မပြေနိုင်ပါ။ ဥပဒေနှင့် မကင်းတဲ့လုပ်ငန်း လုပ်ကိုင်သူများ (၁၅၊ ၁၆)ရက်များတွင် အိမ်ထောင်ဖက်နှင့် အတူတူတွဲသွားနေခြင်းကို ရှောင်ပါ။ မရှောင်လျှင် အတူသွားနေစဉ်မှာ အဖမ်းခံရတတ်ပါသည်။

ယတြာ

ဝက်သားပေါက်စီ(၃)လုံး ဘုရားဆွမ်းကပ်ပြီး စွန့်တဲ့ခါ ဗုဒ္ဓဟူး၊ သောကြာ သားသမီးများကို မျှဝေပေးလိုက်ပါ။

ရှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတေသီ)

၀၉ ၄၀ ၁၅၃ ၄၄ ၉၉

၀၉ ၇၇၂ ၁၅၀ ၅၇၃

Dictionary for All

သာလွန်

THALUN Bookstore Yangon

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်


၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပတ်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉...

အမှတ်(၃၇၇/၃၇၉)၊ ဗိုလ်ဆွန်ပတ်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၀၁၅၃၊ ၂၄၂၀၃၈၊ ...

၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၈

www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွင်း

# နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျိုးဖြစ်ဇယား

(၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျိုး ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။ ယင်းကာလတွင် လာဘ,နေဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူး များစွာ ခံစားရပါလိမ့်မည်။

အဲထူးမှာ (၁-၁-၂၀၁၇) ညနေ(၄း၄၆း၄၇)နာရီမှ (၂-၁-၂၀၁၇) ညနေ(၅း၃၆း၅၇)နာရီအတွင်း နှင့် (၂၈-၁-၂၀၁၇) ည(၁၁း၂၆း၃၃)နာရီမှ (၂၉-၁-၂၀၁၇) ည(၁၁း၅၁း၀၆)နာရီအတွင်းတို့၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော် နေမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂-၁-၂၀၁၇) နံနက်(၈း၅၆း၀၈)နာရီမှ (၉း၄၂း၀၁) နာရီအတွင်းနှင့် (၂၉-၁-၂၀၁၇) နံနက်(၇း၀၉း၅၁)နာရီမှ (၇း၅၅း၅၂)နာရီအတွင်း၌လည်းကောင်း၊ မွန်းတည့်မျိုးဖြတ်ကျော်ခြင်းအတွက် (၂-၁-၂၀၁၇) မွန်းလွဲ(၂း၃၅း၄၁)နာရီမှ (၃း၂၇း၁၉)နာရီအတွင်း နှင့် (၂၉-၁-၂၀၁၇) မွန်းလွဲ(၁၂း၄၉း၃၂)နာရီမှ (၁း၄၁း၁၀)နာရီအတွင်းတွင်လည်းကောင်း လာဘ, နေဆိုင်ရာ ယတြာအစီအရင်များ၊ ဂါထာ,မန္တန် ရွတ်ပွားခြင်းများ အထူးဆောင်ရွက်နိုင်ကြပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွင်း

[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၈း၅၉း၅၆ | ၉း၄၅း၅၇ |
| ၂ | ၈း၅၆း၀၀ | ၉း၄၂း၀၁ |
| ၃ | ၈း၅၂း၀၄ | ၉း၃၈း၀၅ |
| ၄ | ၈း၄၈း၀၈ | ၉း၃၄း၁၀ |
| ၅ | ၈း၄၄း၁၃ | ၉း၃၀း၁၄ |
| ၆ | ၈း၄၀း၁၇ | ၉း၂၆း၁၈ |
| ၇ | ၈း၃၆း၂၁ | ၉း၂၂း၂၂ |
| ၈ | ၈း၃၂း၂၅ | ၉း၁၈း၂၆ |
| ၉ | ၈း၂၈း၂၉ | ၉း၁၄း၃၀ |
| ၁၀ | ၈း၂၄း၃၃ | ၉း၁၀း၃၄ |
| ၁၁ | ၈း၂၀း၃၇ | ၉း၀၆း၃၈ |
| ၁၂ | ၈း၁၆း၄၁ | ၉း၀၂း၄၂ |
| ၁၃ | ၈း၁၂း၄၅ | ၈း၅၈း၄၆ |
| ၁၄ | ၈း၀၈း၄၉ | ၈း၅၄း၅၁ |
| ၁၅ | ၈း၀၄း၅၃ | ၈း၅၀း၅၅ |
| ၁၆ | ၈း၀၀း၅၈ | ၈း၄၆း၅၉ |
| ၁၇ | ၇း၅၇း၀၂ | ၈း၄၃း၀၃ |
| ၁၈ | ၇း၅၃း၀၆ | ၈း၃၉း၀၇ |
| ၁၉ | ၇း၄၉း၁၀ | ၈း၃၅း၁၁ |
| ၂၀ | ၇း၄၅း၁၄ | ၈း၃၁း၁၅ |
| ၂၁ | ၇း၄၁း၁၈ | ၈း၂၇း၁၉ |
| ၂၂ | ၇း၃၇း၂၂ | ၈း၂၃း၂၃ |
| ၂၃ | ၇း၃၃း၂၆ | ၈း၁၉း၂၇ |
| ၂၄ | ၇း၂၉း၃၀ | ၈း၁၅း၃၁ |
| ၂၅ | ၇း၂၅း၃၄ | ၈း၁၁း၃၆ |
| ၂၆ | ၇း၂၁း၃၉ | ၈း၀၇း၄၀ |
| ၂၇ | ၇း၁၇း၄၃ | ၈း၀၃း၄၄ |
| ၂၈ | ၇း၁၃း၄၇ | ၇း၅၉း၄၈ |
| ၂၉ | ၇း၀၉း၅၁ | ၇း၅၅း၅၂ |
| ၃၀ | ၇း၀၅း၅၅ | ၇း၅၁း၅၆ |
| ၃၁ | ၇း၀၁း၅၉ | ၇း၄၈း၀၀ |


## (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွင်း

[illegible]

| ရက် | ဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၄း၃၉း၃၇ | ၁၅း၃၁း၁၅ |
| ၂ | ၁၄း၃၅း၄၁ | ၁၅း၂၇း၁၉ |
| ၃ | ၁၄း၃၁း၄၅ | ၁၅း၂၃း၂၄ |
| ၄ | ၁၄း၂၇း၄၉ | ၁၅း၁၉း၂၈ |
| ၅ | ၁၄း၂၃း၅၃ | ၁၅း၁၅း၃၂ |
| ၆ | ၁၄း၁၉း၅၈ | ၁၅း၁၁း၃၆ |
| ၇ | ၁၄း၁၆း၀၂ | ၁၅း၀၇း၄၀ |
| ၈ | ၁၄း၁၂း၀၆ | ၁၅း၀၃း၄၄ |
| ၉ | ၁၄း၀၈း၁၀ | ၁၄း၅၉း၄၈ |
| ၁၀ | ၁၄း၀၄း၁၄ | ၁၄း၅၅း၅၂ |
| ၁၁ | ၁၄း၀၀း၁၈ | ၁၄း၅၁း၅၆ |
| ၁၂ | ၁၃း၅၆း၂၂ | ၁၄း၄၈း၀၀ |
| ၁၃ | ၁၃း၅၂း၂၆ | ၁၄း၄၄း၀၅ |
| ၁၄ | ၁၃း၄၈း၃၀ | ၁၄း၄၀း၀၉ |
| ၁၅ | ၁၃း၄၄း၃၄ | ၁၄း၃၆း၁၃ |
| ၁၆ | ၁၃း၄၀း၃၉ | ၁၄း၃၂း၁၇ |
| ၁၇ | ၁၃း၃၆း၄၃ | ၁၄း၂၈း၂၁ |
| ၁၈ | ၁၃း၃၂း၄၇ | ၁၄း၂၄း၂၅ |
| ၁၉ | ၁၃း၂၈း၅၁ | ၁၄း၂၀း၂၉ |
| ၂၀ | ၁၃း၂၄း၅၅ | ၁၄း၁၆း၃၃ |
| ၂၁ | ၁၃း၂၀း၅၉ | ၁၄း၁၂း၃၇ |
| ၂၂ | ၁၃း၁၇း၀၃ | ၁၄း၀၈း၄၁ |
| ၂၃ | ၁၃း၁၃း၀၇ | ၁၄း၀၄း၄၆ |
| ၂၄ | ၁၃း၀၉း၁၁ | ၁၄း၀၀း၅၀ |
| ၂၅ | ၁၃း၀၅း၁၅ | ၁၃း၅၆း၅၄ |
| ၂၆ | ၁၃း၀၁း၂၀ | ၁၃း၅၂း၅၈ |
| ၂၇ | ၁၂း၅၇း၂၄ | ၁၃း၄၉း၀၂ |
| ၂၈ | ၁၂း၅၃း၂၈ | ၁၃း၄၅း၀၆ |
| ၂၉ | ၁၂း၄၉း၃၂ | ၁၃း၄၁း၁၀ |
| ၃၀ | ၁၂း၄၅း၃၆ | ၁၃း၃၇း၁၄ |
| ၃၁ | ၁၂း၄၁း၄၀ | ၁၃း[illegible]း၁၈ |

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

**ဂမ္ဘီရ** မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------
- အချိန်နာရီ (နေ့/ည) ------------------------

**မေးခွန်းများ**

(၁) ------------------------

(၂) ------------------------

(၃) ------------------------


www.burmeseclassic.com

www.burmeseclassic.com

ဖြေသည်

တာကေလှိုင်

(–၉–၁၉၈၅၊ ၁၄း၃၀ နာရီ၊ ထူးကြီးမြို့)




*အထည်အလိပ်၊ ဆေးကုသခြင်း၊ ဆေးဆိုင်၊ ဆေး ညွှန်းနှင့် ပတ်သက်၍ အကျိုးပေးမည်လား။*

(၁၀)တန့်သခင် ဖြကြာ(အထည်)ဖြစ်ပြီး ၁နွေပိုင် ဆေးပစ္စည်း) ရာသီတွင် ဘာဝအားဖြင့် (၇)တန့် ပြောင်း၍ ရပ်တည်သောကြောင့် မေးထားသော လုပ် အကျိုးပြုပါသည်။

*လုပ်ငန်းစတင်သင့်သောကာလ။ တစ်ဦးတည်း (သို့ ) အစုစပ် လုပ်သင့်/မလုပ်သင့်။*

(၁၀)တန့်သခင် ဖြကြာသည် (၈)တန့် သန္ဓိနှင့်ပူး (၇)တန့်သို့ ကူးပြောင်းရပ်တည်နေပါသည်။ ယင်း တိုင် (၅၊ ၁၀)တန့်သခင် ဖြစ်ပါသည်။ ဖြကြာသည် ၁၁)တန့်သခင် (၈)တန့်ဘာဝရပ် အင်္ဂါနှင့် (၃)အံသာ ဖြင့် ပူးယှဉ်နေပါသည်။ သို့ဖြစ်၍ အစုစပ်လုပ်ခြင်း ပိုမိုအောင်မြင်မှု ရနိုင်ပါသည်။ (၂၅–၁–၂၀၁၇)မှ –၁၁–၂၀၁၇)တွင်း၌ (၈)တန့်သခင်အဖြစ် (၈)တန့် (၉–တန့်ရာသီ)၌ပင် ရပ်တည်သော ၁နွေဂြိုဟ်၏ ဒသာ စားဝင်၍ (၃၊ ၁၂)တန့်သခင်အဖြစ် လဂ် ဘာဝ၌ ရပ်တည်သော ၅တေး ဘုတ္တိဒသာ စားဝင်မည်။ ယင်း ၁နွေ၊ ၅တေးတို့သည် (၇)တန့်သခင် (၃)တန့် ဘာဝရပ် ၂လံ့နက္ခတ်ကိုပင် စီးထားကြ၍ ယင်းကာလ တွင်း၌ လုပ်ငန်းစတင်သင့်ပါသည်။


၃။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၅၈)နှစ် နောက်ပိုင်းတွင် (၇၁)နှစ်ထိ ရာဟု ထူလဒသာ စားဝင်ပြီး ယင်း(၇၁)နှစ်မှ (၈၇)နှစ်ထိ ၅တေးဒသာ စားဝင်မည်။ ရာဟုသည် (၄၊ ၁၁)တန့်သခင် (၈)တန့်ရပ် အင်္ဂါအား ကိုယ်စားပြု၍ (၇)တန့်ဘာဝ (၈– တန့်ရာသီ)ရပ် (၅၊ ၁၀)တန့်သခင် ဖြကြာပိုင် နက္ခတ်ကို စီးထားသည်။ ၅တေးသည် (၃၊ ၁၂)သခင်အဖြစ် လဂ် ဘာဝတွင် ရပ်တည်ပြီး (၃)တန့်ရပ် (၇)တန့်သခင် ၂လံ့ ပိုင် နက္ခတ်ကို စီးထားသည်။ သို့ဖြစ်၍ အိုဇာတာ မညံ့ ပါ။ (၇၁)နှစ်နောက်ပိုင်း ပို၍ပင် အိုကံကောင်းပါမည်။

မောင်အောင်မွန်

(၂၀–၉–၁၉၈၁၊ ၁၁း၁၈ နာရီ၊ ရန်ကုန်မြို့)

၁။ *သင်္ဘောသား၊ အထည်အလိပ်၊ ဆေးဆိုင်၊ ဆေးရုံ လုပ်ငန်းများ အကျိုးပေးမည်လား။*




www.burmeseclassic.com

www.burmeseclassic.com

(၁၀)တန့်သခင် ၁နွေ (ဆေး၊ ဆေးပစ္စည်း)ဖြစ်ပြီး (၁၁)တန့်ဘာဝတွင် (၂၊ ၅)သခင် ၅တေး၊ (၈၊ ၁၁) သခင် ၄ဟူး၊ (၃၊ ၄)သခင် စနေတို့နှင့် ပူးယှဉ်၍ မေး ထားသော လုပ်ငန်းများ အကျိုးပေးပါသည်။

၂။ *လုပ်ငန်းစတင်သင့်သောကာလ။ တစ်ဦးတည်း (သို့ မဟုတ်) စုပေါင်း လုပ်သင့်/မလုပ်သင့်။*

(၁)တွင် ပြောပြထားသော အချက်များအပြင် (၇) တန့်သခင် ဖြာြာ (၁၂)တန့် (မိမိပိုင်)ဘာဝတွင် ရပ်တည် ခြင်း ရှိနေခြင်း၊ ယင်းကို (၁၊ ၆)သခင်အဖြစ် (၉)တန့်၌ ရပ်တည်သော အင်္ဂါဂြိုဟ်က (၄)တန့် အထူးမြင်ထားခြင်း၊ ယင်းအင်္ဂါသည် (၈၊ ၁၁)တန့်သခင် ၄ဟူးပိုင် နက္ခတ်ကို စီးထားခြင်းတို့ကြောင့် စုပေါင်း (သို့မဟုတ်) စပ်တူလုပ် ငန်းမျိုး လုပ်သင့်ပါသည်။ ၅တေးထူလ (၂၊ ၅ သခင် ၁၀-တန့်ရပ်) ဒသာတွင်း၌ ၂လာ ဘုတ္တိဒသာ (၇- တန့် ရပ်၍ အင်္ဂါပိုင်နက္ခတ်စီး)သည် (၂၉-၃-၂၀၁၇)မှ (၂၉-၇-၂၀၁၈)တွင်း စားဝင်မည်။ ယင်းကာလတွင် လုပ်ငန်းစတင်သင့်ပါသည်။

၃။ *မည်သည့်အတိုင်းအတာထိ ချမ်းသာနိုင်မည်နည်း။*


(၂)တန့်သခင် ၅တေး (၁၁)တန့်ရပ်၍ ထိပ်တန်း ကြွယ်ဝချမ်းသာနိုင်သောကံ ရှိပါသည်။

## မောင်မင်းသူ

### (၁၄-၇-၁၉၈၃၊ ၄း၁၀ နာရီ၊ ရွှေကူမြို့)

၁။ *အိမ်ထောင်ပြုလျှင် အဆင်ပြေ/မပြေ။*

(၇)တန့်သခင် ၅တေးဂြိုဟ် (၆)တန့်ဘာဝတွင် ရပ် တည်ပြီး (၂)တန့်ဘာဝအား (၉)တန့်အထူးမြင် ကြုံနေ ပါသည်။ အိမ်ထောင်ကျ နောက်ကျတတ်သော်လည်း ဘာဝတွင် အိမ်ထောင်ကျမည်။ (၂၇-၁၁-၂၀၁၆)မှ (၂၇-




၁၁-၂၀၁၇)ထိ စားဝင်မည့် အင်္ဂါထူလဒသာသည် (... ၁၁)တန့်သခင်အဖြစ် လဂ်ဘာဝတွင် (၄)တန့်သခင် ... နှင့် ပူးယှဉ်ရပ်တည်၍ အဆင်မပြေ၊ အခက်အခဲ ... တတ်သည်။ (၂၇-၁၁-၂၀၂၃) နောက်ပိုင်း စားဝင်... ရာဟုထူလ (၂-တန့်ရပ် လဂ်သခင် ၄ဟူးအား ကိုယ်... ပြု) ဒသာရောက်မှ အဆင်ပြေပြေ အိမ်ထောင်ပြုရတ... သည်။ သို့သော် (၂၀၁၉)ခုနှစ်တစ်ဝိုက်လောက်တွင် ... ထောင်ရေး အားကောင်းစွာ ပေါ်တတ်ပြီး အခက်အ... အထစ်အငေါ့များကြုံပြီး အိမ်ထောင်ကျရန် ရှိနေပေသည်...

၂။ *အသက်(၃၅)နှစ်အထက် ကံတရား။*

(၂၇-၁၁-၂၀၂၃)မှ (၂၇-၁၁-၂၀၄၁)ထိ ရာ... ထူလဒသာ စားဝင်သည်။ လဂ်ဘာဝရပ် (၆၊ ၁၁)သ... အင်္ဂါပိုင်နက္ခတ်ကို စီးထားခြင်း၊ (၂)တန့်ရပ် လဂ်သ... ၄ဟူးအား ကိုယ်စားပြုထားခြင်းကြောင့် ယင်းကာ... ဘဝတက်လမ်း သိသာစွာ ရရှိ ကြီးပွားပါမည်။

၃။ *စီးပွားရေးနှင့် လုပ်ရမည့်လုပ်ငန်း။*


ခရီးသွားလုပ်ငန်း၊ ကိုယ်စားလှယ်၊ ကော်မရှင်... လုပ်ငန်း၊ စားသောက်ကုန်၊ အထည်၊ ရေ၊ အရည်... ပတ်သက်သော လုပ်ငန်းများ လုပ်နိုင်ပါသည်။

## မတင်မာညို

### (၂၅-၇-၁၉၈၇၊ ၆း၀၀ နာရီ၊ ကလေးဝမြို့)

၁။ *စီးပွားရေး(ကုန်အရောင်းအဝယ်)ကောင်း/မကော...*

(၉-၁၂-၂၀၁၅)မှ (၉-၁၀-၂၀၁၉)ထိ ၄ဟူးထူ... ဖြာြာဘုတ္တိဒသာ စားဝင်နေသည်။ (၃၊ ၁၂)တန့်သ... အဖြစ် (၁၂)တန့်တွင် ရပ်တည်သော ၄ဟူးသည် (၉)... ရပ် ရာဟုနက္ခတ်အား စီးထားသည်။ ၄ဟူးသည် ... သခင် ၂လာ၊ (၄၊ ၁၁)သခင် ဖြာြာတို့နှင့် ပူးယှဉ်နေ...






www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓိဒသာသခင် ဖြေကြာဖြစ်ပြီး (၄၊ ၁၁)တန့်သခင်အဖြစ် အထက်ပါ ဂြိုဟ်ပူးစုတွင် ပါဝင်ကာ (၁၂)တန့်ဘာဝတွင် ရပ်တည်နေ၏။ အထက်ပါ ကာလအတွင်း လုပ်ငန်းများ မကောင်းနိုင်သေးပါ။ သို့သော် (၂၀၁၇)ခုနှစ်၊ ဖေဖော်ဝါရီလမှ (၂၀၁၈)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း လုပ်ငန်းသင့်တင့်နေပါမည်။

၂။ *ထီပေါက်ကိန်း ရှိ/မရှိ။*


(၁၁)တန့်သခင် ဖြေကြာ (၁၂)တန့်တွင် ရပ်တည်နေသည်။ ယင်းကို လက်သခင် ၂လ်ာ၊ (၄၊ ၁၁)တန့်သခင် ဖြေကြာတို့က ပါဝင်ပူးပေါင်းထားသည်။ ထီကံ အားနည်းသည်။

၃။ *မိခင်ကို ချမ်းသာစွာ ထားနိုင်မည်လား။*

(၄)တန့်သခင် ဖြေကြာ (၁၂)တန့်တွင်ပင် ရပ်တည်သည်။ မိခင်အား အသင့်အတင့်သာ ထောက်ပံ့ပေးနိုင်မည်။

**ဆိုင်**

**(၂၃-၂-၁၉၈၇၊ ၄း၃၀ နာရီ၊ မြိတ်မြို့)**




၁။ *ဘဝတွင် ကိုယ်ပိုင်လုပ်ငန်းဖြင့် အောင်မြင် ကြီးပွားမည်လား။*

(၁၀)တန့်သခင် ဖြေကြာဂြိုဟ်၊ (၁၂)တန့်တွင် (၇)တန့်သခင် ၂လ်ာနှင့် ပူးယှဉ်ရပ်တည်နေသည်။ ၂လ်ာဂြိုဟ် (၁၁)တန့်ဘာဝသို့ ကူးပြောင်းရပ်တည်သည်။ သို့ဖြစ်၍ ကိုယ်ပိုင်လုပ်ငန်း လုပ်ဖြစ်မည်။ (၂)တန့်သခင် စနေ (၁၁)တန့်ရပ်ခြင်းက ဘာဝတွင် ကြီးပွားချမ်းသာနိုင်သော်လည်း လူလတ်ပိုင်း (၄၀-နှစ်နောက်ပိုင်း)ရောက်မှ ကြီးပွားမှု စတင်ရရှိနိုင်သည်။

၂။ *အိမ်ထောင်ရေးကံ၊ ကောင်း/မကောင်း။*


(၇)တန့်သခင် ၂လ်ာ (၁၁)တန့်ဘာဝ (၁၂-တန့်ရာသီ)တွင် (၅၊ ၁၀)တန့်သခင် ဖြေကြာ (၁၂-တန့်ရပ်)နှင့် ပူး၍ **အိမ်ထောင်ကံ** ကောင်းပါသည်။ ဘဝတွင် အိမ်ထောင်ကျကိန်း **အားကောင်း**ပါသည်။ ၅တေး၊ ၂လ်ာ၊ အင်္ဂါသားထဲမှ **ဖူးစာဆုံ**တတ်သည်။ (၂၀၂၀)ပြည့်နှစ် **နောက်ပိုင်း ၂လ်ာထူလဒသာအတွင်း (၃၄၊ ၃၅)နှစ်ဝန်းကျင်တွင် အိမ်ထောင်ကျကိန်း ရှိပါသည်။**

၃။ ***အိုစတာ ကောင်း/မကောင်း။***

**အိုစတာကောင်း**ပါသည်။ **အသက်(၆၀)နှစ်နောက်**ပိုင်း (၈၀)နှစ်ကျော်ထိ **ဒသာကာလများ ကောင်း၍ဖြစ်**သည်။

**ကိုကျော်ကျော်**

**(၁၈-၇-၁၉၈၈၊ ၂း၁၅ နာရီ၊ မြစ်ကြီးနားမြို့)**




၁။ *အိမ်ထောင်ရေးကံ၊ ကာလ၊ ပုံသဏ္ဌာန်။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ (၁၁)တန့် မိန်ရာသီ(ဒွေးဒဟ)တွင် ရပ်တည်နေသည်။ ယင်းအင်္ဂါသည် (၂)တန့်ကို (၄)တန့်အထူးမြင်၊ (၅)တန့်ကို (၇)တန့်အမြင် ကြဲထားသည်။ သို့ဖြစ်၍ ဘဝတွင် အိမ်ထောင်ကျမည်။ အိမ်ထောင်ကျ နောက်ကျခြင်း၊ အိမ်ထောင်တစ်ဆက်မကဖြစ်တတ်ခြင်းမျိုးကား ရှိတတ်သည်။ လက်ရှိ ၂လ်ာထူလဒသာ စားဝင်ကာ (၂၁-၁-၂၀၂၂)ထိ စားဝင်ပါမည်။ ၂လ်ာသည် (၃)တန့်သခင်အဖြစ် (၄)တန့်တွင် ကိတ်ဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ ယင်းဒသာကာလတွင် **အိမ်ထောင်**ရေး မဖြစ်ပေါ်တတ်ပါ။ (၂၁-၁-၂၀၂၂)မှ (၂၁-၁-၂၀၂၉)တွင်း စားဝင်မည့် အင်္ဂါထူလဒသာတွင် **အိမ်ထောင်**ကျပေမည်။ အိမ်ထောင်ကံ သင့်သည်။ **အိမ်ထောင်ဖက်**သည် အရပ်၊ ခန္ဓာကိုယ် **အလတ်စား၊ အသားလတ်၍**

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းပိုင်းသည်။

၂။ လက်ရှိ တနင်္လာသမီးနှင့် လက်ထပ်ဖြစ်မည်လား။


အိမ်ထောင်ဖက်သည် ဗုဒ္ဓဟူး၊ အင်္ဂါ၊ ကြာသပတေး သမီးထဲမှ ဖြစ်တတ်သည်။ တနင်္လာကို မဖြစ်နိုင်ဟု ယူဆပါသည်။

၃။ အကျိုးပေးမည့် *စီးပွားရေးလုပ်ငန်း။*

(၁၀)တန့်သခင် စနေဂြိုဟ် မနုရာသီ (၇)တန့်ဘာဝ (ဘာဝတွင် ၇-တန့်သို့ပြောင်း)တွင် ရပ်တည်၍ စီးပွားရေးလမ်းကြောင်းဘက် လုပ်ဖြစ်တတ်သည်။ အထည်၊ စားသောက်ကုန်၊ အလှကုန်၊ ယာဉ်ကား လုပ်ငန်းများထဲမှ ဖြစ်တတ်သည်။

## မထူးထူးအောင်

**(၆-၁၀-၁၉၈၃၊ ၉း၃၀ နာရီ၊ ဘီးလင်းမြို့)**




၁။ *လက်ရှိဝန်ထမ်းလုပ်ငန်း အကျိုးပေး/မပေး။*

(၁၀)တန့်သခင် ၁နွေဂြိုဟ် (၁၁)တန့်ဘာဝတွင် (၉) တန့်သခင် ၂လာဂြိုဟ်၊ (၈၊ ၁၁)တန့်သခင် ၄ဟူးဂြိုဟ် တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ဝန်ထမ်းအကျိုးပေးပါသည်။ နေရာပြောင်းရွှေ့ရခြင်း၊ စိတ်ရှုပ်,စိတ်ပျက်စရာအချို့တော့ ကြုံရလေ့ရှိတတ်သည်။

၂။ *ဘဝတွင် ကြီးပွားချမ်းသာနိုင်မည်လား။*


(၂)တန့်သခင် ၅တေးဂြိုဟ်သည် (၅)တန့်သခင် လည်းဖြစ်၍ လဂ်ဘာဝတွင် ပူးယှဉ်ရပ်တည်နေသည်။ ကြွယ်ဝချမ်းသာနိုင်သော်လည်း (၂)တန့်(နေ)ဘာဝကို စနေဂြိုဟ် (၃)တန့်အထူးမြင်နေ၍ သက်လတ်ပိုင်း(၄၀-နှစ်)လွန်ပြီးမှ ဘဝအခြေ မြင့်နိုင်ပါသည်။

၃။ *အိမ်ထောင် ကောင်း/မကောင်း။*

အသက်(၆၇)နှစ်နောက်ပိုင်းတွင် အသက်(၈၄)နှစ်ထိ ၄ဟူးထူလဒသာ စားဝင်မည်။ (၈၊ ၁၁)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝ (၁၁-တန့်ရာသီ)တွင် ၁နွေ၊ ၂လာ တို့နှင့် ပူးယှဉ်ရပ်တည်၍ အိုဇာတာကောင်းပါမည်။

## သူရိယ

**(၁၈-၇-၁၉၉၁၊ ၁၅း၄၈ နာရီ၊ မန္တလေးမြို့)**




၁။ *သရုပ်ဆောင်နှင့် အဆိုတော် ဖြစ်နိုင်မည်လား။*

(၅)တန့်သခင် ၅တေးဂြိုဟ် (၉)တန့်ဘာဝတွင် (၁၀) တန့်သခင် ၁နွေဂြိုဟ်၊ (၈၊ ၁၁)တန့်သခင် ၄ဟူးဂြိုဟ် တို့နှင့် ပူးယှဉ်ရပ်တည်သည်ကို (၃)တန့်သခင် စနေဂြိုဟ် (၃)တန့်မှ (၇)တန့်အမြင် ကြုံနေသည်။ ၆ကြာဂြိုဟ် ပါဝင်ပတ်သက်မှု မတွေ့ရပါ။ သရုပ်ဆောင်အဖြစ် မအောင် မြင်နိုင်သော်လည်း အဆိုကျော်အဖြစ် အသင့်အတင့် အောင် မြင်နိုင်ပါသည်။

၂။ *ထီပေါက်မည့်ကံ၊ ကာလ။*

(၁၁)တန့်သခင်ဂြိုဟ် ၄ဟူးသည် (၃၊ ၄)သခင် စနေဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြုံနေသည်။ ၄ဟူး သည် (၈)တန့်သခင်ဂြိုဟ်လည်း ဖြစ်သည်။ ထီအစုစပ် ပေါက်တတ်သည်။ (၂၀၁၈)ခုနှစ်အတွင်း ထီပေါက်ကိန်း ရှိသည်။

## ဦးဝင်းအောင်


**(၂၈-၉-၁၉၆၀၊ ၂၂း၃၀ နာရီ၊ အမရပူရမြို့)**

၁။ *နောက်အိမ်ထောင်နှင့် နေပါသည်။ ယခင်အိမ်ထောင် နှင့် ပြန်ပေါင်းရကိန်း ရှိ/မရှိ။*

(၇၊ ၁၁)တန့်သခင် ၅တေး (၇)တန့်တွင် ရပ်တည် နေသည်။ မနုရာသီ (ဒွေးဒဟာ)တွင် (၃)တန့်သခင် ၂လာ ဂြိုဟ် (၉၊ ၁၀)သခင် စနေဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်

www.burmeseclassic.com

www.burmeseclassic.com




ခြင်း ဖြစ်သည်။ လက်ရှိတွင် ၅တေးထူလဒသာ စားနေသည်။ (၁၀)တန့် (ကုံရာသီ)တွင် ရပ်တည်၍ (၇)တန့်ရပ် စနေအား ကိုယ်စားပြုသော ကိတ်ဘုတ္တိဒသာကာလ (၂၄-၁၂-၂၀၁၇)မှ (၃၀-၁၁-၂၀၁၈)တွင် ယခင်အိမ်ထောင်နှင့် ပြန်ပေါင်းရနိုင်သည်။

၂။ *ဘဝတွင် ချမ်းသာမည့်ကံ ပါ/မပါ။*

(၂)တန့်သခင် ၂လ်ဂြိုဟ် (၇)တန့်တွင် (၇၊ ၁၁)တန့်သခင် ၅တေးဂြိုဟ်၊ (၈၊ ၉)သခင် စနေဂြိုဟ်တို့နှင့်ယှဉ်ရပ်တည်နေသည်။ အလတ်စား ကြွယ်ဝမည့်ကံပါသည်။

၃။ *ကျန်းမာရေးအခြေအနေ။*

(၂၄-၁၂-၂၀၁၇)ထိ ၅တေးထူလ၊ ၄ဟူးဘုတ္တိဒသာစားဝင်မည်။ ကျန်းမာရေးဘာဝ (၆-တန့်) ဘုတ္တိဒသာသခင် ၄ဟူးသည် (၁၊ ၄)တန့်သခင်ဖြစ်ကာ (၆၊ ၁၁)တန့်သခင် အင်္ဂါပိုင်နက္ခတ်ကို စီးထားသည်။ ကျန်းမာရေးအညံ့ရှိသော်လည်း ကုသပျောက်ကင်းနိုင်သော ရောဂါမျိုးသာ ဖြစ်တတ်သည်။ အစာအိမ်၊ အသည်း၊ ဆီးလမ်းကြောင်း၊ အစာလမ်းကြောင်းဆိုင်ရာတွင် သတိထားပါလေ။

---


**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၅ ၄၂၀ ၃၉၄


---


စိတ်မနှောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ် အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့်အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့ဓာတ်လာရာဓာတ်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စိစစ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368


www.burmeseclassic.com

www.burmeseclassic.com



Padmabushan Chiranjeevi

ဘူရှမ် ချီရန်ဂျီဗီး၏ ဇာတာဖြစ်သည်။ (၂၂-၈-၁၉၅၅) နံနက်(၁၀း၁၅)နာရီတွင် အန္တရာပရာဒေ့ရှ်ပြည်နယ်၊ နာရာစပါခရိုင် (၁၆°၃၄' မြောက်၊ ၈၁ံ ၃၅' အရှေ့)တွင် မွေးဖွားခဲ့သည်။




Padmabushan Chiranjeevi

ပဒမဘူရှမ်၏ ဇာတာတွင် လဂ်(၁-တန့်) ဘု
နက္ခတ်သခင်ဂြိုဟ် ၂လ်ာဖြစ်သည်။ ၂လ်ာသည် (၁၀)
သခင်ဂြိုဟ်ဖြစ်ပြီး (၁၂)တန့်ဘာဝတွင် ရပ်တည်သ
၂လ်ာဂြိုဟ်သည် (၂၊ ၇)တန့်သခင်အဖြစ် (၁၀)တ
ရပ်တည်နေသော အင်္ဂါပိုင်နက္ခတ်ကို စီးထားသည်။
ဖြစ်၍ လဂ်စီးဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၂
သည် (၂၊ ၁၀)တန့် ဘာဝများအတွက် အ
ဆောင်သည်။


(၂)တန့် သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်
သည် စနေဖြစ်သည်။ စနေဂြိုဟ်သည် (
၅)သခင်ဖြစ်ပြီး (၁)တန့်ဘာဝ၌ ရပ်တ
နေသည်။ ယင်းစနေဂြိုဟ်သည် (၃၊ ၆)သ
ဖြစ်၍ (၁၀)တန့်ဘာဝ၌ ရပ်တည်သေ
၅တေးဂြိုဟ်ပိုင် နက္ခတ်ကို စီးထားသည်။
ဖြစ်၍ (၂)တန့် ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သ
(၆၊ ၁၀)တန့်ဘာဝများအတွက် အကျိုးဆေ
သည်။

အထက်ပါ အချက်များကြောင့် ဇာတာ
သန်းချီ ကြွယ်ဝချမ်းသာရသည်။

**Big Industrialist in Software Industry**




ဇာတာ(၃)









* These planets do not have any planets at their stars.

**ဇာတာ(၃)**

ဆော့ဖ်ဝဲယား စက်မှုလုပ်ငန်းပိုင်ရှင် သ
ချီကြွယ်ဝသော သူဌေးကြီး တစ်ဦး၏ ဇာ
ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ ဟိုက်ဒရာဘက်
အကောင်းဆုံး အိုင်တီ စက်မှုလုပ်ငန်းကြီး
ထူထောင်ထားသည်။ သူ့ကို (၁၆-၉-၁
(၁၁း၅၈)နာရီတွင် အန္တရာပရာဒေ့ရှ်ပြည်န
ဘင်မာဝရမ်ခရိုင် (၁၆°၃၄' မြောက်၊

www.burmeseclassic.com

www.burmeseclassic.com

အရှေ့)တွင် မွေးဖွားခဲ့သည်။ ဇာတာ
တစ်ဖက်ပါအတိုင်း ဖြစ်သည်။

အထက်ပါ ဇာတာတွင် (၁)တန့် ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် အင်္ဂါဖြစ်သည်။ အင်္ဂါသည် (၁၊ ၅၊ ၆) သခင်အဖြစ် (၁)တန့်တွင် ရပ်တည်နေသည်။ အင်္ဂါသည် ဖြေကြာပိုင်နက္ခတ်ကို စီးထားပြီး ဖြေကြာသည် (၇၊ ၁၁၊ ၁၂) သခင်အဖြစ် (၁၁)တန့်ဘာဝတွင် ရပ်တည်နေသည်။ သို့ဖြစ်၍ လဂ်ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၆၊ ၁၁)တန့်အတွက် အကျိုးဆောင်သည်။


(၂)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် စနေဖြစ်သည်။ စနေသည် (၃၊ ၄)သခင်အဖြစ် (၁၁)တန့်ဘာဝတွင် ရပ်တည်နေသည်။ ယင်းစနေသည် ရာဟုပိုင်နက္ခတ်ကို စီးထားသည်။ ရာဟုသည် (၂)တန့်သခင် ၅တေးကို ကိုယ်စားပြုကာ အင်္ဂါနှင့် ပူးယှဉ်နေသည်။ သို့အတွက် (၂)တန့် ဘုတ္တနက္ခတ်သခင်ဂြိုဟ်သည် (၂၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်သည်။

ယင်းအချက်များကြောင့် ဇာတာရှင် သန်းချီကြွယ်ဝရသည်။

**ဇာတာ(၄)**

အိန္ဒိယမှ ဓာတုပစ္စည်းစက်ရုံပိုင်ရှင် သန်းချီကြွယ်ဝသော သူဌေးကြီး တစ်ဦး၏ ဇာတာကို ဖော်ပြပေးပါမည်။ သူတို (၁-၇-၁၉၅၂) (၁၈း၂၈)နာရီတွင် ဟိုက်ဒရာဘာတ်မြို့သီ (၁၇ံ ၂၂' မြောက်၊ ၇၈ံ ၃၀' အရှေ့)တွင် ဖွားမြင်ခဲ့သည်။

## Big Industrialist in Chemical industry




ဘာဝများအတွက် အကျိုးဆောင်ပါသည်။

(၂)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ရာဟုဖြစ်သည်။ (၂)တန့်ဘာဝ (စနေပိုင် ကုံရာသီ)တွင် ရပ်တည်သည်။ ရာဟုသည် (၅၊ ၁၂)သခင်အဖြစ် (၁၀)တန့်ဘာဝ၌ ရပ်တည်သော အင်္ဂါပိုင် နက္ခတ်ကို စီးထားသည်။ သို့ဖြစ်၍ (၂)တန့် ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၂၊ ၁၀)တန့် ဘာဝများအတွက် အကျိုးဆောင်ပါသည်။

ယင်းအတွက် ဇာတာရှင်သည် သန်းချီကြွယ်ဝချမ်းသာရသည်။

အထက်တွင်သန်းကြွယ်ချမ်းသာကြွယ်ဝခြင်းအတွက် ကေ-ပီ စနစ်၏ ဥပဒေသ (၂)ရပ်နှင့် လက်တွေ့ ဇာတာ (၄)စောင် ဖော်ပြခဲ့ပါသည်။ ပညာယူနိုင်ကြပါစေ။

**ဆရာရန်အောင်ဟိန်း(B.Sc)**

www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၇)ခုနှစ်၊ ဇန်နဝါရီလအတွက် ဈေးကွက်ခန့်မှန်းချက်




သိဟ်ရာသီ၌ ရာဟု(၈)ဂြိုဟ် တည်ရှိနေသောကြောင့် ချင်းတက် ရှားမည်။ (၆)လမြောက်၌ လေးဆတိုး၍ အဖိုးဈေးနှုန်း တက်တတ်၏။ ကန်ရာသီ၌ ၅တေးဂြိုဟ် ရှိနေသဖြင့် နောက်ပိုင်း မိုးထောင်း၍ ဆန်၊ စပါး ပေါ များတတ်၏။ ဗြိစ္ဆာရာသီတွင် စနေဂြိုဟ် တည်ရှိနေခြင်းကြောင့် သတ္တဝါတို့ ပင်ပန်းဆင်းရဲထိမ့်မည်။ မိနရာသီတွင် ၁နွေဂြိုဟ် နှင့် ၄ဟူးဂြိုဟ်တို့ တည်ရှိနေချိန်တွင် ဆီ၊ နှမ်း၊ ဝါဂွမ်းတို့ ရှားပါး၍ ဆင်၊ မြင်း သတ္တဝါတို့ ပျက်စီးအံ့။ မကာရရာသီတွင် ၁နွေဂြိုဟ် တည်ရှိချိန်၌ ဆန်စပါး ပေါ်များ၍ ကုံရာသီတွင် ၃ဂါဂြိုဟ် တည်ရှိချိန်တွင် လူအများ ချမ်းသာရာရအံ့။

### ၁-၁-၂၀၁၇ (တနင်္ဂနွေနေ့)
### (၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၄)ရက်



အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ ကုမ္ပဏီနာမည်ပေးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ မှော်တော်ယာဉ်၊ ကားနှင့် စက်ပစ္စည်း ရောင်းဝယ်ရန်၊ အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်း၊ တိုင်ထူရန်၊ အိမ်သစ်တက်ရန်၊ လှေကားထောင်ရန်၊ မျိုးစေ့ချ၊ အပင်စိုက်ရန်၊ အစုရှယ်ယာဝင်ရန်၊ စာပေကျမ်းဂန် ရေးသား ပြုစုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ (၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုက်ပါက မောင်အောင်လှမော်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာ အရောင်မှာ နက်ပြာရောင်ဖြစ်သည်။

### ၂-၁-၂၀၁၇ (တနင်္လာနေ့)
### (၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်



မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ ရှင်ပြုရန်၊ ဘုရား အနေကဇာတင်ရန်၊ ဆံရိတ်၊ ဆံသ ပြုလုပ်ရန်၊ အလှပြင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ၊ တိုင်ထူ ကျောက်သွေးလောင်းရန်၊ အစွမ်းထက်ဆေးဝါး ဖော် ရန်၊ ဆေးရုံ၊ ဆေးခန်း ဖွင့်ရန်၊ မျိုးစေ့ကြဲရန်၊ ပျိုးနုတ် ကောက်စိုက်ရန်၊ စပါးရိတ်သိမ်းရန်၊ မေတ္တာရေးရာစကား ပြောရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်း လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့် (၁၂း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေး နာမည်ပေးလိုပါက မောင်ချစ်ဝင်း၊ မကြည်ဝေမြတ် ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့် ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

### ၄-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)
### (၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၇)ရက်



ပစ္စည်းဥစ္စာ ပေါ်များသောယုဂ် ရရှိသ ယနေ့ ကျောက်မျက်ရတနာ တူးဖော် အဆောက်အအုံပန္နက်ရိုက်ရန်၊ ကျင်း အုတ်မြစ်ချရန်၊ အိမ်၊ ခြံ၊ မြေ ရောင်းဝ ရန်၊ စက်မှုလက်မှု ဒီဇိုင်းသစ် ထုတ်လုပ်ရန်၊ အစုရှယ် ရောင်းဝယ်ရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်းများ ဆော ရှက်ရန်၊ မိတ်ဆွေသစ် တွေ့ဆုံရန်၊ ရေနံ၊ ဓာတ်ငွေ့ ဓာတ်သတ္တု တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြု တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော က မှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်း (၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလ

www.burmeseclassic.com

ကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်မော်၊ မလှယမင်း..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၅-၁-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်**



မင်းချီးမြှင့်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အနေကဇာတင်ရန်၊ ကျောင်းဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အဆောက်အအုံ အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ ပန်းချီ၊ပန်းပုစသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ဆောင်ရွက်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းအောင်၊ မေပမြိုင်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၆-၁-၂၀၁၇ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်**



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ ဆံသ ပြုရန်၊ ရဟန်းခံ၊ရှင်ပြုပွဲ ကျင်းပရန်၊ စေ့စပ်၊လက်ထပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲ၊ညှိခံပွဲ ကျင်းပရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်၊ ကုမ္ပဏီထူထောင်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ အာမခံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟာန်သူမြင့်..ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၇-၁-၂၀၁၇ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၁၀)ရက်**



ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အုတ်မြစ်ချ၊ကျင်းတူးရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဘုရားတည်ရန်၊ ဂါထာ၊မန္တန် သိဒ္ဓိတင်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ အလှပြင်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ စာအုပ်စာပေ၊စာရေးကိရိယာ ဖြန့်ချိရန်၊ စေ့စပ်၊လက်ထပ်ရန်၊ လယ်ယာဥယျာဉ်ခြံမြေသီးနှံ ရိတ်သိမ်း၊ဆွတ်ခူးရန်၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမြင့်၊ မနွယ်နီမော်..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

**၉-၁-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၁၂)ရက်**




အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အုတ်စီတွင်း တူးဖော်ရန်၊ အားကစားဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရန်၊ ဂီတအနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ ကုမ္ပဏီသစ် ထူထောင်ရန်၊ ဆေးခန်းဖွင့်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပညာစသင်ရန်၊ ရေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မကြည်လွင်မေ..ဟု ပေးနိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍

www.burmeseclassic.com

ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၁၁-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆန်း (၁၄)ရက်**



အထက်မြှော်နက္ခတ် ရရှိသဖြင့် ယနေ့ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှကုန်ပစ္စည်း စတင်ထုတ်လုပ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်၊ စပ်တူရှယ်ယာဝင်ရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ ဥယျာဉ်လယ်ယာလုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်မြင့်မောင်၊ မရွှေယမင်း..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၁၃-၁-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၁)ရက်**



တိထိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ, ရှင်ပြုရန်၊ ရတနာပစ္စည်း ရောင်းဝယ်, ဝတ်ဆင်ရန်၊ ဂါထာ,မန္တန် သိဒ္ဓိတင်ရန်၊ ဆိုင်သစ်ဖွင့်၍ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်၊ အုတ်မြစ်ချ၊ ကျောက်သွေးလောင်းရန်၊ လယ်ယာဥယျာဉ်ခြံထွက် သီးနှံများ ခွတ်ခူး,ရိတ်သိမ်းရန်၊ ကုမ္ပဏီထူထောင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းကိစ္စများ အာမခံရန်၊ အစုရှယ်ယာဝင်ရန်၊ အချစ်ရေးစကား ဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွန့်၊ မဟန်သူမြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၁၆-၁-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၄)ရက်**



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုရန်၊ အလှကုန်ပစ္စည်း ရောင်းဝယ်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ကုန်ပစ္စည်း သိုလှောင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမြင့်၊ မကြည်လင်မြင့်..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၁၇-၁-၂၀၁၇ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၅)ရက်**



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ် မုခ်ဦးဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်သစ်တက်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဆွေဝင်းမော်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင်ဖြစ်သည်။

**၁၈-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၆)ရက်**

အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ အစည်းကင်

www.burmeseclassic.com

www.burmeseclassic.com



ပွန်းတပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဈေးစပ်၊ လက်ထပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှအပပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားဆိုရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုက်ပါက မောင်ဝေလင်းမော်၊ မဝင်းဝင်းမော်..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၁၉-၁-၂၀၁၇ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၇)ရက်**



ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ဈေးစပ်၊လက်ထပ်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ်ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ စက်မှုနည်းပညာသစ် တီထွင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံများ ရွှတ်ခူးရိတ်သိမ်းရန်၊ စပါးကျီသွင်းရန်၊ ခွဲစိတ်ကုသမှုခံယူရန်၊ မေတ္တာရေးရာစကားဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မပပမြိုင်..ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဖြူရောင်ဖြစ်သည်။

**၂၀-၁-၂၀၁၇ (သောကြာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၈)ရက်**

အလိုဆန္ဒ ပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ ဈေးစပ်၊လက်ထပ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသပြုရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲနှင့် ပါတီစည်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမောင်၊ မတွယ်တာမေ..ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၂၁-၁-၂၀၁၇ (စနေနေ့)**


**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၉)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ၊ဝိဇ္ဇာ ဂမ္ဘီရပညာရပ်များ သင်ယူရန်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင်လုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အလုပ်သစ်ပြောင်းရန်၊ စာပေဖြန့်ချိရေးလုပ်ရန်၊ ထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မချိုလွင်မေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၂၂-၁-၂၀၁၇ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၁၀)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ၊ဝိဇ္ဇာ ဂမ္ဘီရပညာရပ်များ သင်ယူရန်၊ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ လက်ဝတ်ရတနာ ပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အလှပြင်လုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ ဆိုင်သစ်ဖွင့်ရန်၊ အလုပ်သစ်ပြောင်းရန်၊ စာပေဖြန့်ချိရေးလုပ်ရန်၊ ထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ချစ်ဝင်းမောင်၊ မချိုလွင်မေ..ဟု ပေးနိုင်ပါသည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၂၃-၁-၂၀၁၇ (တနင်္လာနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၁၁)ရက်**


**၂၄-၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၁၂)ရက်**

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ [illegible] မျက်ရတနာ တူးဖော်၊ဝတ်ဆင်ရန်၊ ဘုရား[illegible]

www.burmeseclassic.com

www.burmeseclassic.com



ထီးတော်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ နာမည်မှည့်ခေါ်ရန်၊ ရေနံ၊ဓာတ်သတ္တု ရှာဖွေရန်၊ စပါးရိတ်သိမ်း၍ ကျီသွင်းရန်၊ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ လယ်ယာဥယျာဉ်သီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ လူမှုပရဟိတလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝေလင်းမော်၊ မလွင်မေမော်‥ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ လိမ္မော်ရောင်ဖြစ်သည်။

**၂၆-၁-၂၀၁၇ (ကြာသပတေးနေ့)**
**(၁၃၇၈)ခုနှစ်၊ ပြာသိုလဆုတ် (၁၄)ရက်**



အထွတ်အမြတ်ဖြစ်သောယုဂ် ရှိသဖြင့် ယနေ့ အိမ်၊ခြံ၊မြေရောင်းဝယ်ရန်၊ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ စာပေဖြန့်ချိရေး စတင်လုပ်ရန်၊ ကုမ္ပဏီ ထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ ခွဲစိတ်ကုသမှု ခံယူရန်၊ ငွေကြေး ချေးငှားရန်၊ လယ်ယာဥယျာဉ်သီးနှံများ ရိတ်သိမ်းဆွတ်ခူးရန်၊ လူမှုရေးပရဟိတလုပ်ငန်း ဆောင်ရွက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ လုပ်ငန်းသစ် စရန်၊ အလုပ်သစ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမျိုးပပမြိုင်‥ဟု ပေးနိုင်သည်။ ယနေ့ အရှေ့အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အနီရောင်ဖြစ်သည်။

**၂၇-၁-၂၀၁၇ (သောကြာနေ့)**
**(၁၃၇၈)ခုနှစ်၊ ပြာသိုလကွယ်**

အမွကိစ္စပြီးသောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်နှင့် အနေကဇာတင်ရန်၊ ပွဲတော်ထိုးရန်၊



သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ ဧည့်ခံပွဲ ကျင်းပရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ စပါးကျီသွင်းရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါ မောင်ဟန်သာမြင့်၊ မဟေမာမေ‥ဟု ပေးနိုင်သည်။ ယနေ့ မြောက်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

**၂၈-၁-၂၀၁၇ (စနေနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၁)ရက်**



အလိုဆန္ဒ ပြည့်ဝသောယုဂ် ရှိသဖြင့် ယနေ့ ဘာသာရေးကိစ္စ ဆောင်ရွက်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ဝတ်ဆင်ရန်၊ ကိုယ်ပိုင်လုပ်ငန်းသစ် စတင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊ အုတ်စီ၊ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ ဥယျာဉ်ခြံထွက်သီးနှံ ဆွတ်ခူးရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်သို့ အစီရင်ခံစာ ရေးသားတင်သွင်းရန်၊ လေကြောင်းခရီး သွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉:၀၀)နာရီမှ (၁၀:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေမျိုးမောင်၊ မနွယ်နီမြိုင်‥ဟု ပေးနိုင်ပါသည်။ ယနေ့ အနောက်တောင်အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အပြာရောင်ဖြစ်သည်။

**၂၉-၁-၂၀၁၇ (တနင်္ဂနွေနေ့)**
**(၁၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၂)ရက်**

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အိမ်ဆောက်

www.burmeseclassic.com

www.burmeseclassic.com




အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေး လောင်းရန်၊ တိုင်ထူ၍ အိမ်တက်လှေကား ထောင်ရန်၊ လယ်ယာဥယျာဉ်သီးနှံ ရိတ် သိမ်းဆွတ်ခူးရန်၊ သာသနာ့အလံ လွင့်ထူ ...သီးတော်တင်ရန်၊ လေကြောင်းခရီးသွားရန်၊ အနုပညာ ...ငန်းများ ဆောင်ရွက်ရန်၊ ငွေချေးငှားအပ်နှံရန်၊ အလှ ...စွည်း ဖြန့်ချိရန်၊ ပညာစသင်ယူရန်၊ အိမ်,ခြံ,မြေ ...င်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွား ...သော တလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ...က်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ...င်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည် ...လိုပါက မောင်ကျော်ဝင်းမြင့်၊ မကြည်လင်မြင့် ..ဟု ...နိုင်သည်။ ယနေ့ တောင်အရပ်တွင် လာဘ်ပွင့်၍ ...တြာအရောင်မှာ နီနှစ်ရောင်ဖြစ်သည်။

...-၁-၂၀၁၇ (အင်္ဂါနေ့)

...၃၇၈)ခုနှစ်၊ တပို့တွဲလဆန်း (၄)ရက်

ဆင်းရဲဒုက္ခ ကြုံရသောယုဂ် ရှိသော်လည်း မလုပ် မဖြစ် လုပ်ရမည်ဆိုပါက ယနေ့ ကျောက်



မျက်ရတနာနှင့် ဓာတ်သတ္တု တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ဇွာစပ်, လက်ထပ်ရန်၊ ဆံရိတ်,ဆံသ အလှပြင် ရန်၊ ဥယျာဉ်ခြံလုပ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ငွေကြေး အပ်နှံရန်၊ ထီထိုးရန်၊ အချစ်ရေး ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိ ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤ ကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မဇင်မာမော် ..ဟု ပေးနိုင်သည်။ ယနေ့ အနောက်မြောက် အရပ်တွင် လာဘ်ပွင့်၍ ယတြာအရောင်မှာ အဝါရောင် ဖြစ်သည်။

လိုအင်ဆန္ဒ ပြည့်ဝကြပါစေ

မင်းမဟော်ညွန့်

ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃၄


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၁ ၆၉၇၆၇၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)..သည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။


www.burmeseclassic.com

www.burmeseclassic.com

**ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ လုံးစုံဆန္ဒ လွှမ်းပြည့်ဝသည့် လေးသံထွက် လေးမည်ရ ဂါထာတော်ကျင့်စဉ်**

မြန်မာဗျည်းအက္ခရာ(၃၃)လုံးတွင် တစ်လုံးစီ,တစ်လုံးစီ၌ ထူးခြားသော ဝိသေသဂုဏ်ရည်၊ စွမ်းရည်ထူး၊ လက္ခဏာအင်္ဂါရပ်များ အသီးသီး ကိန်းဝပ်တည်ရှိနေကြပါသည်။ ထို့ကြောင့် ရှေးလူကြီးသူမ ပညာရှင်တို့သည် ၄င်းအက္ခရာတို့ကို စနစ်တကျ မှန်မှန်ကန်ကန် စီရင်သုံးစွဲတတ်လျှင် သိဒ္ဓိပိုင်းဆိုင်ရာ ကိစ္စရပ်များ၌ ပေါက်မြောက်အောင်မြင်နိုင်သည်ဟု အခိုင်အမာ မိန့်ဆိုကြပြီး စာတစ်လုံး ဘုရားတစ်ဆူဟူ၍ပင် ဆိုကြပါသည်။

ထိုအက္ခရာ(၃၃)လုံးတွင် (ဋ္ဌ)အက္ခရာသည် အသံ လေးသံထွက်သော အက္ခရာဖြစ်သဖြင့် ထူးခြားသော အက္ခရာတစ်လုံး ဖြစ်ပါသည်။ (ဋ္ဌ)အက္ခရာကို ဋ္ဌ၊ သံ ညှင်း၊ ကျိတ် ဟူ၍ အသံထွက် ရွတ်ဖတ်ရမည်ဟု ရွှေ ပေါ်ကျွန်းဆရာတော်ကြီးမှ အမိန့်ရှိပါသည်။

| | ဋ္ဌ | သံ | ညှင်း | ကျိတ် | |
|---|---|---|---|---|---|
| | (ဋ္ဌ) | (သ) | (ည) | (က) | |
| | စနေ | သောကြာ | အင်္ဂါ | တနင်္လာ | |
| နံသင့် | ၇ + | ၆ + | ၃ + | ၂ | = ၁၈ |

(၉)နဝင်း ရပါသည်။

# လေးသံထွက် လေးမည်ရ

သုခစုစံ(ကျိုက်လတ်)

**လေးဘွဲ့စံ ,လေးဂါထာ ထူးခြားသော ကျင့်စဉ်**

| | တနင်္ဂနွေ ဖွား | တနင်္လာ ဖွား | အင်္ဂါ ဖွား | ဗုဒ္ဓဟူး ဖွား | စနေ ဖွား | ကြာသပတေး ဖွား | ရာဟု ဖွား | သောကြာ ဖွား |
|---|---|---|---|---|---|---|---|---|
| ပရိတ်ဝါရအရပ် အပွင့်ရွှတ် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် တောင် | အနောက် | အနောက် မြောက် | မြောက် |
| အာယုအရပ် အပွင့်ရွှတ် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် တောင် | အနောက် | နောက် မြောက် | မြောက် | အရှေ့ မြောက် |
| နဂရအရပ် အပွင့်ရွှတ် | အရှေ့ တောင် | တောင် | အနောက် တောင် | အနောက် | အနောက် မြောက် | မြောက် | အရှေ့ မြောက် | အရှေ့ |
| ဘုမ္မိအရပ် အကာအကွယ်ရွှတ် | တောင် | အနောက် တောင် | အနောက် | အနောက် မြောက် | မြောက် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် |
| ဂဟပ္ပတိအရပ် အပွင့်ရွှတ် | အနောက် တောင် | အနောက် | အနောက် မြောက် | မြောက် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် |
| ဝေဇအရပ် အပွင့်ရွှတ် | အနောက် | အနောက် မြောက် | မြောက် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် တောင် |
| ဌာနအရပ် အပွင့်ရွှတ် | အနောက် မြောက် | မြောက် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် တောင် | အနောက် |
| သိရီအရပ် အပွင့်ရွှတ် | မြောက် | အရှေ့ မြောက် | အရှေ့ | အရှေ့ တောင် | တောင် | အနောက် တောင် | အနောက် | အနောက် မြောက် |

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းသက် ၁၀ + ၂၁ + ၈ + ၁၅ = ၅၄

(၉)နဝင်းရပါသည်။

| ဋ | သ | ည | ခ |
|---|---|---|---|
| စနေ | သောကြာ | အင်္ဂါ | တနင်္လာ |
| (အဋ္ဌော) | (ဝံသေ) | (စရေ) | (ဂဗ္ဘော) |

တတ်ကြီး(၄)ပါး ပြည့်စုံပါဝင်ပါသည်။

အစီအရင်ပိုင်းတွင် အောက်ပါအတိုင်း ရေးဆွဲရပါသည်။

**ချိုးဖြောင့်ရေးနည်း** **စက်ပိုင်းမျဉ်းရေးနည်း**




← မဂ္ဂင် ၈ ပါး →

← ပိဋကတ် ၃ ပါး →

← ဗောဇ္ဈင် ၇ ပါး →

၁၈ ပါး (၉)နဝင်း



အဋ္ဌမဂ္ဂင်၊ တိပိဋကာ၊ သတ္တဗောဇ္ဈင်၊ နဝလောကုတ္တရာ၊ သုညတ္တမေ ဘဝိသတိဟူ၍ ကျမ်းဂန်ပါဋ္ဌိလာရှိပါသည်။

**(ဋ၊ သ၊ ည၊ က) အစရှိ ရတနာသုံးပါးဆိုင်ရာဂါထာ**

| | **အပွင့်ရွတ်နည်း** | **အကာအကွယ်ရွတ်နည်း** | |
|---|---|---|---|
| ဋ | ဋ္ဌိရိရတ္တံ နတ္ထိဘယံ | ဋ္ဌိရိရတ္တံ နတ္ထိဘယံ | ဋ |
| သ | သဗ္ဗကောဓံ ဝိနာသနံ | သဗ္ဗကောဓံ ဝိနာသနံ | သ |
| ည | ဉာဏံမုနိကော သဗ္ဗနံ | ဉာဏံမုနိကော သဗ္ဗနံ | ည |
| က | ကန္တာရသိစ အာဝုဓံ | ကန္တာရသိစ အာဝုဓံ | က |

အောက်ပါ အရပ်(၈)မျက်နှာနှင့် ပတ်သက်သက်ဆိုင်သော သဘောတရားများကို မှတ်သားထားရပါမည်။

**ပရိဝါရအရပ်**-ခြေရုံသင်းပင်းပေါများရေး၊ တပည့်လက်အောက်ငယ်သားပေါများရေး၊

**အာယုအရပ်**- အနာရောဂါကင်း၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်းတို့ဖြင့် ပြည့်စုံရေး၊

**နာဂရအရပ်**-မြို့ပြပြည်ရွာ တူထောင်ခြင်း၊ သိမ်းပိုက်ခြင်း၊ ဩဇာတိက္ကမနယ်ပယ် တူထောင်ခြင်း၊ ကိုယ်ပိုင်အိမ်၊ မြေယာဖြင့် တင့်တယ်စွာ နေထိုင်ရစေခြင်း၊

**ဘုမ္မိအရပ်**-ဘေးဥပဒ်အန္တရာယ် ရန်စွယ်အသွယ်သွယ်တို့ကို ကာကွယ်ခြင်း၊ လွတ်မြောက်စေခြင်း၊

**ဂဟပတိအရပ်**-အလုပ်အကိုင်၊ စီးပွားလာဘ်လာဘ၊ ရာထူးစည်းစိမ်၊ ဥစ္စာငွေကြေး တိုးတက်ကြီးပွား ထွန်းကားလာစေခြင်း၊

**တေဇအရပ်**-ဘုန်းတန်ခိုးကြီးစေခြင်း၊ ဉာဏ်ပညာပွင့်စေခြင်း၊

**ဌာနအရပ်**-လက်ဝယ်ရှိပြီး ရာထူးစည်းစိမ် အဆင့်အတန်းမလျော့ကျ မပျက်စီးစေခြင်း၊

**သိရီအရပ်**-ကျက်သရေမင်္ဂလာတိုးတက်ခြင်း၊ နတ်၊ လူတို့၏ ချစ်ခင်ထူညီမှုကို ရရှိစေတတ်ခြင်း၊

မိမိအလိုရှိရာအရပ်သို့ မျက်နှာမူပြီး ထို(ဋ)ဂါထာကို နေ့စဉ် အနည်းဆုံး (၁၀၈)ခေါက် ရွတ်ဖတ်ပူဇော်ပါ။ ၎င်းအရပ်မျက်နှာဆိုင်ရာ ကောင်းကျိုးများ သိသာထင်ရှား အကျိုးပေးလာပါလိမ့်မည်။ (၇)နေ့သားသမီးများအတွက် အသင့်အသုံးပြုနိုင်ရန် ဇယားကို ဖော်ပြပေးလိုက်ပါသည်။

**ဥပမာ**-တနင်္ဂနွေသားသမီးများသည် ခြေရုံသင်းပင်းပေါများရေး၊ တပည့်လက်သား ပေါများရေး အစရှိသည့်ကိစ္စများ အဆင်ပြေချောမွေ့လိုလျှင် ပရိဝါရအရပ် အရှေ့မြောက်ထောင့်သို့ မျက်နှာမူ၍ ဂါထာကို (၁၀၈)ခေါက် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်သွားရပါမည်။

အနာရောဂါကင်းလို၊ ကျန်းမာရေးကောင်းလို၊ အသက်ရှည်စေလိုခြင်း အစရှိသည့် ကိစ္စများ အဆင်ပြေ ဆန္ဒပြည့်စေရန် အာယုအရပ်၊ အရှေ့တောင့်သို့ မျက်နှာမူ၍ ဂါထာကို (၁၀၈)ခေါက် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ် သွားရပါမည်။

ဤသို့ဖြင့် ကျန်သည့် မိမိတို့ ဘဝလိုအပ်ချက်နှင့် သက်ဆိုင်ရာကိစ္စအလိုက် သက်ဆိုင်ရာထောင့်ကို အရပ်မျက်နှာမူ၍ ဂါထာကို (၁၀၈)ခေါက် နေ့စဉ် ရွတ်ဖတ်ပူဇော်သွားခြင်းဖြင့် ကောင်းကျိုးချမ်းသာ အဖြာဖြာတို့ကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားကြရမည် ဖြစ်ပါသည်။

**မှတ်ချက်**

ဘုမ္မိအရပ်ကို မျက်နှာမူ၍ ရွတ်ဖတ်လျှင် အကာအကွယ် ရွတ်နည်းဖြင့်သာ ရွတ်ရပါမည်။ ကျန်ရှိသော အရပ်(၇)မျက်နှာကို အပွင့်ရွတ်နည်းဖြင့် ရွတ်ရပါမည်။

ကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ။

**သုခစုစ်(ကျိုက်ထော)**

www.burmeseclassic.com

www.burmeseclassic.com

လက္ခဏာပညာ (၃)

# ကြာသပတေးဂြိုဟ်ခုံ၏အထက်မှ အစပျိုးသော နှလုံးလမ်းကြောင်း

ကြည်ဝင်း(ဗေဒ)

လက်ညှိုး၏အောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံ၏ အထက်မှအစပျိုးသော နှလုံးလမ်းကြော သည် ဤအမှတ်အသားမျိုးပါရှိသည့် ယောကျ်ား (သို့မဟုတ်) မိန်းမတို့သည် သံယောဇဉ် ပတ်သက်လာသည့် ကိစ္စရပ်တို့တွင် ကိုယ့်လက် ကိုယ့်ခြေပမာ စိတ်သဘောကျပြုမူတတ်

မစ္စတာဒဇလျူဂျီ ဂလက်စတုံး၏ လက်ဝါးပြင်တွင် ဤနှလုံးလမ်းကြောင်းမျိုး ပါရှိနေ

လက်ခလယ်၏ အောက်ခြေရှိ စနေဂြိုဟ်ခုံ၏ အထက်မှ အစပျိုးသော နှလုံးလမ်းကြော မျိုးသည် တည်ငြိမ်မှုကို ပြသနေ၏။ ဖွဲ့နဲ့ဝဲကြီးစွာ ကံကြမ္မာကို ယုံကြည်ကိုးစားပြီး သံယော တွယ်တာတတ်သည်။ မိမိမြတ်နိုးသူ (သို့မဟုတ်) ချစ်မိသူအတွက် အသက်ကိုပင် စတေး ကျေနပ်နှစ်သိမ့်တတ်သည်။

အကယ်၍ နှလုံးလမ်းကြောင်းသည် ကြာသပတေး ဂြိုဟ်ခုံဘေးမှလည်းကောင်း၊ (သို့မဟု ဂြိုဟ်ခုံ၏ အလယ်ဗဟိုမှလည်းကောင်း အစပျိုးနေပါမူ ယောကျ်ား (သို့မဟုတ်) မိန်းမတို့သ ဆင်ကန်းတောတိုးသကဲ့သို့ အချစ်နှင့်ပတ်သက်လာလျှင် အဆိုးအကောင်းကိုပင် ဖုံးကွယ်လွှမ်းမိုး နေပါတတ်သည်။ မည်သို့ပင် ကြားလေသွေးစေကာမူ ဂရုမစိုက်တတ်။ သစ္စာကို သက်ဆုံးသည့်တိ အောင် ထားရှိတတ်သည်။ ချစ်သူအတွက်ဆိုလျှင် ကံကြမ္မာအနေဖြင့် တစ်မျိုးတစ်မည် ဖန်တီးထ သည်မှာ အံ့ဩဖွယ်ရာ မရှိတော့ပေ။

ကျွန်ုပ် ယခုဖော်ပြမည့် ကိုယ်တွေ့အဖြစ်အပျက်မှာ ယုံကြည်ချက်ပြင်းပြသူ တစ်ဦးန အထက်ဖော်ပြပါ ခံစားချက်များမရှိသည့် အမျိုးသမီးတစ်ဦးတို့ တွေ့ဆုံကြသည့် ဇာတ်လမ်း ဖြစ်ပါ၏။

တစ်နေ့သောအခါ ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံခဲ့သည့် သားသားနားနား ဝတ်ဆင်ထားသော အမျိုးသား တစ်ဦးအား ယနေ့တိုင်ပင် မြင်ယောင်မိနေသေးတော့၏။

ထိုအမျိုးသားသည် အိမ်ထောင်ပြုတော့မည်ဖြစ်၍ သူ၏ လက္ခဏာကို စစ်ဆေးပေးပါ ကျွန်ုပ်အား ပြောလာလေသည်။ သူသည် ပါးနပ်လိမ္မာသည့်သူတစ်ယောက်ဖြစ်ပြီး ဇွဲလမ်းယုံကြ မိသည့် အရာတစ်ခုအား မရမနေ ဆောင်ရွက်တတ်သည့် သဘောတရားရှိ၏။ ထို့ပြင် ချစ်မိပြီ သည်နှင့် အသည်းနှင့်အောင် ချစ်တတ်သည့် အမှတ်အသားများကိုပါ ကျွန်ုပ် ရှာဖွေတွေ့ရှိရလေသည်

ထို့ကြောင့် ထိုသူနှင့် လက်ထပ်ရန် ရည်ရွယ်ထားသော အမျိုးသမီး၏အကြောင်းကို သိလိုသ စိတ်ဆန္ဒ ရှိလာသဖြင့် မိမိနှင့် လက်ထပ်မည့် အမျိုးသမီးငယ်၏ လက္ခဏာအား တွဲဖက်စစ်ဆေးလျှ ပိုမိုကောင်းမည်ဖြစ်ကြောင်း ပြောပြရာ သူက အမျိုးသမီးအား ကျွန်ုပ်ထံသို့ တစ်နည်းနည်းန လွှတ်လိုက်မည်ဖြစ်ကြောင်းနှင့် တွေ့ရှိရသမျှကိုလည်း မကွယ်မဝှက်ဘဲ ဟောကြားပေးပါ မေတ္တာခံလာသည်ဖြစ်ရာ ကျွန်ုပ်ကလည်း သဘောတူ လက်ခံလိုက်၏။

ရက်အနည်းငယ်အကြာတွင် မစ္စရောဘတ်ဆိုသူ အမျိုးသမီးငယ်တစ်ယောက် ရောက်လာ သည်။ ထိုနာမည်မှာ အမျိုးသမီး၏ အမည်မှန်မဟုတ်ဘဲ ကျွန်ုပ်အား လှည့်စားထားမှန်းကိုလည် သိရှိနှင့်နေ၏။

ထိုအမျိုးသမီး၏ လက်ဝါးပြင်ထက်၌ နှလုံးလမ်းကြောင်း ရပ်တည်နေပုံ၊ လမ်းကြောင်း အတိမ်အနက်နှင့် အရောင်အဆင်းတို့ကို ကြည့်ရှုလိုက်ရုံနှင့် သူမသည် မေတ္တာမှန်ထားတတ်သ အမျိုးအစား မဟုတ်ကြောင်းနှင့် မည်သည့်အရာတွင်မဆို လှည့်စားတတ်ပြီး သစ္စာမဲ့တတ် သိလိုက်ရ၏။ ထိုအချက်များကြောင့် ဤအမျိုးသမီးသည် ဇွဲလမ်းယုံကြည်လွန်းသည့် အမျိုးသ အတွက် လားလားမျှ မအပ်စပ်ကြောင်း ကောက်ချက်ချမိတော့လေမည်။



www.burmeseclassic.com

www.burmeseclassic.com

နောင်တစ်ကြိမ် ထိုအမျိုးသားနှင့် ပြန်လည်တွေ့ဆုံသည့်အခါ၌ အမျိုးသမီးရဲ့ လက္ခဏာကို စစ်ဆေးပြီးပါပြီလားဟု ကျွန်ုပ်အား သိလိုဇောဖြင့် အလောတကြီးမေးရှာ၏။ ကျွန်ုပ်ကလည်း စစ်ဆေးပြီးပါပြီဟု ဖြေလိုက်၏။

'ကဲ..ဒီလိုဆိုရင် ဆရာကိုင်ရီ၊ ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေးဟာ ရေ့မှာ ပျော်ပျော်ပါးပါးနဲ့ သွားရမယ် မဟုတ်လား ဆရာ။ ကျွန်တော်လေ၊ သူ့ကို တကယ်ပဲ ချစ်ပါတယ်။ အမျိုးသမီးဟာ ချောပါတယ်နော် ဆရာ'ဟု အမျိုးသားလူငယ်သည် သူ မြတ်နိုးတွယ်တာသူအား ထင်တစ်လုံးဖြင့် ကျွန်ုပ်အား ဝမ်းသာအားရ မေးမြန်းတော့၏။

ကျွန်ုပ် မည်သို့ဖြေရမည်နည်း။ ကျွန်ုပ်သည် ထိုလူရွယ်၏ ထင်တစ်လုံးအား မထိခိုက်စေလို။ သို့သော် တစ်ဖက်မှ ကြည့်ပြန်လျှင် ကျွန်ုပ်၏ ပညာလုပ်ငန်းစဉ်အရ မှန်သည်ကိုသာ တင်ပြရမည် ဖြစ်၏။

သို့နှင့် ကျွန်ုပ်စစ်ဆေးတွေ့ရှိသမျှအား နားဝင်အောင် တစ်လုံးချင်း ပြောပြရတော့၏။ တစ်ဦး၏ ဗီဇနှင့် တစ်ဦး၏ ဗီဇသည် မိုးနှင့်မြေပမာ ကွာခြားကြောင်းကို ရှင်းပြပြီးလျှင် အိမ်ထောင်ရေးမှာ ခိုင်မြဲနိုင်ကြောင်း၊ အမျိုးသမီးသည် ဂုဏ်ပကာသနကို မက်မောသည်နှင့်အမျှ မကြာမီ သဘော ထားချင်း မတိုက်ဆိုင်တော့ဘဲ သောကများနှင့် ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်းကို ဟောလိုက်ရ တော့၏။ ,

သူသည် မျက်နှာကို အောက်ချ၍ ကျွန်ုပ်ဟောသမျှကို နားထောင်နေ၏။ ကျွန်ုပ်၏စကား ဆုံးသည်နှင့် -

'ကိုင်ရီ..ဆရာပြောတာတွေကို ကျွန်တော် မယုံကြည်ဘူး။ ဆရာပြောတာတွေဟာ အမှား ကြီးတွေပဲ။ ဒီအမျိုးသမီးအကြောင်းကို ဆရာ မသိပါဘူး။ ကျွန်တော့်အပေါ် ဘယ်လိုသဘောထား တယ် ဆိုတာလည်း ဆရာ သိမှာမဟုတ်ဘူး။ ကောလိပ်က ဆရာတွေကရော သူငယ်ချင်းတွေကပါ အမျိုးသမီးကို လက်မထပ်ဖို့ ဖျက်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော် မနေဘူး။ သူ့ကိုပဲ လက်ထပ် မယ်'

နောက်ဆုံးနိဂုံးချုပ်အနေဖြင့် ကျွန်ုပ်သည် ထိုလူရွယ်အား အမှားများကို ဆက်မလုပ်ရန် တန့်တားသည့်အနေနှင့် -

'သတိကြပ်ကြပ်ထားပါ ငါ့ညီ။ မင်းဟာ အန္တရာယ်တင်မကဘူး၊ ဆက်ပြီး ခွတ်တိုးလုပ်ရင် အသေဆိုးနဲ့ သေဖို့ရှိတယ် ဆိုတာကို ငါ သတိပေးပါစေ'

ထိုအမျိုးသားသည် ကျွန်ုပ်သတိပေးသည်ကို ပြောင်လှောင်သည့်အနေဖြင့် ဟားတိုက်၍ဝင် အားရပါးရ ရယ်မောလိုက်သေး၏။ သူသည် ကံကြမ္မာဖန်တီးလာမည့် အန္တရာယ်ကို မမြင်တော့ဘဲ ခွတ်တိုးဝင်ခဲ့တော့၏။

လက်ထပ်မင်္ဂလာပွဲမှာ တခမ်းတနား ကြီးကျယ်စည်ကားခဲ့လေသည်။ သို့သော် တစ်နှစ်နီးပါး မျှသာ ပေါင်းလိုက်ကြရပြီး ကွဲကွာသွားကြရှာလေသည်။ ထိုအမျိုးသားမှာ အချစ်ကြောင့် ဝရိအေ မီး တောက်လောင်ကာ နောက်ဆုံး၌ အဆိပ်သောက်၍ ဘဝဇာတ်သိမ်းသွားရှာလေတော့၏။

ဤကဲ့သို့ မိုးမမြင် လေမမြင် တစ်ဖက်သားကို ယုံကြည်လွန်းအားကြီးပြီး ချစ်မိသော အဖြစ် မျိုးဖြင့် ရယူသော အိမ်ထောင်ရေးမျိုးမှာ အဆုံး၌ ကြေကွဲဖွယ်ရာနှင့်သာ နိဂုံးချုပ်ရမည်မှာ မဆန်း တော့ပေ။

အကယ်၍ ထိုအချစ်မျိုးနှင့် ထိုက်တန်သော အမျိုးသမီးကိုသာ အိမ်ထောင်ပြုခဲ့မိမည်ဆိုပါက



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ပြောဖွယ်ရာ ရှိတော့ပါအံ့နည်း။ စံပြအိမ်ထောင်ရေးမျိုးကို တည်ဆောက်မိမည်မှာ မလွဲဧကန် အမှန်ပင် ဖြစ်၏။

သို့သော် လောကကြီး၌ တစ်ဦးနှင့်တစ်ဦး စိတ်တူကိုယ်တူ ပေါင်းသင်းရသော အိမ်ထောင်ရေး မျိုးကား ရှားလှပါပေသည်။ လက်ဝါးပြင်ပေါ်ရှိ အမှတ်သင်္ကေတများမှ ရရှိသော အချက်အလက် တို့သည် အံ့သြဖွယ်ရာကောင်းလောက်အောင်ပင် ကမောက်ကမဖြစ်မည့် အိမ်ထောင်ရေးတို့ကို ကာကွယ်နိုင်စွမ်းရှိသည်မှာ လက္ခဏာပညာ၏ စွမ်းပကားသတ္တိထူးပင် ဖြစ်ပေတော့၏။

ထူးထူးခြားခြား ယုံကြည်ချက်ဖြင့် ချစ်တတ်သော အချစ်မျိုးသည်လည်း တစ်ခါတစ်ရံ၌ သူမတူအောင်ပင် အကျိုးပေးတတ်သည့် သာဓကများလည်း ရှိပြန်လေသည်။

ကျွန်ုပ်သည် လက္ခဏာပညာဖြင့် အသက်မွေးဝမ်းကျောင်း စ၍လုပ်ကိုင်ခဲ့စဉ်အခါက မစ္စတာ ဂလိုက်စတုံး၏ လက်ဝါးပြင်အား ကြည့်ရှုစစ်ဆေးခွင့် ရရှိသည်ကို အထက်က ဖော်ပြခဲ့ပြီး ဖြစ် ပေသည်။

ထိုနာမည်ကျော် ပုဂ္ဂိုလ်ကြီး၏ လက်ဝါးပြင်ထက်၌ အစွဲအလမ်းကြီးစွာ ချစ်ခင်တတ်သော စိတ်ထားမျိုးရှိကြောင်း အမှတ်အသားကို တွေ့ရှိရ၏။ မစ္စတာဂလိုက်စတုံး၏ ဇနီးသည် ဘယ် လက်ဝါးပြင်၌လည်း ထိုအမှတ်အသားမျိုးကို တွေ့ရပြန်ပေသည်။

ထို့ကြောင့်လည်း နိုင်ငံကျော် ပုဂ္ဂိုလ်ကြီး၏ အိမ်ထောင်ရေးမှာ စံပြသဖွယ် ဖြစ်နေခြင်း ဖြစ်ပေတော့၏။ ခင်ပွန်းဖြစ်သူက ဇနီးအပေါ်ထားရှိသည့် မေတ္တာမျိုးကို ဇနီးဖြစ်သူမှ ထပ်တူထပ်မျှ ခင်ပွန်းအပေါ် တုံ့ပြန်နိုင်စွမ်း ရှိခြင်းအားဖြင့် ထိုအိမ်ထောင် ရေးမှာ သာယာချမ်းမြေ့ရန်သာ ရှိနေပေတော့၏။

ကျွန်ုပ်နှင့် မစ္စတာဂလိုက်စတုံး ဆုံစည်းရပုံကို တင်ပြ ပေဦးအံ့။


ထိုအချိန်၌ မစ္စတာဂလိုက်စတုံးမှာ အသက်အတော်ကြီး နေပြီ ဖြစ်၏။

တစ်နေ့သ၌ ကျွန်ုပ်သည် ရစ်ချစ်မွန်းကမ်းခြေရိပ်သာတွင် နေထိုင်သော ကမ္ဘာလှည့် ပုဂ္ဂိုလ်ကျော် အိတ်(ချ်)အမ် စတင် တလေထံသို့ အလည်အပတ် သွားရောက်ခဲ့ရာ ကျွန်ုပ်အား မစ္စတာဂလိုက်စတုံးနှင့် တွေ့ဆုံထိုက်သည်ဟု အကြံဉာဏ် ပေးလာတော့၏။

'ဆရာ တွေ့ချင်တယ်ဆိုရင် ကျွန်တော့်ဇနီးသည်က စီစဉ် ပေးပါလိမ့်မယ်' ဟု စတင်အဆိုပြုလာ၏။

သူ၏ အမျိုးသမီးကလည်း ဆောင်ရွက်ပေးပါမည်ဟု ဆိုကာ ချက်ချင်းတစ်ထိုင်တည်း စာကောက်ရေးပေးရှာလေ သည်။

ရက်အနည်းငယ်အတွင်း ကျွန်ုပ်ထံသို့ ဂလိုက်စတုံး၏ သုံးစွဲနေကျ ပို့စကတ် ရောက်လာတော့၏။ ကျွန်ုပ်အား ဟာဝါဒမ်ရဲတိုက်သို့ နောက်တစ်နေ့တွင် လာရောက်ရန် ချိန်း ပေးထားလေသည်။




လက်ညှိုး၏ အောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံ၏ အထက်မှ အစပြုသော နှလုံးလမ်းကြောင်းသည် သံယောဇဉ်နှင့် ပတ်သက်လာသည့် ကိစ္စရပ်တို့တွင် ကိုယ့်ခြေ ကိုယ့်လက် စိတ်သဘောကျ ပြုမူတတ်၏။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ကျွန်ုပ်သည် ထိုနေ့ မွန်းလွဲ(၁)နာရီ မီးရထားဖြင့် ချက်စတာမြို့သို့ လိုက်လာခဲ့ပြီး နောက်တစ်နေ့ ညနေ(၃)နာရီတွင် ချိန်းဆိုထားသည့်အတိုင်း အရောက်သွားခဲ့၏။

ထိုနေ့သည် ဩဂုတ်လ၏ ပူအိုက်လှသော ရက်တစ်ရက် ဖြစ်ပေသည်။ မစ္စတာဂလိုက်စတုံးသည် လွှန်ခဲ့သောနေ့က ချက်စတာမြို့ရှိ ပန်းဥယျာဉ်စိုက်ပျိုးသူများ အဖွဲ့အစည်းသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သေး၏။

ကျွန်ုပ်အနေဖြင့် ထိုမိန့်ခွန်းမှာ သူ၏ဘဝတွင် နောက်ဆုံးအကြိမ် ပြောကြားခဲ့သော မိန့်ခွန်းဟု ယုံကြည်နေမိ၏။

ဧည့်ခန်းမကြီးတွင် မစ္စစ်ဂလိုက်စတုံးက ကျွန်ုပ်အား လက်ခံတွေ့ဆုံပြီး မစ္စတာဂလိုက်စတုံးသည် အမောဖောက်နေ၍ စိတ်ဓာတ်အတော်ပင်ကျနေကြောင်းကို ပြောပြလေသည်။

သို့နှင့် ကျွန်ုပ်သည် မစ္စတာဂလိုက်စတုံး၏ ကျန်းမာရေးအခြေအနေကို ကြားရသည့်အတွက် ဝမ်းနည်းကြောင်း ပြောပြပြီး နောင်တစ်ချိန်တွင် ကျွန်ုပ်အား ချိန်းဆိုသည့်ရက်တွင် လန်ဒန်မြို့တော်မှ လာရောက်ရန် အသင့်ရှိကြောင်း တစ်ဆင့်ပြောပေးပါရန် မေတ္တာရပ်ခံ၍ ပြန်ရန် နောက်သို့ လှည့်လိုက်သည်။

ထိုတဒင်္ဂတွင် အဘိုးကြီးသည် သူ၏ စာဖတ်ခန်းတံခါးကိုဖွင့်၍ ထွက်လာကာ-

'မရေ၊ သူက ဒီနေ့ ညနေ(၃)နာရီမှာ ချိန်းထားတဲ့ ဧည့်သည်လားဟင်'

'ဟုတ်ပါတယ် ဒါလင်၊ ဒါပေမဲ့ ဒီနေ့ ဘယ်သူ့ကိုမှ လက်ခံစကားမပြောပါနဲ့'ဟု အမျိုးသမီးကြီးက ပြောဆို ကန့်ကွက်လိုက်သည်။

'မကလည်းကွာ၊ ဒီသူငယ်က အစ်ကိုကြီး တမင်ဖိတ်ထားလို့ လန်ဒန်မြို့တော်ကတောင် လာရရှာတာပါ။ သူက စောင်ကလေရဲ့ မိတ်ဆွေတစ်ယောက်ပါ။ နောက်ပြီး သူ့ကို လက်ခံတွေ့ဆုံလို့ အစ်ကိုကြီးအဖို့ အရှုံးမရှိပါဘူး။ စိတ်ဝင်စားဖို့တောင် ကောင်းပါသေးတယ်'


'ဦးမင်းခင်ဗျာ·· ကျွန်တော့်ကို ထည့်မစဉ်းစားပါနဲ့။ ဦးမင်း နေကောင်းတဲ့နေ့ ကျွန်တော် ပြန်လာနိုင်ပါတယ်'

'အို··ဘယ်ဟုတ်မလဲ။ အခုပဲ မောင်ရင်နဲ့ တွေ့မယ်' ဟုပြောပြီး အားလျော့သည့် လေသံကလေးဖြင့်-

'ကျုပ်တော့ ကနေ့လောက် နေရထိုင်ရကောင်းတဲ့နေ့ ရှိလိမ့်မယ်လို့ မထင်တော့ပါဘူး'

ထို့နောက် ကျွန်ုပ်တို့သည် စာဖတ်ခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။ အဘိုးကြီးက ကျွန်ုပ်အား ထိုင်ရန် ညွှန်ပြပေး၏။ သို့နှင့် ပြတင်းပေါက်အနားမှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး အဘိုးကြီး၏ဘေးရှိ စားပွဲခုံပေါ်ကို ကြည့်လိုက်ရာ ကျွန်ုပ်ရေးသားပြုစုထားသည့် လက္ခဏာကျမ်း စာအုပ်တစ်အုပ်ကို တွေ့လိုက်ရ၏။

ဤသည်ကို ကြည့်၍ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်နှင့် မတွေ့ဆုံမီ ကျွန်ုပ်၏ လုပ်ငန်းစဉ်ကို သိနှင့်ထားလိုသည့်




ဤနှလုံးလမ်းကြောင်းမျိုးသည် တည်ငြိမ်မှုကို ပြသနေ၏။ ဖွဲ့နှဲကြီးစွာ ကံကြမ္မာကို ယုံကြည်ကိုးစားပြီး သံယောဇဉ်တွယ်တာတတ်သည်။ မြတ်နိုးသူ (သို့မဟုတ်) ချစ်မိသူအတွက် အသက်ကိုပင် စတေးရမှ ကျေနပ်နှစ်သိမ့်တတ်သည်။

www.burmeseclassic.com

ဆန္ဒရှိကြောင်းမှာ ထင်ရှားလှတော့၏။ နောင်တစ်ချိန်၌ ကျွန်ုပ်ကြားသိရသည်မှာ မစ္စတာဂလိုက် စတုံးသည် သူနှင့် တွေ့ဆုံရန် ခွင့်ပြုလိုက်သည့် ကိစ္စရပ်များနှင့် ပတ်သက်သော အကြောင်းအရာ တို့ကို မတွေ့ဆုံမီ ကြိုတင်လေ့လာတတ်သည့်ဉာဏ်ရှိကြောင်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ အချက်များထက် ထိုပုဂ္ဂိုလ်ကြီးသည် မှတ်ဉာဏ်အလွန်ကောင်းသည်ကိုလည်း လက်တွေ့ သိရှိရပြန်၏။

'ဒီမယ် ဆရာလေး၊ မင်းဟာ (မစ္စတာ)ရဲ့သား မဟုတ်လား။ မင်းအဖေဟာ ငါလိုပဲ ဂဏန်း သင်္ချာကို သိပ်မြတ်နိုးတာပဲ။ ငါနဲ့လည်း မကြာခဏ ဂဏန်းသင်္ချာနဲ့ပတ်သက်တဲ့ ပြဿနာတွေကို ဆွေးနွေးဖို့ အဆက်အသွယ် လုပ်ဖူးတယ်ကွယ့်။ အဲဒီမှာ ကြည့်ပါဦး။ ဒါက မင်းအဖေရဲ့လက်ရေး မဟုတ်လား။ လွန်ခဲ့တဲ့(၁၂)နှစ်လောက်တုန်းက ငါ မသိတဲ့ ပုစ္ဆာကို သူတွက်ပေးခဲ့တာ'

အဘိုးကြီးသည် စာရွက်လိပ်တစ်လိပ်ကို ကျွန်ုပ်ထံသို့ လက်ကမ်းပေးလိုက်သည်။

ကျွန်ုပ်လည်း လှမ်းလျက်ယူပြီး ဖြန့်ကြည့်ရာ ကျွန်ုပ်၏ ဖခင်လက်ရေးဖြင့် တွက်ချက်ထားသော အက္ခရာသင်္ချာ ပုစ္ဆာများကို တွေ့လိုက်ရတော့၏။

'မင်းအဖေ အခုရှိသေးသလား'

'မရှိတော့ပါဘူး။ မကြာသေးခင်ကပဲ ဆုံးသွားပါတယ်'

ဤကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးသည် လူမျိုးပေါင်းစုံ၏ လားရာဘဝနှင့် ကံကြမ္မာကို မကြာခဏ တိုးတက်ရာ တိုးတက်ကြောင်းသို့ ပြုပြင်ပြောင်းလဲပေးခဲ့ဖူးလေသည်။

သူ၏ သနားကြင်နာတတ်သော စိတ်ထားနှင့် အသိဉာဏ်ပညာ ထက်မြက်မှုတို့ကို ရန်သူများ ကပင် လေးလေးစားစား လက်ခံခဲ့ကြရ၏။ ထို့ကြောင့်လည်း စာဖတ်သူတို့ စိတ်ဝင်စားလိမ့်မည်ဟု ယုံကြည်ပြီး ကျွန်ုပ် အနည်းငယ်မျှ ဖော်ပြရခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် ပထမ၌ အနည်းငယ်မျှ တုန်လှုပ်သွားပြီးနောက် မိမိ၏ ယုံကြည်ချက်ကို ပြန် လည်အာရုံပြုကာ ထိုပုဂ္ဂိုလ်ကြီး၏ လက္ခဏာကို စစ်ဆေးကြည့်ပြီးနောက် ကျွန်ုပ်ဟောပြောသမျှ အား ပြန်လည်၍ မေးခွန်းမထုတ်နိုင်အောင် အခြေခံမှ အစပြုကာ ရှင်းလင်းလိုက်သည့်အပြင် လက္ခဏာပညာနှင့် ဆက်စပ်နေသော အချက်အလက်များကိုလည်း မူရင်းလက်ပုံစံများနှင့် အထောက် အထားပြုကာ ဆွေးနွေးတင်ပြခဲ့၏။

ကျွန်ုပ်သည် လက်ဝါးပြင်ပေါ်ရှိ လမ်းကြောင်းများကို အသေးစိတ် ရှင်းလင်းမပြတော့ပေ။

သို့သော် နှလုံးလမ်းကြောင်းမှာ လက်ညှိုး၏အောက်ခြေ ကြာသပတေးဂြိုဟ်ခုံ၏အထက်မှ အစပျိုးနေသဖြင့် အင်အားတောင့်တင်း၍ ကောင်းမွန်သောလမ်းကြောင်းတစ်ကြောင်း ဖြစ်သည်ကိုမူ ကျွန်ုပ် သိနှင့်နေ၏။ ထို့ကြောင့် မစ္စတာဂလိုက်စတုံးတို့ ဇနီးမောင်နှံမှာ အသက်ရှင်နေစဉ်အတွင်း နမူနာယူလောက်သည့် စံပြအိမ်ထောင်ရှင်များ ဖြစ်ခဲ့ကြခြင်းလည်း ဖြစ်ပေသည်။

ကြာသပတေးဂြိုဟ်ခုံ၏အလယ်မှ အစပျိုးသည့် လမ်းကြောင်းများသည် အထက်ဖော်ပြပါ လမ်းကြောင်းများကဲ့သို့ စွမ်းပကားရှိ၏။ သို့သော် ကာမဂုဏ်စိတ် အနည်းငယ် လျော့နည်းသည် ကိုလည်း မှတ်သားထားရမည် ဖြစ်ပေမည်။

**ကြည်ဝင်း(ဟသာတ)**


**ကျမ်းကိုး**

(၁) Cheiro's Life, Love and Marriage

(၂) ဗိုလ်ညွှန့်မောင် သိမ္မလက္ခဏာစွယ်စုံကျမ်း။


www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၆)ခုနှစ်၊ ဩဂုတ်လထုတ် ဂမ္ဘီရမဂ္ဂဇင်းမှာ ဖော်ပြခြင်းခံခဲ့ရတဲ့ ကျွန်တော့်ရဲ့ ငါးဖားလောင်းဗေဒင် ရှောင်ကြဉ်နိုင်ရေး ဆောင်းပါးကို တခုတ်တရဖတ်မိတဲ့ ဗေဒင်ဝါသနာရှင် တစ်ဦးက-

"နာမည်ရွေးနည်း၊ နာမည်ပေးနည်းပညာကို သုံး‚ လေးလ ကြာအောင်ထိ ဆရာ သင်ခဲ့ရတာပေါ့နော်။ အဲသလောက် ခက်သလား ဆရာ"တဲ့။

မေးလည်း မေးစရာပါပဲ။ ကျွန်တော့်ဆောင်းပါးထဲမှာ ကျွန်တော့်နာမည်ပေးနည်း၊ နာမည်ရွေးနည်းကို အဲဒီဆရာကြီးထံမှာ (၃၊ ၄)လလောက် ထုံ့ပိုင်း‚ထုံ့ပိုင်း သင်[...] ပါတယ်လို့ ရေးခဲ့မိသကိုး။ မေးပေတော့မပေါ့။

တစ်ခုပြောစရာရှိတာက အဲဒီဆရာကြီးထံမှာ [...] ရက်ဆက် သင်ယူခဲ့ရတာမျိုးမဟုတ်ဘဲ ညနေ [...] ဆင်းချိန်မှ ဆရာကြီးထံ သွားရ၊ သွားရတော့လည်း ဆ[...] ကြီး မအားမလပ်ဖြစ်နေရင်၊ ဒါမှမဟုတ် အခြားရပ်[...] ဒေသသို့ ဆရာကြီး ခရီးသွားနေရင် ပညာရပ်သင်ယူ[...] မရတာမျိုးတွေရှိသလို ကျွန်တော်ကလည်း နေ့တိုင်း ည[...] ကျောင်းဆင်းတိုင်း ဆရာကြီးထံ သွားနိုင်ခဲ့တာမှ မဟုတ်[...] ဘဲ။ အဲဒါကြောင့်ပဲ ထုံ့ပိုင်း‚ထုံ့ပိုင်း သင်ခဲ့ရတယ်[...] ဖော်ပြခဲ့ပါတယ်။

ပြောရရင် နာမည်ရွေးနည်း၊ နာမည်ပေးနည်း[...] ဆိုတဲ့ အတတ်ပညာရပ်ကလည်း ထမင်း[...] သလို၊ ရေသောက်သလို လွယ်ကူတဲ့ [...] မျိုးတော့ မဟုတ်ပါဘူး။ ပညာရ[...] မှာ သတ်မှတ်ချက် စည်းကမ်းတွေ[...] က (၁၀)ချက်တောင်မှ ရှိတာ[...] ဒါတောင်မှ ဂိုဏ်းရွေးတာတွေ[...] နက္ခတ် ရွေးတာတွေ၊ အနောက်[...] တိုင်းဂဏန်းဗေဒင်စနစ်တွေ ဘာ[...] ညာကွိုကွ ဆိုတာတွေ မပါသေး[...] ဘူး။



# နာမည်ရွေးအတတ် လွယ်မှတ်လို့

**မင်းနေထွန်း** (ကန့်ဘလူ)

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ထားတဲ့ စည်းကမ်းချက် (၁၀)ချက်က တည်း ဟာဟယ့်ဟဲဗီးတွေ။ (၁၀)ချက်လုံး ကိုက်ညီအောင် နာမည်ရွေးပေးဖို့ လွယ်မှတ်လို့။ ကျွန်တော် လက်လှမ်း မီသလောက်ပြောရရင် အဲဒီအချက်(၁၀)ချက်လုံး ကိုက်ညီ အောင် နာမည်ရွေးပေးထားသူရယ်လို့ တစ်ဦးတစ်ယောက် မှ မတွေ့ဖူးသေးဘူး။

ကိုင်း··အဲဒီ(၁၀)ချက်ကို ဖော်ပြလိုက်ပါ့မယ်။

(၁) ဝုဋ္ဌိတဲ့။
(၂) ဒီဃ၊ ရဿတဲ့။
(၃) ဝဏ္ဏတဲ့။
(၄) ဒြဗ်တဲ့။
(၅) သက္ကတ်တဲ့။
(၆) ဗျူဟ်ပွတ်တဲ့။
(၇) ဓာတ်တဲ့။
(၈) တိုင်စဉ်တဲ့။
(၉) ဖိုအက္ခရာ + မ,အက္ခရာတဲ့။
(၁၀)ဋ္ဌာန်တဲ့။

(၁) ဝုဋ္ဌိဆိုတာက နာမည်အရင်းလုံး အစလုံးကို အလယ် မှာထားပြီး ဂြိုဟ်စဉ်၊ ဂဏန်းစဉ်အရ ရှေ့ကို ဂဏန်း(၃) လုံး၊ နောက်ကိုဂဏန်း(၃)လုံးထားပြီး နာမည်အဖျားလုံး (အဆုံးလုံး) ရှေ့မှာတွေ့ရင် ဝုဋ္ဌိဆန်တယ်လို့ သတ်မှတ် တယ်။ ကောင်းတယ်။ မှန်တယ်ပေါ့။ အဲဒီလိုမှ မဟုတ်ဘဲ နာမည်အဖျားလုံးက နောက်မှာတွေ့တယ်ဆိုရင် အဲဒါကို ဝုဋ္ဌိပြန်တယ်။ မကောင်းဘူး၊ မမှန်ဘူးလို့ သတ်မှတ်ထား တယ်။

ဥပမာနဲ့မြှုလိုက်ပါ့မယ်။

၅ ၆ ၇ ⓵ ၂ ၃ ၄ (အောင်လွင်) ဆိုရင် ဝုဋ္ဌိဆန် တယ်။ ကောင်းတယ်၊ မှန်တယ်ပေါ့။

၅ ၆ ၇ ⓵ ၂ ၃ ၄ (အောင်သောင်း)ဆိုရင် ဝုဋ္ဌိပြန် တယ်။ မကောင်းဘူး၊ မမှန်ဘူးပေါ့။ ရှင်းမယ် ထင်ပါ တယ်။

(၂) ဒီဃရဿဆိုတာကတော့ အသံအတို၊ အသံရှည်ကို ပြောတာပါ။ အသံတိုဆိုတာက အောက်မြစ်သံ၊ ဟတိုး သံပါတဲ့ မောင်မြ၊ မောင်လှ၊ မယ်ခ၊ မောင်ဘ ဆိုတာမျိုး တွေ။ အသံရှည်ဆိုတာကတော့ အသံရှည်ရှည်ဆွဲရတဲ့ နာမည်မျိုး။ အက္ခရာဝလိမျိုးပေါ့။ ဥပမာ–မောင်ကျော်၊ မကြည်၊ မောင်အုန်း၊ မအေး ဆိုတာမျိုးတွေပေါ့။

အသံတိုတိုရွတ်ဆိုရတဲ့ အက္ခရာဝလိတွေကို (၁) မတြာကြာချိန်လို့ သတ်မှတ်ပြီး အသံရှည်ရှည်ရွတ်ဆိုရတဲ့ အက္ခဝလိတွေကိုတော့ (၂)မတြာကြာချိန်လို့ သတ်မှတ် ပေးထားပါတယ်။

ပညာရှင်ကြီးတွေရဲ့ သတ်မှတ်ချက်အရ ဖော်ပြရရင် တော့ သရ(၁၁)လုံး (အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ အဲ၊ အို၊ ဪ)ရှိတာအနက်မှာ (အ၊ ဣ၊ ဥ)သုံးလုံး က သံတိုရဿ၊ ကျန်ရှစ်လုံးက သံရှည်ဒီဃလို့ ဗိဂြိုဟ်မြ သတ်မှတ်ပေးထားကြတယ်ပေါ့။

ဒီတော့ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုလို့ခေါ်တဲ့ ပါပဂြိုဟ်တွေနဲ့ပတ်သက်ရင် အသံတိုတိုနဲ့ နာမည်ရွေးပေး၊ မှည့်ပေးမှ မှန်မယ်။ ကျန်တဲ့ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသ ပတေးနဲ့ သောကြာလို့ခေါ်တဲ့ သောမဂြိုဟ်တွေနဲ့ပတ်သက် ရင် အသံရှည်ရှည်နဲ့ နာမည်ရွေးပေး၊ မှည့်ပေးမှ မှန်မယ် လို့ စည်းကမ်းဘောင် သတ်မှတ်ပေးထားပါတယ်။

(၃) ဝဏ္ဏဆိုတာကတော့ အသားအရောင်ကို ဆိုလိုတာ ပါ။ လူရဲ့ အသားအရောင်နဲ့ အက္ခရာရဲ့ အသားအရောင် ဟာ ကိုက်ညီရမယ်ပေါ့။ လူရဲ့ အသားအရောင်ကတော့ မြင်ရုံနဲ့သိနိုင်ပါတယ်။ အသားဖြူတယ်၊ အသားဝါတယ်၊ အသားလတ်တယ်၊ အသားညိုတယ်၊ အသားမည်းတယ် ပေါ့။ အဲ··အက္ခရာရဲ့ အရောင်ကိုတော့ ဒီလိုသတ်မှတ် ပေးထားပါတယ်။

၁။ (က၊ စ၊ ဋ၊ တ၊ ပ၊ ယ) အစရှိတဲ့ ဒီအက္ခရာ(၆) လုံးဟာ အဖြူရောင်နဲ့ ကိုက်ညီတယ်။

၂။ (ခ၊ ဆ၊ ဌ၊ ထ၊ ဖ၊ ရ၊ သ) အစရှိတဲ့ အက္ခရာ(၇) လုံးကတော့ အသားအဝါရောင်နဲ့ ကိုက်ညီတယ်။

၃။ (ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ၊ ဠ၊ အ) အစရှိတဲ့ အက္ခရာ(၇) လုံးကျပြန်တော့ အသားလတ်နဲ့ ကိုက်ညီပြန်ပါတယ်။

၄။ (ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ၊ လ၊ ဟ) အစရှိတဲ့ အက္ခရာ (၇)လုံးက အသားအညိုရောင်နဲ့ ကိုက်ညီတယ်။

၅။ နောက်ဆုံးဖြစ်တဲ့ (င၊ ည၊ ဏ၊ န၊ မ၊ ဝ) အက္ခ ရာ(၆)လုံးကတော့ အသားအမည်းရောင်နဲ့ ကိုက်ညီပါ တယ်။

လူရဲ့ အသားအရောင်နဲ့ နာမည်အရင်းလုံး အက္ခရာ

www.burmeseclassic.com

www.burmeseclassic.com

ဟာ သဟာဇာတဖြစ်ဖို့ ကိုက်ညီဖို့ လိုအပ်သလို နာမည်ရဲ့ အရင်းလုံး အစလုံးနဲ့ နာမည်အဖျားလုံး အဆုံးလုံးအက္ခရာတွေဟာလည်း လိုက်လျောညီထွေ ရှိရပါမယ်။ ဆန့်ကျင်ဘက် မဖြစ်စေရပါဘူး။ ဥပမာ-ရုပ်ရှင်သရုပ်ဆောင်ကျော်သူဟာ အသားဖြူသူဆိုရင် နာမည်နဲ့ ရုပ်ရည်ဝဏ္ဏကိုက်ညီမှာဖြစ်ပေမယ့် အသားမည်းသူဆိုရင်တော့ ဝဏ္ဏမှားတယ်လို့ သတ်မှတ်ရမှာပါ။ ဒါက ဥပမာပြောတာပါ။

(၄) ဒြပ်ဆိုတာကတော့ အရပ်အတို၊အရှည်၊ ကိုယ်ခန္ဓာအဝ၊အပိန်ကို ပြောတာပါ။ ယေဘုယျသတ်မှတ်ချက်အရတော့ နာမည်အသံ (၁)မတြာကြာရင် ယောကျ်ားဆိုရင် အရပ်(၄)ပေ (၄)ပေခွဲ၊ (၂)မတြာကြာရင် အရပ် (၄)ပေခွဲမှ (၅)ပေအတွင်း၊ (၃)မတြာကြာရင် အရပ်(၅)ပေမှ (၅)ပေခွဲအတွင်း၊ (၄)မတြာကြာရင် အရပ်(၅)ပေခွဲမှ (၆)ပေအတွင်း၊ (၅)မတြာကြာရင် အရပ်(၆)ပေမှ (၆)ပေခွဲအတွင်း ရှိရမယ်လို့ သတ်မှတ်ပေးထားပါတယ်။

အမျိုးသမီးများဆိုရင် (၁)မတြာ (၃)ပေခွဲမှ (၄)ပေ၊ (၂)မတြာ (၄)ပေမှ (၄)ပေခွဲ၊ (၃)မတြာ (၄)ပေခွဲမှ (၅)ပေ၊ (၄)မတြာ (၅)ပေမှ (၅)ပေခွဲ၊ (၅)မတြာ (၅)ပေခွဲမှ (၆)ပေ စသည်ဖြင့် သတ်မှတ်ထားပါတယ်။

မွေးခါစ ကလေးတစ်ယောက်ကို နာမည်ပေးကြမယ်ဆိုပါတော့။ ဒီကလေးအရပ် ဘယ်လောက်ရှည်မယ်၊ ရှိမယ်ဆိုတာ ကြိုတင်ခန့်မှန်းရတဲ့ကိစ္စဟာ ထင်သလောက်မလွယ်ပေဘူးဆိုတာ စာရှုသူ အကဲခတ်လို့ရမှာပါ။

ကဲ၊-ခေတ္တခဏလောက် အချိန်ယူ တွေးကြည့်စမ်းပါ။ ယောကျ်ားလေး ရက်(၁၀၀)မပြည့်မီ နာမည်ရွေးပေးဖို့ သူ့အရပ် ဘယ်အထိရှည်နိုင်သလဲ တွေးကြည့်ပြီး မတြာသတ်မှတ်ပေးကြည့်စမ်းပါ။ပြီးတော့မှ ဒီဆောင်းပါး ဆက်ဖတ်ပေါ့။ နာမည်ပေးအတတ် လွယ်မှတ်လို့ဆိုတာ လက်တွေ့သိစေချင်လို့ပါ။

ကဲ..စဉ်းစားလို့ ရကြပြီဆိုရင် ရှေ့ကို ဆက်ပါ့မယ်။ စဉ်းစားလို့ မရဘူးဆိုရင်တော့ ဖုန်း-၀၉ ၄၀၀ ၄၉၂ ၉၉၅ ကိုသာ ဖုန်းဆက်လိုက်ပေတော့။ တင်ပြစရာတွေက များနေလို့။

(၅)နံပါတ် သကာတ်ဆိုတာ ဆက်ရှင်းပါရစေ။

သကာတ်ဆိုတာကတော့ ဘဝရှင်သန်ရေးအတွက် တည်ငြိမ်တဲ့အလုပ်နဲ့ သင့်လျော်မလား။ လှုပ်ရှားရတဲ့အလုပ်နဲ့ သင့်လျော်ပါ့မလား အကျိုးပေးလုပ်ငန်းအတွ... ရွေးရတဲ့ အပိုင်းပါ။

နာမည်အရင်းလုံးနဲ့ နာမည်အဖျားလုံးဟာ တနင်္... အင်္ဂါ၊ စနေ၊ ရာဟု အက္ခရာတွေချည်း ဖြစ်မယ်ဆို... လှုပ်ရှားရတဲ့အလုပ်၊ စက်မှုလက်မှုအလုပ်၊ စစ်ဘ... အလုပ်၊ ဈေးသည်အလုပ်အကိုင်မျိုးတွေနဲ့ အကျိုးပေး... နာမည်အရင်းလုံးနဲ့ အဖျားလုံးဟာ တနင်္လာ၊ ဗုဒ္ဓဟူ... ကြာသပတေးနဲ့ သောကြာအက္ခရာတွေချည်း ဖြစ်မယ်... ရင် တည်ငြိမ်တဲ့အလုပ်၊ ပွဲရုံအလုပ်၊ ရုံးဌာနအလုပ်၊ ... အလုပ်၊ ဆေးတိုက်အလုပ် စတဲ့ အလုပ်အကိုင်မျိုးတွေ... အကျိုးပေးမယ်လို့ တွက်ချက်စစ်ဆေးပေးရတာမျိုးပါ...

အကယ်လို့ နာမည်အရင်းလုံးဟာ တနင်္လာ၊ ဗုဒ္ဓဟူ... ကြာသပတေးနဲ့ သောကြာ အက္ခရာဖြစ်ပြီး နာမည်အဖျား... လုံးက တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု အက္ခရာဖြစ်မယ်... ဆိုရင် တည်ငြိမ်တဲ့ အလုပ်အကိုင်တွေမှာ အကြီးအကဲ... အုပ်ချုပ်စီမံရသူ ဖြစ်တတ်မယ်။ အကယ်လို့ နာမည်အရင်း... လုံးဟာ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု အက္ခရာတွေဖြစ်ပြီး... နာမည်အဖျားလုံးက တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး... သောကြာ အက္ခရာတွေ ဖြစ်မယ်ဆိုရင် လှုပ်ရှားရတဲ့ အလုပ်အကိုင်တွေမှာ အကြီးအမှူး၊ အုပ်ချုပ်စီမံရသူ ဖြစ်... တတ်မယ်ပေါ့။ အဲဒီလိုတွက်ချက်စစ်ဆေး နာမည်ပေးရတဲ့... အလုပ်ဟာ သကာတ်ပဲပေါ့။

(၆) ဇုပ္ပတ်တဲ့၊ လာပြီ။ ဇုပ္ပတ်ဆိုတာကတော့ နာမည်ရဲ့... အဓိပ္ပာယ်ကိုပြောတာ ဖြစ်ပါတယ်။ နာမည်ပေးရာ၊ နာ... မည်မှည့်ရာမှာ သိပ်အရေးကြီးတဲ့ ကဏ္ဍပေါ့။ ဗမ္မာဒီပ... လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုသလို ဇုပ္ပတ်... အဓိပ္ပာယ်က အရေးကြီးတာပေါ့။ ဇုပ္ပတ်ကို ရွေးရာမှာ... မှန်တဲ့ဇုပ္ပတ်၊ လွန်တဲ့ဇုပ္ပတ်နဲ့ ညံ့တဲ့ဇုပ္ပတ်ရယ်လို့ သုံး... မျိုးရှိပါတယ်။

ဥပမာ-အသားဖြူတဲ့၊ အသားဝါတဲ့ ကလေးတစ်... ယောက် မျက်နှာလေးကလည်း ကြည်လင်နေတယ်ဆိုရင်... မောင်ထိန်လင်းလို့ နာမည်ပေးလိုက်ရင် မှန်တဲ့ဇုပ္ပတ်... ဖြစ်သွားမယ်။ မောင်သန်းဝေလို့ အမည်ပေးလိုက်ရင် မှန်... တဲ့ဇုပ္ပတ် ဖြစ်သွားမယ်။ အသားညိုသူ၊ အသားမည်း... မျက်နှာကလည်း မှုန်တေတေနဲ့ ကလေးကို အဲဒီအမည်... တွေ သွားပေးလိုက်လို့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com

လွန်တဲ့ဗျူပွတ် ဆိုတာကတော့ မောင်မိုးမြင့်အာကာ ဘက်တို့၊ မမြင့်မြင့်မိုးအောင်တို့ဆိုတဲ့ နာမည်ကို အသား ညည်းမည်း အရှပ်ပုပု ကလေးမျိုး သွားပေးလိုက်ရင်လွန် ချပြီပေါ့။ ညံ့တဲ့ဗျူပွတ် ဆိုတာမျိုးကတော့ မပုတို၊ ဘောက်တေး၊ မခွေးမ၊ မဝက်မ၊ မောင်နီပု၊ မောင်ပုတို၊ မောင်မွေး၊ မောင်ပျော့ စတဲ့ အနိဋ္ဌနာမည်မျိုးတွေပေါ့။ သူ့ရဲ့ အရုပ်အမောင်း၊ အသားအရေ စတဲ့အချက်အလက် တွေကြည့်ပြီး သင့်တင့်တဲ့ နာမည်အဓိပ္ပာယ် ပေးတတ်ဖို့ ဆိုတာပေါ့။ ချစ်စနိုးနဲ့ အဖေ့ထက် သာလွန်ထက်မြက်စေ ချင်ယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မောင်ဖေထက်သာလို့ အမည် ပေးလိုက်လို့ကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရင်သေ၊ မသေရင် တစ်ဘဝလုံး ဆင်းရဲမွဲတေ တော်ပြတ်ပြီသာ မှတ်ပေတော့။ နားလည်ပါတယ်နော်။

(၇) ဓာတ်..ဓာတ်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါ ယော စတဲ့ ဓာတ်ကြီး(၄)ပါးပေါ့။ မြေဓာတ်၊ မီးဓာတ်၊ ရေဓာတ်နဲ့ လေဓာတ်တွေပေါ့။ ပညာရှင်ကြီးတွေ ပြော ပြောနေကြတဲ့ အဋ္ဌော၊ ဂဇ္ဇေ၊ ဝံသော၊ စရေ ဆိုတာတွေ ပေါ့။ မိဿက ဓာတ်ဖြစ်တယ်။ ပဋိယတ်ဓာတ် ဖြစ် တယ်ဆိုတာတွေပေါ့။ ဖိုဓာတ်ဖြစ်တယ်၊ မ,ဓာတ်ဖြစ် တယ် ဆိုတာတွေပေါ့။ ရှုပ်သွားပြီလား။

မီးဓာတ်နဲ့ လေဓာတ်ရယ်၊ မြေဓာတ်နဲ့ လေဓာတ် ရယ်တွေက သဟာယဖြစ်တဲ့ မိဿက ဓာတ်တွေပေါ့။ အဲ..မီးဓာတ်နဲ့ ရေဓာတ်၊ မြေဓာတ်နဲ့ လေဓာတ်တွေကျ တော့ သဟာယမဖြစ်တော့ဘူး၊ ပဋိယတ်ဖြစ်သွားပြီ။ ဒီတော့ နာမည်ပေး၊ နာမည်မှည့်ရင် သဟာယဖြစ်တဲ့ မိဿကဓာတ်မိအောင် ပေးရတယ်။

တနင်္ဂနွေနဲ့ စနေဆိုရင် အဋ္ဌော မီးဓာတ်၊ တနင်္ဂနွေ က မီးခဲ၊ စနေက မီးတောက်၊ တနင်္လာနဲ့ ကြာသပတေး ဆိုရင် ဂဇ္ဇေ မြေဓာတ်၊ တနင်္လာက ကျောက်မြေ၊ ကြာသ ပတေးက မြေပျော့၊ ဗုဒ္ဓဟူးနဲ့ သောကြာဆိုရင် ဝံသေ ရေဓာတ်၊ ဗုဒ္ဓဟူးက ရေကြည်၊ သောကြာက ရေနောက်၊ နောက်ဆုံးတစ်ခုဖြစ်တဲ့ အင်္ဂါနဲ့ ရာဟုဆိုရင် စရေ လေ ဓာတ်၊ အင်္ဂါက လေပြည်လေညင်း၊ ရာဟုက မုန်တိုင်း ဒီလို့ခွဲထားတယ်။ စောစောက ပြောခဲ့တဲ့အတိုင်း သဟာယ ဖြစ်တဲ့ မိဿက ဓာတ်ဖြစ်အောင်၊ မိအောင် နာမည်ပေး တတ်ရတယ်။

(၈) တိုင်စဉ်..သူကလည်း ဘဝအတွက် အရေးကြီးတဲ့ ကဏ္ဍပဲ။ တိုင်စဉ်မှန်မှ ဘဝမှာ တိုးတက်မယ်။ သာယာ မယ်။ ကြီးပွားမယ်။ အောင်မြင်မှုရမယ်။ တိုင်စဉ်ဆိုတာ မဟာဘုတ်ကလာတဲ့ အထွန်းတိုင်ပဲပေါ့။ တချို့ပညာရှင် တွေက အဲဒီအထွန်းတိုင်ကို နာမက္ခရ ဝဲယာတိုင်လို့လည်း ခေါ်ဝေါ်ကြတယ်။

ဥပမာ-(၁)ကြွင်းမဟာဘုတ်ရဲ့ အထွန်းတိုင် ဆိုပါ တော့။

| | | |
|---|---|---|
| | ၅ | |
| ⊙ | ၃ | ၆ |
| ၄ | ၁ | ၂ |

မဟာဘုတ်

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

အိမ်

၀

| | |
|---|---|
| ၆ | ၅ |
| ၄ | ၃ |
| ၂ | ၁ |

အထွန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com

အောက်ခြေ တနင်္ဂနွေ၊ တနင်္လာတွေက အထက်အဂီ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေတွေဆီ တက်သွားတာမျိုး။ အထက်ဆန်တက်သွားတဲ့ နာမည်မျိုးဆိုရင် တိုင်စဉ်မှန်တယ်။ မောင်အောင်ထွန်း၊ မခင်နု စတဲ့ နာမည်မျိုး၊ မောင်ကျော်ထွန်း၊ မဝင်းနွယ် စတဲ့ နာမည်မျိုး၊ မောင်မြင့်နွယ်၊ မသောင်းတင် စတဲ့နာမည်မျိုး တိုင်စဉ်မှန်တယ်။

မောင်ထွန်းဟန်၊ မတင်မြင့် နာမည်မျိုး၊ မောင်မြင့်ကျော်၊ မသောင်းခင်, နာမည်မျိုး၊ မောင်ဆန်းအောင်၊ မဝင်းကြည် နာမည်မျိုးတွေကျတော့ တိုင်ဖောက်ထိုးဖြစ်နေလို့ မမှန်ဘူး။ အဲဒါတွေထဲမှာ ပက္ခဖောက်ထိုးဆိုတာက ရှိသေးတယ်။

(၉) ဖိုအက္ခရာ၊ မ,အက္ခရာဆိုတာကလည်း ကန့်သတ်ချက်တစ်ခုပေါ့။ ယောကျ်ားလေးဆိုရင် ဖိုအက္ခရာနဲ့ နာမည်အရင်းလုံး စရသလို မိန်းကလေးဆိုရင်လည်း မ,အက္ခရာနဲ့ နာမည်အရင်းလုံး စရတယ်။ နာမည်အဖျားလုံး အဆုံးလုံးက နာမည်အရင်းလုံးကို ဆန့်ကျင်တဲ့ အက္ခရာမဖြစ်ရဘူး။ အရောင် ဝဏ္ဏမဖြစ်ရဘူးလေ။ လိုက်လျောညီထွေ ရှိရမယ်။

ဒီတော့ ဘယ်ဟာတွေက ဖိုအက္ခရာ၊ ဘယ်ဟာတွေက မ,အက္ခရာလည်းဆိုတာ သိထားရပြန်ရော။ (က၊ စ၊ ဋ၊ တ၊ ပ၊ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ)တွေက ဖိုအက္ခရာဖြစ်ပြီး (ခ၊ ဆ၊ ဌ၊ ထ၊ ဖ၊ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ)တွေက မ,အက္ခရာပေါ့။ ကျန်တဲ့ (င၊ ည၊ ဏ၊ န၊ မ၊ လ၊ သ) တွေကျတော့ ဒွေဒဟလို့ သတ်မှတ်ထားတယ်။ ဒွေဒဟ ဆိုတော့ ယောကျ်ားလေးရော မိန်းကလေးပါ နာမည်မှည့်လို့ ရတယ်ပေါ့။ ဒါပေမဲ့ ဒွေဒဟနဲ့ နာမည်အရင်းလုံး ယူထား၊ ပေးထား၊ မှည့်ထားရင်တော့ နာမည်အဖျားလုံးက ဖိုအက္ခရာပဲ ဖြစ်သင့်ပါတယ်။ မ,အက္ခရာနဲ့ ဒွိစုံ အက္ခရာ မဖြစ်ရဘူးပေါ့။

တချို့ပညာရှင်ကြီးတွေကတော့ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် နာမည်အရင်းလုံးဟာ ဒွေဒဟဖြစ်နေရင် ဖို+မ မှားတယ်လို့ ယူဆပါတယ်။ ဖျောင်လို့ ကွင်းလို့ မရကြတဲ့အတွက် ရုပ်ရှင်သရုပ်ဆောင် ညွန့်ဝင်း၊ နေတိုး၊ မေသန်းနု၊ မို့မို့မြင့်အောင်၊ သက်မွန်မြင့်၊ ညီညီထွန်းလွင်၊ ငြိမ်းမင်း စသဖြင့် မှည့်ခေါ်ထားကြတာပဲ ဖြစ်ပါတယ်။ ထားလိုက်ပါတော့။ နာမည်ရွေးတဲ့အတ[illegible] လွယ်မှတ်လို့။

(၁၀) နောက်ဆုံး ဌာန်။ ဌာန်ဆိုတာကတော့ လူ[illegible] ယောက်ရဲ့အသံကို လိုက်လျောညီထွေဖြစ်အောင် အက္ခ[illegible] ရွေးတဲ့ စနစ်ပါပဲ။ ဥပမာ-လည်ချောင်းလှသူကို ကဏ္ဌ[illegible] ဌာန်ဖြစ်တဲ့ (က၊ ခ၊ ဂ၊ ဃ၊ င၊ အ၊ အာ၊ ဟ) အက္ခ[illegible] (၈)လုံးထဲကရွေးပြီး နာမည်ပေးရသလို အာဖောက်သံ[illegible] ငိုတဲ့ကလေး၊ စကားပြောသူကိုလည်း တာလုဌာန်ဖြစ်[illegible] (စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဣ၊ ဤ၊ ယ) အက္ခရာတွေနဲ့ နာ[illegible] မည်ရွေးရပါတယ်။

တစ်ခါ လျှာလိပ်သံနဲ့ အသံထွက်သူကိုလည်း မုဒ္ဓ[illegible] ဌာန်ဖြစ်တဲ့ (ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ) အက္ခရာတွေ[illegible] နာမည်ပေးရသလို သွားစိပြောသူ၊ သွားလှသူကိုလည်း ဒန္တဌာန်ဖြစ်တဲ့ (တ၊ ထ၊ ဒ၊ ဓ၊ န၊ လ၊ သ) အက္ခရာတွေ နဲ့ နာမည်ရွေးရပါတယ်။ နှုတ်ခမ်းလှသူ၊ နှုတ်ခမ်းဖျားလေး ကပဲ အသံထွက် စကားပြောသူဆိုရင် ဩဋ္ဌဌာန်ဖြစ်တဲ့ (ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ဥ၊ ဦ) အက္ခရာတွေနဲ့ နာမည်ပေး[illegible] ရွေးရတာပေါ့။ အဲ..စကားပြောတာ ငိုတဲ့အသံက နှာ ခေါင်းသံပါရင်၊ နှာခေါင်းလှသူဖြစ်ရင် နာသိကဌာန်ဖြစ် တဲ့ (ဟ)အက္ခရာနဲ့တွဲတဲ့ (ည၊ ဏ၊ န၊ မ) အသံအက္ခရာ တွေနဲ့ နာမည်ပေးရတာပေါ့။ နောက်ဆုံးသတ်မှတ်ချက်က တော့ နိဂ္ဂဟိတ်လို့ခေါ်တဲ့ ရင်ထဲကဖြစ်တဲ့အသံမျိုး (အုန်း အုံ)တွေနဲ့ ပေးရတာပေါ့။

ဒါ ကျဉ်းနိုင်သမျှကျဉ်းပြီး တင်ပြလိုက်တာပါ။ တစ် ကဏ္ဍစီမှာ ဆောင်ရန်၊ ရှောင်ရန်တွေ ကောင်းကျိုးတွေ ဆိုးကျိုးတွေ အသီးသီး ရှိပါသေးတယ်။ ဆိုချင်တာက နာမည်ရွေးအတတ် လွယ်မှတ်လို့ သိစေချင်တာပါ။ ပြီး တော့ မိမိတို့ရဲ့သားသမီး တူသားနောင်မယ်တွေကို နာမည် တစ်လုံး အလွယ်သုံးမပေးမိဖို့ လမ်းညွှန်ပေးချင်တာပါ။ နည်းနာနိဿယလေးတွေ ရသွား၊ သိသွားစေချင်တာပါ။

ခုလောက်ဆို အရင်ထက်စာရင် နာမည်ကောင်း ကောင်း၊ လှလှ ရွေးတတ် ပေးတတ်သွားကြလောက်ပြီလို့ ယုံကြည်မျှော်လင့်ရင်း ရပ်နားပါရစေတော့ခင်ဗျာ။

ပညာရှင်အပေါင်းကို မဲညောင်းသောဂါရဝဖြင့်


မင်းနေထွန်း(ဒါန့်ဘလူ)



www.burmeseclassic.com

www.burmeseclassic.com

[redacted]



တိုင်းရင်းဆေးထုတ်လုပ်ခွင့်အမှတ် 0412 YR 004687
လိုင်စင် ၇/၂၀၀၀ တာဝန်ခံ (တိုင်း)-၁၃၀၂

အသိကျအကြောခြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်လက်မှတ်အမှတ် (ဆေးဝါး) ၁၃၀/၁၀၀၇

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် ထက်တို့သတင်းပေး ဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျွန်တော့အတွေ့အကြုံအရ ကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားရှိလိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဗိုလ်အနယ်မှာ စည်းနဲ့ဝါးဟာ အမိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် ဟုတ်ရဲ့လား ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဖက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းသော ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်ပဲ။ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ဖော်ပြသွင်းကြော်ငြာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ [illegible] မြန်မာနိုင်ငံအနှံ့ ဆေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိရောင်းချလျက်ရှိသည်

ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဟိန်း(ဘူမိ)

# ငှက်ပျောသီးနှင့် ဘာလီတို့၏

# ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ

**ငှက်ပျောသီး (Bananas)**

**ကုသပေးနိုင်သော စွမ်းအား**

လေဖြတ်ခြင်းဘေးကို လျော့ကျစေနိုင်ခြင်း၊ သွေးတိုးခြင်းကို လျော့ကျစေခြင်း၊ ရင်ပူခြင်းကို သက်သာစေခြင်း၊ အနာပေါ်က်ခြင်းကို ကာကွယ်ပေးခြင်း၊ ဝမ်းသွားခြင်းကို လျင်မြန်စွာ နာလန်ထစေခြင်း။

ငှက်ပျောသီးနှင့် ပတ်သက်၍ လူအများက ဟာသလုပ်၍ ပြောတတ်ကြသည်။ ငှက်ပျောသီး၏ ပုံသဏ္ဍာန်အရလည်းကောင်း၊ ငှက်ပျောခွံ နင်းမိ၍ ချော်လဲခြင်းကိုလည်းကောင်း ရယ်စရာလုပ် ပြောတတ်ကြသည်။

ကျွန်ုပ်တို့ ရယ်စရာလုပ် ပြောဆိုနေသော ငှက်ပျောသီး အခွံ၏ အတွင်းမှာ ကျန်းမာရေးအတွက် အံ့သြစရာ အထောက်အကူပြုသော ဓာတ်သဘာဝများ ပါဝင်နေပေသည်။ ငှက်ပျောသီးသည် သွေးတိုးခြင်းကြောင့် နှလုံးရောဂါ တိုက်ခိုက်ခြင်းနှင့် လေဖြတ်ခြင်းတို့မှ ကာကွယ်ပေးနိုင်ခြင်းနှင့် ရောဂါပိုးဝင်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်း ရှိပေသည်။ ငှက်ပျောသီးသည် အနာပေါက်ခြင်းကိုလည်း ကုသပေးနိုင်စွမ်း ရှိပေသည်။

ကျွန်ုပ်တို့ အလေးမထားသော ငှက်ပျောသီးကို ယောက်ျား၊ မိန်းမ၊ လူကြီး၊ ကလေး ဟူသမျှတို့ နှစ်စဉ် တစ်ဦးလျှင် (၂၇)ပေါင်မျှ စားသုံးတတ်ကြပေသည်။ ငှက်ပျောသီးက ပေးသော ကျန်းမာရေးအကျိုးကျေးဇူးများကို သိရပါက ထို့ထက်ပို၍ပင် စားသုံးလိုက်ကြပေမည်။

ငှက်ပျောသီးသည် သဘာဝ ပိုတက်စီယမ်ဓာတ် ကြွယ်ဝသော အကောင်းဆုံး စားစရာတစ်ခု ဖြစ်ပေသည်။ ငှက်ပျောသီး တစ်လုံးတွင် ပိုတက်စီယမ် (၃၉၆)မီလီဂရမ်ထိ ပါဝင်ပေသည်။ ယင်းမှာ နေ့စဉ် လိုအပ်ချက် (၁၁)ရာခိုင်နှုန်းထိ ရှိသည်။ လေ့လာချက်များအရ ပိုတက်စီယမ်ဓာတ် ကြွယ်ဝသော စားစရာများ စားသုံးလေ့ရှိ[...] များသည် သွေးတိုးရောဂါဘေးမှ သိသာစွာ လျော့ကျ[...] ကြပြီး သွေးတိုးနှင့် ဆက်စပ်သော နှလုံးရောဂါနှ[...] လေဖြတ်ခြင်းဘေးတို့ ကြုံတွေ့ရန်လည်း နည်းပါးသွား[...] ကြောင်း တွေ့ရပါသည်။

သင့်တွင် သွေးတိုးရောဂါ ခံစားနေရပါက ငှက်ပျော[...] သီးကို နေ့စဉ် များများစားသင့်ပါသည်။ ယင်းက သွေး[...] တိုးကျဆေးများ သောက်ရခြင်းကို လျှော့ချပေးနိုင်[...] သည်။ ယင်းအချက်ကို အီတလီရှိ နေပယ်တက္ကသိုလ်[...] သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။ သုတေ[...] သနပြုမှုများအရ ငှက်ပျောသီး စားသုံးခြင်းက သွေးကြော[...] နံရံများ မာကျောခြင်းနှင့် သွေးတွင်း၌ သွေးပန်းကန်ပြား[...] လေးများ(blood plate) ဖြစ်ပေါ်ခြင်းကို တားဆီးပေး[...] တွင် အထောက်အကူပြုပေး၍ သွေးတိုးရောဂါကို ကာ[...] ကွယ်ပေးနိုင်ခြင်းဖြစ်ကြောင်း ယုံကြည်ကြသည်။ ယင်း[...] သို့ဖြင့် မကောင်းသော အယ်လ်ဒီအယ်လ်(LDL) ကော်[...] လက်စထရောများကို အောက်စီဂျင်နှင့် ဓာတ်ပြုခြင်း[...] ကာကွယ်ပေးရာလည်း ရောက်ပါသည်။ သို့အတွက် ငှက်[...] ပျောသီးသည် သွေးကြောများ မာကျစ်ပိတ်ဆို့ခြင်းတို့[...] ကောင်းစွာ ကာကွယ်ပေးနိုင်၍ သွေးတိုးခြင်း၊ နှလုံး[...] ရောဂါ၊ လေဖြတ်ခြင်း ဘေးများကို ကာကွယ်ပေးနိုင်[...] သည်။

**ဝမ်းကောင်းစေခြင်း**

နှလုံးပူခြင်း (ဝါ) ရင်ပူခြင်းနှင့် အစာမကြေခြင်း[...] ကဲ့သို့သော ရောဂါမျိုးကို ကောင်းစွာ ကာကွယ်ပေး[...] ရန် အန်တာဆစ်(antacids) ၏ နေရာ၌ ငှက်ပျော[...] အစားထိုးရန် သုတေသနများ ဆက်လက်[...]ရပေ[...] မည်။ အဘယ်ကြောင့်ဟု ရေရာစွာ မသိရသေးသော်လည်း[...]

www.burmeseclassic.com

www.burmeseclassic.com

ငှက်ပျောသီးသည် သဘာဝ အန်တာဆစ်(natural antacid) ဖြစ်ပေသည်။ ထို့ပြင် ငှက်ပျောသီးသည် အနာများကို ကုသရာတွင်လည်း အထောက်အကူပြုပေးပါသည်။

လေ့လာချက်အချို့အရ ငှက်ပျောသီးသည် အနာများကို ကုသပေးနိုင်၊ ကာကွယ်ပေးနိုင်စွမ်း ရှိကြောင်း တွေ့ရှိသည်။ ယင်းအချက်ကို ဖလော်ရီဒါရှိ အော်လန်ဒိုမှ အစာအိမ်ရောဂါပါရဂူ ဒေါက်တာဝီလီယမ်ရှဒါမန်(M.D) က ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ပိုမိုသေချာစေရန် သုတေသနများစွာ ဆက်လက်ပြုလုပ်ရန် လိုအပ်ပါသေးသည်။


သိပ္ပံပညာရှင်များက ငှက်ပျောသီး၏ အစာအိမ်ချက်စီးမည့်ဘေးကို နည်းလမ်း နှစ်သွယ်ဖြင့် ကာကွယ်ပေးနိုင်ခြင်းကို သံသယရှိကြသည်။ ပထမ အချက်မှာ ငှက်ပျောသီးတွင် ပါဝင်သော ပရိုတိစ် အင်ဟက်ဘစ်တာ (protease inhibitor) ခေါ် ဓာတ်သဘာဝသည် အနာဖြစ်စေသော ဘက်တီးရီးယားများကို သတ်ပစ်ပေးခြင်း ဖြစ်သည်။ ဒုတိယ အချက်မှာ ငှက်ပျောသီးမှ ချွဲလွှာ (mucus) ထုတ်လုပ်ခြင်းကို နှိုးဆွပေးပေရာ ယင်းချွဲလွှာက ဝမ်းခေါင်းတွင်း သိမ်မွေ့သော ဝမ်းတွင်းမြှေးအလွှာများကို ပြင်းထန်သော အက်ဆစ်ဓာတ်နှင့် ထိတွေ့ခြင်းမှ ကာကွယ်ပေးခြင်း ဖြစ်သည်။

**<u>ခန္ဓာကိုယ်တွင်း ထိန်းညှိပေးခြင်း</u>**

ဝမ်းသွားသောအခါတွင် ကိုယ်တွင်းမှ အသက်အတွက် အရေးပါသော အရည်ဓာတ်များနှင့် အာဟာရဓာတ်များ ဆုံးရှုံးရတတ်သည်။ ငှက်ပျောသီးသည် ယင်းသို့ဖြစ်ခြင်းတွင် အားထားရသော စားစရာဖြစ်သည်ဟု ဒေါက်တာရှဒါမန်က ဆိုပါသည်။

ငှက်ပျောသီးသည် ပိုတက်စီယမ်ကဲ့သို့ လျှပ်စစ်သံလိုက်ဓာတ် ရင်းမြစ်ဓာတ်မျိုး ကြွယ်ဝရကား ရေဓာတ်လျော့ကျခြင်းအတွက် အကောင်းဆုံး အထောက်အပံ့ပြုပေးနိုင်ပေသည်။ လျှပ်စစ်သံလိုက်ဓာတ်ရင်းမြစ် (ဝါ) အီလက်ထရိုလိုက်(electrolyte)သည် သတ္တုဓာတ်များကို ခန္ဓာကိုယ်တွင်း၌ လျှပ်စစ်သံလိုက် အားသွင်းထားသော အပိုင်းအစလေးများကဲ့သို့ အသွင်ပြောင်းပေးကာ ကိုယ်တွင်းရှိ အရာရာကို ထိန်းချုပ်၍ ကြွက်သားများ ရှုံ့ဆန့်ခြင်းနှင့် အရည်ဓာတ်များကို မျှခြေ၌ ထိန်းပေးထားကာ နှလုံးကို ထိခိုက်မည့် ဘေးကိုလည်း ကာကွယ်ပေးပါသည်။

ထို့ပြင် ငှက်ပျောသီးတွင် ပက်တင်(pecting)ဓာတ်အချို့ ပါရှိပေရာ အစာလမ်းကြောင်းအတွင်း ရေမြှုပ်ကဲ့သို့ ဆောင်ရွက်ကာ ဝမ်းသွားနေစဉ် အရည်ဓာတ်များကို စုပ်ယူထားပေးနိုင်ပါသည်။



www.burmeseclassic.com



## ဘာလီ (Barley)

ကုသပေးနိုင်သော စွမ်းအားများ

ကော်လက်စထရောကို လျှော့ကျစေခြင်း၊ သွေးကြောများတွင်း သွေးခဲငယ်များ ဖွဲ့စည်းဖြစ်ပေါ်မှုကို တားဆီးပေးခြင်း၊ အစာကြေကျက် အားကောင်းစေခြင်း၊ ကင်ဆာဘေးမှ လျှော့ကျစေခြင်း။

သင်သည် ဗီတာမင်(အီး)ကို စိတ်ဝင်စားသူဖြစ်ပါက တိုကိုထရိုင်ရန်နောလ်စ်(tocotrienols) အကြောင်း ကြားဖူးပေမည်။ ဗီတာမင်(အီး)ကဲ့သို့ပင် တိုကိုထရိုင်ရန်နောလ်စ်သည် အန်တီအောက်စီးဒန့် တစ်မျိုးဖြစ်ပြီး ဖရီးရယ်ဒီကယ်မှာ ခေါ်သော ခန္ဓာကိုယ်တွင်း၌ ထိခိုက်ပျက်စီးမှုများကို ဖြစ်စေနိုင်သည်။ အောက်စီဂျင်မော်လီကျူးများကို လျှော့ပါးသွားစေရန် အထောက်အကူပြုပေးပါသည်။ ဘာလီသည် ယင်းဓာတ်ပေါင်း အကြွယ်ဝဆုံး စားစရာဖြစ်သည်။

တိုကိုထရိုင်ယန်နောလ်စ်သည် ဗီတာမင်(အီး)၏ အခြားဓာတုအသွင်ကွဲများထက် ပိုမိုအားကောင်းသော အန်တီအောက်စီးဒန့် ဖြစ်သည်ဟု တိုရွန်တိုတက္ကသိုလ် အာဟာရသိပ္ပံနှင့် ဆေးပညာဌာန ပါမောက္ခ ဒေးဗစ်ဂျေ-အေ ဂျန်ကင်(M.D., Sc.D., Ph.D) က ဆိုခဲ့ပါသည်။

ယင်းဓာတ်ပေါင်းသည် အခြားအသွင်ကွဲများထက် ဖရီးရယ်ဒီကယ်များကို (၅၀)ရာခိုင်နှုန်းထိ ပိုမိုတိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ ယင်းက နှလုံးရောဂါ အတော်များများကို ကာကွယ်၊ တားဆီး၊ ချေမှုန်းပေးနိုင်စွမ်းရှိပါသည်။

တိုကိုထရိုင်နိုနောလ်စ်သည် နှလုံးရောဂါကို နည်းလမ်း နှစ်သွယ်ဖြင့် ချေမှုန်းပေးနိုင်ပါသည်။ နည်းလမ်းတစ်ရပ်မှာ ဖရီးရယ်ဒီကယ်များကို အောက်စီဂျင်နှင့် ဓာတ်ပြုခြင်းမှ ကာကွယ်တားဆီးပေး၍ အန္တရာယ်ပေးနိုင်သည်။ မကောင်းသော အယ်လ်ဒီအယ်လ်(LDL) ကော်လက်စထရောများကို လျှော့ချပေးခြင်း ဖြစ်သည်။ ယင်းအတွက် သွေးကြောနံရံများ မာကျောခြင်းမှ တားဆီးပေးနိုင်သည်။ နောက်နည်းလမ်း တစ်ရပ်မှာ အသည်းမှ ခန္ဓာကိုယ်တွင်းဆီသို့ ကော်လက်စထရော ထုတ်လုပ်ပေးခြင်းမှ လျှော့ကျသွားစေပါသည်။

ဘာလီတွင် လစ်ဂ်နန့်(lignans) ခေါ် အန်တီအောက်စီးဒန့် ဓာတ်ပေါင်းတစ်မျိုး ပါဝင်ပေသည်။ ယင်းဓာတ်ပေါင်းသည် ကာကွယ်ပေးနိုင်စွမ်း ပိုမိုအားကောင်းသည်။ တိုရွန်တိုတက္ကသိုလ် အာဟာရဗေဒ သိပ္ပံဌာနမှ ပါမောက္ခ လီလီယန် သွန်မဆင်(Lillian Thompson, Ph.D) ၏ အဆိုအရ လစ်ဂ်နန့်သည် သေးငယ်လှသော သွေးခဲခြင်းများကို ကာကွယ်တားဆီးပေးနိုင်သည့်ပြင် နှလုံးရောဂါ ခံစားရမည့် ဘေးအန္တရာယ်ကိုလည်း လျှော့ချပေးနိုင်စွမ်း ရှိသည်။

နောက်ဆုံးတွင် ဘာလီ၌ စီလီနီယမ်(selenium)

www.burmeseclassic.com

www.burmeseclassic.com

နှင့် ဗီတာမင်(အီး)တို့ ခြွင်းချက်မရှိ မြင့်မားလွန်းစွာ ပါဝင်နေပေသည်။ သို့သော် သုတေသနပြုမှု ရလဒ်များ အား ရောထွေးနေပေသည်။ ကင်ဆာရောဂါများမှ ကာကွယ်ပေးနိုင်သော အထောက်အထားများကိုလည်း တွေ့ရှိလာရသည်။ အချို့သော သုတေသီများက ဆီလီနီယမ် သည် အကောင်းဆုံး ကင်ဆာဆန့်ကျင်ရေး စွမ်းအားရှိ၍ အခြား အန်တီအောက်စီဒန့်များနှင့် ရောပေါင်း၍ အသုံးပြုခြင်းဖြင့် ပို၍စွမ်းအား ထက်မြက်လာစေပေမည်။

ဘာလီဆန် တစ်ခွက်ကို ချက်စားပါက ယင်းတွင် ဆီလီနီယမ် (၃၆)မိုက်ခရိုဂရမ်ထိ ပါဝင်ပေသည်။ ယင်း မှာ နေ့စဉ် လိုအပ်ချက်၏ တစ်ဝက်ကျော်ခန့် ရှိသည်။ ဗီတာမင်(အီး) အင်တာနေရှင်နယ်ယူနစ် (၅)ယူနစ် ပါဝင် ပေရာ နေ့စဉ် လိုအပ်ချက်၏ (၁၇)ရာခိုင်နှုန်းဖြစ်သည်။

**အမျှင်ဓာတ်၏ ကာကွယ်ပေးမှု**

ဘာလီတွင် အမျှင်ဓာတ် ကြွယ်ဝခြင်းက မကောင်း သော အယ်လ်ဒီအယ်လ် ကော်လက်စထရော်များကို လျှော့ချပေးနိုင်ပြီး သွေးကြောများ၏ ကျန်းမာရေးကို ထိန်းသိမ်းပေးသည်။ ယင်းတွင် ဘီတာ-ဂလူကန်(beta-glucan) ဟု ခေါ်သော ရေတွင် ပျော်ဝင်နိုင်သော အမျှင် ဓာတ် အားကောင်းစွာ ပါဝင်၍ အူသိမ်အတွင်း ဂျယ်လီ အသွင် ဖွဲ့စည်းဖြစ်ပေါ်စေသည်။ ခန္ဓာကိုယ်တွင်းရှိ ကော် လက်စထရောများကို ယင်းဂျယ်လီက စုပ်ယူဆွဲငင်ထား ၍ ခန္ဓာကိုယ်အပြင်သို့ စွန့်ထုတ်စေပါသည်။

အရည်တွင် ပျော်ဝင်နိုင်သော အမျှင်ဓာတ်သည် ကော်လက်စထရောကို ပိုမိုလျှော့ချပေးသည်။ ယင်းက အူသိမ်၊ အူမ အတွင်းရှိ ကင်ဆာဖြစ်စေနိုင်သော အရာ များကို အားကောင်းစွာ ဆွဲငင်ရယူထားပြီး စုပ်ယူထိန်း သိမ်းထားသည်။ အဘယ်ကြောင့်ဆိုသော် ရေတွင် ပျော် ဝင်နိုင်သော အမျှင်ဓာတ်များသည် အူမကြီးတွင်းရှိ ရေ ဓာတ် အတော်များများကို စုပ်ယူထားကာ အစာခြေချက် ခြင်းကို ပိုမို၍ ထိရောက်စွာ လုပ်ဆောင်နိုင်စေရန် အထောက်အကူပြုပေးပါသည်။ သို့အတွက် ဝမ်းချုပ်ခြင်း ကို တားဆီးကာကွယ်ပေးနိုင်ပါသည်။

**ဟိန်း(ဘူမိ)**




(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

**ရှမ်းဆရာ ဦးစိုင်းငှေးလှိုင်**

(ဝမ်းတွင်းမျော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၇၃၀ ၅၂၉၇၀


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော်သည် မကွေးတိုင်းဒေသကြီး၊ ညောင်ကြတ်စမ်းအုပ်စု၊ ညောင်ကြတ်စမ်းရွာသို့ အလည်တစ်ခေါက် ရောက်ခဲ့လေတော့သည်။ ထိုညောင်ကြတ်စမ်းရွာကြီးသည် အိမ်ခြေ(၁၇၀) ခန့်ရှိပြီး ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိ၏။ ထို့အတူ ကျွန်တော့်နှမဝမ်းကွဲ ဒေါ်မြမြဝင်းတို့ အိမ်သည်လည်း ၄င်းလမ်းမကြီးပေါ်တွင် ရှိပေသည်။ ဒေါ်မြမြဝင်းသည် စတိုးဆိုင်ငယ်လေး တည်ထားသလို ညောင်ကြတ်စမ်း-မကွေး လိုင်းကားလည်း ထောင်ထားလေ၏။

'ဟယ်..ငါ့မောင်ကြီး လာတယ်ဟေ့။ အမယ်လေး.. ငါ့ယောက်ျား ကိုထွန်းဝင်းကလည်း ဘယ်ရောက်နေပြန်လဲ။ ငါ့မောင်ကြီး မောလာရောပေါ့။ ဒီနှစ်နွေက ပူကပူပါဘိသနဲ့တော်။ ဟဲ့..သား၊ နင့်လေးလေးအတွက် ရေခဲစိမ် 7-up တစ်လုံးနဲ့ ပူရှိန်းတောင့်ဘူးလေး ယူခဲ့စမ်းပါဦး။ အမောပြေ..အမောပြေ'

ကျွန်တော့်ဆိုင်ကယ် အိမ်ရှေ့ ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ပျာပျာသလဲ ဆီးကြိုလိုက်သူက ကျွန်တော့်နှမ ဒေါ်မြမြဝင်း။

'နေပါစေ မြမြဝင်းရယ်၊ အညာရေ အေးအေးလေး တစ်ခွက်ပဲ ငါ့ပေးစမ်းပါ။ နင်အခုကျွေးတဲ့ 7-up နဲ့ ပူရှိန်းတောင့်သာ စားလိုက်ရင်တော့ မရဏာဈာန်ကြွသွားပြီပေါ့ဟာ'

ကျွန်တော့်စကားကို ကြားလိုက်သော မြမြဝင်းသည် မျက်လုံး

# တွဲဖက်မစားသင့်သော အစားအစာများ

**သာထက်ဇော်**
(မကွေး)



အဝိုင်းသား ဖြစ်သွား၏။

'တကယ်ပြောတာလား မောင်ကြီးရယ်။ နို...
မသိဘဲကိုးနော့'

'တကယ်ပေါ့ဟ။ မယုံရင် ဟောဒီ 7-up ဘူး...
ပူရှိန်းတောင့်ချိုချဉ်ထည့်ပြီး လူနဲ့ ဝေးဝေးထား။ ...
ကြည့်ပါလား။ မကြာခင် ပေါက်ကွဲသွားလိမ့်မယ်...'

ထိုစဉ် တောင်တွင်းကြီးနှင့် သစ်ရာကောက်...
ဆိုင်ကယ်ဖြင့် ပြန်လာကြသည့် မောင်လှဦး၊ မောင်...
တို့ ညီအစ်ကိုနှစ်ယောက် အိမ်ထဲကို ဝင်လာကြသည်...

သူတို့နှင့် မရှေးမနှောင်းမှာပင် ဒေါ်မြမြဝင်းခင်ပွန်း... ဦးထွန်းဝင်းလည်း ရောက်လာလေ၏။

'ဘာတွေပေါက်ကွဲသွားမှာလဲ စာရေးဆရာရဲ့၊ ...
စမ်းပါဦး'

ယောက်ဖ ထွန်းဝင်းက အနီးမှာ ဝင်ထိုင်ရင်း ...
တော့်ကို လှမ်းမေးလိုက်သည်။

'တခြားဟုတ်ရိုးလားကွာ၊ 7-up နှင့် ပူရှိန်း'

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တယ်၊ ဟုတ်တယ်။ မြမြဝင်း နှင့် အဲဒီပစ္စည်းတွေ အတွဲလိုက် တင်မရောင်းနဲ့။ ငါ အခုပဲ လိမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ကြားလာခဲ့တယ်။ အန္တရာယ်အရမ်းများတယ်'

'ကျုပ်လည်း နို့..သိမှမသိဘဲကိုးနော့။ မရောင်းတော့ပါဘူး ကိုထွန်းဝင်းရယ်'

'ဒါနဲ့ စကားမစပ် ကြားဖြတ်မေးရဦးမယ် ငါ့လူရေ။ ခင်းက စာရေးဆရာ၊ ဗေဒင်ဆရာလည်းဖြစ်သလို စာပေဗဟုသုတလည်း တို့ထက် နှံ့စပ်လို့ တခြားတွဲဖက်မစားသင့်တဲ့ အစားအစာတွေရှိသေးရင် ငါတို့အားလုံး သိသွားရအောင် ရှောင်ကြဉ်နိုင်အောင် ပြောပြပေးပါလားဟင်'

ကျွန်တော့်အစ်ကိုဝမ်းကွဲ ဦးလှဦးက ဆိုလာသည်။

ထို့ပြင် ညီငယ်ချစ်ကိုကလည်း-

'ဟုတ်ပါတယ် ကိုကြီးရာ။ ကျုပ်တို့က Hight Way လမ်းမကြီးပေါ်မှာသာ နေကြတာ၊ ကိုယ့်တောင်သူအလုပ်နဲ့ကိုယ် တယ်ပြီးမအားကြလေတော့ စာသိပ်မဖတ်ဖြစ်ဘူး။ ကိုကြီး အပြစ်ပြောလည်း ခံရမှာပဲဗျို့။ ကြုံတုန်းကြုံခိုက် ဆောင်ရန်၊ရှောင်ရန် သဘောပေါ့ဗျာ။ စာအုပ်နဲ့လည်း လိုက်မှတ်ထားချင်လို့ပါ'ဟု ပွဲတောင်းလာ၏။

ထို့ကြောင့် ကျွန်တော်သည် လေ့လာမှတ်သားဖူးသမျှအကုန်အပြင် ကိုယ့်ပတ်ဝန်းကျင်အနီးအပါးတွင် ဖြစ်ပျက်ခဲ့သော အဆိပ်သင့် သေကျေပျက်စီးစေတတ်သည့် အစားအစာများကိုပါ အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

**<u>တွဲဖက်မစားသင့်သော အစားအစာများ</u>**

(၁) ကြက်ဥ + ခံသီး + မှို
(၂) ကြက်ဥ + တမာရွက် + ငှက်ပျောသီး
(၃) ကြက်သား + ကြောင်လျှာသီး
(၄) ကြက်သား + ကြက်ဟင်းခါးသီး
(၅) ကြက်သား + အင်ဥ
(၆) ကြက်ဆူသီး + ငှက်သား
(၇) ကြောင်လျှာသီး + ငါးသေတ္တာ
(၈) ကြံ့သားနုနု + ငါးအမျိုးမျိုး
(၉) ကျွဲခေါင်းသီး + လက်ဖက်
(၁၀) ကိုင်းဥ + ပုစွန်ချဉ်
(၁၁) ကြက်ဟင်းခါးသီး + အာလူး + မှို
(၁၂) ကင်းပုံသီး + နှမ်း
(၁၃) ကျွဲသား + ကြာရိုးကြာဆွယ်
(၁၄) ကိုက်ိုး + ပဲမြစ်
(၁၅) ကြောင်လျှာသီး + စပါးကြီးမြွေသား
(၁၆) ကြောင်လျှာသီး + ပဲဒလက်
(၁၇) ကျွဲကောသီး + သံပရာသီး
(၁၈) ကျေးသား + ဘူးသီး
(၁၉) ချောကလက် + ပဲမြစ်
(၂၀) ချောကလက် + ဓောင်းလျားသီး
(၂၁) နိုသား + ချင်း
(၂၂) ခိုသား + ဖရုံသီး
(၂၃) ချင်း + သင်္ဘောသီး
(၂၄) ခံသီး + ငရုတ်ကောင်း + နို့ရည်
(၂၅) ခိုသား + ငုံးသား
(၂၆) ချိုချဉ် + ပဲငါးပိ + စိမ်းစားဥ
(၂၇) ငွေးသီး + နို့အေးချောင်း
(၂၈) ငွေးသီး + အာတာလွှတ်
(၂၉) ငှက်ပျောသီး + ထန်းသီး + ရှူးရှဲလက်ဖက်
(၃၀) ငါးရံ့သား + ပွေးသား
(၃၁) စားတော်ပဲ + ဆီးသီး
(၃၂) ဆတ်သား + ပဲဒလက်
(၃၃) ဆတ်သား + ဆူးပုပ်ရွက်
(၃၄) ချင်းသုပ် + ရေခဲမုန့်
(၃၅) ဓောင်းလျားသီး + ရှောက်သီး
(၃၆) စိမ်းစားဥ + သပွတ်သီး
(၃၇) သခွားသီး + နို့အေးချောင်း
(၃၈) ထိကရုံး + ငါးသေတ္တာ
(၃၉) ထနောင်းရွက် + မန်ကျည်းသီး
(၄၀) နလင်ကျော် + ထန်းလျက်
(၄၁) နို့အမျိုးမျိုး + အချဉ်
(၄၂) ထန်းလျက် + ၂၇ပါးဆေး
(၄၃) နို့အေးချောင်း + စိမ်းစားဥ
(၄၄) ပျားရည် + ဥသျှစ်သီး + ပိန္နဲသီး
(၄၅) ပျားရည် + ရှားစောင်း + သကြားပြား
(၄၆) ပျားရည် + ခုန်းသီး + အရက်
(၄၇) ပျားရည် + ဩဇာသီး + ဆား

www.burmeseclassic.com

www.burmeseclassic.com

(၄၈) ပီလောပီနံ + မှစ်ချဉ် (အချဉ်အမျိုးမျိုး) + ပျားရည် + ပေအူ
(၄၉) ပဲစိမ်းစားဥ + ချိုချဉ် + ရှောက်သီး
(၅၀) ပီလောပီနံ + ပဲကြားလော့
(၅၁) ပီလောပီနံ + ဒေါင်းသား + ဖန်ခါးသီး
(၅၂) ဖရဲသီး + ဘဲဥ + နို့အမျိုးမျိုး + ဥအမျိုးမျိုး
(၅၃) ဖျိုင်းသား + ဘဲဥ + ဝက်ဆီ + အရက်
(၅၄) မင်းကွတ်သီး + သကြား
(၅၅) မှစ် + တခောင်းဆူး
(၅၆) မှို + တညင်းသီး
(၅၇) မှို + ယုန်သား
(၅၈) မိုင်လို + ပဲမြစ်
(၅၉) မှို + လယ်ကဇွန်း + ဖောင်စီးကဇွန်း
(၆၀) မှို + နွားနို့
(၆၁) မှို + ဖားသား
(၆၂) မှို + အင်ဥ
(၆၃) မှို + မှစ်
(၆၄) မှစ် + အင်ဥ
(၆၅) မြင်းသား + လက်ပံပွင့်
(၆၆) အမဲသား + ရှားစောင်း
(၆၇) ဝက်သား + ဒေါင်းသား + ကြာဆွယ်
(၆၈) ဝက်သား + ပေရည် + ပေအူ
(၆၉) ဝက်သား + ထန်းရည်
(၇၀) ဝက်သား + ဖျိုင်းသား
(၇၁) ဝက်သား + နို့ချဉ်
(၇၂) ထန်းလျက် + သပြေသီး
(၇၃) ဝက်သား + ကြာရိုးကြာဆွယ်
(၇၄) သိုးသား + စောင်းလျားသီး
(၇၅) ရှိန်းခို + တညင်းသီး
(၇၆) အမဲသား + ခရု
(၇၇) သံပရာသီး + ကျွဲခေါင်းသီး
(၇၈) သံပရာသီး + စိန်
(၇၉) သံပရာသီး + ထန်းလျက်
(၈၀) သံပရာသီး + ပတဲကော
(၈၁) သံပရာသီး + အက်(စ်)ပရင်ဆေးပြား
(၈၂) သံပရာသီး + ကျွဲကောသီး
(၈၃) သမင်သား + ဝါဆီ (သို့မဟုတ်) ဝါစေ့
(၈၄) သိုးသား + စောင်းလျားသီး
(၈၅) သကြားသီး + မြေစာဥ
(၈၆) အရက် + ညံ့ရွက်
(၈၇) အရက် + ကင်မလင်သီး
(၈၈) အရက် + အေ၊ ဘီ၊ စီဆေးပြား
(၈၉) သဘော်သီးမှည့် + ချင်းသုပ်
(၉၀) သနပ်ခါး + ပန်းသီး
(၉၁) သဘော်သီးသုပ် + ပဲတီစိမ်း + ပဲနောက်ပြုတ်
(၉၂) ဒူးရင်း + တညင်းသီး
(၉၃) ဖရုံ + မှို
(၉၄) နွားနို့ + ရှောက်သီး
(၉၅) သပြေသီး + ထန်းလျက်
(၉၆) ကိုကာကိုလာ + ပူရှိန်းချိုချဉ်

**(တစ်နည်း)**

(၁) ကကတစ်ငါး + ကြာဟင်း
(၂) ကတိုး + သရက်သီး
(၃) ကန်စွန်းမြစ် + နှမ်းမှုန့်
(၄) ကုလားပဲ + နွားနို့+ နို့ရည် + နို့ချဉ်
(၅) ကင်းပိတ်ရွက် + နှမ်းဆီ + နှမ်းဖတ်ချဉ်
(၆) ကန့်ချုပ်နီ + အရက်အမျိုးမျိုး
(၇) ကျေးသား + ပုစွန်
(၈) ကြက်ဆူအဆီ + ငှက်သား
(၉) ကောက်ညှင်း + ရေငန်းသီး
(၁၀) ကျောက်ဖရုံသီး + အိုးမည်း
(၁၁) ကျွဲနို့ + ဖရုံသီး
(၁၂) ကြာဥ + ဆိတ်သား
(၁၃) ကြက်ဆူဆီ + ခါသား + ဒေါင်းသား + ငှက်သား + ဖွတ်သား + ဘီလုံးငှက်သား + ဥအမျိုးမျိုး
(၁၄) ကြက်သား + နို့ချဉ်အမျိုးမျိုး + အင်ဖူး
(၁၅) ကြက်သွန်ဖြူ + နို့ရည်
(၁၆) ကြက်ဟင်းခါးသီး + မှို
(၁၇) ကြာပဒုမ္မာစေ့ + ငှက်တော်သား
(၁၈) ကြေးခွက် + အချဉ်အမျိုးမျိုး
(၁၉) ကြောင်လျှာသီး + စပါးကြီးမြွေအသား
(၂၀) ကြံသား + ငါး



www.burmeseclassic.com

www.burmeseclassic.com

(၂၁) ကြံတင်လဲ + နှမ်းမုန့်
(၂၂) ခရမ်းပိမ့်သီး + နို့ရည်
(၂၃) ခိုသား + ခြေလေးချောင်းသား + မုန်ညင်းဆီ + ရှောက်သီး + သံဘော်ပွင့်
(၂၄) ချင်း + သဘော်ပွင့် + သဘော်သီး
(၂၅) ချဉ်ဆီ + ထောပတ်
(၂၆) ဟင်းငန်းရွက် + နှမ်းဖတ်
(၂၇) ခရု + ခြေလေးချောင်းသား
(၂၈) ငါးကြင်း + ပဲရွက်
(၂၉) ငါးအိုးကပ်ချက် + ပိတ်ချင်းသီးရွက် + သမုန်းရွက် + လမုံးမြစ် + ပျားရည်
(၃၀) ငါးဆီ + ပိတ်ချင်းသီးရွက်
(၃၁) ငါး + နို့
(၃၂) ငါးရံ့ + မြွေသား
(၃၃) ငုံသီး + စောင်းလျားသီး
(၃၄) ငုံး + ခိုသား + ရှောက်သီး
(၃၅) ငှက်ပျောသီး + ငါးအမျိုးမျိုး + နို့စိမ်း + နို့အမျိုးမျိုး + ထန်းရည် + ထန်းသီး + အချဉ်အမျိုးမျိုး
(၃၆) ငှက်သား + ဆေးရွှေ
(၃၇) ငွေ + ရှိန်းခို
(၃၈) စတော်ဘယ်ရီ + သီးသီး
(၃၉) စသာမြစ် + အရက်
(၄၀) စိန် + သံပရာသီး
(၄၁) စိမ်းစားဥ + ရှောက်သီး + သံပရာသီး
(၄၂) စောင်းလျားသီး + ငုံးသား + နို့ရည် + ရှောက်ချဉ်သီး
(၄၃) ဆင်သမန္တယ်ရွက် + နို့ + ပျားရည်
(၄၄) ဆပ်ပြာ + အချဉ်အမျိုးမျိုး
(၄၅) ဆိတ်နို့ + ငါးအဆီ
(၄၆) ဆပ်ပြာ + ပြာဆား + အချဉ်အမျိုးမျိုး
(၄၇) ဆိတ်နို့ + ချူးပန်းရွက်
(၄၈) ဆိတ်သား + ငါးအဆီ + ပဲဒလက်စေ့
(၄၉) ဆီကြည့် + ဆီခဲ + ထောပတ်
(၅၀) ဆေးခြောက် + နနွင်းရည်
(၅၁) ဆောင်မေခါးရွက် + နို့ရည် + ပျားရည်
(၅၂) ညံ့ရွက် + အရက်အမျိုးမျိုး
(၅၃) တလဲသီး + နို့ရည်
(၅၄) တင်လဲရည် + ကုလားမျက်စိပင်စောက် + နှမ်းမုန့် + ပဲကြီး + ပဲလွန်း + ပျားရည် + မတ်ပဲ + အရက်အမျိုးမျိုး
(၅၅) တောပဲရိုင်း + နို့အမျိုးမျိုး
(၅၆) ထမင်း + ရှာဦးကန်ရေ၊ ထုံးရေတို့တွင် ဖြစ်သောငါး၊ လိပ် အစရှိသည်နှင့် ပျားတင်လဲအဆီ + နို့ရည် + မုန်လာဥ + ကြာစွယ် + ကြာပွင့်
(၅၇) ထန်းသီး + နို့မျိုးချဉ်
(၅၈) ထောပတ် + ကြေးခွက် + ဆီခဲ + ပျားရည် + သားငါးအဆီ
(၅၉) ဒန့်သလွန်ရွက် + နို့ရည် + ပျားရည်
(၆၀) ဒုတ္တာ + အချဉ်အမျိုးမျိုး
(၆၁) ဒူးရင်းသီး + ရှိန်းခို
(၆၂) ဒေါင်းသား + နို့အချဉ် + ဝီလောဗီန်ဥ
(၆၃) နနွင်းသား + သက်န်းဖွတ်ငှက်သား + မိကျောင်း + အရက်အမျိုးမျိုး
(၆၄) နို့အပျက် + ပဲဒလက်
(၆၅) နို့စိမ်း + နို့ခမ်း
(၆၆) နို့အမျိုးမျိုး + ဆား
(၆၇) နို့ချဉ် + ပီလောပီန်ဥ + ပေရည် + ဝက်သား + သားငါးအမျိုးမျိုး
(၆၈) နို့ခမ်း + ဖရုံသီး + မရိုးစေ့ + မှို + အရက်အမျိုးမျိုး + အချဉ်အမျိုးမျိုး + ဥအမျိုးမျိုး
(၆၉) နို့ရည် + ငါး + ဆိတ်သား + တောင်ပိန္နဲသီး + နှမ်းဖတ်ခဲ + ပဒုမ္မာကြာရွက်နု + ပဲကြီး + ပဲဒလက် + ပဲလွန်း + ပြောင်သား + မန်ကျည်းသီး + မုန်လာဥ + မှျစ် + မျောက်တည်သီး + ရွှေးရွက် + ရွှေးသီး + သံပရာသီး + သားငါး + ကြက်သွန်မြိတ် + ကြောင်ပန်းရွက် + စစ်ကြီး + ဒန့်သလွန်ရွက် + မုန်လာရုံးပင်
(၇၀) နှမ်းဆီ + နှမ်းမုန့်
(၇၁) နှမ်းမုန့်ဆုပ် + သားဟင်းအမျိုးမျိုး + နို့ရည် +

www.burmeseclassic.com

www.burmeseclassic.com

အရက်အမျိုးမျိုး
(၇၂) ပဒုမ္မာကြာရွက်နု + ပျားရည် + ဖန်ခါးသီး + ဗုံလုံသီး
(၇၃) ပုန်းရည် + ဖျိုင်းနှမ်း + ဖျိုင်းအောက်
(၇၄) ဖျိုင်းအောက်သား + ဝက်ဆီ + အရက်အမျိုးမျိုး
(၇၅) ပဲဒလက်စေ့ + ဆူးပန်း + ဝက်သား
(၇၆) ပဲလင်းမြွေသီး(ပဲရှည်သီး) + လင်းမြွေသား
(၇၇) ပျားငယ်အရည် + သက်ကန်းဖွတ်ငှက်သား
(၇၈) ပျားရည် + မိုးရေ + မုန်လာမြစ် + ရေ + ရှားစောင်း + အရက်အမျိုးမျိုး
(၇၉) ပုံလုံသီး + ပီလောပီနံ
(၈၀) မယ်ဇလီဖူး + လက်ဖက်ပုပ်
(၈၁) မတ်ပဲ + မုန်လာဥ
(၈၂) မုန်ညင်းဆီ + သက်ကန်းဖွတ်ငှက်သား
(၈၃) မြင်းသား + ထုံး
(၈၄) မြင်းသေမြက် + ဟုန်းနက်
(၈၅) ရေငန်းသီး + လက်ဖက်
(၈၆) ရှောက်ရွက် + နို့ရည်
(၈၇) သမုန်းမြစ် + အချဉ်အမျိုးမျိုးချက်ထားသည့်...
(၈၈) သထွေးဥ + ဥဒေါင်းသား

ကျွန်တော်သည် အညာဒေသရှိ မိမိမွေးချင်း... ချင်းတို့ကို လွယ်အိတ်ထဲ၌ အမြဲဆောင်ထားလေ့ရှိ... (၁၉၇၂)ခုနှစ်၊ ဒီဇင်ဘာလထုတ် ဆရာကြီးဦးသာ... ရေးသားခဲ့သည့် ပုဂ္ဂလပညတ် အခြေခံဓာတ်ကျမ်းမှ ... ဖက်မစားသင့်သော အစားအစာများအား ဖတ်ပြလိုက်... ၏။

ထို့ကြောင့် သူတို့အားလုံးသည် ကျေးဇူးတင်မ... ရှိကြတော့သည်။ ကျွန်တော် အိမ်ပြန်ခရီးတွင်မတော့ ... အင်္ဂရေခွံ(ဆာလာအိတ်)အိတ်ကြီးတစ်လုံးနှင့် မြေပဲမျ... ဆိုင်ကယ်အပြည့်တင်ပြီး လက်ဆောင်ပေးလိုက်ကြ... တော့သည်။

မြှော ဟဝေ ရက္ခတိ ခမ္ဘော...
သာထက်ဇော်(မကွေး...)


နယ်လှည့်သာသနာပြု ဖိုးမေ့သိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)



[မွေးရာပါ အကြားအမြင်]

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

ဆိုးအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ☎ ၀၉၄၂၈၃၀၇၂၉၆

www.burmeseclassic.com


နိုင်ငြိမ်း(အညာ[illegible])

# ဂမ္ဘီရဆန်သော
# အင်္ဂါဂြိုဟ်နီကြီး


အပိုင်း(၁)

ဂြိုဟ်နက္ခတ်တာရာများကို လေ့လာခြင်းမှာ အလွန်လေးနက်၍ ဂမ္ဘီရဆန်လှ၏။ ဂမ္ဘီရဆိုသည်မှာ လျှို့ဝှက်ခြင်း၊ နက်နဲခြင်းကို ဆိုလိုသည်။ ကျွန်တော်သည် ဝါသနာအလျောက် ဂြိုဟ်ကြီးကိုးလုံးအကြောင်း လေ့လာခဲ့ရာ ယခုအခါ အင်္ဂါဂြိုဟ်နီကြီးအကြောင်း ရေးရန် အခါသင့်အခွင့်ကြုံခဲ့လေပြီ။

ဂြိုဟ်ကြီး(၉)လုံး ရှိသည့်အနက် လက်ဝဲဘက်အကျဆုံး နေမင်းကြီး၏အနီးတွင် ဗုဒ္ဓဟူးဂြိုဟ်ရှိသည်။ ထိုဂြိုဟ်၏ အပြင်ဘက်၌ သောကြာဂြိုဟ်နှင့် ကျူပ်တို့ ကမ္ဘာမြေကြီး တည်ရှိသည်။ တလောက သိပ္ပံပညာပြကွက်များတွင် သောကြာဂြိုဟ်တွင် ရေနှင့် တောတောင်များ တွေ့ခဲ့ရာ လူသတ္တဝါများ နေထိုင်ခဲ့ဖွယ်ရှိကြောင်း သုတေသီများက ဆိုထားသည်။ ကမ္ဘာမြေ၏ ညာဘက်တွင် မားစ်(ခေါ်) အင်္ဂါဂြိုဟ်နီကြီးကို တွေ့နိုင်ပါသည်။ (ပုံကို လေ့လာပါရန်)



အဝေးမှ မြင်ရသော အင်္ဂါဂြိုဟ်နီ




ထိုအင်္ဂါဂြိုဟ်တွင် (ဖိုးဘို့စ်)နှင့် (ဒီးမို့စ်)ဆိုသော အရန်ဂြိုဟ်(၂)လုံးရှိသည်။ အင်္ဂါဂြိုဟ်သည် နေမင်းကြီးကို (၆၈၇)ရက်လျှင် တစ်ကြိမ်နှုန်း လှည့်ပတ်လျက်ရှိသည်။ အင်္ဂါဂြိုဟ်၏ ထူးခြားမှုမှာ (၂)နှစ် (၂)လကြာတိုင်း ကမ္ဘာနှင့် အနီးဆုံးနေရာသို့ ရောက်ရှိလာခြင်းပင်ဖြစ်၏။ (၁၉၇၁)ခုနှစ်က အမေရိကန်ပြည်ထောင်စုမှ ပစ်လွှတ်လိုက်သော မရီနာ(၉)သည် အင်္ဂါဂြိုဟ်နှင့် အရန်ဂြိုဟ်များ၏ သွားလာလှုပ်ရှားမှုကို ဓာတ်ပုံရိုက်ပို့ခဲ့သည်။

ထိုဓာတ်ပုံများအရ အင်္ဂါဂြိုဟ်မှာ မြေပြင်ညီမဟုတ်ဘဲ ချိုင့်ခွက်များ၊ တောတောင်များ ဖြစ်ပေါ်လျက်ရှိ၏။ အင်္ဂါဂြိုဟ်၌ ယခင်ကပင် မီးတောင်များရှိခဲ့ရာ ထိုမီးတောင်များ ပေါက်ကွဲသဖြင့် ချိုင့်ခွက်အစင်းကြောင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ အင်္ဂါဂြိုဟ်ရှိ မီးတောင်အချို့မှာ မီတာ(၆)ထောင်မှ (၇)ထောင်ထိ မြင့်၏။

ထိုတောင်များ၏ ပတ်ဝန်းကျင်တွင် ဓာတ်ငွေ့များ၊ ဒီရေခွေးငွေ့များ ဖုံးလွှမ်းလျက်ရှိသည်။ အင်္ဂါဂြိုဟ်၏ ဝန်းရိုးစွန်း၌ ဆီးနှင်းများနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်၊ နိုက်ထရိုဂျင်နှင့် အာဂွန်ဓာတ်များ ရှိ၏။

အပိုင်း(၂)

အင်္ဂါဂြိုဟ်ကို လူတို့ စိတ်ဝင်စားကြခြင်းမှာ အဓိ

www.burmeseclassic.com

www.burmeseclassic.com

ရောင် ဖုန်မှုန်များ သန်းနေခြင်းကြောင့်ဟု ဆိုနိုင်သည်။ ထို့ကြောင့်ပင် အင်္ဂါဂြိုဟ်ကြီးကို အနီရောင်ဂြိုဟ်၊ သေမင်းဂြိုဟ်၊ စစ်ဂြိုဟ် အစရှိသည်ဖြင့် ခေါ်ဝေါ်ခဲ့ကြ၏။



အာကာသယာဉ် စပရစ် ဆင်းသက်ခဲ့စဉ်က

အာကာသယာဉ် စပရစ် ဆင်းသက်ခဲ့စဉ်က ထိုအင်္ဂါဂြိုဟ်ပေါ်တွင် အမျိုးအစားမသိနိုင်သော သတ္တဝါများ နေထိုင်ခဲ့ပုံရ၏ဟုလည်း သုတေသီများ ဆို၏။ အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့် (၃၄၆,၇၀,၀၀၀)မိုင်ဝေး၍ မှန်ပြောင်းမှ ကောင်းစွာတွေ့ခဲ့ခြင်း ဖြစ်၏။

အင်္ဂါဂြိုဟ်ကြည့်ရန် အဝေးကြည့်မှန်ပြောင်း တစ်လက်ကို (၁၇)ရာစုလောက်ကပင် တီထွင်ခဲ့သည်။ (၁၇၈၄)ခုနှစ်သို့ ရောက်သောအခါ နက္ခတ္တပညာရှင် ဟာရှီး(လ်)(Hersheld) သည် အင်္ဂါဂြိုဟ်၏ ထိပ်နှစ်ဖက်တွင် အဖြူရောင်နှင်းငွေ့များ သန်းနေသည်ဟု ဆိုခဲ့၏။

**အင်္ဂါဂြိုဟ်ရာသီဥတု**

အင်္ဂါဂြိုဟ်သည် နေနှင့် (၁၄၂,၀၀၀)မိုင်ဝေးသော နေရာတွင် ရှိနေသဖြင့် ကမ္ဘာနှင့်စာလျှင် အအေးဓာတ်လွန်ကဲနေသည်။ ဝင်ရိုးစွန်းအပူချိန်မှာ သုညအောက် (၁၉၀)ဒီဂရီဖာရင်ဟိုက်ထိ ရှိနေ၏။ အင်္ဂါဂြိုဟ်သည် နေဘက်သို့ (၂၄.၅)ဒီဂရီ တိမ်းစောင်းလှည့်လည်နေသည်။ ကမ္ဘာ့လေထုနှင့်စာလျှင် အင်္ဂါဂြိုဟ်၏လေထုမှာ လွန်စွာပါးလွှာနေသည်။ ကမ္ဘာ့လေထု၏ အပုံ(၁၀၀)ပုံလျှင် (၁)ပုံသာ ရှိပါသည်။ လေထု၏ (၉၈)ရာခိုင်နှုန်းတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များဖြင့် ပြည့်နှက်နေ၏။ ကျန်ဓာတ်ငွေ့များမှာ အာဂွန်ဓာတ်ငွေ့နှင့် အောက်ဆီဂျင်ဓာတ်ငွေ့ ဖြစ်၏။

အင်္ဂါဂြိုဟ်ပေါ်တွင် ရေငွေ့အနည်းငယ်သာ တွေ့ရပြီး



အင်္ဂါဂြိုဟ်၏မျက်နှာပြင်

ရေများများမရှိသဖြင့် သက်ရှိနေလိမ့်မည်မဟုတ်ဟု အခိုင်အမာ မပြောနိုင်ပါ။ စိမ်းလန်းသော နေရာများ၌ ဂြိုဟ်သားများ နေမည်ဆိုလျှင် နေနိုင်ပေမည်။ အင်္ဂါဂြိုဟ်၏ ဘေးတွင် ဒီးမို့(စ်)(Deimos) နှင့် ဖိုးဘို့(စ်)(Phobos) ခေါ် လနှစ်စင်း ရှိပြန်ပါသည်။ ထိုလများ ရှိနေကြောင်း (၁၈၇၇)ခုနှစ်ကပင် သိခဲ့ရသည်။

**ဆိုဗီယက်နှင့် အမေရိကန်တို့ လှေ့လာခြင်း**

ဆိုဗီယက်တို့သည် (၁၉၆၂)ခုနှစ်တွင် Mars (1) ကိုလည်းကောင်း၊ (၁၉၇၂)ခုနှစ်တွင် Mars (2) ကိုလည်းကောင်း အင်္ဂါဂြိုဟ်ဆီ လွှတ်တင်ခဲ့၏။ ထို့နောက် Mars (3) သည် ထိုနှစ် ဒီဇင်ဘာလ (၂)ရက်နေ့တွင် အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိသွားကာ အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ ဖြည်းညင်းစွာ ဆင်းသက်ခဲ့၏။ (၁၉၇၄)ခုနှစ်၊ မတ်လ (၁၂)ရက်နေ့တွင် Mars (6) ကို ထပ်မံစေလွှတ်ကာ အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက်စေခဲ့ပြန်၏။ Mars (6) က ကမ္ဘာမြေဆီသို့ ဓာတ်ပုံပေါင်းများစွာ ပြန်ပို့ခဲ့ပါသည်။ အင်္ဂါဂြိုဟ်လေထုထဲ၌ အိုဇုန်းဓာတ်ငွေ့များ ရှိနေကြောင်း တွေ့ရ၏။

**အမေရိကန်များကလည်း လေ့လာခဲ့**

(၁၉၆၅)ခုနှစ် ဇူလိုင်လတွင် အမေရိကန်တို့လွှတ်တင်လိုက်သော မရီနာ(၄)မှာ အင်္ဂါဂြိုဟ်အနီး မိုင် (၆၀၀၀)ကွာ နေရာသို့ ရောက်ရှိသွားပြီး အင်္ဂါဂြိုဟ်၏

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံပေါင်းများစွာကို ပေးပို့ခဲ့၏။ (၁၉၆၉)ခုနှစ်တွင် မရီနာ(၆)ကို လွှတ်တင်ပြန်ရာ ဂြိုဟ်နီကြီးအနီး မိုင် (၂၀၀၀)ထိ ရောက်သွားသည်။ ဓာတ်ပုံတစ်ရာကျော် ရိုက်ပို့ခဲ့၏။ ဓာတ်ပုံများအရ အင်္ဂါဂြိုဟ်ရှိ မီးတောင်ကြီးများနှင့် အရံ လ(၂)စင်းကို ထင်ရှားစွာ တွေ့ခဲ့ရသည်။

အမေရိကန်တို့သည် ဗိုလ်ကင်း(၁)ကို (၁၉၇၅)ခုနှစ်တွင်လည်းကောင်း၊ ဗိုလ်ကင်း(၂)ကို (၁၉၇၆)ခုနှစ်တွင်လည်းကောင်း လွှတ်တင်ခဲ့ပါတယ်။ အင်္ဂါဂြိုဟ်ပေါ်မှာ လူတွေ အခြေချနေနိုင်ပါ့မလား သိချင်လို့ စမ်းသပ်နေတာပါ။ အင်္ဂါဂြိုဟ်မှာ လူတွေနေဖို့ မလွယ်ကူပါ။ ကမ္ဘာနှင့်စာလျှင် လေထုပါးလွှာပြီး အလွန်အေးနေသည်။ ဆောင်းရာသီတွင် အနုတ်(၁၂၈)ဒီဂရီဆဲ(လ်)စီးယပ် ရှိ၏။

သို့အတွက် အင်္ဂါဂြိုဟ်ခရီးတွင် အာကာသဝတ်စုံ လိုမည်။ လူနေရပ်ကွက်များဖြစ်လျှင် အအေးဒဏ် ကာကွယ်နိုင်အောင် အပူဓာတ် အမြဲပေးထားရမည်။ အင်္ဂါဂြိုဟ်တွင် သစ်ပင်စိုက်မရပါ။ ကညွတ်ပင်လိုဟာမျိုးတော့ စိုက်ရင် စားဖို့ရနိုင်သည်။ အင်္ဂါဂြိုဟ်ရောက်လျှင် အသက်



ရှူဖို့ အမှုန်ခက်သည်။ အောက်ဆီဂျင်ရလိုသဖြင့် နိုက်ထရိုဂျင်ကိုပါ ရှူနေရလိမ့်မည်။ အင်္ဂါဂြိုဟ်ကြီး နီနေတာဟာ သံအောက်ဆိုဒ်ကြောင့် ဖြစ်ပေါ်လာတဲ့ အနီရောင်မှုန်မှုန်များကြောင့်ဖြစ်ကြောင်း တင်ပြရပါသည်။

**နီငြိမ်း(အညာတက္ကသိုလ်)**

<u>ကျမ်းကိုး</u>

* Mission to Mars
* Robots on Mars

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ခေါင်းသေးကျွန်း။ ပဲခူး ဒေးဓွန့်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊
  နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ မြေ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။
  ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအပိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်၊ ဖုန်း-၀၉ ...

www.burmeseclassic.com

www.burmeseclassic.com

# မှန်ပြောင်း

ကောင်းစံ

ကားဖြူလေးသည် နမ္မတီးလမ်းမှ ဘီးလိမ့်ထွက်ခွာလာပါပြီ။ ကျွန်ုပ်သည် လမ်း၏ လက်ဝဲ၊ လက်ယာမှ ရေပြင်ကြီးများကို ငေးမျှော်ကြည့်ရင်း ကားပေါ်တွင် လိုက်ပါလာပါသည်။ ခဏကြာသော် တောင်ကုန်းတစ်ကုန်းသို့ ရောက်ရှိခဲ့လေသည်။

'အရှင်ဘုရား.. တောင်ပေါ်ကနေ ရေကြီးတာကို ကြည့်ရှုလိုလျှင် ဒီကကြည့်ရင် ကောင်းမယ်ထင်တယ်။ ကားခဏရပ်လိုက်မယ်နော်' ဟု ကားပေါ်အတူပါ ဒကာတို့က ပြောပြကြသည်။

'ကောင်းလိုက်တဲ့ အကြံကွာ၊ ဆင်းမယ်၊ ဆင်းမယ်' ဟု ဆိုလိုက်သော် ကားက ထိုးရပ်သွားပါသည်။

ကျွန်ုပ်တွင် ပါလာသော အင်္ဂလန်တယ်လီစကုပ် (အင်္ဂလန်နိုင်ငံလုပ် မှန်ပြောင်း)ကို ထုတ်ယူပြီး ခေါင်းဘက်က ဆွဲထုတ်လိုက်ပါသည်။ ပြီးနောက် အရင်းက ဆွဲထုတ်လိုက်ရာ တစ်လံနီးပါး ရှည်ထွက်လာသော ထိုမှန်ပြောင်းနှင့် နမ္မတီးရေပြင်ကြီးကို ကြည့်လိုက်ပါသည်။ စိတ်ထဲက တစ်မျိုးတစ်မည် ခံစားရပါသည်။ ဝမ်းနည်းသလိုလို၊ စိုးရိမ်သလိုလို၊ ပူဆွေးနေသလိုလို ခံစားလာရပါသည်။

ကားပေါ် အတူလိုက်ပါလာသော ဒကာတို့ကလည်း ခေတ်သုံးမှန်ပြောင်း(ဒူလာဘင်)ကြီးနှင့် ကြည့်နေကြပါသည်။ ကျွန်ုပ်က သူတို့ကို ပြောလိုက်ပါသည်။

'ဒါကြီးနဲ့ ကြည့်ရတာ အဆင်သိပ်မပြေပါဘူး။ ဒကာတို့ကြည့်တဲ့ မှန်ပြောင်းနဲ့ ကျွန်ုပ်ကြည့်ကြည့်မယ်' ဟု မိန့်ကြားလိုက်ပါသည်။

ထိုအခါ ဒကာတစ်ယောက်က ကျွန်ုပ်ကို 'ဒီတစ်လုံး နဲ့ပြောင်းရှည်ကြီးနှင့်ကြည့်ရင် မျက်စိတစ်ဖက် မှိတ်မှ တယ်။ တပည့်တော်ရဲ့ မျက်စိက ငရမန်ကန်း မျက်စိ ဘက် ဆိုးပါတယ်ဘုရား' ဟု လျှောက်ထားလေသည်။

ကျွန်ုပ်ကလည်း ငါးခူပြုံး ပြုံးလိုက်သည်။ ကျွန်ုပ်တွင် မျက်ရစ်မရှိသဖြင့် ပြုံးလျှင် ငါးခူပြုံးပဲ ပြုံးရပါသည်။

ထို့နောက် ကျွန်ုပ်တို့သည် အပြန်ခရီးကို စတင်ကြပါတော့သည်။ ကျွန်ုပ်သည် ထိုတောင်ကုန်း၏ ကုန်းတစ်ခန်းမှာရှိသည့် ဈေးဆိုင်ထဲဝင်ကာ ဟိုကြည့်သည်ကြည့် လုပ်ပါသော် ဆိုင်အတွင်းမှ အသက်(၁၀)နှစ်ကျော် မိန်းကလေးငယ်တစ်ဦး ထွက်လာသည်။

'ဆွမ်းလည်း ရတယ်၊ ဟင်းမျိုးစုံလည်း ရတယ်ဘုရား။ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲပြုတ် ရတယ်ဘုရား။ ဖျော်ရည်လည်း ရတယ်ဘုရား။ ချိုချဉ်လည်း ရတယ်ဘုရား' ဟု မိန်းကလေးငယ်က ဆိုသည်။

'ဒကာမလေးရယ်.. အချိန်နည်းနည်းလွန်သွားလို့ ဘာမှ မဘုဉ်းပေးဖြစ်တော့ပါဘူး' ဟု ကျွန်ုပ်က ပြန်မိန့်လိုက်ပါသည်။

ကားပေါ်ရောက်သော် ကျွန်ုပ်တွင် မကျေနပ်စိတ်ကပေါ်လာပါသည်။ ကိုယ့်ဟာကိုယ် မကျေနပ်သလို တယ်လီစကုပ်ကြီးကိုလည်း မကျေမနပ် ဖြစ်မိပါသည်။

ကျွန်ုပ် ယူဆောင်လာသော တယ်လီစကုပ်ကြီးက အိုလှပြီ။ ထုတ်လုပ်တဲ့ခုနှစ်ကို ကြည့်လိုက်သော် ခရစ်နှစ် (၁၉၁၅)ခုနှစ် ဖြစ်နေပါသည်။ ကျွန်ုပ်တွင် စိတ်ကူးပေါက်လာလေသလား၊ စိတ်ရူးပေါက်လာလေသလား မပြောတတ်တော့ပါ။ ဒီတယ်လီစကုပ်က (၁၉၁၅)ခုနှစ်မှာ ထုတ်လုပ်တာဆိုတော့ အခု (၂၀၁၅)ခုနှစ်မှာ အသက်(၁၀၀) တင်းတင်းပြည့်နေပြီပဲ။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖွားဖက်တော်ပဲ။ ဗိုလ်ချုပ်အောင်ဆန်းကလည်း (၁၉၁၅)ခုနှစ်မှာ မွေးဖွားတယ်လေ။ ယခုထိများ ဗိုလ်ချုပ် သက်ရှိထင်ရှား ရှိနေမယ်ဆိုရင် အသက်(၁၀၀) တင်းတင်းပြည့်မယ်။ တိုက်ဆိုင်လိုက်တာကွာ။ ဒီဗိုလ်ချုပ်ဖွားဖက်တော် တယ်လီစကုပ်ကြီးကို ရန်ကုန်ကို ယူသွားပြီး လေလံတင်ရောင်းလိုက်ရရင် အနည်းဆုံး သိန်း(၅၀၀၀)၊ သိန်း(၆၀၀၀) ရမှာပဲ။ အဲဒီငွေနဲ့ ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ကျောင်းဆောက်မယ်၊ လူမှုရေးလုပ်ငန်းတွေကိုလည်း လှူမယ်ဟု တိမ်တိုက်တွင် တိုက်ဆောက်ရပါတော့၏။ ရေပြင်တွင် ပန်းချီဆွဲ စိတ်ကူးနေမိလေ၏။

ထိုစဉ်တွင် ကျွန်ုပ် စီးနင်းလိုက်ပါလာသော ကားဖြူကလေးသည် လမ်းပေါ်မှ ခဲလုံးတစ်လုံးကို နင်းမိ၍ ဂလုံး၊ဂလုံး အသံမြည်လွှာမှ သတိပြန်လည်ကပ်လာပါတော့သည်။ သို့သော် အတွေးအမျှင်ကား မပြတ်သေးပါ။

ကျွန်ုပ်၏ တွေးတောချက်က မဆုံးသေး၍ ဆက်တွေးနေလေ၏။ အိပ်ငိုက်သလိုလိုလည်း ဖြစ်လာလေ၏။ အိပ်ငိုက်လိုက် အတွေးပြန်ပေါ်လိုက် ဒီတယ်လီစကုပ်ကို လေလံတင်ဖြစ်ရင်တောင်မှ ရှေးဟောင်းပစ္စည်း၊ ရှားပါးပစ္စည်းအနေနဲ့ ဒီဒေသမှာပဲ ကျပ်သိန်း(၁၀၀)လောက်နဲ့ ဈေးခေါ်ရင်တော့ ဝယ်ကြမှာပဲ။ ငါလည်း ရောင်းနိုင်ပါတယ်။ ငါ အခုလောလောဆယ် စေတီရှစ်ဆူတည်ရာမှာ ဝတ္ထုငွေတစ်ပြားမကျန် သုံးလိုက်မှာပဲဟု စိတ်ကူးစိတ်သန်း စိတ်ရှူးစိတ်နှမ်း ထမိလေတော့၏။

အင်္ဂလန်တယ်လီစကုပ်(မှန်ပြောင်း)တွင် ရေးထွင်းထားသော စာတန်းမှာ အဖုံးတွင် VICTORIAN MARINE TELESCOPE W.OTTWAY & CO.,LTD (LONDON) ဟု ပါရှိသည်။ အတွင်းဘက် ကြေးသားပေါ်မှာလည်း အထက်ပါအတိုင်းပါရှိပြီး အမြင်တော့ သိပ်မကြည်လင်တော့ပါ။ မှန်ပြောင်းများကို ဈေးဆေးကြောပြုပြင်လိုက်မည်ဆိုလျှင် အကောင်းပကတိ ဖြစ်မည်ဟု ထင်ရလေ၏။ ထိုသို့ စဉ်းစားရင်း၊ စိတ်ကူးရင်း တောင်ပေါ်ကားလမ်းနံဘေး အလှူခံမဏ္ဍပ်တစ်ခုသို့ ရောက်လာလေသည်။ ကားကို ခဏရပ်နိုင်း၍ အလှူငွေကျပ် (၁၀၀၀၀)တိတိကို ဘုန်းကြီးကျောင်းသစ် တည်ထောင်ခါစ အလှူအတွက် ထည့်လှူလိုက်ပါတော့သည်။

(အောင်မော်စံဆရာတော် ကချင်ပြည်နယ်၏ အထူးခရီးသွားမှတ်တမ်းစာအုပ်မှ နမ္မတီးမြို့ ရေဘောစခန်းသို့ ဆောင်းပါးမှ ကောက်နုတ်တင်ပြသည်။)

◆◆◆

ကျွန်ုပ်သည် ကျောင်းသားဘဝ သမိုင်းဘာသာတွင် စိတ်ဝင်တစား လေ့လာသင်ယူလျက် ရှေးဟောင်းပစ္စည်းများ စုဆောင်းသည်ကိုလည်း ဝါသနာပါခဲ့ပါသည်။ ရှေးဟောင်းပစ္စည်းနှင့်ပတ်သက်၍ ကျောက်ခေတ်ကတည်းက



အောင်မော်စံဆရာတော်


ယခုထက်တိုင် ရှေးဟောင်းပစ္စည်းအမျိုးမျိုး ပြည့်ပြွမ်းနေပါသည်။ ခေတ်အဆက်ဆက်မှ ရှေးဟောင်းပစ္စည်းပစ္စယတို့ကို ထိန်းသိမ်းရန် လိုအပ်သည်။ ထိုရှေးဟောင်းပစ္စည်းပင် တချို့သည် အဖိုးထိုက်သည့် ရတနာထက်ပင် တန်ဖိုးထားခံနေရပြီး ကျွန်ုပ်အောင်မော်စံကိုယ်တော်သည် ရှေးဘုရင်များ အဆက်ဆက်က ပစ္စည်းပစ္စယတို့ကို စုဆောင်းဝါသနာရှိပါသည်။

ရှေးဘုရင်များ လက်ထက်က ဓား၊ လှံနှင့် အခြားပစ္စည်းများ၊ အင်္ဂလိပ်ခေတ်က ဓား၊ လှံနှင့် အခြားပစ္စည်းများ၊ ဂျပန်ခေတ်က ဂျပန် ဓား၊ လှံနှင့် အခြားပစ္စည်းများကို အလှူခံရယူခြင်း၊ ဝယ်ယူခြင်းပြုပြီး ထိုဝတ္ထုငွေဖြင့် လူမှုရေးတွင် သုံးစွဲပါသည်။ တချို့ပစ္စည်းများကို ဂုဏ်ပြုလက်ဆောင်အဖြစ် သုံးပါသည်။ ကျွန်ုပ်ထံတွင် ရှေးဟောင်းပစ္စည်း အနည်းငယ်သာ ကျန်ရှိတော့သော်လည်း အမျိုးအစားအားဖြင့် အတော်လေး စုံပါသေးသည်။ ဓမ္မမိတ်ဆွေများ မြစ်ကြီးနားကို ရောက်လာလျှင် ဝင်ရောက်လေ့လာနိုင်ပါသည်။ အချို့ရှေးဟောင်းပစ္စည်းတို့ကို ဘုရားစေတီများတွင် ဌာပနာခဲ့ပေါင်းလည်း များလှပါပြီ။

ကျွန်ုပ် စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်နိုင်ငံလုပ် မှန်ပြောင်း

အနက်မှ အင်္ဂလန်တယ်လီစကုပ်ကြီးသည် (၁၉၁၅)ခုနှစ်က ပြုလုပ်ခဲ့ကြောင်း သိရသဖြင့် ကျွန်ုပ် ရောင်းချရန် စိတ်ကူးကို တစ်မျိုးပြောင်းလဲမိပါသည်။ အင်္ဂလန်တယ်လီစကုပ်ကြီးသည် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားသည့် (၁၉၁၅)ခုနှစ်နှင့် တူညီသဖြင့် ကျွန်ုပ် ရောင်းချဖို့ထက် ဗိုလ်ချုပ်အောင်ဆန်းသမီး ဒေါ်အောင်ဆန်းစုကြည်ကို လှူဒါန်းရန် ဆန္ဒဖြစ်မိပါတော့သည်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ဂုဏ်ပြုလက်ဆောင်ပေးမည့်ဆန္ဒကြောင့် အင်္ဂလန်တယ်လီစကုပ်ကြီးကို အထူးတန်ဖိုးထားမိပါတော့သည်။

ပြီးခဲ့သည့် (၂၀၁၅)ခုနှစ် နှစ်ဆန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီက ဦးစီးကျင်းပသော ဗိုလ်ချုပ်အောင်ဆန်း နှစ်(၁၀၀)ပြည့်ပွဲတွင် ကျွန်ုပ် ပါဝင်လှူဒါန်းရန် ဆန္ဒဖြစ်မိပါသော်လည်း လှူဒါန်းခွင့် မရခဲ့သလို (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလ ဒေါ်အောင်ဆန်းစုကြည်၏ ကချင်ပြည်နယ် ခရီးစဉ်တွင် စာရေးဆရာ ဦးကောင်းစံ(ရွှေဒေါင်းတောင်၊ စကြာကောင်းစံ) မြစ်ကြီးနားကို ရောက်ပါက အောင်မော်စံကျောင်းသို့ နှစ်ကြိမ်ရောက်ခဲ့ပါသော်လည်း စိတ်ကူးမပေါ်ခဲ့ပါ။

(၂၀၁၅)ခုနှစ် နှစ်ကုန်ခါနီး ဦးကောင်းစံကို မြစ်ကြီးနားလာပြီး ကျောင်းမှာ ညအိပ်တည်းခိုရန် စီစဉ်လျှ ကျွန်ုပ်ဆန္ဒများကို ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်လိုက်သည် ဦးကောင်းစံလည်း (၂၀၁၅)ခုနှစ်ကုန်ခါနီး ဒီဇင်ဘာ (၃၁)ရက် ညနေတွင် မြစ်ကြီးနားမြို့သို့ လေယာဉ်ဖြ လိုက်ပါလာပါသည်။

(၂၀၁၅)ခုနှစ် ကုန်ဆုံးသည့်ည (၂၀၁၆)ခုနှစ် သစ်သို့ ကူးပြောင်းသည့် ညဥ့်သန်းခေါင်အချိန်တွင် ကျွ က ပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ကာ အလှုပ်လုပ်ခဲ့သ ဒကာကြီး ဦးကောင်းစံက ရေခဲလုမတတ်အေးသော မြ ကြီးနားတောင်ပေါ် ညကို စောင်ခြုံထဲကနေ သရဏ ပုတီးစိပ် မေတ္တာပို့လျက် နှစ်သစ်ကူးခဲ့ကြလေသည်။

နံနက်လင်းသော် ကျွန်ုပ်က ဒကာကြီး ဦးကောင်း ကို နှစ်သစ်ကူးလက်ဆောင်အဖြစ် ပစ္စည်းနှစ်ခုပေးသည် တစ်ခုက ဒေါ်အောင်ဆန်းစုကြည့်အတွက် မှန်ပြောင် (တယ်လီစကုပ်ကြီး) ဖြစ်သည်။ အမျိုးသားဒီမိုကရေ အဖွဲ့ချုပ်(NLD) ပါတီက (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာ (၈)ရက် အထွေထွေရွေးကောက်ပွဲကို ပြောင်းလဲချိန်တ ပြိုဟူသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲကို ပါဝ ယှဉ်ပြိုင်ခဲ့ကာ အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ အမျိ သားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော လွှတ်တော်နှ အစိုးရသစ်သည် မှန်ကန်သော ပြောင်းလဲခြင်းဖြစ်အော ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်၍ ကျွန်ုပ်ကလည် အတိတ်၊ တဘောင်၊ နိမိတ်ဆောင်ကာ ဤမှန်ပြောင်းက ဦးကောင်းစံမှတစ်ဆင့် လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ မှန်က သော ပြောင်းလဲခြင်း မုချအောင်မြင်ရမည်။

ကျွန်ုပ်က ဒကာကြီးဦးကောင်းစံကို ဓားတစ်ချောင် အား ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးလိုက်သည်။ ရှေ ဟောင်းဂျပန်ဓားရှည် တစ်ချောင်းဖြစ်ပြီး ဓားသွားတွင် (၀၀၃၆၅)ဟူသော ဂဏန်းရေးထိုးထားသည်။ ဂျပန်စာ များကိုမူ ကျွန်ုပ် မဖတ်တတ်ပါ။ သမိုင်းသုတေသီ တ ဦးက လွတ်လပ်ရေးမရမီကာလက မြန်မာနိုင်ငံမြေ ပိုင်း၊ ကချင်ပြည်နယ်သို့ ရောက်ရှိတာဝန်ကျခဲ့သည့် ဂျပ စစ်တပ်အရာရှိကြီးတစ်ဦး ကိုင်ဆောင်ခဲ့သောဓား ဖြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဂဏန်းစဉ်မှာ သုံးလုံးတည်းရှိ၍ သက်တမ်းရာချီ ရှိလောက်ပြီဟု ဆိုသည်။

ကမ္ဘာ့နှစ်သစ်ကူးနေ့ နံနက်က နှင်းရွဲရွဲထဲမှာ ကျွန်ုပ်တို့ ရှေ့ဆောင်အောင်မောင်းထုပြီးကြွ၊ နောက်က ဓားကိုင်ပြီး ဒကာဦးကောင်းစံက လိုက်ပါလျက် ကေ(၃၀)ကျော် ကျယ်ဝန်းသော ကျောင်းဝင်းခြံကြီးအတွင်း လမ်းလျှောက်ကြတော့ကာ အဘဝိဇ္ဇာဓိုရ်ကြီးများ ညွှန်ပြသောအလုပ်ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ကြပါသည်။ ရန်များကို ဖယ်ရှင်းပြီး အောင်ပြီ..အောင်ပြီ..အောင်ပြီ။

♦♦♦


မြစ်ကြီးနားကအပြန် လေယာဉ်မရပါ။ အထူးကားဖြင့် ပြန်ရသည်။ မှတ်မှတ်ရရ ဇန်နဝါရီလ (၄)ရက် နံနက်စောစော မန္တလေးမြို့ဝင်တော့ လျှောင်လှုပ်သည်။

ရန်ကုန်ကိုရောက်တော့ အောင်မော်စံဆရာတော်ကြီး ဒေါ်အောင်ဆန်းစုကြည်အတွက် ပေးလိုက်သော မှန်ပြောင်းကို နေပြည်တော်သို့ သွားရောက်ပြီး ကိုယ်တိုင် ကိုယ်ကျ ပေးအပ်ရန်စီစဉ်သည်။

ဒေါ်အောင်ဆန်းစုကြည်ထံသို့ မှန်ပြောင်းလှူဒါန်းရန် စာတစ်စောင် ရေးသားလျက် လွှတ်တော်သို့ ပို့ရပါသည်။ အစိုးရသစ် အပြောင်းအလဲကာလဖြစ်၍ နိုင်ငံတော်၏ အလုပ်တာဝန်များ များပြားလှသဖြင့် မှန်ပြောင်းလက်ခံရန် အချိန်မရခဲ့ပါ။ သည်လိုနှင့် (၂၀၁၆)ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၁)နှစ်မြောက် မွေးနေ့မှာ လှူဒါန်းရန် စီစဉ်သော်လည်း ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်သို့ ရောက်ရှိမလာခဲ့ပါ။

ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက် မွေးနေ့ကို ရန်ကုန်မြို့၊ ရွှေဂုံတိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုရုံးသစ်ကြီးဖွင့်ပွဲနှင့်အတူ ခမ်းနားစွာ ကျင်းပမည်ဆိုသည့်အတွက် ထိုနေ့ (၂၀၁၆)ခုနှစ်၊ ဇွန်လ (၁၉)ရက်ကို သွားရောက်လှူဒါန်းရန် စီစဉ်ရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ (၇၁)နှစ်မြောက်မင်္ဂလာမွေးနေ့ဖြစ်သည့် ဇွန်လ (၁၉)ရက်နေ့တွင် NLD ရုံးသစ်ကြီးရှေ့၌ တိုးမပေါက်အောင် စည်ကားနေသည့်ကြားက မှန်ပြောင်းကို ဝင်ရောက်လှူဒါန်းဖြစ်ခဲ့သည်။ ရုံးသစ်ကြီး အပေါ်ဆုံးထပ် အထူးလက်ဆောင်ပစ္စည်းများ လက်ခံသည့် နေရာတွင် ဒေါ်အောင်ဆန်းစုကြည်အတွက် မှန်


(၁၉၃၅)ခုနှစ်တွင် ထုတ်လုပ်ခဲ့သော တယ်လီစကုပ်ကြီး

ပြောင်းကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ပါတီဗဟို အလုပ်အမှုဆောင် ဦးအုန်းကြိုင်လေးကို ပေးအပ်ခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အတွက် လောကီပညာရှင်များ၊ ဗေဒင်ဆရာကြီးများက အဟောထုတ်ခဲ့ကြရာတွင် မွေးနေ့မှစ၍ လာမည့်ကာလများတွင် ယခုထက်ပိုပြီး ဩဇာ့တိက္ကမ ကြီးမားလာမည်ဟု ဆိုသည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်သာမက ကမ္ဘာသူကမ္ဘာသားများအတွက်ပါ စွမ်းဆောင်နိုင်မည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ဗေဒင်ပညာရှင်များက ဟောသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသစ်၏ မှန်ကန်သော ပြုပြင်ပြောင်းလဲခြင်းများ ဇွန်လ (၁၉) ရက်ကျော်လျှင် ပိုမိုသိသာအောင်မြင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

မှန်ကန်သော ပြောင်းလဲခြင်း အောင်ရမည်။

ကောင်းစံ

www.burmeseclassic.com

www.burmeseclassic.com

ဋ္ဌေးမောင်တို့ နေထိုင်သောရွာမှာ တောင်ခြေနားနီးသော ရွာဖြစ်သည်။ ဋ္ဌေးမောင်၏ မိဘများက လယ်မြေများ ပိုင်ဆိုင်၍ လယ်လုပ်ကိုင်ကြသည်။ မိုးအခါ စပါး၊ ဆောင်းအခါတွင် ပဲအမျိုးမျိုးနှင့် ကြံများကို စိုက်ပျိုးလုပ်ကိုင်ကြသည်။

ရွာပတ်ပတ်လည်တွင် လယ်မြေများနှင့် စိုက်ပျိုးထားသော သီးနှံပင်များနှင့် စိမ်းစိမ်းစိုစို ရှိနေလေသည်။

ဋ္ဌေးမောင်၏ မိဘများမှာ ခြံကျယ်ကြီးထဲတွင် အိမ်ဆောက်ထားကာ ခြံထဲတွင် သရက်၊ အုန်း၊ ကွမ်းသီး၊ ပိန္နဲ၊ ဒန့်သလွန်၊ ကြောင်လျှာ၊ ပေါက်ပန်းဖြူ၊ ရှောက်၊ သံပရာ စသည့်သီးပင်စားပင်များ မျိုးစုံအောင် စိုက်ပျိုးထားလေသည်။ မိဘများ၏ စိုက်ပျိုးရေးမှ ဝင်ငွေကောင်း

# အတိတ်ကောင်း နိမိတ်ကောင်း

## တင့်ထူး (ဓေယျဝတီ)



www.burmeseclassic.com

www.burmeseclassic.com

အဖြင့် ရွာထဲတွင် ချောင်ချောင်လည်လည် ရှိကြလေသည်။

ဌေးမောင် ရွာမူလတန်းကျောင်း ပြီးသွားသောအခါ အလယ်တန်းကျောင်းသို့ ဆက်တက်လိုသဖြင့် မိဘများကို ပူဆာလေသည်။ များသောအားဖြင့် ကျေးလက်နေကလေးများမှာ ရွာမူလတန်းပြီးကြလျှင် ကျောင်းဆက်မနေကြတော့ဘဲ မိဘတို့၏ လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက်ကူညီပေးရင်း လယ်လုပ်ငန်းကို တတ်ကျွမ်းလာကြကာ မိဘများ အသက်ကြီးလာလျှင် လယ်ယာလုပ်ငန်းကို ဦးစီးဦးဆောင် လုပ်ခဲ့ကြတော့သည်။

'သားရယ်..အခုဆိုရင် သားက လေးတန်းအောင်ပြီးသွားပြီဆိုတော့ အရေး၊ အဖတ်အတွက်တွေလည်း တတ်နေပါပြီ သားရယ်။ မြို့ကျောင်းကို ဆက်မတက်ပါနဲ့တော့လား သားရယ်'

'ဟာဗျာ..အမေတို့ကလည်း သားက မြို့ကျောင်းသားလုပ်ချင်သေးတာဗျ'

'သားမြို့ကျောင်းကို သွားတက်ရင် မြို့ကို ကားစီးသွားရမှာလေ။ အမေတို့ သားကို စိတ်မချပါဘူးကွယ်'

'သားတစ်ယောက်တည်း သွားတက်မှာ မဟုတ်ဘဲ မြို့ကျောင်းကိုတက်နေတဲ့ ကျောင်းသားကြီးတွေနဲ့အတူ သွားမှာဆိုတော့ အမေတို့ စိတ်မချစရာ မရှိပါဘူးဗျာ'

သားဖြစ်သူမှာ မြို့ကျောင်း ဆက်တက်ရန် မရမက အတင်းပူဆာနေသဖြင့် မိဘများမှာ မနေသာတော့ဘဲ ထားပေးခဲ့ကြရတော့သည်။

ဌေးမောင်မှာ မြို့ကျောင်းတွင် ခုနစ်တန်းအထိ ရွာမှ နေ့စဉ်လာ၍ ကျောင်းတက်ခဲ့၏။ ရှစ်တန်းရောက်လာသောအခါ သင်္ချာ၊ အင်္ဂလိပ်စာတို့ကို ကျူရှင်တက်ရန် လိုအပ်လာသဖြင့် အိမ်မပြန်နိုင်တော့ပေ။ ဌေးမောင်နှင့် တစ်တန်းတည်း အတူတက်နေသော မြို့မှ အောင်အောင်က သူ့အိမ်တွင်နေပြီး ကျောင်းတက်ရန် ပြောလာသဖြင့် ဌေးမောင်လည်း သူ၏ မိဘများနှင့် တိုင်ပင်ရတော့သည်။

'သားက သင်္ချာနဲ့ အင်္ဂလိပ်ဘာသာ ညနေဘက်မှာ ကျူရှင်တက်ရမှာဆိုတော့ ရွာကို ပြန်လာချိန်မရတော့ဘူး အမေ။ သားသူငယ်ချင်း အောင်အောင်နဲ့ သူ့မိဘတွေက သူတို့အိမ်မှာနေပြီး ကျူရှင်တက်ဖို့ သူတို့သား အောင်အောင်နဲ့အတူ စာကျက်ကြဖို့ ပြောတယ် အမေ'

'ဟဲ့..သူများအိမ်မှာ ဒီအတိုင်းနေလို့ ဘယ်ဖြစ်ပါ့မလဲ သားရယ်။ အမေ အောင်အောင်ရဲ့ မိဘတွေနဲ့ လာတွေ့ပြီး စီစဉ်ပေးပါ့မယ်ကွယ်'

◆◆◆

'ဟော..အမေ ရွာက လာတာလား'

'ဟုတ်တယ်လေ၊ မင်းသူငယ်ချင်း မိဘတွေနဲ့ တွေ့ရအောင် အမေလာခဲ့တာပဲ'

'ဩော်..လာပါ အဒေါ်၊ အဒေါ်က ဌေးမောင်ရဲ့ အမေလား'

'ဟုတ်ပါတယ်ကွယ်။ သားက သူ့သူငယ်ချင်းအိမ်မှာ နေပြီး ကျူရှင်တက်မယ်ပြောလို့ လာတွေ့ရတာပဲ'

'ဟုတ်တယ် အဒေါ်၊ အောင်အောင်နဲ့ ဌေးမောင်တို့က အတန်းထဲမှာ အဆင့်တစ်တို့၊ နှစ်တို့ ရနေကြတယ်လေ။ နှစ်ယောက်စလုံး စာတော်ကြတယ်။ သူတို့ ကျူရှင်တက်ဖို့ ဌေးမောင်အတွက် အခက်အခဲဖြစ်နေတာမို့ ကျွန်မတို့ကပဲ အိမ်မှာ အောင်အောင်နဲ့အတူ စာကျက်ပြီးနေဖို့နဲ့ ကျူရှင်အတူ တက်ဖို့ ကျွန်မတို့ကပဲ ပြောခဲ့တာပါ'

'အို..ကျွန်မသားအတွက် ရှင်တို့မှာ ကျွေးရမွေးရတာဝန်ကြီးနေကြမှာပေါ့လေ'

'အို..ဒီကလေးတစ်ယောက်အတွက်နဲ့တော့ မပြောပလောက်ပါဘူးရှင်'

'ကဲ..ကဲ..ဒီလိုဆိုရင်လည်း ကျွန်မတို့က တာဝန်သိရမှာပေါ့။ ကျွန်မတို့က လယ်သမားတွေဆိုတော့ ဆန်ပေါတယ်လေ။ ဒီတော့ သားလေး ဒီအိမ်မှာနေပြီး စားသောက်နိုင်အောင် တစ်လကို ဆန်တစ်အိတ်တော့ ပို့ပေးတာကို လက်ခံရမယ်နော်'

'မလိုပါဘူး အဒေါ်ရယ်။ ဌေးမောင်တစ်ယောက်အတွက် ကျွန်မတို့မှာ အပန်းမကြီးပါဘူးလေ'

'မဟုတ်တာဘဲ့ အခုလို အိမ်မှာနေခွင့်ပေးပြီး ကျွေးမွေးစောင့်ရှောက်ပေးတာတင်ပဲ ကျေးဇူးများလှပါပြီ။ ကျွန်မ လစဉ် ပို့ပေးမယ့် ဆန်အိတ်ကိုတော့ လက်ခံပေးပါနော်'

ထိုသို့ဖြင့် ဌေးမောင်လည်း ရွာမှ နေ့စဉ် ကျောင်းလာတက်စရာ မလိုတော့ဘဲ အောင်အောင့်အိမ်တွင် အတူနေကြကာ ကျောင်းနှင့်ကျူရှင်ကို အတူတက်ခဲ့ကြလေသည်။

ယခုဆိုလျှင် ဌေးမောင်နှင့် အောင်အောင်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com

ရှစ်တန်း၊ ကိုးတန်းတို့ကို အဆင့်ကောင်းကောင်းနှင့် အောင်မြင်ခဲ့ကြကာ တက္ကသိုလ်ဝင်တန်းသို့ တက်နေကြပြီ ဖြစ်သည်။

'ဟေ့..အောင်အောင်၊ ဒီဇင်ဘာလကျောင်းပိတ်ရက်မှာ ငါ ရွာခဏပြန်ဦးမယ်ကွ။ ဒီမှာ မင်းနဲ့အတူလာနေပြီး ကျောင်းတက်နေကြတာနဲ့ ရွာကိုမရောက်တာ အတော်ကြာနေပြီလေကွာ'

'ဟုတ်တယ်နော်။ အရင်က မင်းရဲ့အမေ မကြာ၊ မကြာ လာခဲ့ပေမယ့် အခုတလော မလာတာ အတော်ကြာသွားပြီကွ။ ရွာမှာ အလုပ်တွေ သိပ်များနေသလားပဲကွ'

'ဟုတ်မယ်ကွ။ ဒါကြောင့် ကျောင်းအားတုန်း ခဏသွားလည်မယ်ကွာ။ မင်းရော ငါနဲ့အတူ လိုက်လည်ပါလား အောင်အောင်ရာ'

'အေးကွာ..ရွာတွေကို မရောက်ဖူးတော့ လိုက်လည်ချင်တယ်။ အမေ့ကို ခွင့်တောင်းပြီး လိုက်ခဲ့မယ်ကွာ'

ဌေးမောင်နှင့် အောင်အောင်တို့နှစ်ယောက်လည်း ခွင့်ရသဖြင့် ရွာတွင် လေးငါးရက်နေကြရန် အဝတ်အစားကိုယ်စီထည့်လာ၍ ကားစီးလာကြလေသည်။

'ကဲ..အောင်အောင်ရေ ဆင်းဟေ့။ ငါတို့ရွာကို သွားရမယ့် လမ်းထိပ်ကို ရောက်ပြီကွ'

'ဒီထိပ်ကနေ ဆင်းလျှောက်ရမှာလားကွ'

'ဟုတ်တယ်ကွ။ ဒီမြေလမ်းအတိုင်း လျှောက်ကြရမှာလေ။ ဟိုးက သစ်ပင်တွေအုပ်အုပ်နဲ့ မြင်နေရတာဟာ ငါတို့ ရွာပဲကွ'

'ဟုတ်လား၊ သိပ်မှမဝေးဘဲကွ။ လမ်းလျှောက်သွားရမှာ အညောင်းတောင် ပြေပါသေးတယ်ကွာ'

နှစ်ယောက်သား ရွာသို့ အရောက်လျှောက်လာခဲ့ကြသည်။ ရွာထဲ ဝင်လာကြပြီး ဌေးမောင် အိမ်ခြံဝသို့ ရောက်လာခဲ့ကြတော့သည်။

'ဟင်'

'ငါတို့အိမ်ကြီးက ဘယ်လိုဖြစ်သွားတာပါလိမ့်'

'ဟော..သားလေးလာတာပဲ။ အောင်အောင်လည်း ပါလာတယ်။ သားတို့ အိမ်ထဲ ဝင်ကြကွယ်'

'အမေ..သားတို့အိမ်ကြီးက ဘာဖြစ်သွားတာလဲ ဟင်'

'အင်း..ပြောပြရရင်တော့ အရှည်ကြီးပဲ သားရေ။ အမေတို့က သားလေး မြို့မှာနေပြီး ကျောင်းတက်နေရတာ စိတ်မဆင်းရဲစေချင်လို့ အသိမပေးဘဲ ထားခဲ့တာကွယ်။ အခုတော့ သားတို့ မျက်မြင်အခြေအနေကို တွေ့မြင်ကြပြီဆိုတော့ ပြောပြရတော့မှာပေါ့ကွယ်'

'သား ကိုးတန်းအောင်ပြီး ဆယ်တန်းတက်ဖို့ ရွာက ပြန်သွားပြီး မကြာမီတစ်ရက်မှာ အမေတို့အိမ်ပေါ်ကို ဖွတ်ကြီးတစ်ကောင် တက်လာခဲ့တယ်လေ'

'ဟင်..ဖွတ်က တောထဲနေတဲ့ အကောင်ပဲ။ ဘာကြောင့် အိမ်ပေါ် တက်လာခဲ့ရတာလဲ အမေရာ'

'တောထဲက ထင်းတုံးတွေ ဆွဲယူလာခဲ့တော့ သစ်ခေါင်းထဲ ပါလာတယ် ထင်ပါရဲ့ကွယ်'

'အဲဒီဖွတ်ကြီး တက်ပြီးတော့ မကြာမီမှာပဲ အမေတို့ အိမ်ကြီး မီးလောင်ခံခဲ့ရတယ်လေ။ မီးလောင်ခဲ့တော့ အိမ်ပေါ်ရှိ ပစ္စည်းတွေ ဘာတစ်ခုမှ မသယ်ယူနိုင်ဘဲနဲ့ လူလုံးချည်း ဆင်းပြေးခဲ့ကြရတာသားရဲ့။ ဒါကြောင့် အမေတို့ အရင်အိမ်ကြီး မရှိတော့ဘဲ ဒီအိမ်သေးသေးကို နေဖြစ်အောင် ပြန်ဆောက်နေခဲ့ကြရတာပဲကွယ်။

ဒါတင်မကဘူး၊ အိမ်မီးလောင်တဲ့အပြင် စပါးခင်းတွေကလည်း ပိုးကျလို့ အထွက်ညံ့ခဲ့ပြီး စပါးထွက်နည်းခဲ့တယ်လေ။ အမေတို့မှာ အိမ်စီးပွားရေးတွေကျဆင်းပြီး တစ်က ပြန်စနေခဲ့ကြရတယ်ကွယ်။ သားက ဒီနှစ် ဆယ်တန်းဖြေဆိုရမှာဖြစ်လို့ ဒီအကြောင်းတွေကို သားကို အသိမပေးဘဲ ထားခဲ့ကြတာကွယ်'

'ဟုတ်လားဗျာ။ ဒီလိုမှန်းသိရရင် သား ဆယ်တန်းဆက်မတက်တော့ပါဘူးဗျာ'

'အို..အခုတော့ သားက ဆယ်တန်းဖြေရဖို့ လပိုင်းလောက်ပဲ လိုတော့တာပဲကွယ်။ ဆက်တက်ပြီး ပြီးဆုံးအောင် ဖြေပါ သားရယ်'

ဌေးမောင်တို့မှာ ကျောင်းပိတ်ထားတုန်း ရွာကို အလည်အပတ်လာရောက်ကာ လေး၊ငါးရက်နေကြမည်ဟု မှန်းလာခဲ့ကြသော်လည်း မိဘများ၏ စီးပွားရေးအခြေအနေ မကောင်းသဖြင့် စိတ်ဆင်းရဲရကာ ဆယ်တန်းဖြေပြီးသည်အထိ ဆက်တက်ရန် အောင်အောင်နှင့်အတူပင် မြို့သို့ ပြန်လာခဲ့ကြပြန်သည်။

◆◆◆

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com

'သားတို့ ပြန်လာကြပြီလားကွယ်။ လေး ၊ ငါးရက် နေကြမယ်ဆိုပြီး ဘာကြောင့် ချက်ချင်းပြန်လာခဲ့ကြတာလဲကွယ်'

'အမေ · · ဋ္ဌေးမောင်တို့ အိမ်ကြီးက မီးလောင်ခံရပြီး ပေါ်းတွေလည်း ပိုးကျပြီး အထွက်ညံ့လို့ စီးပွားရေး မကောင်းကြဘူးဗျ'

'ဟောတော် · · အဲဒီအကြောင်းတွေလည်း အသိမပေးလာကြပါလားကွယ်'

'ဟုတ်တယ် အမေရဲ့၊ သူတို့သား စိတ်ထိခိုက်မှာစိုးလို့ အသိမပေးခဲ့ကြတာတဲ့လေ'

'မီးက ဘယ်လိုကဘယ်လို လောင်ခဲ့ရတာလဲ ဋ္ဌေးမောင်ရယ်'

'အမေပြောတာကတော့ အိမ်ကြီးကို မီးမလောင်မီ အချိန်မှာ အိမ်ပေါ်ကို ဖွတ်တက်ခဲ့သတဲ့လေ။ အဲဒီဖွတ်တက်ပြီး မကြာမီမှာပဲ အိမ်မီးလောင်ခံရကာ ဘာပစ္စည်းမှ မယူနိုင်ကြဘဲ ကိုယ်လွတ်ဆင်းပြေးခဲ့ကြရတာတဲ့ အမေရယ်'

'အင်းလေ · · အိမ်ပေါ်ကို ဖွတ်တက်ခံရရင်တော့ ဒီအိမ်ဟာ ဆင်းရဲမွဲတေတော့မှာပဲ၊ စီးပွားရေးကျဆင်းတော့မှာပဲလို့ ပြောတတ်ကြတယ်ကွယ့်။ အိမ်ပေါ်ကို ဖွတ်တက်တာတွေ့ရင် သိနားလည်တဲ့ ရှေးလူကြီးသူမ၊ ဆရာသမား၊ မိဘဘိုးဘွားတွေက ဓောတိကကြီး တက်လာပြီဟေ့။ ဒီအိမ်တော့ မကြာခင် ကြီးပွားချမ်းသာတော့မှာပဲလို့ ပြောကြရတယ်တဲ့။ အဲဒီလိုပြောခဲ့ရင် ဖွတ်တက်ခံရတဲ့အိမ်ဟာ မကြာမီမှာ ထိပေါက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းနဲ့ ကြီးပွားသွားတတ်တယ်တဲ့ကွယ်။ ဓောတိကဆိုတာက ဘုရားရှင် လက်ထက်တော်က အထင်ကရ ချမ်းသာကြွယ်ဝတဲ့ သူဋ္ဌေးသား တစ်ဦးရဲ့ အမည်ပဲကွယ့်။ ဖွတ်တက်တယ်လို့ ပြောမယ့်အစား ဓောတိကကြီး တက်လာတယ်လို့ ပြောခဲ့ရင် အိမ်မီးလောင်တာတို့၊ စီးပွားရေးလုပ်ငန်းတွေ အဆင်မပြေတာတို့ မဖြစ်ဘဲ ကြီးပွားချမ်းသာလာတယ်လို့ ဆိုကြတယ်ကွယ့်'

'ဟုတ်မှာပါ ဒေါ်သေးရယ်၊ သားရဲ့ မိဘတွေက တောသူတောင်သား လူရိုးကြီးတွေဆိုတော့ အဲဒီလို ပြောရမှန်းလည်း မသိခဲ့ကြလို့ မြင်ကြတဲ့လူတွေရော မိဘတွေရောပါ ဖွတ်တက်တာတွေ့ကြတော့ အိမ်ပေါ်ကို ဖွတ်တက်တာပဲ ပြောခဲ့ကြတော့ အခုလို မဖြစ်သင့်တာတွေ ဖြစ်ကြ၊ စီးပွားရေးတွေကျဆင်းရ ဖြစ်ခဲ့ကြရတော့တာပါပဲဗျာ'

ဋ္ဌေးမောင်လည်း အောင်အောင်၏အမေမှ မေးလာသဖြင့် သူ့မိဘများ၏ အဖြစ်အပျက်ကို ပြန်၍ပြောပြခဲ့လေသည်။

'ကဲ · · သားရော၊ မောင်ဋ္ဌေးမောင်ရော ဖြစ်ပြီးသမျှကို ဘာမှတမ်းတမနေကြနဲ့ကွယ်။ အခု မင်းတို့ဟာ ဆယ်တန်းမှာ သင်ယူလာခဲ့ကြတာဟာ ဒီဇင်ဘာလထဲတောင် ရောက်လာပြီ မဟုတ်လား။ နောက်နှစ်လလောက်ကြာရင် ဆယ်တန်းစာမေးပွဲ ဝင်ဖြေကြရတော့မှာလေ။ ဒီတော့ အခုဒေါ် ပြောချင်တာက ကိုယ်ဖြေရမယ့် စာမေးပွဲကို အောင်မြင်အောင် ကြိုးစားကြဖို့ပါပဲကွယ်။ မင်းရဲ့မိဘတွေလည်း တစ်က ပြန်စကြလို့ မကြာမီအချိန်မှာ အဆင်ပြေလာကြမှာပါပဲကွယ်'

အောင်အောင်၏မိဘမှ အခြားစိတ်ညစ်ညူးစရာများကို တွေဝေမနေဘဲ မိမိတို့ မကြာမီဖြေဆိုကြရတော့မည့် တက္ကသိုလ်ဝင် စာမေးပွဲကို အမှတ်ကောင်းကောင်းနှင့် အောင်မြင်နိုင်ရေးကိုသာ အမိကထား၍ ကြိုးစားကြရန် တိုက်တွန်းအားပေးခဲ့လေသည်။

'ဋ္ဌေးမောင်ရေ · · ငါတို့ ဒီစနေမှာ တိတ်ဆိတ်ငြိမ်သက်မှုရှိတဲ့ နေရာတစ်နေရာကို သွားကြပြီး ကျက်စာတွေ သွားကျက်ကြရအောင်ကွာ'

'အေးကွ · · အိမ်မှာက နေ့ခင်းဘက်ဆိုရင် ပူတယ်ကွာ။ ပြီးတော့ ငါတို့ စာမေးပွဲရက်မတိုင်မီအချိန်မှာ ကျက်စာတွေကို ကြိုတင်လေ့လာ ကျက်မှတ်ထားကြရမယ်ကွ။ ဒါမှ သင်္ချာ၊ အင်္ဂလိပ်၊ ဓာတု၊ ရူပဗေဒဘာသာတွေကို လေ့လာချိန် ပိုရနိုင်မှာကွ'

'ငါတို့ ဟိုဟိန္ဒူဘုရားကျောင်းကိုသွားပြီး ဆာဒူးကြီးကို ခွင့်ပန်ပြီး စာသွားကျက်ကြရင် မကောင်းဘူးလားကွ'

'အေး · · ဟုတ်တယ်။ ဟိန္ဒူဘုရားကျောင်းကြီးက အုတ်တိုက်ကြီးဆိုတော့ အေးလည်း အေးတယ်။ လူသံသူသံတွေလည်း တိတ်ဆိတ်နေတော့ စာကျက်ရတာ အဆင်ပြေနိုင်တယ်ဟေ့'

အောင်အောင်နှင့် ဋ္ဌေးမောင်တို့လည်း ရေသန့်ဘူး တစ်ဘူးစီ ထည့်ယူလာကာ ဟိန္ဒူဘုရားကျောင်းသို့ လာခဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ရောက်လျှင် ဆာဖူးကြီးအား ခွင့်တောင်းကြကာ ဘုရားကျောင်း၏နံဘေး စင်္ကြံလမ်းတွင် အေးအေးလူလူ ပင် စာကျက်ခဲ့ကြတော့သည်။ တက္ကသိုလ်ဝင်တန်းဖြစ်၍ ဘာသာရပ်များကို စေ့စပ်သေချာစွာ လေ့လာကျက်မှတ် ရသည်။ အရေးကြီးသော အချက်အလက်တို့ကို မှတ်စု ထုတ်ထားကြရသည်။ ထိုမှတ်စုတို့များက ဖြေခါနီးအချိန် တွင် စာပြန်နွှေးရာတွင် အစအဆုံး အရှည်ကို ပြန်ကြည့် စရာမလိုဘဲ မှတ်စုတိုကို လေ့လာလိုက်ရုံနှင့် ပြန်၍မှတ်မိ သွားနိုင်လေသည်။

တစ်ညနေတွင် အောင်အောင်တို့နှစ်ယောက် ဟိန္ဒူ ဘုရားကျောင်းမှ စာကျက်၍ အိမ်ပြန်လာခဲ့ကြသည်။

'ဟော..အောင်အောင်တို့တောင် စာသွားကျက်ရာ က ပြန်လာကြပြီပဲ'

'ကဲ..သားတို့၊ အဖေတို့နဲ့ တစ်ခါတည်း ညစာ ထမင်းဝင်စားကြကွာ'

'ဟာ..အတော်ပဲ အဖေရာ။ သားတို့က စာကျက်ပြီး ပြန်လာကြတာဆိုတော့ ဗိုက်ဆာလာကြတာလေ'

'အမေ..ဘာဟင်းချက်ထားလဲဗျ'

'သားတို့အကြိုက် ငါးမြစ်ချင်းချက်ထားတယ်လေ။ ပြီးတော့ မန်ကျည်းရွက်ချဉ်ရည်ဟင်းလေးနဲ့ကွယ့်'

'လာဟေ့ ဒွေးမောင်၊ ငါတို့ တစ်ခါတည်း ဝင် စားကြမယ်ကွာ'



'မောင်ဒွေးမောင်တို့ မိဘတွေတော့ စပါးတွေ တလင်းသိမ်းနေကြရတော့ မလာအားကြဘူးနဲ့တူတယ်'

'ဟုတ်ကဲ့ ဦးလေး၊ အိမ်မီးလောင်ပြီး စပါးထွက်တွေ ညံ့ခဲ့တော့ ဒီနှစ်မှာ ကြိုးစားပြီး ပြန်စိုက်ခဲ့ကြရတာလေ ဒီနှစ်တော့ ရာသီဥတုကလည်းကောင်းတော့ သီးနှံတွေ အထွက်ကောင်းမှာပါပဲ'

'အိမ်မီးလောင်ပြီး စီးပွားရေးတွေ ကျခဲ့ရတာက အိမ် ပေါ် ဖွတ်တက်လို့ဆို။ ဟုတ်လားကွ'

'ကျွန်တော်နဲ့ အောင်အောင် ဒီစင်ဘာလပိတ်ရက်ထဲ မှာ သွားလည်ကြတော့ အဲဒီလိုပဲ သိခဲ့ကြရတာ ဦးလေးရဲ့'

'ဒါတွေက ရှေးရိုးအယူအဆတွေဆိုပေမယ့် တကယ် ဖြစ်တတ်တာတွေနဲ့လည်း ကြုံကြရတာပဲကွ။ ယုံရခက် မယုံရခက်ပဲ'

'တကယ်တော့ အတိတ်ဆိုး နိမိတ်ဆိုးတွေကို အတိတ်ကောင်း နိမိတ်ကောင်းတွေဖြစ်အောင် ပြောဆိုပြုမူ တတ်ဖို့ လိုတယ်လေကွာ'

'မင်းတို့ ဝေးဝေးကို မကြည့်နဲ့၊ ဦးလေးတို့မိသားစု ကိုပဲ ကြည့်ပေါ့ကွာ'

'ဟင်..ဦးလေးတို့ မိသားစုက ဘယ်လိုအခြေအနေ တွေနဲ့ ကြုံခဲ့ကြရလို့လဲ ဦးလေးရဲ့'

'တကယ်တော့ကွာ ဦးလေးတို့လည်း ဒီမြို့ကို ရောက်မလာမီအချိန်က တောရွာမှာ နေခဲ့ကြတာကွ'

'ဩော်..ဟုတ်လား။ ဒီမြို့ဇာတိ မဟုတ်ဘူးလား ဦးလေး'

'ဘယ်ဟုတ်မှာလဲကွာ။ ဒီမြို့ကို ဘာကြောင့်ပြောင်း လာခဲ့တယ်ဆိုတာကိုလည်း မင်းသိချင်နေမှာပဲလေ'

'အို..သိချင်တာပေါ့ ဦးလေးရာ'

'ဒီလိုကွ၊ ဦးတို့မိသားစုဟာ ဟိုအညာက ထန်းပင်စု ရွာကလေးမှာ အစက နေခဲ့ကြတာလေ။ အဲဒီအချိန်က အောင်အောင်လေးက တစ်နှစ်သားရှယ်လောက်ပဲရှိဦးမယ် ကွ'

'အဲဒီလိုနေလာကြရင်းက တစ်နေ့မှာ ဦးတို့အိမ်ခေါင် ပေါ်ကို ခွေးတစ်ကောင်တက်နေပြီး အိမ်ခေါင်ပေါ်အတိုင်း ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက် လုပ်နေတာ ပေါ့ကွာ။

ခွေး အိမ်ခေါင်မိုးပေါ် တက်နေတာကလည်း တော်

www.burmeseclassic.com

ဖော်သန်းတယ်ကွ။ အိမ်တံစက်မြိတ်နဲ့ မြေကြီးနဲ့က လူ့လက်ခုပ်တစ်ဖောင်မက မြင့်တာလေ။ အိမ်ဘေးမှာလည်း နှံ့ရုံတွေပဲ ရှိတာဆိုတော့ ဖက်တွယ်ပြီး တက်လို့မရဘဲ ခေါင်မိုးပေါ်ကို ဘယ်လိုရောက်အောင် တက်သလဲဆိုတာ တွေးလို့တောင် မရဘူးကွာ။

အဲ..အဲဒီလို အိမ်ခေါင်မိုးပေါ် ခွေးတက်နေတာကို အိမ်နားနီးချင်းက ဦးကြီးတစ်ယောက်က တွေ့မြင်ခဲ့တာနဲ့ တဖျာကယာပဲ လှမ်းပြောခဲ့တော့တယ်လေ'

'အဲဒီဦးကြီးက ဘယ်လိုလှမ်းပြောခဲ့တာလဲ ဦးလေး'

'အိမ်ခေါင်မိုးပေါ်တက်တဲ့ ခြသေ့်မင်းရယ်၊ ဒီအိမ်ရှင် အိမ်သားတွေကို ကြီးပွားချမ်းသာအောင် ကောင်းကျိုးအဖြာဖြာပေးပါ။ မကောင်းမှုမှန်သမျှကိုလည်း အသင်ခြသေ့်မင်းပဲ ပြန်ယူသွားပါ။ အိမ်မှာ မထားခဲ့ပါနဲ့ဆိုတဲ့ စကားပဲကွ။

ဒါတင်မကသေးဘူး မောင်ဌေးမောင်ရေ၊ အိမ်ခေါင်ပေါ်တက်တဲ့ခွေးကို သီးသန့်ဟင်းကောင်းကောင်းချက်ပြီး အဲဒီဟင်းကို ထမင်းနဲ့ ရောနယ်ကာ ပန်းကန်သန့်သန့်တစ်ချပ်ထဲကို ထည့်ကျွေးပြီး ခွေးအပေါ်ကိုလည်း ရွှေရည်ငွေရည်လောင်းပေးပြီး လောင်းပေးနေချိန်မှာ အထက်က ပြောတဲ့အတိုင်း ပြောပေးခဲ့သေးတာကွ'

အိမ်ရှင်ဦးလေးကြီးကပင် ဆက်၍ပြောပြန်ပါသည်။

အိမ်ခေါင်ပေါ် ခွေးတက်တာကို အမှန်အတိုင်း ခွေးတက်တယ်လို့ မပြောရကြောင်း၊ ခွေးဟာ ယုတ်ညံ့တဲ့ တိရစ္ဆာန်ဖြစ်ကြောင်း၊ တက်တာမြင်တဲ့သူက ခွေးအစား ရဲရင့်မြင့်မြတ်တဲ့ ခြသေ့်မင်းနဲ့ အစားထိုးပြောရကြောင်း၊ ထိုကဲ့သို့ ပြောဆိုပေးခဲ့လျှင် အညွှံ့အနိုက်များ မဖြစ်ဘဲ ကောင်းကျိုးအဖြာဖြာရရှိကာ အိမ်သားများ ကြီးပွားချမ်းသာမှုကို ရရှိလာနိုင်ကြောင်းကိုပါ ပြောပြခဲ့ပါသည်။

'ဟုတ်တယ် မောင်ဌေးမောင်ရဲ့၊ အဲဒီဦးလေးကြီးက အဲဒီလိုပြောဆိုခဲ့ပြီး ခွေးကိုလည်း အစားကောင်းကျွေးပြီး ရွှေရည်ငွေရည်လောင်းပေးခဲ့လို့လားမသိဘူး ဦးတို့မိသားစုဟာ မကြာမီမှာပဲ သိန်း(၅၀၀)ဆုကြီး ပေါက်ခဲ့တော့တာပဲလေကွာ။'

ဦးတို့မိသားစုလည်း ရွာမှာ ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့ပြီး မြို့ကို တစ်ခါတည်း ပြောင်းရွှေ့လာခဲ့တော့တာပဲလေကွာ'

'ဒါဆိုရင် အခု ဦးလေးတို့နေထိုင်တဲ့အိမ်က ဟိုရွာက နေပြောင်းလာပြီးနေတဲ့ အိမ်ပဲပေါ့နော်'

'အေးလေကွာ၊ ဒီမြို့ရောက်တော့ ဈေးအသင့်အတင့် အိမ်တစ်လုံးဝယ်ပြီး ဦးကတော့ အရောင်းအဝယ်လုပ်ငန်းနဲ့ နယ်ဘက် ထွက်နေရတာပဲကွ'

ဌေးမောင်မှာ အောင်အောင်၏အဖေ ပြောပြမှပင် အညာကျေးလက်မှ မြို့သို့ ထီပေါက်ပြီး ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်ကြောင်း သိရတော့သည်။ တကယ်တော့ အောင်အောင်တို့ အိမ်သည်လည်းပဲ ယုတ်ညံ့သောခွေး တက်ခဲ့ခြင်းဖြစ်သည်။ သူတို့အိမ်နီးချင်းမှ ဦးလေးကြီးက အတွေ့အကြုံ ဗဟုသုတရှိသူပီပီ နိမိတ်ဆိုး အတိတ်ဆိုးကို တန့်ပြန်သသောဖြင့် ခွေးတက်သည်ဟု မသုံးနှုန်းဘဲ အိမ်ခေါင်မိုးပေါ်တက်တဲ့ ခြသေ့်မင်းဟူ၍ လက်ဦးအောင် အတိတ်ကောင်း နိမိတ်ကောင်း စကားဖြင့် ပြောလိုက်သောကြောင့် အောင်အောင်တို့မိသားစုမှာ အနိုက်အညွှံ့များ ပြေပျောက်ခဲ့ရပြီး စီးပွားချမ်းသာခဲ့ရခြင်းပင်ဖြစ်သည်။

များသောအားဖြင့် အိမ်ပေါ် ဖွတ်တက်ခြင်း၊ အိမ်ခေါင်ပေါ် ခွေးတက်ခြင်း၊ အိမ်ခေါင်ပေါ် လင်းတနားခြင်းများ ဖြစ်ခဲ့လျှင် ထိုအိမ်တွင် ခိုက်တော့၏။ စီးပွားရေးများ ကျဆင်းခဲ့ရတော့သည်။

ထိုအခြင်းအရာမျိုး ကြုံတွေ့ပါက အိမ်ပေါ်ကို ဖွတ်အစား ဓာတ်ကတက်ကြောင်း၊ အိမ်ခေါင်ပေါ် ခွေးအစား ခြသေ့်မင်းတက်ကြောင်း၊ အိမ်ခေါင်ပေါ် လင်းတအစား ရွှေဟင်္သာနားကြောင်း အတိတ်ကောင်း နိမိတ်ကောင်းဖြင့် ပြောင်းလဲပြောဆိုပေးပါလျှင် မကောင်းသည့်၊ ခိုက်သည့် အညွှံ့များ ကင်းဝေးလျက် ကောင်းကျိုးချမ်းသာများနှင့် ကြုံကြရကြောင်း ဗဟုသုတရှိထားရန် လိုအပ်ပါသည်။

ဌေးမောင်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသွားလျှင် သူ၏မိဘများအိမ်သို့ ပြန်တော့မည်ဖြစ်ပါသည်။ ရွာသို့ရောက်ပါက ထိုအတိတ်ဆိုး နိမိတ်ဆိုးများ ကြုံကြလျှင် အတိတ်ကောင်း နိမိတ်ကောင်းများနှင့် ဖလှယ်၍ ပြောဆိုပေးခြင်းဖြင့် ကောင်းကျိုးချမ်းသာ ရရှိနိုင်ကြောင်းကို ဗဟုသုတနည်းပါးသူတို့အား တစ်ဆင့်ပြန်၍ အသိပေးမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

**တင့်ထူး(ဧရာဝတီ)**

www.burmeseclassic.com

www.burmeseclassic.com

ရှေ့..ဖိုးအောင်၊ အဲဒါ မျိုချ

'အဲဒါ ဘာအလုံးလေးလဲ အဘိုး'

'ထုံးမန်းလေကွာ၊ တစ်ပွဲထိုးထုံးမန်း'

'ဟာ..အဘိုးကလည်း ကွမ်းနဲ့ စားရင်တောင် ပါး စပ်ပေါက်တာ။ ဆီးကင်းလောက် ထုံးခဲကြီး မျိုချရင် သေရချည်ရဲ့'

'ဘာမှမဖြစ်စေရပါဘူး ဖိုးအောင်ရာ။ ငါက မျိုချ ဆိုရင် မျိုချလိုက်စမ်းပါ'

အဘိုး ဘာလုပ်လုပ် အဓိပ္ပာယ် မရှိတဲ့အလုပ်၊ အကြောင်းမဲ့ ခိုင်းတဲ့ အကျင့် မရှိမှန်းသိလို့ ဆီးကင်း လောက်ရှိတဲ့ ထုံးမန်းဆိုတာ ကြီးကို လည်ချောင်းထဲ ဝင်အောင် ရေနဲ့ မျှောချ လိုက်ပါတယ်။

'ဟိတ်..ဒုတ်'

'ယား..တိန်'

'အိ..တောင်'

'ဟ..ဘာလဲဟ၊ ဘာလုပ်ကြတာလဲ'

'ဟား..ဟား..ဟား..ဖိုးအောင်၊ မင်းခေါင်းကို မင်း အစ်မသုံးယောက်က ဝါးရင်းတုတ်နဲ့ အလစ်အငိုက် ရိုက် ချလိုက်တာလေကွာ'

'အဘိုးကလည်းဗျာ..မပြော မဆို'

'မင်းက ပြောလို့ လက်ခံမယ့်






www.burmeseclassic.com

www.burmeseclassic.com

ကောင်မှ မဟုတ်ဘဲ။ ကဲ‥အခု ဝါးရင်းတုတ်နဲ့ သုံးချက် အတုန်လွှဲရိုက်လိုက်တာ မင်း ဘာဖြစ်သွားလဲ'

'မိုက်ခနဲ မိုက်ခနဲ ဖြစ်သွားတယ်'

'ထားပါ။ မင်းခေါင်း မင်းပြန်စမ်းကြည့်။ ပေါက်ပြဲ၊ ကွဲ၊ ဖူးရောင်သွားသလားလို့'

ကျွန်တော် တစ်ခေါင်းလုံး ပြန်စမ်းကြည့်ပါတယ်။ သွေးထွက်သံယို မရှိပါ။ ဖူးရောင်ခြင်းလည်း မရှိပါ။ ဆုကျင်ကိုက်ခဲတဲ့ ဝေဒနာလည်း မခံစားရပါ။

'ဘာဒဏ်ရာမှမရှိဘူး အဘိုး'

'နာတာကျင်တာရော'

'မရှိဘူး အဘိုး'

'အေး‥အဲဒါ ထုံးမန်းရဲ့အစွမ်းပဲ ရှိသေးတာ။ မင်းကို ဖွဲထိုးပြီး တုတ်ပြီး၊ ဓားပြီး၊ လှံပြီးဆေး မထိုးပေးရ သေးဘူး။ သဘောပေါက်ပြီလား'

'ဟုတ်ကဲ့၊ ပေါက်ပါပြီ'

'မင်း လက်ခံပြီလား'

'ဟုတ်ကဲ့'

'အေး‥အဲဒီတော့ မနက်ဖြန် ရက်ရာဇာ နေ့ကောင်း တယ်။ မင်း မနက်ဖြန်ကစပြီး တို့မြန်မာ့ရိုးရာကိုယ်ခံ ပညာတွေဖြစ်တဲ့ ဗန်တို၊ ဗန်ရှည်၊ သိုင်းပညာတွေ စသင် ရမယ်။ ကြားလား'

'သား အဖေနဲ့အမေကို တိုင်ပင်ကြည့်ဦးမယ်'

'ဟား‥ဟား‥မင်းတိုင်ပင်စရာမလိုပါဘူး။ ကြောက် ချေးပန်းပြီး ဆင်ခြေတွေ၊ မြင်းခြေတွေ ပေးမနေပါနဲ့။ ယောကျ်ားဖြစ်ပြီး ကန္တကလျှနဲ့ မင်းပုံစံကို မင်းမိဘတွေက ကျားကျားလျားလျား ယောကျ်ားပီသစေချင်လို့ အဘိုးကို အပ်ပြီးသားပါ ဖိုးအောင်ရဲ့'

ကျွန်တော့်မိဘ နှစ်ပါးက အဘိုးကို ယုံကြည်စိတ်ချ စွာ အပ်နှံထားပြီဆိုမှတော့ ကျွန်တော်လက်ခံရတော့မှာပါ။

ကျွန်တော် အဘိုးသမီး သုံးယောက်ရဲ့ ခုန်ပျံကျော် လွှား ရှေ့ကျွမ်း၊ နောက်ကျွမ်းတွေပစ်ရင်း သိုင်းကစားတာ တွေ ကြည့်ပြီး ဖိုးမောင်နဲ့ လက်ခုပ်လက်ဝါးတီး အားပေး တဲ့ နှစ်ယောက်တည်းသော ပွဲကြည့်ပရိသတ်အဖြစ်က ကိုယ်တိုင်ပါဝင်ဆင်နွှဲရတော့မှာဖြစ်လို့ ကျွန်တော့်ရဲ့ စိုးရိမ် ပူပန်မှု၊ ကြောက်ရွံ့တုန်လှုပ်မှုတွေ စွန့်ပယ်ရတော့မှာပါ။

◆◆◆

လက်ပံနီရွာလို့ခေါ်တဲ့ ကျွန်တော်တို့ရွာ တောင်ဘက် ဖျားကနေ တစ်ခေါ်သာသာလောက် ကွာဝေးတဲ့နေရာမှာ မှိုင်းညို့ညို့တောအုပ်တစ်အုပ် ရှိပါတယ်။ ရွာခံ မဟုတ်သူ တွေကတော့ ရွာဦးဘုန်းတော်ကြီးကျောင်း အထင်ရှိမှာ ပါ။ တကယ်တော့ မဟုတ်ပါဘူး။ အဘိုးဦးအောင်စိန်တို့ မိသားစု ခြောက်ယောက် သီးသန့်နေထိုင်တဲ့ တောအုပ် လေးပဲ ဖြစ်ပါတယ်။

မိသားစုခြောက်ယောက် ဆိုတာက အဘိုး ဦးအောင် စိန်၊ အဘွား ဒေါ်တင်စိန်း၊ သမီးများဖြစ်ကြတဲ့ မကျင်၊ မခင်၊ မတင်နဲ့ အငယ်ဆုံး ယောကျ်ားလေး ထွေးမောင်တို့ ပါပဲ။

သားယောကျ်ားလေးဖြစ်တဲ့ ထွေးမောင်ရဲ့ ကစား ဖော်ဟာ ကျွန်တော်ဖြစ်သလို ကျွန်တော်ရဲ့ ကစားဖော် ဟာလည်း အိမ်နီးချင်း ရွယ်တူကစားဖော်တွေ မဟုတ်ဘဲ ရွာပြင်က ထွေးမောင်ပဲ ဖြစ်ပါတယ်။

ထွေးမောင်၊ ထွေးအောင် နာမည်ရင်းတွေ ရှိကြပေ မယ့် ကျွန်တော့်ကို အဘိုးဦးအောင်စိန်တို့ မိသားစုတစ်စု လုံးက ဖိုးအောင်လို့ခေါ်သလို ကျွန်တော့်မိသားစုကလည်း ထွေးမောင်ကို ဖိုးမောင်လို့ပဲ ခေါ်ကြပါတယ်။

အဘိုးဦးအောင်စိန်မှာ လယ် ဆယ်ဧက၊ နိုင်းကျွဲ နှစ်ကောင်၊ နိုင်းနွား နှစ်ကောင် ပိုင်ဆိုင်ကြပါတယ်။ လယ်ဆယ်ဧကဆိုပေမယ့် ရှစ်ဧကလောက်သာ မိုးတွင်း ဆို စပါး၊ မိုးကုန်ရင် ပဲမျိုးစုံစိုက်ပြီး ကျန်နှစ်ဧကကိုတော့ နှစ်ရှည် သရက်၊ ပိန္နဲ၊ မရမ်း၊ ငှက်ပျောပင်တွေစိုက်ပြီး အိမ်ပတ်ဝန်းကျင်မှာ ကြက်၊ ဘဲ၊ မန်ဒါလီ၊ ငန်း အကောင် ဗလောင်တွေ မွေးထားပါတယ်။

အဘိုးဦးအောင်စိန်တို့ အိမ်ရှေ့မှာ ဘော်လီဘောကွင်း တစ်ကွင်းစာ မြေကွက်လပ်ရှိပါတယ်။ အဲဒီကွင်းကတော့ အဘိုးသမီး သုံးယောက်ရဲ့ ကိုယ်ခံပညာသင်တန်းအတွက် လေ့ကျင့်ရေးကွင်းပဲ ဖြစ်ပါတယ်။

ဘော်လီဘောကွင်းပမာဏရှိပြီး တစ်ဆက်တည်း ဓိပတစ်ရာပတ်လည်မှာတော့ ရာသီပေါ် သီးနှံစိုက်ကွင်း ရှိကာ ကြက်၊ ဘဲ၊ အိမ်မွေးတိရစ္ဆာန် မဖျက်ဆီးနိုင်အောင် ဝါးကပ်တွေ အလုံပိတ်ကာရံထားပါတယ်။ နှစ်ရှည်ပင် ကြီးတွေနဲ့ အိမ်အပါအဝင်ကိုတော့ ဘာနဲ့မှ ကာရံမထား ထားခြင်း မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

အကာအရံ အတားအဆီး မရှိတာကြောင့် လေးဖက်လေးတန် ခြံထဲဝင်လို့ ရပါတယ်။ မာလကာ၊ သရက်၊ ဆီး မည်သူမဆို ခူးဆွတ်စားသုံးခွင့် ပေးထားပေမယ့် ဝမ်းဗိုက်ဆံ့သလောက်ပဲ ခွင့်ပြုတာပါ။ အိမ်အတွက်ရယ် ဆိုပြီး လွယ်အိတ်၊ ခြင်းတောင်း စတာတွေနဲ့ ခြံပြင်ရောက်အောင် တော်အုပ်ကလွတ်အောင် ဘယ်သူမှ သယ်ထုတ်ယူခြင်း မရှိပါဘူး။ ဘာကြောင့်ဆို အဘိုးဦးအောင်စိန်ဟာ အောက်လမ်းဆရာ၊ သရဲမွေးထားသူ၊ ခြံပတ်လည်အင်းမြှုပ်ထားလို့ဆိုတဲ့အသိနဲ့ ကြောက်လန့်တုန်လှုပ်ပြီး မလုပ်ရဲကြတာပဲ ဖြစ်ပါတယ်။

အဘိုးဦးအောင်စိန်ကို ဒီလို ကျွန်တော်တို့ လက်ပံနီတစ်ရွာလုံးက စွပ်စွဲတာ ကျွန်တော့်ပယောဂကြောင့်ပါ။ ကျွန်တော်‌ နောက်မှ ရှင်းပြပါရစေ။

◆◆◆

'ဘာဖြစ်လို့ အောက်လမ်းဆရာလို့ ခေါ်တာလဲ'

ကျွန်တော် အဖေ့ကို မေးပါတယ်။ အဖေက သူဖတ်မှတ်ဖူးတဲ့ စာပေဗဟုသုတနဲ့ ရွာဦးကျောင်းဆရာတော် မိန့်ကြားတာကို ပေါင်းစပ်ပြီး–

သူများအကျိုးစီးပွားကို ဖျက်ဆီးသူ၊ စုန်း၊ ကဝေ၊ နတ်ဆိုး၊ သရဲတွေမွေးပြီး ရောဂါဘယဖြစ်အောင် ပြုလုပ်သူ၊ ဘုရားပစ္စည်းကို ရှာဖွေတူးဖော်သူ သိုက်ဆရာလို့ ပြောပြပါတယ်။ ကျွန်တော့်အတွက် တန်ဖိုးရှိတဲ့စကားပါ။

အဘိုးအောင်စိန်နဲ့ မိသားစုတစ်စုလုံးဟာ ဘယ်သူ့အကျိုးစီးပွားမှ ဖျက်ဆီးကြတာ မဟုတ်ပါဘူး။ သူတို့အကျိုးစီးပွားကို ကာကွယ်တာပဲ ရှိပါတယ်။

လက်ပံနီရွာနဲ့ အနေဝေးပေမယ့် ဘယ်သူနဲ့မှ ဆွေမျိုးတော်စပ်ခြင်း မရှိပေမယ့် အရေးကြီးရင် သွေးနီးတဲ့မိသားစုပါ။ ရပ်ရေးရွာရေး သာရေး နာရေးတွေမှာ ငွေရေးကြေးရေး လက်မတွန့်သလို လူအား၊ လုပ်အား လိုတယ်ဆိုရင်လည်း အလုပ်တွေရပ် အိမ်စောင့်တစ်ယောက် ချန်ပြီး မိသားစုလိုက် ပါဝင်ကူညီတတ်ကြသူတွေပါ။

လက်ပံနီရွာမှာ ဖျားကြနာကြ စုန်းကဝေပြုစားလို့ ပယောဂပါဖူးဝင်တဲ့ ရောဂါဝေဒနာကိုလည်း အခကြေးငွေမယူဘဲ စေတနာ၊ မေတ္တာနဲ့ ကုသပေးပါတယ်။ မီးစာကုန်ဆီခန်း ကံကုန်လို့သေတဲ့ လူနာမှအပ အဘိုးအောင်စိန်ကုလို့ ဖိတ်စဉ်သွားတဲ့လူ မရှိသလောက်ပါဘဲ။

မကြိုက်ဘူး၊ မနှစ်သက်ဘူး ဆိုတာထက် အဘိုးအောင်စိန်အပေါ် စိတ်အလိုမကျတာတော့ ရှိပါတယ်။ ဘယ်လောက်ပဲ မျက်နှာကြီးကြီး ဘယ်လိုပဲအရေးပေါ်ပေါ် လူနာအိမ် သွားရောက်ကုသပေးခြင်း မရှိတာကြောင့်ပါ။

အဘိုးအောင်စိန်ရဲ့ ကုသနည်းက လူနာရဲ့ မွေးသက္ကရာဇ်၊ နေ့နံမေး၊ ရောဂါလက္ခဏာအခြေအနေကို မေးစမ်းပြီး လူနာအတွက် ရည်စူးပြီး ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပြီး စာရွက်ကြမ်းနဲ့ တွက်ချက်၊ စက္ကူပေါ် အင်းကွက်တွေချ၊ အဲဒီအင်းကွက်ကို လုံးပြီး ရေနဲ့ မျှောချတဲ့နည်း၊ မီးရှို့ပြာချပြီး သောက်ခိုင်းတဲ့နည်းတွေနဲ့ ကုတာပါ။ အဘိုးအောင်စိန်ရဲ့ စေတနာ၊ မေတ္တာ၊ သီလ၊ သမာဓိ၊ သစ္စာတရားတွေကြောင့် ဆေးစွမ်းထက်လို့ လူနာတွေ သက်သာကြတာဖြစ်လို့ စိတ်အလိုမကျတာတွေ ချေဖျက်နိုင်ပါတယ်။

ဘာရောဂါကိုပဲကုကု တစ်မျိုးတည်းသော ကုနည်းကတော့ အင်းကွက်ချ ကုသတာကြောင့် ကျွန်တော်တို့ တစ်ရွာလုံးက အဘိုးအောင်စိန်ဆိုတဲ့ အမည်ကိုဖျောက်ပြီး သတ်မှတ်ပေးလိုက်တာကတော့–

ဦးအင်းစိန်။

◆◆◆

လက်ပံနီတစ်ရွာလုံးက အဘိုးအင်းစိန် မိသားတစ်စုလုံးကို ဘာသာတရားကိုင်းရှိုင်းသူ၊ ရပ်ရွာအကျိုး သယ်ပိုးသူ၊ လူနာတွေရဲ့ အသက်သခင် ကျေးဇူးရှင်ရယ် လေးစားလက်ခံ ယုံကြည်ကြပေမယ့် အချို့သောလူနည်းစုကတော့ သံသယရှိနေကြပါတယ်။

အဘွားဒေါ်တင်စန်း လက်ပံနီရွာဈေးမှာ အမဲသား၊ ဝက်သားကို ပိဿာလိုက်ဝယ်တဲ့ကိစ္စပါ။ သရဲမွေးထားလို့ သရဲကို သားစိမ်းငါးစိမ်း ကျွေးဖို့လို့ အထင်ရှိပါတယ်။ အမှန်က အဘွားဒေါ်တင်စန်း နေ့တိုင်း ဈေးဝယ်မထွက်ပါဘူး။ တစ်ပတ် တစ်ခါလောက်ပဲ ထွက်တာပါ။ စားအိုးကြီးတဲ့ သူတို့မိသားစု တစ်ပတ်စာ၊ အခြောက်လှန်း၊ ချဉ်တိုက်၊ ဆားနယ်ပြီးစားတာ မသိကြလို့ပဲ ဖြစ်ပါတယ်။

ခြံထဲမှာ သရဲမွေးထားတယ်ဆိုတာလည်း ထင်ကြေးနဲ့ စွပ်စွဲပြောဆိုကြတာပါ။ ဘာသံရဲမှ မမွေးဘဲ အချဉ်သဖွယ် အနားတွေမှာ အင်းမြှုပ်ထားတာပါ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ပြောခဲ့ပြီးပါပြီ။ အဘိုးအင်းစိန်ဟာ ခြံတွင်း နှစ်ညှာသီးနှံတွေကို အကြွေသီးကိုပဲ ကောက်စားစား၊ ပင်မှည့်သီးကိုပဲ ဆွတ်ခူးစားစား ဝမ်းဗိုက်ဆံ့သလောက် စားနိုင်ဖြူထားပေမယ့် လောဘနဲ့ လွယ်အိတ်၊ ခြင်းတောင်းနဲ့တော့ သယ်ယူခွင့်မပြုနိုင်အောင် အင်းမြှုပ်ထားခြင်းပဲ ဖြစ်ပါတယ်။

လက်ပံနီရှာ ကာလသားပေါက်တွေ သွေးတိုးစမ်းတဲ့ သဘောနဲ့ ပင်မှည့်ရော ကြွေကျရော သရက်သီးမှည့်၊ ရေမ်းသီးမှည့်တွေ အထဲမှာ စားသောက်ပြီး လွယ်အိတ်ထိုယ်စီနဲ့ ခြံပြင်ထွက်တယ်ဆိုရင်ပဲ မူးဝေအော့အန်ကုန်ပါတယ်။ ဒါကို ကြားသိတဲ့ အဘိုးအင်းစိန်ဟာ သင်းထိုက်နဲ့ သင်းကံပဲဆိုပြီး ပစ်ပယ်မထားဘဲ သူကိုယ်တိုင်အိမ်ပေါ် ခေါ်တင်ပြီး အင်းချသောက်ခိုင်းပြီး ပျောက်ကင်းအောင် ကုပေးပါတယ်။ နောက် လိုချင်ရင် တောင်းယူဖို့လည်း မှာပါတယ်။

သရဲခွေးတယ်၊ အောက်လမ်းနည်းနဲ့ လုပ်တယ်ဆိုတဲ့ သံသယဟာ အဲလိုနဲ့ စတာပါ။

လူတစ်စုရဲ့ သံသယကို အတည်ပြုဖြစ်သွားတာကတော့ ကျွန်တော်ဆိုတဲ့ ဖိုးအောင်ခေါ် ထွေးအောင်ဖြစ်ကြောင်း ကျွန်တော် စောစောက တင်ပြခဲ့ပါတယ်။

◆◆◆

မနှစ်က ဆိုပါတော့။

ကျွန်တော် အဘိုးအင်းစိန်ဆီက မြန်မာ့သိုင်းသင်တန်းတက်ရသေးခင် တစ်ရက် ဖိုးမောင်နဲ့ အရိပ်အာဝါသကောင်းတဲ့ ခြံထဲမှာ ဆော့ကစားရင်း ငှက်ပျောတောထဲအရောက် ရင့်ထော်ပြီး အမွေးတွေတက် လက်ရင်းဖီးတွေတောင် ဝင်းမှည့်နေတဲ့ ဖီးကြမ်းငှက်ပျောခိုင်ကြီးကို တွေ့မြင်ရတာကြောင့် အဘိုးဆီက တောင်းပါတယ်။

‘အဘိုး··ငှက်ပျောခြံထဲမှာ ဖီးကြမ်းငှက်ပျောခိုင်ကြီးရင့်ထော် အမွေးတွေတက်ပြီး လက်ရင်းဖီးတွေတောင်မှည့်နေတယ်’

‘မင်း အဲဒီငှက်ပျောခိုင်ကြီး လိုချင်တယ် ဆိုပါတော့’

‘ဟုတ်တယ် အဘိုး’

‘ဘယ်နှစ်ဖီးလောက် ရှိလဲ’

‘ဆယ်ဖီးလောက် ရှိမလားပဲ’

‘အခိုင်လိုက် ထမ်းနိုင်ပါ့မလား’

တစ်ဆယ့်နှစ်နှစ်သားအရွယ်သာရှိသေးတဲ့ ကျွန်တော့်ကို မနိုင်ဘူး အထင်နဲ့ မေးတာပါ။ တစ်နှစ်ကျော် သိုင်းကစားထားလို့ တောင့်တင်းခိုင်မာနေပြီဖြစ်တဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ယုံကြည်လို့ ထမ်းနိုင်တဲ့အကြောင်း အဘိုးကို လက်မထောင်ပြီး ဝံ့ကြွားစွာပြောလိုက်ပါတယ်။

‘ထမ်းနိုင်ရင် ပြီးတာပါပဲကွာ။ သွားခုတ်ယူ’

‘အဘိုး ပညာမပြနဲ့နော်’

‘ဟား··ဟား··ဖိုးအောင်ရယ်၊ ငါ့သား လိုချင်တဲ့မင်းကို အဘိုးက ဘာလို့ပညာပြရမှာလဲ’

‘အဘိုး တကယ်ပြောတာနော်’

‘အေးပါ၊ တစ်ခုတော့ ပြောမယ်နော်’

‘ဘာပြောမှာလဲ အဘိုး’

‘မင်း ခြံအပြင်ကို ရောက်အောင်တော့ ကြိုးစားရလိမ့်မယ်’

အဘိုးမျက်နှာ ပြုံးချိုချိုနဲ့ပါ။ ဒါပေမဲ့ အဓိပ်အဆို့ အကာအရံ အတားအဆီး ဘာမှမရှိတဲ့ အဘိုးရဲ့ ဥယျာဉ်ဟာ ဘယ်နေရာကဝင်ဝင် ဘယ်နေရာကထွက်ထွက် လွယ်ကူစွာ ဝင်ထွက်လို့ရပါတယ်။ ကျွန်တော်နဲ့ ဖိုးမောင် ခြေရာချင်းထပ်အောင် ဆော့ကစားနေကျပါ။ ပြောရရင် ဒီဥယျာဉ်ခြံမြေထဲမှာပဲ ကျွန်တော် ကြီးပြင်းခဲ့တာပါ။ ကျွန်တော့်မျက်နှာကို အဝတ်စည်းပိတ်ထားတောင်မှ ဝင်ထွက်လို့ မခက်ခဲပါဘူး။

ကျွန်တော့်ယုံကြည်ချက်၊ ကျွန်တော့်ခံယူချက်ပါ။

လက်တွေ့မှာတော့ ငှက်ပျောခိုင်ကြီးကို မနိုင်မနင်းနဲ့ထမ်းပြီး ခြံပြင်ထွက်မရဘဲ ခြံထဲမှာပဲ တဝဲဝဲလည်နေပါတယ်။ ငှက်ပျောခိုင်ကြီးကို အမှတ်အသားလုပ်ပြီးထားထွက်ပေါက်ရှာတွေ့ပြီဆိုတော့ ငှက်ပျောခိုင်ကြီး ပြန်သယ်ထွက်ပေါက် ပြန်ပျောက်။ နီးရာမှာချ ပြန်ရှာ ပြန်တွေ့ ငှက်ပျောခိုင်ကြီးက ပြန်ပျောက်နဲ့ မနက်(၁၁)နာရီလောက်ကတည်းက ထမင်းမစားဘဲ လုပ်ငန်းစတာ နေတော်တော်စောင်းလို့တောင် ကျွန်တော် ခြံပြင်မရောက်ဘဲ ဝဲလည်နေပါတယ်။

ရေဆာလို့ နှုတ်ခမ်းတွေ ခြောက်နေပါပြီ။

ဗိုက်ဆာလို့ မှည့်ဝင်းတဲ့ လက်ရင်းဖီးက ငှက်ပျောသီးတွေ ဖဲ့စားတာ တစ်ဝက်ကျိုးနေပါပြီ။ တော်တော့အဆုံး ကျွန်တော် ဖွဲ့လျှော့ပြီး အရှုံးပေးလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

'အဘိုးရေ..အဘိုး'

မိနစ်ပိုင်းအတွင်းမှာပဲ အဘိုး ရောက်လာပါတယ်။ မျက်နှာက မချိုမချဉ်နဲ့ပါ။ ကျွန်တော် စိတ်ရော လူရော ညစ်အောင် ကျီစားလို့၊ စလို့၊ နှောက်လို့ အားရပြီး ကျေနပ်ပီတိဖြစ်နေတဲ့ သဘောပါ။

'အဘိုးဗျာ..ဘာမှမလုပ်ဘူး ပြောပြီးတော့'

'မင်းကို ချစ်လို့စတာပါကွာ'

'အဘိုး ချစ်ပုံကြီးက ကြောက်စရာကြီးဗျာ'

ကျွန်တော် စိတ်ဆိုးချင်ယောင်ဆောင်ပြီး မျက်နှာရော အသံပါ ပြောင်းလိုက်တာကြောင့် အဘိုးဟာ သူကိုယ်တိုင်ပဲ ငှက်ပျောခိုင်ကြီးထမ်းပြီး မြဲပြင်ကို ဦးဆောင်ခေါ်ထုတ်ပေးပါတယ်။

'ဟယ်..မောင်လေးရယ်'

'တို့ကို လှမ်းခေါ်ပါလား'

ကျွန်တော့်အိမ်ရှေ့ရောက်တော့ ကျွန်တော့်အစ်မ သုံးယောက်လုံး အိမ်ပေါ်က ပြေးဆင်းပြီး ကြိုပါတယ်။ မနိုင်မနင်းနဲ့ ထမ်းလာရကောင်းလားလို့ ဗျစ်တောက်,ဗျစ်တောက်နဲ့ အပြစ်ဖို့ပြောဆိုကြပါတယ်။

ကျွန်တော် အမောပြေတဲ့အခါ ဖြစ်ကြောင်းကုန်စင် ပြောပြတဲ့အခါ ရင်ဖိ စုတ်သပ် မျက်လုံးတွေပြူးပြီး ...ကြည့်နေကြပါတယ်။

အဘိုးဘက် မြှားဦးလှည့်ပြီး အမုန်းပွားမှာ စိုးရိမ်... နှောက်တာ၊ စတာ၊ ကျီစားတာပါလို့ ဖြေသိမ့်စကား ပြောပါတယ်။

ဘူးတစ်ရာအပေါက် ပိတ်လို့ရတယ်၊ ပါးစပ်တစ်ပေါက် ပိတ်ဖို့မရ ဆိုစကားလိုပဲ ကျွန်တော့်အစ်မ သုံးယောက် ဖွလိုက်တာကြောင့်-

အဘိုးဟာ အောက်လမ်းဆရာ၊

အဘိုး သရဲမွေးတယ်။

သူ့သားနဲ့ တန်းတူချစ်တဲ့ ထွေးအောင်ကိုတောင် အလွတ်မပေးဘူးလို့ ကျွန်တော်သိပ်ချစ်တဲ့ အဘိုးကို မတော်မတရား စွပ်စွဲပြောဆိုကြတာကြောင့် ကျွန်တော် စိတ်မချမ်းမသာ ဖြစ်ရပါတယ်။

ရှစ်ခွင်ကျော်(မောင်တော်သီ)


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကော်င်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်မပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်, ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ...သာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521


www.burmeseclassic.com

www.burmeseclassic.com

**အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ သိချင်း၊ ဘဝေါ ဆိုတာ**

အရှေ့တောင်ကျွန်း ဩဘာနိမိတ်ထွန်းလို့ ဆိုရိုးစကားရှိခဲ့တယ်လေ။



ကျွန်ုပ်တို့ မှီတင်းနေထိုင်ကြတဲ့ အရှေ့တောင်အာရှနိုင်ငံ တော်တော်များများက နိုင်ငံသားတိုင်းဟာ အတိတ်၊ နိမိတ်၊ တဘောင် စတာတွေကို သူ့နည်းသူ့ဟန်နဲ့ သက်ဝင်ယုံကြည်နေကြတာပါ။

ကျွန်ုပ်တို့၏ မြန်မာလူမျိုးတွေကလည်း အရှေ့တောင်ကျွန်း ဩဘာနိမိတ်ထွန်းဆိုတဲ့ စကားအတိုင်း အတိတ်၊ နိမိတ်တွေကို အရိုးစွဲ ယုံကြည်ကြတာပါပဲ။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် နိမိတ်ကောက်ကြတာတို့၊ အတိတ်ယူကြတာတို့က လွန်လွန်ကျူးကျူး ဖြစ်ကြပါတယ်။

သည်အတိတ်၊ နိမိတ်တို့ကို လွန်လွန်ကျူးကျူး ယုံကြည်ကြတာက ကျွန်ုပ်တို့ ယောကျ်ားလေးများနဲ့စာရင် မိန်းမတွေက ပိုမိုယုံကြည်တတ်ကြတာပါ။ ယုတ်စွအဆုံး အခုခေတ်စားနေတဲ့ ထိုင်းကလာတဲ့ နှစ်လုံး၊ သုံးလုံး ချဲထီတွေကိုတောင် အတိတ်နိမိတ်ယူပြီး ထိုးတတ်ကြလို့ မနက်စာနဲ့ ညစာငတ်တာတို့၊ အဝတ်အစား အိုးခွက်ပေါင်ရ၊ ရောင်းရတာတို့ ဖြစ်ကုန်ရော။

တချို့ လက်ကြီးကြသူတို့က အိမ်ပေါင်၊ ကားပေါင်(ရောင်း) ဖြစ်ကုန်ပြီး နောက်ဆုံး လင်မယားကွဲကုန်ကြတာ။ မိသားစုပြိုကွဲသွားတာ ဒုနဲ့ဒေးပါပဲ။ တချို့ဆို ကိုယ်ကိုယ့်ကိုယ်တောင် သတ်သေသွားတာတောင် ရှိကြပါတယ်။

ဒါတွေက အတိတ်၊ နိမိတ်တွေကို နားမလည်ဘဲ ကိုယ်ထင်ရာ

www.burmeseclassic.com

www.burmeseclassic.com

မောင်မြိုင်

# ဘအောင်စိန်ရဲ့ အတိတ်နိမိတ်ပြောင်းပြန်



ကိုယ်တွေးကြတဲ့ အကျိုးဆက်တွေပါပဲ။

တကယ်တတ်သိနားလည်တဲ့ ပညာရှင်တွေ ကောက်ကြတဲ့ အတိတ်၊ နိမိတ်တွေဆို မှန်ကန်တိကျပြီး အကျိုးဆက်ရောက်မှု ရှိခဲ့တာ ရှေးကစပြီး သည်နေ့တိုင်အောင်ပါပဲ။

ဥပဒေဝန်ထမ်းတွေမှာလည်း အယူသီးမှုတွေ ရှိနေတာပါ။ ဥပမာ-ရုံးဘွဲ့နက ဂါတ်စာရေးစားပွဲကို သွားခါက်တာကို ဂါတ်စာရေးတွေ လက်မခံကြပါဘူး။ သွားခါက်မိရင် အမှုကြီးတွေ(ဥပမာ-လူသတ်မှု)တွေ ပါဝင်လာတတ်ကြလို့ပါ။ ဟုတ်နေတာ ဆိုပေမယ့် ဂါတ်စာရေးတောင် နားမလည်ကြပါဘူး။ နောက် အိပ်မက်ကပေးတဲ့ အကြောင်းအရာတွေကလည်း ကောက်တတ်ရင် မှန်ကန်တတ်ပါတယ်။

သည်အတိတ်နိမိတ်တွေကို အရှေ့တောင်အာရှတိုက်ကလူတွေ ဘာလို့ ယုံကြည်ကြပါသလဲ။ အတိတ်၊ နိမိတ် နားလည်သူတွေက မှန်အောင် ဟောနိုင်ကြလို့ ယုံကြည်ကြတာပါပဲ။

## ရှေးရှေးက အတိတ်၊ နိမိတ်များ

အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘာဝေါ၊ သီချင်း စတဲ့ ပညာရပ်တွေကို ရှေးမြန်မာဘုရင်တွေ ကိုယ်တိုင်လည်း ယုံကြည်ခဲ့ကြတာပါ။ တိုင်းပြည်နဲ့ ဘုရင်၊ မိဖုရားတို့ရဲ့ လုပ်ဆောင်မှုတိုင်းကို ကြည့်ရင် သိနိုင်ပါတယ်။

သည်နေ့တိုင် ခေတ်တိုင်း တိုင်းပြည်အုပ်ချုပ်ခဲ့တဲ့ အစိုးရအဆက်ဆက်လည်း အတိတ်၊ နိမိတ်တွေကို ယုံကြည်ကြလို့ ဆရာကောင်းရှာပြီး လုပ်ဆောင်နေကြတာ မဟုတ်လား။

စစ်အာဏာရှင်ခေတ် နှစ်ငါးဆယ်လုံးလုံး ပြည်သူကို အာဏာလွှဲမပေးချင်လို့ ရွှေတိဂုံဘုရားပေါ်ကို မပြောင်းဘူးလို့ အတိတ်ဆောင်တဲ့ ပြောင်းဖူးဆွဲတက်ခဲ့တာတို့၊ ကြက်ဆူပင် စီမံကိန်းတို့ဟာ လူတိုင်း သိကြပါတယ်။ ခေတ်အဆက်ဆက် တိုင်းပြည်အုပ်ချုပ်တဲ့ မင်းတွေရဲ့ လုပ်ရိုးလုပ်စဉ်တွေပါပဲ။ ရှေးခေတ်ဘုရင်တွေ လက်ထက်ကိုလည်း နည်းနည်း ပြန်ပြောင်းကြည့်ရအောင်ပါ။

ရှေးဘုရင်တွေ လက်ထက်ကို ကြည့်ရင် ပညာရှိသုခမိန်တို့က အတိတ်၊ နိမိတ်ကောက်ပြီး တိုင်းပြည်ကောင်းဖို့အတွက် အကြံဉာဏ်ကောင်းတွေ ပေးခဲ့ကြတာပါ။ သည်ထဲမှာ အထင်ရှားဆုံးက ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်မှာ လျှမ်းလျှမ်းတောက် တော့

www.burmeseclassic.com

ကြားခဲ့တဲ့ ပညာရှိသုခမိန် ဦးနိုးဆိုတာ ရှိခဲ့ဖူးတယ်။ အယူတော်မင်္ဂလာ ဦးနိုးလို့ လူသိများပါတယ်။

ပုဂံခေတ် အနော်ရထာမင်းကြီးဆိုလည်း ဖားမငိုသံ အတိတ်ကြောင့်ပဲ ကျည်ပင်စောင့်နတ်က ကျွဲယောင်ဆောင်ပြီးခတ်လို့ ကံကုန်ခဲ့ရတာ မဟုတ်လား။

စလေရွာသား ငခွေးဆိုသူလည်း လှေထိုးလိုက်ရင်း ထိုးဝါးမှာ ရွှေလင်ပန်းတွေ ကပ်ပါလာပေမယ့် မယူဘဲ နားလည်သူ ပညာရှိကို မေးမြန်းလို့ ပုဂံထီးနန်းကို ရခဲ့တာ ပုဂံရာဇဝင်မှာ အတိအလင်းရှိပါတယ်။

ကုန်းဘောင်ခေတ် မထွန်းကားမီ ရွှေဘိုနယ်တစ်လွှားမှာ အောင်ဇေယျတုသဗ္ဗမင်္ဂလံ ဆိုတဲ့တဘောင်ကို လူတိုင်းဆိုနေကြလို့ ပညာရှိတွေ အတိတ်ကောက်ကြတယ်။

အောင်ဇေယျ အမည်ရှိသူ ဘုန်းတော်ကဲတော့မယ်လို့ ဟောပြီး မကြာမီမှာပဲ အလောင်းဘုရားဘွဲ့ခံ ဦးအောင်ဇေယျဆိုသူ လူငယ်က ကုန်းဘောင်မင်းဆက်ကို တည်ဆောက်နိုင်ခဲ့တာ အထင်အရှားပါ။

ကုန်းဘောင် နေဝင်ချိန်မှာလည်း အိမ်ရှေ့စံ ကနောင်မင်းသားကြီး လွှတ်တော်တက်ဖို့အသွား ရေမြောင်းလေးကို ခုန်အကူး ဘောင်းတော်(ခေါင်းပေါင်း) ကျွတ်ကျသွားလို့ နားလည်သူတွေက အတိတ်ကောက်ပြီး လွှတ်တော်မတက်ရန် တားသော်လည်း ခေတ်မီတဲ့ ကနောင်မင်းသားကြီးက မယုံကြည်ဘဲ လွှတ်တော်တက်ခဲ့လို့ တူနှစ်ယောက်ဖြစ်တဲ့ မြင်ကွန်း၊ မြင်းခုန်တိုင် ညီနောင်တို့ လုပ်ကြံခံလိုက်ရတာ ကုန်းဘောင်ရာဇဝင်မှာ အထင်အရှားပါ။

သီပေါမင်းသား နန်းရခါနီးမှာလည်း အရူးမ မိချမ်းက ရွှေမိုးရွာလို့ မယ်မအေး၊ ငွေမိုးရွာလို့ မယ်မအေး၊ ပထမပြန် ရှင်လူထွက် နန်းတက်မှအေးလို့ မန္တလေး(ရတနာပုံ)တစ်ခွင် လိုက်ဆိုနေလို့ မကြာခင်ကာလမှာပဲ သီပေါမင်းသား နန်းရခဲ့တာ မဟုတ်လား။

နောက် ရဟန်းတော်ထဲက မ,သုံးလုံးကျော်ဆရာတော်ဖြစ်တော်မူတဲ့ ပိဋကတ်အကျော် ခင်ကြီးဖျော်ဆရာတော်ကြီးလည်း (၁၁၂၄)ခုနှစ်မှာ နာမကျန်းဖြစ်တော်မူတယ်။ ဆရာတော်ကြီးက ဗေဒင်၊ နက္ခတ်၊ အယူတော်မင်္ဂလာ အတိတ်၊ နိမိတ်တို့ကို အထူးကျွမ်းကျင်တော်မူတော့ ဆရာတော် မကျန်းမာစဉ်မှာ သီဘောသုဦးဆယ်ဆိုတဲ့ စကား ပေါ်လာတယ်။ သည်စကားတဘောင်ကို ဆရာတော်ကြီး ကြားရတော့ အတိတ်ကောက်ထွက်ပြီး ငါ မကြာခင် ပျံလွန်တော်မူတော့မယ်လို့ မိန့်ကြားပြီး မကြာခင်မှာပဲ ပျံလွန်တော်မူပါတယ်။

ဆရာတော်ကြီး အတိတ်ကောက်ပုံကို ကြည့်ပါ။

—ဘော-အို··အချင်းတို့၊ သီ-သီလရှိသော၊ ဆယ်-အင်္ဂါသား ငါသည်၊ သုဦး-စုတေတော့မည်··တဲ့။

သည်လို ရှေးက အတိတ်နိမိတ်ကောက်ယူပုံတွေကို ရေးပြနေတာ အကြောင်းရှိလို့ပါ။ တစ်ခုခု အတိတ်ကောက်တော့မယ်ဆိုရင် တတ်သိနားလည်တဲ့ ပညာရှင်တွေထံမှာ မေးမြန်းစေချင်လို့ပါ။

အချို့အဖြစ်တွေက အတိတ်၊ နိမိတ် ကောက်ရင် ပြောင်းပြန်ကောက်ရတာတွေလည်း ရှိတတ်ပါတယ်။

ကျွန်ုပ်သူငယ်ချင်း မဲလုံးရဲ့မိန်းမ အတိတ်ကောက်ယူပုံများလို့ သောကတွေ ရင်မှာပိုက်ပြီး ငိုပွဲဆင်ခဲ့ဖူးပါသေးတယ်။ သူမက ကျွန်ုပ်နဲ့လည်း ကျောင်းနေဖက် သူငယ်ချင်းဖြစ်တဲ့ နော်သန်းသန်းလှဆိုတဲ့ ကရင်မလေးပါ။

**အချစ်ရူး မဲလုံး**

ကရင်မ နော်သန်းသန်းလှက ကျွန်ုပ်ရဲ့ အချစ်ဆုံးသူငယ်ချင်း အောင်ထူးလို့ခေါ်တဲ့ မဲလုံးရဲ့ အချစ်ဆုံးမိန်းမပါ။ နော်သန်းသန်းလှကို မဲလုံးက ခက်ခက်ခဲခဲ ယူခဲ့ရတာပါ။

သူငယ်ချင်းအောင်ထူး ဆိုတဲ့ကောင်က အသားက မည်းမည်း၊ မျက်နှာကပြုံပြုံ၊ သွားက နည်းနည်းခေါ်နေသေးတယ်။ ဒီကောင်မဲလုံးရဲ့ ကောင်းကွက်လေးက အမြဲပြုံးနေတာရယ်၊ အားလုံးအပေါ်မှာ သည်းညည်းခံတတ်တာရယ်၊ လူတိုင်းကို အကူအညီပေးတတ်တာရယ်ပါပဲ။

မဲလုံးအမေ မုဆိုးမကြီးက မဲလုံးကို တစ်ကောင်တည်း မွေးထားတာ။ ပစ္စည်းရှိသလားဆိုတော့ မရှိဘူးလို့ပဲ ပြောရမှာပါ။ သူတို့သားအမိ ပိုင်တာဆိုလို့ အခုနေထိုင်တဲ့ အိမ်ပိုင်းလေးရယ်၊ လယ်ဧက ငါးဧကသာ ပိုင်တာပါ။

မဲလုံးက ဆယ်တန်းကျောင်းသား ဖြစ်ပေမယ့် ပေါ့ပေါ့နေ ပေါ့ပေါ့စားတဲ့လူမျိုး မဟုတ်ပါဘူး။ ကျောင်းပိတ်ချိန်တွေမှာ ပျိုးနုတ်ချိန်ဆို ပျိုးနုတ် လက်ခစားလိုက်သွား။ ဟိုအိမ် သည်အိမ်က ခိုင်းရင်လည်း ဖင်ပေါ့ပေါ့နဲ့ လိုက်လုပ်ပေးတတ်တယ်ဆိုတော့ သူ့သုံးစွဲဖို့နဲ့ ကျောင်းစရိတ်

www.burmeseclassic.com

www.burmeseclassic.com

တော့ ရတာပေါ့။ တစ်ခါတလေ ကျွန်ုပ် ငွေပြတ်ရင် မဲလုံးကပဲ လက်ဖက်ရည်တိုက်ရတာပါ။

ကျွန်ုပ်သူငယ်ချင်း အောင်ထူးကို ချစ်စနိုးနဲ့ မဲလုံးလို့ ခေါ်တဲ့နောက်ပိုင်း တစ်ရွာလုံးက မောင်မဲလုံး၊ အစ်ကို မဲလုံး၊ ညီလေးမဲလုံးတွေ ခေါ်ကုန်ကြရော။ မဲလုံးလို့ခေါ်လို့ သူ စိတ်မဆိုးတဲ့အပြင် မှန်ကြီးပေးလိုက်တဲ့ မဲလုံးက ကြော်ငြာခ မကုန်ဘဲ နာမည်တစ်လုံး တိုးသွားတာပဲ။ ကောင်းကွာတဲ့လေ။ စိတ်ထားကောင်းတဲ့ နေရာမှာတော့ ကမ္ဘာ့ရှားပါပဲ။

ကျွန်ုပ်ရယ်၊ မဲလုံး အောင်ထူးရယ်၊ ကရင်မ နော် သန်းသန်းလှရယ်က ရှစ်တန်းမှာကတည်းက သူငယ်ချင်းတွေ။ ပြောမနာဆိုမနာ တစ်ယောက်မုန့် တစ်ယောက် လုစားနေကြတာ။ ကျွန်ုပ်တို့ ဆယ်တန်းကို ရွာလွတ် အထက်တန်းကျောင်းမှာ တက်ကြရတာ။ တစ်နေ့ မုန့်စားဆင်းချိန် မဲလုံးက ကျွန်ုပ်ကို တိုးတိုးလေးတိုင်ပင်လာတယ်။

'သူငယ်ချင်း တင်ထွန်းနိုင်ရေ ငါ သန်းသန်းလှကို ချစ်နေမိပြီကွာ။ ဖွင့်ပြောလိုက်ရင် ကောင်းမလား။ မင်းရော သဘောတူလား မှန်ကြီး'

'ရှိုးမှုပဲ။ ဟေ့ကောင် မဲလုံး၊ ငါ့ကို သဘောတူလား၊ စတူလား မေးရအောင် ငါက သူ့အဖေ၊ သူ့အစ်ကိုလည်း မဟုတ်ဘူး။ မင်းကြိုက်ရင် ပြောပေါ့ကွ။ ငါကူညီပေးရမယ်ဆိုလည်း ကူညီပေးမယ်။ မင်းထင်နေတာက ကရင်မကို ငါကြိုက်နေတယ် ထင်လား။ သူငယ်ချင်းအဆင့်ပါကွာ။ မဲလုံးရေ Good တယ်ထင်ရင် Do သာ Do လိုက်ကွ။ ဒါပေမဲ့ မင်းတို့နှစ်ယောက်က လိုက်မှာပါ။ ကျီးကန်းက ဘဲဥချိုသလိုပေါ့ကွာ။ ဟား..ဟား..ဟား'

ကျွန်ုပ်က မဲလုံးကို နောက်လိုက်တော့ ခွေးကောင်လို့ ဆဲပြီး မဲလုံးရဲ့မျက်နှာ ပြုံးပြုံးကြီးဖြစ်သွားတာ ဒီနေ့ထိ မမေ့နိုင်ပါဘူး။ အလွန်ပျော်တဲ့မျက်နှာနဲ့ ပြုံးချိုလို့နေတယ်။

ကျွန်ုပ်သူငယ်ချင်း မဲလုံး အချစ်ရူးထပြီး တစ်လလောက် ကြာသွားလေပြီ။ ကျွန်ုပ်တို့သုံးဦး ကျောင်းမှာ တွေ့ကြသော်လည်း သည်အကြောင်းကို မပြောဖြစ်ကြတော့။ ကျွန်ုပ်တို့ တက္ကသိုလ်ဝင်တန်း ဖြေဆိုဖို့ကလည်း နှစ်လလောက်သာ လိုတော့လို့ ကျွန်ုပ်တို့ စာနဲ့ နပန်းလုံးကြရတယ်။

ညဘက် ညဉ့်နက်အောင် စာကြည့်ထားပေမယ့် မနက် အဖေ၊ အမေတို့ စောစောနိုးပြီး အိမ်အလုပ်၊ လယ်ထဲဆင်းဖို့ ပြင်ဆင်နေကြလို့ တစ်ရွာလုံး နိုးနေကြတာ။ ရွာတွေရဲ့ ဓလေ့တစ်ခုပါပဲ။ မြို့သားတွေလို နေမြင့်အောင် မအိပ်ကြတာ. တောရွာရဲ့ ချစ်စရာဓလေ့ပါပဲ။

ကျွန်ုပ်လည်း ညက ကျောင်းစာကို ညဉ့်နက်အောင် ကြည့်ထားပေမယ့် မနက် အဖေ၊ အမေတို့နိုးတော့ ကျွန်ုပ်ပါ အိပ်ရာကထပြီး မျက်နှာသစ်၊ စာပြန်နွှေးပါတယ်။ ရောင်နီပေါ်လို့ အလင်းရောင်လာတော့ အိမ်ခြံထဲဆင်း၊ မတ်တတ်မြက်စည်းနဲ့ ညက ကြွေထားတဲ့ သစ်ရွက်တွေ လှည်းကျင်းနေတယ်။ အလင်းရောင် ပီပီသသ ပေါ်လာချိန်မှာ အပြုံးဆုံးမျက်နှာ၊ အချိုဆုံးမျက်လုံး၊ အမည်းဆုံး မျက်ခွက်ကြီးနဲ့ မဲလုံး ခြံထဲဝင်လာတယ်။ လက်ထဲမှာလည်း အစိမ်းရောင် စာအိတ်လေးကိုင်ပြီး နမ်းပြလိုက်လို့ ကျွန်ုပ် အမြင်ကတ်သွားရတယ်။

'ဟေ့ကောင် မဲလုံး၊ မနက်စောစောစီးစီး ဘာအရူးထလာတာလဲ'

ကရင်မ မယ်ဥမ္မာဆီက ဒီကောင့်ကို မီးစိမ်းပြလိုက်ပြီဆိုတာ မဲလုံး မပြောဘဲ သိလိုက်ရတယ်။ အမြင်ကပ်ကပ်နဲ့ မဲလုံးကို ထပ်ကလိလိုက်ပြန်တယ်။

'ဟေ့ကောင်၊ မင်းသွားတွေ လာဖြဲပြမနေနဲ့။ ငါက နွားမှတ်လို့ အမဲဖော်လိုက်မှာနော်။ အေးလေ.. မင်း ကရင်မရဲ့နွား ဖြစ်တော့မှာပါ။ မကြာခင် ရုန်းရတော့မှာပါ ငနွားရယ်'

'မင်းဆိုတဲ့ မှန်ကြောင်က အချစ်ကို ဘာနားလည်မှာလဲ။ အိမ်နဲ့ကျောင်းစာ အားရင် ငေးမယ်၊ တွေးမယ်၊ ကဗျာစပ်မယ်၊ ပေါက်ကရဝတ္ထုတွေ ရေးမယ်။ စိတ်ကူးယဉ်တောမှာ နစ်မွန်းပြီး ရူးနေတဲ့ကောင်ကိုး။ ဒီမှာကွ၊ အသည်းလေးဆီက မီးစိမ်းပြလိုက်တဲ့ ချစ်ပါတယ်ဆိုတဲ့စာ။ ငါ့ရဲ့ မဟာအောင်မြင်မှု အထိမ်းအမှတ်နဲ့ မင်းကို လက်ဖက်ရည်နဲ့ မုန့်ကျွေးမယ်။ ဒေါ်ဝတုတ်ဆိုင်ကို ယွန်းကြစို့ကွာ'

'အေးပါကွာ၊ မင်းရဲ့အောင်မြင်မှုက နဖားကြိုးထိုးပြီး တံဆိပ်ရိုက်ခံရတဲ့ ပါမစ်ရပြီပေါ့ကွာ'

ကျွန်ုပ် မဲလုံးကိုနောက်ပြီး ခြေလက်ဆေး အင်္ကျီ ကောက်စွပ်ပြီး နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ကို

www.burmeseclassic.com

www.burmeseclassic.com

ထွက်လာကြတယ်။ မနက် ဈေးဖွင့်ခါစမို့ ဈေးဝယ်သူ၊ ရောင်းသူတွေနဲ့ စည်ကားနေပါတယ်။ ကျွန်ုပ်တို့ ဒေါ်ဝတုတ် လက်ဖက်ရည်ဆိုင်ကို ဝင်လိုက်တော့ သောက်သုံးသူတွေနဲ့ စည်ကားနေပါတယ်။ ကျွန်ုပ်တို့လည်း လူနည်းတဲ့ ခုံတန်းမှာ ဝင်ထိုင်ပြီး လက်ဖက်ရည်နဲ့ မုန့် မှာလိုက်ပါတယ်။

**အမြင်စူးတဲ့ ဘအောင်စိန်**

'ဟာ··ဘအောင်စိန်ပါလား။ လာ··ဒီမှာထိုင်ပါ အဘ။ ကျွန်တော် လက်ဖက်ရည်ဒကာ လုပ်ပါ့မယ်'

မဲလုံးက ဆိုင်ထဲဝင်လာတဲ့ ဘအောင်စိန်ကို ပြုံးပြီး ဖိတ်လိုက်တယ်။ ဘအောင်စိန်ဆိုတာ ကျွန်ုပ်တို့ကျွန်းသား မဟုတ်ပါဘူး။ ဧရာဝတီတိုင်းဘက်ကနေ ရောက်လာပြီး ငါးပိုက်ဦးစီးလုပ်ကိုင်နေရင်းနဲ့ အပြိုင်သူ မွန်မလေးနဲ့ ညားပြီး ကျွန်းသားတစ်ပိုင်း ဖြစ်နေပါပြီ။

ဘအောင်စိန်က ဘဝစုံလာသူ တစ်ဦးပါ။ ငယ်ငယ်က သူ့ဆရာသခင်တွေနဲ့ တောတောင်အနှံ့ ဂန္ဓာရီလှည့်ဖူးသလို အဓိဋ္ဌာန်လည်း တော်တော်များများ ဝင်ခဲ့ဖူးတယ်။ ဝမ်းရေးအရ ပင်လယ်ပြင်မှာ ငါးဖမ်း ပိုက်ချတာနဲ့ပတ်သက်ပြီး မသိတာ မရှိတာကြောင့် ဘအောင်စိန်ကို မသေခင်ကတည်းက တစ်ပွဲစား ဘအောင်စိန်လို့ သူတို့တငါသမားတွေက ခေါ်ကြတယ်။

အတွေ့အကြုံများတာရယ်၊ အဓိဋ္ဌာန်ဝင် တရားထိုင်ခဲ့တာကြောင့် လူကိုကြည့်ပြီး စကားပြောရင် မှားခဲပါတယ်။ ဘအောင်စိန်က မဲလုံးဖိတ်တာကို လက်ခံပြီး ကျွန်ုပ်တို့ကြားမှာ ဝင်ထိုင်ကာ မဲလုံးကို ပြုံးပြုံးနဲ့ စိုက်ကြည့်ပြီး ပြောလိုက်ပါတယ်။

'မောင်အောင်ထူး··ဒီနေ့ သိပ်ပျော်နေတယ် မဟုတ်လား။ မင်းချစ်သူက ကရင်မလေးပဲကွ။ မနေ့က ကရင်မလေးဆီက စာလာတာ ဖြစ်ရမယ်ကွ'

'ဟာ··ဘအောင်စိန် ဘယ်လိုသိတာလဲ ဘရာ။ အံ့ရော··အံ့ရော။ တကယ့်ကို ကွက်တိပါပဲလား။ ဘအောင်စိန်ရဲ့ ပညာကိုတော့ အရမ်းလေးစားသွားပြီ ဘရာ။ တကယ်ပါ'

'ဟာ··မဲလုံးလေးရဲ့၊ ဒီလောက်လည်း အထင်မကြီးပါနဲ့ကွာ။ ကြည့်သောသူ မြင်၏လို့ ဆိုစကားရှိတယ် မဟုတ်လားကွ။ မင်းတို့လည်း ဂရုတစိုက်ကြည့်တတ်ရင် မြင်လာ သိလာမှာ ပေါ့ကောင်ရ။ အမှုမဲ့အမှတ်မဲ့နေရင်တော့ ဘယ်မြင်မှာလဲကွ။ ငါ ဘာကြောင့်ပြောနိုင်လဲဆိုတာ မင်းတို့ကို ပြောပြမယ်။ မဲလုံး အိတ်ထောင်ထဲက မိန်းကလေးဓာတ်ပုံက ကရင်ဝတ်စုံနဲ့ ရိုက်ထားတယ်ကွ။ ယောကျ်ားလေးတွေက ကိုယ့်ချစ်သူဓာတ်ပုံကိုသာ အမြတ်တနိုးထားတတ်ကြတာ မဟုတ်လား။ မင်း ကရင်မလေးက ကွမ်းခိုင်းသူလို့တောင် ပြောလိုက်ဦးမယ်။ စာအိတ်အစိမ်းရောင်က ချစ်သူတို့ရဲ့ သင်္ကေတကွာ။ ဘယ်ဘက်ထောင့်မှာ ကွမ်းခိုင်းလို့ သေးသေးလေး ရေးထားတယ် မဲလုံးရ။ ဒါကြောင့် ငါ ကွက်တိပြောနိုင်တာပေါ့ကွာ။ ဟဲ··ဟဲ'

'ဘကိုတော့ အရမ်းလေးစားသွားပြီဗျာ။ မုန့်လည်းစားပါ အဘ။ ကျွန်တော်တို့ ဖူးစာရေး ဆုံနိုင်လားဟင်'

ဘအောင်စိန်က လက်ကျန်မုန့်ကို ပါးစပ်ထဲ ထိုးထည့်ပြီး ပလုတ်ပလောင်းဝါးကာ မျက်လုံးလေးစင်းလို့ စဉ်းစားနေတယ်။ ညာဘက်လက်ချောင်းတွေကိုလည်း ကွေးလိုက် ဆန့်လိုက် လုပ်နေပါတယ်။ ကျွန်ုပ်နဲ့ မဲလုံးလည်း လက်ဖက်ရည်ဆက်မသောက်နိုင်သေးဘဲ ဘအောင်စိန် ပြောလာမယ့် စကားကို စောင့်နေပါတယ်။ ဘအောင်စိန်က လက်ဖက်ရည်လက်ကျန်ရှင်းပြီး ရေနွေးတစ်ခွက် ငှဲ့သောက်နေပြန်တယ်။ ကျွန်ုပ်တို့နှစ်ဦးမှာတော့ မချင့်မရဲ ဖြစ်လို့နေပါတယ်။

'အင်း··မင်းတို့နှစ်ဦး ခက်ခက်ခဲခဲ လက်ထပ်ဖြစ်မယ်။ ယူကြပြီး မကြာခင်မှာပဲ မင်းတို့နှစ်ဦး ခွဲနေရလိမ့်မယ်ကွ။ ကဲ··မောင်မဲလုံးရေ၊ ဒီလောက်သိရရင် တော်ရောပေါ့ကွာ။ ငါ့မွန်မလေး ဈေးဝယ်နိုင်းလိုက်တာကွ။ ချက်ဖို့ စောင့်နေလိမ့်မယ်။ လက်ဖက်ရည်နဲ့မုန့် ဒါနပြုတာ ကျေးဇူးကမ္ဘာပါကွာ။ ဟဲ··ဟဲ··အိုအောင်မင်းအောင် ပေါင်းရပါစေကွာ'

'ကျေးဇူးကမ္ဘာဆိုတာ ဘာလဲ ဘရ'

'ဟဲ··ဟဲ··ရှမ်းလို ကျေးဇူးအထူးတင်ပါတယ်လို့ ပြောတာ ငတုံးရ'

ဘအောင်စိန်ရဲ့ နောက်ဆုံးစကား မဲလုံးရော ကျွန်ုပ်ကိုပါ ပဟေဠိဖြစ်စေခဲ့ပါတယ်။ ခွဲနေရမယ်ဆိုတာ စဉ်းစားလို့ မရခဲ့ပါဘူး။ ကျွန်ုပ်တို့လည်း အဖြေမထုတ်နိုင်ကြဘဲ မဲလုံးက လက်ဖက်ရည်ဖိုး ရှင်းပေးကာ ပြန်လာကြပါ

www.burmeseclassic.com

www.burmeseclassic.com

တော့တယ်။

**မဲလုံးရဲ့ အကြံပေး ပုဏ္ဏား**

ဆယ်တန်းစာမေးပွဲကြီး ဖြေဆိုရန် နှစ်ပတ်သာလို တော့တာမို့ တစ်နှစ်တည်းကျွတ်နိုင်ရန် ကျွန်ုပ်တို့ကျောင်းသားတွေ နေ့မအား ညမအား ကြိုးစားနေကြရတယ်။

ဆရာ,ဆရာမတွေကလည်း ကျောင်းသူကျောင်းသားတွေကို ကိုယ့်သားသမီး အရင်းလို သွန်သင်ပြသပေးလို့ ကျွန်ုပ်တို့ ကျေးဇူးတင်ကြရပါတယ်။ သည်ထဲမှာ စာကျက်နိုင်ဘဲ အချစ်စိတ်မွန်နေသူတွေကတော့ မဲလုံးနဲ့ နော်သန်းသန်းလှတို့ပါပဲ။

'တင်လှနိုင်··ငါ့ကို ကူညီပါဦးကွာ။ ငါ စာကျက်လို့လည်း မရဘူး။ နော်သန်းသန်းလှလည်း ဘယ်လိုအခြေအနေရှိလဲ မသိဘူး။ စာလည်းမလာ၊ လူလည်း မတွေ့ရဘူးကွာ'

သခွပ်ပင်က မီးတကျည်ကျည်ဆိုသလို သည်လောက်အရေးကြီးနေတဲ့ အချိန်မှာ မဲလုံးကလည်း တစ်မျောင့်။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ ကျောင်းမပိတ်ခင်လေးက ကရင်မ ကျွန်ုပ်တို့ နှစ်ယောက်ကို ပြောခဲ့တဲ့စကားက ခေါင်းထဲက မထွက်သေးဘူး။

'ကိုမဲ··ဖထီးနဲ့ အမိုးတို့က တို့နှစ်ဦးရဲ့ကိစ္စကို သိထားကြပြီ။ ဖထီးရော အမိုးရော ကိုမဲနဲ့ဆို ဘယ်လိုမှ သဘောမတူနိုင်ဘူးလို့ အပြတ်ပြောတယ်။ အဆက်အသွယ်လည်း မလုပ်ရဘူးတဲ့။ စာမေးပွဲပြီးရင် ကရင်ဝင်းမိန်ရွာက လယ်ပိုင်ရှင် ကရင်သားတစ်ယောက်နဲ့ ပေးစားဖို့ ပြောနေတယ်။ ဟိုဘက်က သိန်းအစိတ်နဲ့ လယ်ဆယ်ဧက တင်တောင်းမယ်တဲ့ဟယ်။ ငါ ကိုမဲကလွဲပြီး ဘယ်သူ့ကိုမှ မယူနိုင်ဘူးဟယ်။ တင်လှနိုင်လည်း ကြံစမ်းပါဦးဟယ်။ လူလစ်ရင် ငါဆက်သွယ်လိုက်မယ်နော်'

နော်သန်းသန်းလှက တတွတ်တွတ် ပြောနေပမယ့် မဲလုံးက ကြက်နာကြီးလို ဘာမှမပြောနိုင်ရှာဘူး။ ကျွန်ုပ်ကပဲ အားပေးလိုက်ရတယ်။

'အေးပါ ကရင်မရယ်၊ စိတ်လည်း မပူကြနဲ့ဦး။ ငါ စဉ်းစားပါဦးမယ်။ အချိန်ရပါသေးတယ်'

ဆယ်တန်းစာမေးပွဲ စတင်ဖြေဆိုတဲ့နေ့ရောက်တော့ နော်သန်းသန်းလှကို သူ့အမေ လိုက်ပြီးစောင့်ရှောက်တာ ကျွန်ုပ်တွေ့ရတယ်။ ကျောင်းထဲ ဝင်ခွင့်မရှိလို့ အသိအိမ်က စောင့်ပြီး စာမေးပွဲပြီးတော့ ပြန်ခေါ်သွားတယ်။ ဒုတိယနေ့မှာတော့ နော်သန်းသန်းလှအမေ လာမပို့တော့ဘဲ သူ့အဒေါ် လာပို့တာ တွေ့ရလို့ ကျွန်ုပ်တို့နှစ်ဦးကို မသိတော့ စကားပြောခွင့်ရတယ်။

'မင်းတို့နှစ်ယောက် ဒီနေ့ အချိန်ကောင်းပဲကွ။ ဒီနေ့မှ မလှုပ်ရှားရင် မင်းတို့ ဝေးရမှာပဲ။ မင်းတို့ မနေ့က အင်္ဂလိပ်စာ မဖြေနိုင်တဲ့အတူတူ ဒီနေ့ စာမေးပွဲခန်းထဲ မဝင်ကြနဲ့တော့။ နှစ်ယောက်သား ပြေးကြပေတော့'

'ငါတို့ ဘယ်ကိုပြေးရမှာလဲ'

'ကမာမို့ရွာမှာ ငါ့အဒေါ်ရှိတယ်။ မင်းလည်း ရောက်ဖူးသားပဲကွ။ ငါ စာရေးပေးလိုက်မယ်။ အဲဒီကို ယွန်းပေတော့ မဲလုံး'

ကျွန်ုပ်က အသင့်ရေးထားတဲ့စာကို မဲလုံးကိုပေးပြီး သူတို့နှစ်ဦးသွားနိုင်ဖို့ ရော်ဘာတောထဲကို သွားပို့ပေးလိုက်တယ်။ စာမေးပွဲဖြေချိန်ရောက်တော့ ကျွန်ုပ် ဟန်မပျက် စာမေးပွဲဝင်ဖြေနေလိုက်တယ်။ တစ်နေ့ တစ်ဘာသာ ဖြေရတာမို့ နေ့ခင်းပိုင်းကျောင်းလွှတ်တော့ ကျွန်ုပ် ကမာမိုကို လိုက်သွားတယ်။ ဒေါ်လေးအိမ်ရောက်တော့ မဲလုံးတို့နှစ်ဦး ချက်နှာငယ်လေးနဲ့ ကျွန်ုပ်ကို မျှော်နေကြတယ်။

'မင်းတို့နှစ်ယောက် ဘာတွေစိုးရိမ်နေတာလဲကွ။ ငါ့ဒေါ်လေးအိမ်က စိတ်ချရတယ်။ ဒေါ်လေးယောက်ျားကလည်း ဥက္ကဋ္ဌမို့ မစိုးရိမ်ပါနဲ့ကွာ။ ဒီနေ့ပဲ ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးဖို့ ဦးလေး စီစဉ်ပေးလိမ့်မယ်။ ဒါဆို တရားဝင်ပြီပေါ့ကွ။ အခုမှ ငါသတိရတယ်။ ကရင်မ အသက် (၁၈)နှစ်ပြည့်ပြီလားဟ'

'ပြည့်လို့ ကျော်တောင်နေပြီဟဲ့။ ငါ ကျောင်းနေတာလည်း နောက်ကျတယ်။ နောက် ခုနစ်တန်းနဲ့ ရှစ်တန်းမှာ စာမေးပွဲ တစ်နှစ်စီကျသေးလို့ ဆယ့်ကိုးနှစ် ကျော်နေပြီဟ'

'ဒါဆို တို့ဘက်က ပိုင်ပြီပဲကွ။ မင်းက ယောက်ျားပဲ။ ကရင်မကို အားပေးမှပေါ့'

'ဟုတ်ပါတယ်ကွာ။ ငါကြောက်နေတယ်ကွ။ ဘာကိုကြောက်မှန်းမသိဘူး။ တစ်ခါ,တစ်ခါ ဘအောင်စိန်ရဲ့ နောက်ဆုံးစကားက နားထဲ ဝင်လာတာ ဆိုးတယ်ကွ'

'ခေါင်းထဲ မထည့်စမ်းပါနဲ့ကွာ။ ဒီလူကြီးက စာကောင်းအောင် ပြောသွားတာနေမှာ။ နေဦး ငါ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com

သွားရှာပြီး စီစဉ်လိုက်ဦးမယ်'

'သွားမရှာနေနဲ့ လူလေး။ မင်းဦးလေး ရုံးသွားပြီး လက်မှတ်ထိုးနိုင်ဖို့ သွားစီရင်နေပြီ။ လက်ထပ်စာချုပ် ကတ်ပါ ယူသွားပြီ။ သား ထမင်းမစားရသေးဘူး မဟုတ်လား။ သားသူငယ်ချင်း နှစ်ယောက်တော့ စားပြီးကြပြီ။ သားကြိုက်တဲ့ အမဲနှပ် ချက်ထားတယ်။ မီးဖိုထဲသွားပြီး ခူးခပ်စားချေတော့'

'ဟာ··သားကြိုက်တဲ့ အမဲနှပ်။ ဒါကြောင့် သား ဒေါ်လေးကို ချစ်တာ။ အိမ်မှာ အဖေရော အမေရော မစားကြဘူးဆိုတော့ သား ငတ်တာပေါ့ ဒေါ်လေး'

ကျွန်ုပ်လည်း အမဲနှပ်ဆိုလို့ သွားရည်ပါကျပြီး ဗိုက်ပါဆာလာလို့ မီးဖိုထဲကို ထွက်သွားတော့တယ်။ ကျွန်ုပ် ထမင်းစားသောက်ပြီး နာရီဝက်လောက်ကြာတော့ ဦးလေး ရောက်လာပြီး ရုံးလိုက်ခဲ့ဖို့ ခေါ်တယ်။ ဒေါ်လေးနဲ့ ကျွန်ုပ်ကိုလည်း အသိသက်သေအဖြစ် လက်မှတ်ထိုးဖို့ ဦးလေးခေါ်လို့ လိုက်ရတော့တယ်။

မဲလုံးတို့ လက်မှတ်ထိုးတာ မွန်းလွဲနှစ်နာရီလောက်မှာ ပြီးသွားလို့ ပြန်ဖို့ ကျွန်ုပ် အားလုံးကို နှုတ်ဆက်လိုက်တယ်။

'ရော့··ဒီဆွဲကြိုးလေးယူသွား တင်လှနိုင်။ ရောင်းပြီး ငါ့အတွက် အင်္ကျီ၊ ထဘီလေး နှစ်စုံ၊ သုံးစုံလောက် ဝယ်လာပေးပါဟယ်။ မဲလုံးအတွက်လည်း ကြည့်ဝယ်လာပေးပေါ့။ တို့နှစ်ယောက်လည်း ဒါဝတ်ဘိုင် ဖြစ်နေပြီဟဲ့'

'ထားလိုက်ပါ ကရင်မရယ်။ ငါ မမွဲသေးပါဘူး။ မနက်ဖြန် စာမေးပွဲဖြေပြီးရင် ငါ ယူလာခဲ့မယ်။ မဲလုံး အတွက်က သူ့အိမ်က ယူလာမယ်'

ကျွန်ုပ်လည်း ဒေါ်လေးနဲ့ ကရင်မတို့ လင်မယားကို နှုတ်ဆက်ပြီး ပြန်လာတော့တယ်။ ရွာရောက်တော့ အိမ်ကို မဝင်သေးဘဲ မဲလုံးအိမ်ကို တန်းသွားတယ်။ မဲလုံးအမေ ဒေါ်လေး ဒေါ်ဖွားသစ်က အိမ်ရှေ့ထွက်ပြီး သားကို မျှော်နေတာ တွေ့ရတယ်။

'ဟဲ့··လူလေး၊ သားလေး အောင်ထူးရော။ သားတို့ စာမေးပွဲဖြေနိုင်ကြရဲ့ မဟုတ်လား'

ကျွန်ုပ်က ဦးခေါင်းညိတ်ပြပြီး အိမ်ပေါ်တက် ရေတစ်ခွက် ခပ်သောက်ပြီး ဒေါ်လေး ဒေါ်ဖွားသစ်နား ကပ်ထိုင်လိုက်ကာ အသက်ဝအောင်ရှူပြီး ပြောဖို့ဟန်ပြင်လိုက်တယ်။ ဒေါ်လေးက ကျွန်ုပ်ပြောမယ့်စကားကို နားစွင့်နေပါတယ်။ ကျွန်ုပ်လည်း မဲလုံးတို့အဖြစ်ကို ပြောပြလိုက်တော့ ဒေါ်လေး မျက်နှာမကောင်းဖြစ်သွားပြီး ညည်းတွားလာတယ်။

'မင်းတို့ လူငယ်တွေက တယ်ခက်တာကိုးကွယ်။ ဟိုနှစ်ယောက်ကလည်း စာမေးပွဲ မဖြေရတော့ဘူးပေါ့။ တစ်နှစ်လုံး ကြိုးစားထားတာ အလကားဖြစ်ကုန်တာပေါ့ လူလေးရယ်'

'အပြစ်တင်ရင် ကျွန်တော့်ကို အပြစ်တင်ပါ ဒေါ်လေး။ မလုပ်မဖြစ်လို့ လုပ်လိုက်ရတာပါ။ ကျွန်တော်က လည်း သူတို့ကို စာမေးပွဲဖြေစေချင်ပါတယ်။ သန်းသန်းလှ အမေကိုယ်တိုင် ကျောင်းလာစောင့်နေတယ်။ စာမေးပွဲ ပြီးသွားရင် နော်သန်းသန်းလှကို ယောက်ျားပေးစားဖို့ စီစဉ်ထားပြီဆိုတော့ သူတို့နှစ်ဦး မဝေးရအောင် ကျွန်တော် စီစဉ်လိုက်ရတာပါ ဒေါ်လေးရယ်'

'အေးပေါ့ကွယ်၊ ဖြစ်ပြီးမှတော့ ပြင်လို့ရတော့တာမှ မဟုတ်တော့တာအဲ။ သန်းသန်းလှဆိုတာ ကွမ်းဒိုင်းကလယ်ပိုင်ရှင်သူဌေး ဦးစောဖော်လူးရဲ့ သမီးလေးလား ကွယ့်'

'ဟုတ်ပါတယ် ကြီးကြီး။ သူတို့က မတူမတန်ဘူး လုပ်နေလို့ ကျွန်တော် စီစဉ်လိုက်ရတာပါပဲ ဒေါ်လေး။ သြော်··အောင်ထူး အင်္ကျီ၊ လုံချည် နှစ်စုံ၊ သုံးစုံလောက် ပေးလိုက်ပါဦး ဒေါ်လေး'

'ဦးစောဖော်လူးတို့နဲ့မှ ဆုံတတ်ပလေကိုး။ အေး·· အေး··လူလေး၊ ခဏစောင့်နော်'

ဒေါ်လေး ဒေါ်ဖွားသစ် အခန်းထဲ ဝင်သွားပြီး တစ်အောင့်ကြာတော့ ဘက်အိတ်တစ်လုံး ဆွဲထွက်လာကာ ကျွန်တော့်ရှေ့မှာ ချပေးပြီး တစ်တောင်တန် တစ်ထပ်ဝါ ကမ်းပေးလာတယ်။

'သားလေးသုံးဖို့ ဒီငွေသုံးသောင်းပါ ယူသွားကွယ်။ သားလေးကို ကျန်းမာရေးလည်း ဂရုစိုက်ဖို့ ပြောပေးပါ'

သြော်··မိခင်ရဲ့မေတ္တာက တုနှိုင်းမရပါလား။ မိမိ နေမကောင်းတာကိုပင် ထည့်မတွက်ဘဲ သားလူမိုက် အတွက် စိတ်ပူပေးရှာပါတယ်။

'ဒေါ်လေးမှာ သုံးဖို့ရော ရှိသေးလား။ ကျွန်တော့်ဆီကလည်း ငွေပါသွားဦးမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com

'ရှိပါတယ် သားရယ်'

'ဒါဆို ဒီလိုလုပ်ပါလား ဒေါ်ဒေါ်။ ဒေါ်ဒေါ်က အထည်ဆိုင်သွားပြီး သန်းသန်းလှအတွက် ထဘီနဲ့ စပို့ရှပ် သုံးစုံလောက် ဝယ်ပေးထားပေးပါလား။ ကျွန်တော်ဝယ် ရင် မတင့်တယ်လို့ပါ။ ရေချိုး ထမင်းစားပြီး ကျွန်တော် လာယူမယ်လေ'

'အေး..အေး..ဒေါ်ဒေါ် သွားဝယ်ထားမယ်။ သား က ထမင်းစားပြီး လာယူပေါ့'

ကျွန်ုပ်လည်း ဒေါ်လေး ဒေါ်ဖွားသစ်ကို နှုတ်ဆက် ပြီး အိမ်ပြန် ရေချိုး ထမင်းစားပြီးတော့ အဖေနဲ့ အမေကို အကျိုးအကြောင်း ပြောပြပြီး မဲလုံးအိမ်ဘက် ထွက်လာ ပါတယ်။ ဒေါ်လေးက ကြွပ်ကြွပ်အိတ်နဲ့ ထည့်ထားတဲ့ ထဘီနဲ့ အင်္ကျီတွေကို လှမ်းပေးလာလို့ ယူပြီး ဒေါ်လေးကို နှုတ်ဆက်ကာ စာပြန်ကျက်ဖို့ အိမ်ပြန်လာတော့တယ်။

စာဖတ်ဖို့ စာအုပ်တွေ စားပွဲပေါ် တင်နေတုန်း အိမ် ရှေ့ကို ဆိုင်ကယ်နှစ်စီး ရောက်လာတယ်။ မျက်နှာတွေကို ကြည့်လိုက်တော့ ကွမ်းဒိုင်းက လူရွယ်နှစ်ဦး ဖြစ်နေလို့ အိမ်ပေါ်ခေါ်ပြီး အကျိုးအကြောင်း မေးကြည့်ရပါတယ်။

'ညီလေးက မောင်တင်လှနိုင် မဟုတ်လား။ မင်း သူငယ်ချင်း မောင်အောင်ထူးအိမ်က ဘယ်နားမှာလဲကွယ့်'

'ဟုတ်ပါတယ်။ ကျွန်တော် တင်လှနိုင်ပါခင်ဗျာ။ အောင်ထူးနေတာက အနောက်ခြမ်းမှာ နေပါတယ်'

'ညီလေးတို့ စာမေးပွဲဖြေပြီးတော့ တူတူပြန်လာကြ တာလား'

'တူတူမပြန်ဘူးခင်ဗျ။ ဖြေရတဲ့ အခန်းချင်းကလည်း မတူကြလို့ သူပြီး သူပြန်၊ ကိုယ်ပြီး ကိုယ်ပြန်ကြတာပဲ ခင်ဗျ။ ဘာကိစ္စများ ရှိလို့ပါလဲခင်ဗျာ'

'ဒါဆို မောင်အောင်ထူးအိမ်ကို လိုက်ပို့ပေးပါလား ကွယ်'

'ဟုတ်ကဲ့၊ လိုက်ပို့ပေးပါ့မယ်ခင်ဗျာ'

ကွမ်းဒိုင်းက ဧည့်သည်နှစ်ယောက်ကို အောင်ထူး အိမ်ကို ခေါ်သွားပေးပါတယ်။ အောင်ထူးအမေ ဒေါ်လေး ဒေါ်ဖွားသစ်ကို အဆင်သင့်ပင် တွေ့ရတယ်။

'အစ်မကြီးက အောင်ထူးရဲ့အမေ ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်ကွယ်။ ဩော်..ဘယ်သူများလဲလို့။ စောအောင်လှနဲ့ စောတင်မောင်တို့ကိုး။ အိမ်ပေါ် တက်ကြ လေ'

'အောင်ထူးတို့အမေက အစ်မ မဖွားသစ်လား'

'ဟုတ်တယ်လေ။ သားလေးအောင်ထူး စာမေးပွဲ သွားဖြေတာ ခုထိ ပြန်မလာသေးလို့ စောင့်နေတာကွယ့်။ အခု စောအောင်လှတို့လာတာ ဘာကိစ္စများလဲကွယ်'

ကျွန်ုပ်က အသာပဲ ကြီးကြီးပြောတာကို နားစွင့်နေ ပါတယ်။

'ဒီလိုပါ အစ်မရယ်၊ အစ်မကို အစ်ကိုကြီးနဲ့ ပတ် သက်ပြီးမှ အစ်မကို ခင်ရတာပါ။ အဖေတို့ရဲ့ ဂုဏ်မက်မှု တွေကြောင့် အစ်ကိုကြီးလည်း သေရတာကို ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်။ အစ်မ မတော်ခဲ့ရပေမယ့် အစ်မအရင်းလိုပဲ သဘောထားခဲ့ပါတယ်'

'နောက်ကြောင်းတွေ ထားလိုက်ပါတော့ကွယ်။ အခု လာတဲ့ကိစ္စသာ ပြောပါ'

ဒေါ်လေး မျက်နှာညှိုးသွားတာကို ကျွန်ုပ် သတိထား လိုက်မိပါတယ်။ ဒေါ်လေးရဲ့ဘဝမှာ ဝမ်းနည်းစရာ၊ ကြေ ကွဲစရာများ ရှိခဲ့လို့လား။

'ဒီလိုပါ အစ်မ၊ ကျွန်တော်တို့ရဲ့ညီမငယ် နော်သန်း သန်းလှနဲ့ မောင်အောင်ထူးတို့ ချစ်နေကြတယ်လို့ သိရပါ



www.burmeseclassic.com

တယ်။ ဒီနေ့ စာမေးပွဲဖြေဖို့သွားပြီး အခုထိ ပြန်မလာသေးလို့ ဒီမှာများရှိမလားလို့ လာမေးကြည့်တာပါ အစ်မရယ်'

'အေ..စောင်အောင်လှတို့ မြင်တဲ့အတိုင်းပဲ။ အခန်းထဲလည်း ဝင်ရှာပါ။ အစ်မသား အောင်ထူးလည်း အခုထိ ပြန်မရောက်သေးလို့ အစ်မ စိတ်ပူနေတာပါ။ ပြန်တွေ့ရင်တော့ မင်းတို့အိမ်ကို အကြောင်းကြားပေးပါ့မယ်'

'ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် အိမ်ကို နားဝင်အောင်ပြောပါ့မယ်။ လူငယ်တွေပဲ အစ်မရယ်၊ သိပ်လည်း ပူမနေပါနဲ့။ ကျွန်တော် သူတို့နှစ်ဦးကိစ္စကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပါ့မယ် အစ်မ။ ကျွန်တော်တို့ ပြန်ဦးမယ်နော်။ ညီလေးရော ပြန်လိုက်မလား'

'မလိုက်တော့ဘူး အစ်ကို၊ ကျွန်တော် လမ်းလျှောက်ပြီး ပြန်မယ်'

ကိုစောလှအောင်တို့ ပြန်သွားမှ ကျွန်ုပ် ဟင်းချနိုင်တော့တယ်။

'ဒေါ်လေး အိုက်တင်ကတော့ အကယ်ဒမီရှော့ပဲဗျာ။ တကယ်ပါ။ ဟဲ..ဟဲ'

'လာနောက်မနေနဲ့။ မင်းလည်း စာကျက်တော့'

ဒေါ်လေး ပြန်ခိုင်းလို့ ကျွန်ုပ်ပြန်ခဲ့ရပေမယ့် ဦးစောအောင်လှရဲ့ အစ်ကိုနဲ့ ဒေါ်လေးရဲ့ အကြောင်းကို သိချင်ပေမယ့် မမေးရဲသေးလို့ နောက် အေးအေးဆေးဆေးမှ မေးတော့မယ်လို့ တေးထားလိုက်ပါတယ်။

<u>**မိဘရဲ့ စွန့်ပစ်ခံ မိန်းမလှလေး**</u>

စာမေးပွဲကြီးပြီးသွားလို့ နှစ်ရက်လောက်အကြာမှာ မဲလုံးတို့ကို သွားခေါ်ဖို့ စီစဉ်ရတယ်။ ကျွန်ုပ် စာမေးပွဲကောင်းစွာဖြေနိုင်ခဲ့ပေမယ့် မဲလုံးနဲ့ နော်သန်းသန်းလှတို့အတွက်တော့ စိတ်မကောင်းဖြစ်ရတယ်။

မဲလုံးတို့ဇနီးမောင်နှံ အိမ်ပြန်ရောက်ပြီး နောက်တစ်နေ့ ညနေပိုင်း သန်းသန်းလှကို ပြန်အပ်ဖို့ ကွမ်းဒိုင်းကိုသွားစကားပြောပေမယ့် အဆင်မပြေခဲ့ပါဘူး။ နော်သန်းသန်းလှတို့အဖေ ဦးစောဖော်လူး လူ့ခွစာကြီးက လက်မခံဘဲ သမီးအဖြစ်ပါ စွန့်လိုက်တော့တယ်။

ဒေါ်လေး ဒေါ်ဖွားသစ်က မိခင်ကောင်းပီပီ မင်္ဂလာဆွမ်းဦး ကပ်ပေးပါတယ်။ နော်သန်းသန်းလှမှာ မိဘတွေရဲ့ စွန့်ပယ်ခြင်းခံရလို့ သိမ်ငယ်ရှာပေမယ့် မဲလုံးမိခင်ကြီးက မိခင်စိတ်အပြည့်နဲ့ ချစ်ခင်ယုယနေလို့ နော်သန်းသန်းလှ

စိတ်ဖြေသာတော့တယ်။

မဲလုံးတို့ အိမ်ထောင်ရေးမှာ မဲလုံးကြိုးစားလုပ်... ရှာဖွေတယ်ဆိုပေမယ့် ငွေတွင်းက နက်နေလို့ ကြီး... သလောက် အရာမထင်ပါဘူး။ နော်သန်းသန်းလှ နေ... လို့ သာယာတဲ့အိမ်ထောင်ရေး ဖြစ်လာသလို ကရင်... လည်း မဲလုံးရင်သွေး လွယ်ထားရပြီလို့ ကျွန်ုပ်သိ... အချိန်မှာ ကျွန်ုပ်လည်း ကျောင်းဆက်တက်ရန် မန္တလေး... ကွန်ပျူတာတက္ကသိုလ်ကို ထွက်ခဲ့ရတယ်။

ကျွန်ုပ် မန္တလေးကွန်ပျူတာတက္ကသိုလ်ကို မသွား... တစ်ည ဒေါ်လေး ဒေါ်ဖွားသစ်ကို ကန်တော့ပြီး မဲလုံး... တို့ကိုပါ နှုတ်ဆက်ဖို့အသွား ဒေါ်လေးတို့မိသားစု ထမင်း... စားပြီးလို့ ကန်စွန်းဥပြုတ် စားနေတာနဲ့ သွားတိုးတယ်... ကျွန်ုပ်လည်း စားရက်ကြုံလို့ နှစ်လုံးလောက် ဝင်စားလိုက်... ပြီး ကြီးကြီးကိုကန်တော့၊ မဲလုံးတို့လင်မယားကိုလည်း... နှုတ်ဆက်လိုက်တယ်။ နောက် ကျွန်ုပ်ရင်ထဲမှာ မေး... မကျ ဖြစ်နေတဲ့ ဦးစောအောင်လှ အစ်မလို့ခေါ်တဲ့ ကို... ကိုလည်း မေးချင်လာပါတယ်။

'ဒေါ်လေးကို သားသိချင်တဲ့ အကြောင်းလေးရှိလို့... မေးခွင့်ပြုပါနော်။ ဟဲ..ဟဲ..ဟိုလေ၊ ဦးစောအောင်လှ... တို့ မဲလုံးကို လာရှာတဲ့ညက ပြောသွားတဲ့ အကြောင်း... လေးကို သားသိချင်လို့ ပြောပြပါနော် ဒေါ်လေး'

'သား ဒီအကြောင်းသိရလို့ ဘာထူးမှာလဲကွယ်... ကြာပဲ ကြာခဲ့ပြီဟာ'

'သိချင်လို့ပါ ဒေါ်လေးရယ်။ ဒါမှ စားဝင်အိပ်ပျော်... မှာ'

'အေးလေ၊ အကျဉ်းချုံးပြီး ပြောပြမယ်။ စောအောင်... လှရဲ့ အစ်ကိုအကြီးဆုံး နာမည်က စောမင်းနောင်တဲ့... ဒေါ်လေးက သူတို့အဖေလယ်မှာ ကောက်စိုက်လိုက်ရင်း... စောမင်းနောင်နဲ့ ချစ်သူတွေ ဖြစ်ကြတယ်။ သူတို့အဖေ... ဦးစောဖော်လူး သိသွားတော့ ငွေရှင်တို့ရဲ့ ထုံးစံအတိုင်းပေါ့... သဘောမတူဘူးပေါ့ကွယ်။ အစ်ကိုစောမင်းနောင်ကလည်း... ဒေါ်လေးကိုပဲ ယူမယ်လို့ဖြစ်နေတော့ သူ့အဖေက သူ့ကို... အခန်းထဲ လှောင်ပိတ်ထားလိုက်တယ်။ နောက်ဆုံးတော့... ကွယ် ကိုစောမင်းနောင်လည်း စိတ်ဖောက်သွားပြီး သူ့... ကိုယ်သူ ကြိုးဆွဲချ သတ်သေသွားတယ်။ ဒါကို ဦးစော... ဖော်လူးက ဒေါ်လေးကြောင့်ဆိုပြီး အရှက်ခွဲမုန်းခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com

ထွယ်။ သားလည်း မနက်စောစောခေါက်နဲ့ မြို့တက်ရမှာဆိုတော့ ပြန်တော့နော်။ ကျန်းမာချမ်းသာပြီး ပညာတတ်ကြီး ဖြစ်ပါစေကွယ်'

ဒေါ်လေးက သည်အကြောင်းပြောပြီး မျက်နှာညှိုးသွားတာမို့ ကျွန်ုပ်လည်း စိတ်မကောင်းစွာနဲ့ ပြန်လာခဲ့တော့တယ်။

ကျွန်ုပ် ခုနစ်နှစ်လောက် ရွာမှာမရှိတော့တာမို့ မဲလုံးတို့ အကြောင်းကို မသိရတော့ပါ။ ကျောင်းပြီးတော့လည်း ရန်ကုန် ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ဝင်လုပ်နေပြီး အထက်မြန်မာပြည်ဘက်ကိုပဲ သွားနေရလို့ ရွာအကြောင်း၊ မဲလုံးတို့ အကြောင်းကို ဘာမှမသိရတော့တာပါ။

သည်နှစ်တော့ အဖေနဲ့အမေက ကျွန်ုပ်တို့ညီအစ်ကို သုံးယောက်ကို ပဥ္စင်းခံမယ်ဆိုလို့ ကုမ္ပဏီက ခွင့်ယူပြီး ရွာပြန်ခဲ့တော့ သူငယ်ချင်းမဲလုံးရဲ့ ရုပ်ရည်ကို တွေ့ပြီး ကရင်မကို ဖိဆူတော့တယ်။

'ကရင်မ··နင့်ယောကျ်ားမဲလုံး လူရုပ်ပေါက်သေးလား ကြည့်ပါဦး။ အရင်က ဝလုံးလုံး မည်းမည်းနဲ့ အမြဲပြုံးနေတဲ့ရုပ်နဲ့ အခု အဘိုးကြီးအိုရုပ်နဲ့ ဒီလေးငါးရှစ်နှစ်မှာ ဒီလောက်ပဲ ပြောင်းလဲသွားရလားဟ။ ခိုင်းတာလည်း ကြည့်ခိုင်းပေါ့ဟ ငါ့သူငယ်ချင်း မသာရုပ်ထွက်အောင် ခိုင်းရဲလား'

'ဟဲ့··တင်လှနိုင်၊ ငါ့ကိုပဲ အပြစ်မတင်နေနဲ့။ ငါ့ကြောင့် မဟုတ်ဘူး၊ သူ့ဘာသာသူ လောဘဇောတိုက်တာ။ သူ့ကို မေးကြည့်'

'ဟုတ်လား မဲလုံး'

'ဟုတ်တယ်ကွ'

'သူများနိုင်ငံမှာ ကျွန်ခံမယ်တဲ့'

မဲလုံး လူပျိုဘဝ ကျောင်းနေရင်း မိခင်နဲ့ သူ့ကျောင်းစရိတ်ကို ရှာခဲ့ရလို့ ခံသာသေးတယ်။ ကျွန်ုပ်နှင့်လည်း လက်ဖက်ရည်ဆိုင် ထိုင်နိုင်သေးတယ်။ ကရင်မနဲ့ယူပြီးမှ အလုပ်ကို သုံးဆလောက်လုပ်ပေမယ့် ဝမ်းတောင်မဝတဝ၊ ခါးလှဖို့တော့ ဝေလာဝေး။ ရွာအလုပ်ဆိုတော့ လုပ်ခက နှစ်ထောင်၊ သုံးထောင်လောက်သာ ရဖို့အနိုင်နိုင်ဆိုတော့ မိသားစုသုံးယောက်အတွက် မနည်းရုန်းကန်နေရတာ။

ကရင်မပါ လယ်ထဲဆင်းမယ်လို့ ဆိုလာတော့ မဲလုံး လက်မခံပါဘူး။ သူ့မိဘအိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့တာဆိုတော့ မဲလုံး မခိုင်းရက်တာ မလွန်ဘူးလေ။ မိခင်ပိုင် လယ်ငါးကေသာရှိတာမို့ ဝမ်းစာရဖို့တောင် အနိုင်နိုင်။ သည်ကြားထဲ မိုးများတာတို့၊ ပိုးဖျက်တာတို့ကြောင့် လယ်လုပ်သူ နည်းလာတယ်။ ကျွန်းပေါ်မှာရှိတဲ့ လူငယ်လူရွယ် အမျိုးသမီးငယ်အားလုံးနီးနီးထိုင်း၊ မလေးကိုသွားပြီး ကျွန်ခံနေကြပါပြီ။ လွယ်လွယ်တော့ သွားလို့ရတာမဟုတ်ဘူး။ လူပွဲစားတွေနဲ့ သွားကြရတာ၊ လူပွဲစားကောင်းရင် ကောင်းသလို အဆင်ပြေပေမယ့် လူပွဲစားညစ်ပြီး ရောင်းစားခံရလို့ကတော့ ဘဝဆုံးသလိုပါ။

အဆင်ပြေလို့ကတော့ ကံကောင်းတာပေါ့။ လုပ်ခကမက်မောစရာကိုး။ မြန်မာနိုင်ငံမှာ မရနိုင်တဲ့ လုပ်ခကိုး။ အဆင်ပြေသူတွေက အိမ်တွေပြင်ဆောက်ကြ၊ အလှူကြီးပေးကြ၊ ရှင်ပြု ရဟန်းခံရင်တောင် ဇာတ်ပွဲသွင်းကြသေးတာကို မဲလုံးတွေ့နေတော့ မဲလုံးစိတ်ကူးမိတာ မဆန်းဘူးလေ။ တစ်နေ့ ညနေပိုင်း ထမင်းစားကြတော့ မဲလုံးသူ့စိတ်ကူးကို မိခင်နဲ့ ကရင်မကို ရင်ဖွင့်တော့တယ်။

'အမေနဲ့ နော်တို့ကို မဲလုံး ခွင့်တောင်းချင်ပါတယ်။ ရွာမှာ ဒီပုံစံအတိုင်းနေလို့ကတော့ လူမွဲလူရောင် ပြောင်းမှာမဟုတ်ဘူး။ ငါးပိရည်နဲ့ တို့စရာပဲစားပြီး သေသွားရမှာမို့ သူများတွေလို တစ်ဖက်နိုင်ငံမှာ သွားလုပ်တော့မယ်ဗျာ။ ခွင့်ပြုပေးကြပါ'

မိခင်နဲ့ ဇနီးတို့က တားကြပေမယ့် မဲလုံးက မလျှော့ဘဲ ဆက်ပြောပြန်တယ်။

'အမေတို့··ရွာမှာ ကြည့်ပါဦး။ သူများနိုင်ငံမှာ ကျွန်သွားခံနေတဲ့အိမ်နဲ့ မသွားတဲ့သူတွေရဲ့ အိမ်တွေကို ယှဉ်ကြည့်ပါဦး။ ဟိုတုန်းက တဲအိမ်နဲ့ နေရတဲ့သူတွေ သုံးလေးငါးနှစ်အတွင်းမှာ တိုက်ခံအိမ်တို့၊ တိုက်အိမ်တို့ ဖြစ်ကုန်ကြတာ။ နောက် အလှူလုပ်ရင်လည်း သူများအလှူနဲ့ တူလား။ အမေတို့ မြင်နေကြတာပဲဟာ။ နောက်ပြီး နော်ကိုလည်း သူ့မိဘအိမ်မှာ နေသလို ထားနိုင်ဖို့က ကျွန်တော့်မှာ တာဝန်ရှိတယ်လေ။ အမေတို့ မတားကြနဲ့တော့။ သား သွားပါရစေ။ ကိုယ့်နိုင်ငံမှာ ကျွန်ခံပြီး ငတ်နေမယ့်အတူတူ သူများနိုင်ငံမှာ ကျွန်သွားခံတာကမှ ကောင်းဦးမယ်ဗျာ'

မဲလုံး တစ်ဖက်နိုင်ငံ သွားနိုင်ဖို့ အဆက်အသွယ်ရှာ

www.burmeseclassic.com

တော့တယ်။ ထိုင်းနဲ့ မလေးကိုတော့ ကျွန်းက လူတွေက အောက်လမ်းက သွားကြတာ များတယ်။ တရားဝင်သွားရင် သိန်းနှစ်ဆယ်ကုန်ရင် အောက်လမ်းကသွားရင် ဆယ်သိန်းကျော်ကျော်သာ ကုန်တာရယ်။ ငွေမလောက်ရင်လည်း ကယ်ရီသမားက စိုက်ထားပေးပြီး လုပ်ငန်းခွင်ရောက်မှ လစဉ် ဖြတ်သွားတာမို့ မဲလုံးတို့လို လူမွဲတွေအတွက် ကောင်းတယ်လို့ ဆိုရမယ်။ မဲလုံးက အကြွေးနဲ့သွားနိုင်မယ့်နည်းကို ရှာနေတာ အခုတွေ့ရလို့ မဲလုံးပျော်နေတယ်။ ညနေ ထမင်းဝိုင်းမှာ မဲလုံး မိသားစုကို သူသွားတော့မယ့်အကြောင်း ပြောပြလိုက်တော့တယ်။ တားလို့မရမှန်းသိလို့ မဲလုံးကို မလွှဲသာလို့သာ ခွင့်ပြုလိုက်ရတော့တယ်။

'နော်ပူတာက ခေါ်သွားပြီး ရောင်းစားတဲ့ ပွဲစားတွေကိုပဲ ကြောက်တာပါ။ မဟုတ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ ကိုမဲရယ်။ နော်လည်း ကိုမဲရဲ့ ရင်သွေးကို မွေးဖို့နီးလာပြီရှင့်'

'မပူပါနဲ့ နော်ရယ်။ ကိုမဲတို့ကို ပို့ပေးတဲ့သူက လူကောင်းပါ။ နော်ထင်သလို မဟုတ်ပါဘူး။ သူတို့ရွာမှာလည်း ကိုမဲ စုံစမ်းကြည့်ပြီးပါပြီ။ ရွာက လူကြီးတွေက အာမခံကြတယ်။ သားလေး မွေးပေးနော်။ ကိုမဲ မရှိရင် ကျန်းမာရေးလည်း ဂရုစိုက်ပါ နော်ရယ်။ အမေ့ကိုလည်း ဂရုစိုက်နော်'

'စိတ်ချသွားပါ ကိုမဲရယ်။ ကိုမဲအမေက နော့်အမေပါပဲ ရှင်ရယ်'

မဲလုံးက ကရင်မကို ရင်ခွင်ထဲ ဆွဲသွင်းပြီး နဖူးလေးကို အသာနမ်းလိုက်တယ်။ နော်သန်းသန်းလှက ခရစ်ယာန်ဘာသာဝင်ဆိုပေမယ့် အိမ်မှာ ဘုရားဆွမ်းတော်၊ ရေချမ်း၊ ပန်း၊ ဆီမီးကပ်၊ မနက်အရုဏ်တက် ရွာကျောင်းတွေက သံဃာတော်တွေ တန်းဆွမ်းဆင်းရင်လည်း ဆွမ်းလောင်း၊ အမေနဲ့ ဘုန်းကြီးကျောင်းလိုက် သီလယူနဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်နေပါပြီ။

မဲလုံး ထွက်သွားပြီးကတည်းက ဘာသတင်းမှ မရတော့ပါဘူး။ မဲလုံးသွားပြီး တစ်လအကြာလောက်မှာ ကရင်မ သားလေးမွေးတယ်။ အခုဆို ကလေးပဲ ငါးလကျော်ကျော် ရှိလာပေမယ့် မဲလုံးသတင်းကို စုံစမ်းလို့မရပါဘူး။ မိခင်ဒေါ်ဖွားသစ်နဲ့ နော်သန်းသန်းလှတို့ သောကအပူကို တရားနှလုံးသွင်းပြီး အပူကို ငြိမ်းနေကြရတယ်။

နော်သန်းသန်းလှ ကြံရာမရတဲ့အဆုံး မဲလုံးတို့ရဲ့ အချစ်တော်ကြီး ဘအောင်စိန် (ခေါ်) သရဲအောင်စိန်ထံ သွားပြီး မေးမြန်းကြည့်ရတယ်။ ဘအောင်စိန်က တွက်ချက်ပြီး နော်သန်းသန်းလှကို ဝမ်းသာစရာသတင်း ပေးလာတယ်။

'ကရင်မရေ.. ဘာမှစိတ်မပူနဲ့။ ငါ တွက်ချက်ရသလောက် မောင်အောင်ထူး အသက်ထင်ရှား ရှိနေသေးတယ်။ ပင်လယ်ပြင်ကို မထွက်ရဘူး။ ပြန်လာဖို့တော့မြင်တယ်။ လနည်းနည်း ကြာဦးမယ်ကွယ့်။ နောက် မောင်အောင်ထူး မွေးနေ့တိုင်း ညည်း သက်သတ်လွတ်စား ဘုရားဂုဏ်တော် အရဟံကို ဆယ့်တစ်ပတ် စိပ်ပေးကွယ့်။ နောက် သူ့မွေးနေ့ တနင်္ဂနွေရောက်တိုင်း ဘုန်းကြီးကျောင်းကို ဆွမ်းအုပ်ပို့ပေး။ ဘအောင်စိန် လုပ်ခိုင်းတာကို ဖြစ်အောင် လုပ်ပေးနော်။ ကဲ.. သမီး ပြန်ပေတော့'

**မဲလုံးရဲ့ ဒုက္ခအဖုံဖုံ**

မဲလုံး ယုံလို့ လိုက်သွားတဲ့ လူပွဲစားက ရိုးရိုးအလုပ်သမားတွေကို ကယ်ရီလုပ်ပေးနေတာမဟုတ်ဘဲ ရွာပေါင်းစုံက ခေါ်သွားတဲ့ လူငယ်ပေါင်းစုံကို တစ်ဖက်နိုင်ငံမှာ သွားရောင်းစားနေတဲ့ လူ့ဘီလူးဆိုတာ မဲလုံး ကျောပေါ် ကြိမ်လုံးရောက်မှ သိရတယ်။ မဲလုံးတို့အုပ်စု ထိုင်းကို ရောက်တော့ အလုံပိတ်ထားတဲ့ ငါးတင်တဲ့ ကားထဲမှာ ထည့်လှောင်ပြီး မဟာချိုင်ကို ခေါ်သွားတယ်။ မဟာချိုင်က ပင်လယ်ကမ်းစပ်ဖြစ်ပြီး ပင်လယ်ငါးဖမ်းတဲ့ အလုပ်တွေကို လုပ်ကိုင်နေတာပါ။

မဲလုံးတို့အုပ်စု ဆယ်ယောက်ကို ငါးဖမ်းလှေတစ်စင်းကို ပို့လိုက်တယ်။ သူဌေးက သူတို့အုပ်စုကို တစ်စင်းမှာ နှစ်ယောက်၊ သုံးယောက်ခွဲပြီး ပို့လိုက်တော့တယ်။ သည်အချိန်ထိ မဲလုံးတို့လူစု ရောင်းစားခံရမှန်း မသိကြသေးဘူး။ လူပွဲစား ငါးစာချထားတာက မက်စရာကိုး။ စက်ရုံတွေနဲ့စာရင် ဒီတံငါလှေတွေက လစာကောင်းတယ်။ တစ်လကို ဘတ်ငါးရာပေးတယ်။ နောက် ငါးရတဲ့အပေါ်မှာလည်း ရေလုပ်သားတွေကို ဘောက်ဆူးပေးသေးတယ်။ ကီလိုချိန် ပိုရင်ပိုသလို မက်လုံးပေးထားတော့ မဲလုံးတို့ အယုံကြီး ယုံနေတာပေါ့။ စိတ်ကူးနိဗ္ဗာန်တောင် ဆောက်လိုက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

မလုံးတို့ သိရတဲ့အချိန်က လုပ်သားတွေ လစာထုတ်ချိန်မှာပါ။ သူများတွေလို မလုံးတို့လည်း လစာထုတ်ဖို့ သွားတန်းစီတာပေါ့။ သူတို့အလှည့်ရောက်တော့ လစာထုတ်ပေးတဲ့သူ ပြောလိုက်တဲ့စကားကို ကြားလိုက်ရတဲ့ မလုံးတို့အုပ်စု မယုံနိုင်သေးပါဘူး။ သေသေချာချာ ထပ်မေးကြည့်တော့မှ အားလုံး စိတ်ဓာတ်ကျပြီး ငိုချင်စိတ်ပေါက်ကုန်တော့တယ်။

'မင်းတို့အဖွဲ့ ဆယ်ယောက်အဖွဲ့ကို ပွဲစားက တစ်ယောက်ကို ဘတ်နှစ်သောင်းနဲ့ အပြီးရောင်းသွားတာကွ။ မင်းတို့ လစာတော့ရဖို့ မမျှော်လင့်နဲ့တော့။ သွားကြ'

'တို့ဘဝတော့ သွားပါပြီကွာ။ ဒီကောင့်ကို တွေ့ရင် သတ်ချင်တယ်'

သည်လိုကြိမ်းသူကကြိမ်း၊ စိတ်အားငယ်သူက ငိုကြပေါ့။ သည်လိုနဲ့ မလုံးတို့ဘဝ ငရဲကို အရှင်လတ်လတ်ကျရတော့တယ်။ စားရတော့ မဝရေစာ၊ လုပ်ရတာက တောက်တဆ။ တခြားလုပ်သားတွေ ကုန်းပေါ်တက်လည့်ချိန်မှာ မလုံးတို့က အလုပ် လက်နဲ့မပြတ် လုပ်နေကြရတယ်။

သည်လိုနဲ့ ရာသီတွေ အလီလီပြောင်းခဲ့ပြီး ငါးနှစ်ရှိခဲ့ပါပြီ။ မလုံးတို့အုပ်စုလည်း လူရုပ်ပင် မပေါ်တော့ပါဘူး။ လွန်ခဲ့တဲ့လက မလုံးတို့အုပ်စုထဲကသုံးယောက် ထွက်ပြေးဖို့လုပ်လို့ ပင်လယ်ထဲသွားတဲ့ လှေထဲကို ထည့်လိုက်တာ လှေသာ ပြန်ဝင်လာတယ်၊ သည်သုံးယောက် ပြန်ပါမလာတော့ဘူး။ နောက်ပိုင်းကြားရတာက ပင်လယ်ထဲ ကန်ချလိုက်တယ်တဲ့ဗျာ။ ရက်စက်ပါပေ့။ လူမဆန်ပါပေ့။

အမေနဲ့ နော်လေးတို့လည်း ဘယ်လိုနေကြလဲ မသိဘူး။ အဆင်မှပြေကြရဲ့လား။ နော်လေးမွေးတာ သားလေးလား၊ သမီးလေးလားလည်း မသိရပါလား။ အခုဆို ကလေးတောင် ငါးနှစ်လောက်ရှိပြီပေါ့။ ဩော်..ငါ ရွာက မထွက်ခင်က ကျိန်းခဲ့တဲ့စကားက အခု တကယ်လာဖြစ်နေပါလား။ သူများနိုင်ငံမှာ ကျွန်သွားခံမယ်ဆိုတာ။ အခုတော့ ကျွန်မကပဲ ကျွန်စုပ်တဲ့ သရက်စေ့လောက် မပြောင်တဲ့ ဘဝပါလား။ အောင့်ခံပေါ့ မလုံးရေ။

တစ်နေ့ မလုံးတို့လို ရောင်းစားခံထားရသူတွေ လွတ်မြောက်ဖို့ ကူညီမယ့်သူတွေ ပေါ်လာတယ်။ နိုင်ငံခြားသတင်းဌာနက ဂျာနယ်လစ်တွေနဲ့ ထိုင်းနိုင်ငံအခြေစိုက် လူကုန်ကူးမှုတိုက်ဖျက်ရေး N.G.O အဖွဲ့တို့ ပူးပေါင်းပြီး ကူညီမှုကြောင့် မလုံးတို့အုပ်စု ခုနစ်ယောက်အပြင် စုစုပေါင်း ဆယ့်ငါးယောက် လွတ်မြောက်လာကြတယ်။

**ကရင်မလေးရဲ့ အတိတ်ကောက်အမှား**

နော်သန်းသန်းလှမှာ ချစ်လင်မလုံး ပြန်လာနိုးနဲ့ စောင့်ခဲ့ရတာ သားလေးပင် ငါးနှစ်သားရှိခဲ့ပြီ။ မလုံးရဲ့ အမေ ဒေါ်ဖွားသုစ်မှာလည်း မလုံးစိတ်ကြောင့် တရှောင်ရှောင် ဖြစ်နေလို့ နော်သန်းသန်းလှမှာ ကလေးတစ်ဖက်၊ လူမမာ အမေကို ပြုစုရတာတစ်သွယ်၊ စားရေးအတွက် နေပူမိုးရွာမရှောင် ကောက်စိုက်ဆင်းနေရလို့ အရင်က စိုပြည်နဖတ်နေတဲ့ အသားအရေလည်း နေစားကုန်ပါပြီ။

ဒါကို သူ့အမေ နော်အုန်းလှ တွေ့တော့ ရင်ထုမနာ ဖြစ်ရတယ်။ အခု ကလေးရဲ့မျက်နှာကြောင့် အမိုး နော်အုန်းလှ သမီးဆီကို ဝင်ထွက်လို့ ရနေပါပြီ။ ပိုက်ဆံလေး၊ ငွေစလေး အနည်းငယ်ယူလာပေးနေတာမို့ နော်သန်းသန်းလှ အသက်ရှူချောင်ရပါတယ်။ အမိုး နော်အုန်းလှက ကလေးကို သူ့အတိုးထံ ခေါ်သွားပြီး အတိုးလက်ထဲထည့်ပေးလို့ အတိုးနဲ့မြေးတို့လည်း ပြေလည်နေပါပြီ။

နော်သန်းသန်းလှ အခုမှပင် မိဘမေတ္တာကို နားလည်ရတော့တယ်။ ဦးစိတ်တို ဦးစောဖော်လူးကတော့ သမီးကို အိမ်လာမခံသေးဘဲ မြေးကိုတော့ ချီတာပြုတာ ရှိလာပါပြီ။

တစ်ညနေ အိမ်မှာ သောက်ရေကုန်နေလို့ သောက်ရေအိုးယူပြီး ရေခပ်ဖို့ ရေတွင်း ထွက်လာခဲ့တယ်။ ရေတွင်းပေါင်ပေါ် ရေအိုးထားပြီး ရေငင်နေတုန်း ကျောင်းနေဖက်သူငယ်ချင်း မိခင်ရွှေနဲ့ဆုံပြီး စကားပြောနေကြတယ်။

'ဟဲ့.. သန်းလှရယ်၊ နင့်ရုပ်ကလည်း အရင်ရုပ် မဟုတ်တော့ပါလား။ ပြင်ပြင်ဆင်ဆင်လေးလည်း နေစမ်းပါဦးဟယ်။ တကကတည်းတော်..အဘွားအိုလေးကျနေတာပဲ'

'ဩော်..ခင်ရွှေရယ်၊ ကလေးတစ်ယောက်ပဲ ရနေပြီ အဘပြင်စရာလိုတော့လို့လဲ။ အလှကြည့်မယ့် ငါ့ယောကျ်ားကိုမှ အဲ..အောင်ထူးလည်း မရှိဘူးလေ။ ထွက်သွားလိုက်တာ ဘာသတင်းမှလည်း မရဘူးဟဲ့။ ဒီအချိန်မှာ ငါအလှပြင်နေရင် ဘေးလူတွေက ငါ့ကို လင်ထောင်နေတာလို့ ပြောကြမှာပေါ့ဟဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဒါတော့ ဒါပေါ့ဟာ။ သနပ်ခါးလေးတော့ လိမ်းပေါ့ ကောင်မရယ်၊ လှမြင်ကောင်းအောင်ပေါ့။ ညည်းယောကျ်ား ကိုအောင်ထူးလည်း ဘာသတင်းမှ မရဘူးလား'

နော်သန်းသန်းလှ ဘာမှဆက်မပြောတော့ဘဲ မျက်နှာညှိုးသွားပြီး ရေအိုးကို ရေဆက်ဖြည့်နေလိုက်တယ်။ ရေပြည့်တော့ ခေါင်းခုခွေပြီး ခေါင်းပေါ်မ,အတင် လက်ချော်သွားပြီး ရေအိုးမြေကြီးပေါ်ကျ[illegible] အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတော့တယ်။

သည်အချိန်မှာ ဘအောင်စိန် ရေတွင်းရှေ့ လမ်းပေါ်က ရပ်ကြည့်နေတာကို သူတို့နှစ်ယောက်လုံး မသိကြပါဘူး။ ကွဲသွားတဲ့ ရေအိုးကိုကြည့်ပြီး နော်သန်းသန်းလှ မျက်ရည်တွေတွေကျလာပါတယ်။

'အတိတ်မကောင်းဘူး မိခင်ရွှေရယ်၊ ကိုအောင်ထူး ဒုက္ခရောက်နေပြီလား မသိပါဘူး။ ကိုမဲရယ်..ရှင်နဲ့နော်တို့ အိုးစားကွဲကြပြီ ထင်ပါရဲ့။ ဟီး..ဟီး'

'မဖြစ်နိုင်ပါဘူး မနော်ရယ်။ ရေအိုးကျကွဲတာ အခန့်မသင့်လို့ပါဟယ်။ သူ့အလိုလို ကွဲတာ မဟုတ်လား။ ဒီလောက်လည်း စိတ်သောက မရောက်နေပါနဲ့ နော်ရယ်'

'ဟီး..ဟီး..ဟီး..ကိုမဲရေ၊ တော်နဲ့ကျုပ်တို့ ဒီဘဝ ဝေးကြပြီပေါ့နော်။ သားလေးနဲ့ နော် ဘယ်လိုနေရမှာလဲတော့။ ဟင့်..ဟင့်..ဟင့်။ အမေ့ကိုလည်း ဘယ်လိုပြောရမှာလဲ ကိုမဲရယ်။ ဟီး..ဟီး..ဟီး'

'ဟဲ့..မိခင်ရွှေ၊ ဟိုကရင်မ ဘာလို့ငိုနေတာလဲ။ အသံကြီးနဲ့။ မရှက်ဘူး ထင်တယ်'

လမ်းပေါ်က ပြုံးပြီးကြည့်နေတဲ့ ဘအောင်စိန်က ရေအိုးရွက်ပြီး ထွက်လာတဲ့ မိခင်ရွှေကို မေးလိုက်တယ်။

'အဲတော့ ဘအောင်စိန်ကြီးပါလား။ ဒီလိုတော်ရေ..နော် ရေအိုးရွက်ရင်း အိုးကျကွဲသွားလို့ ကိုအောင်ထူးနဲ့ အိုးစားကွဲပါပြီ၊ သေပါပြီပြောပြီး ငိုနေတာရှင့်။ ဘအောင်စိန် ကြည့်ပြီး ဆုံးမပေးပါဦးရှင်'

'ခေါ်လိုက်စမ်း။ ဒီလင်တရူး ကရင်မကို'

ဘအောင်စိန် ခေါ်ခိုင်းလို့ မိခင်ရွှေက နော်သန်းသန်းလှကို လှမ်းခေါ်လိုက်တယ်။ နော်သန်းသန်းလှက ခေါ်သံကြားလို့ လှမ်းကြည့်လိုက်ရာ ဘအောင်စိန်ကို မြင်သွားလို့ အားကိုးတဲ့မျက်နှာနဲ့ မပြေးရုံတစ်မည် ရောက်လာတယ်။

'ကယ်ပါဦး ဘအောင်စိန်ရယ်။ ကိုအောင်ထူး တစ်ခုခုများ ဖြစ်နေလို့လား၊ နောက်မိန်းမများ ယူလိုက်လို့လား တော့မသိပါဘူး။ တစ်ခုခုတော့ တစ်ခုခုပါပဲ ဘအောင်စိန်ရယ်။ ရေအိုးအကောင်းကြီးက ကျပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတာ အတိတ်နိမိတ် မကောင်းဘူးရှင့်။ နော်အရမ်းစိတ်ပူတာပဲ ဘအောင်စိန်ရယ်'

'ကရင်မ လင်တရူးရဲ့၊ အတိတ်နိမိတ်ဆိုတာ နင်ဘယ်လောက်နားလည်လို့ ကောက်နေရတာလဲ လင်တရူးမရဲ့။ သွား..ပြန်၊ ထမင်းဟင်း ကောင်းကောင်းချက်၊ ရေမိုးချိုး သနပ်ခါးလှလှလူးပြီး အဝတ်အစားသန့်သန့်ပြန့်ပြန့် ဝတ်ပြီး အိမ်ကစောင့်နေ။ နင့်လင်မဲလုံး ဒီည အိပ်ခေါက်ကားနဲ့ ပြန်လာလိမ့်မယ်။ သွားပြန်'

ကရင်မ ဘာမှအထွန့်မတက်ရဲ၊ ဘအောင်စိန် တည်တည်ကြီးနဲ့ ပြောနေတာဆိုတော့ ယုံတစ်ဝက် မယုံတစ်ဝက်မျက်နှာနဲ့ အိမ်ပြန်လာပြီး အမေ့ကိုလည်း ဝမ်းသာစရာပြောပြ ဟင်းကောင်းကောင်း ချက်ပြုတ်ကာ သားလေးနဲ့ သူမတို့ ရေမိုးချိုးပြီး လှလှပပ ပြင်ဆင်ကာ မဲလုံးကို မျှော်နေတော့တယ်။

အဟုတ်ပါပဲ။ မဲလုံး ဒီည အိပ်ခေါက်ကားနဲ့ ပါလာပါတော့တယ်။ နော်သန်းသန်းလှဆိုတာ ဝမ်းသာလွန်းလို့ ဖက်တောင် ငိုမိတယ်။ မိခင်ကြီး ဒေါ်ဖွားသစ်လည်း သား အောင်ထူးကို အရှင်လတ်လတ်ကြီးတွေ့ရလို့ ရောဂါတစ်ဝက် ပျောက်သွားသလို ခံစားရတယ်။ မဲလုံးရဲ့ သားလေး လှိုင်ဘွားက သူ့အမေကို သရဲလိုလူက ဖက်နမ်းနေလို့ မကျေမနပ်နဲ့ ကြည့်နေပါတယ်။

'သားတို့ ဘအောင်စိန်ကို သွားကန်တော့ရင်းနဲ့ ဆရာတော်ကျောင်းကိုလည်း ဆွမ်းအုပ်ပို့ရင်း အကျိုးအကြောင်း လျှောက်ထားကြဦး'

နောက်တစ်နေ့ ဘအောင်စိန် အဆိုသလို ဆရာတော်ကျောင်းကိုလည်း သွားရောက်လှူဒါန်းကြပါတယ်။ လင်မယားနှစ်ယောက်ရဲ့ မျက်နှာတွေမှာ အပြုံးပန်းကိုယ်စီနဲ့ပါ။ မဲလုံးတို့ ဇာတ်လမ်းက ပြန်ပေါင်းထုပ်တဲ့ ဇာတ်လမ်းနဲ့ အဆုံးသတ်ခဲ့ပေမယ့် ဘအောင် မြှုပ်ကွက်ထားတာ ရှိပါသေးတယ်။

**ဘအောင်စိန် အတိတ်ကောက်ပုံ**

'ဘအောင်စိန်က အထွတ်အထိပ်ပို့ကို မြှုပ်ထား

www.burmeseclassic.com

www.burmeseclassic.com

တာကိုး။ အတိတ်ကောက်ပုံလေးကို ရှင်းပြပါဦး ဘရယ်'

'ဘာအတိတ်ကောက်တာလဲကွ'

'ဘအောင်စိန်က ဝိုက်နေပြန်ပြီ။ မဲလုံး တထစ်ချ ပြန်လာမယ်ဆိုတာနဲ့ ရေအိုးကွဲတာကို ဘယ်လိုဆက်စပ်ယူတာလဲ ဘအောင်ရယ်'

'ဟား··ဟား··ဟား··ကြည့်တတ်ရင် နားလည်တဲ့သူ မြင်တာပေါ့ကွ။ အတိတ်ဆိုတာ ကောင်းသလိုနဲ့ ဆိုးတာရှိသလို ဆိုးသလိုနဲ့ ကောင်းတာလည်း ရှိတယ်ကွ။ ဟိုညနေက ကရင်မ ရေခပ်နေတာ လမ်းပေါ်က ငါရပ်ကြည့်နေတာ သူ့အိုး ခေါင်းပေါ်အတင်မှာ လွတ်ကျပြီးကွဲသွားတယ်လေ။ ကရင်မကတော့ ဘာသိမှာလဲ၊ ကြားမှုနားဝလေးနဲ့ အိုးကွဲတာကို အိုးစားကွဲပါပြီလို့ အော်ငိုနေလို့ ငါ ခေါ်ဆူလိုက်ရတယ်။ ငါ့အမြင်က အိုးဆိုတာ မြေကြီးနဲ့လုပ်တာ မဟုတ်လား။ မြေကြီးက ပထဝီဓာတ်လေကွာ။ ဒါပေမဲ့ အိုးဖြစ်လာတော့ မြေကြီးနဲ့ ထိတွေ့ရတယ်ကို မရှိဘူး။ ကရွတ်ပေါ်ရောက်လိုက်၊ ရေထည့်ထားလိုက်၊ ခေါင်းခုပေါ် ရောက်လိုက်နဲ့ မြေကြီးနဲ့ ကင်းကွာနေတာ မဟုတ်ဘူး။ အခုအိုးကကျကွဲပြီး မြေကြီးနဲ့ ပြန်ပေါင်းထုပ်သွားတော့ ပထဝီနဲ့ ပထဝီ ပြန်ပေါင်းသွားတာကို မြင်လို့ မောင်အောင်ထူး ညအိပ်ခေါက်နဲ့ ပါလာမယ်လို့ ငါ ပြောလိုက်တာပဲကွ။ ကြည့်တတ်ရင် မြင်နိုင်ပါတယ်ကွာ။ တွေးခေါ်တတ်ဖို့ပဲ လိုတာပါ'

'ဩော်··ဘအောင်စိန်က ပညာတွေကို လျှို့ထားတာကိုး။ မဲလုံးတို့ မညားခင်ကလည်း ခက်ခက်ခဲခဲ ညားကြမယ်။ ညားပြီး ဝေးဝေးနေရမယ်။ ဒုက္ခရောက်မယ်လို့ ဘ လက်ဖက်ရည်ဆိုင်မှာ ပြောတုန်းက ပဟေဠိဖြစ်နေတာ အခုမှပဲ ရှင်းသွားတော့တယ် ဘရေ'

ခုဆို မဲလုံးလည်း ယောက္ခမတို့ရဲ့ ကြည့်ရှုစောင့်မမှုကြောင့် ဟာလာစက်(စပါးကြိတ်ခွဲစက်)ထောင်၊ စပါးဝယ်ရောင်းပြီး ကြိတ်ခွဲကာ မော်လမြိုင် တင်ပို့ရင်း ကောင်းကောင်းနေနိုင်ပါပြီ။

ကောင်းကျိုးလိုရာ ပြည့်ဝါစေ

မောင်လှယဉ်(မော်လမြိုင်)


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**

Ph.D (Hon - Doctor of Astrology)

**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**

**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

**အခန်း၊(၄)၊ အနောက်ဘက်မုခ်၊ မြခသုံ့နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ☎ ၀၉ ၅၀ ၇၅၈၂၇**



**ဒေါက်တာယတြာဟေမာ**

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့

ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ

လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်

ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်··

**ကြိုတင် ရက်ချိန်းယူပါ**

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ☎**


www.burmeseclassic.com

www.burmeseclassic.com


ဟာသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်အတွင်း ပါဝင်သော် လည်း လေးမျက်နှာမြို့နှင့် (၇)မိုင်ခန့်သာဝေးသော ဝေန်မြစ်(ပုသိမ်မြစ်)ဘေးတွင်ရှိသော စာရေးသူ၏ နေထိုင်ရာ ကျွဲသောင်ရွာကား အိမ်ခြေတစ်ထောင်ကျော်မျှရှိသော ကိုင်း၊ လယ်၊ ရေလုပ်ငန်း စသောလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပြီး ကိုင်းနှင့် လယ်က အများစု ရေလုပ်သားက အနည်းစု ဖြစ်လေသည်။

စာရေးသူ ကလေးဘဝက ကျွဲသောင်ရွာတွင် အတီးဝိုင်းတစ်ခု (တောအခေါ် တရောဝိုင်း) ရှိခဲ့ဖူးသည်။ ထို့နောက် အတီးဝိုင်းသည်လည်း ပျက်သွားလေတော့၏။ စာရေးသူကား ဖခင်ကြီး၏ စီမံချက်ဖြစ်သော အိမ်မလည်အောင်ဟူသော အကြောင်းပြချက်ဖြင့် ဝါးပတ္တလားဝယ်၍ ဆိုင်းဆရာခေါ်ယူ၍ သီချင်းကြီး၊ သီချင်းခံ၊ ယိုးဒယား ပတ်ပျိုး စသည် သင်ယူရလေသည်။ ထို့နောက်တွင် မြန်မာဂီတာ တီးခတ်ခြင်းကိုလည်း ဝါသနာပါသဖြင့် မယ်ဇလီကုန်းရွာမှ မြန်မာဂီတာဆရာနှင့် သင်ယူခြင်း အခွင့်အလမ်းများ ရခဲ့လေတော့သည်။ ၎င်းနှစ်မျိုးလုံးအား ကျွမ်းကျင်စွာ တတ်မြောက်လေသောအခါ ယခင်အတီးဝိုင်း... လူဟောင်းများအား လိုက်လံတွေ့ဆုံဆွေးနွေး၍ ဒုတိယ... မျိုးဆက်သစ် ကျွဲသောင်တီးဝိုင်းအား စုစည်းတည်ထောင်... ဖြစ်ပြန်လေတော့သည်။

ယခင်အတီးဝိုင်းမှ သီချင်းကြီး သီးသန့် အဆိုရှင်... ဦးဉာဏ်ထွန်း(အသက် ၆၀ ခန့်)၊ မယ်ဒလင် ကိုကြီး... (အသက် ၄၀ ခန့်)၊ နှဲဆရာကြီး ဦးကျော်ရှင်း (ဆိုင်းဝိုင်း... ကြီးများတွင် လိုက်လံတီးမှုတ်သည်)၊ မယ်ဒလင် ကိုချ... (ကတာက်ကုန်း)၊ ဂီတာ ကိုလှသောင်း၊ ပလွေ(မြွေ) ကို... တင်၊ ခြောက်လုံးပတ်ဗုံ ကိုဖိုးချွန်၊ ခေတ်ပေါ်(ခေတ်ဖြ... သီချင်း) ကိုထွန်းညို၊ ကိုအီစွတ်(ညီအစ်ကို၊ ကာလပေါ်)...

# ဆန်းဝင်း (အောင်မြေ)

# နွားမသားဝှက်ဂီတာနှင့် ဖြစ်ရပ်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

မခွေးလေး၊ တယော ကိုတင်ရွှေတို့အား တစ်အိမ်တက်ဆင်း ခွေးနွေးစုစည်း၍ မိုးတွင်းပိုင်း ရှာလယ် မခွေးလေး၏ဖခင် ဦးထင်ကြီး၊ ဒေါ်အုံးစိန် အိမ်၌ သီချင်းတီးလုံးတိုက်ခြင်းများ ညစဉ် ပြုလုပ်ကြသည်။ ထီးနှင့် ရေနံဆီမီးခွက်၊ မီးအုပ်ဆောင်းနှင့် စာရေးသူက ထိုနေရာ လမ်းချင်းမတွေ့ညီကြသော အတီးသမားတို့အား လိုက်၍ခေါ်ယူရလေသည်။ ပြန်ပို့ရလေသည်။ ထိုတာဝန်အား စာရေးသူ မငြိုမငြင် ဆောင်ရွက်ရလေသည်။

ညနေ(၆)နာရီကျော်သောအခါ မီးအုပ်နှင့် အဘထင်တို့အိမ်သို့ စာရေးသူ ကြိုရောက်နှင့်နေလေပြီ။

'ဟ..မွှေးလှချည်လား။ ဘာဟင်းချက်လဲ မခွေးလေးရ'

'ညွန့်သောင်း..နင် ဖားသားစားလားဟဲ့'

'ဟ..တောသားပါဆိုမှ ဖားသား စားတာပေါ့ဟယ်'

'အေး..အေး..အတီးဝိုင်းပြီးရင်စား၊ ငါ ချန်ထားလိုက်မယ်နော်'

'အကောင်းဆုံးပေါ့ဟယ်'

ထိုအချိန်၌ အဘထင်ကား ဘုရားရှိခိုး၍ ပြီးသွားသဖြင့် စာရေးသူတို့ ရေနွေးဝိုင်းသို့ လာထိုင်လေသည်။ အဘထင်ဇနီး ဒေါ်အုန်းစိန်ကား ယခင်က ဇာတ်ထောင်ခဲ့ဖူးသော မိသားစုများဖြစ်၍ အာဂအနုပညာပိုးများ ပိုင်ရှင်တို့ ဖြစ်သည့်အားလျော်စွာ ဆယ်ယောက်မျှသော ကျွန်ုပ်တို့ အတီးဝိုင်းသမားများ ထမင်းဟင်း မကြာ,မကြာ ဟင်းကောင်းတစ်မည်နှင့် ချက်ကျွေးတတ်လေသည်။ သည်းခံမှု၊ ဝါသနာပါမှုကလည်း ဩချလောက်သည်။ သန်းခေါင်ကျော် နှစ်နာရီခန့်မျှ အချိန်ရောက်မှ ကျွန်ုပ်တို့ အတီးဝိုင်း သီချင်းတိုက်ခြင်း၊ တက်ခြင်းတို့အား လက်စသတ် သိမ်းသော်လည်း သူတို့လင်မယား အိပ်ရာထဲ မဝင်ကြသေး။ စောင့်၍ နားထောင်အားပေးမြဲ ဖြစ်လေသည်။ နားထောင်ရင်း အိပ်ပျော်သွားကြသည်လည်း ရှိလေသည်။ သို့သော် အိပ်ရာထဲ မသွားကြ။ အတီးဝိုင်းအနီးတွင်သာ လဲလျောင်း၍ လင်မယားနှစ်ယောက် အားပေးကြ၏။ အာဂလင်မယားပါပေ။

'အဘထင်..ဘုရားရှိခိုးတာ အစောကြီးပါလား'

'အေးလေ၊ တော်ကြာ မင်းတို့က တီးကြဆိုကြတော့မှာလေ။ ငါ ဘယ်အချိန်ရတော့မှာလဲ။ ဒါကြောင့် စောစော ရှိခိုးထားတော့ ပြီးသွားတာပေါ့'

'အခုန အဘထင်ရွတ်တဲ့ ဘုရားရှိခိုးထဲမယ် ကျွန်တော် မကြားဖူးတဲ့ ပါဠိနှစ်ဂါထာလောက် ရွတ်သံကြားလိုက်တယ် အဘထင်။ အဲဒါ ဘာဂါထာလဲ'

'ဩော်..ဟို နွားမသားဝှက်ဂါထာကို မင်း ကြားလိုက်တာဖြစ်မယ်။ အဲဒါ ငါ ပုံမှန်အမြဲရွတ်တယ်။ ငယ်ငယ်ကတည်းက ရွတ်တာကွ။ အဲဒီဂါထာကြောင့် ဂျပန်ခေတ်က ထူးထူးခြားခြား ဖြစ်ရပ်ဆန်းတွေ ကြုံခဲ့ရဖူးသကွ။ အန္တရာယ်ကလည်း လွတ်ခဲ့ဖူးတယ်'

'အာ..ကောင်းလိုက်တာ အဘထင်ရယ်။ အဲဒီအကြောင်းလေး နည်းနည်းလောက် သိချင်တယ်။ မှတ်လည်း မှတ်ချင်တယ်။ အဘထင် လူလည်း မစုံသေးဘူး။ အချိန်နည်းနည်းရတယ်။ ပြောပြစမ်းပါ အဘထင်ရယ်။ အထူးအဆန်းဆိုတော့ သိချင်လာပြီ'

'အေး..ဒါဆိုလည်း နားထောင်။ အဲဒီတုန်းက ဂျပန်တွေ စစ်ရှုံးတော့မယ်ကွ။ တပ်ပြန်ဆုတ်ပြီး ရသမျှ သယ်တဲ့ အချိန်ပေါ့ကွာ'

◆◆◆

ဂျပန်တို့ မြန်မာပြည်ကို အုပ်စိုးလာသည်မှာ သုံးနှစ်သုံးမိုးအတွင်း ရောက်ရှိပြီးသော တပို့တွဲလ၏ နံနက်(၉)နာရီခန့်အချိန် မောင်ထင်နှင့် မအုန်းစိန်တို့ကား အိမ်ထောင်ပြုပြီးစ လ,အနည်းငယ်သော ကာလပင် ဖြစ်လေသည်။

'မအုန်းစိန်ရေ'

'ရှင် ဒေါ်ဆယ်..ပြော၊ ဘာကိစ္စ'

'ဆန်နည်းနည်းလောက် ချေးပါဟယ်။ ငါ စက်သွားမကြိတ်ရသေးလို့ ပြီးရင် ပြန်ဆပ်ပါ့မယ်ဟယ်နော်'

'ဩော်..ဒါများ ရပါတယ်။ ဘယ်နှစ်ပြည်ယူမှာလဲ'

'ငါးပြည်လောက်ပါဟယ်။ အများကြီးမလိုပါဘူး'

ထိုစဉ် ခြံဝဘက်သို့ ခွေးကြီးရန်လုံသည် ပြေးထွက်သွားလျက် ရူးရူးဝါးဝါး ဟောင်လေတော့သည်။

'ဝုတ်..ဝုတ်..ဝေါင်း..ဝုတ်..ဝုတ်'

'ဟော့..မောင်ထင် ရှိလား။ ခွေးမောင်းထားစမ်းဟေ့။ ငါ လာမလို့ဟေ့။ ကြားလားဟ'

'ဟာ..ဂျပန်စကားပြန် မိုးသီးပါလား။ ဘာတွေလာလုပ်ဦးမှာလဲ မသိဘူးဟေ့။ ဒုက္ခပဲ။ ဟဲ့--ရုံ့ ထား--

www.burmeseclassic.com

လာ··လာခဲ့ဟဲ့'

'မောင်ထင်ရှိလား မအုန်းစိန်'

'ရှိတယ်။ နွားတင်းကုပ်ထဲမယ်'

'ဟေ့··ဘယ်သူတွေလဲဟ အုန်းစိန်'

'ကိုမိုးသီးလာတာ ကိုထင်ရေ'

'ဟာ··မောင်ထင်၊ လာဦး။ ငါပြောတာ သေသေချာချာနားထောင်။ ဟောဒီမယ် ဂျပန်မိုလ်မာစတာ ပါလာတယ်။ မင်းလှည်းနဲ့ နွားတပ်ပြီး ရွာလယ်ကို ထွက်ခဲ့။ ဟိုမှာ လှည်း(၁၀)စီး ရောက်နေပြီ။ မင်းလှည်းနဲ့ ပစ္စည်းပို့ရမယ်။ အင်္ကျီ၊ ပုဆိုး အပိုတစ်ထည်,နှစ်ထည် ထည့်ယူလာခဲ့။ တစ်ပတ်လောက် ကြာချင်ကြာမယ်။ အခုအသုံးစရိတ်ပေးခဲ့မယ်။ ပို့ပြီးပြန်ရင်လည်း ထပ်ပေးမယ်'

'ဘယ်ကိုတောင် လိုက်ပို့ရမှာလဲ မိုးသီးရ'

'ရခိုင်ရိုးမဘက် ဆိုတာလောက်ပဲ ငါလည်း သိတယ်။ အများကြီး မတင်ဘူးကွ။ သေတ္တာနှစ်လုံး၊ သုံးလုံးလောက်ပဲ။ တစ်နိုင်ပေါ့။ ခန့်မှန်းခြေကတော့ သုံးညအိပ်လောက်ပဲ ထင်တာပဲကွ။ မလိုက်လို့တော့ မဖြစ်ဘူးနော်။ ဟော့ကောင် မောင်ထင်··ဒီကောင်တွေက စိတ်မထင်ရင် သေနတ်နဲ့ ပစ်တော့တာကွ။ ငါ့အထင်နော်ဒီကောင်တွေ စစ်ပြေးတာလား၊ ဆုတ်ခွာတာလား မသိဘူး။ မဟာမိတ်နဲ့ မြန်မာ့တပ်မတော်က သဲကြီးမဲကြီးလိုက်နေတယ် ကြားတယ်။ ဒီကောင်တွေ ပျာနေတာတော့ သေချာတယ်။ မီးစင်ကြည့်ကကြတာပေါ့ မောင်ထင်ရာ'

'အေးပါကွာ၊ ဒါဆိုလည်း လိုက်ရမှာပေါ့။ ကဲ··သွားနှင့်။ ငါ အခုပဲ လှည်းတပ်ပြီး ထွက်လာခဲ့မယ်။ ဟုတ်လား'

'အေး··ဟောဒီမှာ အုန်းစိန် လုပ်အားခကြိုတင်ငွေ။ ရော့··ပြန်လာတော့လည်း ရဦးမှာပေါ့။ ကဲ··ငါသွားပြီ။ မြန်မြန်လုပ်နော် မောင်ထင်'

'အေး··အေး'

ကိုထင်ကား ဂျပန်များ၏ ထွက်ခတ်ခတ်သော ကျည်ဆန်ဖြင့်တော့ မသေလို၊ အသေမခံနိုင်။ မိမိလည်း မိုးသီးပြောသလို မီးစင်ကြည့်ကရပေတော့မည်။ ယူစရာများယူ၍ မအုန်းစိန်အား မှာစရာများ မှာပြီးလျှင် လှည်းတွင်နွားတပ်၍ ရွာလယ်စုရပ်သို့ ထွက်ခဲ့လေသည်။ မိုးသီးပေးခဲ့သော ထောင်မလဲဘဲကော်ဟုခေါ်ကြသော ဂျပန်ငွေစက္ကူများ လက်တစ်ဆုပ်မျှက မအုန်းစိန်အား ပေးခဲ့ပြီးပြီသည်။ ရွာလယ်စုရပ်တွင် လှည်း(၉)စီးကား ပစ္စည်းစည်းစည်များ တင်ပြီးဖြစ်၍ အသင့်အနေအထား မောင်ထင်လှည်းအား ဂုန်နီအိတ်တစ်အိတ် လေးထောင့်သံသေတ္တာသေ့တန်းလန်းနှင့် သုံးလုံးအားတင်၍ ဂျပန်တစ်ယောက်အစောင့်အနေဖြင့် ထိုင်လိုက်လာသည်။ ဂျပန်စစ်သားထလေးကား အသက်(၂၅)နှစ်ခန့်သာ ရှိပေမည်။

ကျွဲသောင်ရွာမှ နံနက်(၁၀)နာရီခွဲခန့် လှည်း(၁၀)စီးမောင်းနှင်၍ မှန်ကုန်းရွာသို့ ရောက်သောအခါ နောက်ထပ်လှည်း(၁၀)စီးအား ထပ်မံတွေ့ရလေသည်။ ဘယ်တုန်းကဘာနဲ့ ဒီသေတ္တာတွေ သယ်ဆောင်လာကြသနည်း။ မောင်ထင်ကား အတွေးမပေါက် ကားနှင့် လာပို့ထားတာလည်းမဖြစ်နိုင်။ အမှန်ကား အထမ်းသမားများ ပေါ်တာဆွဲ၍ကျွဲသောင်ရောက်လျှင် ပြန်လွှတ်လိုက်ခြင်း ဖြစ်လေသည်။ လှည်းတန်းကြီးကား မှန်ကုန်းအလွန် စိန်ဘုရားအနီးမှဖြတ်၍ အနောက်ရိုးမဆီသို့ တအိအိမောင်းနှင်ကြလျက် ညနေမိုးချုပ်သောအခါ ထမင်းစား နားပေသည်။ စည့်သွပ်တူအသားတစ်ဘူး လာပေး၏။ မအုန်းစိန် ထုပ်ပေးလိုက်သော ထမင်းနှင့် အဝစားလိုက်၏။ နောက်နေ့ဆိုသည်မှာမရေရာ မသေချာပေ။ ဘယ်နေရာအထိ ပို့ရမည်ဆိုတာကြိုမသိ။

လှည်းတန်းကြီးကား သာမန်ဆိုလျှင် ပျော်စရာကောင်းမည်ဖြစ်သော်လည်း ဂျပန်များအား မျက်စိစပါးမွေးစူးနေသော မောင်ထင်ကား မကျေနပ်ပေ။ သို့သော်လည်းသူတို့ စစ်သားတိုင်းတွင် ရိုင်ဖယ်သေနတ်၊ လက်ပစ်ဗုံးသီးပစ္စတိုသေနတ်များ၊ မော်တာများ၊ စတင်းဂန်းများနှင့်မိမိတွင် ကြိမ်လုံးသာရှိချေ၏ မဟုတ်ပါလား။ မြန်မြန်ပြေးကြပါစေ။ စစ်ကြီး မြန်မြန်ပြီးပါစေဟု ဆုတောင်းမိပါသေးသည်။ ရန်ကုန်ဘက်တွင် အင်္ဂလိပ်လေယာဉ်များဗုံးကြဲသည်ဟု သတင်းကြားရသည်။

ဤသို့သော အကြောင်းကြောင့် စစ်ပြေး စစ်ဆုတ်သည်မှာ သေချာလှတော့သည်။ ကျောင်းက ဆရာတော်အမိန့်ရှိဖူးသည်။

'ဂျပန်တွေ အုပ်ချုပ်တာ နှစ်များများ မကြာနိုင်ဘူးကွ။ ဂျပန်တွေရဲ့ ငွေသုံးစွဲမှုမှာ ဆင့်ဆိုတဲ့ ငွေကြေးသုံးစွဲမှုဟာ အနိမ့်ဆုံးပဲ။ တို့အရပ်မှာခေါ်တာ ဆင့်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်သစ်သားကို ခေါ်တာ မဟုတ်လား။ အေး..ဂျပန်တွေလည်း (၃)နှစ်ထက် ပိုမနေနိုင်ဘူးကွ။ ပြေးရလိမ့်မယ် မောင်ထင်၊ သေချာမှတ်ထား' ဟု အမိန့်ရှိဖူးသည်။

'ဒါလည်း တစ်ခုမှတ်သားစရာပဲ။ အခုနှစ် ဂျပန်တွေ (၃)နှစ်ရှိပြီး ဒါ စစ်ဆုတ်တာ သေချာပါပြီ။ ကောင်းလိုက်တာ'

'ဘိရုမာ..ဘိရုမာ'

မောင်ထင် အမှတ်တမဲ့ သတိပြန်လည်လာသည်။ လှည်းနောက်မှ စီးလိုက်လာသော ဂျပန်ကလေးက မောင်ထင်အား လက်တို့၍ ခေါ်ခြင်းကြောင့် ဖြစ်လေသည်။

မောင်ထင်အား လက်ညှိုးထိုး၍ ဟန်အမူအရာစွက်ဖက်၍-

'ဘိရုမာ နာမည်ပြောပါ'

'ငါ့နာမည်ကို မေးတာလား'

'ဟုတ်တယ် ရှိ'

'ငါ့နာမည် အဖေလို့ ခေါ်တယ်'

ကိုထင်ကား စိတ်ချဉ်ပေါက်၍ ပြောလိုက်လေတော့သည်။

'ကောင်းတယ် ကား'

'ဟိုး..ဟိုး..ဘာလဲ..ဘာလဲ'

နွားနှစ်ကောင်အား လက်ညှိုးထိုး၍ မေးပြန်လေသည်။ ကိုထင်ကား အလွန်စကားရှည်သော စပ်စုသော ဂျပန်ပေပဲဟု ပို၍ချဉ်မိပေသည်။ ထို့ကြောင့် စိတ်ထဲရှိသည့်အတိုင်း ဖြေလိုက်လေသည်။

'ဒါကို ပြောတာလား'

'ဟုတ်တယ် ရှိ'

'နှင့်အမေလင်လို့ ခေါ်တယ်'

'ကောင်းတယ် ကား'

တစ်လမ်းလုံး ဟိုမေး ဒီမေး ရေးမှတ်နှင့် မောင်သွားသော် မိုးချုပ်နေဝင်သွားတော့မှ အမေးရပ်သွားလေတော့သည်။ ညဦးပိုင်းတွင် ထောက်ကြံ့ကွင်းရွာ၊ ဝါးတောကွင်းရွာအနီး ရောက်သောအခါ လှည်းများ ရပ်နား၍ နွားများအား စမ်းချောင်းတွင် ရေတိုက်ကြလေတော့သည်။

ထိုအခါ မောင်ထင်၏လှည်းမှ ဂျပန်ကလေးက မောင်ထင်အနီးသို့ ရောက်လာပြီး ပခုံးသို့ပုတ်၍-

'အဖေ..အဖေ'

'ဟာ..ဘာလဲကွ'

'ဟ..နှင့်အမေလင်တွေ၊ ရေတိုက်..ရေတိုက်'

ဟူ၍ ပြောလျက် နွားနှစ်ကောင်အား လက်ညှိုးထိုး၍ ပြောလေတော့ရာ ရှေ့လှည်းမှ ကိုကွင်းလှိုင်က-

'ဟာ..အဖေတော့ ထိပြီဟေ့။ သူ့တစ်ချက်၊ ကိုယ့်နှစ်ချက်ပဲဟ။ မင်းနာမည် ငါတို့ဘယ်လိုခေါ်ရတော့မလဲဟ။ ဟော..လုပ်စမ်းပါဦး'

'အာ..လွယ်ပါတယ်ကွာ။ သူငယ်ချင်းလို့ ခေါ်လိုက်ပေါ့ကွာ'

'ဟေး..ဟေး..ဟား..ဟား..သူငယ်ချင်း၊ ဟုတ်လား။ ဟား..ဟား..ဟား'

နွားလှည်းများ ပြန်တပ်၍ မောင်းကြပြန်လေသော အခါ ကိုထင်လှည်းက ရှေ့လှည်းများနှင့် ဝါးသုံးပြန် အတောင်(၂၀)ကျော်ခန့် နောက်နားတွင် ကျန်နေခဲ့လေသည်။ သူ့နောက်တွင်တော့ လှည်း(၅)စီးခန့်မျှသာ ရှိလေသည်။ ည(၁၀)နာရီခန့်တွင် ရခိုင်ရိုးမပေါ်သို့ စတင်ဝင်ရောက်လာလေတော့၏။ ရှေ့မှ လမ်းပြနှင့် လှည်း(၁၅)စီးမက ရှိနေပေမည်။ အေးအေးဆေးဆေး မောင်း၍ရသလို ငိုက်၍လည်း ရလေသည်။ ည၏ တိတ်ဆိတ်ခြင်းကား ရိုးမအတွင်း၌ သိပ်သည်းလှပေတော့၏။ လရောင်အနည်းငယ် ရှိသော်လည်း သစ်ရိပ်ဝါးရိပ်ကောင်းလှသောကြောင့် တောလမ်းတစ်ခွင် မှုန်ဝါးဝါးသာ။

'အဖေ..အဖေ'

'အ..ဟာ..ဘာတုန်းဟ'

'အင့်..အင့်'

ဂျပန်ကလေးကား မောင်ထင်အား ရေသောက်ရန် ဂျပန်စစ်သုံး ရေဘူးအား ပေးသောကြောင့် ယူလိုက်လေ၏။ ထို့နောက် ဂျပန်ကလေးက သေနတ်ကို ပခုံးသိုင်းပြီး လွယ်လျက် ဖြတ်ခနဲ လှည်းနောက်မှ ခုန်ချပြီး လမ်းဘေးသို့ အလျင်အမြန်တက်၍ မတ်တတ်ပင် ကျင်ငယ်စွန့်လေသည်။ မောင်ထင်ကား နောက်နားကျန်ရစ်ခဲ့သော ဂျပန်ကလေးအား တစ်ချက်ငဲ့ကြည့်ပြီး ရေဘူးအား အဆို့ဖွင့်၍ မော့သောက်လေရာ လူခန္ဓာကိုယ် တစ်ချက်ယိုင်သွားသဖြင့် ပြန်ထိန်းလျက် ရေဘူးအား ဘေးသို့ ချလိုက်သော အခါ မောင်ထင် ထိတ်ခနဲဖြစ်သွားလေ၏။ ရေ[illegible] သောက်ချိန်၌ နွားများကား ဘယ်ဘက် လှည်းလမ်းခွဲ

www.burmeseclassic.com

တစ်ခုသို့ ရုတ်တရက် ကွေ့ဆွဲလျက် ပြေးနေသောကြောင့် ရှေ့လှည်းများနှင့် ကွာလွန်း၍ ပြေးလိုက်သည်လား မဖြစ်နိုင်၊ ဒါလောက် မကွာလှ။ စောစောက ရေမသောက်မီ လှမ်းမြင်နေရသေးသည်။ နောက်မှ လှည်းများလည်း အသံမကြားရ။

မောင်ထင်၏ နွားများကား ကြိမ်မတို့ရဘဲ ပြေးလျက် သစ်ပင်များ ရိပ်ခနဲ ,ရိပ်ခနဲ ကျန်ခဲ့သလို လှည်းလမ်းက လည်း ကောင်းလှလေသည်။ မိနစ်ပိုင်းအတွင်း နှစ်ဖာလုံ၊ သုံးဖာလုံမက မြန်လွန်းလှလေသည်။ နောက်ပြန်လှည့်ရ ကောင်းမလား၊ ဒီလမ်းက ဘယ်ကိုသွားတဲ့ လမ်းလဲ။ လှည်းတစ်စီးတည်းဆိုတော့ ဒုက္ခများတွေ့မလား၊ သားရဲ တိရစ္ဆာန်များ ညအစာရှာထွက်ချိန်ပင် မဟုတ်ပါလား။ ဂျပန်လေးလည်း , လှည်းကို အပြေးရှာနေပေရော့မည်။ ပြန်လှည့်၍ မဖြစ်နိုင်။ မထူးတော့ပြီ၊ သွားချင်ရာသွား ရောက်ချင်ရာ ရောက်တော့ဟု စိတ်ဒုန်းဒုန်းချလိုက်ပြီးလျှင် တောအဝင်ကတည်းက ရှုတ်ဖတ်လာခဲ့သော အမြဲတမ်း လည်း ရွတ်သော နွားမသားဗုက်ဂါထာအား ရွတ်ဖတ်၍ တောစောင့်နတ်၊ တောင်စောင့်နတ်များအား မေတ္တာပို့ခြင်း၊ အမျှဝေခြင်းများ ပြုလုပ်လျက် ရှိလေတော့သည်။

နွားများကား မိနစ်(၂၀)ခန့်မျှ မရပ်မနားပြေးကြ လျက်။ ထို့နောက်တွင်တော့ တိုင်ပင်ထားသည့်အလား ခပ်မှန်မှန် သွက်သွက်သာ နေတော့၏။ ကိုထင်၏ နွား နှစ်ကောင်ကား အလွန်သွက်လက် ဖျတ်လတ်သော နွား များ ဖြစ်သည်။

မောင်ထင်ကား ဂျပန်များလက်က လွတ်ပြီလား မသေချာသေး။ တောကောင်များအန္တရာယ်လည်း စိုးရိမ်ရ သည်။ တောနက်တွင်း လမ်းမ မဟုတ်သော်လည်း လှည်း သွားသောလမ်းတော့ မှန်၏။ တစ်ခါ ,တစ်ခါ လွင်ပြင် များ၊ သစ်ပင်ပါးသော ကွင်းသဏ္ဌာန်များ၊ လျှိုများလည်း ဖြတ်သန်းရလေသည်။ မောင်ထင် လုံးဝမရောက်ဖူးသော နေရာဒေသပင်ဖြစ်ကြောင်း ယုံမှားစရာမရှိ။ လွင်ပြင်ကဲ့ သို့ တစ်နေရာသို့ ရောက်သောအခါ တိုင်ပင်ထားသည့် နှယ် နွားနှစ်ကောင်ကား ကဆုန်စိုင်းပြေးပြန်လေတော့ သည်။ လှည်းလမ်းတော့ အမှန်အကန်။ ဘယ့်နှယ်ကဆုန် စိုင်းမါလိမ့်။ အန္တရာယ်တစ်ခုခုများ ဒီကောင်တွေ သိ လို့လား။ မောင်ထင် လမ်းဘေးဘယ်ညာအား ဝေ့ဝိုက် ကြည့်မိ၏။ ထင်ထင်ရှားရှား ဘာမှမမြင်။ နွားနှစ်ကောင် ၏ ကြိုးကိုတော့ တင်းတင်းကြီးဆွဲမထား။ တောင့်ထား ရုံသာ။ ပြေးတာ အကြောင်းရှိပေမည်ဟု တွေးမိ၏။ (၁၀) မိနစ်မျှလောက်ပြေး၍ မောသွားကြသည်လား၊ အန္တရာယ် မရှိတော့ဘူးဟု ထင်ကြ၍လားမသိ တိုင်ပင်ထားသလိုပင် အပြေးရပ်၍ ပုံမှန်ပင် သွားကြလေသည်။

ထူးဆန်းလှပေသည်ဟု မောင်ထင်တွေးလျက် ဘေး နားမှ ဂျပန်ကလေး ပေးခဲ့သော ရှေဘူးအား ဒုတိယ အကြိမ် ဖွင့်၍သောက်ပြီးလျှင် ပရိတ်တော်အား ဆက်၍ ရွတ်လေတော့သည်။

လွန်စွာလည်း မကွေ့ရ မကောက်ရသလို လွန်စွာ လည်း ဖြောင့်တန်းခြင်းမရှိ၊ ကြမ်းတမ်းခြင်းလည်း မရှိ သော လှည်းလမ်းအား နွားများက သူ့အလိုအတိုင်း ပြေး လိုက် ပြေးပြီး ဖြည်းဖြည်းမှန်မှန်သွားလိုက်နှင့် မည်မျှကြာ သွားသည်မသိ ပရိတ်ကြီး(၁၁)သုတ်နှင့် နွားမသားဗုက် ဂါထာလည်း ဘယ်နှစ်ခေါက် ရွတ်ပြီးမှန်းမသိ။ ခဏ အကြာတွင်တော့ ကြက်တွန်သံများ တောတွင်း၌ ဝေစည် ပျံ့လွင့်လာလေတော့၏။ လှည်း၏ ဘယ်ဘက်အခြမ်း ကောင်းကင်ဆီမှ အလင်းရောင်အနည်းငယ်နှင့် သစ်ပင် များအထက်တွင် ကြယ်နီကြီး တက်လာပြီး ရောင်နီက လည်း တဖြည်းဖြည်းလင်းလာလေသည်။

ထို့နောက်တွင်ကား ထိုခဏ၌ မိမိရှေ့ဘက်မှ လှည်း တစ်စီး မောင်းလာသည်ကို မိမိက ရပ်တန့်ပေးလိုက်ရာ ထိုလှည်းက မိမိညာဘက်ဘေးသို့ ယန်းတက်ရှောင်ပြီး မောင်းရာ မိမိလှည်း တည့်တည့်အရောက်တွင် -

'ဗျို့ ··လှည်းဆရာ၊ ဒီလမ်းအတိုင်း ဆက်သွားရင် ဘယ်များရောက်မလဲဗျာ။ ကျွန်တော် တစ်ညလုံး လမ်း မှားနေလို့ဗျာ'

'ဩော်··ဟုတ်လား။ အဲဒီအတိုင်းဆက်မောင်း၊ ခဏ ဆို သီတာကုန်းပြင်ရွာထိပ် ရောက်ပြီဗျ။ ဒါထက် ဘယ် က လာတာလဲဗျ'

'အာ··မပြောပါနဲ့တော့ဗျာ။ ဝါးတောကွင်းဘက်က လာတာပါ။ လမ်းမှားလို့ဗျာ'

'ဟ··ဒါဆို နည်းတဲ့ခရီးမှ မဟုတ်တာ။ ခင်ဗျား တစ်ညလုံး မောင်းနေရမှာပေါ့။ တော်သေးတယ်။ ချောင် ရိုးပေါ်သွားတဲ့လမ်း မမှားလို့။ ကဲ··သွား··သွား၊ နွား

www.burmeseclassic.com

www.burmeseclassic.com

တွေ မောလှပြီ ထင်ပါရဲ့။ ရောက်ပါပြီ ဆိုပါတော့။ ရွာထိပ်နား စမ်းချောင်းမှာ နွားတွေ ရေတိုက်လို့ရပါတယ်။ မြက်တွေလည်း ပေါတယ်။ အဲဒီကျ ခဏနားပေါ့။ ကဲ..ကဲ..သွား..သွား'

◆◆◆

'အဲဒါနဲ့ အဘထင်၊ သီတာကုန်းပြင်ကို ဝေလီဝေလင်း ရောက်သွားတယ် ဆိုပါတော့'

'အေး..သီတာကုန်းပြင်မှာ အသိမိတ်ဆွေတွေ ရှိတယ်။ ဝင်မနားတော့ဘူး။ မေးလားမြန်းလား လုပ်မှာစိုးလို့။ ရွာပြင် ချောင်းနားမှာနားပြီး နွားတွေရေမိုးချိုး မြက်နည်းနည်းကျွေးပြီး တစ်ခါတည်း လေးမျက်နှာမြို့ တန်းမောင်းရတော့တာကွ။ လှည်းပေါ်မှာက ဂျပန်ပစ္စည်းတွေ ပါလာတာလေကွ။ ထောင့်ကွေးရွာနားရောက်တော့ မတ်ပဲနုတ် ပုံထားတာတွေ့တော့ နှစ်ပွေ၊ သုံးပွေ လှည်းပေါ် တင်ပြီး သေတ္တာတွေ ဖုံးရသေးကွ။ စိတ်ချရအောင်'

'အင်း..ဒါနဲ့ ဆက်ပါဦး'

'အိမ်ကို (၉)နာရီလောက် ရောက်တယ်ကွာ။ ရွာရောက်တော့ အဲဒီပစ္စည်းတွေကို သူကြီးမောင်မှိုလက် အပ်လိုက်တယ်ကွာ။ အဲဂုန်နီအိတ်က သကြားတွေကွ။ သေတ္တာတစ်လုံးက ကြေးဆင်းတုဘုရားရုပ်တုတော်တွေကွ။ ဉာဏ်တော်(၆)လက်မ၊ (၇)လက်မ တစ်တောင်နဲ့ ဆိုက်စုံပဲကွ။ ဒီကောင်တွေ အရည်ကျိုပြီး ကျည်ဆန်လုပ်တာလား မသိဘူး။ ယုတ်မာတဲ့ကောင်တွေကွာ'

'နောက် သေတ္တာတစ်လုံးကရော အဘထင်၊ ဘာတွေလဲ'

'အဲ..နောက်သေတ္တာတစ်လုံးက ဂျပန်ငွေစက္ကူတွေကွ။ သူကြီးမောင်မှိုက ငါ့ကို အကုန်ပေးလိုက်တယ်ကွ။ ထောသွားတာပေါ့ကွာ'

'ဟုတ်ပ။ တော်တော်များတာနော်'

'ငါလည်း အဲဒီပိုက်ဆံနဲ့ နွားနှစ်ကောင်နဲ့ လယ်ငါးဧက ဝယ်လိုက်တယ်ကွ။ အဖတ်တင်သွားတာပေါ့ကွာ'

'နောက်သေတ္တာတစ်လုံးကရော အဘထင်'

'အဲဒီသေတ္တာကတော့ သူကြီး အကြိုက်ပေါ့ကွ။ ကျည်ဆန်တွေ၊ လက်ပစ်ဗုံးသီးတွေနဲ့ ဒိုင်းနမိုင်းဆိုလား ဖောက်ခွဲရေးပစ္စည်းတွေကွ'

'အင်းနော်၊ ဒီကောင်တွေ တော်တော်ဒေါကန်သွားမှာပဲနော်'

'အင်း..(၁၅)ရက်လောက်ကြာမှ ဟိုလှည်းတွေ ပြန်ရောက်လာကြတာ။ ကွင်းလှိုင်က ပြောတယ်။ မင်းလှည်း ဘယ်အချိန် ဘယ်ပျောက်သွားမှန်း မသိလိုက်ဘူးတဲ့ကွ။ ဂျပန်လေးလည်း အပေါ့သွားပြီးရော လှည်းနောက် ပြေးလိုက်တော့ သူ့လှည်း မတွေ့တော့ဘူး။ သူ့စစ်ဗိုလ်ကပါးတွေ ရိုက်တော့တာပဲတဲ့ဟေ့'

'အင်း..ဆန်းပါပေ့ အဘထင်ရယ်။ ဒါ နွားမသား ဝှက်ဂါထာအစွမ်းပဲ အဘထင်။ ဂျပန်က လှည်းပေါ်က အဆင်း လှည်းလမ်းခွဲကလည်းအရောက် အဘထင်လည်း သတိမထားမိဘဲ ရေမော့အသောက် နွားတွေက သူ့အလိုလိုကွေ့ပြီး ကဆုန်စိုင်းလိုက်တော့ နောက်ကလှည်းရော ရှေ့ကလှည်းရော မှောင်မည်းထဲမှာ မရိပ်မိလိုက်တော့ဘူး။ ဖြစ်တောင့်ဖြစ်ခဲကိစ္စကြီးပဲ အဘထင်။ တိုက်ဆိုင်တာ မဟုတ်တော့ဘူး။ အသေအချာ ပြောင်းလဲသွားတာ။ ပြီးတော့ အဘထင်နွားတွေက ပြေးလိုက်၊ မှန်မှန်သွားလိုက်နဲ့ တောကောင်တွေဘာတွေ မတွေ့တာလည်း ထူးဆန်းတာပဲ။ အားလုံးချုံလိုက်တော့ အဘထင် အဲဒီနွားမသားဝှက်ဂါထာအစွမ်းဆိုတာ သေချာတယ်။ ကျွန်တော် မှတ်သားချင်ပါတယ်။ အဘထင် ပေးပါ'

'မင်း ပါဠိချည်းဆိုတော့ နားမလည်ဖြစ်မယ်။ ငါ့မှာ မူရင်းဂါထာမန္တန်များ စာအုပ်ဟောင်းထဲကနေ ကူးလိုက်။ ဒါဆို အနက်ပါ ပြန်ဆိုထားတာပါရမယ်။ ဟုတ်လား'

'အကောင်းဆုံးပေါ့ အဘထင်။ ကျွန်တော့်မှာ သီချင်းစာအုပ်(ဗလာစာအုပ်) ပါတယ်။ ကူးလိုက်မယ်။ အတီးဝိုင်းမစခင် အဆင်ပြေသွားတာပေါ့'



www.burmeseclassic.com

'ကဲ··ရော့၊ အဲဒီမှာ ကြည့်ရေး'

'ကျေးဇူးပဲ အဘထင်ရေ'

စာရေးသူ ငယ်စဉ်က ထိုကဲ့သို့ စပ်စုတတ်သော ဝါသနာအရ လွန်စွာရှားပါး၍ ဆောင်သော ပုဂ္ဂိုလ်အား ထင်ရှားထိရောက်သောအကျိုးများ ရစေသော ကိုယ်တွေ့ အတွေ့အကြုံတို့အား သက်သေထူ၍ ယနေ့ ကျွန်ုပ်စာရေးဆရာ ဖြစ်သောအခါ စာဖတ်ပရိသတ်အတွက် အကျိုးများစွာရ စေရန် အနီ့နွားမသားဇာဟ်ဂါထာအား ပါဠိ၊ အနက်ပါ ရေးသား၍ ဒါနပြုလိုက်ရပါသည်။

**နွားမသားဇာဟ်ဂါထာ**

ဂေါဏာ ဝေါ ရတ္တိ ယမ္ဗိစ၊

နောဂါဝေယေ ဒေဝတာ။

အာကာသဘုမ္မိယောရက္ခာ၊

ဒေဝတာနံ အဟံပုတ္တံ ဂါဝေသဗ္ဗေ။

မနုဿာရတ္တိယမ္ဗိစ၊ တေမဟာပွလံ အာဂစ္ဆတု။

ပါသမောက္ခော၊ ဘဝါမိ။

ဂေါဏာ-နွားအပေါင်းတို့၊ ဝေါ-သင်တို့အား၊ အာကာသဘုမ္မိယောရက္ခာ-အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး ဖြစ်ကုန်သော၊ ယေဒေဝါ-အကြင်နတ်တို့သည်၊ ဂါဝေ-နွားတို့ကို၊ ရက္ခန္တိ-စောင့်ရှောက်ကြကုန်၏။ တေသံ-ထိုနတ်တို့၏၊ အာဠဝဘာဝေန-အာနုဘော်ကြောင့်၊ အနွေရာ-ယော-အန္တရာယ်တို့သည်၊ ရတ္တိယမ္ဗိစ-ညဥ့်အခါ၌သော်လည်း၊ နောဟောန္တု-မဖြစ်ပါစေကုန်သတည်း။ အဟံ-ငါသည်၊ ဒေဝတာနံ-နတ်တို့အား၊ ပူဇေမိ-ရှိခိုးပူဇော်ပါ၏။ ပုတ္တံ-သားကိုလည်းကောင်း၊ သဗ္ဗေ-အားလုံးသော ဂါဝေ-နွားတို့ကိုလည်းကောင်း၊ မနုဿာ-လူတို့ သည်၊ ရတ္တိယမ္ဗိစ-ညဥ့်အခါ၌ပင်သော်လည်း၊ နောဟောန္တု-မညှဥ်းဆဲနိုင်ပါစေကုန်သတည်း။ တေတု မှာကံ-သင်တို့အား၊ မဟပ္ဖလံ-များမြတ်သောအကျိုး သည်။ အာဂစ္ဆတု-လာရောက်ပါစေသတည်း၊ ပါသ မောက္ခော-ကျော့ကွင်းမှ လွတ်မြောက်သည်၊ ဘဝါမိ-ဖြစ်ရပါလို၏။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

ဆန်းဝင်း(အောင်မြေ)


ပဥ္စင်္ဂ အဟံ ဝန္ဒာမိ

**ဂမ္ဘီရ ဆရာလှမျိုး (B.Sc)**

**ဓအောင်ဓကောင်းမြ(သဘဓကဓဘ)**

ဗေဒင် + လက္ခဏာ + နဝင်းစီးယတြာပညာရှင်

✤ တစ်သက်တာ ဆောင်ရန်၊ ရှောင်ရန်များ။

✤ အချစ်ရေး၊ အိမ်ထောင်ရေး စီးပွားရေး လုပ်ငန်းကိစ္စ အဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။

✤ တစ်နှစ်တာ ဟောစာတမ်း ရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်,လုပ်ငန်း အမည်ပေးခြင်း။

✤ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးအတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာ ပြုလုပ်ပေးခြင်း။

ဟောခန်းလိပ်စာ — မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်-မြောက်လမ်းဆုံအနီး၊ ပြည်လုံးချမ်းသာ မြို့ဦးစေတီတော်၊ စော်ဘွားဘက်မုခ်။ (တိုးကြောင်ကလေး ဘူတာအနီး) ၆၁၊ ၆၇၊ ၁၇၄၊ ၁၈၇၊ ၂၁၃၊ ရွှေရန်ကုန်၊ အမြဲစိမ်း၊ အဓိပတိ(အစိမ်း) ကားများစီး၍ တောင်-မြောက် လမ်းဆုံမှတ်တိုင်တွင် ဆင်းပါ။)

ဟောပြောအချိန် — နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီ။

ရပ်ဝေးမှ လာမည့်သူများ ဖုန်း ၀၉ ၄၂၀ ၀၄၇ ၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်းလွန်သူများနှင့် အထူးသင့်လျော်ပါသည်။

အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် အကြောထုံးခြင်း၊ ဖက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်းရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**

မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၈၃၆


www.burmeseclassic.com

www.burmeseclassic.com

ဝါဝင်ခါနီးပြီ။ (၁၅)ရက်လောက်သာ လိုတော့သည်။ ကျောင်း၌ ဝါဆိုမည့် ပုဂ္ဂိုလ်များကလည်း အစုံအလင် ရောက်ရှိနေကြပြီ။ ဝါဆိုစာရင်းကိုပင် သက်ဆိုင်ရာသို့ တင်ပြပြီးသွားပြီ။

ထုံးစံအတိုင်း သည်လိုအချိန် ရောက်ပြီဆိုမှဖြင့် ကပ္ပိယကြီး ဦးပွားအတွက် ခေါင်းခဲစရာတွေက အလိုလို ကြုံတွေ့လာရပြီ။ ဝါက ဝင်ခါနီးနေပြီ။ ကျောင်း၌ ဘာမျှ မပြည့်စုံသေး။ ဥပမာ-တစ်ဝါတွင်းလုံးအတွက် မရှိမဖြစ် လိုအပ်သော ထင်းတို့၊ စက်မောင်းဆီတို့က ဘာမျှ မရှိသေး။ တစ်ဖန် မိုးရွာရက်တွေမှာ ဆွမ်းခံမထွက်နိုင်သော သံဃာများအတွက် ချက်ပြုတ်ဖို့ ဆွမ်းဆန်မှအစ ကျောင်းတွင် ဆောင်ထားရမည့် ရိက္ခာခြောက်တွေက ဘာဆိုဘာမျှ မပြည့်စုံသေး။

ကျောင်းတွင် အမြဲသီတင်းသုံးနေကြသော ပုဂ္ဂို... များက ကျောင်းထိုင် ဦးကဝိန္ဒနှင့် ခန်းနေဦးကောဝိဒ... ဖြစ်သည်။ ယခု အာဂန္တုနှစ်ပါးကပါ ထပ်မံရောက်ရှိ... သည်။ သူတို့ကလည်း ဤကျောင်းမှာပင် ဝါဆိုကြမည်... ဖြစ်သည်။ သည်တော့ သံဃာလေးပါးအတွက် ဝေယျာ...



www.burmeseclassic.com

ဝစွ ဖြည့်ဆည်းဖို့ဆိုသည်က သေးသေးကွေးကွေးကိစ္စမဟုတ်ပေ။ ကိုယ်တော်တွေ အားလုံးကတော့ သန်သန်စားမာ ဖျတ်ဖျတ်လတ်လတ်တွေချည်းပါ။ သို့သော် ဆိုခဲ့သည့်အတိုင်း မိုးအလွန်များနေ၍ ဆွမ်းခံမထွက်နိုင်မည့်ရက်များအတွက် ကြိုတင်ထည့်တွက်ထားဖို့လိုသည်။

အလွန်အေးသော ရက်များတွင် ရေအေးနှင့် စပ်ချိုရှိ ရေနွေးကျိုရန် ထင်း၊ မီးသွေးလို ဗစ္စည်းမျိုးကအစ ကျောင်းမှာ အရန်သင့် စုဆောင်ထားဖို့ လိုသည်။ ကျောင်းတွင် မီးလင်းနိုင်တာ၊ မလင်းနိုင်တာကို အသာထား ရေစက်တို တော့ မမောင်းလို့ မဖြစ်။ သည့်အတွက် စက်မောင်းဆီ



လိုသည်။ အားလုံး လိုတာတွေချည်း ဖြစ်နေသည်။ ကပ္ပိယအလုပ်ကို ကပ္ပိယပဲသိသည်။ ခုတ်ရေ တာတာ ကျောင်းတွင် ပစ္စည်းလေးပါး ထောက်ပံ့ရေး အမာခံပရိသတ်ဟူ၍ မည်မည်ရရမရှိသေး၊ ကျောင်း ကလည်း ထူထောင်ထားသည်မှာ ဘာမှမကြာသေး

www.burmeseclassic.com

www.burmeseclassic.com

သို့ကြောင့် သင့်လျော်သလို အလှူခံတာတို့၊ ဒကာသစ်ရှာဖွေတာတို့ ပြုလုပ်ရန် ဦးပွားက အကြံပြုပြန်တော့လည်း ကျောင်းထိုင်က လက်မခံ။ ကျောင်းရှိ သံဃာအားလုံးက ဝိနည်းဆောင် ပုဂ္ဂိုလ်တွေချည်း ဖြစ်သည်။ ဝိနည်းသိက္ခာကို အမှန်တကယ်လေးစားပြီး သာသနာကို အမှန်တကယ် ချစ်မြတ်နိုးကြသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဝိနည်းကို ထိခိုက်စေမည့် အမှုကိစ္စမှန်သမျှ ကြီးတာရော၊ ငယ်တာရော အထူးရှောင်ကြဉ်သည်။ ယုတ်စွအဆုံး သံသယဖြစ်ဖွယ် အသေးအမွှားကိစ္စမျိုးတွေကအစ အတတ်နိုင်ဆုံး စောင့်ထိန်းကြသည်။

ဒါတစ်ခုတော့ ဦးပွား သဘောကျသည်။ နှစ်ခြိုက်သည်။ ဤကဲ့သို့ စင်ကြယ်သော ရဟန်းကောင်းများနှင့် အတူတကွ နေထိုင်ရခြင်းအတွက် ဝမ်းသာသည်။ ကြည်နူးသည်။ နိစ္စရူဝ ကုသိုလ်ရစရာတွေချည်း ဖြစ်နေသည်မို့ သူ့အတွက် ကပ္ပိယလုပ်ရကျိုးနပ်သည်။ သို့ကြောင့်လည်း ဤကျောင်း၊ ဤသံဃာတွေနှင့် နှစ်ရှည်လများ အကြောင်းဆက် ပေါင်းဖက်လာခဲ့ခြင်း ဖြစ်သည်။

တစ်ခါ၊ တစ်ခါတော့လည်း ဦးပွားက ခံပြင်းစိတ်ဝင်မိသည်။ လူတွေဟာ အတော်ခက်ကြပါကလား။ ရတနာကို ရတနာမှန်းမသိ၊ အဖိုးတန်လို့ တန်မှန်းမသိ။ ကျော်လွှားပြီး ရှာလွန်ရှက်တိုက်နေကြသည်။ ရေများရာ မိုးရွာနေကြသည်။ နာမည်ကြီး၊ သတင်းကြီးသော ကျောင်းတိုက်များ၌သာ စုံပြုံအုံခဲလျက် ဝင်နေ ထွက်နေကြသည်။ ဘုန်းပေါလအော လှူနေတန်းနေကြသည်။ ယခုလို ဝိနည်းလည်းဆောင်၊ သိက္ခာလည်းရှိသော မိမိတို့ကျောင်းမှ သံဃာတော်များကိုသာ ထိုက်သင့်သလို လှူလာကြ၊ တန်းလာကြပါက ကုသိုလ်ပိုမရကြပါလား။ လှူရကျိုးလည်း ပိုမနပ်ကြပါလားဟူ၍ ဦးပွားက ပုထုဇဉ်ပီပီ တမ်းတစိတ်နှင့်အတူ ညည်းညူနေမိရသည်ပင်။

◆◆◆

မကြာပါ၊ ဦးပွားအတွက် လိုအင်ဆန္ဒ ပြည့်ဝစေမည့် အကြောင်းများက ဖန်တီးဖြစ်ပေါ်လာပါသည်။

တစ်နေ့ ညနေ နေလှန်းထားသည့် သရက်သီးခြောက်တွေကို သူ ပြန်ရုပ်သိမ်းနေစဉ်–

'တီ··တီ··တီ··တီ'

ကားဟွန်းတီးသံကို ကြားလိုက်ရသည်။ သူ လှမ်းကြည့်လိုက်တော့ ကျောင်းပေါက်ဝ၌ ကားဖြူလေးတစ်စီးရောက်နေသည်ကို တွေ့ရသည်။ သူ ထသွားပြီး ဝင်းတံခါးကို ဖွင့်ပေးလိုက်သည်။ ကားက ကျောင်းဝင်းထဲမောင်းဝင်လာသည်။ ထို့နောက် ဆွမ်းစားကျောင်းရှေ့မှာ ကားကို ရပ်လိုက်သည်။ ဆက်လက်၍ အသက်(၄၀)ခန့် အသားညိုညို၊ ကိုယ်လုံးတုတ်တုတ်နှင့် လူတစ်ယောက် ကားပေါ်က ဆင်းလာသည်။ ထိုလူကပင် ဦးပွားကို စတင်၍ ပြောလာသည်။

'ကျွန်တော့်နာမည် မိုးသွင်လို့ ခေါ်ပါတယ်ခင်ဗျား မြို့ထဲက တောင်ဆိတ်ကုန်းရပ်ကွက်မှာ နေပါတယ်။ ဒါနဲ့ အခု ဆရာတော်ရော ရှိတယ်မဟုတ်လားခင်ဗျ'

'ရှိပါတယ်ဗျာ၊ ရှိပါတယ်။ လောလောဆယ်တော့ ဓမ္မာရုံထဲမှာ တရားထိုင်နေကြပါတယ်။ မကြာခင် ဆွမ်းစားကျောင်းကို ကြွလာပါလိမ့်မယ်။ လာပါ၊ အထဲဝင်ထိုင်ပါဦး'

ဦးပွားက ဖိတ်မန္တကပြုသည်။ မိုးသွင်က ဆွမ်းစားကျောင်းထဲ ဝင်ထိုင်သည်။ ဦးပွားက ရေနွေးကြမ်း၊ ငှက်ပျောဖီးများ ချပြည့်ခံသည်။ နှစ်ဦးသား မျက်နှာချင်းဆိုင်ထိုင်မိကြသည်နှင့် မိုးသွင်က ပြုံးလျက် သွက်သွက်သာ စကားစလာသည်။

'ဒီလိုပါအဘ၊ ကိစ္စကတော့ ကျွန်တော်က ဒီကျောင်းမှာ ပဉ္စင်းတက်ချင်လို့ပါ။ ကျွန်တော့်ဦးကြီးတစ်ယောက်က ဒီကျောင်းဟာ ဆိတ်ဆိတ်ငြိမ်ငြိမ်ရှိကြောင်း၊ ဦးပဉ္စင်းတွေကလည်း ကြည်ညိုစရာကောင်းကြောင်း ပြောပြလို့ပါ'

ဦးပွား လှိုက်ခနဲဝမ်းသာသွားသည်။ ခပ်မြန်မြန်ပင် စကားဝင်ထောက်လိုက်သည်။

'ကောင်းပါ့ဗျာ၊ ကောင်းတာပေါ့။ ဒါနဲ့ သင်္ကန်းဝတ်မှာက ယာယီပဲလား၊ ဝါဆိုမှာလား။ ကျုပ်က ကပ္ပိယမို့လို့ မေးရတာပါ'

'ဟုတ်ကဲ့ အဘ၊ ဝါဆိုမှာပါ။ ဝါဆိုရုံတင်မကဘဲ ကျွန်တော့်ဆန္ဒကတော့ သာသနာ့ဘောင်မှာ ကြိုးစားပြီး နေနိုင်သလောက် နေသွားဖို့ပဲ။ နောက်ပြီး ပဉ္စင်းတက်မှာက ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးခင်ဗျ။ စိုးနောင်ဆိုတဲ့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်လည်း ပါဦးမှာ'

www.burmeseclassic.com

'ကောင်းတယ်၊ ကောင်းတယ်။ ကုသိုလ်ရတာပေါ့။ ကုသိုလ်ထဲမှာလည်း ဒီကုသိုလ်မျိုးက အထူးအမြတ်ဆုံး ပေါ့ဗျာ'

'ဟဲ..ဟဲ..ကျွန်တော်တို့က ကုသိုလ်ရရုံတင် မဟုတ်ဘူးခင်ဗျ။ ကျန်းမာရေးကောင်းအောင်လည်း ရည်ရွယ်ပါတယ်။ ပြောပါရစေတော့ အဘရယ်။ ကျွန်တော်တို့က အသောက်သမားတွေခင်ဗျ။ စီးပွားရေးပြေလည်တာနဲ့အမျှ အသောက်အစားကိုလည်း တစ်အားဖက်ခဲ့တဲ့လူတွေ။ ဒါနဲ့ မကြာခင်ကတော့ ဗိုက်ထဲက အောင့်တောင့်တောင့် ဖြစ်လာတာနဲ့ ကျွန်တော် ဆေးခန်းသွားပြတယ်။ ပြတော့ အထူးကုက အရက်ဒဏ်ကြောင့် ကျွန်တော့်အသည်းက ထိခိုက်စပြုနေပြီတဲ့။ ပြီးတော့ ကျွန်တော့်မှာ ဘီပိုးလည်း တွေ့သတဲ့။ ဒါနဲ့ ကျွန်တော်လည်း အတော်ကြောက်သွားရာက မိန်းမနဲ့ရော မိဘတွေနဲ့ပါ တိုင်ပင်ပြီး ခုလို ပဋ္ဌာန်းခံဖို့ ဆုံးဖြတ်လိုက်ရတာခင်ဗျ'

ဦးပွားက ငေးကြည့်နေသည်။ စိတ်ထဲကတော့ အရက်ဖြတ်ချင်လို့ ပဋ္ဌာန်းတက်ကြတာများလားဟု တွေးနေမိသည်။ သို့ငြား မိုးသွင်ကို ကြည့်ရတာက သာသနာ့ဘောင် ဝင်မည့်ကိစ္စတွင် အထိုက်အလျောက် အလေးအနက်ထားဟန်မျိုး တွေ့ရှိနေရပါသည်။

'ဒါကြောင့် ဒီကိစ္စအတွက် ဘာတွေလုပ်ရမယ်၊ ဘာတွေလိုအပ်မယ် ဆိုတာကိုလည်း ကျွန်တော့်ကို ပြောပြပါဦး။ နောက်ပြီး ကျောင်းရဲ့ နဝကမ္မအတွက် လိုအပ်တာရှိရင်လည်း ကျွန်တော့်ကို ပြောပါ။ ကျွန်တော်လှူပါ့မယ်'

'အေးဗျ၊ ကိုမိုးသွင်အတွက်ကတော့ ဆရာတော်ကြွလာရင် ကိုယ်တိုင်လျှောက်ထားလိုက်ပေါ့။ လိုအပ်ချက်မှန်သမျှကို ဆရာတော်က ပြန်ပြီး မိန့်ကြားပါလိမ့်မယ်။ ကျောင်းအတွက် လောလောဆယ် လိုအပ်နေတာကတော့ ဝါတွင်းသုံးဖို့ ထင်းနဲ့ ဒီဇယ် နည်းနည်းပါးပါးလောက် လိုအပ်နေတာပါပဲဗျာ'

မိုးသွင်၏ ဖွင့်ပေးချက်အရ ပဓာနအကျဆုံးဖြစ်သော ထင်းနှင့် ဒီဇယ်လောက်ကိုသာ ဦးပွားက ပြောပြလိုက်သည်။ ဤမှာပင် မိုးသွင်က ထင်းကားတစ်စီးနှင့် ဒီဇယ်သုံးပီပါ လှူပါမည်ဟု ချက်ချင်းပြောလာတော့ရာ ဦးပွားအဖို့ ဝမ်းသာလိုက်ရသည်မှာ ပြောစရာပင် မရှိတော့။

မကြာမီ ဆရာတော်ဦးကဝိန္ဒနှင့် အခြားသံဃာများက တရားဖြူတ်၍ ဆွမ်းစားကျောင်းသို့ ကြွလာကြသည်။ ဦးပွားက သံဃာများကို သံပရာရည် ဆီးကပ်သည်။ ထို့နောက် ဆရာတော် ဦးကဝိန္ဒကို အကျိုးအကြောင်း လျှောက်ထားကာ မိုးသွင်ကို ဆရာတော်ရှေ့ သွင်းပေးလိုက်သည်။ ထို့နောက် ဦးပွားက မီးဖိုခန်းထဲ ပြန်ဝင်ကာ လုပ်စရာရှိတာ လုပ်နေလိုက်သည်။

နောက်နာရီဝက်လောက်ကြာတော့ သံဃာများက အသီးသီး ကိုယ့်နေရာကိုယ် ပြန်ကြွသွားကြသည်။ မိုးသွင်၏ လာရင်းကိစ္စလည်း ချောချောမောမော အောင်အောင်မြင်မြင် ဖြစ်သွားဟန်တူပါသည်။ မိုးသွင်ကို ရွှင်ရွှင်လန်းလန်းပင် တွေ့ရသည်။

မိုးသွင်၏ကား ကျောင်းဝင်းမှ ပြန်အထွက် ဝင်းတံခါးပိတ်ရန် ပြင်နေသော ဦးပွားကို မိုးသွင်က 'သန်ဘက်ခါလောက် ပြန်လာခဲ့မယ် အဘ။ အဲဒီအခါ စိုးနောင်ကိုပါ ခေါ်လာခဲ့မယ်'ဟု ပြောသွားသေးသည်။

◆◆◆

နောက်နှစ်ရက်အကြာတွင် မိုးသွင်က သူ့ကားက လေးနှင့်ပင် ပြန်ရောက်လာသည်။ သည်တစ်ခါ သူနှင့်အတူ ပဋ္ဌာန်းတက်မည့် စိုးနောင်ပါ လိုက်ပါလာသည်။ စိုးနောင်က အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ခပ်ပိန်ပိန်ဖြစ်ရာ သူတို့နှစ်ဦး၏ ပုံပန်းသဏ္ဌာန်မှာ ဖြောင့်ဖြောင့်ဆန့်ကျင်လျက်ရှိသည်။ သို့သော် မျက်နှာပွစိစိဖြစ်နေပုံ၊ နှုတ်ခမ်းဖြူရော်ရော် ဖြစ်နေပုံကတော့ နှစ်ဦးစလုံး အလွန်အမင်းသောက်ထားကြမှန်း တစ်ထပ်တည်း ဖော်ပြလျက်ရှိသည်။ မည်သို့ဆိုစေ စိုးနောင်ကပါ ကျောင်းအတွက် အခြားလိုအပ်နေသေးတာရှိပါက လှူပါမည်ဟု အဆိုပြုလာခဲ့ရာ ဦးပွားအတွက် ထပ်မံအကြိုက်တွေ့စရာပင်။

သို့နှင့် စိုးနောင်က ငွေဆန့်(၃)အိတ်နှင့် ပဲဆီတစ်ပုံးကို လှူဒါန်းသွားရာ ဦးပွားဆန္ဒမှန်သမျှ ဤမှာပင် အလုံးစုံနီးပါး ပြည့်ဝသွားရတော့သည်။ ထိုနေ့က ရဟန်းခံပွဲအတွက် လိုအပ်သော ပစ္စည်းပစ္စယများကို ကျောင်း၌ပို့ထားခဲ့ပြီးနောက် မိုးသွင်တို့ နှစ်ယောက်က ပြန်လည်ထွက်ခွာသွားကြသည်။

လဆန်း(၁၀)ရက်နေ့ရောက်တော့ ကျောင်းသို့ အလုံးစုံစုံညီညီ ရောက်ရှိလာကြသည်။ မနက်ဖြန် လဆန်း(၁၁)ရက်နေ့တွင် ရဟန်းခံမည်ဖြစ်ရာ မိုးသွင်နှင့် စိုးနောင်

www.burmeseclassic.com

တို့ နှစ်ယောက်စလုံး၏ ဧည့်ပရိသတ်များက ကျောင်းသို့ ကြိုတင်ရောက်ရှိနေကြခြင်းဖြစ်သည်။ အခမ်းအနားပြင်ဆင်ခြင်း၊ ချက်ရေးပြုတ်ရေး စီစဉ်ခြင်းများကို သူ့လူနှင့်သူ တက်ညီလက်ညီ ပြုလုပ်နေကြသည်။ ဧည့်ပရိသတ်ထဲတွင် ကလေးသူငယ်များပါ လိုက်ပါလာရာ ကလေးတွေက ကျောင်းဝိုင်းအတွင်း ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားနေကြသည်။ သို့သော် ဆရာတော် ဦးကဝိန္ဒက အခမ်းအနားကို အတတ်နိုင်ဆုံး အပျော်အပါးတွေ၊ ပကာသနတွေ မပါဘဲ ပြုလုပ်ဖို့ အမိန့်ချမှတ်ထားရာ လော်စပီကာသံ တညံညံ၊ တီးသံမှုတ်သံ တညံညံနှင့် ဆူပွက်နေလေ့ရှိသော အခြားဘာသာရေး ပွဲလမ်းများနှင့် ယှဉ်လိုက်လျှင်တော့ ဤကျောင်း၏ အခြေအနေက များစွာမှ တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ဖြစ်ချင်တော့ ထိုနေ့ ညနေပိုင်းမှာပင် ပြဿနာတစ်ခုက ပေါ်လာသည်။ ဆရာတော်ဦးကဝိန္ဒက မိုးသွင်၏ခန္ဓာကိုယ်ပေါ်မှ ထူးခြားချက်တစ်ခုကို မြင်တွေ့သွားသည်။ သို့နှင့် အခြားသံဃာများရှေ့မှာပင် မိုးသွင်းကို ခေါ်ယူကာ ဆရာတော်က မေးမြန်းသည်။

'ဒကာလေးရဲ့ ဘယ်ဘက်လက်ကို ဖြန့်ပြပါဦး။ ကျုပ် ကြည့်စမ်းပါရစေ'

ဆရာတော့် အမိန့်အတိုင်း မိုးသွင်က ဘယ်ဘက်လက်ကို ဖြန့်ပြသည်။ ထိုအခါ လက်တစ်ဆစ်ခန့် ပြတ်လျက်ရှိသော လက်မကို အားလုံးမြင်ကြရသည်။

'လက်မတစ်ချောင်းက ပြတ်နေပါရောလား'

'မှန်ပါ့ဘုရား၊ တပည့်တော် စက်အညှပ်ခံရပြီး ပြတ်သွားတာဘုရား'

မိုးသွင်က ပြန်ဖြေသည်။ ဆရာတော်များက အချင်းချင်း တီးတိုးပြောဆိုနေကြသည်။ ခန်းနေဖြစ်သော ဦးကောဝိဒက သားရေဖုံး၊ ရွှေစာလုံးနှင့် ဝိနည်းစာအုပ်တစ်အုပ်ကို လှမ်းယူသည်။ အတွင်းတစ်နေရာကိုလည်း လှန်ကြည့်သည်။ သူကြည့်ပြီးသော် ဦးကဝိန္ဒဘက် ထိုးပေးသည်။ ဦးကဝိန္ဒကပါ ဖတ်ကြည့်သည်။ ထို့နောက် သက်ပြင်းချကာ မိုးသွင်ကို ပြောလိုက်သည်။

'စိတ်တော့မကောင်းဘူး ဒကာလေးရာ။ အဲဒီလက်မပြတ်နေတဲ့အတွက် ဒကာလေးကို ရဟန်းခံပေးလို့ မဖြစ်ဘူးဗျ'

'ဟာ..ဒုက္ခပဲ။ တပည့်တော်ကို သနားပါဦးဘုရား။ ဖြစ်နိုင်ရင် ချီးမြှင့်ပေးပါ။ တပည့်တော် တောင်းပန်ပါတယ်'

မိုးသွင်က မျက်နှာငယ်သွားသည်။ စိတ်ညစ်သွားဟန်လည်း တူသည်။ သူက ဆရာတော်များကို ဗျာများသလဲ အနူးအညွတ်ပန်ကြားနေသည်။ သို့သော် ဆရာတော် ဦးကဝိန္ဒက ကရုဏာဖြင့် ခေါင်းကို ခါယမ်းလျက်သာ ရှိသည်။

'မဖြစ်လို့ပါ ဒကာလေး၊ မဖြစ်နိုင်လို့ပါ။ ကျုပ်တို့ဟာ သာသနာတော်ကလွဲပြီး ဘယ်သူ့ကိုမှ မျက်နှာလိုက်လို့ မဖြစ်လို့ပါ။ ရှိပြီးသားစည်းကမ်းကို ဘယ်လိုမှ ဖောက်ဖျက်လို့ မရလို့ပါ။ ယောကျ်ားပီသရမယ်၊ ကျန်းမာရေးကောင်းရမယ်၊ ခြေလက်အင်္ဂါ ပြည့်စုံရမယ် အစရှိတဲ့ စည်းကမ်းတွေက တစ်ခါတည်း အပြီးသတ်မှတ်ပြီးသား ဒကာလေးရဲ့'

ဆရာတော်က သေသေချာချာ ရှင်းပြသည်။ မိုးသွင် ခေါင်းငိုက်စိုက်ကျသွားသည်။ ခပ်လှမ်းလှမ်း နောက်ခွေယ်နားတွင် ထိုင်နေကြသည့် မိုးသွင်း၏ဇနီးနှင့် မိဘများတပါ မျက်နှာများ ညှိုးသွားကြသည်။ ဦးပွားကိုယ်တိုင် စိတ်မကောင်းဖြစ်သွားမိသည်။ ကျောင်းသို့ ပထမဆုံး ရောက်လာပြီး လမ်းထွင်ခဲ့သူက မိုးသွင်ဖြစ်သည်။ ဓမ္မတနာထက်သန်သော ဤမိုးသွင်ကိုမှ ရဟန်းဖြစ်ခွင့် ဆုံးရှုံးခဲ့လေခြင်းအတွက် ဦးပွား ယူကျုံးမရဖြစ်မိသည်။

မကြာမီ မိုးသွင်တို့အဖွဲ့က ဆရာတော့်ကျောင်းပေါ်မှ ပြန်ဆင်းလာကြသည်။ ဤတွင် ဦးပွားက မိုးသွင်အပါးသို့ကပ်၍ အသာလက်တို့ ခေါ်လာခဲ့သည်။ ဦးပွား ရည်ရွယ်ချက်က မိုးသွင်ကို အားပေးစကား ပြောကြားပေးဖို့ပဲဖြစ်သည်။ နှစ်ယောက်သား လွတ်ရာကင်းရာ တစ်နေရာသို့ ရောက်လျှင် ဦးပွားက စကားစသည်။

'ဘယ့်နှယ်ဖြစ်ရတာလဲ ကိုမိုးသွင်၊ ကျုပ်လည်း ခင်ဗျားလက်ကို ခုမှသတိထားမိတယ်'

'ဟုတ်တယ် အဘရာ၊ ကျွန်တော်လည်း ဒီနေ့မှ သားရေအစွပ်နဲ့ လက်မအတုလေးကို ချွတ်လာမိခဲ့လေတယ်။ လွန်ခဲ့တဲ့(၅)နှစ်လောက်ကတည်းက စက်ညှပ်ခံရလို့ ပြတ်သွားတာခင်ဗျ။ ဒါပေမဲ့ အဘရာ..ဆရာတော်တို့က နည်းနည်းမပြင်းထန်လွန်းဘူးလား။ တချို့ဆို ကျုပ်တော့ထက်

www.burmeseclassic.com

ထောင် ဆိုးပါသေးတယ်။ ကိုယ်လက်အင်္ဂါ မပြည့်စုံပေမယ့် ရဟန်းပြုခွင့်ရကြတယ်'

'အဲဒါ ကျုပ်ပြောပြမလို့ပေါ့။ သေသေချာချာ နားထောင် ကိုမိုးသွင်။ ဆရာတော်တို့က ဝိနည်းလေးစားတယ်။ အခု ဝိနည်းအတိုင်း လုပ်လိုက်တာပဲ။ ခင်ဗျားက မကျေနပ်လို့ တခြားကျောင်းကိုပြောင်းပြီး ရဟန်းသွားခံကြည့်ပါလား။ ဝိနည်းအလေးမထားတဲ့ ကျောင်းတွေက ခင်ဗျားကို ချေးမများဘဲ ရဟန်းခံပေးလိုက်မှာပဲ။ ဒီတစ်ချက်တည်းနဲ့ပဲ သာသနာတော်ကို ဘယ်သူက အလေးထားတယ်၊ ဘယ်သူက အလေးမထားဘူးဆိုတာ ကွဲကွဲပြားပြား သိနိုင်တာမို့ အခု ခင်ဗျားကို ရဟန်းပြုခွင့် ပိတ်ပင်လိုက်တဲ့ ဆရာတော်တို့ရဲ့ သီလ၊ သမာဓိကို ခင်ဗျား ကြည်ညိုဖို့ ကောင်းပါတယ်။ ဒါက တစ်ချက်ပေါ့။

နောက်တစ်ခု ခင်ဗျားသိထားဖို့က ဘုရားရှင်ရဲ့ သာသနာတော်ဟာ မြင့်မြတ်တယ်ဗျ၊ သန့်စင်တယ်ဗျ။ ဒေါသတွေ့နေတဲ့သူတွေ၊ ရပ်တည်ရာမဲ့တဲ့သူတွေ၊ လူပေါ့၊ လူသွမ်း၊ လူဆိုးတွေရဲ့ ခိုလှုံရာနေရာမဟုတ်ဘူး။ ခြေလက်အင်္ဂါမပြည့်စုံလို့ အပြင်လောကမှာ ရှာဖွေစားသောက်နိုင်စွမ်း မရှိသူတွေရဲ့ ခိုနားရာနေရာ မဟုတ်ဘူး။ ဒါတွေကိုသာ သိမ်းကျုံးပြီး လက်ခံထားလိုက်ရင် တခြားဘာသာဝင်တွေအပါအဝင် တွေ့သမျှလူတိုင်းက ကဲ့ရဲ့စရာ၊ အထင်သေးစရာ၊ နှာခေါင်းရှုံ့စရာ ဖြစ်သွားမှာပေါ့။ ဒါကြောင့် သာသနာတော်က လက်ရွေးစင် လူသန့်တွေကိုပဲ ရွေးချယ်ပြီး လက်ခံတယ်။ ဒီနေရာမှာ ခင်ဗျားက စားရမဲ့ သောက်ရမဲ့ ပုဂ္ဂိုလ်မျိုးလည်း မဟုတ်ဘူး။ သဒ္ဓါတရားနဲ့ ပြည့်စုံတာလည်း မှန်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ လက်မကြောင့် သာမဏာသာရပွဲလို့ခေါ်တဲ့ ကြည်ညိုဖွယ် အခင်းနဲ့ ပြည့်စုံရမယ့်အချက်မှာ ချို့ယွင်းချက်ကလေး ဖြစ်သွားတယ်။ ကျုပ်ပြောတာ သဘောပေါက်ရဲ့လား'

မိုးသွင်က ဂရုစိုက်ပြီး နားထောင်နေသည်။ သဘောပေါက်သလိုလိုလည်း ရှိလာသည်။ ဦးပွားက အားတက်သရော ဆက်ပြောသည်။

'ဒီတော့ ခင်ဗျား ဘာမှအားမငယ်နဲ့။ ရဟန်းဘောင်မတက်ရရင် ကိုရင်ကြီးပဲ ဝတ်လိုက်မှာပေါ့ဗျ။ ကိုရင်ကြီးရဟန်းလို သိက္ခာမတင် သိမ်မဝင်ရသော်လည်းပဲ ကုသိုလ်ရတဲ့ နေရာမှာကျတော့ သိပ်မကွာလှပါဘူးဗျ။ သူက ဘာတစ်ခု ထူးခြားသလဲဆိုတော့ ကြီးလေးတဲ့သိက္ခာပုဒ်တွေ စောင့်ထိန်းစရာ မလိုတဲ့အတွက် အာပတ်သင့်စရာ မရှိဘူး။ အပြစ်နည်းတယ်။ နေရထိုင်ရတာလည်း မကျဉ်းကျပ်ဘူး။ ချောင်ချိတယ်။ ပေါ့ပါးတယ်'

မိုးသွင်က ပို၍စိတ်ဝင်စားလာသည်။ မျက်လုံးများက အရောင်တောက်ပြောင်လာသည်။ သူက ဦးပွားကို ပြန်မေးလိုက်သည်။

'ကိုရင်ဆိုတာ ကြီးလေးတဲ့သိက္ခာတွေကိုတော့ ထိန်းထားဖို့ မလိုဘူး။ ကုသိုလ်ရတာချင်းကျတော့လည်း သိပ်မကွာဘူးလို့ အဘပြောခဲ့တယ်။ အဲဒါလေး ရှင်းပြပါဦး'

'ဟုတ်ပြီ၊ ဟုတ်ပြီ။ ကုသိုလ်ကောင်းမှုဆိုတာ နည်းနည်းပဲလုပ်လုပ် များများပဲလုပ်လုပ် မိမိစိတ်ရင်းစေတနာ အလျောက်သာ အကျိုးပေးမြဲဆိုတာ အထူးရှင်းပြနေစရာ မလိုပါဘူးဗျ။ အခု ကျုပ်ပြောတဲ့ ကိုရင်ကြီးဆိုတာက လည်း ရဟန်းထက် နိမ့်တယ်လို့သာ ပြောရတယ်။ သူ စောင့်ထိန်းရတဲ့ ရှင်ကျင့်ဝတ်တွေကလည်း ပေါ့သေးသေးမှ မဟုတ်ဘဲဗျ။ သူ့မှာလည်း လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါးဆိုတာ ရှိတယ်။ ကျုပ် ဆက်ရှင်းပြမယ်။

ကိုရင်ဆိုတာ သူ့အသက် မသတ်ရဘူး။ သူ့ပစ္စည်း မခိုးရဘူး။ မုသားမပြောရဘူး။ အရက်သေစာ မသောက်စားရဘူး။ မေထုန်မှုကို မပြုလုပ်၊ မကျူးလွန်ရဘူး။ ဘုရား၊ တရား၊ သံဃာကို မကဲ့ရဲ့ရဘူး။ ဘိက္ခုနီမကို မဖျက်ဆီးရဘူး။ မှားသော အယူကို မယူရဘူး။ အဲဒါက လိင်(၁၀)ပါးတဲ့ဗျ။

ဒဏ်(၁၀)ပါးကို ဆက်ပြောဦးမယ်။ နေ့လွဲညစာ မစားရဘူး။ သဘင်အမျိုး ကြည့်ရှုနားထောင်ခြင်း မပြုရဘူး။ နံ့သာပန်းမန် မလိမ်းကျံ မသုံးစွဲရဘူး။ မြင့်မြတ်တဲ့နေရာမှာ မနေရဘူး။ ရွှေ၊ ငွေ၊ ပိုက်ဆံ မကိုင်တွယ်ရဘူး။ မိမိထက် မြင့်မြတ်တဲ့ ရဟန်းများအပေါ် လာဘ်မရအောင် မလုပ်ရဘူး။ နေရာမရအောင် မလုပ်ရဘူး။ အကျိုးယုတ်အောင် မလုပ်ရဘူး။ ဆဲဆိုခြင်း မပြုရဘူး။ ကုန်းတိုက်ခြင်း မပြုရဘူး။ အဲဒါ ဒဏ်(၁၀)ပါးပဲ။

ကဲ..ဒီတော့ ဒါဟာ နည်းတဲ့ကျင့်ဝတ်တွေလား။ ဒီကျင့်ဝတ်တွေကိုသာ နိုင်အောင်ထိန်းနိုင်ရင် ရလာတဲ့ ကုသိုလ်တွေက နည်းနည်းနောနောလား။ ဒီတော့ ကိုရင် ဘဝက ရဟန်းဘဝလောက် မမြင့်မြတ်ဘူးဆိုပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

ကျင့်နိုင်ရင် ကျင့်နိုင်သလောက် ကုသိုလ်ရတာပဲ။ ကုသိုလ်ရတာချင်းအတူတူ ကိုရင်အဖြစ်နဲ့ နေရတာကလည်း အကျိုးရှိတာပါပဲဆိုတဲ့အကြောင်း ကျုပ်က ပြောပြတာပါဗျ'

'ကောင်းလိုက်တာ အဘရာ။ အဘရှင်းပြမှပဲ ကျွန်တော့် အားလုံးသဘောပေါက်သွားပြီ။ ခုလို စိတ်ရှည်လက်ရှည်ရှင်းပြတာ သိပ်ကျေးဇူးတင်တယ်အဘ။ ဟုတ်တယ်၊ ကျွန်တော် ကိုရင်ဝတ်မယ်။ ကိုရင်အဖြစ်နဲ့ပဲ ကျွန်တော် ကြိုးစားပြီး ကျင့်ကြံသွားတော့မယ်'

မိုးသွင်က ရွှင်လန်းအားရစွာ ပြန်ပြောသည်။ ဦးပွားကိုပါ ရှိရှိသေသေ ထိုင်ကန်တော့သည်။ ထို့နောက် သူတို့က လူချင်း ခွဲလိုက်ကြသည်။

နောက်တစ်နေ့တွင် အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။ ထိုနေ့တွင် ဧည့်ပရိသတ်က ပိုများလာသော်လည်း ဆူဆူညံညံ ရှုပ်ရှုပ်ထွေးထွေးကား မရှိပေ။ သေသေဝပ်ဝပ် ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့်ပင် အားလုံးပြီးဆုံးသွားသည်။ ကျောင်းတွင် ဝေယျာဝစ္စကိစ္စမှန်သမျှ ပြီးစီး၍ ဧည့်ပရိသတ်လည်း စဲသွားပြီဆိုတော့မှ ဦးပဥ္စင်း ဦးစန္ဒိမာ (စိုးနောင်)နှင့် ရှင်မာဃိန္ဒ(မိုးသွင်)တို့ကို ဆရာတော် ဦးကာဝိန္ဒက နေရာချထားပေးသည်။ ဦးစန္ဒိမာကို ဓမ္မာရုံ အတွင်းရှိ ခန်းဆောင်တစ်ခုတွင် နေရာပေးပြီး ကိုရင်မာဃိန္ဒကိုတော့ ဃခင် ဆွမ်းစားကျောင်းဟောင်းထဲတွင် နေရာပေးလိုက်သည်။

♦♦♦

ဦးပွား၏ ပြောကြားချက်က ရာနှုန်းပြည့် မှန်ကန်သည်။ မိုးသွင်က ကိုရင်မာဃိန္ဒအဖြစ် ခံယူပြီးနောက် သာသနာတော်အတွင်း၌ ပျော်ပိုက်လျက်ရှိသည်။ ကျေနပ်လျက် ရှိသည်။ သူက ရှင်ကျင့်ဝတ်များကိုလည်း ကြိုးစား၍ ကျင့်ဆောင်သည်။ ပြီးလျှင် ကျောင်းဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စများကိုပါ လေးလေးစားစား ရိုရိုသေသေ ဆောင်ရွက်သည်။ ကိုရင်မာဃိန္ဒကို ဦးပွားက ကြည်ညိုသလို ဆရာတော် ဦးကာဝိန္ဒနှင့်တကွ ကျောင်းရှိသံဃာအားလုံးက နှစ်ခြိုက်သဘောကျကြသည်။

တစ်ဖက်မှာတော့ ဦးစန္ဒိမာတစ်ဖြစ်လဲ စိုးနောင်က သိပ်အခြေအနေမကောင်းပေ။ သူ့ခမျာ ရဟန်းသိက္ခာပုဒ်များကို ကြိုးစားပြီး လိုက်နာပါသော်လည်း ဝန်နှင့်အား မမျှသကဲ့သို့ ဖြစ်နေရသည်။ စည်းလွတ်ဝါးလွတ် စိ[...] ကြိုက်နေထိုင်လာခဲ့သော လူ့ဘဝတုန်းက လူ့အကျင့်မျာ[...] ကို ခဝါချပစ်နိုင်ဖို့အရေး သူ့မှာ မဟာအခက်အခဲကြီ[...] မဟာဆင်းရဲဒုက္ခကြီးနှင့် ကြုံတွေ့နေရသည်။ ကြီးလေ[...] သော ဝိနည်းသိက္ခာပုဒ်များကြောင့် ဆူးကြားက အူးခါး[...] ပမာ မလှုပ်သာမလှုပ်သာ၊ မတိမ်းသာ မယိမ်းသာဖြင့် ကျဉ်းကျပ်စွာ နေထိုင်ရင်း တညည်းတညူညူ ဖြစ်နေ[...] လျက်ရှိသည်။

သဒ္ဓါတရားချင်း ယှဉ်လိုက်ပါက ကိုရင်က ဦးပဥ္စင်း ထက် သာလွန်နေသည်။ ကိုရင်မာဃိန္ဒက ကွမ်းစား[...] ဆေးသောက်ကဲ့သို့သော အသေးအဖွဲ ပလိဗောများက[...] အစ အတိအကျ လိုက်နာနိုင်သည်။ အသောက်သမားဘ[...] က လာခဲ့သော်ငြား သက်န်းဆီးပြီးနောက်ပိုင်း သူ့မှာ မေရယကံနှင့် အပြီးလမ်းခွဲလိုက်နိုင်သည်။ ဆိုခဲ့သည့် အတိုင်း ဦးစန္ဒိမာကတော့ ခပ်ယိုင်ယိုင်သမားဖြစ်နေသည်[...] ယိုင်ရုံမက လဲပြိုတော့မလောက်ပင် ဖြစ်နေပြီဟု ဆိုနိုင် သည်။ သူက ရဟန်းသိက္ခာ စောင့်စည်းရခြင်းနှင့် ပတ်[...] သက်ပြီး ဦးပွားထံ မကြာခဏလာရောက်ကာ မကြာ မကြာ ညည်းညူမြည်တမ်းလေ့ရှိသည်။ ကိုရင်မာဃိန္ဒက[...] လည်း ဦးစန္ဒိမာ၏ မပျော်မရွှင်ဖြစ်နေပုံ၊ ညှိုးညှိုးမှိုင်မှိုင် ဖြစ်နေပုံ၊ အိမ်သို့လည်း မကြာ မကြာ ပြန်နေလေ့ရှိပုံတို့ ကို ကောင်းစွာ သတိပြုမိသည်။

သို့နှင့်ပင် ဝါမှ တစ်ဝက်မကျိုးသေး ဦးစန္ဒိမာ လူ ဝတ်လဲရမည့်အဖြစ်က ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိ လာသည်။ ဦးစန္ဒိမာက လူထွက်မည့်အရေး ကိုယ်တိုင် မလျှောက်ထားရဲသဖြင့် ဖခင်ဖြစ်သူကို တစ်ဆင့်လျှောက် ထားခိုင်းသည်။ ဆရာတော် ဦးကာဝိန္ဒကလည်း သာသနာ၌ မပျော်ပိုက်သူကို တားမြစ်ဟန့်တားခြင်းမပြုပေ။ ရှော ရှောရှူရှူပင် ခွင့်ပြုသည်။ ထို့ကြောင့် ဦးစန္ဒိမာလည်း မကြာမီမှာပင် စိုးနောင်အဖြစ်သို့ ပြန်လည်ရောက်ရှိသွား တော့သည်။

ဦးပွား စိတ်တော့မကောင်းမိပေ။ အချိန်အခါ[...] အသတ်မရှိ ပျော်သလောက်နေမည်ဟု ဆုံးဖြတ်ထားသူက တစ်ဝါမှ မရသေးခင် လေ့လော့ရင်း တက်ကျိုးသွားခြင်း အပေါ် မချင့်မရဲ ဖြစ်မိတာလည်း အမှန်ပင်။ ထို့သော် တစ်နေ့မှာတော့ ကိုရင်မာဃိန္ဒက စိုးနောင်နှင့်ပတ်သက်[...]

www.burmeseclassic.com

www.burmeseclassic.com

၍ အကြောင်းစုံ ပြောပြလာသောအခါတွင်မှ ဦးပွားလည်း အဖြစ်သနစ်စုံကို ပိုမိုသဘောပေါက်ရတော့သည်။

– ထိုနေ့က သံဃာများအတွက် ဦးပွား ဆွမ်းပွဲပြင်ပေးနေသည်။ ဦးပွားနှင့်အတူ ကိုရင်မာဃိန္ဒကပါ ပါဝင်ကူညီပေးနေသည်။ ထိုသို့ အတူတကွ ဆွမ်းဝိုင်းပြင်နေကြရင်းမှပင် အောက်ပါအတိုင်း ကိုရင်မာဃိန္ဒက ပြောပြလာခဲ့ခြင်းဖြစ်သည်။

သူက ဒီကျောင်းမျိုးနဲ့ မထိုက်တန်ပါဘူး ဒကာကြီးရာ။ သူက သူ့စိတ်ကိုမှ မနိုင်ဘဲ။ သူက အိမ်ကို ခဏ, ခဏ ပြန်တယ်။ တစ်ခါတလေ ညကြီးမှာတောင် ခိုးခိုးပြီး ပြန်တယ်။ ဟိုမှာ အရက်ခိုးသောက်တယ်။ ညစာလည်း ခိုးစားတယ်။ သူ့အဖေ ဦးသက်နောင်ဆိုတာက ရပ်ကွက်ထဲမှာ လူကြီးလူကောင်းပါ။ ဘုရားတရားလည်း ကိုင်းရှိုင်းပါတယ်။ သူ့သား မူမမှန်ဖြစ်နေတာကို သူလည်းသိတယ်။ ဒါကြောင့် အိမ်ကို ပြန်မလာဖို့ ဆုံးမတယ်။ ဒါပေမဲ့ ဘယ်လိုမှ တားလို့မရဘူး။ ကိုရင်လည်း ဒီအကြောင်းတွေကို အားလုံးသိတယ်။ သိပေမယ့် သူက ရဟန်းဖြစ်နေတော့ တစ်ဦးဦးကို ဒီအကြောင်းပြောပြလိုက်ရင် ရှင်ကျင့်ဝတ်ထဲက သံဃာကို ကုန်းမတိုက်ရဘူးဆိုတဲ့ ကျင့်ဝတ်ကိုများ ချိုးဖောက်ရာကျသွားမလားဆိုပြီး မျိုသိပ်နေခဲ့မိတယ်။

နောက်တော့ သူက ပိုပိုဆိုးလာတယ်။ သူ့ဒကာမနားကိုတောင် ပြန်ကပ်ချင်လာတယ်။ မသင့်တဲ့အချိန်၊ မသင့်တဲ့ နေရာမျိုးမှာ သူ့ဒကာမနဲ့ တွေ့ရေးယှက်တင်နေတာ ထိုင်တာမျိုးကို ဦးသက်နောင်က မြင်လာ တွေ့လာတယ်။ ဒီမှာတင်ပဲ အကြီးဆုံးသိက္ခာပုဒ်ကြီးကိုသာ ချိုးဖောက်လိုက်မှဖြင့် ကိုယ်ကျိုးနည်းရချည်ရဲ့ဆိုပြီး ဦးသက်နောင် ကိုယ်တိုင် ထိတ်လန့်လာတယ်။ ဒါနဲ့ အခြေမဟန်တော့ သားရဟန်းကို သူကိုယ်တိုင်ပဲ လူထွက်တော့ဆိုပြီး အတင်းတိုက်တွန်းရတဲ့အထိ ဖြစ်လာတယ်။

ဦးသက်နောင်ရဲ့ သဘောက ခုလိုသာ မီးနဲ့ ဆက်ကစားနေရင် မကြာခင် မီးအလောင်ခံရတော့မယ်။ မတော်လို့ ကျူးလွန်မိသွားရင် ပတ်ဝန်းကျင်ကသိပြီး အရှက်တကွဲ ဖြစ်ရမှာလည်းစိုး သာသနာ့ဝန်ကိုတော့ မထမ်းဘဲနဲ့ သာသနာ့ဝန်စီးအဖြစ်နဲ့သာ သံသရာနောင်ရေးမကောင်းအောင် ဖြစ်သွားမယ့် သားအတွက်လည်း တွေးပူမိသွားရာက ခုလို သူကိုယ်တိုင် လူထွက်ခိုင်းလိုက်ရတာပဲဗျ ဒကာကြီးရ

သည်တော့မှ ဦးပွား အားလုံးရှင်းရှင်းလင်းလင်း ဖြစ်သွားရတော့သည်။ စိတ်ထဲကလည်း တွေးမိသွားမိသည်။ သာသနာတော်မှာ သည်လိုလူဖျင်းလူညံ့တွေကို ဘာလုပ်ဖို့လဲ။ အရေအတွက် များလာရုံ၊ တိုးလာရုံနှင့် ဘာလုပ်ဖို့လဲ။ အမှိုက်တွေလို လာရှုပ်မည့်သူတွေကို ဘာလုပ်ဖို့လဲ။ အညစ်အကြေးတွေလို နံစော်ညစ်ပေအောင် လုပ်ထားခဲ့မည့်သူတွေကို ဘာလုပ်ဖို့လဲ။ ဒါမျိုးကတော့ မြန်မြန်တောရှင်းလေ ကောင်းလေသာ ဖြစ်သည်ဟု သူ ဆက်တွေးသည်။

သည့်နောက် မကြာမီ ဆွမ်းစားချိန်သို့ ရောက်လာရာ သံဃာ့ဆွမ်းဝိုင်းနှင့် ခပ်လှမ်းလှမ်း၌ စားပွဲပုကလေးဖြင့် တစ်ပါးတည်း ငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးလျက်ရှိသော ကိုရင်မာဃိန္ဒကိုကြည့်လျက် ဦးပွားက အကြည်နူးကြီး ကြည်နူးနေမိသည်။ ကိုရင်မာဃိန္ဒ၌ အပြစ်ဟူ၍ ဘာမျှ ပြောစရာမရှိ။ အနေအထိုင် အကျင့်အကြံမှအစ အားလုံး ကြည်ညိုစရာကောင်းသည်။ လက်မတစ်ဖက်ပြတ်ကလေးကြောင့် ရဟန်းတက်ခွင့် မရခဲ့သည့်အတွက် စိတ်နှလုံးညှိုးချုံးခဲ့ရသော်ငြား မိမိ၏ အားပေးမှုဖြင့် ကိုရင်ကြီးဘဝကို အမြတ်တနိုး ခံယူခဲ့သည်။ သူရရှိထားသည့် ကိုရင်ဘဝကိုလည်း တန်ဖိုးရှိအောင် မြှင့်တင်နိုင်ခဲ့သည်။ တောက်ပြောင်မှုရှိအောင် အရောင်တင်နိုင်ခဲ့သည်။

ဤသည်မှာ သာသနာတော်၌ ကြီးခြင်း၊ ငယ်ခြင်း၊ များခြင်း၊ နည်းခြင်းကို ပမာဏမထား။ အကျင့်အကြံတဲ့သို့ တကယ့်အနှစ်သာရကိုသာ အဓိကထားကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။ ယခုပင်လျှင် ကိုရင်ဟူ၍ ငယ်ဝင်ငယ်သော်လည်း မိမိကိုယ်တိုင် ဝင့်ထည်စွာဆောက်တည်နိုင်ခဲ့သည့် ကိုရင်မာဃိန္ဒက သက်သေပြလျက်ရှိသည်။

ကိုရင်မာဃိန္ဒ ဆက်လက်ပြီး သာသနာ့အကျိုးကို သယ်ပိုးသွားနိုင်ပါစေ၊ သံသရာအရှင်းအနှီးကိုလည်း သည့်ထက်ပိုပြီး များများကြီးရသွားနိုင်ပါစေဟု ဆုတောင်းရင်း ဦးပွားက ပီတိဖြင့်သာလျှင် ကိုရင်မာဃိန္ဒကို မျက်စိတစ်ဆုံးစူးစိုက်ကြည့်နေမိတော့သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com

ယခုတင်ပြမည့် အဖြစ်အပျက်သည် လွန်ခဲ့သော နှစ်ပေါင်း(၆၀) ကျော်ကာလက ကျွန်တော်၏အစ်ကို ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန် အဖြစ်အပျက်ကို စာစီရေးဖွဲ့ထားခြင်းဖြစ်ကြောင်း ကြိုတင်အစီရင်ခံ အပ်ပါသည်။ (စာရေးသူ)

'မောင်ကြီး'

'ဗျာ'



# အေးချမ်းအောင်(ရမည်းသင်း)

## ပုံပြင်ဆန်သော ဇာတ်လမ်းတစ်ပုဒ်

www.burmeseclassic.com

www.burmeseclassic.com

'မောင်ကြီး ထိပ်ထားကို တကယ်ချစ်တာ ဟုတ်ပါတယ်နော်'

'ဘယ်လိုပြောလိုက်တာလဲ ထိပ်ထားရယ်၊ ထိပ်ထားကို မောင်ကြီးချစ်ရတာတွေ ပြောစရာစကား မရှိအောင်ကို ချစ်တာပါကွယ်'

'အို..ယုံကြည်ပြီးသားပါ မောင်ကြီးရယ်။ စကားမို့ ပြောလိုက်တာပါ'

ဘုရားပန်းအတူခူးရင်းက ပြောလိုက်တဲ့ ထိပ်ထားကို သူ မဝတမ်း ကြည့်နေမိသည်။ ပါးချိုင့်လေးပေါ်အောင် ပြုံးပြီး လှလွန်းဆွေ ဆံတောက်ကွေးမလေး ထိပ်ထား။ နဖူးပြင်မှာ ဆံစလေးတွေ စီချထားတဲ့ မိန်းမလှလေး။ နံ့သာရောင် ရင်ဖုံးအင်္ကျီ လက်ရှည်ကို ပိုးချိတ်ထဘီ အရောင်တူလေးနဲ့ ဝတ်ဆင်ထားတဲ့သူမကို သူ မျက်တောင်မခတ် ကြည့်နေတော့-

'မောင်ကြီး..ဘာလို့ အဲဒီလောက်ကြီး ကြည့်နေရတာလဲလို့'

'လှလို့၊ ချစ်လို့၊ ကြည့်လို့ကို မဝနိုင်လွန်းလို့ပါ'

'အို'

ထိပ်ထား လှမ်းပေးလိုက်တဲ့ပန်းတွေ လှမ်းယူရင်း တစ်ဖက်က ထွေးပွေ့လိုက်တာကြောင့် ထိပ်ထားရဲ့ နှုတ်ခမ်းပါးပါးလေး ဝိုင်းသွားပြီး အာမေဍိတ်သံ ခုန်ထွက်လာခြင်းပင်။

'လွှတ်..လွှတ်ပါတော့ မောင်ကြီးရယ်၊ ထိပ်ထား အသက်ရှူမဝတော့ဘူး'

ထိပ်ထားကို ဖက်ထားတဲ့လက်ကို သူ ဖြေလျှော့ပေးလိုက်သည်။

'မောင်ကြီး.. ဒီလောက်ဆို ဘုရားတင်ဖို့ ပန်းရလောက်ပြီ။ ပြန်စို့နော်'

'အင်းပါကွယ်'

နေရောင်လည်း အတော်ကျနေပြီဖြစ်သည်။ ဘုရားမှာ ထိပ်ထားနှင့်အတူ ဘုရားပန်းတွေလဲ၊ ဘုရားဝတ်ပြုပြီးနောက် ထိပ်ထားကို နှုတ်ဆက်ကာ သူ လယ်ကျင်းထဲက နွားတွေဆွဲ အိမ်ပြန်လာခဲ့သည်။

သူ့စိတ်မှာ အချိန်တိုင်း ထိပ်ထားအကြောင်းတွေချည်း တွေးနေမိသည်။ သူ့မျက်ဝန်းထဲမှာ ထိပ်ထားလောက် ချောမောလှပတဲ့သူ တစ်ကြိမ်တစ်ခါမှ မမြင်တွေ့ဖူးသေး။ ဘာပဲဖြစ်ဖြစ် ထိပ်ထားသည်သာ သူ့ဘဝ၊ ဘယ်လိုအခက်အခဲ၊ ဘယ်လိုအတားအဆီးရှိရှိ အားလုံးကိုကျော်ဖြတ်ပြီး ထိပ်ထားနှင့် အမြန်ဆုံးနီးရဖို့သာ စဉ်းစားနေမိသည်။

အမှတ်မထင် ဆုံတွေ့ခဲ့ရတဲ့ ထိပ်ထားနှင့် သူ့အကြောင်းကို ပြန်သတိရမိသည်။ နေ့စဉ် သူ အမြဲသွားကျောင်းနေတဲ့ သူတို့ လယ်ကျင်းနဲ့ မလှမ်းမကမ်းရှိ ချုံနွယ်ပိတ်ပေါင်းတွေ အုံ့ဆိုင်းနေတဲ့ တောကြီးအတွင်းမှာ စေတီလေးတစ်ဆူ ရှိလေသည်။ စေတီလေးကို သူ အမြဲသွားရောက်ဖူးမြော်လေ့ရှိခဲ့သည်။ နေ့စဉ် သွားရောက်ဖူးနေသည့် စေတီလေး ဘေးဝန်းကျင်မှ တောတွေချုံတွေ ရှင်းပစ်ဖို့ အတွေးရလာသလို နွားကျောင်းရင်းနှင့် နေ့စဉ် ရှင်းလာခဲ့သည်။ လတွေချီ ကြာလာတော့ တောကြီးအတွင်းက စေတီလေးရဲ့ ဝန်းကျင်တွေမှာ တောတွေ ရှင်းသွားတော့ ကြည်ညိုဖွယ်ရာ စေတီလေး ပေါ်လာလေသည်။

သူကပဲ ဦးဆောင်ဦးရွက်ပြု စေတီလေးကို ထုံးသင်္ကန်းကပ်လိုက်တော့ စေတီလေးမှာ ချုံနွယ်တောတွေ ရှင်းသွားသည်မို့ လေတိုက်တိုင်းမှာ ဆည်းလည်းသံလေး တချွင်ချွင်နှင့် စိတ်ကြည်နူးဖွယ်ရာ ဖြစ်လာခဲ့သည်။

ညနေတိုင်း ဘုရားပန်း အမြဲတင်လှူသည်။ တစ်ရက်မှာတော့ ဒီအရပ်၊ ဒီဒေသမှာ မမြင်မတွေ့ဖူးတဲ့ ပန်းတွေ သူ့အရင် တင်ထားနှင့်သည်ကို အံ့ဩဖွယ် မြင်တွေ့လိုက်ရသည်။ ဘုရားပန်းသူသွားလဲတိုင်း သူ့အရင် ဘုရားပန်း အမြဲတင်ထားနှင့်သည်ကို တွေ့နေရတော့ သူသိချင်စိတ်တွေနဲ့ ချုံကွယ်တစ်နေရာက သူစောင့်ကြည့်နေခဲ့သည်။

တွေ့ပါပြီ။ လွန်စွာချောမောလှပသော မိန်းမပျိုလေး၊ ပန်းတင်နေတာ တွေ့မြင်ရတော့ အပြေးသွား၊ သူယူလာတဲ့ ပန်းတွေကို မိန်းမပျိုလေးလက်ထဲ လှမ်းပေးရင်း 'ဟို..ဟိုလေ၊ ဒီပန်းတွေလည်း ဘုရားတင်ပေးပါနော်' ဟု သူက ပြောတော့ မိန်းမပျိုလေးက ပြုံးရွှင်စွာဖြင့် လှမ်းယူလေသည်။

'နမယ်..ဘယ်ရွာကလဲဟင်' လို့ မေးလိုက်မိသည်။ မိန်းမပျိုလေးက မပြောဘဲ ပြုံး၍ကြည့်နေသည်။ အကြိမ်ကြိမ် နေတဲ့ရွာ မေးပေမယ့် မိန်းမပျိုလေးက မဖြေ။

'နောက်တော့ သိရမှာပေါ့ မောင်ကြီးရယ်' ဟုသာ ဖြေလေသည်။ မဖြေချင်တဲ့ မေးခွန်းကို သူ ဆက်မမေး

www.burmeseclassic.com

www.burmeseclassic.com

တော့။

အနီးအနား ဝန်းကျင်ရှာတွေက လူတွေအားလုံး သူ သိထားသည်။ သူရုပ်ရည်နှင့် ဝတ်စားဆင်ယင်မှုသည် ရွာသူတွေ ဝတ်စားသည့် ဝတ်စားမှုပုံစံ မဟုတ်သလို မြို့သူတွေ၏ အနေအထားလည်း မဟုတ်ပြန်။

ဘာပဲဖြစ်ဖြစ် သူမ၏အလှကို အရှုံးအမှူးစွဲလမ်းသွားမိသည်။ သူမနေတဲ့ရွာ ပြောမသွားပေမယ့် ထိပ်ထားဆိုတဲ့ သူမရဲ့ နာမည်လေးကိုတော့ သူသိခွင့်ရခဲ့သည်။

ညနေတိုင်း သူမနဲ့အတူ ဘုရားပန်းခူး၊ ဘုရားပန်းအမြဲလဲခွင့်ရလာခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုတွေက ရက်မှလချီ ကြာလာခဲ့တော့ သူ့ရင်ထဲက အချစ်တွေကို ကြေညာခွင့်ရခဲ့သည်။ သူမရဲ့ အချစ်တွေရဖို့ အကြိမ်ကြိမ်ကြိုးစားတောင်းခံခဲ့သည်။

သို့သော် ထိပ်ထားက သူနေတဲ့နေရာ အလည်လိုက်ကြည့်ပြီးမှ အဖြေပေးမယ်ဆိုတော့ သူ့အနေနဲ့ အလည်လိုက်မည့်အကြောင်း အလွယ်တကူ လက်ခံခဲ့သည်။

တစ်ရက်မှာတော့ ထိပ်ထားနှင့်အတူ ဘုရားပန်းလဲ၊ ဘုရားဝတ်ပြုပြီးနောက် ထိပ်ထားက-

'မောင်ကြီး ထိပ်ထားနေတဲ့နေရာ ဒီနေ့ အလည်လိုက်ခဲ့မယ်မဟုတ်လား'

လွန်စွာကျက်သရေရှိလှသည့် အပြုံးလေးများ ဝေဆာနေသော ထိပ်ထား၏ စကားမဆုံးမီပင်-

'လိုက်မှာပေါ့ ထိပ်ထားရယ်'

'သွားစို့လေ'

ထိပ်ထားနောက် သူလိုက်ခဲ့သည်။ ဘုရားဝင်းအလွန်အရောက်တွင် သစ်ပင်ကြီးများ ညို့မှိုင်းအုံ့ဆိုင်းနေသော ခြံဝင်းကျယ်ကြီးကို တွေ့လိုက်ရလေသည်။ ခြံကြီးအလယ်တွင် ကြီးမားသော အိမ်ကြီးတစ်လုံးကို အမှတ်မထင်တွေ့မြင်လိုက်ရပြန်သည်။

ထိပ်ထားနောက်မှ လိုက်လာခဲ့သောသူ အံ့သြနေမိသည်။ ဘုရားဝန်းကျင်တွင် ဒီလိုခြံဝင်းကြီးမျိုး၊ အဆောက်အအုံမျိုးမရှိ။ သစ်တောကြီးသာ ရှိသည်။

အတွေးတွေကြောင့် နောက်ကျန်နေတဲ့သူ့ကို ထိပ်ထားက-

'လာလေ မောင်ကြီး'

လက်ဆွဲခေါ်လိုက်တာကြောင့် အတွေးပြတ်သွားရသည်။

အိမ်ကြီးထဲ ဝင်လိုက်သည်နှင့် တံခါးဝတွင် တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင် အပြည့်ထိုးထားသော လူသန်ကြီး နှစ်ယောက်က ဓားလွတ်တွေ ကိုင်ထားရင်း ထိပ်ထားနှင့် သူ့ကို တစ်ချက်ကြည့်လိုက်ပြီး သူတို့မဆိုင်သလို မျက်နှာလွှဲသွားကြသည်။

ထို့နောက် ထိပ်ထားအရွယ်-မိန်းကလေး(၅)ယောက် စကားပြောဆို ရယ်မောနေကြသည်ကို တွေ့ရပြန်သည်။ သူတို့နှစ်ယောက်ကို မထူးဆန်းသလိုကြည့်၊ ပြောလက်စ စကား ဆက်ပြောနေကြသည်။ ထိုမိန်းကလေးတွေသည်လည်း ချောမောလှပကြသူတွေချည်းပင်။

သူ့လက်ကို ထိပ်ထား ဆွဲကိုင်ထားရင်းက 'လာ- မောင်ကြီး' ဟု ဆိုကာ မြေအောက်သက်ဆင်းသော လှေကားလေးအတိုင်း ဆင်းသွားသည်ကို လိုက်ပါရင်း ရုတ်တရက် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် သူ အံ့သြသွားရသည်။ အရောင်တဖိတ်ဖိတ် တောက်နေသော ကျောက်များဖြင့် စီခြယ်ထားသော ကြီးမားတဲ့ သေတ္တာကြီး(၅)လုံး။ ဆီမီးတိုင်၊ ပန်းနံ့သာတိုင်များ ထွန်းညှိပူဇော်ထားသော ရွှေသားဗုဒ္ဓဆင်းတုတော်။

ထိပ်ထားကို သူကြည့်လိုက်တော့ ဘုရားဝတ်ပြုနေသည်ကို တွေ့ရတော့ သူလည်း ဘုရားဝတ်ပြုလိုက်ပါသည်။ ဘုရားဝတ်ပြုပြီးသည်နှင့်-

'ထိပ်ထားရဲ့ ဘဝမှန်ကို မောင်ကြီး သိပြီနော်'

ထိပ်ထား၏စကားကြောင့် သူ တစ်ချက်တွေဝေသွားသည်။ အတန်ကြာပင် တွေဝေနေမိပြီးမှ ထိပ်ထားဟာ သာမန်လူသားတစ်ယောက် မဟုတ်ဘူးဆိုတာ သိလိုက်သည်။ နွေးထွေးနူးညံ့တဲ့ ထိပ်ထားလက်အစုံက သူ့လက်ကို လာကိုင်လိုက်သည်မို့ အတွေးများပြတ်ကာ ထိပ်ထားကို ငေးစိုက်ကြည့်နေမိပြန်သည်။

အပြစ်ကင်းအောင် လှပလွန်းတဲ့ ထိပ်ထားက သူ့အတွက် ဒီတစ်သက် ဘယ်လိုမှ မမေ့ပျောက်နိုင်တဲ့ အပြုံးတွေနဲ့-

'ထိပ်ထားဟာ ဒီဘုရားကို လှူဒါန်းထားတဲ့ ရတနာတွေကို စောင့်ရှောက်နေတဲ့ ဥစ္စာစောင့်ပါ မောင်ကြီးရယ်။ ထိပ်ထားရဲ့ ဘဝအမှန်ကို မောင်ကြီးသိရပြီဆိုတော့ မောင်ကြီး ထိပ်ထားကို ချစ်ရဲသေးရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com

'အို..မဆိုင်လိုက်တာ ထိပ်ထားရယ်၊ မောင်ကြီးလေ ထိပ်ထားကို ချစ်ရုံတင်မကပါဘူး၊ ပိုလို့တောင် မြတ်နိုး သွားမိပါတယ်ကွယ်'

'တကယ်နော် မောင်ကြီး'

'တကယ်ပါကွယ်'

'ဒါဆို ထိပ်ထား အဖြေပေးပါတော့မယ်။ ထိပ်ထား မောင်ကြီးကို ချစ်ပါတယ်။ ဒါပေမဲ့ မောင်ကြီး ထိပ်ထားကို လက်ထပ်လို့တော့ မဖြစ်နိုင်ဘူး။ ဘဝချင်းက မတူဘူးလေ'

'ဘာပဲဖြစ်ဖြစ် မောင်ကြီး ထိပ်ထားကို လက်ထပ်ချင်တာပါ'

ချစ်တယ်ဆိုတဲ့ အဖြေစကား ကြားလိုက်ရတော့ သူ့နှလုံးသားတွေ ဆူဝေလာသည်။ ဘယ်လိုပဲဖြစ်ဖြစ် ထိပ်ထားကို သူပိုင်ဆိုင်ချင်သည်။ ဘယ်လိုဘဝတွေခြားခြား သူ ထိပ်ထားကို မခွဲနိုင်ပါ။

ထိပ်ထားကလည်း သူ့မျက်နှာကို အတန်ကြာပင် ငေးစိုက်ကြည့်နေသည်။

ပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ကာ–

'ဆန္ဒတွေ မစောပါနဲ့ဦး မောင်ကြီးရယ်၊ အချိန်ယူ စဉ်းစားပါဦးနော်။ ထိပ်ထားကို တကယ်လက်ထပ်နိုင်မှာ ဟုတ်၊မဟုတ် (၃)လစဉ်းစားပါ။ တကယ်လက်ထပ်မယ်လို့ စဉ်းစားရပြီဆိုရင် ဒီဘုရားမှာ သစ္စာဆိုရမယ်။ ဒါဆိုရင် လက်ထပ်လို့ရပြီ။ ထိပ်ထားနဲ့မောင်ကြီး ဘဝချင်းတူသွားလို့ အတူတူနေလို့ရပါပြီ။ ထိပ်ထားကိုချစ်ရင် သေချာစဉ်းစား ဆုံးဖြတ်နော် မောင်ကြီး။ ဒီအကြောင်းတွေကိုတော့ ဘယ်သူ့ကိုမှ မပြောရဘူးနော် မောင်ကြီး'

'အင်းပါ၊ မပြောပါဘူး။ မောင်ကြီးလေ ဖြစ်နိုင်ရင် ခုပဲ တစ်ခါတည်း ဘုရားမှာ သစ္စာဆိုလိုက်ချင်တယ်ကွယ်'

'ခုတော့ နေပါဦးနော် မောင်ကြီး'

'ထိပ်ထားနဲ့ နေ့တိုင်းပဲ တွေ့ချင်တယ်ကွယ်'

'အင်းပါ၊ တွေ့ရမှာပါ မောင်ကြီးရယ်။ ဘုရားပန်းချီးချိန်လာခဲ့လေ။ မောင်ကြီးလည်း ပြန်ချိန်ရောက်နေပြီ။ ထိပ်ထား လိုက်ပို့ပေးမယ်'

သူ အရမ်းပျော်သွားရသည်။ ဒီလိုပျော်ရွှင်မှုတွေ သူ အမြဲပိုင်ဆိုင်ချင်နေပါပြီ။ သူ ထိပ်ထားလက်လေးကို မြတ်နိုးလွန်းစွာ ဆုပ်ကိုင်နေမိတော့သည်။

◆◆◆

ဘုရားမှာ ထိပ်ထားနှင့် နေ့စဉ် ဆုံတွေ့ခဲ့ကြသည်မှာ လ၊အတန်ကြာပင် ရှိခဲ့ပြီဖြစ်သည်။ လက်ထပ်ဖို့ သူ ဆုံးဖြတ်ပြီးပြီမို့ လက်ထပ်နိုင်မလားလို့ ထိပ်ထား မေးလာမယ့်နေ့ သူစောင့်နေခဲ့တာလည်း ကြာပြီ။

အိမ်က လူတွေနဲ့လည်း စကားမပြောဖြစ်ခဲ့တာလည်း ထိပ်ထား အဖြေပေးတဲ့နေ့ကစပြီး မပြောဘဲ နေခဲ့တာ ဘယ်သူနဲ့မှ စကားမပြောချင်။ အတွေးထဲမှာ အချိန်တိုင်း ထိပ်ထားက နေရာယူထားနေတော့ အိမ်ပြန်ရောက်လည်း တစ်ယောက်တည်း ထိုင်တွေးနေမိတော့သည်။

အဖေနဲ့အမေကလည်း သူ့အခြေအနေကို အကဲခတ်နေကြတာ သိပေမယ့် သူနဲ့မဆိုင်သလို နေလိုက်သည်။

တစ်နေ့မှာတော့ အဖေက သူ့ကို–

'လူလေး..မင်း ဘယ်သူနဲ့မှ စကားမပြောဘူး။ ဘာဖြစ်နေတာလဲ'

အဖေမေးတာကို သူ မဖြေမိ။ ဖြစ်နိုင်ရင် သူ စကားမပြောဘဲ နေချင်တာ။ အဖေက ဆက်ပြောလာသည်။

'ဒီနေ့ကစပြီး မင်း နွားကျောင်း မသွားရတော့ဘူး။ ဘုရားကိုလည်း သွားစရာမလိုတော့ဘူး။ ဘုရားမှာ ဘယ်သူနဲ့တွေ့လဲ တို့မသိပေမယ့် အဲဒီမှာ မင်းတစ်ယောက်တည်း စကားပြောပြောနေတာတော့ တို့သိတယ်'

အဖေ့စကားကြောင့် သူ့အတွေးတွေ ပြတ်သွားရသည်။

'ငါပြောတာ ကြားတယ်နော်။ ဒီနေ့ကစပြီး မင်း အိမ်မှာပဲ နေရမယ်။ ဘယ်မှမသွားရတော့ဘူး'

ထိုင်နေရာက သူ ဝုန်းခနဲထလိုက်သည်။ သူ့ရင်ဘတ် ဟက်တက်ကွဲသွားသလား ထင်ရလောက်အောင် နာကျင်သွားသည်မို့–

'သွားမှာပျ။ ဘုရားကို ခုပဲသွားမယ်။ ဘယ်တော့မှ ပြန်မလာတော့ဘူး'

နာကျင်သံတွေ သူ့နှုတ်က ခုန်ထွက်သွားသည်။ တစ်ခါမှ ပြန်မပြောဘူးတဲ့ အဖေ့ကို ပြန်အော်မိသလို အိမ်ပေါ်မှ အပြေးတစ်ပိုင်း ဆင်းမည်အပြု အပေါက်ဝနား ချုပ်ကိုင်ထားသော ဦးလေး(၃)ယောက်ကြောင့် သူ ဘယ်လိုမှ ရုန်းထွက်မရတော့။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကြိုးနှင့် တုပ်နှောင်ထားကြသည်။ ထိပ်ထားနှင့်သူ ပေးရတော့မှာဆိုတဲ့ စိုးရိမ်စိတ်နှင့် သူ့နှုတ်က ဦးတည်ရာမဲ့စကားတွေ မနားတမ်း အော်ဟစ်ပြောဆိုရင်း မျက်ရည်များဖြင့် အသနားခံနေတာတွေကို ဘယ်သူမှ သူ့ကို မသနားခဲ့ကြပေ။

အရာရာတိုင်းကို သူ အရှုံးပေးလိုက်ရသည်။ အရူးတစ်ယောက်လို သဘောမျိုးနှင့် လနဲ့ချီ ကြိုးတုပ်ထားခြင်းကို ခံထားရသလို ဆေးဆရာကြီး(၃)ဦး၏ တိုက်ကျွေးသော ဆေးတွေ၊ အင်းတွေကိုသောက်ရင်း ဆေးကုသပေးမှုကို ခံယူနေရသည်။

အားမတန်လို့ မာန်လျှော့ပေးထားရပေမယ့် ထိပ်ထားကို သူ တစ်ရက်မှ မမေ့ခဲ့ပါချေ။ တဖြည်းဖြည်း ရက်တွေကြာလာတော့ ဆေးဆရာကြီးတွေရဲ့ဆေးတွေသောက်ရင်းနဲ့ သူ ဘာတွေဖြစ်ခဲ့လဲဆိုတာ ပြန်မတွေးတတ်အောင် ဖြစ်သွားရသည်။

ထို့နောက် သူ့ကိုယ်သူပင် နားမလည်နိုင်အောင် ဖြစ်ရပြန်သည်။ သူ့အကြောင်းသူ ပြန်တွေးယူနေရတဲ့အခြေအနေမှာ ထိပ်ထားဆိုတဲ့ မိန်းမလှလေးကို သူ ရေးရေးလောက်ပဲ သတိရတော့သည်။

တစ်ရက်မှာတော့ အဖေနဲ့ အမေက သူ့ကို အိမ်ထောင်ချပေးမယ့်အကြောင်း ပြောလာသည်။ သူ့အနေနဲ့ အဖေနဲ့ အမေစကား ပယ်ရှားဖူးခြင်း မရှိခဲ့ပါ။ ထိပ်ထားနှင့် မတွေ့ခင် သူ တစ်ဖက်သတ် ချစ်ခင်မိသော မိန်းကလေးနှင့် လက်ထပ်ပေးမှာဆိုတော့ သူ မငြင်းခဲ့။


သူ့ဘဝအတွက် ထိပ်ထားဆိုသော မိန်းမလှလေးနှင့် ဆုံစည်းခဲ့ရတဲ့ အချစ်ဇာတ်လမ်းဟာလည်း ပုံပြင်တစ်ပုဒ်အဖြစ်နှင့် သူ့နှလုံးသားမှာ ပိုးတဝါးသာ ကျန်ရစ်ခဲ့တော့သည်။

သူ့ရဲ့ ပုံပြင်ဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို မြေဖြစ်သောကျွန်တော် သိရှိခဲ့ရသည်။ ထိုပုံပြင်ဆန်သော ဇာတ်လမ်းတစ်ပုဒ်ကို ကျွန်တော်တစ်ယောက်တည်း သိထားမနေချင်ပါ။ မျှဝေချင်သည်။

ထို့ကြောင့်…။

ဒေးချမ်းအောင်(ရမည်းသင်း)

စောင်တန်းသာသနာပြုဆရာတော်ကြီး၏ အလွယ်ဆုံးဓမ္မဘွားနည်း
စစ်ကိုင်းမြို့နယ် ကျောက်တာကျေးရွာ ပုဗ္ဗာရုံဆရာတော်ကြီး ချီးမြှင့်ခဲ့သည့်
ဗုဒ္ဓကွန်ချာ ၊ ဓမ္မကွန်ချာ ၊ သံဃာ့ကွန်ချာ ဂါထာတော်ကြီး
ရသေ့ကြီးဦးခန့်ကိုယ်တော်တိုင် အဓိဋ္ဌာန်ဝင်ခဲ့သည့် နတ်ချစ်ဂါထာ (သို့မဟုတ်)
လာဘ်လာဘရွှင် စီးပွားတက်သော ရတနာဂါထာတော်နှင့်
မဟာဆေဒ္ဓမန္တန်တော်နှင့် ဖြစ်ရပ်ဆန်များ
သည်တို့ပါရှိသည်





အရှင်ကုမာရ (စစ်ကိုင်းတောင်တန်း)
ရေးသားတော်မူသော
အစွမ်းထက်ဂါထာတော်များနှင့်
အံ့ဖွယ်ဖြစ်ရပ်ဆန်းများ
(ထွက်နေပြီ)
မြန်မာတစ်ပြည်လုံးဖြန့်ချိရေး
ထွန်းဦးစာပေ(မန္တလေး) ၊ မချိုချို(နေလာစာပေ) မိုးဇော်ရဲ၊ စစ်ကိုင်း။ Ph : 09 2110526 , 072 22600

www.burmeseclassic.com

www.burmeseclassic.com

# မောင်သွေးရှင့်

## မြွေနှင့်သစ္စာ

(၁)

ယခုရေးသားအံ့သော မြွေနှင့်သစ္စာ ဝတ္ထုသည်ကား ဝတ္ထုဟု ဆိုငြားအံ့လည်း ကျွန်ုပ်၏ ကိုယ်တွေ့အကြောင်း ရာများပင် ဖြစ်လေ၏။ ကျွန်ုပ်နှင့်မြွေများသည် မည်သို့ သော ပဋ္ဌာန်းဆက်ရှိလေသည်မသိ၊ ကျွန်ုပ်သည် မြွေများ အပေါ် မေတ္တာထား၍ လွန်စွာကရုဏာရှိလေ၏။



ကျွန်ုပ်ကိုယ်တိုင် မြွေများကို မသတ်ခဲ့သလို သူများ က မြွေကို သတ်လျှင်လည်း မကြိုက်။ မသတ်ရန်လည်း တားမြစ်လေ့ရှိ၏။

ထို့ကြောင့်လားမသိ၊ မြွေများက ကျွန်ုပ်ကို ရန်ပြု သည်ဟူ၍မရှိ။ ကျွန်ုပ်၏ အိမ်ခြံဝင်းအတွင်း၌ပင် ပျော် မွေ့စွာ နေနေကြ၏။ သူတို့နေသော တောင်ပို့ကြီးကို လည်း ကျွန်ုပ်က မဖြိုဖျက်ဘဲ ထားရှိ၏။ မြွေဟောက် ကြီး တစ်ကောင်၊ နှစ်ကောင် ဝင်ထွက်သွားလာနေသည် ကိုလည်း ကျွန်ုပ် မကြာ,မကြာမြင်ရ၏။ သူ့လမ်းသူသွား ၍ ကိုယ်လည်း ကိုယ့်ဘာသာနေ၏။ မေတ္တာတော့ထား ပါသည်။

သူတို့ (သို့မဟုတ်) ဆက်နွယ်သော ပုဂ္ဂိုလ်တို့က

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်ုပ်ကို ကူညီသည်ဟု ယုံကြည်ရသည်။

ရှင်းပါအံ့။

ကျွန်ုပ်သည် မြွေများအကြောင်း ဖော်ကျူးသည့် မြွေမင်းသား အမည်ရှိ ဂမ္ဘီရဝတ္ထုကြီးကို ရေးသားခဲ့၏။ ထိုဝတ္ထုကိုရေးရန် ကျွန်ုပ်သည် ပဲခူးမြို့သို့ သွားရောက်ခဲ့၏။ ရွှေမော်ဓောဘုရားအနီး နန်းရွှေဝါဧည့်ရိပ်သာတွင် တည်းရင်း ရေးသားရန် ဖြစ်၏။

ခရီးရောက်မဆိုက်ပင် အခန်းမှာ နေရာချ ခဏနား ပြီး ရွှေမော်ဓောဘုရားပေါ်သို့ တက်ခဲ့၏။ ဘုရား[illegible] တော့ပြီး သက်ဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးသို့ မေတ္တာပို့ [illegible] ဝေလိုက်၏။ တစ်ဆက်တည်းပင် ယခုရေးသား[illegible] မြွေမင်းသား ဝတ္ထုအတွက် ကူညီပေးကြပါ[illegible]

www.burmeseclassic.com

www.burmeseclassic.com

ခံခဲ့၏။

ကျွန်ုပ်သည် ပဲခူးမြို့တွင် လုံးချင်းဝတ္ထု အတော်များများ ရေးဖြစ်ခဲ့၏။ အချော့တော် ကာလောင်အမည်ဖြင့် ရေးသော ဟာသဝတ္ထုများဖြစ်၏။ ဂမ္ဘီရဝတ္ထုကိုမူ ယခုမှ တစ်အုပ်စရေးရန် ဖြစ်လေ၏။

အမှန်ဝန်ခံရလျှင် ဟာသဝတ္ထုတစ်အုပ် ရေးရသည်မှာ သက်သောင့်သက်သာရှိ၏။ မခဲယဉ်းလှပါ။ တစ်ပတ်လျှင် တစ်အုပ်ပြီး၏။ ဂမ္ဘီရဝတ္ထုက ထိုသို့ရေးဖို့ မလွယ်ပါ။ ဂမ္ဘီရဆိုသည့်အတိုင်း ခက်ခဲသည်၊ နက်နဲသည်။

ကျွန်ုပ်သည် ဟာသဝတ္ထုများ ရေးရာတွင် ရွှေမော်ဓောဘုရားကို ဦးခိုက် ဦးတိုက်ပြီးမှ ရေးလေ့ရှိသော်လည်း ပုဂ္ဂိုလ်များကိုတော့ ကူညီရန် မတောင်းဆိုခဲ့ပါ။ ယခု မြေမင်းသားဝတ္ထု ရေးဖို့ကျတော့ ကျွန်ုပ်က လိုလိုလားလားပင် တောင်းပန် တောင်းဆိုခဲ့ပါ၏။

ထူးတော့ထူးသည်။ ကနဦးတွင် မြေမင်းသား ဝတ္ထု ဇာတ်လမ်းကိုရေးရန် ဇာတ်အိမ်ဖွဲ့ပြီးဖြစ်၏။ တကယ်ရေးမည်ကြံတော့ ဘယ်က စရေးရမည်မသိ ဖြစ်နေ၏။ ကျွန်ုပ်လည်း စိတ်ပျက်ပျက်နှင့်ပင် ညနေပိုင်းတွင် ရွှေမော်ဓောဘုရားပေါ်သို့ အနောက်ဘက်မုခ်မှ တက်ခဲ့ပြီး မလှမ်းမကမ်းရှိ တည်ပင်ကြီးအောက်၌ ထိုင်နေမိလေ၏။ ဝတ္ထုကို စရေးနိုင်ရန် တွေးတောလျက်ရှိလေ၏။

ထိုခိုက်မှာဖင် ကျွန်ုပ်မြင်ကွင်းထဲသို့ သဏ္ဌာန်နှစ်ခု ဝင်ရောက်လာ၏။ လူသားစင်စစ်များပင် ဖြစ်ပါ၏။ တစ်ဦးက ဆံဒူးပုံဝတ်ထားသော မုတ်ဆိတ်မွေးရှည်ရှည်နှင့် အဘိုးကြီးတစ်ဦး၊ သူ့အေးမှာက အသက်အစိတ်ခန့် ဖြူဖြူသွယ်သွယ် လူငယ်လေးတစ်ဦး။

ဆံဒူးကြီးက ဓါးတောင်ဓေးကိုထောက်၍ လူရွယ်လေးက အိတ်ကြီးကို လွယ်လာ၏။ သူတို့ပုံသဏ္ဌာန်၌ထူးခြားသဖြင့် ကျွန်ုပ်လည်း စူးစူးဝါးဝါး ကြည့်နေမိလေ၏။

သူတို့နှစ်ဦးက ကျွန်ုပ်ဘေးနားရှိ သောက်ရေ ရေတိုင်ကီမှာ ရေလာသောက်ကြ၏။ ဆံဒူးကြီးနှင့် ကျွန်ုပ်မှာ လက်တစ်ကမ်းမျှသာ ဝေး၏။ သူတို့ကိုစိုက်ကြည့်နေသော ကျွန်ုပ်အား တစ်ချက်ငဲ့ကြည့်၏။ ပြီး ပြုံးယောင်ယောင် ပြု၏၊ ဘာမှတော့မပြော။ ဆံဒူးကြီးလက်ထဲမှ တောင်ဓေးသည် မြွေတစ်ကောင်ကဲ့သို့ ပုံသဏ္ဌာန်တူနေ၏။ အရင်းမှာ မြွေခေါင်းကြီးနှင့်ပါ။ ဆံဒူးကြီးကိုတစ်လှည့် မြွေသဏ္ဌာန်တောင်ဓေးကြီးကိုတစ်လှည့်၊ ဖြူဖြူသွယ်သွယ် လူငယ်လေးကို တစ်လှည့်ကြည့်ရင်း ကျွန်ုပ်ရင်ထဲ ခေါင်းထဲမှာ လှိုင်းထသလို ခံစားလိုက်ရ၏။

မြေမင်းသားဝတ္ထုကြီးကိုရေးရန် ရေးကွက်များသည် ရုပ်ရှင်ပြသလို တစ်ကွက်ပြီးတစ်ကွက် ပေါ်လာနေတော့၏။ သူတို့ ထွက်သွားသည်နှင့် မရှေးမနှောင်းပင် ကျွန်ုပ်လည်း ဧည့်ရိပ်သာသို့ အပြေးပြန်ခဲ့မိတော့၏။ မြေမင်းသား ဝတ္ထုကြီးကို စရေးနေတော့၏။

တကယ်လည်း ထူးပါသည်။ ရေးရင်း လက်သွက်လာသည်မှာ မိမိလက်ကို ဝိညာဉ်ပူးကပ်နေရော့လား မှတ်ရ၏။ တကယ်လည်း ဆယ်ရက်ခန့်နှင့် ပြီးအောင် ရေးနိုင်ခဲ့သည်။ ဇာတ်ဝင်ခန်းအချို့အတွက်လည်း တွေ့ကြုံရသေး၏။ ရေးနေရင်း ထမင်းစားချိန် ဆိုင်သို့ ထမင်းဆင်းစားခိုက် ဆိုက်ကားသမားတစ်စု မြွေဟောက်လေးတစ်ကောင်ကို ဝိုင်း၍ စနောက်ကျီစယ်နေသည်ကိုမြင်၍ ရပ်ကြည့်မိရာ မြွေလေးမှာ ပါးပျဉ်းထောင့်လိုက်၊ တုတ်ကို ပေါက်လိုက်၊ ကိုက်ခဲထားလိုက်ဖြစ်နေရာ မလုပ်ပါနှင့်ဟု တောင်းပန်ခဲ့ရ၏။ ဤအတွေ့အကြုံကို ဇာတ်ဝင်ခန်းမှာ အံဝင်ခွင်ကျ ရေးနိုင်ခဲ့၏။

နောက်ဆုံး ဝတ္ထုပြီး၍ စာစီစာရိုက်၊ အဖုံးအပ်၊ စာမူရုံးတင်၍ ထုတ်ဝေရန် စီစဉ်ခဲ့သော်လည်း မထုတ်ဖြစ်သေးဘဲရှိ၏။ နောက်ပိုင်းတွင် ဝတ္ထုစာအုပ်များ ရောင်းအားကျနေသဖြင့် မထုတ်သေးဘဲ လက်ထဲမှာ သောင်တင်နေ၏။

တစ်ရက်သော် အိပ်မက်ထူးကို မက်၏။ အိပ်မက်ထဲမှာ ကြီးမားလှသော မြွေကြီးတစ်ကောင်က ကျွန်ုပ်၏အိမ်ဘေးထရံမှ ကပ်တက်လာ၏။ စာကြည့်ခန်းထဲက မဂ္ဂဇင်း စာအုပ်များရာ စာအုပ်ပုံတွင် ဝင်ခွေနေ၏။ \

မြွေကြီး ဘာကိုဆိုချင်သနည်း။ ကျွန်ုပ် တွေးကြည့်သည်။ မဂ္ဂဇင်းတိုက်သို့ ပို့ရန်ကား မဖြစ်နိုင်။ ဤမျှရှည်သောဝတ္ထုကို ဘယ်မဂ္ဂဇင်းမှ ထည့်ပေးနိုင်မည်မဟုတ်။

သို့သော် တစ်နေ့တွင် ကျွန်ုပ်လည်း ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ ကိုယ်တိုင်ကိုယ်ကျ သွားလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်ကာ မြေမင်းသား ဝတ္ထုရှည်ကြီးကိုယူလျက် သွားခဲ့မိလေ၏။ စင်စစ် ကျွန်ုပ်သည် မဂ္ဂဇင်းတိုက်များသို့

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင်သွားခဲ့လှသည်။ မိတ်ဆွေစာရေးဆရာများ၊ တပည့်များနှင့်သာ စာမူပေးပို့ခြင်း၊ စာမူထုတ်ခြင်းများ ပြုလုပ်နေကျဖြစ်သည်။

ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ရောက်သော်အခန့်သင့်ပင် ဆရာ ဒီဒီး(နီကွန်)နှင့် တွေ့သဖြင့် အကျိုးကြောင်းပြောပြရာ ဆရာ မထုတ်ဝေရသေးဘူးဆိုရင် ပေးခဲ့ပါဟုပြောလျက် လိုလိုလားလားပင် ယူထားလိုက်လေ၏။ ဂမ္ဘီရမဂ္ဂဇင်းမှာ (၆)လတိုင်တိုင် အခန်းဆက်ဖော်ပြပေးခဲ့လေ၏။ ကျေးဇူး တင်ပါ၏။

ဤဖြစ်စဉ်များနှင့် ဇာတ်လမ်းနှင့် မဆိုင်သလိုရှိသော် လည်း ထူးခြားမှုများကြောင့် တင်ပြလိုက်ရခြင်းပါ။

ယခု လိုရင်းဇာတ်ကို ဆက်လက်ရေးသားရပါ သော်..။

(၂)

'မြွေ..မြွေ..လုပ်ပါဦး'

အိမ်ရှေ့မှ အော်သံကြောင့် ကျွန်ုပ် ထကြည့်မိသည်။ အိမ်ရှေ့အိမ်မှ အပျိုကြီးများ သစ်ပင်ပေါ်ကြည့်လျက် အော် နေကြခြင်းပါ။ ကျွန်ုပ်လည်း သူတို့ကြည့်နေရာသို့ သွား ကြည့်ပြီး မေးလိုက်၏။

'ဘယ်မှာလဲမြွေ'

'ဟိုသစ်ပင်ပေါ်မှာ'

သူတို့ပြရာကို သေချာကြည့်တော့ လိမ္မော်ရောင် မြွေ တစ်ကောင်ကို တွေ့လိုက်ရသည်။ လက်မခန့်ရှိပြီး လေး ပေခန့် ရှည်သည်။ သနပ်ခါးပန်းပင်ပေါ်မှာ ဖြစ်၏။

သူတို့တစ်တွေမှာလည်း မိန်းမသားချည်းဖြစ်နေကြပြီး ယောကျ်ားသားဟူ၍ ကျွန်ုပ်တစ်ယောက်တည်း ရှိလေရာ ကျွန်ုပ်ကို အားကိုးကြဟန်တူ၏။

မြွေကလည်း ခြံနှစ်ခြံစပ် အပင်ပေါ်မှာဖြစ်ရာ တစ် ဖက်ခြံဘက်သို့ ခေါင်းတည်ရွေ့လျားနေ၏။ ထိုအခါ ခေါင်းရင်းခြံဘက်မှ အပျိုကြီး ဒွေးဒွေးကလည်း ကျွန်ုပ် အား ဤသို့ပြော၏။

'အစ်ကို..ဘာကြည့်နေတာလဲ။ ဒီဘက်လာတော့ မယ်။ ဟိုမှာ ဝါးလုံး၊ ရိုက်ချလေ'

'မလုပ်ပါနဲ့ဗျာ'

'မလုပ်လို့ ဖြစ်မလား။ လူတွေကို အန္တရာယ်ပေးမှာ ပေါ့။ သတ်ပစ်မှ အေးမှာ'

'ဟာ..သူ့ဘာသာ သူ့လမ်းသူ သွားပါစေ။ ခင်ဗျား တို့ကို ဘာမှမလုပ်ပါဘူး။ အဆိပ်မရှိပါဘူး'

'အိမ်ဘက် ဝင်လာတော့မယ်။ လုပ်ပါ'

'မလုပ်ပါနဲ့ဗျာ'

အပျိုကြီးဒွေးဒွေးနှင့် ကျွန်ုပ်မှာ အချေအတင်ဖြစ်နေ ကြသည်။ ကျန်သူများကတော့ မပြောကြပါ။ ကျွန်ုပ်ကဲ့ သို့ပင် သတ်လိုဟန် မရှိကြပေ။

ကျွန်ုပ်က မြွေကို အန္တရာယ်မပေးဘဲ မေတ္တာပို့ရင်း 'သင့်လမ်း သင်သွားပါ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ' ဟု တီးတိုးပြောနေရာ အပျိုကြီးက ကျွန်ုပ်အား မျက် စောင်းတခဲခဲ လုပ်နေတော့၏။ မြွေကြီး သူ့ခြံဘက် ဝင် လာမှာစိုးဟန်ရှိလှသည်။

သို့သော် လူလေးငါးယောက် ကြည့်နေသည့်ကြားမှ မြွေမှာ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ အပင် ကလည်း သိပ်ရှုပ်ရှုပ်ပွေပွေ မဟုတ်။ မျက်စိအောက်မှ ပျောက်သွ..သဖြင့် အားလုံး ပြူးပြဲရှာကြသည်။ မတွေ့ တော့။

'တွေ့လား ဒေါ်ဒွေး၊ မရှိတော့ပါဘူးဗျ။ သူ့လမ်းသူ သွားပါပြီ။ စိတ်ချလက်ချနေတော့'

ကျွန်ုပ်တော်က ကျေကျေနပ်နပ်ပြောလိုက်ရာ ဒေါ်ဒွေး ဒွေးက မျက်စောင်းခဲလျက် ပွစိပွစိလုပ်ရင်း အိမ်ထဲဝင် သွားတော့၏။ ကျွန်ုပ်လည်း ကိုယ့်အိမ်ထဲကိုယ် ပြန်ဝင်ခဲ့ တော့၏။ မြွေကတော့ တကယ်ပင် ပျောက်ခြင်းမလှ ပျောက်သွားပါပြီ။ ထိုမြွေသည် အလွန်ပင်လှပ၏။ လိမ္မော် ရောင်တောက်တောက်လေးဖြစ်သည်။ ယခုတိုင် မျက်စိ ထဲက မထွက်ပါ။

'အင်း..လက်ရဲဇက်ရဲသတ်မယ့်ကောင်တွေနဲ့ မတွေ့ ဘဲ ငါနဲ့တွေ့တာ ဒီမြွေ ကံကောင်းသွားတာပဲ'ဟု တွေးမိ ပါသေးသည်။

(အပျိုကြီး ဒေါ်ဒွေးဒွေးမှာ နောက်ပိုင်းတွင် ပြဿနာ များဖြစ်ကာ ထိုအိမ်မှ ပြောင်းသွားရပါသည်။)

(၃)

တစ်ရက်တွင် ကျွန်ုပ်သည် ခြံထဲရှိ မရန်းပင်ကြီး အောက်၌ ဖျာခင်းကာ ထိုင်၍ စာရေးနေ၏။ နေ့တလည်မို့ ပူလှသဖြင့် အိမ်ပေါ်မှာ မရေးနိုင်။ ခြံထဲ အရိပ်ကောင်း ကောင်းမှာ ဆင်းရေးရသည်။ ကျွန်ုပ် စာရေးသော မရန်းပင်

www.burmeseclassic.com

www.burmeseclassic.com

ကြီးအောက်သို့ မိတ်ဆွေစာရေးဆရာ အတော်များများ ရောက်ဖူးကြ၏။ အထူးသဖြင့် ကိုမောင်သန်းဝင်း၊ နန္ဒာ မိုးကြယ်၊ မောင်မြင့်အောင်တို့ ရောက်ဖူးကြသည်။

ကျွန်ုပ် စာထိုင်ရေးရာ မရန်းပင်နှင့် မလှမ်းမကမ်း ခြံထောင့်မှာတော့ ကံ့ကော်ပင်ကြီးရှိသည်။ ကံ့ကော်ပင် ခြေရင်းမှာ ကြီးမားသော တောင်ပို့ကြီးရှိ၏။ ထိုတောင်ပို့ ထဲမှာ မြွေရှိမှန်း ကျွန်ုပ်သိ၏။ မြင်လည်းမြင်ဖူး၏။ တစ် ခါတစ်ရံ ညဘက် ကျွန်ုပ် ပက်လက်ကုလားထိုင်ချ၍ ထိုင်နေစဉ် ကျွန်ုပ်ရှေ့မှ ဖြတ်သွားကြ၏။ ကျွန်ုပ် ဘာမှ မလုပ်။ သူ့လမ်းသူသွား သူ့ဘာသာသူနေဟုသာ သဘော ထားလျက် မေတ္တာပို့ပေးနေတတ်သည်။

ထိုစဉ်က ကျွန်ုပ်၏ သမီးအကြီးမမှာ သုံးနှစ်ခန့်သာ ရှိသေး၏။ ခြံထဲမှာ မြွေရှိမှန်း သိသော်လည်း မပူပင်မိ ချေ။

သို့တစေ တစ်ကြိမ်မှာတော့ ကျွန်ုပ်၏ သမီးလေး သည် ကျွန်ုပ်နံဘေးမှာ ကစားနေခိုက် မြွေပေါက်လေး နှစ်ကောင်ကို မြင်လိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားသည်။ မြွေလေးများက ခြံစည်းရိုးနံဘေးမှ ကပ်သွားနေခြင်းဖြစ် ပြီး သမီးနှင့် မဝေးလှသဖြင့် သမီးကို နောက်သို့ဆွဲကာ တုတ်တစ်ချောင်းယူ၍ မြွေလေးများကို ခြောက်လှန့်လိုက် သည်။ အာဂမြွေလေးများပါ။ ပါးပျဉ်းထောင်၍ ပေါက် ရန်အသင့်။ ထိုအချိန်တွင် ကျွန်ုပ်ရိုက်သတ်ပါက အလွယ် လေးပင်။ မရိုက်ခဲ့ပါ။ သူတို့ကိုကြည့်ကာ သစ္စာပြုလိုက် သည်။

'မင်းတို့ကိုသတ်မည်ဆိုက သတ်နိုင်ပေမယ့် မသတ် ပါ။ ဒီသစ္စာကြောင့် သင်တို့က ကျွန်ုပ်၏ သမီးလေးကို အန္တရာယ်မပြုဘဲ စောင့်ရှောက်ကြပါ'

ဤသို့ တီးတိုးဆိုပြီးတော့မှ မြွေလေးများကို တုတ် နှင့် အသာလှန့်လိုက်သည်။ နှစ်ကောင်လုံး ပါးပျဉ်းများ ချ၍ နောက်ဖေးဘက်သို့ ထွက်သွားကြသည်။ နောက်ပိုင်း တွင် ထိုမြွေပေါက်လေးများကို ခြံထဲမှာ မမြင်ရတော့ချေ။

သည်လိုနှင့် သမီးကြီး ခြောက်နှစ်အရွယ်ရောက်မှ သမီးငယ်ကို မွေးခဲ့သည်။ သူတို့အထက်မှာ အစ်ကိုနှစ် ယောက် ရှိသေးသည်။ မောင်နှမလေးယောက် ကျောင်း နှင့်အိမ် အိမ်နှင့်ကျောင်း အချိန်ကုန်လွန်ခဲ့ရသည်။ မြွေ ပြဿနာမရှိ။

သို့သော် သမီးကြီး ကိုးတန်းလောက် ရောက်တော့ မြွေတွေကို ပြန်မြင်လာရသည်။ ခေါင်းမိုးသွပ်မြားတန်းမှာ တွေ့ရသည်က သံကွင်းဆက်မြွေ။ သူတို့ကို မြင်ရပေမယ့် အန္တရာယ်တော့မဖြစ်ခဲ့။ ယူမပစ်ရဘဲနှင့် ပျောက်ပျောက် သွားတတ်သည်။

ထူးခြားသည်မှာ ကနဦးက မြွေများတွေ့လျှင် တစ် အိမ်သားလုံး မြင်သည်။ နောက်ပိုင်းမှာ မြွေများကို အိမ် သားတွေ မမြင်ရတော့ဘဲ သမီးအကြီးတစ်ဦးတည်းဖဲ မြင်ရခြင်းပင်။

'အဖေ··လုပ်ပါဦး။ မြွေ··မြွေ'

အိပ်ခန်းထဲမှ ပြေးထွက်လာသော သမီးကြီးကိုကြည့် ၍ ကျွန်ုပ်က မေးလိုက်သည်။

'ဘယ်မှာလဲ သမီး'

'သမီးအခန်းထဲမှာ'

ကျွန်ုပ် လက်နှိပ်ဓာတ်မီးယူ၍ သမီးကိုခေါ်ကာ သူ့ အိပ်ခန်းဆီသို့ သွားသည်။ အခန်းတံခါးဖွင့်၍ကြည့်ရင်း မေးလိုက်သည်။

'ဘယ်နားမှာလဲ'

'ခုတင်ခြေရင်းမှာ'

သမီးက ကြောက်ရွံ့စွာ ခုတင်ခြေရင်းကို ညွှန်ပြ သဖြင့် ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဘာမှမတွေ့။ မြွေ ချောင်ထဲ ဝင်ခွေနေမှာစိုးသဖြင့် တစ်အိမ်သားလုံး ရှာကြ သည်။ မတွေ့ပါ။

'မရှိပါဘူး သမီးရဲ့။ သမီးစိတ်ထင်လို့ဖြစ်မှာပါ'

'အဖေကလည်း သမီး သေချာမြင်တာ။ ခုတင်ပေါ် က ဆင်းမယ်လုပ်တော့ ခုတင်ခြေရင်းနားမှာ မြင်လိုက် တာ။ အနက်ရောင်ပဲ။ လက်မလုံးထက် ကြီးသေးတယ်'

'အခုရှာတာပဲ တွေ့မှ မတွေ့တာ'

'ဟင့်အင်း၊ သမီး မအိပ်ရဲဘူး။ ညီမလေးနဲ့ သွားအိပ် တော့မယ်'

တကယ်လည်း ထိုညက သူ့ညီမအခန်းမှာ သွားအိပ် သည်။ မနက်လင်းတော့ သူ့အခန်းကို မွှေနှောက်ရှင်းလင်း ရှာဖွေကြသေးသည်။ ဘာမှမတွေ့။

သို့ဆိုလျှင် ···။

(၄)

'အမယ်လေး··မြွေ··မြွေ'

www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြန်ပြီ။ ညကြီးသန်းခေါင် သမီးအော်သံကြောင့် ထကြရပြန်သည်။ သမီးက အိမ်သာခန်းရှေ့မှာရပ်လျက် အိမ်သာတံခါးကို လက်ညှိုးထိုးပြနေသည်။

'ဟို..ဟို..အိမ်သာတံခါးလက်ကိုင်ကွင်းနားမှာ'

သမီးပြရာသို့ ကျွန်ုပ်ကြည့်ရင်း အသာချဉ်းကပ်သွားသည်။ ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ဘာမြွေမှ မတွေ့။

'မရှိပါဘူး သမီးရဲ့'

'ရှိပါတယ် အဖေရာ။ တံခါးလက်ကိုင်ကွင်းနားမှာ။ အမည်းရောင်လေး။ လက်ညှိုးလုံးလောက်ရှိမယ်'

သေချာမြင်နေသဖြင့် သေချာရှာကြသည်။ ဘာမှ မတွေ့။

'သမီး အိပ်ချင်မူးတူးနဲ့ လျှောက်ပြောနေတယ်။ ဘာမှမရှိဘူး။ အိပ်တော့'

သမီးက သိပ်ကျေနပ်ပုံမပေါ်။ သူသေချာမြင်တာကို ကျွန်ုပ်တို့ တစ်အိမ်သားလုံးက မမြင်ကြ၍ ဘဝင်ကျဟန်မတူ။ မကျေနပ်သည့်ပုံစံဖြင့် ပြန်အိပ်သွား၏။ ကျွန်ုပ်တို့လည်း ဘာမှ ထွေထွေထူးထူး စဉ်းစားမနေကြပါ။

တစ်အိမ်သားလုံးက အိမ်မှာ မြွေမကြာ၊မကြာ မြင်ဖူးနေကြပြီး မဆန်းသလို ဖြစ်နေကြရာ ယခု သူမတစ်ယောက်တည်း မြင်သည်ဆိုတော့ သိပ်မထူးဆန်းသလိုဘဲ နေခဲ့ကြသည်။

ပြဿနာကတော့ ပြီးမသွားပါ။ မြွေများကား ကျွန်ုပ်အိမ်ကို အပျော်လာနေသလိုပင် ထင်ရတော့၏။ တစ်ညတွင်မူ ကျွန်ုပ်ကိုယ်တိုင်ပင် မီးဖိုခန်းမှာ မြွေကို စမြင်လိုက်၏။ ရေမောင်းတင်သည့် မော်တာနောက်နားမှာ သူ့အမြီးကို စမြင်မိခြင်းဖြစ်၏။ ကျွန်ုပ်လည်း အိမ်အပြင်ဘက်ထွက်နိုင်သည့် တံခါးကိုဖွင့်ထားပြီး ၎င်းအား ခြောက်လှန့်မောင်းထုတ်ကြည့်၏။ မရ။ အပြင်သို့ ခေါင်းမလှည့်ဘဲ ကြောင်အိမ်နောက်သို့ ဝင်သွားသည်။ အကောင်က ကြီးသည်။ အနီရောင်ခပ်တုတ်တုတ်ဖြစ်သည်။ အမြီးဖျားက အချွန်လေးနှင့်ပါ။ မြွေပွေးတော့မဟုတ်။ ဘာမြွေမှန်းလည်း မသိ။

ဘယ်လိုမှ ခြောက်လှန့်မောင်းထုတ်၍ မရသဖြင့် ကျွန်ုပ်လည်း လက်လျှော့ကာ 'ကိုင်း..မောင်းမရလည်းနေတော့။ နောက်ပြီးရင်တော့ ကိုယ့်လမ်းကိုယ်သွား' ဟု ပြောဆိုပြီးသကာလ တံခါးကိုပိတ် မီးမှိတ်လိုက်တော့၏။ အိမ်တွင်းဝင်ရမည့် တံခါးကိုတော့ သေချာပိတ်ဆို့ထားလိုက်သည်။

'ဖြစ်ပါ့မလား'

ဇနီးဖြစ်သူက စိုးရိမ်စွာမေးတော့ ကျွန်ုပ်က 'ဖြစ်ပါတယ်။ မနက်ကျ ရှိမှာမဟုတ်တော့ပါဘူး' ဟု အတိအကျ ပြောလိုက်သည်။

သူထွက်သွားနိုင်အောင် အပြင်တံခါးကိုတော့ ဟထားပေးခဲ့သည်။ အိပ်ရာထဲရောက်တော့ မအိပ်သေးဘဲ ထိုမြွေကို မေတ္တာပို့ အမျှဝေသည်။ အရံအတားအဖြစ် ခန္ဓာသုတ်ကို ရွတ်ပွားနေလိုက်မိသည်။

ခန္ဓာသုတ်ကိုရွတ်ခြင်း အကျိုးကား မြွေ၊ ကင်းစသော အဆိပ်ရှိသော သတ္တဝါများဘေးမှ ကင်းဝေးစေသည်။ မြွေမျိုးများကို မေတ္တာပို့သောသုတ် ဖြစ်သည်။ ဘုရားရှင်လက်ထက် ရဟန်းတော်တစ်ပါး မြွေခဲ၍ ပျံလွန်တော်မူသည်ကို အကြောင်းပြု၍ မြတ်စွာဘုရား ခန္ဓာသုတ်ကို ဟောတော်မူခြင်းဖြစ်သည်။ မြွေများကို မေတ္တာလည်းထား၊ မေတ္တာလည်းပို့၊ ခန္ဓာသုတ်ကိုလည်း ရွတ်မည်ဆိုပါက ကောင်းလေစွ။ မြွေဘေး၊ ကင်းဘေး အဆိပ်ရှိသော သတ္တဝါများဘေးမှ ကင်းဝေးစေလိမ့်မည်။

မနက်လင်းတော့ မီးဖိုခန်းတံခါးကိုဖွင့်၍ မြွေကိုရှာသည်။ မရှိတော့ပါ။ ပိတ်ဆို့ထားသဖြင့် အိမ်ထဲသို့တော့ မဝင်နိုင်တာ သေချာသည်။ ဘယ်အချိန်က ထွက်သွားသည်တော့ မသိလိုက်ကြ။

သည်နောက်ပိုင်းတွင်တော့ သမီးကြီးသည် မြွေများကို ကြောက်လန့်ခြင်းမရှိတော့။ သူနှင့်မြွေကတော့ အမြဲဆုံနေတတ်သည်တဲ့။ ရေစည်မှာ သူ့အိုးခွက်ပန်းကန်ဆေးလျှင် ခပ်လှမ်းလှမ်းမှာ မြွေလေးတစ်ကောင် ကြည့်နေတတ်သည်။ ကျွန်ုပ်တို့တော့မမြင်၊ သူပဲ မြင်နေခြင်းပါ။ အဝတ်လျှော်လျှင်လည်း ခပ်လှမ်းလှမ်းမှ ကြည့်နေတတ်သည်တဲ့။

တစ်ညမှာလည်း သမီးက အိမ်သာသွားမည်အလုပ် ထင်းပုံရှေ့မှာ မြွေကြီးတွေ့သဖြင့် ပြန်ပြေးလာသည်။

'အဖေ..အဖေ..မြွေကြီး၊ အကြီးကြီးပဲ'

'ဘယ်မှာလဲ'

'ထင်းပုံရှေ့မှာ'

ကျွန်ုပ်တို့ တစ်အိမ်သားလုံး အိမ်ရှေ့[illegible]

www.burmeseclassic.com

www.burmeseclassic.com

ထင်းပုံတွေရှေ့သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြသည်။ ငှင်းသည် အကောင်ကြီးမဟုတ်။ ထင်းပုံရှေ့က မြေပြောင်ပြောင်မှာမို့ ထင်းထင်းမြင်နေရသည်။ ကျွန်ုပ်တို့ ရှိရာဘက် ပါးပျဉ်းထောင်၍ ကြည့်နေသည်။

ထိုစဉ် အိမ်မှ ခွေးကြီးရန်လုံသည် နောက်ဖေးဘက်မှနေ၍ ကျွန်ုပ်တို့ရှိရာသို့ ပြေးလာသည်။ မြွေကို သူ မမြင်။ အမြီးကို ခလုတ်တိုက်လာလား ကျော်ခွလာလား တော့ မသိရ။ သူက မြွေကို ကျော်ပြေးလာခြင်း ဖြစ်၏။ မြွေက သူ့ကိုလည်း ဘာမှရန်မလုပ်။

ပါးပျဉ်းထောင်ကာ ကျွန်ုပ်တို့ရှိရာသို့ ကြည့်နေသည်မှာ ရန်လိုခြင်းတော့ မဟုတ်တန်။ တစ်စုံတစ်ရာ ပြောနေသလိုပင်။ မြွေက မြွေဟောက်ကြီးပါ။ လက်ကောက်ဝတ်ခန့်ရှိ၍ လေးငါးပေခန့်တော့ ရှည်လိမ့်မည်။

သူ ဘာပြောချင်သနည်း။ သူကလည်း ပါးပျဉ်းထောင် ရပ်နေဆဲ။ ကျွန်ုပ်တို့မိသားစုကလည်း အိမ်ရှေ့လှေကားထိပ်မှာ ရပ်နေကြဆဲ။

အင်း··သူ အပြင်ထွက်မလို့ ထင်တယ်ဟု ကျွန်ုပ် တွေးမိလိုက်၏။ အကြောင်းမူ တစ်ခါတစ်ရံ ညဘက် ကျွန်ုပ်အပြင်၌ ပက်လက်ကုလားထိုင်နှင့် ထွက်ထိုင်စဉ် မလှမ်းမကမ်း ခြံထဲဘက်မှ ထွက်လာပြီး လမ်းကူးသွားသည်ကို မြင်ဖူးနေ၍ဖြစ်၏။

ကဲ··ကိုယ့်လမ်းကိုယ်သွားပါ။ ကျန်းမာပါစေ၊ ချမ်းသာပါစေဟု ကျွန်ုပ်စိတ်ထဲမှ ပြောလိုက်သည်။ သိပ်မကြာ၊ မြွေကြီးက ပါးပျဉ်းချကာ ကျွန်ုပ်တို့ရှေ့မှ မဖြတ်ဘဲ အိမ်အောက်ဘက်သို့ တရွေ့ရွေ့ဝင်သွားသည်။ သူသည် ကျွန်ုပ်တို့ အနောက်မှပန်း၍ ခြံပြင်ထွက်လိမ့်မည်ကို ကျွန်ုပ်သိပါသည်။

ထူးခြားသည်မှာ သူသွားတာကို ခွေးကြီးရန်လုံက ကျွန်ုပ်တို့နှင့်အတူ ထိုင်ကြည့်နေသည်။ သူကလည်း ရန်လုံကို ဂရုမပြုပါ။ အသိမိတ်ဆွေများပုံစံလို ဖြစ်နေကြသည်။ ရန်လုံကတော့ အသက်ကြီးပြီမို့ မျက်စိမှုန်နေပြီလားမသိ။ ကျွန်ုပ်တို့မိသားစု အိမ်ပေါ် ပြန်တက်ခဲ့ကြတော့၏။

(၅)

ကျွန်ုပ်နှင့် မြွေများ ဆုံရသည်မှာ များလှပါသည်။ အပြင်မှာ မကြာ,မကြာတွေ့ရသလို အိပ်မက်ထဲမှာလည်း မကြာ,မကြာမြင်ရ၏။ မြွေများ ဒုက္ခရောက်နေလျှင် ကူညီနိုင်သမျှ ကူညီပေးခဲ့သည်။

တစ်ခါမှာ ခြံထဲမှာပင် မြွေလေးတစ်ကောင် ကတ္တရာချပ်ကြီးမှာ ကပ်နေပြီး ရုန်းကန်မရဖြစ်နေသည်။ သဲများနှင့်ရောနေသော ကတ္တရာခဲကြီးက နေပူသဖြင့် ပျော်နေစဉ် မြွေက ဖြတ်မိဟန်တူသည်။

ထိုမြွေလေးကိုလည်း ကျွန်ုပ်တတ်စွမ်းသမျှ ကူညီကာ လွတ်မြောက်စေခဲ့၏။ မြွေများတွေ့၍ သတ်မည့်သူများကိုလည်း မသတ်ရန် တောင်းပန်၍ လွတ်ပေးစေခဲ့သည်။

အိမ်ထဲဝင်လာသော မြွေဟောက်လေးတစ်ကောင်ကို ပန်းရန်လုပ်သားများက သတ်ရန်ပြုစဉ် မသတ်စေဘဲ ညှပ်ဖြင့်ယူ၍ လွှတ်ရာသွားပို့ပေးခဲ့သည်။

အထူးခြားဆုံးက မြွေဟောက်ကြီး နှစ်ကောင်ပင်။

သူတို့ကို သန့်ရှင်းရေးလုပ်နေကြသော အလုပ်သမားများက မြင်လိုက်ကြသဖြင့် ကျွန်ုပ်ထံ ပြေးလာကြသည်။

'ဆရာ··မြွေကြီးတွေ ဆရာ။ နှစ်ကောင်တောင် ဆရာ။ ဘယ်လိုလုပ်ရမလဲ'

'ဘယ်မှာလဲ'

'နောက်ဖေးလမ်းကြားက သွပ်ပြားအောက်မှာ'

'ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ် ဆရာရဲ့။ ဒီကောင်ဖိုးထူး မြင်တာ'

'ဟုတ်တယ် ဆရာ။ အမှိုက်ရှင်းရင်း သွပ်ပြားကို မ,လိုက်တော့ မြွေကြီးနှစ်ကောင် ခွေနေလို့ ပြန်ပြေးလာတာ'

'လာလေ့၊ သွားကြည့်ရအောင်'

ကျွန်ုပ်က ကြည့်မည်ဆိုပြီး လိုက်သွားကာ အလုပ်သမား နှစ်ယောက်ကလည်း လိုက်လာပြီး ပြသည်။

'အဲဒီသွပ်ပြားအောက်မှာ'

'သွပ်ကို အသာမ,ပြကွာ'

ကျွန်ုပ်ပြောတော့ ဝါးလုံးရှည်ရှည်ဖြင့် သွပ်ပြားကို အသာမ,ပြသည်။

'ဟင်'

ကျွန်ုပ် သက်ပြင်းချမိသည်။ မြွေက အတော်ကြီးသည်။ မြင်ဖူးနေကျဖြစ်ပေမယ့် ယခုလို နှစ်ကောင်တွဲတော့ မမြင်ဖူးပါ။ ကျွန်ုပ် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲ ပြန်ဝင်ခိုင်းလို့လည်းမဖြစ်။ မောင်းထုတ်လျှင်လည်း သူများခြံထဲ ရောက်သွားမည်။ သူတို့နှစ်ကောင်ကလည်း ထွက်သွားမည့်ဟန် မပြ။

အလုပ်သမားနှစ်ယောက်ကလည်း ကြောက်နေဟန် ရှိသည်။ မြွေကကြီးသည်ကိုး။ သို့နှင့် ကျွန်ုပ်ဆုံးဖြတ်ချက် ချလိုက်သည်။

'မင်းတို့ ဒီနေ့နားကြတော့။ မနက်ဖြန်မှ ဆက်လုပ်။ ဒီမြွေကိစ္စ ငါရှင်းထားလိုက်မယ်'

အလုပ်သမားနှစ်ယောက် တစ်ဦးနှင့်တစ်ဦးကြည့်ပြီး ကျွန်ုပ်ပေးသည့် နေ့တွက်ကိုယူကာ ပြန်သွားကြသည်။ ကျွန်ုပ်ကိုလည်း နားမလည်သလို ကြည့်သွားကြသည်။ သူတို့ နှစ်ယောက်တောင် မတို့ရဲတဲ့ မြွေနှစ်ကောင်က ကျွန်ုပ် မည်သို့ရှင်းမည်ကို တွေးနေကြပုံရ၏။

ထိုစဉ်က ကျွန်ုပ်သည် တစ်ထပ်တိုက်အသစ်ကို ဆောက်လုပ်ပြီးခါစဖြစ်၏။ နာဂစ်မုန်တိုင်းတွင် ကျွန်ုပ်၏ ပျဉ်ထောင်အိမ်မှာ သွပ်များလန်ပြီး အိမ်မှာ ယိုင်သွားခဲ့၏။ ကျွန်ုပ် အရိပ်ခို စာရေးနေသော မရန်းပင်ကြီးမှာ တစ်ဖက်ခြံထဲသို့ ပြိုလဲသွားခဲ့၏။

ကျွန်ုပ်လည်း အိမ်ဟောင်းကိုဖျက်ကာ တိုက်သစ် ဆောက်လုပ်ခဲ့သည်။ တိုက်ပြီးစ အမှိုက်များ ရှင်းခိုင်းစဉ် သည်မြွေနှစ်ကောင်ကို တွေ့ရခြင်းပါ။

ကျွန်ုပ် ဘာလုပ်သည် ထင်ပါသနည်း။

ဘာမှမလုပ်ပါ။ လွတ်ရာကျွတ်ရာသွားနေကြဖို့ စိတ်ထဲကပြောပြီး သည်တိုင်း ထားလိုက်သည်။ မေတ္တာပို့၍ အမျှဝေလိုက်သည်။ သူတို့ နားလည်ကြမည်ဟု ယုံကြည်ပြီးသား။

ထင်သည့်အတိုင်း နောက်နေ့မနက် အလုပ်သမားနှစ်ယောက်ရောက်လာတော့ အမှိုက်ပုံ ဆက်ရှင်းသည်။ သွပ်ပြားကို အသာမ ကြည့်ကြသည်။ ဘာမြွေမှ မတွေ့ကြရ။

'ဆရာ ဘာလုပ်လိုက်လို့ မြွေတွေ ပျောက်သွားတာလဲ'

'ဟဲ..ဟဲ..မြွေပျောက်ဂါထာ ရွတ်လိုက်တာလေ'

'အဲဒီဂါထာ ကျွန်တော်တို့ကို ပေးပါလား'

'လွယ်ပါတယ်။ ဂါထာဆိုပေမယ့် ဘုရားဟောသုတ်တော်ပါ။ ခန္ဓာသုတ်လေ။ သိတယ်မဟုတ်လား'

'သိပါတယ် ဆရာ'

'အေး..ဒါဆို မြွေအန္တရာယ် ကင်းရှင်းချင်ရင် ခန္ဓာသုတ်သာရွတ်'

ကျွန်ုပ် အတည်ပြောလိုက်ခြင်း ဖြစ်ပေ၏။ တိုက်ပြီး၍ အမှိုက်များ ရှင်းလင်းသော်လည်း ကုံကော်ပင်အောက်က တောင်ပို့ကြီးကိုတော့ ရှိမြဲအတိုင်း ထားလိုက်၏။ သူ့ဟာသူ နေလိုက နေပါစေဟု သဘောထားခဲ့သည်။

မြွေများအပေါ် ကျွန်ုပ် မည်မျှစေတနာထားသနည်း ဆို မြွေမင်းသား ဝတ္ထုကိုရေးစဉ်က သာကေတ ရှခင်းသာမှ ဆာဒူးလေးပြောပြသည့် မြွေဖမ်းရန် လျှို့ဝှက်ချက်များကို ထည့်ရေးမသွားပါ။ ဘယ်တော့မှလည်း ထုတ်ဖော်ရေးလိမ့်မည်မဟုတ်။ မြွေများ သိပ်မနိုင်မနင်းဖြစ်နေသည်၊ ဆိုးနေသည်ဆိုလျှင်တော့ ကျွန်ုပ်ကိုပြောလျှင် သီးသန့်ပေးချင်ပေးပါမည်။ သို့မဟုတ် သာကေတမှ ဆာဒူးလေး ဦးခင်ညွန့်ထံ လွှတ်ပေးပါမည်။

ဆက်ရေးရသော် နောက်ပိုင်းတွင် မြွေများကို သိပ်မတွေ့ရတော့။ သမီးကြီးလည်း အိမ်ထောင်ကျပြီး အိုးအိမ်ခွဲကာ ယောက္ခမအိမ်သို့ ပြောင်းသွားခဲ့လေပြီ။ သမီးကြီးမရှိတော့ သမီး မြွေမြင်တွေ့သည့်ကိစ္စ ပြတ်သွားသလို ရှိခဲ့၏။

သို့သော်...။

(၆)

ကျွန်ုပ်ထံသို့ မြွေကြီးတစ်ကောင် လာနေသည်။ ကျွန်ုပ်က စေ့စေ့ကြည့်နေရာ ကြည့်နေရင်း မီးခိုးများ မှောင်၍ လူအသွင်ဖြစ်သွားသည်။ ခါးထက်က နဂါးများ လို အစိမ်းရောင်ဝတ်စုံနှင့် ဖြစ်၏။ ကျွန်ုပ်က မျက်မှောင်ကြုတ်၍ ကြည့်နေရာ ထိုနဂါးလူလင်က ကျွန်ုပ်အား အောက်ပါအတိုင်း ပြောလေ၏။ နှုတ်ဖြင့်ပြောခြင်းမဟုတ်၊ စိတ်နှင့် ပြောခြင်းပါ။

'သင်ရဲ့ သစ္စာမေတ္တာကြောင့် သမီးကြီးကို စောင့်ရှောက်ပေးခဲ့ပါတယ်။ လူသားတွေဟာ သင့်လိုပဲ မြွေတွေကို သနားကြင်နာကြပါစေ'

ဒါပဲပြောပြီး မီးခိုးငွေ့များကြားမှ ပျောက်သွားတော့၏။ ကျွန်ုပ် ဘာမှပြန်ပြောချိန်ပင် မရလိုက်။ သူပြောသွားတာကိုတော့ ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ် သူ့ကို တစ်စုံတစ်ရာ ပြောချင်သဖြင့် နှုတ်မှ ခေါ်လိုက်မိသည်။

'အို..မြွေမင်း၊ အို..မြွေမင်း'

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို ဘာဖြစ်တာလဲ။ ယောင်တာလား'

ဘေးမှဇနီးသည်က လှုပ်မေးမှ ကျွန်ုပ် အိပ်မက်မက်နေခြင်းဖြစ်ကြောင်း သိလိုက်သည်။ အိပ်မက်ဆိုပေမယ့် ထူးခြားနေသဖြင့် စဉ်းစားရသည်။ သမီးကြီး ဘာများဖြစ်ပါလိမ့်ဟု တွေးနေမိ၏။ ဇနီးသည်ကိုပင် အသေးစိတ်ပြောမနေတော့။ အိပ်မက်ကိုပြန်တွေးကာ ဆက်အိပ်လိုက်တော့သည်။

မနက်လင်းတော့ သမီးကြီးတို့ထံ ဖုန်းဆက်မေးကြည့်ရသည်။ သမီးကြီး··နေကောင်းရဲ့လားပေါ့။ ဖုန်းကိုင်သူက သမက်လေး ဖြစ်၏။

'ဟဲလို··သားဘိုလား။ သမီးရော'

'ရှုံးသွားပြီ အဖေ။ အဖေ့သမီး မနေ့က သေတော့မလို့'

ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး အလောသုံးဆယ် မေးလိုက်ရသည်။

'ဘာဖြစ်လို့လဲ သားဘို'

'မပြောချင်ပါဘူး အဖေရယ်။ အဖေ့သမီးက ကိုယ့်နယ်မြေလည်းမဟုတ်၊ နယ်မြေမကျွမ်းကျင်ဘဲ အရမ်းလုပ်ချင်တယ်'

'ဘာဖြစ်လို့လဲ။ သူ ဘာလုပ်လို့လဲ'

'နှစ်အိမ်ကျော်အိမ်ကို စံပယ်ပန်းခူးဖို့ဆိုပြီး တံခါးဟထားတာ ဖျတ်ခနဲ ဝင်သွားတယ်လေ။ ဘာပြောကောင်းမလဲ အဲဒီအိမ်ကခွေးက အဖေ့သမီးကို ဆွဲမလို့ပြေး လာပါလေရော'

'ဟင်··ကိုက်မိလား'

'ပြောမယ်အဖေ၊ အဖေ့သမီး ကံကောင်းတယ်။ ခွေးက သူ့ကို ဟပ်မယ်လုပ်တုန်း ဘယ်ကရောက်လာမှန်းမသိတဲ့ မြွေတစ်ကောင်က ခွေးကိုပေါက်ချပြီး ခဲထားတယ်အဖေ။ ဒါနဲ့ ခွေးနဲ့မြွေ လုံးထွေးနေတုန်း အဖေ့သမီးကို သား ပြေးဆွဲထားရတယ်'

'ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ပါဘူး။ သူ့ကိုကိုက်ဖို့ နောက်ကပြေးလာတာတောင် သူ မသိလိုက်ဘူးလေ။ မြွေနဲ့လုံးထွေးနေမှသိတာ။ အိမ်ရှင်တွေ ထွက်လာပြီး မြွေကိုဖယ်ပေမယ့် မရဘူး။ မြွေက အသေခဲထားတာ။ ခွေးကလည်း ရတဲ့နေရာ ပြန်ကိုက်ထားတာ။ မြွေလည်း စုတ်ပြတ်နေတာပဲ။ ခွေးရော မြွေရော သေပါလေရော။ အဖေ့သမီးတော့ ရင်တွေတုန်လို့ သွေးဆေးတိုက်ပြီး နှာနှပ်ပေးလိုက်ရတယ်။ ဘာမှတော့ မဖြစ်ပါဘူး။ အခု ရှုံးသွားပြီလေ'

သမက်လေးက ရှည်လျားစွာပြောပြီး နှုတ်ဆက်ကာ ဖုန်းချသွားသည်။ ကျွန်ုပ်မှာတော့ ဖုန်းကိုကိုင်ရင်း ခေါင်းတညိတ်ညိတ်နှင့် ရှိတော့သည်။ ညက အိပ်မက်ကို တွေးနေမိသည်။

စေ့စေ့တွေးတော့ ရေးရေးပေါ်လာသည်။ သမီးကြီး၏ ဖြစ်စဉ်များမှာ ထူးလှပါဘိ။ အိမ်မှာ ရှိစဉ်ကလည်း အိမ်မှာ မြွေတွေချည်း တွေ့နေရသည်။ အိမ်ထောင်ကျပြီး ယောက္ခမအိမ် ပြောင်းသွားတော့လည်း ထိုအိမ်မှာ မြွေများတွေ့ရသေးသည်တဲ့။ သည်ဘက်ခြံမှမြွေများ ဟိုဘက် ယောက္ခမအိမ်သို့ လိုက်ပါသွားခြင်းတော့ မဖြစ်နိုင်။ အိမ်ချင်းက ဝေးလှသည်။

သမီးကြီး သုံးနှစ်သမီးအရွယ်ခန့်က ဖြစ်စဉ်များကို ပြန်မြင်ယောင်မိသေးသည်။

ဆော့ကစားနေသော သမီးရှေ့မှာက မြွေဟောက်ပေါက်လေးနှစ်ကောင် ပါးပျဉ်းပင်ထောင်လို့။

စိုးရိမ်တကြီး သမီးကိုဆွဲကာ မြွေလေးများကို ရုတ်သတ်ဖို့ တုတ်ကောက်ယူလိုက်သည်။ သမီးဇောကြောင့်ပါ။

သို့သော် မရိုက်ခဲ့။ မြွေလေးနှစ်ကောင်ကို စေ့စေ့ကြည့်ကာ သစ္စာပြုလွှတ်ပေးခဲ့သည်။ သမီးကို အန္တရာယ်မပြုဘဲ စောင့်ရှောက်ဖို့လည်း ပြောမိသည်။

နောက်ပိုင်း ကျွန်ုပ်၏ ခြံဝင်း၌ တွေ့ရသော မြွေဟောက်ကြီး နှစ်ကောင်မှာ ထိုမြွေလေးနှစ်ကောင်လား။

သမီးတွေ့တွေ့နေရသော မြွေများကရော ဘယ်က လဲ။

ယခု သမီးကို ရန်ပြုမည့် ခွေးကြီးအား ကိုက်ခဲကာ သေသွားရရှာသော မြွေမှာ ဘယ်ကလဲ။

ကျွန်ုပ်အား အိပ်မက်ပေးခဲ့သည့် နဂါးလုလင်မှာ သေသွားသော မြွေလား။

စသည်··စသည် တွေးတောရင်းဖြင့်ပင် မြွေနှင့်သစ္စာဝတ္ထုကြီးကို ရေးသားလိုက်ရပါတော့သတည်း။

မောင်သွေးရှင်

www.burmeseclassic.com

www.burmeseclassic.com


# ကျားကစ္စာ



## အမျိုးသားအားဆေး

အိမ်ထောင်ရှင် အမျိုးသားများ အကြောနှင့် ပတ်သက်၍ ထုံခြင်း၊ တျဉ်ခြင်း၊ ကိုက်ခြင်း၊ ညှိုးခြင်း၊ သေခြင်း၊ မြန်ခြင်း၊
အာရုံကြောအားနည်းခြင်း၊ အကြောတက်ခြင်း၊ လေဖြတ်ပြီးသူများ လေမပြန်နိုင်ခြင်း၊ အိပ်မပျော်၊ စားမဝင်၊
ကျောက်ကပ်၊ နှလုံးအားနည်း၍ နှလုံးတုန်ခြင်း စသည့် ရောဂါများအတွက်
ဆေးတစ်ဘူးမျှ ပုံမှန် သုံးစွဲခြင်းဖြင့် ထူးခြားသော ဆေးအာနိသင်ကို သိရှိရပါလိမ့်မည်။

**စိတ်သွားတိုင်းကိုယ်ပါ လိုအင်ဆန္ဒ ပြည့်ဝပါစေ**

တိုင်းရင်းဆေးတံဆိပ်ပုံတင်အမှတ် - TMR011424(0615) ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)၀၅၆/၀၉၁၄

အမြို့မြို့ဆိုင်ခိုင်းတွင် မေးဝယ်ပါ။

# ဆင်ကာဘို®

## ဆီးဝမ်းလေမှန် အကြောဖြေဆေးပြား

### သုံးစွဲနိုင်သောရောဂါများ

ဤဆေးသည် ကျား/မ မရွေးဖြစ်သော အညောင်းအကိုက်၊ ပွေး၊ ဝဲ၊ ယားနာ၊ ဝက်ခြံ၊
အဖု၊ အပိမ့်များ၊ ဒူလာပါဒရှက်၊ မီးယပ်ရောဂါ၊ ဆီးရောဂါ၊ လိပ်ခေါင်းရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ရန်ကုန်ဖြန့်ချိရေး - ကိုဝင်းမြင့်၊ မဘောဂီ၊ အမှတ်(၄၈၂)၊ (၁၅)လမ်းနှင့် ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်။
☎ ၀၁-၂၂၆၃၈၂ ၊ ၀၁-၂၂၇၉၃၅
လှူထုမေတ္တာစတိုး၊ အမှတ်(၁၂၁)၊ (၂၄)လမ်း၊ လသာမြို့နယ်။ ☎ ၀၁-၂၄၁၇၀၃
သိမ်ကြီးဈေး D ရုံ အတွင်းရှိ ဆေးမျိုးစုံဆိုင်များ၊ ရွှေပြည်စိုးဈေးနှင့် မင်္ဂလာဈေးရှိ ဆေးမျိုးစုံဆိုင်များ။
မန္တလေးဖြန့်ချိရေး - ကောင်းသန့်ဆေးဆိုင်၊ ၂၉ လမ်း(၈၃×၈၄ ကြား)၊ ရှင်ဘို့မယ်အရှေ့ဘက်ဝင်း၊ မန္တလေးမြို့။ ☎ ၀၂-၆၈၉၁၃
အောင်ရတနာဆေးမျိုးစုံဆိုင်၊ (၂၈×၈၃)လမ်းထောင့်၊ ☎ ၀၂-၃၅၀၆၁
မထူး၊ မစူး ဆေးမျိုးစုံဆိုင်၊ (၂၇×၂၈)လမ်းကြား၊ (၈၇)လမ်းမကြီး၊ ☎ ၀၂-၃၁၄၇၇.
ဈေးချို E ရုံ (မြေညီထပ်)နှင့် F ရုံ (ပထမထပ်)ရှိ ဆေးမျိုးစုံဆိုင်များမှတစ်ဆင့်
မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိနေပါသည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၀၄(တဆထလ)(၂၆၂၆)
တိုင်းရင်းဆေးတံဆိပ်ပုံတင်အမှတ် - TMR- ၀၁၀၄၂၃(၀၆၀၅)

**ပင်ရင်း - ကျားကစ္စာတယဆေးဆိုင် - ၄၀၂(အေ)ရုံ၊ ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။**
**ဖုန်း ၀၁ ၃၃၀၆၁၈၉၊ ၀၁ ၂၅၀၅၀၉၈၆၁၊ ၀၁-၃၇၁၁၀၂၂(လိုင်းခွဲ)၁၁၂**


www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်ုပ် မှတ်စုစာအုပ်အား ပြန်လည်ဖတ်ရှုသောအခါတွင် ကျွန်ုပ်ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတ လက်ထောက်တိုင်းကုန်သွယ်လယ်ယာ၌ တာဝန်ထမ်းဆောင်စဉ် (၁၉၈၈-၈၉)ဘဏ္ဍာရေးနှစ်၏



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသောနေ့တစ်နေ့တွင် အင်္ဂပူမြို့နယ်၊ လိပ်ပေါင်ဆွဲဆန်စက်သို့ သွားရောက်ခဲ့ကြောင်း မှတ်သားထားသည်ကို တွေ့ရှိရပါသည်။

သွားရောက်ခဲ့သော ကာလမှာ ဇူလိုင်လဖြစ်လျက် လက်ထောက်တိုင်းမန်နေဂျာ၏ တာဝန်ပေးအပ်ချက်အရ ဆန်စက်များတွင် ပြည်ပဆန် စမ်းသပ်ကြိတ်ခွဲရန် သွားရောက်ခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့ ကုန်သွယ်လယ်ယာ၌ စပါးမှ ဆန်အဖြစ်ကြိတ်ခွဲတော့မည်ဆိုလျှင် စက်ပိုင်နှင့် စာချုပ်ချုပ်ဆိုပြီး ရှေးဦးစွာ စမ်းသပ်ကြိတ်ခွဲရ၏။ စမ်းသပ်ကြိတ်ခွဲရာမှ ထွက်ရှိသော ဆန်ထွက်နှုန်းအတိုင်း ဆန်၊ ဆန်ကွဲ၊ ဖွဲနုများကို စက်ပိုင်ရှင်မှ ကုန်သွယ်လယ်ယာသို့ ပေးအပ်ရလေသည်။

ထို့ကြောင့် စမ်းသပ်ကြိတ်ခွဲမှုသည် လွန်စွာမှ အရေးကြီးသော လုပ်ငန်းတစ်ခု ဖြစ်လေသည်။

ကျွန်ုပ်နှင့် အတူသွားသော အဖွဲ့ဝင်မှာ ဦးစောထွန်း ဖြစ်လေသည်။ ဦးစောထွန်းသည် အလွန်သဘောကောင်းသော ရခိုင်အမျိုးသားကြီးတစ်ဦး ဖြစ်၏။ သူသည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် မြို့မဒိုင်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ ကျွန်ုပ်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတလက်ထောက်တိုင်းသို့ ပြောင်းရွှေ့လာခြင်း ဖြစ်လေသည်။

ပြောင်းရွှေ့လာသည်မှာ မကြာသေးချေ။ ဟင်္သာတလက်ထောက်တိုင်းအတွင်း နယ်မြေကျွမ်းကျင်ရန်အတွက် ကျွန်ုပ်နှင့် တွဲပေးထားခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အင်္ဂပူမြို့နယ်ရှိ အင်္ဂပူ၊ ထူးကြီး၊ ဓောင်းတန်း စသည့် ဆန်စက်များတွင် စမ်းသပ်ကြိတ်ခွဲမှုများ ပြုလုပ်ခဲ့ပြီး နောက်ဆုံး လိပ်ပေါင်ဆွဲဆန်စက်သို့ သွားရောက်ကြခြင်း ဖြစ်လေသည်။

လိပ်ပေါင်ဆွဲသို့ သွားရောက်ရာတွင် ဓောင်းတန်းမှ ဆိုက်ကားစီး၍ သွားကြခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် အင်္ဂပူမြို့နယ်အတွင်း ယခင် စပါးရာသီကတည်းက စပါးဒိုင်များသို့ လှည့်လည်စစ်ဆေးထားသော အတွေ့အကြုံရှိရာ မည်သည့်ဒေသမှ မည်သည့်ဒေသသို့ မည်သည့်ယာဉ်ဖြင့် သွားရမည်ကို သိနေလေပြီ။

သို့နှင့် တစ်ခုသောနေ့ နံနက်ပိုင်းတွင် ဓောင်းတန်းစက်ပိုင်မှ စီစဉ်ပေးသော ဆိုက်ကားဖြင့် ဦးစောထွန်းက ရှေ့က ကျွန်ုပ်က နောက်က စီးကာ လိပ်ပေါင်ဆွဲသို့ ထွက်လာခဲ့ကြလေသည်။

လမ်းတွင် ခဲစလီကုန်းကို ဖြတ်ရပါသည်။

ခဲစလီကုန်းသို့ ရောက်သောအခါ ကျွန်ုပ်တို့ စီးလာသော ဆိုက်ကားမှာ ရှေ့မှ ဘောက်ကျိုးသွားသဖြင့် ရှေ့ဆက်၍ မသွားနိုင်တော့ပါ။ ထို့ကြောင့် ခဲစလီကုန်းမှ အခြားဆိုက်ကားတစ်စီးကိုငှားကာ လိပ်ပေါင်ဆွဲသို့ ဆက်၍ လာခဲ့ရပါသည်။

ဆိုက်ကားနင်းသူမှာ အသက်(၁၅)နှစ်ခန့်သာ ရှိသေးပြီး ကျောင်းပိတ်ရက်တွင် သူ့ဖခင်နင်းသော ဆိုက်ကားကိုယူ၍ နင်းသူဖြစ်ကြောင်း သိရပါသည်။ ဆိုက်ကားဂိတ်မှာ ထိုသူငယ်ကလေး အလှည့်ကျနေချိန်ဖြစ်သောကြောင့် အခြားဆိုက်ကားကို စီး၍မရပါ။

ဆိုက်ကားနင်းမည့်သူမှာ အသက်ငယ်ရသည့်အထဲတွင် လူပုံညှက်သေးသေးဖြစ်ပြီး ဆိုက်ကားနင်း၍ အသားမကျသေးပုံရပါသည်။

ဦးစောထွန်းက-

'ဆိုက်ကားက စီးလို့ ဖြစ်ပါ့မလား။ နင်းတဲ့လူကလည်း ကျွမ်းကျင်ပုံမရဘူး။ ခရီးက ဝေးသလား ဆရာ'

'ခရီးကတော့ တော်တော်လေး သွားရဦးမှာဗျ။ လမ်းကလည်း မကောင်းဘူး။ ကျောက်ခဲလမ်းဖြစ်တယ်'

ထိုအခါ ဆိုက်ကားဆရာကလေးက-

'ဖြစ်ပါတယ် ဆရာတို့၊ ဘာမှမဖြစ်စေရပါဘူး။ ကျွန်တော် ဂရုစိုက်နင်းပါ့မယ်။ အဖေက နေမကောင်းလို့ ကျွန်တော် နင်းရတာပါ။ ဒါမှ ဒီနေ့ ဟင်းဖိုးလေး ရမှာပါ။ ကျွန်တော့်ဆိုက်ကားကိုပဲ စီးပါဗျာ'

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ထိုဆိုက်ကားဖြင့်ပင် လိပ်ပေါင်ဆွဲသို့ လာခဲ့ကြပါတော့သည်။ လမ်းသည် ကျောက်ခဲလမ်းဖြစ်၍ အတော်သတိထား နင်းရပါသည်။ မိုးရွာထားသောကြောင့် အချို့နေရာများတွင် ဗွက်များ ထနေပါသည်။ လိပ်ပေါင်ဆွဲသို့ရောက်အောင် တော်တော်သွားရဦးမည်ဖြစ်ရာ ဆိုက်ကားနင်း၍ မရလောက်အောင် လမ်းပျက်နေသည့်နေရာ တွေ့ရပါက ကျွန်ုပ်တို့က အောက်သို့ဆင်းကာ လမ်းလျှောက်ကြရပါသည်။ လမ်းကောင်းသည့်နေရာရောက်မှ တက်စီးကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားဆရာကလေးသည် အတော်သတိထား၍ နင်းရပါသည်။ လမ်းတစ်ဝက်ခန့် ရောက်သောအခါ ရှေ့နားတွင် ဗွက်များထ၍ လမ်းပျက်နေသည်ကို တွေ့ရပါသည်။

ကျွန်ုပ်တို့က ဆင်းမည်ပြုရာ–

'ဆရာတို့··မဆင်းပါနဲ့။ ကျွန်တော် မနင်းဘဲ တွန်းသွားပါ့မယ်'

ဆိုက်ကားဆရာလေးက ဆိုက်ကားကို တွန်းသွားပါသည်။ လမ်းအနည်းငယ် ကောင်းသောအခါ ဆိုက်ကားပေါ် တက်၍ နင်းပါသည်။

'တစ်နေရာတွင် ဆိုက်ကားသည် ရှေ့သို့ ဖြောင့်ဖြောင့်မသွားဘဲ ဘယ်ဘက်သို့ ကွေ့ဆင်းသွားကာ ထိန်းမရတော့ဘဲ ချောက်ထဲသို့ ထိုးကျသွားပါတော့သည်။

ဆိုက်ကားဆရာလေးလည်း ဆိုက်ကားတခြား လူတခြား လွင့်စဉ်သွားပြီး ဦးစောထွန်းနှင့် ကျွန်ုပ်မှာလည်း ဆိုက်ကားပေါ်မှ ကျွမ်းထိုးမှောက်ခုံကျကာ မြေကြီးပေါ်တွင် ခွေခွေကလေးတွေ ဖြစ်နေကြပါသည်။

ဦးစောထွန်းက သူ့မျက်မှန် လွင့်စဉ်ကျသွားသဖြင့် စမ်းတဝါးဝါးဖြင့် လိုက်ကောက်နေပါသည်။ ကျွန်ုပ်က လူးလဲထကာ ဖုတ်ဖက်ခါပြီး ဦးစောထွန်းကို ထူရပါသည်။ ထိုအခါတွင်မှ ဆိုက်ကားဆရာလေးက ဆိုက်ကားကို လာ၍ထူပါသည်။

ကျွန်ုပ်တို့ ဤကဲ့သို့ ဝရုန်းသုန်းကား ဖြစ်နေချိန်တွင် မဲဇာလီကုန်းဘက်မှ မြင်းလှည်းတစ်စီး လာနေသည်ကို မြင်ရပါသည်။

အနီးရောက်သောအခါ မြင်းလှည်းသည် ရပ်၍သွားကာ မြင်းလှည်းပေါ်မှ အမျိုးသမီးက–

'ဟင်··ဆရာတို့ပါလား။ ဘယ်လိုတွေ ဖြစ်နေကြတာလဲ။ ကျွန်မတို့ ဆန်စက်ကို သွားမလို့လား'

ထိုအခါ ကျွန်ုပ်က–

'ဟာ··ဒေါ်ညွန့်ရီပါလား။ ဟုတ်တယ်၊ ဆန်စက်ကို သွားမလို့ဗျာ။ ဆိုက်ကားမှောက်သွားလို့'

'အို··ဖြစ်မှဖြစ်ရလေ။ လာ··လာ··ကျွန်မ မြင်းလှည်းကို ပြောင်းစီးကြ'

ကျွန်ုပ်နှင့် ဦးစောထွန်းသည် ဆိုက်ကားဆရာလေးအား ကျသင့်ငွေကို ပေးပြီး နှစ်ဦးသား ချောက်ထဲမှ တဖြည်းဖြည်း တက်လာကြရပါသည်။

'ကျွန်မလည်း 'လိုတဲ့ဆေးပစ္စည်းတွေ ဈေးမှာ သွားဝယ်ပြီး ပြန်လာတာ။ ခုတလော လူနာတွေက များနေတယ်။ လာ··လာ··မြင်းလှည်းပေါ် တက်ကြပါ'

ကျွန်ုပ်တို့ မြင်းလှည်းပေါ် တက်ပြီးသောအခါ မြင်းလှည်းသည် ဆက်လက်မောင်းနှင်လာပါသည်။

'ဆရာရော··နေကောင်းရဲ့လား'

ကျွန်ုပ်က နှုတ်ဆက်လိုက်ပါသည်။

ဆရာဆိုသည်မှာ စက်ပိုင်ဦးသန်းညွန့်ကို ခေါ်ခြင်းဖြစ်ပါသည်။ ဦးသန်းညွန့်သည် ကျောင်းဆရာ အငြိမ်းစားဖြစ်၍ ဒေါ်ညွန့်ရီမှာ သားဖွားဆရာမ ဖြစ်ပါသည်။

သူတို့နေသောနေရာမှာ ဆေးရုံ၊ ဆေးပေးခန်းနှင့် မနီးသဖြင့် မွေးလူနာရော အခြားလူနာများပါ ကုသပေးရပါသည်။ လူနာများမှ တောရွာများမှ မရှိဆင်းရဲသားများ များသဖြင့် ဆေးဖိုးဝါးခပဲ့ချ၍မရဘဲ အများအားဖြင့် အိတ်စိုက်ကုသပေးပုံရပါသည်။ သို့ရာတွင် ဒေါ်ညွန့်ရီမှာ ဤသို့ ဆောင်ရွက်နေရသဖြင့် စိတ်ပျက်ပုံမရပါ။ ကျေနပ်နေပုံသာ ရပါသည်။

သူတို့ဆန်စက်သည် မြေနေရာ အကျယ်ကြီးတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး ဒေါ်ညွန့်ရီဆေးကုသနေဆောင်၊ လူနာများ နားနေရန် အဆောင်တို့ကို ဆောက်လုပ်ထားပါသည်။ ကျွန်ုပ်တို့ကဲ့သို့ ဧည့်သည်များ တည်းခိုရန် အဆောက်အအုံ တစ်ခုကိုလည်း သုံးပင်အိမ်သေးသေး အဖြစ် တည်ဆောက်ထားပါသည်။

ထိုဧည့်သည်ဆောင်နှင့် လူနာဆောင်သည် နီးကပ်ပါသည်။

(၂)

လိပ်ပေါင်ဆွဲသို့ ရောက်သောအခါ ဆရာဦးသန်းညွန့်က ကျွန်ုပ်တို့အား နွေးထွေးစွာ ဆီးကြိုပါသည်။

ထို့နောက် ဧည့်သည်ဆောင်သို့ ခေါ်သွားပြီး နေရာချထားပေးပြီးသောအခါ ဦးသန်းညွန့်က–

'ဆရာတို့··လမ်းမှာ ဆိုက်ကားမှောက်လို့ဆို။ ဘယ်နေရာတွေမှာ ဒဏ်ရာရသေးသလဲ'

'ထိခိုက်ပွန်းပဲ့ရုံကလေးပါဗျာ။ ဒဏ်ကြေလိမ်းဆေး လိမ်းလိုက်ရင် သက်သာသွားမှာပါ'

ဦးသန်းညွန့်က ထွန်းရွှေဝါဒဏ်ကြေလိမ်းဆေးကို

www.burmeseclassic.com

www.burmeseclassic.com

ယူလာပြီး ကျွန်ုပ်တို့ရရှိထားသော ဒဏ်ရာများကို ဆေးထည့်ပေးပါသည်။

'ဆရာတို့ ..အေးအေးဆေးဆေး နားလိုက်ကြတော့။ စမ်းသပ်ကြိတ်ခွဲမှုကို မနက်ဖြန်မှပဲ လုပ်ကြတာပေါ့'

'စပါးရော အဆင်သင့်ရှိပြီးလား'

'ကျွန်တော့်စက်ထဲက သိုလှောင်ရုံမှာရှိတဲ့ စပါးကိုပဲ ယူရမှာပါ။ နွေတန်းက ဒိုင်မှူးကလေး ကိုမျိုး လှောင်ထားတဲ့ စပါးပါ။ သူ မနက်ဖြန် စောစောလာလိမ့်မယ်။ စက်ပစ္စည်း အစိတ်အပိုင်းတွေဖြစ်တဲ့ ငါးပုံကျောက်တို့၊ ဆန်ဖြူကျောက်တို့၊ ဘိလပ်ဆန်ကာတို့ကိုလည်း အားလုံး ပြင်ပြီးပါပြီ'

ကျွန်ုပ်တို့သည် ဧည့်ခန်းရှိ ကုလားထိုင်များပေါ်၌ ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း လူနာဆောင်ဘက်သို့ လှမ်း၍ကြည့်လိုက်ရာ အခန်းတိုင်းတွင် လူနာများရောက်လျက်ရှိပြီး ဆေးကုသမှု ခံယူနေကြကြောင်း တွေ့ရပါသည်။

လူနာရှင်များသည် အိုးခွက်ပန်းကန်များ ယူဆောင်လာကာ လူနာဆောင်၏ရှေ့ဘက်၌ ထမင်းဟင်းများ ချက်ပြုတ်နေကြကြောင်း တွေ့ရှိရပါသည်။

ကျွန်ုပ်တို့ နှစ်ယောက်စလုံးသည် လမ်းကြမ်းတွင် ဆိုက်ကားစီးလာရသောဒဏ်၊ ဆိုက်ကားမှောက်ကာ ချောက်ထဲသို့ ကျသွားရသော ဒဏ်တို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိကာ ရေမချိုးနိုင်တော့ဘဲ ညစာကို စောစောစားကာ အိပ်ရာဝင်ခဲ့ကြလေသည်။

(၃)

ညသန်းခေါင်အချိန်ခန့်တွင် ကျွန်ုပ် တစ်ရေးနိုးလာကာ အပေါ့အပါးသွားရန်အတွက် ဓာတ်မီးကလေးယူပြီး အောက်သို့ ဆင်းလိုက်သောအခါ နွားလှည်းတစ်စီးသည် လူနာဆောင်ဘက်ဆီသို့ အပြင်းမောင်းနှင်ကာ ဝင်ရောက်လာကြောင်း တွေ့ရှိရပါသည်။

'ဆရာမ ..ဆရာမ၊ မွေးလူနာ ပါလာတယ် ဆရာမ'

လှည်းပေါ်တွင် ပါလာသော အမျိုးသမီးတစ်ဦးက ဆရာမဒေါ်ညွန့်ရီကို နှိုးနေပါသည်။

နွားလှည်းမောင်းသူမှာ (၇)နှစ်၊ (၈)နှစ်ခန့်ရှိ ယောက်ျားကလေး တစ်ဦးဖြစ်ပြီး လှည်းပေါ်တွင် နေ့စေ့လစေ့နှင့် အမျိုးသမီးတစ်ယောက်သည် တအင်းအင်း ညည်းညူကာ အဖော်မိန်းမ(၂)ယောက်ကိုတွဲပြီး လှည်းပေါ်မှ ခပ်ဖြည်းဖြည်း ဆင်းနေပါသည်။

'အစ်မ ..သတိထားပြီး ဖြည်းဖြည်းဆင်းနော်'

ထိုအချိန်တွင် ဒေါ်ညွန့်ရီသည် ဓာတ်မီးတစ်လက်ဖြင့် အိမ်ပေါ်မှ ဆင်းလာကာ လူနာဆောင်ဆီသို့ လာနေသည်ကို မြင်ရပါသည်။

အမျိုးသမီး(၂)ဦးသည် မွေးလူနာကိုတွဲကာ လွတ်နေသော အခန်းတွင်းသို့ ဝင်သွားကြပါသည်။ အဆိုပါလွတ်နေသောအခန်းမှာ အစွန်ဆုံးအခန်းဖြစ်၍ ကျွန်ုပ်တို့ ဧည့်သည်ဆောင်နှင့် ကပ်လျက်နေပြီး သူတို့ဘက်မှ စကားပြောသံများကို အတိုင်းသား ကြားနေရပါသည်။

မွေးလူနာမှာ မွေးဖွားမည့်အချိန် နီးကပ်သော်လည်း မမွေးနိုင်သေးဘဲ ဖြစ်နေပုံရပါသည်။ အိပ်ရာပေါ်တွင် လှဲလျက် ညည်းညူနေပါသည်။ လှည်းမောင်းလာသည့် ကလေးငယ်မှာ နွားများကို လှည်းမှဖြုတ်ကာ သစ်ပင်တစ်ပင်တွင် ချည်ထားလိုက်ပါသည်။

အဖော်ပါလာသူ အမျိုးသမီး(၂)ဦးမှာ အသက်(၂၀)၊ (၂၅)ခန့်ရှိပုံရပြီး ညီအစ်မဖြစ်ပုံရပါသည်။

'အစ်မ ..ကျွန်မတို့နဲ့တွေ့တာ ကံကောင်းတာပဲ။ နို့မို့ဆို အစ်မယောကျ်ားကလည်း တောထဲက မပြန်သေးတော့ ဒီဆေးခန်းကို ဘယ်လိုလုပ် လာလို့ရမလဲ။ အစ်မ ဟို့မှာပဲ အော်နေရမှာ'

'အစ်မလည်း ညီမတို့ကို ဒီနားတစ်ဝိုက်မှာ မမြင်ဖူးပါဘူး။ ဘယ်လိုက ဘယ်လိုရောက်လာတာလဲ'

လူနာက ညည်းညူရင်းမှ မေးလေသည်။

'ကျွန်မတို့က ရွာထဲကို အလည်လာတဲ့ ဧည့်သည်တွေပါ။ ညဘက်မှာ ဒီဘက်က ညမွေးပန်းနံ့ရလို့ ညမွေးပန်းပင်ကိုရှာရင်း အစ်မတို့ လယ်တဲကလေးနား ရောက်လာတာပါ။ တဲလေးနားရောက်တော့ ညည်းသံကြားရလို့ လာကြည့်ရင်း အစ်မဗိုက်နာနေတာတွေ့လို့ ခုလိုကူညီတာပါ'

ညီအစ်မနှစ်ယောက်အနက် တစ်ယောက်က–

'ဒီက မောင်လေးက အစ်မသားလေးလား။ သူ့ရှိလို့လည်း လှည်းမောင်းမယ့်လူ အဆင်ပြေသွားတာ'

'ဟုတ်တယ်၊ ကျွန်မသားလေးပါ။ ညီမတို့ကို ကျေးဇူးအရမ်းတင်ပါတယ်ကွယ်'

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မတို့က လမ်းတုန်းကတော့ ညကြီးမှာ လှည်းလမ်းကို ကြည့်မောင်းနေရတာနဲ့ ဘာစကားမှ မပြောဖြစ်ခဲ့ဘူး။ ခုမှ အကျိုးအကြောင်း ပြောရတာပါ'

သူတို့ညီအစ်မသည် စကားပြောရင်း ဒေါ်ညွန့်ရီအား ကူညီလုပ်ကိုင်နေကြသည်ကို ကျွန်ုပ် လှမ်းမြင်နေရလေသည်။

ခဏနေသောအခါ ဒေါ်ညွန့်ရီသည် ကျွန်ုပ်တို့ ဧည့်သည်အဆောင်ဘက်သို့ ကူးလာကာ-

'ဆရာ..နိုးနေတာကိုး။ အဆင်သင့်လိုက်တာရှင်။ လူနာက မီးမဖွားနိုင်ဘဲ ဖြစ်နေတယ်။ အင်္ဂုလိမာလသုတ်ကလေး လာရွတ်ပေးပါလား'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့။ လာပါပြီ'

ကျွန်ုပ်သည် ဒေါ်ညွန့်ရီနှင့် လိုက်သွားပြီး မွေးလူနာရှိသော အခန်းပြင်ပမှ အင်္ဂုလိမာလသုတ်ကို ရွတ်ပါသည်။ ရှေးဦးစွာ ဘုရားရှိခိုး ငါးပါးသီလ ခံယူဆောက်တည်ပြီး သောက်ရေသန့်သန့် တစ်ခွက်ကို တောင်းယူကာ ရေခွက်ကို ပါးစပ်နားထား၍ အင်္ဂုလိမာလသုတ်ကို (၃)ခေါက် ရွတ်ဖတ်ပါသည်။

ထို့နောက် မွေးလူနာအား ထိုရေကို သောက်စေပြီး ဘုရားကို အာရုံပြုနိုင်းလိုက်ပါသည်။

ကျွန်ုပ် ဧည့်ဆောင်သို့ပြန်ရောက်ပြီး သိပ်မကြာလိုက်ပါ မွေးလူနာအခန်းမှ ကလေးငိုသံကို ကြားရပါသည်။ ကလေးမွေးသွားပြီဖြစ်၍ အားလုံး စိတ်အေးသွားကြပါသည်။

မွေးလူနာသည် အမောဖြေနေပုံရလေသည်။

လှည်းမောင်းလာသော ကလေးသည် လှည်းကိုဖြုတ်ပြီး လှည်းပေါ်တွင် အိပ်ပျော်နေလေသည်။

ခဏအကြာတွင် ခြံဝမှ ခွေးဟောင်သံများ ကြားရပြီး လူတစ်ယောက်သည် အမောတကောဖြင့် ဝင်လာကာ-

'ဆရာမ..ဆရာမ၊ ကျွန်တော့်မိန်းမမနှင်းရီ မီးဖွားရအောင် ဒီကိုလာတယ် မဟုတ်လား'

ဆရာမဒေါ်ညွန့်ရီ အခန်းတွင်းမှ ထွက်လာပြီး-

'ဟုတ်တယ်၊ မွေးသွားပြီ။ ယောကျ်ားကလေးရှင့်။ ရှင့်မိန်းမ အမောဖြေနေတယ်။ တိတ်တိတ်နေပေးပါ'

ရောက်လာသော ဧည့်သည်သည် မွေးလူနာရှိရာသို့ သွားပြီး ကလေးကို ကောက်ချီနေပါသည်။

ကလေး၏ မိခင်လည်း အိပ်နေရာမှ နိုးလာပြီး-

'ကိုကျော်စိုး..ရှင်လိုက်လာတယ်။ ငါးရှဉ့်တွေရော ရရဲ့လား'

'အိုကွာ..မင်းကျန်းမာရေးပဲ ဂရုစိုက်ပါ။ ငါးရှဉ့်က မရှားပါဘူး။ ရတဲ့အကောင်တွေ ငါ့အိမ်မှာ ထားခဲ့တယ်'

'တော်သေးတာပေါ့ရှင်။ သားလေးလည်း လှည်းမောင်းတတ်လို့'

'ဒါနဲ့ မင်းတို့သားအမိကို ဘယ်သူလိုက်ပို့သလဲ'

ထိုအခါတွင်မှ မနှင်းရီသည် ဘေးဘီကို ကြည့်ကာ-

'ဟောတော့ မရှိတော့ဘူး'

'ဘာမရှိတာလဲ'

'ညီအစ်မနှစ်ယောက်ရှင့်။ ကျွန်မတို့ကို လိုက်ပို့တာ'

'ဘယ်က ညီအစ်မလဲ'

'မပြောတတ်ပါဘူး။ ရွာထဲကို အလည်လာတဲ့ ဧည့်သည်တွေလို့ ပြောတာပဲ။ ညမှ ညမွေးပန်းနံ့ရလို့ ညမွေးပန်းပင်ကို လိုက်ရှာရင်း ကျွန်မတို့တဲနား ရောက်လာလို့ ကျွန်မတို့တွေ့ပြီး ကူညီတယ်လို့ ပြောတာပဲ'

မောင်ကျော်စိုးဆိုသူ မနှင်းရီ၏ အမျိုးသားသည် နားမလည်နိုင်ဘဲ အံ့ဩနေပုံရလေ၏။

ကျွန်ုပ်သည် ဧည့်ဆောင်မှနေ၍ သူတို့ပြောနေသံတို့ကို အတိုင်းသား ကြားနေရ၏။ အိပ်၍မပျော်တော့သည်နှင့် မကြာမီ မိုးလင်းတော့မည် ဖြစ်သည်နှင့်အညီ မအိပ်တော့ဘဲ သူတို့ထံ ကူးသွားလိုက်ပါသည်။

မနှင်းရီက-

'ခုတော့ မရှိတော့ဘူး။ ပြန်သွားကြပြီနဲ့ တူပါတယ်'

အိပ်နေသော ကလေးသည် ထလာပြီး လူကြီးများအနားတွင် ထိုင်ကာ-

'ဟုတ်တယ်၊ ပြန်သွားတာ အမေ။ သား အိပ်မပျော်ခင် လှမ်းမြင်လိုက်တယ်။ ဒီဦးလေးကြီး ဘုရားစာ ရွတ်တော့မယ်ဆိုတော့ တစ်ယောက်ကိုတစ်ယောက် လက်တို့ပြီး ထပြန်သွားကြတာပဲ'

ဒေါ်ညွန့်ရီက-

'သူတို့ပြန်လည်း ကိစ္စမရှိပါဘူး။ ဒီရောက်အောင် လိုက်ပို့တာပဲ ကျေးဇူးတင်စရာကောင်းနေပါပြီ။ ဒီရောက်လို့ မွေးတဲ့ဖွားတဲ့ တာဝန်တွေက ကျွန်မတို့တာဝန်တွေပဲ'

ကျွန်ုပ်က ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကေန့ ကျွတ်တွေဘာတွေ ဖြစ်မယ်နဲ့တူတယ်။ ကောင်းတဲ့ကျွတ်တွေက ဒီလိုပဲ လူယောင်ဖန်ဆင်းပြီး လူတွေကို ကူညီတတ်ကြတယ်။ ကျွန်တော် အဂ္ဂိလိမာလ သုတ် ရွတ်တော့မယ်ဆိုတော့ သူတို့ ထပြန်သွားကြတာနဲ့ တူပါတယ်'

ကိုကျော်စိုးက-

'ကျွန်တော်တို့ လယ်ထဲမှာလည်း လယ်စောင့်ကျွတ် တွေရှိတယ်လို့ အဖေကပြောလို့ စောစောကတည်းက သူတို့ ကို ပ,သထားပြီးသား ဖြစ်ပါတယ်။ ဟုတ်တယ်၊ သူတို့ ကူညီတာပဲ ဖြစ်မယ်'

ကျွန်ုပ်လည်း မောင်ကျော်စိုးနှင့် မနှင်းရီတို့ လယ် စောင့်ကျွတ်များကို မည်သို့ပူဇော်ပ,သသည်ကို မေးမြန်း ရာ သူတို့ပြောပြချက်များကို ရေးဖွဲ့၍ အောက်တွင် တင်ပြ လိုက်ပါသည်။

(၄)

မောင်ကျော်စိုးနှင့် မနှင်းရီတို့သည် သားကလေး (၃) နှစ်ခန့်ရသောအခါ မိဘများနှင့် အတူမနေတော့ဘဲ စား အိုးခွဲကာ မိမိတို့အတွက် လက်ဖွဲ့ထားသော လယ်ထဲတွင် တဲကလေးထိုးကာ နေထိုင်ကြလေသည်။

လယ်တဲကလေးကို ချောင်းနံဘေးတွင် ထိုးထားပြီး ဘူးပင်၊ သခွားပင်၊ ရေတပ်ပင်မှစ၍ သီးပင်၊ စားပင်တို့ကို စုံလင်စွာ စိုက်ပျိုးထားလေသည်။ လယ်ထဲမှ မောင်ကျော် စိုးရှာ၍ရရှိသော ဖားကလေး၊ ငါးကလေးများနှင့် စိုက်ပျိုး ထားသော ဟင်းသီးဟင်းရွက်များသည် သူတို့အဖို့ ဟင်း အတွက် မပူပင်ရတော့ချေ။

သို့ဖြစ်၍ (၂)နှစ်ခန့်အတွင်း လှည်းတစ်စီးနှင့် နွား တစ်ရှဉ်း ဝယ်နိုင်ခဲ့ကြလေသည်။

သူတို့သည် ယခုလို မိုးဦးကျပြီဆိုလျှင် လယ်စောင့် ကျွတ်များကို ပူဇော်ပ,သလေ့ရှိလေသည်။

မောင်ကျော်စိုးသည် နီးများဖြာကာ ပုတ်ကလေး သေးသေးတစ်လုံးကို ရက်လုပ်လေသည်။ ထို့နောက် စပါးများကို ပုစွန်လုံး အခွံကလေးဖြင့်ခြင်ကာ ထိုပုတ်ထဲ သို့ ထည့်လေသည်။

'အဖေ..အဲဒါ ဘာလုပ်တာလဲဟင်'

သားက မေးသောအခါ မောင်ကျော်စိုးက-

'ကျွတ်တွေအတွက် ဝမ်းစာထည့်ပေးတာလေ သား ရဲ့။ ပုစွန်လုံးခွံနဲ့ ခြင်တယ်ဆိုတာက ပုစွန်လုံးခွံတစ်ခုကို စပါးတစ်တင်းပေါ့ကွာ။ ဝမ်းစာအဖြစ် သူတို့ကို တင်း (၂၀)လောက် ထည့်ပေးရတယ်'

'အဲဒီလို ထည့်ပေးတော့ ဘာဖြစ်သလဲ အဖေ'

'သူတို့နေဖို့အိမ်လည်း ဆောက်ပေးရဦးမယ် သားရဲ့။ အိမ်ဆောက်ပေးတယ်၊ ဝမ်းစာထည့်ပေးတယ်ဆိုတော့ သူတို့ ကျေနပ်တာပေါ့။ တို့လယ်တွေ အသီးအနှံတွေ အောင်မြင်အောင်လည်း စောင့်ရှောက်တယ်။ ရေပိုးရေမွှား တွေကိုလည်း ဖယ်ရှားပေးတယ်'

'ရေပိုးရေမွှားဆိုတာ ဘာလဲအဖေ'

'အဆိပ်ရှိတဲ့မြွေတို့၊ ကင်းတို့ကို ခေါ်တာပေါ့'

ထို့နောက် မောင်ကျော်စိုးသည် သားကလေးကိုခေါ် ကာ လယ်ထဲသို့ သွားလေသည်။ လယ်ထဲ ရောက်သော အခါ လယ်ကန်းသင်းဆုံရာ နေရာတွင် ဝါးခြမ်းပြား ကလေးများဖြင့် အိမ်ကလေးဆောက်လေသည်။ ပြီးသော် အပေါ်မှ အင်ဖက်များကို အမိုးအဖြစ်မိုးပေးပြီး စပါးထည့် ထားသော ပုတ်ကလေးကို အိမ်တွင်းသွင်းလိုက်လေသည်။

မောင်ကျော်စိုး၏ နှုတ်မှလည်း-

'အရှင်ကျွတ်မင်းတို့.. စပါးကောင်းအောင်လည်း ကူညီမ,စပါ။ ရေပိုးရေမွှားများ အန္တရာယ်ကလည်း ဖယ် ရှားပေးပါ။ ကျွတ်မင်းတို့မိသားစု စားဖို့သောက်ဖို့ ဝမ်းစာ လည်း ထည့်ပေးပြီးပါပြီ။ ကျွန်တော်တို့မိသားစု ဒီလယ် တဲကလေးမှာ အေးအေးချမ်းချမ်းနေနိုင်ဖို့ ကူညီပေးကြပါ'

ယခုလို မိုးကာလတွင် မောင်ကျော်စိုးတို့ လယ်နှင့် ခပ်လှမ်းလှမ်းတွင် ငါးရှဉ့်ထောင်၍ ကောင်းသောနေရာ များရှိရာ မောင်ကျော်စိုးသည် အဖော်များနှင့်သွားကာ ငါးရှဉ့်ထောင်လေ့ရှိ၏။ ငါးရှဉ့်မှာ မြို့တွင် ငါးရှဉ့်ကောက် သည့် ဒိုင်ရှိပြီး ဈေးကောင်းရသည်နှင့် သူထက်ငါ ဦး အောင် ငါးရှဉ့်ရှာကြလေသည်။

နံနက်စာစားပြီးချိန်တွင် ငါးရှဉ့်ထောင်သည့်ပုံးကလေး များကိုလွယ်သွားပြီး ငါးရှဉ့်ပေါသည့် နေရာများတွင် ပုံး ကလေးများကို ချထားကာ အနီးတွင်ရှိသော တဲကလေး တွင် ထိုင်၍စောင့်ရ၏။ ထိုသို့မစောင့်လျှင် မိမိငါးရှဉ့်ပုံး များကို လူခိုးခံရပေလိမ့်မည်။

ငါးရှဉ့်ပုံးများကို ညဘက်အထိ စောင့်ကြရ၏။ ထို့ အတွက် ညစာကို တစ်ပါတည်း ထည့်ယူလာခဲ့ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

မနှင်းရီမီးဖွားမည့်နေ့ကလည်း မောင်ကျော်စိုးသည် အဖော်များနှင့် ငါးရှဉ့်ထောင်သွားရာ ညဘက်တွင်ပါ စောင့်နေရသဖြင့် မပြန်နိုင်ခြင်း ဖြစ်လေသည်။ မိမိတို့တွင် ရန်သူမရှိသည်ကတစ်ကြောင်း၊ မနှင်းရီသည် သားကလေး အဖော်အဖြစ်ရှိသည်က တစ်ကြောင်းတို့ကြောင့် စိတ်ချ လက်ချသွားနေခြင်း ဖြစ်လေသည်။

ထို့ပြင် မောင်ကျော်စိုး သိထားသည်မှာ ယခုရက် ပိုင်းသည် မနှင်းရီ မီးဖွားမည်ဟု ခန့်မှန်းထားသောရက် မဟုတ်သေးချေ။

ထိုညက မိုးကလေး တဖွဲဖွဲရွာနေလေသည်။ မောင် ကျော်စိုးသည် သန်းခေါင်လောက်တွင် အိမ်သို့ပြန်လာရာ အိမ်တွင် မနှင်းရီတို့ သားအမိကိုလည်းကောင်း၊ နွားနှင့် လှည်းကိုလည်းကောင်း မတွေ့ရတော့မှ မီးဖွားရအောင် ဆေးခန်းသွားတာ ဖြစ်မှာပဲဟု တွေးကာ ဆေးခန်းသို့ အပြေးလိုက်လာခဲ့ခြင်း ဖြစ်လေသည်။

(၅)

ကျွန်ုပ်တို့ စကားပြောနေသံကိုကြား၍ ဦးစောထွန်းသည် အိပ်ရာမှနိုးလာကာ ကျွန်ုပ်တို့ထံ ကူးလာရင်း-

'ကဲ..ဆရာ၊ ကျွန်တော် စပါးခြင်တဲ့နေရာကို သွား လိုက်မယ်။ စပါးခြင်တာကို ကျွန်တော်- ကြီးကြပ်လုပ် မယ်။ ဆရာ စက်ထဲက စောင့်ပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ကျွန်ုပ်တို့သည် စပါးစမ်းသပ်ကြိတ်ခွဲရန် လာရောက် ကြခြင်းဖြစ်ရာ ယနေ့ စမ်းသပ်ကြိတ်ခွဲခြင်း ပြုလုပ်မည့် နေ့ဖြစ်၍ အလုပ်သမားများသည်လည်းကောင်း၊ စက်ပိုင်း ဆိုင်ရာ စက်ဆရာများသည်လည်းကောင်း၊ စက်တာဝန် ခံဝန်ထမ်းမှအစ ဝန်ထမ်းများလည်း ရောက်ရှိနေကြပြီ ဖြစ်ရာ ကျွန်ုပ်သည် မောင်ကျော်စိုးနှင့် မနှင်းရီတို့ကို နှုတ်ဆက်၍ လုပ်ငန်းခွင်ရှိရာသို့ ထွက်လာခဲ့လေသတည်း။

'မောင်ကျော်စိုးရေ..မင်းဆီက ကျော်နဲ့ဝတ်သက်တဲ့ ဇာတ်လမ်းကလေးတစ်ပုဒ်ရလို့ ကျေးဇူးတင်ပါတယ် ကွာ။ အလုပ်ရှိသေးလို့ သွားဦးမယ်ဟေ့။ နောက်တော့ ဆုံကြ သေးတာပေါ့ကွာ'

မင်းသန့်ကျော်(ဗိုကုန်း)


# ပုရောဟိတ် ဆရာဦးမြတ်စံ ၏

# အသုံးချ ဂမ္ဘီရဝေဒ စာအုပ် ထွက်ပါပြီ

လစဉ်ထုတ် ဂမ္ဘီရမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော လက်ရွေးစင်ဆောင်းပါးများ စုစည်းထုတ်ဝေခြင်း ဖြစ်ပါသည်။

ဂမ္ဘီရပညာရပ် လိုက်စားသူများ၊ ဘဝတွင် တွေ့ကြုံနေရသော အခက်အခဲများကို ဤစာအုပ်မှ ကူညီဖြေရှင်းပေးနိုင်ပါသည်။

စာအုပ်မှာယူလိုပါက ပင်ရင်းဖြန့်ချိရေး

ဆရာဦးအောင်သန်း၊ ပြည့်ဝပျော်ရွှင် စာပေတိုက်၊ သုမင်္ဂလာပုံနှိပ်တိုက်၊

၀၉ ၄၅၀၀၆၂၄၂၉


www.burmeseclassic.com

www.burmeseclassic.com


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လေယာဉ်မောင်

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး

ဟိမဝန္တာ သွေးသန့်ဆေး

ခရုသင်း

သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစ္စိုက်၊ ရေယုန်၊ မှက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လေယာဉ်မောင် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။



NH V

နေရှင်နယ် (မိသားစု)

NH V

ဗီဒီယို၊ ဓာတ်ပုံ ရိုက်ကူးရေး

- အလှူမင်္ဂလာညှော်ခံပွဲ၊ မွေးနေ့မင်္ဂလာ၊ အသေးအဖွဲ့မှတ်တမ်း၊ ကျွန်ုပ်တို့၏ကြော်ငြာနှင့် ဓာတ်လမ်းသီချင်းများ (MTV) လက်ခံရိုက်ကူးပေးခြင်း၊
- Video Tape များအား VCD,DVD ပြုလုပ်ပေးခြင်း၊
- ဓာတ်ပုံများအား VCD,DVD Slide Show ပြုလုပ်ပေးခြင်းများကို

မိတ်ဆွေတို့၏စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးပါသည်။

ချိုနိုင် (ကျုံမျော်) ဖုန်း-09 51 27772 09 44 8539721
09 55 06850 09 42 1022785


www.burmeseclassic.com

www.burmeseclassic.com




"ဂျိန်း…ဂျိန်း…ဂျိန်း"

ဝင်းလက်လိုက်သည့် လျှပ်စီးနှင့်အတူ မိုးကြိုးပစ်သံကြီးက တစ်လောကလုံး သိမ့်သိမ့်တုန်သွားခဲ့ပါသည်။ ကျယ်လောင်လှသော ထိုမိုးကြိုးပစ်သံအား အနီးကပ်ကြားလိုက်ကြရသဖြင့် ယောကျ်ားကြီးများ ဖြစ်သော်လည်း နေသစ်ထူး၊ ခန့်ဇော်၊ မိုးဝေ၊ ဦးသက်ပိုင်၊ ဦးဇင်မျိုး၊ ဦးသူရနှင့် ဦးချစ်ဆိုင်တို့ အားလုံး လှဲအိပ်နေသော ခုတင်ပေါ်မှ အထိတ်တလန့်နှင့် ခုတင်အောက်သို့ ဆင်းကာ ပြိုင်တူ မှောက်ချလျက် ဝပ်နေမိလိုက်ကြရပါသည်။

မိုးကြိုးသံငြိမ်မှပင် ဝပ်နေရာခုတင်အောက်ဆီမှ ပြိုင်တူ ထလိုက်မိကြရင်း သက်ပြင်းမောကို ကိုယ်စီချမိကာ ခုတင်ပေါ်တွင် ကိုယ်စီပြန်ထိုင်လိုက်မိကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ပါသော်လည်း မျက်စိများ ကျိန်းစပ်ပြာဝေအောင် ပင် တစ်ခါ၊တစ်ခါ လျှပ်ရောင်များကတော့ ဝင်းလက်လျက် ရှိနေဆဲပင်။

'ကဲ..ဘယ့်နှယ်ရှိစ။ နေသစ်ထူးတို့၊ ခန့်ဇော်တို့၊ မိုးဝေတို့၊ ဒီဒေသရဲ့ မိုးတွင်းကာလ အရသာလေး မြည်းစမ်းကြည့်ရတာ အရသာမှရှိရဲ့လား'

'ဟာ..အရသာကတော့ ဘာရှိသလဲမမေးနဲ့ ဦးပိုင်ရေ၊ ချို၊ ချဉ်၊ ငံ၊ ဖန်၊ စပ်ပဲဗျို့။ သည်းထိတ်ရင်ဖိုလေးတောင် အစစ်ပါသေးဗျာ။ ဟား..ဟား..ဟား'

'အဲဒါကြောင့် ကိုယ်ပြောပါတယ် ကိုသူရရယ်။ မိုးတွင်းကြီး ဒီကို မလာချင်ပါဘူးလို့။ ကဲ..အခု တွေ့ကြပြီမဟုတ်လား'

'ဩော်..ကိုပိုင်ရယ်၊ ကျွန်တော်တို့က ဝန်ထမ်းလေဗျာ။ မိုးရွာ နေပူ ဆောင်းအေးတယ်ဆိုပြီး ရွေးဖို့ အချိန်မှ မရှိတာဘဲဗျာ'

'အေးဗျာ၊ ထူးခြားဖြစ်စဉ်မို့သာ မဖြစ်မနေ အလောတကြီးလာခဲ့ကြရတာ။ နောက်မို့သာဆို နည်းနည်းအချိန်ယူပြီး ဖြည်းဖြည်းမှ လာလို့ရတယ်ဗျ'

'လာချင်ချင် မလာချင်ချင် အခုရောက်နေကြပြီလေ ကိုသူရရယ်။ လုပ်စရာ လုပ်ငန်းကိစ္စလေးတွေကိုသာ အမြန်ပြတ်အောင် ဖြတ်ကြဖို့ပဲ ရှိတော့တာပေါ့ဗျာ'

'အေးပေါ့ဗျာ၊ ဒါပဲ ရှိတော့တာပေါ့။ ဒီကြားထဲ ဘုမသိ ဘမသိနဲ့ ဒီကလေးသုံးယောက်ကိုပါ ဆွဲထည့်ပေးလိုက်သေးတယ်'

'ဒါတော့ ကိုမျိုး ပြောတာ ဟုတ်တယ်ဗျ။ ကျွန်တော်တို့ချည်းက ကိစ္စမရှိပါဘူး။ ဒီကလေးတွေခမျာမှာ အတွေ့အကြုံရှိကြတာ မဟုတ်ဘူးဗျ'

'ကျွန်တော်တို့က မန္တလေးလောက်ပဲ ဖမ်းဆီးလိုက်ဖူးတာ။ ဒီလိုမျိုး ခရီးဝေးတွေတော့ တစ်ခါမှ မသွားဖူးဘူး။ ဒါ ပထမဦးဆုံးပဲ'

'ကဲပါ၊ တစ်ခါမှ မသွားဖူးလည်း အခုရောက်ရပြီလေ။ အတွေ့အကြုံသစ် ရတာပေါ့။ အစ်ကိုတို့က မင်းတို့ကို ပစ်မထားပါဘူး။ အားလုံး တိုင်တိုင်ပင်ပင် လုပ်ကြတာပေါ့ကွာ'

မိုးတွင်း ဖွန်လ မိုးဦးကျအချိန်ဖြစ်၍ ကောင်းကင်တစ်ခွင်လုံး အုံ့ဖွဲ့နေပါသည်။ အဝေးဆီမှ မှိုင်းညို့ညို့တောင်တန်းကြီးများကလည်း ပျပျရေးရေး။ ရှေ့နားရှိမိုးကလည်း သည်းသည်းထန်ထန် ရွာတတ်သလို တောင်ကင်ထက်တွင် လျှပ်စီးများက တဝင်းဝင်းနှင့် မိုးချုန်းလိုက်သည့် ထစ်ချုန်းသံကြီးကလည်း မြေသိမ့်သိမ့်တုန်ရှားပင်။

ဤနေရာ ဤဒေသသည် အားလုံးက ရတနာမြေဟု သိထားကြသည့် ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းနယ်မြေပင် ဖြစ်ပါသည်။ နေသစ်ထူးတို့အဖွဲ့ ရောက်လာခဲ့ရခြင်းမှာလည်း ဤဒေသ၏ ထူးခြားဖြစ်စဉ်ဖြစ်သည့် မြေစာပုံပြိုကျခြင်းအတွက် လာရောက်၍ မှတ်တမ်းယူရခြင်းတာဝန်ဖြင့် လာခဲ့ရခြင်းပင် ဖြစ်သည်။

◆◆◆

'ကိုသူရ..ကျုပ်တို့ အလာတုန်း ဒလဟောစီးနေတဲ့ ချောင်းရေစီးထဲ လူမပါသွားအောင် မနည်းဖြတ်ခဲ့ကြရတာနော်။ တကယ့်ကိုပဲ'

'ဟုတ်ပါ့ ကိုမျိုးရယ်၊ ကျုပ်နဲ့ ကိုပိုင်ဖြင့် ရေထဲက ချောကျိုနေတဲ့ ကျောက်တုံးကို လှမ်းနင်းတိုင်း လူတွေကို ဟန်ချက်ပျက်ပြီး ယိုင်ယိုင်သွားလို့ တစ်ယောက်နဲ့တစ်ယောက်ဖေးမ,ရင်း မနည်းထိန်းလျှောက်ခဲ့ကြရတာ'

'ဟိုကလေးသုံးယောက်ကတော့ လူငယ်တွေကိုး။ ဘာအခက်အခဲရှိမလဲဗျ။ ပျော်နေကြမှာပေါ့။ ကျုပ်တို့၊ ခင်ဗျားတို့မှာသာ အသက်အရွယ်ပိုင်းအရ အဆင်မပြေဘဲ အခက်ကြုံနေကြတာ'

'မရောက်ဖူးတဲ့ဒေသကို လာရလို့ ပျော်တော့ပျော်မိပါတယ်။ ဒါပေမဲ့ ဒီဒေသကို ရောက်ကတည်းက ကောင်းတာဆိုလို့ ညီတို့တော့ ဘာတစ်ခုမှကို မတွေ့ရသေးဘူး။ ဒါနဲ့တောင် လူတွေက လာအလုပ်လုပ်နေကြသေးတယ်။ ဒီလောက်ဒုက္ခနယ်ပယ်ထဲမှာ အံ့ရောဗျာ'

'ဩော်..ဘယ်လိုများ ပြောလိုက်ပါလိမ့် နေသစ်ရယ်။ ဒီနေရာက ညီငယ်တို့၊ အစ်ကိုတို့ကသာ ဒုက္ခနယ်ပယ်လို့ သတ်မှတ်တာ။ ကြုံရာကျပန်းလုပ်ရတဲ့ ကာယအားကိုးနေကြရတဲ့ ပျံကျအလုပ်သမား လူတန်းစားတွေအတွက်ကတော့ ဒီနေရာက သူတို့ဘဝအတွက် မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြရတဲ့ သူဌေးဖြစ် ဖြတ်လမ်း ပေါက်တဲ့နေရာကွ'

'အင်းပေါ့လေ၊ ဖြတ်လမ်းဆိုတာမျိုးက ဘယ်လိုလမ်းချောနိုင်ပါ့မလဲ။ တောခေါင်သလို မြေပြင်ထည်း

www.burmeseclassic.com

ကြမ်းတမ်းရိုင်းထစ်ပြီး အန္တရာယ်လည်း ပေါတာပေါ့လေ'

'အဲလိုဆိုတော့ တို့တွေရဲ့ မိဘတွေကို တကယ်ကျေးဇူးတင်မိတယ် နေသစ်ရယ်'

'ဩော်..ခုမှ မိဘကျေးဇူးသိတာလား မိုးစေရာ'

'ဟုတ်တယ်ကွ။ အမိုးအကာအောက်မှာ မပူမပင် ငါတို့ အလုပ်လုပ်နိုင်အောင် လုပ်ပေးခဲ့လို့ ငါတို့ ဒီလိုဘဝမျိုးမကြုံရတာ။ အိမ်ပြန်ရောက်ရင်တော့ ငါ့လစာ အမေနဲ့အဖေ့ကို အကုန်အပ်တော့မယ်'

'အလို့။ ဒေဝဒတ်ကျွတ်ခန်း ဝင်သွားပါရောလားဟေး'

'ဟုတ်တယ် နေသစ်၊ ငါလည်း ဒီကပြန်ရင် အရက်မသောက်တော့ဘူး။ အရက်လုံးဝဖြတ်မယ်။ အမေနဲ့အဖေကိုလည်း ဘယ်တော့မှ ဂျစ်မတိုက်တော့ဘူး။ ငါ တော်တော်ဆိုးခဲ့တာကွ'

'အယ်..လူမိုက်၊ ကိုယ့်အမှားကိုယ် ခုမှသိတယ်ပေါ့'

'အေးပေါ့ကွာ၊ ကိုယ့်ညီငယ်တွေက အစ်ကိုတို့လို အိမ်ထောင်သည်ဘဝမှမရောက်သေးတာ။ တစ်ကိုယ်ရေတစ်ကာယသမားတွေဆိုတော့ မိဘကို ဂရုစိုက်ကြရမှာပေါ့ကွာ'

'အစ်ကိုတို့မှာသာ သားကျွေးမှု၊ မယားကျွေးမှုတွေနဲ့ ပတ်ချာလည်နေတာ။ မိဘကိုသတိရပေမယ့် အနားမနေနိုင်ဘူးလေ။ ငွေသာ ပို့ပေးနိုင်တာ'

'အဲဒါပဲလေ၊ ဝမ်းစာရှာကြရတာ မလွယ်ဘူးဟော့ ငါ့ညီတို့ရေ။ တစ်ခါတလေ အသက်တောင် ရင်းရတာ'

'ဟုတ်တယ်နော်။ လက်လုပ်လက်စား ဘဝသမားတွေ အဲလိုအန္တရာယ်တွေကို ထည့်မတွက်မိကြဘူးလား မသိဘူးနော်'

'ဩော်..လက်လုပ်လက်စား ကျောက်အလုပ်သမားဘဝ ဒီလိုသဘောတွေကို ဘယ်ထည့်တွက်မိကြမှာလဲ နေသစ်ရယ်။ တစ်နေ့,တစ်နေ့ ဝမ်းစာလေး ပြေလည်အောင်တောင် မနည်းဖြေရှင်းနေကြရတဲ့ဟာ'

'ပြီးတော့ အစ်ကိုတို့ လူတွေမှာ လူ့သက်တမ်းက ဆုတ်ကပ်ထဲ ရောက်နေကြတာ။ ဒါကြောင့် အတ္တတွေများလာကြပြီ။ ကိုယ်ချမ်းသာဖို့၊ ကိုယ်ကောင်းစားဖို့တွေပဲ ရှေ့တန်းတင်လာကြတော့ ပိုဆိုးကုန်ကြတာပေါ့ကွာ'

ကချင်ပြည်နယ်တောင်တန်းများပေါ်၌ မြစ်ဖျားခံကာ စီးဆင်းနေကြသော ချောင်းများမှာ နွေရာသီတွင်ကော်နေတတ်သော်လည်း ယခုလိုမိုးရာသီတွင်မူ မိုးနှင့်အတူ သက်ဝင်နိုးထ လှုပ်ရှားစီးဆင်းလျက် ရှိနေကြပေသည်။

ထို့ကြောင့်လည်း ကျောက်ကျင်သူ ကျောက်သမားများသည် အဆင်ပြေသလို နေထိုင်ကာ ရေစီးတိုက်ခြင်းကြောင့် ပွဲကြွေမျောပါလာသည့် ရေမဆေးကျောက်တလေးများကို ဆယ်ယူရင်း ဝမ်းစာရှာဖွေနေကြခြင်းဖြစ်၏။

ဤချောင်းများသည် ကျောက်ကျင်သမားများအတွက်တော့ ရတနာတွေပေးနေသော ရတနာချောင်းများပင် ဖြစ်ပေသည်။

တန်ဖိုးနည်းသောကျောက်၊ တွက်ခြေကိုက်သော ကျောက်ကလေးများ တစ်လုံးတလေမျှ ရလိုရငြားဟူသော စွဲနှင့် ရေတစ်ပိုင်း ကုန်းတစ်ပိုင်း ခိုက်ခိုက်တုန်အောင် ချမ်းနေပါသော်လည်း ညနေ နေစောင်းသည်အထိ အလင်းရောင် မပျောက်သေးသရွေ့ မျှော်လင့်ချက်ဖြင့် မညည်းမညူ ဘဝကို ကြံ့ကြံ့ခံရုန်းကန်ရင်ဆိုင်ကာ အလုပ်လုပ်ရင်း ဘဝဝမ်းစာ ရှာဖွေနေကြရပေသည်။

◆◆◆

'တွေ့လား ဟိုးမှာ၊ ရေမဆေးကျောက် ရှာနေကြတဲ့သူတွေ'

'သူတို့တွေ အဲဒီလောက် ဒုက္ခခံတာတောင် စားဝတ်နေရေး မပြေလည်ကြဘူးနော်'

'ဩော်.. ငါ့ညီတို့ရာ၊ သူတို့ရလာတဲ့ ကျောက်ကလေးတွေကို လောလောဆယ်ဆယ် ဝမ်းစာအတွက် ဒိုင်ဖွင့်ထားတဲ့ ကျောက်ပွဲစားတွေဆီ ရသလောက်နဲ့ ရောင်းပြီး ရိက္ခာကို အရင်ဖြေရှင်းကြရတာဆိုတော့ ဘယ်လိုလုပ်ပြေလည်နိုင်မှာလဲကွာ'

'အင်းပေါ့လေ၊ အဲလိုဆိုတော့ ဝယ်တဲ့ဒိုင်က ဈေးနှိမ်တာ ခံကြရမှာပေါ့ဗျာ'

'ဒါပေါ့ နေသစ်ရယ်။ အရင်လိုလို့ရောင်းတော့ ကိုယ့်ကြိုက်ဈေး ဘယ်ရမှာလဲကွာ'

'ဟင်း..ဒါဆိုတော့ သူတို့ မျှော်လင့်ချက်တွေနဲ့ ဖိုဖိုပြီး ဝေးသွားကြရှာမှာပေါ့ဗျာ'

'ဟုတ်တာပေါ့ ကိုယ့်ညီတို့ရာ၊ သူတို့က ဒီနေ့ကို ကျောက်ကောင်းတစ်လုံးရပြီး သူတို့ဘဝလေး ပြောင်းလဲသွားဖို့၊ လောပန်ဖြစ်ဖို့ လာခဲ့ကြပေမယ့် ရိက္ခာအတွက်နဲ့

www.burmeseclassic.com

တင် ဂျာအေး သူ့အမေရိက်သလို မှန့်လုံးစတ္တူကပ်ဘဝ ရောက်နေကြရရှာတာ'

'ဟော်ဗျာ'

'ဒါနဲ့ အစ်ကိုပိုင်၊ ဒီက ဒေသခံ ကချင်လူမျိုးတွေက တောကို သိပ်ချစ်ကြတာလို့ ညီကြားဖူးတယ်။ သူတို့က ရော ဘယ်ရောက်ကုန်ကြတာတုန်းဗျ'

'နေသစ်ရာ..သူတို့ကသာ တောကိုချစ်လို့ တောင်ယာလုပ်နေကြပေမယ့် လောပန်တွေကတော့ ကျောက်ရိုင်းတွေကို ဘိန်းနဲ့လဲလှယ်ပြီး စီးပွားရှာ ဖိမ်ခံနေကြတော့ တောချစ်တဲ့ ကချင်တွေလည်း ဘိန်းချစ်ကြရတော့တာပေါ့ကွာ'

'သူတို့က မိုးတွင်းဆို ကျောက်ကျင်ဖို့ စုဝေးရောက်လာကြပြီး နွေကျ တောပြန် တခြားစီးပွားရေး လုပ်ကိုင်ကြတာ ငါ့ညီတို့ရဲ့'

'အဲဗျ၊ ဒါဆို သူတို့ရဲ့ တခြားစီးပွားရေးဆိုတာက ဘိန်းကုန်ကူးကြတာပေါ့'

'ဟား..ဟား..ဟား..နေသစ်၊ ငါ့ညီက အတွေးသစ်သားပါလား'

'အခုကြည့်၊ ဘက်ဟိုးကြီးတွေနဲ့တူးပြီး မြေစာတွေကို စနစ်တကျစွန့်ပစ်တဲ့နည်းတော့ ဥရုချောင်းလက်တက်တွေထဲ မြေစာတွေကျပြီး ချောင်းတိမ်ကောတာတွေ ဖြစ်ကုန်ကြပြီလေ'

'အဲဒါတော့ ဟုတ်တယ်ဗျ'

'အဲဒီမှာပင် ရေမဆေးကျောက်ရှာတဲ့ အလုပ်သမားတွေ ပေါ်လာသလို ကောက်ရိုးလောပန်တွေလည်း ပေါ်လာတော့တာပဲ ကိုယ့်ညီတို့ရေ'

'ဗျာ။ လောပန်တောင် ကောက်ရိုးလော်ပန် ရှိသေးလို့လား အစ်ကိုသူရရယ်'

'ဟာ..ရှိပါပြီလား နေသစ်နဲ့ ခန့်ဇော်ရာ၊ ရေမဆေးကျောက်အလုပ်သမားတွေရလာတဲ့ ကျောက်တိုကျောက်စ ကျောက်ပိုင်းလေးတွေကို ပြန်ဝယ်တာ။ ကောက်ရိုးလောပန်ပေါ့ကွ'

'ဟား..ဟား..ဟား..ပေါက်ပြီဗျာ။ ဒါကြောင့်လည်း မြေစာပုံပြိုကျ လူသေတာတွေ ဖြစ်ကုန်လို့ ညီတို့နဲ့ အစ်ကိုတို့လည်း ထူးခြားဖြစ်စဉ်အဖြစ် မှတ်တမ်းပြုဖို့ ရောက်လာကြရတာပေါ့နော်'

'Right မှန်လိုက်တဲ့ စကားဗျာ'

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသော နိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုထားကြသလို ရွှေတွင်း၊ ငွေတွင်း၊ ပယင်း၊ ဒုတ္တာ တကယ်ကိုလည်း ပေါများခဲ့ပါသည်။ ကမ္ဘာ့စတည်စက အရှေ့-အနောက် ပြတ်ရွေ့ကြောင်းကြီးများသည် မြန်မာနိုင်ငံတွင် ဆုံးသောကြောင့် သယံဇာတတွေ အလျှံအပယ် ကြွယ်ဝနေခြင်းလည်း ဖြစ်သည်။

မိုးကုတ်ဆိုလျှင် ပတ္တမြား၊ နီလာတွေ ကမ္ဘာ့တွင် ထိပ်တန်းစာရင်းဝင်သည်။ ပြဒါးနှင့် ဖမ်းစရာမလိုအောင်ပင် ပေါများလှပါဘိ၏။

ယခု ဖားကန့်ဒေသဆိုလျှင်လည်း ကျောက်စိမ်းများ ပေါများလှ၏။ ထို့အပြင် နီကယ်၊ ခရိုမိယမ်၊ ခရမ်းဆွဲ၊ Black Jade အမည်း ကျောက်မျိုးစုံထွက်သော ဒေသတစ်ခုအဖြစ် ထင်ရှားခဲ့ပါသည်။ ယနေ့တိုင်လည်း ထင်ရှားဆဲပင် ရှိနေပါသေးသည်။

ယခင်ကဆိုလျှင် (ရွှေမိုင်း)တွင်းကြီးများလည်း ရှိခဲ့ဖူးသည်ဟု ကြားဖူးနားဝရှိခဲ့ဖူးပါသည်။ ထို့ကြောင့်လည်း ထိုဒေသသို့ ရောက်ရှိလာကြသော လူသားအားလုံးသည် သူ့ထက်ငါ ချမ်းသာကြဖို့ ရောက်လာကြသည့်အတွက် အကြံတူရန်သူဟူသော ဆိုစကားအတိုင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်ဖို့ ဝေးလေစွ၊ သံသယစိတ်များ အစဉ်ဝင်ကာ ကိုယ့်အပေါ် ဘယ်အချိန် မကောင်းကြံမည်လဲဆိုသောစိတ်နှင့် အမြဲပူပန်စိတ်များ ဖြစ်နေခဲ့ကြရ၏။

သူတို့အားလုံး ကိုယ့်အတ္တနှင့်ကိုယ် လောဘဇောတိုက်၍ ရောက်လာကြသော ထိုဒေသသည် နေ့ချင်းညချင်း ချမ်းသာစေရန် ဆောင်ကြဉ်းပေးနိုင်သည်မှာ မှန်ပါသော်ငြားလည်း သူတို့အားလုံး သတိမထားမိခဲ့သည့် သဘာဝ၏ အကုသိုလ်အန္တရာယ်ကြီးများသည် အချိန်မရွေး ပြိုကျလာပြီး နေ့ချင်း ညချင်း သူတို့အားလုံးကို သေတွင်းသို့ ပို့ပေးနိုင်သော နေရာဒေသတစ်ခု ဖြစ်နေသည်ကိုမူ သူတို့အားလုံး မေ့လျော့နေခဲ့ကြသည်မှာတော့ မဟာအမှားပင် ဖြစ်ပေသည်။

ထိုတောင်တန်းကြီးများသည် ဒုတ္တာရိုပုံဖြင့်တိုင်း တရုတ်လူမျိုးတို့က ကျိန်စာတိုက်ထားခဲ့သည့် အရှင်ဘိခဲ့ ဖြစ်သည်ဟုလည်း ကြားဖူးနားဝ ရှေ့မီ နောက်မီတို့အာ

www.burmeseclassic.com

www.burmeseclassic.com

ပြောခဲ့ဖူးကြသည်။

ယခင် ယခုလို မြေစာပုံပြိုမကျခင်ကပင် နှင်းကျလျှင်၊ မိုးရွာလျှင် နှင်းကြောင့်၊ မိုးကြောင့် တောင်ပြိုကျတတ်သည်ဟု ဆိုခဲ့ကြသည်။ ထိုသို့ပြိုကျသည့်အခါ၌ ရွံ့တုံး၊ မြေကြီးတုံးနှင့် ကျောက်တုံးကြီးတွေသည် တော်လဲသံကဲ့သို့ မြည်ဟည်းကာ အရာအားလုံးအား ဖုံးလွှမ်းပစ်လေ့ရှိဟန်တူပါသည်။

ထို့ကြောင့်လည်း ထိုဒေသ၏ တောင်တွေအောက်၌ လူပေါင်းမည်မျှ သချိုင်းအဖြစ် အမြှုပ်ခံလိုက်ကြရသည်ဟူ၍ မည်သူမျှ မသိနိုင်ခဲ့ကြပါပေ။

ထိုသေသူတို့အတွက် ကောင်းရာမွန်ရာ ရောက်စေရန် ဆုတောင်းပေးရန် လာခဲ့ကြသော ဆွေမျိုးသားချင်းများပင်လျှင် အခမ်းအနားမစခင်မှာပင် တောင်ပြိုကျ၍ သေသူများနှင့်အတူ မပြန်လမ်းသို့ မြန်းသွားခဲ့ကြရသည့် အကြောင်းအရာတွေလည်း ရှိခဲ့ဖူးသည်ဟူ၍ ပြောစမှတ်ပြုခဲ့ဖူးကြပါသည်။

◆◆◆

'ကဲ..စကားဝိုင်းကလည်း ကောင်းပါ့။ လက်ဖက်နဲ့ ဆတ်သားဆီဆမ်းလေးနဲ့ အကြမ်းပူပူလေးကလည်း ကောင်းပါ့။ ဒါပေမဲ့ မနက်လုပ်ငန်းဆင်းကြရမှာဆိုတော့ အိပ်ကြစို့ ငါ့ညီတို့ရေ'

'ဟုတ်ပါရဲ့။ ညီတို့အားလုံး စကားကောင်းနေကြတာနဲ့ နာရီတောင် မကြည့်မိကြဘူး'

'ည(၁၁)နာရီ ထိုးနေပြီ ငါ့လူတို့ရေ၊ မီးပိတ်.. မီးပိတ်။ အိပ်ကြစို့ဗျို့'

ရုံးအဖွဲ့မှူး ဦးချစ်ခိုင်က ခုတင်ပေါ်လှဲနေရာမှ လှမ်းပြောလိုက်သဖြင့် အားလုံး အိပ်ရာကိုယ်စီ ဝင်လိုက်ကြပါသည်။ မည်မျှအိပ်မောကျသွားကြသည် မသိပါ။

'နေသစ်..နေသစ်၊ လူသံတွေလိုလို ကြားတယ်'

နေသစ်ထူးနှင့် အိပ်ရာချင်းကပ်နေသော မိုးဝေ နှိုးသံကြောင့် နေသစ်ထူး အာရုံစိုက်၍ နားထောင်မိနေစဉ်မှာပင်-

'နေသစ်နဲ့ မိုးဝေ၊ လူသံတွေ ကြားနေရတယ်။ ဂေါ်ပြားသံတွေလည်း ကြားနေရတယ်'

အိပ်ရာခုတင်ချင်း ယှဉ်အိပ်နေသော ခန့်ဇော်ကပါ ထပ်မံပြောလိုက်သဖြင့်-

'အေး..ဟုတ်တယ်ဟ။ ငါလည်း မိုးဝေနှိုးပြောလို့ နားထောင်မိတာ။ မင်းလည်း ကြားတယ်ပေါ့။ ဒါဆို ငါတို့ သုံးယောက်တည်း ထွက်ကြည့်လို့တော့ မဖြစ်ဘူး။ အစ်ကိုပိုင်တို့၊ အစ်ကိုသူရတို့ လူကြီးတွေကို နှိုးပြီး ပြောကြမယ်'

'အေး..ဟုတ်တယ်။ နေသစ်..မင်း ဦးပိုင်နဲ့ ဦးခိုင်ကိုနှိုး၊ ငါနဲ့ မိုးဝေ ဦးသူရနဲ့ ဦးမျိုးကို နှိုးမယ်။ ညကြီးများ ဘာတွေလုပ်နေကြတယ် မသိဘူး'

'အစ်ကိုတို့..အစ်ကိုတို့၊ ထကြပါဦးဗျ။ အပြင်မှာ လူသံတွေ ကြားနေရတယ်။ အချင်းချင်း စကားပြောသံတွေဗျ'

'ဟုတ်တယ်။ ဂေါ်ပြားသံတွေလည်း ကြားရတယ်။ ညဥ့်နက်ကြီး ဘာလုပ်လုပ်နေကြတာလား မသိဘူးဗျ'

နေသစ်ထူး၊ မိုးဝေနှင့် ခန့်ဇော်တို့ နှိုးသံကြောင့် အင်ဂျင်နီယာ ဦးသက်ပိုင်၊ ဦးဇင်မျိုး၊ ဦးသူရနှင့် ဦးချစ်ခိုင်တို့ အလူးအလဲ အိပ်ရာထကာမှ ပြိုင်တူထလိုက်ကြသည်။ ထို့နောက် သူတို့အားလုံး အဆောက်အအုံအပြင်သို့ ထွက်ခဲ့ကြပြီး တောင်ပေါ်မှ တောင်အောက်သို့ အားလုံးငုံ့ကြည့်မိကြရာ တောင်ပတ်လည်ကိုမှီ၍ဖွဲ့ထားသော အိမ်ကလေးများကို မှုန်ပျပျ ခပ်ရေးရေး မြင်နေရသလိုလို၊ ထိုအိမ်လေးများဆီမှ မီးအိမ်လေးတွေဆွဲကိုင်ပြီး ထွက်လာကြသော လူအချို့၏ ရုပ်လုံးသဏ္ဍာန်များကို မြင်လာရသလိုလို၊ သူတို့အားလုံး မြေစာပုံရှိရာဆီသို့ တရွေ့ရွေ့နှင့် သွားနေကြသလို၊ မပီမသ ဝိုးတိုးဝါးတား ဖဝေဖဝါမြင်ကွင်းရုပ်ရိပ်များအား တွေဝေစွာကြည့်နေမိကြစဉ်မှာပင်-

'ဝုန်း'

'ဝေါ' ဟူသော မြည်ဟည်းသံကြီးများကို ကြားလိုက်ကြရပြီး ကျောက်ခဲစများ၊ အရိုးအပိုင်းအစများလိုလို နေသစ်ထူးတို့ တစ်ဖွဲ့သားလုံး၏ ခေါင်းထက်၌ ပျံဝဲနေသည့် အလား တောင်အောက်သို့ ငုံ့ကြည့်မိနေကြသော အဖွဲ့သားအားလုံး နာနာဘာဝ ဝိနာဘာဝတို့ကို ရင်ဆိုင်နေကြရသည့်နှယ် ခံစားနေကြရ၏။

သို့သော်လည်း သူတို့အားလုံး၏ ခေါင်းထက်အပေါ်ဆီမှ ကြောက်ခမန်းလိလိရှိလှသောအသံနှင့် သူတို့အားလုံး၏ ခေါင်းထက်မှ ပျံဝဲနေသည်ဟု သူတို့ ထင်နေသော အရာအားလုံးသည် သူတို့အားလုံးပေါ်သို့ တစ်စုံတစ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com

ကျရောက်လာခြင်းမရှိခဲ့၍ သူတို့အားလုံး ပြေးဖို့ပြင်လိုက်မိကြသော ခြေလှမ်းများကို ပြန်ရုပ်မိလိုက်ကြ၏။

ဒေသတစ်ခု၏ ဂမ္ဘီရဆန်သော ဆန်းကြယ်မှုအားယခုမှ သူတို့အားလုံး တကယ်ပင် နဖူးတွေ့ဒူးတွေ့ အံ့အားသင့်အောင်မင် ရင်ဆိုင်နေကြရပေသည်။

ထိုစဉ်အခါမှ အတွေ့အကြုံရှိခဲ့ဖူးသူ ရှုံးအဖွဲ့မှူး ဦးချစ်နိုင်မှာ ရုတ်တရက်ဆိုသလို–

'ဟေ့လူတို့..ဒီမှာ ခင်ဗျားတို့တစ်တွေရဲ့ အကုသိုလ်ပစ္စည်းတွေကို ကျုပ်တို့အဖွဲ့က ယူဖို့လာတာ မဟုတ်ဘူး။ ခင်ဗျားတို့ဟာတွေကို ကျုပ်တို့အဖွဲ့ လက်ဖျားနဲ့ထိဖို့မပြောနဲ့၊ စိတ်နဲ့တောင် မပြစ်မှားဘူး။ စိတ်ချကြ..စိတ်ချ' ဟူ၍ အသံကျယ်ကြီး ပေးလိုက်မှ ဝုန်းဆိုသောအသံတွေ တိတ်ဆိတ်ချုပ်ငြိမ်းသွားပါတော့သည်။

ထို့နောက် ရှုံးအဖွဲ့သားအားလုံး အဆောင်ထဲသို့ ပြန်ဝင်ခဲ့ကြပြီး အိပ်ရာကိုယ်စီ ပြန်ဝင်လိုက်ကြပါသည်။

အားလုံး အိပ်ရာပြန်ဝင်ပြီး ခဏမှာပင် လျှပ်ရောင်တဝင်းဝင်းနှင့် မိုးခြိမ်းသံ တဟိန်းဟိန်းဖြင့် မိုးက သည်းလာသလိုရှိလိုက်ပြီးနောက် တောင်ပြိုကျသံ၊ ဆူညံအော်သံတို့ကို ညံ့ညံ့ညံ့ညံ ကြားလိုက်ကြရသလိုလို ရှိပါသော်လည်း ရှုံးတစ်ဖွဲ့သားလုံး ထမကြည့်ဖြစ်ကြတော့ပါ။

ဒေသတစ်ခု၏ ရှုသမြောက်စွာ ဆီးကြိုနှုတ်ခဲ့လိုက်သော ဂမ္ဘီရစစ်စစ်အရသာထူးကို တစ်ဖွဲ့သားလုံး သဘောပေါက် ခံစားတတ်သွားကြပေပြီ။

'ဩော်..ဒီအသံတွေ၊ ဒီပုံရိပ်တွေ၊ ဒီနေရာ၊ ဒီဒေသဒီဝန်းကျင်မှာ ဘယ်တော့များမှ ပျောက်ဆုံးသွားကြမလဲဆိုတာ မသိနိုင်တော့ပါလား'

ဟုတ်ပါသည်။ နေသစ်ထူး တွေးမည်ဆိုလျှင်လည်းတွေးသင့်ပါသည်။ မြေပြိုကျတာ ကိုက်(၂၀၀)ကျော်အကွာအထိ မြေများနှင့် အရာဝတ္ထုများက တစ်ပြေးညီနုံးလွှမ်းပစ်လိုက်သဖြင့် ထိုမြေအောက်တွင် ရေမဆေးကျောက်ရှာသူ လုပ်သားများ မည်မျှလောက် ရောက်နေကြမည်ကို မှန်းဆ၍မရပေ။ မည်သို့မျှ မလူးသာမလွန့်သာဘဲ အားလုံး အသက်ရှုပေါက်ပိတ်ပြီး စီပိန်ချုပ်ငြိမ်းသည့်ဘဝသို့ ရောက်သွားခဲ့ကြရရှာသော အဖြစ်သနစ်ကြီးမှာရှင်လတ်လတ် ငရဲခံရသည်နှင့် ခြားမည်မထင်ပေ။

'အင်း..ဒီနေရာဟာ တကယ်ပဲ ဝိညာဉ်တွေရှိနေတဲ့ဝိညာဉ်တောင်တန်းများ ဖြစ်နေပြီလား'

နေသစ်ထူး ထိုသို့တွေးရင်းမှပင် အိပ်ပျော်သွားခဲ့ရပါတော့သည်။

◆◆◆

တာဝန်များအားလုံး ပြီးဆုံး၍ ရှုံးချုပ်သို့ ပြန်ရောက်ခဲ့ကြပြီး ရက်အနည်းငယ်အကြာတွင် နေသစ်ထူး သူ၏ သူငယ်ချင်းဖြစ်သူ ရဲသွေးနှင့် ဆုံမိချိန်၌–

'ဟာ..နေသစ်၊ ဖားကန့်ကို ခရီးထွက်ရတယ်ဆို'

'ဟုတ်တယ် သူငယ်ချင်း'

'ဘာမြင်ခဲ့လဲဗျ'

'ရှေးသည် ရှေးဝယ် စုံလို့ပဲဗျို့'

'လာနောက်နေပြန်ပြီ နေသစ်ရယ်'

'ဩော်..ကဲ..တကယ်ပါဆို။ ရေမဆေးကျောက်တွေ ကောက်ကြ၊ ရောင်းကြနဲ့ ဖားကန့်ထဲမှာ ကျောက်ဝိုင်းကို စည်လို့။ အစိမ်းတွေ၊ ခရမ်းတွေ၊ အမည်းတွေရော စုံလို့ပဲဗျို့'

'အင်း..ဒါနဲ့ ထူးခြားဖြစ်စဉ်ဆို ဘယ်မလဲ'

'ဟ..ရှိပါသကောဗျာ၊ ကျောက်တွေတူးတော့ တောင်တွေပြိုတယ်လေ။ မြေစာတွေကို စနစ်တကျ သိပ်မပုံဖြစ်တော့ အဲဒီနေရာက ကျောက်ကြွင်းကျောက်ကျန်တွေကို ရေမဆေးကျောက် ရှာသူတွေက ကောက်တယ်။ မြေစာပုံပြိုကျတော့ သေကုန်ပါရောလား။ အဲဒါ ထူးခြားဖြစ်စဉ်ပေါ့'

'အယ်..အရှင်လတ်လတ်ကြီးတွေ မြေမြှုပ်ခံကြရတာပေါ့။ ဩော်..ဒုက္ခ..ဒုက္ခ၊ တရားရစရာကောင်းလိုက်တာ'

'ကိုယ်တော်င် အဲဒီနေရာကို အမည်သစ်လေးတစ်ခုပေးခဲ့မိခဲ့သေးတယ်'

'အလဲ့..ဆိုစမ်းပါဦး။ ဘယ်လိုအမည်များတုံး'

'ဝိညာဉ်တောင်တန်းလို့လေ'

'ဟိုက်ရှားပါး၊ ကဗျာဆန်လှချည်လား။ စိတ်ဝင်စားစရာ အမည်လေးပဲ။ အမည်ကတော့ လန့်ထွက်နေတယ်နော်။ ဘာတဲ့၊ ဝိညာဉ်တောင်တန်းတဲ့လား'

စာပေချစ်သူများအားလုံး ဂမ္ဘီရဗဟုသုတများကြွယ်ဝပြည့်စုံကြပါစေ။

**အင်ကြင်းမျှော်(ချင်းပြည်တော်)**

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ဥက္ကလာပမင်းကြီး၏သမီးတော် ရူပစန္ဒာမင်းသမီးကို ငမိုးရိပ်မိကျောင်း ဆွဲသွားသည်မှာ တစ်လကျော်သွားလေပြီ။ မည်သူမျှလည်း မကြံဆောင်နိုင်။

'ဤမိကျောင်းကို မည်သူမျှ မနှိမ်နင်းနိုင်ကြတော့ပြီလော'ဟု တိုင်းသူပြည်သားများမှာလည်း ဘုရားတ၊နေရသည်။

ရေလမ်းကိုလည်း သွားဝံ့သူ မရှိကြလေသောအခါ ဥက္ကလာပတိုင်းကြီးမှာ ချောက်ချားလာတော့၏။

သို့သော် ငမိုးရိပ်မှာကား ရူပစန္ဒာအား စိတ်ချရလေပြီတည်း။ ရူပစန္ဒာသည် ငမိုးရိပ်ကို မင်းညီမင်းသားတစ်ပါး နန်းတွင်းအရေးကြောင့် ခေတ္တရှောင်တိမ်းနေရသူအမှတ်ဖြင့် သံယောဇဉ်ငြိတွယ်ကာ အချစ်ကြီး ချစ်၍နေရှာလေပြီ။ ဤသို့ဖြင့် မောင်မယ်စုံ ရွှေလည်တွဲကာ ချစ်ပွဲဝင်နေကြသည့်အခိုက် ငမိုးရိပ်၏ ဗိမာန်ဂူနန်းသို့ မျက်နှာစိမ်းဧည့်သည်တစ်ဦး ရောက်လာသည်။ ငမိုးရိပ်ကို အပြင်သို့ ခေါ်ထုတ်ကာ တိုင်ပင်စရာရှိသည်ဟု ဆိုသည်။

ငမိုးရိပ်က သိလိုက်လေပြီ။ သို့သော် ရူပစန္ဒာ ရိပ်မိခြင်း မရှိလေရအောင် 'မောင်မောင် ဧည့်သည်နဲ့ စကားသွားပြောဦးမယ်နော်'ဟု ပြောကာ ရူပစန္ဒာ၏အပါးမှ ထွက်လာသည်။

ရူပစန္ဒာက နောက်မှ--

'မောင်မောင် ..မကြာစေနဲ့နော်။ စုဖုရားတစ်ပါးတည်း ပျင်းတယ်'

ဧည့်သည်အားလုံး သုံးဦးရှိသည်။ သမုဒ္ဒရာကို ပိုင်စိုးသော နတ်မိကျောင်းတို့၏ အရှင်သခင်ကြီးထံမှ လွှတ်လိုက်သည့် နတ်မိကျောင်းစေတမန်များ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ရေကာင်းသူ
# မရွှေပွင့်



အပြင်သို့ရောက်သည်နှင့် ငမိုးရိပ်ကိုခေါ်လာသည့် လူ
အသွင်ပြောင်းထားသော မိကျောင်းစေတမန်က 'ငမိုးရိပ်

မင်းကို အရှင်ကြီးက အခေါ်လွှတ်တယ်' ဟု ပြောသည်။
'ဘာကိစ္စရှိလို့လဲ'
'မင်းလုပ်ထားတာ မင်းသိတယ်။ လိုက်ခဲ့'
'ချက်ချင်းလား၊ မနက်ဖြန်မှ လိုက်ခဲ့မယ်'

www.burmeseclassic.com

www.burmeseclassic.com

'မရဘူး။ အေးအေးဆေးဆေး မလိုက်ရင် ချုပ်နှောင်ပြီး ခေါ်ခဲ့ရမယ်လို့ အမိန့်ပါတယ်'

'ဒါဖြင့် ခဏစောင့်။ သူ့ကို ငါ မှာခဲ့စရာရှိတယ်'

'မြန်မြန်နော်။ ယီးတီးယားတားတော့ မလုပ်နဲ့'

ငမိုးရိပ်သည် အတွင်းသို့ဝင်၍ ရူပစန္ဒာအား နှုတ်ဆက်စကားဆိုမည့်ဟန်ဖြင့် ထွက်သွားကာ အတွင်းသို့ ရောက်သည်နှင့် မိကျောင်းအသွင်ပြောင်းကာ မြစ်ထဲသို့ လျှောဆင်းကာ ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။

မိကျောင်းစေတမန်သုံးဦးတို့မှာ ငမိုးရိပ် ထွက်မလာနိုင်စောင့်နေရင်းမှ ထွက်ပြေးပြီဟု သိသောအခါ ငမိုးရိပ်ခြေရာနောက်သို့ လိုက်ကြတော့၏။ လိုက်ရင်းဖြင့် လျင်မြန်လွန်းသော ငမိုးရိပ်အား မိကျောင်းတမန် သုံးဦးအနက်မှ နှစ်ဦးသည် လမ်းပျောက်သွားသောကြောင့် နောက်ကြောင်းသို့ပြန်လှည့်ကာ သူတို့၏အရှင် သမုဒ္ဒရာစောင့်မိကျောင်းတို့သခင်ကြီးအား အကျိုးအကြောင်းကို ပြောပြကြ၏။

ငမိုးရိပ်သည် ပြေးလာရသည်မှာ အမြန်ချည်းဖြစ်နေ၍ မောလှပြီ။ နေသည် မွန်းတည့်ချိန်သို့ ရောက်ရှိလာ၏။ ရေအပူရှိန်ကလည်း တဖြည်းဖြည်းပူလောင်လာလျှင် ငမိုးရိပ်အားကုန်လာသည်။ မောဟိုက်ပင်ပန်းလာသည်။ ထို့ကြောင့် ဝင်ပုန်းရန် နေရာတစ်ခုခုကို ရှာသောအခါ ချောင်းက သေးနေသော်လည်း ကမ်းစပ်မှာပေါက်လျှော့ရှိသည့် ချုံငယ်ပိတ်ပေါင်းများစွာတို့က ထူထပ်နေသောနေရာကိုမြင်၍ ငမိုးရိပ်သည် အတွင်းဘက်သို့ ရောက်နိုင်ရန် ကြိုးစားဝင်တိုးရင်းဖြင့် နေရာကောင်းတစ်ခုကို ရလိုက်သည်။ ထိုချောင်းထဲမှနေ၍ ငမိုးရိပ်သည် မိကျောင်းစေတမန် လိုက်လာမလားအထင်ဖြင့် ချုံထဲမှနေကာ ချောင်းကြည့်လေ၏။

ငမိုးရိပ်တွေးသည့်အတိုင်းပင် မိကျောင်းစေတမန်သည် ငမိုးရိပ်ကို မတွေ့တော့လျှင် နောက်ကြောင်းပြန်လှည့်၍ ငမိုးရိပ်ရှိမည်ထင်ရသော နေရာများကို လှည့်ပတ်၍ရှာ၏။ ဤအချိန်အတွင်း ငမိုးရိပ်မှာ သူ့အတွက် အကွက်ရပြီဟု ဝင်တိုးကာ ပုန်းအောင်းရာမှ ရေ့ခရီးစဉ်ဖြစ်သော မြစ်ကြောင်းအတိုင်း ရေစုန်ကိုမျော၍ အားကုန်ထွက်ပြေး၏။

မိကျောင်းစေတမန်လည်း သူ့နားဦး ရေတိုးစီးသွားသံကြားလိုက်ရ၍ ရှေ့သို့ကြည့်လျှင် ငမိုးရိပ်ပြေးသည်ကိုမြင်၍ လိုက်လေလျှင် ခရီးဝေးသွားလေပြီ။ ငမိုးရိပ်သည် သူ့နောက်သို့ မိကျောင်းစေတမန် လိုက်နေဦးမည်ကိုသိ၍ ရောက်နေသည့်မြစ်ကြောင်းကိုကြည့်လျှင် မင်္ဂလာဒုံသို့ ကပ်နေပြီဟု သိရသောကြောင့် ကမ်းသို့ကမ်ကာ မိကျောင်းအသွင်ဖျောက်၍ လူ့အသွင်ဖြင့် ခရီးသွားလာနေကြသူများ၏အထဲသို့ ရောဝင်လိုက်၏။ ထိုအခါ မိကျောင်းစေတမန်သည်လည်း ငမိုးရိပ်ကို မတွေ့ရတော့၍ လက်လျှော့ကာ ခရီးကို ပြန်လှည့်လေသည်။

ငမိုးရိပ် ဝင်ပုန်းသောချောင်းကို နောင်အခါ လူတို့ရှာတည်ကြလျှင် တိုးချောင်ကလေးရွာဟု သမုတ်ကြလေ၏ဟု ဆိုသည်။

* * *

ငမိုးရိပ်သည် တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်း မရှိခဲ့သည့် မင်္ဂလာဒုံရွာကြီးတွင် မည်သို့သွား၍ မည်သူနှင့်ဆက်သွယ်ကာ သူ့ဘဝကို ရပ်တည်ရမည်နည်းဟု စဉ်းစားလေသည်။ သူသည် သာမညအမျိုးမဟုတ်၊ သိကြားမင်းပေးသော နတ်ရေစင်ကိုသောက်ကာ သတ္တဝါတစ်ခု ဖြစ်လာရခြင်းကြောင့် အများသတ္တဝါထက် သာလွန်ကြီးမားသော အကြံဉာဏ်များစွာတို့သည် သူ၏ဘဝပေးပါရမီတွင် ပါလာပြီးသား ဖြစ်လေသည်။ ထို့ကြောင့် သူ့ဘဝတွင် လူသားအသွင်ဖြင့်သာ ဇာတ်မြှုပ်နေထိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုအခါ ငမိုးရိပ်နှင့် သံယောဇဉ်တွယ်ငြိခဲ့သော ဥက္ကလာပမင်းကြီး၏သမီးတော် ရူပစန္ဒာသည်လည်း သူ့ဘဝမှာ မရှိတော့။ အားလုံးကို မေ့ပစ်ရပါတော့မည်။

'ကံဆိုးမလေး ရူပစန္ဒာရေ၊ မောင်မောင့်ကို ခွင့်လွှတ်ပါလေတော့။ ဒီဘဝဒီမျှသာ ကံတပါလာတယ် ထင်ပါရဲ့'

သူ့တွင် အဖိုးတန်ကျောက်သံပတ္တမြားထုပ်ကြီး ပါလာသည်။ ဤရတနာများကို အရင်းအနှီးပြုကာ ဘဝမှာ တင့်တင့်တယ်တယ် အေးအေးချမ်းချမ်း နေထိုင်တော့မည်။ ဟုတ်ပြီ။ ငါဟာ ငမိုးရိပ်မဟုတ်တော့ပြီ။ ဒီနေ့ကစပြီး ငါ့နာမည်က မောင်မိုး၊ အလုပ်က ကျောက်ကုန်သည်။

မောင်မိုးသည် လမ်းခရီးတွင် ကြုံဆုံနေသူများအား မေးမြန်းစုံစမ်းရင်းဖြင့် ရေကင်းရွာကြီး၏ကမ်းနား မိန်းကလေးများ ရေအိုးကိုယ်စီဖြင့် ရေခပ်ဆင်းကြသော ညနေရီနေခြည်စောင်းချိန်တွင် မြစ်ကမ်းနားသို့ ရောက်သွားသည်။

မြစ်ကမ်းတွင် ရေခပ်သူမိန်းကလေးများ အနည်းငယ်ရှင်းသွား၍ မိန်းကလေးတစ်ယောက်သာ ကျန်တော့သည့်အချိန်၌ မောင်မိုးသည် ထိုမိန်းကလေးအနီးသို့ ရောက်သွားကာ မေးလေသည်။

'နှမရယ်··သူကြီးအိမ် ဘယ်နားရှိလဲ မေးချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဩော်..ဟုတ်ကဲ့၊ ကမ်းပေါ်ကို ဒီကနေတည့်တည့် တက်သွားပြီး ညာဘက်ကို လျှောက်လိုက်ပါ။ မဝေးပါဘူး။ ကျွန်မဦးကြီးအိမ်ပဲ'

မောင်မိုး ဝမ်းသာသွားသည်။ ဆိုက်ဆိုက်မြိုက်မြိုက် ပါပဲလား။ ဒါဟာ ကံကောင်းခြင်းရဲ့ လက္ခဏာပဲဟု ဖျတ်ခနဲတွေးကာ မိန်းကလေးကို အပြုံးနှင့်နှုတ်ဆက်၍ မြစ်ဆိပ်မှ ထွက်လာခဲ့၏။ သူကြီးနှင့် အဆင်သင့်ပင် တွေ့ရသည်။ သူကြီးက ဖော်ရွေသည်။ မောင်မိုးက အပြောကောင်းသည်။ ထို့ကြောင့် အချိန်တိုအတွင်း၌ သူတို့နှစ်ဦး ရင်းနှီးသွားကြ၏။

'ကျွန်တော်က တစ်ကောင်ကြွက်ပါ။ မိဘနှစ်ပါးစလုံးက ကျွန်တော်ကလေးဘဝမှာကတည်းက ကွယ်လွန်သွားကြလို့ ဆွေမျိုးတွေရဲ့လက်ထဲမှာ ကြီးပြင်းလာရတာပါ ဦးကြီးရယ်။ ကျွန်တော့်ကို တူသားလို သဘောထားပါ'

မောင်မိုးသည် မြစ်ဆိပ်မှာတွေ့ခဲ့သော မိန်းကလေးက သူကြီးနှင့် ဦးကြီးတော်စပ်သည်ဟု ဆိုလိုက်၍ သူကလည်း သူကြီးကို ဦးကြီးဟုခေါ်ကာ ရင်းနှီးအောင် ဆက်ဆံလိုက်ရင်း သူ့စကားကို ဆက်သည်။

'ကျွန်တော့်မှာ မိဘတွေထားခဲ့တဲ့ တွင်းထွက်ကျောက်ထုပ်ကြီး ရှိပါတယ်၊ မိဘအမွေဆိုပါတော့။ အဲဒီကျောက်တွေကို နယ်လှည့်ရောင်းရင်း ကျောက်ကုန်သည် မောင်မိုးရယ်လို့ နာမည်ကြီးခဲ့ပါတယ်။ ကျွန်တော့်ကျောက်တွေက တွင်းထွက်အစစ်အမှန်ဖြစ်ပေမယ့် ရောင်းဈေးနှုန်းကိုတော့ သူများတွေရဲ့ရောင်းဈေးထက် နှိမ်ထားပေးပါတယ်။ ဝယ်သူတွေကို စေတနာထားတဲ့ သဘောပါပဲ။ အဲဒီစေတနာကြောင့် ကျွန်တော့်မှာလည်း အကျိုးပေးပါတယ်။ ကျောက်ကုန်သည်ဆိုရင် မောင်မိုးမှ မောင်မိုးပဲ။ ဘယ်ကုန်သည်မှ ကျွန်တော့်လောက် ရောင်းကွက်မရှိဘူး'

'အင်း..ဟုတ်ပြီ၊ ဟုတ်ပြီ။ အခု မောင်မိုးက ဦးကြီးဆီ ဦးတည်ပြီးလာတဲ့ ဧည့်သည်ဆိုတော့ ပွင့်ပွင့်လင်းလင်း မေးရဦးမယ်။ ဦးကြီးကို မောင်မိုးရဲ့ကျောက်တွေ ရောင်းချင်လို့လား၊ ဒါမှမဟုတ် ဒီပြင်အကူအညီတစ်ခုခုကို လိုချင်လို့လား။ ကျောက်ရောင်းဖို့တော့ စိတ်မကူးနဲ့ကွယ့်။ ဦးကြီးက သူကြီးဆိုပေမယ့် သူကြီးပိန်၊ သူကြီးဆင်းရဲသားကွယ့်။ မဝယ်နိုင်ဘူး။ ဟား..ဟား'

'အို..ဒီလိုမဟုတ်ပါဘူး။ ဦးကြီးက သူကြီးဆိုတော့ ကျွန်တော့်ဘဝ လုံခြုံတယ်လေ။ ပြီးတော့ ဦးကြီးအိမ်မှာ တည်းခိုတယ်ဆိုတဲ့ဂုဏ်ကြောင့် ကျွန်တော့်အရောင်းအဝယ်ကိစ္စမှာလည်း စိတ်ချရအောင်လို့ပါ။ ကျွန်တော့်ဆီက ကျောက်ကို ဦးကြီး မဝယ်ရပါဘူး။ ကျွန်တော်က လက်ဆောင်ပေးမှာပါ။ ကျွန်တော့်မှာ ရည်ရွယ်ပြီးသားပါ။ ဦးကြီးနာမည်က ဦးထွန်းအေးဆိုတော့ စနေသားပေါ့။ စနေသားဆိုတော့ နီလာကျောက်ရဲ့အစွမ်းက အေးချမ်းတယ်။ သူ့ကိုအမြဲဝတ်ထားရင် ဘေးအန္တရာယ်ရန်စွယ်ဟူသမျှ မတော်ရောက်ဘူးတဲ့။ ဟောဒီမှာ ဒီလက်စွပ်ကို ဦးကြီးဝတ်ကြည့်ပါ။ လက်သူကြွယ်မှာဝတ်ပါ။ အတော်ပဲ နေပါလိမ့်မယ်။ လက်စွပ်ဝတ်တာ လက်သူကြွယ်မှာဝတ်မှ အကျိုးပေးတာ ဦးကြီးရဲ့။ တချို့က လက်ခလယ်မှာဝတ်တယ်။ အဓိပ္ပာယ်မရှိဘူး။ လက်သူကြွယ်ဆိုမှတော့ လက်သူကြွယ်မှာဝတ်မှ အကျိုးပေးမယ် မဟုတ်ဘူးလား ဦးကြီးရဲ့'

'မောင်မိုး..စကားကြွယ်လှချည့်။ ကျောက်ကုန်သည် ပီသပါရဲ့'

သူကြီးသည် မောင်မိုးပေးသော နီလာလက်စွပ်ကို လက်မှာဝတ်ရင်း စိတ်ထဲမှ ချီးကျူးနေမိသည်။ မောင်မိုးကိုလည်း အထင်ကြီးသထက် ကြီးလာ၏။

လူကလေးကငယ်ငယ်၊ ဗဟုသုတကတော့ စုံလင်ပါရဲ့ဟုတွေးရင်း 'မောင်မိုး..ဒီမှာ တည်းခိုချင်သပ ဆိုရင် တည်းပါ။ အစစကိုလည်း စိတ်ချပါ။ ရေကင်းမှာ ဦးကြီးက ပြီးဆိုရင် ပြီးကြတာပဲ'ဟု ဆိုနေခိုက် မိန်းကလေးတစ်ယောက် အိမ်ပေါ်သို့တက်လာသည်။

မောင်မိုးကို မြင်လိုက်လျှင် မျက်နှာကလေးဝင်းသွားကာ–

'ဩော်..မောင်ကြီးက ရောက်နေပြီကိုး။ ကျွန်မတောရွာလို့မှ တွေ့ပါမလားဆိုပြီး စိတ်ပူပြီး လိုက်လာတာပါ'

ဟု ပြောရင်း သူကြီးဘက်သို့လှည့်ကာ–

'ဦးကြီးရဲ့..မြစ်ဆိပ်မှာ ဒီမောင်ကြီးက သူကြီးအိမ် ဘယ်မှာလဲ လာမေးလို့ ကျွန်မပဲ ညွှန်လိုက်တယ်လေ'ဟု သွက်လက်စွာပြောလျှင် မောင်မိုးမှာ နှုတ်ဆွံ့လျက်ရှိနေရာမှ စိတ်ထဲ၌မူ များစွာကြည်နူးသွားကာ မိန်းကလေးနှယ်–– ချစ်စရာကောင်းလိုက်တာဟု တွေးမိလိုက်သည်။

သူကြီးကလည်း မိန်းကလေး၏စကား ဆုံးသွားသည်နှင့်–

'ဩော်..မြစ်ဆိပ်မှာ မရှေ့ပွင့်နဲ့ ဆုံခဲ့တာကိုး' [illegible] ရာမှ–

www.burmeseclassic.com

'မောင်မိုးရေ··ဟောဒါ ဦးကြီးရဲ့ တူမလေးပဲကွယ်။ သူ့မိဘနှစ်ပါး မရှိကတည်းက ဦးကြီးကပဲ စောင့်ရှောက်ထားတာ။ သူ့နာမည်က မရွှေပွင့်လို့ခေါ်တယ်။ မောင်နှမလိုသဘောထားကွယ့်။ အားနာစရာ ဘာမှမရှိဘူး။ ခိုင်းစရာရှိခိုင်းပေါ့။ မရွှေပွင့်က သူ့အဘွားနဲ့အတူ ရွာမြောက်ပိုင်းမှာနေတယ်'ဟု ရှည်လျားစွာပြောရင်း မိတ်ဆက်ပေးသည်။

မကြာမီ သူကြီးအိမ်က ကျောက်ကုန်သည် မောင်မိုး၏သတင်းသည် ရေကင်းတစ်ရွာလုံး၌ ပျံ့နှံ့သွားသည်။ ရေကင်းသည် စိုက်ပျိုးရေးကောင်းသော ရွာကြီးဖြစ်သည်။ မြစ်ဆိပ်ရှိသောကြောင့် ရေလမ်းခရီးသွားများ၊ ကုန်သည်များစသည်ဖြင့် အဝင်အထွက်များကာ စီးပွားရေးကောင်းသော ရွာကြီးဖြစ်သောကြောင့် မောင်မိုး၏ ကျောက်ကုန်သည်အလုပ်မှာ အဆင်ပြေလျက် ရှိလေသည်။

မောင်မိုးမှာလည်း ငုံးဆူလူမသိဟူသော ဘဝမျိုးနှင့်အတ္တိတ်ကို ဖာတ်မြုပ်ကာ ခပ်ကုပ်ကုပ်နေခဲ့ရသော်လည်း သူ့ရဲဇ်ထဲ၌မူ ရူပစန္ဒာဆိုသော ချစ်ဦးသူကလေးကို တသိမ့်သိမ့်လွမ်းဆွတ်နေမိသည်။ သူ့ခမျာ ဘယ်လိုများနေရှာပါလိမ့်။ ကျောက်ဂူထဲမှာလည်း ထွက်ရာလမ်းမရှိသောကြောင့် မရဏလမ်းကိုသာ မြန်းရှာရပေတော့မည်ဟု ရင်နာလို့မဆုံးနိုင်အောင် ခံစားနေရ၏။

သူကြီးကလည်း မောင်မိုးကို အလွန်ရိုးသားသော၊ ယဉ်ကျေးသိမ်မွေ့သော သူငယ်၊ ဥစ္စာပစ္စည်းကလည်း ကြွယ်ဝသူဖြစ်ပါလျက် မာန်မာနကင်းသည်မှာလည်း သဘောကျဖွယ်ရာဖြစ်သည်ဟု အမိမဲ့တူမကလေး မရွှေပွင့်နှင့် နေရာချပေးချင်နေသည်။ သို့သော် မရွှေပွင့်နှင့် အတူနေသူအဘွားကိုလည်း တိုင်ပင်သည်။ တစ်ရွာတစ်ကျေးမှ ရောက်



လာသူ ဖြစ်နေသောကြောင့် ရေကင်းရွာနေရှိ အပေါင်းအသင်းများကိုလည်း ညှိနှိုင်းသည်။ အားလုံးက လက်ခံသည်။ မရွှေပွင့်အတွက် အားကိုးရမည့် အိမ်ထောင်ဖက်ကောင်းတစ်ယောက်လည်း ဖြစ်နိုင်ပါလိမ့်မည်ဟု ဆိုကြသည်။ မရွှေပွင့်သဘောကို သူ့အဘွားက မေးသည်။

ထိုအခါ မရွှေပွင့်က-

'အဘွားရယ်··လူကြီးတွေက ကောင်းတယ်လို့ စီစဉ်တာကို ကျွန်မ ငြင်းလို့မတော်ပါဘူး။ ကောင်းသလိုသာ အဘွားတို့ စီစဉ်ကြပါ'ဟု အလိမ္မာစကားကို သုံးသည်။

ဤသို့ဖြင့် မောင်မိုးသည် မရွှေပွင့်နှင့် ဖူးစာဆုံခဲ့ရသည်။ ချစ်ရသည်မှာလည်း ပြောလို့ရယ်တဲ့မကုန်၊ မကုန်ဟူသကဲ့သို့ ကြုံနေရသည်။

သိပ်လိမ္မာတဲ့ မရွှေပွင့်၊ လင်ကိုသိပ်ချစ်တဲ့၊ သိပ်ရိုသေတဲ့၊ အလိုက်တသိလည်းရှိတဲ့ မရွှေပွင့်ကလေး။ ရေကင်းသူကလေးဟု မောင်မိုးသည် ငုံထားမဇာတ် ချစ်ခဲ့ရသည်။

'မြစ်ဆိပ်မှာ ရေမခပ်ရဘူး၊ အဝတ်လျှော် မသွားရဘူးနော်'ဟု မောင်မိုးက မှာသည်။

ထိုအခါ မရွှေပွင့်သည် မောင်မိုးရင်ခွင်ထဲသို့ တိုးဝှေ့ကာ လေသံတိုးတိုးကလေးနှင့် မောင်မိုးပါးကိုကပ်ပြီး ခရသလို တာသလို ပြောသည်။

'အို··ကိုမိုးကလည်း၊ ရေခပ်ဆင်းတာ၊ အဝတ်လျှော်တာ မိန်းမတိုင်းလုပ်ရမယ့် အလုပ်ပဲလေ။ လုပ်တာ ဘာဖြစ်လဲ။ တော်ကြာ သူငယ်ချင်းတွေက ဒီကောင်မမိရွှေပွင့်လင်သူဌေးကိုရလို့ ဟန်ကြီးပန်ကြီးလုပ်လာပြီပြောရင် ဘယ့်နှယ်လုပ်မလဲနော်။ ရေခပ်ပါရစေ၊ အဝတ်လျှော်ပါရစေ'

ဤသို့ တာရင်းခရာရင်း ချစ်မဝရှုမဝ ဖြစ်ကြရင်းတစ်လကျော်ကျော်သာ ရှိသေးသည်။ မရွှေပွင့်တွင် သားသန္ဓေ တွယ်ငြိလာသည်ကို ပထမဆုံးသိသူက မရွှေပွင့်အဘွားဖြစ်သည်။ 'ဟယ်··ညည်းတို့ခေတ် မြန်လှချည်ကလား'ဟု အဘွားက အံ့ဩစွာဆိုသည်။

မောင်မိုးမှာတော့ ဤသတင်းကောင်းကို ကြားလိုက်ရ၍ ပီတိဖြစ်လို့မဆုံး ဝမ်းသာလို့မဆုံး သူ့မှာ ထိုင်ရမလိုထရမလိုနှင့် နေမတတ်ထိုင်မတတ် ဖြစ်နေရသည်။

မရွှေပွင့် မွေးဖွားတော့မည်။ မီးနေရန်အတွက် ထင်းစုရမည်။ သောက်ရန်၊ လိမ်းရန်အတွက် နနွင်းစုရမည်။ပြီးတော့ အဘွားကပြောသည်။ မီးနေသည် သွေးရှေ့မှာထိတ်လန့်စရာစကား၊ စိတ်မကောင်းစရာစကား မပြောရ

www.burmeseclassic.com

www.burmeseclassic.com

ဘူးတဲ့။

'ပြောမိတော့ ဘာဖြစ်တတ်လဲ အဘွားရဲ့'

မောင်မိုးသည် မီးဖွားတော့မည့် မရွှေပွင့်အတွက် အဘွားမှာကြားသည့်စကားတွေကို ဆေးစာမှတ်သလို လိုက်၍မှတ်သည်။

'ပြောမိတော့ စိတ်မကောင်းဖြစ်ပြီး နို့လည်သွားတတ်တယ်'

'နို့လည်တယ်ဆိုတော့ ဘာဖြစ်တာလဲ အဘွား'

'နို့မထွက်တော့ဘူးပေါ့ ငါ့မြေးရဲ့။ အဲဒါကို နို့ကန်းသွားတယ်လို့လည်းခေါ်တယ်။ မှတ်ထားနော်၊ အဘွားပြောတာတွေကို'

'ဟုတ်ကဲ့ အဘွား၊ မှတ်ထားပါမယ်'

* * *

မရွှေပွင့် သားလေးကို ဖွားလေပြီ။

သားက ဖွံ့ဖွံ့ထွားထွား ချစ်စရာတစ်တုံးတစ်ခဲကြီးဖြစ်၍ ကလေးကို မြင်ရသူတိုင်းက 'မောင်မိုး ကံကောင်းတယ်ပေါ့။ သားကြီးကတော့ တကယ့်ကို အင်နဲ့အားနဲ့ ပြည့်ပြည့်ဝဝကြီး'ဟု ကောင်းချီးစကားကို မင်္ဂလာရှိစွာ ပြောကြားသွားကြသည်။

'မရွှေပွင့် နေကောင်းတယ်နော်။ ဘာဖြစ်သေးလဲဟင်။ ကိုမိုးဖြင့်လေ အခန်းအပြင်ကနေပြီး မရွှေပွင့် ညည်းညူနေသံတွေကိုနားထောင်ရင်း မရွှေပွင့်ကို သနားလိုက်တာကွယ်။ လူချင်းလဲလို့ရရင် လဲလိုက်ပါရဲ့။ တကယ်ပါ မရွှေပွင့်ရဲ့၊ မပြုံးပါနဲ့။ မရွှေပွင့်ကို တကယ်သနားတယ်'

မောင်မိုးမှာ တကယ်ပင် မရွှေပွင့်ကို ချစ်သနားသောစိတ်ဖြင့် နေမထိထိုင်မသာအောင် ခံစားနေရသည်။ မရွှေပွင့်ထံမှ ညည်းညူသံတစ်ချက်ပေါ်လာတိုင်း သူ့မှာ လက်သီးကိုဆုပ်မိသည်။ အံကိုကြိတ်ထားသည့်မှာလည်း မေးကြောများပင် ပြတ်ထွက်မတတ်။ အဘွားပင် မောင်မိုးကိုကြည့်ပြီး ကရုဏာသက်မိ၏။

'သြော်…ငါ့မြေးကလေး မယ်ရွှေပွင့် လင်ကံကောင်းပေတယ်'

ခုနစ်ရက်ပြည့်လျှင် မရွှေပွင့် မီးထွက်တော့မည်။ မီးနေခန်းမှ ထွက်သောနေ့သည် မိန်းမသားတစ်ဦး၏ ကျက်သရေအရှိဆုံးနှင့် အလှဆုံးသော မျက်နှာပိုင်ရှင်ဖြစ်သည်ဟု ဆိုရိုးစကား ရှိလေသည်။ ယခုလည်း မရွှေပွင့်မျက်နှာကလေးသည် သွေးသားများ နုဖတ်စွန်းစိုလျက် ရွှေရည်ဖျန်းထားသည့်အတိုင်း နဂိုဝါဝင်းနေသော အသားရောင်သည် နနွင်းနှင့် ရောလူးထားသည့် တောင်တန်ကြီးသနပ်ခါးဖျစ်ဖျစ်အောက်တွင် အလှထူးလျက် ရှိနေသည်။

'သြော်…သားနှင့်မယားနှင့် ပြည့်စုံနေပြီဖြစ်သော ငါ့ဘဝပါတကား'

မောင်မိုးသည် သူ့ဘဝကို အကျေနပ်ကြီး ကျေနပ်ကာ ရေရွတ်လျက်ရှိနေ၏။ ဒီညမှာ သားကလေးနှင့်အတူ သူအိပ်ခွင့်ရတော့မည်။ မရွှေပွင့်ခမျာ မီးတွင်းထဲမှာ ပင်ပန်းခဲ့ရှာသည်။ ခုညမှာတော့ အိပ်ရေးဝဝ သူအိပ်ပါစေ။ သားကိုရော မယားကိုပါ တစ်သက်လုံး သူစောင့်ရှောက်ပါမည်။ အဘွားတို့လည်း မရွှေပွင့် မီးတွင်းထဲမှာ နေခဲ့ရသည့် ခုနစ်ရက်လုံးလုံး အအိပ်အနေ ပျက်ခဲ့ကြရှာသည်။

'ယောက်ျားဆိုတာ မိန်းမ မီးနေရတဲ့ ခုနစ်ရက်လုံးလုံးမှာ မီးနေခန်းထဲကို မဝင်ရဘူးကွယ့်။ ဘုန်းနိမ့်တတ်တယ်' ဟူသော အယူအဆကြီးနှင့် မမှန်ကန်စွာ သူနှင့် မရွှေပွင့်ကို ခုနစ်ရက်တိတိခွဲခဲ့သည်ဟု မောင်မိုးမှာ မကျေနပ်ခဲ့။ ခုတော့ ပြုစုခွင့်ယုယခွင့် ရလေပြီ။ သူချစ်သနားသော ချစ်မယားကလေး မရွှေပွင့်ကို အားရစွာပြုစုခွင့်ရလေပြီ။

* * *

ညဦးသည် ဖြည်းဖြည်းချင်းဖြင့် မှောင်ထဲသို့ ဝင်လာလေပြီ။ ညဦးအမှောင် လူခြေတိတ်ချိန်ဖြစ်၍ ပုစဉ်းရင်းကွဲအော်သံတို့သည် စူးရှစွာဆူညံလျက်ရှိသည်။ လေကလည်း ခါတိုင်းညများထက် တိုက်နှုန်းပြင်းထန်လာသကဲ့သို့ သစ်ပင်ကြီးများကို တိုးဝှေ့အော်မြည်လျက် ညည်းညူနေကြလေသည်။

မောင်မိုး မျက်စိကြောင်နေသည်။ အခါတိုင်း ခေါင်းချလိုက်သည်နှင့် ပျော်စမြဲဖြစ်ပါလျက် အခုညတွင်မှ ထူးထူးခြားခြား အိပ်မပျော်သည်မှာ ဘာကြောင့်လဲ။

မရွှေပွင့်အိပ်နေရာသို့ ကြည့်လိုက်သည်။ သူ့ခမျာ နှစ်နှစ်ခြိုက်ခြိုက်နှင့် အိပ်ပျော်နေရှာသည်။ သြော်…သူပင်ပန်းခဲ့သည်မှာ ကြာပြီပဲ။ သားသည်လည်း ဆန်ကောတစ်ချပ်ထဲ၌ အဝတ်များနှင့်ထွေးကာ နွေးနွေးကြီးအိပ်မောကျလျက်ရှိနေသည်ကို ကညင်ဆီတိုင်မီးရောင်အောက်တွင် ပြတ်သားစွာ မြင်နေရသည်။ သားက ကျန်းမာသည်၊ ဖွံ့ဖြိုးသည်။ ရှေ့တစ်ပတ်ဆိုလျှင် သား တစ်လပြည့်မည်။ ဒီသား ဒီမယားနှင့် သာယာချမ်းမြေ့နေသည့် သူ့ဘဝကို မောင်မိုး ကျေနပ်နေပါသည်။

www.burmeseclassic.com

မောင်မိုးသည် အိပ်မပျော်နိုင်သူတို့၏ ထုံးစံအတိုင်း ဟိုတွေး၊ဒီတွေးနေရင်းမှ ဆောင်းလျက်ရှိသော သူ့ကိုယ်ပေါ်သို့ ပြင်းထန်လှသော ရိုက်နှက်ချက်ကြီးတစ်ခု ကျရောက်လာသည်။

သူ့နားထဲ၌လည်း 'ငမိုးရိပ်··ငါခေါ်နေတယ်။ မကြားဘူးလား။ ဥက္ကလာပနန်းရင်ပြင်ကို အခုလာခဲ့စမ်း' ဟူသော အသံကြီးကို ကြားလိုက်ရသည်။

ရိုက်ချက်ကြီးက ပြင်းထန်လွန်း၍ မောင်မိုးသည် အိပ်ရာပေါ်မှလိမ့်ကျကာ ကျောကော့လျက်ရှိနေစဉ်-

'ဘာဖြစ်တာလဲ၊ ငါ ဘာဖြစ်သွားတာလဲ၊ နာလိုက်တာ။ ကျောပေါ်က နာလိုက်တာ'

ဟု တွေးနေမိစဉ် မရွှေပွင့်သည် အိပ်ရာထဲမှ လူးလဲထကာ မောင်မိုး လဲနေရာသို့ရောက်လာပြီး ငိုမလို မျက်နှာနှင့်-

'ကိုမိုး··မောင်ကြီးရယ်၊ ဘယ်လိုဖြစ်တာလဲဟင်။ အိပ်ရာပေါ်က လိမ့်ကျတာလား၊ အိပ်မက်၊မက်ပြီး ထလာတာလား ပြောစမ်းပါဦး။ မထိတ်သာမလန့်သာ ရှိပါဘိ'

မောင်မိုးမှာ စကားမပြောနိုင်။ မရွှေပွင့်ကို လက်ခါပြရင်း 'ဘာမှမဖြစ်ပါဘူး။ အိပ်ရာပေါ်က ယောင်ပြီးလိမ့်ကျတာ။ သွား··သွား··သွားအိပ်၊ တော်ကြာ အိပ်ရေးမဝလို့ ခေါင်းကိုက်နေဦးမယ်' ဟု ကြိုးစားပြောရင်း လဲကျနေရာမှ ထကာ အိပ်ရာသို့ သွားသည်။

'ဟင့်အင်··ကိုမိုး အရင်အိပ်။ ရွှေပွင့် စောင်ခြုံပေးမယ်နော်။ ကိုမိုးအိပ်မှ ရွှေပွင့်လည်း သွားအိပ်မယ်'

မောင်မိုး အိပ်ချင်ဟန်ပြုကာ ငြိမ်နေရင်းမှ စဉ်းစားသည်။ ဘာဖြစ်သွားသည်ကို သူ မသိလိုက်။

ဥက္ကလာနန်းရင်ပြင်ကို လာခဲ့စမ်းတဲ့။

ဘယ်သူက ခေါ်တာလဲ။

ဒီလောက်ပြင်းထန်တဲ့ ရိုက်ချက်ဟာ ဘယ်သူဖြစ်နိုင်လဲ။

သူ ဘာလုပ်ရမှာလဲ။

လဲပေါင်းများစွာကို တွေးသည်။ တွေးလို့လည်း မရပါလား။

ရူပစန္ဒာမင်းသမီးလေးအတွက် နတ်မိကျောင်းတို့ရဲ့ အရှင်ကြီးက သူ့ကို ဒဏ်ခတ်ပြီး ခေါ်တာလား။

ဒုက္ခတော့တွေ့ကြပြီ ထင်ပါရဲ့ မရွှေပွင့်ရယ်ဟု ပင့်သက်ချလိုက်မိသည်။

မကြာလိုက်ပါ၊ သူ့ကိုယ်ပေါ်သို့ ပြင်းထန်သော ရိုက်ချက်ကြီးက နောက်ထပ်ကျလာပြန်သည်။

'အမယ်လေး··အမယ်လေး နာလှချည်ရဲ့လား' ဟု အော်လိုက်မိကာ အိပ်ရာပေါ်မှ ကျွမ်းပြန်ကျသွားသည်။ ပြန်မထနိုင်တော့ပါ။ သွေးတို့သည် သူ့ကျောပြင်မှာရော ရင်ခွင်ထဲမှာပါ ရေလိုစီးကျလာသည်။

'ဟဲ့··ငမိုးရိပ်၊ ငါလေ ပေါက်သိုင်းလေ။ မင်းကို လာခဲ့လို့ခေါ်နေတာ မကြားဘူးလား။ ဥက္ကလာပနန်းရင်ပြင်ကို အခုလာခဲ့။ ရှောင်နေပုန်းနေလို့ မင်း လွတ်မယ်ထင်သလား၊ ငါ့သိုင်းက မင်းကို အသေသတ်ဖို့ ခေါ်နေပြီ။ ခုချက်ချင်း လာခဲ့စမ်း'

ကြောက်စရာ အသံနက်ကြီးက သူ့နားဝမှာ ပေါ်လာပြန်ပြီ။

'ဩော်··ကြမ္မာဆိုးက ဝင်လာပြီ ထင်ပါရဲ့ မရွှေပွင့်ရယ်။ မင်းတို့သားအမိကို ငါ ထားခဲ့ရတော့မယ် ထင်ရဲ့ကွယ်' ဟု မချိမဆံ့ ညည်းညူလိုက်မိစဉ် မရွှေပွင့် အိပ်ရာပေါ်မှ ပြေးဆင်းလာကာ မောင်မိုးကိုပွေ့သည်၊ ထူမ၊ကြည့်သည်။

'အမယ်လေး··မလှုပ်တော့ပါလား မောင်ကြီးရဲ့။ မောင်ကြီး သေသွားပြီလားဟင်။ မောင်ကြီး သေသွားရင် ရွှေပွင့်ပါ လိုက်သေမှာ။ ရွှေပွင့်ကို မထားခဲ့ပါနဲ့ မောင်ကြီး မောင်ကြီးရယ်။ ရွှေပွင့်ကို မျက်လုံးလေး ဖွင့်ကြည့်ပါဦး မောင်ကြီးရဲ့'

မောင်မိုး မျက်လုံးပွင့်လာသည်။

'မရွှေပွင့်' ဟု တိုးတိုးခေါ်ပြီးမှ 'မရွှေပွင့်ရေ··မောင်ကြီးတို့ ခွဲကြရတော့မယ်ကွယ့်။ လာ··လာ··ဒီအနားကိုလာ။ မောင်ကြီးပါးစပ်နားကိုကပ်ပြီး သေသေချာချာ နားထောင်နော်။ မောင်ကြီးလေ သူ့အပေါ်ကို ဆိုးခဲ့မိတယ်။ ကိုယ့်ကို ကျေးမွေးစောင့်ရှောက်လာတဲ့ ကျေးဇူးရှင်ဖခင်ကြီးကို ပြစ်မှားခဲ့မိတယ်။ အဲဒီဝဋ်ကြွေးတွေက အခု မောင်ကြီးကို ဒဏ်ခတ်လိုက်ပြီ။ ဟိုဥက္ကလာနန်းရင်ပြင်ကို ခုချက်ချင်း လာခဲ့ရမယ်လို့ ခေါ်နေပြီ အချစ်ရယ်။

သားလေးကို ဂရုစိုက်ပါနော်။ မရိုက်ပါနဲ့၊ မဆိုပါနဲ့နော်။ မရွှေပွင့်ရေ··မောင်ကြီးရဲ့အလောင်းကို မြင်ရအောင် ဥက္ကလာနန်းကို လိုက်လာခဲ့တော့။ မောင်ကြီးအရိုးကိုပြာ ပနာပြုပြီး စေတီတော်တည်ကွယ့်။ ပြီးတော့ မောင်ကြီးကိုယ်က အကြေးခွံတွေကို ခွာထုတ်ပြီးတော့ ကျောက်သားအမှတ်

www.burmeseclassic.com

နဲ့ အသုံးပြုကြွယ်။ သွားမယ် မရွှေပွင့်ရေ၊ သွားတော့မယ် ကံဆိုးမလေးရဲ့'

မောင်မိုးသည် လဲနေရာမှ ဖြန့်းခနဲထ၍ မဝေးလှသည့် ရေကန်မြစ်ဆိပ်သို့ပြေးကာ မြစ်ထဲသို့ ခုန်ချလိုက်လျှင် ငမိုးရိပ်မိကျောင်းကြီးအဖြစ်နှင့် ရေအောက်သို့ ငုပ်လျှိုးသွားလေတော့၏။

* * *

ပေါက်သိုင်းသည် ပေါက်ပင်တွင် သိုင်းနှင့်တကွ ဥပပတ်ပဋိသန္ဓေတည်ကာ ကိုယ်ထင်ရှား ဘွားခနဲဖြစ်ပေါ်လာသောကြောင့် သူသည် လူလားမြောက်သောဘဝနှင့် ဆင်ခြင်ကြည့်လိုက်လျှင် အတိတ်ဘဝကဆိုခဲ့သော သစ္စာစကားကြောင့် ရန်သူဖြစ်ခဲ့သည့် ငမိုးရိပ်မိကျောင်းအား အနယ်နယ်သို့လှည့်ကာ ရှာဖွေခဲ့၏။

(ဥပပတ်ပဋိသန္ဓေဆိုသည်မှာ ကိုယ်ထင်ရှား ဘွားခနဲဖြစ်ပေါ်လာသည့် နတ်၊ ဗြဟ္မာ၊ ပြိတ္တာ စသောပဋိသန္ဓေမျိုးဖြစ်လေ၏။)

ဤသို့ရှာရင်းဖြင့် ငမိုးရိပ်သည် မိကျောင်းလောကမှ ဖြန့်းခနဲပျောက်ကွယ်သွားသည်မှာ တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးရှိပြီ။ ငမိုးရိပ်သတင်းကို မရမနေစုံစမ်းရင်းဖြင့် တရွေ့ရွေ့လာခဲ့ရာ နေပြည်တော်ဥက္ကလာပသို့ ရောက်လာတော့၏။ ထိုအခါ ဥက္ကလာပမင်း၏သမီးတော် တစ်ပင်တိုင်စုဖုရားရှုပစန္ဒာကို ငမိုးရိပ်ဆွဲသွားသည်ဟူသော သဲလွန်စကို ပေါက်သိုင်း ကြားလိုက်ရသည်။

ငမိုးရိပ်ဘဝမှ မောင်မိုးဘဝသို့ ရောက်နေသည့် ကျောက်ကုန်သည်မောင်မိုး၏သတင်းသည် ရေကင်းမှာ ကြီးနေလေပြီ။ တစ်ရွာသား ကျောက်ကုန်သည်ကလေး သဘောကောင်းပုံ၊ ရေကင်းသူ မရွှေပွင့်ကလေး လင်ရကံကောင်းပုံစသည်တို့ကား ပြောမဆုံးအောင် ရှိနေကြသည်။

တစ်ခုပဲရှိသည်။ ကျောက်ကုန်သည် မောင်မိုးသည် မည်သည့်အမျိုးအနွယ်ပေနည်း။ [illegible] သူ၏ဇာတိကား အဘယ်မှာနည်း [illegible]

ပေါက်သိုင်းသည် [illegible] ကာ ငမိုးရိပ်သည် [illegible] ရှိနေသည်ကို [illegible] သိလိုက်ရပြီးနောက် [illegible] ၏။

ရောက်သည်နှင့် [illegible]

မိကျောင်းဆွဲယူသွားခြင်း ခံရသည့်အချိန်က မိကျောင်းကို ဖမ်းစေခိုင်းခြင်းအမိန့် မည်သို့ထုတ်ထားခဲ့ပါသနည်းဟု ရှူး မတ်များထံမှ စုံစမ်းသည်။

'သမီးတော်အား ဆွဲယူသွားသည့် ငမိုးရိပ်မိကျောင်းအား ဖမ်းဆီးပေးပါက ယောကျ်ားဖြစ်လျှင် အိမ်ရှေ့မင်း၊ မိန်းမဖြစ်လျှင် တောင်စမုတ်က အသပြာတောင်ထုပ်ဖြင့် ချီးမြှင့်မည်'ဟု အမိန့်တော်ထုတ်ထားကြောင်း သိရလျှင် ပေါက်သိုင်းသည် သူ့အား ရှေ့တော်ကိုသွင်းပါ။ သူသည် ငမိုးရိပ်မိကျောင်းကို အရှင်ဖမ်းပေးပါမည်။ ရှေ့တော်သို့ အရောက် ငမိုးရိပ်ကို ဆက်သွင်းပါမည်ဟု လျှောက်သည်။

* * *

ငမိုးရိပ် ဥက္ကလာပနန်းရင်ပြင်သို့ မရောက်နိုင်တော့ပါ။ 'ပေါက္ခရဝတီမြစ်ကမ်းနဖူးတွင်ပဲ ထွန့်ထွန့်လူးနေပြီ။ သူ့မှာ ရှေ့ဆက်ရန် အင်အားမရှိတော့။ အကြည့်များ ဝေဝါးလာသည်။ ထိုအခိုက် သူကြောက်ရွံ့သည့် အသံကြီးက ပေါ်လာသည်။

'လာ··ရောက်အောင်လာ ငမိုးရိပ်'ဟူသော အသံကြီးနှင့်အတူ သူ့ကျောပေါ်သို့ကျလာသည့် ပြင်းထန်လှသော ဝေဒနာတစ်ခု၊ သူခံနိုင်ရည် မရှိတော့ပါကလား။

'ငါခေါ်နေတာ သုံးကြိမ်ရှိသွားပြီနော် ငမိုးရိပ်'

ဝေဒနာများနှင့်အတူ သူသည် အတတ်နိုင်ဆုံးအားတင်းလျက် မြစ်ကမ်းနဖူးမှတစ်ဆင့် တရွေ့ရွေ့လှမ်းကာ ကမ်းပေါ်သို့တက်လာလျှင် အသံတို့သည် ဆူညံစွာဖြင့် သူ့ပတ်ဝန်းကျင်၌ အော်ဟစ်ခုန်ပေါက်ကာ ဝိုင်းအုံလာကြသည်ထင်၏။

'မိကျောင်းကြီး တစ်ကောင်ဟော့၊ လာကြည့်ကြ။ သူ့


www.burmeseclassic.com

www.burmeseclassic.com

တစ်ကိုယ်လုံးသွေးတွေ အနားကပ်မသွားကြနဲ့။ အမြီးနဲ့ လှမ်းပုတ်လို့ ဒုက္ခရောက်နေမယ်။ နေကြဦးဟဲ့။ ငမိုးရိပ် မိကျောင်းဆိုတာလား မသိဘူး။ ပေါက်သိုင်းဆိုတဲ့ဆရာက သိုင်းနဲ့ရိုက်ခေါ်နေတာ နှစ်ကြိမ်ဆိုတာ ရှိပြီတဲ့'

'သိုင်းနဲ့ ရိုက်ခေါ်တယ်၊ ဘယ်ကိုရိုက်ပြီး ခေါ်တာလဲ'

'ရေထဲကိုရိုက်ပြီး အမိန့်တော်နဲ့ ခေါ်တာတဲ့။ မနေ့က တည်းက ခေါ်နေတာလေ။ နန်းရင်ပြင်မှာ လူတွေ အုံခဲနေ တာပဲ'

အသံမျိုးစုံတို့သည် ငမိုးရိပ်နားထဲသို့ အားလုံးဝင်လာ သည်။ သြော်..ငမိုးရိပ် ဘုန်းကံကြီးတုန်းက မိကျောင်းဖြစ် လိုက်၊ လူဖြစ်လိုက်နှင့် ဖြစ်သည့်ဘဝတိုင်းမှာ မော်ခဲ့ပျော်ခဲ့ သည်။ ဆိကြားမင်းရဲ့ နှုတ်ရေစင်ကို သောက်လာရတဲ့ဘဝ ပေကိုး။ ငမိုးရိပ် ပျော်နိုင်ခဲ့သည်ပေါ့၊ အားလုံးကို အနိုင် ယူခဲ့သည်ပေါ့။

ကျေးဇူးရှင် ဖိုးထော်ကလွှတ်၏ 'သားကြီးရေ ငမိုး ရိပ်'ဟူသော အသံကို ပြန်လည်ကြားယောင်မိလိုက်သော အခါမှာ ငမိုးရိပ် မျက်ရည်ဖြိုင်ဖြိုင်ကျတော့သည်။

'ခွင့်လွှတ်ပါ အဖေ၊ ခွင့်လွှတ်ပါ အဖေ'

တောင်းပန်ရင်းမှ ငမိုးရိပ် ဝီညာဉ်ချုပ်သွားသောအခါ မှာ သူ့အလောင်းနားသို့ မိန်းကလေးတစ်ယောက် ရောက် လာသည်။

သူကား မရွှေပွင့်၊ ရေကင်းရွာမှ လိုက်လာသော မရွှေ ပွင့်။ သူ့ရဲ့ရင်ခွင်ထဲမှာက လူမမည် လသားကလေး ငမိုး ရိပ်ရဲ့ရင်သွေး။

အသက်မဲ့သွားပြီဖြစ်၍ မလှုပ်မယှက်ငြိမ်သက်လျက်။ ငမိုးရိပ်အနားတွင်ကား ဥက္ကလာပမင်းမြတ်ကိုယ်တော်တိုင် ရောက်ရှိစားသည်ဖြစ်၍ မှူးမတ်တို့နှင့်တကွ ပေါက် သိုင်း--ပေါက်သိုင်းတား ကျေနပ်လေပြီတည်း။ နှုတ်မှထုတ် [illegible] သူ့မျက်နှာနှင့် ဟန်ပန်တို့ကား ထည်ဝါ [illegible]

[illegible] 'ငမိုးရိပ်ရယ်--သူ့အလှည့် ကိုယ့် [illegible] သွား [illegible]

[illegible]

ဒီတော့မှ မရွှေပွင့် မျက်ရည်များ အိုင်ထွန်းနေသည့် မျက်နှာကလေးနဲ့မော့ကာ-

'ဘိုးဘိုးရယ်..သူဟာ လူကြီးမိဘများက ထိမ်းမြား လက်ထပ်ပေးခဲ့တဲ့ သမီးရဲ့ယောကျ်ား။ ဟောဒီ သမီးရင်ခွင် ထဲက သားလေးရဲ့ ဖခင်ပါ'

'အို..ဘုရား..ဘုရား.. ထူးဆန်းလှပါလားကွယ်။ ဖဲ့..သူငယ်မ၊ မင်းက ဘယ်သူလဲ။ ဘယ်ကလာတာလဲ။ မိကျောင်းနဲ့ လူ ထိမ်းမြားရတယ်လို့ မကြားဘူးပေါင်ဟယ်။ မင်း စိတ်မှကောင်းရဲ့လား'

'ဘိုးဘိုးရယ်..သမီး လူကောင်းပါ။ စိတ်ကောင်းပါ တယ်။ သူနဲ့သမီး ထိမ်းမြားစဉ်က သူဟာ လူသားတစ်ဦး ပါ။ ကျောက်ကုန်သည်မောင်မိုးဆိုပြီး သမီးဇာတိ ရေကင်း ကို ရောက်လာတာပါ'

မရွှေပွင့်သည် ဖြစ်ခဲ့သမျှသော ကြောင်းခြင်းရာအစုံကို သက်တော်ရှည်အမတ်ကြီးအား ပြောပြပြီးသောအခါ ငမိုး ရိပ်၏အလောင်းကို သဂြိုဟ်ခွင့်ပြုပါရန်နှင့် ငမိုးရိပ်၏အရိုး ကို ဌာပနာပြုကာ ကိုးကွယ်ရန်နှင့် အမှတ်တရရှိစေရန် အတွက် အရိုးစေတီတစ်ဆူကို တည်ခွင့်ပြုပါရန် ခွင့်တောင်း လိုက်သည်။

'အေး..အေး..ခွင့်ပြုတယ် မိန်းကလေး။ မင်းဆန္ဒရှိ တဲ့အတိုင်း ပြုလုပ်စေ'

* * *

မရွှေပွင့်တည်ခဲ့သော အရိုးအိုးစေတီသည် အထက်ပိုင်း ကို အုတ်၊ ကျောက်တို့ဖြင့် တည်ဆောက်ကာ စေတီအောက် ပိုင်း ဖိနပ်တော်ပတ်လည်ကိုကား ငမိုးရိပ်ခန္ဓာမှ ခွာထုတ်၍ ရသော အကြေးခွံများနှင့် မွမ်းမံလျက် မြစ်ကမ်းနှင့်မဝေးလှ သည့် ကုန်းကမူပေါ်တွင် တည်လေ၏။

ကာလကြာလျှင် မိကျောင်းအကြေးခွံများသည် ကျောက်ဖြစ်သွားသောကြောင့် နောင်းလူတို့သည် ထိုအရိုး အိုးစေတီကို ကျောက်ပိုင်းစေတီ(ကျောက်နှင့် ပိုင်းထားသော စေတီ)ဟူသော အမှတ်ဖြင့် ဘွဲ့အမည်တွင်ခဲ့လေသည်။

ဇော်ဇေအောင်

**<u>ဝန်ခံချက်</u>**

(၁၂၇၁)ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ရွှေတောင်ဆ[illegible] ပွင့်(ဆရာကြီးသခင်ကိုယ်တော်မှိုင်း)၏ 'ကျောက်ပိုင်း စေတီသမိုင်းနှင့် ရေကင်းသူ မရွှေပွင့်' စာအုပ်ကို မှီငြမ်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်သင်ကြားပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြာဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**ဘဝအောင်မြင်မှုကို ရယူပါ။**

သား၊ သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရုတ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာရိုးရာ နာမဓေယျကျမ်းဝင်လာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ထုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် အထူးယတြာ စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com


www.burmeseclassic.com

www.burmeseclassic.com



အောင်ချစ်သူ (နဘဲဝင်း)

# ဆိုင်ကယ်အနီနဲ့ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com

(တစ်)

ကျိုက်ထိုမြို့က တောဆန်သည်။

အဲဒီလို ပြောရမည်။ ဒါပေမဲ့ ချစ်စရာကောင်းသည်။ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးနဲ့ ကျိုက်ပေါလောမွှဲရှင်တော်ဘုရားတို့ တန်ခိုးတော်ကြောင့် ဒီမြို့ကို လူတိုင်း သိသည်။

တစ်နည်းအားဖြင့် မွန်ပြည်နယ်ရဲ့ စိတ်ဝင်စားစရာ ကောင်းတဲ့ မြို့တစ်မြို့လို့လည်း ပြောလို့ရသည်။ တောတောင်ရေမြေ စိမ့်စမ်းတွေကပါ ကျိုက်ထိုကို ပိုလို့လှပနေစေခဲ့၏။

တခြား,တခြားသော အကြောင်းအရာတွေကလည်း အများကြီး။ နှင်းတွေကျရင် ကြည်နူးစရာကောင်းသည်။ တောင်နိုးတွေဝေလို့ မြူတွေဆိုင်းနေရင်တော့ လွမ်းမောစရာ။

အရာအားလုံးက ကျိုက်ထိုကို အမှတ်ရစေ၏။ ခဏပဲလာလာ၊ အကြာကြီးပဲရောက်ရောက် ပြန်သွားပြီဆိုရင် မေ့လို့မရတော့တဲ့မြို့။

မိုးမြင့် ဒီမြို့ကို သံယောဇဉ်ဖြစ်သည်။ မြတ်နိုးမိရသည်။ ဆရာတိုးကျော်(ဦးကျော်အေး) ကျေးဇူးနဲ့ ဒီမြို့ တောင်သူစုရပ်ကွက်၊ သဇင်လမ်းက ဆရာ့အိမ်မှာ နေခဲ့သည်။ ကျိုက်ထို အ.ထ.က(၁)မှာ ကျောင်းတက်ခဲ့သည်။

ကျောင်းသားဘဝ ပိတ်ရက်တွေမှာ စက်ဘီးတစ်စီးနဲ့ လျှောက်လည်သည်။ လေ့လာခွင့်ရသည်။ စူးစမ်းခွင့်ရသည်။ ဒါကို သူ ပျော်သည်။ ကျေနပ်သည်။

တစ်ခါတလေ ကျောင်းသားဆိုတဲ့ အသိကိုပါ မေ့သွားတတ်သည်။ မြို့တွင်းသာမက မြို့ပြင်အထိ ရောက်သည်။ ကျိုက်ထီးရိုးတောင်ခြေက ကင်ပွန်းစခန်းဘက် ရောက်သွားတာမျိုးတောင် ရှိတတ်သည်။

ဒါ သူ့ဝါသနာ သူ့အကျင့်၊ သို့သော် ဆရာ မကြိုက်။ တစ်နေ့ ဆရာ သိသွားသည်။ ဆူသည်။ မာန်သည်။ ငေါက်သည်။ မိုးမြင့် ကြိတ်ငိုရသည်။ နောက် မသွားရဲတော့။

ကျောင်းနဲ့အိမ် အိမ်နှင့်ကျောင်း၊ ပြီးတော့ စာ၊ ကျောင်းကပေးတဲ့စာ၊ ကျူရှင်ကသင်တဲ့စာ၊ အိမ်စာတွေနဲ့ ညနဲ့နေ့၊ နေ့နဲ့ည ဆရာ့စည်းကမ်းအောက်မှာ ငြိမ်နေရတော့၏။

ကောင်းတော့ ကောင်းသည်။

သူက ဆယ်တန်း ပေါ့လို့မရ၊ ညာလို့မရ၊ ညှာလို့မရ။ ကြိုးစားရမည်။ တခြားသူတွေထက် နှစ်ဆ၊ သုံးဆ ပိုကြိုးစားရမည်။ ဆရာဦးတိုးကျော်က ဒီလိုဆုံးမသည်။

တကယ်တမ်းမှာ မိုးမြင့်က ညံ့တဲ့သူတစ်ယောက်တော့မဟုတ်။ ဆရာတပည့်၊ ဆရာ့အိမ်မှာနေတဲ့သူ။ ဆရာ ကျောင်းထားပေးတဲ့သူ။

အဲဒီအတွက် ‘မိုးမြင့်..မင်း သူများထက် မသာရင်နေ၊ သူများထက်တော့ မညံ့စေနဲ့’ လို့ မကြာခဏ ပြောသည်။ ဒါတင်မက ‘မင်းဘဝ၊ မင်းမိဘ မင်းကိုယ်မင်း နားလည်ပါ’ လို့လည်း စာကြည့်စားပွဲရှေ့ နံရံမှာ ရေးကပ်ထားပေးသည်။

အဲဒီနှစ် မိုးမြင့် ဆယ်တန်းအောင်သည်။

(နှစ်)

အခု ဘွဲ့ရပြီ။ အလုပ်လည်း ရှိနေပြီ။ အသက်လည်း နှစ်ဆယ့်သုံးနှစ် စွန်းနေပြီ။ အဖေနဲ့ အမေကိုတော့ ကျေနပ်လောက်အောင် မလုပ်ကျွေးနိုင်သေး။ ဆရာတွေ ကျေးဇူးကိုလည်း စိတ်နဲ့ပဲ သိနိုင်သေးသည်။

ခက်တာက ပညာစုံတော့ ကြင်ရာကပါ စုံချင်လာသည်။ အေးမြဖြူကို သူချစ်သည်။ သူ့ကိုလည်း အေးမြဖြူက ချစ်သည်။ ချစ်သူသက်တမ်းတောင် နှစ်နှစ်ခွဲလောက်ရှိပြီ။

လူကြီးချင်း အဆင်မပြေတာကို ဘယ်လိုလုပ်ရမည်မသိ။ ခွင့်တောင်းလို့မရ၊ ရှင်းပြလို့မရ၊ နောက်ဆုံး တိုင်ပင်လို့တောင် ဘယ်မိဘမှ လက်မခံ။ ဆိုတော့-

‘ကို’

‘ပြောလေ ဖြူ’

‘ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်’

‘ဒီအတိုင်းဆိုရင် ဖြူနဲ့ကို ဝေးရတော့မယ် ထင်ပါတယ်’

ဝေးဆိုတဲ့ စကားကြောင့် မိုးမြင့်ရင်မှာ နင့်သွား၏။ ဖြူပြောတာလည်း မှန်သည်။ အခြေအနေအရအတိုင်းဆို ဖြူနဲ့ ဒီဘဝမှာ ဆုံခွင့်ရမှာမဟုတ်တော့။ ခွဲလည်း မခွဲနိုင်။

‘စိတ်ညစ်တယ် ဖြူရယ်’

မိုးမြင့် ညည်းမိလိုက်သည်။

အေးမြဖြူ သူ့မျက်လုံးကို မျက်တောင်မခတ် စိုက်

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း-

'ဖြူက မိန်းကလေးပါ။ ဒါပေမဲ့ သတ္တိရှိတယ်ကို'

အဲဒီစကားတစ်ခွန်းက အရှိုက်ထိသည်။ သူမာနကို လှုပ်နှိုးပစ်သည်။ အချစ်ဆိုတဲ့ ခွန်အားတွေကို မောင်းတင်ပေးလိုက်သည်။

'ဒါဆို ကိုယ်တို့ ထွက်ပြေးကြမလား'

ဖြူ့မျက်နှာလေး ဝင်းပသွားသည်။ သူ့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်လာခဲ့သည်။ ဒီလိုဆိုတော့ ဖြူက သနားစရာလေး။ အရမ်းချစ်သွားသည်။ ချစ်တာထက် ပိုလို့သနားသွားသည်။ သူ့ကိုယ်လေးကိုလည်း အလိုက်သင့် ဖက်ထားပေးလိုက်သည်။

'အဲဒီစကားမျိုး ဖြူက စမပြောရဲလို့'

'သြော်··ဖြစ်ရလေ ညီမလေးရယ်'

ပိုပြီး တင်းတင်းဖက်ထားပစ်လိုက်သည်။ စကားသံတွေ တိတ်ဆိတ်သွားခဲ့၏။ ဘယ်လောက်ကြာသွားသည်မသိ။ သတိရတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရှက်နေမိကြသည်။ ဖြူ့မျက်နှာလေးဆို ရဲလို့။ မိုးမြင့် ပြုံးလိုက်၏။ နောက် အခြေအနေကို ထိန်းလိုက်ရသည်။

'ကျိုက်ထိုမှာ ကိုယ့်ဆရာအိမ် ရှိတယ်။ ဆရာက မနေဘူး။ တည်းခိုခန်းဖွင့်ထားတယ်။ အဲဒီကို ထွက်ပြေးကြမယ်လေ။ ကိုယ့်မှာ စုထားတဲ့ငွေလေး ရှိပါတယ်'

'ဖြူ့မှာလည်း ရှိပါတယ်နော်'

သူတို့ အလုပ်က ခွင့်ယူဖို့ ဆုံးဖြတ်လိုက်ကြသည်။

(သုံး)

'...' တည်းခိုခန်း။

တစ်ချိန်က သူနေခဲ့ဖူးတဲ့နေရာ၊ သူနေခဲ့ဖူးတဲ့အိမ်။ တစ်နည်းအားဖြင့် သူ့ကို ဆယ်တန်းကျောင်းသား တစ်ယောက်အဖြစ်ကနေ ဖြတ်သန်းလွတ်မြောက်စေခဲ့တဲ့အိမ်။ မိုးမြင့် အေးမြဖြူကို ရှင်းပြသည်။ ဖြူက ကလေးတစ်ယောက်လို ခေါင်းတညိတ်ညိတ်နဲ့ လိုက်လာ၏။ လက်ထဲမှာက ခရီးဆောင်အိတ် မနိုင်မနင်းနဲ့ ပိုင်းဆွဲပေးမယ်ဆိုလည်းမရ။ ထဘီတွေ ပါတယ်၊ ပြောပြီးရှက်နေပြန်သည်။

တည်းခိုခန်းရောက်တော့ မန်နေဂျာနဲ့ အခန်းကိစ္စဆွေးနွေးရသည်။ ဖွဲ့စည်းပုံက သူနေတုန်းကနဲ့ မတူတော့။ ပြင်ဆင်ထားခဲ့ပြီ၊ ပြောင်းလဲသွားခဲ့ပြီ။

သူတို့ယူလိုက်တဲ့ နှစ်ယောက်အိပ်ခန်းက ရှင်းသည်။ သန့်သည်။ ကျယ်ဝန်းသည်။ အဲကွန်းရှိသည်။ တီဗွီရှိသည်။ ရေခဲသေတ္တာရှိသည်။ ရေခဲသေတ္တာထဲမှာလည်း အစုံရှိသည်။ ပြီးတော့ ရေချိုးခန်း၊ သန့်စင်ခန်းကိစ္စလည်း အဆင်ပြေအောင် စီစဉ်ပေးထားသည်။ ရေ၊ မီး ဆိုတာတော့ ပြောဖို့တောင် မလို။ တကယ်ပြည့်စုံတဲ့အခြေအနေ။

တခြားမရောက်ဖူးလို့တော့မဟုတ် ချစ်သူ၊ အဲ··ဇနီးမယား အသစ်စက်စက်လေးနဲ့က ဒီလိုမှ ဖြစ်မည်လေ။ တစ်ခုခု အခက်အခဲရှိနေရင် ဖြူ ပြောရဲမှာမဟုတ်။ ရှက်နေလိမ့်ဦးမယ်။

နောက်တစ်နေ့ အပြင်ထွက်သည်။

ပထမဆုံး ကျိုက်ပေါလောမှ ရှင်တော်ဘုရားကို ဖူးကြသည်။ ဘုရားနဲ့ သူတို့ တည်းခိုခန်းနဲ့က မိုင်ဝက်လောက်ပဲ ဝေးမည်။ ဒါပေမဲ့ မြင်းလှည်းငှားသွားသည်။

ဖြူ့မျက်နှာလေ ပြုံးလို့ ချိုလို့။ လက်ခုပ်လက်ဝါးတီးလို့။ တကယ့်ကလေးငယ် တစ်ယောက်အတိုင်း။ မိုးမြင့်လည်း အပျော်တွေ ကူးစက်ပြီး ကြည်နူးမိရသည်။ သို့တိုင် အကျင့်က ဖျောက်မရ။

'ကလေးမဟုတ်တော့ဘူးနော်'

အဓိပ္ပာယ်ပါတဲ့ စကားနဲ့စတော့ ရှက်အားကြီးပြီး ခွဲဆိတ်သည်။ မျက်စောင်းထိုးသည်။ ကျောကို လက်သီးဆုပ်ကလေးနဲ့ ဖွဖွလေးထုသည်။

'ဟား··ဟား··ဟား'

မိုးမြင့်ရယ်သံကြောင့် မြင်းလှည်းဆရာ လှည့်ကြည့်သည်။ ဒီတော့မှ ဘေးလူကို သတိရသည်။ ပတ်ဝန်းကျင်ကို သတိရသည်။ နှစ်ယောက်သား ဘရိတ်အုပ်ရသည်။

ဘုရားရောက်တော့ ဖြူ့မျက်နှာလေး တစ်မျိုးဖြစ်သွားသည်။ သေချာတာတစ်ခုက လူကြီးဆန်သွားသည်။ အဲဒီလို ပြောရမည်။

လက်အုပ်ကလေးချီပြီး တရိုတသေ တမြတ်တနိုးရှိခိုးသည်။ ဘုရားမျက်နှာတော်ကို ဖူးမဝ မျှော်မဝ အနေအထားမျိုးနဲ့ အပြန်ပြန်အထပ်ထပ် ကြည်ညိုသည်။ ရှိခိုးသည်။ ဒီအချိန် သူ့စိတ်ထဲ တခြားဘာမှမရှိ။

ဘုရားဖူးတာ အားရမှ မြို့ထဲ လျှောက်လည်သည်။

(လေး)

ကျိုက်ထိုမှာ တစ်ပတ်ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမသာ ခိုးပြေးလာသည်၊ အခြေအနေက ဘာမှန်း မသိ။ အခု နောက်ကြောင်းက အဆက်အသွယ်ရသည်။ ပြန်လာတော့တဲ့။ အဆင်ပြေတယ်တဲ့။

ဖြူ ဟန်မဆောင်နိုင်ဘဲ ထခုန်သည်။ မိုးမြင့်ကတော့ ပြောမနေနဲ့။ မိဘတွေချင်း နားလည်မှုရသွားပြီ။ အလုပ်က ခွင့်ရက်လည်း ကုန်ပြီ။ ချစ်တဲ့သူနဲ့လည်း တစ်သက်လုံး အတူနေရတော့မည်။ အတွေးနဲ့-

...

'ဟိတ်··ကို။ သတိလဲထားဦး'

'ဆောရီး ဖြူ။ ဟား··ဟား'

'ခစ်··ခစ်··ခစ်'

မိုးမမြင် လေမမြင်ဆိုတာ ဒါပဲဖြစ်မည်။

ခဏကြာတော့ သိမ်းတာသိမ်း၊ ထည့်တာထည့်၊ လျှိုတာလျှို၊ အဆင်သင့်ပြင်သည်။ မနက်ဖြန် ရန်ကုန် ပြန်မည်။ ရွာပြန်မည်။

နောက်တစ်နေ့ အခန်းအပ် နှုတ်ဆက်ပြီး ကျိုက်ထို-ရန်ကုန် ဟိုင်းလပ်(စ်)နဲ့ ပြန်ထွက်သည်။ နှစ်ယောက်ပါတဲ့ ငွေလေးက ဒီအချိန်အထိ အခက်အခဲမရှိ။

ဟိုမှာပျော်နေတာရော၊ နောက်ကြောင်းမအေးတာရောကြောင့် ဘာမှဟုတ်တိပတ်တိ မစားဖြစ်။ အခုမှ လမ်းမှာ ကားရပ်တိုင်း တွေ့တာ ဝယ်သည်၊ စားသည်။

ဖြူက တကယ်ကလေးလေးအတိုင်း ဖြူဖြူစင်စင်လေး။ မိုးမြင့် စချင်လာပြန်သည်။

'ကြည့်လည်းစားနော် ဖြူ။ ကားပေါ်မှာ ဟိုဒင်းပြုကုန်ဦးမယ်'

'အိုက်··ကို။ အရမ်းညစ်ပတ်တာပဲ'

'ဟား··ဟား··ဟား··'

တခြားသူတွေ ပြုံးနေကြ၏။ ထိုအခိုက်-

'ဂျိမ်း'

'အို'

'ဟာ'

အသံတွေ ဆူညံသွားသည်။ ဘာဖြစ်သည်မသိ၊ ကားက ရပ်သွား၏။ မုပ္ပလင်တောင် မရောက်တတ်သေး စပ်ကူးမပ်ကူးနေရာ။ ခရီးသည်တွေ ပွစိ,ပွစိဖြစ်ကုန်သည်။

သူတို့လည်း ဘာမှမတတ်နိုင်။ အပျော်လေးတွေ ပျောက်သွား၏။ ရေဘူးနဲ့ ငှက်သိုက်မုန့်တွေ ပါလာလို့ တော်သေးသည်။ မဟုတ်ရင် ခက်ပြီ။

အဲဒီနေရာမှာ နှစ်နာရီဝန်းကျင်လောက်ကို ကြာမည် ထင်သည်။ ကားအင်ဂျင်ပိုင်းကို ကြည့်သည်၊ ဖြုတ်သည်။ ပြင်သည်၊ လဲသည်၊ တပ်သည်။ ဒရိုင်ဘာနဲ့ စပယ်ယာ ချွေးတလုံးလုံးနဲ့ ခရီးသည်တွေကတော့ ဘာမှနားမလည်။

ကားမောင်းလို့ရတဲ့အချိန် ပြန်ထွက်သည်။ ဒါပေမဲ့ အကောင်းအတိုင်း မမြန်တော့။ တရွေ့ရွေ့ တဖြည်းဖြည်း ထိန်းမောင်းနေရကြောင်းလည်း ပြောရှာ၏။

ဘုရားကြီးလမ်းဆုံရောက်မှ ထမင်းစားဖို့ ရပ်ပေးသည်။ အားလုံး ဆာနေပြီ။ ဘယ်သူမှ ဘာမှမပြောနိုင်။ အပြေးအလွှားမှာသည်။ အလုပ်အယက် စားသည်။

ပြန်မောင်းတော့လည်း ခပ်ဖြည်းဖြည်း။

(ငါး)

လှည်းကူးတာဆုံရောက်ပြီဆိုတဲ့အသံကြောင့် မိုးမြင့်နဲ့ ဖြူ ခရီးဆောင်အိတ်တွေ ကတိုက်ကရိုက် ဆွဲဆင်းခဲ့ရသည်။ ညဆိုတော့ ဘယ်ရောက်နေမှန်း သတိမထားမိခဲ့။

ကားက ဆက်မောင်းသွားသည်။ တာဆုံမှာက ရှင်းနေ၏။ မီးပွိုင့်နဲ့ လျှပ်စစ်မီးရောင်တွေပဲ ရှိသည်။

ခက်ပြီ။

ဒီအတိုင်းဆို ရွာကို ဘယ်လိုပြန်ရမလဲ။ ဆိုက်ကားမရှိ၊ မြင်းလှည်းမရှိ၊ ဆိုင်ကယ်တယ်ရီတွေ တစ်စီးမှ မတွေ့တော့။ အချိန်ကလည်း အတော်နှောင်းနေပြီ။

'ဖြူ'

'ရှင်'

'လမ်းလျှောက်နိုင်လား'

'ကိုနဲ့ဆို ကမ္ဘာ့အပြင်အထိ လျှောက်မယ်'

ဒီချိန်အထိ ဖြူက နောက်နေနိုင်သေးသည်။

'အတည်ပြောနေတာ ဖြူရဲ့။ မြင်းလှည်းတွေ၊ ဆိုင်ကယ်၊ ကယ်ရီတွေ မရှိတော့ဘူး'

'ဖြူ တကယ်လျှောက်မှာပါ'

သူတို့ လက်တွဲပြီး မီးပွိုင့်ဖြတ်ကူးကြသည်။ ပြီးတော့ တာဆုံက ပလက်ဖောင်းမှာ ခဏထိုင်သည်၊ နားသည်။ အားယူတဲ့အနေနဲ့ ငုံးဥပြုတ်တွေ စားသည်။ ရေဘူးတွေ ဖွင့်သောက်ကြသည်။ ပြီးရင် ငါးမိုင်ဝေးတဲ့ မိုးမြင့်တို့ရွာကို လမ်းလျှောက်ကြရမည်။

ညအချိန် နှစ်ယောက်တည်း၊ တစ်ယောက်က မိန်း

www.burmeseclassic.com

www.burmeseclassic.com

ကလေးဆိုတော့ အန္တရာယ်မရှိဘူး မပြောနိုင်။ ဒီလိုမသွားလို့ကလည်းမရ။ မိုးမြင့်နဲ့ဖြူ လမ်းမအတိုင်း ဖြည်းဖြည်းချင်း စလျှောက်ကြသည်။

တစ်လှမ်းပြီးတစ်လှမ်း တရွေ့ရွေ့ လျှောက်နေကြသည်။ လနဲ့ကြယ်ရောင်ကလေးတွေ ရှိနေလို့ တော်သေးသည် ပြောရမည်။

ရွာတွေထဲ ဖြတ်လျှောက်တဲ့အခါ လျှပ်စစ်လမ်းမီးတွေ ရှိပေမယ့် ရွာပြင်ရောက်တဲ့အခါ ကြယ်ရောင်နဲ့ လရောင်ကို အားကိုးရသည်။ ဖြူကိုကြည့်ပြီး မိုးမြင့်စိတ်မကောင်း။ ဖြူ ပင်ပန်းနေရှာပြီ။

တစ်နေရာအရောက် သူတို့ခြေလှမ်းတွေ တန့်ခနဲရပ်သွားသည်။ လမ်းပေါ်မှာ ဆိုင်ကယ်တစ်စီး လဲနေ၏။ လူက တစ်ယောက်တည်း အားယူပြီး ထနေသည်၊ မရ။ ပြန်ထသည်။ ဟန်ချက်က မညီ။

မိုးမြင့် အနားရောက်သွား၏။ အဲဒီအချိန် သူ့ဆီက အသံ ထွက်လာသည်။

'ဦး··သမီးကို ကူညီပါရှင်'

'အို'

ဖြူ အာမေဋိတ်သံ ထွက်သွားသည်။ ကြည့်လိုက်တော့ ကောင်မလေးတစ်ယောက်။ ဆယ့်ခြောက်နှစ်လောက်ပဲ ရှိသေးသည်။ အနီရောင်ဆိုင်ကယ်လေးနဲ့ သွေးတွေက ခြင်းခြင်းရဲလို့။

သူတို့ ဝိုင်းထူကြသည်။ ကူပေးကြသည်။ ဆိုင်ကယ်ထောက်လို့ရသွားမှ အဲဒီကောင်မလေးက စကားတစ်ခွန်းပြောသည်။

'သမီး··ဦးတို့နဲ့ လိုက်ခဲ့ပါရစေနော်' တဲ့။

'သြော်'

(ခြောက်)

ကောင်မလေးကို ဖြူ အရမ်းသနားနေ၏။

ဆိုင်ကယ်က မောင်းမရတော့။ ရရင်လည်း မမောင်းနိုင်တော့။ မနိုင်မနင်း တွန်းနေရသည်။ သူ့မှာကလည်း ဒဏ်ရာတွေနဲ့ သွေးတွေနဲ့။ ဒီတော့လည်း မိုးမြင့် မနေသာ။

'ဦး တွန်းပေးမယ်လေ'

'ရပါတယ် ဦး။ သမီးဆိုင်ကယ်က ဦး တွန်းလို့ရမှာမဟုတ်ဘူး'

ဘာအဓိပ္ပာယ်လဲ။ ရင်ထဲမှာ တစ်မျိုးပဲ ခံစားသွားရသည်။ ဒီအချိန် ဒီနေရာမှာ ဒီကောင်မလေးတစ်ယောက်တည်း ဘယ်သူမှ မတွေ့ကြတာလား၊ ဘယ်သူမှ မမြင်ကြဘူးတဲ့လားဆိုတဲ့ အတွေးဝင်လာသည်။ အဲဒီအချိန်-

'ဦးတို့က ဘယ်ကိုပြန်ရမှာလဲ'

အသံစိုးတိုးသဲ့သဲ့လေးနဲ့ မေးသည်။

'နဘဲပင်'

'သမီးက ကျွန်းတောရွာကပါ။ သမီးနာမည် နှင်းစံပယ်လို့ ခေါ်ပါတယ်'

ပြောပြီး ကောင်မလေးက သူ့ဆိုင်ကယ်သူ အားတင်းတွန်းနေသည်။ ဘယ်လိုဖြစ်တာလဲဆိုတဲ့ စကားကို ဘာကြောင့်မမေးမိမှန်းမသိ။ လမ်းတစ်လျှောက်လုံးလည်း ဒီအချိန်အထိ ဘာဆိုင်ကယ်၊ ဘာကားမှ မတွေ့ရ။

တစ်ခုခုတော့ တစ်ခုခု။

ထူးတာလား၊ ဆန်းတာပြောမလား မသိ။ သုံးယောက်သား ဆက်လျှောက်လာကြသည်။ သူ့အတွေးနဲ့သူ၊ ကိုယ့်အတွေးနဲ့ကိုယ်။

'ရှေ့က မီးတွေလင်းနေတာ သမီးတို့အိမ်လေ'

ဘယ်ရောက်နေပြီလဲ၊ ဘယ်လောက်ကြာသွားခဲ့တာလည်း။ နှင်းစံပယ် အသံကြားမှ သတိရသည်။ အိမ်ထဲမှာက လူတွေအများကြီး။ မီးတွေကလည်း လင်းလို့ထိန်လို့။

အိမ်ရှေ့ရောက်တော့-

'လာပါ ဦး၊ အိမ်ထဲ ဝင်ပါဦး။ မမလည်း လာလေ'

'မဝင်တော့ပါဘူး သမီးရယ်။ ဦးတို့က ဆက်သွားရဦးမှာလေ'

ဖြူကတော့ ဘာမှဝင်မပြော။ နှင်းစံပယ်က ထပ်ပြောသည်။

'မဟုတ်တာဘဲ ဦးရယ်၊ ခဏလေးပါ။ သမီးအတွက် အဖော်အဖြစ် စောင့်ရှောက်လာတာ။ သမီးအဖေနဲ့လည်း တွေ့ပေးချင်လို့ပါရှင့်'

မငြင်းသာတော့၊ နောက်က လိုက်သွားရတော့၏။ နှင်းစံပယ်က သူ့ခြံ သူ့အိမ်ခြံဝို့ တန်းဝင်သွား၏။ မိုးမြင့်တို့ တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။

ထိုအခိုက်-

'ဘုတ်'

'အင့်'

www.burmeseclassic.com

www.burmeseclassic.com

ခြံဝကိုထွက်လာတဲ့ လူတစ်ယောက်နဲ့ မိုးမြင့် ဝင်တိုက်မိလိုက်၏။ ဟန်ချက်ကလည်း ပျက်သွားရသည်။ ကိုယ်ကို ထိန်းရင်းကြည့်လိုက်တော့ သူမိတ်ဆွေ ကိုမင်း။

'ဟာ..ဆောရီးဗျာ'

ကိုမင်းက တောင်းပန်စကားဆိုသည်။

'ဟော့..ကိုမင်း၊ ဒါက ဘယ်လိုဖြစ်လာတာလဲ'

'ဩော်..မိုးမြင့်လား။ အပေါ်သွားချင်လို့ ကမန်းကတန်း ပြေးထွက်လာတာကွ။ အိမ်ထဲမှာ လူတွေများလို့။ ဒါနဲ့ မင်းတို့က ဘယ်လို'

'သွား..သွား..ခင်ဗျားကိစ္စ အရင်ရှင်း'

နှင်းစံပယ် ဘယ်ရောက်သွားမှန်း မသိလိုက်။

ကိုမင်း မှောင်ရိပ်သွားထိုင်ပြီး ပြန်လာမှ မိုးမြင့်က အကြောင်းစုံ ရှင်းပြသည်။ ကိုမင်း နားထောင်သည်။

ပြီးမှ ငိုသံပါကြီးနဲ့–

'ဘယ်လိုကွ'

'ဟုတ်တယ် ကိုမင်း၊ အဲဒီကောင်မလေး အခက်ကြုံနေလို့ ကျွန်တော်တို့ စောင့်ခေါ်လာတာ။ သူ့အိမ် ခဏဝင်ပါဦးဆိုလို့'

'ဟာ..မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့ မဖြစ်နိုင်ဘူး။ နှင်းစံပယ်က ငါ့သမီးလေး။ ဆိုင်ကယ်[illegible] ဝဲ ဆုံးသွားတာ။ အိမ်ပေါ်မှာ [illegible] ပဲ'

'ရှင်'

'ဗျာ'

ဖြူနဲ့မိုးမြင့် အာမေဋိတ်သံ ပြိုင်တူထွက်သွားရသည်။ မယုံ၊ လုံးဝမယုံ။ အခုပဲ အတူပြန်လာကြတာ နောက်ဆုံး ကိုမင်းရဲ့ အိမ်ပေါ် တက်သည်၊ ကြည့်သည်။ မျက်နှာပေါ် အုပ်ထားတဲ့ တဘက်ကလေး လှပ်ကြည့်သည်။

'အို:..ကလေးရယ်'

မှန်သည်၊ နှင်းစံပယ်။ ခုံပေါ်မှာ ဝတ်လက်အနေအထားနဲ့ မလှုပ်မယှက်ငြိမ်နေသည်။ မျက်နှာလေးက ပြုံးယောင်သမ်းနေသလိုလို သေချာသည်။

ဆိုင်ကယ်အနီနဲ့ ကောင်မလေး။

အောင်ချစ်သူ(နဘဲဝင်)

---

## သက်ဆိုင်သူများသို့

ရှုမဝမဂ္ဂဇင်းတိုက်သို့ စာမူများ ပေးပို့ရာတွင်
စာမူအား မိတ္တူကူး၍ တိုက်ရိုက်ပေးပို့ခြင်း
မပြုလုပ်ကြပါရန် အရေး(အရေး)
မေတ္တာရပ်ခံပါသည်။
(စာမူအား မူကူး၍ တိုက်ရိုက်ပေးပို့ခဲ့သော
ဆရာ/ဆရာမများသို့
တိုက်ရိုက်ရည်ညွှန်းပါသည်။)

(အယ်ဒီတာအဖွဲ့)

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ကိုဒိဗ္ဗသည် အလမ္ပာယ်ဆရာ တစ်ယောက်သာ ဖြစ်လေသည်။ အများကတော့ သူ့ကို မြွေမုဆိုးဟု ခေါ်ကြ၏။ မည်သို့ခေါ်ခေါ် ကိုဒိဗ္ဗကတော့ အလမ္ပာယ်ဆရာရော မြွေမုဆိုးရော နှစ်ခုစလုံး လုပ်တတ်နေသောကြောင့် ကြိုက်တာခေါ် ကြိုက်သည့်ချည်းပင်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ မြွေရှာရန် တောသို့ဝင်လျှင် တစ်လကိုးသီတင်း ကြာတတ်လေ၏။ မြွေမရမချင်း တောက မပြန်တတ်။ တစ်လကိုးသီတင်းစာ ရိက္ခာကုန်လျှင် တောထဲက ရရာဖွေရှာ၍ စားသောက်တတ်လေသည်။



## မြွေမုဆိုး

ကိုယ်ကြိုက်သည့်မြွေ၊ ကိုယ်လိုအပ်သည့် မြွေ ရလျှင်တော့ မြွေကိုဖမ်း ပခြုပ်ထဲထည့်၍ ရွာသို့ ပြန်တတ်လေသည်။

ထိုနေ့ကတော့ ကိုဒီဗွတစ်ယောက် မြွေရှာရင်း မြွေပါ တစ်ကောင်ကိုပါ ဖမ်းဆီးရမိလေ၏။

မြွေပါရပုံကလည်း တိုက်ဆိုင်မှုတစ်ခုကြောင့် ဖြစ်လေသည်။ ကိုဒီဗွ မြွေရှာရင်း-

'ရှူး··ရှူး··ရှူး·· ရဲ··ရဲ··ရဲ'

'ရှီး··ရှီး··ရှီး··ရှီး'

အသံများ ကြားလိုက်၍ ထိုအသံကြားရာဆီသို့ အပြေးသွားရောက်ကြည့်ရာ မြွေပါနှင့် မြွေတို့ တိုက်ခိုက်နေကြသည်ကို တွေ့ရလေ၏။

ကိုဒီဗွသည် ပိုက်ကွန်ဖြင့် မြွေပါနှင့် မြွေကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်လေသည်။ သိပ်ပြီးတော့ ပင်ပင်ပန်းပန်း ကိုဒီဗွ မကြိုးစားလိုက်ရပေ။

မြွေမှာ တောကြီးမြွေဟောက် မျိုးနွယ်ဝင်တစ်ကောင် ဖြစ်လေသည်။ ကိုဒီဗွမှာ မြွေဖမ်းရာ၌ လွန်စွာပါးနပ်လိမ္မာ၍ ကျွမ်းကျင်သူတစ်ယောက် ဖြစ်သောကြောင့် မြွေကို ပခြုပ်ထဲထည့်၊ မြွေပါကို ပိုက်နှင့်ထုပ်၍ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်လေ၏။

အိမ်သို့ ပြန်ရောက်သောအခါ သမီးလေးကြာဖြူက အိမ်တွင်းမှ ပြေးထွက်လာပြီး ဖအေကို ကြိုလေ၏။ ကိုဒီဗွ၏ သမီးလေး ကြာဖြူမှာ မိတဆိုးသမီးလေး ဖြစ်၏။ အသက်(၁၂)နှစ် ရှိပြီဖြစ်သော်လည်း လူကောင်က ဖွံ့ဖွံ့ထွားထွား ရှိလေ၏။ အဖေတစ်ခု သမီးတစ်ခုမို့ ထိုသားအဖနှစ်ယောက်မှာ လွန်စွာချစ်ခင်ကြလေ၏။ သံယောဇဉ်လည်း ကြီးကြလေ၏။

ကိုဒီဗွသည် အရွယ်ရှိသေးသော်လည်း သမီးလေးကြာဖြူကို ငဲ့၍ နောက်အိမ်ထောင် မပြုခဲ့ပေ။ သမီးလေး ကြာဖြူကလည်း နောက်အိမ်ထောင်မပြုသော ဖအေကို အမေလိုတစ်မျိုး အဖေလိုတစ်ဖုံ ချစ်ခင်ရင်းစွဲ သံယောဇဉ် ကြီးရှာလေ၏။

'သမီးရေ··ဒီတစ်ခါတော့ သမီးအတွက် အဖေ မြွေပါ တစ်ကောင်ပါ ဖမ်းလာခဲ့တယ်' ဟု ပြောလိုက်လျှင် သမီးလေးကြာဖြူမှာ ခွေ့ခွေ့ခုန်အောင် ဝမ်းသာ၍ ပိုက်ထဲက မြွေပါကို လှမ်းကိုင်လေ၏။

သည်တွင် 'နေ··နေဦး သမီး၊ မကိုင်နဲ့။ ဒီကောင်တွေ တောစိတ် မပျောက်သေးဘူး။ ကိုက်လိမ့်မယ်' ဟု ကိုဒီဗွက ဟန့်လိုက်၍ ကြာဖြူသည် လှမ်းနေသော လက်ကို ပြန်၍ ရုပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

'မြွေပါက ကိုက်တတ်လို့လား အဖေ'

'မယဉ်ကျေးသေးတဲ့ တောကောင်တွေပဲ သမီးရယ်၊ ကိုက်တတ်တာပေါ့။ နောက်တော့ ဖေဖေတို့ သင်ပေးလိုက်ရင် လိမ္မာယဉ်ကျေးသွားမှာပေါ့ကွယ်။ လာ..လာ အိမ်ထဲ ဝင်ကြရအောင်' ဟု ကိုဒီဗွကပြောပြီး သမီးနှင့်အတူ တဲအတွင်းသို့ ဝင်သွားကြလေ၏။

◆◆◆

ကိုဒီဗွတို့အိမ်တွင် ငနီဆိုသော မျောက်တစ်ကောင်လည်း ရှိပေသည်။ အလွန်လိမ္မာပေ၏။ လူလို စကားမပြောတတ်သော်လည်း လူတို့ပြောသော စကားတို့ကိုမူ ကောင်းစွာသိကျွမ်းလေ၏။ နားလည်လေ၏။

မျောက်ကလေး ငနီကိုတော့ ကိုဒီဗွ အချစ်ဆုံးဖြစ်လေသည်။ ထိုမျောက်သည် အလွန်လည်း အကင်းပါးလေ၏။

ကိုဒီဗွ ပခြုပ်ဆွဲ၍ ပိုက်ထမ်းပြီး အိမ်ထဲ ဝင်လာသည်နှင့် ငနီက ထုပ်တန်းပေါ် ပြေးတက်သွားပြီး ထုပ်တန်းပေါ်မှ နေ၍-

'ကွိစ်..ကွိစ်..ကွိစ်'

အသံပေးပြီး ကိုဒီဗွ သိအောင် မြွေနှင့် မြွေပါကို အကဲခတ်ကြည့်သည်။ အန္တရာယ်ပေးနိုင်သော အကောင်မျိုးဖြစ်၍ ကြိုတင်ကာကွယ်သည့် သဘောပင် ဖြစ်လေသည်။

'ဟော့ကောင်..ငနီ၊ ဆင်းခဲ့။ မင်းနဲ့ မိတ်ဆက်ပေးမယ်' ဟု ကိုဒီဗွက ထုပ်တန်းပေါ်က မျောက်ကလေး ငနီကို လှမ်းခေါ်သည်။

ပခြုပ်နှင့် ပိုက်ကွန်ကိုလည်း ငနီ မြင်သာအောင် မြှောက်၍ ပြလိုက်၏။

'ကွိစ်..ကွိစ်..ကွိစ်'

ငနီက ကွိစ်ဟု အသံပေး၍ အောက်သို့ ခုန်ဆင်းလာ၏။ ထို့နောက် ပခြုပ်ကိုကိုင်၍ လှုပ်လေ၏။

'ရှူး..ရှူး..ရှူး..ရှူး'

ပခြုပ်ထဲက မြွေဟောက်က ဒေါသသံပြုလိုက်သောအခါ ပခြုပ်ကို မလှုပ်တော့ဘဲ လွှတ်၍ ကိုဒီဗွ ပခုံးထက်ဆီသို့ ဈေ့ခနဲ ခုန်တက်လိုက်၏။

'ရှူး..ရှူး..ရှူး' ဟူသော အသံကို ကြောက်လန့်သွားပုံရလေ၏။

ပိုက်ထဲက မြွေပါကိုတော့ မြင်နေရသောကြောင့် ငနီ ကြောက်ပုံမရပေ။ ငနီက ကိုဒီဗွ ပခုံးထက်မှနေ၍ မြွေပါကို စိုက်၍ကြည့်နေလေ၏။

'ကဲ..ငနီ၊ မင်းနဲ့ မိတ်ဆက်ပေးမယ့်ကောင်တွေက မင်းသူငယ်ချင်းတွေပဲ။ ပခြုပ်ထဲကကောင်က မြွေဟောက်၊ တောကြီးမြွေဟောက် တစ်ကောင်ပဲ။ ဒီပိုက်ထဲက ကောင်ကတော့ မြွေပါလို့ ခေါ်တယ်။ မှတ်ထားနော်'

ဟု ဆို၍ ပခြုပ်ကို ဖွင့်ပြလိုက်ရာ ပခြုပ်တွင်းမှ မြွေဟောက်သည်-

'ရှူး..ရှူး..ရှူး..ရှူး'

လေမှုတ်၍ ပါးပျဉ်းခေါင်းထောင်၍ ပြလိုက်သောကြောင့် ငနီသည် ကွိစ်..ကွိစ်..ကွိစ်ဟုအော်၍ ထုပ်တန်းပေါ်သို့ ကမန်းကတန်း လွှားခနဲ ခုန်တက်သွားလေ၏။

'မကြောက်ပါနဲ့ကွာ။ နောက်ဆိုရင် မင်းတို့ချင်း အရမ်းကိုရင်းနှီးပြီး ချစ်ခင်သွားကြမှာပါကွ။ ဟော့ကောင် ငနီ၊ ဆင်းခဲ့။ ငါ့ကိုယ်ပေါ်တက်' ဟု ငနီကို လှမ်းခေါ်လိုက်ရာ ငနီသည် ကိုဒီဗွ၏ ပခုံးပေါ်သို့ ခုန်၍ကူးလိုက်လေ၏။

ထို့နောက် ကိုဒီဗွသည် ပခြုပ်ကို အဖုံးပြန်ပိတ်ပြီး မြွေလှောင်အိမ်၌ မြွေကိုထား၍ တခြားကြိမ်လှောင်အိမ်တစ်ခု၌ မြွေပါကို ထည့်ထားလိုက်လေတော့၏။

ကိုဒီဗွသည် တောရိုင်းတိရစ္ဆာန်များကို မွေးမြူရာ၌ လွန်စွာကျွမ်းကျင်လိမ္မာပါးနပ်သူလည်း ဖြစ်လေ၏။ မျိုးရိုးအစဉ်အဆက် လုပ်ကိုင်ခဲ့သူလည်း ဖြစ်လေ၏။

မြွေနှင့် မြွေပါတို့ ကိုဒီဗွအိမ်သို့ ရောက်ပြီး များမကြာမီမှာပင် အတော်အတန် ယဉ်ကျေးလာကြလေ၏။ ကိုင်တွယ်ပုံနည်းစနစ်၊ သင်ပြပုံနည်းစနစ် ကောင်းသောကြောင့် ဖြစ်လေ၏။

အစားအစာလည်း ကောင်းကောင်းမွန်မွန် ကျွေးမွေးသည်။ အသင်အပြလည်း နေ့စဉ်မပြတ် သင်ကြားပေးခဲ့သောကြောင့် မြွေပါနှင့် မြွေတို့သည် (၃၊ ၄)လအတွင်း တောစိတ် မဝင်အောင် ထိန်းထားနိုင်၍ အတော်ကလေး ယဉ်ကျေးလိမ္မာလာလေ၏။ မြွေဟောက်နှင့် မြွေပါတို့မှာ ရန်သူများဖြစ်ကြသော်လည်း ကိုဒီဗွ အသင်အပြကောင်းခြင်းကြောင့် ရန်သူလို မဆက်ဆံတော့ပေ။ မိတ်ဆွေအရင်းအချာကဲ့သို့ သင့်မြတ်သွားကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

မြွေပါဆိုးချင်လာလျှင် မြွေပါကို ကြိမ်နှင့်ရိုက်၍ ဆုံးမသည်။ မြွေဟောက် တောစိတ် ဝင်ချင်လာလျှင် အခြားကြိမ်တစ်လုံးဖြင့် မြွေကို ရိုက်၍ဆုံးမရလေ၏။

ကိုဒီဗွ၏ ကြိမ်နှစ်လုံးမှာ ဂမ္ဘီရကြိမ်နှစ်လုံး ဖြစ်လေ၏။ ကြိမ်တစ်လုံးက မြွေပါကိုနိုင်၍ နောက်ကြိမ်တစ်လုံးက မြွေကို နိုင်လေ၏။

မြွေကိုနိုင်သောကြိမ်မှာ ဆီးရွက်များကို ကြိမ်လုံးအပြည့် ရစ်ပတ်ထားပြီးလျှင် ထိပ်နှစ်စကို ပြည်မထွက်၊ ကျွတ်မထွက်အောင် ကြိမ်မျှင်ကြိုးနှင့် ချည်နှောင်ထားလေ၏။

မြွေပါ နိုင်စေသော ကြိမ်လုံးများမှာမူ ပျဉ်းမရွက်ကို ကြိမ်လုံးပြည့် ရစ်ပတ်ထားကာ ထိပ်စနှစ်စကို ကြိမ်မျှင်ကြိုးဖြင့် ရစ်ပတ်ချည်နှောင်ထားလေ၏။

ယခုဆိုလျှင် ကိုဒီဗွ၏အိမ်တွင် မြွေပါ၊ မြွေဟောက်နှင့် မျောက်တစ်ကောင် အဆင်သင့်ရှိနေကြလေပြီ။

တစ်နေ့သ၌ ကိုဒီဗွသည် မြွေပါ၊ မြွေဟောက်နှင့် မျောက်တို့ကို လှောင်အိမ်သုံးလုံး၌ တစ်ကောင်တစ်လုံး စီထားပြီး တောင်ပေါ်ဘုရားပွဲသို့သွားရောက်၍ အလမ္ပာယ်ပြရန် စီစဉ်လေသည်။ သမီးလေးကြာဖြူက ဗုံနှင့် လင်းကွင်းကိုတီးပြီး ပရိသတ်ကိုခေါ်ဖို့ သင်ကြားပေးလေ၏။ ထို့နောက် ဘုရားပွဲသို့ သွားရောက်၍ မြွေအလမ္ပာယ်ပြသရာ များစွာမှ အလုပ်ဖြစ်လေ၏။ ပရိသတ်များ အကြိုက်တွေ့ကာ အားပေးချီးကျူးကြလေ၏။ ဝင်ငွေလည်း များစွာရလေ၏။ မျောက်နှင့် မြွေပါတို့၏ ဟာသပြကွက်ကိုလည်း ပရိသတ်များ လွန်စွာကြိုက်နှစ်သက်ကြလေ၏။

မျောက်ကလေးငနီသည် အစသန်သော မျောက်တစ်ကောင်ဖြစ်လေ၏။ မြွေပါ၏ဦးခေါင်းကို မကြာခဏ သွားရောက်ပုတ်ခတ်လေ၏။

ပုတ်ခတ်ဖန်များလာသောအခါ မြွေပါသည် ဒေါသထွက်လာကာ မျောက်ကို လိုက်လေ၏။ မျောက်ငနီသည် မြွေပခြုပ်ကို ပတ်ပြေး ပတ်ရှောင်လုပ်ရင်း မြွေပခြုပ်ကို ခလုတ်တိုက်မိရာ ပခြုပ်အဖုံးဖွင့်ပြီး မြွေဟောက်ထွက်လာကာ မျောက်ကိုရန်မူသောဒေါသဖြင့် ရှူးခနဲ ,ရှူးခနဲ နှာမှုတ် ပါးပျဉ်းထောင်ပြလေ၏။

မျောက်ငနီသည် မျက်စိကလေး ပေကလပ်,ပေကလပ်ဖြင့် မြွေပါကိုတစ်လှည့် မြွေဟောက်ကိုတစ်လှည့် ကြည့်ကာ ကိုဒီဗွ၏ ပခုံးထက်မှနေ၍ ထွီ-ထွီ-ထွီ အော်ပြီ ခုန်ဆွ,ခုန်ဆွ လုပ်ပြသော ပြကွက်မှာ ပရိသတ်တို့ လွန်စွာကြိုက်နှစ်သက်သောပြကွက် ဖြစ်လေ၏။

ပွဲလည်းအလွန်ကျပေရာ ပရိသတ်တို့၏ လက်ခုပ်သံတို့မှာ ဖြောင်းဖြောင်းညံ၍သွားလေတော့သည်။

သည်တွင် ပခြုပ်ထဲမှလွတ်ပြီး ရှူးခနဲ,ရှူးခနဲ ပါးပျဉ်းထောင်၍ မာန်ဖီနေသော မြွေဟောက်ကို ကြာဖြူ ဗုံနှင့် လင်းကွင်းကို ဘေးချထားပြီး သွားရောက်၍ မြွေဟောက်ကို ဖမ်းဖို့ ဘယ်ယိမ်း ညာယိမ်းနဲ့ လက်ကလေး ကာကာ လုပ်နေသည်။ မြွေဟောက်မှာလည်း ကြာဖြူ၏ လက်ကလေးနှင့် ခေါင်းကိုကိုင်ဖို့ ပြုလုပ်စဉ် မြေပြင်တွင် ဝပ်ဆင်း၍ ငြိမ်နေသည်။ ဖခင်ကိုဒီဗွမြင်ပြီး သမီးလေး ကြာဖြူကို ဘေးဖယ်ကာ မြွေဟောက်အား ဖမ်းချုပ်ပြီး ပခြုပ်တွင်းသို့ ပြန်ထည့်လိုက်လေတော့၏။

ထို့နောက် ပရိသတ်တို့က ကိုဒီဗွအား-

'နောက်နေ့, နောက်နေ့တွေလည်း လာပြီးပြပါဦး။ ဆရာကြီးရဲ့မျောက်မင်း ငနီကိုတော့ အရမ်းသဘောကျတယ်ဗျာ။ နောက်ပြီး ဆရာကြီးသမီးလေးကလည်း မြွေနဲ့ ကစားပြတာ လှတယ်' ဟု ချီးကျူးဂုဏ်ပြု ပြောဆိုကြလေ၏။

ကိုဒီဗွကလည်း 'ဟုတ်ကဲ့ပါခင်ဗျာ၊ ပရိသတ်တွေ တောင်းဆိုတဲ့အတိုင်း ကျုပ်လာပြပါဦးမယ်' ဟု ပရိသတ်အားကျေနပ်အောင် ပြန်၍ပြောလိုက်လေ၏။

သည့်နောက် သမီးလေးကြာဖြူကို ကိုဒီဗွက-

'သမီး..ဘာလို့ မြွေဟောက်ကို ဖမ်းဖို့လုပ်ရတာလဲ။ ဘာလို့ မြွေဟောက်နှင့် ကစားနေရတာလဲ။ အသက်အန္တရာယ် သိပ်များတယ် သမီး။ ဖေဖေရှိလို့ မြင်လို့ပေါ့ကွယ်'

ထိုစဉ်တွင် -

'သမီးလည်း မြွေဟောက် ပခြုပ်ထဲက ထွက်လာတာမြင်ပြီး ကစားချင်စိတ်၊ နောက်ပြီး သမီးနဲ့ ရင်းနှီးသလို ခံစားရပြီး သွားဖမ်းဖို့ လုပ်တာပဲ အဖေ' ဟု ကြာဖြူက ဆိုလေ၏။

◆ ◆ ◆

ထိုနေ့ တစ်နေ့လုံး ကိုဒီဗွ စိတ်တွေ လေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်မှန်းမသိ၊ မိတ်ဆိုးလေး သမီးကြာဖြူမှာလည်း ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း မရှိပေ။

သားဖနှစ်ယောက်စလုံး အတွေးကိုယ်စီဖြင့် အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ ထိုင်နေကြသည်။

ကိုဒီဗွ စိတ်လေးနေရသည်က ညကမက်သော အိပ်မက်တစ်ခုကြောင့် ဖြစ်သည်။ အိပ်မက်ထဲတွင် သမီးလေး ကြာဖြူကို မြွေဟောက်ပေါက်သည်ဟု မက်သည်။ မြွေမှာ လည်း အခြားမြွေမဟုတ်၊ အိမ်မှာရှိသော ကိုဒီဗွမြွေ ဖြစ် ၏။ ထို့ကြောင့် ကိုဒီဗွ ငူငူငိုင်ငိုင်ဖြင့် တွေနေခြင်းဖြစ်လေ ၏။ စိတ်ထဲ ရင်ထဲမှာလည်း နိမိတ်မကောင်းဟု တွေးနေ မိလေ၏။ သမီးလေးအတွက် စိတ်ပူနေမိတာတော့ အမှန်။

သမီးလေးကြာဖြူကလည်း စိတ်မကြည်မလန်း ဖြစ် နေသည်ကလည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ဖခင်ကိုဒီဗွကို အိပ်မက်‚မက်သည်။ အိပ်မက်ထဲတွင် ဖအေကို အိမ်မှာ ရှိတဲ့ မြွေဟောက်က ပေါက်သတ်သည်ဟု မြင်မက်ခဲ့သော ကြောင့် ဖြစ်လေသည်။

ကိုဒီဗွသည် သမီးလေးမျက်နှာ မရွှင်မလန်းနှင့် ညှိုး နွမ်းနေသည်ကို ကြည့်၍ 'သမီး ဘာဖြစ်လို့လဲဟင်။ နေမကောင်းလို့လား' ဟု မေးလိုက်၏။

ထိုအခါ သမီးလေးကြာဖြူက-

'သမီး အိပ်မက်‚မက်တယ် အဖေ။ အိပ်မက်ထဲမှာ အဖေဖမ်းခဲ့တဲ့ မြွေဟောက်က အဖေ့ကို ပေါက်လို့တဲ့။ နောက်ပြီး အဖေ အဆိပ်တက်ပြီး သေသွားတယ်လို့ မက် တယ် အဖေ။ သမီးကြောက်လိုက်တာ အဖေရယ်။ အိပ် မက်ထဲမှာ အဖေ့ကိုဖက်ပြီး တစ်အားငိုဖစ်လိုက်တယ်။



သမီး‥သမီး ဒီမြွေကို အိမ်မှာ မထားချင်တော့ဘူး အဖေ' ဟု ငိုမဲ့မဲ့ဖြင့် ပြောရှာလေ၏။

ကိုဒီဗွကတော့ သူမက်ခဲ့တဲ့ အိပ်မက်အကြောင်းကို သမီးလေးကြာဖြူကို ပြောပြရန်မဝံ့။ အဘယ်ကြောင့်ဆို သော် သမီးလေး ကြောက်လန့်ပြီး စိတ်အားငယ်သွားမှာ စိုးသောကြောင့်ဖြစ်လေသည်။

ထိုနေ့တော့ အလမ္ပာယ်နဲ့ မျောက်ပွဲထွက်ပြဖို့ ကိုဒီဗွ၌ ဆန္ဒမရှိတော့ပေ။ အနားယူကာ သမီးလေးကြာဖြူနဲ့အတူ ဖြူးမြို့သို့သွားပြီး သမီးလေးလိုအပ်တဲ့ အဝတ်အစားနဲ့ အိမ်သုံးဖို့ ပစ္စည်းတချို့ဝယ်ပြီး သားအဖနှစ်ယောက် ဖြူး ဘုရားကြီးဝင်ပြီး ရေ၊ မီး၊ ပန်း စသည်တို့ ကပ်လှူကြ သည်။

ဘုရားရှိခိုးနေကြစဉ် လူကြီးတစ်ယောက် အနား ရောက်လာပြီး-

'မင်းတို့ သတိထားကြ။ ကံကုန်တော့မယ်။ နဂါး သိုက်က တံခါးကြီး ပွင့်နေတယ်' ဟုဆိုကာ ခေတ္တရပ်၍ ကိုဒီဗွတို့ သားအဖကို စိုက်ကြည့်ပြီး ထွက်သွားလေ၏။

ငှင်းပုဂ္ဂိုလ်ကြီးမှာ ယောဂီဝတ်စုံကို အထက်အောက် ဆင်တူဝတ်ဆင်၍ထားလေ၏။ လည်ပင်း၌ ပုတီးသုံးကုံး ဆွဲထားကာ ညာဘက်လက်တွင်မူ ပုတီးတစ်ကုံး၊ ဘယ် ဘက်လက်တွင်မူ ဝါးဆစ်ပိတ်တောင်ဝှေးကို ကိုင်ဆွဲထား လေ၏။ အသက်အားဖြင့်မူ (၇၀)ကျော် (၈၀)အရွယ်ခန့် ရှိလေ၏။ မုတ်ဆိတ်မှာမူ ဆွတ်ဆွတ်ဖြူကာ မေးအောက် ရင်ညွန့်အထိ ရှည်လျားစွာ ရှိလေ၏။

ကိုဒီဗွသည် ထိုပုဂ္ဂိုလ်ကြီးသွားရာနောက်သို့ ကြည့် နေမိစဉ် သမီးလေးကြာဖြူက-

'အဖေ‥ခုန အဘက ဘာတွေပြောသွားတာလဲ။ အဖေနဲ့ သိသလား' ဟု ကြာဖြူက မေးလေ၏။

'အဖေ့အသိ မဟုတ်ပါဘူး သမီး။ သူ ဘာတွေ ပြောသွားမှန်းလည်း အဖေ မသိဘူး သမီး။ ထူးတော့ ထူးတယ် သမီး' ဟု ကိုဒီဗွက ထိုမျှသာပြောပြီး သမီးလေး လက်ကိုဆွဲကာ ဘုရားကြီးပရိဝုဏ်ဝင်းမှ ဂိတ်ဝဆီသို့ ထွက်လာခဲ့တော့သည်။

ဂိတ်ရောက်တော့ ထိုစောစောက မုတ်ဆိတ်ဖြူနှင့် ပုဂ္ဂိုလ်ကြီးကို တွေ့လိုက်ရလေ၏။

'အဘ‥အဘ'

www.burmeseclassic.com

www.burmeseclassic.com

ကိုဗီမှူတို့သားအဖ ထိုပုဂ္ဂိုလ်ကြီးအနားသို့ တိုး လျှောက်သွားပြီး အနားသို့ ရောက်သောအခါ ဦးဗီမှူက ခေါ်လိုက်လေ၏။

'ဟေ့…ဘာတုန်းဟေ့'

ထိုပုဂ္ဂိုလ်ကြီးက လှည့်မကြည့်ဘဲ ပြန်၍မေးလိုက် လေ၏။

'ဘုရားကြီးမှာ အဘပြောသွားတဲ့ စကားကို ကျွန် တော် နားမလည်လို့ပါ အဘ။ အဲဒါလေး ရှင်းသွားအောင် လာမေးတာပါ အဘ'

'ဩော်…ဘုရားဝင်းထဲမှာ တွေ့ခဲ့တဲ့သားအဖကိုး'ဟု ကိုဗီမှူနှင့် မျက်နှာချင်းဆိုင်ကြည့်ကာ မှတ်မိသွားပုံရဟန် ဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး သမီးလေးကြာဖြူ ကို အကဲခတ်နေပြန်သည်။

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးကပင် ဆက်၍-

'အဘက မင်းတို့သားအဖကိုမြင်လို့ မနေသာပါက်ပြီး နှုတ်စီးသဘောနဲ့ ပြောလိုက်ပုံရတယ်ကွယ်။ အဘကိုယ်နဲ့ အဘစိတ်အတိုင်း ပြောလိုက်တာတော့ မဟုတ်ပါဘူး ကွယ်။ အဘကို စိတ်မဆိုးပါနဲ့။ အချိန်တန်တော့ အိမ်ပြန် ကြရမှာလေကွယ်'ဟု ထိုပုဂ္ဂိုလ်ကြီးက တောင်းပန်စကား ဆိုလေ၏။

သည့်တွင် ကိုဗီမှူက ထိုပုဂ္ဂိုလ်ကြီးကို ကြည့်ပြီး-

'အဘကို ကျွန်တော် စိတ်မဆိုးပါဘူးခင်ဗျာ။ အဘ ပြောလိုက်တဲ့ စကားထဲမှာ မင်းတို့ သတိထားကြ။ ကံကုန် တော့မယ်၊ နဂါးသိုက်က တံခါးကြီးလည်း ပွင့်နေတယ်လို့ ဆိုတဲ့ စကားအဓိပ္ပာယ်ကို ကျွန်တော် မသိလို့ပါ။ ခုန လည်း မင်းတို့ အချိန်တန် အိမ်ပြန်ကြရမှာလဲလို့ စကား တွေကို သိချင်လွန်းလို့ မေးတာပါ အဘ။ ပြောမှာဆိုမှာ ရှိရင် ခွင့်လွှတ်ပါ အဘ'

'အင်း…ခက်တော့နေပြီနဲ့တူတယ်ကွယ့်။ ဘဘ စော စောက ပြောတဲ့အတိုင်းပဲ ဆက်ပြောရတော့မယ်နဲ့တူ တယ်။ အဲဒီစကားတွေကို အဘစိတ်နဲ့ အဘကိုယ်က ပြောချင်လို့ ပြောတာမဟုတ်ဘူး ငါ့တူရဲ့။ ပုဂ္ဂိုလ်တစ်ဦးဦး ကနေ အဘနှုတ်နဲ့ အဘစိတ်ကို အပိုင်စီးပေးပြီး ပြောလိုက်တယ်လို့ပဲ ထင်တယ်။ အဘရဲ့ နှုတ်စီး၊ စိတ်စီး စကားကို ကြားတယ်ဆိုရင်လည်း သတိထားကြပေါ့ကွာ။ အဘ အဲဒီလောက်ပဲ ပြောနိုင်တယ်'ဟုဆိုကာ ထွက်သွား

လေတော့၏။

ကိုဗီမှူသည် ခေတ္တရပ်နေပြီး [illegible]

သမီးလေးကြာဖြူက 'ဖေကြီး…သမီး ဗိုက်ဆာ တယ်'ဟု ပြောမှ သတိပြန်ဝင်ကာ သမီးလေးကို ထက် ဆွဲပြီး ဘုရားကြီးဝင်း အောနားက ထမင်းဆိုင်တစ်ဆိုင် သို့ဝင်၍ သားအဖနှစ်ယောက် စားသောက်ကြလေ၏။

ကိုဗီမှူတစ်ယောက် စားသောက်ရင်းကလည်း ထို ပုဂ္ဂိုလ်ကြီး၏ စကားထူး စကားဆန်းကို ပြန်ကြားယောင် ၍ ပြန်၍တွေးနေမိလေ၏။ ထိုစကားရပ်များမှာ ကိုဗီမှူတို့ သားအဖကို ရည်ညွှန်းသော စကားဖြစ်မည်ဟု ကိုဗီမှူ ရိပ်စားထင်မြင်မိလေ၏။

'အင်း…ဒီစကားအတိုင်းဆို ငါတို့သားအဖ သတိ ထားမှ ဖြစ်တော့မယ်။ ညကမက်တဲ့ အိပ်မက်ကလည်း မကောင်းဘူး။ ဘာပဲဖြစ်ဖြစ် သတိတော့ထားရတော့မယ်' ဟု ကိုဗီမှူ စိတ်ထဲက ရေရွတ်လိုက်မိလေ၏။

'ဖေကြီး…ဘာတွေ စဉ်းစားနေတာလဲ။ စားလေ၊ သမီးတောင် တစ်ပန်းကန်ကုန်သွားပြီ'ဟုဆိုကာ လိုက်ပွဲ ထပ်ထည့်လေ၏။

'ဩော်…သမီးလေးကြာဖြူကတော့ ဘာမှမသိရှာ ပါလား။ သိများသိသွားရင် ဖုက္ခပါပဲလေ။ ခုတော့ ညက အိပ်မက်ကို သတိမရတော့ဘဲ မေ့နေပုံရတယ်'ဟု တွေးမိ ပြန်လေ၏။

ကိုဗီမှူ အတွေးဖြတ်ပြီး သမီးလေးကို ပြုံးပြကာ ထမင်းကို ဆက်၍စားလေ၏။ စားသာစားနေရသည် ဘာ အရသာမှ မတွေ့ဘဲ ထမင်းတစ်ပန်းကန်သာ ကုန်သွား လေ၏။

'ကဲ…အဖေတော့ ဝပြီ။ အဖေ့လိုက်ပွဲ သမီး ယူစား လေ'

'ဟင့်အင်း…သမီးလည်း ဝပြီ။ သမီးက နှစ်ပန်းကန် တောင် စားတာ'

ထို့နောက် စားသောက်၍ ပြီးကြသောအခါ ထမင်း ဖိုး ရှင်း၍ ကိုဗီမှူတို့သားအဖ ထမင်းဆိုင်မှ ထွက်ခဲ့ကြလေ ၏။

ဆိုင်အပြင်သို့ရောက်တော့-

'ဖေကြီး…ဖေကြီး…ဟိုမှာ…ဟိုမှာ ဖေကြီးနဲ့ စကား ပြောတဲ့ ဘဘ'ဟု သမီးကြာဖြူကပြောပြီး လက်ညှိုးထိုး



www.burmeseclassic.com

www.burmeseclassic.com

ပြရာ ကိုဒိဗ္ဗ လှမ်းကြည့်လိုက်၏။ ယောဂီဝတ်စုံနှင့် ဘုရားကြီးမှာ တွေ့ခဲ့ရသော ပုဂ္ဂိုလ်ကြီး ဖြစ်၍နေလေ၏။

ကိုဒိဗ္ဗသည် သမီးလေးလက်ကိုဆွဲ၍ ထိုပုဂ္ဂိုလ်ကြီးဆီသို့ သုတ်သုတ်သွား၍ တွေ့မည်အလုပ် ထိုပုဂ္ဂိုလ်ကြီးအား ငှင်းမှုလနေရာတွင် မတွေ့ရတော့ပေ။ ကိုဒိဗ္ဗတစ်ယောက် ဟိုဟိုဒီဒီ ရှာသော်လည်း မတွေ့လိုက်ပေ။

ကိုဒိဗ္ဗသားအဖ အိမ်သို့ ပြန်ရောက်တော့ သမီးကြာဖြူက 'ဖေကြီး..သမီးတို့ မျောက်ပွဲနဲ့ အလဲမွှာယ်ပွဲပြရဦးမယ်လေ' ဟု ဆို၏။

ကိုဒိဗ္ဗက 'ဒီနေ့ နားကြမယ် သမီးရယ်။ နောက်နေ့မှ ထွက်ကြတာပေါ့' ဟု ဆို၍ ထိုနေ့ တစ်နေ့လုံး သားအဖနှစ်ယောက် နားကြလေ၏။ တစ်ရေးတစ်မော အိပ်ကြလေ၏။

ခေတ္တမှေးခနဲ အိပ်ပျော်သွားသည့်အချိန်တွင် ကိုဒိဗ္ဗထံသို့ ကြာဖြူအမေ မကြာမှုံမှာ အစိမ်းရောင် နန်းဝတ်နန်းစားဖြင့် ဦးခေါင်းမှာလည်း နဂါးခေါင်းကို ဆောင်းထားပြီး ကိုဒိဗ္ဗထံသို့သွားကာ–

'ကိုဒိဗ္ဗ..ရှင်လည်း ဒီအကုသိုလ်များတဲ့ အလုပ်ကဖြတ်ဖို့သင့်ပြီ။ ခုချိန်ကစပြီး ကျွန်မတို့ရဲ့ နဂါးသိုက်နန်းမှာပဲ မိသားစုအတူနေဖို့ အချိန်ရောက်ပြီး ခု ကျွန်မတို့ရဲ့ သိုက်က အရှေ့အောင်တော်မူဘုရားမှာရှိတဲ့ နဂါးသိုက်ချုပ်ကို ပြောင်းရတော့မယ်' ဟု ပြောပြီး မကြာမှုံ ပျောက်ကွယ်၍သွားလေ၏။

ကိုဒိဗ္ဗလည်း အံ့အားသင့်စွာဖြင့် အိပ်နေရာမှ ဖြန်းခနဲ ထလိုက်လေ၏။ နေက ညနေပင် စောင်းနေ၏။ သမီးလေးကြာဖြူ နိုးလေ၏။

'သမီးကြာဖြူ..ထ..ထ'

သမီးလေးကြာဖြူမှာ အိပ်မောကျနေသကဲ့သို့ တုတ်တုတ်ပင် မလှုပ်တော့။

'သမီးကြာဖြူ..ဟဲ့..ကြာဖြူ၊ အအိပ်ကြီးလှချည်လား။ ဒီကလေး အရင် ဒီလိုမဟုတ်ပါဘူး။ လက်နဲ့တောင် လှုပ်မနိုးရပါဘူး။ ပါးစပ်နဲ့ ခေါ်နိုးရုံနဲ့တောင် နိုးတဲ့ကလေးမက ဒီကနေ့ကျခါမှ ဘယ်လိုဖြစ်တာပါလိမ့်။ ဟဲ့..သမီးကြာဖြူ..ကြာဖြူ' ဟု ခေါ်ပြီး လှုပ်နိုးလိုက်ရာ ရှူးခနဲ မြွေဟောက်သည် ကြာဖြူ၏ဘေးမှ ပါးပျဉ်းထောင်၍ ဒေါသတကြီး ခေါင်းထောင်ကာ ကိုဒိဗ္ဗကို လှမ်းပေါက်လေ၏။ ကိုဒိဗ္ဗသည် မြွေမုဆိုးတစ်ယောက်ဖြစ်၍ ကောင်းစွာဖြင့် ရှောင်တိမ်းနိုင်လိုက်လေ၏။

တောကြီးမြွေဟောက်ကြီးက တောစိတ်ဝင်ချေပြီတကား။ သမီးလေးကြာဖြူကို သေချာပြန်၍ကြည့်လိုက်ရာ သမီးလေး၏တစ်ကိုယ်လုံး မြွေဆိပ်တက်ကာ ပြာနှမ်းနေသည်ကို တွေ့ရလေ၏။ ကိုဒိဗ္ဗမှာ သောကစိတ်ဖြင့် ဘာကိုမှ မမြင်တော့ပေ။

'သမီးလေး..သမီးကြာဖြူ..ကြာဖြူ'

ကိုဒိဗ္ဗ သမီးလေးကြာဖြူကိုပွေ့ထူ၍ ရင်ခွင်ထဲထည့်၍ အဆက်မပြတ်ခေါ်သည်။

သမီးလေးကြာဖြူကမူ မထူးနိုင်ရှာတော့ပေ။

'အဖြစ်ဆိုးလှချည်လား သမီးရယ်။ အဖေ့အိပ်မက်အတိုင်း ဖြစ်နေပါရော့လား သမီးလေးရယ်' ဟု ရေရွတ်ကာ ငိုရင်း သမီးလေးကြာဖြူကို ဖက်၍ ဖက်၍ နမ်းရှုံ့လေ၏။

ထိုစဉ် တောကြီးမြွေဟောက်သည် သတိမေ့၍ သမီးအတွက် ရတက်မအေးနိုင်အောင် ပူဆွေးသောကရောက်နေသော ကိုဒိဗ္ဗကို ရှူးခနဲ နှာမှုတ်သံနှင့်အတူ လှမ်း၍ပေါက်လိုက်ပြန်လေ၏။

'ရှူး'

'အား'

လွန်စွာပြင်းသော အဆိပ်တို့သည် ချက်ချင်းပင် ကိုဒိဗ္ဗ၏ ခန္ဓာတစ်ကိုယ်လုံးကို ပျံ့နှံ့၍သွားလေတော့၏။

သတိကောင်းသော ကိုဒိဗ္ဗသည် တောကြီးမြွေဟောက်ကို ဒေါသဖြင့် လှမ်းကြည့်လိုက်ရာ တောကြီးမြွေဟောက်၏ ဦးခေါင်းသည် မြွေဦးခေါင်း မဟုတ်တော့ဘဲ အစိမ်းရောင် နန်းဝတ်နန်းစား မြွေနဂါး ဦးဆောင်းဖြင့် ဇနီးသည် မကြာမှုံ၏ ဝမ်းနည်းကြေကွဲနေသော မျက်နှာကို အဆိပ်ခိုးငွေ့များလွှမ်းနေသော ကိုဒိဗ္ဗ၏ မျက်ဝန်းကြားတွင် ဝိုးတဝါးမြင်တွေ့လိုက်ရပေသတည်း။ တစ်ဆက်တည်းပင် ယောဂီပုဂ္ဂိုလ်ကြီး၏ နိမိတ်ပြ စကားတို့ကိုလည်း သဲ့သဲ့မျှ ကြားယောင်နေမိလေသတည်း။


'မင်းတို့ သတိထားကြ၊ ကံကုန်တော့မယ်။ နဂါးသိုက်က တံခါးကြီး ပွင့်နေတယ်' ဟူ၍ ဖြစ်ပေတော့သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

# စိုးယဉ်ထွန်း
## ဂမ္ဘီရစည်း ပေါက်ကြသူ



ဦးစိမ်းမောင်၏ ငယ်စဉ်က ဝါသနာမှာ အင်္ဂါရုပ်ပညာကို စွဲစွဲလမ်းလမ်း ခုံမင်နှစ်သက်ခဲ့သည်။ ဒါကြောင့်လည်း စာဖတ်တတ်သော အရွယ်ဖြစ်သည့် ကျောင်းပညာလေး,ငါးတန်းကစ၍ ရာဇဝင်သမိုင်း ရှေးဟောင်းစာပေများကို နီးစပ်ရာတို့တွင် တောင်းရမ်းငှားပြု၍ ဖတ်သည်။

ရွာဦးမှ ဘုန်းတော်ကြီးကျောင်း၊ ကျောင်းထိုင်ဆရာတော်၏ တပည့်ရင်းပါဖြစ်၍ ကျောင်းတွင် ဝေယျာဝစ္စများကို ကြုံသလို လုပ်ကိုင်ပေးသည်။

ထိုရွာဦးကျောင်းတွင် ဆရာတော်ကြီး၏ညီက ကပ္ပိ[illegible]အဖြစ် ကျောင်းတွင် နေသည်။ အမည်က ဖိုး[illegible]ခေါင်ဖြစ်သည်။ တိုင်းရင်းဆေးဝါး၊ ဗိန္ဓော၊ [illegible]၊ အင်း၊

www.burmeseclassic.com

www.burmeseclassic.com

အိုင်၊ မေဒင်ကိန်းခန်းတို့ကိုလည်း တတ်သည်။ ဘုန်းကြီးကျောင်း၏ ဆွမ်းစားကျောင်းနောက်တွင် ဖိုရုံလုပ်ထားသည်။ အချိန်ပြည့်နီးပါး အင်္ဂရိတ်အလုပ်ကို လုပ်သည်။ ရွှေဖြစ်ငွေဖြစ် ရသော်လည်း အလုပ်ကို ရစ်မထားဘဲ ဖိုပဲထိုးသည်။

မောင်စိမ်းမောင်ကလေးက ရေငတ်သူ ရေတွင်းထဲကျသလိုပင် ဖိုးဘခေါင်၏ဖိုရုံတွင် ဖိုဆွဲပေးခြင်း၊ ရေခပ်၊ မီးသွေးထု အလုပ်များကို ကျောင်းပိတ်ရက်တိုင်း လာရောက်လုပ်ကိုင်ပေးသည်။ နေ့ရက်၊ လတို့ပြောင်း၍ နှစ်တွေပင် ကူးလာခဲ့သည်။ ဖိုးဘခေါင်ပင် အသက်ရှစ်ဆယ်ကျော်ရှိပြီး ရွာဦးကျောင်းဆရာတော်ကြီးပင် ပျံလွန်တော်မူသွား၍ ကျောင်းထိုင်အသစ် ရောက်ရှိသီတင်းသုံးနေပြီဖြစ်သည်။

မောင်စိမ်းမောင်၏ ဝါသနာအရေရော ဝီရိယ၊ ပါရမီတို့ကြောင့်ရော သင်ပြပေးသော ဆရာဖိုးဘခေါင်၏ စေတနာပါမှုကြောင့် မောင်စိမ်းမောင်မှာ လူပျိုဖြစ်သည့်အရွယ်တွင်ပင် ဆရာတစ်ဆူ ဖြစ်လာခဲ့သည်။

'အိမ်းကွယ်.. လူလေးလည်း ရသင့်သလောက်အသိ၊ အတတ်တွေကို ရပြီ။ အဘခေါင် ဂန္ဓာရီစရီးထွက်ရတော့မယ်။ အချိန်က သိပ်မရှိတော့ဘူး လူလေး။ ဒီပညာကိုဆက်ရင်း တပည့်မွေး ရွေးပေတော့။ အဘခေါင်သွားမယ်'

'ဟို..အဘခေါင်၊ ကျွန်တော်ပါ လိုက်မယ်'

'လူလေးရယ်..မင်း မိဝတ်ဖဝတ်ပြုရဦးမယ်။ အဘခေါင်နဲ့ တစ်ကြိမ်တစ်ခါတော့ ပြန်ဆုံဦးမှာပါ'

မောင်စိမ်းမောင်က အဘဖိုးဘခေါင်ကို ကန်တော့၍ကျန်ခဲ့သည်။ ထိုအချိန်မှစ၍ ရွာဦးကျောင်းဆရာတော်ကြီး၏ညီ ကျောင်းကပ္ပိယကြီး ဖိုးဘခေါင်သည် မောင်စိမ်းမောင်၏ရှေ့မှ လွယ်အိတ်ကိုလွယ်၍ တောင်ဝှေးထောက်ပြီး ထွက်သွားလေသည်။

ရွာထဲတွင် ကပ္ပိယကြီးဖိုးဘခေါင်က ကျောင်းတွင်သူ့အစ်ကို ဆရာတော်ကြီးမရှိ၍ ကျောင်းတွင် မနေခြင်းဖြစ်သည်ဟု ပြောဆိုကြလေသည်။ မောင်စိမ်းမောင်ကတော့ ဘာမှမပြောပေ။

ကိုစိမ်းမောင်တစ်ယောက် လယ်ချောင်း၊ ယာကိုင်းတို့ကို ဦးဆောင်၍ မိသားစုအတွက် လုပ်ကိုင်နေပြီး တစ်ဖက်မှ မီးနှော၊ ပယောဂတို့ကို ကုသပေးသလို အချိန်ရလျှင်လည်း အင်္ဂရိတ်ထိုးလိုက်သေးသည်။ ရွာသူတို့က ဆရာယောင် အပျိုရောင်ဟု ပြောကြသည်။ ဒါပေမဲ့ ကိုစိမ်းမောင်က လူနာတစ်ယောက်ကို ဆေးကုရန်အတွက် သောတပန်ဆော်ပင်ကို ရှာရင်းနှင့် ရွှေလှေချောင်ရွာကို ရောက်ရှိသွားပြီး ထိုရွာမှ လူမမာ ဦးမှိန်ကြီးကို ဆေးကုပေးရာမှ မိသားစုများနှင့်ပါ ရင်းနှီးသွားသည်။ ရွှေလှေချောင်ရွာကို မကြာခဏရောက်ဖြစ်ပြီး ဆေးကုပေးခဲ့ရသော ဦးမှိန်ကြီး၏သမီး မမြသောင်းနှင့် အကြောင်းဆက်၍ ပေါင်းဖက်လိုက်ရသည်။

ကိုစိမ်းမောင်က ရွှေလှေချောင်ရွာသူ မမြသောင်းနှင့် အိမ်ထောင်ကျခဲ့သည်။ စိတ်တူကိုယ်တူ နားလည်မှုရှိကြသောကြောင့် ကိုစိမ်းမောင်မှာ ဖိုထိုး၊ ဆေးကုအလုပ်ကို ပို၍လုပ်ကိုင်နိုင်ခဲ့သည်။ ရွှေလှေချောင်ရွာနှင့် ဇာတိရွာတွင် ဆရာစိမ်းဟု အမည်တွင်ကျယ်ခဲ့သည်။ မမြသောင်း၏ မောင်တစ်ဝမ်းကွဲ ပန်းညွန့်က ယောက်ဖတော် ကိုစိမ်းမောင်(ဆရာစိမ်း)ထံတွင် တပည့်ခံသည်။ ပန်းညွန့်ကို အစ်မဖြစ်သူ မမြသောင်းမျက်နှာနှင့်မို့သာ ကိုစိမ်းမောင်က လက်ခံလိုက်ရသည်။ အမွေးမြင် အပင်သိဆိုသလို ပန်းညွန့်၏ အကျင့်စရိုက် ဝါသနာကို သိလိုက်ခြင်းဖြစ်သည်။

ပန်းညွန့်ဆိုသည်ကလည်း ရွှေလှေချောင်ရွာ၊ ကြာဖြူကန်ရွာ၊ ရဲချောင်ရွာတစ်ကြောတွင် အတုမရှိ လက်လန်၊ နားခေါင်းရှုံ့၊ ကျွဲရောင် ခွေးမယောင်ဆိုသည့် လူစားဖြစ်သည်။ ထန်းရည်၊ ကြက်ဝိုင်း၊ နွားလောင်း၊ ဖဲရိုက်၊ နစိုး(နွားခိုး၊ ပေါ်)တို့ကို အစုံလုပ်သည်။ ယခု အစ်မနှင့်ပတ်သက်ပြီး ယောက်ဖထံတွင် မကောင်းတာများကို ရှောင်ကြဉ်ပါမည်ဟု အဆမ်၍ ဝိုင်းလုပ်နည်းယူနေသည်။

ကိုစိမ်းမောင်က ဖိုးဘခေါင်(အဘခေါင်) ပြောခဲ့သော စကားကို ပြန်၍သတိရလိုက်သည်။ တပည့်မွေး ရွေးပေတော့ဟုဆိုသည့် စကားပင်ဖြစ်သည်။ ပန်းညွန့်ကို ပညာကုန် မပြ၊ ဆရာစား ချန်ထားလိုက်သည်။

'ဟေ့ကောင် ပန်းညွန့်..မင်းယောက်ဖ ဆေးဆရာက အတော်ဆေးလိုက်တယ် ဆိုပါလား။ သူကုရင် လူနာတွေက ပျောက်တာ များတယ်တဲ့။ ဟုတ်လား'

'အေး..ဟုတ်တယ်။ အဲဒါကြောင့် သူ့ဆီက ငါ

www.burmeseclassic.com

www.burmeseclassic.com

ပညာကုန် ယူနေတာကွ'

'မင်းက အောက်လမ်းဆရာပဲ လုပ်ပါကွာ။ ဆရာစိမ်းက လူနာကုဂန္ဓာရီအလုပ်ကို လုပ်နေတာ'

'ဇော်ရော..မင်းကလည်း ပန်းညွန့်ကို မြှောက်မပေးပါနဲ့ကွာ'

'ငါက မြှောက်ပေးတာ မဟုတ်ပါဘူး ကိုလှိုင်ရာ။ သူ့ယောက်ဖ ဆရာစိမ်း တော်တာကို ပြောကြလို့ မေးတာပါ'

'အေး..ဟုတ်တယ်ကွ။ ဆရာစိမ်းဆီက ဗီကောင်ပညာယူပြီး တလောက ညောင်ငုတ်တိုရွာက ဖိုးချက်ကို ပီယဆေး လုပ်ပေးတယ်လို့ ကြားတယ်'

ထန်းရည်တဲတွင် ဝိုင်းဖွဲ့သောက်ရင်းမှ ပြောဆိုနေကြသည်ကို ထန်းရည်တဲရှင်ဆီမှာ ပိုက်ဆံကြွေးလာတောင်းသော ကိုလှိုင်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ပန်းညွန့်က ယောက်ဖ ကိုစိမ်းမောင်(ဆရာစိမ်း)ထံတွင် ဗိုဆွဲ၊ ဆေးထောင်း၊ ဆေးကြိတ် လုပ်ပေးရသည်။ ကိုစိမ်းမောင်က ပန်းညွန့်ကို အရိုးကျိုး၊ အဆစ်လွဲ၊ ဝမ်းလျှော၊ ဖျားခြင်း၊ နာခြင်းတို့၏ ကုနည်းများ သင်ကြားပေးသည်။ ဒါကိုပင် ပန်းညွန့်က မသိသူများကို သူက ဆရာ၊ လူနာကို ဘယ်လိုကုတာ၊ ဘယ်ပယောဂကို နိုင်တာဟု အပြောကြီး လေလုံးထွားသည်။

◆◆◆

ပန်းညွန့်အပြောကြီး လေလုံးထွားမှုကြောင့် တံတားချောင်းရွာ၊ ဂျပန်တံတား၊ ယမ်းတိုက်ဟောင်းလယ်ကွင်းမှ မျက်စောင်းငဖောင်းက=

'ဆရာပန်းညွန့်သတင်းကို ကြားပြီးကတည်းက လာမလို့ပါ။ လယ်ကိစ္စက မပြီး၊ အသုဘကရှိနေတော့ အခုမှ လာဖြစ်တယ်'

'ဆို..ဆရာက ဘာလုပ်ပေးရမလဲ'

'ဟုတ်ကဲ့၊ ဆရာဟိုလေ။ ဟို..ညောင်ငုတ်တိုက ဖိုးချက်ကို လုပ်ပေးသလို ကျွန်တော့်ကို လုပ်ပေးပါဆရာ။ အဲ..အဲဒါ'

'သြော်..မျက်နှာပွင့်ပီယဆေး လိုချင်တာကိုး။ အေး..အေး..ဆရာ ရှိပါတယ်ကွာ'

'ဟုတ်..ဟုတ်ကဲ့ ဦးတင်ရေ၊ ထပ်ပေးပါဦး။ အမြည်းပါ ယူခဲ့ပါ'

ထန်းရည်ဆိုင်တွင် ဆရာဆိုသော ပန်းညွန့်ကို [illegible] တိုက်ကျွေးပြီး ပီယဆေး လုပ်ခိုင်းနေသည့် [illegible] ငဖောင်းက တံတားချောင်းရွာအနွံ ချောင်းစပ် လယ်ကွင်းထဲတွင် မိဘများနှင့် နေသူ။ ရုပ်ရည်က သွားခေါ၊ မျက်လုံးစောင်း၊ အသားမည်း၊ ဂင်တို၊ ပုကွကွ ဖြစ်သည်။ မုဆိုးမ ရွှတ်ထွ၊ အသက်လွန်၊ ကျုပ်မပြည့်သော မိန်းမများက ရှောင်သည့်လူစား။ ရွာလူကြီး ဒုန်းရွှေ၏ သမီးဖြစ်သူ ဖြူဖြူချော‌ချော တောင့်တောင့်ဖြောင့်ဖြောင့် ခင်မူ ရွှေကို တစ်ဖက်ရော နှစ်ဖက်ရောပါ ကြိုက်ပြီး ရွာလူကြီး ဒုန်းရွှေ၏ အိမ်တွင် ရေခပ်၊ နွားစာခဉ်း၊ အမှိုက်ကျုံး အောက်ခြေသိမ်း လုပ်ပေးသည်။ မိဘအိမ်တွင် လယ်အလုပ်ကို သူ့ရင်းငှားနှင့် မေး၍ လိုက်လုပ်သူ ဖြစ်သည်။

ယခု ပန်းညွန့်၏ သတင်းကို ကြားပြီး တံတားချောင်းရွာကို ရောက်နိုက် ဝင်တွေ့ အသိဖွဲ့ပြီး ထန်းရည်နှင့် ညှိစိ၍ လိုအပ်သည့်ကိစ္စကိုပါ ဖွင့်ပြောလိုက်သည်။

ထန်းရည်ဆိုင်တွင် ပန်းညွန့်နှင့် နောက်လိုက် ဇော်၊ ထိပ်ဖုတို့ပါ ပွဲတော်ကြီး တွေ့၍နေသည်။ ဒကာတော်က ခင်မူရွှေကို အမြီးရရ ခေါင်းရရ လိုချင်သူ မျက်စောင်းငဖောင်းပင် ဖြစ်သည်။

'ကဲ..ကဲ..ကိုဖောင်း၊ တလောက သေတဲ့ မိတုတ်က အပျိုဆို၊ ဟုတ်လား'

'ဟုတ်..ဟုတ်ပါတယ် ဆရာ။ အဲဒါ ဘာလုပ်..လုပ်မလို့လဲ'

'ဟ..အဲဒီမိတုတ်ကို အသုံးချရမယ်'

'ဗျာ'

'ဘာဖြစ်လို့လဲ ကိုငဖောင်းရဲ့'

'ဟို..ဆရာ၊ အဲဒီမိတုတ်နဲ့ ကျွန်..ကျွန်တော်နဲ့က လုံးဝမတည့်ဘူး ဆရာ'

'သြော်..လုံးဝမတည့်ရင်လည်း အပြားဝတည့်၊ အဲ..အသုံးချရမှာပဲ။ ကဲ..ဒီမှာက လူများ လာမယ်။ တခြားနေရာမှာ သွားပြောရအောင်။ ထန်းရည် ဆွဲခဲ့'

'ဟုတ်..ဟုတ်ကဲ့ ဆရာ၊ ဂျပန်တံတားမှာကို သွား[illegible] မယ် ဆရာ'

ဂျပန်သံတံတားကြီးက စစ်အတွင်းက [illegible] လက်နက်ပစ္စည်းများ၊ ရိက္ခာများ သယ်[illegible] ရန် မီးပြ၊ သစ္စတ်၊ ခနုတ်တို့ဘက်ကို [illegible]

www.burmeseclassic.com

ချောင်းကူးတံတားဖြစ်သည့် တံတား၏ထိပ် ချောင်းဘေးကုန်းကမူလေးပေါ်တွင် ယမ်းတိုက်ဟု လက်နက်ထည့်သိုသော ဂိုဒေါင်လုပ်ထားသည်။ ထိုကုန်းကမူနှင့် ယမ်းတိုက်ဘေးတွင် ရွာ၏ သချိုင်းက ရှိသည်။

တံတားထိပ်တွင် လေးယောက်သားထိုင်၍ ထန်းရည်သောက် အမြည်းစားရင်း မျက်စောင်းငဖောင်း လိုချင်သော ပီယဆေးအကြောင်းကို ပြောကြသည်။

'အဲဒါဆိုရင် ကိုငဖောင်း လိုချင်တဲ့ ပီယဆေး ရပြီ၊ ဟုတ်လား။ မကြောက်ပါနဲ့ဗျာ။ သူတို့ နှစ်ယောက်လည်း ပါမယ်'

'ဟုတ်ကဲ့··ဟုတ်ကဲ့ပါ'

'ကိုငဖောင်းက ဆရာပြောတာတွေလည်း ယူလာခဲ့။ ဆေးဖိုးတစ်ဝက်လည်း ယူလာ၊ ဟုတ်လား'

'ဟုတ်ကဲ့'

ပန်းညွန့်၏ ပီယဆေးအစီအစဉ်ကိုစွက ပြောဆို၍ ပြီးသွားကြသည်။ လူခွဲ၍ ပန်းညွန့်၊ ငစိုး၊ ထိပ်ဖုတို့က သူတို့ရွာက ပြန်လာကြသည်။ လမ်းတွင်-

'ပန်းညွန့်၊ မင်း ဟိုပီယဆေးကို ညောင်ငုတ်တိုက ဖိုးချက်ကိုလည်း အဲဒီလို လုပ်ပေးတာလား'

'ဟ··ငစိုးရယ်၊ ငါ့ယောက်ဖ ဆေးခွက်ထဲက ဖိုးချက်ကို ယူပေးလိုက်တာကွ။ သူတို့ဟာသူတို့ အဆင်ပြေသွားတာ။ အခုက သချိုင်းမှာ ငါလိုချင်တာ ရှိလို့။ ကိုငဖောင်း··ဒီလိုလုပ်ရမယ်လို့ ပြောတာကွ'

'ငါတို့က ဘာလိုက်လုပ်ရမှာလဲ။ ထိပ်ဖုက ကြောက်တတ်တယ်။ မင်းဟာ ဖြစ်ပါ့မလား'

ငစိုးက ခပ်ထွေထွေနှင့် ပြောလိုက်သည်။

ထိပ်ဖုက ခေါင်းညိတ်ပြပြီး လမ်းကိုလျှောက်ရင်းမှ-

'ဟုတ်တယ် ပန်းညွန့်၊ ငါ··ငါက ကြောက်တယ်။ မင်းက ညကြီးမိုးချုပ် သချိုင်းကုန်းထဲမှာကွာ။ ဒီပြင်မှာ လုပ်ပါလား'

'ဟေ့ကောင်တွေ··မင်းတို့ မလိုက်ရင်နေ၊ ငတင်နဲ့ ထူးမောင်ကို ခေါ်ရင် ရတယ်'

ပန်းညွန့်က အသံမာမာနှင့် ပြောလိုက်၍ ငစိုးနှင့် ထိပ်ဖုမှာ ပျာပျာသလဲပင် လိုက်မယ်ဟု ပြောလိုက်သည်။ ပန်းညွန့်ကိုမှီ၍ ထန်းရည်သောက် ဖဲဝိုင်းထိုင်နိုင်ကြခြင်း ဖြစ်၍ပင်။

ရွာကို ပြန်ရောက်တော့ လူချင်းခွဲပြီး ပန်းညွန့်က ကိုစိမ်းမောင်(ဆရာစိမ်း)၏အိမ် ရှိသည့်ရွာကို လျှောက်လာခဲ့သည်။ နေပူပူထဲမှာ လယ်ကွင်းကိုဖြတ်၍ လျှောက်လာခဲ့သည်။

◆ ◆ ◆

ညဦးပေမယ့် လကွယ်ညဖြစ်၍ အမှောင်က ပိုမှောင်နေသည်။ ရွာထိပ်ရှိ မန်ကျည်းပင်(ကုလားမန်ကျည်းပင်)ကြီး၏အောက်တွင် ပန်းညွန့်၊ ငစိုး၊ ထိပ်ဖုတို့ သုံးယောက်က လက်ထဲတွင် အထုပ်ကလေးများကိုင်၍ စောင့်နေကြသည်။ မျက်စောင်းငဖောင်းနှင့် ချိန်းထားသည့်အချိန်က အနည်းငယ် လိုသေးသည်။

'ဖျတ်··ဖျတ်··ဖျတ်'

'ဖောက်··ဖောက်လောက်'

'ရှဲ··ပလပ်··ပလပ်'

'ဟ··ဟို··ဘာ··ဘာလဲ င··ငစိုး'

'ဟာကွာ၊ ထိပ်ဖုကလည်း ရှဉ့်တွေပါကွ။ ကုလားမန်ကျည်းသီး လာစားတာကွာ'

'ဪ··အေး··အေး··ငါ··ငါက'

'ဟိုတ်··ရွှတ်··လူနှစ်ယောက် လာနေတယ်'

လူရိပ်နှစ်ခုက သစ်ပင်အောက်ကို ရောက်လာသည်။ ပခုံးပေါ်တွင်လည်း အထမ်းအပိုးများနှင့် လွယ်အိတ်ကြီးကလည်းပါသည်။ တော်တော်နီးနီး ရောက်မှ-

'ဆရာတို့လား'

'ဟာ··အေး··ကိုငဖောင်း'

'ဟုတ်ကဲ့ဆရာ··ပေါက်တူး၊ ဂေါ်ပြား၊ ကျောက်ဖျဉ်ပါပါတယ်။ ပြီးတော့ ကျွန်တော့်သူငယ်ချင်းပါ အကူခေါ်လာတယ် ဆရာ'

'အေး··အေး·· ကောင်းတာပေါ့။ ထန်းရည်ရော ပါလား။ ဘာအမြည်းလဲ'

'အမဲခြောက်ဖုတ်၊ ထန်းရည်က ဝါးကျည်တောက် နှစ်လုံး၊ ပုလင်းနှစ်လုံး ပါတယ်'

'ကဲ··လာ၊ သွားမယ်။ အဲဒီကျမှ နားကြတာပေါ့'

ရွာထိပ် ကုလားမန်ကျည်းပင်အောက်မှ ထွက်လာကြသည်။ လက်နှိပ်ဓာတ်မီးကို ထိုးလာသည်။ ခွေးအသံက ပေါ်ထွက်လာသည်။ ထိပ်ဖုက ငစိုး၏အနားသို့ ပို၍ တိုးကပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဂီး...ဂစ်..ဂစ်'

ငှက်ဆိုးက ကောင်းကင်မှ ပျံသွားရင်းနှင့် အော်လိုက်သည်။ ငါးယောက်သား ခြေလှမ်းသွက်သွက် လှမ်းကြသည်။ ဂျပန်တံတားကြီးက အမှောင်ထဲတွင် ထီးတည်းမားမားကြီးနှင့် ရုတ်တရက် မြင်ရလျှင် စိတ်ချောက်ချားစရာပင်ကောင်းသည်။ တံတားကြီးကို ဘေးမှဖြတ်လာပြီး မီးရထားလမ်းဟောင်းကို ကျော်လိုက်မှ ကုန်းကမူခပ်မြင့်မြင့်ပေါ်ကို ရောက်သည်။ ချုံနွယ်တချို့နှင့် သမှည့်ပင်အကြီးကြီးများ၊ လမုပင်အကြီးကြီးများနှင့် သချိုင်းမြေ၊ သစ်သားတိုင်နှင့် ပျဉ်ခင်းပြီး သွပ်မိုးထားသော အကာအရံမရှိသည့် ဇရပ်ကြီး။ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုဇရပ်ပေါ်မှာပင် ပန်းညွန့်တို့အဖွဲ့က ထိုင်လိုက်သည်။

ထိပ်ဖုက လွယ်အိတ်ထဲမှ မီးခြစ်နှင့် ဖယောင်းတိုင်ကို ထုတ်ယူလိုက်ပြီး မီးထွန်းရန် လုပ်သည်။

'ဟာ..ဟေး..ထိပ်ဖု မီးမထွန်းနဲ့ကွ။ ဒီပြင်လူတွေမြင်မယ်'

'အယ်..ဒီမှောင်ထဲမှာ'

'အေး..ဒီအတိုင်းပဲနေ'

မှောင်ထဲတွင် လက်နှင့်စမ်း၍ ထန်းရည်ကို ငှဲ့ပြီးသောက်ရင်း အမြည်းစားရင်းနှင့် အချိန်က ကုန်သွားသည်။

'ကဲ..ဒီအချိန်ဆိုရင် ရလောက်ပါပြီ။ သွားမယ်'

ဇရပ်ပေါ်မှဆင်း၍ မြေပုံများ၊ မှတ်တိုင်များကို ကျော်ခွရှောင်၍ လာကြသည်။ လမိုက်လကွယ်ည ဖြစ်သဖြင့် အတိုက်အခိုက်က ရှိကြသည်။

မျက်စောင်းငဖောင်း ပြသည့်နေရာမှ မြေပုံမို့မို့က မြုပ်ထားသည့် ရက်မကြာသေးသဖြင့် သိသာသည်။ ပစ္စည်းများချပြီး ပန်းညွန့်နှုတ်မှ တီးတိုးရွတ်ဆို၍ လက်ထဲမှ အမှုန့်အခဲများကို ဘေးကိုပတ်လည်ပက်လိုက်သည်။

'ကဲ..ကဲ..ထိပ်ဖုနဲ့ ကိုငဖောင်းလူနဲ့ နှစ်ယောက်အရင်တူးကြ'

'ဟုတ်ကဲ့.. တင်လှ ကိုထိပ်ဖုနဲ့ တူးကွာ'

'အေး..ငဖောင်း၊ မင်းပြောတဲ့အတိုင်းနော်'

'အေးပါကွ၊ တူးပါ'

ထိပ်ဖုက မြေကြီးကို တူးသာတူးနေသည်။ သိပ်ပြီးကြည်ကြည်လင်လင်မရှိပေ။ မျက်စောင်းငဖောင်း၏ သူငယ်ချင်း တင်လှ ဆိုသူကသာ အားစိုက်၍ တူးသည်။ ဘယ်ကမှန်း မသိသော ခွေးအူသံနှင့် အုပ်မှိုကြီး တစ်ပြိုင်တည်း ပေါ်လာသည်။

'ရှဲ..ရှဲ..ရှပ်..ရှပ်၊ ဖလတ်..ဖလတ်'

'ဂစ်..ဂစ်..ဂီး'

'အု..အူးအူး၊ အု..အူး'

ထိပ်ဖုက တူးနေသည်ကို ရပ်၍ မမြင်ရသော ဘေးပတ်လည်ကို ကြည့်လိုက်သည်။ တင်လှဆိုသူက တူးနေသည်။ မြေကြီးက ဒူးဆစ်မြုပ်လာသည်။

တင်လှက မြေကြီးတူးရင်းမှ ထိပ်ဖုကို–

'ကိုထိပ်ဖု၊ ဒီဆရာ အတော်စွမ်းတယ်ဗျ။ ဒီယမ်းတိုက်သင်္ချိုင်းက သရဲအရမ်းခြောက်တာ။ ဂျပန်စစ်သားသရဲတဲ့'

'ဟင်'

'ဟာ..တင်လှရယ်၊ စကားမပြောနဲ့ကွ။ ကိုယ့်ဟာကိုယ် အားစိုက်ပြီး တူးပါကွာ'

မျက်စောင်းငဖောင်းက တင်လှကိုပြောရင်း ထိပ်ဖုလက်ထဲမှ ပေါက်တူးကိုယူ၍ မြေကြီးကို ဆက်တူးလိုက်သည်။ ထိပ်ဖုက ပန်းညွန့်နှင့် ငစိုး၏ကြားတွင် ဝင်ထိုင်လိုက်သည်။ အချိန်က သန်းခေါင်ကျော်လာပြီ။

'အွတ်အီးအီးအွတ်'

'ဟာ..ဆရာရေ၊ ဝါးကပ်ပေါ်ပြီ။ ကျွန်တော် နင်းထားတယ်'

'ဟုတ်လား၊ မြေကြီးတွေ ရှင်းလိုက်'

'အော့..နံလိုက်တာ တင်လှရာ'

'အေး..မိတုတ်က မင်းနဲ့မတည့်တော့ ပိုနံတာပေါ့'

'ကဲ..ကိုငဖောင်း၊ တက်..တက်..ဟိုလူပါ တက်'

ကျင်းထဲမှ တက်လာသော တင်လှနှင့် မျက်စောင်းငဖောင်းတို့မှာ အပုပ်နံ့ စွဲလာသည်။ ကျင်းနှုတ်ခမ်းတွင် ပန်းညွန့်က ဆောင့်ဆောင့်ထိုင်ပြီး လွယ်အိတ်ထဲမှ နှိုက်ထုတ်လိုက်သော အမှုန့်များနှင့် ကျင်းထဲကိုပစ်ချပြီး နှုတ်မှလည်း တိုးတိတ်စွာ ရွတ်ဆိုနေသည်။

'ဖြောင်း..ဝေါ'

'ဖောက်..ဖောက်..ဖောက်'

တစ်ခုခုနှင့် ပစ်ခတ်လိုက်၍ ကျလာသံ၊ အသံက ပျောက်မသွားဘဲ နေရာရွှေ့၍ ပေါ်လာသည်။ အုပ်မှိုက

www.burmeseclassic.com

www.burmeseclassic.com

လည်း ပိုး၍ဆိုးဆိုးရွားရွား ထွက်ပေါ်လာသည်။ ဇိုးက ပန်းညွန့်၏ အနားတိုး၍ ခပ်တိုးတိုး မေးလိုက်သည်။

'ပန်းညွန့်..ဖြစ်ပါ့မလား'

'ဖြစ်တယ် ဇိုး။ ဘာမှမပူနဲ့။ ငါ့ယောက်ဖ လွယ်အိတ်ရော၊ ဆေးတွေရော ယူလာတယ်'

'ဝေါ..ဖုန်း..ဖုန်း..ဖုန်း'

'ဂျိမ်း..ဂျိမ်း'

သချိုင်းမြေက လှုပ်သွားသလိုပင်။ အနံ့ပေါင်းစုံနှင့် ပန်းညွန့်ပစ်ချသောကျင်းထဲမှ ဆေးတွေက အငွေ့အနံ့များ ဖြစ်လာသည်။ ဒါကို ပန်းညွန့်က ဆေးတန်ခိုးပြပြီး သေသူကို ခေါ်လို့ နိုင်းလို့ ရပြီဟု တွက်၍-

'လွန်ခဲ့သော ဆယ်ရက်ကျော်က သေဆုံးသွားတဲ့ မိတုတ်၊ ငါ့ဆရာအမိန့် ကျင်းပေါ်ကို တက်ခဲ့။ ကျင်းပေါ်ကို တက်ခဲ့'

'ဖရှ..ဟူး..ဟူး'

အလောင်းမြှုပ်ထားသော တွင်းထဲမှ လေမှုတ်သံလို ထွန်းထိုးရှန်းကန်သံလို အသံများ မြည်လာသည်။

'တင်လှ တွေ့လား၊ ဒီဆရာက သေပြီးသား မိတုတ်ကို အမိန့်ပေးပြီး ဆေးနဲ့ ပေါက်ခေါ်တာ။ လာတော့မယ်၊ လာတော့မယ်'

ကျင်းထဲမှ အရောင်စုံများက ဖြိုးဖြိုးဖျတ်ဖျတ်နှင့် မီးပန်းလွှတ်သလို ထွက်လာသည်။ ဇိုးရော့ ထိပ်ဖုအပါအဝင် မျက်စောင်းငဖောင်းနှင့် တင်လှတို့ကပါ ဖုံ့ဩနေသည်။ ကျင်းထဲမှ ရောင်စုံမီးပန်းမီးမှုန်ကလေးများက တဖြည်းဖြည်း ပိုး၍များလာသည်။ ကျင်းနှုတ်ခမ်းမှထိုင်၍ ဆေးမှုန့်များကို ကျင်းထဲသို့ ပစ်ချနေသော ပန်းညွန့်ကိုယ်တိုင်ပင် ဖုံ့ဩတကြီး ဖြစ်နေသည်။

'ဝုန်း'

'အောင်မလေးဗျ'

'ဟာ..အင့်'

'အား'

အော်သံများက အပြိုင်ပင်ထွက်လာသည်။ ထိပ်ဖုက နောက်ကြောင်းကိုလှည့်၍ တစ်ရှိန်ထိုး ပြေးထွက်လိုက်သည်။ တင်လှကပါ နောက်မှ ပြေးလိုက်သွားသည်။

သချိုင်းမြေနှင့် ဝန်းကျင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားသည်။ မိတုတ်၏အလောင်းကို မြှုပ်ထားသော မြေပုံကိုတူး၍ မြေကျင်းဖြစ်နေသောနေရာမှ မီးခိုးငွေ့များသာ ထွက်နေသည်။

◆ ◆ ◆

နံနက်မိုးလင်းသည့်အခါ ရွာလယ်လမ်းတွင် ဓမ္မမြေ၌ လဲကျနေသော လူတစ်ယောက်နှင့် အိမ်၏ရှေ့ ကမျဉ်တွင် လဲကျနေသော တင်လှတို့ကိုတွေ့ပြီး သတိရအောင် ပြုစု၍ အကျိုးအကြောင်း မေးကြသည်။

'ဟုတ်..ဟုတ်ပါတယ်။ ကျုပ်က ဆရာစိမ်းရဲ့ ယောက်ဖနဲ့ လိုက်လာတာ။ သချိုင်းထဲမှာ ကျန်ခဲ့ကြတယ်။ ဟို..ကျုပ်က ထိပ်ဖုပါ'

'ဟုတ်တယ်၊ ဖောင်းကော့ပါ။ သချိုင်းထဲမှာ ဆရာပန်းညွန့်ရယ်၊ ငဖောင်းရယ်၊ နောက်တစ်ယောက်နဲ့ အော်ပြီး မိတုတ်ရဲ့ ကျင်းထဲကို ကျသွားလို့ ကျုပ်တို့ ထွက်ပြေးလာတာ'

တင်လှက သေချာပြောပြနိုင်၍ ဆရာစိမ်းကို လူကြီးလွှတ်ပြီး တစ်ပါတည်း ပင့်ခေါ်ခိုင်းလိုက်သည်။

ရွာလူကြီး ဦးအုန်းရွှေ၏အိမ်တွင် လူစုံသည်။ ပန်းညွန့်၏ ဖြစ်ရပ်တရားခံက မျက်စောင်းငဖောင်း။ ဇိုးက ပန်းညွန့်ကို သတိပေးရင်း အနားကပ်မိ၍ မျက်စောင်းငဖောင်းက အကြံအစည်အောင်ပြီဆိုပြီး ဝမ်းသာအားရနှင့် ကျင်းနှုတ်ခမ်းနားကို သွားမိသောကြောင့် ချော်ပါသွားရခြင်း ဖြစ်သည်။

ပန်းညွန့်က မျက်စောင်းငဖောင်းကို ပီယဆေး လုပ်ပေးပြီး ဆေးလုပ်ပေးခ ငွေနှစ်သောင်း တောင်းသည်။ ငဖောင်းက သုံးသောင်းအထိ ပေးမည်ဟု ပြောသည်။ ပန်းညွန့်က ဂန္ဓကရ၊ ဓာတ်၊ မီးရှူးဆေးများကို ဘာတစ်ခုမှ မသိဘဲ ဆရာစိမ်း၏ ဆေးလွယ်အိတ်ကို ယူလာပြီး အိတ်ထဲမှ ဆေးများကို နှိုက်ယူကာ မြေကျင်းထဲမှ မိတုတ်၏ မသာအလောင်းပေါ် ပစ်ချရာ အင်္ဂါရုတ်ပစ္စည်းများ၊ ဓာတ်မတည့်သော ဆေးဝါးများက ပေါင်းစပ်ဖြစ်သော ပေါက်ကွဲခြင်း၊ အငွေ့ပျံခြင်း၊ မီးတောက်ခြင်းများဖြစ်ပြီး ထိုအငွေ့များကို ရှူမိ၍ သေဆုံးရခြင်းဖြစ်သည်။

ဆရာစိမ်းနှင့် ဒေါ်မြသောင်းတို့က ရွာလူကြီးများနှင့် တာဝန်ရှိသူများကို တာဝန်အရ ပြုလုပ်ပါဟုပြော၍ ရွာကို ပြန်သွားကြသည်။

စိုးညွှန့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ငယ်စဉ် ဓတ်လှန်ရေးကောင်စီ တက်ခါနီး လောက်အခါကဆိုလျှင် ကျုပ်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာတစ်လျှောက်မှာတော့ အင်မတန်မှ ပွဲတော်ငတ်တဲ့ အရပ်ဒေသလို့ ပြောရင် ရပါ တယ်။

ဓာတ်ပွဲရှိလာပြီဆိုလျှင်လည်း တစ်ချိန်တည်း တစ် ပြိုင်တည်းဆိုသလို ရှိတတ်ပြန်သေးတယ်။ ဆိုပါတော့၊ တပေါင်းလပြည့်နေ့ဆိုလျှင် ဓာတ်ပွဲသုံးခုက ရွာသုံးရွာမှာ တစ်ပြိုင်တည်း ကပြကြပါတယ်။ ပွဲကတော့ ဘုရားပွဲ ပေါ့။ ကျုပ်တို့ ရေလဲ(မြင်သာ)ရွာက ဘုရားပွဲရယ်၊ သဝန် ထွက်ဝရွာဘက်မှာရှိတဲ့ နားသကျိုက်ဘုရားပွဲရယ်၊ နောင် ဆန်းကျင်ရွာက ဘုရားပွဲရယ်ဆိုတာက တပေါင်းလပြည့် နေ့မှာ တစ်ပြိုင်တည်း ကျင်းပကြတာပါ။

နားသကျိုက်ရွာဆိုတာက ကျုပ်တို့ရွာရဲ့ မြောက် ဘက်တည့်တည့် အရပ်မှာရှိပြီး နေ့ဝက်ခရီးနီးပါးလောက် သွားရတာပါ။ ကြားထဲမှာတော့ ချင်းတွင်းမြစ်ကြီးက ခြားထားတယ်။ ဒီအခါ ကူးတို့လှေနဲ့ကူးပြီး သွားရတာပါ။ နောင်ဆန်းကျင်ရွာ ဆိုတာကတော့ ကျုပ်တို့ရွာရဲ့ အနောက် ဘက်စူးစူး အရပ်မှာ တည်ရှိပြီး သူလည်းပဲ လေးနာရီ နီးပါးလောက် သွားရတဲ့ခရီးပါ။ ကြားထဲမှာတော့ ရွာနှစ် ရွာနှင့် နောင်ဂရောင်းချောင်းတစ်ခု ခြားထားပါတယ်။ နောင်ဂရောင်းချောင်းကတော့ ကျဉ်းတာမို့ တံတားပေါ် က ကျော်ပြီး သွားရတာပါ။

ပြောရရင် ကျုပ်တို့ ရွာရယ်၊ နားသကျိုက်ရွာနှင့်



# ရက္ခစိုးနတ်ကို လိုက်ပို့ခိုင်းကြသူများ

ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

နောင်ဆန်းကျင်ရွာတို့ဟာ သုံးပွင့်ဆိုင် တြိဂံအနေအထား မျိုးမှာ တည်ရှိနေတယ် ဆိုပါတော့။ ဇာတ်ပွဲကတော့ မုံရွာမြို့အထိ သွားပြီး ကရတာပါ။ အဲဒီလို သွားကပြီး ဇာတ်ပွဲသုံးခုက တစ်ပြိုင်တည်းလာပြီး ကပြကြပြီဆိုတာနဲ့ ပွဲဝတ်ပြီး ပွဲအလွန်ကြိုက်ကြတဲ့ ကျုပ်တို့ အရပ်ဒေသက လူတွေဟာ အဲဒီဇာတ်ပွဲသုံးခုစလုံးကို မလွတ်တမ်းလိုက်ပြီး ကြည့်တဲ့သူက ကြည့်ကြတယ်ဗျ။

စာရေးသူ ကျုပ်ကိုယ်တိုင်ကလည်း အဲလိုမျိုးလိုက်ပြီး ကြည့်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ငယ်သေးတော့ ဘာမှ ထူးဆန်းတဲ့ အဖြစ်အပျက်ရယ်လို့ မကြုံခဲ့ရပါဘူး။ အပျိုဖြစ်နေကြတဲ့ အရီးတွေရဲ့နောက်ကို လိုက်ကြည့်တဲ့အခါရှိသလို သူငယ်ချင်းကလေးတစ်သိုက်နဲ့ လိုက်ကြည့်တဲ့အခါလည်း ရှိခဲ့တာပါပဲ။

အဲ..အခု ကျုပ်တင်ပြသွားမယ့် အကြောင်းအရာကတော့ ကျုပ်ရဲ့ အတွေ့အကြုံမဟုတ်ဘဲ ကျုပ်ရဲ့ဖခင် ဦးအောင်ချယ်က သူ လူပျိုပေါက်အရွယ်မှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတစ်ခုကို တင်ပြသွားမှာပါ။ ဆက်ပြီး အားပေးကြပါဦး။

◆◆◆

ကျွန်ုပ်၏ဖခင် ဦးအောင်ချယ်မှာ ရွာထဲတွင် ကျောင်းနေဖက် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် ရှိပါသည်။ ထိုသူတို့မှာ ဦးဖိုးစိုးနှင့် ဦးဖေခင်တို့ ဖြစ်ကြသည်။ သုံးယောက်စလုံးက အပြန်အလှန်ချစ်ကြသော သူငယ်ချင်းများ ဖြစ်ကြသည်။

အိမ်တွင် လယ်ယာလုပ်ငန်းကိစ္စများ မရှိပါက ဘယ်သွားသွား သွားအတူ လာအတူတွေချည်းပဲ ဖြစ်ကြသည်။ ယခုနှစ် တပေါင်းလပြည့်နေ့တွင်မတော့ ထုံးစံအတိုင်း ဘုရားပွဲများက ရှိလာရပြန်သည်။

ရွာကနေ သွားကြည့်နိုင်သော နောင်ဆန်းကျင်ဘုရားပွဲနှင့် နားသကျိုက်ရွာက ဘုရားပွဲများလည်း ရှိလာကြသည်။

မိမိ ရေလဲရွာတွင်လည်း ဘုရားပွဲကရှိသည်။ ဇာတ်ပွဲမှာ အဖိတ်နေ့ ညတစ်ည၊ လပြည့်နေ့တစ်ညနှင့် လပြည့်ကျော်(၁)ရက်နေ့တွင်တစ်ည စုစုပေါင်း သုံးည ကပြရသော ဇာတ်ပွဲဖြစ်သည်။ သို့ပါ၍ သူတို့သုံးယောက်သည် အဆိုပါ ဇာတ်ပွဲသုံးပွဲစလုံးကို တစ်ပွဲလျှင် တစ်ညစီဖြင့် ကြည့်ရှုလိုကြသည်။

ထိုအခါ ပထမဦးဆုံး အဖိတ်နေ့ညတွင် ကပြမည့် ဇာတ်ပွဲနှင့် လပြည့်နေ့ညတွင် ကပြမည့် ဇာတ်ပွဲများတွင် အခြားရွာက ဇာတ်ပွဲများသို့ ဦးဆုံးသွားပြီး ကြည့်ရှုလိုကြသည်။ မိမိရွာတွင် ကပြမည့် ဇာတ်ပွဲကိုတော့ နောက်ဆုံးညဖြစ်သော လပြည့်ကျော်(၁)ရက်နေ့ ကပြမည့်ညတွင်မှ ကြည့်ရှုလိုကြသည်။ အကြောင်းမှု နောက်ဆုံးည မိမိရွာက ဇာတ်ပွဲကို ကြည့်ပြီးပြီဆိုပါက တစ်နေကုန် အပန်းဖြေပြီး မိမိ၏နေအိမ်တွင် အိပ်ကြရုံသာရှိသည်။ ထပ်ပြီးတော့မှ သွားသွားလာလာဖြင့် လုပ်ကြရစရာမရှိ၍ ဖြစ်သည်။

သုံးယောက်စလုံးမှာ လူပျိုပေါက်များ ဖြစ်နေကြ၍ ဇာတ်ပွဲသွားကြည့်ကြရင်း အပျိုလှည့်လိုကြခြင်းသာဖြစ်သည်။ ပြောရလျှင် အဆိုပါ သုံးယောက်စလုံးက မည်သူမှ ရည်းစားဟူ၍ မည်မည်ရရ မရှိကြသေးပါ။ တွေ့ကရာ မြင်ကရာ မိန်းကလေးများကို စခြင်း၊ နောက်ခြင်း၊ သွေးတိုးစမ်းခြင်းအဆင့်သာ ရှိကြသေးသည်။ ယခုခေတ်စကားနဲ့ပြောရသော် တွေ့သမျှမြင်သမျှကို ဖွန်ကြောင်နေကြသော အဆင့်မျှသာရှိသည်။

မည်သို့ဆိုစေ သူတို့သုံးယောက် ပြောဆိုတိုင်ပင်မိကြသောအခါ ပထမညတွင်တော့ နားသကျိုက်ရွာရှိ ဇာတ်ပွဲအား အရင်ကြည့်ရန် သဘောတူကြတော့သည်။ ဒုတိယညတွင်တော့ နောင်ဆန်းကျင်ဇာတ်ပွဲကိုကြည့်ကာ နောက်ဆုံးညမှာတော့ မိမိရွာကဇာတ်ပွဲကိုကြည့်ပြီး အဆုံးသတ်ရန် ဖြစ်တော့သည်။

သို့ဖြစ်၍ သူတို့သုံးယောက်မှာ နားသကျိုက်ဘုရားပွဲရှိရာဆီသို့ အများနည်းတူ ချီတက်ခဲ့ကြသည်။ မြေပဲခင်းများ စိုက်ပျိုးထားချိန်ဖြစ်၍ မြေပဲခင်းများကြားက လူသွားလမ်းကလေးအတိုင်း လျှောက်လာကြရာ မကြာမီအချိန်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးကို ရောက်ခဲ့ကြသည်။ ချင်းတွင်းမြစ်ကိုတော့ ကူးတို့လှေဖြင့် ကူးကြရသည်။

ကူးတို့သမားကတော့ ဟိုဘက်ဒီဘက် အသွားအပြန်လုပ်တိုင်း ခရီးသည်တွေက ပါလာကြရစမြဲ ဖြစ်သည်။ အကြောင်းမှု ရေလဲရွာတစ်လျှောက်ရှိ လူများက နားသကျိုက်ဇာတ်ပွဲရှိရာဘက်ဆီသို့ သွားနေကြသလို နားသကျိုက်တစ်လျှောက်ရှိ လူများမှာလည်း ရေလဲရွာရှိ

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ပွဲသို့ လာနေကြ၍ဖြစ်သည်။ ကူးတို့သုံး၊လေးစင်း အထိ ရှိသည်။ တစ်နေကုန် တစ်ညလုံးဆိုသလို သယ်ပို့ ပေးနေကြရသည်။

သူတို့သုံးယောက်မှာ ချင်းတွင်းမြစ်ကိုကူးပြီး တောလမ်းခရီးအတိုင်း ချီတက်ခဲ့ကြရပြန်သည်။ လမ်းခရီးတစ်လျှောက်တွင်တော့ လူသွားလူလာတွေက ပြတ်သည်ဟူ၍မရှိ။ အားလုံးမှာ ဇာတ်ပွဲကြည့်ရန်အတွက် သွားလာလှုပ်ရှားနေကြခြင်းသာဖြစ်သည်။

သူတို့သုံးယောက်သည် ဖာနိုင်းရွာကို ရောက်သောအခါ ခဏနားကြသည်။ နားပြီး ဆက်ထွက်လာကြသောအခါ နေအတော်ကလေးစောင်းကာမှ ဇာတ်ပွဲရှိရာဆီသို့ ရောက်ခဲ့ရတော့သည်။ ဇာတ်ပွဲ၏ဇာတ်စင်မှာ ရွာ၏အပြင်ဘက်ရှိ နန့်ပန်ငါးချောင်းဘေးတွင်ကပ်ပြီး တည်ဆောက်ထားခြင်း ဖြစ်သည်။

ဇာတ်ပွဲခင်းပတ်ပတ်လည်တစ်လျှောက်မှာတော့ ဈေးဆိုင်ခန်းတွေ တစ်ခုပြီးတစ်ခု ဝိုင်းပတ်ပြီး ရှိနေကြသည်။ လျှပ်စစ်မီးကလည်း မှောင်ရီပျိုးလာသည်နှင့်စပြီး ပေးနေပြီဖြစ်ရာ လင်းထိန်၍နေပါတော့သည်။

ရွှေပွဲလာဧည့်ပရိသတ်များကတော့ ပျားပန်းခပ်မျှ များပြားလှပါတော့သည်။ ပျိုပျိုအိုအို၊ နုနုရွရွ၊ လှလှပပ အမျိုးစုံလှသည်။

သူတို့သုံးယောက်စလုံး ပွဲခင်းထဲသို့ရောက်သွားသောအခါ ထုံးစံအတိုင်း တောအရက်ရောင်းသော ဆိုင်တစ်ခုတွင် ဝင်ပြီးထိုင်ကြသည်။ အရက်နှင့် အမြည်းများမှာကာ စားရင်းသောက်ရင်းဖြင့် လာသမျှသော အချောအလှလေးများကိုကြည့်ရင်း မျက်စိအရသာခံနေကြသည်။ အချို့သောသူများကို စခြင်း၊ နောက်ခြင်းပြုကြ၏။

ည(၉)နာရီနီးပါးလောက်ကျခါမှ ဇာတ်ပွဲက စပြီးကဖြစ်ပါသည်။ ထိုအခါ သူတို့သုံးယောက်မှာလည်း အရှိန်ကလေးကလည်း ရလာပြီမို့ မဏ္ဍပ်အတွင်း ဟိုတိုးဒီဝင်ဖြင့် တွေ့ကရာမြင်ကရာသော အချောအလှများဘေးသို့ဝင်ကာ ထိုင်၏။ စကားမရှိ စကားရှာပြီး မိတ်ဆွေဖွဲ့၏။ ထိုမှတစ်ဖန် ကျော်လွန်၍ ထိကပါးရိကပါး ပြော၏။ အရက်နံ့တထောင်းထောင်းထနေသော သူတို့၏စကားကို မည်သည့်အပျိုချောတို့ကမှ အလေးမထား။ ထိုအခါ တစ်နေရာသို့ ပြောင်းပြီးထိုင်ပြန်၏။ ပြောဆိုစည်းရုံးပြန်၏။ အဆင်ပြေမည့် အရိပ်လက္ခဏာများကို မတွေ့ရပြန်သောအခါ ထုံးစံအတိုင်း နေရာပြောင်းထိုင်ရပြန်၏။

ဤနည်းဖြင့် မိုးသာစင်စင်လင်းခဲ့ရ၏။ ချစ်သူရည်းစားအဆင့်သို့ရောက်အောင် မည်သူကမျှ မစွမ်းဆောင်နိုင်ခဲ့ကြ။

သို့ဖြင့် နားသကျိုက်ဘုရားပွဲမှသည် နောင်ဆန်းကျင်ဇာတ်ပွဲရှိရာဆီသို့ ဆက်ထွက်ခဲ့ရပြန်၏။ ယခုအခါမှာလည်း ချင်းတွင်းမြစ်ကို ကူးရပြန်၏။ သို့သော် နားသကျိုက်ဘက် အသွားတုန်းကနေရာတွင် မဟုတ်တော့ပါ။ နားသကျိုက်ဘုရားပွဲသို့ သွားစဉ်က မြစ်၏အထက်ဘက်ကနေ ကူးသွားရခြင်းသာဖြစ်သည်။ ထုံပေါ်ကျော်ဆိုသော ရွာအနီးတွင် ဖြစ်သည်။

ယခု နောင်ဆန်းကျင်ဘက်အလာမှာတော့ နောင်ဆန်းကျင်ရွာ၏ အထက်နားလေးတွင်ကပ်ပြီး ကူးရခြင်းဖြစ်သည်။ နောင်ဆန်းကျင်ရွာမှာ ချင်းတွင်းမြစ်ကမ်းဘေးက ရွာဖြစ်သည်။

နောင်ဆန်းကျင်ရွာသို့ ရောက်သောအခါ ဇရပ်ပေါ်တွင် ခဏတက်ပြီး အိပ်ဖြစ်ကြသည်။ တစ်ရေးနိုးလာသောအခါ မှောင်ပျိုးစအချိန်သို့ ရောက်နေပြီဖြစ်သည်။ ထိုအခါ သူတို့သုံးယောက်က စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ကာ စားရင်းသောက်ရင်း ရဲဆေးတင်ပြန်၏။ ရဲဆေးတင်ရင်းက မစားရ အသည်းခံလုပ်ပြန်၏။ ပါးစပ်ကလည်း အာသွက်လျှာသွက်ဖြင့် သရမ်း၏။

သို့သော် မည်သည့်အပျိုချောက သူတို့အား ဖုတ်လေသိငါးပိ ရှိသည်ဟုမထင်ကြ။ မထင်ကြသော်လည်း သူတို့သုံးယောက်မှာတော့ ဖွဲ့မလျှော့။ ရဲဆေးတင်ခြင်းကိစ္စ ပြီးသောအခါ ဇာတ်ပွဲက စနေပြီဖြစ်သည်။ ထိုအခါ သူတို့သုံးယောက်စလုံးမှာလည်း မနေ့ကည နားသကျိုက်ဇာတ်ပွဲမှာအတိုင်း မဏ္ဍပ်ထဲဝင်ကာ ကြိုးစားပြန်၏။ သို့ဝါသော်လည်း မိုးသာလင်းခဲ့ရ၏။ ခြေအေးဝမ်းရောင်အဆင့်က မတက်နိုင်။

ကိစ္စကတော့ဖြင့် မရှိသေးပါ။ ယနေ့ည နောက်ဆုံးညမှာတော့ မိမိရွာက ဇာတ်ပွဲမှာ အပိုင်နွဲ့ဖို့ အားခဲထား၏။ ခုအနေအထားမှာ အခြားရွာများသို့သွားပြီး ဝိုးယိုးဝါးသဖြင့် သိပ်ပြီးတော့ မလွတ်လပ်။ မိမိ၏ ရွာဆိုလျှင်တော့ မိမိတို့အပိုင်ဖြစ်၍ လက်ရဲဇက်ရဲဖြင့် ပွဲကြမ်းနိုင်၏။ ထို

www.burmeseclassic.com

www.burmeseclassic.com

အခါ မစွံနိုင်စရာ အကြောင်းမရှိနိုင်ကြောင်း သုံးယောက်သား တွက်ဆမိထားကြသည်။

သို့ဖြင့် ရေလဲရွာဘက်ဆီသို့ ပြန်ခဲ့ကြတော့သည်။ ရေလဲရွာသို့မရောက်ခင် ဓီးပင်သာရွာသို့ ရောက်သောအခါ သူတို့၏ အသိအိမ်တွင်ဝင်ပြီး ခဏလောက် အိပ်လိုက်ကြသည်။ တစ်ရေးနိုးလာသောအခါ ထိုအိမ်မှာပင် အရက်ကို ထပ်ပြီးသောက်ကြပြန်သည်။

သောက်စားကြပြီးသောအခါ ရွာမှ ထွက်ခဲ့ကြ၏။ မကြာခင် မယ်ဇလီရွာကိုရောက်ပြီး ထိုရွာမှ ဖြတ်ကျော်ခဲ့ရပြန်သည်။ လမ်းတစ်လျှောက်တွင်တော့ ဓာတ်ပွဲကြည့်သူများ၏ အသွားအလာက မပြတ်။ ပျော်စရာပင် ကောင်းနေသေး၏။

မယ်ဇလီရွာက ကျော်လာပြီး မကြာခင် နောင်ဂရောင်းချောင်းကို ရောက်ခဲ့ရသည်။ ထိုနေရာကို နောင်ဂရောင်းချောင်းပေါက်ဝဟု ခေါ်ကြသည်။ အကြောင်းမူ နောင်ဂရောင်းချောင်းထဲက စီးထွက်လာသောရေတို့သည် ရေလဲရွာက သောက်သုံးနေသော ပုရစ်ချောင်းထဲသို့ စီးဝင်သွားရ၍ဖြစ်သည်။ ထိုကဲ့သို့ စီးဝင်သွားသောအခါ နောင်ဂရောင်းမှာလည်း ထိုနေရာတွင် အဆုံးသတ်သွားရသောကြောင့် အပေါက်ဝဟု ခေါ်ခြင်းဖြစ်သည်။

မည်သို့ဆိုစေ သူတို့သုံးဦးမှာ နောင်ဂရောင်းချောင်းအား တံတားပေါ်မှ ဖြတ်ကျော်လာပြီး ရေလဲရွာဘက်ကမ်းသို့ အတက်မှာတော့ ခပ်တန်တန်အရွယ် ကုက္ကိုပင်တစ်ပင် ရှိသည်။ ထိုကုက္ကိုပင်တွင် မည်သူကလာပြီး တည်ဆောက်ထားသည်မသိရသော ရုက္ခစိုးနတ်စင်ဟောင်းကြီးတစ်ခု ရှိနေသည်။

ပါးစပ်ရာဇဝင်အရ ဂျပန်ခေတ်က ဂျပန်တွေ စစ်ရှုံး၍ ပြန်ရသောအခါ ရတနာပစ္စည်းအချို့ကိုလည်း သယ်လာခဲ့ကြသည်ဆို၏။ အဆိုပါ ရတနာပစ္စည်းကြီးများနှင့်အတူ ယခု နောင်ဂရောင်းချောင်းက တံတားပေါ်ကို ဖြတ်ကျော်ကြသောအခါ တံတားကျိုးပြီး သူတို့နဲ့ အတူပါလာသော ရတနာသေတ္တာအချို့မှာလည်း ချောင်းထဲသို့ မြုပ်ကျခဲ့ရသည်ဆို၏။ အချိန်မပေးနိုင်ပါသဖြင့် ထိုရတနာသေတ္တာကြီးမှာလည်း ပြန်မဆယ်နိုင်တော့ဘဲ ကျန်ခဲ့ရသည်ဆို၏။

မိုးတွင်းအခါဖြစ်၍ ရေစီးက သန်လှသဖြင့် ကျန်ခဲ့ရသည်ဆို၏။ ဤသည်ကို သိုက်ဆရာယောင်ယောင် လူတစ်စုက သတင်းအရရောက်လာပြီး ကုက္ကိုပင်တွင် ရုက္ခစိုးနတ်စင်တစ်ခုပြုလုပ်ကာ ရတနာပစ္စည်းအား ရှာဖွေခဲ့သည်ဆို၏။ ရတနာသေတ္တာကြီး ရသွားသည်၊ မရသွားသည်ကို မသိရသော်လည်း သူတို့ပြုလုပ်ခဲ့သော ရုက္ခစိုးနတ်စင်ကြီးမှာတော့ ဒီအတိုင်း ကျန်ရစ်ခဲ့ရသည်ဆို၏။ ဤကား စကားချပ်။

သူတို့သုံးယောက်သည် အဆိုပါ ရုက္ခစိုးနတ်စင်ကြီးအား တွေ့လိုက်ရသောအခါ အကြံတစ်ခု ရလာတော့သည်။

ဖေခင်က–

'ဟေ့..ဖိုးစိုး၊ ငါတို့ ဒီအတိုင်းသွားနေရင် ကြာတယ်ကွ'

'ကြာတော့ ဘာဖြစ်တုံး'

'ဘာဖြစ်တုန်းဆိုတော့ ရွာအရောက် နောက်ကျတာပေါ့ကွာ။ ခပ်စောစောရောက်တော့ အချောအလှလေးတွေကို ခပ်စောစောလေး ကြည့်ရတာပေါ့။ နောက်ကျမှရောက်ရင် အချောအလှတွေကို ရွေးချိန်မရဘူးလေကွာ'

ဟု ပြောလိုက်ရာ ကျွန်ုပ်ဖခင်က–

'အဲဒီတော့ ဘာလုပ်ချင်သတုံး'

ဖေခင်က–

'ဘာလုပ်ချင်သတုန်းဆိုတော့ ရုက္ခစိုးနတ်တွေ တန်ခိုးရှိတယ်လို့ ကြားဖူးတယ်ကွ။ အဲဒီတော့ ငါတို့ရွာကို အမြန်ရောက်အောင် အဲဒီရုက္ခစိုးနတ်ကြီးကို လိုက်ပို့ခိုင်းကြရအောင်ကွာ' ဟု အရက်ကလေး ခပ်ထွေထွေဖြင့် ပြောသည်။

ထိုအခါ ဖိုးစိုးက–

'ဘယ်လိုပို့ခိုင်းရမှာလဲ ဖေခင်ရဲ့။ ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောစမ်းပါ'

ဟု ပြောလိုက်ရာ ဖေခင်က–

'သြော်..ဘာခက်တာမှတ်လို့၊ ငါတို့ သုံးယောက်ပေါင်းပြီး ရုက္ခစိုးနတ်ကို ပြောဆိုတိုင်တည်လို့ အမြန်ဆုံးရောက်အောင် ပို့ခိုင်းရမှာပေါ့။ ဒီအခါ ရုက္ခစိုးနတ်က သူ့ရဲ့ ဣဒ္ဓိပါဒ်တန်ခိုးနဲ့ အမြန်ဆုံးရောက်အောင် လုပ်ပေးလာနိုင်တယ်'

ဟု ပြောလိုက်ရာ ကျွန်ုပ်ဖခင်က–

'မင်းအကြံ မဆိုးဘူးကွ။ ကဲ..ပြောနေကြာတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဖေခင်··မင်းက ရှေ့ကနေပြီးတိုင်၊ ငါတို့နှစ်ယောက်က နောက်ကနေ ထောက်ခံပေးမယ်။ ကဲ··စကြရအောင်ဟေ့' ဟု ပြောလိုက်သောအခါ အားလုံးက သဘောတူပြီး ရက္ခစိုးနတ်စင်ရှေ့ထိုင်ကာ ဦးသုံးကြိမ်ပြိုင်တူချလိုက်ကြသည်။

ပြီးသောအခါ ဖေခင်က-

'အသင်ရက္ခစိုးနတ်မင်းကြီးခင်ဗျာ··ကျွန်တော်တို့ သုံးယောက်မှာ ရွာသို့ အမြန်ဆုံးရောက်ရှိရန်အတွက် အရေးတကြီးလိုအပ်လျက် ရှိနေပါသည်။ ခပ်စောစော ရောက်မှ အချော့အလှတွေကို ရွေးချယ်ခွင့်ရပါမည်။ သို့ပါ၍ အသင်ရက္ခစိုးနတ်မင်းကြီးမှ ကျွန်တော်တို့ သုံးယောက်အား ရေလဲရွာသို့ အမြန်ဆုံးရောက်အောင် လိုက်ပါပို့ဆောင် ပေးသနားတော်မူပါ အသင်ရက္ခစိုးနတ်မင်းကြီးခင်ဗျာ'

ဟု ပြောဆိုတိုင်တည်လိုက်လျှင် ကျန်နှစ်ယောက်မှာလည်း-

'ဖေခင်ပြောတဲ့အတိုင်းပါပဲခင်ဗျာ' ဟု ပြောဆိုပြီး ရှိခိုးကန်တော့လိုက်ကြတော့သည်။

ထိုနေရာသည် ရေလဲရွာနှင့်သော်လည်းကောင်း၊ မယ်ဇလီရွာနှင့်သော်လည်းကောင်း မနီးပါ။ ရွာနှစ်ရွာအလယ် နေရာလောက်တွင် ဖြစ်ပါသည်။ သို့ဖြစ်၍ လူနေအိမ်ခြေဟူ၍ မရှိပါ။ သစ်တောသစ်ပင်တွေကလည်း ထူထပ်သောနေရာ ဖြစ်ပါသည်။

သုံးယောက်သား ဦးသုံးကြိမ်ချ၍ ခေါင်းပြန်မော့လာကြသောအခါ ရုက္ခစိုးနတ်စင်၏ နောက်ဘက်က ချုံပုတ်တစ်ခုအတွင်းတွင် တင်းတောင်းလောက်ကြီးသော ကျား၏ ဦးခေါင်းကြီးက သူတို့အား စိုက်ကြည့်နေကြောင်း မြင်တွေ့သွားကြရလေတော့သည်။

ထိုအခါ သူတို့သုံးယောက် စလုံးမှာ 'အောင်မယ်လေးဗျာ၊ ကျား··ကျားကြီးဗျ၊ ကျားကြီး' ဟု ပြောဆိုအော်ဟစ်ကြကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ရေလဲရွာ ရှိရာဘက်ဆီသို့ ထွက်ပြေးခဲ့ကြရတော့သည်။

ပြေးနေရင်းက နောက်ဘက်သို့ တစ်ချက်,တစ်ချက် လှည့်ကြည့်မိရာတွင်လည်း ကျားကြီးက သူတို့နောက်ကို လိုက်လာနေကြောင်း မြင်တွေ့နေကြရသည်။ သို့ဖြစ်၍ 'ကျားဗျ၊ ကျားကြီး လိုက်လာနေတယ်' ဟု ပြောဆိုအော်ဟစ်ကာ ပြေးနေကြသည်။

ဘုရားပွဲသို့ အသွားအပြန် ပြုလုပ်နေကြသောသူများကိုလည်း သူတို့က-

'ကျားကြီး လိုက်လာတယ်ဗျ၊ ကျားကြီး လိုက်လာတယ်။ သတိထားကြ' ဟု ပြောဆိုသတိပေးနေသော်လည်း ခရီးသွားများကတော့ ဟိုကြည့်ဒီကြည့် အသင့်ရှိကြသည်။ မည်သူကမျှ သူတို့လို အူယားဖားယားဖြင့် မပြေးကြ။ လိုက်လာနေသော ကျားကြီးအား သူတို့က မမြင်တွေ့ရ၍များလားဟု စဉ်းစားစရာဖြစ်ရသည်။ သို့ပါသော်လည်း သူတို့အဖို့မှာတော့ အမှန်တကယ် မျက်ဝါးထင်ထင် တွေ့နေရပါသဖြင့် မပြေးဘဲနဲ့တော့ မနေနိုင်ကြပါ။

တောလမ်းခရီးမို့ လမ်းတစ်လျှောက်တွင် ခလုတ်တိုက်သူကတိုက်၊ မှောက်လျက်လဲသူကလဲဖြင့် သောပြေးရှင်ပြေး ပြေးနေကြရသည်။ ဘုရားဖူးသွား ခရီးသည်များကတော့ဖြင့် သူတို့ကိုကြည့်ပြီး ထိတ်လန့်အံ့သြနေကြ၏။ လှမ်းပြီးတားသော်လည်း သူတို့က ကြားရနိုင်ခြင်း မရှိတော့ပါ။

ကြောက်စိတ်တွေက မွန်ထူနေပြီး သွေးပျက်မတတ်ဖြစ်နေကြရလေရာ ပတ်ဝန်းကျင်၏ အော်ဟစ်ပြောဆိုနေမှုများကို သူတို့က သတိမထားနိုင်ကြတော့ပါ။ အသက်လုပြီး ပြေးနေရသည်မို့ ဘာကိုမှ ဂရုမပြုနိုင်အားတော့ပါ။

'ပြေးဟ··ပြေး··ပြေး။ နောက်က လိုက်လာနေသေးတယ်'

'ဟုတ်တယ်ဟေ့၊ ဟုတ်တယ်။ ပြေး··ပြေးဟ'

တစ်ယောက်နဲ့ တစ်ယောက် အော်ဟစ်သတိပေးပြီး ပြေးနေကြရသည်။

ဖိနပ်ကျွတ်ကျ၊ ပုဆိုးပြုတ်ကျဖြင့် ပြေးနေကြရသည်။ ဟောဟဲဆိုက်အောင် ပြေးနေရသော်လည်း မရပ်နားရဲ။ ကျားကြီးကလည်း နည်းသည့်ကျားကြီးမဟုတ်။ ခန့်မှန်းခြေ ကိုးတောင်ကျားလောက် ရှိနိုင်သည်။ နောက်ကိုလှည့်ကြည့်မိပြီး ပြေးနေရသောအခါ ရှေ့က သစ်ပင်နဲ့ဝင်ပြီး တိုက်သူတိုက်၏။ မြေနိမ့်ချိုင့်ခွက်ရှိနေသဖြင့် ကျွမ်းထိုးမှောက်ခုံဖြစ်သူက ဖြစ်နေရ၏။ တစ်ကိုယ်လုံးဆိုသလို ထိခိုက်ဒဏ်ရာများဖြင့် ဖြစ်နေကြရသည်။

သို့ဖြင့် ပဋာမြေလူး အရှုံးမီးတိုင်းအဖြစ်ထက် ဆိုးနေရသော သူတို့သုံးယောက်သည် မကြာခင်အချိန်အတွင်း ရွာအဝင်ဝသို့ ရောက်ခဲ့ကြရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာအဝင်ဝသို့ ရောက်သည်နှင့် သုံးယောက်သားမှာလည်း မည်သို့မျှ ရှေ့သို့ မလှမ်းနိုင်တော့ပါ။ မြေပြင်သို့ မှောက်လျက်လဲကာ သတိမေ့သလို ဖြစ်သွားကြရတော့သည်။

ထိုအခါ တွေ့မြင်ရသော လူတစ်စုက ဝိုင်းကူသယ်မပြီး သူတို့၏နေအိမ်များရှိရာဆီသို့ ပြန်ပို့ပေးခဲ့ကြရတော့သည်။ ဤသို့ဖြင့် သူတို့သုံးဦးစလုံးမှာ ရွာတွင် ကပြနေသော ဇာတ်ပွဲသို့ သွားရောက်ပြီး အပျိုမချောချောများကို နောက်ပိုးသွားလုပ်ဖို့နေနေသာ အိပ်နေရာမှပင် မထနိုင်တော့သည့် အနေအထားသို့ ရောက်ရှိသွားကြရတော့သည်။

ပို၍ဆိုးသည်။ သူတို့သုံးဦးစလုံး မိမိတို့၏ နေ့အိမ်ပေါ်သို့ ပြန်လည်၍ ရောက်နေကြသည့်တိုင် တစ်ချက်၊ တစ်ချက် ထလာပြီး ကျားကြီး လိုက်လာနေတယ်ဆိုပြီး အော်ဟစ်ကာ ပြေးမလို လွှားမလို လုပ်နေကြသေးသည်။

လူများက ဆွဲထားရသည်။ ဇာတ်ပွဲပြီးဆုံး၍ တစ်ပတ် ဆယ်ရက်မျှ ရှိလာသည့်တိုင် သူတို့၏ အမြင်အာရုံများကတော့ တစ်ခါတစ်ရံ ကျားကြီး လိုက်နေသည်ကို မြင်တွေ့နေရဆဲ။ အော်ဟစ်ပြီး ဟိုပြေးမလို ဒီပြေးမလို လုပ်နေကြဆဲ ဖြစ်သည်။

သို့ဖြစ်၍ လူကြီးသူမများနှင့် တိုင်ပင်ကာ သူတို့ပစ်မှားမိခဲ့သော ရက္ခစိုးနတ်စင်ရှိရာဆီသို့သွားပြီး ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် သွားရောက်တောင်းပန်ပေးလိုက်ကာမှ သူတို့အမြင်အာရုံများမှာ တဖြည်းဖြည်းချင်း ပုံမှန်အတိုင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြရပါတော့သည်။

◆◆◆

အဲဒါကတော့ ကျုပ်ရဲ့ဖခင်က သူလူပျိုပေါက်အရွယ်မှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံပါပဲ။

နောက်ဆုံးပြောချင်တာကတော့ စာဖတ်ခဲ့ကြတဲ့သူတွေကရော အဲလိုမျိုး မိန်းကလေးတွေကို နောက်ပိုးပိုးဖို့ ကိစ္စနဲ့ပတ်သက်ပြီး ရက္ခစိုးနတ်တွေကို ဟိုလိုက်ပို့ခိုင်း၊ ဒီလိုက်ပို့ခိုင်းနဲ့ မလုပ်ချင်ကြဘူးလားရယ်လို့။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်


# ဆရာရန်အောင်ဟိန်း(B.Sc)

## (ခရစ်ရှနားမူတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄


www.burmeseclassic.com

www.burmeseclassic.com

ဗလန်ကိုသည် နွားပေါက်ကလေးလောက်ရှိသော ခွေးသမင်တစ်ကောင် ဖြစ်သည်။ သူ၏ သခင်က မျက်နှာဖြူ လက်နက်ကိုင်တပ်မှ အငယ်တန်းအရာရှိကလေး ဗားဖို့(ဒ်) ဖြစ်သည်။

ဗလန်ကိုသည် ခရစ္စမတ်ပွဲတော်ရက်မတိုင်မီ ရက်အနည်းငယ်လောက်က သူ့သခင် ပောကီသွားကစားစဉ်ခြံမှ လွတ်ထွက်သွားသည်။ ဗလန်ကိုအဖို့ လွတ်[illegible] ရသွားပြီးနောက် ကြက်ဆင်နှစ်ကောင်ကို တိုက်သတ်[illegible] ပစ်လိုက်သည်။ ထိုကြက်ဆင်များက ခရစ္စမတ်ပွဲအတွက် ဗားဖို့(စ်)မွေးမြူထားသော အကောင်များ ဖြစ်နေသည်။

အိန္ဒိယလိုတိုင်းပြည်တွင် ခရစ္စမတ်ပွဲတော် နီးကပ်နေချိန်၌ ကြက်ဆင်ဆိုသည်မှာ ရှေထက်ရှားပါးသော အကောင်ဖြစ်သည်။ မည်မျှပင် ဈေးကြီးပေးဝယ်ပါသော်လည်း ရနိုင်မည်မဟုတ်သောကြောင့် ဗားဖို့(ဒ်) စိတ်ညစ်နေလေသည်။

# မောင်မြင့်မား (ဗိုလ်ကလေး)

# ဆာဒူးကျိန်စာ



www.burmeseclassic.com

အကြောင်းရင်းမှာ ခရစ္စမတ်ပွဲတော်ညတွင် ဗားဖို့(ဒ်) တာဝန်ထမ်းဆောင်ရာတပ်မှ အရာရှိကြီးများကို ညစာ စားပွဲအတွက် ဖိတ်ထားပြီးဖြစ်၍ ကြက်ဆင်သားဟင်းနှင့် ကျွေးရန် စီစဉ်ထားပြီးသောကြောင့် ဖြစ်သည်။

ဗားဖို့(ဒ်)၏ အခင်မင်ဆုံးနှင့် အားအကိုးရဆုံးဖြစ်သော အထက်တန်းအရာရှိကလေး ဂျော့မက္ကလင်းမှာလည်း ထိုကိစ္စအတွက် စိတ်မကောင်းဖြစ်နေသည်။ ဂျော့မှာ စိတ်ကောင်းရှိသူဖြစ်၍ ဗားဖို့(ဒ်)နှင့် ခရီးသွားဖော်ဖြစ်သည်။

ဂျော့မက္ကလင်းက–

'မင်း ဒီလောက်ဆိုးတဲ့ခွေးကို ဒီလို ပေါ့ပေါ့တန်တန် ထားတာ မကောင်းဘူး'

'ကျွန်တော် အစောင့်ကို သေသေချာချာ မှာထားတာ။ ဒီကောင် ပေါ့တာပါဗျာ'

'သူ့ကို ကြက်ဆင်အစားရအောင် ပြန်ရှာခိုင်းပေါ့ ကွာ'

'ဒီလိုရှားပါးတဲ့ပစ္စည်းကို သူ ဘယ်လိုရှာမှာလဲဗျ'

'အင်း··ဒါဆို မင်းကို အကြံတစ်ခုပေးမယ်။ ခရစ္စမတ်ပွဲတော်နေ့မတိုင်မီ ကြက်ဆင်သားနဲ့မခြား ကောင်းတဲ့ အသားရဖို့ ငါကူညီမယ်။ ဒီညနေ ငါးနာရီလောက် မင်း သေနတ်နဲ့ စက်ဘီးယူပြီး ငါ့ဘိုတဲကို လာခဲ့'

'ဘာကောင်ကို ပစ်ရမှာလဲ'

'မင်း လာသာလာခဲ့ပါကွာ။ မင်းအခက်အခဲ ပြေလည်စေရမယ်'

ညနေငါးနာရီတွင် ဗားဖို့(ဒ်)က ဂျော့၏ဘိုတဲကို မပျက်မကွက် ရောက်လာသည်။

'မင်းခွေးကို သေသေချာချာ ပိတ်ထားခဲ့ရဲ့လား'

ခရီးရောက်မဆိုက် ဂျော့က မေးလိုက်သည်။

'အေးဗျာ၊ ဒီတစ်ခါတော့ ခွေးလွတ်သွားရင် အပြစ်ပေးခံရမယ်လို့ တံမြက်လှည်းတဲ့ကောင်ကို အသေအချာ မှာထားပါတယ်'

'ကဲ··လက်ဖက်ရည်သောက်ရင်း တိုင်ပင်ကြတာပေါ့။ မင်း ဒေါင်းသားစားဖူးလား'

'မစားဖူးဘူး'

'ဒေါင်းသားဟာ ကြက်ဆင်သားလိုပဲ အရသာရှိတယ်။ ကြက်ဆင်သားနဲ့ တူတယ်။ ဒေါင်းသားပါလို့ မပြောရင် ကြက်ဆင်သားလို့ပဲ ထင်ကြတယ်'

ဂျော့က ဗားဖို့(ဒ်)အား စိုက်ကြည့်ကာ စကားဆက်သည်။

'ဒေါင်းတွေဟာ ငါတို့အတွက် ကံမကောင်းစွာနဲ့ ကမ္ဘာပေါ်မှာ တည်ရှိနေတာပေါ့ကွာ။ ဒီတော့ တို့ ဒေါင်းကိုပစ်ပြီး ခရစ္စမတ်ညစာကို ကျွေးလိုက်ရင် ဘယ်ဧည့်သည်ကမှ သူတို့စားနေတာ ကြက်ဆင်သားမဟုတ်ဘူးလို့ သိမှာမဟုတ်ဘူး။ ကဲ··ငါ့အကြံက ဘယ့်နှယ်လဲ'

ဗားဖို့(ဒ်)က လက်ခံလိုက်သည်။

ဂျော့က ဦးဆောင်ကာ စက်ဘီးကိုယ်စီနှင့် တောအတွင်းကို စီးလာကြသည်။ မြို့မိုင်မှ စီးလာကြပြီးနောက် ကံအားလျော်စွာ ထိုတောအတွင်းမှာ လူတစ်ယောက်မျှ မတွေ့။ ဂျော့က ထိုတောအတွင်း အရောက်အပေါက်များ ဟန်တူသည်။ သူတို့နှစ်ယောက်သည် မကြာမီ ရွှံ့များဖြင့် မံကာဆောက်ထားသော တဲအချို့ကို တောတွင်းမှာ တွေ့လိုက်ကြရသည်။

ထိုတဲစု၏ နယ်နိမိတ်ဖြစ်သော တောစပ်တွင် ဘုရားကျောင်းတစ်ခုရှိသည်။ ထိုဘုရားကျောင်း၏ ခဲတစ်ပစ်လောက်အကွာတွင် တစ်ဒါဇင်ခန့်မျှရှိသော ဒေါင်းများက အစာစားလျက် ရှိကြသည်။ ဂျော့က ပြောသည်။

'တို့လာတာ သူတို့ မတွေ့စေနဲ့။ တွေ့ရင် မသက်သာဘူး။ ဒီတော့ မလွဲအောင် သေသေချာချာ လုပ်ကြရမယ်။ တို့နှစ်ယောက် ပြိုင်တူပစ်ကြမယ်။ ငါ အချက်ပေးလိုက်တာနဲ့ မင်း သေနတ်ခလုတ်ကို ဆွဲဖြစ်အောင်ဆွဲလိုက်။ ပြီးရင် မြန်နိုင်သလောက် မြန်အောင်ပြေးပြီး ဒေါင်းသေတွေကို ကောက်ပေတော့။ ငါက ဒီကနေ မင်းအန္တရာယ်မရှိအောင် သေနတ်ကိုင်ပြီး စောင့်ပေးမယ်။ ဟုတ်လား'

သူတို့နှစ်ယောက်သည် ပစ်ကွင်းကောင်းကောင်းရရန် တတ်နိုင်သမျှ ရှေ့ကို တရွေ့ရွေ့တိုးလာကြပြီး အချိန်ကျသည်နှင့် ဂျော့က အချက်ပြလိုက်သည်။ ဗားဖို့(ဒ်)က ခလုတ်ကို ဆွဲလိုက်သည်။

သေနတ်သံနှစ်ချက်က ဆက်တိုက်ထွက်ပေါ်လာပြီး ဒေါင်းဖိုနှစ်ကောင်က မြေပြင်ပေါ်တွင် လဲကျသွားကာ အခြားအကောင်များက လန့်ဖျပ်ကာ အော်ဟစ်၍ ပြေးကုန်ကြတော့သည်။

ဗားဖို့(ဒ်)က ဂျော့ မှာထားသည့်အတိုင်း သေနတ်

www.burmeseclassic.com

www.burmeseclassic.com

ကို ချ၍ ဒေါင်းများကိုကောက်ရန် ပြေးထွက်လာခဲ့သည်။

ထိုအချိန်မှာပင် ဘုရားကျောင်းအတွင်းမှ ဆာဒူးဘုန်းကြီး တစ်ပါး ထွက်လာကာ ဗားဖို့(ဒ်) လုပ်ကိုင်နေပုံကို သေသေချာချာ ကြည့်နေသည်။

ဆာဒူးကြီးက ကျယ်လောင်သောအသံနှင့် တစ်စုံတစ်ရာကို အော်ဟစ်လိုက်သည်။ ဗားဖို့(ဒ်)က ဆာဒူးကြီး အော်ဟစ်နေသော စကားလုံးများကို ဘာမျှနားလည်ခြင်း မရှိပေမယ့် ဆာဒူးကြီး ဒေါသထွက်လျက်ရှိကြောင်းကို တော့ သတိထားမိလိုက်သည်။

မကြာမီမှာပင် သေနတ်သံကြောင့် တဲအိမ်များမှ လူများ ပြေးထွက်လာကြသည်။

'မြန်မြန်ပြေးခဲ့ဟေ့။ မင်းသေနတ်ကို ငါယူလာခဲ့ကယ်'ဟု ဂျော့က အော်ပြောလိုက်သည်။

သူတို့နှစ်ယောက်သည် လူများနှင့် ဝေးနိုင်သမျှ ဝေးရန် စက်ဘီးများကို ခြေကုန်နင်းလာခဲ့ကြသည်။

'ဟိုအဘိုးကြီးက ဘာတွေအော်နေတာလဲ ဂျော့'

'တို့မှ အိန္ဒိယစကား မတတ်တာ၊ ဘာသိမှာလဲ ဗားဖို့(ဒ်)ရဲ့။ အရေးကြီးတာက မင်းအခက်အခဲတွေ ပြေလည်သွားပြီ မဟုတ်လား'

'ခင်ဗျားကို ကျေးဇူးတင်တယ် ဂျော့။ ခင်ဗျားဟာ ကျွန်တော် အရှက်မကွဲအောင် ကာကွယ်ပေးတဲ့သူ တစ်ယောက်ပါပဲ'

ခရစ္စမတ်ညစာစားပွဲသည်လည်း အောင်မြင်စွာ ပြီးမြောက်သွားခဲ့ပေပြီ။ ဗားဖို့(ဒ်)လည်း တာဝန်ပြီးဆုံးသွားသောကြောင့် အင်္ဂလန်ကို ပြန်ခဲ့ရလေသည်။ အင်္ဂလန်တွင် ငါးနှစ်မျှ ကြာပြီးသောအခါ အိန္ဒိယပြည်သို့ တစ်ခေါက်ရောက်ခဲ့ပြန်လေသည်။ ထိုအခါတွင်တော့ ရာထူးတက်ကာ ကပ္ပတိန်ဗားဖို့(ဒ်) ဖြစ်ခဲ့ပေပြီ။

ဇနီးသည်နှင့် ကလေးတို့မှာ သူနှင့်အတူ အိန္ဒိယသို့ ပါလာခဲ့သည်။ ဗားဖို့(ဒ်)သည် အစိုးရအမှုထမ်း တစ်ယောက်ဖြစ်သောကြောင့် အိန္ဒိယပြည်၏ နေရာအနှံ့သို့ ပြောင်းရွှေ့ခဲ့ရသည်။ ဗားဖို့(ဒ်)သည် အိမ်ထောင်ကျခဲ့သည်မှာ နှစ်နှစ်ကျော်သာရှိသေး၍ ကလေးက တစ်နှစ်ပင် မပြည့်တတ်သေးပေ။

အိန္ဒိယပြည်ကို ငါးနှစ်ကျော်မျှ ခွဲခွာလာပြီးနောက် ပြန်ရောက်လာသောအခါ များစွာပြောင်းလဲနေပေပြီ။ ဇနီးသည်ဟယ်လင်က ဤတိုင်းပြည်အား နှစ်သက်နေသဖြင့် ဗားဖို့(ဒ်)က ဝမ်းသာနေခဲ့သည်။

ဗားဖို့(ဒ်)မိသားစုသည် တစ်နေ့တွင် ဟီရက်ဟု ခေါ်သော ဘုတာရုံရှိသည့် မြို့ကလေးကို ပြောင်းရွှေ့ရန် အချိန်စာ ရောက်လာသောကြောင့် ပြောင်းရွှေ့ရန် ပြင်ဆင်ကြသည်။ ထိုအချိန်တွင် ရမ်ဘူကက်ဟုခေါ်သော လူတစ်ယောက် ရောက်လာသည်။ သူသည် တစ်ချိန်က ဗားဖို့(ဒ်) အိန္ဒိယတွင်ရှိစဉ်က အိမ်စေဟောင်းကြီးဖြစ်သည်။ သူ့ကို မိတ်ဆွေဟောင်းဂျော့က လွှတ်လိုက်ကြောင်း ပြောသောကြောင့် ဝမ်းသာသွားသည်။ ဂျော့ကိုလည်း ကျေးဇူးတင်မိသည်။

ရမ်ဘူကက်က သင်္ဘောပေါ်မှ ပစ္စည်းများကို ရှင်းလင်းနေစဉ် ဗားဖို့(ဒ်)က ဟယ်လင်အား ဟိုတယ်သို့ခေါ်သွားရန် စေခိုင်းလိုက်သည်။ ဟိုတယ်တွင် ဆုံကြသောအခါ ဟယ်လင်သည် တစ်စုံတစ်ခုကို စိုးရိမ်နေကြောင်း တွေ့လိုက်ရသည်။

ထို့ကြောင့် ဗားဖို့(ဒ်)က-

'ဘာဖြစ်လို့လဲ ဟယ်လင်၊ သင်္ဘောပေါ်မှာ ဘာများကျန်ခဲ့လို့လဲ'

'အဲဒါကြောင့် မဟုတ်ပါဘူး။ ကျွန်မတို့ ဟီရက်ကို သွားကြမယ်မဟုတ်လား။ ရမ်ဘူကက်က ကျွန်မတို့ သွားဖို့ မသင့်ဘူးလို့ ပြောနေတယ်။ သူကြည့်ရတာ ကျွန်မတို့ အတွက် စိုးရိမ်နေသလိုပဲ'

'အေး..တို့က တာဝန်အရတော့ သွားကိုသွားရမှာပဲ။ ငြင်းလို့မရဘူး'

'ဒီမှာ ရမ်ဘူကက်..မင်း သခင်မကို ဘာတွေပြောခဲ့သလဲ။ သူ့ကို ခြောက်လှန့်ဖို့ ကြိုးစားခဲ့သလား'

'မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်က ဟီရက်ကိုသွားဖို့ မသင့်ကြောင်းသာ ပြောတာပါ။ ကြယ်တွေကို ကြည့်ရတာ မဟန်လို့ပါခင်ဗျာ'

'တို့ကတော့ ဟီရက်ကို သွားကိုသွားရမှာပဲ။ မင်း ငါတို့နဲ့ မလိုက်ဘူးလား၊ လိုက်မှာလား ဒါပဲပြော'

'မဟုတ်ပါဘူးခင်ဗျာ။ သခင်ဟာ ကျွန်တော့်ရဲ့အဖေဆိုလည်း ဟုတ်ပါတယ်။ အမေဆိုလည်း ဟုတ်ပါတယ်။ ကျွန်တော် ခွဲမနေခဲ့ပါဘူး။ လိုက်မှာပါ'

'ကဲ..ဟယ်လင်ရေ၊ ကြားတယ်မဟုတ်လား။ ဘာ

www.burmeseclassic.com

www.burmeseclassic.com

မှ စိုးရိမ်မနေနဲ့။ ရမ်ဘူကက်ကတော့ ဒီလိုပဲ ကြယ်တွေကို ကြည့်ပြီး အရှုးထတတ်တယ်'

စာပို့ရထားသည် ည(၉း၃၀)လောက်တွင် ထွက်မည်ဖြစ်ရာ ရမ်ဘူကက်က ဘူတာမှာပင် အိပ်ရာများကို ကျနစွာ ခင်းကျင်းပြင်ဆင်ထားသည်။ ကလေးအတွက် ပူနွေးသော နို့မှာလည်း အဆင်သင့်ဖြစ်။ သန်းခေါင်ယံလောက်တွင် ဗားဖို့(ဒ်)က နိုးလာသောအခါ ရထားပြတင်းပေါက်မှ ခေါင်းပြူ၍ကြည့်လိုက်သည်။ လသာလျက်ရှိ၍ ရထားက တစ်နေရာတွင် ရပ်နေကြောင်း သတိပြုမိသည်။

နောက်တစ်နေ့ နံနက်(၇)နာရီလောက်တွင် နိုးလာသောအခါ ရထားက ရပ်ထားတုန်းပင် ရှိနေသည်။ ရထားပတ်ဝန်းကျင်တွင် အိန္ဒိယလူမျိုးများ၏ အသံဗလံများက ဆူညံနေသည်။ ဗားဖို့(ဒ်)က ဂါတ်ဗိုလ်အား အခြေအနေကို မေးကြည့်သည်။

ဂါတ်ဗိုလ်က-

'ခေါင်းတွဲပျက်သွားပါတယ်။ နောက်ထပ်တစ်စီးလာပါလိမ့်မယ်။ မှာထားပါတယ်'

'ဘယ်လောက်ကြာဦးမလဲ'

'တစ်နာရီနဲ့ နှစ်နာရီကြာလောက်မှာ ရောက်လာပါလိမ့်မယ်'

အချိန်က တရွေ့ရွေ့ကုန်သွားသည်။ ရထားပတ်ပတ်လည်တွင် အနီးအနားရွာများက အိန္ဒိယလူမျိုးများက ဆူညံစွာ ဈေးရောင်းလျက်ရှိကြသည်။ ရထားက လယ်ကွင်းပြင်အလယ် နေပူကျဲကျဲတွင် ရပ်နေခြင်းဖြစ်သည်။

ရာဝါပင်ဒီကို ရောက်သောအခါ ဇနီးသည် ဟယ်လင်က ဖျားတော့သည်။ ဟီရက်ကို နှစ်ဆယ့်လေးနာရီကြာမှ ရောက်သည်။ ကံအားလျော်စွာ ဟီရက်ရောက်မှ ဟယ်လင်တို့သားအမိ နေကောင်းလာကြသည်။

ရောက်စက ကလေးနှင့် ဟယ်လင်မှာ အစစအရာရာ အဆင်ပြေလျက်ရှိသည်။ ဘိုတဲသည် နွေရာသီအတွက် ဆောက်ထားသော ဘိုတဲဖြစ်သော်လည်း ဗားဖို့(ဒ်)တို့ ရောက်ချိန်က ဆောင်းရာသီဖြစ်သည်။ ရောက်ပြီး(၄)ရက်မြောက်ညတွင် ထူးထူးဆန်းဆန်း ကြုံတွေ့လိုက်ရသည်။

မြေငလျင်လှုပ်ခြင်းဖြစ်သည်။ ငလျင်လှုပ်နေစဉ် သားငယ်နှင့် ဟယ်လင်အား လွတ်ကင်းရာသို့ ပို့ထားပြီး ဗားဖို့(ဒ်)က မြင်းစောင်းရှိမြင်းများကို လွှတ်လိုက်သည်။ သားငယ်က လျှောင်လှုပ်နေသော ဘိုတဲကိုကြည့်ကာ သဘောကျနေသည်။ ဗားဖို့(ဒ်)က အစေခံများကိုခေါ်ကာ မလှမ်းမကမ်းတွင်ရှိသော လူမနေသည့် ဘိုတဲများပေါ်သို့ တက်ခိုင်းလိုက်သည်။

ငလျင်လှုပ်ချိန်က ငါးမိနစ်လောက်သာ ကြာသည်။ ငလျင်လှုပ်ချိန်တွင် ဘိုတဲပေါ်၌ မနေဝံ့လောက်အောင် ယိမ်းထိုးလျက်ရှိပြီး လှုပ်ပြီးချိန်ဝယ် သစ်ပင်ကြီးငယ်များ အားလုံး ကျိုးကျလျက်ရှိသည်။

ငလျင်သည် တစ်ခါတစ်ရံတွင် ငလျင်ကြောအတိုင်း လှုပ်တတ်သည်ကို ဗားဖို့(ဒ်)က သိသည်။ ယခုလှုပ်ပုံက ဗားဖို့(ဒ်)တို့နေသော ဘိုတဲတစ်ခုတည်းသာလှုပ်၍ တခြားဘိုတဲများ ငလျင်ဒဏ်လုံးဝခံစားရခြင်းမရှိကြောင်း တွေ့လိုက်ရသည်။

ခရစ္စမတ်ပွဲတော် နီးကပ်နေပြီဖြစ်သည်။

နံနက်ခင်း လက်ဖက်ရည်ဝိုင်းတွင် ရမ်ဘူကက်က ဗားဖို့(ဒ်)အား-

'သခင်..ထမင်းချက်ကြီး မြွေကိုက်ခံရတယ်'

'ဟင်..ဘယ်တုန်းကလဲ'

'ညတုန်းကပါပဲ'

'အို..တယ်ခက်ပါလား။ ဘာလို့ စောစောမပြောတာလဲ။ အခု အခြေအနေ ဘယ့်နှယ်လဲ'

'သိပ်ဆိုးနေပါတယ်'

ဗားဖို့(ဒ်)နှင့် ဟယ်လင်က အစေခံတန်းလျားဆီသို့ အပြေးအလွှားရောက်သွားသည်။ ထမင်းချက်ကြီးမှာ သေလုမြောပါးအခြေအနေ ရောက်နေသည်။ ဆရာဝန်ကို ချက်ချင်း ခေါ်ခိုင်းလိုက်ကာ ပုလိပ်ဘက်ကိုလည်း အကြောင်းကြားခိုင်းလိုက်သည်။

ကံဆိုးသော ထမင်းချက်ကြီးမှာ မကြာခင် သေဆုံးသွားတော့သည်။ သေဆုံးပြီးနောက် မကြာမီမှာပင် ငိုယိုသံများအကြားမှ ဟိန္ဒူထုံးစံအတိုင်း သင်္ဂြိုဟ်လိုက်တော့သည်။

ထိုနေရာသည် မြွေပေါသောနေရာ ဖြစ်နေသည်။ ရာသီကလည်း မြွေများ တွင်းမှထွက်၍ ပျော်မြူးတတ်သော ရာသီဖြစ်၍ စိုးရိမ်နေကြသည်။ တွေ့ရသော မြွေများက အကောင်မကြီးသော်လည်း သုံးပေနီးပါးရှည်လျားကာ သေးသေးသွယ်သွယ်နှင့် ရွှံ့ရောင်ရှိသည်။ ရုတ်

www.burmeseclassic.com

တရက် တွေ့ရန် ခက်ခဲသည်။

နေဝင်သည်နှင့် ဘိုတဲပေါ်မှ အောက်ကို မဆင်းကြတော့။ ဘိုတဲကိုလည်း မြွေမဝင်စေရန် အကာအကွယ်များ လုပ်ထားလိုက်သည်။

တစ်နေ့မနက်ခင်းတွင် ဟယ်လင်က ညှော်ခန်းအတွင်း အလင်းရောင်ရစေရန် တံခါးများကို ဖွင့်လိုက်သည်။ စကော့အမျိုးအစားခွေးကြီး ဒစ်ကီသည် အခန်းခြေရင်းတွင် ဝပ်လျက်ရှိသည်။ ဟယ်လင်က တံခါးမင်းတုပ်ကို လှမ်းဆွဲလိုက်သောအချိန်တွင် ဒစ်ကီက တစ်ချက်အော်၍ သားကို လှမ်းခုန်လိုက်သည်။ ဟယ်လင်က အော်သံကြား၍ အောက်ကို ငုံ့ကြည့်လိုက်သောအခါ တံခါးနှင့် လိုက်ကာကြားတွင် တွန့်လိမ်ကာသွားနေသော မြွေတစ်ကောင်။ မြွေမှာ သူမ ခြေဖနောင့်နှင့် အနည်းငယ်သာ ကွာသည်။

ဟယ်လင်၏အော်သံကြောင့် ဗားဖို့(ဒ်)က လက်ကိုင်တုတ်ကိုကိုင်ကာ အခန်းတွင်းသို့ အပြေးဝင်လာခဲ့သည်။ သို့သော် မြွေကို အရိပ်အယောင်မျှပင် မတွေ့ရတော့။ ထိုနေ့မှာပင် တခြားဘိုတဲတစ်ခုကို ပြောင်းလိုက်ကြသည်။ အလွန်လုံခြုံအောင် ပြင်ဆင်ထားသော ဘိုတဲမှာပင် မြွေက ဘယ်လိုရောက်လာသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။

ဗားဖို့(ဒ်)၏ အကျင့်တစ်ခုမှာ မိုးမချုပ်မီ မြင်းဇောင်းကိုသွား၍ မြင်းများကို အစာကျွေးတတ်သည်။ တစ်ညနေတွင် မြင်းများကို အစာကျွေးပြီး ပြန်လာရာ သားငယ်၏ အခန်းမှ မီးရောင်လင်းလျက်ရှိသည် တွေ့လိုက်ရသည်။ ဟယ်လင်က သားဆီကို ရောက်နေသော



ကြောင့် မီးထွန်းထားသည်ဟု ထင်လိုက်သည်။

ညှော်ခန်းကို ရောက်သောအခါ ဟယ်လင်ကို တွေ့လိုက်ရ၍-

'မင်း ကလေးရဲ့အခန်းမှာ မီးထွန်းထားခဲ့သလား'

'မထွန်းခဲ့ပါဘူး။ ဘာဖြစ်လို့လဲ'

'မီးလင်းနေတယ်'

'ကလေးအိပ်နေလို့ ကျွန်မ ညစာစားပြီးကတည်းက အဲဒီအခန်းကို မရောက်ဘူး။ ရှင်လာမှ သွားမလို့ စောင့်နေတာ'

'ဟုတ်လား။ လာ သွားရအောင်'

ကလေးအခန်းဝရောက်၍ တံခါးဖွင့်သောအခါ တံခါးက မပွင့်ချေ။ နည်းမျိုးစုံနှင့် ကြိုးစားသော်လည်း မပွင့်။ ထို့ကြောင့် ဗားဖို့(ဒ်)က ပခုံးနှင့်တိုက်၍ ဖွင့်ပြန်သည်။ မပွင့်ချေ။ ဗားဖို့(ဒ်)က တစ်စုံတစ်ခုကြောင့်ဟု ထင်ကာ စိတ်ပူလာသည်။

ဟယ်လင်ကို စောင့်ခိုင်းကာ ဗားဖို့(ဒ်)က အစေခံများကို ပြေးခေါ်လိုက်သည်။ အရင်ဆုံးရောက်လာသော ရမ်ဘူကက်နှင့် နှစ်ယောက်သား ကိုယ်လုံးနှင့်တိုက်ကာ ဖွင့်ကြသည်။ တံခါးက အနည်းငယ်ရွေ့ရုံသာရွေ့ပြီး မပွင့်ချေ။ ဆူဆူညံညံ အသံများကြောင့် အထဲက ကလေးငိုသံကို ကြားနေရသည်။

အစေခံများ ရောက်လာကြသည်။ အစေခံတစ်ယောက်က သစ်တုံးတစ်တုံး ယူလာသောကြောင့် ထိုသစ်တုံးနှင့်ထုကာ တံခါးကို ခွဲလိုက်သောအခါ လက်နှိုက်၍ရသော အပေါက်တစ်ပေါက် ဖြစ်လာသည်။ ထိုအပေါက်မှ လက်နှိုက်ကာ တံခါးချက်ကို လှမ်းဆွဲလိုက်သည်။

သို့သော် ချက်လှည့်၍မရနိုင်အောင် တစ်ခုခုက ထိန်းလန့်ခံနေကြောင်း သိလိုက်ရသည်။ အတွင်းဘက်ကို ချောင်းကြည့်လိုက်သောအခါ ကုလားထိုင်တစ်ခုကို တံခါးအား ကျောပေးလျက်ချထားပြီး ထိုကုလားထိုင်အောက်မှာ တံခါးချက်က ရှိနေလေသည်။ ချက်ကိုဆွဲရန် ကုလားထိုင်ကို ဖယ်ပစ်မှ ရနိုင်မည်။

မကြာမီ တံခါးကိုဖွင့်နိုင်ပြီး အထဲကို ဝင်ခဲ့ကြသည်။ ဟယ်လင်က သားဆီကို ပြေးသွားပြီး ကောက်ပွေ့လိုက်သည်။ ဟယ်လင်က အခန်းအပြင်ကိုထွက်ရန် ပြင်လိုက်သည်နှင့် ခွေးကလေး ဒစ်ကီက သူမနောက်က ကပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ သို့သော် တစ်နေရာတွင် ရပ်လိုက်ပြီး အခန်းထောင့်ရှိ ဗီရိုကိုမော့ကြည့်ကာ ဒစ်ကီက ဟောင်တော့သည်။

ဗားဖို့(ဒ်)က ဗီရိုထဲတွင် တစ်ယောက်ယောက် ပုန်းနေလိမ့်မည်ဟု ထင်လိုက်သည်။ ထို့ကြောင့် သစ်သားတုတ်ကို တင်းတင်းဆုပ်ကိုင်ရင်း ဗီရိုကို ဆွဲဖွင့်လိုက်သည်။ ဗီရိုထဲတွင် ကလေးအဝတ်အစားများနှင့် ကစားစရာများသာ တွေ့လိုက်ရသည်။

ဒစ်ကီကို လှမ်းကြည့်လိုက်သောအခါ ဒစ်ကီက အမြီးကုပ်လျက် အခန်းပေါက်ဆီသို့ တိတ်ဆိတ်ကြောက်ရွံ့စွာ ကြည့်နေသည်။

ရမ်ဘူကက်ကလွဲ၍ အခြားအစေခံများ အပြင်ကို ထွက်ကုန်ကြသည်။ ဗားဖို့(ဒ်)က နေရာအနှံ့ ပုန်းသူရှိလို ရှိငြား ရှာကြည့်သော်လည်း တစ်စုံတစ်ယောက်မျှ မတွေ့ရချေ။

"သခင်··ဒီအခန်းက မကောင်းပါဘူး။ အပြင်ထွက်ကြပါစို့"

ဗားဖို့(ဒ်)က မကျေနပ်သောကြောင့် မသင်္ကာဖွယ်ရာ အနေအထားများ ရှိ,မရှိ အခန်းထဲတွင် စေ့စေ့စပ်စပ် လေ့လာသည်။ တစ်ခုမှ ခြေရာလက်ရာပျက်တာ မတွေ့ရ။ အစေခံများလည်း မနိုင်းဘဲနှင့် ဝင်ရသော အခန်းမဟုတ်။ အစေခံများအား သိလိုသိငြား မေးမြန်းသော်လည်း မည်သူမျှ မဖြေနိုင်ကြ။ သားငယ်၏ အခန်းတွင် မည်သူက လာ၍ မီးထွန်းထားကြောင်း၊ တံခါးချက်ထိုး၍ ကုလားထိုင်ကို ချထားသူ မည်သူဆိုသည်ကို လုံးဝအဖြေမပေါ်။

ထိုအဖြစ်အပျက်များနှင့် ပတ်သက်၍ ရမ်ဘူကက် ပြောခဲ့သော စကားများကို ဗားဖို့(ဒ်)ရော ဟယ်လင်ပါ သတိမရခဲ့ကြချေ။

တာဝန်အရ ဟီရက်မြို့မှ ပြောင်းရွှေ့ထွက်ခွာလာကြပြီး နောက်တစ်နေ့တွင် ရမ်ဘူကက်ကို ဗားဖို့(ဒ်)က မေးလိုက်သည်။

"ဟယ်လင်ကို ဟီရက်ကိုသွားဖို့ မသင့်ကြောင်း ပြောခဲ့တာ အကြောင်းထူးရှိရမယ် ရမ်ဘူကက်။ မင်း ငါ့ကို မှန်မှန်ဖြေစမ်း။ ကြယ်တွေကြောင့်ဆိုတာတော့ အကြောင်းမပြနဲ့"

"ဒီလိုပါ သခင်။ ကျွန်တော် မှန်တာကို ပြောပါ့မယ်။ သခင် အင်္ဂလန်ကို ပြန်သွားပြီးနောက်ပိုင်းမှာ ကျွန်တော် ဆာဒူးကြီးတစ်ပါးနဲ့ တွေ့တယ်။ ဆာဒူးဆိုတာ အိန္ဒိယမှာ အင်မတန်ပေါပါတယ်။ သူတို့ဟာ ဟိမဝန္တာမှာ တရားအားထုတ်နေတတ်ကြတယ်။ ပညာလည်း တတ်ကြတယ်။ ကျွန်တော့်ကို ဆာဒူးကြီးက ဗေဒင်ဟောပါတယ်။ ကျွန်တော့် အမေနဲ့ ကျွန်တော်သာ သိတဲ့ ကျွန်တော့်ဘဝ အကြောင်းကို တိတိကျကျ မှန်မှန်ကန်ကန် ဟောပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘဝရဲ့ ရှေ့ဖြစ်ကို ဟောတဲ့နေရာမှာ သခင်တို့မိသားစုအကြောင်းလည်း ပါလာပါတယ်။ သခင်တို့ မိသားစုဟာ ငလျင်ဘေး၊ မြွေဘေးနဲ့ ဝိညာဉ်များရဲ့ နှောင့်ယှက်တဲ့ဘေးတွေ ကြုံရလိမ့်မယ်လို့ ဟောခဲ့ပါတယ်။ အစကတော့ မယုံခဲ့ပါဘူး။ သခင်လည်း အိန္ဒိယကို ပြန်ရောက်လာမယ်လို့ မထင်ခဲ့မိဘူး။ နောက် သခင်တို့ လင်မယား ဒီကိုရောက်လာပြီး ကျွန်တော်သည်းတဖြည်းဖြည်း ကြောက်လာတယ်။ ဒါကြောင့် သခင်ရဲ့ ဇနီးကို ဟီရက်ကို မသွားဖို့ တိုက်တွန်းခဲ့တာပါ"

ထိုအခါကျမှ တစ်ချိန်တုန်းက ဗားဖို့(ဒ်)၏မိတ်ဆွေ ဂျော့မက္ကလင်းနှင့် (၁၉၂၂)ခုနှစ်က ခရစ္စမတ်အချိန်မှာ ကြက်ဆင်ခွေး အကိုက်ခံရသောကြောင့် ဒေါင်းပစ်သွားကြသည်ကို သတိရမိလိုက်သည်။

အဲဒီတုန်းက ဆာဒူးကြီးက ဒေါသတကြီးနှင့် အော်ပြောလိုက်သည်ကို ဘာတွေပြောမှန်း မသိ၍ ဂျော့ကိုတောင် မေးလိုက်သေးသည်။ ဆာဒူးကြီးအော်သံတွေက ကျိန်စာတိုက်တာများလားဟု တွေးလိုက်မိသည်။ ရမ်ဘူကက်ထံမှ ကြားသရွေ့ကတော့ ဒီဘေးဆိုးတွေ သူကြုံခဲ့ပြီးပြီ။

ဒါလောက်ဆိုလျှင်တော့ ကျိန်စာမှကင်းလွတ်လောက်ပါပြီဟု ဗားဖို့(ဒ်) ဆုတောင်းလိုက်သည်။

တကယ်တော့ အိန္ဒိယမှာ အနေကြာလာခဲ့သော ဂျော့က ဆာဒူးကြီးကျိန်စာကို ကြားလိုက်ရပြီး သူ့မိတ်ဆွေ ဗားဖို့(ဒ်) စိတ်မကောင်းဖြစ်မှာစိုးသောကြောင့် မပြောခဲ့ခြင်းကို ဗားဖို့(ဒ်)တစ်ယောက် မသိခဲ့ပါချေ။ ❦

**မောင်မြင့်မား(ဗိုလ်ကလေး)**

<u>ဝန်ခံချက်</u>

PHILIP DRAW ၏ SADHU'S CURSE ကို ဆီလျော်အောင် ပြန်ပါသည်။

www.burmeseclassic.com